# လူ့အောင်လမ်းပြ

## ငါးရာ့ငါးဆယ်ဝတ္ထုများ

ဝဏ္ဏသီရိ

# လူ့ဘောင်လမ်းပြ

## ငါးရာငါးဆယ်ဝတ္ထုများ

ဝဏ္ဏသီရိ

စာမူ ကြိုတင်ခွင့်ပြုချက် အမှတ် (၆၅/၉၂) (၁)
မျက်နှာဖုံး ကြိုတင်ခွင့်ပြုချက် အမှတ် (၁၁၃/၉၃) (၂)
ခွင့်ပြုချက်အရ ထုတ်ဝေသည်။

ဝဏ္ဏသိရိ
(စာရေးသူ၏ မူပိုင်)

ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ရန်ကုန်မြို့။
(ဖုန်း-၇၆၃၇၈)

၂၁၃၄၂

၂၆၄,၃၀၉၂
ဝဏ.၁၁

# လူအောင်လမ်းပြ

## ငါးရာ့ငါးဆယ်ဝတ္ထုများ

ဝဏ္ဏသိဒ္ဓိ

တစ်အုပ်—တစ်ရာ့ငါးဆယ်ကျပ်။

ပထမအကြိမ်၊ ၁၉၉၃-ခုနှစ်၊ စက်တင်ဘာလ၊ အုပ်ရေ (၁၀၀၀)

မျက်နှာဖုံးပန်းချီ
မောင်ဇော်

စာအုပ်ချုပ်
ရန်ကုန်စာအုပ်ချုပ်

မျက်နှာဖုံးရိုက်
ဒေါ်လင်လွန်းညောင် (၀၃၅၂၉) ရန်ကုန် အော့ဖ်ဆက်
အမှတ် ၁၅၉၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

(ပုံနှိပ်သူ/အတွင်း)
ဒေါ်သန်းသန်း (၀၂၆၀၇)၊ စပယ်ဦးပုံနှိပ်တိုက်၊
အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊
ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးအောင်ခန့် (၀၃၁၀၅) အင်ကြင်းရိပ်စာပေ
ဇောတိကလမ်း၊ ထန်းတောအောင်ရတနာရပ်၊ မုံရွာမြို့။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စကားဦး | ၁ |
| ၁။ စည်းကမ်းဟူသည် လူ၏တန်ဖိုး | ၉ |
| မြတ်နိုးရခြင်း အကြောင်းရင်းသည်ကား | ၁၂ |
| ဟသ်ာပျို လိုချင်လွန်းလို့ | ၁၈ |
| ငါးပါးပဥ္စသီ ခါးဝတ်ထည် | ၂၁ |
| စည်းကမ်းပျက် သုံးဦး | ၃၁ |
| သက်ခန္ဓာ ပျက်ကာဆုံးစေတော့ | ၃၆ |
| ၂။ ခေါင်းဆောင်ပီပီ အာဇာနည်စိတ်ဓာတ် | ၄၆ |
| အသက်ကို ပေး၍ | ၅၁ |
| အာဇာနည် ခေါင်းဆောင်ကြီး | ၅၈ |
| ပိုင်းပါဖြတ်ပါ တူးဖြိုပါ | ၆၄ |
| နေရှရွှေတောင် | ၆၉ |
| ပြစ်မှားမှု | ၇၁ |
| ညီနောင်သုံးပါး တောသို့သွား | ၇၆ |
| မယ်ဥမ္မာ အလှမျှားရယ်ကြောင့် | ၈၃ |
| ၃။ ပြည်သူ့တာဝန် ကျေပွန်ပါစေ | ၉၂ |
| တာဝန်သိသိ | ၉၅ |
| ပေးအပ်သော တာဝန် | ၁၀၁ |
| အာဇာနည်စိတ်ဓာတ် | ၁၀၇ |
| ၄။ အများအကျိုးဆောင် ကိုယ့်အကျိုးဆောင် | ၁၁၃ |
| မေတ္တာတုံ့လှယ် တောမြိုင်ဝယ် | ၁၁၆ |
| မောင်မာဃတို့အဖွဲ့သားများ | ၁၂၀ |
| ကျီးတို့၏ သဘာဝ | ၁၂၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၅၊ မိဘတို့၏ အနန္တဂုဏ်ရည် | ၁၃၂ |
| ပေါက်လွှတ်ပဲစား | ၁၃၅ |
| မရဏာကျွန်းညို | ၁၃၇ |
| ဘမျိုးဘိုးတူ | ၁၄၁ |
| တရားဟူသည် သေခဲ့ပြီလော | ၁၄၇ |
| မိဘကျေးဇူး မြင်းမိုရ်ဦး | ၁၅၅ |
| ကြွေးသစ် ကြွေးဟောင်းနှင့် ရွှေအိုးကြီးများ | ၁၇၂ |
| ၆၊ မြတ်ဆရာတို့၏ နာသုံးနာ | ၁၇၉ |
| စေတနာနှင့် ဝေဒနာ | ၁၈၂ |
| စောင်းတော်သိင်္ဂါ | ၁၈၈ |
| အသုံးကျသည့် မိဂမာယာ | ၁၉၇ |
| ဆရာကောင်းတပည့် ပန်းကောင်းပန် | ၂၀၁ |
| ၇၊ ဇွဲ လုံ့လ ရှိကြမှ အောင်မည် | ၂၀၉ |
| အသက်မွေးမှု တစ်ခုပညာ | ၂၁၂ |
| အဏ္ဏဝါအတွင်းက ကျွန်းသာယာ | ၂၁၅ |
| မဆုတ်မနစ် | ၂၂၂ |
| မောင်ပျင်းနှင့် မပယ်ဖျင်း | ၂၂၇ |
| ၈၊ မဟော့ရမ်းသည့် ရဲစွမ်းသတ္တိ | ၂၃၁ |
| သိကြားမင်းစကား အမှားဖြစ် | ၂၃၄ |
| မိုက်ရူးရဲ | ၂၄၂ |
| ကိုယ့်နေရာနှင့်ကိုယ် | ၂၄၆ |
| သူနိုင်ကိုယ်နိုင် ဉာဏ်ချင်းပြိုင် | ၂၄၈ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **၉၊ သတိတမန် ဥာဏ်မြေကတုတ်** | ၂၅၂ |
| မြေခွေးစကား ပုဏ္ဏားယုံ | ၂၅၆ |
| ဒေါ်သမှောင်ဖုံး အသက်ဆုံး | ၂၆၀ |
| ယုန်ပြောတိုင်း ယုံမိကြလို့ | ၂၆၄ |
| ပြောင်းတစ်စေ့အတွက် | ၂၆၈ |
| မျောက်လက်ထဲ ဥယျာဉ်အပ်သော် | ၂၇၁ |
| ပြည့်နေသော သေရည်ခွက် | ၂၇၃ |
| ချင့်ချိန်နှိုင်းဆ | ၂၇၇ |
| အားမကျပါနဲ့ ညီလေးငယ် | ၂၈၂ |
| အကြံကောင်းတော့ တစ်သက် | ၂၈၄ |
| ထူးပွတ်မဆိုင်း စိတ်ဆင်ရိုင်း | ၂၈၆ |
| ပေါက်ပင်လေးမျိုး | ၂၉၁ |
| **၁၀၊ လောဘရမ္မက် ကိုယ်ကျိုးဖျက်** | ၂၉၃ |
| လောဘပိတ်ဖုံး အရှုံးရလဒ် | ၂၉၇ |
| ပညာရှိ ရာပြတ်ကြီး | ၃၀၃ |
| ရွှေဟင်္သာ အလာကောင်းသော်လည်း | ၃၀၇ |
| သည်ကအဆုံး ဟိုကအရှုံး | ၃၁၁ |
| ရလေ လိုလေ ဆင်းရဲလေ | ၃၁၅ |
| **၁၁၊ အကောက်ကြံ၍ ဘေးဒဏ်ထိ** | ၃၂၆ |
| ဝတ်ဖြူစင်ကြယ်နှင့် ကယ်တင်ရှင် | ၃၂၈ |
| သံကို ကြွက်စား သားကို စွန်ချီ | ၃၃၃ |
| အင်အားကြီးတိုင်း အရာမရောက် | ၃၃၆ |
| သစ်ခေါင်းထဲက ဆက်ရက်ကလေး | ၃၄၁ |
| သူမိုက် ကျိုးယ်မိုက် | ၃၄၃ |
| ရန်မလိုမှ ရန်ဖြိုမည် | ၃၄၇ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁၂၊ လာမည့်ဘေး အဝေးကရှောင် | ၃၅၇ |
| မောင်မောင်ဝါးတို့ သားအဖ | ၃၆၀ |
| အပုပ်နံ့ မခံနိုင်သူ | ၃၆၄ |
| ကြောက်စရာ ငှက်မကလေး | ၃၆၇ |
| ချစ်စရာလေးမှ ကြောက်စရာကြီးသို့ | ၃၇၀ |
| ကြိုတင်ကာကွယ်ရေး | ၃၇၄ |
| ၁၃၊ အသက်ရှည်ရာ အနာမဲ့ကြောင်း | ၃၇၇ |
| သဘာဝတရား၏ ကျိန်ဆဲခြင်း | ၃၈၁ |
| ကိုယ်တွင်းနာအတွက် ဆေးသုံးခွက် | ၃၈၄ |
| ဓမ္မပါလတို့ အမျိုးအနွယ် | ၃၉၁ |
| ၁၄၊ စကားအရာ အင်္ဂါစုံညီ | ၃၉၇ |
| ဟုတ်တာဆို လည်မျိုညှစ် 'ဂစ်' | ၄၀၁ |
| နွားဆိုးကြီးလား၊ နွားကောင်းကြီးလား | ၄၀၄ |
| သေအတူ ရှင်မခွဲ | ၄၀၈ |
| ဆိုရေးရှိမှ ဆိုအပ်လှ၏ | ၄၁၃ |
| ရွှေမိုး ငွေမိုး | ၄၁၇ |
| လျှို့ဝှက်စကား ပေါက်ကြားခဲ့သော် | ၄၂၂ |
| ၁၅၊ စည်းလုံးညီညာ အောင်ကြောင်းဖြာ | ၄၂၈ |
| ဝက်ခေါင်းဆောင် မောင်လက်သမား | ၄၃၁ |
| စည်းလုံးခြင်းသည် အင်အား | ၄၃၆ |
| အငြင်းပွားရတဲ့ ငါးကြင်းသား | ၄၃၉ |
| ၁၆၊ သီရိဂေဟာ မွေ့လျော်စရာ | ၄၄၃ |
| တစ်ညဝေးတာကိုပင် | ၄၄၆ |
| မေတ္တာရှင်၏ သစ္စာရေ | ၄၅၁ |
| ချစ်လင်ကလွဲ ဖွဲ့ဆန်ကွဲ ထင်တာ | ၄၆၀ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **၁၇၊ ပေါင်းသင်းဆက်ဆံနည်းလမ်းမှန်** | ၄၆၇ |
| တန်ရာတန်ကြေး | ၄၇၃ |
| ပုတ်သင်ညို ကယ်ပေလို့ | ၄၇၆ |
| သားချင်း၊ ဆွေမျိုး၊ မိတ်ဆွေနှင့်အပေါင်းအသင်း | ၄၈၀ |
| သုံးယောက်ပေါင်း လောင်းကျော် | ၄၈၆ |
| မိတ်ကောင်း ဆွေကောင်း | ၄၉၀ |
| မိတ်စစ် ဆွေစစ် | ၄၉၄ |
| အပေါင်းအသင်း ဖျက်သော် | ၄၉၈ |
| ဘဝခြားသည့် ကျေးသားညီနောင် | ၅၀၁ |
| သူဖျက်ပေမယ့် ကိုယ်ကမပျက် | ၅၀၆ |
| မိတ်ဆွေတို့၏ ကျင့်ဝတ် | ၅၁၀ |
| မျက်နှာကြီးရာ ဟင်းဖတ်ပါ | ၅၁၃ |
| ကတညုတ မင်္ဂလာ | ၅၁၆ |
| သေရွာပြန် | ၅၂၀ |
| ကျေးစွပ်သူများ | ၅၂၆ |
| ငယ်သူငယ်ချင်း သုံးယောက်ရှိလေသည် | ၅၃၁ |
| **၁၈၊ အရက်သမား အမှားတစ်ထောင်** | ၅၃၉ |
| သိကြားပေးသည့် အိုးကလေး | ၅၄၁ |
| သညာကင်းလွတ် သတိချွတ်၍ | ၅၄၅ |
| ဒီအိုးထဲက အရည်ကြောင့် | ၅၄၉ |
| **၁၉၊ ထောင်သွားလွန်းက လဲပြိုရ** | ၅၅၆ |
| တူသော်ငြားလည်း ကွဲပြားသည် | ၅၆၀ |
| အစွမ်းပြလိုက်စမ်းပါဦး | ၅၆၄ |
| ဟသ်ာယာဥ် ယဉ်ယဉ်စီးပါလို့ | ၅၆၈ |
| မဟာဆန်ချင်လွန်းလေသူ | ၅၇၁ |
| ကြောက်ချေးပါသော သူရဲကောင်းကြီး | ၅၇၅ |
| မန္တန်အစွမ်းဖြင့် ရမ်းကားသူ | ၅၈၁ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၂၀၊ အတုအပ သတိပြုပါ | ၅၈၇ |
| သူတော်စင်နှင့် မြက်တစ်မျှင် | ၅၉၀ |
| စပါးခင်းထဲက ခြသေ့်ကြီး | ၅၉၅ |
| ဓမ္မိက ကျီးကန်းကြီး | ၅၉၈ |
| ကဏ္ဍာရ နတ်ပန်းကုံး | ၆၀၂ |
| နှုတ်ပိတ် သီချင်း | ၆၀၈ |
| ၂၁၊ ဘဝသင်ခန်းစာ အဖြာဖြာ | ၆၁၅ |
| အမည်သညာ ခေါ်စရာကား | ၆၁၈ |
| နေ့ကောင်းရက်သာ | ၆၂၁ |
| ဆရာမ၏ ဆုံးမစကား | ၆၂၄ |
| ပဏ္ဍာမြား မှန်လျှင် | ၆၂၆ |
| ဥဒေါင်းငှက် မလာခင် | ၆၂၈ |
| အမြီးရှည်သူ | ၆၃၁ |
| အောင့်နိုင်၍ အကျိုးရှိ | ၆၃၃ |
| ၂၂၊ ရှယ်ပါ ပြီးပါ ခွင့်လွှတ်ပါ | ၆၃၆ |
| သူ့ ဥပမာ | ၆၃၈ |
| ဒီမှက်တော့ သေပေရော့ | ၆၄၂ |
| အချီးမွှမ်းခံချင်လွန်းလို့ | ၆၄၄ |
| အလှူပြိုင်ပွဲကြီး | ၆၄၆ |
| ကံကောင်းတဲ့ အမှား | ၆၄၈ |
| သူများထက် ပိုချင်လို့ | ၆၅၁ |
| လွှမ်းလွန်းလို့ မဟုတ်ပါ | ၆၅၄ |
| တတ်သမျှ မှတ်သမျှ | ၆၅၇ |
| မသူတော်အချင်းချင်း | ၆၅၉ |
| စိတ်တူ ကိုယ်တူ စရိုက်တူ | ၆၆၁ |



# စကားဦး

ငါးရာ့ငါးဆယ် ဇာတ်တော်များမှ လောကရေးရာ သင်ခန်းစာ ထုတ်ယူနိုင်သော ဝတ္ထုများကို သင်ခန်းစာချင်း တူရာတူရာ စုပေါင်း၍ ခေတ်ဝတ္ထုတို ရေးသားဟန်ဖြင့် ပြန်လည် တင်ပြ ထားပါသည်။

ဘုရားဟော ဒေသနာတော် များကို အင်္ဂါ (၉) တန်ဖြင့် ဝေဖန် ပိုင်းခြားရပါလျှင် သုတ္တ၊ ဂေယျ၊ ဝေယျာကရဏ၊ ဂါထာ၊ ဥဒါန၊ ဣတိဝုတ္တက၊ ဇာတက၊ အဗ္ဘုတဓမ္မ၊ ဝေဒလ္လ ဟူ၍ အင်္ဂါ (၉) တန်ရှိကြရာဝယ် ငါးရာ့ ငါးဆယ် ဇာတ်တော်များသည် ဇာတက ဟူသော အင်္ဂါတွင် အပါအဝင် ဖြစ်ပါသည်။

ဇာတက ဝတ္ထုများ၌ ဂါထာ၊ စကားပြေ နှစ်ထွေ ရောလျက် ရှိကြရာ ဂါထာတို့သာ ပါဠိတော် စာရင်းဝင် ဖြစ်ပါသည်။ အချို့ ဂါထာတို့မှာ ဇာတ်လမ်း ဇာတ်ကွက် ပေါ်လွင် ထင်ရှားစွာ ပါရှိ၏။ ထိုအခါ ဇာတက ဝတ္ထုများ ရေးသား စီရင်သော အဋ္ဌကထာ ဆရာက ဂါထာတစ်ပုဒ်နှင့် ဂါထာ တစ်ပုဒ်ကို၊ သို့မဟုတ် ဂါထာတစ်စုနှင့်တစ်စုကို အနုသန္ဓေ ဆက်စပ်ပေးရ၏။ ဂါထာမှာ ပါဝင်သော ခက်ဆစ်များကို ဖြေရှင်းပေးရ၏။ ထို့နောက် ဇာတ်ပေါင်းခန်း သစ္စာပြခန်းများဖြင့် ပြီးပြည့်စုံသော ဇာတက ဝတ္ထုတပုဒ်ကို နိဂုံးအုပ်ပေးရပါသည်။

အချို့ ဂါထာများတွင်မူ ဤသို့ ဇာတ်လမ်း ဇာတ်ကွက်ပြည့်ပြည့်စုံစုံကြီး ပါမလာဘဲ တစ်စိတ်တစ်ဒေသ အရိပ်အမြွက်မျှသာ ပါလာ၏။ ထိုအခါတွင်မူ အဋ္ဌကထာ ဆရာသည် ထို အရိပ်အမြွက်ကို အခြေပြု၍

သင့်လျော်ရာ အဖြစ်အပျက်များနှင့် ဆက်စပ်ပေးကာ ဇာတကဝတ္ထု တစ်ပုဒ်ဖြစ်အောင် စီမံဖန်တီး၍ ပေးရပါသည်။

အချို့ ဂါထာများတွင်ကား ဇာတ်လမ်း ဇာတ်ကွက် ဟူ၍လုံးဝ မပါ။ နည်းပေးလမ်းပြ ဩဝါဒစကားများချည်း ပါရှိနေ၏။ ဤတွင် အဋ္ဌကထာ ဆရာသည် ထိုဩဝါဒစကားနှင့် ဆီလျော်နိုင်မည့် ဝတ္ထု ဇာတ်လမ်း တစ်ခုခုနှင့် ဆက်စပ်၍ ပေးရပါသည်။ ဤသို့ ဂါထာမှာ အပြည့်အစုံမပါခဲ့၍ ဖြည့်စွက်ရသော ဇာတ်လမ်းများ၊ ဂါထာမှာလုံးဝ မပါ၍ ဆက်စပ်ပေးရသော ဇာတ်လမ်းများမှာ ထေရဝါဒ သာသနာ တော်နှင့် အကျွမ်းတဝင် ဖြစ်ပြီးသော၊ ထေရဝါဒ သံဃာတော်များက ဆရာစဉ်ဆက် မပျက်မကွက် လက်ခံ သိမ်းပိုက် လာခဲ့သော အမွေ အနှစ် များသာ ဖြစ်ပါလိမ့်မည်။

ထို့ပြင် အချို့ဂါထာများ၌ ထီးနန်းစိုက်ရာ မြို့တော်အမည်နှင့် တကွ မင်းအမည်ပါ ပါရှိ၏။ ဤတွင် အဋ္ဌကထာ ဆရာသည် ထိုမြို့တော်၊ ထိုမင်းတို့ဖြင့် ဇာတ်အိမ် တည်ခင်း ရပါသည်။ အချို့ ဂါထာမှာမူ မြို့တော်အမည်သာပါ၍မင်းအမည်မပါပေ။ ဤတွင်ဂါထာမှာပါသော မြို့တော်တွင် ဗြဟ္မဒတ်မင်း ထီးနန်း စိုးစံရပါသည်။ အချို့ဂါထာတွင်မူ မင်းအမည်သာ ပါ၍ မြို့တော်အမည် မပါချေ။ ထိုအခါ ဂါထာမှာ ပါရှိသော မင်းကြီးသည် ဗာရာဏသီမြို့တော်၌ ထီးနန်း စိုးစံရပါသည်။ အချို့ ဂါထာတွင်မူ မြို့တော် အမည်ရော၊ မင်းအမည်ပါ မပါလာ သဖြင့်ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီးထီးနန်းစံရပါတော့သည်။ ထို့ကြောင့်ပင် ''ပြည်မသိ ဗာရာဏသီ၊ မင်းမသိ ဗြဟ္မဒတ်'' ဟူ၍ ရှေးသူဟောင်းတို့ ဆိုရိုး ပြုခဲ့ကြခြင်း ဖြစ်ပါသည်။

ထို့အတူပင် ဂါထာများ၌ ဇာတ်ဆောင်တစ်ဦးဦး၏ အမည်ပါ လာလျှင် ထိုအမည်ကို အခြေပြု၍ ဖွင့်ဆိုရပါသည်။ အမည် တစ်ခုခုမျှ မပါလျှင် သင့်လျော်ရာ နာမည်ဖြင့်လည်းကောင်း၊ ပုဏ္ဏားတစ်ယောက်၊ သူဌေး တစ်ယောက်၊ ခြင်္သေ့တစ်စီး စသဖြင့် သာမညနာမ်ပုဒ်များသုံး၍ လည်းကောင်း၊ ဖွင့်ဆို ရပါသည်။

ဤသည်မှာ ပါဠိတော် စာရင်းဝင် ဇာတက ဂါထာများနှင့် အဋ္ဌကထာ စကားတို့ ပတ်သက်ဆက်နွယ်ပုံကို ဉာဏ်မီသမျှ ခြုံငုံ၍ တင်ပြ လိုက်ရခြင်း ဖြစ်ပါသည်။

## စကားဦး

အင်္ဂုတ္တရ ဇာတက ဝတ္ထုတစ်ခုခု၌ ပစ္စုပ္ပန်ဝတ္ထုနှင့် အတိတ်ဝတ္ထုဟူ၍ နှစ်ပိုင်းရှိတတ်ပါသည်။ ထို့တွင် ပစ္စုပ္ပန်ဝတ္ထုမှာ မြတ်စွာဘုရားလက်ထက် တော်မှာ ဖြစ်ပေါ် ခဲ့ပါသည်။ ရဟန်း ရှင် လူ တစ်စုံတစ်ယောက်သောသူသည် တစ်စုံတစ်ခုသော အမှုကိစ္စကို ပြုလုပ်လေရာ ထိုအမှုသည် တစ်ဆင့်စကားတစ်ဆင့်နားဖြင့်မြတ်စွာဘုရားအထံတော်သို့ ဆိုက်ရောက်သွား၏။ ဤတွင် မြတ်စွာဘုရားက "ဤသူသည် ယခုသာ ဤသို့ ပြုလုပ်သည် မဟုတ်သေး။ ရှေးအခါကလည်း ဤနည်းအတိုင်း ပြုခဲ့ဖူးလေပြီ"ဟု စကား ဆက်စပ်တော်မူကာ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း၍ ဟောကြားတော်မူခဲ့ပါသည်။

ပစ္စုပ္ပန်ဝတ္ထုမှာ မြတ်စွာဘုရား လက်ထက်တော်တုန်းက ရဟန်း ရှင် လူများ၏ တစ်နည်းတစ်ဖုံထူးခြားသောအပြုအမူများဖြစ်ပါသည်။ အင်္ဂုတ္တရနိပါတ်၊ ဒီပိဇာတ်မှာမူ ပစ္စုပ္ပန်မှာလည်း သိုးမ ဖြစ်၍ အတိတ်ဇာတ်ကြောင်းမှာလည်း သိုးမ ဖြစ်နေပါသည်။ သို့ရာတွင် ဘယ်လိုပင် အကြောင်းပြကောင်းကောင်းနှင့် တောင်းပန်ဝန်ချ ပါ သော် လည်း သည်းခံစိတ်မထားတတ်သော လူသားအချို့၏စရိုက် ကိုကား ထင်ထင်ရှားရှား တွေ့နေရသည်သာ ဖြစ်ပါသည်။

သို့ဖြစ်၍ လူသားတို့၏ စရိုက် အထွေထွေကို ထင်ဟပ် ဖော်ပြထားသည့် ဤဝတ္ထုများ အဖြစ်အပျက်များသည် လူသားတို့သင်ခန်းစာ ယူကြရန်သာ ဖြစ်ပါသည်။ ဇာတ်ဆောင်တို့ ပြောဆိုကြ၊ ဟောကြားကြသည့် ရှေ့ဆောင်လမ်းပြ ဩဝါဒစကားများသည် လူသားတို့ လိုက်နာကြရန်သာ ဖြစ်ပါသည်။ စည်းကမ်းရှိ၍ လူ၏တန်ဖိုး မြှင့်တင်နိုင်ဖို့၊ ခေါင်းဆောင်ပီပီ အာဇာနည်စိတ်ဓာတ် မွေးမြူနိုင်ဖို့၊ ပြည်သူ့တာဝန်ကျေပွန်စေဖို့၊ အများအကျိုး သယ်ပိုးဆောင်ရွက်ဖို့ စသဖြင့် သူ့အခန်းနှင့်သူ နမူနာ ယူစရာများတွေ့ အမြောက်အမြား ပါရှိနေပါသည်။

ထို့ကြောင့်ပင် ထိုကဲ့သို့သော ဇာတကဝတ္ထု များမှ လောကရေးရာ သင်ခန်းစာတို့ကို ပေါ်လွင်အောင် ရေးသား တင်ပြထားသော ဤစာစုကို "လူ့ဘောင်လမ်းပြ ငါးရာ့ငါးဆယ် ဝတ္ထုများ" ဟု ကင်ပွန်းတပ်လိုက်ရခြင်း ဖြစ်ပါသည်။

ဤစာအုပ်တွင် ပါဝင်သော ဇာတကဝတ္ထု (၃၈) ပုဒ် မှာ ၁၉၇၇—ခုနှစ်တုန်းက ထုတ်ဝေခဲ့သည့် ဗုဒ္ဓ၏ လောကကြေးမုံစာအုပ်

စပယ်ဦး၊ ၁၃၄၅

တွင်လည်း ပါဝင်ခဲ့ဖူးပါသည်။ ထိုစဉ်တုန်းက တစ်တွဲပြီးမှ နောက်တစ်တွဲထုတ်ရန် စီစဉ်ခဲ့ရ၍ ဝတ္ထု(၃၈)ပုဒ်မျှသာ ထည့်သွင်းနိုင်ခဲ့ပါသည်။

စာရေးသူသည် ဗုဒ္ဓ၏လောကကြေးမုံ စာအုပ်ထုတ်ဝေပြီးမကြာမီမှာပင် ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း ပထမတွဲကို ထုတ်ဝေခဲ့ပါသည်။ ပထမတွဲ ထုတ်ဝေပြီးနောက် အတွဲစုံအောင် တစ်သက်တာမှတ်တမ်း ဇာတ်လမ်းရှည်ကြီးပြီးပြည့်စုံအောင် စိတ်အားကိုယ်အားရှိသမျှဖြင့် လုံ့လစိုက်နေရပါ၍ လောကကြေးမုံဘက်သို့ ပြန်မလှည့်သာတော့ပါ။ ယခုမှသာ အခါအခွင့် သင့်လာသဖြင့် အဟောင်းရော အသစ်ပါ ပေါင်းစပ်ပြီးလျှင် အစီအစဉ်သစ်ဖြင့် ထပ်မံတင်ဆက်လိုက်ရပါသည်။

ထို့ပြင် ထိုစဉ်ကအသုံးပြုခဲ့သော စာအုပ်အမည်မှာ စာရေးသူဘက်မှ ကိုယ့်အနက် အဓိပ္ပာယ်နှင့်ကိုယ် ရှိနေသော်ငြားလည်း စာဖတ်ပရိသတ်အများစုမှာ ဇဝေဇဝါဖြစ်ကြရပါလိမ့်မည်။ စာအုပ်ကိုကောက်ကြည့်လိုက်ရုံနှင့် မည်သည့် စာအုပ်မျိုး ဖြစ်ကြောင်း ဝေဖန်သုံးသပ်ဖို့ ခက်ခဲ၍ နေခဲ့ကြပါလိမ့်မည်။ သို့ဖြစ်၍ စာအုပ်မျက်နှာဖုံးကို လှမ်းကြည့်ရုံနှင့် မည်သို့သော စာအုပ်မျိုးဖြစ်ကြောင်း ကောင်းကောင်းကြီး အကဲခတ်နိုင်ကြစေရန် ရည်သန်၍ ယခုစာအုပ်ကိုတော့ ယခုအမည်တပ်လိုက်ရပါသည်။

ယခင် စာအုပ်ကလေးမှာတုန်းက အခန်းတစ်ခန်း အရောက်တွင် ထိုအခန်းခေါင်းစဉ်နှင့် လျော်ရာ စကားတို့ဖြင့် လမ်းခင်းပေးပြီးလျှင် ဤအခန်းတွင်ပါဝင်သော ဝတ္ထုများ အပေါ် မှတ်ချက် ထုတ်ပေးခဲ့ပါသည်။ ဤစာအုပ်ကြီးကို စီစဉ်ရေးသားစဉ်မှာ ဤသို့ မှတ်ချက်ထုတ်ပေးခဲ့သော အစဉ်အလာကို ဆက်၍ သုံးသင့် မသုံးသင့် စဉ်းစားခဲ့ပါသည်။ ဝတ္ထုတစ်ပုဒ်ချင်း အပေါ် စာရေးသူ၏ ရှုမြင်သုံးသပ်မှုအရ မှတ်ချက်ထုတ်ပေးလိုက်ခြင်းဖြင့် စာဖတ်သူတို့ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်သုံးသပ်၍ မှတ်ချက်ထုတ်ယူနိုင်မည့် အခွင့်အလမ်းကို တားဆီးပိတ်ပင်ရာများ ရောက်သွားမလားဟု စိုးရိမ်ခဲ့မိပါသည်။

အခြားတစ်ဖက်ကလည်း ဤသို့ မှတ်ချက် ထုတ်ပေးထားပါက စာဖတ်ပရိသတ် များမှာ ဤအခန်းအတွက် ဤဝတ္ထုကို ဘာ့ကြောင့်

ရွေးချယ်ထားကြောင်း စာရေးသူ၏ခံယူချက်က မည်သို့ရှိနေကြောင်း ကောင်းကောင်းသိနိုင်ပါသည်။ မှတ်ချက်ကလေးများဖြင့် မိတ်ဆက်ပေးထားသဖြင့် ဝတ္ထုပါသင်ခန်းစာကို ပိုမို၍ သတိထားမိကြလိမ့်မည်ဟု မျှော်လင့်မိပါသည်။ သို့ဖြစ်၍ အခန်းတိုင်း အခန်းတိုင်းမှာ ဇာတ်တော်မိတ်ဆက်စကားများနှင့် ဝတ္ထုတစ်ပုဒ်ချင်းအတွက် မှတ်ချက်များ ထည့်သွင်း၍ ပေးလိုက်ပါသည်။

ဤမှတ်ချက်များအတွက် အလေးအနက် ပန်ကြားလိုသည်မှာ ဤမှတ်ချက်များမှာ စာရေးသူ ဉာဏ်မီသမျှ ဝေဖန်သုံးသပ်၍ တင်ပြထားခြင်းသာ ဖြစ်ပါသည်။ ဤဝတ္ထုသည် ဤသို့သာ ဆိုလိုသည်၊ ဤသင်ခန်းစာ တစ်ခုတည်းကိုသာ ပေးနိုင်သည် ဟူ၍ တထစ်ချအဆုံးအဖြတ်ပေးထားခြင်း မဟုတ်ပါ။ သို့ဖြစ်၍ စာဖတ်သူတို့ ကိုယ်တိုင်ကလည်း မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန် သုံးသပ်ကာ အခြား အခြားသော သင်ခန်းစာများကိုလည်း ထုတ်ယူ၍ ရနိုင်ကြပါလိမ့်မည်။ ရနိုင်သလောက် ရွေးကောက် ထုတ်ယူ ကြရန်လည်း တိုက်တွန်း နှိုးဆော်လိုပါသည်။

ငါးရာ့ငါးဆယ်ဇာတ်တော်များ၌ လောကရေးရာ သင်ခန်းစာ ထုတ်ယူနိုင်သော ဝတ္ထုတို့မှာ ဤစာအုပ်မှာ ပါရှိသည်ထက် တော်တော်များများ ရှိနေကြပါသေးသည်။ စာဖတ်သူများ ကြားဖူးနားဝ ရှိပြီးသော ဝတ္ထုအချို့ပင် မပါဝင်သဖြင့် အားမလိုအားမရ ဖြစ်ကောင်း ဖြစ်မိကြပါလိမ့်မည်။

ဤသို့ဖြစ်မိကြပါလျှင်လည်း ဖြစ်ရသင့်ဖြစ်ထိုက်သော အကြောင်းရှိ၍ ဖြစ်ရသည် ဟူ၍ပင် ယူဆရပါတော့မည်။ ထို အ ကြောင်း များအနက် ပထမ အကြောင်းမှာ စာပေ အဆင်တန်ဆာ ဆင်ပေးလိုခြင်း ဖြစ်ပါသည်။

ဇာတ်အဋ္ဌကထာပါ ဝတ္ထုအများစုမှာ ဖြစ်စဉ်အတိုင်း ရိုးရိုးစင်းစင်း ရေးသားဖော်ပြထားသဖြင့် စာမျက်နှာ အနည်းငယ်မျှသာ ရှိပါသည်။ ထိုဝတ္ထုများကို အခြေပြု၍ ထပ်ဆင့်တင်ပြသောအခါတွင်မူ စာဖတ်သူများပိုမို၍ စိတ်ဝင်စားလာစေရန် ဇာတ်လမ်းဇာတ်ကွက် ပိုမို၍ အသက်ဝင်လာစေရန်နှင့် ဦးတည်ချက်သင်ခန်းစာကို ပိုမို၍ ပီပီပြင်ပြင် တင်ပြနိုင်စေရန် တန်ဆာဆင် အခြယ်အမှုန်းများ ထည့်လာရပါသည်။

# စကားဦး

တန်ဆာဆင် အခြယ်အမှုန်းများ ထည့်သည်ဆိုသော်ငြားလည်း တန်ဆာဆင်ချင်တိုင်းဆင်၍ရသည်မဟုတ်ပါ။ ဇာတကဝတ္ထုတို့၏ပင်ရင်း အခြေခံ ဇာတကပါဠိတော်လာ ဂါထာများမှရရှိသော သဲလွန်စများ၊ အရိပ်အမြွက်များကို ထောက်ဆကာ လိုအပ်သမျှသာ တန်ဆာဆင်ရ ပါသည်။ လိုအပ်သမျှ တန်ဆာဆင်ရုံဖြင့်ပင် စာမျက်နှာများ တိုးပွား လာလေရာ စာအုပ်ကြီး သိပ်ထူမသွားစေရန် အချို့ ဝတ္ထုများကို ချန်ထားလိုက်ရပါတော့သည်။

ထို့ပြင် ဇာတ်လမ်း အသွားအလာချင်း ဆင်တူသော ဝတ္ထု များတွင်လည်း သင်ခန်းစာ ပေးရာတွင် အပီပြင်ဆုံး ဖြစ်လောက် သည့် ဝတ္ထုကိုသာ ရွေးချယ်၍ ထည့်ရပါသည်။ ထိုမှတစ်ပါး အချို့ ဇာတက ဝတ္ထုများမှာ ဇာတ်လမ်းဟူ၍ ပီပီပြင်ပြင်မရှိဘဲ အဆုံးအမ ဩဝါဒ စကားများချည်း ရှိကြပါသည်။ အချို့ဝတ္ထုများမှာမူ ဇာတ်လမ်း ဇာတ်ကွက်များ မှိုင်မှိုင်ဆိုင်ဆိုင်နှင့် စိတ်ဝင်စားဖွယ်ကား ရှိပါ၏။ သို့ရာတွင် ထိုဝတ္ထုမှ မည်သည့်သင်ခန်းစာ ထုတ်ယူရမည်ဟူ၍ စာရေးသူ အနေနှင့် ဝေခွဲ၍ မရနိုင်ပါ။ ထိုအခါ ထိုသို့သော ဝတ္ထုများကို ချန်ထားလိုက်ရပါတော့သည်။

ထို့အတူပင် ဇာတ်ကြီးဆယ်ဘွဲ့ အပါအဝင် ဝတ္ထုကြီးများ မှာလည်း အဖက်ဖက်မှ ပြည့်ဝစုံလင်လှသဖြင့် အခန်းတစ်ခန်း အတွင်း၌ အခြားဝတ္ထုများနှင့် ထပ်တူရောထားရန် မဖြစ်နိုင်ပါ။ အကြောင်း ညီညွတ်ပါက ဇာတ်ကြီးဆယ်ဘွဲ့ကို သီးခြားစာအုပ်ပြုလုပ်ရန်ရှိပါသည်။

ဤသို့ ဤသို့သော အကြောင်းများ အရ ဇာတက ဝတ္ထုတိုင်း မပါဝင်နိုင်သည်ကို သည်းခံခွင့်လွှတ် ကြစေချင်ပါသည်။ လောကရေး ရာထက်၊ ဓမ္မကြောင်းဘက်သို့ အားသန်သော ဝတ္ထုများကိုကား 'နိဗ္ဗာန်လမ်းပြ ငါးရာ့ငါးဆယ်ဝတ္ထုများ' အမည်ဖြင့် သီးခြားစာ တစ်အုပ် ရေးသားထုတ်ဝေရန် ရည်သန်ထားပါသည်။

ဇာတက ဝတ္ထုတို့မှာ ပါဝင်သော ဇာတ်ဆောင်တို့မှာ ဗုဒ္ဓ မြတ်စွာနှင့် ရှင်ဒေဝဒတ် စသူတို့၏ အလောင်းလျာဖြစ်ကြောင်း ဗုဒ္ဓ ဘာသာဝင် အများစုတို့ လက်ခံ ယုံကြည်ထားကြပြီး ဖြစ်ပါသည်။ ထို့ကြောင့်ဤစာအုပ်ပါဝတ္ထုများတွင် ဘုရားအလောင်းတော်၊ ဒေဝ ဒတ် အလောင်းလျာ စသဖြင့် အထူးတလည် မရည်ညွှန်းတော့ဘဲ

## စကားဦး

ဇာတ်ဆောင်ဇာင်ဦးစီး၏ စိတ်ဓာတ်စရိုက်နှင့် အပြုအမူများကိုသာ အခါ အခွင့်ပေးလျှင် ဖေးသလောက် ပေါ်လွင်အောင် ကြိုးစား၍ ရေးသား ထားပါသည်။ ဇာတ်လမ်းအသွားအလာကို ထောက်ရှုကာမည်သူသည် ဘုရားအလောင်း၊ မည်သူကတော့ ဒေဝဒတ်အလောင်း စသဖြင့် စာဖတ် သူတို့ကိုယ်တိုင် မှန်းဆတွေးတောနိုင်ရန် ဖြစ်ပါသည်။ တွေးဆရာမှ အားမလိုအားမရဖြစ်လာ၍ အလောင်းလျာအစစ်အမှန်ကို သိလိုသူများ အတွက် နောက်ဆက်တွဲ ဇာတ်ပေါင်းခန်းကို ထည့်ပေးလိုက်ပါသည်။

စာရေးသူတို့ စာသင်သားဘဝတုန်းက ဤဇာတ်အဋ္ဌကထာကို ဘာသာပြန် ကျမ်းစာအဖြစ် သင်ယူခဲ့ရာတွင် ပါဠိတစ်ချက်၊ အနက် တစ်ချက် ရှေးနိဿယ ပြန်ဆိုနည်းအတိုင်း သင်ယူခဲ့ရပါသည်။ အသုံး အများဆုံး၊ အထင်ရှားဆုံးဖြစ်သော ညောင်ကန်ဆရာတော်ကြီး မြန်မာ ပြန်ဆိုရေးသားခဲ့သော ဇာတကဝတ္ထုများမှာပင် အဋ္ဌကထာစကားပြေ ကိုသာ မြန်မာစကားပြေဖြင့် လဲလှယ်၍ ဇာတက ပါဠိတော်လာ ဂါထာ များကိုတော့ ရှေးနိဿယများအတိုင်း အနက်ပေးခဲ့ပါသည်။ ဤပြန်ဆို ပုံများမှာ စာသင်သား ရဟန်း သာမဏေများ အတွက် အကျိုးသက် ရောက်နိုင်သော်လည်း ရိုးရိုးမြန်မာစာဖတ် ပရိသတ်အတွက်ကား အခက် အခဲများ တွေ့ကြုပါတော့သည်။

သို့ဖြစ်၍ မူရင်းပါဠိတော်၊ အဋ္ဌကထာတို့၏ အာဘော်ကိုလည်း မပျက်စီး ရအောင် ထိန်းသိမ်း ထားပြီးလျှင် ဇာတ်လမ်း ဇာတ်ကွက် များလည်း သွက်လက်ရှင်းလင်းလာစေရန် ခေတ်ပေါ်ဝတ္ထုတို့၏ နည်း စနစ်ကို အခွင့်သင့်ရာတွင် ယူငင်၍ အသုံးပြုထားပါသည်။ မူရင်းကျမ်း စာတွင် အဋ္ဌကထာစကားနှင့် သီးခြားဖြစ်နေသော ပါဠိဂါထာများမှ အချီအချ စကားပြောဟန် များနှင့် နည်းပေးလမ်းပြ ဩဝါဒစကား တို့ကိုလည်း ဇာတ်လမ်းထဲမှာ တစ်ပါတည်းသွတ်သွင်း၍ ရေးသားလိုက် ပါသည်။

ဤဇာတကဝတ္ထုများကို မူရင်းကျမ်းစာနှင့် တိုက်ဆိုင်ကြည့်ရှု၍ ဝေဖန်သုံးသပ်လိုသော သုတေသီများအတွက် ဝတ္ထုအဆုံးတွင် နိပါတ် အမည်၊ ဇာတ်အမည်များ ဖော်ပြထားပါသည်။

ဝဏ္ဏသီရိ

မုံရွာမြို့

၁၂–၈–၉၁

# ၁။ စည်းကမ်းဟူသည် လူ၏တန်ဖိုး

## (ဇာတ်တော်မိတ်ဆက်)

မြတ်စွာဘုရားက သောဏဒဏ္ဍပုဏ္ဏားအား ပုဏ္ဏားတစ်ယောက် အဖြစ်ဖြင့် အများသဘောတူ လက်ခံနိုင်သော အရည်အချင်းတို့ကို မေးမြန်းတော်မူရာ သောဏဒဏ္ဍပုဏ္ဏားကြီးက အဆင်းလှခြင်း၊ ဗေဒင် သုံးပုံ တတ်မြောက်ခြင်း၊ အမျိုးမြတ်ခြင်း၊ အကျင့်သီလရှိခြင်း၊ အသိ ပညာရှိခြင်း ဟူသော အရည်အချင်းငါးမျိုးကို ထုတ်ဖော်လျှောက်ထား ပါသည်။

ဤတွင် မြတ်စွာဘုရားက ပုဏ္ဏားတစ်ယောက် ဖြစ်နိုင်ရေးအတွက် ဤအရည်အချင်း ငါးမျိုး ထဲမှ တစ်မျိုးမျိုးကို ပယ်ချထား၍ ကျန် အရည်အချင်းများဖြင့် သတ်မှတ်၍ရမရ ဆက်၍ဆက်၍ မေးမြန်းတော် မူလေရာ သောဏဒဏ္ဍပုဏ္ဏားကြီးက ရှေ့အရည်အချင်းသုံးပါးကို ပယ်ချ ထားနိုင်ကြောင်း လျှောက်ထားပါသည်။

ထို့နောက် ဘုရားရှင်က ကျန်အင်္ဂါနှစ်ပါးထဲကလည်းတစ်ပါး ပါးကို ပယ်ချထား၍ ရမရ ထပ်ဆင့်မေးမြန်းတော်မူလေရာ —

''မရနိုင်တော့ပါ အရှင်ဘုရား။ လက်တစ်ဖက်ဖြင့် အခြားလက် တစ်ဖက်ကို ဆေးကြောရသကဲ့သို့ ခြေတစ်ဖက်ဖြင့် အခြားခြေတစ်ဖက်ကို ဆေးကြောရသကဲ့သို့ ပညာကို သီလဖြင့် ဆေးကြောရပါသည်။ သီလကို

ပညာဖြင့် ဆေးကြောရပါသည်။ သီလရှိသောပုဂ္ဂိုလ်မှာ ပညာရှိပါသည်။ ပညာရှိသောပုဂ္ဂိုလ်မှာ သီလရှိပါသည်။ သီလနှင့် ပညာကို လောက၌ အမြတ်ဆုံးဟု ဆိုထိုက်ပါသည်ဘုရား"

သောဏဒဏ္ဍ ပုဏ္ဏားကြီးက ဘုရားရှင့် အလိုတော်ကျအတိုင်း ဤသို့ လျှောက်ထားခဲ့ရပါသည်။

ဤသဘောမှာ စည်းကမ်းဥပဒေ အထွေထွေဖြင့် လုပ်ကိုင်နေကြရသော လုပ်ငန်းများတွင်လည်း ထင်ရှားလျက်သာ ရှိနေပါသည်။ လူတစ်ယောက်သည် ပင်ကိုစိတ်ဓာတ် ရိုးသားဖြောင့်မတ်ပါ၏။ သို့ရာတွင် လုပ်ငန်းဆိုင်ရာ စည်းကမ်းဥပဒေများကိုကား ကျေကျေညက်ညက် နားမလည်ပေ။ နားလည်အောင် ကြိုးစားရကောင်းမှန်းလည်း မသိပေ။ သို့ဖြစ်၍ စည်းကမ်းဥပဒေကို ချိုးဖောက်မှန်းမသိ ချိုးဖောက်မိကာ အပြစ်ဒဏ် ခံရပါသည်။ ပစ္စည်းဥစ္စာ မြောက်မြားစွာ အဆုံးရှုံးခံရပါသည်။

သို့ဖြစ်၍ အကျင့်သီလနှင့် အသိပညာ နှစ်ပါးစုံပြည့်စုံသောသူသာလျှင် မိမိအကျိုးနှင့် သူတစ်ပါးအကျိုးကို အောင်မြင်စွာ ထမ်းဆောင်နိုင်ပါသည်။ ဤတရားနှစ်ပါးအနက် တစ်ပါးပါး ချို့တဲ့လာပါက ကျန်တစ်ပါးလည်း ရှိတော့မည် မဟုတ်ပါ။ ဘယ်သူ့အကျိုးကိုမျှလည်း ဆောင်ရွက်နိုင်ပွယ် မရှိတော့ပါ။

ဤတွင် အကျင့်သီလဟူရာ၌ ဘာသာရေးသဘောအရ သတ်မှတ်ထားသော ကျင့်ဝတ်များသာမကဘဲ လူမှုကိစ္စအဝဝအတွက် သတ်မှတ်ထားသော စည်းကမ်းများကိုပါ တည့်သွင်းရပါမည်။ ထို့ပြင် နိုင်ငံတော်က ပြဋ္ဌာန်းထားသော တရားဥပဒေများကိုလည်း လေးစားစွာ လိုက်နာကြရပါလိမ့်မည်။ သို့မှသာ ခုရော နောင်ပါ ဘေးကင်းစွာနေထိုင်၍ အလိုရှိအပ်သော အကျိုးစီးပွားများကို ရယူခံစားနိုင်ကြပါလိမ့်မည်။

ဤသို့သောအချက်များကို ဥပမာ ပုံစံအားဖြင့် စဉ်းစားဆင်ခြင်နိုင်ကြရန် အောက်ပါစာဝတ္ထုများကို ရွေးချယ်စုစည်း၍ပေးလိုက်ပါသည်။

ပထမဆုံး ဖော်ပြလိုက်သော 'မြတ်နိုးရခြင်း အကြောင်းရင်းသည်ကား' ဝတ္ထုမှာ အထက်ပါ အချက်များကို ဝိုက်ရိုက်အားဖြင့်

ဖော်ကျူးထားပါသည်။ ဤတွင် သတိထားစရာတစ်ခု ရှိနေပါသည်။ ကျင့်ဝတ် စည်းကမ်း ဖောက်ဖျက်ကြည့်လျှင် မည်သို့ နေမည်နည်းဟု ဇာတ်ဆောင်ပုဏ္ဏားကြီးကဲ့သို့ စမ်းသပ်ကြည့်နေရန်မလိုပါ။ မိမိပတ်ဝန်းကျင်မှာ ဤသို့ ဇာတ်လမ်းမျိုးတွေ အများကြီး ရှိနေပါပြီ။ သူတို့ အဖြစ်သနစ်ကိုကြည့်ပြီး မိမိက သင်ခန်းစာယူတတ်ဖို့သာ လိုပါသည်။

'ဟသ်ာပျို လိုချင်လွန်းလို့'မှာ ယဉ်ကျေးမှုစည်းကမ်းချိုးဖောက်မိသဖြင့် ထိခိုက် နစ်နာရပုံ ဖြစ်ပါသည်။ ထင်ပေါ် ကျော်ကြားမှုကို လိုချင်လွန်းလှသဖြင့် အမျိုးသား ယဉ်ကျေးမှုကို ပယ်စွန့်ကာ ထင်ရာစိုင်းလိုကြသော လူငယ်လူရွယ်များ သတိပြုမိကြရန် ဖြစ်ပါသည်။

ကိုယ်ကျင့်သီလ ပြည့်ဝရေးကို အလေးထားသူအဖို့ သာမညကိစ္စကလေးဟူ၍မရှိချေ။ အမှုကိစ္စဟူသမျှသည် ၎င်းအတွက် အလေးထားစရာချည်း ဖြစ်နေ၏။ စည်းကမ်းဥပဒေ တစ်ခုခုနှင့် ငြိစွန်းသွားလေမလားဟု စဉ်းစားတွေးတောမိသည်သာ ဖြစ်၏။ ဤသဘောတားမှာ အထင်သေးစရာ မဟုတ်ပါ။ ကိုယ်ကျင့်သီလ ပြည့်ဝဖြိုးစင်ရေးအတွက် အထောက်အကူ ပြုနိုင်သည်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤသဘောကို ဖော်ကျူးထားသော 'ငါးပါးပဥ္စသီခါးဝတ်ထည်' ဝတ္ထုကို ဖော်ပြလိုက်ပါသည်။

ကျင့်ဝတ် စည်းကမ်း တစ်ခုခုကို ချိုးဖောက်ရာ၌ အထက် လူအောက်လူ ခွဲခြား၍မရနိုင်ပါ။ မည်သည့်အဆင့်က ဖြစ်နေနေ ကျင့်ဝတ်စည်းကမ်း ဖောက်ဖျက်မိပါလျှင် အပြစ်တင်ထိုက်သည်သာ။ ဤသဘောကို 'စည်းကမ်းပျက် သုံးဦး' ဝတ္ထုဖြင့် သရုပ်ဖော် ပေးလိုက်ပါသည်။

'သက်ခန္ဓာ ပျက်ကာဆုံးစေတော့'ဝတ္ထုမှာ မိမိ၏ အသက်ဘေးထက် ကိုယ်ကျင့်သီလ ပျက်စီးမည့်ဘေးကို အလေးထားသင့်ပုံ ဖြစ်ပါသည်။ သို့ရာတွင် ဤသို့ အလေးထားသည့်အတိုင်း ဤဝတ္ထုမှာကဲ့သို့ ကယ်တင်သူ ပေါ်လာလိမ့်မည်ဟု တစ်ထစ်ချ မျှော်လင့်ထား၍ကားမဖြစ်နိုင်ပါ။ အကြောင်းအားလျော်စွာ ကယ်တင်သူ ပေါ်ချင်ပေါ်လာပါလိမ့်မည်။ မပေါ်လာဘဲလည်း နေချင်နေပါလိမ့်မည်။ ဤသို့ မပေါ်လာသည့်အတွက် စိတ်ပျက်အားငယ်ရန် မရှိပါ။ မိမိ ကိုယ်ကျင့်သီလကို အပြည့်အဝ ယုံကြည် စိတ်ချလျက် သေမင်းနှင့် ရင်ဆိုင်ရဲခြင်းကပင်လျှင် အထူးမြတ်ဆုံးသော ဆုလာဘ်ကြီး ဖြစ်နေပါပြီ။ ထို့ကြောင့်ပင် ထိုသို့သော ပုဂ္ဂိုလ်များမှာ လူသာသေသော်လည်း နာမည်တစ်လုံး ကျန်ရစ်နေခဲ့ခြင်း ဖြစ်ပါသည်။

ကိုယ်ကျင့်သီလပြည့်ဝဖြိုးစင်သော နိုင်ငံသားကောင်းတစ်ယောက်ဖြစ်နိုင်ရေးအတွက် စံပြဝတ္ထု (၅)ပုဒ်ကို ထုတ်နုတ် တင်ပြလိုက်ပါသည်။

# မြတ်နိုးရခြင်း အကြောင်းရင်းသည်ကား

ရွှေပန်းထိမ်ဆရာ၏အိမ်သည် ဗာရာဏသီမြို့တော်၏အချက်အချာကျသောနေရာတွင်တည်ရှိ၏။ ရွှေနန်းတော်သို့သွားရောက်ရာ မင်းလမ်းမကြီးကို မေးတင်နေ၏။ သူ၏အလုပ်စားပွဲသည်လည်း အိမ်ရှေ့ပိုင်းမှာပင်ရှိနေပေသည်။

ရွှေပန်းထိမ်ဆရာသည် မိမိလုပ်ငန်း၌ ကျွမ်းကျင်လိမ္မာ၏။ ကတိသစ္စာ တည်ကြည်၏။ လူမှုဆက်ဆံရေး ပြေပြစ်ချောမော၏။ ထို့ကြောင့် မြို့သူမြို့သားလူအများက သူ့ဆီအလုပ်အပ်လာကြရ၏။ တစ်ခါတစ်ရံ၌မူ ရွှေနန်းတော်ကြီးမှ အပ်ထည်များပင် ရောက်လာတတ်ပါသေးသည်။

ရွှေနန်းတော်ကြီးသို့ ခစားထမ်းရွက်သော ပုဏ္ဏားတစ်ယောက်သည် ထိုအိမ်ရှေ့မှ ဖြတ်သွားနေကျဖြစ်၏။ စောစောတုန်းကတော့ လူပုံသဏ္ဌာန်နှင့် ဝတ်စားဆင်ယင်မှုအရ တွေ့နေကျပုဏ္ဏားတစ်ယောက်ဟူ၍သာ ထင်ခဲ့မိ၏။ တစ်နေ့ထက်တစ်နေ့ အတွေ့ရများလာခါမှ သူ့ပတ်ဝန်းကျင်မှ လူများထံ လေ့လာစုံစမ်းကြည့်ရ၏။ ထိုအခါမှ ရွှေပန်းထိမ်ဆရာသည် ပုဏ္ဏားကြီးအား ကြည်ညိုလေးစားရလေတော့သည်။

ပုဏ္ဏားကြီးမှာ အမျိုးဇာတ် မြင့်မြတ်လှ၏။ သူ၏ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တိုင်အောင် ပြာဟ္မဏနွယ်ဖွားပုဏ္ဏားတို့နှင့် မသင့်လျော်သောအမှုများ မပြုခဲ့ကြကုန်။ ထို့ပြင် ပုဏ္ဏားကြီးသည် ဗေဒင်သုံးပုံကို တဖက်ကမ်းခပ် တတ်မြောက်၏။ မိမိကိုယ်တိုင် တတ်ကျွမ်း ထားသည့်အတိုင်း ပညာလိုလားသောပုဏ္ဏားလုလင်များကိုလည်း သင်ကြားပို့ချ၍

ပေးနိုင်၏။ ဤသို့သော အရည်အချင်းများ ရှိနေသည်တွင် သီလသိက္ခာ စင်ကြယ်စွာရှိနေသဖြင့် မိမိထက်အသက်ကြီးသူများ၏လေးစားကြည်ညို ခြင်းကိုပင် ခံယူရပေသည်။

ဗြဟ္မဒတ်မင်းကြီး၏နန်းတော်သို့ ဝင်ထွက်ခစားနေသော ပုဏ္ဏား အပေါင်းတွင် ထိုပုဏ္ဏားသည် အထင်ရှားဆုံးဖြစ်၏။ ဗြဟ္မဒတ်မင်းကြီး ကိုယ်တိုင်က သူ့ကို အခြားပုဏ္ဏားများထက်ပိုမို၍ အလေးထား၏။ ချီးမြှောက်စရာအကြောင်းကိစ္စများပေါ်ပေါက်လာတိုင်း သူ့ကိုဦးစား ပေးတတ်၏။ နေ့ကောင်းရက်သာ ရွေးစရာရှိသောအခါများတွင်လည်း သူ၏ စကားကိုသာ လိုက်နာဆောင်ရွက်တတ်ပေသည်။

ဤမျှလောက် အရေးပါ အရာရောက်သော ပုဏ္ဏားကြီးသည် ရွှေ ပန်းထိမ်ဆရာနှင့် တွေ့ဖန်မြင်ဖန် များလာသောအခါ အကျွမ်းတဝင် ဖြစ်လာရ၏။ ဗြဟ္မဒတ်မင်းကြီး ကိုယ်တိုင်က ရိုသေလေးစားရသော ပုဏ္ဏားကြီးနှင့် အသိအကျွမ်း ဖြစ်ရသဖြင့် ရွှေပန်းထိမ်ဆရာမှာ ဝမ်း မြောက်ဝမ်းသာ ဖြစ်ရ၏။ သည်ကရွှေတွင် ရွှေနန်းတော်ကြီးမှ လက်ဝတ် တန်ဆာများ ပိုမို၍ လုပ်ကိုင်ရတော့မည်ဟုလည်း မျှော်လင့်မိ၏။

သို့ရာတွင် တစ်ခုသောညနေခင်း၌ သူလုံးဝမမျှော်လင့်သောကိစ္စ တစ်ခုနှင့် ကြုံလိုက်ရ၏။ ရွှေပန်းထိမ်ဆရာ၏ အလုပ်စားပွဲပေါ်တွင် လုပ်လက်စရွှေထည်ပစ္စည်းများရှိနေကြ၏။ အလွန်တရာကြည်ညိုလေးစား ရသော ပုဏ္ဏားကြီးသည် ထိုပစ္စည်းများထဲမှ တစ်ကျပ်သားခန့်ရှိသော ရွှေထည်အပိုင်းအစတစ်ခုကို ရုတ်တရက် ကောက်ယူသွားပါတော့သည်။

ရွှေပန်းထိမ်ဆရာမှာ တအံ့တဩ ဖြစ်သွားရ၏။ သူ့လို ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီးတစ်ယောက်အဖို့ ဤမျှလောက် သိမ်ဖျင်းသောအလုပ်မျိုးနှင့် လားလားမျှ မထိုက်တန်ပါချေ။ ထို့ပြင် သူကောက် ယူ သွား သော ပစ္စည်းက သာမညပစ္စည်း မဟုတ်ချေ။ ရွှေနန်းတော်ကြီးက အပ်နှံထား သော မင်းဘဏ္ဍာဖြစ်နေချေသည်။ ထို့ကြောင့် အံ့ဩရုံမျှမက မင်းပြစ် မင်းဒဏ်သင့်မည့် အရေးကိုပါ ကြောက်လာရပေတော့သည်။

သို့ရာတွင် ရွှေပန်းထိမ်ဆရာသည် မိမိ၏ကိုယ်နှင့်နှုတ်ကိုချုပ်တည်း ထားလိုက်ရ၏။ မိမိလက်ထဲကပစ္စည်းကို မရိုးမသား ကောက်ယူသွား သဖြင့် ဤပုဏ္ဏားကို မိမိရိုက်ပုတ်လိုက ရိုက်ပုတ်နိုင်ပေသည်။ ရပ်ကျော်

ရှာကျော် အော်လိုက်လျှင်လည်း အရပ်ကဝိုင်းဖမ်း၍ နှိပ်စက်ညှဉ်းပန်းကြပေတော့မည်။ မိမိကိုယ်တိုင်က ကြည်ညိုလေးစား၍ လာခဲ့ရသော ပုဏ္ဏားကြီးအား ဤသို့ကားမပြုရက်ပါ။ မပြုချင်ပါ။ ယခင်ကကြည်ညိုလေးစားခဲ့ရသော ဂုဏ်သိက္ခာတို့ကို ထောက်ထား၍ သည်အတိုင်းသာ ကြည့်နေလိုက်ရ၏။ သူကောက်ယူသွားသော ပစ္စည်းကို အစားထိုး၍ ပြုလုပ်ပေးရန်သာ ဆုံးဖြတ်လိုက်ရ၏။

ရွှေပန်းထိမ်ဆရာ၏ဘက်က ဤမျှလောက်ချုပ်တည်းနိုင်ပါလျက် ပုဏ္ဏားကြီးဘက်က မချုပ်တည်းပါချေ။ နောက်တစ်နေ့ ညနေ နန်းတော်မှ ပြန်လာသောအခါတွင် ယမန်နေ့ကထက် တစ်ဆတိုးကာ နှစ်ကျပ်သားခန့် ရွှေတုံးတစ်တုံးကို ကောက်ယူသွားပြန်ပါတော့သည်။

ရွှေပန်းထိမ်ဆရာမှာ အလွန်တရာ အခံရခက်လှ၏။ မိမိကိုယ်နှင့် နှုတ်ကို ချုပ်တည်း၍ ရမှရပါ့တော့မလားဟူ၍ပင် အောက်မေ့လာရ၏။ ဤသို့ရှိရာမှ ဤပုဏ္ဏားကြီးနှင့်ပတ်သက်၍ ရွှေနန်းတော်ကြီးနှင့် ပိုမို၍ လမ်းပေါက်နိုင်သည့် အခွင့်အရေးများကို တွေးကာ အသာရပ်ကြည့်နေလိုက်ရ၏။ သူယူသွားသော ပစ္စည်းကိုလည်း မိမိပစ္စည်းဖြင့် အစားထိုးရန် ဆုံးဖြတ်ရပြန်၏။

ဤကဲ့သို့ တစ်ကြိမ်နှစ်ကြိမ်အထိ အလျှော့ပေးခဲ့ခြင်းမှာ ပုဏ္ဏားကြီးအား ဟန့်တားရမရောက်ပါ။ ပိုမို၍ အတင့်ရဲလာစေရန် လမ်းခင်းပေးနေသကဲ့သို့သာ ဖြစ်၏။ ထို့ကြောင့်ပင် တတိယနေ့ ရောက်သောအခါ သူကြည်ညိုလေးစားရသော ပုဏ္ဏားကြီးက သုံးကျပ် သား ခန့်ရှိသော ရွှေတုံးကို ကောက်ယူသွားပြန်ပါတော့သည်။

ဤတွင်ကား ရွှေပန်းထိမ်ဆရာ သည်းမခံနိုင်တော့ပါ။ ဒါလောက်တောင် အတင့်ရဲလာမှတော့ ဘာဂုဏ်သိက္ခာမျှလည်း မထောက်ထားနိုင်တော့ပါ။ ဘာအခွင့်အရေးတွေကိုမျှ မျှော်လင့် မနေချင်တော့ပါ။ သို့ဖြစ်၍ —

''ဟယ် ပုဏ္ဏားပျက်၊ မင်းကြီးအပ်နှံထားတဲ့ ပဿာဒတော်တွေ ခိုးယူသွားတာ သုံးကြိမ်ရှိပြီမဟုတ်လား''

ဤသို့ လက်ညှိုးငေါက်တောက်ထိုး၍ ဟိုးလေး တကြော်ကြော် ပြောလိုက်ရလေတော့သည်။

ဤအသံ ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် အိမ်နီးချင်းများက ဝိုင်းအုံလာကြ၏။ ခိုးထုပ်ခိုးထည်နှင့်တကွသော ခိုးသူပုဏ္ဏားကြီးအား ဝိုင်းဝန်းချုပ်ကိုင်ထားလိုက်ကြ၏။ စိတ်မချုပ်တည်း နိုင်သူတို့က ရိုက်ပုတ်ကန်ကျောက်ကြ၏။

''ဟင်း — ပညာရှိကြီး၊ သူတော်ကောင်းကြီးဆိုပြီး လူတွေက တော့ ကြည်ညိုလိုက်ရတာ၊ လေးစားလိုက်ရတာ။ ခုတော့ တယ်ကြည်ညို စရာကောင်းတယ်၊ တယ်လေးစားစရာကောင်းတယ်။ ယွိ—''

ကြားသိရသူအပေါင်းဟာ ပုဏ္ဏားကြီး၏မကောင်းမှုကို ရွံရှာ စက်ဆုတ်စွာ ရှုတ်ချကြ၏။

ရွှေပန်းထိမ်ဆရာနှင့်တကွသော လူအများသည် တရားခံပုဏ္ဏား ကြီးအား ရွှေနန်းတော်သို့ ခေါ်ဆောင်လာကြ၏။ ပုဏ္ဏားကြီးကလည်း မိမိကိုယ်တိုင်က အမှားလုပ်ထားပါလျက် တစ်ချက်ကလေးမျှ မျက်နှာ မပျက်ချေ။ တစ်စုံတစ်ခုသော အကြောင်းအရာကို လေးနက်စွာ တွေး တောသကဲ့သို့ ရှိ၏။ ရိုက်ပုတ်ကန်ကျောက်ခြင်း၊ အမနာပ ပြောဆိုရှုတ်ချ ခြင်းတို့ကို ဣန္ဒြေမပျက်ခံယူကာ သူတို့ဆွဲခေါ်ရာသို့ အသာတကြည် လိုက်ပါလာပေသည်။

တရားခံကိုခြံရံ၍ တစ်စုတဝေးကြီး လှမ်းလာခဲ့ကြရာ လမ်းခရီး တစ်နေရာတွင် အလမ္ဗယ်သမားများနှင့် တွေ့ကြုံရ၏။ အရိပ်ကောင်း သောနေရာတစ်ခု၌ အလမ္ဗယ်သမားတို့သည် အဆိပ်ပြင်းလှသောမြွေကြီး တစ်ကောင်ကို ကစားပြနေကြ၏။ သူတို့သည် မြွေကြီး၏အမြီးကိုလည်း ဆွဲကုန်၏။ လည်ကုပ်ကိုလည်း ဖမ်းဆုပ်ကြကုန်၏။ မိမိတို့ လည်ပင်းမှာ လည်း ရစ်ပက်၍ ပြကြကုန်၏။

တရားခံပုဏ္ဏားကြီးသည် ဤအပြုအမူကို ရှုမြင်ရသဖြင့် မိမိအပြစ် ကိုပင် လျစ်လျူရှုကာ —

''အမောင်တို့၊ အလမ္ဗယ်သမားတို့၊ အဲသလို မဆွဲကြနဲ့။ အဲသလို မကိုင်ကြနဲ့။ မြွေကြီးက ကိုက်လိုက်မှဖြင့် သင်တို့ချက်ချင်း သေကုန်ကြ လိမ့်မယ်''

စိုးရိမ်ကြောင့်ကြစွာ တားမြစ်စကား ဆိုလိုက်လေရာ —

''ဟေ့ ပုဏ္ဏားပျက်ကြီး၊ ခင်ဗျား ဘာမှ ဝင်မ ပူ စမ်းပါနဲ့။ ဒီမြွေကြီးဟာ အကျင့်သီလရှိပါတယ်ဗျ။ ပုဏ္ဏားကြီးလို မဟုတ်ပါဘူး။

အသင်ပုဏ္ဏားကြီးသာ သူမျှားဥစ္စာခိုးယူမိလို့ အခုလို အဖမ်းခံလာရတာ မဟုတ်ပါလား''

'အေး— သူတို့စကား ဟုတ်ပေသေးပဲလေ။ မကိုက်တတ်တဲ့ မြွေကိုတောင်မှ သီလရှိတယ်လို့ ပြောကြရသေးတယ်။ လူသာ ဆိုရင် တော့ ဘာပြောစရာ ရှိတော့မလဲ။ အင်း— လူ့လောကကြီးတစ်ခုလုံးမှာ သီလသာလျှင် အမြတ်ဆုံးပါကလား။ သီလထက်မြတ်တာရယ်လို့ဘာမျှ မရှိတော့ပါကလား'

ရယ်မောလှောင်ပြောင်ကြသော အသဒ္ဓ(ယ်)သမားတို့၏ စကား အဆုံးတွင် ပုဏ္ဏားကြီးက တစ်ယောက်တည်းတွေးတောရင်း ရေရွတ် နေ၏။ သူ့စိတ်ကူးနှင့်သူ ရေရွတ်နေသည်ကို မည်သူကမျှ အလေးမထား မိပေ။ လောလောဆယ် ကျူးလွန်ထားသောအမှုအားလျော်စွာ ကြမ်း တမ်းစွာပင် ဆွဲခေါ်သွားကြ၏။ ဗြဟ္မဒတ်မင်းကြီးရှေ့မှောက်သို့ပို့ဆောင် ကာ ကြုံလာရသော အမှုအခင်းကို လျှောက်တင်ကြ၏။

ဤတွင် ဗြဟ္မဒတ်မင်းကြီးသည် အလွန်တရာ တုန်လှုပ်သွားရ၏။ မိမိကိုယ်တိုင်က ကြည်ညိုလေးမြတ် ဆည်းကပ်ကိုးကွယ် လာခဲ့ရသော မင်းဆရာပုဏ္ဏားကြီးအား ခိုးသားအဖြစ်ဖြင့် တွေ့လိုက်ရသဖြင့် မယုံနိုင် လောက်အောင် ဖြစ်ရ၏။ ထို့မှဆက်လက်၍ ''ဤ မျှ လောက် အ သိ အလိမ္မာ ဂုဏ်သိက္ခာနှင့်ပြည့်စုံသူတစ်ယောက်က ဤမျှလောက် ယုတ်ညံ့ သောအမှုကို ပြုရသလော''ဟုလည်း ရာဇမာန်ရှမိ၏။ သို့ဖြစ်၍ —

''အသင်ပုဏ္ဏားကြီး၊ ဘာ့ကြောင့် ဒီလိုအမှုမျိုး ပြုရသလဲ''ဟု ခက်ခက်ထန်ထန်ကြီး မေးလိုက်လေရာ —

''အရှင်မင်းကြီး၊ ဒီလိုအမှုမျိုးကို ကျွန်ုပ် ပြုချင်လွန်းလို့ ပြုရတာ မဟုတ်ပါ။ အရှင်မင်းကြီးရဲ့ စိတ်အလိုကို သိချင်လို့သာ ဖြစ်ပါတယ် ဘုရား''

''ဘာတွေများ သိချင်ရတာလဲ''

''မှန်လှပါဘုရား၊ အရှင်မင်းကြီးဟာ အခြားပုဏ္ဏားများထက် ကျွန်ုပ်ကိုပိုပြီး မြှောက်စားပါတယ်။ ကြည်ညိုမြတ်နိုးစွာ ကိုးကွယ် ဆည်းကပ်ပါတယ်။ ဒါတွေဟာ ဘာကြောင့်လဲ။ ကျွန်ုပ်က အမျိုးဇာတ် မြင့်မြတ်နေလို့လား၊ ဗေဒင်သုံးပုံကို တဖက်ကမ်းခပ် တတ်မြောက်နေ လို့လား၊ ဒါမှမဟုတ် အကျင့်သီလ ပြည့်ဝစင်ကြယ်လို့လား။

"ဒီလို အမျိုးမျိုးအဖုံဖုံ စဉ်းစားကြည့်ပေမယ့် ဘယ်ဘက်ကမှ တိတိကျကျ အဖြေရှာလို့ မရခဲ့ပါဘူး။ ဒါကြောင့် ဘာကြောင့်ကြည် ညိုတယ်ဆိုတာ သေသေချာချာသိရအောင် ခုလို လက်တွေ့ စမ်းကြည့် လိုက်ရပါတယ်။ လက်တွေ့ စမ်းကြည့်လိုက်တယ်ဆိုရင်ပဲ အမျိုးဇာတ် မြင့်မြတ်တာတွေကလဲ လာမကယ်နိုင်တော့ပါဘူး။ ဗေဒင်ကျမ်းဂန်တတ် မြောက်တာတွေကလဲ ဘာအကာအကွယ်မှ မပေးနိုင်တော့ပါဘူး။ အကျင့်သီလ ပျက်စီးသွားတာနဲ့ တစ်ပြိုင်နက် တရားခံ ခိုးသားအဖြစ်နဲ့ အရှင်မင်းကြီးရှေ့မှောက် ရောက်လာရပါတော့တယ်။

"ဒါကြောင့် အရှင်မင်းကြီးကြည်ညိုမြတ်နိုးတာက သီလကြောင့် သာဖြစ်ပါတယ်။ လူ့လောကမှာ သီလသာလျှင် အမြတ်ဆုံးဖြစ်ပါ တယ်။ သီလထက်ပိုပြီး မြင့်မြတ်တာရယ်လို့ မရှိတော့ပါဘူး။ ဒါကို ကိုယ်တိုင်ကိုယ်ကျသိချင်လှတဲ့အတွက် ရွှေပန်းထိမ်သရာ့ဆီက ကောက်ယူ လာခဲ့တဲ့ ရွှေထည်ပစ္စည်းများကို ပြန်လည်ပေးအပ်ပါရစေဘုရား"

ပုဏ္ဏားကြီး၏ စကားအဆုံးဘွင် တစ်နန်းတော်လုံး ခေါင်း တညိတ်ညိတ် ဖြစ်သွားကြရ၏။ ပုဏ္ဏားကြီးအပေါ် ရှိရှာစက်ဆုတ်စွာ ကြည့်နေကြသော မျက်နှာများသည် ယခုပြုံးရိပ်ရှင်ရိပ်သန်းလာကြ၏။ ထိုမျက်နှာများတွင်းမှ ဗြဟ္မဒတ်မင်းကြီးမျက်နှာက အကြည်လင်ဆုံးဖြစ် နေပေသည်။

ထို့နောက်တွင်ကား ထိုပုဏ္ဏားကြီးသည် ရွှေပန်းထိမ်ဆရာ၏ အိမ်ရှေ့မှာ ရောက်မလာတော့ပါ။ ဗာရာဏသီ မြို့တော်မှာပင် မတွေ့ရ တော့ပါ။ ဟိမဝန္တာတောကြီးတွင် ရသေ့ သူတော်စင်အဖြစ်ဖြင့်နေထိုင် လျက်ရှိနေကြောင်းကိုသာ ပန်းထိမ်ဆရာ ကြားသိရလေတော့သည်။

**သီလဝီမံသဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်**

ဗြဟ္မဒတ်မင်း = အရှင်အာနန္ဒာ။

ပရောဟိတ် = မြတ်စွာဘုရား။

(ကေနိပါတ် သီလဝီမံ့သဇာတ်)

# ဟင်္သာပျို လိုချင်လွန်းလို့

ကမ္ဘာဦးအခါတုန်းက အခြေလေးချောင်းရှိသော တောသတ္တဝါ အပေါင်းတို့သည် ကေသရာဇာခြင်္သေ့ကြီးကို မိမိတို့မင်းအဖြစ် ရွေးချယ်တင်မြှောက်ကြကုန်၏။ ထို့အတူပင် ရေသတ္တဝါ အပေါင်းတို့ကလည်း ငါးကြီး အာနန္ဒာကိုမင်းမြှောက်ကြကုန်၏။ ငှက်သတ္တဝါ အပေါင်းစုံတို့ကလည်း ရွှေအဆင်းသို့ ဝါဝင်းသော ဟင်္သာကို မင်းမြှောက်ကြကုန်၏။

ရွှေဟင်္သာငှက်မင်းတွင် သမီးပျိုကလေးရှိလေရာ အဆင်းရုပ်ဝါ လှပ တင့်တယ်၏။ အကျင့်သိက္ခာ ဖြူစင်စွာရှိ၏။ မိခင်ဖခင် ကျေးဇူးရှင်တို့ကို ရိုသေစွာ ပြုစုလုပ်ကျွေး၏။ သို့ဖြစ်၍ ဖခင်ရွှေဟင်္သာ ငှက်မင်းက သမီးပျို ဟင်္သာမယ်အား မိမိ ကြိုက်နှစ်သက်ရာ ဘဝ ကြင်ဖော်ကို မိမိဘာသာ စိတ်တိုင်းကျ ရွေးချယ်ရန် ဆုပေးလိုက်လေသည်။

သတို့သားလောင်း ရွေးချယ်ပွဲကြီး ကျင်းပရန် နေ့ကောင်း ရက်သာ သတ်မှတ်၍ ကြေညာချက်ကြီး ထွက်လာသောအခါ တောတကာ တောင်တကာမှာ ရှိနေကြသောငှက်အပေါင်းသည် ဟိမဝန္တာသို့ သူ့ထက်ငါ ပျံသန်းလာကြ၏။ ရွှေဟင်္သာငှက်မင်း၏စံနန်းတော်အနီးရှိ ကျောက်ဖျာကြီးပေါ်သို့ တစ်သုတ်ပြီးတစ်သုတ် နားလာကြ၏။ အသွင်သဏ္ဌာန် အမျိုးမျိုး၊ အမွေးအတောင်များကို တောက်ပြောင်သည်ထက် တောက်ပြောင်နေစေရန် ပြုပြင်နေကြ၏။ ဟင်္သာပျိုကြိုက်နှစ်သက်လောက်အောင် ဟန်ရေးအမျိုးမျိုး ပြနေကြ၏။

အချိန်တန်သောအခါ ရွှေဟင်္သာ ငှက်မင်းသည် ငှက်အမတ်ကြီးများခြံရံလျက် ငှက်ညီလာခံသဘင်ရှိ ရာဇပလ္လင်သို့တက်ရောက်လာ၏။

ချော့မော့လှပသော ဟင်္သာမယ်သည်လည်း နောက်တော်ပါးမှ လိုက်ပါလာ၏။ သူ့အတွက် သတ်မှတ်ပေးထားသော စင်မြင့်ပေါ်သို့ တက်ရောက်ကာ သူ့ထက်ငါ ဟန်ရေးပြနေသော ငှက်အမျိုးမျိုးတို့ကို တစ်ကောင်ချင်း တစ်ကောင်ချင်း လေ့လာကြည့်ရှုလေသည်။

ထိုအချိန်တွင် ရွှေဟင်္သာငှက်မင်း၏ တူတော်ဖြစ်သော ရွှေဟင်္သာမောင်ကလည်း ငှက်မင်း အနီးမှ ခစားလျက် ရှိ၏။ သူသည် မိမိနှင့် တစ်ဝမ်းကွဲနှမ ဖြစ်သော ဟင်္သာမယ်ကို တိတ်တခိုး ချစ်နေမိ၏။ သို့ရာတွင် ဖွင့်ဟ၍ကား မပြောမိသေးချေ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် နှမတော်လေး ကိုယ်တိုင်က မိမိ၏ ချစ်ခြင်းမေတ္တာကို သူ့ဘာသာ သိလာလိမ့်မည်ဟု မျှော်လင့်ထားခဲ့၏။

ဤသို့ နေလာခဲ့ရာက ဦးရီးတော် ရွှေဟင်္သာ ငှက်မင်း၏ ဆုပေးပုံကို ကြားလိုက်ရသော အခါ အလွန်တရာ တုန်လှုပ် သွားရ၏။ မိမိတို့ ရွှေဟင်္သာအချင်းချင်းသာ ကြာမြင့်စွာ နေသွားရပါက တစ်နေ့ကျလျှင် ဟင်္သာမယ်သည် မိမိဘက်သို့ တိမ်းညွှတ်လာစရာရှိ၏။ ယခုတော့ အဆင်စုံ အသွေးစုံ ငှက်ပေါင်းစုံ ရောက်လာကြပေတော့မည်။ အသစ်အဆန်းကို မက်မောလေ့ရှိသော မိန်းကလေးပီပီ မိမိတို့လို မြစ်နေကျ ရုပ်သွင်ကို ကျော်လွှားကာ အမြင်ဆန်းရာ နောက်သို့သာ လိုက်ပါမိပေတော့မည်။

ဤသို့ ဟင်္သာမောင် တွေး၍ ဆွေး၍ နေဆဲမှာပင် ဖခင်ရွှေဟင်္သာ ငှက်မင်းက—

''သမီးတော်၊ရှိရှိသမျှငှက်ပေါင်းစုံရောက်လာကြပြီ။ သမီးတော် ကြိုက်နှစ်သက်ရာ ခင်ပွန်းလောင်းကို ရွေးချယ်ပေတော့'' ဟု အမိန့်တော် ရှိလိုက်ရာ—

''မှန်လှပါ ခမည်းတော်ဘုရား၊ သမီးတော် ရွေးချယ်လိုတဲ့ ခင်ပွန်းလောင်းကတော့ တွန်ကျူးသံလဲ သာယာရပါလိမ့်မယ်၊ သူ့ကျောကုန်းကလဲ နှစ်သက်စဖွယ် တင့်တယ်ရပါလိမ့်မယ်။ သူ့လည်တံကလဲ ကြောင်မျက်ရွဲ အဆင်းနဲ့ ရှည်ရှည်လျားလျား ရှိရပါလိမ့်မယ်။ သူ့ရဲ့မြီးဆံများကလဲ တစ်လံလောက် ရှည်လျားရပါလိမ့်မယ်၊ အဲဒီ အရည်အချင်းများနဲ့ ပြည့်စုံသူကတော့ မောင်မောင် ဥဒေါင်းငှက် ဖြစ်ပါတယ်ဘုရား''

ဟင်္သာမယ်၏ လျှောက်တင်သံဆုံးသွားသည်နှင့်တစ်ပြိုင်နက် ငှက်ပရိသတ်ကြီး၏ တစ်ခဲနက်ဩဘာသံကြီးပေါ်ထွက်လာ၏။ စိတ်သဘောထား ရိုးသားကြသော ငှက်အပေါင်းတို့သည် ဖိုးကံကောင်း ဥဒေါင်းမောင်ထံသို့ ဝိုင်းပျံလာကြကာ ဝမ်းမြောက် ဝမ်းသာ ချီးကျူးစကားပြောကြားကြလေသည်။

ဥဒေါင်းမောင်မှာဟသ်ာမယ်၏ရွေးချယ်သံကြားလိုက်ရကတည်း ကပင် ဘဝင်မြင့်နေပေပြီ။ ယခုတစ်ဖန် ငှက်ပေါင်းစုံ၏ ဩဘာသံများ ကြားရပြန်ပြီ။ သူသည် နဂိုကပင် စည်းနှင့်ကမ်းနှင့်ကြီးပြင်း ခဲ့ရသူမဟုတ် ပေ။ ရှက်ရ ကြောက်ရမှန်း သိတတ်သူလည်း မဟုတ်ပေ။ သူ့လိုငှက် ပေါကြော့ များနှင့် အတူတကွ ရောက်တတ်ရာရာ လျှောက်သွားနေကျ ဖြစ်၏။ သီချင်းတကြော်ကြော်ဟစ်ကာ စိတ်ထင်တိုင်း ကနေကျဖြစ်၏။

ဤလို ငှက်ပေါကြော့တစ်ကောင်က ဤမျှလောက်အချီးအမြှောက် ခံလိုက်ရသောအခါ မိုးမမြင် လေမမြင် ဖြစ်သွားရတော့၏။ "ဒီကောင် တွေက ခုထက်ထိ ငါ့ အရည်အချင်းကို အကုန် မသိကြသေးဘူး" ဟု တွေးတောကာ သွယ်ပြောင်းသော လည်တံကိုဆန့်တန်းလျက်အကောင်း ဆုံး သီချင်းတစ်ပုဒ်ကို ဟစ်လိုက်၏။ စိမ်းပြာရောင် တဖျတ်ဖျတ်တောက်ပ နေသောအတောင်များကိုဖြန့်ကားကာ ဟန်ပါပါချီလိုက်၏။ ထို့နောက် တွင်ကား ရှည်လျားလှသော မြီးဆံများကို ယပ်တောင်သဖွယ် ထောင် မတ်ကာ ချာချာလည်အောင် ကပြလိုက်ပါတော့သည်။

သူကတော့ဟုတ်လှပြီ၊ တင့်တယ်လှပြီအထင်နှင့် အားပါးတရကြီး ကပြနေပါ၏။ အလေးအနက် စဉ်းစားလေ့ မရှိသော ငှက်အပေါင်းတို့ ကလည်း ကောင်းချီးဩဘာ ပေးနေကြပါ၏။ သို့ရာတွင် သူ့ အကကို သေသေချာချာ ကြည့်လိုက်ပါက အရှက်အကြောက် လုံးဝမရှိတော့သည် ကိုတွေ့နိုင်ပေသည်။ မြီးတံရှိသမျှကို အစွမ်းကုန် ထောင်မတ်ထားမှတော့ က, သူ မရှက် မြင်သူရှက် ဖြစ်ကြရပေတော့သည်။

ဤတွင် သူ၏ယောက္ခမလောင်းဖြစ်သော ရွှေဟသ်ာမင်းက—

"ဟယ်—အရှက်မရှိတဲ့ ဥဒေါင်းငှက်၊ စည်းပျက် ကမ်းပျက် က, နေတာ ရပ်လိုက်စမ်း။ သင်ဟာ ပင်ကိုအရည်အချင်း ကောင်းပေမယ့် အရှက်အကြောက် ကင်းမဲ့စွာ ပရိသတ်ဗိုလ်ပုံအလယ်မှာ ကပြတဲ့အတွက် ငါ့ သ မီး နဲ့ သင်နဲ့ မထိုက်တန်တော့ဘူး။ ဒါကြောင့် ဒီပရိသတ်ထဲက မင်းမြန်မြန်ကြီးထွက်သွားလိုက်စမ်း"

ဤသို့ ဒေါသတကြီး နှင်ထုတ် လိုက်ပြီးလျှင် သမီးတော်အား တူတော်နှင့် လက်ထပ်၍ ပေးလိုက်လေသည်။

**နစ္စဇာတ်၊ ဧကနိပါတ် ဇာတ်ပေါင်းသော်**

ဥဒေါင်းငှက် – ဥစ္စာများသော ရဟန်း။

ဟသ်ာမင်း – မြတ်စွာဘုရား။

(ဧကနိပါတ်၊ နစ္စဇာတ်)

## ငါးပါး ပဉ္စသီ ခါးဝတ်ထည်

ထိုနေ့ နံနက်တွင် ဒန္တပုရမြို့ ကာလိင်္ဂမင်း၏ နန်းတော်တံခါးဝသို့ ကာသိကတိုင်း တစ်ခွင်လုံးမှ လူအပေါင်းတို့ စုရုံးလာကြ၏။ တိုင်းပြည် တစ်ခုလုံး၌ ကျရောက်နေသော ဘေးအန္တရာယ်ကို ကာလိင်္ဂ မင်းကြီး ကြားသိစေရန် တစ်ခဲနက် ဟစ်ကြွေးကြ၏။

"အရှင်မင်းကြီး၊ ယခု တစ်နှစ်တာလုံးမှာ မိုးတစ်ကြိမ်မျှ မရွာခဲ့ပါ။ တစ်နိုင်ငံလုံးမှာ အငတ်ဘေးကြီး ကျရောက်နေပါပြီ။ မရ, ရရာကို စားကြရတာကြောင့် ရောဂါဘေးကြီးကလဲ ထပ် ဆင့်လို့ လာပါပြီ။ ဒီဘေးဒဏ်တွေ မတွန်းလှန်နိုင်တာကြောင့် တိုင်းသူပြည်သား အချို့မှာ သားသမီးများကို လက်ဆွဲပြီး လွတ်ရာ ကျွတ်ရာ ထွက်ပြေး သွားကြရပါပြီ။ ဒါကြောင့် ဒီဘေးကြီးများက လွတ်မြောက် နိုင်ရအောင် အရှင်မင်းကြီးက မိုးရွာအောင် ဆောင်ရွက် ပေးတော်မူပါဘုရား"

ကာလိင်္ဂမင်းသည် ဤသို့သောဟစ်ကြွေးသံကို ကြားနာပြီးလျှင် ရှေးမင်းတို့၏ ထုံးတမ်းစဉ်လာအရ မိုးရွာစေရန် ဆောင်ရွက်၏။ အသရေရှိသော အိပ်ရာတိုက်ခန်းအတွင်း၌ စိမ်းစိုလန်းဆန်းသော မြေစာမြက်များ ဖြန့်ခင်းစေပြီးလျှင် ထိုအပေါ်တွင် အိပ်စက်၏။ ထိုသို့ ဆောင်ရွက်သော်လည်း မိုးက ခေါင်မြဲသာ ခေါင်နေပေသည်။

ဤတွင် မှူးကြီးမတ်ရာများက —

''အရှင်မင်းကြီး၊ ဒီနည်းနဲ့ မရွာသေးလျှင် နောက်တစ်နည်း ကြိုးစားသင့်ပါတယ်။ ဒီနိုင်ငံမှာ ဘေးဒဏ်မျိုးစုံကျရောက်၍ နေပေမယ့် ရေမြေချင်းဆက်စပ်နေတဲ့ ကုရုတိုင်းမှာတော့ အစာရေစာ ဝပြောလှပါ တယ်။ ဒီလိုဝပြောတာကလဲ အခြားကြောင့်မဟုတ်ပါ။ ဣန္ဒပတ္တနဂိုရ် မြို့မှာ ထီးနန်းစိုးစံတဲ့ ဓနဉ္စယကောရဗျမင်းထံမှာ အဥ္စနဝဏ္ဏ အမည် ရတဲ့ မင်္ဂလာဆင်တော် ရှိနေတဲ့အတွက် ကုရုတိုင်းမှာ မိုးလေမှန်ကန်နေပုံ ရပါတယ်။ ဒါကြောင့် မင်္ဂလာဆင်တော်ကိုရအောင် ဆောင်ရွက်သင့် ပါတယ်ဘုရား''ဟု လျှောက်တင်ကြလေရာ —

''မှူးတော်မတ်တော်တို့၊ မင်္ဂလာဆင်တော်ကို ဘယ် လို မျှား ရအောင် ဆောင်ယူကြရမလဲ။ ကောရဗျမင်းမှာ စစ် တပ် အင် အား ကြီးမားလှတယ်။ သူ့ကို ဘယ်နှယ်လုပ်ပြီး စစ်ထိုးလို့နိုင်နိုင်ပါ့မလဲ''

''အရှင်မင်းကြီး၊ မင်္ဂလာဆင်တော် ရရေးအတွက်တော့ စစ်ထိုး နေဖို့မလိုပါ။ သူ့ဆီသာ သွားပြီး တောင်းခံလိုက်ရင် အလွယ်တကူနဲ့ ပေးလှူလိုက်မှာ ဖြစ်ပါတယ်ဘုရား''

ဤသို့သော လျှောက်တင်ချက်အရ ကာလိင်္ဂမင်းသည် ပုဏ္ဏား ရှစ်ယောက်တို့အား ကောရဗျမင်းထံ စေလွှတ်၍ မင်္ဂလာဆင်တော်ကို တောင်းခံစေ၏။ ကောရဗျမင်းကလည်း အဆင်တန်ဆာ ရတနာမျိုးစုံ ဆင်ယင်ထားသော မင်္ဂလာဆင်တော်ကို ရက်ရောစွာ ပေးလှူလိုက် လေသည်။

ပုဏ္ဏားတို့နှင့်အတူတကွ မင်္ဂလာဆင်တော် ရောက်လာသော်လည်း ကာသိကတိုင်း၌ မိုးမရွာသေးပါ။ ဤတွင်မှ ကာလိင်္ဂမင်းသည် ကော ရဗျမင်းနှင့်တကွသော သူ့ပရိသတ်များ၏ နေထိုင် ကျင့်သုံး ပုံ တို့ ကို အတွင်းကျကျ လေ့လာစုံစမ်းလေရာ ငါးပါးသီလ ဆောက်တည်ထား ကြ၍ တစ်နိုင်ငံလုံး မိုးလေဝသမှန်ကန်နေကြောင်း သိလာရ၏။ သို့ဖြစ်၍ မိုးရွာခြင်းနှင့် ဘာမျှမသက်ဆိုင်သော မင်္ဂလာဆင်တော်ကို ကောရဗျ မင်းထံပြန်ပေးရန် အမတ်တို့အား စေလွှတ်လိုက်၏။ ထိုကိစ္စနှင့် တစ်ဆက် တည်းမှာပင် ကောရဗျမင်းကြီးနှင့်တကွ သူ့ပရိသတ်များ ဆောက်တည် နေသော ငါးပါးသီလတို့ကိုလည်း ရွှေပေလွှာ၌ရေးမှတ်၍ ယူခဲ့ရန် မိန့် ကြားလိုက်လေသည်။

ဤသို့ဖြင့် ကာလိင်္ဂမင်း၏အမတ်တို့သည် ဣန္ဒပတ္တနဂိုရ်မြို့တော်သို့ လာရောက်ကာ ကောရဗျမင်းထံ ဝင်ရောက်ခစား၍ မင်းကြီးကိုယ်တိုင်

ကျင့်သုံးနေသော ငါးပါးသီလကို အမိန့်ရှိပါရန် လျှောက်တင်ကြ၏။ ဤတွင် မနုဋ္ဌယကောရဗျမင်းက —

''အမတ်တို့၊ ငါးပါးသီလကို ငါအမြဲတမ်း စောင့်ထိန်းနေတာ တော့ ဟုတ်ပါတယ်။ ဒါပေမယ့် အခုလောလောဆယ်မှာတော့ ကိုယ့် သီလကိုယ် သံသယဝင်နေမိတယ်။ ဒါကြောင့် ငါ့သီလကို မပေးလိုပါ'' ဟု မိန့်ကြားလိုက်လေရာ —

''အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ သီလကို ဘာ့ကြောင့်များ သံသယ ဝင်နေရပါသလဲ''

''အမတ်တို့၊ ငါတို့တိုင်းပြည်မှာ သုံးနှစ်တစ်ကြိမ် တန်ဆောင်မုန်း ပွဲတော် ကျင်းပကြတယ်။ အဲဒီ ပွဲတော်မှာ မင်းညီမင်းသား အပေါင်း နတ်သားတမျှ တောက်ပသစ်လွင်တဲ့ အဝတ်တန်ဆာများ ဝတ်ဆင်ပြီး ဆင်နွဲ့ကြရတယ်။ စိတ္တရာဇာမည်တဲ့နတ်မင်းရဲ့ နတ်ကွန်းကို တက်ရောက် ပြီးတော့ ပန်းတွေခက်ထားတဲ့မြားတွေနဲ့ အရပ်ဒလေးမျက်နှာသို့ ပစ်လွှတ် ကြရတယ်။

''အခု နောက်ဆုံးဆင်နွဲ့တဲ့ ပွဲတော်မှာတုန်းက ငါ ကိုယ် တိုင် တက်ရောက်ပြီးတော့ မြားတွေပစ်ခဲ့တယ်။ အရပ်လေးမျက်နှာကို ချိန်ပြီး ပစ်လိုက်တဲ့ မြားလေးစင်း အနက်က မြားသုံးစင်းကိုတော့ မင်းချင်း များက ရှာတွေ့ကြတယ်။တစ်စင်းကတော့ ရေထဲကျသွားလို့ ရှာမရဘူး။ အဲဒီမြားဟာ ရေထဲက ငါးတစ်ကောင်ကောင်ကိုများ ထိမှန်သွားလေ မလားလို့ သံသယဖြစ်နေမိတယ်။ ဒါကြောင့် ငါ့သီလကို ရေးမယူကြဘဲ ငါ့မယ်တော်သခင်မကြီးထံသွားပြီး တောင်းကြပါ။ မယ်တော်ကတော့ ငါးပါးသီလကို အဟုတ်တကယ် စင်ကြယ်စွာ စောင့် ထိန်း နိုင် ပါ ပေ တယ်''

ဤသို့ကောရဗျမင်းကြီးက လမ်းညွှန်လိုက်သဖြင့် အမတ်တို့သည် မယ်တော်သခင်မကြီး၏နန်းဆောင်သို့ ဝင်ရောက်ခစား၍ ငါးပါးသီလ တောင်းခံကြပြန်၏။ ဤတွင် မယ်တော်သခင်မကြီးကလည်း မိမိသီလကို သံသယရှိနေကြောင်း ထုတ်ဖော်ပြောဆိုပြီးလျှင် —

''အမောင်တို့၊သံသယဝင်ရပုံကဒီလိုကွယ့်။မယ်တော်မှာသားတော် နှစ်ပါး ရှိတဲ့အနက် အမောင်တို့သိထားတဲ့အတိုင်း သားကြီးကရှင်ဘုရင်၊ သားငယ်က အိမ်ရှေ့မင်းသားပေါ့။ တစ်နေ့မှာတော့ အကြည်တော်

မင်းတစ်ပါးက သားတော်ကြီးထံ အသပြာ တစ်ထောင် တန်တဲ့ ရွှေပန်းခိုင်ကြီး ဆက်သလာတယ်။ သားတော်ကြီးက မယ်တော်ကြီးရဲ့ ဂုဏ်ကျေးဇူးကို ပူဇော်တဲ့သဘောနဲ့ အဲဒီရွှေပန်းခိုင်ကို မယ်တော့်ထံ ဆက်သလာတယ်။ ဒါပေမယ့် မယ်တော်ဟာ ပန်းပန်တဲ့အရွယ်လဲမဟုတ် တော့ဘူး။ နံ့သာလိမ်းတဲ့အရွယ်လဲ မဟုတ်တော့ဘူး။ ဒီတော့ ဒီရွှေ ပန်းခိုင်ကို ချွေးမနှစ်ယောက်ကို ခွဲဝေပေးလိုက်ဖို့ ရှိတော့တာပေါ့။ ဒါပေမယ့် မယ်တော်ဟာ မိဖုရားခေါင်ကြီးဆိုတဲ့ ဂုဏ်ထူးကို မျက်နှာ လိုက်ပြီးတော့ ချွေးမအကြီးကိုသာ ရွှေပန်းခိုင်တစ်ခုလုံး ပေးလိုက်မိ တယ်။ ချွေးမအငယ်ကိုတော့ လိမ်းခြယ်စရာ စန္ဒကူးနံ့သာကိုသာပေး လိုက်မိတယ်။ ဒီလို မပြုသင့်တာကို ပြုလိုက်မိတဲ့အတွက် ငါ့သီလကို စင် ကြယ်မှ စင်ကြယ်ပါ့မလားလို့ သံသယဖြစ်နေမိတယ်။ ဒါကြောင့် ငါ့ ချွေးမအကြီးဆီကိုသာသွားပြီး တောင်းကြပါတော့''

ဤသို့ ပြောကြားလိုက်သောစကားအရ မိဖုရားကြီးထံ ရောက်ကြ ပြန်လေသော်—

''အမတ်တို့၊ ငါ့သီလကိုလဲ ငါအားမရနိုင်အောင် ဖြစ်နေရတယ်။ တစ်နေ့တုန်းက ငါဟာ ဒီလေသာပြတင်းကနေပြီးတော့ မြို့တွင်းလမ်းကို လှမ်းမျှော်ကြည့်မိတယ်။ မြို့တွင်းလမ်းပေါ်မှာတော့ ငါ့ အရှင်သခင် ကောရဗျမင်းနဲ့ သူ့ညီတော် အိမ်ရှေ့မင်းတို့ဟာ စီးတော်ဆင်တစ်စီးစီနဲ့ မြို့လှည့်ပြီး အပူဇော်ခံနေကြတယ်။ အဲဒီအခိုက်မှာပဲ ငါ့စိတ်က မသင့် မလျော် အတွေးချော်ခဲ့မိတယ်။ 'တကယ်လို့များ ခုနေခါက အိမ်ရှေ့ မင်းနဲ့ အကျွမ်းတဝင်ဖြစ်ထားရင် သိပ်ကောင်းမှာပဲ။ အဲသလိုဆိုရင် နောင်တော်မင်းတရား နတ်ရွာလားလို့ ညီတော်အိမ်ရှေ့မင်း နန်းတက် ရတဲ့အခါ ငါ့ကိုပဲ မိဖုရားကြီးအဖြစ် တင်မြှောက်ပေလိမ့်မယ်'လို့ တွေး တောမိတယ်။ ကျေးဇူးရှင်မင်းတရားကြီး အထင်အရှား ရှိနေပါလျက် တခြားယောကျ်ားကို ငါစိတ်ကစားပြီး သာယာခဲ့မိတယ်။ ဒါ့ကြောင့် ငါ့သီလကို ရေးယူမယ့်အစား အိမ်ရှေ့မင်းဆီသာသွားပြီး တောင်းကြ ပါတော့''

ဤသို့ ပြောကြားလိုက်သောစကားအရ အိမ်ရှေ့မင်းထံရောက်ကြ ပြန်လေသော်—

''အမတ်တို့၊ ငါ့သီလကိုလဲ အဟုတ်တကယ် စင်ကြယ်လှပြီလို့ မဆိုနိုင်သေးပါ။ ဘာကြောင့်လဲဆိုတော့ တစ်နေ့ ညနေချမ်းတုန်းက

ငါဟာ နောင်တော်မင်းတရားထံ ရထားနဲ့ သွားပြီး စားခဲ့တယ်။ အဲသလို ရထားနဲ့သွားတဲ့အခါမှာ မြို့သူမြို့သား လူအများတို့အတွက် အထိမ်းအမှတ်နှစ်မျိုးကို ငါထားရှိခဲ့တယ်။ တကယ်လို့ နောင်တော်မင်း တရားရဲ့ နန်းဆောင်မှာပဲ ညအိပ်တော့မယ်ဆိုရင် နှင်တံနဲ့ရထားကြိုးကို ရထားဦးမှာပဲ ထားခဲ့တယ်။ အဲသလိုထားလိုက်ရင် ရထားမှူးကလဲ စောင့်မနေတော့ဘဲ ပြန်သွားတော့တယ်။ မြို့သူမြို့သားတွေကလဲ စောင့် ကြို့မနေကြတော့ဘဲ ကိုယ့်အိမ်ကို ပြန်သွားကြတယ်။

''ဒီလိုမဟုတ်ဘဲ နောင်တော်မင်းတရားဆီကခဏနေပြီး ပြန်ထွက် ခဲ့မှာဆိုရင်တော့ နှင်တံနဲ့ရထားကြိုးကို ရထားအတွင်းမှာပဲ ထားခဲ့ရ တယ်။ အဲ့ဒီညနေတုန်းကလဲ မြန်မြန်ထွက်ခဲ့မှာပဲဆိုပြီး နှင်တံနဲ့ရထား ကြိုးကို ရထားအတွင်းမှာပဲ ထားခဲ့မိတယ်။ အကြောင်းမသင့်ချင်တော့ နောင်တော့်ထံဝင်မိလို့ မကြာခင်မှာပဲ မိုးသည်းသည်းကြီး ရွာချတော့ တယ်။ နောင်တော်မင်းတရားကလဲ မိုးရွာကြီးထဲမှာ ပြန်သွားခွင့်မပေး တာနဲ့ သူ့နန်းဆောင်မှာပဲ ညအိပ်လိုက်ရတော့တယ်။

''ဒီလိုနဲ့ မနက်လင်းလို့ နန်းဆောင်ကထွက်လိုက်တဲ့အခါမှာတော့ ရထားမှူးနဲ့တကွ မြို့သူမြို့သားများဟာ ငါ့ကိုအသင့် စောင့်ကြို့နေကြ တာတွေ့လိုက်ရတယ်။ သူတို့တစ်ကိုယ်လုံးမှာလဲ ရွှံ့ရွှဲစိုလို့။ ဟန်မဆောင် နိုင်လောက်အောင် ခိုက်ခိုက်တုန်လို့။ မိုးရွာကြီးထဲမှာ တစ်ညလုံး ရပ် စောင့်နေရတဲ့အတွက် ဘယ်လောက်များ ချမ်းရှာကြမလဲ။ ဒီတော့ တစ်လျှောက်လုံးက သီလစောင့်ထိန်းလာတဲ့ ငါဟာ လူအများကြီးကို အကြောင်းမဲ့နှိပ်စက်ရာ ရောက်ခဲ့ရတယ်။ ဒါကြောင့် ငါ့သီလကို ရေးယူ မယ့်အစား ပုရောဟိတ်ပုဏ္ဏားဆီ သွားတောင်းကြပါတော့''

ဤစကားအရ ပုရောဟိတ်ပုဏ္ဏားထံ ရောက်ကြပြန်လေသော်—

''အမောင်တို့၊ တစ်နေ့တုန်းက ဘုရင့်ရွှေနန်းတော်သို့ ခစားဖို့ သွားနေတုန်းမှာ သစ်လွင်တောက်ပြောင်လှတဲ့ ရထားတစ်စီးကို တွေ့ခဲ့ ရတယ်။ ရထားမောင်းလာတဲ့ မင်းမှုထမ်းများဆီမှာ မေးမြန်းကြည့် လိုက်တော့ မင်းကြီးထံဆက်သဖို့ဖြစ်ကြောင်း သိရတယ်။ ဒီတော့ 'ငါလဲ အိုမင်းမစွမ်း ဖြစ်လာပြီ။ တကယ်လို့များမင်းကြီးက ဒီရထားကို ငါ့ပေး လိုက်ရင် ကောင်းမှာပဲ။ ရထားလေးနဲ့ဆိုတော့ ခုလို ခြေကျင်မသွား ရတော့ ပင်ပန်းစရာ မရှိတော့ဘူး။ ရွှေနန်းတော်ကြီးကို သက်တောင့် သက်သာ သွားလာနိုင်မှာပဲ''လို့ တွေးခဲ့မိတယ်။

''တွေးလို့ ပြီးပြီးချင်းပဲ ကိုယ့်စိတ်ဖြစ်ပုံကို ကိုယ့်ဘာသာရှက်မိတယ်။ တစ်လျှောက်လုံးက သီလစောင့်ထိန်း ခဲ့ပါလျက် သူတစ်ပါးပစ္စည်းကိုသွားပြီး တပ်မက်ခဲ့မိတယ်။ ဒါကြောင့်လဲ ငါ့သီလကို ရေးယူမယ့်အစား မြေတိုင်းအမတ်ဆီကသာ တောင်းယူကြပါတော့''

ဤစကားအရ မြေတိုင်း အမတ်ထံ ရောက်ကြပြန်လေသော်–

''အဆွေတို့၊ တစ်ခါတုန်းက ကျွန်ုပ်ဟာ တောကျေးလက်ကိုသွားပြီးတော့ လယ်မြေများတိုင်းတာခဲ့ရတယ်။ မင်းကြီးရဲ့ လယ်မြေနဲ့ သူဌေးတစ်ဦးရဲ့ လယ်မြေနှစ်ရပ် ဆက်စပ်နေရာမှာ နယ်နိမိတ် သတ်မှတ်ပေးဖို့ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်ဟာ မြေတိုင်းတာတဲ့ ကြိုးတစ်ဖက်ကို လယ်ရှင် သူဌေးကို ကိုင်ထားခိုင်းပြီးတော့ ကျန်တစ်ဖက်ကို ကျွန်ုပ်ကိုယ်တိုင် တုတ်ချွန်မှာ ချည်ပြီး ယူလာခဲ့တယ်။ နယ်ခြားမျဉ်းကျရောက်သင့်တဲ့နေရာမှာ ကြိုးကိုချပြီးတော့ တုတ်ချွန်စိုက်ရမည့်နေရာကြည့်လိုက်တော့ ပုစွန်တွင်း တစ်ခုနဲ့ တည့်တည့်ကြီး တိုးနေပါတော့တယ်။

''ဒီတော့မှ ကျွန်ုပ်မှာ အခက်ကြီး ကြုံလာရတော့တယ်။ တုတ်ချွန်ကို ဟိုဘက်နည်းနည်း တိုးစိုက်လိုက်ရင် မင်းကြီးရဲ့ လယ်မြေဘက်က နစ်နာသွားတော့မယ်။ တကယ်လို့ ဒီဘက် တိုးစိုက်လိုက်ရင်လဲ သူဌေးရဲ့ လယ်မြေဘက်က နစ်နာသွားရတော့မယ်။ ဒါကြောင့် ဒီတွင်းမှာ ပုစွန်မရှိတန်ကောင်းပါဘူးလေဆိုပြီး တွင်းတည့်တည့်မှာ စိုက်ချလိုက်တဲ့အခါ တွင်းထဲက ကရိကရိ ဆိုတဲ့ အသံ ကြားလိုက်ရတော့တယ်။ ဒါကြောင့် ကျွန်ုပ် သီလကို ရေးယူမယ့်အစား ရထားထိန်းဆီ သွားပြီး တောင်းယူကြပါတော့''

ဤစကားအရ ရထားထိန်းထံ ရောက်ကြပြန်လေသော် –

''အမတ်မင်းတို့၊ တစ်ခါတုန်းက ကျွန်ုပ်ဟာ မင်းကြီးရဲ့ ရထားကို မောင်းနှင်ပြီး ဥယျာဉ်တော်က ပြန်လာခဲ့ပါတယ်။ အဲဒီအချိန်ဟာ နေဝင်ရီတရော ဖြစ်နေရုံမကဘဲ မိုးသားတိမ်လိပ်များလဲ တက်လာကြ တယ်။ ဒါကြောင့် ကျွန်ုပ်က မင်းကြီးကို မိုးမစွတ်ရအောင်လို့ သိန္ဓေ မြင်းများကို ဒီထက်မြန်မြန်ကြီး သွားရအောင်လို့ ကြာပွတ်ကို လေထဲ ဝှေ့ယမ်းပြီး အသံပြုလိုက်ရတယ်။

''သိန္ဓောမြင်းများဟာ အဲဒီနေ့က ကြာပွတ်သံ ပေးခဲ့တာကို အမှတ်ထားပြီးတော့ အဲဒီနေရာ ရောက်လာတယ်ဆိုရင်ပဲ သွက်သွက်ကြီး

ပြေးကြပါတော့တယ်။ တကယ်တော့ဖြင့် သိန္ဒောမြင်းများဟာ နဂိုကတည်းက အံပြေးမြန်ကြပါတယ်။ မြင်းဆရာကောင်း များနဲ့ သင်ကြားပေးထားတာကြောင့်အလွန်တရာလိမ္မာကြပါတယ်။ သခင့်နှုတ်သံနာခံရရုံနဲ့ သခင့် အကြိုက်ကို လိုက်နာနိုင်ကြပါတယ်။ မင်းကြီးကို မိုးစိုမှာစိုးတဲ့ စိတ်ကြောင့် ဒါလောက်တောင် လိမ္မာနေတဲ့ သိန္ဒောမြင်းတွေကို မလိုအပ်ဘဲနဲ့ ကြာပွတ်သံ ပေးခဲ့မိတယ်။ ဒါကြောင့် ကျွန်ုပ်သီလကို ရေးယူမယ့်အစား သူဌေးဆီသွားပြီး တောင်းယူကြပါတော့”

ဤစကားအရ သူဌေးထံ ရောက်ကြပြန်လေသော်—

“အမတ်မင်းတို့၊ တစ်နေ့တုန်းက ကျွန်ုပ်ရဲ့လယ်တောကို လျှောက်ကြည့်ခဲ့ပါတယ်။ လယ်တောတစ်ခွင်လုံး ဖုံးတုန်းလုံးတုန်း စပါးနှံတွေနဲ့ ရွှေရောင်သန်းလို့ နေပါတယ်။ မကြာမီ ရိတ်သိမ်းရတော့မယ့် စပါးခင်းတွေကို အားပါးတရ လျှောက်ကြည့်ပြီးလို့ အိမ်ပြန်မယ် အလုပ်မှာတော့ အမှတ်တမဲ့နဲ့ စပါးနှံတစ်ခုကို ချိုးယူပြီးတော့ ခေါင်းမှာ ပန်ခဲ့မိပါတယ်။

“ဒီလယ်မြေတစ်ခွင်လုံးဟာ ကျွန်ုပ်ရဲ့ ပိုင်နက်ဖြစ်ပေမယ့် ဒီလယ်ထွက် စပါးများထဲက မင်းကြီးအတွက် အခွန်တော်များ ပေးဆောင်ရပါတယ်။ မင်းကြီးအတွက် ပေးဆက်သင့်တဲ့အခွန်တော်ကို မပေးဆက်ရသေးခင်က ကျွန်ုပ်က လက်ဆော့ပြီး စပါးနှံတစ်ခက်ကို ဦးဦးဖျားဖျားပန်ခဲ့မိတယ်။ ဒါကို တွေးမိတိုင်း ကျွန်ုပ်မှာ စိတ်စနောင့်စနင်း ဖြစ်ရပါတယ်။ ဒါကြောင့် ကျွန်ုပ် သီလရေးယူမယ့် အစား တင်းခြင်သမားဆီကိုသာ သွားပြီး တောင်းယူကြပါတော့”

ဤစကားအရ တင်းခြင်သမားထံသို့ ရောက်ကြပြန်လေသော်—

“အမတ်မင်းတို့၊ တစ်နေ့တုန်းက ကျွန်ုပ်ဟာ သူကြွယ်တစ်ဦးရဲ့စပါးကျီထဲက မင်းကြီး အတွက် အခွန်တော်ရစု ဖြစ်တဲ့ စပါးတို့ကို တင်းတောင်းနဲ့ ခြင်ယူခဲ့ပါတယ်။ ခြင်ယူလို့ မပြီးခင်မှာဘဲ မိုးကြီးရွာချလိုက်တာကြောင့် ကျွန်ုပ်ဟာ လက်ထဲမှာ ပါလာပြီးဖြစ်တဲ့ စပါးများကို အမှတ်မဲ့နဲ့ သွန်ချပြီးတော့ မိုးလွတ်ရာ သွားခိုနေမိတယ်။

“မိုးခိုနေရင်း ပြန်ပြီး စဉ်းစားကြည့်လိုက်တော့ စောစောက သွန်ချခဲ့တာဟာ မင်းကြီးရဲ့ အပုံထဲမှာလား၊ သူကြွယ်ရဲ့ အပုံထဲမှာလားလို့ မခွဲခြားနိုင်တော့ပါ။ တကယ်လို့များ မင်းကြီးရဲ့ အပုံဘက်

သွန်ချမိတာဆိုရင်တော့ မင်းကြီးရဲ့ စီးပွားဥစ္စာ တိုးတက်စေဖို့ မတရား သဖြင့် ပြုကျင့်ရာ ရောက်ရပေတော့မယ်။ ဒါကြောင့် ကျွန်ုပ်ရဲ့ သီလကို ရေးယူမယ့်အစား တံခါးမှူးဆီသာ သွားပြီး တောင်းယူကြပါတော့”

ဤစကားအရ တံခါးမှူးထံသို့ ရောက်ကြပြန်လေသော်—

“အမတ်ကြီးတို့၊ ကျွန်ုပ်ရဲ့ တာဝန်ကတော့ နေပင်ချိန်နီးလာလို့ တံခါးပိတ်တော့မယ်ဆိုရင် မြို့ပြင်မှာ ကျန်နေသူ မရှိရအောင် တံခါးကြီး ပိတ်တော့မယ့်အကြောင်း သုံးကြိမ်သုံးခါ ကြွေးကြော်ရပါတယ်။ တစ်ညနေမှာတော့ ကျွန်ုပ် ကြွေးကြော်လို့ ပြီးချိန်မှာမှ ထင်းခွေတဲ့ ယောကျ်ား တစ်ယောက်ဟာ အမျိုးသမီး တစ်ယောက်ကို လက်က ဆွဲပြီး အပြေးအလွှား ဝင်လာပါတယ်။ တံခါးပိတ်တော့မယ့် ဆဲဆဲ ကလေးကျခါမှ သီသီလေး ကပ်ဝင်လာတာကြောင့် သူတို့ကို ကျွန်ုပ် ဒေါသ ထွက်လိုက်မိပါတယ်။ ‘‘တစ်နေ့လုံး တောထဲမှာ မယားနဲ့ ပျော်ပါးနေပြီး တံခါးပိတ်ခါနီးမှ ဝင်လာရသလား’’ လို့ ဒေါသ အလျောက် ကြိမ်းမောင်းလိုက်မိပါတယ်။

“ဒီတော့ ထင်းခွေယောကျ်ားက ‘တံခါးမှူးကြီးခင်ဗျာ၊ ဒီ အမျိုးသမီးဟာ ကျွန်ုပ်မယား မဟုတ်ပါဘူး၊ နှမကလေးသာ ဖြစ်ပါ တယ်’ လို့ ရိုရိုသေသေ ပြန်ပြောပါတယ်။ ဒီတော့မှ ကျွန်ုပ်လဲ စိတ် မကောင်းခြင်းကြီးစွာ ဖြစ်ရပါတော့တယ်။ ‘သီလစောင့်ထိန်းသူ ဖြစ် ပါလျက် မဟုတ်မတရား စွပ်စွဲမိလေခြင်း’ လို့ နောင်တကြီးစွာ ရမိပါ တယ်။ ဒါကြောင့် ကျွန်ုပ်သီလကို ရေးယူမယ့်အစား ပြည့်တန်ဆာမ ဆီသာသွားပြီး တောင်းယူကြပါတော့”

ဤစကားအရ ဆယ့်တစ်ဦးမြောက်ဖြစ်သော ပြည့်တန်ဆာမထံသို့ ရောက်ကြပြန်လေသော်—

“အမတ်မင်းတို့၊ ကျမရဲ့သီလကိုလဲ ကျမကိုယ်တိုင်က အားမရ လှသေးပါ။ လွန်ခဲ့တဲ့ သုံးနှစ်ကျော်ကျော်တုန်းက လုလင်တစ်ယောက်က ကျမထံ အသပြာတစ်ထောင် လာပေးပါတယ်။ သူ မကြာခင် ကျမဆီ လာခဲ့မယ်လို့ မှာကြားပြီး ထွက်ခွာသွားပါတယ်။ ကျမမှာ ပြည့်တန် ဆာမအဖြစ်နဲ့ အသက်မွေးရပေမယ့် ငါးပါးသီလကိုတော့ လုံခြုံအောင် စောင့်ထိန်းပါတယ်။ ကျမ ယောကျ်ားတစ်ယောက်ဆီက အခကြေးငွေ ကို လက်ခံလိုက်တယ်ဆိုရင်ပဲ ကျမရဲ့ကိုယ်ခန္ဓာကို ကျမ မပိုင်တော့ပါ။ အခကြေးငွေပေးတဲ့ ယောကျ်ားကသာ ပိုင်ပါတော့တယ်။ ဒါကြောင့်

ကျမဟာ အခကြေးငွေပေးထားတဲ့ ယောကျ်ားအတွက် တာဝန်ကျေအောင်ပြုစုလို့ မပြီးသေးသမျှ ဘယ်ယောကျ်ားကိုမှ လက်မခံခဲ့ပါ။

''စောစောက အသပြာတစ်ထောင် ပေးထားခဲ့တဲ့ လုလင်ဟာ မကြာခင်လာခဲ့မယ်ဆိုပေမယ့် ဆိုတဲ့အတိုင်းရောက်မလာခဲ့ပါ။နောက်နေ့ နောက်နေ့များမှာလဲ အရိပ်အယောင်မျှ မမြင်လာရပါ။ သူ့အတွက် တာဝန်မကျေသေးတာကြောင့် တခြားယောကျ်ားများကို လက်မခံနိုင်ပါ။ ဒီလိုနဲ့ နှစ်ချီပြီး ကြာလာလေတော့ သူပေးထားခဲ့တဲ့ အသပြာတစ်ထောင်ကလဲ သုံးလို့စားလို့ကုန်သွားပါပြီ။ သုံးနှစ်တိုင်တိုင်တစ်ပြားတစ်ချပ်မှ မရတာကြောင့် ကျမမှာ အလွန်တရာ ဆင်းရဲကျပ်တည်းရပါတော့တယ်''။

''ဒါကြောင့် သုံးနှစ်ပြည့်တဲ့နေ့မှာတော့ ဒီအတိုင်း နေလို့မဖြစ်နိုင်တော့တာကြောင့် တရားသူကြီးများထံသွားပြီးတော့ ကျမအဖြစ်ကို တိုင်ကြားရပါတော့တယ်။ ဒီတော့ တရားသူကြီးများက 'သုံးနှစ်ပြည့်တောင် ရောက်မလာမှတော့ သင့် တာဝန် ကျေ ကုန် ပြီ။ တခြားယောကျ်ားတစ်ယောက်ကို လက်ခံနိုင်ပြီ'လို့ အဆုံးအဖြတ်ပေးလိုက်ကြပါတယ်။

''တရားသူကြီးများရဲ့ ဆုံးဖြတ်ချက်စကား ကြားလိုက်ရတာနဲ့ပဲ ယောကျ်ား တစ်ယောက်က အသပြာ တစ်ထောင် ပေးလာပါတော့တယ်။ အဲဒီ အသပြာကို လက်ခံဖို့ လက်လှမ်း လိုက်ခါမှပဲ စောစောက အသပြာတစ်ထောင် ပေးထားခဲ့တဲ့ လုလင်ရဲ့ ရုပ်သွင်ဟာ ရုတ်တရက် ပေါ်လာပါတော့တယ်။ ဒါကြောင့် ကျမက လှမ်းလိုက်မိတဲ့ လက်ကို ရှက်ရှက်နဲ့ ပြန်ရုပ်သိမ်း လိုက်ရပါတော့တယ်''

''တကယ်တော့ဖြင့် အဲဒီ လုလင်ဟာ သာမည ယောကျ်ားတစ်ယောက်မဟုတ်ပါဘူး။ သိကြားမင်း ကိုယ်တိုင်က ကျမရဲ့ သီလကိုစမ်းရအောင်လို့ ဖန်ဆင်းထားတာပါ။ ကိုယ်ရောင် ကိုယ်ဝါ တောက်ပစွာနဲ့ ရောက်လာခါမှ ကျမလဲ အဖြစ်မှန်ကို သိရပါတော့တယ်။

''ဘာပဲဖြစ်ဖြစ် ကျမကိုယ်တိုင်ကတော့ ကျမကို ခွင့်မလွှတ်နိုင်သေးပါ။ အခကြေးငွေ ယူထားတဲ့ ယောကျ်ားတစ်ယောက် အတွက် တာဝန်မကျေသေးပါပဲလျက် နောက်ယောကျ်ား တစ်ယောက်ရဲ့ အခကြေးငွေကို လက်လှမ်းယူဖို့ ဟန်ပြင်ခဲ့မိတယ်။ ဒါကြောင့် ကျမရဲ့သီလကိုလဲ စင်ကြယ်မှ စင်ကြယ်ပါ့မလား''လို့ သံသယ ဖြစ်နေပါတယ်။

ကာလိင်္ဂမင်း၏အမတ်တို့သည် ပြည့်တန်ဆာမ၏ စကားကို တအံ့တဩ ကြားနာမှတ်သားကြပြီးလျှင်—

''အို နှမ၊ သင်နဲ့ တကွ သူတော်ကောင်း ဆယ့် တစ် ယောက်တို့ဟာ သီလကို အလွန်တရာ ချစ်မြတ်နိုးကြ ပေတယ်။ ဒါကြောင့်လဲ သေးငယ်လှတဲ့ ဖြစ်ရပ်ကလေးများအတွက် ကိုယ့်ကိုယ်ကို ခွင့်မလွှတ်နိုင်အောင် ဖြစ်နေကြရပါတယ်။ တကယ်တမ်း ကျူးလွန်လိုတဲ့ စေတနာ မပါတာမို့ ဘယ်သူ့ သီလမှ မကျိုးပေါက်နိုင်ပါ။ သူတော်ကောင်း တစ်ဆယ့်တစ်ဦးတို့ရဲ့ သီလများဟာ အမှန်တကယ် စင်ကြယ် ကြပါပေတယ်။ ဒါကြောင့် ကျွန်ုပ်တို့မှာ အသင့်ပါလာတဲ့ ရွှေပေလွှာနဲ့ နှမတို့ရဲ့ ငါးပါးသီလကို ရေးယူပါရစေ''

ဤသို့ အာနူးအညွတ် တောင်းပန်ကြသည်တွင် ပြည့်တန်ဆာမက လည်း မိမိအမြဲတစေ စောင့်ထိန်းနေသော ငါးပါးသီလကို ထုတ်ဖော်ပြောပြလိုက်လေသည်။

ကာလိင်္ဂမင်း၏ အမတ်တို့သည် ထိုငါးပါးသီလကို ရွှေပေလွှာမှာ ရေးမှတ်ယူကာ ဒန္တပုရ မြို့တော်သို့ ပြန်လာကြ၏။ ကာလိင်္ဂမင်း၏ လက်သို့ ငါးပါးသီလ ရွှေပေလွှာကို ဆက်သကြလေသည်။

ထို့နောက် ကာလိင်္ဂမင်း၏ နန်းတော်မှစတင်၍ တစ်နိုင်ငံလုံး ငါးပါးသီလ ဆောက်တည် ကျင့်သုံး ကြလေရာ မကြာမီမှာပင် မိုးကြီးများ ရွာချသဖြင့် ဘေးအန္တရာယ်များ ကင်းငြိမ်းသွားကြလေသည်။

(တိကနိပါတ်၊ ဂရုဓမ္မဇာတ်)

ဂရုဓမ္မဇာတ်၊ တိကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ပြည့်တန်ဆာမ | = | ဥပ္ပလဝဏ္ဏာထေရီ။ |
| တံခါးစောင့် | = | အရှင်ပုဏ္ဏ။ |
| ကြိုးဆွဲအမတ် | = | အရှင်မဟာကစ္စာယန။ |
| တင်းခြင်အမတ် | = | အရှင်မဟာမောဂ္ဂလာန်။ |
| သူဌေး | = | အရှင်မဟာသာရိပုတ္တရာ။ |
| ရထားထိန်း | = | အရှင်အနုရုဒ္ဓါ။ |
| ပုဏ္ဏား | = | အရှင်မဟာကဿပ။ |
| အိမ်ရှေ့မင်း | = | အရှင်နန္ဒ။ |
| မိဖုရားကြီး | = | ယသော်ဓရာ။ |
| မင်း၏မယ်တော် | = | မယ်တော်မာယာ။ |
| ကောရဗျမင်း | = | မြတ်စွာဘုရား။ |

# စည်းကမ်းပျက် သုံးဦး

တက်လာစဉ်တုန်းကတော့ ဘာဆိုဘာမျှ မတွေးမိ။ ကြောက်ရကောင်းမှန်းလည်းမသိ။ ရှက်ရကောင်းမှန်းလည်းမသိ။ နေ့ခင်းတုန်းက မသိမသာ ရှာဖွေမှတ်သားထားခဲ့သော သရက်သီးရှိရာသို့သာ မှန်းဆ၍ တက်လာခဲ့မိသည်။

ဤညမှာ လကွယ်ညဖြစ်သဖြင့် မိမိ တက်လာသည်ကို မည်သူမျှ မမြင်နိုင်။ ဤဥယျာဉ်မှာ အစဉ်စောင့်ကြပ်နေသော ဥယျာဉ်မှူးသည်ပင် ဥယျာဉ်ထဲက တဲကလေးမှာ စိတ်ချလက်ချ အိပ်မောကျ နေပေလိမ့်မည်။

အမှောင်သည် မိမိအား ဘေးအန္တရာယ် အပေါင်းမှ ကောင်းကောင်းကြီး ကာကွယ်ထားပါ၏။ သို့ရာတွင် ထိုအမှောင်ကြောင့်ပင် မိမိမှာ အခက်ပေါင်းများစွာ ကြုံလာရပေသည်။ မှောင်တာရိဝိုးတဝါး အခြေအနေမှာ စမ်းတဝါးဝါးနှင့်တက်လာရသဖြင့် ပုရွက်ဆိတ်၊ ခါချဉ် စသော အကောင်များ၏ ဒဏ်ကိုခံရ၏။ ချောက်၍ဆွေးနေသောအကိုင်းစွန်းများကို သွားဆွဲမိသဖြင့် သဲထိတ်ရင်ဖိုဖြစ်ခဲ့ရ၏။ ခြေရော လက်ပါ မြဲမြဲကြီးဆွဲ ကိုင်ထားမိ၍သာ တော်ပေတော့သည်။

ပိုးကောင် မွှားကောင်တို့ ကိုက်ခဲသည့်ဒဏ်ကို ကြံ့ကြံ့ခံရင်းတက်လာခဲ့ရာ မနေ့ကကြည့်ထားခဲ့သော နေရာသို့ ရောက်လာပေပြီ။ အပင်ထိပ်ဖျားအကိုင်း အခက် ပါးရာသို့ ရောက်လာပြီမို့ ဝိုးတဝါး ကြယ်ရောင်

ကလည်း ပိုမို၍အားကောင်း လာပါပြီ။ သို့ရာတွင် မိမိမှတ်ထားခဲ့သော သရက်သီးကြီးကိုကား မတွေ့ရတော့ပါ။ ဘယ်သူကများ လက်ဦးသွားပါလိမ့်။

ဤဥယျာဉ်ထဲရှိသရက်ပင်များတွင် ဤအပင်မှာ အမျိုးအကောင်းဆုံးဖြစ်၏။ အသီးများမှာ အလုံးထွားသည်နှင့်အမျှ အနံ့ရောအရသာပါကောင်းမွန်ကြ၏။ ထို့ထက်ပို၍ အဖိုးတန်သည်ကတော့ ဆယ့်နှစ်ရာသီမပြတ်တရစပ် သီးနေနိုင်ခြင်းပင်ဖြစ်၏။ ထို့ကြောင့်ပင် ဗြဟ္မဒတ်မင်းကြီးကိုယ်တိုင်က ဤသရက်ပင်ရင်းသို့ မကြာခဏ လာရောက် တတ်ခြင်းဖြစ်ပေသည်။

ဤလိုမိုးအကုန်ဆောင်းအကူး ရာသီမျိုး၌ သရက်သီးကိုဘယ်မှာမှရှာမရနိုင်ပါ။ ဤသရက်ပင်မှာသာ ရနိုင်ပေသည်။ အသေအချာရနိုင်ရေးအတွက် အသေအချာ မှတ်သားထားခဲ့ပါလျက် ယခုတော့ အခက်တွေ့ရချေပြီ။ သည်တော့မိမိအနေနှင့် ဘာကိုဆက်၍ လုပ်ရပါတော့မည်နည်း။

သေသေချာချာကြည့်ထားခဲ့သော သရက်သီးမှည့်မရှိတော့ပြီမို့ အသာပြန်ဆင်းပြီး အိမ်ပြန်ရတော့မည်လော။ ဤလိုတော့ မဖြစ်နိုင်ပါ။ သရက်သီးမပါဘဲနှင့်တော့အိမ်ရိပ်ကိုပင်မနင်းရဲပါ။ သူ့အင်မတန်စားချင်နေသော သရက်သီး မပါဘဲ ပြန်မိပါလျှင် ငရဲအိုး ပွက်သည်ထက်ဆိုးသွားပါလိမ့်မယ်။

မိမိ၏ အိမ်သူသက်ထားမှာ မိမိနည်းတူပင် ဒွန်းစဏ္ဍားမျိုးနွယ်ထဲကဖြစ်၏။ အဆင့်ဆင့်သော မျိုးနွယ်များတွင် အောက်ဘန်းအကျဆုံးအမျိုးအနွယ်ပင် ဖြစ်ပါ၏။ သို့ပါသော်လည်း မိမိတို့အတွက်ကတော့ဘာမျှ ထူးထူးထွေထွေ တွေး တောနေစရာ မရှိပါ။ လူကောင်းသူကောင်းဆိုသူတွေ မလုပ်ချင်ကြသော အောက်ခြေသိမ်းအလုပ်များလုပ်ကိုင်ခွင့် ရနေခြင်းကိုပင် ကျေနပ်လှပါပြီ။ သူတကာတို့ ရွံရှာစက်ဆုတ်သော အပုပ်ကောင် အသေကောင်တို့သည်ပင် မိမိတို့အတွက် တည်စရာထမင်းအိုးနှင့် ဝတ်စရာအဆင်တန်ဆာတို့ ဖြစ်နေကြပါတော့သည်။

ဤလို အလုပ်အကိုင်များ လုပ်ကိုင်စားသောက်ရင်းကပင် အိမ်ကအမျိုးသမီးနှင့် အကြောင်းပါခဲ့ရ၏။ အများတကာက အကျည်းတန်သည်၊ နွတ်သီးစွသည်ဟု မလိုတမာ ပြောဆိုကြသော်လည်း မိမိအတွက်တော့ ချစ်မငြီးသည့် ဇနီးသည်ကလေးသာ ဖြစ်ပေသည်။ သည်ချစ်ဇနီး

ကလေးက စားချင်လှပါသည်ဟု တစာစာပူဆာခဲ့၍ပင် အချိန်မဒဘာ် ဤသရက်ပင်ထက်သို့ ရောက်နေရပေသည်။

အိမ်က ဇနီးသည်ကလေးမှာ သူလိုရာရလျှင် အင်မတန်နှုတ်ချိုလှ၏။ သူလိုရာသာ ရှာမပေးနိုင်လျှင်တော့ နားကို ဂွမ်းဆို့ထားပေတော့။ ထို့ကြောင့် မိမိအနေနှင့် သူစားချင်လှသည့် သရက်သီးကိုတော့ မရရအောင် ရှာဆွတ်ရပါမည်။ ဤကိုင်းမှာ မရှိသေးလျှင် တခြားကိုင်းတွေမှာ ရှာကြည့်ရပါဦးမည်။

ကံမကောင်းချင်တော့ တစ်ကိုင်းပြီးတစ်ကိုင်းသာ တက်ရှာခဲ့ရသည်။ သရက်သီးကိုကား မတွေ့ရချေ။ အမှည့်ကိုထား၊ အစိမ်းစားစရာကိုပင် ရှာမရချေ။ ဤသို့ဖြင့် တစ်ကိုင်းပြီးတစ်ကိုင်း ဆင်းချေ တက်ချေလုပ်နေရဆဲမှာပင် အရှေ့လောကဓာတ်မှ ရောင်ခြည်ဦးများ သမ်းလာပေတော့သည်။

ခြေခင်းလက်ခင်း သာယာသောအခါမျိုးဖြစ်၍ ရောင်နီသမ်းလာသည့်အချိန်မှစ၍ လူသွားလူလာတို့ ရှိလာကြပေပြီ။ ဥယျာဉ်မှူး၏ တဲကလေးမှလည်း လူသံရော ခွေးသံများပါ ကြားလာချေပြီ။ မိမိ ဘာလုပ်ရမည်နည်း။ ဤအခြေအနေ ရောက်မှတော့ဖြင့် ဆင်းပြေး၍လည်း လွတ်ဖို့မလွယ်ပြီ။ လူက မမြင်နိုင်သေးသော်လည်း ခွေးတွေက ထိုးဟောင်ကြပေတော့မည်။

တက်လာစဉ်က ဇွဲသန်ခဲ့လေသမျှ ယခုမှ ကြောက်ဒူးတုန်ရပေပြီ။ အခက်အလက်သိပ်သည်းလှသော ဤခွကြားမှာ တစ်နေ့တာလုံး ပုန်းနေရုံကလွဲ၍ ဘာမျှ မတတ်နိုင်တော့ပြီ။ မိမိ၏ မိုက်ပြစ်မိုက်ဒဏ်ကို တစ်နေ့လုံး ခံရပေတော့မည်။

မိမိမှာ မျိုးရိုးထုံးစံအရ အောက်တန်းကျသော အလုပ်များဖြင့် အသက်မွေးရသော်လည်း စိတ်ဓာတ်ကတော့ အောက်တန်း မကျပါ။ သူတစ်ပါးမပေးသောပစ္စည်းကို လက်ဖျားနှင့်မျှ မတို့ခဲ့ဖူးပါ။ ဤလို စည်းကမ်းရှိရှိ နေထိုင်လာခဲ့ပါလျက် ယခုတော့ မယားကို ချစ်သည့်ဇောဖြင့် စည်းကမ်းပျက်ကြီးတစ်ယောက် ဖြစ်လာရပါချေပြီ။

မိမိကိုယ်ကိုမိမိ အပြစ်တင်နေဆဲမှာပင် နံနက်လင်းလာပါတော့သည်။ နေမင်းကြီးကလည်း တစ်စထက်တစ်စ မြင့်တက်လာပါတော့သည်။ ထိုစဉ်ခိုက်မှာပင် မိမိနည်းတူ အပြစ်တင်ထိုက်သူ နှစ်ယောက်ကလည်း သရက်ပင်အောက်သို့ ရောက်လာပါတော့သည်။

သာမန်အားဖြင့်ကြည့်လိုက်လျှင် ထိုသူနှစ်ယောက်မှာ အပြစ်တင်ထိုက်သူဟူ၍ ထင်နိုင်စရာမရှိပါ။ မိမိအသက်ကို မငဲ့ကွက်သောသူသော်မှပင် သူတို့ကို စည်းကမ်းပျက်သူဟူ၍ ဆိုရဲမည်မထင်ပါ။ သူတို့နှစ်ဦးမှာ ဤတိုင်းပြည်၏ ထိပ်ဆုံးပုဂ္ဂိုလ်ကြီးများပင် မဟုတ်ပါလော။

ဉာဏ်ရည်ထက်မြက်သော နံနက်ခင်းမှာ ဗြဟ္မဒတ်မင်းသည် သူအမြတ်တနိုးထားသော အရက်ပင်အောက်သို့ ရောက်လာ၏။ သူပြီးလျှင် ဩဇာအာဏာ အထက်မြက်ဆုံးဖြစ်သော ပုရောဟိတ်ကြီးလည်း အတူလိုက်ပါလာ၏။ ထိုမင်းနှင့် ထိုပုရောဟိတ်တို့သည် သရက်ပင်အောက်သို့ရောက်၍ မကြာမီမှာပင် ဆရာနှင့်တပည့်တို့ ဖြစ်သွားကြပေတော့သည်။

ဤလောက၌ ဆရာဟူသည် အသိအလိမ္မာ ဉာဏ်ပညာပြည့်ဝပြီးသူဖြစ်၏။ တပည့်ဟူသည်ကား မပြည့်သေး၍ အဖြည့်ခံနေရသူ ဖြစ်၏။ သို့ဖြစ်၍ ပြည့်ဝသူက စေတနာဖြင့်ဖြည့်ပေးရာတွင် အဖြည့်ခံသူကလည်း ကျေးဇူးတင်စွာ ရိုသေလေးမြတ်စွာဖြင့် အဖြည့်ခံထိုက်လှပါပေသည်။

သို့ရာတွင် သရက်ပင်အောက်က ဖြည့်ပေးသူနှင့် အဖြည့်ခံသူတို့ကတော့ ဤသို့မဟုတ်ကြပါချေ။ ဝေဒကျမ်းဂန်များကို ကြားနာသင်ယူနေသော ဗြဟ္မဒတ်မင်းက စင်မြင့်ပေါ်တွင် မားမားစွင့်စွင့်ကြီးထိုင်လျက်ရှိနေ၏။ ဝေဒကျမ်းဂန်များ သင်ကြားပေးနေသော ပုရောဟိတ်ကြီးကတော့ သူ့ရှေ့က မြေကြီးပေါ်မှာ ရိုသေစွာထိုင်လျက် ရှိနေ၏။ သူ့တပည့်ကြီးကို လက်အုပ်ချီမိုး ရှိခိုး၍ပင် နေလိုက်ပါသေး၏။

မိမိနှင့် မနိုင်းယှဉ်လောက်အောင် အဆင့်မြင့်နေသူများက မိမိနည်းတူ စည်းကမ်းပျက်နေသည်ကို တွေ့လိုက်ရသည့်တွင် မိမိမှာကြောက်စိတ်များ လွင့်စဉ်သွားပါတော့သည်။ သေပြစ်သေဒဏ် ခံရမည့်အရေးကိုမှ မတွေးမိတော့ဘဲ သရက်ပင်ပေါ်မှ ဒရောသောပါး ဆင်းလာရပါတော့သည်။

အဖျားညွတ်နေသော ကိုင်းမှတစ်ဆင့် မြေကြီးပေါ် ခုန်ဆင်းပြီးလျှင် မိမိသည် ပုံစံမမှန်သော ဆရာတပည့်နှစ်ဦးထံသို့ တည့်တည့်မတ်မတ်ကြီး ဝင်ရောက်ကာ—

"အရှင်မင်းကြီး၊ ဒီသရက်ပင်အောက်ရောက်လာသူ သုံးဦးစလုံး စည်းကမ်းပျက်သူများချည့် ဖြစ်နေကြပါတယ်ဘုရား"

ဤသို့ မကြောက် မရွံ့ ရဲဝံ့စွာ တင်လျှောက်လိုက်ရာ ဗြဟ္မဒတ်မင်းသည် အံ့အားသင့်စွာ နားထောင်နေရာမှ—

"မောင်မင်း၊ ဘာ့ကြောင့် ဒီလိုပြောရသလဲ"

"အရှင်မင်းကြီး၊ နားဆင်တော်မူပါ။ အရှင်မင်းကြီးဟာ ဝေဒကျမ်းဂန်များကို သင်ယူနေပါတယ်။ ဒီတော့ ကိုယ့်ကိုသင်ပေးတဲ့ ဆရာသမားကို လေးလေးစားစား ဆက်ဆံလိုက်ပါတယ်။ အရိုအသေပေးလိုက်ပါတယ်။ ဒီအတူပဲ သင်ကြားပေးတဲ့ ဆရာသမားကလဲ ကိုယ့်တပည့်ရဲ့ ရိုသေလေးစားမှုကိုသာ ခံယူလိုက်ပါတယ်။ ကိုယ့်တပည့်ကို ကိုယ်ကပြန်ပြီး အရိုအသေပေးနေရတာကတော့ နည်းလမ်းမကျပါဘူး။ ဒါကြောင့် ဆရာရော တပည့်ပါ စည်းကမ်းပျက်များသာ ဖြစ်ကြပါတယ်ဘုရား"

"ကောင်းပြီမောင်မင်း၊ ငါတို့စည်းကမ်းပျက်မိတာ ထားပါတော့။ မောင်မင်းကိုယ်တိုင်ကကော ဘယ်လိုများ စည်းကမ်းပျက်ပါသလဲ"

"ဘုရားကျွန်တော်မျိုးဟာလဲ မယားရဲ့အလိုကို လိုက်ပြီးတော့ ဒီသရက်ပင်ပေါ် ရောက်ခဲ့ရပါတယ်။ မပြုထိုက်တဲ့ အမှုကို ပြုခဲ့မိတဲ့အတွက် ပေးသမျှအပြစ်ဒဏ်ကို ခံယူရန် အသင့်ရှိကြောင်းပါဘုရား"

သို့ရာတွင် ဗြဟ္မဒတ်မင်းက မိမိအား အပြစ်ဒဏ်မပေးပါ။ မသင့်မလျော်တာရှိလျှင် မည်သူ့မျက်နှာလိုမျှ မထောက်ဘဲ ရဲရဲဝံ့ဝံ့ပြောဆိုခဲ့၍လည်းကောင်း၊ မိမိအပြစ်ကို ဟုတ်တိုင်းမှန်စွာ ဝန်ခံရဲ၍လည်းကောင်း၊ ထူးထူးခြားခြား အားရကျေနပ်လှသဖြင့် မြို့တော်စောင့်ရာထူးကို ချီးမြှင့်လိုက်ပါတော့သည်။ မင်းကြီး၏လည်မှာ ဆင်မြန်းထားသည့် နီမြန်းသောပန်းကုံးကိုပင် မိမိအား ပေးသနားလိုက်တော့သည်။

(စတုက္ကနိပါတ်၊ ဆဝဇာတ်)

ဆဝဇာတ်၊ စတုက္ကနိပါတ် ဇာတ်ပေါင်းသော်

ဗြဟ္မဒတ်မင်း = အရှင်အာနန္ဒာ။
စဏ္ဍာလ = မြတ်စွာဘုရား။

# သက်ခန္ဓာ ပျက်ကာဆုံးစေတော့

ဤမင်းသားကလေး၏ မျက်နှာသည် မြင်ရသူ လူအပေါင်း၏ နှလုံးဘဝင်ကို ရွှင်လန်းတက်ကြွစေ၏။ ကားကားစွင့်စွင့် ပွင့်လန်းနေသော ပဒုမ္မာ ကြာပွင့်ကြီးကို ကြည့်လိုက်ရသကဲ့သို့ နှစ်သိမ့် ကြည်နူးကြရ၏။ ထို့ကြောင့် ဤမင်းသားကလေးအား ဆွေတော် မျိုးတော် အပေါင်းက မဟာပဒုမ မင်းသားဟု ခေါ်ဝေါ်ကြရပေသည်။

မဟာပဒုမမင်းသား အရွယ်ရောက်သောအခါ တက္ကသိုလ်မြို့တော်သို့ သွားရောက်၍ မင်းယောကျ်ားတို့တတ်မြောက်ထိုက်သော အဋ္ဌာရသ ပညာရပ်များ သင်ယူ၏။ မင်းသားသည် ပင်ကိုယ်ဉာဏ်အခြေခံကောင်းလှ၏။အတတ်ပညာကိုလည်း လိုလား၏။ ဒိသာပါမောက္ခဆရာကြီး သင်ကြားလေသမျှကို ရိုသေလေးမြတ်စွာ နာယူမှတ်သား၏။ ဇွဲကောင်းကောင်းနှင့် အချိန်မှန်မှန် လေ့ကျင့်ခန်းများ ပြုလုပ်၏။ ထို့ကြောင့် တက္ကသိုလ်မြို့တော်ရောက်၍ သုံးနှစ်ကြာသောအခါ ပညာရပ်အားလုံးဆုံးခန်းတိုင်ရောက် တတ်မြောက်လေတော့သည်။

သို့ဖြစ်၍ မဟာပဒုမမင်းသားသည် ဒိသာပါမောက္ခဆရာကြီးကို ဦးချကန်တော့ပြီးလျှင် ကျောင်းနေဖက်သူငယ်ချင်းများကို နှုတ်ဆက်ကာ ဗာရာဏသီမြို့တော်သို့ပြန်လာ၏။ ခရီးစဉ်တစ်လျှောက်လုံး၌ သုံးနှစ်တာမျှ ကွဲကွာနေခဲ့ရသော ခမည်းတော်၊ မယ်တော်တို့ကို ဖူးတွေ့ချင်

သော စိတ်ဇောများ စောလာရ၏။ စိတ်စောစောနှင့် ခရီးပြင်းနှင်လာခဲ့ရာ ဗာရာဏသီမြို့တော် တံခါးဝသို့အရောက်တွင် အမောဆို့၍ သွားရလေတော့သည်၊

"အရှင်မင်းသား၊ အရှင်မင်းသား အလာ ကောင်း ပေ မယ့် အရောက်နှောင်းသွားပါပြီ။ မယ်တော်သခင်မကြီးဟာ ယမန်နေ့ကပဲ နတ်ရွာစံ ကံတော်ကုန်သွားပါတယ်ဘုရား"

မြို့တော်တံခါးမှူး၏ လျှောက်တင်ချက်ကို ကြားနာရာတွင် မဟာပဒုမမင်းသားမှာရာဇပလ္လင်ခြေမပျက်အောင် ကြိုးကြိုးစားစားအားတင်း၍ ထားရ၏။ ထို့နောက် ခမည်းတော်မင်းတရားကြီးထံ ဝင်ရောက်၍ ဦးခိုက်ပြီးလျှင် မယ်တော်၏ရုပ်ကလာပ်ကိုသွား၍ ကန်တော့လေသည်။

မယ်တော်သခင်မကြီး၏ရုပ်အလောင်းကို ကောင်းမွန်စွာသဂြိုဟ်ပြီးသောအခါ ဗြဟ္မဒတ်မင်းသည် အခြားမင်းသမီး တစ် ယောက် ကို မိဖုရားခေါင်ကြီးအရာသို့ တင်မြှောက်၏။ သားတော် မ ဟာ ပ ဒု မ မင်းသားကိုလည်း အိမ်ရှေ့အရာထား၍ မြှောက်စားလေသည်။

အိမ်ရှေ့စံ မဟာ ပဒုမ မင်းသားသည် ရုပ်ဆင်း အင်္ဂါ လှန်စွာ တင့်တယ်၏။ အသိ အလိမ္မာ ဉာဏ်ပညာ ကြီးမား၏။ နန်းတွင်းသူ နန်းတွင်းသားတို့မှစ၍ တိုင်းသူ ပြည်သား တို့အား နူးညံ့ သိမ်မွေ့စွာ ဆက်ဆံ ပြောဆို၏။ အမှုကိစ္စ တစ်ခုခု ဆောင်ရွက်ရန် ရှိသောအခါ တိကျ ပြတ်သားစွာ ဆောင်ရွက်၏။ တိုင်းသူ ပြည်သား လူအများတို့ ကောင်းစားရေးကို အလေးထား၏။ ယို့ကြောင့် နန်းတွင်းသူနန်းတွင်း သားတို့မှ စ၍ တိုင်းသူပြည်သားအပေါင်းက သူ့ကို ချစ်ကြောက်ရိုသေ ကြရပေသည်။

အသစ် တင်မြှောက်ထားသော မိဖုရားခေါင်မှာလည်း ရုပ်ဆင်း အင်္ဂါ လှန်စွာ လှပသူဖြစ်ပါ၏။ အသက် အရွယ် အားဖြင့်လည်း မဟာ ပဒုမ မင်းသားနှင့် မတိမ်း မယိမ်း လောက်သာ ရှိသေး၏။ ဤသို့သော ငယ်ဂုဏ်နှင့် အလှဂုဏ်မှ တစ်ပါး အခြားအရည်အချင်းကတော့ မရှိပေ။

သို့ရာတွင် ဗြဟ္မဒတ် မင်းကြီး အတွက် ဤဂုဏ် နှစ်မျိုးဖြင့်ပင် လုံလောက်နေပါပြီ။ နုနယ်ပျိုမြစ် ချစ်ချင်စဖွယ်ကောင်းလှသော အလှ ရတနာလေးကို ပိုင်ဆိုင် ထားရသဖြင့် အားရ ကျေနပ်၍ နေပေသည်။ အလှရတနာကလေးက ပူဆာလိုက်လျှင် ဘာဂုဏ်မျှ တွန့်တိုခြင်း မရှိပေ။

ကွယ်လွန်လေပြီးသော မိဖုရားခေါင်ကြီး ထက်ပင် ပိုမို၍ အခွင့်အရေး ပေးထားလေသည်။

တစ်နေ့သောအခါတွင် တိုင်းစွန်နယ်ဖျားဌ် ပုန်ကန် ထကြွနေသော သတင်းစကား ရောက်ရှိလာ၏။ သောင်းကျန်းသူတို့၏ အင်အားကြီးမားနေသဖြင့် မင်းကြီး ကိုယ်တိုင် ဦးဆောင် ချီတက်၍ တိုက်ခိုက်နှိမ်နင်းရမည့် အခြေအနေဖြစ်၏။ ထို့ကြောင့် စစ်တပ်ကြီးများကိုစုရုံး၍ အသင့်ပြင်ထားရန် အမိန့်ပေးပြီးလျှင် မိဖုရားခေါင်ကြီး၏ ခန်းဆောင်သို့ ဝင်ရောက်နှုတ်ဆက်သောအခါ—

''အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ ရွှေမျက်နှာတော် မဖူးမြော်ရဘဲနဲ့တော့ မနေနိုင်ပါ။ နှမတော်လေး တစ်ယောက်ဘည်း နန်းကြီးထဲမှာ မပျော်နိုင်ပါ။ အရှင်မင်းကြီးရဲ့ နောက်တော်ပါးက ဖဝါးခြေထပ် လိုက်ခဲ့ပါရစေဘုရား''

မျက်ရည်စက်လက်နှင့် မတားရက်လောက်အောင် လျှောက်တင်လေရာ ဗြဟ္မဒတ်မင်းကြီး အခက်ကြုံသွားရတော့သည်။ ခွဲဖူးခွဲစမရှိသေးသော အလှရတနာလေးကို ခွဲထားရမှာကလည်း အခက်။ စစ်ထွက်ရာ အပါခေါ်ခဲ့ရဖို့ကလည်း မလွယ်ကူ။ သို့ဖြစ်၍—

''နှမတော်လေးရယ်၊ စစ်ထွက်တယ် ဆိုတာက လုပ်ရိုး လုပ်စဉ် တိုင်းခန်း လှည့်လည်ကာနဲ့ မတူဘူးကွယ့်။ သူ့ဘက်ကရော ကိုယ့်ဘက်ကပါ လက်နက် မျိုးစုံနဲ့ တိုခိုက်ရတယ်။ သူသေသေ၊ ကိုယ်သေသေ သဘောထားပြီး အားကုန် တိုက်ကြရတယ်။ စစ်တိုက်တဲ့ နေရာမှာ ကိုယ့်ဘက်ကချည်း အမြဲတမ်း အနိုင်ရမယ်လို့ တစ်ထစ်ချပြောလို့မရဘူး။ ကာရန် မသင့်တဲ့အခါ ကိုယ့်ဘက်ကလဲ အရေးနိမ့်နိုင်တယ်။ အဲသလို အခြေအနေမျိုးနဲ့များ ကြုံလာရရင် နှမတော်လေး ဘယ့်နှယ်လုပ်အလွတ် ပြေးနိုင်ပါ့မလဲ။

''ဒီတော့ ရွှေနန်းတော်မှာပဲ နှမတော်လေး သည်းခံပြီးနေရစ်ပါ။ မောင်တော်မရှိပေမယ့်လဲ နှမတော်လေးအတွက် အားငယ်စရာမရှိပါဘူးကွယ်။ သားတော် အိမ်ရှေ့မင်းသားက လိုအပ်သမျှ ဆောင်ရွက်ပေးပါလိမ့်မယ်။ သူ့ကို မောင်တော်ဘုရားကိုယ်တိုင်က သေသေချာချာမှာထားခဲ့ပါတယ်''

ဤသို့ ရှင်းလင်း ပြောပြပြီးလျှင် ဗြဟ္မဒတ်မင်းသည် စစ်တပ်ကြီးများကို ဦးဆောင်ကာ ဒုက္ခထကြွသည့် နေရာသို့ ထွက်ခွာသွားလေသည်။

ခမည်းတော်ဘုရား မိန့်ကြားခဲ့သည့်အတိုင်း မဟာပဒုမမင်းသားသည် မိဖုရားခေါင်ကြီး အတွက် လိုအပ်သမျှ ဆောင်ရွက် ပေးရန် နန်းတွင်း အပျိုတော်များအား စေလွှတ်ပေး၏။ စားရေး သောက်တာ အဆင်တန်ဆာမှစ၍ လိုလေသေးမရှိရအောင် ပို့ဆောင်စေ၏။ နန်းတွင်း သဘင်သည်များကိုလည်း တစ်မျိုးပြီး တစ်မျိုး ဖျော်ဖြေပေးရန် စီစဉ် ညွှန်ကြား၍ နေလေသည်။

သို့ရာတွင် မဟာပဒုမမင်းသားကိုယ်တိုင်ကတော့ မိဖုရားခေါင်ကြီး၏ နန်းဆောင်သို့ မသွားချေ။ မတော် တဆ ကြုံလာတတ်သည့် အန္တရာယ်ကို မျှော်တွေးကာ လွတ်ရာကျွတ်ရာကသာ ဆောင်ရွက်ပေးနေလေသည်။

ဤသို့ဖြင့် ခမည်းတော် ဗြဟ္မဒတ်မင်းကြီးသည် တိုင်းစွန်နယ်ဖျားရှိ ထကြွသောင်းကျန်းသူ တို့ကို နှိမ်နင်းပြီးလျှင် နေပြည်တော်သို့ ပြန်လာခဲ့၏။ မြို့တော်အနီးသို့ ရောက်သောအခါ မင်္ဂလာအခါတော် မကျသေးသဖြင့် ထိုနေရာမှာပင် တပ်စခန်းချ၍ နေလေသည်။

ဤအခါတွင်ကား မဟာ ပဒုမ မင်းသားသည် လွတ်ရာ ကျွတ်ရာ မနေသာတော့ပေ။ ခမည်းတော်ဘုရား စစ်ချီသွားနေတုန်းမှာ တစ်ကြိမ် တစ်ခါမှလာ၍ မခစားကြောင်း ကြားသိရပါက ခမည်းတော် မင်းကြီး ကျေနပ်မည် မဟုတ်ပေ။ နောက်တစ်ခုကလည်း ခမည်းတော် မင်းကြီး ရောက်လာ တော့မည် ဖြစ်၍ မိမိ တွေးထင် ထားသော အန္တရာယ်က ကင်းရှင်းသွားလောက်ပေပြီ။ထို့ကြောင့် မဟာပဒုမမင်းသား တစ်ကြိမ် တစ်ခါမျှ မရောက်ဖူးသေးသော မိဖုရားခေါင်ကြီး၏ နန်း ဆောင် သို့ ဝင်ရောက်ကာ–

''မှန်လှပါမယ်တော်ဘုရား၊ ခမည်းတော်မင်းတရားကြီး စစ်ပွဲ အောင်လို့ တိုင်းဘောင်ပြန်ကြွတော် မူလာပါပြီ။ မြို့တော်အပြင်ဘက်မှာ စစ်စခန်းချပြီး စံနေတော်မူကြောင်းပါဘုရား''

မိမိမယ်တော်နေရာ ရယူထားသူဖြစ်၍ မဟာပဒုမ မင်းသားက လေးလေးစားစား လျှောက်တင်ရပေသည်။

သို့ရာတွင် မယ်တော့်နေရာ ရယူ ထားသူ ကတော့ သား ဟူ၍ သဘောမထားနိုင်ပါ။ မင်းတရားကြီး စစ်ချီနေစဉ် တစ်လျှောက်လုံး သူ့ကိုယ်တိုင် ရောက်လာမည့်အရေးကို မျှော်တွေးနေခဲ့ရ၏။ 'အခုဝးက

မြင်ရတာတောင် အသည်းတုန်၊ အူတုန် ဖြစ်ခဲ့ရသေးတယ်။ ဒီနန်းဆောင်ထဲမှာ နှစ်ကိုယ်ချင်းတွေပြီးတော့ နီးနီးကပ်ကပ်နေလိုက်ရရင် ဘယ်လိုများနေမလဲနော်' ဟူ၍လည်း စိတ်ကူးနှင့်ရှူးခဲ့ရ၏။ ယခုတော့ စိတ်ကူးခဲ့လေသမျှ အပြည့်အဝကြီး ဖြစ်လာချေပြီ။ ကိုယ့်ကံအလျောက် ကိုယ့်ခန်းဆောင် ရောက်နေမှတော့လက်လွှတ်ခံ၍ မဖြစ်နိုင်တော့ပြီ။ သို့ဖြစ်၍—

''မယ်တော်တွေ ဘာတွေ ခေါ်မနေစမ်းပါနဲ့တော့ မောင်တော်ရယ်။ ခမည်းတော်မင်းတရားကြီးကိုလဲ အသာထားလိုက်စမ်းပါ။ လာစမ်းပါမောင်တော်ရယ်။ ဒီသလွန်ပေါ်ကို တက်ခဲ့စမ်းပါ''

မိဖုရားခေါင်ကြီး ကိုယ်တိုင်က ကျွမ်းဝင်ရင်းနှီးစွာ ဖိတ် ခေါ်လိုက်လေရာ မဟာပဒုမမင်းသားမှာ ကြက်သီးတဖြန်းဖြန်း ထလာရသဖြင့်—

''မယ်တော်သခင်မဘုရား၊ သားတော်ဟာ လင်ရှိတဲ့မိန်းမများကို ပြစ်မှားဖို့ နေနေသာသာ၊ လော်မာတဲ့စိတ်ထားနဲ့ ကြည့်တောင် မကြည့်ခဲ့ဖူးပါ။ သခင်မဟာ သားတော့်မယ်တော် ဖြစ်နေရုံမကပါဘူး။ လင်ရှိမိန်းမလဲ ဖြစ်နေပါသေးတယ်။ ဒါကြောင့် ညစ်နွမ်းတဲ့ အကျင့်မျိုးကို သားတော် မကျင့်လိုပါ''

''ညစ်တာတွေ၊ နွမ်းတာတွေ အသာထားလိုက်စမ်းပါ မောင်တော်ရယ်။ လာစမ်းပါ၊ မင်းတရားကြီး မရောက်ခင်ကလေးမှာ ပျော်ပျော်ကြီး နေကြရအောင်ပါ''

''မသင့်လျော်ပါဘူး မယ်တော်ဘုရား''

''ဩော် မင်းက ဒီလိုလား။ ထိပ်ခေါင်တင် သခင်မ တစ်ပါးရဲ့ စကားကို မင်းက ငြင်းပယ်ရဲတယ်ပေါ့လေ''

''ငြင်းသင့်တဲ့ကိစ္စဖြစ်လို့ ငြင်းရပါတယ်ဘုရား''

''ဒါဖြင့် ကောင်းပြီ။ မင်းက ငါ့စကားကို ပယ်ရှားရဲတဲ့ သူရဲကောင်းကြီးဆိုတော့ ဆုနှစ်မျိုးလောက် ပေးရသေးတာပေါ့။ အဲဒီဆုနှစ်မျိုးကတော့ သင့်ဖခင်ဘုရင်ကြီးဆီ ပြောပြပြီး မင့်ခေါင်းကို အဖြတ်ခိုင်းရမလား။ ဒါမှမဟုတ် ငါ့စကားကို လက်ခံမလား''

''စိတ်ရှိတိုင်းသာ ဆောင်ရွက်ပါတော့ ဘုရား''

လျှောက်တင်ဖွယ် ကိစ္စ ပြီးစီးသွားပြီမို့ မဟာပဒုမမင်းသားသည် ခန်းဆောင်ထဲမှ ထွက်ခွာသွား၏။

ထိုအချိန်မှစ၍ တိတ်တိတ် ဆိတ်ဆိတ် ဖြစ်နေရစ်ခဲ့သော ခန်းဆောင်သည် ထမင်းစားပြီးချိန်တွင်ကား ငိုသံရှိုက်သံများ ထွက်ပေါ်လာကြပါတော့သည်။

''ကြည့်ပါဦး အရှင်မင်းကြီး၊ လင်ပစ်မတစ်ယောက်ရဲ့ အဖြစ်ဆိုးတွေကို ကြည့်စမ်းပါဦး။ လက်သည်းရာတွေနဲ့ တစ်ကိုယ်လုံး ရစရာရှိသေးရဲ့လား''

''တောက်၊ အကြံပက်စက် လုပ်ရက်လေခြင်းနော်''

ဗြဟ္မဒတ်မင်းကြီးမှာ ဟုန်းခနဲ တက်လာသော ဒေါသ အရှိန်ကြောင့် ဆောက်တည်ရာ မရအောင် ဖြစ်သွားရ၏။ သူသည် ရွှေနန်းတော်သို့ ဝင်လာကတည်းက ချစ်လှစွာသော မိဖုရားကို ရှာဖွေကြည့်ခဲ့၏။ ခစားနေကျ နေရာတွင် မတွေ့ရသဖြင့် အထိန်းအယများထံ မေးမြန်းကာ ခန်းဆောင်ထိအောင် လိုက်လာခဲ့ခြင်း ဖြစ်ပေသည်။

''ပြောစမ်း နှမတော်၊ ငါ ကိုယ်တော်မြတ်ရဲ့ မိဖုရားကိုမှ စော်ကားတဲ့သူဟာ ဘယ်သူတုန်း၊ ပြောစမ်း''

''လျှောက်တင်ရခက်လှပါတယ် အရှင်မင်းကြီး။ အရှင်မင်းကြီး ထွက်သွားတဲ့ အချိန်ကစပြီး ဒီနန်းတော်ကြီး တစ်ခုလုံးမှာ သူသာလျှင် ဘုရင်ဖြစ်တယ် ဆိုထားလေတော့....''

''အောင်မယ် ကြည့်စမ်း၊ ငါ့သားတော် လိမ္မာလှချည့် ဆိုပြီး ဒါလောက်ထိ သင်းက အတင့်ရဲရသလား''

''အတင့်ရဲတာကတော့ နှမတော်ရဲ့ ဒဏ်ရာများသာ ကြည့်ပါတော့ ဘုရား၊ အရှင်မင်းကြီးမှ တစ်ပါး ဘယ်ယောကျ်ားမှ ခြေချခွင့်မရှိတဲ့ ဒီခန်းဆောင်ထဲကို သူ ဇွတ်အတင်း ဝင်ခဲ့ပါတယ်။ ခန်းဆောင်ထဲ ရောက်ရောက်ချင်းပဲ ဘုရားနှမကို ပြစ်မှားဖို့ ကြိုးစားပါတော့တယ် ဘုရားနှမက ဇွတ်အတင်း ရုန်းကန်လို့ သူ ကြံတိုင်းမရတဲ့အခါမှာတော့ စိတ်ရှိတိုင်း ရိုက်ပုတ် ကန်ကျောက်ပြီး ထားခဲ့ပါတော့တယ်။ဒါလောက်တောင် အစော်ကား ခံရမှတော့ လူ့ပြည်မှာတောင် နေဖို့ မသင့်တော့ပါဘူး ဘုရား''

''တောက်-ဒီလောက် စော်ကားတဲ့ မင်းသားတော့လားကွယ်''

ဗြဟ္မဒတ်မင်းကြီးသည် မိဖုရား ခန်းဆောင်ထဲမှ ဒေါသတကြီး ထွက်လာပြီးလျှင် ရာဇပလ္လင်ပေါ် တက်၍-

''အမတ်တို့၊ ငါ့သားတော် အိမ်ရှေ့မင်းသားကို ယခု ချက်ချင်း နှောင်ကြိုးတင်းတင်း ချည်ပြီး ဖမ်းခဲ့ကြ''

တစ်ချက်လွှတ် အမိန့်တော်ကြီး ထုတ်ပြန်လိုက်ပါတော့သည်။ မကြာမီမှာပင် ဓားလွတ်ကိုယ်စီ ကိုင်ဆောင်ထားသော မင်းချင်းများသည် အိမ်ရှေ့မင်း၏ အိမ်တော်ကို ဝိုင်းအုံလာကြ၏။ ''ခမည်းတော် မင်းတရားကြီး အမိန့်''ဟုဆိုကာ မဟာပဒုမ မင်းသားကို လက်ပြန်ကြိုး တုပ်၍ ဖမ်းဆီးကာ မင်းလမ်းမကြီး တစ်လျှောက် ဆွဲခေါ်လာကြပေသည်။

မြို့သူမြို့သားအပေါင်းသည် လုံးဝ မျှော်လင့်မထားသော အဖြစ်ကို မြင်လိုက်ရသဖြင့် ရင်ဘတ်စည်တီးဖြစ်ကြရ၏။ ''အို အရှင်မင်းသား၊ အရှင်မင်းသား ခံနေရတဲ့ အပြစ်ဒဏ်က အရှင်မင်းသားနဲ့ လုံးလုံးကြီး မထိုက်တန်ပါဘုရား'' ဟု ဆို၍ ငိုကြွေးကြ၏။ မင်းသားကို ချစ်ခင် ကြည်ညိုကြသဖြင့် မင်းသားနောက်မှ စုပြုံလိုက်ပါလာကြလေသည်။

ဗြဟ္မဒတ်မင်းကြီးသည် နှောင်ကြိုးတင်းတင်းနှင့် ခေါ်သွင်းလာသော သားတော်ကို အံကြိတ်၍ ကြည့်နေ၏။ ဤလို အဖြင်မျိုးကို ယခင်တုန်းက မြင်ရပါလျှင် အသည်းဆတ်ဆတ် နာမိပေလိမ့်မည်။ ယခု တော့ အသည်းနာစရာ မလိုပြီ၊ မိမိကို အံတုရဲသာပက ချစ်လှစွာသော မိဖုရားကိုပင် စော်ကားရဲသူမို့ သူ့ထိုက်နှင့် သူ့ကံ ခံရံသာရှိတော့သည်။

ဤသို့ ကိုယ့်စိတ်ကို ယတိပြတ် ဆုံးဖြတ်ပြီးတော့မှ –

''မင်းချင်းတို့၊ ငါကိုယ်တော်မြတ် သက်ရှိထင်ရှား ရှိနေပါလျက် ဒီမင်းသားက ငါ ကိုယ်တော်မြတ်ကို အံတုခဲ့တယ်။ ရွှေနန်းတော်ကြီး တစ်ခုလုံးမှာ သူသာ မင်းဖြစ်တယ်လို့ ဆိုခဲ့တယ်။ ငါ ကိုယ်တော်မြတ် မျက်နှာကိုမှ မထောက်ထားဘဲ ငါ့ မိဖုရားကို ပြစ်မှားဖို့ ကြံစားခဲ့ တယ်။ ဒါကြောင့် ဒီမင်းသားကို ခိုးသား သတ်တဲ့ ဂမ်းပါးပြတ် ခေါ်သွားကြ။ ခိုးသားများကို ပစ်ချ သတ်ဖြတ်သလို ဒီမင်းသားကိုလဲ သတ်ဖြတ်ကြ''

ဤအမိန့်သံကြီး ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် နန်းတွင်းသူ နန်းတွင်းသား အပေါင်းသည် တစ်ခဲနက် ငိုကြွေးကြကုန်၏။ မင်းသား နောက်မှ လိုက်ပါလာကြသော မြို့သူမြို့သားအပေါင်းကလည်း ရှိုက်ကြီး တငင် ငိုကြွေးကြကာ

''အရှင်မင်းကြီး၊ သားတော်ဟာ အကျင့်သီလ ပြည့်ဝလှပါတယ်။ အမျိုးအနွယ်မပျက် ဆက်လက် ထိန်းသိမ်းနိုင်သူ ဖြစ်ပါတယ်။ သားတော်မှာ အပြစ် ကေန်ရှိ မရှိ ကိုယ်တော်တိုင် စုံစမ်းကြည့်တော်မူပါ။ တိုင်းပြည့်သခင် ဘုရင်မင်းတို့ဟာ အသေအချာ မစုံစမ်းဘဲ အပြစ် မပေးသင့်ကြောင်းပါ ဘုရား''

''မြို့သူမြို့သား လူအများတို့၊ သင်တို့အားလုံးက သားတော်ရဲ့နောက်မှာ တစည်းတလုံးတည်း ဖြစ်နေကြတယ်။ ငါ့မိဖုရားနောက်မှာတော့ တစ်ယောက်မှ မရှိကြဘူး။ ဒီတော့ ငါကိုယ်တော်မြတ်က ငါ့မိဖုရားဘက်က နေရလိမ့်မယ်''

ဤသို့ ရှင်းရှင်းပြတ်ပြတ် ပြောဆိုပြီးလျှင် မင်း ချင်း များ ဆီ လှည့်၍ —

''ကဲ— မင်းချင်းတို့၊ သွားကြ။ အမိန့်တော် ချမှတ် ထားတဲ့ အတိုင်းသာ ဆောင်ရွက်ကြ''

တစ်ချက်လွှတ်အမိန့်တော်ကြီး ချမှတ်ပြီမို့ မည်သူမျှ မလျှောက်တင်ဝံ့တော့ပြီ။ မင်းချင်းတို့ဆွဲခေါ်ရာ လိုက်ပါသွားရသော မဟာပဒုမမင်းသားကို တမ်းတရင်း လူးလိမ့် ငိုကြွေးရင်းသာ နေရစ်ကြရလေတော့သည်။

ထိုနေ့မှစ၍ ရွှေနန်းတော်ကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ခြောက်ခန်းနေသကဲ့သို့ ထင်ကြရ၏။ နန်းတွင်းသူနန်းတွင်းသား အပေါင်းမှာ လုပ်နေကျ တာဝန်များ လုပ်ကိုင်နေကြရသော်လည်း ရွှင်ရွှင်ပျပျ မရှိနိုင်ကြပေ။ ဗြဟ္မဒတ်မင်းကြီးကိုယ်တိုင်ကလည်း မိမိပြုခဲ့သည့်ကိစ္စကို သွေးအေးအေးနှင့်ပြန်တွေးကာ ဟုတ်မှဟုတ်ပါ့မလားဟု သံသယဝင်လာမိ၏။ မစားရသောအမဲကို သဲနှင့်ပက်လိုက်ရသော မိဖုရားတစ်ပါးသာလျှင် ပျော်ပျော်ရွှင်ရွှင်ရှိနိုင်ပေသည်။

ဤသို့ဖြင့် တစ်နှစ်ကျော်ကျော် ကြာလာသည်တွင် ရွှေနန်းတော်ကြီးတစ်ခုလုံး အုတ်အုတ်ကျက်ကျက်ဖြစ်လာရ၏။ ခိုးသူများသတ်ဖြတ်ရာ ကမ်းပါးပြတ်ကြီးမှ ပစ်ချခံခဲ့ရသော သားတော်မင်းသား၏ သတင်းစကား ရောက်လာသောကြောင့် ဖြစ်ပေသည်။

''မှန်ပါတယ် အရှင်မင်းကြီး၊ မဟာပဒုမမင်းသားအစစ် ဖြစ်ပါတယ်။ ဒါပေမယ့် အရင်က အဝတ်အဆင်မျိုးနဲ့တော့ မဟုတ်ပါဘူး။

သူတော်သူမြတ်အသွင်နဲ့ သစ်ရွက်မိုးကျောင်းကလေးမှာ သီတင်းသုံးနေပါတယ်''

တောလိုက်မုဆိုးတစ်ယောက်ထံမှ ဤသတင်းစကား ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် ဗြဟ္မဒတ်မင်းကြီးသည် သားတော်ရှိရာ ဟိမဝန္တာတောဆီသို့ ထွက်လာခဲ့၏။ တောလိုက်မုဆိုး၏ လမ်း ပြ ပေး သ ဖြင့် သားတော်ရသေ့ရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာကြ၏။

ဗြဟ္မဒတ်မင်းသည် မဟာပဒုမရှင်ရသေ့ကို ဝမ်းနည်းဝမ်းသာ ဖူးမြင်ကာ ရိုသေစွာ ဦးချရှိခိုးပြီးမှ —

''သားတော်၊ သားတော်အသက်ရှင်နေတာ တွေ့ရလို့ ခမည်းတော် ဝမ်းမြောက်ပါတယ်။ အင်မတန်မှလဲ အံ့ဩမိပါတယ်။ သားတော်ကို ပစ်ချခဲ့တဲ့ ကမ်းပါးပြတ်ကြီးဟာ ထန်းပင်အရပ်ပေါင်း များစွာ နက်လှပါတယ်။ ဒီချောက်ကြီးထဲ အချခံလိုက်ပြီဆိုရင် ဘယ်သူမှ တက်မလာနိုင်တော့ပါဘူး။ ဒီလိုဖြစ်ပါလျက်နဲ့သားတော်ဟာ ဘယ်လိုလုပ်ပြီး အသက်ရှင်နေရပါသလဲ''

ခမည်းတော်မင်းကြီး၏ မေးလျှောက်စကားကို မ ဟာ ပ ဒု မ ရှင်ရသေ့က တည်ငြိမ်စွာနားထောင်၍ —

''မင်းကြီး၊ ကမ်းပါးပြတ်က ချလိုက်တာနဲ့ တစ်ပြိုင်နက် အဲဒီတောင်မှာကြီးစိုးနေတဲ့ နတ်နဂါးက သူ့ပါးပျဉ်းနဲ့ခံထားလိုက်ပါတယ်။ ကျွန်ုပ်ကို သူတို့နဂါးပြည်သယ်ဆောင်ပြီး ကျွေးမွေးပြုစုထားပါတယ်။ နဂါးမင်းရဲ့ စည်းစိမ်ချမ်းသာ ခံစားရပေမယ့် မမွေ့လျော်တာကြောင့် ဒီတောမှာ ပြန်ပို့ခိုင်းပြီး ရသေ့ဝတ်နေခဲ့ပါတယ်။

''ဒီတော့၊ တရားကို တရားကစောင့်တဲ့အကြောင်းကို အသင်မင်းကြီး ကိုယ်တိုင်မြင်ရပြီ မဟုတ်လား။ ဒီကစ္စမှာတော့ မဆင်မခြင် မပြုကျင့်ပါနဲ့တော့။ တိုင်းသူပြည်သား လူအများကို တ ရား နဲ့ အ ညီ အုပ်ချုပ်ပါတော့''

''ကောင်းပါပြီ သားတော်၊ ခမည်းတော်ရဲ့အပြစ်ကို သည်းခံတော်မူပါ။ တိုင်းတော်ပြည်တော်သို့ ပြန်လိုက်ပြီး ထီးနန်းစိုးစံတော်မူပါ''

မဟာပဒုမရှင်ရသေ့သည် ခမည်းတော်ကြီး၏ အပြစ်ကို သည်းခံသော်ငြားလည်း ဖိတ်ကြားချက်ကိုတော့ လက်မခံတော့ပြီ။ သို့ဖြစ်၍

ဗြဟ္မဒတ်မင်းကြီးမှာ မျက်ရည်စက်လက်နှင့် ပြန်လာရတော့၏။ အပြန်
လမ်းတစ်လျှောက်လုံး၌ အပြစ်ဟူ၍ မှုမျှမရှိသော သားတော်နှင့် ရှင်ကွဲ
ကွဲရခြင်း၏အကြောင်းရင်းကို ပြန်လည်စဉ်းစားလာမိ၏။

အကြောင်းရင်းမှန်ကို ကောန်သိလိုက်ရသည့်တွင်ကား မိမိချမှတ်
ရမည့်အမိန့်ကို ပြတ်သားစွာ မြင်လာရပေတော့သည်။

(ဒွါဒသနိပါတ်၊ မဟာပဒုမဇာတ်)

မဟာပဒုမဇာတ်၊ ဒွါဒသနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မင်း၏ မိဖုရား | .... | စိဉ္စမာဏ |
| ခမည်းတော်မင်း | .... | ဒေဝဒတ် |
| နဂါးမင်း | .... | အရှင်အာနန္ဒာ |
| တောင်နေနတ် | .... | အရှင်မဟာသာရိပုတ္တရာ |
| မဟာပဒုမမင်းသား | .... | မြတ်စွာဘုရား |

# ၂။ ခေါင်းဆောင်မိဒိ အာဇာနည်စိတ်ဓာတ်

## (ဇာတ်တော် မိတ်ဆက်)

လူဟူသည်မှာ အဖွဲ့အစည်းနှင့်နေသော သတ္တဝါဟူ၍ ပညာရှင်များက မိန့်ဆိုထားကြ၏။ ထို့ကြောင့် ဤကမ္ဘာပေါ်တွင် လူဟူ၍ ပေါ်ပေါက်လာချိန်မှစ၍ လူ့အဖွဲ့အစည်းများလည်း ရှိကြရမည်သာ။ ထိုအခါ ထိုလူ့အဖွဲ့အစည်း အသီးသီးကို ဦးဆောင်ရသော ပုဂ္ဂိုလ်များလည်း ရှိလာကြရမည်သာ။

ခေတ်ကာလ အလျောက် အရပ်ဒေသ အလျောက် လူမျိုးနှင့် ဘာသာရေး ခံယူချက် အလျောက် လူ့အဖွဲ့အစည်းတွင် ပုံစံအမျိုးမျိုးများ ကွဲပြားနေကြပေလိမ့်မည်။ သို့ရာတွင် ထိုအဖွဲ့အစည်း အားလုံး၌ ဦးစီးခေါင်းဆောင်နှင့် နောက်လိုက်ငယ်သား ဟူသော အတန်းအစား နှစ်ရပ်ကား တသမတ်တည်း ပါရှိနေပါသည်။

ပုံစံအမျိုးမျိုး ကွဲပြားနေကြသော လူ့အဖွဲ့အစည်းများ၏ ဦးစီးခေါင်းဆောင်များအတွက် စည်းကမ်း ဥပဒေ အသီးသီး ရှိနေကြ၏။ ကျင့်ဝတ် ထုံးစံ အသီးသီး ရှိနေကြရ၏။ ဤသို့ တစ်မျိုးနှင့် တစ်မျိုး မတူညီသော အချက်များရှိနေသည့်ကြားမှ တစ်သားတည်း ရှိနေသော အချက်များကတော့ နာယကဂုဏ် ခြောက်ပါးတို့ပင် ဖြစ်ပါသည်။

ထကြွ နိုးကြား၊

သနား သည်းခံ၊

ဝေဖန် ထောက်ရှု၊

ဤခြောက်ခု ကြီးသူ့တာဝန်သာ။

ဤသို့ ဆောင်ပုဒ်ရှိထားသည့်အတိုင်း ဦးစီးခေါင်းဆောင်ပုဂ္ဂိုလ် မှန်လျှင် ဤနာယကဂုဏ် ခြောက်ပါးနှင့် ပြည့်စုံ ကြရသည်သာဖြစ်ပါသည်။

''ထကြွ''ဟူသည်မှာ နောက်လိုက် ငယ်သား များထက် ပိုမို၍ ထကြွလုံ့လ စိုက်ကြရန် ဖြစ်၏။

'နိုးကြား'' ဟူသည်မှာ မျက်စိကိုဖွင့် နားကိုစွင့်ကာ ကိုယ်ရော စိတ်ပါ နိုးနိုးကြားကြားနေကြားရှိရန် ဖြစ်၏။

''သနား'' ဟူသည်မှာ လက်အောက်ငယ်သားတို့၏ ချို့တဲ့ချက် များကို သနားစိတ်ဖြင့် ဖေးမကူညီရန် ဖြစ်၏။

''သည်းခံ''ဟူသည်မှာ လက်အောက်ငယ်သားတို့၏ စေတနာဆိုး မပါသော ချွတ်ချော် တိမ်းပါးမှုများကို သည်းခံ၍ ဖြစ်နိုင်သလောက် သည်းခံခွင့်လွှတ်ရန်ဖြစ်၏။

''ဝေဖန်''ဟူသည်မှာ ပေးအပ်ထားသော လုပ်ငန်း တာဝန်ကို ကျေပွန်စွာ ထမ်းဆောင် သူနှင့် မထမ်းဆောင် သူတို့ကို ဝေဖန်ပိုင်းခြားကာ ဆုပေး ဒဏ်ပေးစနစ် ကျင့်သုံးရန် ဖြစ်ပါသည်။

''ထောက်ရှု'' ဟူသည်မှာ မှုခင်းကြီးငယ် ပေါ်ပေါက်လာသော အခါ အလျင်စလို ဆုံးဖြတ် စီရင်မှု မပြုလင့်ဦးဘဲ အဂတိ လေးပါး မလိုက်စားဘဲ အမှုနှင့် ပတ်သက်သမျှ အချက်အလက်များကို ကျေကျေ ညက်ညက် ထောက်ရှု ဆင်ခြင်ပြီးမှ တိကျ ပြတ်သားစွာ အဆုံးအဖြတ် ပေးရန် ဖြစ်ပါသည်။

ဇာတကဝတ္ထုများ၌ အထက်ပါ ဂုဏ်အင်္ဂါတို့ကို ဖော်ကျူး ထားသော ဝတ္ထု များစွာ ပါရှိကြ၏။ အခြား အခန်းများ၌လည်း ဤသို့သော ဝတ္ထုများ ကြိုးကြား ကြိုးကြား ပါရှိကြ၏။ ဤအခန်းမှာမူ ဤသို့သော ဝတ္ထုများကို အတတ်နိုင်ဆုံး စုံလင်အောင် စုစည်း၍ တင်ပြထားပါသည်။

ဤအခန်းတွင် ပါဝင်သော ဝတ္ထုများ အနက် ''အသက်ကိုပေး၍'' ဝတ္ထုမှာ 'သနား' ဟူသော ဂုဏ်အင်္ဂါကို ဖော်ကျူးထား၏။ ဦးစီးခေါင်းဆောင်ဖြစ်သူ နိုင်ငြော ရွှေသမင်ကြီးက သေလုညှဉ့်ကျနေသော သမင်သားအမိ အတွက် မိမိအသက်ကို မငဲ့မကွက်ဘဲ အသက်စွန့်၍ ကယ်တင်ခဲ့ပုံမှာ ကြည်ညို လေးစားဖွယ် ကောင်းလှပါသည်။

''အာဇာနည်ခေါင်းဆောင်ကြီး''ဝတ္ထုတွင်ကား နောက်လိုက်ငယ်သားအပေါင်း အသက်ချမ်းသာရာ ရရေးအတွက် ခေါင်းဆောင်မျောက်ကြီးက အသက်ပေး၍ ကယ်တင်ခဲ့၏။ ဤသို့ ခေါင်းဆောင်ပီပီ အာဇာနည်စိတ်ဓာတ်ဖြင့် ကယ်တင်ပေးသော ကျေးဇူးရှင်ကိုပင် ကျေးစွပ်သူတစ်ဦး ရှိနေသေးသည်မှာ သံဝေဂယူစရာပင်ဖြစ်ပါသည်။

သက်ရှိသတ္တဝါမှန်သမျှ တစ်နေ့ကျလျှင် သေဘေးနှင့် တွေ့ကြုံရမည့်သူများချည့်ဖြစ်၏။ ဘဝတစ်သက်တာ တွေ့ကြုံလာရသော ဘေးဆိုးများအနက် အပင်ပန်းဆုံး၊ အဆင်းရဲဆုံးသော ဘေးဆိုးကြီးဖြစ်၏။ ထိုဘေးဆိုးကြီးနှင့် ကြုံကြရာတွင် တစ်ချက်တည်းနှင့် ပွဲချင်းပြီး သေဆုံးရခြင်းထက် လက်ခြေစသည်ကို တစ်စခြင်း ဖြတ်တောက်ပြီးမှ အသတ်ခံရခြင်းကား အဆိုးဝါးဆုံးဖြစ်ပါလိမ့်မည်။ တွေးကြည့်ရုံနှင့်ပင် ကြက်သီးမွေးညှင်း ထလောက်ပေသည်။ 'ပိုင်းပါ ဖြတ်ပါ တူးဖို့ပါ' ဝတ္ထုတွင်ကား အင်ကြင်းပင်စောင့်နတ်သည် ပတ်ဝန်းကျင်မှ အခြွေအရံများ ချမ်းသာရေးအတွက် အဆိုးဝါးဆုံးသော ဘေးဒဏ်ကြီးကိုပင် လိုလိုချင်ချင် တောင်းဆိုခဲ့ပါသေးသည်။

ဦးစီးခေါင်းဆောင်တို့မည်သည် လက်အောက် ငယ်သားတို့၏ အရည်အချင်းကို ဟုတ်တိုင်းမှန်စွာ အကဲဖြတ်နိုင်စွမ်း ရှိသင့်၏။ အရည်အချင်းရှိသူကို ရှိသည့်အလျောက် ထိုက်ထိုက်တန်တန် ချီးမြှောက်ကာ၊ အရည်အချင်း မရှိ၊ ခိုမိခိုရာ ဝင်လာသူများကိုကား တော်ရာသို့ ဖယ်ရှားကြရမည်ဖြစ်၏။ သို့ပါလျက် ထိုနှစ်မျိုးနှစ်စားကို ပိုင်းခြားဝေဖန်မှု မပြုဘဲ ထပ်တူထား၍ မြှောက်စားမိပါလျှင်ကား ''နေရှရွှေတောင်'' ဝတ္ထုမှာကဲ့သို့ အရည်အချင်းရှိသူများ တခြားသို့ ရောက်သွားကြပါလိမ့်မည်။

''ပြစ်မှားမှု'' ဝတ္ထုကား 'သည်းခံ၊ထောက်ရှု'ဟူသော နာယကဂုဏ်နှစ်မျိုးအတွက် နမူနာဇာတ်လမ်းတစ်ပုဒ် ဖြစ်ပါ၏။ ကြည်ညိုလေးမြတ်စွာဆည်းကပ်ကိုးကွယ်ထားသော ပစ္စေကဗုဒ္ဓါအရှင်မြတ်အားသမင်

မှတ်၍ သတ်ဖြတ်မိသောဥယျာဉ်မှူး၏အမှုကို သွေးပူတုန်းမှာ စစ်ဆေး၍ ဆုံးဖြတ်ရပါလျှင် သေပြစ်သေဒဏ်ကို ကေန်မုချ ပေးဖြစ်ပါလိမ့်မည်။ သို့ရာတွင် တဖြည်းဖြည်းနှင့် သွေးအေးအောင်စောင့်ဆိုင်းပြီးမှ စေ့စေ့ငငလေ့လာ သုံးသပ်ခွင့် ရသဖြင့် ပြည့်ရှင်မင်းရော ဥယျာဉ်မှူးပါ နှလုံးစိတ်ဝမ်း ချမ်းမြေ့ကြရပါသည်။

ဦးစီးခေါင်းဆောင်ပုဂ္ဂိုလ်များအဖို့ တစ်ခါတစ်ရံတွင်မူ ဤကဲ့သို့ အချိန်ယူခွင့် မသာနိုင်ကြပါ။ အချိန်မဆိုင်းဘဲ ထစ်ထိုင်တည်းနှင့်ဆုံးဖြတ်လိုက်ရသော အမှုကိစ္စများလည်း ပေါ်လာတတ်ကြ၏။ အချိန်ကန့်သတ်ချက် တိုတောင်းလှသည်နှင့်အမျှ ဆုံးဖြတ်ဖို့ကလည်း ခက်လှ၏။ တစ်ဖက်ဖက်ကိုအလေးသာလိုက်ပါကအခြားတစ်ဖက်ကိုရက်ရက်စက်စက်မျက်နှာလွှဲလိုက်ဘိသကဲ့သို့ ဖြစ်သွားနိုင်၏။ ထိုအခြေအနေမျိုးတွင် ပုဂ္ဂိုလ်ရေးသံယောဇဉ်ကို ခွာထုတ်ပြီးလျှင် ကြည်လင်သော ဉာဏ်အမြင်ဖြင့် ဟုတ်တိုင်းမှန်ရာဆုံးဖြတ်ရပါတော့သည်။ "ညီနောင်သုံးပါး တောသို့သွား" ပတ္ထုဋ္ဌ ထိုကဲ့သို့ ဆုံးဖြတ်ချက်ချလိုက်ရသည်ကို တွေ့နိုင်ကြပါသည်။

သက်ဆိုင်ရာ အဖွဲ့အစည်း၏ အကြီးလေးဆုံးသော တာဝန် ကို ထမ်းဆောင်နေကြရသော ဦးစီးခေါင်းဆောင်များမှာ အခြားတစ်ဖက်ကလည်း အကြီးမားဆုံးသော အခွင့်အရေးများ ရှိနေကြ၏။ စည်းစိမ်ဥစ္စာ အခြေအရံမှစ၍ သူတကာနှင့် မတူအောင် စံစားခွင့်ရှိနေကြ၏။ ဤတွင် တရားသဖြင့်စံစားရသော အခွင့်အရေးများရှိသကဲ့သို့ တရားနှင့်မညီသော အခွင့်အရေးများလည်း ပါလာတတ်ကြ၏။ ဤအခွင့်အရေးများကို ခံစားလိုက်ပါက မိမိ၏ဂုဏ်သိက္ခာကိုလည်း ထိခိုက်စေနိုင်၏။ သက်ဆိုင်သူများ၏ စိတ်နှလုံးကိုလည်း ညှိုးချုံးပူပန်စေနိုင်၏။ ဤကဲ့သို့သော အခွင့်အရေးမျိုးကိုကား သက်ဆိုင်သူကကြည်ဖြူစွာ ပေးဆက်စေကာမူ သိမ်းယူခံစားမှု မပြုသင့်ပါ။

နောက်လိုက်ငယ်သားများအတွက် အသက်စွန့်၍ ကယ်တင်ခဲ့ကြသော ဦးစီးခေါင်းဆောင်များကဲ့သို့ပင် ဤသို့ရှောင်ကြဉ်ရခြင်းမှာလည်း တစ်နည်းတစ်ဖုံ ခက်ခဲလှသည်သာ။ 'မယ်ဥမ္မာ အလှမူးရယ်ကြောင့်' ဝတ္ထုမှ သိဝိမင်းတရားကြီးကား ဤကဲ့သို့ ခက်ခက်ခဲခဲ ရှောင်ကြဉ်နိုင်ခဲ့သော ဦးစီးခေါင်းဆောင်ကြီးဖြစ်ပါသည်။

သိဝိမင်းနှင့် ဥမ္မာဒန္တီတို့ဇာတ်လမ်းကို ကြားနာရလျှင် မယ်ဥမ္မာ အလှမှူးရယ်ကြောင့် အရှုံးဘဝ ရောက်ရရှာသော သိဝိမင်းကြီးကိုသာ မြင်တတ်ကြပါသည်။ သို့ရာတွင် ထိုမင်းကြီးသည် သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်သုံးသပ်မိသော အခါတွင်ကား ယောကျ်ားသားတို့ အတပ်မက်ဆုံးသော ဆုလာဘ်ကြီးကိုပင် လွှတ်လွှတ်ကျွတ်ကျွတ် စွန့်လွှတ် လိုက်ပါပေသည်။

ဦးစီးခေါင်းဆောင်တို့၏ အာဇာနည် စိတ်ဓာတ်ကို ချဉ်းကပ်ကြည့်ညှိနိုင်ကြရန် စံပြဝတ္ထု (၇)ပုဒ်ကို ဆက်စပ် ဖော်ပြလိုက်ပါသည်။

## အသက်ကိုပေး၍

ဟိုးဟိုးဟဲဟဲမောင်းမဲသံများဖြင့် တောတစ်ခွင်လုံး တုန်ဟည်း၍ သွားလေသည်။ တုတ်လုံလေးမြားပစ်ခတ်သံတို့သည် ကြောယ်မက်ဖွယ် ရှိပါဘိ။ တစ်ယူဇနာမျှသော မြေကို လူသားတို့ဝန်းရံကြလေပြီ။ အလယ်ကောင်တွင်ကား အပြစ်မဲ့သောတောတွင်းနေ သမင်များ၊ ဘယ်သူ့ကိုမျှ ဘယ်သို့မျှ ရန်မမူတတ်ရှာသော သမင်များ။

ထိုသမင်များသည် မောင်းမဲသံ ထူထပ်ရာမှ ပါးရာသို့ခိုဝင်လာကြ၏။ ပစ်သံခတ်သံထူထပ်ရာမှ အပစ်အခတ်မရှိရာသို့ ရွှေပြောင်းလာကြ၏။ သူတို့၏မျက်လုံးကလေးတွေက သနားစဖွယ် ပြူးတိပြူးကြောင်။ သူတို့၏နားရွက်ကလေးတွေက ရန်သူ၏အသံမျိုးစုံကို နားစွင့်၍ထောင်ကြလျက်။ ဘယ်နည်းနှင့်မျှလွတ်လမ်းမရှိတော့သည်ကို သူတို့မသိရှာပေ။

မှန်ပါသည်။ သူတို့သွားကြသည်မှာ အခိုင်အလုံ ကာရံထားသော ဘုရင့်ဉယျာဉ်တော်သို့ ရှေးရှုလျက်ဖြစ်ပါသည်။ တစ်နေ့လျှင်တစ်ကောင်ကျ စားတော်ဆက်ဖို့ရန် သူတို့ကို အုပ်လိုက်မ,၍ သွားနေကြခြင်း ဖြစ်ပါသည်။

တိုင်းပြည့်ရှင် ဘုရင်မင်းသည် တောကစားဝါသနာကြီးလှ၏။ သမင်များကို လိုက်လံပစ်ခတ်ရခြင်းသည် သူအနှစ်သက်ဆုံးသောကစား

နည်းတစ်ရပ်ဖြစ်၏။ လောလောလတ်လတ် ချက်ကြော်ထားသော သမင်သားသည် သူအကြိုက်နှစ်သက်ဆုံးသော ပွဲတော်စာဖြစ်ပေသည်။

သူ့ပြည်မှာ သူရှင်ဘုရင်မို့ သူ့ဘာသာတောလိုက် သမင်ပစ်နေသည်မှာ ကိစ္စမရှိ။ သူတောသွားသည့် အခါတိုင်း တောင်သူ လယ်သမားတွေပါ အပါခေါ်သည်ကား ခက်လှ၏။ သူ့နောက်လိုက်နေရသဖြင့် တောင်သူ လယ်သမားများ အလုပ် ပျက်လှသည်။ ရာသီ ဥတုနှင့် မိုးရေ အခြေအနေကိုမှီ၍ အလုပ်လုပ်ကြရသောတောင်သူလယ်သမားများအဖို့ တစ်ရက်ပျက်လျှင်တစ်ရက်အတွက်သိသိသာသာနစ်နာလှ၏။ ထို့ကြောင့် သူတို့တစ်တွေ အကြံထုတ်ကြရတော့သည်။ အလုပ်မပျက်ဘဲ အရှင်သခင်ကျေနပ်မှုရအောင်ဖန်တီးကြရတော့သည်။ ထိုအကြံအစည် ထိုဖန်တီးမှု၏ အဖြေ ရလဒ်ကား ဥယျာဉ်နှင့် အပြည့် အကောင် တစ်ထောင်မျှသော သမင်များပါတည်း။

စောစောကပင် ဥယျာဉ်တော်မှာ စားစရာမြက်ခင်းနှင့်သောက်စရာရေကန်တို့ကိုစီမံထားခဲ့ကြပြီးဖြစ်၏။ တစ်ကောင်တလေမျှထွက်မပြေးနိုင်အောင် စည်းရိုးနှင့်တံခါးကို အခိုင်အမာအလုံအခြုံပြုထားခဲ့ကြပြီးဖြစ်၏။ သည်ကရှေ့မှာ ဘုရင်မင်းကြီး သမင်အတွက်နှင့် တောထွက်နေစရာမလိုတော့ပြီ။ မိမိတို့တောင်သူလယ်သမားများကလည်း ဘုရင့်နောက်က တစ်ကောက်ကောက်လိုက်မနေရတော့ပြီ။ ကိုယ့်အလုပ်ကိုပဲ အားကြိုးမာန်တက် လုပ်ကိုင်နိုင်ကြတော့မည်။ စနစ်တကျ အကောင်အထည်ဖော်လိုက်နိုင်သော စီမံကိန်းကြီးအတွက် သူတို့တစ်တွေ ဝမ်းပန်းတသာရှိနေကြ၏။

''အရှင်မင်းကြီး နှစ်သက်လှစွာသော သမင်တွေ ဥယျာဉ်တော်နှင့်အပြည့်ရောက်နေကြပါပြီ'' ဟူသော လျှောက်တင်သံကို ကြားရသောအခါ ဘုရင်ကြီးသည် အဆောတလျင်လာ၍ကြည့်၏။ သပိတ်ဝင်အိတ်ဝင် စိတ်ထင်တိုင်းစားရတော့မည့်သမင်တွေကိုကြည့်ကာဝမ်းသာလှ၏။ သမင်အပေါင်းကို စေ့စေ့စပ်စပ်အကဲခတ်ရာက ခေါင်းဆောင်သမင်ကြီး နှစ်ကောင်ကိုမြင်သောအခါ ''အောင်မယ် တယ်လှလှပါကလားကရို'' ဟု ရေရွတ်မိလေသည်။ ရင်သပ်ရှုမော ဖြစ်ရတော့သည်။

ထိုသမင်ကြီးတို့မှာ အခြားသောသမင်များထက် ထူးလည်းထူးလေစွတကား။ ထွားလည်းထွားလေစွတကား။ မြင်းပေါက်တမျှ ကိုယ်

နေကိုယ်ထားရှိပါပေသည်။ အရောင်အဆင်းမှာ ရွှေအသွင်ဝါဝင်း၍ မျက်လုံးများမှာ ပတ္တမြားလုံးအလား နီနီထွေးထွေးရှိကြပါ၏။ ဦးချိုများမှာ ငွေပန်းဆိုင်းကြီးများပမာ တင့်တယ်ဝင့်တယ်ကြပါဘိ၏။ ခြေဆစ်လက်ဆစ်တို့သည် နီနီစွေးစွေး ချိပ်ရေဖြင့်ရေးထားသကဲ့သို့။ မြီးဆံများမှာစာမရီမည်သောသား၏မြီးဆံများကဲ့သို့။တစ်ကောင်သောသမင်ခေါင်းဆောင်၏အမည်မှာ နိဂြောဓဖြစ်၍ တစ်ကောင်မှာ သာခဖြစ်လေသည်။ ဤဥယျာဉ်မှာ အတူပါလာသော သမင်တစ်ထောင်သည် သူတို့နှစ်ကောင်၏ အခြွေအရံများဖြစ်ကြ၏။ငါးရာစီအညီအမျှစိုးမိုးအုပ်ချုပ်ကြလေသည်။

ကိုယ်လုံး ကိုယ်ပေါက်မှာ အရောင် အသွေးမှာ အခြွေအရံမှာ နှစ်ဦးညီတူ ဖြစ်ကြသော်လည်း စိတ်နေစိတ်ထားမှာကား တောင်နှင့် မြောက်မျှ ကွာခြားကြပါ၏။

သူတို့၏ရုပ်အသွင်အပြင်ကို မြင်ရသည်နှင့်ပင် ဘုရင်ကြီးမှာ စိတ်ကောင်းဝင်လာပါတော့သည်။သူတို့၏အသားအသွေးကိုစားသုံးလိုစိတ်မရှိတော့ဘဲ ထာဝစဉ်အလှကြည့်၍ နေလိုလာပါသည်။ ထို့ကြောင့် သမင်ကြီးနှစ်ကောင်အား ဘေးမဲ့ပေး၍ထားရန် ဥယျာဉ်မှူးအားအမိန့်ပေးလိုက်ပါတော့သည်။

ဘုရင်၏ချစ်ခင်မြတ်နိုးမှုဖြင့်သမင်ကြီးနှစ်ကောင်မှာအသက်ချမ်းသာရရပါ၏။ စားစရာမပူရ၊ သောက်စရာမပူရဘဲ အေးငြိမ်းစွာနေရပါ၏။သို့သော် စိတ်ချမ်းသာမှုကား မရှိကြပါလေ။အထူးသဖြင့်နိဂြောဓသမင်ကြီးမှာ စိတ်နှလုံးထိခိုက်လှပါ၏။

သူတို့ရှေ့မှောက်မှာပင် နေ့စဉ်နှင့်အမျှ သမင်တို့သည် သွေးသံရဲရဲနှင့် သေပွဲဝင်နေကြရ၏။ မသေသော် မလှတပ ခံစားနေကြရ၏။ ရံခါမင်းကြီးကိုယ်တိုင် လေးနှင့်မြားနှင့် လက်တဲ့စမ်း၏။ ရံခါ စားတော်ကဲက ပစ်၍ယူ၏။ သမင်တို့မှာ သက်ရှိသတ္တဝါများ အားလုံးနည်းတူပင် မိမိအသက်ကို မြတ်နိုးကြ၏။ သေဘေးကို ကြောက်ကြ၏။ သေမင်း၏ သံတမန် လေးမြားကို မြင်ရသည်နှင့် ရှန်းရင်းဆန်ခတ် ဖြစ်ကုန်ကြတော့၏။ သေဘေးမှ လွတ်လိမ့်နိုးနိုး တိုးလျှိုးခုန်ပေါက်ကြတော့၏။ သို့သော် သေမင်းတမန် မြားဦးကတော့ ဝတ္တရားမပျက် ရောက်လာသည်သာဖြစ်၏။ သူတို့တစ်တွေက ရှန်းရင်းဆန်ခတ် ဖြစ်နေသဖြင့် ရည်မှန်းသည့်အကောင်တွင်မကဘေးက သမင်များပါ ထိခိုက်ဒဏ်ရာရကုန်၏။

နို့ဂြော့ဓသမင်ကြီးမှာ မိမိအတွက် အသက်ချမ်းသာရာ ရသည်နှင့်မျှ မထေမိအောင် နှလုံးကြေကွဲ ဖြစ်နေမိ၏။ သူ၏လက်တွင်းသို့ အပြီးတိုင် ကျရောက်နေပြီဖြစ်သဖြင့် သူပြုသမျှကို မိမိတို့ အမျိုးအနွယ်များ ခံကြရသည်က ဟုတ်ပါ၏။ သို့သော် မလိုအပ် ပါဘဲလျက် အခြားသမင်များပါ ထိခိုက်အနာတရ ဖြစ်ကြရသည်ကား စိတ်မချမ်းသာစရာ ကောင်းလှသည်။

ထို့ကြောင့် နိဂြောဓသမင်ကြီးက သာခသမင်ကြီးနှင့် တွေ့ဆုံဆွေးနွေးရတော့၏။ သမင်တို့အား အသက်ဘေးမှ မကယ်တင်နိုင်သော်ငြားလည်း သေချိန်မရောက်မီ သက်တောင့်သက်သာ နေနိုင်ရေးအတွက် အကြံဉာဏ်များ တင်ပြရတော့သည်။ နိဂြောဓသမင်ကြီး၏ အကြံဉာဏ်မှာ အကျိုးအကြောင်း သင့်လျော်သည်သာ ဖြစ်သဖြင့် သာခ သမင်ကြီးက သဘောတူလိုက်၏။ သို့ဖြင့် ထိုညနေတွင် သမင်ခေါင်းဆောင်ကြီးနှစ်ဦးတို့၏ အမိန့်ကို သမင်အပေါင်းတို့ ကြားနာရလေသည်။

''သမင်အပေါင်းတို့ လိုက်နာကြရန်—

''နေ့စဉ်နှင့်အမျှ လေးနှင့်ပစ်၍ သမင်တို့ ထိခိုက်သေကြေကြရသည်။ စားဖိုဆောင်အတွက် လိုအပ်သည်က တစ်နေ့တစ်ကောင်။ သေရ နာရသည်က သုံးကောင်၊ လေးကောင်။ ထို့ကြောင့် သက်ဆိုင်ရာ အာဏာပိုင်များထံမှာ လေးနှင့်မပစ်ဖို့ ငါတို့ အရေးဆိုကြမည်။

''သမင်အပေါင်း၏ တာဝန်မှာ အလှည့်ကျရာ သမင်က စဉ်းတီတုံး၌ လည်စင်း၍ အိပ်နေရမည်။ ယနေ့ နိဂြောဓသမင်ကြီး၏ အခြွေအရံထဲက တာဝန်ကျလျှင် နောက်နေ့တွင် သာခသမင်ကြီး၏ အခြွေအရံထဲက တာဝန်ထမ်းဆောင်ရမည်။ မိမိအလှည့်ကို ကြီးစဉ်ငယ်လိုက် သတ်မှတ်ထားရမည်။ အများအတွက် သက်သာရေးကို ရှေးရှု၍ အလှည့်ကျသူက အသေခံရမည်''

သမင်ကြီးများ၏ အစီအမံဖြင့် ဉယျာဉ်တော်တွင် ပစ်ခတ်ဖမ်းဆီးမှုများ ပပျောက်သွားလေသည်။ အလှည့်ကျသော သမင်သည် နံနက်လင်းလျှင် မိမိဘာသာ သမင်အုပ်မှ အသာအယာ ထွက်ခွာကာ စဉ်းတီတုံးပေါ် လည်စင်း၍ အိပ်နေလိုက်၏။ အချိန်တန်လျှင် စားတော်ကဲသည် ထက်စွာသွေးထားသော ဓားမကြီးကို ကိုင်လျက် ရောက်လာပေ၏။ အသင့်ရှိနေသော သမင်ကိုသတ်ကာ စားဖိုဆောင်သို့ ယူဆောင်သွားလေသည်။

မိမိအမျိုးနွယ်တို့ကို မိမိတို့ရှေ့မှာတင် အသေခုတ်၍ သတ်သည်ကို မြင်ရသဖြင့် အသည်းနှလုံး တုန်လှုပ်ကြရပါ၏။ သို့သော် မိမိတို့အတွက် ဤသည်ပင်လျှင် အသက်သာဆုံး ဖြစ်သည်မို့ မမြင်ရဲလျှင် မျက်နှာလွှဲနေရုံပင် ရှိပါတော့သည်။

တစ်နေ့တွင် သာခသမင်ကြီး၏ အခြွေအရံထဲက တာဝန်ကျ၏။ တာဝန်ကျသူ သမင်မမှာ ဗိုက်နှင့် ဖြစ်သည်။ ထို့ကြောင့် သမင်မက သာခသမင်ကြီးထံမှာ အကျိုးအကြောင်း တင်ပြရှာလေသည်။

"ကျွန်ုပ်မအတွက် ကျရာတာဝန် ထမ်းဆောင်ဖို့အသင့်ရှိပါတယ်။ သို့ပေမယ့် ဝမ်းတွင်းက သားငယ်ပါ အကျိုးမဲ့သေရမှာမို့ မွေးဖွားပြီးအောင် ကျွန်မအလှည့်ကို ဆိုင်းငံ့ထားစေချင်ပါသည်။ မွေးဖွားပြီးတာနဲ့ ကျရာတာဝန်ကို မပျက်မကွက် ထမ်းဆောင်ပါ့မယ်"

"အို ဘယ့်နှယ် ဖြစ်နိုင်မလဲ"

သာခသမင်ကြီးက တင်းမာစွာပယ်ချလိုက်သည်။ "သင့်အလှည့် ကျနေတာကို ဘယ့်နှယ် သူများအပေါ် ပုံချလို့ဖြစ်နိုင်မလဲ။ သွားလေ-ကိုယ့်တာဝန် ကိုယ်ထမ်းမှပေါ့"

သမင်မ အခက်ကြုံလေပြီ။ မိမိအတွက် သေနေ့စေ့၍ သေရမည်ကို မကြောက်ပါ။ သို့သော် ဝမ်းတွင်းက သားငယ်လေးကိုတော့ မိမိနှင့် တစ်ပါတည်း အဆစ်ပါ မခံချင်ပေ။ သူကလေးကို စိမ်းလန်းသော မြက်ခင်းပေါ်မှာ မွေးဖွား၍ ထားခဲ့ချင်ပါသေးသည်။ အလှည့်မကျသေးသေးရှေ့ ရွယ်တူသမင်လေးများနှင့် မြူးတူး၍ နေခဲ့စေချင်သေးသည်။ သမင်မ၏ ဤသို့ နောက်ဆုံး အလိုဆန္ဒများ ပြည့်စုံဖို့ မလွယ်ကူတော့ပြီ။ မိမိတို့၏ အားထားမှီခိုရာ သာခသမင်ကြီးက လက်မခံ ပယ်လှန်လိုက်ချေပြီ။ အလှည့်မကျသေးသော သားငယ်လေးသည် မိမိနှင့်အတူ ဤယနေ့ သေပွဲဝင်ရပေတော့မည်။

စဉ်းတီတုံးသို့ သွားမည် ပြင်ဆဲတွင် သမင်မသည် နိဂြောဓသမင်ကြီးကို လှမ်း၍ မြင်လိုက်မိ၏။ နိဂြောဓသမင်ကြီးသည် ကျရာတာဝန်ကို ထမ်းဆောင်ရအံ့သော မိမိအား ကရုဏာတရား အပြည့်ဖြင့် မမှိတ်မသုန် ကြည့်၍ နေလေသည်။ နောက်ဆုံး မျှော်လင့်ချက်ဖြင့် သမင်မသည် နိဂြောဓ သမင်ကြီးထံ မရဲတရဲ ချဉ်းကပ်သွားလေသည်။

"ဘာများ မှာထားခဲ့ချင်သတုန်း သမင်မလေး"

''နိဗ္ဗြောဓသမင်ကြီးက မေးသဖြင့် အကျိုးအကြောင်း ထပ်မံတင် ပြရပြန်သည်။ နိဗ္ဗြောဓသမင်ကြီး ခေါင်းတညိတ်ညိတ်ဖြင့် စဉ်းစားခန်း ဝင်ကာ....

''ကောင်းပြီလေ။ တစ်သက်အတွက် နှစ်သက်မသေစေရဘူးပေါ့ ကွယ်။ ကဲ—သွားပေတော့၊ သွားပေတော့။ မင်းအလှည့်မရောက်အောင် ငါကပဲ ဖန်တီးလိုက်ပါ့မယ်ကွယ်''

အချိန်မှန်မှန်ရောက်လာသော စားတော်ကဲသည် စဉ်း တီ တုံး ပေါ်က သမင်ကြီးကို မြင်ရသောအခါ ကိုင်လာသော ဓားကြီးကိုပင် လွှတ်ချမိပေတော့သည်။

''ရော.... ခက်ပါကလားကရို''

မိမိတာဝန်က စဉ်းတုံးပေါ်က သမင်ကိုခုတ်သတ်ကာ စားတော် ဆောင်မှာ အချိန်မီချက်ပြုတ်ဖို့ဖြစ်၏။ ယခု နိဗ္ဗြောဓသမင်ကြီးကစဉ်းတီ တုံးပေါ် လည်စင်းအိပ်နေလေတော့ အခက်ကြုံနေ ပါရော့ က လား။ သူ့ကို ဘုရင်ကြီးကိုယ်တိုင်က ဘေးမဲ့ပေးထားလေတော့....

ဆုံးဖြတ်၍ မရနိုင်သောအခါ စားတော်ကဲသည် ဘုရင်ကြီးဆီ သံတော်ဦး တင်ရလေတော့သည်။ မဖြစ်စဖူး ထူးကဲလှစွာ ဘေးမဲ့ပေး ထားသောသမင်က အသေခံနေရာကို ယူနေသောအဖြစ်ကိုကြားရသော် ဘုရင်ကြီး အံ့ဩလှ၏။ အလျှင်စလို ဥယျာဉ်သို့လိုက်လာလျက် စဉ်းတီ တုံးပေါ်က နိဗ္ဗြောဓသမင်ကြီးနား ရောက်သည်နှင့်....

''ဘယ့်နှယ်လဲ နိဗ္ဗြောဓသမင်ကြီး။ သင့်အတွက် ဘေးမဲ့ပေးထား ပါလျက် ဘယ့်နှယ်ကြောင့် စဉ်းတီတုံးပေါ် လာအိပ်နေတာလဲ''

အံ့ဩခြင်းနှင့်ကြည်ညိုခြင်း စိတ်အလျဉ်တို့ ယိုဖိတ်သောနှလုံးဖြင့် ဘုရင်ကြီးက မေးလိုက်လေသည်။

''တင်လျှောက်ပါတယ် အရှင်မင်းကြီး။ဒီနေ့ နံနက်အလှည့်ကျတဲ့ သမင်မက လာပြောပါတယ်။ သူ့မှာ ကိုယ်ဝန်နဲ့မို့ မွေးဖွားပြီးသည့် တိုင်အောင် သူ့အလှည့်ကို ဆိုင်းငံ့ပေးဖို့ တောင်းပန်ပါတယ်။ ကျွန်ုပ် ဘယ်လိုလုပ်ရပါ့မလဲ။ တစ်သက်အတွက် နှစ်သက်မသေစေချင်ပါ။မသေ စေချင်တော့လဲ သူ့အလှည့်ကို သူများအပေါ် ကျွန်ုပ်ပုံမချလိုပါ။ဒီအခါ သူတို့အသက်နှစ်ချောင်း ကယ်ဆယ်ရန်မှာ ကျွန်ုပ်အသက်တစ်ချောင်းစွန့် ဖို့ပဲ ရှိပါတော့တယ်။

''အရှင်မင်းကြီး၊ စိတ်စနိုးစနောင့် မရှိကြပါလင့်။ ဒီကနေ့ စားဖို့ဆောင်အတွက် ကျွန်ုပ် အသုံးတော်ခံဖို့ အရန်သင့်ရှိနေပါပြီ''

''အို.... သမင်မင်း၊ သင်လို စိတ်ထားမြင့်မြတ်တဲ့သူကို ငါကြည်ညိုလွန်းပါဘိ။ ကိုင်း ဒီတော့ သင့်ကိုလဲ ငါချမ်းသာပေးပါတယ်။ ကိုယ်ဝန်နဲ့သမင်ကိုလဲ ချမ်းသာပေးပါတယ်ဗျာ''

ဤတွင် နိဂြောဓသမင်ကြီးက မင်းကြီးထံ အရှီအသေပြုလျက်–

''ဒါဖြင့် ကျန်တဲ့သမင်တွေကိုကော ဘုရား''ဟု တင်လျှောက်၏။

''အို.... သူတို့လဲ ချမ်းသာကြပါစေလေ''

ဤသို့ဖြင့် ဥယျာဉ်ထဲက သမင်တွေကိုသာမက တောထဲကသမင်များနှင့် အခြားသတ္တဝါ ရှိရှိသမျှကိုပါ ဘေးမဲ့တောင်းခံသောအခါ ဘုရင်ကြီးက ကြည်ဖြူစွာ ပေးလှူလိုက်လေသည်။

(ကေနိပါတ်၊ နိဂြောဓဇာတ်)

### နိဂြောဓဇာတ် ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| သာခ သမင်မင်း | = | ဒေဝဒတ်။ |
| သမင်မ | = | အရှင်ကုမာရကဿပ၏ မယ်တော်။ |
| သားသမင်ငယ် | = | အရှင်ကုမာရကဿပ။ |
| မြဟ္မဒတ်မင်း | = | အရှင်အာနန္ဒာ။ |
| နိဂြောဓ သမင်မင်း | = | မြတ်စွာဘုရား။ |

## အာဇာနည်ခေါင်းဆောင်ကြီး

ဤဇာတ်လမ်းကို ဤမျှလောက် တစ်ခမ်းတနားဖြစ်လာအောင် စွမ်းဆောင်ပေးလိုက်သော အရာဝတ္ထုသည်ကား သရက်သီးမှည့်တစ်လုံး ပါပေတည်း။

ဗာရာဏသီရေဆိပ်၌ဗြဟ္မဒတ်မင်းကြီးရေချိုးလာသည့်အခါတိုင်း တံငါသည်များက ရေဆိပ်၏အထက်မှပိုက်ကာ၍ ပေးကြရ၏။ မြစ်ညာမှ အမှိုက်သရိုက်များ မျောပါမလာကြစေရန်ဖြစ်၏။ ဗြဟ္မဒတ်မင်းကြီးစိတ်တိုင်းကျရေချိုးပြီးနောက် ညအခါရောက်၍တံငါသည်များက ပိုက်များကို ရုပ်သိမ်းကြရာတွင် သရက်သီးမှည့်ကို တွေ့ကြရပေသည်။

တံငါသည်တို့သည်သရက်သီးမှည့်ကိုဆယ်ယူ၍ ဗြဟ္မဒတ်မင်းကြီးထံ ဆက်သကြ၏။ မင်းကြီးက သရက်သီး၏အကျိုးအကြောင်းကို မေးမြန်းရာ တံငါသည်တို့က ''ဘုရားကျွန်တော်မျိုးတို့မသိပါ၊ တောလိုက်မုဆိုးများသိနိုင်စရာရှိပါတယ်ဘုရား''ဟု လျှောက်တင်ကြ၏။ သို့ဖြစ်၍ တောလိုက်မုဆိုးများကို ရွှေတော်သို့ခေါ်ယူမေးမြန်းလိုက်ရာ --

''မှန်လှပါ၊ ဒီသရက်သီးဟာ ဟိမဝန္တာရှိ မိခင်သရက်ပင်က ကြွေကျလာတာဖြစ်ပါတယ်။ အနံ့အရသာ အလွန်ကောင်းတဲ့ အမျိုးအစားဖြစ်ပါတယ်ဘုရား''

စပယ်ဦး • ၁၉၅၄

ဤသို့လျှောက်ထားကြသဖြင့် ဗြဟ္မဒတ်မင်းကြီးက မုဆိုးတို့ထံခေါ်ငယ်တစ်ချောင်းပေးကာ အနည်းငယ်ခွဲ၍ စားစေ၏။ မုဆိုးတို့ဘေးအန္တရာယ်မရှိကြောင်း သိရသောအခါ အမတ်တို့အား မြီးကြည့်စေ၏။ အမတ်တို့လည်း ဘာမျှမဖြစ်ကြသဖြင့် ဗြဟ္မဒတ်မင်းကြီးကိုယ်တိုင် စားကြည့်လိုက်သောအခါ သရက်သီး၏အရသာသည် လျှာပေါ်မှာချိုမြဆိမ့်အိမ့်သွားပြီးလျှင် ကိုယ်ခန္ဓာတစ်ခုလုံးသို့ ပျံ့နှံ့သွားလေသည်။

ဗြဟ္မဒတ်မင်းကြီးသည် သရက်သီးအရသာကို တပ်မက်မောလှသဖြင့် ထိုသရက်ပင်ရှိရာအရပ်သို့ သွားရောက်ရန် လှေဖောင်များဖွဲ့စေ၏။ လှေများ ဖောင်များပြီးစီးသောအခါ မှူးမတ်ဗိုလ်ပါအပေါင်းနှင့်တကွ ရေကြောင်း ခရီးဖြင့် ဆန်တက်လာလေသည်။ တောလိုက် မုဆိုးများကိုလည်း လမ်းပြအဖြစ် ခေါ်ဆောင်လာခဲ့လေသည်။

မြစ်ကြောင်းအတိုင်း တရွေ့ရွေ့ ဆန်တက်လာကြ၍ ဟိမဝန္တာသို့ရောက်သောအခါ ခက်လက်ဝေဆာအသီးပဒေသာနှင့်ရှိနေသောသရက်ပင်သို့ ဆိုက်ရောက် လာကြ၏။ ဗြဟ္မဒတ်မင်းကြီးသည် ထိုသရက်ပင်အောက်မှာ စခန်းချရပ်နားကာ အရသာကောင်းလှသော သရက်သီးများကို အားပါးတရစား၏။ မှူးမတ်ဗိုလ်ပါအပေါင်းကိုလည်း လိုရာဆွတ်၍ စားစေ၏။

ဤသို့ဖြင့် ညချမ်းအချိန်သို့ရောက်သောအခါထိုသရက်ပင်အောက်မှာပင် အိပ်စက်ရန်နေရာများ ပြင်ဆင်ကြရ၏။ လက်နက်ကိုင်အစောင့်အရှောက်များကိုလည်းသရက်ပင်ပတ်လည်မှာ လုံလောက်စွာချထား၏။ အစောင့်အရှောက်များသည် ညဦးယံမှာတော့ကောင်းစွာစောင့်နိုင်ကြပါသေး၏။ သန်းကောင်အရောက်တွင်ကား အိပ်ချင်စိတ်ကိုမဟန့်တားနိုင်ကြပေ။ အရသာချိုမြိန်လှသော သရက်သီးများကို တဝကြီး စားထားမိကြသဖြင့် တစ်ယောက်ပြီးတစ်ကောက် အိပ်ပျော်သွားကြရပေသည်။

အိပ်ပျော်ရာမှ ပထမဆုံးနိုးလာသူမှာ ဗြဟ္မဒတ်မင်းကြီး ဖြစ်၏။ နိုးလာရခြင်းအကြောင်းကလည်း သရက်ပင်ပေါ်က အမှိုက်သရိုက်များကျလာခြင်းကြောင့်ဖြစ်၏။ မင်းကြီးသည်ငွေလရောင်ပက်ဖျန်းထားသောသရက်ပင်ထက်သို့မော့ကြည့်လိုက်ရာ တစ်ကိုင်းနှင့်တစ်ကိုင်း ကူးသန်းကာ တပျော်တစ်ပါး စားသောက်နေကြသော မျောက်များကို တွေ့လိုက်ရလေသည်။

ထိုမျောက်များသည် ထိုသရက်ပင်ကို နေ့စဉ်နေ့တိုင်းလာ၍ စားနေကျဖြစ်၏။ ထိုနေ့မှာမူ အစောင့်အရှောက်များရှိနေသဖြင့် ခပ်လှမ်းလှမ်းမှ မျှော်နေကြကာ အစောင့်အရှောက်များ အိပ်ပျော်သွားကြခါမှ အသာဝင်လာကြခြင်းဖြစ်ပေသည်။

ဗြဟ္မဒတ်မင်းကြီးသည် မှူးမတ်ဗိုလ်ပါ အပေါင်းကို တိုးတိုး တိတ်တိတ်နိုးယူပြီးလျှင် သရက်ပင်ပတ်ပတ်လည်မှဝိုင်းထားစေ၏။တစ်ကောင်တလေမှ ထွက်ပြေးမသွားနိုင်အောင် လက်နက်လေးမြားအပြည့်အစုံဖြင့် အသင့်ရှိနေစေ၏။

"စားရကံကြုံတော့မှုတ်ဆိတ်ပျားစွဲဘယ်ဆိုတာ ဒါပဲ။နက်ဖြန်ကျရင်တော့ သရက်သီးချိုချိုလဲ စားရလိမ့်မယ်။ မျောက်သားတွေကိုလဲ တဝကြီးစားလိုက်ရသေးပေါ့"

ဗြဟ္မဒတ်မင်းကြီးက မျောက်များကို မကျေမချမ်း ကြည့်ရှုရင်း ကြိမ်းဝါးလိုက်၏။

ထိုစဉ်ခိုက်မှာပင် သရက်ပင်ပေါ်က မျောက်များကလည်း အခြေအနေမှန်ကိုရိပ်မိသွားကြ၏။လက်နက်အပြည့်အစုံဖြင့်အသင့်ချိန်ရွယ်ထားသောအစောင့်အရှောက်များကို ကြည့်ရှုကာ စားနေဆဲသရက်သီးများပင် လွှတ်ကျသွားကြ၏။ ရောက်ရှိရာကိုင်းဖျားများမှ ဖြုတ်ခနဲဖြုတ်ခနဲ ဆင်းသက်ကာ အလယ်ကောင်ကိုင်းကြီးဆီသို့ စုဝေးသွားကြ၏။ထိုကိုင်းကြီး၏ခွကြား၌ သူတို့ခေါင်းဆောင်မျောက်ကြီးသည် သရက်သီးများကို ဣန္ဒြေမပျက်စားနေ၏။ လက်အောက်ငယ်သား မျောက်များ၏ပြောကြားချက်တို့ကိုငြိမ်သက်စွာနားထောင်နေ၏။ သူ့၏ဘေးနားမှာလည်း သူ့လောက်နီးနီးကိုယ်ခန္ဓာရှိသော မျောက်ကြီးတစ်ကောင်ရှိနေပေသည်။

အတန်ကြာသောအခါ ခေါင်းဆောင်မျောက်ကြီးသည် မျောက်ငယ်များအား တစ်စုံတစ်ရာ ပြောကြားလိုက် ပြီးလျှင် ခေါင်ကိုင်း၏အထက်ဖျားသို့ တက်သွား၏။တစ်ဆက်တည်းမှာပင် ထိုနေရာမှ စုံကန်၍ခုန်ထွက်လိုက်ရာ မြစ်တစ်ဖက်ကမ်းသို့ ရောက်သွားလေတော့၏။

ဗြဟ္မဒတ်မင်းကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါများမှာ 'ဟာ' ခနဲဖြစ်သွားကြရ၏။ အစောင့်အရှောက်များက ကျန်အကောင်များပါ ခုန်ထွက်ကြမည်စိုး၍ လေးနှင့် ပစ်ရန် ဟန်ပြင်ကြ၏။ ဗြဟ္မဒတ်မင်းကြီးသည် သူတို့ကိုအချိန်မီ ဟန့်တားလိုက်ရ၏။ ခေါင်းဆောင်မျောက်ကြီး၏ ကြီးမား

လှသော စွမ်းပကားကို သူတအံ့တသြ ဖြစ်မိ၏။ ခေါင်းဆောင်မျောက်ကြီး၏ ထူးခြားလှသော အပြုအမူကို သူစိတ်ဝင်စားမိ၏။ ထို့ကြောင့် ခေါင်းဆောင်မျောက်ကြီး သွားရာနောက်သို့သာ လိုက်၍ ကြည့်နေမိတော့သည်။

မြစ်တစ်ဖက်ကမ်းသို့ ရောက်ရှိသွားသော မျောက်ကြီးသည် ချုံတစ်ခုပေါ်သို့ တက်ကာ ဤမှာဖက်ကမ်းဆီသို့ လှမ်းမျှော်ကြည့်နေ၏။ လက်နှစ်ဘက်ကိုလည်း ယမ်းမြှောက်ဆကာ တစ်စုံတစ်ရာကိုတိုင်းတာမှန်းဆ၍ နေဟန်ရှိ၏။ မကြာမီမှာပင် ချုံမှ ခုန်ဆင်းကာ ခိုင်မာလှသော နွယ်ကြိုးကြီးကို ကိုက်၍ ဖြတ်ယူလေတော့သည်။

ခေါင်းဆောင်မျောက်ကြီးသည် မြစ်တစ်ဖက်ကမ်းသို့ လှမ်းမျှော်လိုက်၊ ရရှိထားသော နွယ်ကြိုးများကိုတိုင်းတာကြည့်လိုက်ဖြင့်စိတ်တိုင်းကျဆက်ပြီးသောအခါ နွယ်ကြိုးတစ်စကို မိမိခါးမှာ ချည်လိုက်၏။ အခြားကြိုးတစ်စကို မြင့်မားလှသော သစ်ပင်ထိပ်ဖျားသို့ တက်၍ ချည်လိုက်၏။ ထို့နောက် ထိုသစ်ပင်ထိပ်ဖျားမှ တစ်ဆင့် ဤမှာဘက် သရက်ပင်ဆီသို့ လွှားခနဲ ခုန်လာလေတော့သည်။

ဤမှာဘက် ကမ်းမှ ပရိသတ်များမှာ 'ဟာ' ခနဲ ဖြစ်ကြပြန်၏။ နွယ်ကြိုးကြီး တန်းလန်းနှင့် ခုန်လွှားလာခဲ့သော မျောက်ကြီးကို တွေ့လိုက်ရခါမှ သူ့ရည်ရွယ်ချက်ကို သဘောပေါက်လာကြ၏။ မြင့်မြတ်လှသော ရည်ရွယ်ချက်ကို ချီးကျူးရန် ဟန်ပြင်လိုက်တုန်းမှာပင် နောက်ဘစ်ခါ 'ဟာ' ကြရပြန်ပေသည်။

ဟိုမှာ ဘက်ကမ်းတုန်းက ခေါင်းဆောင် မျောက်ကြီးသည် ဤသရက်ပင်အထိ ခရီးတာအကွာအဝေးကို မှန်းဆ၍ တိုင်းတာခဲ့၏။ သို့ရာတွင် သူ့ခါးမှာ ချည်နှောင်ရမည့် အတိုင်းအတာကိုကား ထည့်၍ တွက်ခဲ့ဟန်မတူပေ။ သို့ဖြစ်၍ ခေါင်းဆောင် မျောက်ကြီးသည် သရက်ပင်ပေါ်အထိ ရောက်မလာနိုင်တော့ဘဲ မီရာအကိုင်းကိုသာ လှမ်း၍ ဆွဲထားလိုက်ရလေတော့သည်။

ကာယစွမ်းအား ကြီးမားသန်စွမ်းလှသည့်နှင့်အမျှ မြင့်မြတ်လှသော ရည်ရွယ်ချက်ဖြင့်အသက်ဆံဖျားကြိုးစားနေသော ခေါင်းဆောင်မျောက်ကြီးကို ပရိသတ်များကတစ်ခဲနက်ချီးကျူးကြရ၏။ စွဲကိုင်ထားသောလက်နက်များကို ပစ်ချကာ သြဘာလက်ခုပ်များပေးကြရ၏။

ထိုအခိုက်မှာပင် ခေါင်းဆောင် မျောက်ကြီးသည် လက်အောက်ငယ်သားမျောက်အများအားလှမ်း၍အမိန့်ပေးလိုက်၏။ ဤတွင် မျောက်

များသည် ခေါင်းဆောင်မျောက်ကြီးရှိရာသို့ လာရောက်၍ အရိုအသေပေးပြီးလျှင် ခေါင်းဆောင်မျောက်ကြီး၏ကိုယ်ပေါ်မှတစ်ဆင့် ကြိုးတန်းကို တွဲလဲခိုကာ ဟိုမှာဘက်ကမ်းသို့ လျှောက်သွားကြလေသည်။

ကြိုးတန်းပေါ်၌ မျောက်တွေများလာလေလေ ခေါင်းဆောင်မျောက်ကြီး၏ခါးမှာချည်နှောင်ထားသောကြိုးကတင်းကျပ်လာလေ။ သို့ရာတွင်ခေါင်းဆောင်မျောက်ကြီးသည် ဝေဒနာကိုအံကြိတ်ခံကာ မြဲမြံစွာပင်ဆွဲကိုင်ထား၏။ အရေအတွက်များလှစွာသော မျောက်များသည် စနစ်တကျတန်းစီကာတစ်ကောင်ပြီးတစ်ကောင်ခေါင်းဆောင်မျောက်ကြီးရှိရာသို့ ရွှေ့လျားနေကြလေသည်။

သို့ရာတွင် သူတို့အထဲမှာ ကိုယ်ခန္ဓာအကြီးထွားဆုံးမျောက်ကြီးကတော့သူတို့လိုမဟုတ်ချေ။ အခြားမျောက်များနှင့်အတူလိုက်ပါမသွားဘဲ ခေါင်းဆောင်မျောက်ကြီးအထက်မှာအုပ်မိုးနေသောကိုင်းတစ်ကိုင်းပေါ်သို့သာ တစ်ကောင်တည်း တက်သွား၏။ သူကား ဤမျောက်အုပ်ထဲတွင် ခေါင်းဆောင်မျောက်ကြီးပြီးလျှင် ကိုယ်ခန္ဓာ အကြီးထွားဆုံး ဖြစ်၏။ အကယ်၍သာ ခေါင်းဆောင်မျောက်ကြီး ကွယ်လွန်သွားပါက သူကိုယ်တိုင် ခေါင်းဆောင်ခွင့်ရနိုင်ပေလိမ့်မည်။

ထို့ပြင် ထိုမျောက်ကြီးသည် ခေါင်းဆောင်မျောက်ကြီးအပေါ် တစ်စုံတစ်ရာ မကျေချမ်းမှု ရှိနေခဲ့ဟန်တူ၏။ လက်အောက် ငယ်သားတို့ အသက်ရှင်ရေးအတွက်မိမိအသက်နှင့်လဲ၍ဆောင်ရွက်ပေးနေသည်ကိုပင် ကျေနပ်နိုင်ဟန် မတူချေ။ ခေါင်းဆောင်မျောက်ကြီးကိုကြည့်၍ရှုရင်း အံတကြိတ်ကြိတ်နှင့်ဖြစ်နေ၏။

ဤသို့ဖြင့် မျောက်ငယ်တွေရှိသမျှကူးသွားကြပြီး၍ မိမိအလှည့်သို့ ရောက်လာသောအခါ ထိုမျောက်ကြီးသည် သူ့နေရာမှ လွှားခနဲခုန်ချလိုက်၏။ တစ်ဆက်တည်းမှာပင်ခေါင်းဆောင်မျောက်ကြီး၏ ကျောကုန်းပေါ်သို့အရှိန်ပြင်းစွာရိုက်ခတ်လျက် ကျရောက်၏။ ထိုမှတစ်ဆင့်ကြိုးတန်းကို တွဲလဲခိုကာ ဟိုမှာဘက်ကမ်းသို့ ကူးသွား၏။

လက်အောက်ငယ်သား အားလုံးအတွက် အသက်ဘေးမှကယ်တင်ခဲ့သော ခေါင်းဆောင်မျောက်ကြီးမှာတော့ သရက်ကိုင်းဖျားတွင် တစ်ကောင်တည်းကျန်ရစ်တော့၏။ သူ့လက်နှစ်ဘက်သည်သရက်ကိုင်းဖျားကို ဆွဲမြဲဆွဲလျက်။ သူ့မျက်လုံးများသည် ပြူး ပြူးထွက်လျက်။ သူ့ ခံတွင်းမှ သွေးစိမ်းရှင်ရှင် ယိုစီးလျက်။

ဗြဟ္မဒတ်မင်းကြီးသည် ခေါင်းဆောင်စိတ်ဓာတ် ပြည့်ဝလှသော မျောက်ကြီးကို ချစ်ခင်မြတ်နိုးလှသဖြင့် ဖောင်ပေါ်မှာငြိမ်းဖွဲ့စေပြီးလျှင် ထိုဖောင်ဖြင့် ခေါင်းဆောင်မျောက်ကြီး၏အောက်သို့ လှော်ခတ်သွားစေ၏။ အောက်တည့်တည့်သို့ရောက်သောအခါ ခေါင်းဆောင်မျောက်ကြီး၏ ခါးမှကြိုးကိုဖြေကာ အသာအယာချလာစေ၏။

သို့ရာတွင် ခေါင်းဆောင်မျောက်ကြီးမှာ ထိုဒဏ်ရာများမှ သက်မရတော့ပါ။ ဗြဟ္မဒတ်မင်းကြီး၏ပြုစုယုယမှုကို ခံယူရင်း ကွယ်လွန်သွားသာခြင့် ရှာပါတော့သည်။

(သတ္တကနိပါတ် မဟာကပိဇာတ်)

မဟာကပိဇာတ်၊ သတ္တကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ဗြဟ္မဒတ်မင်း | = | အရှင်အာနန္ဒာ။ |
| မျောက်ဆိုးကြီး | = | ဒေဝဒတ်။ |
| မျောက်မင်း | = | မြတ်စွာဘုရား။ |

## ပိုင်းပါ မြွတ်ပါ တူးဖို့ပါ

ဇမ္ဗူဒိပ် ကျွန်းတစ်ခွင်လုံးရှိ ထီးဆောင်းမင်း အပေါင်းတို့သည် ရှေးရိုးစဉ်လာအတိုင်း ဆောက်လုပ်ထားသောနန်းပြာသာဒ်အသီးသီး၌ စိုးစံကြကုန်၏။ ဗာရာဏသီမြို့တော်၌ထီးနန်းစိုးစံသောဗြဟ္မဒတ်မင်းသည်ကား သူတို့နှင့်မတူ တစ်မူထူးခြားစွာ စိုးစံလို၏။ သူတို့ထက်ပိုကဲ၍ဂုဏ်ယူဝင့်ကြွားလို၏။

သို့ဖြစ်၍ ရွှေနန်းတော်သုံး လက်သုံးလက်သမားများကို ခေါ်ယူပြီးလျှင်....

"မောင်မင်းတို့၊ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်မှာရှိနေကြတဲ့မင်းများကတော့ တိုင်များစွာပါဝင်တဲ့ နန်းပြာသာဒ်များမှာသာ စံစားနေကြရတယ်။ ငါ ကိုယ်တော်အရှင်မြတ်ကတော့သူတို့လိုမစံစားချင်ဘူး၊အများတကာနဲ့မတူ တစ်မူထူးခြားသွားအောင် တစ်ပင်တိုင်နန်းပြာသာဒ်နဲ့ စံစားချင်တယ်။ ဒါကြောင့် ရှုချင်စဖွယ် တင့်တယ်ကောင်းမြတ်တဲ့ တစ်ပင်တိုင် နန်းပြာသာဒ်ကို ဆောက်ပေးကြပေတော့"

"အမိန့်တော်မြတ်အတိုင်းပါဘုရား"

အမိန့်တော်သံကိုနာခံပြီးလျှင်လက်သမားတို့သည် နန်းပြာသာဒ် အတွက်သင့်လျော်မည့်တိုင်ကို လှည့်လည်ရှာဖွေကြ၏။နန်းပြာသာဒ် တစ်

ဆောင်လုံးကိုတိုင်တစ်လုံးတည်းထု၍ ဆောက်လုပ်ရမည်ဖြစ်ရာ ထိုတိုင်မှာ ထူးထူးခြားခြားဖြောင့်ဖြူးဖို့လည်းလို၏။အမျိုးအစားကောင်းမွန်ဖို့လည်း လို၏။ တောတကာ တောင်တကာ လှည့်လည် ရှာဖွေသဖြင့် ထိုဂုဏ်အင်္ဂါ နှစ်မျိုးလုံးနှင့်ပြည့်စုံနေသော သစ်ပင်ကြီးများကိုကား တွေ့ရပါ၏။သို့ရာတွင်ရွှေနန်းတော်ထိအောင်သယ်ဆောင်ဖို့ကားမလွယ်ကူပေ။ထိုမျှလောက်ကြီးမား၍ ရှည်လျားသောသစ်ဖြင့် လျှိုမြောင်အထပ်ထပ်ကို ဖြတ်ကျော်ရန် မဖြစ်နိုင်ပေ။

သို့ဖြစ်၍ လက်သမားများသည် ရွှေနန်းတော်သို့ဝင်ရောက်၍ ဤအကြောင်းကို လျှောက်တင်ကြလေရာ....

''မောင်မင်းတို့၊ တစ် နည်း နည်း နဲ့ မရ ရအောင်ကြံဆောင်ကြစမ်းပါ''

''မှန်လှပါ၊ ဘယ်နည်းနဲ့မှ မရနိုင်ကြောင်းပါဘုရား''

''အေး–ဒါဖြင့်ရင်ရှိစေတော့၊ တောထဲကသစ်ကို သယ်ယူလို့မရနိုင်တာဖြင့် ငါ့ဥယျာဉ်တော်ထဲမှာ ရှာကြည့်ကြပေတော့''

ဤအမိန့်တော်အရ ဥယျာဉ်တော်သို့ဝင်ကြည့်ကြသောအခါ ဂုဏ်အင်္ဂါနှစ်မျိုးလုံးနှင့်ပြည့်စုံသောသစ်ပင်ကြီးကိုတွေ့ကြရ၏။ထိုသစ်ပင်ကြီးမှာ အရပ်မြင့်မားသည်နှင့်အမျှ အလုံးထွားကျိုင်းလှ၏။ အရင်းမှစ၍ ကိုင်းဖျားအထိ တဖြူးတဖြောင့်တည်း တည်ရှိနေ၏။ အင်ကြင်းပင် ဖြစ်သဖြင့် သစ်ကောင်းသစ်မာ စာရင်းဝင်လည်း ဖြစ်ပေသည်။

သို့ရာတွင် ထိုသစ်ပင်ကြီးကား သာမန်တောစိုးသစ်ပင်ကြီးမဟုတ်ပေ။ ထိုသစ်ပင်ကြီးအောက်တွင် နေ့စဉ်နှင့်အမျှ ပန်းပေါင်းစုံတို့ဝေဆာနေ၏။နံ့သာမျိုးစုံသင်းထုံနေ၏။ ညချမ်းအချိန်တွင် ဆီမီးရောင်ထိန်ထိန်လင်းနေ၏။ တံခွန်ကုက္ကားမုလေးပွား စသောပူဇော်ဖွယ်ပစ္စည်းဟောင်းများနေရာတွင် အသစ်အသစ်တို့ ရောက်လာကြ ရလေသည်။

ဤသို့မြို့သူမြို့သားအများစုကပူဇော်ပသနေကြသကဲ့သို့ပင်ရွှေနန်းတော်ကြီးမှလည်း ပူဇော်ပသဖွယ် ပစ္စည်းများ ရောက်လာကြ၏။ ထို့ကြောင့် ထိုအင်ကြင်းပင်ကြီးကို မင်္ဂလာ အင်ကြင်းပင်ဟု သတ်မှတ်၍ထားကြရပေသည်။

တစ်ပင်တိုင်နန်းဖြင့် စံမြန်းချင်စိတ် ထက်သန်နေသော ဗြဟ္မဒတ်မင်းသည် ထိုမင်္ဂလာအင်ကြင်းပင်ကိုလည်းချမ်းသာခွင့်မပေးနိုင်ပေ။ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်လုံးရှိ မင်းအပေါင်းအား ကောင်းကောင်းကြီး ဂုဏ်ယူဝင့်ကြွားနိုင်ဖို့သာ အရေးကြီး၏။ သို့ဖြစ်၍....

''မောင်မင်းများ၊ ငါ့ဥယျာဉ်တော်မှာရှိနေတဲ့သစ်ပင်ဟာ ငါလို ရာသုံးဖို့သာဖြစ်တယ်။ ဒါကြောင့် အဲဒီသစ်ပင်ကြီးကိုသွားပြီးခုတ်လှဲကြ ပေတော့။

ဤသို့အမိန့်တော်ချမှတ်လိုက်သဖြင့်လက်သမားတို့သည် ဥယျာဉ် တော်သို့လာရောက်ကာ မင်္ဂလာအင်ကြင်းပင်ကြီးကို နံ့သာပျောင်းဖြင့် လက်ငါးချောင်းရာထင်အောင်လိမ်းပေးကြ၏။ပတ်ပတ်လည်တွင်မင်္ဂလာ ချည်များဖြင့် ဝန်းရံကြ၏။ ပင်စည်ပေါ်မှာ ပန်းကုံးများချိတ်ဆွဲကြ၏။ ဆီမီးများညှိထွန်းကြ၏။ဤသို့ပူဇော်ဖွယ်ကိစ္စအဝဝကိုဆောင်ရွက်ပြီးမှ—

''အို—အင်ကြင်းပင်စောင့်နတ်၊ မင်းကြီးက အမိန့်ချမှတ်ပြီးပြီမို့ ခုနစ်ရက်လည်တဲ့အခါ ဒီသစ်ပင်ကြီးကို ခုတ်လှဲရပေတော့မယ်။ ဒီအချိန် အတွင်းမှာ အသင်အင်ကြင်းပင်စောင့်နတ်လဲ လွတ်ရာကျွတ်ရာ ထွက်ခွာ ပေတော့။ မထွက်ခွာလို့ထိမိခိုက်မိရင်တော့ ကိုယ့်ထိုက်နဲ့ကိုယ့်ကံပဲအောက် မေ့ပေတော့''

ဤသို့ထုံးတမ်းစဉ်လာအတိုင်း ပြောဆိုပြီးလျှင် လက်သမားများ နန်းတော်သို့ပြန်သွားကြ၏။တစ်ပင်တိုင်နန်းပြာသာဒ်ဆောက်လုပ်ရေးကိစ္စ အဝဝကိုပြင်ဆင်ကြ၏။ဆောက်လုပ်မည့်တစ်ပင်တိုင်နန်းပြာသာဒ်၏ ပုံစံ ကို အမျိုးမျိုးရေးဆွဲ၍ တင်ပြကြ၏။ ဗြဟ္မဒတ်မင်းသည် စိတ်တိုင်းကျ ပုံစံကို ရွေးချယ်ပြီးလျှင် ဆောက်လုပ်မည့်နေရာကို သတ်မှတ်ပေး၏။

လက်သမားများပြန်သွားကြ၍ ညစာ စားသုံးရသည်တွင်လည်း ဗြဟ္မဒတ်မင်းသည် တစ်ပင်တိုင်နန်းပြာသာဒ်ကိုသာ မြင်ယောင်နေ၏။ မင်္ဂလာရှိသော အိပ်ရာတိုက်ခန်းသို့ဝင်ချိန်မှာလည်း ထိုစိတ်ဇောတို့သာ စောနေကြလေသည်။

ဤသို့ဖြင့် နံ့သာဆီမီးတိုင်များအားလုံးကို ငြိမ်းသတ်၍စက်တော် ခေါ်ခဲ့ရာသန်းခေါင်ယံအချိန်သို့အရောက်တွင်တိုက်ခန်းဆောင်တစ်ခုလုံး ထိန်ထိန်ဝင်း၍ လာလေတော့သည်။

အလင်းရောင်ကြောင့်နိုးလာသောဗြဟ္မဒတ်မင်းသည် ရုတ်တရက် အိပ်ရာမှထ၍ကြည့်လိုက်ရာ အလင်းရောင်ထွက်ပေါ်လာသည့်အရာဝတ္ထု ကို တွေ့လိုက်ရ၏။ ထိုအရာဝတ္ထုမှာ သက်ရှိပုဂ္ဂိုလ်ဖြစ်၍ စင်ကြယ်တောက် ပသော အဆင်တန်ဆာများ ဝတ်ဆင်ထား၏။ စက်တော်ခေါ် သလွန် တော်၏ ခေါင်းရင်းကျကျတွင် အထက်ကောင်းကင်မှာ ရပ်တည်လျက် ရှိလေသည်။

မမြင်စဖူး ထူးကဲလှသောမြင်ကွင်းကြောင့် ဗြဟ္မဒတ်မင်းမှာထိတ်လန့်တကြား ဖြစ်သွားရ၏။ သို့ရာတွင် ရာဇဣန္ဒြေကိုကား ပျက်မသွားအောင် ထိန်းချုပ်လျက် ထိုပုဂ္ဂိုလ်ကို အကဲခတ်လိုက်ရာ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ငိုကြွေးနေသည်ကို တွေ့လိုက်ရ၏။ ဤတွင်မှ စောစောကကြောက်စိတ်များ ပြေပျောက်သွားကာ....

''အချင်း၊ သင်ကဘယ်သူလဲ။ ဘာ့ကြောင့်ငိုကြွေးနေရပါသလဲ။ ဘယ်လိုဘေးအန္တရာယ်နဲ့တွေ့နေရပါသလဲ''ဟု မေးမြန်းလိုက်လေရာ....

''အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့နိုင်ငံတော်မှာ ငါ့ကို အင်ကြင်းပင်စောင့်နတ်လို့ လူအပေါင်းတို့သိထားကြတယ်။ လူအပေါင်းတို့ရဲ့ပူဇော်ပသမှုကို ခံယူလာရတာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ရှေးရှေးတုန်းကမင်းများနန်းပြာသာဒ်အမျိုးမျိုး ဆောက်လုပ်ကြပေမယ့် ငါ့ဗိမာန်ကိုတော့ မဖျက်ဆီးခဲ့ကြပါ။ ရှေးမင်းများကပူဇော်ခဲ့ကြသလို သင်မင်းမြတ်ကလဲ ပူဇော်စေချင်ပါတယ်''

ဤသို့ အင်ကြင်းပင်စောင့်နတ်က တောင်းပန်စကားပြောကြားပါသော်လည်း ဗြဟ္မဒတ်မင်းက လက်မခံနိုင်သဖြင့်....

''အချင်း အင်ကြင်းပင်စောင့်နတ်၊ သင့်ဗိမာန်နဲ့ယှဉ်ပြီး အလုံးအရပ်ကြီးထွားမြင့်မားတဲ့ အခြားသစ်ပင်ကို ငါမတွေ့ရပါ။ ဒါ့ကြောင့်သင့်ဗိမာန်ဖြစ်တဲ့ အင်ကြင်းပင်ကြီးကိုခုတ်လှဲပြီး ‌တစ်ပင်တိုင်နန်းပြာသာဒ်ဆောက်ရလိမ့်မယ်။ ဒါပေမယ့် သင်မစိုးရိမ်ပါနဲ့၊ အဲဒီနန်းပြာသာဒ်ဆောင်မှာပဲ သင့်ကိုပင့်ဆောင်ထားပါ့မယ်''

''အရှင်မင်းကြီး၊ ငါ့ရဲ့အသက်ဟာ ငါ့ဗိမာန်နဲ့ကင်းပြီးမတည်နိုင်ပါဘူး။ ငါ့ဗိမာန်ကြီး လဲကျသွားတာနဲ့တစ်ပြိုင်နက် ငါလဲ အသက်ဆုံးရတော့မှာပါ၊ ဒီတော့ တားမရလို့ ခုတ်လှဲမှာကေန်ဆိုရင်တော့ တစ်ခုတောင်းပန်ပါရစေ။ ငါ့ဗိမာန်ကိုခုတ်လှဲတဲ့အခါ ပထမဦးစွာ အကိုင်းအခက်များကိုချိုင်ချစေလိုပါတယ်။ နောက်တစ်ခါ အလယ်ပိုင်းကို ဖြတ်ချစေလိုပါတယ်။အဲဒါတွေပြီးခါမှ အမြစ်ရင်းက ဖြတ်ချစေလိုပါတယ်''

''အချင်း အင်ကြင်းပင်စောင့်နတ်၊ အသက်ရှင်နေသူ တစ်စုံတစ်ယောက်ကို တစ်ချက်တည်းနဲ့ အသက်ထွက်အောင် မသတ်လိုက်သေးဘဲ လက်များ၊ခြေများနဲ့နှာခေါင်းတို့ကိုဖြတ်ပြီးမှ သတ်မယ်ဆိုရင် အင်မတန်ဆင်းရဲလှပါတယ်။ ဒီလိုဖြစ်ပါလျက်နဲ့ သင့်ဘုံဗိမာန်ကို အဖျားပိုင်းက

ဖြတ်ပြီးမှ အသေခံရဟာဟာ သက်တောင့်သက်သာရှိပါဦးမလား။ ဘယ်လိုအကြောင်းကြောင့် အဖျားပိုင်း စပြီးဖြတ်ဖို့ အလိုရှိရပါသလဲ''

''အရှင်မင်းမြတ်၊ ငါတို့ရဲ့အဆွေအမျိုးများဖြစ်ကြတဲ့ နတ်များကလဲငါ့ပတ်ဝန်းကျင်မှာဘုံဗိမာန်အသီးသီးနဲ့နေထိုင်ကြပါတယ်။ သူတို့ရဲ့ဘုံဗိမာန်များကလဲ ခက်လက်ဝေဆာ စိမ်းစိုစွာကြီးထွားလျက် ရှိနေကြပါတယ်။ ဒါကြောင့် ငါ့ဗိမာန်ကိုသာ အမြစ်ရင်းက တစ်ချက်တည်းနဲ့လှဲချလိုက်ရင် ပတ်ဝန်းကျင်ကအပင်တွေကို ထိခိုက်သွားပါ့လိမ့်မယ်။ အပင်တွေကို ထိခိုက်ရင် အပင်စောင့်နတ်တွေ ဒုက္ခရောက်ကြရပါလိမ့်မယ်။ ဒါကြောင့် ပတ်ဝန်းကျင်က အပင်တွေကို မထိခိုက်ရအောင် အဖျားကိုင်းက စပြီး ဖြတ်ချပေးဖို့ တောင်းပန်ရပါတယ်''

အင်ကြင်းပင်စောင့် နတ်က ဤသို့ အကျိုးသင့် အကြောင်းသင့် ရှင်းလင်း လျှောက်တင်လိုက်သောအခါ ဗြဟ္မဒတ်မင်းက အားရ ကျေနပ်လှသဖြင့်....

''အချင်းအင်ကြင်းပင်စောင့်နတ်၊ သင်ဟာ ကြောင့်ကြသင့်တဲ့အရာမှာ ကြောင့်ကြစိုက်တတ်ပါပေတယ်။ ဆွေမျိုးတို့ရဲ့အကျိုးစီးပွားကိုလိုလားတတ်ပါပေကယ်။ ဒါကြောင့် သင့်ကို ဘေးမဲ့ပေးလိုက်ပါတယ်''

ဤသို့ဝန်ခံစကားမြွက်ကြားပြီးလျှင် ခုတ်လှဲရန်စေခိုင်းထားသော အမိန့်ကို ပြန်၍ ပယ်နှုတ်လိုက်လေသည်။

(ဒွါဒသနိပါတ၊ ဘဒ္ဒသာလဇာတ်)

ဘဒ္ဒသာလဇာတ်၊ ဒွါဒသနိပါတ် ဇာတ်ပေါင်းသော်

ဗြဟ္မဒတ်မင်း = အရှင်အာနန္ဒာ။
အင်ကြင်းပင်စောင့်နတ် = မြတ်စွာဘုရား။

# နေရှု ရွှေတောင်

စိတ္တကူဋ်တောင်တွင် ဟင်္သာညီနောင်တို့ နေကြလေသည်။ သူတို့၏ အမွေးအတောင်တို့သည် ပကတိရွှေအဆင်းကဲ့သို့ ဝါဝါဝင်းနေကြ၏။ မည်သည့်ငှက်နှင့်မျှမတူ တစ်မူထူးခြားစွာလှပကြ၏။ သူတို့ညီနောင်သည် နေထိုင်ရာ စိတ္တကူဋ်တောင်မှ ဟိမဝန္တာသို့နေ့စဉ်သွားကာ အလိုလိုပေါက်သော သလေးစပါးများကို စားကြလေသည်။

တစ်နေ့သောအခါ ဟိမဝန္တာမှပြန်လာကြရာ ခါတိုင်းလာနေကျ လမ်းမှမဟုတ်၊ အနည်းငယ်လမ်းကွေ့၍ လာခဲ့ကြ၏။ လမ်းကြောင်းပြောင်းသော် ခါတိုင်းမြင်နေကျမြင်ကွင်းများ မဟုတ်တော့ဘဲ မြင်ကွင်းသစ်များကိုမြင်ကြရ၏။ အသစ်ဖြစ်သောမြင်ကွင်းများတွင် အထူးခြားဆုံးမှာကား ဝါဝါဝင်းနေသော ရွှေတောင်တစ်ခုပင် ဖြစ်ပေသည်။

ရွှေဟင်္သာညီနောင်တို့သည် ရွှေတောင်ထိပ်မှာ နားလိုက်ကြ၏။ မမြင်စဖူး ထူးခြားလှသော ထိုရွှေတောင်ကို ညီငယ်သည် တအံ့တသြဖြစ်နေမိ၏။ ဤလို အသရေတင့်လှစွာသော ရွှေတောင်မှာ အသက်ထက်ဆုံး နေရလျှင် ကောင်းပေစွဟု အောက်မေ့လိုက်မိ၏။

သူတို့ညီအစ်ကို နားနေစဉ်မှာပင် အခြားအခြားသောငှက်အမျိုးပေါင်းမြောက်မြားစွာတို့သည် ထိုရွှေတောင်မှာ ဝင်ရောက်ကာ နားလာ

ကြ၏။ စောစောက မိမိတို့ ပင်ကိုအရောင်အသွေး အမျိုးမျိုးရှိခဲ့ကြသော ငှက်တို့သည် ရွှေတောင်၏အရောင်ဟပ်ကာအားလုံးရွှေရောင်ချည့်ဖြစ်ကုန်ကြတော့၏။ ထို့အတူ ကျား၊ ခြင်္သေ့ စသော ရက်စက်ကြမ်းကြုတ်သည့် သားကောင်များနှင့် အယုတ်ညံ့ဆုံး မြေခွေးတို့သည်ပင် ရွှေရောင်အဆင်းနှင့် ဝါဝင်း၍ နေကြပေသည်။

''ဒီတောင်ကိုရောက်လာတယ်ဆိုရင် အားလုံးကုန် သတ္တဝါတွေဟာ ရွှေရောင်ချည်း ဖြစ်ကုန်ရတာပဲ အစ်ကို။ ဒီတောင်ရဲ့ နာမည်က ဘယ်လိုများ ခေါ်ပါသလဲ''

ညီငယ်က မေးလိုက်၏။

''လူတို့ အခေါ်အားဖြင့် ဒီတောင်ဟာ နေရုရွှေတောင်လို့ ခေါ်သကွယ့်။ ဒီတောင်မှာ နေသမျှသတ္တဝါတွေဟာ အယုတ်အလတ် အမြတ် မရွေး အားလုံး ရွှေဝါရောင်ချည့်ပဲ ဖြစ်ကြတယ်''

အစ်ကို ဟင်္သာ အဖြေပေးလိုက်လျှင် ညီငယ်သည် ဘဝင်ကျရမည့်အစား 'ဟင်း'ဟုပင် သုန်မှုန်မှုတ်ထွက်သွားမိပေသည်။ ထိုမှဆက်လက်၍....

''အယုတ် အလတ် အမြတ် မရွေးဘဲ ချီးမြှောက်နေမှတော့ ဒီရွှေတောင်ဟာ ဘာအသုံးကျသေးသလဲ အစ်ကို။ လူတော်လူကောင်းကိုလဲ ထိုက်တန်အောင် နေရာပေးရကောင်းမှန်း မသိ။ လူ့ဘူးတောင်းကိုလဲ ဘူးတောင်းမှန်း မသိ။ ဒီလို ခွဲခြားရမှန်း မသိတဲ့ အရပ်မှာ မနေအပ်ဘူး အစ်ကို''

''အပျင်းထူသူနဲ့ တတ်ကျွမ်းသူ၊ ရဲရင့်သူနဲ့ သူရဲဘောကြောင်သူ၊ ဒါတွေကို ကိုယ်တိုင်ခွဲခြားနိုင်ပြီး ချီးမြှင့်ထိုက်သူကို ထိုက်ထိုက်တန်တန် ချီးမြှင့်ပါမှ နေထိုက်တယ်။ ခုတော့ ဒီနေရုရွှေတောင်ဟာ ဒီလိုမှမဟုတ်ဘဲကလား။ လာပါ အစ်ကိုရယ် သွားကြပါစို့''

ရွှေဟင်္သာ ညီနောင်တို့သည် နေရုရွှေတောင်ကို စွန့်ခွာကာ သူတို့နေရင်း စိတ္တကုဋ်တောင်သို့ ပျံသွားကြလေသည်။

(ဆက္ကနိပါတ် နေရုဇာတ်)

**နေရုဇာတ်၊ ဆက္ကနိပါတ် ဇာတ်ပေါင်းသော်**

ညီတော်ဟင်္သာ = အရှင်အာနန္ဒာ။

နောင်တော်ဟင်္သာ = မြတ်စွာဘုရား။

# ပြစ်မှားမှု

အရှိန်ပြင်းစွာ ပစ်လွှတ်လိုက်သော ဆိပ်လူးမြားသည် ပစ်ကွင်း၌ တည့်တည့်မတ်မတ် စိုက်ဝင်သွား၏။

သုမင်္ဂလသည် မြားစိုက်ရာသို့ တစ်လှည့် လေးနှင့်လက်ကိုတစ်လှည့် ကြည့်ရင်း ပီတိဖြစ်လိုက်မိ၏။ ဘုရင့်ဥယျာဉ်မှူးအဖြစ် တာဝန်ထမ်းဆောင်လာသည့်ဂစ၍ တစ်ခါမျှ မလွဲခဲ့ဖူးသော မိမိ၏ လက်များမှာ သည်ကနေ့တော့ ညွှဲ့သည်များ၏ အမှုတော်ကို ကျေပြွန်စွာ ထမ်းဆောင်လိုက်ကြပြီကော။

ညွှဲ့သည်တို့မှာ မိတ်ဆွေရင်းချာများ ဖြစ်၏။ ဝေးလံလှသော အရပ်မှ မိမိနှင့် တွေ့ချင် မြင်ချင်ဇော အားကြီးစွာဖြင့် တကူးတကန့် ရောက်လာခြင်း ဖြစ်၏။ မိမိမှာ ဘုရင့်အမှုတော်ကို ထမ်းရွက်နေရသဖြင့် နေရပ်ဒေသမှ မရွှေ့နိုင်၊ မရှားနိုင်။ တစ်နှစ်မှတစ်ခါ သူတို့တစ်တွေ ရောက်လာမှ တွေ့ရသည်။

ရောက်လာသည့်အခိုက် ထိုက်ထိုက်တန်တန် ကျွေးမွေးချင်ပါသော်လည်း အချိန်က မှဲ့နေပြီ။ နေဝင်ရီတရော အချိန်မှ ဆိုက်ရောက်လာကြသဖြင့် အမဲသားငါး ရှာဖို့မလွယ်။ ထို့ကြောင့် အချိန်မီရနိုင်မည့် နည်းကိုပဲ အသုံးပြုလိုက်ရ၏။ ဘုရင့်ဥယျာဉ်တော်တွင် ဘေးမဲ့ပေးထား

သည့် သမင်အပေါင်း များစွာရှိရာ ဥယျာဉ်စောင့်သုမင်္ဂလ တာဝန်ယူ၍ စောင့်ရှောက်ရ၏။ ယနေ့တော့ သူတို့အထဲက ကံဆိုးသူ တစ်ကောင်ကို အသုံးပြုလိုက်ရလေပြီ။

သည်ဥယျာဉ်မှာ လူ့ရပ်ရွာနှင့် တစ်သီး တသန့်ဖြစ်၏။ ဘုရင့်ဥယျာဉ်တော် ဖြစ်၍လည်း တာဝန်ရှိသူ များမှ အပ မြို့ သူ မြို့ သား တို့ မဏပ်နိုင်။ ဖြတ်သွား ဖြတ်လာ မပြုနိုင်။ သည်တော့ သုမင်္ဂလအဖို့ နောက်ဆံတင်းစရာ မလို။ သွေးစသွေးန မရှိအောင် သုတ်သင်၍ အရိုးအရေခွံနှင့် ချိမျှားကို ဖျောက်ဖျက်နိုင်လျှင် သမင်သားသည် ထမင်းမြိန်ရှိသာ ဖြစ်ပေလိမ့်မည်။

သုမင်္ဂလသည် သားကောင်ရှိရာသို့ ခပ်မှန်မှန် လျှောက်၍သွား၏။ မိမိ၏ လက်စွမ်းလက်စကို သိပြီးဖြစ်၍ အပြေးသွားနေစရာမလို။ သုမင်္ဂလ ပစ်လိုက်ပြီဆိုလျှင် ချက်ကောင်းကိုမှ။ သားကောင်တစ်ကောင်ကို မြား တစ်ချောင်းထက် ပို၍ သုံးရရိုး မရှိ။ ဆိပ်လူးမြားဖြင့် ထုတ်ချင်းခတ်နီးပါးမျှ အစူးခံထားရသော သားကောင်သည် သူရောက်လျှင် နေရာက ရွေ့ဖို့ဝေးစွ အသက်ပင် ကောင်းကောင်းမရှူနိုင်တော့။

ယခု သားကောင်မှာမူ သုမင်္ဂလ၏ ခြေသံကြားရသည်နှင့် လူးလာ၏။ သုမင်္ဂလသည် ကိုယ့်လက်ကိုယ် စိတ်ချထားသည့် ကြားမှ သံသယ ဝင်လာချင်သလိုလို။ သို့ရာတွင် သို့သံသယမှာ ချက်ချင်းပင် လွင့်ပျောက်သွားရချေတော့သည်။

"ဟဲ့....သုမင်္ဂလ"

ယခင်တုန်းကတော့ သံသယပျောက်သွားလျှင် ဝမ်းသာရစမြဲ။ ယခုသော်ကား ထိတ်လန့်တကြား ဖြစ်ရချေပြီ။

"သုမင်္ဂလ ရောက်လာပလား"

"တင်- တင်ပါ့ဘုရား"

မြားမှန်ထားသောသူမှာ သုမင်္ဂလထင်သလို သားသမင် မဟုတ်ပါချေတကား။ ဘုရင်မင်းမြတ် လေးစားကြည်ညိုလှသဖြင့် ဥယျာဉ်တော်တွင် ကိုးကွယ်ထားသည့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးပါတကား။

ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကြီးသည် လွန်ခဲ့သည့် သုံးရက်လောက်က ဆရပ်တစ်ပါးသို့ ကြွတော်မူခဲ့၏။ ဒါယကာ ဘုရင်မင်းမြတ် ထံသို့ပင် မိမိက ထိုအကြောင်းကို သံတော်ဦး တင်ရသေး၏။ ယနေ့ ဤအရှင်

မြတ်ကြီး ဘယ်အချိန်ကရောက်တော်မူနေသည် မသိ။ ဟင်းလျာအတွက် ဇောသန်ကာ ကြံမိကြံရာ ကြံလိုက်မိခါမှ ယခုတော့ ကိုယ်ကျိုးနည်းချေပြီ။

''သည်းခံတော်မူပါ အရှင်ဘုရား။ တပည့်တော် သမင်အမှတ်နဲ့ ပစ်မိပါတယ်''

တုန်တုန်ယင်ယင်ဦးတင်လျက် သုမင်္ဂလ လျှောက်ထားရ၏။

''ရှိစေတော့ သုမင်္ဂလ။ ပစ်မိပြီးမှတော့ ဘယ်တတ်နိုင်တော့မလဲ။ မြားကိုသာပြန်နှုတ်ပေးပါဘိ''

မြားကိုပြန်နှုတ်ရာတွင် မြားမှန်စဉ်ကထက် အဆပေါင်း ထောင်ချီ၍ပြင်းပြနာကြည်းသောဝေဒနာပေါ်လာရ၏။ သို့ရာတွင်အရှိန်ပြင်းစွာ မြားစိုက်လာစဉ်ကလည်းကောင်း၊ မြားနှုတ်ရာ၌လည်းကောင်း၊ အရှင်မြတ်ကြီး၏ ကိုယ်ခန္ဓာဝယ် နာကျင်သောဝေဒနာသည် နာကျင်သော ဝေဒနာမျှဖြင့်ပြီးဆုံးသွားကြ၏။ နာကျင်သောဝေဒနာနောက်၌စိုးရိမ်မှု ပူဆွေးမှုများ မဝင်လာ။ ဒေါသမျက်မာန်များ ထကြွမလာ။

တကယ်ဆိုမူ အရှင်မြတ်ကြီး၏ကိုယ်ခန္ဓာကိုသာလျှင် ဒုက္ခဝေဒနာတို့ နှိုင်စက်နိုင်သည်။ စိတ်သန္တာန်တော်သည် ညစ်ကြေးမထင် ကြည်လင်သန့်ရှင်းပြီးဖြစ်၍ ဒုက္ခအပေါင်းမှ ကင်းလွတ်နေ၏။

ဆရာမရှိ မိမိအလိုလို တရားပေါက်ရာ၌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့နှင့် အတူတူပင်ဖြစ်၏။ သို့ရာတွင်—သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့ကဲ့သို့ အကိုင်းအခက် ဝေဝေဆာဆာမရှိ။ သာသနာတော် စည်ပင်ပြန့်ပွားခြင်းမရှိ။ မိမိသိမြင်ထားသော တရားသည် မိမိကိုယ်တိုင် ချမ်းသာရေးအတွက်သာဖြစ်၍ ဝေနေယျသတ္တဝါတို့ကို တရားပြသ၍ ကျွတ်တမ်းဝင်စေရန် စိတ်မသန်ကြချေ။ ကိုယ့်တရားနှင့်ကိုယ် အသီးတည်းနေသွားကြသော ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပေသည်။

သုမင်္ဂလလက်တွင်း၌ မြားပါသည်နှင့်တစ်ပြိုင်နက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ထိုင်ရာမှလဲကျ၍သွား၏။ ဝေဒနာကို မည်းမည်ညူ ခံစားရင်း အရှင်မြတ်ကြီး၏ နှလုံးဘဝင်သည် ရပ်တန့်၍သွား၏။ မီးစာကုန်၍ ဆီခန်း၍ ငြိမ်းသွားသောဆီမီးသည် နောက်ထပ်တောက်လောင်စရာမရှိတော့သဖြင့် ငြိမ်းသွားခြင်းသာလျှင်ဖြစ်၏။ မည်သည့်အနာဂတ်အာရုံကိုမှ တမ်းတမျှော်လင့်ခြင်းမရှိတော့သည့် အရှင်မြတ်ကြီး၏ ရုပ်နာမ်ခန္ဓာ

တို့မှာလည်း နောက်ထပ်ခရီးဆက်စရာ မရှိတော့သဖြင့် ငြိမ်းသွားခြင်း သာလျှင် ဖြစ်ဘိ၏။

''အင်း....ငါ့နှယ် မိုက်မှမိုက်မိလေခြင်း''

ပစ္စေကဗုဒ္ဓါအရှင်မြတ်ကြီးခန္ဓာဇာတ်သိမ်း၍သွားပြီဖြစ်သော်လည်း သုမင်္ဂလမှာတော့ နှလုံးစိတ်ဝမ်း ပင်ပန်းနေရဆဲသာဖြစ်၏။ တရားရှင်က တရားသဘောဖြင့် ခွင့်လွှတ်နိုင်ငြားသော်လည်း သက်ဦးဆံပိုင်ဘုရင်မင်းမြတ်ကတော့ ခွင့်လွှတ်လိမ့်မည် မဟုတ်ပါချေတကား။

သုမင်္ဂလအတွေး ပြေးကြည့်သည်ထက် မှန်လှ၏။ အလောင်းတော်ကို ကောင်းမွန်စွာသင်္ဂြိုဟ်၍ စေတီတည်ထားပြီးသည့်တိုင် ဘုရင်မင်းမြတ်မှာ ဆောက်တည်ရာမရနိုင်သေး။ မြတ်နိုးအပ်သော ရတနာ ပျောက်ပျက်ခဲ့ရလေပြီ။ လေးစားအပ်သော ရွှေတောင်ကြီး ရုတ်တရက်ပြိုလဲရချေပြီ။ ဤသို့သော အသိဖြင့် ဘုရင်မင်းမြတ်နှင့်တကွ နန်းတော်ကြီးတစ်ခုလုံး ဝမ်းနည်းကြေကွဲကြရဆဲဖြစ်၏။ မဆင်မခြင် မိုက်တွင်းနက်ရန်ကောဟု ဥယျာဉ်မှူးအပေါ်၌ ဒေါသအမျက် ချောင်းချောင်း ထွက်ရဆဲဖြစ်၏။ ဒေါသနောက်သို့ မိမိ၏အမိန့်အာဏာ ထက်ကြပ်ပါမသွားရလေအောင် ဘုရင်မင်းမြတ်မှာ မနည်းကြိုးစားယူရ၏။ မင်းပြစ်မင်းဒဏ် ကြောက်ရွံ့၍ တောစွန်ရွာနားသို့ ရှောင်ပြေးလေသော သုမင်္ဂလအား လိုက်လံဖမ်းဆီးခြင်းမပြုဘဲ လျစ်လျူရှုထားရ၏။

တစ်နှစ်ခန့်ကြာသောအခါ သုမင်္ဂလသည် ဘုရင့်မြို့တော်သို့ရောက်လာ၏။ သို့ရာတွင် ဘုရစ်ရွှေတော်သို့ကား ကိုယ်တိုင်မဝင်ရဲသေးပေ။ မိတ်ဆွေရင်းချာဖြစ်သော ရွှေတိုက်စိုးဝန်ကြီးကသာ သုမင်္ဂလအကြောင်းကို စကားစပ်ဟပ်၍ လျှောက်တင်ရ၏။ ဘုရင်မင်းမြတ်မှာ ပြီးခဲ့သောကိစ္စအတွက်စိတ်အနှယ်မထိုင်သေး။ သုမင်္ဂလကို စစ်ဆေးမေးမြန်းပါကဒေါသ မွန်၍ လက်လွန်သွားမိမှာသေချာ၏။ ထို့ကြောင့် ရွှေတိုက်စိုးဝန်ကြီး၏ စကားကို မကြားဟန်ပြု၍သာ နေထိုင်လိုက်ရတော့သည်။

''သူငယ်ချင်းရေ၊ အမျက်တော်ပြေဟန် မတူသေးဘူးကွ''

ရွှေတိုက်စိုးဝန်ကြီးက သုမင်္ဂလထံသို့ အကြောင်းစုံပြန်၍ ရှင်းပြရ၏။

''ပြေချိန်တန်တော့ ပြေရမှာပေါ့သူငယ်ချင်းရာ။ နောက်တစ်နှစ်လောက်ကြာတော့ တစ်ခါကြိုးစားသေးတာပေါ့''

သို့သော် ထိုနှစ်မှာလည်းဘုရင်မင်းမြတ်၏စကားပြန်ကို မရခဲ့ချေ။ ဥယျာဉ်တော်ရောက်၍ဟာလာဟင်းလင်းဖြစ်နေသောကျောင်းသခ်မ်းကို

မြင်လေတိုင်း သူ့ရင်ထဲမှာဟာသွားရ၏။ သွေးစွန်းခဲ့သော ကျောက်ဖျာ ရောက်လျှင် သူ့စိတ်ဘဝင်တို့ တင်းမာ၍သွားကြရ၏။ ဤသို့ရှိခိုက်တွင် သုမင်္ဂလမျက်နှာမြင်ရပါက ပြင်းထန်လွန်းလှသော မင်းအာဏာကို သုံးမိပေလိမ့်မည်။

သုံးနှစ်မြောက်သော အခါတွင်ကား ဘုရင်မင်းမြတ်၏ စိတ်နှလုံး တို့ တည်ငြိမ်သွားပေပြီ။ အမျက်ဒေါသမဖက်၊ နှစ်သက်မှုလည်း မပါ။ ကြောင်းခြင်းရာ ဖြစ်ခဲ့သမျှကို စိတ်ရှည်လက်ရှည် နားဆင်နိုင်စွမ်း ရှိလာ ပေပြီ။

''သူငယ်ချင်းရေ့၊ ရှေတော် ဝင်ပေတော့ဟေ့။ ဘုရင်မင်းမြတ် စိတ်တော် တည်ငြိမ်လာခိုက်မှာ ဟုတ်တိုင်းမှန်ရာ သံတော်ဦး တင်ပေ တော့''

ရှေတိုက်စိုး ဝန်ကြီးက သူငယ်ချင်း အတွက် အားရ ဝမ်းသာ အကြောင်းပြန်လာ၏။

''ဒီတစ်ခါတော့ ရာဇဝတ်ဘေးက လွတ်လောက်ပါပြီ သူငယ် ချင်းရာ''

သုံးနှစ်တိုင်တိုင် ကင်းကွာခဲ့သော နန်းရင်ပြင်သို့ သုမင်္ဂလသည် အရိုအသေပြုလျက် ဝင်ရောက်လာ၏။ ဘုရင်မင်းမြတ်သည် ဥယျာဉ်မှူး ဟောင်းအား မျက်မာန်လည်းမရှိ၊ နှစ်သက်ကျေနပ်မှုကိုလည်း မပြုပါဘဲ ဤပြန္နေရစွာပင် အခစားခံယူလျက် ဖြစ်ပျက်ခဲ့လေသမျှကို မေးမြန်းစစ်ဆေး ၏။ သုမင်္ဂလကလည်း ဖြစ်ကြောင်းကုန်စင်ကို နားဝင်လောက်အောင် လျှောက်တင်ကာ....

''ဤကဲ့သို့သော မှားယွင်းမှုအတွက် ပေးသမျှ အပြစ်ဒဏ်ကို ခံယူရန် အသင့်ရှိပါကြောင်း ဘုရား''ဟု နိဂုံးချုပ် လျှောက်ထား၏။

ဘုရင်မင်းမြတ်သည် မှားယွင်း၍ဖြစ်ရသည်ကိုသဘောပေါက်ကာ သုမင်္ဂလအား ဥယျာဉ်မှူး နေရာမှာပင် ပြန်လည် ပေးသနား လိုက် လေသည်။

(အဋ္ဌကနိပါတ်၊ သုမင်္ဂလဇာတ်)

**သုမင်္ဂလဇာတ်၊ အဋ္ဌကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| ဥယျာဉ်မှူးသုမင်္ဂလ | = | အရှင်အာနန္ဒာ။ |
| ဗြဟ္မဒတ်မင်း | = | မြတ်စွာဘုရား။ |

## ညီနောင်သုံးပါး တောသို့သွား

မဟိံသ၊ စန္ဒကုမ္မာနှင့် သူရိယ တို့ဟူ၍ သားတော် သုံးပါးရှိ၏။ ထိုသုံးပါးတွင် မဟိံသနှင့် စန္ဒကုမ္မာ မင်းသားတို့သည် ညီနောင် အရင်း အချာဖြစ်၍ သူရိယ မင်းသားကား ဖတူမိကွဲ ဖြစ်လေသည်။

မဟိံသ မင်းသားနှင့် စန္ဒကုမ္မာမင်းသားတို့ လူလားမမြောက်မီတွင် သူတို့မိခင် မိဖုရားကြီး ကွယ်လွန်သွားသဖြင့် နောက်ထပ် မိဖုရား တစ်ပါး တင်မြှောက်ရာမှ သူရိယ မင်းသားကို ဖွားမြင်လာခြင်း ဖြစ်ပေသည် ။

အသစ်တင်သော မိဖုရားသည် အရွယ်နုပျို၏။ ရုပ်ဆင်း အင်္ဂါ လှပ၏။ အပြုအစု အယုအယတတ်၏။ စကားအရာလိမ္မာ၏။ ထို့ကြောင့် ဘုရင်ကြီးက အထူးချစ်ခင်မြတ်နိုးကာ သူရိယမင်းသားဖွား၍ မကြာ မြင့်မီတွင် ''သင်လိုသောဆု တောင်းပေတော့'' ဟု အခွင့်ထူးကို ပေးလေ တော့၏။

''ဝမ်းသာလှပါတယ် အရှင်မင်းကြီး။ ယခု ပေးသနားတဲ့ဆုကို နောက်အခါ လိုချင်မှတောင်းပါရစေ'' ဟု မိဖုရားလျှောက်သဖြင့် ဘုရင် ကြီးကလည်း သဘောတူခွင့်ပြုထားလေသည်။ သို့နှင့် မင်းသားသုံးပါး တို့ ရှေ့ဆင့်နောက်ဆင့် လူလား မြောက်လာကြ၏။ သူတို့ညီအစ်ကို သုံး

ယောက်တို့မှာ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာကြ၏။ သွားလေရာ လာလေရာ အတူတကွဖြစ်ကြ၏။ စိတ်ဝမ်းကွဲပြားမှု ဟူ၍ သူတို့မှာ မရှိကြပေ။

သူတို့ညီအကို သုံးယောက်တို့က လည်ပင်းဖက်ကာ နေကြသော်လည်း မိဖုရားက အခွင့်သင့်တိုင်း ခွဲခြမ်း ခွဲခြမ်း လုပ်တတ်၏။ အစားအသောက်မှာဖြစ်စေ၊ အဝတ်အဆင်မှာဖြစ်စေ၊ သူ့သားကိုသာ ဦးစားပေးတတ်၏။ သည်တွင်မက ဘုရင်ကြီး ကွယ်လွန်သောအခါ သားဖြစ်သူ သူရိယမင်းသား ထီးနန်းစိုးစံတာကို မြင်ချင်လာ၏။ ထို့ကြောင့် ဘုရင်ကြီးထံတွင် ဟိုယခင်က ပေးထားခဲ့သောဆုကို ဖော်ပြကာ သားတော် သူရိယမင်းသားကို အိမ်ရှေ့နန်းလျာ ထားလိုပါကြောင်း ဆုကိုတောင်းလေတော့၏။

''ဖြစ်နိုင်ပါ့မလား မိဖုရားရယ်။ ငါ့သားတော်ကြီးများ နေလိုလလို ထွန်းပနေပါလျက်နဲ့ အငယ်ဆုံးကို အိမ်ရှေ့နန်းလျာထားလို့ သင့်တော်ပါ့မလား''

ဘုရင်ကြီးက ဖျောင်းဖျ စကားဆိုရ၏။ သို့သော် မိဖုရားက လက်မခံ။ အခွင့်သာသည်နှင့် သည်ဆုကိုသာ တောင်းခံတော့သည်။

ကြာသော် ဘုရင်ကြီးမှာ သားတော်ကြီးများအတွက် စိုးရိမ်ပူပန်လာရ၏။ မိဖုရားသည် သူ့သားကို အိမ်ရှေ့နန်းလျာ မရမနေနိုင်ဖြစ်နေပေပြီ။ သူရိယမင်းသား နန်းလျာဖြစ်ရေးအတွက် မဟိံသ မင်းသားတို့ကို သူတစ်နည်းနည်း ဥာဏ်ဆင်၍ သုတ်သင်ပစ်မည်လား မဆိုနိုင်။ ထို့ကြောင့် သားတော်ကြီးများကို ခေါ်ကာ....

''ငါ့သားတော်များ၊ ခမည်းတော်ကဖြင့် စကားလွန်ထားတာ ရှိခဲ့ပေပြီ။ မိဖုရားကလဲ သူ့သားတော်ကိုသာ အိမ်ရှေ့နန်းလျာ ဖြစ်စေချင်နေတယ်။ ဒီတော့ တစ်နေ့နေ့မှာ တစ်နည်းနည်းနဲ့ သူအန္တရာယ်ပြုမှာ စိုးရတယ်။ ဒါကြောင့် ငါ့သားတော်များ တောစွန် တောဖျားမှာ သွားပြီးနေကြပေတော့။ ခမည်းတော် ကွယ်လွန်ခါမှ ပြန်လာပြီး ထီးနန်းစိုးစံကြပေတော့''

ဤသို့ ပြောဆိုကာ သားတော်များကို ဖက်ယမ်းနမ်းရှုပ်လျက် မျက်ရည်စက်လက်ဖြင့် လွှတ်လိုက်လေ၏။

ခမည်းတော်၏အမိန့်ကို ဦးထိပ်ရွက်ပန်ဆင်ကာ သားတော်ကြီးနှစ်ပါးတို့ဦးခေါင်းငိုက်စိုက်ဖြင့်တောဖျားသို့ထွက်ခွာရန်ပြင်ဆင်ကြရ၏။

သူတို့ပြင်ဆင်ရာသို့ သူရိယမင်းသားက ထပ်ကြပ်မကွာလိုက်၍ ကြည့်၏။ ညီထွေးဖြစ်သောသူ့ကို ခါတိုင်းနေ့များမှာ နောင်တော်များက အထူးသဖြင့် ချစ်ချစ်ကြင်ကြင်ဆက်ဆံခဲ့ကြ၏။ ယနေ့မှာတော့သူတို့စိတ်ဒုက္ခဖြင့် ညီထွေးကို အရေးမပေးနိုင်ဘဲရှိကြသဖြင့် သူရိယမင်းသားမှာ အားငယ်ဝမ်းနည်း၍နေရ၏။ ထို့ထက် နောင်တော်များ တောဖျားသို့ ထွက်ခွာသွားရမည့်အကြောင်းကို သိရသောအခါ လူးလှိမ့်၍ ငိုလေတော့သည်။

''နောင်တော်တို့မရှိရင် ကျွန်တော်လဲမနေဘူး။ ကျွန်တော်လဲ အတူလိုက်မယ်''

ဘယ်သူမှချော့မော့၍မရဘဲနန်းရင်ပြင်မှာတငိုတည်းငိုလေသည်။ ထမင်းမစား၊ ရေမသောက်ဘဲ ဇွတ်ပေ၍နေလေသည်။ ထို့ကြောင့် ဘုရင်ကြီးနှင့် မယ်တော်တို့ကပါ စိတ်မသက်မသာနှင့်တောထဲသို့ထည့်လိုက်ကြရလေသည်။

ညီနောင် မင်းသားသုံးယောက်တို့သည် လှည်းတစ်တန်၊ လှေတစ်တန်ဖြင့်ဟိဝမန္တာတောစပ်သို့ရောက်လာကြ၏။ တောနက်ရာသို့ရောက်လာလေ ရွှေနန်းတော်ကြီးနှင့် ဆွေတော်မျိုးတော်တို့ကို လွမ်းဆွတ်လေဖြစ်ကြ၏။ သို့သော် ခမည်းတော်အမိန့်ပေမို့ မလွန်ဆန်ရဲကြပါ။ တစ်တောဝင် တစ်တောင်တက်ဖြင့် နေရာကောင်းကို ရှာကြရ၏။

တောလမ်းခရီးမှာ စမ်းတဝါးဝါး သွားနေကြရသောမင်းသားတို့အဖို့ နေပူကလည်း ကြမ်းသထက် ကြမ်းလာ၏။ အငယ်ဆုံး သူရိယမင်းသားမှာ ရေငတ်ရုံမျှမကရေပါချိုးချင်လာ၏။ ထို့ကြောင့် ခပ်ဝေးဝေးတစ်နေရာရှိရေကန်ကိုညွှန်ပြကာ သွား၍ရေချိုးပါရစေကြောင်းဖြင့် အစ်ကိုများထံ ခွင့်တောင်းလေသည်။

ငယ်စဉ်ကတည်းက အလိုလိုက်အကြိုက်ဆောင်ခဲ့ရသော ညီထွေးပေမို့ နောင်တော်များက ခွင့်ပြုရ၏။ ရေချိုးပြီးလျှင် သူတို့ဖို့ပါကြာဖက်ဖြင့် ရေခပ်ခဲ့ဖို့ပါမှာလိုက်ကြ၏။ နောင်တော်များသစ်သီးရှာနေခိုက်တွင် သူရိယမင်းသားက ရေကန်ဆီသို့သုတ်ခြေတင်လာလေသည်။

ရေကန်ပတ်လည်တွင် မြက်ပင်စိမ်းလဲ့တို့က ညီညာစွာ ခင်းကျင်းနေကြ၏။ ကန်ထဲတွင် ကြာပွင့်ကြာခိုင်တို့က ခူးချင့်စဖွယ်ဖူးပွင့်နေကြ၏။ ကန်ရေသည် အနောက်အကျိ မရှိ။ ပကတိကြည်လင်သန့်ရှင်းလှ၏။ ရေကန်ကိုလှမ်းမြင်ရသည်နှင့်ပင် သူရိယမင်းသား၏ရေငတ်ခြင်း တစ်ဝက်ပြေလေသည်။

သို့သော် ထိုရေကန်ကား ဘေးကင်းရှင်းသောရေကန်မဟုတ်ချေ။ ရေကန်စောင့်ဘီလူးတစ်ကောင်သည် ဝေဿဝဏ်နတ်မင်းကြီးထံမှ ထိုရေကန်ကို အပိုင်စားရရှိထားပေသည်။ ရေကန်သို့သက်ဆင်းလာသူမှန်သမျှကို သူက ကျွတ်ကျွတ်ဝါး၍စားခွင့်ရလေသည်။ ရသည့်အတိုင်းစားလည်းစားခဲ့၏။ သို့သော် ဒေဝဓမ္မကို သိသူများကိုကား ချွင်းချက်ပြုထားရ၏။ ဒေဝဓမ္မကိုသိသူများကို ဝေဿဝဏ်နတ်မင်းကြီးက မစားရဟု တားမြစ်ထားဘိ၏။

ထို့ကြောင့် သူရိယမင်းသား ရေကန်သို့ သက်ဆင်း သည်နှင့်လည်ဂုပ်မှကိုင်၍ ဖမ်းလိုက်ကာ ''ဒေဝဓမ္မဆိုတာ သိရဲ့လား''ဟုဘီလူးက မေးလိုက်၏။

သူရိယမင်းသားက ထိတ်လန့်တကြားဖြင့် ''ဒေဝဓမ္မဆိုတာ နေနဲ့လတို့ ဖြစ်ပါတယ် ခင်ဗျား'' ဖြေမိဖြေရာ ဖြေလိုက်သောအခါ ''နင်သိလဲ မသိဘဲနဲ့''ဟုဆိုကာ ရေဗိမာန်မှာ ချုပ်နှောင်ထားလိုက်လေသည်။

ထိုအချိန်တွင် ကျန်ရစ်သော နောင်တော် နှစ်ပါးက ''ညီလေး သူရိယ ကြာလှတယ်။ ဘာများ ဖြစ်နေလို့ပါလိမ့်'' ဟု ကြောင့်ကြတကြီး ဖြစ်ကြရ၏။ မဟိံသ မင်းသားထံ ခွင့်တောင်း၍ စန္ဒကုမ္မာ မင်းသား လိုက်လာပြန်၏။ သူ့ကိုလည်း ဘီလူးက ဖမ်းကာ ''ဒေဝဓမ္မဆိုတာ သိရဲ့လား''ဟု မေးပြန်လေသည်။

စန္ဒာကုမ္မာ မင်းသားလည်း ထိတ်လန့်တကြားဖြင့် ''ဒေဝဓမ္မဆိုတာ အရပ်လေးမျက်နှာ ဖြစ်ပါတယ် ခင်ဗျား''ဟု ဖြေမိဖြေရာ ဖြေလိုက်သောအခါ ''နင်သိလဲ မသိဘဲနဲ့''ဟု ဆိုကာ ရေဗိမာန်မှာသွင်း၍ ချုပ်နှောင်ထားလိုက်၏။ ညီနောင်နှစ်ပါးတို့ ဆုံမိကြလျှင် တစ်ယောက်နှင့် တစ်ယောက် ဖက်၍ ငိုကြရလေသည်။

နောက်ဆုံး မဟိံသ မင်းသား ရေကန်နားသို့ ရောက်ရှိလာလေသည်။ သို့သော် မဟိံသ မင်းသားသည် ရေကန်သို့ အဆောတလျင် မဆင်းသေးဘဲ ရေကန်၏ အခြေအနေကို စူးစမ်းကြည့်၏။ သွားကြသော ညီနောင် နှစ်ပါးတို့ စုန်းစုန်းမြုပ် ပျောက်ကွယ်သွားကြရခြင်းမှာ ရေစောင့်ဘီလူး ဖမ်းစား၍ပင် ဖြစ်ဟန်ရှိကြောင်း သူတွေးမိ၏။ ထို့ကြောင့် ပါလာသော ဓားကို အရံသင့်လွယ်ကာ လေးတွင် မြားကိုတပ်လျက် ဆသင့်အနေအထားဖြင့် နေလေသည်။

၎င်းတွင် ကိုယ်ရောင် ဖျော့ဖျက်၍ စောင့်နေသော ရေစောင့် ဘီလူးက တောတွင်း ယောကျ်ားတစ်ယောက် အသွင် ဖန်ဆင်းကာ မယောင်မလည် ကပ်လာလျက် ''ဘယ့်နှယ်လဲ မိတ်ဆွေ၊ တောလမ်းမှာ ခရီးပန်းလာပါလျက်နဲ့ ရေကန်မှာ ဆင်းပြီး ရေမချိုးဘဲကိုး။ ကန်ထဲမှာ အဆာပြေ စားစရာ ကြာစွယ်တွေ၊ ပန်စရာ ကြာပန်းတွေ ရှိပါတယ်''ဟု သွေးဆောင်စကား ဆိုလေသည်။

မဟိံသမင်းသားသည် ထိုယောကျ်ား၏ အသွင်သဏ္ဌာန်ကိုကြည့်ကာ ကေန္တသည်ကန်က ရေစောင့်ဘီလူးပင် ဖြစ်ရမည်ဟု တွေးယူမိသဖြင့် ''တာတွေ ညာတွေ ပြောမနေနဲ့တော့ အသင်ဘီလူး၊ ကျွန်ုပ်ရဲ့ ညီတော် နှစ်ယောက်ကို သင် ဖမ်းထားတယ် မဟုတ်လား'' ဟု ခပ်ပြတ်ပြတ် မေး လိုက်၏။

''ဟုတ်တယ်၊ ကန်ထဲ ဆင်းလာတဲ့ လူသူ တိရစ္ဆာန် မှန်သမျှ ငါစားစရာ ချည့်ပဲလေ''

ဘီလူးက မခန့်လေးစား ဆို၏။

''ဒါဖြင့် ရေကန်ထဲ ဆင်းသမျှ လူအကုန် စားရရော့လား''

''အကုန်တော့ မဟုတ်ပါဘူး။ ဒေဝဓမ္မ သိသူများကိုတော့ ချွင်း ချက် ထားရပါတယ်''

မင်းသား၏ အမေးကို ဘီလူးက အမှန်အတိုင်း ဖြေလေရာ....

''ဒီလိုဆိုရင် အသင်ဘီလူး၊ ဒေဝဓမ္မကိုများ အသင် မကြားနာ ချင်ဘူးလား''

''...းချင်ပါသော်ကော အသင်မင်းသား။ ငါတို့ အရှင်သခင် ဝေဿဝဏ်နတ်မင်းကြီးက အရေးတယူထားတဲ့ တရားပေမို့ ကြားနာ ချင်လှပါတယ်''

''ကိုင်း ကောင်းပြီ။ အသင် ကြားလိုရာကို ပြောပြပါမယ်။ ဒါပေမယ့် ဒေဝဓမ္မဆိုတာ မြင့်မြတ်တဲ့တရား ဖြစ်လေတော့ ဒီလို ညစ် ပေပေနဲ့ဖြင့် မဟောအပ်ပေဘူး။ မဟောခင်မှာ ရေလေးဘာလေး ချိုး ချင်ပါသေးတယ်''

''ကောင်းပြီ အသင်မင်းသား'' ဟု ဘီလူးက သဘောတူကာ ရေကန်မှာ စိတ်တိုင်းကျ ရေချိုးစေကာ ပန်းမန်နံ့သာများပါ လိမ်းကျံ ပန်ဆင်ပေးလျက် ရိုသေစွာ ဒူးတုပ်ထိုင်လေသည်။ ၎င်းတွင် မဟိံသ မင်းသားက အောင်မြင်ကြည်လင်သော အသံဖြင့်....

"ဒေ၀ဓမ္မ၊ မည်ရထင်ရှား၊
မြတ်တရားကို၊ နားမှာစူးစိုက်၊
မှတ်ယူလိုက်။
မကောင်းယုတ်မာ၊ မသမာမှု၊
မပြုရှောင်ကွင်း၊ ရှက်ကြောက်ခြင်းဖြင့်၊
စိတ်တွင်းဖြူစင်၊ ခင်မင်မေတ္တာ၊
စေတနာဟု၊ ကောင်းကျိုးစုသည်၊
သာဓု ဒေ၀ဓမ္မတည်း"

ဤသို့ မဟိံသမင်းသားက ဒေ၀ဓမ္မကို ပြောပြလိုက်သောအခါ ဘီလူးသည် ကျေနပ်နှစ်သိမ့် သွားသည်ဖြစ်၍ "ညီနှစ်ယောက် အနက် တစ်ယောက်ကိုသာ စားပါတော့မတ်။ တစ်ယောက်ကို ပြန်ပေးပါမယ်။ ဘယ်သူ့ကိုခေါ်ပါမလဲ"ဟု ဆို၏။

မဟိံသမင်းသားမှာ အပြောရခက်သွားရ၏။ သူ့အနေနှင့် ညီ နှစ်ယောက်လုံးကိုပင် ထပ်တူထပ်မျှ ချစ်ခင်၏။ ဖြစ်နိုင်လျှင် နှစ်ယောက် စလုံးကို ကယ်တင်လို၏။ သို့သော် ဘီလူးက တစ်ယောက်ကိုသာ ပေး သဖြင့် ရွေးချယ်ရပေတော့မည်။ သူ့မျက်စိထဲတွင် စန္ဒကုမ္မာနှင့် သူရိယ မင်းသားများ၏ မျက်နှာငယ်ကလေးများကို အတူယှဉ်တွဲလျက်သား မြင်ယောင်နေမိ၏။ သို့သော် နောက်ဆုံးမှာကား သူရိယမင်းသားကို ခေါ်ယူဖို့ ပြောကြားလိုက်လေသည်။

ဤတွင် ဘီလူးက စိတ်မကျေနပ် ဖြစ်လာပြန်ကာ....

"အသင်မင်းသားဟာ ဒေ၀ဓမ္မကိုတော့သိပါရဲ့။ ဒါပေမယ့် ဒေ၀ ဓမ္မကိုတော့ မကျင့်ပါကလား"ဟု အပြစ်တင်စကား ဆိုလေရာ....

"ဘာပြုလို့ပါလဲ အသင်ဘီလူး"

"ဘာပြုလို့ဆို အကြီးနဲ့ အငယ် ညီအစ်ကို နှစ်ယောက်ရှိရာမှာ အစ်ကိုကြီးကိုတော့ မကယ်ဆယ်။ အငယ်ကိုသာ မျက်နှာလိုက်တယ်။ ဒါဟာဒေ၀ဓမ္မတဲ့လား"

"ဪ—အသင်ဘီလူးက ကျွန်တော်တို့ တိုင်းပြည်က ထွက်လာ ရတဲ့ အကြောင်းရင်းမှန်ကို မသိပေဘဲကိုး။ ကျွန်တော်တို့ ဒီတောဒီတောင် ကို ထွက်လာရတာဟာ ဒီညီထွေးအတွက်ကြောင့်ပါပဲ။ သူနဲ့ ကျွန်တော် တို့ဟာ ဖတူမိကွဲ ညီအစ်ကိုဖြစ်ပါတယ်။ သူ့မယ်တော်က သူ့အတွက်

အိမ်ရှေ့နန်းလျာအဖြစ် တောင်းဆိုရာမှာ ကျွန်တော်တို့ ဖခမည်းတော်က ရန်ပွားမှာစိုးလို့ ဒီတောကိုလွှတ်လိုက်ပါတယ်။ ဒီအခါမှာ ညီထွေးမပါဘဲနဲ့ ကျွန်တော်တို့ ဘယ်နည်းနဲ့မှ တိုင်းတော်ပြည်တော် မပြန်ရဲပါဘူး။ ဒါကြောင့် သူ့ကိုသာ တောင်းရခြင်းဖြစ်ပါသည်''

မဟိံသမင်းသားကဖြစ်ကြောင်းကုန်စင်ကိုပြန်ပြောင်းပြောပြလေသည်။ဘီလူးသည် မင်းသားကို ကြည်ညိုနှစ်သက်ခြင်းဖြစ်လာ၍ ညီတော်နှစ်ပါးစလုံးကိုပင် ပေးလိုက်တော့၏။

ညီတော် နှစ်ပါးသေတွင်းမှ ထွက်ခွင့်ရသော်လည်း မဟိံသမင်းသားသည် လွတ်ရာကျွတ်ရာ ထွက်ခွာမလာသေးပါ။ဘီလူးအား ဤကဲ့သို့သော ရက်စက်မှုမျိုးကို ရှောင်ကြဉ်ကာ သတ္တဝါများအပေါ်မှာ မေတ္တာစေတနာထားရန် နားချပြောဆို၏။ ဘီလူးကလည်း မင်းသားစကားကို နားဝင်လာ၍ လိုက်နာရန် ဝန်ခံကတိပြုလေသည်။

သို့နှင့် မင်းသားသုံးယောက်နှင့် ဘီလူးတို့သည် ခင်မင်ရင်းနှီးစွာ တောအရပ်မှာနေကြ၏။နှစ်ကာလအတန်ကြာ၍ ကောင်းကင်က နက္ခတ်တာရာများကို ကြည့်ရှုသုံးသပ်လိုက်သောအခါ ခမည်းတော် ဘုရင်ကြီး နတ်ရွာစံပြီဖြစ်ကြောင်း သိရ၍ တိုင်းပြည်သို့ ပြန်လာခဲ့ကြ၏။

နန်းတော်သို့ ဝင်မိသောအခါ ဆွေတော်မျိုးတော်များနှင့်မှူးကြီးမတ်ကြီးအပေါင်း သောင်းသောင်းဖျဖျ ကြွိုဆိုကြကာ သူတို့အားလုံး၏ သဘောဆန္ဒအရ မဟိံသမင်းသားကို နန်းတင်ကြ၏။ စန္ဒကုမ္မာမင်းသားကို အိမ်ရှေ့နန်းလျာ ထား၏။ သူရိယမင်းသားသည် စစ်သူကြီးအရာ ရလေသည်။ သူ၏ မယ်တော်သည်လည်း အရှိန်အဝါ မရှိတော့ပြီ ဖြစ်၍ ဤမျှဖြင့် ခွင့်ပြုကျေနပ်ရလေသည်။

အတူပါလာသော ဘီလူးကား ဥယျာဉ်တော်တစ်နေရာတွင် နတ်ကွန်းတစ်ခုကိုရလျက် ထမင်းအဖျော်၊ ပန်းနံ့သာ တို့ဖြင့် ပူဇော်ခြင်းကို ခံယူရရှိလေသည်။

(ဧကနိပါတ်၊ ဒေဝဓမ္မဇာတ်)

**ဒေဝဓမ္မဇာတ်၊ ဧကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| ရေကန်စောင့်ဘီလူး | = | ဥစ္စာများသောရဟန်း။ |
| သူရိယမင်းသား | = | အရှင်အာနန္ဒာ။ |
| စန္ဒမင်းသား | = | အရှင်မဟာသာရိပုတ္တရာ။ |
| မဟိံသမင်းသား | = | မြတ်စွာဘုရား။ |

## မယ်ဥမ္မာ အလှူမှူးရယ်ကြောင့်

သိဝိတိုင်း၏ အရိဋ္ဌပုရမြို့တော်တစ်ခုလုံးသည် တန်ဆောင်မုန်းလသို့ရောက်လာသည့်အခါတိုင်းထူးထူးခြားခြားလှုပ်ရှားရှိလာစမြဲဖြစ်၏။ မြို့သူမြို့သားအပေါင်းသည် မကြာခင်ကျင်းပရတော့မည့် လပြည့်ပွဲတော်ကြီးအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ကြရ၏။ လမ်းများကိုသာယာဖြောင့်ဖြူးအောင်ပြုပြင်ကာ သဲဖြူများခင်းပေးကြရ၏။ မိမိတို့အိမ်များ တိုက်အိမ်များကို အမြင်ပသာဒလှပနေစေရန် မွမ်းမံကြရ၏။ ပွဲတော်ရက်များအတွင်း၌ အပြိုင်အဆိုင်ဝတ်နိုင်စေရန် အဝတ်အထည်နှင့်အဆင်တန်ဆာအမျိုးမျိုးတို့လည်း အဖိုးများစွာပေး၍ ဝယ်ယူထားကြရပေသည်။

သက်ဆိုင်ရာအမှုထမ်းများက လစဉ်လတိုင်း ပြုပြင်မွမ်းမံလာခဲ့ကြသဖြင့် ဘုရင့်ရွှေနန်းတော်ကြီးမှာကား ထူးထူးခြားခြား ပြုပြင်ရန်မရှိလှပါ။ အလှပြုပြင်တန်ဆာဆင်ရေးထက် လုံခြုံရေးကိုသာ ပိုမို၍ဦးစားပေးကြရ၏။ ထိုကိစ္စများအတွက်ဦးဆောင်ဦးရွက်ပြုရသူကား အဘိပါဒကစစ်သူကြီးပါတည်း။

အဘိပါဒစစ်သူကြီးသည်သိဝိမင်းနှင့်သက်တူရွယ်တူဖြစ်၏။ ငယ်စဉ်တောင်ကျေးကလေးဘဝတုန်းကကစားဖော်ကစားဖက်ဖြစ်ခဲ့၏။ လူလားမြောက်လာသည့် အချိန်မှာလည်း တစ်ဦးနှင့်တစ်ဦး ရင်းနှီးချစ်ခင်စွာ

နေထိုင်လာခဲ့ကြ၏။ တက္ကသိုလ်မြို့တော်သို့ ပညာသင်သွားကြရာမှာလည်း အတူတူပင် ဖြစ်ခဲ့ကြပေသည်။

သိဝိမင်းသားသည် ပညာစုံ၍ ရွှေဘုံသို့ပြန်ရောက်လာပြီးနောက် ခမည်းတော် မင်းတရားကြီး၏ ထီးနန်း လွှဲအပ်ခြင်းကို ခံယူခဲ့ရ၏။ ရာဇဘိသိက်ခံယူသောမင်္ဂလာပွဲမှာပင် သိဝိမင်းက မိမိသူငယ်ချင်းအား စစ်သူကြီးအရာ ပေးအပ်ခဲ့ပေသည်။

အဘိပါဒကစစ်သူကြီးမှာသိဝိမင်းနှင့်ရင်းနှီးချစ်ခင်သည်နှင့်အမျှ ကိုးစားယုံကြည်ခြင်းကိုလည်း ခံယူရ၏။ အရေးကြီးသော ကိစ္စရပ်များ ကြုံရသည့်အခါတိုင်း သိဝိမင်းသည် သူနှင့်တိုင်ပင်ဆွေးနွေးရ၏။ အဘိပါဒကစစ်သူကြီးကလည်းမိမိ၏အကျိုးစီးပွားထက်အရှင်သခင်၏အကျိုးစီးပွားကိုသာ အလေးထား၍ ဆောင်ရွက်ခဲ့ပေသည်။

ယခုလိုတန်ဆောင်မုန်းလအတွင်း၌ အလေးထား၍ ဆောင်ရွက်ရန်မှာ မြို့တော်ကြီးတစ်ခုလုံးလှည့်လည်၍အပူဇော်ခံသောအခမ်းအနားကြီးဖြစ်၏။ ထိုအခမ်းအနားကြီးမှာ တစ်စုံတစ်ရာအနှောင့်အယှက်မတွေ့ရဘဲကျင်းပနိုင်ရေးအတွက်အဘက်ဘက်ကဆောင်ရွက်လာခဲ့ရာယခုတော့ အားရကျေနပ်လောက်အောင် ဖြစ်လာပေပြီ။လိုအပ်သမျှ ညွှန်ကြားရင်း ကြည့်ရှုစစ်ဆေးရင်းဖြင့်ပင်တန်ဆောင်မုန်းလပြည့်နေ့သို့ ဆိုက်ရောက်လာပေပြီ။ ရွှေလသာသည့်ညအခါရောက်လာလျှင် သိဝိမင်းကြီးကိုယ်တော်တိုင် မြို့တော်လှည့်၍ အပူဇော်ခံပွဲကြီး ကျင်းပပေတော့မည်။

ဆောင်ရွက်ပြီးစီးထားသောကိစ္စအရပ်ရပ်ကို အားပါးတရကြည့်ရှုနေရာမှ အဘိပါဒကစစ်သူကြီးသည် တစ်စုံတစ်ရာကို သတိရလာ၏။ ထို့ကြောင့် မိမိအိမ်သို့ အလျင်အမြန်ပြန်လာခဲ့၍....

''ချစ်နှမ ဥမ္မာဒန္တီ၊ ဒီနေ့ညမှာ မင်းတရားကြီး မြို့တော်လှည့်ပြီး အပူဇော် ခံလိမ့်မယ်။ နန်းတော်က ထွက်လာတာနဲ့ တစ်ပြိုင်နက် မောင်တော်တို့ အိမ်ရှေ့ကလမ်းပေါ် ရောက်လာလိမ့်မယ်''

ဤသို့ ချစ်ဇနီးကလေးအား အရေးတကြီးပြောဆိုလိုက်လေရာ....

''အဲဒါဘာဖြစ်သလဲ မောင်တော်။ နှစ်တိုင်းလဲ ဒီလိုပဲ ရောက်နေကျမဟုတ်လား''

''ဥမ္မာဒန္တီကတော့ ထိုကိစ္စကိုအလေးမထားမိပေ။ ချစ်လင်ကို လက်ကမ်းကြိုဆိုရင်းက ကနွဲ့ကလျပြောဆိုရင်းသာ လိုက်ပါလာ၏။အဘိ

ပါဒကစစ်သူကြီးသည် လှလွန်းဆွေ ချစ်ဇနီးကလေးကို ရွှန်းရွှန်းစား စားစားကြီး ကြည့်ရှုလျက် သက်ပြင်းတစ်ရှိုက် ရှိုက်လိုက်ကာ....

''နှစ်တိုင်း ရောက်နေကျ ,တော့ဟုတ်တာပေါ့ နှမတော်ရယ်၊ ဒါပေမယ့် ဒီနှစ်က ဟိုနှစ်တွေနဲ့ လုံးဝမတူတော့ဘူးလေ''

''ဘယ်လိုများ ကွာခြားနေသေးလို့လဲဟင်။ နေဝင်သွားလို့ ည ရောက်လာရင် မြင်နေကျလပြည့်ဝန်းကြီး ထွက်လာမှာပဲမဟုတ်လား''

''မသိသားဆိုးဝါးလှပါလားနှမတော်လေးရယ်။ ဒီနှစ်မှထူးခြား လာတာက ထူးထူးခြားခြား အလှတစ်ပါးဖြစ်တဲ့ ဟောဒီနှမတော်လေး ရောက်လာတဲ့အတွက်ပေါ့။ နှမတော်လေးအရွယ်ရောက်လာတဲ့ အချိန်က စပြီး နှမတော်လေးကိုမြင်မိတဲ့ယောကျ်ားတိုင်း အရူးအမူးဖြစ်ကြရမယ် မဟုတ်လား။ ဒါကြောင့်လဲ ဥမ္မာဒန္တီလို့အမည်မှည့်ခဲ့ရတာပေါ့။ တကယ် လို့များ မင်းတရားကြီးကိုယ်တော်တိုင် နှမတော်လေးကိုမြင်လိုက်ရတာနဲ့ တစ်ပြိုင်နက် သတိလက်လွတ်ဖြစ်သွားတော့မှာပဲ''

''အို--ဒီလိုဆိုရင်တော့ စိတ်ချပါမောင်တော်၊ နှမတော်ရဲ့ရုပ်သွင် ကို မမြင်စေရပါဘူး''

''ကောင်းပြီနှမတော်၊ ဒီလိုဆိုရင်မောင်ကြီး စိတ်အေးသွားပြီ''

အဘိပါဒကစစ်သူကြီးသည် ချစ်လှစွာသောဇနီးသည်ကလေးကို ကြင်နာ ယုယစွာ နှုတ်ခွန်းဆက်ပြီးလျှင် ရွှေနန်းတော်သို့ ပြန်လာခဲ့ လေသည်။

ညချမ်းအချိန်ရောက်၍ ရွှေလဝန်းကြီး ထွန်းတက်လာချိန်တွင် အရိဋ္ဌပုရမြို့တော်ကြီးတစ်ခုလုံးမှာ ဆီမီးရောင်တွေ ထိန်ထိန်ဝင်းလာ၏။ တူရိယာမျိုးစုံ တီးမှုတ်သံများလည်း အနှံ့အပြားထွက်ပေါ်လာကြ၏။ ထိုအချိန်တွင် သိဝိမင်းကြီးသည် အာဇာနည်မြင်းကသော ရထားဖြင့် ရွှေနန်းတော်မှထွက်ခွာ၏။ မှူးမတ်အပေါင်းကလည်း သိုက်မြိုက်ခမ်းနား လှသော အစီအစဉ်ဖြင့် လိုက်ပါသွားကြ၏။ အဘိပါဒကစစ်သူကြီးမှာ ကား ဘုရင်မရှိခိုက်တွင် ရွှေနန်းတော်ကြီးကို တာဝန်ခံ စောင့်ကြပ်၍ နေရစ်ရပေသည်။

ခါတိုင်းနှစ်များတုန်းက သိဝိမင်းကြီး မြို့တော်လှည့်လျှင် သန်း ခေါင်ချိန်နီးမှ ပြန်ရောက်တတ်၏။ ထိုညမှာကား ထွက်သွားပြီး၍မကြာမီ မှာပင်ရွှေနန်းတော်သို့ပြန်ဝင်လာ၏။ နန်းတွင်းသားနန်းတွင်းသူ မည်သူ

တစ်ဦးတစ်ယောက်ကိုမျှ စကားမပြောတော့ဘဲ သူ့စက်ခန်းဆောင်သို့ တန်း၍ဝင်သွားလေတော့သည်။

သိဝိမင်းကြီး၏ ထူးခြားလှသော အဖြစ်ကို ကြားသိရသည်နှင့် တစ်ပြိုင်နက် အဘိပါဒကစစ်သူကြီးသည် အိမ်သို့အဆောတလျင် ပြန်လာပြီးလျှင်....

''ဘယ်လိုများ လုပ်လိုက်ရတာလဲ နှမတော်ရယ်။ မောင်ကြီး သေသေချာချာ မှာထားရက်သားနဲ့ ဘာ့ကြောင့်များ မင်းကြီးကို အမြင်ခံလိုက်ရတာလဲ''

အကြောင်းရင်းမှန်ကို ကေန်သိထားပြီးဖြစ်၍ စိတ်ထိခိုက်စွာမေးမြန်းလိုက်ရာ....

''မောင်တော်ရယ်၊ နှမတော်တို့ အိမ်ရှေ့မှာ ဗိုက်ကြီးတကားကားနဲ့ ရထားစီးလာတဲ့ လူကြီးတစ်ယောက်တော့ ရောက်လာပါတယ်။ သူ့ကို မင်းလို့လဲမသိပါဘူး။ မင်းခစားရယ်လို့လဲ မသိပါဘူး။ လေသာပြတင်းကသူ့ကိုလှမ်းမြင်လိုက်ရတဲ့အခိုက်မှာသူ့အပေါ်မှာတော့ပန်းတွေနဲ့ ကြဲချခဲ့မိပါတယ်။ သူလဲ အဲဒီနေရာက ပြန်လှည့်ပြီးသွားတော့တာပါပဲ''

''ခက်တာပဲ နှမတော်ရယ်။ မောင်တော်တို့ နှစ်ယောက်လုံးကို ကိုယ်ကျိုးနည်းအောင် လုပ်လိုက်တော့တာပဲကိုး''

မပြုသင့်တာကို ပြုပြီးပြီဆိုတော့လည်း ညည်းရုံမျှသာတတ်နိုင်ပါတော့သည်။ သည့်ထက်ပို၍ကား နှိပ်နယ်ကြိမ်းဝါးမှု မပြုရက်ပါ။ သူ့ခမြာမှာလည်း မခံချင်စရာ ကြောင်းခြင်းရာတစ်ခုက ရှိနေခဲ့သည်မဟုတ်ပါလား။

ဖခင်ဖြစ်သူ တိရိဋိဝစ္ဆသူဌေးကြီးသည် မိမိ၏သမီးလှရတနာကို သိဝိမင်းကြီးထံ ပထမဦးစွာ ဆက်သခဲ့၏။ သိဝိမင်းကြီးက မိန်းမမြတ်တို့၏ လက္ခဏာနှင့်ညီမညီ သိရှိစေရန် ပုရောဟိတ်ပုဏ္ဏားတို့ကို စေလွှတ်လိုက်၏။ တိရိဋိဝစ္ဆသူဌေးကြီးကလည်း ပုရောဟိတ်ပုဏ္ဏားတို့ကိုလေးလေးစားစား ခရီးဦးကြိုဆိုကာ နို့ဃနာထမင်းများဖြင့် တည်ခင်းဧည့်ခံ၏။ ထိုစဉ်ခိုက်မှာပင် ဥမ္မာဒန္တီ သည်လည်း ပုဏ္ဏားများထံ ဝင်ရောက်လာပေသည်။

နဂိုကပင်သူမတူအောင်ချောမောလှပပြီးဖြစ်သော ဥမ္မာဒန္တီသည် ဝတ်စားတန်ဆာပြည့်စုံစွာဆင်မြန်းလိုက်သည်တွင် မြင်မြင်သမျှ မျက်နှာလွှဲ၍ မရလောက်အောင် ဆွဲဆောင်နေတော့၏။ သို့ဖြစ်၍ ထမင်းစား

နေသော ပုရောဟိတ်ပုဏ္ဏားကြီးတို့မှာ မိမိတို့သိက္ခာကိုမထိန်းနိုင်တော့ဘဲ အရူးအမူးဖြစ်ကုန်ကြရ၏။ တချို့က စားဖို့နိုက်ထားသော ထမင်းလုတ်ကို ခေါင်းပေါ်တင်ကြ၏။ တချို့ကတော့ ချိုင်းကြားထဲသွင်းကြ၏။ တချို့ကတော့ ထမင်းဝိုင်းမှ ထွက်လာကာ အိမ်နံရံကို ခေါင်းနှင့် ဝှေ့နေကြတော့၏။

ဤတွင် ဥမ္မာဒန္တီက....

“ငါ့လက္ခဏာကိုဖတ်ဖို့လာကြတဲ့ ပုဏ္ဏားတွေက အရူးဘဝရောက်ကုန်ကြမှတော့ ဘာအသုံးကျတော့မှာလဲ။ သူတို့ကို လည်ကုပ်ကဆွဲပြီး အိမ်ထဲက နှင်ထုတ်လိုက်ကြပါတော့”ဟု အမိန့်ပေးလိုက်ရ၏။

ထိုအမိန့်အတိုင်း အိမ်စေများက ဆွဲထုတ်သဖြင့် လမ်းမပေါ် ရောက်သွားခါမှ ပညာရှိပုရောဟိတ်ကြီးများ သတိ ပြန်လည် လာကြတော့သည်။

သတိပြန်လည်လာသည်နှင့် တစ်ပြိုင်နက် ရှက်ခြင်း၊ ဒေါသထွက်ခြင်းတို့က စုပြုံအုံကြွလာကြ၏။ ထိုအကုသိုလ်စေတသိက်များ၏ စေ့စော်ချက်ဖြင့် ရွှေနန်းတော်သို့ ဝင်ရောက်ခစားကာ....

“အရှင်မင်းကြီး၊ ဥမ္မာဒန္တီဟာ အလွန်တရာ ဒေါသကြီးလှပါတယ်။ မိန်းမမြတ်လက္ခဏာလဲ မရှိပါ။ အင်မတန် ယုတ်ညံ့သူတစ်ယောက်သာဖြစ်ကြောင်းပါဘုရား”ဟု မဟုတ်မမှန်လုပ်ကြံ၍ လျှောက်တင်ကြလေသည်။

ပုရောဟိတ်ပုဏ္ဏားကြီးတို့၏စကားကို ယုံစားမိသဖြင့် သိဝိမင်းကြီးမှာ မိန်းမလှရတနာလာဘ်ကြီးနှင့် လွဲသွားရ၏။ ထို့နောက် ဖခင်ဖြစ်သူ တိရိဋိဝစ္ဆသူဌေးကြီးက သမီးအလှဥမ္မာဒန္တီကိုအဘိပါဒကစစ်သူကြီးထံ ပေးဆက်ခဲ့ပေသည်။

မိဖုရားဖြစ်ထိုက်သော ရုပ်လက္ခဏာ ရှိနေပါလျက် စစ်သူကြီး ကတော်မျှသာဖြစ်လာရသည်ကို ဥမ္မာဒန္တီကျေနပ်ပါ၏။ ခင်ပွန်းသည်၏ ကြင်နာယုယမှုကိုခံယူကာ မယားကောင်းတစ်ယောက်ဖြစ်အောင်လည်း ကြိုးစားခဲ့ပါ၏။

သို့ရာတွင် မိန်းမသားပီပီ မခံချင်စိတ်ကလေးကလည်း ရှိနေသည်သာ။ ပုရောဟိတ်တွေ လျှောက်တင်ခဲ့သည့်အတိုင်း ယုတ်ညံ့သူ ဟုတ်မဟုတ်ကို လက်တွေ့ပြချင်နေသည်သာ။ သို့ဖြစ်၍ အခါအခွင့် သင့်လာသည်နှင့်

တစ်ပြိုင်နက် ထိုအလို ဆန္ဒကို အကောင်အထည် ဖော်လိုက်ရခြင်း ဖြစ်ပေသည်။

''ခက်တယ် နှမတော်ရယ်၊ နှမတော်ကတော့ ယုတ်ညံ့သူလို့ ဆိုခဲ့တာကို လက်စားချေလိုက်တာပါပဲ။ ဒါပေမယ့် အရှင်မင်းကြီးအတွက်တော့ နှမတော် ပစ်ပေါက်လိုက်တဲ့ ပန်းက အသည်းနှလုံးကို တိုက်ရိုက်ထိမှန်သွားပြီ။ နှမတော်ကိုမှ မရရင်တော့ အရှင်မင်းကြီးအတွက် အသက်ဘေးတောင် စိုးရိမ်ရလောက်တယ်''

''ဒါဖြင့် ဘယ်လိုလုပ်ရမလဲ မောင်တော်။ ဘယ်လိုများ လုပ်ရမလဲ ဟင်''

စိတ်နောက်ကိုယ်ပါ လုပ်မိပြီးမှ ဥမ္မာဒန္တီမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လာရ၏။

''မောင်တော်တို့ အရှင်မင်းကြီး အသက်ချမ်းသာရေး အတွက် လုပ်စရာကတော့ တစ်ခုထဲပဲ ရှိတယ် နှမတော်ရယ်။ ဒါပဲ ရှိတော့တယ်''

အဘိပါဒက စစ်သူကြီးက ဥမ္မာဒန္တီကို စကားဆက်ခွင့် မပေးတော့ဘဲ ခန်းဆောင်ထဲမှ ထွက်လာခဲ့၏။ ထို့နောက် အရေးကြီးသော ကိစ္စများကြုံရတိုင်း တိုင်ပင်နေကျ လူယုံတော် တစ်ယောက်ကို ခေါ်ယူကာ နှစ်ကိုယ်ကြား တိုင်ပင်ဆွေးနွေးလေသည်။

နောက်နေ့ နံနက်သို့ ရောက်သောအခါ အဘိပါဒက စစ်သူကြီးသည် မြို့သူမြို့သားများနှင့် တကွ မြို့တော်အဝင်ဝရှိ ညောင်ပင်ကြီးဆီသို့ ထွက်လာခဲ့၏။ ညောင်ပင်ကြီး အောက်တွင် ပူဇော်ဖွယ် အခမ်းအနားများ ပြင်ဆင်၍ အစဉ်အလာ ရှိသည့်အတိုင်း ပူဇော်ပသကာ....

''အို- အရှင်ရုက္ခစိုး နတ်မင်း၊ ကျွန်ုပ်တို့ အရှင်မင်းကြီးဟာ မြို့တော်လှည့်ရာက အပြန်မှာ ဘယ်သူ့ကိုမှ စကားမပြောဘဲ စက်ရာခန်းဆောင်ထဲ ဝင်သွားပါတယ်။ တစ်ညလုံးလဲ တစ်စက်ကလေးမှ မအိပ်စက်နိုင်ပါ။ တစ်စုံတစ်ယောက်ကိုသာ တဖွဖွ တမ်းတလို့ နေပါတယ်။ ဘယ်သူ့ကို တမ်းတနေတယ်ဆိုတာ အရှင်နတ်မင်း သိပါလိမ့်မယ်။ မင်းတရားကြီးရဲ့ အသက်ကို ကယ်နိုင်ဖို့ အရှင်နတ်မင်းက ထုတ်ဖော် ပြောပြပေးစေလိုပါတယ်''

ရှိသေ ကိုင်းညွှတ်ဟန် အပြည့်ဖြင့် ဤသို့ ပန်ကြားလိုက်လေရာ ညောင်ပင်ခေါင်းထဲမှာ ကြိုတင် ဝင်အောင်းနေခဲ့သော လူယုံတော်က ညတုန်းက တိုင်ပင်ထားသည့်အတိုင်း....

"အို– စစ်သူကြီး၊ သင်တို့ မင်းတရားကြီး စိတ်ဖောက်ပြားနေရတာက ဥမ္မာဒန္တီကို စွဲလမ်းနေလို့ ဖြစ်တယ်"

အသံကိုဖျက်၍ ပြောကြားလိုက်သည့်အတွက် အတူပါလာကြသော မှူးသူမှူးသားများ တအံ့တသြ ဖြစ်သွားကြရပေသည်။

ဤအဖြေကို ကြားနာပြီးသောအခါ အဘိပါဒကစစ်သူကြီးသည် ရွှေနန်းတော်ကြီးသို့ ဝင်ရောက်ကာ မင်းတရားကြီး၏ စက်ခန်းဆောင်တံခါးကို အသာအယာ ခေါက်လိုက်၏။ ဤတွင်မှ ဥမ္မာဒန္တီကို တမ်းတကာ ရောက်တတ်ရာရာ မြည်တမ်းနေသော သိဝိမင်းကြီးသည် သတိ ပြန်လည်လာကာ "သင် ဘယ်သူလဲ" ဟု လှမ်း၍ မေးလိုက်၏။ "ဘုရားကျွန်တော် အဘိပါဒက ဖြစ်ပါတယ် ဘုရား" ဟု လျှောက်တင်သံကြားရမှ တံခါးဖွင့်ပေးလေသည်။

အဘိပါဒက စစ်သူကြီးသည် စက်ရာခန်းဆောင်ထဲ ဝင်ရောက်၍ ရှိသေလေးမြတ်စွာ တုပ်ဝပ်ရှိခိုးကာ....

"အရှင်မင်းကြီး၊ ဒီကနေ့ နံနက်မှာ ပူဇော်ပသရာ ညောင်ပင်ကြီး သွားပြီး ဘုရား ကျွန်တော် ပူဇော်ပသခဲ့ပါတယ်။ အဲဒီအခါမှာ ညောင်ပင်စောင့်နတ်က သင်တို့မင်းတရားကြီးစိတ်ဖောက်ပြားနေတာက ဥမ္မာဒန္တီကို စွဲလမ်းနေလို့ဖြစ်ကြောင်း ပြောပြခဲ့ပါတယ်။ ဒါကြောင့် ဘုရားကျွန်တော်ရဲ့ ဇနီးသည် ဥမ္မာဒန္တီကို အရှင်မင်းကြီးထံ ပေးဆက်ပါတယ်။ ဥမ္မာဒန္တီကို ကိုယ်လုပ်တော် တစ်ယောက်အဖြစ် လက်ခံတော်မူပါ။ ဥမ္မာဒန္တီနဲ့အတူ ပျော်ပျော်ကြီး စံစားတော်မူပါဘုရား"

ဤသို့ လျှောက်ထားလိုက်သည့် အဆုံးတွင် သိဝိမင်းကြီး တုန်လှုပ်ချောက်ချားသွားကာ....

"အဘိပါဒက၊ ဥမ္မာဒန္တီကို ငါစွဲလမ်းနေတာ နတ်တွေတောင် သိကုန်ကြပြီလား"

"မှန်လှပါ၊ နတ်ရောလူပါ သိကုန်ကြပါပြီဘုရား"

ဤသို့ဉာဏ်ဆင်၍ လျှောက်တင်လိုက်ရခြင်းမှာ မင်းတရားကြီးက မိမိ စိတ်ဝေဒနာကို ထိန်ဝှက်၍ မထားစေရန်ဖြစ်၏။ အကယ်၍သာ မည်သူမျှ မသိရသေးဘူးဆိုပါက သိဝိမင်းကြီးသည် မိမိ၏ကစားဖော်ကစားဖက် ညာလက်ရုံးတစ်ဦးထံ ဖွင့်အန်ဖို့ ခက်နေပါလိမ့်မည်။ ဝေဒနာကို ကြိတ်မှိတ်ခံစားရင်း အသက်အန္တရာယ်ပင် တွေ့နိုင်လောက်ပေသည်။

ယခုတော့ အဘိပါဒကစစ်သူကြီး၏ညဏ်ဆင်မှုကြောင့် ထိုအခက်အခဲကို ကျော်လွန်သွားပါပြီ။ ထိုမျှမက မင်းတရားကြီး၏ သူတော်ကောင်းစိတ်ဓာတ်များလည်း ပြန်လည်နိုးကြား၍ လာကြပေသည်။ ပြာဖုံးနေသော မီးကျီးခဲကို လေမှုတ်ပေးလိုက်သကဲ့သို့ဖြစ်ပေသည်။ ထို့ကြောင့်....

''မတော်ဘူးအဘိပါဒက၊ သင့်ဘက်ကပေးပေမယ့် ငါ့ဘက်က လက်မခံသင့်ဘူး။ တကယ်လို့သာ ငါဟာ ဥမ္မာဒန္တီကိုလက်ခံပြီး ပျော်စံလိုက်ရင် တရားပျက်သွားပေလိမ့်မယ်။ တိုင်းတော် ပြည်တော်တစ်ခုလုံး ဟိုးလေးတကျော် ဖြစ်သွားပေလိမ့်မယ်''

''စိုးရိမ်တော်မမူပါနဲ့ အရှင်မင်းကြီး။ ဥမ္မာဒန္တီပေးဆက်တဲ့ကိစ္စကို အရှင်မင်းကြီးနဲ့ ဘုရားကျွန်တော်ကလွဲပြီး ဘယ်သူမှမသိစေရပါဘူး။ အရှင်မင်းကြီး အလိုတော်ပြည့်ပြီးမှသာ ပြန်ပေးတော်မူပါဘုရား''

''အဘိပါဒက၊ လူတွေဟာ ကိုယ်ပြုတဲ့မကောင်းမှုကို ဘယ်သူမှ မသိကြဘူးလို့ထင်နေကြတယ်။ တကယ်တော့သူပြုတဲ့မကောင်းမှုကို ဘုရား ပစ္စေကဗုဒ္ဓါနဲ့ ရဟန္တာပုဂ္ဂိုလ်တွေ မြင်တော်မူကြတယ်။ သမ္မာဒေဝနတ်များလဲ မြင်ကြရတယ်။ တန်ခိုးစွမ်းအားကြီးမားကြတဲ့ လူများကလဲ မြင်ကြရတယ်။

''အရှင်မင်းကြီး၊ ဘုရားကျွန်တော်မျိုးကိုယ်တိုင် ကြည်ကြည်ဖြူဖြူ ပေးဆက်တဲ့အတွက် အရှင်မင်းကြီးမှာ မကောင်းမှု မဖြစ်နိုင်ပါဘုရား''

''အဘိပါဒက၊ သင့်အိမ်ပြန်သွားလို့ သင်ချစ်လွန်းလှတဲ့ ဥမ္မာဒန္တီကိုသာ မမြင်ရရင် အကြီးအကျယ် စိတ်ဆင်းရဲရပေတော့မယ်''

''အရှင်မင်းကြီး၊ ဒါတွေကို ငဲ့ကွက်နေတော်မမူပါနဲ့။ အရှင်မင်းကြီးဟာ ဘုရားကျွန်တော်ရဲ့ အမိအဘလဲဖြစ်ပါတယ်။ မှီခိုအားထားရာလဲ ဖြစ်ပါတယ်။ ကျွန်တော်မျိုးတို့မိသားစုတစ်ခုလုံးကို ကျွေးမွေးပြုစုထားသူလဲ ဖြစ်ပါတယ်။ ကိုးကွယ်ရာနတ်ကဲ့သို့လဲဖြစ်ပါတယ်။ ဒါကြောင့် ကျေးကျွန်တစ်ယောက်ရဲ့ဇနီးဖြစ်သူကို အရှင်မင်းကြီး အလိုတော်ရှိတိုင်း အသုံးပြုတော်မူပါဘုရား''

''အဘိပါဒက၊ 'ငါအစိုးရသူပေတကား၊' ဆိုပြီး တစ်စုံ တစ်ယောက်က မကောင်းမှုကိုပြုလိုက်တယ်။ ကိုယ်ပြုတဲ့အမှုကို သူတစ်ပါးတွေမြင်သွားလေမလားလို့လဲ နည်းနည်းမှ မထိတ်လန့်ဘူး။ အဲ့သလိုပြုတဲ့သူဟာ အသက်လဲတိုတတ်တယ်။ နက်တွေလဲ မလိုလားတဲ့မျက်စိနဲ့ သူ့ကို ကြည့်တတ်ကြတယ်''

"အရှင်မင်းကြီး၊ သူတစ်ပါးရဲ့ ပစ္စည်းဖြစ်သော်လဲ ပိုင်ရှင်က ကြည်ကြည်ဖြူဖြူပေးလှူတာကို အလှူခံပုဂ္ဂိုလ်ကလဲ တရားနဲ့အညီ လက်ခံယူပါတယ်။ အဲသလိုပြုတဲ့အတွက် ပေးတဲ့သူရော ခံယူသူပါ ချမ်းသာသုခ ရရာရကြောင်း ကောင်းမှုကုသိုလ်ပြုရာ ရောက်ပါတယ်"

"အဘိပါဒက၊ တစ်စုံတစ်ယောက်ဟာ မိမိခံစားနေရတဲ့ ဆင်းရဲဒုက္ခကို သူတစ်ပါးအပေါ် ပစ်ချလိုက်တယ်။ သူတစ်ပါးခံစားနေရတဲ့ ချမ်းသာသုခကို မိမိဘက်ဆွဲယူလိုက်တယ်။ အဲသလိုဆိုရင် သူဟာ တရားမသိရာရောက်တော့မှာပေါ့"

ဤသို့ဖြင့်....

ဤသို့ စသည်ဖြင့် အဘိပါဒ ကစစ်သူကြီး၏ တိုက်တွန်းချက်မှန်သမျှကို သိဝိမင်းကြီးက တရားပြ၍ ပယ်ချလိုက်လေသည်။

(ပဏ္ဏာသနိပါတ်၊ ဥမ္မာဒန္တီဇာတ်)

**ဥမ္မာဒန္တီဇာတ်၊ ပဏ္ဏာသနိပါတ်ဇာတ် ပေါင်းသော်**

ရထားမှူးသုနန္ဒ = အရှင်အာနန္ဒာ။
အဘိပါဒကစစ်သူကြီး = အရှင်မဟာသာရိပုတ္တရာ။
ဥမ္မာဒန္တီ = ဥပ္ပလဝဏ္ဏာထေရီ။
သိဝိမင်း = မြတ်စွာဘုရား။

# ၃။ ပြည်သူ့တာဝန် ကျေပွန်ပါစေ

## (ဇာတ်တော်မိတ်ဆက်)

လူ့အဖွဲ့အစည်း တစ်ခုဖြစ်ထွန်းလာသည်နှင့် တစ်ပြိုင်နက် ဦးစီးခေါင်းဆောင်နှင့်နောက်လိုက်ငယ်သားဟူ၍ အဆင့်နှစ်ဆင့် ပေါ်ပေါက်လာရပါသည်။ မိသားစုမှာ မိသားစုအလျောက် အဆင့်နှစ်ဆင့် ရှိကြရပါသည်။ ဆွေမျိုးဉာတကာ ရပ်ရွာမြို့နယ်မှ၍ ပြည်နယ်နှင့်တိုင်း၊ နိုင်ငံတော်အထိ အဆင့်နှစ်ဆင့်စီ အသီးသီးရှိနေကြရပါသည်။

အဆင့်နှစ်ဆင့်တို့ ပေါ်ပေါက်လာရခြင်းမှာ တစ်စုံတစ်ခုသောတန်ခိုးရှင်က ဖန်ဆင်းပေးလိုက်၍ မဟုတ်ပါ။ လူတို့ အချင်းချင်း မတူကွဲပြားခြားနားသော စွမ်းရည်သတ္တိများအလျောက် ပေါ်ပေါက်လာရခြင်းသာ ဖြစ်ပါသည်။ ဦးစီးခေါင်းဆောင်တို့၏ တာဝန်ကိုထမ်းဆောင်နိုင်သူသည် ဦးစီးခေါင်းဆောင်အဆင့်မှာ ပါဝင်ခွင့်ရ၍ ထိုတာဝန်ကိုမထမ်းဆောင်နိုင်သူများမှာတော့ ဦးစီးခေါင်းဆောင်တို့ ချမှတ်ပေးသည့် တာဝန်များကို တမ်းဆောင်ကြရပါသည်။

စွမ်းအားသတ္တိ ကွဲပြားသည့်အပေါ်မှာ အခြေခံ၍ အဆင့်နှစ်ဆင့်ကွဲပြား နေရသော်လည်း ဘယ်သူ့တာဝန်က ဘယ်သူ့တာဝန်ထက်ပို၍အရေးကြီးသည် ဟူ၍ကား မဆိုနိုင်ပါ။ မိမိတို့သက်ဆိုင်ရာ အဖွဲ့အစည်း

အတွက် ထမ်းဆောင်ရသော တာဝန်မှန်လျှင် ထပ်တူထပ်မျှ အရေးကြီး လှသည်သာ ဖြစ်ပါသည်။ ဦးစီးခေါင်းဆောင်များဘက်က ဦးဆောင်မှု ပေးနိုင်ရန်လိုအပ်သကဲ့သို့ပင် ပြည်သူပြည်သားတို့ကလည်း ကျရာတာဝန် ကို ကျေပွန်စွာထမ်းဆောင် ကြရပါလိမ့်မည်။

ပြည်သူ့တာဝန်များ ထမ်းဆောင်ကြရာ၌ လစာရိက္ခာ ရချင်ရ မည်။ အကြောင်း တစ်ခုခုကြောင့် ဘာအကျိုးခံစားခွင့်မျှ မရနိုင်တာ လည်း ရှိပေမည်။ သို့သော် မိမိအပါအဝင်ဖြစ်သော လူ့အဖွဲ့အစည်း၌ အရေးကြီးသော ကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လာလျှင်ကား တာဝန် သိသိ ပါဝင်ထမ်းဆောင်ရမည်သာ ဖြစ်ပါသည်။ ထို့ကြောင့်ပင်....

“ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲရှင်မရယ်။ လစာရိက္ခာရချင်ရ၊ မရချင် နေ၊ ဘုရင်မင်းမြတ်ရဲ့အရေးဟာ ဒို့အရေးပဲပေါ့။ တကယ်လို့သာ ခုနေခါ ဘုရင်ကလေး မရှိတော့ဘူးဆိုပြီး ပုန်ကန်ခြားနားမှုကြီးတွေပေါ်ပေါက် လာရင် ဘယ့်နှယ်လုပ်ပါ့မလဲ”

ပုရောဟိတ်အရာကျပုဏ္ဏားကြီး ဤသို့ပြောကြားခဲ့ရပါသည်။ လစာ ရိက္ခာမရဘဲ သက်သက်အလုပ်ရှုပ်ခံနိုင်ရန်ကောဟု ငြူစူစကားပြောကြား လာသော ပုဏ္ဏေးမကြီးအား ဖျောင်းဖျရခြင်းဖြစ်ပါသည်။ ဤသို့တာဝန် သိသိ ထမ်းဆောင်၍ပင် အကျိုးခံစားခွင့်ရလာပုံကို “တာဝန်သိသိ” ဝတ္ထုမှာ တွေ့နိုင်ကြပါသည်။

လူ့အဖွဲ့အစည်းတစ်ခုလုံးကို ခြုံငုံ၍ကြည့်လိုက်လျှင် တာဝန်သိသိ ဆောင်ရွက်သောကိစ္စမှန်သမျှ အကျိုးကျေးဇူးရှိသည်သာ ဖြစ်ပါသည်။ သို့သော် မိမိတစ်ဦးတည်းအတွက် ခွက်၍ကြည့်လျှင်ကား တစ်ခါတစ်ရံ ထိခိုက်နစ်နာမှုများ ရှိနိုင်ပါသည်။ ဘေးအန္တရာယ်များနှင့်ပင်ထိပ်တိုက် တွေ့နိုင်ပါသည်။ တစ်ဖက်မှာ တာဝန်၊ တစ်ဖက်မှာ အန္တရာယ်။ ဤသို့ သောအခြေအနေ ရောက်လာသောအခါ ဘယ်ဘက်ကိုအလေးသာရပါ မည်နည်း။

“ပေးအပ်သောတာဝန်”ဝတ္ထုမှ ကျေးသားကလေး၏ဆုံးဖြတ် ချက်ကတော့ ပြတ်သားလှပါသည်။

“အသင်ဘီလူးကြီးတို့ ရက်စက်မည့်ာ သတ်ပါလျှင်လည်း ကျွန်ုပ် သေရပါသည်။ စိုးစဉ်းမျှ ကျွန်ုပ်စိုးရိမ်ပူဆွေးငိုကြွေး၍နေမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် လူကြီးမိဘက ဖြစ်စေ၊ အရှင်သခင်က ဖြစ်စေ

ဆောင်ရွက်ရန်တာဝန်တစ်ခု ပေးအပ်လိုက်သဖြင့် အသက်ကိုစွန့်၍တာဝန်ကို ကျေပွန်စွာ ထမ်းရွက်သူသည် သေလွန်ပြီးနောက် သုဂတိနတ်ရွာသို့ ရောက်ရသောကြောင့်တည်း''

မျက်လုံးပြူးကျယ် အစွယ်ဖွေးဖွေး သေဘေးနှင့်ခြိမ်းခြောက်နေကြသော ဘီလူးကြီးများ လက်ထဲကပင် ဤသို့ရဲဝံ့စွာ ဆိုလိုက်ပါသည်။ ''ရဲသော်မသေ၊ သေသော်ငရဲမလား''ဟူသောဆောင်ပုဒ်မှာဤသို့သော အနက်အဓိပ္ပာယ်ကို အနှစ်ချုပ်ထားခြင်းဖြစ်ပါသည်။

သက်ဆိုင်ရာအဖွဲ့အစည်းတစ်ခုခု၌ အန္တရာယ်တစ်စုံတစ်ခုကျရောက်လာချိန်တွင် ကိုယ့်အသက်ကိုသော်မှ မငဲ့မကွက် တွန်းလှန်တိုက်ခိုက်ကြရပါသည်။ဤသို့တိုက်ခိုက်၍ အန္တရာယ်ကိုစိဘ်ချရလောက်အောင်နှိမ်နင်း၍ပြီးချိန်မှာမူ ရန်ပြုလာသူများကို အငြိုးနှင့်ဖိ၍ ထောင်းထိုက်ပါသလား။ ''အာဇာနည်စိတ်ဓာတ်'' ဝတ္ထုတွင် ဤမေးခွန်း၏ အဖြေကို ဖလှ့လာနိုင်ပါသည်။

အသိစိတ်ဓာတ် အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍမှ ပြည်သူ့တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ကြစေရန် စံပြဝတ္ထု (၃) ပုဒ်ကို ဆက်စပ် ဖော်ပြလိုက်ပါသည်။

## တာဝန်သိသိ

တိုင်းကြီးသခင် ဘုရင်ကြီးနတ်ရွာစံသောအခါ သားတော် အိမ်ရှေ့မင်းက ထီးနန်းစိုးစံဆက်ခံလေသည်။

ရွှေနန်းတော်၏ ရာဇပလ္လင်ထက်ဝယ် ဘုရင်အပြောင်းအလဲဖြစ်ခဲ့သော်လည်း ဘုရင့်အမှုထမ်းတို့မှာကား ပိုနေမြဲကျားနေမြဲသာဖြစ်ကြ၏။ ခမည်းတော်လက်ထက်ကအမှုတော်ထမ်းခဲ့ကြသောမှူးကြီးမတ်ရာသေနာပတိမှစ၍ ရှိရှိသမျှအမှုထမ်း အရာထမ်းတို့သည် နေရာမပျက် ဆက်လက်ထမ်းဆောင်ခွင့်ရကြသဖြင့် ပျော်တပြုံးပြုံးဖြစ်ကြရ၏။ ပျော်တပြုံးပြုံးတွင်မက မော်မဆုံးအောင် ဖြစ်နေသူများကတော့ ဘုရင့်ပုရောဟိတ်ကြီးများပင်ဖြစ်ကြပေသည်။

ဘုရင့်ပုရောဟိတ်ကြီးများသည် သူတို့၏ ပညာစွမ်းဖြင့် ထက်ကောင်းကင်မှ နက္ခတ်တာရာများနှင့်ဂြိုဟ်သွားဂြိုဟ်လာများကိုတွက်ချက်စစ်ဆေးကာ ဘုရင်မင်းမြတ်၏ ကံကြမ္မာကို မှန်ကန်စွာ ဟောကိန်းထုတ်နိုင်ကြ၏။ ထို့ကြောင့်ပင် ဘုရင့် ဘဏ္ဍာတော်တိုက်မှ လစာ ရိက္ခာ မြောက်မြားစွာ ထုတ်ယူနိုင်ကြပေသည်။

ဘုရင်သစ်သည် ရွှေနန်းတော်အတွင်းမှာ စည်းစိမ်ခံ၍ချည့်မနေဘဲ မကြာမကြာမြို့ရွာနယ်ပယ်လှည့်လည်ကြည့်ရှု၏။ မြို့ရွာနယ်ပယ်၌လက်ငင်း

လက်တွေ့ ခံစားနေရသော အခြေအနေကို ကိုယ်တိုင်ကိုယ်ကျ စနည်းနာ၏။ သို့စနည်းနာရာတွင် တိုင်းသူပြည်သားတို့၏ သဘောဆန္ဒကိုအမှန်အတိုင်းသိရှိနိုင်ရန်မသင်မရှားဆင်းရဲသားတစ်ယောက်အသွင်ဖြင့် တစ်ဦးတည်း လှည့်လည်လေသည်။ စနည်းနာရာမှရရှိလာသော အချက်အလက်များကို ဆက်လက်စစ်ဆေးကာ ပြုပြင်သင့်သမျှ စည်းကမ်းဥပဒေများကို ပြုပြင်၍ပေးလေသည်။ လမ်းပန်းဆက်သွယ်ရေး၊ ဆည်မြောင်းတာတမံ တည်ဆောက်ရေးများအတွက် ဘဏ္ဍာတော်များထုတ်၍ ပေးလေသည်။

တိုင်းပြည်ဥသျှောင် ဘုရင်သစ်ကတရားဥပဒေနှင့်အညီအုပ်စိုးကာ ပြည်သူလူထုကောင်းစားရေးအတွက် အားပေးအားမြှောက်ပြုပေးသဖြင့် တိုင်းပြည်တစ်ခွင်လုံး အေးချမ်းသာယာနေ၏။ တိုင်းသူပြည်သားတို့မှာ လုပ်ငန်းခွင်အသီးသီးမှာ တစ်ပျော်တစ်ပါး လုပ်ကိုင်နေကြ၏။ သို့သော် ဘယ်နေရာ ဘယ်ဌာနမှာမဆို စုန်းပြူးကား ရှိစမြဲဖြစ်၏။ နေ့ရောညပါ လုပ်ငန်းခွင်ဝင်နေကြသူများကြားဝယ်အချိန်ရှိသမျှမူးယစ်သောက်စားနေသူများလည်း ရှိကြသေး၏။ အမူးသမားတို့မှာလက်တစ်ဆုပ်စာမျှသာ ဖြစ်သော်လည်း မြို့တော်၏လမ်းမလမ်းသွယ် ဘယ်နေရာမဆို သူတို့ရောက်သည်သာဖြစ်၏။ ထို့ကြောင့်ပင် စနည်းနာထွက်လာသော ဘုရင့်သစ်နှင့် ပက်ပင်းဆုံမိကြခြင်း ဖြစ်လေသည်။

''ဟေ့–ဟိုရှေ့က ဘယ်သူတုန်းကွ''

လူချင်းဆုံမိသည်နှင့် အမူးသမားတို့က နှုတ်ခွန်း ဆက်လိုက်၏။ လဆန်းခါစ မှုန်ပျပျအလင်းရောင်တွင် ဆင်းရဲသားယောင်ဆောင်လာသော ဘုရင်သစ်ကို သူတို့ အမှန်အတိုင်း မသိကြပေ။

''ငါပါကွာ၊ ငါလဲ မင်းတို့လိုပဲပေါ့ကွ။ ဟိုနားဒီနားလျှောက်လယ်တာပေါ့''

အမူးသမားတို့ကို မွေ့မယူဘဲ ဘုရင်သစ်က ပြေပြေပြစ်ပြစ် စကားပြန်လိုက်၏။သို့သော် အမူးသမားတို့နှုတ်ခွန်းဆက်ခြင်းမှာ သူဆီက ဤသို့သောစကားပြန်ကို လိုချင်၍မဟုတ်။တွေ့ရာလူကို အုပ်စုအားကိုးဖြင့်အနိုင်ကျင့်ရန်စလိုက်ခြင်းသာ ဖြစ်၏။ထို့ကြောင့် ပြောပြောဆိုဆို ဘုရင်သစ်ကို ဝိုင်းဝန်းထိုးကြိတ်ကြလေတော့သည်။

''တော်ရော့ပေါ့ သူငယ်ချင်းတို့ရာ။ မင်းတို့ကို ငါက ဘာမှပြန်မလုပ်တာကို''

အဖြစ်မှန်ပေါ်သွားလျှင် သည့်ထက်ပင်အန္တရာယ်များနိုင်သည်မို့ ဘုရင်သစ်ကတော့သူတို့ကိုရန်တုံ့မမူနိုင်။ သူတို့လက်သီးချက်များကိုကြည့်ရှောင်ရင်း လေအေးအေးနှင့် ချော့နေရ၏။ သို့သော် အများနှင့်တစ်ယောက်ဖြစ်၍ ရှောင်၍ မလွတ်။ ရုန်း၍မလွတ်။ အမူးသမားတို့ ပြုသမျှ အံကြိတ်၍ ခံနေရ၏။

''ကဲ- တော်ကြပါစို့ကွာ။ သူ့ခမျာဘာမှပြန်မလုပ်နိုင်ပါဘူး''

အသက်ခပ်ကြီးကြီးလူက ဘုရင်သစ်ကို သနားစိတ်ဝင်လာ၍ သူ့လူများကို တားလိုက်၏။ သူ့လူများကလည်း အထိုးအကြိတ်ရပ်လိုက်ကြပါ၏။ သို့သော် ပြန်၍ကား မလွှတ်ချင်ကြသေးပေ။

''အေး- တို့ကို ပြန်မလုပ်တဲ့အတွက် အသက်တော့ချမ်းသာပေးလိုက်တယ်။ ဒီတော့ ငါတို့ကျေးဇူးဆပ်တဲ့အနေနဲ့ ဟောဒီထန်းရေအိုးကို ထမ်းခဲ့ပေတော့''

ဘုရင်သစ်ကို ထန်းရေအိုးထမ်း ရာထူးပေးကာ အမူးသမားတို့ ခရီးဆက်ကြ၏။ တစ်လမ်းဝင်တစ်လမ်းထွက် အမူးသမားတို့ ခရီးဆက်တိုင်း ဘုရင်သစ်က လိုက်နေရ၏။ သို့လိုက်ပါနေရင်းကလည်း ပတ်ဝန်းကျင်အခြေအနေကို ရနိုင်သမျှ အကဲခတ်လျက်သာ ရှိပေသည်။

ခြံအိုကြီးတစ်ခုနားမှ ဖြတ်သွားရသည့်အခိုက်တွင် ဘုရင်သစ်သည် ခြံထဲကအသံများကို သတိထား၍ နားစိုက်လာခဲ့၏။ အသံရှင်မှာ ပုဏ္ဏားအိုကြီးတစ်ယောက်ဖြစ်၍ အားအင်ချည့်နဲ့သဖြင့် တုန်တုန်ယင်ယင် ဖြစ်နေ၏။ သူ၏ရပ်သွင် အိုမင်းသည်နှင့်အမျှ သူတို့၏အိမ်ဂေဟာမှာလည်းအိုမင်းဆွေးမြည့်၍နေ၏။ တကယ်တော့ဖြင့် ပုဏ္ဏားအိုကြီးမှာ ခမည်းတော်လက်ထက်က ဘုရင့်ပုရောဟိတ်ကြီးဖြစ်ခဲ့၏။ သူတတ်ကျွမ်းသော ပညာစွမ်းဖြင့် ဘုရင်ကြီး၏ အန္တရာယ်အဝဝကို ကြိုတင်တွက်ချက်၍ အကာအကွယ်ပေးခဲ့သည်သာဖြစ်၏။ သို့သော် သူ့ခမျာ ထိုရာထူးနှင့်မမြဲနိုင်။ ယခုလက်ရှိ ပုရောဟိတ်ကြီးများ ခြေထိုးမှုဖြင့် ရာထူးမှအဖယ်ရှားခံရကာ ယခုလို သိမ်သိမ်ငယ်ငယ် နေရရှာသည်။ လစာရိက္ခာမရှိ။ သားထောက်သမီးခံလည်းမရှိသဖြင့် အဘိုးအို အဘွားအိုလင်မယားမှာ မသေရုံစားသောက်၍ နေရလေသည်။

''ဟေ့-ရှင်မရေ၊ အိမ်ပြင်ကို မြန်မြန်လေးထွက်ခဲ့စမ်းဟေ့''

ပုဏ္ဏားအိုသည် ခြံအိုထဲမှာ လမ်းလျှောက်ရင်း ပုဏ္ဏေးမကြီးကို လှမ်းခေါ်လိုက်၏။ ခေါ်သံအဆုံးတွင်သူ့လိုပင်အိုမင်းရစွမ်းဖြစ်နေသော ပုဏ္ဏေးမကြီးက ခပ်သုတ်သုတ်ထွက်လာခဲ့၏။

''ကြည့်စမ်းပါဟဲ့ ရှင်မ။ ဟိုတာရာနဲ့ဟိုနက္ခတ်ပူးသွားပုံကြည့်စမ်း။ ငါအကဲခတ်နေတာကြာပြီ။ အဲခုလောလောဆယ်လေးမှ သူတို့ချင်းပူးမိသွားကြတာ''

''သူတို့ ပူးမိသွားကြတော့ကော ဘာဖြစ်သေး သလဲ တော်ရဲ့ ကိုယ်နဲ့ ဘာများဆိုင်သေးလို့လဲ''

ပုဏ္ဏားကြီးဘက်က စိတ်ဝင်စားကာ အ ရေး ထား သ လောက် ပုဏ္ဏေးမကြီးကတော့ စိတ်မဝင်စားပါ။ နက္ခတ်တာရာတွေအပေါ်အရေး ထားလိုစိတ်လည်း မရှိတော့ပါ။ အိမ်ထဲမှာ နွေးနွေးထွေးထွေး ကွေး မနေရသည့်အတွက် ပုဏ္ဏားကြီးကိုပင် ငြူစူ၍နေလိုက်ပါသေး၏။

''အို–ဘာဖြစ်လဲလို့ မေးမှမေးရက်လိုက်ပလေကွာ။ ဒီ တာ ရာ နဲ့ ဒီနက္ခတ်ပူးသွားရင် တို့ဘုရင်လေးအတွက် အန္တရာယ်ရှိကယ်ကွ။ မပြော ကောင်း ပြောကောင်း ခုနေဆို ရန်သူ့လက်များ ပါ သွား ရှာ လေ မလားကွာ''

ပုဏ္ဏေးမကြီး ငြူစူနေသည်ကိုမှ ဂရုမထားနိုင်ဘဲ ပုဏ္ဏားကြီး ကတော့ သူ့နက္ခတ်တာရာများနှင့် အလုပ်ရှုပ်လျက်သာ ရှိ၏။ သူ့လက် ထဲမှာ ကြီးပြင်းလာခဲ့သော ဘုရင်လေးအတွက် စိုးရိမ်စိတ်များ ပွားနေ မိ၏။

''တကထဲတော်၊ ကိုယ်မှာလစာရိက္ခာ တစ်ပြားတစ်ချပ်ရတော့ တာကျလို့။ ဘုရင်မကလို့မိဖုရားတွေ ပါပါသွားသွားကိုယ့်ဘက်ကအနေ သာကြီး ပါ၊ ပူချင်းပူ လစာရိက္ခာတွေ ဆို့ယူနေကြတဲ့ သူ့ပုရောဟိတ် ကြီးတွေ ပူလိမ့်မပေါ့''

ပုဏ္ဏေးမကြီးက မကျေနိုင် မချမ်းနိုင် မြည်တွန် တောက်တီးပြု လိုက်၏။ ဤတွင် ပုဏ္ဏားကြီးက လေသံအေးအေးဖြင့်....

''ဒီလို ဘယ်ဟုတ်ပါ့ဦးမလဲရှင်မရယ်။ လစာရိက္ခာရချင်ရ၊မရချင် နေ၊ ဘုရင်မင်းမြတ်ရဲ့အရေးမှာ တို့အရေးလဲပါတာပေါ့။တကယ်လို့ခုနေ အခါဘုရင်လေးမရှိတော့ဘူးဆိုပြီးပုန်ကန်ခြားနားမှုကြီးများ ပေါ်လာ ရင် ဘယ့်နှယ်လုပ်ပါ့မလဲ။တို့အဘိုးအိုအဘွားအိုနှစ်ယောက် ဘယ်ပြေးလို့

ခိုရပါ့မလဲ။ ပေးစရာလဲငွေမရှိဘူး။ ပြေးစရာလဲမြေမရှိဘူး။ စစ်ဘေး စစ်ဒဏ်နဲ့ တစ်တိုင်းတစ်ပြည်လုံး အတိဒုက္ခရောက်တယ်ဆိုရင် ဘယ်သူကမှ လာကယ်နိုင်မှာ မဟုတ်ဘူး။တောက်–ငါမျှားတတ်နိုင်မယ်ဆိုရင်ရွှေနန်းတော်ကြီးဆီ ပြေးပြီး ပြောလိုက်ချင်ပါရဲ့ကွာ''

ပုဏ္ဏားအိုကြီး မချင့်မရဲ ရေရွတ်နေဆဲတွင် ဘုရင်သစ်နှင့် အမူးသမားများ ကျော်လွှန်၍လာခဲ့ကြ၏။ဤစကားများအစေ့အစုံကြားနိုင်ရန် ဘုရင်သစ်မှာတော်တော်ကြီးအချိန်ဆွဲ၍နေခဲ့ရ၏။ တိုင်းပြည့်ခေါင်းဆောင်တစ်ဦး၏ ကံကြမ္မာကို တ၁ဝန်သိသိ ဂရုစိုက်ဖော်ရသော ပုဏ္ဏားအိုကြီး၏ အိမ်ကို အသေအချာမှတ်သား၍ လာခဲ့၏။

အမူးသမားများ စိတ်ကျေနပ်လောက်အောင် ဆောင်ရွက်ကာ အပြေအလည်တောင်းပန်သဖြင့်ဘုရစ်သစ် လွတ်လပ်ခွင့်ရ၍လာ၏။အပြန်ခရီးမှာလည်းပုရောဟိတ်ဟောင်းပုဏ္ဏားအိုကြီးအိမ်ဘေးမှပင်ဖြတ်သန်း၍လာခဲ့၏။

''ရှင်မရေ၊ တို့တစ်တွေ စိတ်ချမ်းသာရပြီဟေ့။ ဘုရင်ကလေး လွတ်လာပြီကွ''

နက္ခတ်တာရာများကို ရှုစားရင်း ပုဏ္ဏားကြီးက အားရဝမ်းသာ ပြောကြားလျက် ရှိလေသည်။

နောက်တစ်နေ့ညီလာခံတွင် ဘုရင့်ပုရောဟိတ်ကြီးများ အစုံအညီ တက်ရောက်လာကြရာ....

''ပုရောဟိတ်ကြီးများ၊ နက္ခတ်တာရာများကို ညစဉ်မပျက်ရှုစားကြပါရဲ့လား''ဟု ဘုရင်သစ်က မေးမြန်းလိုက်၏။

''မှန်လှပါ။ အရှင်မင်းမြတ်ရဲ့ကံကြမ္မာ မှန်စွာသိနိုင်ရေးအတွက် နက္ခတ်တာရာများကို ညစဉ်မပျက် ရှုစားကြလျက် ရှိကြပါတယ်ဘုရား''

ပုရောဟိတ်ကြီးများက တညီတညွတ်တည်း လျှောက်ထားကြ၏။

''ဒါဖြင့်ရင် ငါကိုယ်တော်အရှင်မြတ်အတွက် နက္ခတ်တာရာများ အစဉ်သဖြင့် ကောင်းခဲ့ပါရဲ့လား''

''မှန်လှပါ၊ အရှင်မင်းမြတ်ရဲ့ ဘုန်းသမ္ဘာတော်ကြောင့် နက္ခတ်တာရာ အပူးအယှဉ်မရှိ။ အစဉ်သဖြင့် ကောင်းမြဲ ကောင်းနေခဲ့ပါတယ်ဘုရား''

ပုရောဟိတ်ကြီးများ၏ လျှောက်ကြားသံအဆုံးဝယ် ဘုရင်သစ်၏ မျက်နှာကသုန်မှုန်စွာ လွှဲခွါသွား၏။ ထို့နောက် စီစဉ်ထားသည့်အတိုင်း

ပုရောဟိတ်ဟောင်း ပုဏ္ဏားအိုကို ရွှေတော်မှောက်အရောက် ခေါ်ယူလိုက်၏။ ပုဏ္ဏားအိုသည် မနင်းရတာကြာပြီဖြစ်သော နန်းရင်ပြင်သို့ ခြေလှမ်းမှန်မှန်လှမ်း၍ လာခဲ့၏။ မဖူးမြင်ရတာကြာပြီဖြစ်သော ဘုရင်သစ်၏ မျက်နှာတော်ကို မဝံ့မရဲလှမ်းမျှော်၍ ဖူးလိုက်၏။ ငယ်စဉ်တောင်ကျေးကလေးဘဝက ပြုစုကျွေးမွေးကာ သွန်သင်ပြသ၍လာခဲ့သော ပုဏ္ဏားအိုကြီးအား ဘုရင်သစ်က မြင်လျှင်မြင်ချင်း မှတ်မိသဖြင့်....

''ပုဏ္ဏားကြီး၊ မနေ့ညက နက္ခတ်တာရာများ ရှုစားမိပါရဲ့လား'' ဟု ချိုသာစွာမေးမြန်းလိုက်၏။

ပုဏ္ဏားအိုကယမန်ညကအဖြစ်သနစ်များကိုစုံစေ့စွာလျှောက်ထားလေသည်။

''နက္ခတ်ပညာရှင်ဆိုတာ ဒီလိုမှပေါ့ပုဏ္ဏားကြီးရယ်။ ခမည်းတော်ဘုရားလက်ထက်က အရာကျထားလို့ အားကိုးရာမရှိပေမယ့် ပုဏ္ဏားကြီးက တာဝန်သိသိ ထမ်းရွက်ဖော်ရနေပေတယ်။ ရွှေနန်းတော်မှာ လစာရိက္ခာပြည့်စုံစွာ ပေးထားရတဲ့ ပုရောဟိတ်ကြီးများကတော့ ကိုယ့်တာဝန်ကိုယ် မကျေပွန်ကြဘူး။ ဒီတော့ လက်ရှိပုရောဟိတ်ကြီးတွေ ရာထူးကအကုန်ဖြုတ်။ သူတို့နေရာမှာ ပုရောဟိတ်ဟောင်းကြီးကို အစားပြန်ခန့်တော်မူတယ်''

ဘုရင်သစ်၏ လက်ထက်တော်ဝယ် ထိုနေ့ညီလာခံမှစ၍ ရာထူးအပြောင်းအလဲများ ဖြစ်ပေါ်လာလေသည်။

(တိကနိပါတ်၊ နာနာဆန္ဒဇာတ်)

**နာနာဆန္ဒဇာတ် တိကနိပါတ် ဇာတ်ပေါင်းသော်**

ရာထူးကျပုဏ္ဏားအို = အရှင်အာနန္ဒာ။
မင်း = မြတ်စွာဘုရား။

## ပေးအပ်သော တာဝန်

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး၏ မိဖုရားမှာ အဗ္ဗန္တရ သရက်သီးကိုစားသုံးလိုသော ချင်ခြင်းအာသာဖြစ်ပေါ်နေလေ၏။ မိဖုရားသည် အဗ္ဗန္တရသရက်သီးကို စားရစိမ့်သောငှာ နေထိုင်မကောင်းလေဟန်ပြု၍ အိပ်စက်နေလေ၏။

မင်းကြီးသည် ထီးဖြူမိုးသောပလ္လင်ထက်မှာနေလျက် ကချေသည်တို့၏ ကပြန်ဆိုပြန်ကို ကြည့်ရှုလတ်သော် မိဖုရားကိုမမြင်သဖြင့် ''ငါ၏ မိဖုရား အဘယ်မှာနည်း''ဟု မေး၏။

မိဖုရား၏အလုပ်အကျွေးတို့က မှာထားသည့်အတိုင်း မိဖုရားနာမကျန်းရှိနေကြောင်းကို လျှောက်ထားကြလေ၏။ ထိုအခါ မင်းကြီးသည် မိဖုရားရှိရာသို့ လာရောက်ကာ အိပ်ရာပေါ်၌ထိုင်ပြီးသကာလ မိဖုရား၏ ကျောပြင်ကို အသာအယာ ပွတ်သပ်ပေးလျက် ''အဘယ်မိဖုရား၊ သင့်အား မည်ကဲ့သို့သောရောဂါ ဖြစ်ဘိသနည်း''ဟု မေးမြန်းလေလျှင်....

''အရှင်မင်းကြီး၊ ဘုရားကျွန်မအား အခြားတစ်ပါးသောရောဂါ ဝေဒနာမရှိပါ။ အဗ္ဗန္တရသရက်သီးကို စားသုံးလိုသော ချင်ခြင်းအာသာ သာရှိပါသည်။ အဗ္ဗန္တရသရက်သီးကိုမှ မစားရလျှင် သေရွာသို့သာလားရပါတော့မည်''ဟု သနားစဖွယ် မျက်ရည်သွယ်သွယ်ကျလျက် မိဖုရားက လျှောက်လေ၏။

ထို့နောက် မင်းကြီးသည် ရာဇပလ္လင်ထက်သို့ တက်၍ထိုင်ပြီးလျှင် မိဖုရားစားသုံးလိုသောအဗ္ဘန္တရသရက်သီးအတွက် အဘယ်ကဲ့သို့ ဆောင်ရွက်ရမည်ကို မှူးမတ်တို့နှင့် တိုင်ပင်လတ်သော်....

"မှန်လှပါ၊ နှစ်ခုသောသရက်ပင်တို့၏အကြားမှာရှိသော သရက်သီးသည် အဗ္ဘန္တရသရက်သီး မည်ပါသည်။ ဥယျာဉ်တော်မှာ ရှာကြံ၍ ဆက်သသင့်ကြောင်းပါဘုရား"

မှူးကြီးမတ်ကြီးတို့ လျှောက်ထားသည့်အတိုင်း ဥယျာဉ်တော်မှာ ရှာဖွေသော် တစ်လုံးတစ်ဖွံ့မှ မတွေ့ဘဲ ဖြစ်နေလေတော့၏။ မိဖုရားကား သရက်သီးအတွက် ဆက်လက်၍ အိပ်မြဲအိပ်နေရလေသည်။

မတတ်သာသည့်အဆုံးတွင်မူ မင်းကြီးသည် ပုဏ္ဏားပညာရှိများကို ခေါ်ယူကာ အဗ္ဘန္တရသရက်သီးရှိနိုင်ရာအရပ်ကို စုံစမ်းရလေတော့၏။

ပုဏ္ဏားများက "အရှင်မင်းကြီး၊ လူတို့နှင့် မစပ်မအပ်၊ နတ်တို့သာလျှင် သုံးဆောင်ရသော အဗ္ဘန္တရမည်သောသရက်ပင်သည် ဟိမဝန္တာအရပ်ဝယ် ရွှေဂူ၏အတွင်း၌ ရှိလေ၏ဟူ၍ အစဉ်အဆက်ပြောသံကြားဖူးပါသည်ဘုရား"ဟု ပြန်လည်သံတော်ဦးတင်ကြလေသော်....

"သို့ဖြစ်လျှင် ထိုအဗ္ဘန္တရသရက်သီးကို အဘယ်သူ ဆောင်ယူပေးနိုင်ပါအံ့နည်း"

"မှန်လှပါ၊ ထိုအရပ်သို့ လူသားများသွားရောက်နိုင်မည် မဟုတ်သဖြင့် အရှင်မင်းကြီး၏ကျေးသားငယ်ကိုသာ လွှတ်တော်မူပါဘုရား"

နန်းတော်တွင်း၌မင်းကြီးမွေးမြူထားသောကျေးငှက်တစ်ကောင် ရှိ၏။ လိမ္မာရေးခြားစကားချေငံရှိလျက် ခွန်အားဗလနှင့်လည်းပြည့်စုံ၏။ မင်းကြီးသည် ပုဏ္ဏားတို့လျှောက်တင်ချက်ကို "ကောင်းပြီ"ဟု လက်ခံလိုက်ပြီးနောက် ကျေးငယ်ကိုယူခဲ့စေလျက် "အမောင်ရွှေကျေး၊ ငါသည် သင့်ကို ရွှေအိမ်မှာထားခဲ့သည်။ ရွှေခွက်မှာ ပျားရည်နှင့်ပေါက်ပေါက်ကို ထည့်၍ကျွေးခဲ့သည်။ သကြားသကာအဖျော်ယမကာကို တိုက်ခဲ့သည်။ သို့ဖြစ်၍ အမောင်ရွှေကျေးကလည်း ငါ၏အမှုတော်ကို ထမ်းရွက်ရပေမည်"ဟု မိန့်ဆိုလေ၏။

ကျေးငယ်က "အဘယ်ကဲ့သို့သောအမှုတော်ပါနည်း"ဟု သာယာချေငံစွာမေးလျှောက်၍ အမှုတော်ကိုသိလတ်သော် "ကောင်းပါပြီအရှင်မင်းကြီး၊ မရ ရအောင် ကျွန်တော်မျိုးဆောင်ရွက်ခဲ့ပါမည်"ဟု ရဲဝံ့စွာ လျှောက်ထားလေ၏။

● ပုံယံဦး ●

ထို့နောက် မင်းကြီးသည် ကျေးငယ်အား စားဖွယ်သောက်ဖွယ်တို့ဖြင့် ကျွေးမွေးကာ အတောင်နှစ်ဘက်ကြားတွင် အကြိမ်တစ်ရာချက်ထားသော ဆီကြည်ဖြင့် သုတ်လိမ်းပေးလျက် လေသာပြူတင်းပေါက်မှ လွှတ်လိုက်လေ၏။

ကျေးငယ်သည် မင်းကြီးအား အရိုအသေပြုပြီးနောက် ကောင်းကင်ခရီးကို အပြင်းနှင်လေရာ လူတို့၏နေရပ်ကို ကျော်လွန်၍ ဟိမဝန္တာသို့ ဆိုက်ရောက်လေ၏။ ကျေးငယ်သည် စ စဦး တွေ့ရသော တောင်ကြားမှာ နေကြသော ကျေးသားများထံ ပျံသန်းလာလျက် အမ္ဗန္တရ သရက်သီး ရှိရာအရပ်ကိုမေးလေလျှင်....

''ငါတို့ကားမသိ၊ ဟိုတောင်ကြားက ကျေးသားများဆိုသော် သိလောက်ဖွယ် ရှိ၏'' ဟု ကျေးသားများက ဒုတိယအတောင်ကြားမှ ကျေးသားများထံ လမ်းညွှန်ပြကြလေ၏။

ဒုတိယတောင်ကြားမှ ကျေးသားတို့ကလည်း တတိယ တောင်ကြားသို့သာ ညွှန်ပြကြလေသဖြင့် အဆင့်ဆင့်မေးမြန်းစုံစမ်း၍ ခုနစ်ခုမြောက် တောင်ကြားသို့ ရောက်လတ်သော်ကား....

''ဤမည်သောအရပ်မှာ ရှိလေ၏'' ဟု ရှိရာအရပ်ကို တိတိကျကျ ညွှန်ပြကြလေကုန်၏။

ထိုအခါကျေးငယ်ကအားရဝမ်းသာလှစွာဖြင့် ''ဤဗ္ဗန္တရသရက်သီးအလို့ငှာကျွန်ုပ်လာခဲ့ရပါသည်။ ထိုသရက်သီးရှိရာအရပ်ကိုခေါ်ဆောင်ပို့ကြပါကုန်'' ဟုဆိုလျှင် ကျေးသားများက ''အဆွေ၊ အမ္ဗန္တရသရက်သီးဆိုသည်မှာ ဝေဿဝဏ်နတ်မင်းကြီး၏ အသုံးအဆောင် ဖြစ်သည်။ သရက်ပင်သို့ ချဉ်းကပ်ခြင်းငှာ မတတ်စကောင်း။ အပင်ရှိသမျှကို အမြစ်ရင်းမှ ပင်ဖျားထိ သံကွန်ခြာခုနစ်ထပ်ဖြင့် ဖုံးအုပ်ထားသည်။ သည့်တွင် မကစောင့်ကြပ်သည့် ကုမ္ဘဏ်ပေါင်းကလည်းကုဋေများစွာပင်ဖြစ်သည်။ ကုမ္ဘဏ်တို့ တွေ့လေ မြင်လေသမျှ သက်ရှိသတ္တဝါဆိုလျှင် မည်သည်မျှ အသက်ချမ်းသာရာ မရစဖူး။ ကမ္ဘာလောင်မီး အဝီစိငရဲကြီးနှင့်တူသော အရပ်သို့ မသွားချင်ပါနှင့် အဆွေ''

ထိုကဲ့သို့ ကျေးသားတို့က စိုးရိမ်တကြီး တားဆီးပိတ်ပင်ကြပါသော်လည်း ကျေးငယ်သည် ပေးအပ်လိုက်သော တာဝန်မှ တစ်ပါးအခြား မည်သည့်အန္တရာယ်မျိုးကို အမှုမထား အလေးမမူဘဲ....

''သင်တို့မလိုက်လိုလျှင် ရှိပါစေတော့။ ရှိရာအရပ်ကိုသာလမ်းညွှန်လိုက်ကြပါဘိ''ဟုသာ ဆိုလေ၏။

ခရီး ညွှန်ပြကြသော ကျေးသားတို့ ပြန်လှည့်သွားကြပြီးသော် ကျေးငယ်သည် တစ်ကောင်ထီးတည်းဖြင့် ရဲဝံ့စွာ ပျံသန်းသွားလေရာ အမ္ဗဋ္ဌရသရက်ပင်၏ မနီးမဝေးသို့ ရောက်သွားလေတော့သည်။

ကျေးသားတို့ ပြောဆိုလိုက်သည့်အတိုင်းပင်အမ္ဗဋ္ဌရသရက်ပင်မှာ အပင်ခြေရင်းကစ၍ သံကွန်ခြာတို့ဖြင့် ဖုံးလွှမ်းထားလိုက်သည်မှာ ကျေးငယ်တစ်ကိုယ်စာမျှပင် ဝင်စရာအပေါက် မရှိပါချေ။ မျက်လုံးပြူးကျယ်၊ အစွယ်ဖွေးဖွေး၊ အမွေးထူလပြစ်နှင့်ဘီလူးကုမ္ဘဏ်ကြီးတို့ကလည်း အဝေးက မြင်ရုံဖြင့်ပင် အသည်းတုန်စရာ ကောင်းလှပါ၏။ ရောမတင်းပုတ်ကြီးများကိုထမ်းကာ အမ္ဗဋ္ဌရသရက်ပင်ကို လှည့်လည်၍ စောင့်ကြပ်နေကြလေ၏။

ကျေးငယ်သည် နေ့ခင်း၌ အခွင့်မသာသဖြင့် တော်ရာတစ်နေရာမှာ ပုန်းအောင်းနေပြီး ညသန်းခေါင်ကျော် ဘီလူးကြီးတို့အိပ်မောကျချိန်လောက်ကို မှန်းဆကာ လာလျက် သရက်ပင် ခြေရင်းမှ ကပ်လျက်ကိုယ်ကို ကျစ်၍ တိုးဝင်၏။

ထိုအခါ သံကွန်ခြာလှုပ်၍ ချွင်ချွင်ဟု အသံထွက်သွားလေရာ ဘီလူးကြီးများနိုးလာကြပြီး ကျေးငယ်ကို ဖမ်းမိကြလေတော့၏။

ဘီလူးကြီးတစ်ကောင်က ''ဟေ့--ဒီကောင်လေးကို ငါ့ပါးစပ်မှာ ကျွတ်ကျွတ်ဝါးစား ပစ်လိုက်မယ်''

နောက်တစ်ကောင်က ''အောင်မယ်၊ ဒီကောင်စုတ်ကလေးများ ငါ့လက်ထဲမှာပဲ စိစိပါအောင် ဆုပ်နယ်လိုက်ချင်လှ''

နောက်တစ်ကောင် နောက်တစ်ကောင်တို့ကလည်း ''ရင်ကိုခွဲ အသည်းကို မီးကင်ကြဟ''

အသီးသီးသော ကြုံးဝါးသံကို ကြားပါလျက် ကျေးငယ်သည် ကြောက်ရွံ့ဟန် ထိပ်လန့်ဟန်ဟူ၍ နှမ်းတစ်စေ့မျှမပါဘဲ ''နေကြပါဦး၊ အသင်တို့က ဘယ်သူ၏အမှုထမ်းတွေပါလဲ''ဟု မေးလိုက်၏။

ဘီလူးကြီးများက ''ငါတို့ကား ဝေဿဝဏ် နတ်မင်းကြီး၏ အမှုထမ်းတို့တည်း'' ဟု ဆိုကုန်၏။

''သို့ဆိုလျှင် အကျွန်ုပ်သည်လည်း ဗာရာဏသီ မင်းကြီး၏ အမှုထမ်း တစ်ဦးပင်။ ဗာရာဏသီမင်းက အမ္ဗဋ္ဌရသရက်သီး ဆောင်ယူခဲ့ရန်

တာဝန်ပေးသဖြင့် ဤအရပ်သို့အကျွန်ုပ်လာခဲ့ရပါသည်။အသင်ဘီလူးကြီးတို့ရက်စက်မည်ဘာ သတ်ပါလျှင်လည်း အကျွန်ုပ်သေရပါသည်။ စိုးစဉ်းမျှအကျွန်ုပ် စိုးရိမ်ပူဆွေး ငိုကြွေးနေမည် မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် လူကြီးမိဘက ဖြစ်စေ အရှင်သခင်ကဖြစ်စေ ဆောင်ရွက်ရန် တာဝန်တစ်ခု ပေးအပ်လိုက်သဖြင့် အသက်ကိုစွန့်၍ တာဝန်ကို ကျေပွန်စွာ ထမ်းရွက်သူသည် သေလွန်ပြီးနောက် နတ်ရွာသုဂတိ ရောက်ရသောကြောင့်ပင်တည်း''

ဘီလူးကြီးတို့သည် ကျေးငယ်၏ စကားကို သာယာကြည်နူးကြသဖြင့် ''အမောင် ကျေးသားငယ်၊ သွားလိုရာ အရပ်သို့ ချမ်းသာစွာပျံလေတော့'' ဟု လွှတ်လိုက်ကြလေ၏။

သို့ရာတွင် ကျေးငယ်က မပျံလင့်ဦးဘဲ....

''အကျွန်ုပ် လာသည်ကို အကျိုးမဲ့ မပြုကြပါလင့်။ သရက်သီးတစ်လုံးမျှကို ရလိုပါသေးသည်''ဟု တောင်းဆိုနေလေရာ....

''အမောင် ကျေးသားငယ်၊ သင့်ကို ငါတို့ မပေးရက်လို့ ဝန်တိုသောကြောင့် မဟုတ်ပါ။ သည်သရက်သီးတို့ကို ဝေဿဝဏ် နတ်မင်းကြီးက တစ်လုံးမကျန် ရေတွက်၍ထားသည်။ တစ်လုံးတစ်လေပျောက်၍ ဝေဿဝဏ် နတ်မင်းကြီး အမျက်ထွက်ပြီး ကြည့်လိုက်ပါသော် ငါတို့တစ်တွေ ဖွဲ့ပြာကျ၍ သွားရပါမည်'' ဟု ဝမ်းနည်းစွာ ပြောဆိုကြပြီးရနိုင်ရာအရပ်တစ်ခုကို ညွှန်လိုက်ကြပြန်လေ၏။

သို့ဖြင့် ကျေးငယ်သည် ကဥ္စနပဋိကမည်သော တောကျောင်း၌သီတင်းသုံးတော်မူသော ဝေဿဝဏ် နတ်မင်းကြီး၏ ဆရာ ဇောတိရသရသေ့ကြီးထံ၌ ဆည်းကပ်ရပြန်လေ၏။

ရသေ့ကြီးသည် ကျေးငယ်လာရခြင်းအကြောင်းကို သိရလေသော်''အေး အေး ရစေမည်ပေါ့'' ဟု မိန့်တော်မူလေ၏။

မကြာမီပင် ဝေဿဝဏ် နတ်မင်းကြီးထံမှ အဗ္ဘန္တရ သရက်သီးလေးလုံးအပို့အလှူ ရောက်လာသဖြင့် နှစ်လုံးကို ရသေ့ကြီး ဘုဉ်းပေးတော်မူ၏။ တစ်လုံးကို ကျေးငယ်စားရန် ပေး၏။ ကျန်တစ်လုံးကို ဆိုင်းငယ်မှာ ထည့်လျက် ကျေးငယ်၏ လည်ပင်းမှာစွပ်၍ ပေးလိုက်လေ၏။

ကျေးငယ်သည် ထိုအရပ်မှ တရှိန်ထိုး ပျံသန်းခဲ့၍ ဗာရာဏသီမင်းကြီး လက်တွင်းသို့ အဗ္ဘန္တရ သရက်သီးကို ဆက်သခြင်းဖြင့် ပေးအပ်သော တာဝန်ကို ကျေပွန်စွာထမ်းဆောင်လိုက်လေသည်။

(တိကနိပါတ်၊ အဗ္ဘန္တရဇာတ်)

အဗ္ဘန္တရဇာတ်၊ တိကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မိဖုရား | = | ယသော်ဓရာ။ |
| ကျေးသားငယ် | = | အရှင်အာနန္ဒာ။ |
| ဇောတိရသရသေ့ | = | အရှင်မဟာသာရိပုတ္တရာ။ |
| ထိုဇာတ်လမ်းကိုတွေ့မြင်သော ရသေ့ကြီး | = | မြတ်စွာဘုရား။ |

# အာဇာနည် စိတ်ဓာတ်

ကာသိတိုင်းကြီး၏ အရှင် ဗြဟ္မဒတ် မင်းကြီး၏ စည်းစိမ်သည် ပြည်နီးချင်း မင်းတကာတို့ သွားရည်ယိုလောက်၏။ တိုင်းနိုင်ငံ ကျယ်ပြန့်သည်နှင့်အမျှ အာဏာစက် ပြင်းထန်လှ၏။ ပတ်ဝန်းကျင်မှ ခုနစ်ပြည်ထောင် မင်းတို့မှာ ဗြဟ္မဒတ်မင်း၏ စည်းစိမ်ကို လိုချင်တပ်မက်လှသော်လည်း သူ့အာဏာစက်ကိုကား အံမတုနိုင်။ ဗြဟ္မဒတ်မင်း၏ စစ်သည် သူရဲကောင်းတို့က ဤဇမ္ဗူတစ်ခွင်မှာ ဘယ်သူ့မှ လူထင်ကြသည် မဟုတ်ပေ။ နှစ်နိုင်ငံနယ်စပ်ကို ထိပါးမိသည်နှင့်တစ်ပြိုင်နက် ရန်ဘက်လာသော နိုင်ငံကို ထောင်းထောင်းကြေအောင် ဖျက်ခဲ့သည်သာ ဖြစ်၏။

ယနေ့တော့ စွမ်းအားသတ္တိ ထက်မြက်လှသော သည်စစ်သည်တော်များအကြံကျပ်နေကြပေပြီ။ရန်ဘက်လာသော နိုင်ငံတို့မှာ ခါတိုင်းလို တစ်နိုင်ငံထီးတည်း မဟုတ်ကြ။ ပတ်ဝန်းကျင် ခုနစ်ပြည်ထောင်လုံးက တစ်လုံး တစ်စည်းတည်း ချီတက်လာကြခြင်း ဖြစ်၏။ သူတို့ တစ်တွေ အနှစ်နှစ်အလလ ကြံစည်၍မရခဲ့သော သည်စည်းစိမ်ကြီးကို ယနေ့တော့ ဟစ်တိုးဘစ်ဖွဲ့စီရရ ညီတူညီမျှ ဝေပုံချ ယူကြတော့မည် ဖြစ်၏။ သူတို့ တပ်တော်တွေ အကုန်လုံးက ဗာရာဏသီမြို့တော်ကြီးကို ဝိုင်းအုံပိတ်ဆို့၍ ထားလိုက်ကြလေပြီ။

''တိုင်းပြည်ကိုပဲ အပ်မလား''

''စစ်ကိုပဲ ဖက်ပြိုင်မလား''

မြို့တော်၏ ထက်ဝန်းကျင်ဝယ် ရာဇသံတို့က သဲသဲသံ၍ နေကြ၏။ သူတို့ထက် အဆများစွာ သာလွန်သော စည်းစိမ်ကြီးကို သည်တစ်ခါ လုလုပပ ဝဝကြီး ခံစားရတော့မည်ဟု ခုနစ်ပြည်ထောင် မင်းများက အားရဝမ်းသာ ဖြစ်နေကြ၏။

ထိုအချိန်တွင် ဗြဟ္မဒတ်မင်းကြီးနှင့် အမတ်များကလည်း သေရေးရှင်ရေးကိစ္စကြီးကို အလေးအနက် တိုင်ပင်စည်းဝေးနေကြ၏။ တစ်တိုင်းပြည်ချင်း၊ တစ်မင်းချင်း ဆိုပါက ဤမျှအကြံရ ကျပ်စရာ မရှိပါ။ တပ်တော်များနှင့်အတူ မင်းကြီးကိုယ်တိုင်ထွက်၍ နှိမ်နင်းလိုက်လျှင် အလွယ်တကူ ရနိုင်၏။ ယခုတော့ ခုနစ်ပြည်ထောင်တပ်များက ကာသိတိုင်းကြီး တစ်ခုလုံး ထောင်းထောင်းချေကာ ဘုရင့်မြို့တော်ကြီးကိုပင် ဝန်းရံထားမိကြပေပြီ။ ခါတိုင်းလို ကိုယ်တော်တိုင် ထွက်၍တိုက်လျှင် အရေးတော်လှလိမ့်မည်မထင်။

''တိုင်းပြည်ကိုပဲ အပ်မလား''

''စစ်ကိုပဲ ဖက်ပြိုင်မလား''

မြို့တော်တွင်းမှ လိပ်ခဲတည်းလည်း ဖြစ်နေဆဲတွင် မြို့တော်ဝန်းကျင်မှ ရာဇသံများကတော့ ညံသည်ထက် ညံ၍လာကြ၏။ အသံနှင့်အတူ တချကြမ်းဝင်တိုက်တော့မည့် အရိပ်အယောင်များလည်း သန်းလာကြ၏။

''ကဲ- အမောင်သူရဲကောင်း၊ အခြေအနေကတော့ ပေါက်ကွဲမယ့် ဆဲဆဲဖြစ်နေပြီ။ ဟိုတုန်းက အောင်ပွဲအလီလီ ဆင်နွှဲခဲ့တဲ့အတိုင်း အမှုတော်ကို ကျေပွန်အောင် ထမ်းဆောင်ပေတော့''

မတတ်သာသည့် အဆုံး၌ သည်အရေးကိစ္စ တစ်ခုလုံးကို ပွဲတိုင်းကျော် အာဇာနည် သူရဲကောင်းထံ အပ်နှံရတော့သည်။

''စိတ်ချတော်မူပါအရှင်မင်းကြီး။ အရှင်မင်းကြီးနှင့်တကွ တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းဆောင်ပါ့မယ်။ သို့ပေမယ့် တိုက်ပွဲမှာ အောင်ပွဲလှလှ ဆင်နိုင်ဖို့ကတော့ ဘုရားကျွန်တော်မျိုး တစ်ဦးတည်း စွမ်းနိုင်မည်မဟုတ်ပါ။ တိုက်ဘော်တိုက်ဘက် ရဲဘက်တော်အာဇာနည် တစ်ဦးပါ ပူးတွဲတာဝန်ပေးတော်မူပါ''

အာဇာနည် သူရဲကောင်းက ပေးအပ်သော အမှုတော်ကို လက်ခံ ရင်း တိုက်ဘော်တိုက်ဘက်ထည့်ပေးဖို့တောင်းဆိုလိုက်၏။ဤတွင်ဗြဟ္မဒတ် မင်းကြီးက မျက်မှောက်ကြုတ်ကာ....

''ဟဲ့–သည်နိုင်ငံမှာ နင်အတော်ဆုံးမို့ တစ်ဦးတည်းရွေးချယ်ပြီး တာဝန်ပေးတာ။ နင်နဲ့တူတာ ဘယ်သူရှိသေးလို့ ထည့်ပေးရမှာလဲ''

''မှန်ပါဘုရား။ မနုဿလူသားထဲကတော့ ဘုရားကျွန်တော်မျိုး လောက် တိုက်ရည်ခိုက်ရည် တူညီတဲ့သူ မရှိပါဘုရား။မနုဿလူသားမဟုတ် တဲ့ ထဲကတော့ ရှိပါတယ်''

''အဲ–ဟုတ်ပေသားပဲ။ မောင်မင်းများ၊ စိတ်တွေ ယောက်ယက် ခတ်နေတော့ သူ့ကိုသတိမထားမိဘူး။ကဲ မင်းကလဲ လူအာဇာနည်။ သူက လဲ မြင်းအာဇာနည်။ ဒီကနေ့အဖို့ အာဇာနည်နှစ်ဦးရဲ့ စွမ်းရည်သတ္တိကို သိကြရမှာပေါ့ကွာ။ ကဲ–တိုက်ပွဲအတွက် ပြင်ဆင်ကြပေတော့''

ဗြဟ္မဒတ် မင်းကြီး၏ အမိန့်တော် အဆုံးဝယ် အာဇာနည် သူရဲ ကောင်းသည် မြင်းအာဇာနည်ရှိရာသို့ လာခဲ့၏။ပေးအပ်သော အမှုတော် အတိုင်းကိုကျေပွန်စွာထမ်းဆောင်ခဲ့သဖြင့် အာဇာနည်သူရဲကောင်းသည် သူရဲကောင်း တို့နှင့် ထိုက်ထိုက် တန်တန် နေထိုင်စားသောက်ရ သကဲ့သို့ မြင်းအာဇာနည်၏ နေရာမှာလည်း အာဇာနည်တို့၏ ဂုဏ်နှင့် လျော် ပတ်စွာပင်ဖြစ်၏။ ဘုရင်မင်းကြီး ချစ်ကြည်တော်မူ၍ မင်္ဂလာယူရသော မြင်းဖြစ်သည် အားလျော်စွာ သူနေသော နေရာကိုပင် နံ့သာငါးမျိုး လိမ်းကျံပေးထားရ၏။အဖိုးထိုက်အဖိုးတန်စားခွက်ထဲဝယ်သူအလိုရှိတိုင်း စားကောင်း သောက်ဖွယ်ရာများ ရောက်လာရ၏။

ဤသို့ဤပုံ အခွင့်ထူးခံဖြစ်၍ နေသော်လည်း မြင်းအာဇာနည် သည် မာန်မာနယစ်မူးခြင်းမရှိ။ အမှုတော်ကျရောက်လာလျှင် အသင့် ထမ်းဆောင်နိုင်ဖို့သာ အစဉ်သတိပြုနေ၏။နေပြည်တော်ထက်ဝန်းကျင်မှ ကြွေးကြော်သံများ ကြားကတည်းက သည်ကနေ့ အမှုတော်ထမ်းရမည် ကို ကြိုတင်ကာသိရှိနေ၏။ထို့ကြောင့်အာဇာနည်သူရဲကောင်းက အကျိုး အကြောင်းပြောပြလိုက်သည်နှင့် ဝမ်းသာအားရ ဟီသံပေးလိုက်ကာ....

''တို့တစ်သက်တာအတွက် အကောင်းဆုံးပွဲကြီး နွှဲကြရတော့မှာ ပါလားကွာ။ သူငယ်ချင်းရေ၊ ပြောနေကြာရော့။ မင်းမှာချပ်ဝတ် တန် ဆာ ဆင်ပြီးပြီပဲ။ငါ့ကိုလဲ တိုက်ပွဲဝင်နေကျ ချပ်ဝတ်စုံဝတ်ပေးပေတော့''

''ဒီအတွက် အရှံသင့် သယ်လာတာသာ ကြည့်ပေတော့ သူငယ်ချင်းရေ''

ပြောရင်းဆိုရင်း အာဇာနည်နှစ်ဦးလုံး ချပ်ဝတ်တန်ဆာ ဝတ်ဆင်ပြီး ဖြစ်သွားကြ၏။

''ဟေ့—ဗာရာဏသီပြည်တွင်းက သတ္တိကြောင်လှတဲ့ ဗြဟ္မဒတ်မင်းကြီး၊အချိန်တွေဒါလောက်တောင်ပေးထားဘာဘာပြုလို့အကြောင်းမပြန်တာလဲ။ မင်းက အကြောင်းမပြန်ရင် တို့က ဗာရာဏသီကို မြေလှန်ရလိမ့်မယ်ဟေ့''

သွေးဆာနေသော ခုနစ်ပြည်ထောင်မင်းတို့က တစ်ပြိုင်နက်ကြွေးကြော်ကာ စစ်ကြောင်းများရှေ့က တရကြမ်းချီတက်လာကြ၏။ မြင်မြင်ကရာ ဘာမှမရှောင်တမ်း ချေမှုန်းမည့် စစ်သည်တော်များကလည်း ထက်ကြပ်မကွာပါလာကြ၏။သို့သော်သူတို့တစ်တွေအားနှင့်တွန်း၍မဖွင့်ရမီပင် မြို့တံခါးကြီးပွင့်သွား၏။ မြို့တံခါးပွင့်သည်နှင့် တစ်ပြိုင်နက် လျှပ်စီးပြက်လိုက် သကဲ့သို့သော အခြင်းအရာ တစ်ခုကိုတွေ့လိုက်ရ၏။မမြင်စဖူး ထူးကဲလှစွာသော ဖြစ်ရပ်မို့ စစ်သည်တော်များ တအံ့တသြ ငေးမော၍ နေကြရ၏။ နောက်မှ ရှင်ဘုရင်တစ်ပါးပြီး တစ်ပါး ငယ်သံပါအောင် အော်ကာ ထိုအရာနောက်က တရွတ်တိုက်ပါသွားသည်ကို တွေ့ရမှ အကြောင်းမှန်ကို ရိပ်မိကာ မြားမိုးရွာ၍ပေးကြရ၏။ သို့ဖြင့် ခြောက်ယောက်မင်းကိုဖမ်းယူဆဲတွင် မြင်းအာဇာနည် မြားသင့်ခံလိုက်ရလေသည်။

အရှင်လတ်လတ် ဖမ်းယူထားသော ရန်သူ မင်းခြောက်ပါးကို အာဇာနည်သူရဲကောင်းသည်နန်းတော်မုခ်ဦးမှာစုရုံး၍ထား၏။ထိုနေရာမှာပင် မြင်းအာဇာနည်သည် သွေးသံရဲရဲဖြင့် မြေပြင်မှာလဲကျ၏။ မချိတင်ကဲ ဆင်းရဲစွာခံစားနေရ၏။မြင်းအာဇာနည်အတွက်သူရဲကောင်းမှာ စိတ်မကောင်းခြင်း ကြီးစွာဖြစ်ရ၏။ သို့သော် ဒဏ်ရာရရှာသော ရဲဘော်ရဲဘက်ကို ဖက်လဲတကင်းပြုစု၍ မနေနိုင်။ ခုနစ်ပြည်ထောင်မင်းတို့ထဲက အဆိုးဆုံး အကဲဆုံးမင်းတစ်ပါးကိုဖမ်းရန်ရှိသေးသည်။မင်းခြောက်ပါးလုံး လက်ဝယ်ရပြီဖြစ်သော်လည်း ထိုတစ်မင်းရှိသေးသဖြင့် ဝန်းရံထားသော ရန်သူ့တပ်များက မကွဲမပြိုသေး။ထို့ကြောင့် မြင်းအာဇာနည်ထံမှ ချပ်ဝတ်တန်ဆာများကို စိတ်တင်းကာ ဖြုတ်ရလေတော့သည်။

''ငါ့ဆီက ချပ်ဝတ်တန်ဆာတွေနဲ့ ဘာများလုပ်ဦးမလို့လဲသူငယ်ချင်းရယ်''

ဝေဒနာ အပြင်းအထန်ခံစားနေရာမှ အနည်းငယ်မျက်စိဖွင့်ကာ မြင်းအာဇာနည်က မေးလိုက်၏။

''တိုက်ပွဲက မပြီးသေးဘူးလေ။ ဒီချပ်ဝတ်တန်ဆာနဲ့ တခြားမြင်း တစ်စီး ဆင်ပေးရမှာပေါ့''

''မဖြစ်ဖူးသူငယ်ချင်း မချွတ်နဲ့ မချွတ်နဲ့။ ဒီအတိုင်းရှိပစေ''

''ဒီချပ်ဝတ်တန်ဆာက တိုင်းပြည်အတွက် စစ်တိုက်ဖို့ထားတာ သူငယ်ချင်းရ''

''ဩော်—ပြောမှပြောရက်ပါပေ့ကွယ်။ ငါကလဲ ဒီချပ်ဝတ်တန် ဆာကြီးကို မချွတ်ချင် မခွာချင်အောင် စွဲလမ်းနေလို့ မဟုတ်ပါဘူးကွာ။ မပြီးသေးတဲ့ တိုက်ပွဲကို ငါကိုယ်တိုင် အပြီးသတ် ပေးချင်သေးလို့ပါ''

''သည်းခံတော့သူငယ်ချင်း ရေ။ ငါ့စကားက စေတနာလွန်သွား တယ်ကွာ''

မြင်းအာဇာနည်အတွက် သူရဲကောင်းက တောင်းပန်လိုက်ရ၏။ သို့သော် သူမတောင်းပန်ခင်ကပင် ခွင့်ကျနပ်ပြီးသာဖြစ်နေသော မြင်း အာဇာနည်က....

''ကဲ–စေတနာလွန်တာ အသာထားကွာ၊ ငါ့ကို သာ ထူ ပေး တော့''

''ကဲ–ဒါဖြင့် ယောကျ်ားဘသား အားယူလို့ ထလိုက်စမ်း''

သူရဲကောင်း၏ဖေးကူမှုဖြင့် မြင်းအာဇာနည်ခြေစုံရပ်နိုင်လာ၏။ ဟိုနား သည်နားလျှောက် စမ်းကြည့်၏။ ဒဏ်ရာပြင်းထန်စွာရထားသော် လည်း သည့်ထက်ပြင်းထန်သော စိတ်ဓာတ်က ဆောင်နေသဖြင့် ခါတိုင်း လိုပင် သွားနိုင် လာနိုင်ဖြစ်၍လာ၏။ တိုက်ပွဲဝင်တော့မည့် ဟန်မျိုးဖြင့် သူရဲကောင်းထံ ချည်းကပ်လာ၏။

''ဖြစ်ပါ့မလား သူငယ်ချင်းရယ်။သွေး တွေ ထွက် ထား တာ လဲ နည်းတာ မဟုတ်ဘူး''

မြင်းအာဇာနည်၏ကျောပေါ် တက်စီးရမှာကို သူရဲကောင်းက အားနာ၍ နေရ၏။

''ဖြစ်တာ မဖြစ်တာတော့ မပြောတတ်ပေဘူး သူငယ်ချင်းရယ်။ တစ်ခုသေချာတာကတော့ ဒီလိုတိုက်ပွဲမျိုးဟာ ငါမှတစ်ပါး ဘယ်မြင်းမှ စွမ်းနိုင်မှာ မဟုတ်ဘူး။ ဒါပဲ၊ ကဲ–ကျောပေါ်တက်။ သွားစို့''

မြို့ထဲက အာဇာနည်နှစ်ဦး မထွက်လာတော့၍ အားတက်သရော ဖြစ်နေကြသော ရန်သူများ ရုတ်တရက် ပရမ်းပတာဖြစ်သွားရ၏။ သူတို့၏ နောက်ဆုံးအားထားရာ မင်းတစ်ပါး ပါသွားပြန်ပြီမဟုတ်လား။

ဗြဟ္မဒတ်မင်းကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါတို့အလယ်တွင် အောင်ပွဲရ အာဇာနည်သူရဲကောင်းမှာ မျက်နှာပွင့်ပါဘိ။ သို့သော် သူ၏တိုက်ဘော် တိုက်ဘက်ကတော့ သွေးအိုင်ထဲမှာ။ ပေးအပ်သောအမှုတော် ကျေပွန်ပြီ ဖြစ်၍သူ့စိတ်ကလျှော့လိုက်ပြီ။သူ့ခန္ဓာကိုယ်ကလည်းပျော့ခွေ၍နေလေပြီ။ တိုက်ပွဲတိုင်းကိုအသင့်ကြိုဆိုလာခဲ့သော အာဇာနည်သည် အာဇာနည်ပီပီ သေမင်းကိုလည်း အသင့်ကြိုဆို၍ နေပါပြီ။

"ဖေ့သားကြီးအာဇာနည်၊ငါကိုယ်တော်မြတ်က မင့်ကိုချီးကျူး လိုက်ပါတယ်ကွာ။ နောက်ဆုံးအချိန်မှာ မင်းလိုသမျှဆုကို ငါပေးဖို့အရံ သင့်ရှိနေပါတယ်။ လိုရာဆုကို တောင်းပေတော့ အာဇာနည်"

ဗြဟ္မဒတ်မင်းကြီးကမြင်းအာဇာနည်၏ ဦးခေါင်းကို ညင်သာစွာ ပွတ်သပ်ရင်း ပြောပြနေ၏။ သေမင်း လက်မှာ တစ်ဝက် ပါနေသော မြင်းအာဇာနည်သည် မျက်စိကို အားယူ၍ဖွင့်လိုက်၏။ သွေးကုန်ခန်း၍ အမြင်စွမ်းအားနည်းနေသော မျက်စိထဲဝယ် ခုနစ်ပြည်ထောင်မင်းတို့၏ ရုပ်ပုံများက ဝိုးတဝါး ထင်လာကြ၏။

ဝိုးတဝါးမျက်လုံးများဖြင့် မြင်းအာဇာနည်သည် ဗြဟ္မဒတ်မင်း ကြီးကို. မော်၍ဖူးလိုက်၏။ကျန်သေးသမျှသော စွမ်းအားဖြင့် မင်းကြီးကို အရိုအသေပြုလိုက်၏။ ထို့နောက် သူ့အတွက် အလိုလားဆုံးသောဆုကို တောင်းလိုက်လေသည်။

"အရှင်မင်းကြီး၊ မလိမ္မာ၍ တစ်ကြိမ်တစ်ခါ မိုက်ခဲ့ကြတဲ့ ခုနစ် ပြည်ထောင်မင်းများကို အသက်ချမ်းသာပေးတော်မူပါ။ သူတို့ကိုသစ္စာ ရေတိုက်ပြီး သူ့တိုင်း သူ့ပြည် ပြန်လွှတ်တော်မူပါဘုရား"

ဆုတောင်းပြီး၍ မကြာမီ မြင်းအာဇာနည် အသက်ကုန်သွား လေသည်။

(ကေနိပါတ်၊ ဘောဇာနိယသိန္ဓဝဇာတ်)

**ဘောဇာနိယဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| ဗြဟ္မဒတ်မင်း | = | အရှင်အာနန္ဒာ။ |
| မြင်းအာဇာနည် | = | မြတ်စွာဘုရား။ |

# ၄။ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်

(ဇာတ်တော်မိတ်ဆက်)

သက္ကာယဒိဋ္ဌိမကင်းနိုင်သေးသူ မှန်သမျှ အတ္တသမားချည့် ဖြစ်ကြပါသည်။ အတ္တအယူအစွဲကို အခြေပြုကာ ကိုယ်ကျိုး ကိုယ့်စီးပွားကိုသာ အလေးထား၍ ကြိုးစားတတ်ကြပါသည်။

ကိုယ်ကျိုး ကိုယ့်စီးပွားဟူရာ၌ စည်းစိမ် ဥစ္စာရတနာများသာမက အရှိန်အဝါ ဩဇာအာဏာများလည်း ပါဝင်ပါသည်။ လူအများ၏ ချစ်ခင် ကြည်ညိုမှုကို ခံယူရခြင်းလည်း ပါဝင်ပါသည်။ ထို့ပြင် အိမ်ထောင်ရေး သာယာမှု မိသားစုများ ဥမကွဲ သိုက်မပျက် တည်နေနိုင်မှုစသဖြင့် စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်မှန်သမျှသည်လည်း ကိုယ်ကျိုး ကိုယ့်စီးပွားများပင် ဖြစ်ကြပါသည်။

အတ္တအယူအစွဲကို အခြေပြုခဲ့သည့်အတိုင်း ကိုယ့်ကျိုးကိုယ့်စီးပွားဟူ၍ လူသားတို့ ရှာဖွေလာကြရာတွင် ကိုယ့်တစ်ယောက်တည်းနှင့် မပြီးနိုင်သော အခြေအနေများကို လေ့လာကြရပါသည်။ ကြိုးစား၍ ရှာဖွေလေလေ တိုးပွား၍ တွေ့လာလေလေ ဖြစ်ပါသည်။

လူမှာ အတ္တဝါဒ မည်မျှအစွဲသန်သော်လည်း တစ်ကိုယ်ကောင်းဝါဒမည်မျှအားကြီးသော်လည်း တစ်ကိုယ်ရေ ကောင်းစားရေးကိုတော့

မိမိတစ်ယောက်တည်းနှင့် ဖန်တီး၍ မရနိုင်ပါ။ သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် သင့်တင့် လျှောက်ပတ်အောင် နေနိုင်ပါမှ သူတစ်ပါး၏ အထောက်အကူကို တစ်နည်းနည်းနှင့် ရယူနိုင်ပါမှ လူ့ဘဝအရသာကို အေးချမ်းစွာ ခံစားရပါလိမ့်မည်။

ဤသို့အားဖြင့် ကိုယ့်ကျိုး ကိုယ့်စီးပွားသည် အများတကာ သတ္တဝါ အနန္တနှင့် ဆက်စပ်နေပုံကို အာရုံစိုက်မိလာရမှ လူသားတို့သည် ကိုယ်ကျိုး ကိုယ့်စီးပွားဟူသော အသိုက်အမြုံ ကလေးထဲမှ ခေါင်းပြူ၍ ကြည့်တတ်လာကြပါသည်။ အများအကျိုး ဆောင်ပါမှ ကိုယ့်အကျိုးအောင်မည်ဟု သဘောပေါက်လာကြပါသည်။ ထိုမှ တစ်ဆင့် တက်၍ ရင့်ကျက်လာသူများကတော့ အများအကျိုးအတွက် မိမိအကျိုးပျက်ချင်ပျက်ပါစေဟုပင် သဘောပိုက်လာနိုင်ကြပါသည်။ ထို့ထက်ပို၍ထူးမြတ်သူများကတော့ အများ၏အကျိုးအတွက် မိမိအသက်ကိုပင် စွန့်လွှတ်နိုင်ကြပါသည်။

ဤသို့ စေတနာကောင်း ထား၍ ကြိုးစား ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်မွန်တို့၏ စံနမူနာ များသည် ကမ္ဘာ့သမိုင်းမှာလည်း ရှိခဲ့ပါပြီ။ မြန်မာ့ သမိုင်းမှာလည်း ရှိခဲ့ပါပြီ။ ငါးရာငါးဆယ် ဇာတ်တော်များတွင်လည်း အထင်အရှား ရှိနေခဲ့ပါသည်။

ဤအခန်းတွင်ပါဝင်သော ဝတ္ထုများအနက်မှ 'မေတ္တာတုံ့လှယ်တောမြိုင်ဝယ်' ဝတ္ထုမှာ အများအကျိုး သယ်ပိုးဆောင်ရွက်ခဲ့သော ရသေ့ပျိုကလေးကို ကြည်ညိုနိုင်ကြပါသည်။ အများအကျိုးသယ်ပိုးဆောင်ရွက်ရာတွင် ရသေ့ပျိုကလေးသည် ကိုယ်ကျိုး ကိုယ့်စီးပွားဟူ၍ မျှော်လင့်ချက်လုံးဝမထားပေ။ သောက်ရေပြတ်လပ်၍ ဆင်းရဲဒုက္ခကျရောက်နေကြရှာသော သတ္တဝါများအပေါ် သနားကြင်နာစိတ်ဖြင့်သာ အကျိုးဆောင်ခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အကျိုးတရားခံစားကြရသော သတ္တဝါများကလည်း တုံ့ပြန်မေတ္တာပေးဆပ်လာကြခြင်း ဖြစ်ပါသည်။

'မောင်မာဃတို့အဖွဲ့သားများ' ဝတ္ထုမှာတော့မြန်မာပြည်ထောင်စုသားတိုင်း ကြားဖူးနားဝရှိကြဖူးသည်သာ။ မောင်မာဃနှင့်တကွ သူ့အဖွဲ့သားများ ရပ်ရွာကောင်းကျိုး သယ်ပိုးခဲ့ကြပုံကို ဝမ်းမြောက်ရသည်နှင့် အမျှ ဘေးအန္တရာယ် ကျရောက်လာသည့်အချိန်တွင်လည်း မွန်မြတ်လှသော မေတ္တာဘာဝနာဖြင့် တပေါင်း တစ်စည်းတည်း နေနိုင်ခဲ့ကြပုံမှာ ကြည်ညိုလေးမြတ်ဖွယ် ဖြစ်ပါပေသည်။

လူ့အဖွဲ့အစည်း အသီးသီး၌ ဦးစီးခေါင်းဆောင်ဟူ၍ ရှိနေကြရာ ထိုပုဂ္ဂိုလ်တို့၏ အဓိကတာဝန်မှာ သက်ဆိုင်သူများကို အကျိုးပြုရန်နှင့် ကာကွယ်စောင့်ရှောက်ရန်သာ ဖြစ်ပါသည်။ ထို့ကြောင့်ပင် ‘ကျီးတို့၏ သဘာဝ’ ဝတ္ထုမှ ခေါင်းဆောင်ပီသသော ကျီးမင်းသည် တရစပ်ပစ်ခတ်နေသော မြားတံများကြားမှ စွန့်စွန့်စားစား သွားရောက်ကာ ကျီးမိုက်တစ်ကောင်အတွက် ဖြစ်ပွားလာရသော ပြဿနာကို ပြေလည်အောင် ဖြေရှင်းခဲ့ရပါသည်။

အများအကျိုးဆောင်၍ ကိုယ့်အကျိုးအောင်ပုံ စံနမူနာပြဝတ္ထု (၃)ပုဒ်ကို ဆက်လက်ဖတ်ရှုနိုင်ကြပါသည်။

## မေတ္တာတုံလှယ် တောမြိုင်ဝယ်

လောကီလူ့ဘောင်ကို ခွာရှောင်စွန့်လွှတ်၍ လာခဲ့သော ရသေ့များသည် ဤတော ဤတောင်ဝယ် ဆရာစဉ်ဆက် မပျက်မကွက်ဆက်ခံ၍ နေခဲ့ကြ၏။

ရှေးရှေးတုန်းက ဆရာ့ဆရာရသေ့ကြီးများ လက်ထက်မှစ၍ ဤတောဤတောင်သည် ထာဝစဉ်စိမ်းစိုလန်းဆန်း၍ နေခဲ့၏။ အနီးအပါးရှိ ရေကန်ကြီးမှာလည်း ဆယ့်နှစ်ရာသီပတ်လုံး ရေမပြတ်ရကာ ကြာမျိုးငါးပါးတို့ ဖူးပွင့်ဝေစည်ရာလည်း ဖြစ်၏။ ငှက်ပေါင်းစုံတို့ စုပြုံကျရောက်ရာလည်းဖြစ်၏။ တောမှာကျက်စားသည့် သားကောင်အပေါင်းတို့၏ အားတားမှီခိုရာလည်း ဖြစ်၏။

ထာဝစဉ်စိမ်းလန်းစိုပြည်၍နေခဲ့သော ထိုတော ထိုတောင်သည် ထိုနှစ်နွေရာသီမှာတော့ တူးထူးခြားခြား ခြောက်သွေ့သိုးနွမ်း၍လာပေသည်။ မိုးရာသီ အခါတုန်းကလည်း ခါတိုင်းလောက် မိုးမရွာခဲ့ပေ။ မိုးရာသီကုန်ဆုံးချိန်ကလည်း ခါတိုင်းနှစ်ထက်ပို၍ စော၏။ ထို့ကြောင့် ဆောင်းနှောင်းပိုင်းရောက်လာပြီဆိုကတည်းက နွေ၏ သရုပ်လက္ခဏာများ ပေါ်လွင်လာပေပြီ။ တပေါင်းလပြည့်ကျော်၍ နွေရာသီဘက်သက်ရောက်လာလျှင်ပင် တကယ့်နွေခေါင်ခေါင်ကြီး ဖြစ်လာချေပြီ။

စပယ်ဦး၊ ၁၇၈၂

မြေကြီးထဲမှာ ရေဓာတ်ကိန်းဝပ်မှုနည်းပါးခဲ့သဖြင့် ကန်ထဲမှရေများမှာလည်း တစ်နေ့တခြားလျော့ပါး၍ သွားကြရ၏။ သို့ဖြစ်၍ ဆရာရသေ့ကြီးနှင့်တကွ တပည့်ရသေ့ငါးရာတို့သည် ရေကို အထူးချွေတာ၍ သုံးစွဲကြရ၏။ သောက်ရေအတွက်သာ ကန်ထဲမှ ခပ်ယူပြီးလျှင် ချိုးရေသုံးကိုကား ခပ်လှမ်းလှမ်းက တောင်ကြားမှာရှိသော ချောင်းရေကို သွား၍ခပ်ကြရပေသည်။

ချွေချွေတာတာခပ်ယူနေသည့်ကြားမှပင် ကန်ရေသည် ကုန်ခန်းသွားတော့၏။ ကန်ထဲမှာ ဘိုးစဉ်ဘောင်ဆက်နေလာခဲ့ကြသော ရေသတ္တဝါကလေးများ ရွှံ့နွံထဲမှာ ပင်ပန်းကြီးစွာ တိုးဝှေ့လူးလဲ၍ နေကြရ၏။ ဤတွင် ရသေ့များက ထိုသတ္တဝါကလေးများကိုဆယ်ယူကာ ချောင်းရေထဲသို့သွား၍ လွှတ်ကြရပေသည်။

ဤသို့ဖြင့် ရေမရှိတော့သော ကန်ကြီးသည် သာမန်ချိုင့်ခွက်ကြီး တစ်ခုမျှသာ ဖြစ်နေတော့၏။ သို့ရာတွင် ဤကန်ကြီးမှာလာ၍ ရေသောက်နေကျဖြစ်သော ကျေးငှက်များကတော့ အချိန်တန်လျှင်ရောက်လာကြသည်သာ။ သူတို့ခမျာ ကန်ကြီးထဲ၌နေရာအနှံ့လျှောက်၍ ရေရှာကြည့်ကြ၏။ ဘယ်နေရာမှ ရှာမရသောအခါ ဝမ်းနည်းစဖွယ် မြည်ကြွေးလျက် တော်ရာသို့ ပျံသွားကြရပေတော့သည်။

ကျေးငှက်အပေါင်းတို့ ပျံသွားကြရ၍ မကြာမီမှာပင် လာနေကျ သားကောင်များလည်း ရောက်လာကြ၏။ သူတို့သည် နှာခေါင်း တရှုံ့ရှုံ့၊ ခေါင်းတငုံ့ငုံ့ဖြင့် ရေကိုရှာကာ တော်ရာသို့ ပြေးသွားကြရပြန်ပေသည်။

တပည့်ရသေ့ငါးရာတို့အနက်မှ ရသေ့ပျိုတစ်ပါးသည် ဤအချက်ကို သတိချပ်၍ သုံးသပ်မိ၏။ သောက်ရေအတွက် ယောက်ယက်ခတ်နေကြရသော သတ္တဝါကလေးများကို သနားမိ၏။ သို့ဖြစ်၍ တောထဲက သစ်ပင်ကြီးတစ်ပင်ကို ခုတ်လှဲကာ ပင်စည်ကို ဖြတ်၍ စားကျင်းတစ်ခု ဖြစ်အောင် ထွင်း၏။ ရေများများလည်း ဆန့်၍ အတွင်းရော အပြင်ပါ ချောမွတ်နေအောင်လည်း ပြုလုပ်၏။ စိတ်တိုင်းကျ စားကျင်းကြီးကို ရသောအခါတွင်ကား ရသေ့ အပေါင်း များ၏ အကူအညီဖြင့် ရေကန် ဘောင်ပေါ်သို့ တင်ထားလေသည်။

ထိုနေ့မှစ၍ ရသေ့ပျိုသည် တောင်ခြေ ချောက်ကြားသို့ ဆင်း၍ ဆင်း၍ ရေခပ်၏။ တနင့်တပိုး ထမ်းယူလာခဲ့သော ရေကို စားကျင်းကြီး

ထဲသို့ လောင်း၏။ အခေါက်ပေါင်းများစွာ ခပ်မိသည်တွင် စားကျင်းကြီးနှင့် အပြည့် သောက်ရေများ ရလာတော့သည်။

ရေကန်ကြီးအပေါ် သံယောဇဉ် မပြတ်သေးသဖြင့် ရောက်နေကျ ရောက်လာကြသော ကျေးငှက်များသည် ထိုနေ့မှာတော့ ရေဝဝသောက်သွားကြရ၏။ ကျေးငှက်များ သောက်၍ ဟောက်သွားသော နေရာသည် မကြာမီမှာပင် ပြန်၍ ပြည့်လာ၏။ ထိုအခါတွင်ကား တောနေသတ္တဝါ အပေါင်းတို့၏ အလှည့်ဖြစ်ပေသည်။

တစ်ကိုယ်တည်း အင်အားဖြင့် သတ္တဝါအများ၏ အကျိုးကို ဆောင်ရွက်ရသဖြင့် ရသေ့ပျို့မှာ ပင်ပန်းလှ၏။ စားကျင်းထဲမှာ ရေပြတ်မသွားအောင် ထပ်ကာထပ်ကာ ခပ်ယူနေရသဖြင့် တောထဲသို့သစ်သီးရှာမသွားနိုင်တော့ချေ။ အခြားရသေ့များသည် အချိန်တန်လျှင် တောထဲသို့ သွား၍ သစ်သီးရှာကြ၏။ ရှာ၍ ရလေသမျှ ရသည့်နေရာမှာပင် အလိုရှိသမျှ ဝလင်စွာ စားကြရ၏။ ရေခပ်နေသော ရသေ့ပျို့သည်ကား မိမိဝမ်းဝရေးထက် သတ္တဝါအများ ရေဝဝ သောက်နိုင်ရေးကိုသာ ဦးစားပေး၍ နေပေသည်။

ဤအဖြစ်ကို ကျေးငှက်များက ပထမဦးစွာ သတိပြုမိကြ၏။ ထို့နောက် တောနေသတ္တဝါ အပေါင်းကလည်း သဘောပေါက်လာကြ၏။ ထို့ကြောင့် ထာဝစဉ် ရေပြည့်နေသော စားကျင်းနားသို့ ကျေးငှက်များနှင့် တောသတ္တဝါများ စုံညီစွာ ရောက်လာကြသောအခါ....

''မိတ်ဆွေတို့၊ ငါတို့အတွက် အမြဲမပြတ် ရေခပ်နေရတာကြောင့် ရသေ့ပျို့လေးမှာ သစ်သီးရှာ မထွက်နိုင်ဘူး။ သူ့ဝမ်းဝရေးထက် ငါတို့ တစ်တွေ ရေဝဖို့ ဂရုစိုက်နေရတာကြောင့် သူ့ခမျာ သိပ်ပြီး ပင်ပန်းရှာတယ်။ ဒါကြောင့် ဒီက ရွှေမှာတော့ ငါတို့ ကတိကဝတ် ထားကြစို့။ ဒီစားကျင်းမှာ ရေသောက်ဖို့ လာတဲ့သူတိုင်း စားကောင်းတဲ့ သစ်သီးတစ်ခုခုကို ကိုက်ချီလာခဲ့ကြပါစို့။ အဲဒါကို သဘောတူကြပါသလား''

''တူတယ်၊ တူတယ်။ သိပ်ကောင်းတဲ့ အစီအစဉ်ပါပဲ''

ဟသ်ာငှက်၏တင်ပြချက်ကို ကျေးငှက်သာရကာနှင့် တောသတ္တဝါ အပေါင်းက သောင်းသောင်းဖျဖျ ထောက်ခံကြပေသည်။

ဤသို့ဖြင့် နောက်တစ်နေ့ နံနက်လင်းသောအခါ စားကျင်း တစ်ဝိုက်တွင် သစ်သီးမျိုးစုံ တောင်ပုံယာပုံ ဖြစ်လာတော့သည်။ ရသေ့ပျို၏ စေတနာ သဒ္ဓါတရားကို လေးစားသောအားဖြင့် အရသာ ချိုမြိန်သော အသီးများကိုချည့် ရွေးချယ် ကိုက်ချီ၍ ယူလာခဲ့ကြ၏။ ယူလာသမျှကို လှည်းနှင့်သာ တိုက်ရမည်ဆိုပါက လှည်း တစ်ဆယ့်နှစ်စင်းစာသာမက တစ်ဝက်မျှပင် ပိုနေပေသေးသည်။

ထိုနေ့မှစ၍ ရသေ့အားလုံးသည် တောထဲသို့ သွား၍ သစ်သီး မရှာရတော့ချေ။ ရေအလှူရှင် ရသေ့ပျိုအတွက် ကိုက်ချီလာ ကြသော သစ်သီးများကိုသာ စားကြရတော့၏။ စား၍ မကုန်နိုင်သော သစ်သီး များကိုကား လွတ်ရာကျွတ်ရာ တောင်ချောက်ကြားသို့ သွားစွန့်ပစ်ကြရ ပေသည်။

စားသောက်ခြင်း ကိစ္စများ ပြီးစီးသွားသောအခါ ဆရာ ရသေ့ ကြီးက....

''တပည့်တို့၊ အများအကျိုး ဆောင်ရွက်ရတဲ့အတွက် လက်ငင်း လက်တွေ့ ခံစားရတဲ့ အကျိုးတရားကို ရှုစားကြပေတော့။ ဒါကြောင့် ဉာဏ်ပညာရှိတဲ့သူဟာ ဒီလိုကြိုးစားသင့်ပေတယ်။ မငြီးငွေ့တမ်း ကြိုးပမ်း ဆောင်ရွက်သင့်ပေတယ်''

ဤသို့ ဆုံးမစကား မြွက်ကြားလေသည်။

(ကေနိပါတ်၊ အမ္ဗဇာတ်)

**အမ္ဗဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်**

အများအကျိုးဆောင် ရသေ့ = အများအကျိုးဆောင်ရဟန်း။
ဆရာရသေ့ကြီး = မြတ်စွာဘုရား။

## မောင်မာဃတို့ အဖွဲ့သားများ

### "အမိန့်တော်"

နားခံတော်မှူး၏ အောင်မြင်ခဲ့သွားလှသော အသံကြီး ဟိန်းထွက်လာသည်နှင့် တစ်ပြိုင်နက် နန်းရင်ပြင် တစ်ခုလုံး ငြိမ်သက် သွား၏။ ပရိသတ် အပေါင်းသည် မိမိ ရောက်ရှိနေသည့် နေရာ၌ အချိန်မီ ထိုင်ချလိုက်ကြရ၏။ ဖမ်းဆီးလာခဲ့သော တရားခံများနှင့် ပတ်သက်၍ မိမိတို့ ထင်ကြေးများကို ပြောဆိုနေရာမှ နှုတ်ပိတ်၍ ထားလိုက်ကြရ၏။

ရွှေနန်းတော်ကြီး ထုံးစံအရ ကိုယ်ရောနှုတ်ပါ ငြိမ်သက်စွာ နေလိုက်ကြရသော်လည်း သူတို့ မျက်လုံးများကတော့ မငြိမ်သက်နိုင်ကြပါ။ အမိန့်တော် ချမှတ်ရန် ဟန်ပြင်နေသော မင်းကြီးကို တစ်လှည့်၊ တရားခံများကို တစ်လှည့် အပြန်ပြန် အလှန်လှန် ကြည့်နေကြ၏။

မင်းကြီး၏ရှေ့မှောက်၌ လက်ပြန်ကြိုးအထပ်ထပ်ဖြင့်တင်းကျပ်စွာ အတုပ်ခံလျက် ဦးခိုက်ခစားနေကြသော တရားခံတို့ကား သုံးကျိပ် သုံးယောက်ရှိကြ၏။ အားလုံးပင်သက်တူရွယ်တူဖြစ်ကာကောင်းတာဖြစ်စေ၊ ဆိုးတာဖြစ်စေ ဘာမဆို ရွတ်ရွတ်ချွံချွံလုပ်နိုင်စွမ်းသော အားကောင်း မောင်းသန် သက်လတ်တမ်းယောကျ်ားများ ဖြစ်ကြပေသည်။

မင်းကြီးအမိန့်ဖြင့်ဖမ်းဆီးခေါ်ဆောင်လာ၍သာ သူတို့ကိုတရားခံဟု ဆိုကြရသည်။ သူတို့၏ရုပ်ရည်ကတော့ ခိုးဆိုးသော့သွမ်းသည့်အသွင်မရှိပါ။တောင်သူယာခုတ်လုပ်ကိုင်စားကြသော တောရွာသားများဖြစ်၍ ကြမ်းတမ်းသောအသွင် ဆောင်နေသော်လည်း သူတို့၏ မျက်နှာထားကတော့ ယဉ်ကျေးသိမ်မွေ့ကြပါပေသည်။

သုံးကျိပ်သုံးယောက်သော တရားခံများတွင် အထင်ရှားဆုံးကား မောင်မာဃဆိုသောသူပင် ဖြစ်၏။ သူသည် သူ့ရွာမှာတုန်းက အစစဦးဆောင်လာသကဲ့သို့ပင် နန်းရင်ပြင်မှာလည်း ရှေ့ဆုံးမှခစားလျက်ရှိနေပေသည်။

''အမိန့်တော်မှတ်မယ်၊ အမိန့်တော်နာခံကြ။ ရွာမစလက မောဃတို့အဖွဲ့ဟာ ကိုယ့်ရပ်ရွာကို ကိုယ့်ဘာသာ အသင်းအပင်းဖွဲ့ပြီး ဖျက်ဆီးနေတယ်လို့ ရွာသူကြီးက လျှောက်တင်ခဲ့တယ်။ အခု ငါ့ရှေ့မှောက်ရောက်လာကြတဲ့ တရားခံတွေကလဲ ကေန်ခိုးဆိုးတိုက်ခိုက်မယ့် သူများချည့် ဖြစ်တယ်။ ဒါကြောင့် သူတို့နဲ့ထိုက်တန်တဲ့ အပြစ်ဒဏ်ကို ပေးကြရမယ်။ မောဃနဲ့တကွ အပေါင်းပါသုံးကျိပ်သုံးယောက်တို့ကို နန်းရှေ့ကွင်းပြင်သို့ ဆွဲခေါ်သွားစေ။ အဲဒီမှာ သူတို့ကို ပက်လက်သိပ်ထားစေပြီးတော့မှ သူတို့အားလုံးကို ဆင်တော်နဲ့ နင်းသတ်စေ''

ပြင်းထန်လွန်းလှသော အပြစ်ဒဏ်ကြီးကြောင့် ပရိသတ်အားလုံးတုန်လှုပ်သွားကြရ၏။ သေပြစ်သေဒဏ်ကို မရှုမလှခံကြရတော့မည့် ရွာသားများကို မကြည့်ရက်နိုင်အောင် ဖြစ်ကြရ၏။ သို့ရာတွင် မစလရွာမှ ရွာသူကြီးကား ထိုအထဲမှာ မပါဝင်ချေ။ လောလောလတ်လတ် အသတ်ခံကြရတော့မည့် မိမိရွာသားများကိုကြည့်ကာ အားရဝမ်းသာ ဖြစ်နေပေသည်။

တစ်ချက်လွှတ်အမိန့်တော်ကြီးအရ မင်းချင်းတို့သည် မောင်မာဃတို့တစ်ဖွဲ့လုံးကို နန်းတော်ထက်မှ ဆွဲချလာကြ၏။ နန်းတော်ရှေ့ရှိ ကွင်းပြင်ကျယ်အလယ်၌ ပက်လက်သိပ်ထားကြ၏။ ထိုအချိန်မှာပင် အခြားမင်းချင်းများသည် ဆင်ပြောင်ကြီးတစ်စီးကို ဆင်တင်းကုပ်ထဲမှ ထုတ်ဆောင်၍ လာကြပေသည်။ ပြည့်ရှင်မင်းကြီး ကိုယ်တိုင်ကလည်း မိမိ၏အမိန့်သံကြောင့် အပြစ်ဒဏ်ခံကျရပုံကို ကျကျနန အရသာခံနိုင်ရန် နန်းတော်ပြတင်းဝမှ လှမ်းမျှော်ရှုစားလျက် ရှိနေပေသည်။

စစ်ပွဲများတွင် ပါဝင်လာခဲ့စဉ်က ထိုဆင်ပြောင်ကြီးသည် ရန်သူဖြစ်သော စစ်သည်ဗိုလ်ပါတို့ကို စိစိညက်ညက်ဖြစ်အောင် နင်းချေသတ်

ဖြတ်ခဲ့၏။ ခြေထောက်လေးဘက်လုံးမှာ သွေးသံရဲရဲရွှဲနစ်လောက်အောင် ဖြစ်ခဲ့၏။ ထိုဆင်ပြောင်ကြီးသည် ယခုနေ့မှာလည်း လူသတ်ပွဲကြီးဆင်နွှဲရတော့မည်ဖြစ်၍ နှာမောင်းကြီးကို မြှောက်ကာ အားပါးတရ ဟစ်အော်လိုက်လေသည်။

ဆင်ပြောင်ကြီး၏ အော်ဟစ်သံကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက် မစလေ့ရွာသားများသည် တုန်လှုပ်ချောက်ချား၍ သွားကြရ၏။ မင်းကြီး၏အမိန့်သံကိုနာခံလိုက်ရကတည်းက ကေန်မုချသေကြရတော့မည်ဟု သဘောပေါက်လိုက်ကြ၏။ ဘယ်လိုချောက်လဲ၍မျှ မရနိုင်တော့သည့် ဆာတူတူ မင်းချင်းများဆွဲခေါ်ရာသို့ အသာတကြည် လိုက်လာခဲ့ကြ၏။ သို့ရာတွင် သေမင်းနှင့် ယခုလို နဖူးတွေ့ ဒူးတွေ့ တွေ့လာရချိန်မှာကား စိတ်တင်း၍ မထားနိုင်ကြတော့ပါ။ ရွာမှာကျန်ရစ်သော မိဘများကို တမ်းတရင်း ရှိုက်ကြီးတငင်ငင် ငိုကြွေးကြရပါတော့သည်။

"သူငယ်ချင်းတို့၊ ငိုနေလို့ကတော့ ငါတို့အတွက် ဘာအကျိုးမှ ရှိလာမှာ မဟုတ်ပေဘူး။ ငါတို့ သုံးကျိပ်သုံးယောက်အဖွဲ့ဟာ ကိုယ့်ရပ်ရွာ သာယာရေးကို ဆောင်ရွက်လာခဲ့ကြတယ်၊ လုပ်ငန်းကိစ္စအဝဝမှာစိတ်တူကိုယ်တူလုပ်လာခဲ့ကြတယ်၊ ဒါကြောင့် မသေမီဆဲဆဲအချိန်ကလေးမှာလဲ အကျိုးရှိတဲ့အလုပ်ကိုသာ လုပ်ကြပါစို့"

ခေါင်းဆောင်ဖြစ်သူ မောင်မာဃထံမှ တိုက်တွန်းစကား ကြားလိုက်ရသဖြင့် ငိုရှိုက်သံများလျော့ပါးသွား၏။ ဤအခြေအနေကို အခွင့်ကောင်းယူကာ မောင်မာဃက ဆက်လက်၍....

"သူငယ်ချင်းတို့၊ ငါတို့ကတော့ ကိုယ့်ရပ်ရွာတစ်ခုလုံး ကောင်းစားရေးကို ရွေးရှုထားခဲ့ကြတယ်။ ရွာသူကြီးကတော့ သူ့ကိုယ်ကျိုးတစ်ခုတည်းကိုသာကွက်ပြီးကြည့်ခဲ့တယ်၊ ငါတို့ရဲ့အရှင်မင်းကြီးကလဲ သူလျှောက်ထင်တဲ့စကားကို ယုံစားပြီး ငါတို့ကို သေဒဏ်ပေးခဲ့တယ်။

"ဒါပေမယ့် သူငယ်ချင်းတို့၊ ငါတို့ဟာ တစ်လျှောက်လုံးက ဘယ်သူ့ကိုမှ ရန်ငြိုးမထားခဲ့ဘူး။ အားလုံးကို မေတ္တာထားပြီး ကြိုးစားခဲ့ကြတယ်။ သတ္တဝါအနန္တကို အာရုံပြုပြီး မေတ္တာဘာဝနာ ပွားခဲ့ကြတယ်။ ဒါကြောင့် ရွာသူကြီးကိုရော မင်းကြီးကိုရော အခုလာနေတဲ့ ဆင်ပြောင်ကြီးကိုရောငါတို့ခွင့်လွှတ်ကြပါစို့။ သူတို့အပေါ်မှာ အာရုံစိုက်ပြီးတော့ မေတ္တာဘာဝနာပွားများကြပါစို့"

ဤသို့ပြောကြား၍ပြီးဆုံးလျှင်ပင် ဆင်ပြောင်ကြီးသည် ကွင်းပြင်ထဲသို့ ဝင်ရောက်လာ၏။ ကြောက်စရာကောင်းလှသော ကြိုးကြာသံကြီးဟစ်ကြွေးကာ နားရွက်ကြီးများစွင့်လျက် နှာမောင်းကြီးကိုမြှောက်လျက် မောင်မာဃတို့ထံ ပြေးဝင်လာ၏။ သို့ရာတွင် မောင်မာဃတို့နှင့် ဝါးတစ်ရိုက်ခန့်အကွာသို့ရောက်လျှင် ချွန်းနှင့် ပေါက်လိုက်သကဲ့သို့ဖြစ်ကာ လေးဘက်ခွာစုံ ရပ်လိုက်တော့၏။ ထို့နောက် ကြောက်လန့်တကြားအော်ဟစ်ကာ ထိုနေရာမှ တရကြမ်းထွက်ပြေးပါတော့သည်။

ပထမဆင်ပြောင်ကြီးက မနင်းဝံ့သဖြင့်နောက်ထပ်ဆင်ပြောင်ကြီးတစ်စီး ထုတ်ဆောင် လာရာတွင်လည်း ထိုနည်းအတိုင်းပင် ကြုံရပြန်၏။ ဤတွင် မင်းကြီးက....

"အချင်းတို့၊ သူတို့လက်ထဲမှာ ဆေးဝါးအဆောင် တစ်ခုခုရှိနေလိမ့်မယ်၊ နှံ့စပ်အောင်ရှာကြစမ်း"ဟု အမိန့်ပေးလိုက်၏။

မင်းချင်းတို့ကလည်း မောင်မာဃတို့၏ အဝတ်အစားနှင့် ကိုယ်ခန္ဓာတစ်ခုလုံးကို နှံ့စပ်အောင်ရှာဖွေကြရာ တစ်စုံတစ်ရာမျှမတွေ့ကြရချေ။ ဤတွင် မင်းကြီးက....

"ဒါဖြင့်ရင် သူတို့ဟာ မန္တာန်တစ်စုံတစ်ခုကို ရွတ်ဖတ်သရဇ္ဈာယ်နေလို့ ဖြစ်လိမ့်မယ်၊ သေသေချာချာ မေးကြစမ်း"ဟု အမိန့်ပေးပြန်၏။ မင်းချင်းတို့လည်း မောင်မာဃတို့ထံလာ၍ မေးကြပြန်ရာ မောင်မာဃက "ကျွန်တော်တို့မှာ ရွတ်ဖတ်စရာ မန္တာန်ရှိပါတယ်"ဟု ဖြေကြားလိုက်လေသည်။

ဤအကြောင်းကို ကြားနာလိုက်ရသောအခါ မင်းကြီးသည် ဆင်နင်း၍မရနိုင်လောက်အောင် တန်ခိုးကြီးလှသော မန္တာန်ကို စိတ်ဝင်စားလှသဖြင့် မောင်မာဃတို့ တစ်ဖွဲ့လုံးကို အနှောင်အဖွဲ့မှ လွှတ်စေပြီးလျှင် ရှေ့တော်သို့ ခေါ်၍ မေးမြန်း၏။ ဤတွင် မောင်မာဃက....

"အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ရဲ့ မန္တာန်ဆိုတာက တခြားမဟုတ်ပါဘူး။ နေ့စဉ်နေ့တိုင်း ပွားများလာခဲ့တဲ့ မေတ္တာဘာဝနာသာဖြစ်ပါတယ်။ ကျွန်တော်မျိုးတို့ သေဘေးရောက်အောင် လျှောက်တင်ခဲ့တဲ့ ရွာသူကြီးကိုလဲ ကျွန်တော်မျိုးတို့ အမျက်မထားခဲ့ကြပါ။ အရှင်မင်းကြီးကိုလဲ ကြည်ညိုမြဲ ကြည်ညိုကြပါတယ်၊ နင်းသတ်မယ့်ဆင်ကြီးကိုလဲ စိတ်ထဲက မပြစ်မှားကြပါ၊ အားလုံးကို မေတ္တာထားပြီး ပွားများနေကြပါတယ်။ ဒါကြောင့်သာ ကျွန်တော့်မျိုးတို့ကို ဆင်ပြောင်ကြီးများက မနင်းဝံ့ကြတာ ဖြစ်ပါတယ်။

''အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ဟာ မစလရွာမှာ တုန်းကလဲ ရပ်သူရွာသား လူအားလုံးအပေါ် မေတ္တာထားခဲ့ကြပါတယ်။ ရပ်ရွာ သာယာရေးကိစ္စအဝဝကို ကျွန်တော်တို့တစ်ဖွဲ့သားလုံးက တစ်စိတ်တစ် ဝမ်းတည်း ကြိုးစားဆောင်ရွက်ခဲ့ကြပါတယ်။ မနက်စောစော အိပ်ရာက ထတာနဲ့တစ်ပြိုင်နက် ကျွန်တော်မျိုးတို့အဖွဲ့ဟာ ရွာပြင်ဘက်ထွက်လာကြ ပါတယ်။ လက်နက် ကိရိယာမျိုးစုံကိုလဲ တစ်ပါတည်း ယူလာခဲ့ကြပါ တယ်။

''ကျွန်တော်မျိုးတို့ရွာနဲ့ ပတ်ဝန်းကျင် ကျေးရွာများကို ဆက် သွယ်ထားတဲ့ လမ်းတွေမှာ တချို့နေရာမှာတော့ အသွားအလာ ခက်လှ ပါတယ်။ ကျွန်တော်မျိုးတို့အဖွဲ့ဟာ ချိုင့်ခွက်ဖြစ်နေတာတွေကို မြေဖို့ပေး ကြပါတယ်။ ခိုင်ခန့်အောင် ကျောက်ခင်းပြီး ပေးကြပါတယ်။ ကုန်းကမူ ဖြစ်နေတာတွေကိုတော့ ပေါက်တူး ပေါက်ပြားများနဲ့ တူးပေါက်ဖြိုချပြီး နိမ့်ရာဖို့ပေးကြပါတယ်။ လမ်းတစ်လျှောက်မှာ လှည်းနပန်းစွန်းနဲ့ မလွတ် တဲ့ သစ်ပင်တွေ ခုတ်ပယ်ပစ်ကြပါတယ်။ လမ်းနဲ့မလွတ်တဲ့ ကျောက်တုံး ကြီးတွေကိုတော့ လူအား ကုတ်အားနဲ့ လွတ်ရာကျွတ်ရာ ဖယ်ထုတ်ကြရ ပါတယ်။

''လှည်းလမ်းကြောင်းကို ကန့်လန့်ဖြတ် နေကြတဲ့ ချောင်း ငယ် မြောင်း ငယ် များ ကိုတော့ ရေသွား ရေလာ မပျက်ရအောင် တံတား ဆောက်ကြရပါတယ်။ ရွာအထွက်မှာ ရေကန်ကြီး တူးပေးကြပါတယ်။

''အရှင်မင်းကြီး၊ စောစောတုန်းကတော့ ရွာရေးရပ်တာ အစည်း အဝေး စရာရှိခဲ့ရင် ရွာထဲက ကွက်လပ် နေရာမှာ စည်းဝေး ကြရပါ တယ်။ အစည်းအဝေး တက်ရောက်ရင်းက ကျွန်တော်မျိုးဟာ ကျွန်တော် မျိုးထိုင်တဲ့ နေရာပတ်ဝန်းကျင်ကို ထိုင်ချင့်စဖွယ် တင့်တယ်ပြေပြစ်အောင် ပြုပြင်ခဲ့ပါတယ်။ နောက်တစ်ခါ အစည်းအဝေးရှိလို့ သွားတဲ့အခါ ကျ တော့ အဲဒီနေရာမှာ လူတစ်ယောက်က အခန့်သား ထိုင်နေပါတော့တယ်။ ကျွန်တော်မျိုးကလဲ သူ့ကို ဘာမှ မပြောဘဲ တခြားနေရာကို ထပ်ယူပြီး ပြုပြင်ခဲ့ပါတယ်။

''အဲသလိုနဲ့ ကျွန်တော်က ပြုပြင်လိုက်၊ သူတို့က ဝင်ထိုင်လိုက်နဲ့ နေလာကြတော့ 'သြော် ပြေပြေပြစ်ပြစ် ပြုပြင်ထားတဲ့ နေရာဆိုရင် လူတွေ နှစ်သက်ကြပေတယ်' လို့ ကျွန်တော်မျိုး သဘောပေါက် လာပါ တယ်။ ဒါကြောင့်လဲ အဲဒီကွက်လပ်ကြီး တစ်ခုလုံးကို သန့်ရှင်းရေးပြုလုပ် ပါတယ်။ စည်းမျက်နှာပြင်လို ညီညွတ်နေအောင် မြေညှိပါတယ်။ အဲသလို

ပြုလုပ်ရာကစပြီးတော့ အခုပါလာတဲ့ အဖွဲ့ဝင် သုံးကျိပ်သုံးယောက်တို့ စုစည်းလာခဲ့ကြပါတယ်။

''အရှင်မင်းကြီး၊ လုပ်ဖော်ကိုင်ဖက်များရလာတဲ့အခါ ကျွန်တော်မျိုးတို့က ညီညွတ်နေတဲ့မြေအပြင်မှာ မဏ္ဍပ်ဆောက်ကြပါတယ်။ နောက်မှ ပိုပြီးခိုင်ခန့်အောင် ဇရပ်ဆောက်ကြပါတယ်။ ဇရပ်မှာ ထိုင်စရာပျဉ်များ ခင်းကြပါတယ်။ လာလာသမျှ ဝဝလင်လင် သောက်ကြရအောင် သောက်ရေအိုးများလည်း တည်ထားပါတယ်။

''စောစောတုန်း ကတော့ ကျွန်တော်မျိုးတို့ မစလရွာမှာ အင်မတန် အမှုအခင်းပေါလှပါတယ်။ တောအလုပ် အုံအလုပ်များ အားလပ်ချိန်မှာ ရပ်ရွာအကျိုးပြု လုပ်ငန်းများ မရှိကြလေတော့ လူငယ် လူရွယ်များ စိတ်လေပြီးတော့ ထင်ရာစိုင်းနေကြလို့ဖြစ်ပါတယ်။ ရပ်ရွာမှာ အမှုပေါ်လာလေတိုင်း ရွာစားမင်းမှာတော့ လာဘ်လာဘ ဖွံ့ဖြိုးလှပါတယ်။ အမှုပေါ်လာတိုင်း ဒဏ်ရိုက်ရလို့ဖြစ်ပါတယ်။

''အရှင်မင်းကြီး၊ ကျွန်တော်မျိုးတို့ အဖွဲ့က ဦးဆောင်ပြီးတော့ ရပ်ရွာကောင်းကျိုး ဆောင်ရွက်ကြရာမှာ လူငယ် လူရွယ်တွေကလဲ အားတက်သရော လိုက်ပါလာကြပါတယ်။ ဒီလို အချိန်ပိုကို အကျိုးရှိရှိအသုံးချလိုက်ကြလေတော့ ဟိုတုန်းကလို အမှုအခင်းပေါ်စရာ မရှိတော့ပါဘူး။ ဒီတော့ ကျွန်တော်မျိုးတို့ ရွာသူကြီးမှာ ဒဏ်ရိုက်စရာ မရှိတော့ပါဘူး။ ဒါကြောင့် သူ့လာဘ်လာဘကို ပိတ်ပင်နေတဲ့ ကျွန်တော်မျိုးတို့ကို သေဘေး ထိုက်စေရန် လုပ်ကြံလျှောက်တင်ခဲ့တာ ဖြစ်ကြောင်းပါဘုရား''

ဤသို့ ဖြစ်ကြောင်းကုန်စင် စုံလင်စွာလျှောက်တင်လိုက်ခါမှ မင်းကြီးသည် မစုံစမ်း မစစ်ဆေးဘဲ အပြစ်ပေးမိသည်ကို နောင်တကြီးစွာ ရရှိ၏။ ထိုမှတစ်ဆင့် မကြံကောင်း မစည်ရာ ရက်စက်စွာ လျှောက်တင်ခဲ့သော ရွာသူကြီးကိုလည်း ခေါ်၍ စစ်မေး၏။ ရွာသူကြီးမှာ မကွယ်သာ မဝှက်သာတော့သဖြင့် ဟုတ်တိုင်းမှန်ရာကို ဝန်ခံလိုက်ရပေတော့သည်။

ဤတွင်မင်းကြီးသည် မောင်မာဃတို့ တစ်ဖွဲ့လုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီးလျှင် သူကြီးနှင့်တကွ ရှိရှိသမျှ သူ၏ စည်းစိမ်ကိုပါ မောင်မာဃတို့ လက်သို့ ပေးအပ်လိုက်လေသည်။

မောင်မာဃတို့ကား ထိုအခွင့်အရေးကို မယူရက်ကြပါ။ ရွာသူကြီးကိုလည်း ကျေးကျွန် အဖြစ် မစေခိုင်းကြပါ။ သူ၏ စည်းစိမ်ကိုလည်း

မသိမ်းယူကြပါ။ ရပ်ရွာအကျိုးသယ်ပိုးဆောင်ရွက်သော လုပ်ငန်းများ၌ သူတို့မိသားစု တစ်ခုလုံးကို လက်တွဲခေါ်ယူကာ ရှေးကထက် ပို၍ အားတက် ရွှင်လန်းစွာ လုပ်ကိုင်ကြပေသည်။

(ကောနိပါတ်၊ ကုသာဝကဇာတ်)

ကုသာဝကဇာတ်၊ ကောနိပါတ် ဇာတ်ပေါင်းသော်

ရထားမှူးမာတလိ = အရှင်အာနန္ဒာ။

ရွာခေါင်းဆောင် မောင်မာဃ
ဖြစ်ခဲ့သော သိကြားမင်း = မြတ်စွာဘုရား။

# ကျီးတို့၏ သဘာဝ

ဗာရာဏသီ နေပြည်တော် တင်လွှားဌ် လေးသမားတွေ ပေါလှ ပါဘိ။

သူတို့ထံမှ တရစပ်ပစ်လွှတ်လိုက်သော မြှားတို့သည် ကောင်းကင်အနှံ့ ဖြန့်ကြက်နေကြ၏။ အရှိန်ပြင်းစွာ တက်ရောက်လာကြသော ထိုမြှားတို့၏ ဦးတည်ချက်ကား ကျီးတို့ပါပေတည်း။

ပက္ခစျာန်ရသော ငှက်အပေါင်းတို့တွင် ကျီးသည် လူနှင့်နီးနီးကပ်ကပ်ကျက်စားသည့် အမျိုးအစားတွင် ပါဝင်နေ၏။ လူနှင့်နီးကပ်သော်ငြားလည်း လူသားတို့၏ မေတ္တာစေတနာကိုကား မခံယူကြရပါ။ လူတို့၏အစားအစာကို လစ်လျှင် လစ်သလို နှိုက်စွက်စားသောက်တတ်သဖြင့် သူတို့ကို လူတိုင်းက အမြင်ကပ်ကြပေသည်။ ထို့ကြောင့်လည်း အချို့က ကျီးကန်းဟု ချိုးချိုးဖွဲ့ဖွဲ့ခေါ်တတ်ကြပေသည်။

ကျီးများကလည်း လူတို့၏စိတ်သဘောထားကို နားလည်ကြပါ၏။ မိမိတို့အား သဒ္ဒါကြည်ဖြူ ကျွေးမွေးမည့်သူ ရှားလှကြောင်းကို သဘောပေါက်ကြပါ၏။ ထို့ကြောင့်လူတို့၏စေတနာမေတ္တာကိုခံယူမည့်အစား သူတို့၏နားနှင့်မျက်စိကိုသာ အားကိုးထားကြရ၏။ အမြဲတစေ မျက်စိကိုဖွင့် နားကိုစွင့်ကာ လူတို့အနီးအနားအပါးမှာ ကျက်စားကြ၏။ ပါးနပ်လိမ္မာခြင်း၊ လျင်မြန်ဖျတ်လတ်စွာ တိမ်းရှောင်နိုင်ခြင်းတို့ဖြင့် လူတို့၏ အစားအစာကို ဆွဲငင်ထိုးသုတ်၍ စားကြ၏။

ဤသို့အားဖြင့် လူတို့၏ အကျိန်အဆဲကိုခံယူ၍ အသက်ဆက်လာခဲ့ရသော ကြီးများသည် ယနေ့တွင်ကား လူတို့၏ မြားချက်ဖြင့် အသက်ထွက်ကြရ၏။ တစ်ယောက်ချင်း နှစ်ယောက်ချင်း၏ရန်ကို ကျင်လည်စွာ တိမ်းရှောင်နိုင်သော်လည်း ယခုလို စစ်ဆင်ရေးကြီးတစ်ခုဖြင့် နေရာအနှံ့ ဖြန့်ကြက်၍ တိုက်ခိုက်လာသည်တွင်ကား မရှောင်ရှားနိုင်ကြပေ။ တစ်ကြိမ်တစ်ခါမျှ ဤလိုမကြုံဖူးခဲ့ကြသဖြင့်လည်း ပို၍ အထိနာကြရပေသည်။

မြားချက်ထိကာ မြေပေါ်သို့ တဖုတ်ဖုတ်ကျလာသမျှသော ကြီးတို့ကို အသင့်စောင့်နေသော လူများက ကောက်ယူကာ အမွေးရော အတောင်ပါ နှုတ်ကြ၏။ ထိုအချိန်ထိ အချို့ကြီးများက အသက်မသေသေးချေ။ အသက်မသေသေး၍ တစာစာဖြင့် အော်မြည်နေသော်ငြားလည်း လူများကတော့ ချမ်းသာမပေးပါ။ မီးတဟုန်းဟုန်း တောက်လောင်နေသော ဖိုခွင်ပေါ်ရှိမိုးပြဒယ်ကြီးများထဲသို့ တစ်ကောင်ပြီး တစ်ကောင် ပစ်ထည့်နေကြပေသည်။

ဤသို့ ဖြစ်ရသည်မှာ ကြီးသတ္တဝါအများစု၏ အပြစ်မဟုတ်ချေ။ လျှပ်ပေါ်လော်လီသော ကြီးမိုက်တစ်ကောင်ကြောင့်သာဖြစ်၏။ တစ်နေ့ဆီတုန်းက ပြဟ္မဒတ်မင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားကြီးသည် ဂင်္ဂါမြစ်မှာ ရေချိုးပြီးလျှင် ဗာရာဏသီမြို့တော်သို့ ဝင်ရောက်လာ၏။ နန်းတော်သို့ အခစားဝင်ရောက်ရမည်ဖြစ်၍ အဝတ်အစားသစ်များ ဝတ်ဆင်လာခဲ့၏။ မွှေးကြိုင်လှသော နံ့သာများလည်း လိမ်းခြယ်လာခဲ့၏။

ဤမျှလောက် အကောင်းကြိုက်သော အသန့်အပြန့် ကြိုက်သော ပုဏ္ဏားကြီးမှာ မြို့တံခါးသို့ ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် ကျက်သရေမင်္ဂလာအရှိဆုံးဖြစ်သော ထိပ်ပြောင်ပြောင်ပေါ်သို့ ကြီးမစင်များ ကျလာ၏။ ပုဏ္ဏားကလည်း ရုတ်တရက် မော့၍ကြည့်လိုက်ရာ တံခါးတိုင်ပေါ်မှ ကြီးတစ်ကောင် ထပျံသွားသည်ကို တွေ့လိုက်ရလေသည်။

''ဒါ ဘယ်နည်းနဲ့မှ မတော်တဆ ဖြစ်ရတာမဟုတ်ဘူး။ တမင်သက်သက် ငါ့ကိုစောင့်ပြီး အရှက်ခွဲတာ၊ ငါ့ကို စော်ကားတာ။ သင်းတို့တော့ တစ်နေ့သိစေရမယ်ပေါ့ကွာ''

ကြီးမစင်များကို သုတ်ပစ်ရင်း ပုဏ္ဏားကြီးက ဒေါသတကြီး ကြိမ်းဝါးလိုက်၏။ သွားလေရာရာ၌ ကြီးများကို မြင်ရလေတိုင်း လက်စားချေလိုစိတ်များ တဘွားဘွားပေါ်နေ၏။ ဤသို့ဖြင့် တစ်နေ့မှာတော့ သူ့အကြံ အောင်မြင်ဖို့ ဖန်လာပေတော့သည်။

ဗာရာဏသီမြို့တော်အတွင်းရှိ မောင်းထောင်းစားရသော အလုပ်သမ တစ်ယောက်သည် မောင်းထောင်းရန် စပါးများကို နေလှန်းထား၏။ စပါးခြောက်မည့်အချိန်ကိုစောင့်ရင်း ခေတ္တမျှတုံးလုံးလှဲလိုက်ရာ တကယ် တမ်း အိပ်ပျော်သွား၏။ ထိုအခိုက်တွင် ဆိတ်တစ်ကောင်က သူ့စပါး များကို လာ၍စား၏။ အတန်အသင့် စားမိလျှင်ပင် အလုပ်သမ နိုးလာ ကာ ဆိတ်ကို ခြောက်ထုတ်လိုက်ရ၏။

သို့ရာတွင် နောက်နေ့မှာလည်း ထိုဆိတ်ကလာ၍စားပြန်၏။ဤသို့ တစ်ရက်မှ နှစ်ရက် နှစ်ရက်မှ သုံးရက်ရှိလာသောအခါ အလုပ်သမလည်း မခံနိုင်တော့သည့်အတွက် မီးစနှင့်ကောက်၍ ပေါက်လိုက်မိတော့သည်။

မီးစသည် ဆိတ်ကိုထိမှန်ကာ အမွေးများကိုလောင်စေ၏။ထိုဆိတ် သည်လည်း ထိတ်သန့်တကြား ပြေးသွားကာ ဘုရင့်ဆင်တင်းကုတ် နား သို့ ရောက်သွား၏။ ဆင်များကျွေးရန် မြက်များ သိုလှောင်ထားသော တဲကြီးအတွင်းသို့ ဝင်ရောက်ကာ မိမိကိုယ်နှင့် ပွတ်တိုက်၏။ သို့ရာတွင် သူ့ကိုယ်ပေါ်မှာ လောင်နေသော မီးကငြိမ်းမသွားဘဲ မြက်များကိုပါ မီးစွဲလာတော့၏။ ထိုတဲကြီးမှတစ်ဆင့် ဆင်တင်းကုပ်ကိုပါ မီးလောင်ကာ မင်းကြီး၏ ဆင်တော်ကြီးများမှာ မီးလောင်သည့်ဒဏ်ရာများ ရကြလေ တော့သည်။

နန်းတွင်း သမားတော်ကြီးများသည် ဆင်တော်ကြီးများ၏ မီး လောင်နာကိုကြိုးစား၍ ကုသကြပါ၏။သို့ရာတွင် ဒဏ်ရာများက ကြီးနေ သဖြင့် တော်တော်နှင့် မပျောက်နိုင်ချေ။ ဤတွင်ပြဿဒတ် မင်းကြီးက....

''ပုရောဟိတ်ကြီး၊ ဆင်တော်ကြီးများရဲ့ မီးလောင် ဒဏ်ရာများ အတွက် ဆေးချက် မမိနိုင်အောင် ဖြစ်နေရတယ်။ တခြား ဆေးများ စဉ်းစားလို့ ရပါသေးသလား''

ဤသို့ မေးမြန်းလိုက်သည်နှင့် တစ်ပြိုင်နက် ပုရောဟိတ် ပုဏ္ဏားကြီး သည် အားရကျေနပ်စွာ ပြုံးလိုက်ပြီးလျှင်....

''မှန်လှပါ၊ တခြားဆေးများ ရှိပါတယ် ဘုရား''

''ပုရောဟိတ်ကြီး၊ ဘယ်လို ဆေးမျိုးများ လိုအပ်ပါသလဲ''

''လိုအပ်တဲ့ ဆေးများကတော့ ကျီးများရဲ့ အဆီသာဖြစ်ပါတယ် ဘုရား။ ကျီးဆီနဲ့သာ လိမ်းပေးလိုက်ရရင် ဆင်ကြီးများရဲ့ မီးလောင် ဒဏ်ရာဟာ တစ်ရက် နှစ်ရက်အတွင်း ပျောက်သွားပါလိမ့်မယ်''

ဤသို့သော ဩွောက်တင်ချက်ကြောင့် ကျီးများ အစုလိုက်အပြုံ လိုက် သေပွဲဝင်ကြရခြင်း ဖြစ်ပေသည်။

မင်းချင်းများသည် ကျီးများကို မိုးပြဲဒယ်ကြီးများဖြင့် ချက်ကြ ကြော်ကြ၏။ သို့ပါလျက် အဆီ ဟူ၍ကား မတွေ့ရချေ။ သို့သော် ဤ အကောင်များက အဆီ မရသေးလျှင် ရှိစေ၊ နောက် အကောင်များ ကျတော့ ရလိမ့်မည်ဟု မျှော်လင့်ကာ ကျီးသတ်ပွဲကြီးကို ဆက်လက်၍ ဆင်နွှဲနေကြပေသည်။

ထိုကျီးသတ်ပွဲကြီးမှ ကံကောင်းထောက်မ၍ လွတ်မြောက်သွား သော ကျီးတို့သည် သုသာန်သို့ အလျင်အမြန် ပျံကာ သူတို့၏ ခေါင်း ဆောင် ကျီးမင်းထံ ဖြစ်ကြောင်းကုန်စင် တင်ပြကြ၏။ ဤတွင် ကျီးမင်း သည် မိမိ၏ အမျိုးအဆွေများကို ကယ်တင်မည်ဟု ဆုံးဖြတ်ချက်ချပြီး လျှင် တရှိန်းရှိန်း ပစ်လွှတ်နေသည့် မြားတွေ ကြားမှ ရဲဝံ့စွာ ပျံသန်းကာ ဗြဟ္မဒတ်မင်းကြီး၏ နန်းဆောင်ပြတင်းပေါက်မှ ဝင်ရောက်ကာ မင်းကြီး ထိုင်နေသော သလွန်တော်အောက်သို့ ဝင်၍ ခိုနေ၏။ မင်းချင်းများက ပစ်ခတ်၍ ဖမ်းရန် ဟန်ပြင်ကြရာ မင်းကြီးက ''ဘေးလွတ်ရာ လာပြီး ခိုလှုံနေတာကို မဖမ်းကြနှင့်'' ဟု တားမြစ်လိုက်ရလေသည်။

ကျီးမင်းသည် သလွန်တော် အောက်၌ အတန်ငယ် အပန်းဖြေ ပြီးမှ မင်းကြီး ရှေ့မှောက်သို့ ထွက်လာ၍ အတောင်နှစ်ဘက်တို့ဖြင့် အရို အသေပြုကာ....

''အရှင်မင်းကြီး၊ ကျီးဆီနဲ့ ဆေးကုဖို့ဆိုတာ ဘယ်ဆေးကျမ်းမှ မပါနိုင်ပါ။ ပုရောဟိတ်ကြီးက ကျီးများကို ရန်ငြိုးထားပြီး ဩွောက် တင်တာသာ ဖြစ်ပါတယ်။ တကယ်တော့ဖြင့် ကျီးဆိုတဲ့ အမျိုးဟာ အဆီ ရှာမရတဲ့ သတ္တဝါများသာ ဖြစ်ပါတုရား''

''အမောင် ရှေကျီး၊ ကျီးတွေမှာ ဘာ့ကြောင့် အဆီ မရှိရပါ သလဲ''

''အရှင်မင်းကြီး၊ ကျီးဆိုတဲ့အမျိုးဟာ လူတွေကိုအန္တရာယ်ကြောင့်အယှက် ပေးတတ်ကြပါတယ်။ ဒါကြောင့်လဲ သူတို့ကို လူတွေက မသဒ္ဓါကြပါ ဘူး။ မသဒ္ဓါရေ သဒ္ဓါရေ အစားအစာများ စားနိုင်ရေးအတွက် ကျီး များဟာ အမြဲတစေ ထိတ်လန့်တကြားနဲ့ ကြိုးစားနေကြရပါတယ်။

ဒါကြောင့် ကျီးတို့ စားလေသမျှ အစာဟာ အ ဆီ ဖြစ် မ လာ နိုင် ပါ ဘုရား''

''အေး.... ကောင်းလှပြီ၊ အမောင် ရွှေကျီး။ ကောင်းလှပြီ''

ဤသို့ အားရဝမ်းသာ မိန့်ကြားလိုက်ပြီးလျှင် ဗြဟ္မဒတ်မင်းကြီးသည် ကျီးဆီ ရှာဖွေရေး လုပ်ငန်းကြီး တစ်ခုလုံးကို ရုပ်သိမ်းကာ ကျီးမင်းကို ထူးထူးခြားခြား မြှောက်စားဂုဏ်ပြုလေသည်။

(ကေနိပါတ်၊ ကာကဇာတ်)

ကာကဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ဗြဟ္မဒတ်မင်း | = | အရှင်အာနန္ဒာ။ |
| ကျီးမင်း | = | မြတ်စွာဘုရား။ |

# ၅။ မိဘတို့၏ အနန္တဂုဏ်ရည်

(ဇာတ်တော်မိတ်ဆက်)

ကျမ်းဂန်စာပေထဲက ဗြဟ္မာကြီးများကို ကိုယ်တိုင်ကိုယ်ကျ ဖူးလိုမြင်လိုသူများအတွက် နည်းကောင်းတစ်ခု ပေးလိုပါသည်။

သည်နည်းကိုရထားလျှင် ရုပ်စုံစာအုပ်ကြီးတွေ လှန်လှောနေစရာမလိုတော့ပါ။ ဘုရားတန်ဆောင်း ရုပ်စုံတွေ လျှောက်ကြည့်နေစရာ မလိုတော့ပါ။ ဗြဟ္မာ့ပြည်ရောက်သည့်အချိန်ထိ စောင့်စားနေစရာ မလိုတော့ပါ။ ယခုဖူးမြင်လိုလျှင် ယခုချက်ချင်းပင် လွယ်လွယ်ကလေးနှင့် ဖူးမြင်နိုင်ကြပါသည်။ မိမိတို့အိမ်ဦးခန်းသို့ အသာကလေး ခေါင်းငဲ့၍ ကြည့်လိုက်ရုံသာရှိပါသည်။

အနန္တသတ္တဝါတို့အပေါ်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရား ပွားများ၍ နေကြသော ဗြဟ္မာကြီးများသည် အထက်ဗြဟ္မာ့ပြည်မှာ ရှိနေကြပါသည်။ ရှိရှိသမျှ မိသားစုအားလုံးကို လွှမ်းခြုံ၍ ဗြဟ္မစိုရ်တရား ပွားများနေကြသော ဗြဟ္မာကြီးများကတော့ အိမ်ဦးခန်းမှာ ရှိနေကြပါသည်။ မကောင်းမြစ်တား၊ ကောင်းရာညွှန်တတ်သော ဂုဏ်သကတ်ကြောင့် ထိုဗြဟ္မာကြီးများကို 'လက်ဦးဆရာ' ဟူ၍လည်း ချီးကျူးပူဇော်ကြရပါသည်။

စပယ်ဦးစပဒေါ

ဗြဟ္မာကြီးများကို ရိုသေမြတ်နိုးကြသည်နှင့်အမျှ ကမ္ဘာလောက ကြီးတစ်ခုလုံး အေးချမ်းသာယာမှု ရရှိနိုင်ပါသည်။ လက်ဦးဆရာတို့၏ ညွှန်ပြချက်ကို လက်ခံကျင့်သုံးနိုင်ကြသည်နှင့်အမျှ ကမ္ဘာလောကကြီးတိုး တက်စည်ပင်လာနိုင်ပါသည်။ ဗြဟ္မာကြီးများကို ရိုသေမြတ်နိုးမှုမပြုလျှင် လက်ဦးဆရာတို့ ညွှန်ပြချက်ကို ဖီလာကန့်လန့်လုပ်လာကြလျှင် ထိုဗြဟ္မာ၊ ထိုဆရာတို့ထက် ငယ်ရွယ်သူတို့က ပိုမို၍ နစ်နာကြရပါလိမ့်မည်။

ထို့ကြောင့် ရှေးရှေးက လူကြီးမိဘများသည် နစ်မွန်းရန် လမ်း ကြောင်းသို့ လျှောက်မှန်းမသိ လျှောက်နေမိကြသောငယ်ရွယ်သူတို့အား 'ပေါက်လွတ်ပဲစား' 'မရဏကျွန်းညို' နှင့် 'ဘမျိုးဘိုးတူ' ဝတ္ထုများဖြင့် ဆုံးမ ကန့်မြစ်ခဲ့ကြရပါသည်။

'တရားဟူသည် သေခဲ့ပြီလော' ဝတ္ထုမှာလည်း 'ဘမျိုးဘိုးတူ' ဝတ္ထုနှင့် ခပ်ဆင်ဆင်ဖြစ်ပါသည်။ သို့ရာတွင် ဤဝတ္ထုမှာစွာနီမည်သော အမယ်အိုကား ဟိုအဘိုးကြီးကဲ့သို့ ငုတ်တုတ်ခံ၍မနေပါ။တရားလက်လွတ် ကြွားဝါပြောဆိုသော ချွေးမဖြစ်သူအား သူ့နည်းသူ့ဟန်ဖြင့် တွန်းလှန် တိုက်ခိုက်ပါသည်။ ထို့ကြောင့်ပင် သိကြားမင်းကိုယ်တိုင်လာ၍ မိသားစု ပြဿနာကို ဖြေရှင်း၍ ပေးရပါသည်။

ဤတွင် ကျွန်ုပ်တို့ အထူးသတိချပ်သင့်သည်မှာ မိသားစုပြဿနာ များ ပေါ်လာလေတိုင်း သိကြားမင်းကြီးလာ၍ ဖြေရှင်းပေးနိုင်မည် မဟုတ်ကြောင်း ဖြစ်ပါသည်။မိဘနှင့် သားသမီးများစပ်ကြားတွင်အပြန် အလှန် နားလည်မှုရှိကြလျှင်၊ အပြန်အလှန် စေတနာမေတ္တာထားနိုင်ကြ လျှင်၊ ငါမှငါဟူသော အတ္တမာနကို ချိုးနှိမ်နိုင်ကြပါလျှင်၊ သိကြားမင်း ကြီး ရောက်လာသကဲ့သို့ပင် အိမ်တွင်းရေး သာယာကြပါလိမ့်မည်။

မိဘတို့၏ အနန္တဂုဏ်ရည်ဟူသည်မှာ အနန္တစေတနာပင်ဖြစ်ပါ သည်။အနန္တစေတနာကို ရှေ့သွားပြု၍ ပြုစုခဲ့၊ စောင့်ရှောက်ခဲ့လေသမျှ၊ ပြောဆိုဆုံးမခဲ့လေသမျှ ကာယကံ၊ ဝစီကံ၊ မနောကံတို့၌ ထိုဂုဏ်ရည်တို့ တည်ရှိကြပါသည်။ ထိုဂုဏ်ရည်ကို သိနားလည်သည်နှင့်အမျှ သားသမီး များဘက်ကလည်း ကျေးဇူးဆပ်ကြရပါလိမ့်မည်။ ကျေးဇူးဆပ်မှုလည်း ကျေးဇူးသိရာရောက်ပါသည်။ ထို့ကြောင့် အသိနှင့် အဆပ် တစ်ထပ် တည်း ကျနိုင်ရေးအတွက် 'မိဘကျေးဇူးမြင်းမိုရ်ဦး' ဝတ္ထုကို စံနမူနာ အဖြစ် တင်ပြလိုက်ရပါသည်။

မိသားစုအသိုက်အမြုံဖြင့် နေထိုင်ကြရာတွင် မိဘတို့ကိုအကြောင်းပြု၍ မိမိက သားသမီးဖြစ်ကာ သားသမီးကို ထောက်ဆပြန်တော့လည်း မိမိကိုယ်တိုင်က မိဘဖြစ်နေကြရပါသည်။ မိသားစုတစ်ခုလုံးတွင် မိမိက အိမ်ထောင်ဦးစီးဖြစ်နေပါက မိဘတာဝန်နှင့် သားသမီးတာဝန်နှစ်ရပ်လုံးကိုပင် ကျေပွန်အောင် ထမ်းဆောင်ကြရပါသည်။ ထို့ပြင် မိမိအင်အားနှင့် စွမ်းနိုင်သမျှ သားထောက်သမီးခံ မရှိရှာကြသော လူအိုလူမင်းများကိုလည်း ကူညီစောင့်ရှောက်ကြရပါသည်။ ဤသဘောကို 'ကြွေးသစ်၊ ကြွေးဟောင်းနှင့် ရွှေအိုးကြီးများ' ဝတ္ထု၌ လေ့လာသုံးသပ်နိုင်ပါသည်။

ဤဝတ္ထုနှင့်ပတ်သက်၍ သတိချပ်စရာတစ်ခုရှိနေပါသည်။ ဝတ္ထုထဲကခေါင်းဆောင်ကျေးမင်းသည် ကောသိယဂေါတ္တပုဏ္ဏားကြီးက သူ့စီးပွားရေးအတွက် စိုက်ပျိုးထားသော၊ ဥစ္စာရှင်ကိုယ်တိုင်က ထိန်းသိမ်းစောင့်ရှောက်ထားသော စပါးခင်းထဲမှ စပါးများကို ဝမ်းဝအောင်စားပြီးလျှင် နိုင်သလောက်လည်း သယ်ဆောင်လာခဲ့ပါသည်။ဤအပြုအမူကို စံနမူနာပြုကာ မိသားစုတာဝန် ထမ်းဆောင်ရာမှာလည်း သူတစ်ပါးပစ္စည်းဖြင့် ထမ်းဆောင်ထိုက်သည်ဟု အထင်မမှားကြစေလိုပါ။ သူတစ်ပါး ပိုင်ဆိုင်သော ပစ္စည်းဖြင့် ဘာကိစ္စကိုမျှ ဆောင်ရွက်ခွင့် မရှိပါ။ ဘာသာရေးကလည်း ခွင့်မပြုပါ။ တရားဥပဒေကလည်း ခွင့်မပြုပါ။

သို့ဖြစ်၍ ဤဇာတ်ကွက်တစ်ကွက် ပါဝင်လာရခြင်းမှာ ကြွေးသစ်၊ ကြွေးဟောင်းနှင့်ရွှေအိုးကြီးများမြုပ်နှံရပုံပေါ်လွင်လာအောင် ပို့ဆောင်ပေးသော ဇာတ်ကွက်တစ်ကွက်မျှသာ ဖြစ်သည်ဟု မှတ်ယူသင့်ပါသည်။

အနန္တဂုဏ်အင် ကျေးဇူးရှင် မိဘတို့အား ဝပ်တွားကော်ရော်ပူဇော်နိုင်ကြရေးအတွက် စံပြဝတ္ထု (၆) ပုဒ်ကို ဆက်စပ် ဖော်ပြလိုက်ပါသည်။

## ပေါက်လွှတ် ပဲစား

ဥဒ္ဒိစ္စပုဏ္ဏားမျိုး ဒိသာပါမောက္ခ ဆရာကြီးထံတွင် ငါးရာသော ပုဏ္ဏားလုလင်များ ပညာသင်လျက် ရှိကြလေသည်။ ပုဏ္ဏားလုလင်တို့ သင်ကြားပြီးသော စာများကို မမေ့မပျောက်စေရန် နံနက်စောစော ထ၍ ရွတ်ဖတ်သရဇ္ဈာယ်ကြရ၏။ တစ်ခါတစ်ရံ စောလွန်းစွာ ထမိကြသဖြင့် အိပ်ချင်မူးတူးဖြစ်ကာ မရွတ်နိုင်ဘဲ ရှိကြရ၏။ တစ်ခါတစ်ရံ လင်းခါနီးမှ ထမိကြသဖြင့် ရွတ်ချိန်မရအောင် ဖြစ်ကြရ၏။ ထို့ကြောင့် ဒိသာပါမောက္ခ ဆရာကြီးက အရပ်ထဲမှ ကြက်တစ်ကောင်ကို တောင်းယူ၍ ပေးထားရလေသည်။

အရပ်ထဲက ကြက်သည် မိဘဖြစ်သော ကြက်ကြီးများနှင့် အတူ ကြီးပြင်းလာရ၏။ ကြက်ကြီးများ၏ အစဉ်အလာမပျက်သော အပြုအမူများကို အတုယူ၍ လာခဲ့၏။ ဆရာသမားနှင့်တကွ မိဘများ၏ အဆုံးအမကို ရယူနိုင်ခဲ့သဖြင့် ထိုကြက်သည် ပုဏ္ဏားလုလင်တို့၏ ပညာပါရမီကို ကူညီကာ ဖြည့်၍ ပေးနိုင်လေသည်။ နံနက်စောစော ပုဏ္ဏားလုလင်တို့ ထသင့်သော အချိန်တွင် အချိန်မှန်မှန် တွန်သံ ပေးနိုင်လေသည်။ ထိုကြက်၏ တွန်သံကြောင့် ပုဏ္ဏားလုလင်တို့သည် မစောလွန်း မလင်းလွန်း အနေတော် အချိန် ထနိုင်ကာ သင်ထားသောစာများ မမေ့မပျောက်အောင် ရွတ်နိုင်ခွင့် ရကြ၏။ အိပ်ရေးဝမှ ထကြရသဖြင့် အိပ်ချင်မူးတူးလည်း မဖြစ်ကြတော့ပေ။

တစ်နေ့သ၌ ထိုကြက်သည် ကြက်နာကျ၍ သေခဲ့၏။ ဤတွင် ပုဏ္ဏားလုလင်တို့သည် သုသာန်မှာ ကျက်စားနေသော ကြက်တစ်ကောင်ကို ဖမ်း၍ လာခဲ့၏။ သုသာန်က ကြက်သည် မိဘဖြစ်သော ကြက်ကြီးများ နှင့်လည်း အတူမနေ။ ကြက်ကြီးများ၏ အစဉ်အလာမပျက်သော အပြု အမူကိုလည်း အတုမယူ။ ကြက်ကြီးများ၏ အဆုံးအမကို မနာခံဘဲ ပေါက်လွှတ်ပဲစား နေခဲ့သဖြင့် တွန်ရမည့် အချိန်ကိုလည်း မသိ။ မတွန် ရမည့် အချိန်ကိုလည်း မသိ။ သူ စိတ်ထင်သည့် အချိန်မှာ ထ၍ တွန် လိုက်၏။

ကြက်တွန်သံကို အမှတ်ပြုကာ ပုဏ္ဏားလုလင်တို့သည် အိပ်ရာက ထ၍ စာများ ရွတ်ကြ၏။ သို့သော် အလွန်အမင်း စောနေသဖြင့် မကြာ ခင် အိပ်ချင်မူးတူးဖြစ်ကာ မရွတ်နိုင်အောင် ဖြစ်လာကြရ၏။ သည်တစ်ခါ ကြက်တွန်တာစောလွန်းသည်။ ကြက်တွန်ပြီး တော်တော်ကြာမှ ထကြစို့ ဆိုတော့လည်း မိုးကြီး ထိန်ထိန်လင်းနေချေပြီ။

တစ်ရက် နှစ်ရက် သည်းခံကြပါသေး၏။ လေး ငါး ဆယ် ရက် စောင့်ကြည့် ကြပါသေး၏။ သို့သော် သုသာန်ကြက်က သူ့ဝသီကို မဖျောက်။ ပေါက်လွှတ်ပဲစား နေထိုင်လာခဲ့သည့် အတိုင်း အချိန်မရှိ အချိန်ရှိ တွန်၍ နေလေရာ ပုဏ္ဏားလုလင်များက လည်လိမ်၍ သတ်လိုက် ကြရလေတော့သည်။

(ကေနိပါတ်၊ အကာလရာဝီဇာတ်)

အကာလရာဝီဇာတ်၊ ကေနိပါတ်၊ ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| အချိန်မဟုတ် တွန်သောကြက် | = | မသိတတ်သော ရဟန်း။ |
| ဆရာ ပုဏ္ဏားကြီး | = | မြတ်စွာဘုရား။ |

## မရဏ ကျွန်းညို

တောအုပ်တစ်ခုအတွင်းဝယ် ကျေးဖိုရယ်၊ ကျေးမရယ်၊ ကျေးသားကလေးရယ် အတူတကွနေကြ၏။ ကျေးဖိုနှင့် ကျေးမတို့ အစဉ်မပြတ်ရှာနိုင် ဖွေနိုင်သဖြင့် မိသားစုအတွက် အစားအစာ ပြတ်လပ်သည် ဟူ၍ မရှိပေ။ သို့သော် ကျေးဖိုနှင့် ကျေးမတို့ အိုမင်းမစွမ်းဖြစ်လာကြချိန်တွင်ကား ခါတိုင်းလို မရှာနိုင်ကြတော့။ မျက်စိများ မှုန်သီ ရီဝေနေကြသဖြင့် အသိုက်ထဲမှာသာ နေကြရ၏။ မိသားစု တစ်ခုလုံး၏ အစားအစာကို ကျေးသားငယ်ကသာ ရှာဖွေ၍ ကျွေးမွေးရလေသည်။

မိဘအပေါ် ကျေးဇူးသိတတ်သဖြင့် ကျေးသားငယ်က စိတ်ပါလက်ပါ အစာရှာ၍ ကျွေးပါ၏။ သို့သော် ငယ်စိတ်ငယ်မာန် ရစ်တတ်သဖြင့် တစ်ခါတစ်ရံ မိဘများကို အာခံတတ်၏။ တစ်နေ့သ၌ ကျေးသားငယ်သည် သမုဒ္ဒရာအစပ်ရှိ တောင်ပေါ်မှလှမ်းကြည့်လိုက်သော် သမုဒ္ဒရာအလယ်တွင် ကျွန်းညိုညိုကို လှမ်း၍မြင်လိုက်၏။ ကျွန်းညိုညိုက သရက်ပင်များသည် မှည့်ဝင်းသော အသီးများဖြင့် ကိုင်းညွတ်၍နေကြရာ ထိုကျွန်းသို့ တစ်ဟုန်ထိုးပျံ၍သွားလေသည်။

ကမ်းပါးနှင့် ကျွန်းညိုညိုသည် ခရီးတော်တော် ကွာလှမ်း၏။ ထို့ကြောင့် ကျေးသားငယ်၏ အတောင်များညောင်းကာ နီးစပ်ရာအပင်မှာ ဝင်နားလိုက်ရ၏။ အတန်ကြာ အမောဖြေပြီးမှ သရက်သီးရှိရာ လျှောက်

လာရ၏။ သရက်သီးများမှာ စား၍အရသာရှိသလို အရေသောက်၍လည်း ချိုမြိန်လှလေသည်။ မရောက်စဖူး ထူးကဲသောအရပ်မို့ ကျေးသားငယ်က စားပိုး နင့်လောက်အောင် မစားမသောက်ဘဲ တော်သင့်ရုံမျှ စားသောက်၏။ အပြန်တွင် မိဘများအဖို့ သရက်သီးမှည့်တစ်လုံး ကိုက်ချီ၍ လာခဲ့သည်။

မိအိုဖအိုများက သားလိမ္မာကို သာဓုခေါ်ရင်း သရက်သီးကို စားကြ၏။ ချိုမြိန်လှစွာအရသာရှိလွန်းလှသဖြင့် တခဏနှင့် ကုန်၍သွား၏။ သရက်သီးကုန်သွားခါမှ ကျေးဖိုကြီးက သတိထားမိကာ....

''သားရယ်၊ ဒီသရက်သီးက ဘယ်ကလဲ''ဟု မေးလိုက်၏။

''သမုဒ္ဒရာထဲက ကျွန်းညိုညိုကပဲအဖေ။ အဲဒီကျွန်းက သိပ်ပျော်စရာကောင်းတာပဲ အဖေရာ။ ဒီကျွန်း နာမည်က ဘာတဲ့လဲဟင်''

သူရောက်ခဲ့ရသော ကျွန်းညိုညိုကို ဂုဏ်ဖော်ရင်းမေးလိုက်။

''အဲဒီကျွန်းကို မရဏကျွန်းလို့ခေါ်တယ်ကွဲ့ ငါ့သားရဲ့။ နောက်များတော့ မသွားလေနဲ့''

''အို ဘာပြုလို့များလဲ အဖေရာ။ အင်မတန် ပျော်စရာကောင်းတဲ့ ကျွန်းကလေးကို။ သရက်သီးတွေကလဲ ချိုပါဘိနဲ့''

ကျေးဖိုကြီး၏ အဖြေစကားကို ကျေးသားငယ်က မနှစ်ခြိုက်နိုင်အောင် ဖြစ်နေရ၏။ အသက်အန္တရာယ်ပြုတတ်သော ငှက်တိရစ္ဆာန်များ လုံးဝ မရှိပါဘဲလျက် သက်သက်မှိုချိုးမျှစ်ချိုး ပြောရက်ရန်ကောဟု ဖခင်ကိုပင် အပြစ်တင်မိ၏။ သို့သော် ကျေးဖိုကြီးကတော့ သူ့ကိုယ်တွေ့အရ ပြောရခြင်း ဖြစ်ပေသည်။

''အဲသလို သရက်သီးမှည့်တွေ ပေါတဲ့အတွက်ပဲ မရဏကျွန်းလို့ ခေါ်ရတာပေါ့ ငါ့သားရယ်''

''သရက်သီးစားလို့တော့ မသေနိုင်ပါဘူးအဖေရာ။ အခုပဲ အဖေရော အမေရော စားကြတာ တစ်လုံးလုံးကုန်ပြီ မှုတ်လားလို့''

''ဒီမှာက အတိုင်းအရှည်နဲ့ စားတာကိုးကွ။ ဟိုမှာဆိုတော့ စားစရာတွေ တစ်ကျွန်းလုံးရှိနေတာ။ စားစရာတွေ စားပိုးနင့်အောင် စားခဲ့လို့ သေပွဲဝင်ခဲ့ရတဲ့ တို့အမျိုးတွေ ဘယ်လောက်ရှိခဲ့ပြီလဲ။ အဲဒါတွေ စိတ်နာလို့ ငါတို့ အဲဒီကျွန်း မသွားတော့တာကွ''

''ဒါက သရက်သီးအပြစ်မှ မဟုတ်တာဗျာ။ သူတို့အတိုင်းအတာ မရှိ စားကြလို့သာပါ''

အကျိုးအကြောင်းနှင့် ရှင်းပြသော စကားကိုပင် ကျေးသားငယ်က ခပ်အင်အင် ဖြစ်နေရ၏။

"ဟုတ်တယ် ငါ့သား။ သရက်သီးမှာ တိုက်ရိုက်အားဖြင့်တော့ အပြစ်မရှိတာ အမှန်ပဲ။ ဒါပေမယ့် ဒါလောက်တောင်ချိုပြီး အရသာရှိနေတာကို အခါခပ်သိမ်း သတိထားပြီး စားနေနိုင်ဖို့မလွယ်ဘူး။ ဒီတော့ တစ်နေ့နေ့ သတိလွှတ်လို့ စိတ်ထင်တိုင်း စားမိရင် အပြန်ခရီးမှာ ဘေးတွေ့နိုင်တယ်"

"သူတို့ဘေးတွေ့တာနဲ့ အကုန်လုံးမတွေ့နိုင်ပါဘူး အဖေရာ"

ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းနေသော ကျေးသားငယ်က ဖခင်ကြီး စကားကို မနာယူ။ နောက်နေ့ ရောက်သည်နှင့် သရက်ကျွန်းသို့သာ အရောက်လာခဲ့၏။ 'ဖခင်ကြီးစကားကို နားမထောင်ဘဲ ကိုယ့်သဘောနှင့်ကိုယ် လာတော့ စားချင်ရာ မစားရပါလား' ဟု ကြုံးဝါးလိုက်၏။

သရက်သီးချိုချိုကိုစားရင်းသောက်ရင်း ကျေးငယ်သည် ဖခင်ကြီး စကားကို သတိရပါ၏။ အတိုင်းအတာထား၍ စားသောက်ရန် ကြိုးစားပါ၏။ သို့သော် စားရင်းသောက်ရင်းနှင့် လက်မလွှတ်နိုင်အောင် ဖြစ်လာရ၏။ စားလိုက်တိုင်း သောက်လိုက်တိုင်း ချိုမြိန်သော အရသာများက အတိုင်းအတာကို မသိနိုင်လောက်အောင် ဖုံးလွှမ်းသွားကြ၏။ သို့နှင့် ဗိုက်တစ်ခုလုံး ပြည့်ဖောင်းကာ နောက်ထပ် စား၍သောက်၍ မရတော့ ခါမှ ရပ်တော့၏။ သို့သော် 'သူများတွေ ဒုက္ခတွေ့တိုင်း ငါတွေ့ရမှာလား။ သူများတွေ သက်ကြီးရွယ်အို။ ငါမှာက ကျေးသားပျို။ အားကောင်း မောင်းသန်ကပဲ။ ဘာ့အတွက် မှုရမှာလဲ' ဟု အားတင်းကာ လာလမ်းအတိုင်း ပျံလာခဲ့၏။ မိဘများအတွက် သရက်သီးမှည့် တစ်လုံးကိုလည်း မပျက်မကွက် ချီလာခဲ့၏။

သူကြုံးဝါးခဲ့သည့်အတိုင်း သူ့အရွယ်က ပျိုပါ၏။ သူ့အားက ကောင်းပါ၏။ သူ့အတောင်များက သန်ပါ၏။ သို့သော် ထိုအား၊ ထိုအတောင်တို့ သန်စွမ်းမှုကို သူ့ဗိုက်က အနှောင့်အယှက်ပြုလာချေပြီ။

ခါတိုင်းနေ့များ၌ သူ့အားအင် စည်ပင်၍ သူ့တောင်ဟုန် စွမ်းအား မြင့်မားစေရန် သည့်ဗိုက်ကပင် ဆောင်ရွက်ပေးခဲ့၏။ ယနေ့တော့ သူ့အိုးနှင့် သူ့ဆန် တန်ရုံမဟုတ်တော့သဖြင့် ဆောင်ရွက်နေကျကိစ္စကို

မဆောင်ရွက်နိုင်တော့ပြီ။ ဗိုက်ထဲက အပြည့်အသိပ် ထည့်ထားသော အစားအစာများကြောင့် ကျေးငယ်ဗိုက်မျဉ်းရှဲ့လာတော့သည်။ ဗိုက်ရင်း မျဉ်းရင်း အားတင်းကာ ပျံပါသော်လည်း ကမ်းပါးရှိရာ မပျံမီဘဲ လမ်းလွဲ၍ သွားလေတော့သည်။

ကျွန်းညိုညိုပေါ်သို့ နေလုံးကြီးဝင်သွားသောအခါ အစာလည်းဆုံး သားလည်းဆုံး၍မိခင်ဖခင်တို့မှာ ယူကျုံးမရ ငိုကြွေးကြရလေသည်။

(တိကနိပါတ်၊ သုကဇာတ်)

သုကဇာတ်၊ တိကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ကျေးသားငယ် | = | အစားကြူးသောရဟန်း။ |
| ကျေးမင်း | = | မြတ်စွာဘုရား။ |

## ဘမျိုး ဘိုးတူ

ကျက်သရေမင်္ဂလာမရှိသော ရထားကိုမောင်းလျက် ကျက်သရေ မင်္ဂလာမရှိသော သဝိဋ္ဌကသည် ရွာမှထွက်လာခဲ့၏။ သူနှင့်အတူ ဖခင်အို ကြီးနှင့် ခုနစ်နှစ်အရွယ် သားငယ်လည်း ပါလာ၏။

ဖခင်အိုကြီးသည် ရစရာရှိသော ကြွေးများကို တွက်ချက်လျက် ရှိ၏။ သည်ကြွေးများပေးထားတာက ကြာလှပါပြီ။ ဆွေလိုမျိုးလိုနေ လာသူများမို့ အာမခံပစ္စည်း တစ်စုံတစ်ရာမရှိဘဲ စိတ်ချစွာပေးထားခဲ့၏။ ကိုယ့်အကျိုးစီးပွားကို ကိုယ်ဖိ ရင်ဖိ ဆောင်ရွက်ပေးခဲ့သူများမို့ သည့် လောက်ငွေကို ရကောင်းမှရစေ သဘောမထား။ ကူညီအပ်သောဝတ္တရား ရှိသည့်အတိုင်း ကူညီခဲ့ခြင်းသာ ဖြစ်၏။ ယခုတော့ ဘယ်သူတွေရှိ၍ ဘယ် သူတွေ ကွယ်လွန်ကုန်ကြပြီ မဆိုနိုင်။

ပေးစဉ်တုန်းက စေတနာအလျောက် ပေးခဲ့သော်လည်း ယခု တော့ သည်ကြွေးဟောင်းများအတွက် အတောင်းထွက်ခဲ့ရပေပြီ။ ပေး စဉ်တုန်းက ကိုယ့်သဘောအတိုင်းမို့ ဖြူဖြူစင်စင်။ ယခုအတောင်းထွက် ရတာကတော့ သားနှင့်ချွေးမတို့ အလိုတော်အတိုင်း။

ဖိုကြီးအိုမအရွယ်ကျခါမှ တစ်ရပ်တစ်ကျေး ကြွေးတောင်းခေါ် ရန်ကောဟု သားကို စိတ်ထဲကမျက်မိ၏။ သားဖြစ်သူ မေ့မေ့ ပျောက်

ပျောက်ဖြစ်နေသောကိစ္စကို အစဖော်ပေးရန်ကောဟု ချွေးမကိုလည်း မကျေချမ်းနိုင်။ သို့သော် တကယ်တမ်း စစ်ကြည့်လိုက်တော့ ကိုယ့်ကိုယ်ကိုသာ ဖိထောင်းဖို့ ကောင်းတော့သည်။

စောစောပိုင်းက သားဖြစ်သူ သဝိဋ္ဌကမှာ ဤသို့ ဤပုံ နားပူနားဆာမလုပ်တတ်ရှာပါ။ အဖေတစ်ခု သားတစ်ခုဘဝကို ကျေကျေနပ်နပ် ခံယူခဲ့သူသာ ဖြစ်၏။ အိုမင်းမစွမ်းဖြစ်လာသော ဖခင်ကြီးကို ကျေကျေနပ်နပ်လုပ်ကိုင်ကျွေးမွေးခဲ့၏။ သားအဖစပ်ကြားမှာ ကတုံးကတိုက်လုပ်မည်စိုး၍ အိမ်ထောင်ရေးကိုပင်စိတ်မကူးခဲ့။နောက်မိမိကိုယ်တိုင်က တိုက်တွန်းလွန်းသဖြင့် အိမ်ထောင်ပြုဖြစ်ခဲ့ပေသည်။

တစိမ်းမိန်းမတစ်ယောက် ရောက်လာသော်လည်း မိမိတို့မိသားစုမှာ ခါတိုင်းလိုပင်ချမ်းမြေ့သာယာလျက်ရှိ၏။ချွေးမဖြစ်သူမှာ ယောက္ခမနှင့် အိမ်သားတို့ကို ရိုရိုသေသေပြုစုလုပ်ကျွေးပါ၏။ သည်အိမ်မှာအနေကြာလာမှ တဖြည်းဖြည်း အရိုအသေတန်၍ လာတော့သည်။ သူ့တွက်ကိန်းနှင့်သူ ကြည့်ပြန်တော့လည်း အရိုအသေတန်မည်ဆိုက တန်စရာပင်။ အိမ်ထောင်ကျခါစတုန်းက သဝိဋ္ဌကသည် ရလာသမျှပစ္စည်းဥစ္စာကိုဖခင်ထံမှာ မူမပျက်အပ်နှံခဲ့၏။ စားကောင်း သောက်ဖွယ်ရှိလာလျှင်လည်း ဖခင်လက်ထဲမှာသာ ထည့်ခဲ့၏။ ဖခင်ကြီးလက်ထဲရောက်ပြီးမှ ဖခင်ကြီးစီမံခန့်ခွဲပေးသည့်အတိုင်း သုံးဆောင်စားသောက်ခဲ့ကြရ၏။ ယခုတော့ သူ့အခွင့်အာဏာများ ချွေးမဆီ လက်ပြောင်းသွားချေပြီ။ သည်တော့ တစ်ပြားတစ်ချပ်မှ မရှာဖွေနိုင်တော့သော သက်ကျားအိုကို အရိုအသေတန်တာ မဆန်းတော့ပြီ။

သဝိဋ္ဌက ကလည်း ကိုယ့်အတွေးနှင့်ကိုယ် ရထားကို ခပ်မဆိတ်မောင်းလာ၏။လမ်းတစ်လျှောက်လုံး စကားတစ်ခွန်းမှမဆိုမိသော်လည်း ဖခင်အိုကြီးကိုတော့ မကြာ မကြာ လှည့်ကြည့် မိ၏။ သို့ကြည့်ရင်းက ''အင်း– အိမ်က မိန်းမ ပြောတာ ဟုတ်တော့လဲ ဟုတ်ပေတာပဲ'' ဟု မှတ်ချက်ချမိ၏။

မှန်၏။ ဖခင်ကြီးရုပ်သွင်မှာ သေသေချာချာကြည့်လေ၊ အိုစာလေ။ အရိုးပေါ်အရေတင် မကြာခင်သင်္ချိုင်းပို့ရမည့် အခြေအနေ။သည်သေခါနီးကြီးက စားရာ ဝတ်ရာ အင်မတန်မှ ဇီဇာကြောင်လှသည်။အေးတော့လည်း အေးလွန်းသတဲ့။ အအေးမကြိုက်လို့ ပူပူနွေးနွေးပေးပြန်

တော့လည်း ''လူကို သေကြောင်းကြံတာလား''တဲ့။ အဝတ်အစားမှာ တော်ရုံတန်ရုံနှင့် ကျေနပ်သော်လည်း ကိုယ့်အညစ်အကြေးကို ကိုယ်လွတ်အောင် မစွန့်တတ်တာကတော့ ဆိုးလှ၏။ လူငယ်များကိစ္စကို နေရာတကာဝင်ရှုပ်တတ်သည်။ ရှုပ်၍မရပြန်တော့ မျက်ရည်ကလွယ်လိုက်သေး။ တကတဲ ကျက်သရေမရှိ၊ မင်္ဂလာမရှိ။

သည်စကားများ ကြားရစက အဖေတစ်ယောက်လုံးကို ပြောရက်ရန်ကော ဟု မယားကို ကြိမ်းမောင်း ပြစ်တင် ပူခဲ့ရသေး၏။ ကိုယ့်အဖေအရင်း မဟုတ်၍သာ သည်စကားများ ထွက်နိုင်သည်ဟု အတွက်မှားခဲ့၏။ ယခုတော့ ကိုယ်တိုင်ကိုယ်ကျ သိလာခဲ့ပြီ။ ဖခင်ကြီးကိုယ်တိုင်က အနေမတတ် အစားမတတ် ညစ်ပတ်နံစော်နေလေတော့ သားအရင်းဖြစ်သည့် မိမိ ကိုယ်တိုင်ကပါ စက်ဆုပ်၍ လာတော့သည်။ ပြောဖန်များ၍ မယားစကား အောင်သည်ဟု အရပ်က အတင်းဆိုချင်ဆိုပါစေ။ သည်နေ့တော့ မယားဖြစ်သူ အကြံပေးထားသည့် အတိုင်း မလွဲမသွေ ဆောင်ရွက်ရပေတော့မည်။

''အဖေရယ်.... ဒီတောက ခေါင်လိုက်တာနော်။ လူလဲ တစ်ယောက်မှ မတွေ့ရဘူး''

ကိုယ့်အတွေးနှင့်ကိုယ် အလုပ်ရှုပ်နေဆဲတွင် သားငယ်၏ အသံကြောင့် သဝိဋ္ဌကမှာ တွန့်ခနဲ ဖြစ်သွားရ၏။ ပြီးမှ ကိုယ့်ကိုယ်ကို ဣန္ဒြေဆည်ကာ....

''ဒီတောမှာ ဘယ် လူတွေ့ပါ့မလဲ ငါ့သားရ။ လူသေမြှုပ်တဲ့ သုသာန်မြေကိုး''

ပြောပြောဆိုဆို ရထားကို ရပ်လိုက်၏။ လိုအပ်သော နေရာသို့ ရောက်ပြီဖြစ်၍ ရထားကို ရပ်လိုက်ရသော်လည်း သဝိဋ္ဌကမှာ ရထားပေါ်မှ မဆင်းနိုင်ဘဲ သားကိုတစ်လှည့်၊ ဖခင်အိုကြီးကိုတစ်လှည့် ကြည့်ရင်း သက်ပြင်းချ၍သာ နေရ၏။

ဖခင်အိုကြီးအပေါ် မေတ္တာစေတနာ ခေါင်းပါးလာသလောက် သည်သားကလေးအပေါ်မှာတော့ ကြာလေ ချစ်လေ။ တစ်နှစ်ဆို တစ်နှစ်မှန်းသိသိ အလုံးရော အရပ်ပါ ဖွံ့ထွားလာတာက အားရစရာ။ ပြောစရာ၊ ဆိုစရာ ရှိပြန်တော့လည်း ချက်ကျ လက်ကျ ပြောတတ်ပါဘိ။ သည်လိုကလေးတစ်ယောက်အဖို့ သည်လို အရပ်ဒေသမျိုးနှင့် လုံးဝမသင့်

လျော်။ သို့သော် သင်းကလေးက ရထားပေါ် ရောက်နှင့်နေသည်။ ရထားပေါ်က လုံးဝမဆင်းဘဲ တငိုငို တရီရီ ပေကပ်၍ နေခဲ့သည်။ သား ငိုသံကြားရလျှင် ရင်ထဲက နာလာတတ်သည့်မို့ မိမိကပင် အလျှော့ပေး၍ ခေါ်လာခဲ့ရ၏။ ခုတော့ မထူးတော့ပြီ။ သင်းကလေးရှေ့မှာပင် လုပ်စရာရှိတာ ပြီးစီးအောင် လုပ်ရပေတော့မည်။

သဝိဋ္ဌကသည် ကိုယ့်စိတ်ကို မောင်းတင်ကာ ရထားပေါ်မှ လွှားခနဲ ခုန်ချလိုက်၏။ထို့နောက် ရထားမိုးပေါ်မှာ အသင့်ထိုးလာခဲ့သော ပေါက်တူးဖြင့် မြေကြီးကို ပေါက်လေတော့သည်။

''ဩော်.... ငါ့သားရယ်။ ကြံမှ ကြံရက်လေခြင်းကွယ်''

သားဖြစ်သူ လုပ်နေပုံကိုကြည့်ရင်း ဖခင်အိုကြီးမှာ ရှိုက်ကြီးတငင် ငိုရှိုသာတတ်နိုင်ပေတော့သည်။ သူ့လိုအိုမင်းမစွမ်းတစ်ယောက်အဖို့သည် သုသာန်မြေကို မကြာမီ ရောက်ရမှာ မှန်ပါ၏။ သို့သော် ဤသို့ အရှင်လတ်လတ် ရောက်လာရမည်ဟုကား မတွေးခဲ့မိ။ ဤလို အရှင်လတ်လတ် သတ်၍ အမြှုပ်ခံရဖို့လည်း မမျှော်လင့်ခဲ့မိ။ ယခုတော့ မမျှော်လင့်သော အကြောင်းက ကြောက်ခမန်းလိလိ ပေါ်ပေါက်၍ လာချေပြီကော။

''ငါ့သားရယ်၊ မပြုထိုက်တဲ့ အမှုမိုက်ကြီးကို တားပါရစေကွယ်။ တစ်သက်မှာ တစ်ခါ သေရမှာမို့ အဖေ့အတွက်တော့ မထူးလှပါဘူး။ သို့ပေမယ့် ငါ့သားမှာ အင်မတန်မှ ကြောက်စရာကောင်းတဲ့ ကံကြီး ငါးပါး ထိုက်ပါလိမ့်မယ်။ သတိထားပါ ငါ့သားရယ်''

''အို ဗျာ၊ ခင်ဗျားကြီး စကားတွေ များမနေစမ်းပါနဲ့။ သေမှာ တူတူ စောစောသေလိုက်တော့ မအေးဘူးလား''

သဝိဋ္ဌက တွင်းတူးမပျက် ပြန်၍ အော်လိုက်၏။ သည်ကိစ္စ အထမြောက်အောင် လုပ်မည်ဆိုမှတော့ သည်အဘိုးကြီး ငိုတာ၊ တောင်းပန်တာတွေ နားထောင်နေ၍ မဖြစ်ပြီ။ သည်တွင်း တော်တော်နက်လျှင် အဘိုးကြီးကို တွင်းထဲ အတင်းဆွဲချပြီး ပေါက်တူးနှင့် ခေါင်းကိုခွဲ၊ တစ်ခါတည်း မြေမြှုပ်ပစ်လိုက်မှ ကိစ္စပြီးချေမည်။

''အဖေ.... ဒီတွင်းက ဘာလုပ်မလို့လဲဟင်''

လူသူလေးပါး မရောက်လာခင် မြန်မြန်ပြီးချင်ခါမှ သည်ကောင်ကလေးက တစ်မျိုး။ ရထားပေါ်မှာ အေးအေးလူလူ မနေဘဲ တွင်း

တူးတဲ့ဆီ ရောက်လာပြန်ပြီ။ ကလေးပီပီ ဘာသိဘာသာမနေဘဲ မေးလား မြန်းလား လုပ်လာပြန်ပြီ။ သည်ကလေးက သိချင်တာတစ်ခုရှိလျှင် မပြေမချင်း နားပူပြီးသား။

''ဒီတွင်းက တခြားမဟုတ်ဘူး ငါ့သားရဲ့။ မင်းအဘိုးကိုသတ်ပြီး မြှုပ်ဖို့တူးထားတာ။ မင့်အဘိုးကလဲလူ့ပြည်မှာထားဖို့ကောင်းတော့တာ မဟုတ်ဘူး။တစ်နေ့ရှေ၊ တစ်နေ့ငွေ၊ ရောဂါကလဲ များလိုက်သေး။ အနေအထိုင် မတတ်တော့ ညစ်ပတ်တာ လွန်ပါရော''

မထူးတော့တာတူတူ သား လူမမယ်ကို အမှန်အတိုင်း ထုတ်ပြောလိုက်ရ၏။

တူးထားသောတွင်းမှာ လူတစ်ထိုင်စာတော့ နက်သွားပြီ ဖြစ်၏။ နောက်ထပ် တစ်တောင်လောက်တော့ တူးပေးမှသေချာမည်။ သည်အနေရောက်ခါမှ သစ်မြစ်တစ်ခု ဝင်ခံနေတာက တစ်ဒုက္ခ။ သည်သစ်မြစ်ရှိနေသမျှ တွင်းဆက်တူးဖို့ မလွယ်။ ကျင်းအလယ်တည့်တည့်က ကန့်လန့်ခံနေသည်။ သည်တော့ သည်သစ်မြစ်ကို ကျင်းထဲဆင်းပြီး ဓားနှင့်ဖြတ်မှ ဖြစ်ချိမ့်မည်။

သဝိဋ္ဌက ကျင်းထဲ ဆင်းနေဆဲတွင် သားငယ်က ပေါက်တူးကို ယူကာ တစ်နေရာမှာ ကျင်းတူး၍ နေ၏။ ပေါက်တူးကို မနိုင့်တနိုင် မြှောက်ကာ အားရှိသလောက် ပေါက်၍ ပေါက်၍ နေ၏။ ပေါက်တူးသံကြောင့် သဝိဋ္ဌက ကျင်းပေါ် တက်လာရကာ....

''ဟေ့ သားကြီး၊ ပေါက်တူးကြီး မနိုင့်တနိုင်နဲ့ ဘာများတူးပြီး ရှာနေတာလဲကွ''

အလုပ်ရှုပ်နေသော သားကို ကြည်နူးစွာ မေးလိုက်၏။

''ဘာမှရှာတာ မဟုတ်ပါဘူး အဖေ။ ကျွန်တော်လဲ ကျင်းတစ်ခု တူးနေတာပါ''

သားက ခပ်တည်တည် ပြန်ပြော၍ အလုပ်ကို ဆက်လုပ်၏။

''ဟေ့- ကျင်းတွေဘာတွေတူးပြီး ဘာများ မြှုပ်စရာရှိလို့လဲကွ။ မင့်အဘိုးအတွက် ဒီမှာ တူးထားပြီးပြီ''

''အဘိုးအတွက် မဟုတ်ပါဘူး အဖေ။ အဖေ့အတွက် တူးထားတာပါ။ အဘိုးကို အဖေ သတ်ပြီး မြှုပ်သလို အဖေ အိုတော့လဲ ကျွန်တော်က သတ်ပြီး မြှုပ်ရဦးမှာ မဟုတ်လား''

သဝိဋ္ဌက လက်ထဲက ခဲ့ဘးမကြီး လွတ်ကျသွားလေတော့၏။

ထို့နောက်တွင်ကား ကျက်သရေမင်္ဂလာရှိလှသော ရထားသည် ကျက်သရေမင်္ဂလာရှိလှသော သားအဖမြေးအဘိုး သုံးယောက်တင်ကာ ရွာထဲသို့ ပြန်ရောက်လာလေသည်။

(ဒသကနိပါတ်၊ တက္ကလဇာတ်)

**တက္ကလဇာတ်၊ ဒသကနိပါတ် ဇာတ်ပေါင်းသေ်**

ဖခင်အို၊ သားနှင့် ချွေးမ = ထိုသူများ။
ပညာရှိသားငယ် = မြတ်စွာဘုရား။

## တရုးဟူသည် သေခဲ့ပြီလော

ဤယနေ့သည်ကား အမယ်အိုကြီး ကစ္စာနီ၏ ဆွမ်းသွတ်မည့်နေ့ ဖြစ်၏။

နံနက် စောစောကပင် နေထိုင်ရာအိမ်မှ ထလာခဲ့၏။ ချက်စရာ အိုးခွက်များနှင့်တကွ ဆီ၊ ဆန်၊ ဆား၊ နှမ်းစသည်တို့ကိုပါ ယူလာခဲ့၏။ နှမ်းကြိတ်စရာ ကျောက်ပြင် နှင့် ကြိတ်တုံးတို့ကိုလည်း တောင်းထဲမှာ ထည့်ယူလာ၏။

ထိုပစ္စည်းတို့ကို တနင့်တပိုးကြီး ရွက်ယူလာခဲ့ပြီးလျှင် ဂင်္ဂါမြစ် ကမ်းပါးသို့ ဆင်း၍ရေချိုး၏။ တစ်ကိုယ်လုံး သန့်ရှင်းစင်ကြယ်စွာ ရေချိုးပြီးလျှင် ခေါင်းကိုပါ လျှော်လိုက်၏။ ထို့နောက် မခြောက်သေးသော ဆံပင်များကို ဖားလျားချကာ အသင့်ယူဆောင် လာခဲ့သော အဝတ်ဖြူများ ဝတ်ဆင်၏။ ဤသို့ ဆွမ်းသွတ် ပွဲနှင့် ထိုက်တန်အောင် ဝတ်စားဆင်ယင်ပြီးလျှင် ဆွမ်းချက်ရန် ရည်မှန်းထားသော အရပ်သို့ လျှောက်လာ ခဲ့ပေသည်။

သေလေပြီးသော သားချင်း ဆွေမျိုးများကို ရည်စူး၍ သူများ တကာ ဆွမ်းသွတ်ကြသည်မှာ မိမိတို့ အိမ်မှာသာဖြစ်၏။ ဆွမ်း ခဲဖွယ် စသည်ကို အိမ်မှာသာချက်ပြုတ်ခဲ့ကြ၏။ ရသေ့ ရဟန်းနှင့် ပုဏ္ဏားတို့အား အိမ်မှာပင်ဖိတ်၍ ဆွမ်းသွတ်ကြရ၏။

စပယ်ဦး၊ ၀၁၄၅

ယခု ကစ္စာနီ အမယ်ကြီးမှာတော့ ကိုယ့်အိုးကိုယ့်အိမ် ဟူ၍ လက်ညှိုးညွှန်စရာ မရှိတော့ပါ။ လောလောဆယ် မှီခိုကပ်ရပ်၍ နေရသော သူဌေးအိမ်ကလည်း ဤလို အမင်္ဂလာကိစ္စမျိုးကို လက် သင့် ခံနိုင် မည် မဟုတ်ပါ။ သို့ဖြစ်၍တောက်တိုမယ်ရ ပစ္စည်းအစုံအလင် ထည့်ထားသော တောင်းကို ခေါင်းတုန်တုန် လည်တုန်တုန်ဖြင့်ရွက်ကာ သုသာန်ဆီသို့သာ လာရပေတော့သည်။

ထိုစဉ်တုန်းက လူသေ အလောင်း တို့ကို တွင်းတူး၍ မြှုပ်လေ့ မြှုပ်ထ မရှိကြသေးပေ။ လူသူ အရောက် အပေါက် မရှိသော တောအုပ် ထဲမှာသာ သည်အတိုင်း စွန့်ပစ်ထားလေ့ ရှိကြ၏။ ထိုအလောင်းတို့ကို အိမ်ခွေးများ၊ မြေခွေးများနှင့် ကျီး စွန်စသော ငှက်ရဲတို့က ကိုက်ဖြတ်၍ စားသောက်ကြ၏။ အမယ်အိုကြီး ကစ္စာနီသည် ထိုသို့ စားသောက်၍ အရိုးစုမျှသာ ကျန်တော့သော အလောင်းများမှ ဦးခေါင်းခွံ သုံးလုံးကို ကောက်ယူကာ ဖိုခနောက်များ ပြုလုပ်လိုက်၏။ ထို့နောက် သုသာန်ထဲက သစ်ကိုင်းခြောက်များကိုစုဆောင်း၍ မီးမွှေးလိုက်၏။ မီးတောက်၍ ထင်းစများ၌ မီးကောင်းကောင်း စွဲသောအခါ အသင့်ပြင်ဆင် လာခဲ့ပြီးသော ထမင်းအိုးကို တည်လိုက်လေသည်။

ထိုစဉ်က ထုံးတမ်းစဉ်လာအရ သေလေပြီးသော သူတို့အား ရည်စူး၍ ဆွမ်းသွတ်ရာတွင် ထမင်းနှင့်အတူ နှမ်းထောင်းကို အဓိကထားကြရ၏။ ထို့ကြောင့် ထမင်းအိုး မပွက်သေးမီကပင် အသင့် ပါလာသော ကျောက်ပြင်၊ ကြိတ်တုံးတို့ဖြင့် လှော်ထားသော နှမ်းများကို ကြိတ်လိုက်ရပေသည်။

နှမ်းကြိတ်လိုက် ထမင်းအိုးမွှေလိုက်ဖြင့် အလုပ်ရှုပ် နေတုန်းမှာပင် ဆွမ်းအလှူခံမည့်ပုဂ္ဂိုလ်ကို မပင့်ရသေးကြောင်း သတိရလာ၏။ ထုံးတမ်းစဉ်လာအရ ဆွမ်းသွတ်စရာရှိလျှင် ယခင်နေ့က ကြိုတင်၍ ပင့်ထားရမြဲဖြစ်၏။ သို့ရာတွင် အမယ်အိုကြီး ကစ္စာနီမှာတော့ အပင့်ရခက်နေ၏။ ပုဂ္ဂိုလ်တစ်ဦးဦးထံသွား၍ ပင့်လိုက်သည်နှင့်တစ်ပြိုင်နက် ''ဘယ်သူ့ကို ရည်စူးပြီး ဆွမ်းသွတ်မှာလဲ''ဟု မေးကြမည်သာ။ ဤတွင် အမယ်အို ဘယ်လို ဖြေကြားရပါမည်နည်း။

မိမိ၏ တစ်ဦးတည်းသောသားဖြစ်သူသည် သူ့ဖခင်ဆောက်ထားခဲ့သော အိမ်ကြီးတွင် ကျန်းမာချမ်းသာစွာ ရှိနေပါ၏။ သား၏ ရှေ့ရေးအတွက် မိမိကိုယ်တိုင်က ကြောင့်ကြောင့်ကြကြ အတင်းနှားချ၍ပေးစား

ခဲ့ရသော ချွေးမကလည်း ယခုတော့ အိမ်ကြီးရှင်ဖြစ်နေချေပြီ။ မိမိထွက်လာခဲ့ရပြီးမှ ဖွားမြင်လာသော မြေးကလေးကလည်း တစ်တစ် ရစ်ရစ် ချစ်စရာကောင်းလှသည်ဟု ကြားသိရ၏။ မိမိကိုယ်တိုင်တော့ သူတို့အိမ်ရိပ်ကိုမျှ မနင်းရ၊ မြေးကလေးကို မမြင်ရသေးပါ။

မြေး ယောကျ်ား က လေး ဖွားလာပြီဟူသော သတင်း စကားကြားလိုက်ရခါမှ အမယ်အို ကစ္စာနီသည် သားကလေး ငယ်ရွယ်စဉ်က အဖြစ်များကို ပြန်လည်တမ်းတမိ၏။ သားကလေး အခါလည်သား သာသာကပင် သူ၏ဖခင် မျက်ကွယ်ပြုသွားခဲ့ရာ ထိုစဉ်က မိမိမှာ အရွယ်ကောင်းတုန်းဖြစ်၏။ အိမ်ကြီးရခိုင်နှင့် ပစ္စည်းဥစ္စာ အပြည့်အစုံနှင့် ဆိုတော့ မိမိအား လက်ဆက်လိုသူတွေ ရှိခဲ့ကြပါ၏။ သို့ရာတွင် မိမိကတော့ ဘယ်သူ့ကိုမျှ စိတ်မညွတ်ခဲ့ပါ။ လင်ယောကျ်ားကို အားကိုးမည့်အစား သားကလေးကိုသာ အားကိုးတော့မည်ဟု စိတ်နှလုံး တုံးတုံးချကာ အမေတစ်ခု သားတစ်ခု ဘဝဖြင့် နေလာခဲ့၏။

မိခင်ဖြစ်သူ ပင်ပန်းရကျိုး နပ်လောက်အောင် သားကလေး ကလည်း လိမ္မာရှာပါ၏။ လူလားမြောက်သည့် အချိန်မှစ၍ အိမ်မှုကိစ္စအဝဝကို ပခုံးပြောင်း၍ ထမ်းဆောင်ပါ၏။ မိမိကိုလည်း လိုလေသေး မရှိအောင် ကျွေးမွေးပြုစုပါ၏။ ဤသို့ အေးအေး ချမ်းချမ်း နေလာခဲ့သော အသိုက်အမြုံကလေးကို မိမိကပင် ဖျက်ဆီး မိပေတော့သည်။

“ငါ့သားရယ်၊ အခုလို အမေတစ်ခု သားတစ်ခု ဘဝနဲ့နေရတာ အမေ ဝမ်းသာပါတယ်။ ဒါပေမယ့် သားရဲ့နောင်ရေးက ရှိသေးတယ်လေ”

ဤသို့ စကားစလိုက်သည်နှင့် တစ်ပြိုင်နက် သားဖြစ်သူက....

“အမေကလဲဗျာ၊ ဒုက္ခမရှိ ဒုက္ခရှာလို့။ ခုလို နေရတာ နားအေး ပါးအေး ရှိရက်သားနဲ့”

အိမ်ထောင်ပြုရန် စိတ်မပါသဖြင့် ဤသို့သာ ငြင်းပယ်တတ်၏။

သို့ရာတွင် မိမိကတော့ သား၏စကားကို အလေးမထားနိုင်ပါ။ မိဘ ဘိုးဘွားများ လက်ထက်ကစပြီး ဆက်ခံလာခဲ့ရသည့် ပစ္စည်းဥစ္စာများကို သားလက်ထဲအပ်ခဲ့ရရုံနှင့် မကျေနပ်နိုင်သေးပါ။ သား၏အမွေကို နောက်တစ်ဆင့် ဆက်ခံမည့်သူကိုလည်း လိုချင်ပါသေးသည်။ သို့ဖြစ်၍ မိမိတို့အမျိုးအနွယ်ထဲမှ မိန်းမပျိုတစ်ယောက်ကို မိမိဘာသာ စိတ်တိုင်းကျစွာ ရွေးချယ်ကာ သားကို အတင်း နားချ၍ ပေးစား လိုက်ရပါတော့သည်။

သားဖြစ်သူမှာ စိတ်မပါဘဲ လက်ခံလိုက်ရသဖြင့် ချွေးမနှင့် ခပ်တန်းတန်းသာ ဆက်ဆံ၏။ ဖြစ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကာ မလွှဲသာလွန်းခါမှ မပြောချင် ပြောချင်နှင့် ပြောဆိုတတ်ပေသည်။

ချွေးမဖြစ်သူကတော့ အပါးအနပ်ဖြစ်၏။ ခင်ပွန်းသည်က သူ့မိခင်အား ဂရုတစိုက်ပြုစုလုပ်ကျွေးနေသည်ကို အကဲခတ်ကာ သူကလည်းအတူလိုက်၍ ပြုစုလုပ်ကျွေး၏။ဤတွင်မှ သူတို့ချင်း အကျွမ်းတဝင် ပြောဖြစ် ဆိုဖြစ်လာကြ၏။ မိခင်ကြီးအတွက်လည်း မလျှော်ရေး ဖွပ်ရေး၊ နှင်းနှိပ်ပြုစုရေးမှစ၍ မိန်းမသားချင်းဆိုတော့ပို၍အဆင်ပြေလာ၏။ဤတွင်မှ ခင်ပွန်းသည်၏ မျက်နှာသည် ပြုံးပြုံးရွှင်ရွှင် ကြည်လင်လာတော့သည်။ လုပ်ကိုင်၍ ရှာဖွေ၍ ရလာသမျှသော ပစ္စည်းများကိုလည်း ဇနီးသည်ထံ အပ်နှံလာလေတော့သည်။

ဤသည်ကား အိမ်ထောင်တစ်ခု၏ ပုံမှန်ဆက်ဆံရေးသာဖြစ်ပါ၏။ ပုံမှန်ဆက်ဆံရေးကိုသာ အလွဲသုံးစားမပြုခဲ့ပါက မိမိအတွက်အခက်ကြုံလာစရာ မရှိပါချေ။ သို့ဖြစ်၍ ဤဆက်ဆံရေးကို ချွေးမဖြစ်သူက အလွဲသုံးစား မပြုမိပါစေနှင့်ဟူ၍ တဖွဖွဆုတောင်းခဲ့ရ၏။ ဤသို့ဆုတောင်းနေသည့်ကြားကပင် တစ်ခုသောနံနက်ခင်း၌ စိတ်မချမ်းမြေ့စရာပေါ်လာရပေတော့သည်။

နံနက်စောစောစာ အဖြစ်ဖြင့် တစ်အိမ်လုံး ဆန်ပြုတ်သောက်ကြရာတွင် မိမိအတွက် လောလောလတ်လတ်ခပ်ယူ၍ ပူပူလောင်လောင်ကြီး ပေးလာ၏။ မိမိက ခါတိုင်းလို အလေ့ာတော်ထင်မှတ်၍ ဇွန်းနှင့်အပြည့်ခပ်၍ သောက်လိုက်ရာ လျှာတစ်ခုလုံး ပူလောင်သွားတော့သည်။

''သမီးရယ် ဆန်ပြုတ်က သိပ်ပူလွန်းလှတယ်ကွယ်''

ဤသို့ မိမိကရေရွတ်လိုက်သည်နှင့်တစ်ပြိုင်နက် ချွေးမက လက်ကိုင်ရိုးတပ်ထားသော မှုတ်ကြီးနှင့်အပြည့် ရေခပ်လာကာ ဆန်ပြုတ် ပန်းကန်ထဲသို့ ဝေါခနဲ လောင်းထည့်ပေး၏။

ထိုနေ့မှစ၍ ဆန်ပြုတ်သောက်ရ၍အဆင်ပြေသည်ဟု မရှိတော့ချေ။ ပူပြန်တော့ သောက်မရအောင်ပူ၏။ အေးပြန်တော့ အရသာရှာမတွေ့လောက်အောင် အေးစက်နေ၏၊ တစ်ခါတစ်ရံ ဆားငန်လွန်းနေ၏။ တစ်ခါတစ်ရံမှာတော့ ဆားတစ်ပွင့်မျှ မပါချေ။

ဤသည်မှာ မတော်တဆ ဖြစ်လာရခြင်း မဟုတ်ပါ။ ချွေးမဖြစ်သူက ပညာသားပါပါနှင့် တိုက်စစ်ဆင်လာခြင်းသာ ဖြစ်၏။ဤသည်ကို

မိမိကတော့ အလေးအနက်သဘောမထားမိသေး၍ ဆန်ပြုတ်၏အခြေ အနေကို ပြောပြမိရာ၊ "ဒီအမယ်ကြီး သိပ်ဇီဇာကြောင်တယ်။ ကောင်းရာ ကောင်းကြောင်းကျွေးမွေးနေတာကိုပဲ သက်သက်အပြစ်ရှာနေတယ်"ဟု မြည်တွန်တောက်တီးပါတော့သည်။

ဆန်ပြုတ်ကအစပြုလိုက်သော အဆင်မပြေမှုသည် ရေချိုးရာအထိ လိုက်ပါလာ၏။ စောစောတုန်းကတော့ လူကြီးများအတွက် ဥတုသပ္ပာယ မျှတစေရန် ရေနွေးနှင့် ရေအေးကို အလောတော်ရောစပ်၍ ပေးနေကျ ဖြစ်၏။ သည့်နောက်ပိုင်းမှာတော့ အေးစက်နေသော ရေများနှင့်တွေလာ ရ၏။ မိမိကဖျားနာမည်ကြောက်၍ရေအေးမချိုးရဲကြောင်းပြောပြလိုက် ရာတွင် ချွေးမဖြစ်သူက ပွက်ပွက်ဆူနေသော ရေနွေးအိုးကြီးဖြင့် ဗွမ်းခနဲ လောင်း၍ ပေးလိုက်ပါတော့သည်။ အခြေအနေမဟန်တော့သည်အတွက် ရေနွေးစဉ်၍ အပူလောင်သည်ကိုပင် မပြောရဲတော့ပါ။

ဤသို့ မိမိဘက်က အလျှော့ပေးထားလိုက်တော့လည်း အခြေ အနေက ကောင်းမလာခဲ့ပါ။ ချွေးမဖြစ်သူမှာ အခွင့်အရေးရလာသည်နှင့် အမျှ အဘက်ဘက်က ချုပ်ချယ်လာ၏။ ဤအခြေအနေထိအောင်ပင် မိမိ ကတော့ သားကလေးကို ထုတ်မပြောရက်ခဲ့ပါ။ 'ဒီအဖြစ်ဆိုးများကို သာ သားကလေးသိသွားပါက ရင်ထုမနာဖြစ်ရှာတော့မယ်'ဟု တွေးဆ ကာ မိမိဘာသာ ကြိတ်မှိတ်ခံစားလာခဲ့၏။ တစ်နေ့နေ့မှာ သူ့ဘာသာ အသိတရားရပြီး ပြုပြင်သွားပါစေတော့ဟု ဆုတောင်းနေရ၏။

မိမိဆုတောင်းခဲ့သော တစ်နေ့နေ့ရောက်မလာခင်မှာပင် သူ့တစ် ခနေ့က ရောက်လာရပါတော့သည်။

"အမောင်၊ အမောင့်အမေအိုကြီးဟာ အင်မတန်ဇီဇာကြောင် ဘယ်။ မရှိမရှာပြုစုလုပ်ကျွေးနေတာကိုပဲ သယ်သက်အပြမ်ရှာနေတယ်။ ဘစ်အိမ်လုံးလဲ သူ့အညစ်အကြေးတွေနဲ့ ထိုင်စရာမရှိတော့သလောက်ပဲ။ ဒီတော့ အမောင့်အမေအိုကြီးကို တော်ရာပို့မလား။ ဒါမှမဟုတ် ကျွန်မ ကိုပဲ စွန့်လွှတ်မလား။ တစ်ခုခုကိုသာ ဆုံးဖြတ်ပေတော့"

ကြောက်စရာ ကောင်းလှသော ရာဇသံကြီးပါတကား။ ချွေးမ၏ ကားများကြောင့် ခေါင်းနပမ်း ကြီးသွားရသော မိမိမှာ သားဖြစ် သူ၏ စကားကို ကြားလိုက်ရသည်တွင်ကား ကမ္ဘာကြီး တစ်ခုလုံးချာချာ လည်သွားပါတော့၏။

''သူ ပြောတာ ဟုတ်တယ်အမေ။ အမေဟာ ဘယ်သူနဲ့မှ သင့်သင့်မြတ်မြတ် နေတတ်မှာ မဟုတ်တော့ဘူး။ ဒီတော့ ဒီအိမ်ကထွက်ပြီး တော်ရာသာ သွားနေချေတော့ဗျာ''

ကိုးလလွယ်၍ ဆယ်လမှာ ဖွားခဲ့ရသောသား၊ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က ဝါးဖတ်တော် ကစိနှစ်နှင့် လူဖြစ်အောင် မွေးမြူလာရသောသား၊ မိမိဘဝ ရှေ့ရေးတစ်ခုလုံးကို ပုံအပ်ထားခဲ့ရသောသား၊ သည်သားထံက သည်စကားမျိုး ကြားလိုက်ရပြီဆိုမှတော့ ငိုရှိုကလွဲပြီး ဘာတတ်နိုင်တော့ မည်နည်း။

သို့ဖြစ်၍ မိမိမှာ သားနှင့် ချွေးမတို့ကို ကျောခိုင်းပြီး ခြေဦးတည့်ရာ ထွက်လာခဲ့ရပါတော့သည်။ ကံအားလျော်စွာပင် သနားကြင်နာတတ်သော သူကြွယ်တစ်ဦးက အိမ်တွင်း အလုပ်ကလေးများ လုပ်ကိုင်ခွင့် ပေးထားသဖြင့် ကျောတစ်နေရာစာနှင့် ဝမ်းတစ်ထွာဖူလုံခဲ့ရပါပေသည်။

အိမ်ကြီးရှင် အဖြစ်မှ အိမ်စေ ကျွန် ဘဝသို့ လျှောကျ လာခဲ့ရာ အစတုန်းကတော့ တော်တော်ကြီး အခက်ကြုံရ၏။ နောက်ပိုင်းမှာတော့ ကျရာဘဝမှာ နေတတ်လာပါပြီ။ ယခုတော့ အိမ်စေကျွန် လုပ်သက်ပင် တစ်နှစ်ပြည့်လာခဲ့ပါပြီ။ ဤအချိန်ကျခါမှ မခံမရပ်နိုင်သော ကိစ္စတစ်ခုက ပေါ်ပေါက်လာသဖြင့် ဤသုသာန်ထဲ လှမ်းလာခဲ့ရခြင်း ဖြစ်ပါသည်။

စိတ်ထွေထွေနှင့် တွေးရင်းဆွေးရင်း ချက်ထားသော ထမင်းများလည်း ကျက်ပါပြီ၊ နှမ်းထောင်းများလည်း ညက်လှပါပြီ။ ဤလှူဖွယ်ပစ္စည်းများကို အလှူခံမည့် ပုဂ္ဂိုလ်သာ လိုပါတော့သည်။

ဤလို လူသူအရောက်အပေါက် နည်းသော ဤလို စက်ဆုပ်ရွံရှာ ကြောက်ဖွယ်ရာ ကောင်းလှသော သုသာန်ကြီးထဲသို့ ဘယ်က အလှူခံ ပုဂ္ဂိုလ်များ ပေါ်လာပါမည်နည်း။ ပေါ်လာဖို့ အရေး ဝေးကွာလှကြောင်း အမယ်အိုကြီး ကစွာနီ ကောင်းကောင်းသိပါသည်။ သို့သော် အခြားတစ်ဖက်ကလည်း တစ်နည်းနည်း တစ်ဖုံဖုံနှင့် တစ်စုံတစ်ယောက် ရောက်လာရလိမ့်မည်ဟု မျှော်လင့်ချက်ကလေး ရှိနေပေသည်။

မျှော်လင့်ထားခဲ့သည့်အတိုင်း မကြာမီမှာပင် ခရီးသည်ပုဏ္ဏားကြီး တစ်ယောက်သည် သုသာန်ထဲသို့ ဝင်လာခဲ့၏။ သူ၏ ရုပ်ရည်လက္ခဏာ သပ်ရပ် ခံ့ညားလှသည်နှင့် အမျှ သူ့မျက်နှာကလည်း ကြည်လင်လှ၏။ ဤလို အလှူခံပုဂ္ဂိုလ်ကြီးက မိမိထံမှောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်

လာခဲ့သဖြင့် အမယ်ကြီး ကစ္စာနီက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုလိုက်ရပေသည်။

ခရီးသည် ပုဏ္ဏားကြီး ကလည်း အမယ်အိုကြီးထံ ချဉ်း ကပ်လာကာ....

''အို.... အမေ၊ သုသာန်မှာ ဘယ်သူမှ ထမင်းချက်လေ့ မရှိကြပါဘူး။ အခု အမေကတော့ သုသာန်ထဲမှာ လာပြီးတော့ ထမင်းချက်နေတယ်။ နှမ်းများကိုလဲ ကြိတ်ထားတယ်။ ဒါတွေကို ဘာအတွက် ရည်စူးပြီး ချက်ပြုတ်ထားရပါသလဲ''

ဤသို့ ကရုဏာသက်လှသော အသံဖြင့် မေးမြန်းလိုက်လေရာ ဤအကြောင်းကို ပြောလိုစိတ် စောနေသော အမယ်အိုကြီး ကစ္စာနီက....

''အရှင်ပုဏ္ဏားကြီး၊ ဒီလောကမှာ လူတစ်ယောက်သေဆုံးသွားတဲ့အခါ ကျန်ရှိတဲ့ မိသားစုများက ဆွမ်း သွတ် ကြရ ပါတယ်။ အခုလဲ ဒီလောက လူ့ဘောင်မှာ တရားသေသွားပါပြီ။ ဒါကြောင့် သေဆုံးသွားတဲ့ တရားကို ရည်စူးပြီးတော့ ဆွမ်းသွတ်ဖို့ ပြင်ဆင်ထားတာပါ။ အလှူခံပုဂ္ဂိုလ် မျှော်နေတုန်းမှာ အရှင် ပုဏ္ဏားကြီး ရောက်လာတာနဲ့ အတော်ပါပဲ''

''နေပါဦး အမေရယ်၊ အမေ့စကားက သိပ်ပြီး ထူးဆန်းလှပါတယ်။ ဒီလူ့ဘောင်လောကမှာ တရားသေသွားပြီဆိုတာ ဘာကြောင့် ပြောနိုင်ပါသလဲ''

''အရှင်ပုဏ္ဏားကြီး၊ ကောက်ကျစ်ယုတ်မာတဲ့သူတွေက ချမ်းသာနေမှတော့ တရားသေသွားလို့သာ ဖြစ်ရမှာပေါ့။ ကျွန်မရဲ့ ချွေးမဟာ ကျွန်မအိမ်မှာ ရှိတုန်းက ကိုယ်ဝန်မရခဲ့ပါဘူး။ သူ့ပယောဂနဲ့ ကျွန်မ ထွက်လာခဲ့တဲ့အခါမှ ကိုယ်ဝန် ရခဲ့ပါတယ်။ အခါနီတန်တော့ သားယောကျ်ားကလေး ဖွားမြင်ခဲ့ပါတယ်။

''အဲဒါကို အကြောင်းပြုပြီးတော့ သူက အရပ်ထဲ လှည့်ပြီးတော့ ဂုဏ်ဖော်နေပါတယ်။ အရင်တုန်းက အိမ်မှာ သူယုတ်မာမကြီး ရှိနေတဲ့ အတွက် သူ့မှာကိုယ်ဝန်မရပါဘူးတဲ့။ သူယုတ်မာမကြီးကို နှင်ထုတ်လိုက်ခါမှ သားရတနာကလေး ရလာပါသတဲ့။ အမှန်တကယ် ယုတ်မာတာက သူပါ။ အခုတော့ ယုတ်မာတဲ့သူက အိမ်ကြီးရှင် ဖြစ်နေပါပြီ။ ကျွန်မမှာသာ သူတို့က နှင်ထုတ်လိုက်တဲ့ အတွက် အခြေအနေမဲ့ ဖြစ်ရပါတယ်။ ဒါကြောင့်လဲ တရားသေပြီလို့ ခိုင်ခိုင်မြဲမြဲ ယုံကြည်ထားပါတယ်''

''ဒီလို မဟုတ်သေးပါဘူး အမေ။ တကယ်တော့ဖြင့် လူ့ဘောင် လောကမှာ တရားက မသေသေးပါဘူး။ ဒါကြောင့် တရားသေပြီဆိုပြီး သွတ်တဲ့ဆွမ်းကို အလှူခံဖို့ မလိုသေးပါဘူး။ မကြာခင်မှာပဲ တရားမသေ သေးတဲ့အကြောင်း ကောင်းကောင်းကြီး သိရပါလိမ့်မယ်''

ဤသို့ ပြောဆို၍ ပုဏ္ဏားကြီး ထွက်ခွာသွားလေရာ တော်တော် လေး ကွာလှမ်းသွားလျှင်ပင် မြင်ကွင်းထဲက ပျောက်ကွယ်သွား၏။

ပုဏ္ဏားကြီး ပြောထားခဲ့သည့်အတိုင်း မကြာမီမှာပင် သားရော ချွေးမပါ မြေးကလေးကို ချီလျက် ရောက်လာကြ၏။ အမေအိုကြီး၏ ခြေကို ဦးခိုက်ကာ ကျူးလွန်မိသမျှ အပြစ်များကို ဝန်ချတောင်းပန် ကြ၏။ မတောင်းပန်ခင်ကပင် စိတ်ပြေချင်သလို ဖြစ်နေသော ဘွားဘွား ကြီး ကစ္စာနီမှာ သူတို့ စကားမဆုံးမီကပင် မြေးကလေးကို လှမ်းယူ၍ ပွေ့ချီလိုက်ပေပြီ။

သားနှင့် ချွေးမတို့၏ ဖေးမခေါ်ယူခြင်းကို ခံယူ၍ ကြည်ဖြူစွာ လိုက်ပါလာခဲ့သော အမယ်အိုကြီး ကစ္စာနီသည် 'စောစောက တွေ့ခဲ့ ရသော ပုဏ္ဏားကြီးမှာ သာမန်ပုဂ္ဂိုလ် မဟုတ်နိုင်။ အထက်နတ်ပြည်က သိကြားမင်းကြီးကိုယ်တိုင် ရောက်လာခြင်းသာ ဖြစ်ပေမည်'ဟု တစ်လမ်း လုံး တွေးတော၍ လာခဲ့လေသည်။

**(အင္ဂုတ္တရနိပါတ် ကစ္စာနီဇာတ်)**

**ကစ္စာနီဇာတ်၊ အင္ဂုတ္တရနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| သားနှင့်ချွေးမ | = | ယိုသူများ။ |
| ပုဏ္ဏားယောင်ဆောင်သော သိကြားမင်း | = | မြတ်စွာဘုရား။ |

# မိဘကျေးဇူး မြင်းမိုရ်ဦး

ညီနှင့် အစ်ကို

ပင်ယံထက်မှ သိပ်သည်းသော အရွက်များ။

ထက်ဝန်းကျင်မှ တသွင်သွင် တိုက်ခတ်သော လေပြည်လေညင်း။

မြစိမ်းမြေစာ ကမ္ဗလာခင်းထားသည့် မြေအပြင်။

သည်ညောင်ညိုရိပ်ရောက်ခါမှ ပူသမျှ လောင်သမျှ သက်သာခွင့် ရတော့သည်။ သည်ညောင်ညိုရိပ်ရောက်ခါမှ မောသမျှ ပန်းသမျှ ချမ်းသာခွင့် ရတော့သည်။

အတန်ငယ်အပန်းဖြေပြီးနောက် ဇယဒ္ဒိသမင်းသည် လာလမ်းသို့ လှမ်းမျှော်ကြည့်လိုက်၏။ စစ်သည်ဗိုလ်ပါ တစ်စုံတစ်ယောက်မျှ လိုက်လာသည် မမြင်။ ခုနေခါ သူတို့သာ ရောက်လာလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ ကိုယ်တိုင်ကိုယ်ကျ လိုက်လံပစ်ခတ်၍ရသော ဂျီ(ချေ)ကိုပြကာ ဒင်းတို့ကစ်တွေ ပျက်ရယ်ပြုလေသမျှ လှလှကြီး လက်စား ချေနိုင်ပြီ မဟုတ်ပါလား။

ဝါသနာအလျောက် တောလည်ထွက်ခဲ့ရာတွင် စစ်သည်ဗိုလ်ပါများနှင့်အတူ သည်အကောင်ကို ဝိုင်းမိကြ၏။ လျင်မြန် ဖျတ်လတ်ပြီး

ပါးနပ်လှန်းလှသော သတ္တဝါမို့ ပိုမိုဂရုစိုက်ရ၏။ ''သည်အကောင် မလွတ်စေရ၊ လွတ်လျှင် လွတ်သူ့တာဝန်။ တာဝန်မကျေသည့်အမှုထမ်း သေလမ်းသာသွားရမည်'' ဤအမိန့်တော်ကြီး ထုတ်ထားသပြင့် အထူး ကြောင့်ကြစိုက်ကာ ကိုယ့်တာဝန်ကို ကိုယ်လုံအောင်စောင့်ကြ၏။ သို့ ဖြစ်၍ စစ်သည်ဗိုလ်ပါတို့ဘက်က ပြေးမထွက်နိုင်အောင် လုံခြုံမှုရှိပါ၏။ ထွက်မည့်ထွက်တော့ မင်းကြီးတာက။

သက်ဦးဆံပိုင် ဘုရင်တစ်ပါးမို့ ထင်ထင်ပေါ်ပေါ်တော့ မပြောင် မလှောင်ဝံ့ကြပါ။ သို့သော် ကွယ်ရာမှာတီးတိုးတီးတိုးလုပ်ကြမှာကတော့ သေချာသည်။ ရိုသေကျိုးနွံသောဟန်ပန်ကို ဆောင်ထားသည့်ကြားကပင် သင်းတို့မျက်နှာက စပ်ဖြီးဖြီးဖြစ်လာကြ၏။ ကိုယ့်အမိန့်အာဏာကို ကိုယ့် ဘာသာချိုးဖျက်ရာရောက်နေသဖြင့် မည်သူ့ကိုမှ အပြစ်မတင်နိုင်။ ယခု တော့ မိမိကို လှောင်စရာဖြစ်အောင် ပြုခဲ့သည့်တရားခံကို အမိဖမ်းခဲ့ပြီ။ အမြင်ကပ်ကပ်နှင့် သင်းကို နှစ်ပိုင်းဖြတ်၍ ထမ်းလာခဲ့ပြီ။ စစ်သည်ဗိုလ်ပါ အစုံအလင်ရှေ့မှာပြပြီး ဂုဏ်ဖော်ရသေးတာပေါ့။

အမောအပန်းပြေပြီဖြစ်၍ ဇာယဒိသမင်းသည် မြက်စိမ်းကမ္မလာမှ ထလိုက်၏။ နှစ်ပိုင်းဖြတ်ထားသော ဂျီကောင်ကိုကောက်၍ ထမ်းလိုက်၏။ ထို့နောက် နေပြောက်မထိုးအောင်ထီးမိုး၍ထားသော ညောင်ညိုရိပ်ကို ကျောခိုင်းကာ ထွက်လိုက်သည်တွင်ကား....

''ဟေ့--အသင်လူသား၊ ထွက်မသွားနဲ့။ နင် ငါ့အစာဖြစ်နေပြီ''

သူ့နောက်ပါးမှ အသံဆိုးကြီးကို ရုတ်တရက် ကြားလိုက်ရ၏။ အသံဆိုးကြီးကြောင့် ကျောချမ်းသွားခဲ့သော ဇာယဒိသမင်းသည် အသံ ရှင်ကို မြင်ရသည်တွင်ကား တဆတ်ဆတ်တုန်ရလေတော့သည်။ အပြေး လျင်လှသော ဂျီကိုရအောင် လိုက်နိုင်ပါလျက် အသံရှင်လက်ကတော့ လွတ်အောင်မပြေးနိုင်တော့ပြီ တကား။

ဒူးတဆတ်ဆတ်တုန်အောင် ကြောက်စိတ်မွှန်နေရင်းက ဇာယဒိသ မင်းသည် ကိုယ့်ကိုယ်ကိုအားတင်း၍ ယူလိုက်ရ၏။ သူ့လက်ကလွတ်အောင် ပြေး၍ မရနိုင်တော့တာတူတူ သူ့အခြေအနေကို အကဲခတ်ရမည်။ ဤသို့ အကဲခတ်လိုက်ပါမှ ပို၍ပင် အခက်ကြုံသွားတော့သည်။

အသံရှင်၏အသွင်အပြင်က တစ်ဖက်သားကို သနားကြင်နာမည့်ပုံ နည်းနည်းမျှမရှိ။ သူ့ခန္ဓာကိုယ်ကြီးတစ်ခုလုံးဝယ် အမွေးမည်းမည်းကြီး များဖုံးလွှမ်းလျက်ရှိ၏။ သူ့လက်ကြီးနှစ်ဘက်မှာ တုက်ခိုင်သန်မာလှန်းလှ

၏။ ကျောက်ခဲကိုကောက်၍ ဆုပ်လျှင်ပင် မှုန့်မှုန့်ညက်ညက်ကြေလောက်ပေသည်။ သူ့ပါးစပ်ကြီးကိုဟလိုက်တိုင်း သွားစွယ်ကြီးများကကြောက်ပါးလိလိ။ မိမိကို အရှင်လတ်လတ် ကိုက်ဝါး၍ မစားရမီကပင် သွားရည်တောက်တောက် ယိုနေပေပြီ။ ဩော်—ဘီလူးဆိုတာ ဒါမျိုးပါကလား။

''ဟား ဟား ဟား— ငါ အစာမစားရတာ ခုနစ်ရက်တိတိရှိခဲ့ပြီ။ ခြေထောက်မှာ ညှော်ငုတ်စူးထားလို့ ဘာအစာမှမရှာနိုင်ဘူး။ သူ့အသွေး သူ့အသားမစားရလို့ အနာကတော့ သူ့ဟာသူ ကျက်သွားပါရဲ့။ ဒါပေမယ့် ငါ့ဗိုက်ကဆာလွန်းလှသကွယ်။ ကဲ - အစားခံဖို့သာပြင်ပေတော့''

ဘီလူကြီးက ဗလုံးဗထွေးပြောဆိုရင်း တစ်လှမ်းချင်း လျှောက်လာ၏။ ဘီလူးကြီးအနားကပ်လာသည်နှင့်အမျှ သူ့ပါးစပ်ကြီးမှ အနံ့အသက်များက ဆိုးဆိုးဝါးဝါးနံစော်လာကြ၏။

သည်အနံ့အသက်များမှာဟိုယခင်က စားသောက်ခဲ့လေသမျှ လူ့အသား လူ့အသွေးများကြောင့် ဖြစ်ပေသည်။ သည်ညောင်ပင်မှာ မှီခိုနေရင်း လာလာသမျှ ခရီးသွားလူသားများကို ဖမ်း၍စားခဲ့တာကြာလှပြီ။ လွန်ခဲ့သည့် ခုနစ်ရက်ကတော့ ပုဏ္ဏားဝဝကြီးတစ်ယောက် သည်ခရီးကလှည်းစီးလာ၏။ သူ့နောက်မှာ ငွေပေး၍ခေါ်လာဟန်ရှိသော အစောင့်အရှောက်များကလည်း ပါလာ၏။ သည် အစောင့်တွေလောက်တော့ ဘာအရေးလုပ်မလဲ။ ဘီလူးသည် ညာသံပေးလျက် တအားပြေး၍ ဖမ်းလိုက်ရာ အစောင့်အရှောက်တွေ အကုန်ပြေးကုန်ကြရ၏။ တကြော်ကြော်အော်နေသောပုဏ္ဏားကြီးကို ကျောပေါ်ပိုးကာ ဘီလူးသည် သူ့ရိပ်သာညောင်ညိုပင်သို့ ပြေးခဲ့၏။ ပြေးရင်းလွှားရင်း ခြေထောက်မှာ ညှော်ငုတ်ထိုးမိ၍ ပုဏ္ဏားကြီးကို လွှတ်ပေးလိုက်ရသည်။ သည်ကတည်းက အစာမစားရတာ ယနေ့အထိ။ ဆာတုန်းမွတ်တုန်း တောင့်တတုန်းမှာမှ လူကောင် လှလှစားရပေတော့မည်။

''ကျွန်တော့်ကိုလွှတ်ပါဘီလူကြီး။ ကျွန်တော့်ဆီမှာ ဂါထာတစ်ကောင်ပါလာပါတယ်။ ကျွန်တော့်အသားလိုပဲ ဒီဂါထာကလဲ အရသာရှိပါလိမ့်မယ်''

ဇယဒိသမင်းက ရလိုရငြား လမ်းလွှဲ၍ ကြည့်ပါသေး၏။ သို့သော်ဘီလူးက သူ့ထက်ပါးနပ်နေတော့ ခက်လှသည်။

''ဟုတ်မှဟုတ်ပလေ အသင်လူသားရယ်။ ငါ့လက်ထဲရောက်နေတဲ့ ကြားကပဲ ငါ့ကိုစော်ကားချင်သေးတယ်။ သင်တစ်ယောက်လုံး လက်ဝယ်ပိုင်နေမှတော့ ဂျီကောင်ကကော ဘယ်သူ့ဟာ ဖြစ်ဦးမလဲ။ ငါ့ပစ္စည်းနဲ့ ငါ့ကိုပြန်ပြီး လာဘ်ထိုးတော့ကော ဘာအကျိုးရှိမလဲ။ အေး မင်းပြောတဲ့အတိုင်း ဒီဂျီသားကို ငါအခု စားမယ်။ စားပြီးလို့ ငါ့ဗိုက်ကြီး တစ်ခါ ထပ်ဆာမှ နင့်ကိုစားမယ်။ ကဲ—ဘာများပြောချင်သေးသတုန်း''

''ကျွန်ုပ်တစ်ဦးတည်းအတွက်ဖြင့်ဘာမှပြောစရာမရှိတော့ပါဘူး ဘီလူးကြီး။ တစ်သက်မှာ တစ်ခါသေရမယ့် သဘောကို နှလုံးပိုက်ပြီး သားပါ။ သို့ပေမယ့်လို့ ကျွန်ုပ်မှာ ကိုယ့်တစ်ဦးတည်းအတွက် အသက်ရှင်နေရတာမဟုတ်ပါဘူး။ နန္ဒပုဏ္ဏားအပေါ် ထားခဲ့တဲ့ ကတိစကားကို ကာယကံမြောက် ဆောင်ရွက်ပေးဖို့လဲ ရှိပါသေးတယ်။

''ရွှေနန်းတော်မှခ်ဦးက တောလိုက်ဖို့ထွက်အလာမှာ နန္ဒပုဏ္ဏားနဲ့ တွေ့ရပါတယ်။ နန္ဒပုဏ္ဏားက 'အောင်ဇေယျတု၊ အရှင်မင်းကြီး' လို့ပုဏ္ဏားတို့ ထုံးစံအတိုင်း အောင်ဆုပေးပါတယ်။ အောင်ဆုပေးပြီး တစ်ပုဒ်တစ်ပုဒ်မှာ အသပြာတစ်ထောင်စီ ထိုက်တန်တဲ့ ဂါထာလေးပုဒ် ဆက်သရန် ပါခဲ့ကြောင်း လျှောက်တင်ခဲ့ပါတယ်။

''နန္ဒပုဏ္ဏားဟာ တက္ကသိုလ်ပြည်က လာခဲ့တာပါ။ ဒါလောက်တောင် ဝေးလှတဲ့ ခရီးက တကူးတကန့် လာခဲ့တာဟာ နှယ်နှယ်ရရ စေတနာမဟုတ်ပါဘူး။ နန္ဒပုဏ္ဏားနဲ့ ကျွန်ုပ်တို့ဟာလဲ ပညာသင်ဖက်များ ဖြစ်ကြလေတော့ သူ့ပညာစွမ်းကို လေးစားရတာနဲ့ အမျှ သူ့အကျင့်သီလကိုလဲ မြတ်နိုးရပါတယ်။ ဒါကြောင့် နန္ဒပုဏ္ဏားလို ပုဂ္ဂိုလ်မျိုးကို အသပြာ လေးထောင် ပူဇော်ဖို့ ဝန်လေးစရာ မရှိပါဘူး။ သို့ပေမယ့် ကျွန်ုပ်မှာ တောလည်ထွက်ဖို့ဆဲဆဲပါ။ ဒါကြောင့်မို့ ဂါထာလေးပုဒ်ကို နက်ဖြန်မှကြားနာပြီး အသပြာလေးထောင် ပူဇော်ပါ့မယ်လို့ ပန်ကြားခဲ့ရပါတယ်။ အသင် ဘီလူးကြီးက ခွင့်ပြုမယ်ဆိုရင်တော့ နန္ဒပုဏ္ဏားဆီ သွားပြီး ပူဇော်ချင်ပါတယ်။ ပူဇော်ပြီးလို့ နောက်တစ်နေ့ ရောက်တာနဲ့ အသင်ဘီလူးကြီးထံ အစားခံဖို့ပြန်လာပါ့မယ်''

ကိုယ့်ကိုယ်ကို သေစာရင်း သွင်းထားပြီးဘော့လည်း ပြောစရာရှိသမျှ ဇွဲ့စွေ့ငှငှ ပြောနိုင်လာပေသည်။ ဂျီသားကို တကြွပ်ကြွပ်ဝါးရင်း ဘီလူးကလည်း ဇယဒိသမင်း ပြောလေသမျှကို နားစိုက်နေ၏။ ဇယဒိသမင်းကို ခြေဆုံးခေါင်းဆုံး အကဲခတ်နေ၏။

''အင်း– သင့်လူပုံပန်းကြည့်ရုံနဲ့ပဲ အထက်တန်းစားထဲက ဖြစ်မှန်း သိသာပါရဲ့။ သင်ပြောတဲ့ အကြောင်းကလဲ ခိုင်လုံပါပေရဲ့။ အခုလောလော ဆယ် အစာဝနေတုန်းဆိုတော့ ငါ့မှာလဲ စိတ်ကောင်းလေးဝင်လာတယ်။ ဒီတော့ ကိုယ့်ကတိ ကိုယ်လေးစားလို့ရှိရင် သွားပေါ့လေ။ နက်ဖြန်ခါ ဆာချိန်ရောက်တော့သာ ပြန်လာဖို့မမေ့နဲ့နော်''

''မမေ့ပါဘူး အသင်ဘီလူး။ စိတ်ချလက်ချသာ နေပါ''

ဘီလူးကို ကတိပေးကာ ဇယဒီသမင်း ညောင်ညိုရိပ်မှ လှမ်းထွက် လာခဲ့၏။

''ဩော် –ဩော်–နေဦး အသင်လူသား ခဏနေဦး''

ခြေလှမ်း ဆယ်လှမ်း မပြည့်သေးမီ ဘီလူးက တားလိုက်သဖြင့် အသာရပ်၍ နေရ၏။ ဘီလူးကြီးကအနားရောက်အောင်လှမ်းလာကာ....

''ကဲ မသွားခင် ပြောခဲ့စမ်းပါဦး။ အသင့်စကားအရ တိုင်းပြည် အုပ်ချုပ်မင်းလုပ်နေမှန်းတော့ သိရပါပြီ။ ဘယ်တိုင်းက ဘယ်မြို့တော်မှာ နန်းစံတဲ့အကြောင်း သိချင်ပါသေးတယ်''

''ဩော်–ဟုတ်ပါရဲ့လေ။ ကျွန်ုပ်ဟာ ကပိလတိုင်းက ပဥ္စာလမြို့ မှာ နန်းစံပါတယ်၊ ဇယဒီသမင်းလို့ ခေါ်ပါတယ်''

''ဩော်....လက်စသတ်တော့ ပဥ္စာလမြို့ကကိုး''

တရွေ့ရွေ့လှမ်း၍ သွားလေသော ဇယဒီသမင်းကို ကြည့်ကာ ဘီလူးသည် ''ပဥ္စာလ ပဥ္စာလ''ဟုရေရွတ်၍နေခဲ့၏။ ငယ်စဉ်တောင်ကျေး ကလေးဘဝက ကြားဖူးနားဝရှိခဲ့သည့် နာမည်ထဲမှာ လွမ်းစရာတစ်ခုခု ပါနေသလိုလို။ တကယ်တော့ဖြင့် ပဥ္စာလဆိုသော မြို့တော်ကြီးမှာ သူ၏ ချက်မြှုပ်ရာ ဌာနပင် မဟုတ်ပါလား''

## သားနှင့် အမိ

ယခု လောလောဆယ် လူသားစားသည့် တောသား ဘီလူးကြီး ဖြစ်နေရသော်လည်း မွေးဖွားစဉ်တုန်းကတော့ ပဥ္စာလမြို့တော်ထဲက ရွှေ နန်းဆောင်မှာဖြစ်၏။ သူ့အစ်ကိုနှစ်ပါး မွေးဖွားစဉ်က ဘီလူးမကြီး လာ၍စားသလို သူ့အလှည့် ကျတော့လည်း အချိန်မီရောက်လာ၏။ က လေးငယ် နီတာထွေးကို မိခင်လက်ကအတင်းဆွဲ၍ ယူလိုက်၏။ မယ်တော် ဖြစ်သူ အော်ဟစ်သဖြင့် အစောင့်အကြပ်များ ဝိုင်းလာကြပါ၏။ သူတို့က

ဘီလူးမကိုမမြင်။ မယ်တော် မိဖုရားကသာ မြင်သဖြင့် ဘီလူးမနန်းတော်ဆောင်ထဲက ထွက်ပြေးနိုင်ခဲ့၏။ သို့သော် တံခါးဝမှာ အစောင့်အကြပ်တွေ ကြားလပ်မရှိအောင် စောင့်ကြပ်နေကြ၍ မြို့ပြင်ဘက်ထိ ထွက်မသွားနိုင်ပါ။ သားကလေးကို ရင်မှာပိုက်လျက် ရေမြောင်ပေါက်ထဲတွင်သာ အသာပုန်း၍ နေရ၏။ ဤအချိန်မှာပင် ကလေးငယ် အသက်ချမ်းသာဖို့ ကြုံလာရတော့သည်။

ရင်ခွင်မှာ ပိုက်ထားစဉ် ကလေးငယ်က မိခင်အမှတ်ဖြင့် ဘီလူးမဆီမှာ နို့စို့လိုက်၏။ ဤတွင် ဘီလူးမကလည်း သား သမီးသံယောဇဉ်ဖြစ်လာကာ မစားရက်တော့ဘဲ သားအဖြစ် မွေးစားရတော့၏။ သားအမိ နှစ်ယောက် အစောင့်များလစ်လပ်ချိန်၌ အသာထွက်ကာ သုသာန်မြေသို့ လာခဲ့၏။ သုသာန်မြေက ကျောက်လိုဏ်ဂူတစ်ခုဝယ် သား အမိနှစ်ယောက်နေကြ၏။

သားကလေးစားနိုင်သောက်နိုင်ဖြစ်လာသောအရွယ်တွင်ဘီလူးမသည် သုသာန်မှလူသားများယူ၍ကျွေး၏။ သားငယ်ကလည်း ဘီလူးမကိုပင် အမေမှတ်ကာ အမေရှာကျွေးသမျှ နှစ်ခြိုက်စွာစားလာခဲ့၏။ သူ့ကိုယ်သူလည်း လူသားစားသည့် တောသား ဘီလူးတစ်ကောင်ဟု အသိအမှတ် ပြုလာခဲ့၏။

သို့နှင့် သားငယ်ဘဝမှ ဘီလူးကြီးဘဝ ရောက်လာချိန်တွင် မိခင်ဘီလူးမမှာ ဝေဿဝဏ် နတ်မင်းကြီးထံ အမှုထမ်းလှည့် ကျရောက်လာ၏။ သားဖြစ်သူကို မခွဲခွာချင်သော်လည်း တန်ခိုးရှိန်စော် ကြီးမားလှသော ဝေဿဝဏ် နတ်မင်းကြီးကို သူ မတော်လှန်ဝံ့ပေ။ သူလို ဘီလူးစင်စစ် မဟုတ်သဖြင့် သားကလေးကိုလည်း တစ်ပါတည်း ခေါ်မသွားနိုင်။ သို့နှင့် သားကို အစစအရာရာ သတိထားနေရစ်ဖို့ မှာကြားပြီး အမှုထမ်းထွက်သွားရတော့သည်။

မိခင်ကြီး ထွက်သွားခါစက ဘီလူးမှာ အားငယ်သလို ဖြစ်မိ၏။ ကြာတော့လည်း မေ့မေ့ပျောက်ပျောက် ဖြစ်လာပေသည်။ တောတကာ အုံတကာလျှောက်လည်ကာ အစာဆာလျှင်သုသာန်မြေမှာ လူသေကောင်တွေကအရန်သင့်။

ဘီလူးအစစ်တို့မှာ သူတို့ တန်ခိုးဖြင့် ကိုယ်ရောင်ဖျောက်၍ နေနိုင်ကြ၏။ လူက ဖြစ်သော ထို ဘီလူးမှာကား ကိုယ်ပိုင်တန်ခိုး မရှိပေ။ သူများလို ကိုယ်ရောင်ဖျောက်နိုင်ရန် မိခင်က ဆေးမြစ်တစ်ခု ဆွဲပေးထား

ရ၏။ ပြေးရင်းလွှားရင်းနှင့် သည့်ဆေးမြစ် ပြုတ်ကျခဲ့သည့်နောက်ဝယ် ဘီလူးမှာ ကိုယ်ကောင်ထင်းလင်းနှင့် နေရတော့၏။ ကိုယ်ကောင်ထင်း လင်းနှင့်ပင် သုသာန်မှ လူသေကောင်များကို စားနေရ၏။ ထို့ကြောင့် တောထဲမှာ ထင်းရှာလာသူများက သူ့ကို တွေ့သွားကြလေတော့သည်။

ရက်များမကြာမီ သူ့နေရာ သုသာန်မြေကို လူအုပ်ကြီး လာ၍ ဝိုင်းတော့၏။ လက်နက်မျိုးစုံ ·ပစ်ခတ်ကာ ညာသံပေး၍ ရှေ့တိုးလာကြ၏။ ဒါလောက်များသော လူစုလူဝေးကို မမြင်စဖူးသော ဘီလူးမှာ မပြေးသာ မရှောင်သာ ပိတ်မိနေ၏။ ကြာလျှင် သူတို့လက်ထဲမှာ အသက် ပါရပေတော့မည်။ နောက်ဆုံးမထူးတော့ဟုဆိုကာ ဇွတ်မှိတ်၍အတိုးတွင် ဘီလူး ဟူသော အရှိန်ကြောင့် လမ်းဖယ် ပေးပြီး သား ဖြစ်ကြ၏။ ထို့ကြောင့် ထိုနေရာမှ အလွတ်ထွက်ကာ လူစုလူဝေး ကြီးကြီးမားမား မရှိရာ သည့်တောအုပ်သို့ ရောက်လာရခြင်း ဖြစ်လေသည်။

## သားနှင့်အဖ

ဘီလူးထံ ခွင့်ပန်၍ ပြန်လာခဲ့သော ဇယဒိသ မင်းအား စစ်သည် ဗိုလ်ပါတို့က အသင့်ကြိုဆိုလျက် ရှိကြ၏။ မင်းတစ်ပါးတည်း တောကျွံ သွားစဉ်က တောတကာ တောင်တကာ နှံ့စပ်အောင် ရှာကြပါသေး၏။ နောက်ဆုံး ခြေရာခံ၍မရတော့မှ မူရင်းဌာနမှာ တပ်စွဲကာ နေကြရ၏။ မူရင်းဌာနမှာ နေကြသဖြင့် မင်းနှင့်အလွယ်တကူ ပြန်လည်ပေါင်းဆုံမိကြ လေသည်။

စစ်သည်ဗိုလ်ပါ ခြံရံလျက် ဇယဒိသမင်းသည် ရွှေနန်းတော် ပြန် ရောက်လာ၏။ ဟိုယခင် အချိန်များတုန်းက ယခုလို ပြန်လာချိန်တွင် ဇယဒိသမင်းမှာ အင်မတန်မှ နှုတ်ရွှင်လှ၏။ နန်းတော်ဝမှ ဆီးကြိုလာကြ သော သားတော်သမီးတော်များအား ဖက်လဲတကင်းနှုတ်ဆက်တတ်၏။ ယနေ့မှာတော့ သူ့နှုတ်မှာ ပြောစရာစကားမရှိသလောက်။ ခါတိုင်းလို မှတ်၍ ဝမ်းပန်းတသာ ပြေးလာကြသော သားတော် သမီးတော်များ မှာလည်း ကြောင်အမ်းအမ်း ဖြစ်သွားကြရ၏။ ဩော်.... သူတို့ ခမျာ အကြောင်းရင်းမှန် မသိရှာသေးပါကလား။

မိမိအသက်ကို မငဲ့ကွက်တော့ပြီဟု ပိုင်းဖြတ်လာခဲ့သော ဇယဒိသ မင်းသည် သားတော် သမီးတော် များကို မြင်ရချိန်တွင်မူ နောက်ဆံ တငင်ငင်ဖြစ်လာရ၏။ သို့သော် မင်းမှာသစ္စာလူမှာကတိဟုဆိုရိုးရှိခဲ့သည်

မဟုတ်ပါလား။ တိုင်းသား ပြည်သူ လူတို့ အချင်းချင်း ကတိစကား ထားကြရသလို ပြည့်ရှင်မင်း တို့မှာတော့ ထို့တက်ပို၍ လေးစားထိုက်သဖြင့် သစ္စာအမည်တွင်လာသည်။ သည်သစ္စာကို အပျက်မခံနိုင်။ မိမိပြုခဲ့သောသစ္စာကို မိမိကိုယ်တိုင်က လေးစားရပါလိမ့်မည်။

သားတော် သမီးတော်များ မျက်နှာကြောင့် ယိမ်းမလို ယိုင်မလို ဖြစ်လာခဲ့သော သစ္စာမဏ္ဍိုင်ကို မြဲမြဲခိုင်ခိုင်စိုက်ထူကာ ဇေယျဒိသမင်းသည် ဣန္ဒြေမပျက် နန်းတော်တွင်းသို့ ဝင်လာခဲ့၏။ မိဖုရားကြီးနှင့်တကွ နန်းတွင်းသူ နန်းတွင်းသားတို့ ဦးခိုက်ကန်တော့ခြင်းကို ခံယူ၏။ ထို့နောက် နန္ဒပုဏ္ဏားထံမှ တရားဓမ္မနှင့် စပ်သော ဂါထာလေးပုဒ်ကို ရိုသေစွာနာကြားကြလေသည်။

ဂါထာတစ်ပုဒ်လျှင် အသပြာ တစ်ထောင်ကျ တရားပူဇော်ကာ နန္ဒပုဏ္ဏားကို သူ့တိုင်းပြည်အရောက် ပို့ဆောင်ရန် အမိန့်ချမှတ်လိုက်၏။ နောက်နေ့ ညီလာခံချိန် အရောက်တွင် ဇေယျဒိသမင်းသည် ဣန္ဒြေမပျက် ရာဇပလ္လင်သို့တက်လာ၏။ ယနေ့ ညီလာခံတွင် အရေးအကြီး ဆုံးသော ကိစ္စတစ်ခုကို ဆောင်ရွက်ရတော့မည်။

"သားတော်မောင် အလီနသတ္တု"

"မှန်လှပါဘုရား။ သားတော် အရန်သင့် ရှိနေပါတယ်"

အလီနသတ္တု မင်းသားက ခမည်းတော် ဘုရား၏ နှုတ်ခွန်းသံကို ရိုသေစွာပြန်ကြားလိုက်၏။ ရွှေနန်းတော် ဝင်လာစဉ် ကတည်းက ထူးခြားသော မျက်နှာတော်ကြောင့် သည်ကနေ့အဖို့ ထူးခြားသော အမိန့်တော် တစ်ခုခု နာကြားရတော့မည်ဟု မျှော်လင့်ထားပေသည်။

"ငါ့ သားတော်မှာလဲ ချိန်တန်ရွယ်ရောက် လူလားမြောက်လို့ လာခဲ့ပြီ။ တိုင်းပြည်အုပ်ချုပ် ဘုရင်မင်းတို့ရဲ့လုပ်ငန်းတွေကိုလဲ အိမ်ရှေ့မင်းသားအဖြစ်နဲ့ သားတော်မှာ အတွေ့အကြုံ ရှိလာခဲ့ပြီ။ ဒါ့ကြောင့် ဒီကနေ့ကစပြီး သားတော်မောင်ကခမည်းတော်နေရာ ဆက်ခံပေတော့။ ဒီညီလာခံကစပြီး သားတော်ကို ထီးနန်းစည်းစိမ် လွှဲအပ်လိုက်ပြီ"

ခမည်းတော်မိန့်ကြားချက်အဆုံးတွင် တစ်နန်းတော်လုံး 'ဟာ' ခနဲ ဖြစ်သွားကြရ၏။ ဤသို့ ထီးနန်း လွှဲအပ်သည့် အခမ်းအနားမှာ အရွယ်ကောင်းသေးသည့် မင်းတို့နှင့်မဆိုင်။ တိုင်းပြည်အုပ်ချုပ် ဘုရင်မင်းတို့၏ လုပ်ငန်းကို ကိုယ်တိုင်ကိုယ်ကျ မလုပ်နိုင်စွမ်းတော့သော မင်းအိုကြီးများ

နှင့်သာသက်ဆိုင်သည်။ ထိုမင်းအိုကြီးများကိုယ်တိုင်ကာပင်ရက်ပေါင်းများစွာ လပေါင်းများစွာ စဉ်းစားနိုင်းချိန်ပြီးမှ လွှဲအပ်ရမြဲဖြစ်၏။ ယခုတော့ ဆိုင်းသံမကြား ဗုံသံမကြား ဗြုန်းစားကြီး လွှဲလိုက်ချေပြီ။

''သားတော်မှာ ဘယ်လိုအပြစ်များ ရှိနေလို့ပါလဲ ခမည်းတော်ဘုရား။ ခမည်းတော်မနှစ်သက်တဲ့ ပြစ်ချက်များရှိနေရင်လဲ ရှိသလို ဒဏ်ခတ်တော်မူပါ''

အလီနသတ္တုမင်းသားက မျက်ရည်စက်လက်ဖြင့် လျှောက်လိုက်၏။ သူ့အဖို့ ကျောတစ်ရာ ရင်တစ်ရာ ဒဏ်ခတ်ခံရတာက တော်ဦးမည်။ အရွယ်ကောင်းကောင်း ရှိနေသေးသည့် ခမည်းတော်ဆီက ဤကဲ့သို့သော စကားမျိုးကို မကြားချင်ပါ။ ခမည်းတော်ဘက်က ချီးမြှောက်ချင်သည့် စေတနာပါနိုင်သော်လည်း သားတော်အနေနှင့် ရင်နင့်စရာဖြစ်ရပါသည်။

''မဟုတ်ဘူးသားတော်အလီနသတ္တု။ သားတော်မှာဘာအပြစ်မှ မရှိပါဘူး။ ကာယကံကျူးလွန်မှုလဲမရှိဘူး။ ဝစီကံကျူးလွန်မှုလဲ မရှိဘူး။ မနောကံကျူးလွန်မှုလဲ မရှိဘူး။ ဒီတော့ ဘာပြစ်ဒဏ်မှ ခတ်စရာမရှိဘူး။ အခုထီးနန်းလွှဲအပ်တာဟာလဲ သားတော်ကို မနှစ်သက်တဲ့ပြစ်ချက် ရှိနေလို့ မဟုတ်ပါဘူး''

စိတ်မသက်မသာဖြစ်သွားရသော သားတော်ကို ခမည်းတော်က ဖေးဖေးမမ မိန့်ဟလိုက်ရ၏။ သည်တော့မှ အလီနသတ္တုမင်းသား နေသာထိုင်သာ ရှိလာကာ....

''ဒါဖြင့် ခမည်းတော်ဘုရား ခုလိုမမျှော်လင့်ဘဲနဲ့ ထီးတော် နန်းတော်လွှဲအပ်ရာမှာ ဘယ်လိုအကြောင်းများ ရှိနေပါသလဲ''

''အကြောင်းကတော့တခြားမဟုတ်ဘူးသားတော်။ ခမည်းတော်ဘုရားတောကစားထွက်သွားစဉ်ကလူသားစားတဲ့တောသားဘီလူးကြီးနဲ့တိုးခဲ့တယ်။ ခမည်းတော်ကိုယ်တိုင် သူ့လက်တွင်း သက်ဆင်းခဲ့ရတယ်။ ခမည်းတော်ဘုရားဆီကရိုသားကိုစားပြီးအစာဆာတော့ခမည်းတော်ကို စားမယ်ပေါ့။ အဲဒီလိုရှိအနေမှာ နန္ဒပုဏ္ဏားဆီ ထားခဲ့တဲ့ ကတိစကားကြောင့် ဘီလူးထံခွင့်ပန်ပြီး ပြန်လာခဲ့ရတယ်။ ဒီတော့ ဒီကပိုလတိုင်းကြီးတစ်ခုလုံးကို ခမည်းတော်ပိုင်ပေမယ့် ခမည်းတော်ကိုတော့ ဘီလူးကပိုင်စိုးနေပြီ။ သူပိုင်ပစ္စည်းဖြစ်နေတဲ့ ခမည်းတော်ဟာ ပစ္စည်းရှင်ဆီအရောက်ပြန်သွားရလိမ့်မယ်''

အကြောင်းမှန်မသိရခင်က အလီနသတ္တု မင်းသားတစ်ပါးသာဝိုရသည်။ အကြောင်းမှန် သိရချိန်မှာကား တစ်နန်းတော်လုံး အုန်းအုန်းကျွက်ကျွက်ငိုကြွေရတော့သည်။ ငိုလေသမျှ သူတို့မျက်ရည်သည် မြဲမြဲခိုင်ခိုင် စိုက်ထူထားပြီးသော သစ္စာမဏ္ဍိုင်ကိုတော့ယိမ်းယိုင်အောင်မစွမ်းဆောင်နိုင်ကြပါ။

''ကိုယ့်ကို မတရားသဖြင့် ဖမ်းခဲ့တဲ့ဘီလူးကို တပ်တောင်တာဗိုလ်ထုန့်သွားပြီး နှိမ်နင်းလို့ကော မဖြစ်ပေဘူးလား ဘုရား''

မျက်ရည်အားနှင့် တားဆီး၍ မရနိုင်သည်တွင် မင်းတို့၏ မာန်မာနကို နှိုးဆွ၍ ပေးလိုက်ရ၏။ သူ့ခမည်းတော်ဆီမှာ မာန်မာနအစွယ်မရှိတော့တာ သူမသိရှာပေ။

''မတရားသဖြင့် ဖမ်းဆီးတာကတော့ မှန်တာပေါ့ သားတော်။ သို့သော်လဲ ခမည်းတော်ကိုယ်တိုင်က တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေရတာလဲ သတိထားဦးမှပေါ့။ ပြည့်ရှင်မင်းတို့ အစဉ်အလာမှာ အသက်နဲ့ခန္ဓာသာ အဆုံးခံရမယ်။ ထားရှိခဲ့တဲ့ ကတိသစ္စာကို ဖောက်ဖျက်ရိုး မရှိကြဘူး''

''ဒါဖြင့် ခမည်းတော်ဘုရား။ ခမည်းတော်ကိုယ်စား သားတော်သွားပြီး အစားခံလို့ကော မဖြစ်ပေဘူးလား''

''မဖြစ်ဘူးသားတော်၊ မဖြစ်ဘူး''

သားတော်၏တင်လျှောက်ချက်ကို ခမည်းတော်က အလေသတကြီးပယ်ချလိုက်ရ၏။

''ဘာဖြစ်လို့မဖြစ်ရတာပါလဲခမည်းတော်ဘုရား။ ဘီလူးက သားတော်ဆိုရင် မစားဘူးဆိုလို့လား''

အလီနသတ္တု မင်းသားကတော့ ခမည်းတော်ချမ်းသာရေးမို့ ဇွတ်တိုးလျှောက်ရ၏။

''ဘီလူးပါဆိုမှ ဘယ်သူလာလာ စားမှာပဲပေါ့သားတော်ရယ်။ အဲသလို စားမှာကို မြင်လို့ပဲ မဖြစ်ဘူး ပြောတာပေါ့။ ငယ်ငယ်ရွယ်ရွယ် နုနယ်သေးတဲ့သားတော်ကို ဘီလူးစားဖို့ လွှတ်ရမှာနဲ့စာရင် ခမည်းတော်ကိုယ်တိုင် အစားခံရတာက အများကြီး သက်သာပါသေးတယ်''

''ဒါက မိဘရဲ့ အနန္တမေတ္တာပါပဲခမည်းတော်။ သို့သော်လဲ မိဘတို့ဘေးဒဏ်ကိုသားကဝင်မခံဘူးဆိုတော့လဲ သားကောင်းသမီးကောင်းစာရင်းမဝင်နိုင်ပါဘူး။ သားသမီးကို သားကောင်းသမီးကောင်းစာရင်း

မဝင်အောင် ဘားဆီးကြရင်လဲ မိဘတို့မှာ တာဝန်မကင်း ရှိကြရပြန်ပါ တယ်။ ဒါကြောင့် သားတော်ကို သားကောင်းစာရင်းဝင်နိုင်ဖို့ ခွင့်ပြု ကော်မူပါဘုရား”

ဇယဒိသမင်း အဖမ်းခံလိုက်ရပြန်ပေပြီ။ တောထဲက ညောင်ညိုရိပ် မှာ ဘီလူးက နိုင့်ထက်ကလူ ဖမ်းဆီးခြင်းခံခဲ့ရ၏။ ယခု သားတော်က စကားနှင့် ဖမ်းလိုက်ပြန်ပြီ။ မတရားသဖြင့် ဖမ်းခဲ့စဉ်က မရုန်းမထွက် နိုင် သလို တရားသဖြင့် ဖမ်းလာသောစကားတို့မှလည်း ရုန်းထွက်ရန် မစွမ်း နိုင်တော့ပါ။ သားတော်ကိုဘီလူးထံသွားခွင့်မပြုလျှင်သားတော်အညွန့်ကို ချိုးပစ်ရာရောက်ပေတော့မည်။ ဘီလူးထံမလွှတ်လျှင် သားတော်ခမျာ ရှင် လျက်နှင့် သေရာရောက်တော့မည်။ ဘီလူးဆီသွားတာကမှ သားတော်၏ နှုတ်စွမ်းနှုတ်စဖြင့် လွတ်လမ်းကျွတ်လမ်း ရှိသေးသည်။ အခြေအနေ အရပ် ရပ်ကို ထောက်ဆကာ ခမည်းတော်ကိုယ်စား သားတော်သွားဖို့ ခွင့်ပြုရ လေတော့သည်။

ထိုနေ့ထိုရက်ကား ရွှေနန်းတော်တစ်ခုလုံး ငိုပြီးရင်း ငိုရသော နေ့ရက်ပင် ဖြစ်တော့သည်။ စောစောက ခမည်းတော်အတွက် ငိုကြ ရသည်။ ယခုသားတော်အတွက် ငိုကြရပြန်ပြီ။ မိမိအလှည့်တုန်းက စိတ် ခိုင်ခိုင်ထားခဲ့သော ဇယဒိသမင်းမှာပင် မျက်ရည်မတိန်းနိုင်တော့ပြီ။

“မိဘကျေးဇူး အထူးသိတတ်တဲ့ သားတော်။ သားတော်ဟာ ဘေးကင်းရန်ကင်း နန်းမြို့တွင်းသို့ ပြန်လာနိုင်ပါစေ။ လူသားစားတဲ့ တောသားဘီလူးကို တရားပြလို့ နားချနိုင်ပါစေ”

ဘီလူးထံသွားခါနီး ဦးချကန်တော့နေသော သားတော်အား ခမည်းတော်က ငိုတစ်ဝက် ရှိုက်တစ်ဝက် ဆုပေးရ၏။

“အမိအဘကို ပြုစုလုပ်ကျွေးတဲ့ ရာမမင်းဟာ ဒဏ္ဍကီမင်းတို့ တိုင်း နိုင်ငံ ကုမ္ဘဝတီမြို့ကို သွားရဖူးပါတယ်။ လမ်းခရီးတစ်လျှောက် ပေါ် ပေါက်လာတဲ့ အန္တရာယ်များကို မိခင်ရဲ့မေတ္တာရေကြောင့် တွန်းလှန် ကာ ဆီးလို့ လာနိုင်ခဲ့ပါတယ်။ ဒီလိုမှန်ကန်တဲ့သစ္စာစကားကြောင့် အမေ့သား တော်လေး ဘေးရန်ကင်းကွာ ပြန်လာနိုင်ပါစေ”

မယ်တော် မိဖုရားကြီးကလည်း သားတော်အတွက် ဆုတောင်း စကား ဆိုရ၏။

“တစ်အူထုံ့ဆင်း မောင်ရင်းအပေါ်မှာ ကျွန်တော်မ မေတ္တာ အစဉ်ထာဝရ ရှိခဲ့ပါတယ်။ မောင်တော့်မျက်မှောက်မှာ ချစ်ကြောက် ရိုသေစွာ ဆက်ဆံခဲ့သလို မျက်ကွယ်မှာလဲ အလေး ဂရုပြုခဲ့ပါတယ်။

ဒီသစ္စာစကားကြောင့် မောင်တော်နန်းလျာ ကျန်းမာစွာ ပြန်လာနိုင်ပါစေ''

'ကျမသက်လျာ အရှင်မင်းသားဟာ အခြားမိန်းမများကို စိတ်ဖြင့်ပင် မပြစ်မှားဖူးပါ။ ကျမကိုသာ အစဉ်ထာဝရ လေးမြတ်ချစ်ခင်စွာ ပေါင်းသင်းခဲ့ပါတယ်။ ဒီသစ္စာစကားကြောင့် ချစ်လင်နန်းလျာဥပရာဇာ ချမ်းသာစွာ ပြန်လာနိုင်ပါစေ''

နှမတော်မင်းသမီးနှင့် ကြင်ယာတော်တို့ကလည်း အသီးသီးဆုတောင်းစကား ဆိုကြလေသည်။

မယ်တော် ခမည်းတော်များကို ရှိခိုးကာ ငယ်ရွယ်သူများကို အားပေးစကားပြောကြားပြီးအလီနသတ္တုမင်းသားသည်နန်းမြို့တော်မှ ထွက်ခွာခဲ့၏။ သို့တွင် ခွာရာတွင် နောက်ကြောင်းကိုပြန်၍မျှ မကြည့်။ မည္ဘာရက်စက် နှိပ်စက်သတ်ဖြတ်မည့် ဘီလူးရှိရာသို့ တန်းတန်းမတ်မတ် သွား၍နေချေပြီ။ မကြောက်မရွံ့ နောက်မတွန့်သော သူ့စိတ်ဓာတ်သည် သူ့နာမည်နှင့် လိုက်ဖက်လှပေသည်တကား။

## ဦးရိုးနှင့်တူ

နောက်တစ်နေ့လင်းသည်နှင့်ဘီလူးသည် အူတကြုတ်ကြုတ်ဖြစ်၍ နေ၏။ မနေ့က အစာဝဝနှင့် သဘောကောင်း မနောကောင်းကလေး ဝင်ခဲ့မိသည်ကို ယနေ့ဝမ်းဟာလာခါမှ ပြန်၍ နောင်တရနေ၏။ ကိုယ့်ရှေ့မှောက်မှာ စားကောင်းသောက်ဖွယ် ရောက်လာပြီးမှ လက်လွှတ်ခံရမည်လားဟု ကိုယ့်ကိုယ်ကို အပြစ်တင်နေမိ၏။

သူ့ဗိုက်ထဲက ဆာလာချိန်မှာ အစားခံမည့်သူ မရောက်လာသေးသဖြင့်ဘီလူးမှာ ရပ်တည်ရာမရဖြစ်နေ၏။ ကတိစကားထားခဲ့သည့်အတိုင်း ဇယဒိသမင်း ရောက်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ကလည်းရှိနေ၍ အခြားတစ်ပါး တွေ့ကရာတိရစ္ဆာန်ကို မစားလို။ သွေးစိမ်းရှင်ရှင်နှင့် လူသားကို စားချင်စိတ်ပြင်းပြနေပေသည်။ စိတ်ဆန္ဒများက စေ့ဆော်နေသည့်အတိုင်း ဘီလူးသည် ညောင်ပင်ထိပ်ဖျား တက်ကြည့်လိုက်၊ စိတ်ပျက်ပျက်နှင့် အောက်ပြန်ဆင်းလိုက်၊ တစ်နံနက်လုံး ယောက်ယက်ခတ်၍ နေသည်။ နေထန်းတစ်ဖျားအရောက် တစ်ခေါက်တက်လာတော့မှ သူ့မျက်နှာကြီး ပြုံးရောင်သမ်း၍ လာတော့သည်။

''ဩ—လက်စသတ်တော့ အဖွဲ့ကိုယ်စား သားကအစားခံဖို့လာတာသကိုး။ ဘာပဲဖြစ်ဖြစ်လေ၊ ငါ့အဖို့ကတော့ အစာဟာ အစာပါပဲ။ လူကြီးကိုယ်စား ငယ်ရွယ်သူလေးရောက်လာတော့ ပိုပြီးအန္တရာယ်ကင်းတာပေါ့။ ပိုပြီးတော့စားလို့ဆိမ့်မှာပေါ့''

ဘီလူးသည် သွားရည် တမျှားမျှားနှင့် ညောင်ပင်ပေါ်မှ ဆင်းလာ၏။ လာလမ်းဘက်ကိုကျောပေးကာခုံခုံကြီး ထိုင်စောင့်နေလိုက်၏။

''ခမည်းတော်ကိုယ်စား ကျွန်တော် ရောက်လာပါတယ် ဘီလူးကြီး။ ကျွန်တော်ဟာ ပဉ္စာလမြို့က ဇယဒိသ မင်းကြီးရဲ့ သားတော်ဖြစ်ပါတယ်''

ဘီလူးရှေ့မှောက် အရောက်သွားကာ အလီနသတ္တု မင်းသားက လေသံမှန်မှန်နှင့်ပြောလိုက်၏။ ဘီလူးသည် တည်ငြိမ်စွာ ရပ်လျက်ရှိသော မင်းသားကို မခိုးမခန့် ကြည့်လိုက်ကာ....

''မင့်ရုပ်သွင် မြင်တာနဲ့ပဲ ဇယဒိသမင်းရဲ့သား ဆိုတာ ငါသိပါတယ်။ နေစမ်းပါဦး ရွှေမင်းသားရဲ့။ မင်းရုပ်ရည်လေး ကြည့်ရတာ နုနုနယ်နယ်။ လူကောင်က ထွားပေမယ့် အသားအရေကတော့ မကြမ်းတမ်းပါကလား။ ဒီရုပ်ဒီရည်နဲ့ ဒီတောထဲ ရောက်လာရင် ပြန်လမ်းမရှိတော့ဘူး ဆိုတာမှ မသိလေရော့သလား''

''လူ့သွေးသောက်စုပ်၊ လူ့နှကြမ်းကြုတ်တဲ့ ဘီလူးကြီး ဆိုတာ ခမည်းတော်ပြောပြလို့ သိထားပါတယ်။ အသင်ဘီလူးကြီး စားချင်သလို အစားခံဖို့ ရောက်လာပါတယ်''

လူသားစားသည့်ဘီလူးက အစားထက် စကားကိုမက်နေသဖြင့် အစားခံရမည့်သူက အစဖော်၍ပေးလိုက်ရ၏။ ခါတိုင်းလူများကိုဆိုလျှင် စကားလက်ဆုံကျဖို့ နေနေသာသာ လက်လှမ်းမီသည်နှင့် တစ်ပိုင်နက်ဂုပ်ဆက်ကျိုးပြီးပြီ။ယခုသည်မင်းသားလေးမျက်နှာမြင်ရခါမှစားဖို့ထက် စကား ပြောချင်စိတ်များက ရှေ့တန်းသို့ ရောက် လာ ကြပေသည်။

''မင်းတို့ လူ့ပြည်မှာ မိဘများ ချမ်းသာရေးအတွက် သားသမီးများကကိုယ့်အသက်စတေးခံရတယ်ဆိုတာငါ့အတွက်တော့ တော်တော်ပဲ ထူးဆန်းနေတယ်။ ဘယ်ကိစ္စတွေ ခက်ပါတယ်ပြောပြော သူများအတွက် ကိုယ့်အသက် စွန့်ရတာကိုတော့ မမီနိုင်ပါဘူး''

''မှန်ပါတယ် ဘီလူးကြီး။ သက်ရှိသတ္တဝါမှန်သမျှ ကိုယ့်အသက် ကိုယ် နှမြောကြစတမ်းပါ။ ဒါပေမယ့် သက် ရှိ သ တ္တ ဝါ တွေ ထဲ မှာ

လူဆိုတာ အဆင့်အတန်း အမြင့်ဆုံးပါ။ အဲသလို အဆင့်အတန်းမြင့်နေရတာလဲ တခြားကြောင့်တော့ မဟုတ်ပါဘူး။ ကိုယ့်အသက်ထက် ပိုပြီးတော့ မြတ်နိုးစရာ ရှိနေကြလို့ပါ''

လာစဉ်တုန်းကတော့ ဘီလူးရွှေမှောက် ရောက်သည်နှင့် မိမိ၏ ဘဝဇာတ်သိမ်းပြီဟု သတ်မှတ်ခဲ့၏။ ယခု ဇာတ်သိမ်းပေးမည့် ဘီလူးက လက်နှေးနေလေတော့ ပြောသင့်ရာ ပြောလိုက်ရပေသည်။ မင်းသား၏ စကားကြောင့် ဘီလူး၏ ကိုယ်လုံးကြီး လှုပ်ယမ်းသွားကာ....

''ကိုယ့်အသက်ထက်ပိုပြီး မြတ်နိုးစရာတဲ့။ ဟုတ်ရဲ့လားဟဲ့ ရွှေမင်းသားရဲ့''

''ဟုတ်ပါတယ် ဘီလူးကြီး။ ကိုယ့်အသက်ထက် မြတ်နိုးစရာ ရှိနေလို့လဲ လူဟာလူနဲ့ တူနေတာပါပဲ''

တအံ့တသြရှိလှသော ဘီလူး၏မေးခွန်းကို အလီနသတ္တုမင်းသားက လေအေးနှင့်ပင် ဖြေလိုက်၏။

''အေးကွယ်၊ မင်းစကား ကြားရခါမှပဲ စားချင်စိတ်တွေ ဘယ်ရောက်ကုန်ပါလိမ့်။ နေပါအုံး၊ လူတွေမှာ ကိုယ့်အသက်ထက်ပိုပြီးမြတ်နိုးအပ်တာကကော ဘာတွေတုန်း''

''ကျေးဇူးရှင် မိဘနှစ်ပါးပါပဲ ဘီလူးကြီး။ မိဘနှစ်ပါး ကျေးဇူးကြောင့် ဒီကမ္ဘာလောကကြီးနဲ့ ဆုံစည်းရတယ်။ မိဘနှစ်ပါးတို့ဟာ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်က လူဖြစ်အောင် ကျွေးမွေးလာခဲ့ကြတယ်။ မှက် ခြင် ယင်မှ မသန်းရအောင် ပြုစုစောင့်ရှောက်လာခဲ့ကြတယ်။ မကောင်းတဲ့ ဓလေ့စရိုက်တွေ အဝင်မခံဘဲ လူတော်လူကောင်း ဖြစ်လာအောင် ဆုံးမသွန်သင်ပေးကြပါတယ်။ သားသမီးတွေ ကြီးပွားရေး ချမ်းသာရေးအတွက် မိဘများမှာ အဘက်ဘက်က အနစ်နာခံကြရတယ်။ ဒီလို ကျေးဇူးဂုဏ် အနန္တ ကြီးမားလှတဲ့ မိဘများ ကျေးဇူးကို ကျေအောင်ဆပ်နိုင်ဖို့ မလွယ်ပါဘူး ဘီလူးကြီး''

''မိဘကျေးဇူး ဆပ်တာကလဲ ဒီတစ်လမ်းပဲ ရှိလေရော့သလား''

''မဟုတ်ပါဘူးဘီလူးကြီး။ ကျွေးတုံ့ကျွေးလှည့်၊ မွေးတုံ့မွေးလှည့် ပြုစုတာ စလို့ ကျေးဇူးဆပ်စရာတွေ မြောက်မြားစွာ ရှိပါတယ်။ အခု ကျွန်တော်တို့ ကိစ္စကတော့ ထူးခြားလှတဲ့ အခြေအနေ အရပါ''

''အင်း ဟုတ်သလေ၊ ထူးခြားတဲ့ အခြေအနေကတော့ အမှန်ပဲ။ အရိုးနဲ့အသားနဲ့ တခြားစီ ဖြစ်အောင်ကို ထူးခြားမယ့် အခြေအနေပဲ''

ဘီလူးက မင်းသားကို အကဲခတ်ရင်း ရွှေနားတိုးလာ၏။ မင်းသားသည် နေရာမရွှေ့ဘဲ ဘီလူး၏ မျက်လုံးများကိုသာ စူးစူးစိုက်စိုက် ကြည့်နေ၏။ မင်းသား၏ စူးရှသောအကြည့်ဒဏ်ကြောင့် ဘီလူးရွှေ့မတိုးနိုင်အောင် ဖြစ်သွားရ၏။

''အသက်ကလေး ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီအခြေအနေရောက်ရမှာ မကြောက်ဘူးလားဟင်''

ကိုယ့်စိတ်ကိုယ် တင်းပေးသော သဘောဖြင့် ဘီလူးက စကားဆက်၍ ပေးလိုက်၏။

''သူများကို မတရားသက်သက်နှိပ်စက်လို့ ကိုယ်က ပြန်ပြီးခံရမယ်ဆိုရင်တော့ ကြောက်ပါတယ်။ ခုကိစ္စမှာတော့ ဘယ်သူ့ကိုမှ ထိခိုက်စရာမရှိတဲ့အတွက် ကြောက်စရာမရှိပါဘူး။ အသင်ဘီလူးကြီး မသတ်ရက်ဘဲရှိနေရင်လဲ ကျွန်တော်ကိုယ်တိုင် ညောင်ပင်ထိပ်ဖျားကခုန်ချပေးပါမယ်။ ကြိုက်သလိုသာ ပြောပါတော့ ဘီလူးကြီး''

''ဟယ်လဲခက်လှပါကလား ကရို''

သူ့ကို ပစားချင်တော့လို စကားဖောင်ဖွဲ့နေခါမှ စားဖို့ရန် တိုက်တွန်းနေတော့သည်။ ဒီကလေး သူ့တိုင်းပြည်ပြန်ပြေးအောင် ဘယ်လိုများလုပ်ရပါ့။ အခုနေမှာတော့ လက်တစ်လှမ်းအတွင်းမို့ ပြေးဝံ့မည်မဟုတ်။ တစ်နေရာရာလွှတ်ပြီး အသာကြည့်နေမှ တော်ရော့မည်။

''ကဲ—မင်းသားက ဒါလောက်တောင် စားချေင်မှတော့ စားရတာပေါ့။ဒီအတိုင်းစားတော့ သွားနာလှ သကွယ်။တောထဲက သစ်ကိုင်းခြောက်တွေ မီးဖိုချေပါဦး။ မီးကျီး ကောင်းကောင်းမှာ ဖုတ်စားတာပေါ့''

''ကောင်းပါပြီ၊ ဘီလူးကြီး သဘောကျတဲ့အတိုင်း ဆောင်ရွက်ပေးပါ့မယ်''

ရသမျှ သစ်ကိုင်းခြောက်များကို စုဏာ မီးရှို့ပေးလိုက်သည်နှင့် မီးပုံကြီး ဖြစ်လာလေသည်။

''ကဲ-မီးပုံတော့ရပြီ ဘီလူးကြီး။ ဘီလူးကြီးကပဲ မီးထဲပစ်ထည့်ပေးမလား။ ကျွန်တော်ကိုယ်တိုင်ပဲ ခုန်ဆင်းပေးရမလား''

''ဩ-မင်းခုထက်ထိ ပြန်မပြေးသေး ဘဲကိုး''

ပြန်ပြေးနိုင်အောင် အခွင့်အရေးပေးပါလျက် သေမင်းထံပြန်လာသော မင်းသားအား ဘီလူးက တအံ့တဩ မေးလိုက်၏။

''ဘယ့်နှယ် ပြန်ပြေးနိုင်ပါမလဲ ဦးရီးတော်ဘုရား။ မသေကောင်း မပျောက်ကောင်း တွေ့ရတဲ့ အခိုက် အားရအောင် စကားပြောချင်ပါသေးတယ်''

''ဟဲ့- မင်းက ငါ့ကိုဘယ့်နှယ်လုပ်ပြီး ဆွေမျိုး စပ်နေရတာလဲ။ လူနဲ့ဘီလူးနဲ့ ဆွေမျိုးစပ်ရသလား ဟဲ့''

သည်မင်းသားနှင့် တွေ့ခါမှ ဘီလူးမှာ အထူး အဆန်း တွေချည့်ကြားနေရ၏။ ဘီလူးအတွက် ဆန်းနေသော်လည်း မင်းသား ကတော့ အဖြစ်မှန်ကို ရိပ်မိနေပါပြီ။

''ဟုတ်ပါတယ် ဦးရီးတော်။ လူနဲ့ဘီလူးနဲ့ ဆွေမျိုးစပ်လို့မရနိုင်ပါဘူး။ သို့သော်လဲ ဦးရီးတော်ဟာ ဘီလူးအစစ် မဟုတ်ပါဘူး။ ဦးရီးတော် ပြန်စဉ်းစားရင် ပေါ်ပါလိမ့်မယ်။ ငယ်စဉ်တောင်ကျေး ကလေးဘဝက ဘီလူးမတစ်ကောင်က ဦးရီးတော်ကို ဖမ်းသွားပါတယ်။ ဦးရီးတော်ရဲ့ အစ်ကိုကြီး မင်းသားနှစ်ပါးကိုတော့ လက်ထဲရောက်ရောက်ချင်း စားပစ်လိုက်ပါတယ်။ ဦးရီးတော်ကိုတော့ ဘဝရေစက်ကြောင့်ဘီလူးမက သားအဖြစ်နဲ့မွေးစားခဲ့ပါတယ်။ နောက်မင်းသားတစ်ပါးကတော့ဘီလူးမလက်က လုံးလုံးလွတ်ပါတယ်။ သူဟာ ကျွန်တော့်ခမည်းတော် ဇယဒိသမင်းကြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ဟာ တူဝရီးအစစ်ပါ ဦးရီးတော်''

''အေးကွယ်၊ နောက်ကြောင်းတွေ တွေးကြည့်တော့ ခပ်ရေးရေးပေါ်လာသား။ ဒါပေမယ့် မင်းစကားတော့ ယုံရမှာခက်ခက်ပဲ။ ဒီတော့ ဒီလိုလုပ်ကွာ။ တောစပ်မှာ တရားကျင့်သုံးနေတဲ့ ရသေ့ကြီးရှိတယ်။ ဒီရသေ့ကြီးကဒိဗ္ဗစက္ခုရထားတဲ့ပုဂ္ဂိုလ်ကြီး။ မင်းပြောတာမှန်ရင် ရသေ့ကြီးကလဲ ထောက်ခံချက် ပေးမှာပေါ့''

''ကောင်းပါပြီ ဦးရီးတော်။ ရှေ့ကသာလမ်းပြပါတော့''

တဖြေးဖြေး တောက်လျှောက်နေသော မီးပုံကြီးကို ကျောခိုင်းကာ တူဝရီးနှစ်ယောက် ခရီးထွက်ခဲ့ကြလေသည်။

## ဆရာ နှင့် တပည့်

အလီနသတ္တုမင်းသား ရွှေနန်းတော် အပြန်တွင် ခြိမ့်ခြိမ့်အုန်းမျှ ကြိုဆိုကြ၏။ ထို့ထက် သားအဖနှစ်ယောက်လုံး ပြန်ထွက်လာသည်တွင်ကား သာ၍ပင်အုန်းအုန်းကျွက်ကျွက် ရှိပြန်လေသည်။ မှူးကြီးမတ်ရာ သေနာပတိအစုံအလင်ဖြင့် နေခင်တော်ဘုရားဆီ အရောက်သွားကာ ထီးနန်းစည်းစိမ် လွှဲအပ်ပေးရပေမည်။ မိဘအရိုက်အရာ သားအကြီးဆုံးက ခံယူထိုက်သည် မဟုတ်ပါလား။

''သည်းခံကြ ငါ့ညီတို့၊ ငါ့တူတို့''

လွှဲအပ်လာသောထီးနန်းစည်းစိမ်ကိုနောင်တော်ကြီးကလက်မခံ။ သူတို့ ရောက်လာချိန်မှာ ဘီလူးအသွင်မဟုတ်တော့ဘဲ ရသေ့ကြီးတစ်ပါး ဖြစ်၍နေပေပြီ။ ရသေ့ကြီးကဈာန်သိဒ္ဓိကျာရှိရှိနှင့်ဆက်၍အမိန့်ရှိလေသည်။

''ဆရာသမားဆီ ချဉ်းကပ်ရမှန်း မသိခင်က မပြုထိုက်တဲ့ ဒုစရိုက်တွေ မြောက်မြားစွာပြုခဲ့မိပြီ။ အခုဆရာသမားကျေးဇူးကြောင့် ဒီဒုစရိုက်တွေကို စွန့်နိုင်ပါပြီ။ တစ်သက်တာအတွင်းမှာ ဘဝနှစ်ခု နေလာခဲ့ရတော့ လူ့ဘုံလောကကြီးကို ငြီးငွေ့လှပါပြီ။ ဒီတော့ ဒီတောအရပ်မှာပဲ ဆရာရသေ့ကြီးနဲ့အတူ အေးအေး လူလူ နေပါရစေတော့''

နောင်တော်ကြီးကို ထီးနန်း စည်းစိမ် လွှဲအပ်၍ မရတော့သဖြင့် ညီတော်၊ တူတော် ဆွေမျိုးတော်တို့က ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားကာ တိုင်းတော် ပြည်တော် ပြန်လာကြရလေသတည်း။

(တိံသနိပါတ်၊ ဇယဒ္ဒိသဇာတ်)

## ဇယဒ္ဒိသဇာတ်၊ တိံသနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ရသေ့ကြီး | = | အရှင်မဟာသာရိပုတ္တရာ။ |
| လူဘီလူး | = | အရှင်အင်္ဂုလိမာလ။ |
| ညီမတော် | = | ဥပ္ပလဝဏ္ဏာထေရီ။ |
| မိဖုရားကြီး | = | ယသော်ဓရာ။ |
| အလီနသတ္တုမင်းသား | = | မြတ်စွာဘုရား။ |

## ကြွေးသစ် ကြွေးဟောင်းနှင့် ရွှေအိုးကြီးများ

မဂဓတိုင်း၏ ထီးနန်းစိုက်ရာဖြစ်သော ရာဇဂြိုဟ်မြို့တော်၏ အရှေ့မြောက်အရပ်တွင် သာလိန္ဒိယမည်သော ရွာကြီးရှိ၏။ ထိုရွာမှ ကောသိယဂေါတ္တပုဏ္ဏားကြီး၏လယ်မြေများသည်ရွာ၏အရှေ့မြောက်အရပ်များမှာ ရှိနေကြ၏။ ကျယ်ဝန်းလှစွာသော လယ်မြေများကို ပယ်ဖြင့်တိုင်းတာ၍ ကန်သင်းဖို့ထားလေရာ ပယ်ပေါင်းတစ်ထောင်မျှ ရှိကြပေသည်။

ပယ်တစ်ထောင်မျှသော လယ်ကွက်တို့သည် သောက်ရေကောင်းကောင်းရကြ၏။ မြေကောင်းမြေသန့်များလည်း ဖြစ်ကြ၏။ ထို့ကြောင့် ထိုလယ်ကွက်များ၌ စိုက်ထားလေသမျှသော သလေးစပါးတို့သည် အိုးပစ်မလှဲဆိုလောက်အောင် ဖြစ်ထွန်းလာကြ၏။ မိုးလေးလ ကုန်ဆုံး၍ တန်ဆောင်မုန်းလသို့ ရောက်သောအခါ အဖုံးအလုံးများ စုံလာကြ၏။ အန္တရာယ်တစ်စုံတစ်ခုသာ မကျရောက်လာပါက မကြာမီမှာပင် အောင်မြင်သောစပါးနှံများကို ရိတ်သိမ်းကြရပေတော့မည်။

လယ်ပိုင်ရှင် ကောသိယဂေါတ္တ ပုဏ္ဏားကြီးသည် ထိုလယ်ကွက်များကို ပယ်ငါးဆယ်၊ ပယ်ခြောက်ဆယ် စသည်ခွဲစိတ်ကာ သားချင်းဆွေမျိုးများနှင့် ရင်းနှီးသူတို့အားစောင့်ရှောက်ရန် အပ်နှံထား၏။ ကျန်

စမယ်ဦး၊ ၁၇၈၁

သောပယ်ငါးရာကိုကား သူရင်းငှားတစ်ယောက်အား အခကြေးငွေဖြင့် အစောင့်ချထားလေသည်။

သူရင်းငှားသည် လယ်ကွက်များ၏ အလယ်ကောင်တွင် တဲထိုးကာ နေ့ရောညပါ စောင့်နေရ၏။ လယ်ပိုင်ရှင်ပုဏ္ဏားကြီးမှာ ပစ္စည်းဥစ္စာကြွယ်ဝသည်နှင့်အမျှ အလွန်တရာ စည်းကမ်းကြီးလှ၏။ ပစ္စည်းရေးနှင့်ပတ်သက်လာလျှင်လည်း မည်သူ့ကိုမျှအညှာပေးလေ့မရှိပေ။ သူရသင့်ရထိုက်သည့် ဥစ္စာဆိုလျှင် တစ်ပြားတစ်ချပ်မျှ မလစ်ဟင်းအောင် ဇွတ်အတင်း တောင်းယူတတ်ပေ သည်။

ဤလယ်စောင့်ငှားသည့် ကိစ္စတွင်လည်း ပုဏ္ဏားကြီးသည် ထိုက်တန်သော အခကြေးငွေကို ပေးခဲ့၏။ ထိုသို့ပေးပြီးမှ သက်သေလူကြီးများ ရှေ့မှောက်တွင် သူရင်းငှားထံမှ ခိုင်လုံသောနှုတ်ကတိကို တောင်းယူထား၏။ ထို နှုတ်ကတိကား အခြားမဟုတ်။ ‘‘ဤ လယ်ကွက်များမှ စပါးနှံများ အန္တရာယ် တစ်စုံတစ်ခုကြောင့် ပျက်စီးရပါလျှင် တန်ဖိုးဖြတ်၍ ပေးလျော်ပါမည်’’ ဟူ၍ပင် ဖြစ်ပေသည်။

မဆိုစကောင်း အန္တရာယ်တစ်ခုခုနှင့် ကြုံရပါက ဤမျှလောက်များပြားသော ကြေးမြီကို တစ်သက်လုံး ကျွန်ခံ၍ ဆပ်သော်မှ ကျေနိုင်ဖွယ် မရှိချေ။ သို့သော် ပေးထားသော အခကြေးငွေကလည်း ထိုက်ထိုက်တန်တန် ဖြစ်နေသဖြင့် ကမ္ဘသကာ သဘောထား၍ အစောင့်တာဝန်ယူလိုက်ရပေသည်။

တစ်ခုသော နေ့လယ်ခင်းတွင် ထိုသူရင်းငှားသည် သာလိဒ္ဒိယရွာသို့ မောကြီးပန်းကြီး ဝင်ရောက်လာ၏။ သူ့လက်ထဲတွင် စပါးနှံများနှင့်တကွ အထုပ်တစ်ခုလည်း ပါလာ၏။ သူစားဖို့ အိမ်ကပို့လာသော မုန့်ကြွပ်လေးများကိုပင် လက်ဆောင်ပေးရန် ယူဆောင်လာခဲ့ဟန် ရှိ၏။ ပေးစရာလက်ဆောင်ထုပ် ပါလာပါလျက်နှင့် မျက်စိမျက်နှာ လွန်မင်းစွာ ပျက်နေ၏။ ဧကန္တ စပါးခင်းများမှာ အန္တရာယ် တစ်စုံတစ်ခု ကျရောက်ခဲ့၍သာ ဖြစ်ပါလိမ့်မည်။

သူရင်းငှားသည် လက်ဆောင်ထုပ်နှင့် စပါးနှံတို့ကို ပွေ့ပိုက်လျက် ကောသိယဂေါတ္တ ပုဏ္ဏားကြီးအိမ်သို့ ဝင်လာ၏။ အလွန့်အလွန် ကြိုးနွံတုပ်ဝပ်သော အမူအရာဖြင့် ပုဏ္ဏားကြီးထံ ချဉ်းကပ်ကာ ပါလာသော လက်ဆောင်ထုပ်ကလေးကို အသာချလျက်....

''အရှင်ပုဏ္ဏားကြီး၊ ကျွန်တော့်ကို ချမ်းသာပေးပါ။ သူတို့ကို ကျွန်တော် အစွမ်းနိုင်ဆုံး တားမြစ်ပါတယ်။ ခြောက်လှန့်ပါတယ်။ ဒါပေမယ့် သူတို့အင်အားက သိပ်များနေလေတော့....''

လူပန်း စိတ်ပန်း ဖြစ်နေသဖြင့် သူရင်းငှားက စကားမဆက်နိုင်အောင် ရှိနေရာတွင် လယ်ပိုင်ရှင် ပုဏ္ဏားကြီးက....

''ဖြည်းဖြည်းနားပြီး ပြောတာပေါ့ အမောင်။ သူတို့ဆိုတာက ဘယ်သူတုန်း။ ငါ့စပါးတွေ လာဖျက်ဆီးကြတာက ဘယ်သူတွေတုန်း''

''အရှင်ပုဏ္ဏားကြီး၊ ဖျက်ဆီးသူတွေက လူတွေတော့ မဟုတ်ပါဘူး။ ကျေးတွေ ဖြစ်ပါတယ်။ ကျေးဆိုပေမယ့် တွေ့နေကျ ကျေးမျိုး မဟုတ်ပါ၊ လယ်တောရဲ့ အရှေ့မြောက် အရပ်မှာရှိတဲ့ လက်ပံတောကြီးထဲက ကျက်တောခေါ်တဲ့ ကျေးကြီးများ ဖြစ်ပါတယ်''

''သူတို့က ဘယ်လောက် များလို့လဲ''

''အရှင်ပုဏ္ဏားကြီး၊ ကြောက်ခမန်း လိလိ ကို များပါတယ်။ အကောင်ကြီးတာနဲ့အမျှ အစားကလဲ သိပ်သန်ကြပါတယ်။ သူတို့အထဲက အကြီးဆုံး ကျေးကြီးကတော့ သူတို့ရဲ့မင်းဖြစ်ပါလိမ့်မယ်။ သူဟာ သူများလို ဝမ်းဝအောင် စားရုံမဟုတ်သေးဘဲ စပါးနှံတစ်ထွေးကြီး ကိုက်ချီလို့ သွားပါသေးတယ်။ နောက်ထပ် နှစ်ရက်သုံးရက်လောက် ဒီလိုသာ စားလာကြရင် စပါးနှံတွေ ကုန်သလောက် ဖြစ်သွားပါလိမ့်မယ်''

''အေး—ကောင်း ပြီကွာ။ မင်း ကိုယ် တိုင် မ ကာ ကွယ် နိုင်တဲ့ အန္တရာယ်ဖြစ်နေလေတော့ ဒီအတွက်မင့်ကို အလျော်မတောင်းပါဘူး။ ဒါပေမယ့် တစ်ခုတော့ ဆောင်ရွက်ပေးရလိမ့်မယ်။ အဲဒီ အကြီးဆုံးဆိုတဲ့ ကျေးကြီးကို ကြော့ကွင်းထောင်ပြီး ငါ့ဆီယူခဲ့ရမယ်''

''ကောင်းပါပြီ အရှင်ပုဏ္ဏားကြီး။မရရအောင် ထောင်ပြီးတော့ ပေးပါ့မယ်''

အသက်ရှူချောင်သွားပြီဖြစ်၍ သူရင်းငှားက သွက်လက် ပေါ့ပါးစွာ တာဝန်ခံလိုက်၏။

ထို့နောက် လယ်တဲသို့ရောက်သောအခါ ရွာထဲကရှာလာခဲ့သော မြင်းမြီးများကိုကျစ်ကာ ကြော့ကွင်းပြုလုပ်၏။အလွန်တရာ ခိုင်ခံ့လှသော ကြော့ကွင်းရလာသောအခါ မနက်တုန်းက ကျေးကြီး ကျရောက်ခဲ့သော နေရာ အစပ်တွင် အိုးတုတ်လောက်ရှိသော ကျင်းတစ်ခုတူး၏။ရလာသော မြေစာများကို အခြားသို့ သယ်ယူ၍ ကြဲဖြန့် ပစ်၏။ ထိုကျင်းပေါ်မှာ

သစ်ခက်သစ်ရွက်များ စုံး၍ မြေမှုန့်များ ဖုံးကာ ပကတိမြေပြင် ကဲ့သို့ ပြုပြင်ထား၏။ ထိုအပေါ်မှာမှ မြင်းမြီးကြော့ကွင်းကို ကျကျနန ထောင်ထားလေသည်။

မျှော်လင့်ထားသည့် အတိုင်းပင် နောက်နေ့မှာလည်း ကျေးအုပ်ကြီး ကျလာပြန်၏။ လယ်စောင့် သူရင်းငှားသည် လယ်စောင့် တဲထဲမှ အသည်းတထိတ်ထိတ်နှင့် စောင့်ကြည့် နေရ၏။ လယ်ကွက်ထဲသို့ ကျပြီးနောက် အတန်ကြာသည်အထိ ကြော့ကွင်းမိသော အသံကိုမကြားရသဖြင့် ''မိမှမိပါ့တော့မလား'' ဟု သံသယဖြစ်လာရ၏။

တော်ပါသေးသည်။ သံသယစိတ်ဖြင့် တထိတ်ထိတ် စောင့်ကြည့်နေဆဲမှာပင် ကျေးကြီး၏ အော်သံကို ကြားလိုက်ရပါတော့သည်။ ကျေးမင်း၏ အော်သံကို ကြားရသည်နှင့် တစ်ပြိုင်နက် ကျေးအပေါင်း သည် စားလက်စ စပါးနှံများကို ပစ်ချကာကြောက်လန့်တကြားပျံသွားကြ၏။ သူရင်းငှားလည်း အဆော တလျင် ပြေးလာခဲ့ရာ ကြော့ကွင်းမှာ မိနေသော ကျေးမင်းကို တွေ့လိုက်ရပေသည်။

''အင်း–တိရစ္ဆာန်မျိုးနွယ် ဖြစ်ပေမယ့်လို့ မင်းဆိုတော့လဲ သူများတက် ထူးကဲပါပေရဲ့။ တခြားကျေးတွေက အနှံကောင်းနိုးရာရာ ရွေးချယ်ပြီးတော့ နားပြီးစားကြတယ်။ ကျေးမင်းကတော့ မင်းပီပီ စည်းကမ်းကြီးပါပေရဲ့။ မနေ့ကစားထားခဲ့တဲ့ နေရာအစပ်မှာမှ တိတိကျကျဝင်နားပါပေရဲ့''

အားရဝမ်းသာ ရေရွတ်လျက် သူရင်းငှားက ကျေးမင်းကို ကြော့ကွင်းမှ ဖြုတ်ယူလိုက်၏။ ထို့နောက် ကျေးမင်း၏ စလုတ်ကို စမ်းကြည့်လိုက်ရာ ယနေ့နံနက်စာ စပါးတစ်စေ့မျှမစားရသေးသည်ကို တွေ့လိုက်ရသဖြင့်....

''ဩော်—ဦးစီး ခေါင်းဆောင် စိတ်ဓာတ်နဲ့ ပြည့်ဝတဲ့ ကျေးမင်းပါကလား။သူ့စလုတ်ထဲမှာစပါးတစ်စေ့မှမရောက်သေးတာထောက်တော့ ကျကျချင်း မိနေခဲ့တာဖြစ်လိမ့်မယ်။ မိမိချင်း အော်လိုက်ရင်း သူ့လက်အောက် ငယ်သား ကျေးအများတို့ အစာမဝမှာ စိုးတာကြောင့် မအော်သေးဘဲ အောင့်နေခဲ့တယ်။ ကျေးအများတို့ အစာစားလို့ ဝလောက်ခါမှ သူအော်လိုက်တယ်။ တကယ့်ကို ချီးကျူးထိုက် လေးစားလိုက်တဲ့ ကျေးမင်းကြီးပါပဲ''

''ဒါပေမယ့်လို့လေ– ငါကတော့ သူ့ကိုပြန်လွှတ်လို့ မဖြစ်နိုင်ပေဘူး။ လယ်ပိုင်ရှင် ပုဏ္ဏားကြီးဆီမှာ ဝန်ခံထားခဲ့ လေတော့လဲ သူ့လက်အရောက် ပို့ပေးရတော့မှာပေါ့''

ဤသို့ တစ်ကိုယ်တည်း ငြီးတွားပြောဆိုကာ ကျေးမင်း၏ ခြေနှစ်ချောင်းကို တစ်ပေါင်းတည်းဆုပ်ကိုင်လျက် ကောသိယဂေါတ္တပုဏ္ဏားကြီးထံ ဝင်ရောက် ပေးအပ်လိုက်လေသည်။

တကယ်တော့ဖြင့် ပုဏ္ဏားကြီးသည် မိမိစပါးများကို အဝစားရုံမျှမက ရနိုင်သမျှ ကိုက်ချီသွားခဲ့သော ကျေးမင်းကို ကျကျနန လက်စားချေလိုလှ၏။ နည်းမျိုးစုံနှင့် နှိပ်စက်ပြီးမှ အသေသတ်ရန် ကြံစည်ထားခဲ့၏။သို့ရာတွင် ကျေးမင်းကို တကယ်တမ်း မြင်လိုက်သော အခါတွင်ကား ကြံစည်ထားခဲ့ လေသမျှ လွင့်စဉ်သွားကြ၏။ လှပတင့်တယ် ရှုချင့်ဖွယ်ရှိသော ကိုယ်ခန္ဓာနှင့် တည်ကြည်ငြိမ်သက်သော ဣန္ဒြေတို့ကြောင့် ကျေးမင်းအပေါ် မေတ္တာစိတ်ယိုဖိတ်၍ လာတော့၏။ သွေးသားရင်းချာတမျှ ချစ်ခင်လာ တော့၏။ ထို့ကြောင့် ကျေးမင်းကို ရင်ခွင်မှာ ထားလျက် လက်နှစ်ဘက်ဖြင့် ပွတ်သပ်ယုယကာ....

''အမောင် ကျေးသားရယ်၊ တခြား ကျေးသားတွေရဲ့ ဝမ်းကတော့ သူ့အတိုင်း အတာနဲ့သူ ရှိကြပေတယ်။ အဒမောင် ကျေးသားရဲ့ ဝမ်းကတော့ကြီးကျယ်လွန်းလှပါကလား။ငါ့လယ်က သလေးစပါးတွေကို အားရအောင်စားပြီးမှ အပြန် ကျတော့လဲ နှုတ်သီးနဲ့ ချီသွားလိုက်သေးတယ်။ ဘယ်လိုလဲ အမောင်ကျေးသားရယ်။ ငါ့အပေါ်မှာ ရန်ငြိုးထားစရာများ ရှိနေခဲ့လို့လား''

ဤသို့ ပြုံးရွှင်သော မျက်နှာဖြင့် တရင်းတနှီး မေးမြန်းလိုက်လေရာ....

''ကောသိယနွယ်ဖွားအသင်ပုဏ္ဏားကြီး၊ သင်နဲ့ကျွန်ုပ်တို့ကြားမှာ ဘာ ရန်ငြိုးမှ မရှိခဲ့ပါဘူး''

ကျေးမင်းက ချောင်းစွာ ဖြေကြားလိုက်၏။ ဤတွင် ကောသိယဂေါတ္တ ပုဏ္ဏားက ပိုမို၍ ရွှင်လန်းလာကာ....

''ဒါဖြင့် အမောင်ကျေးသားရယ်၊ အမောင်ကျေးသားတို့နေတဲ့ လက်ပံတောထဲမှာ စပါးလှောင်ဖို့ ကျီများ ဆောက် ထား လေ ရော့ သလား''

''အသင် ပုဏ္ဏားကြီး၊ ကျွန်ုပ်တို့မှာ ကျီဆောက်ထားတာလဲ မရှိပါ''

''ဒါဖြင့် ဘာကြောင့်များ စပါးနှံတွေကို ကိုက်ချီသွားရတာလဲကွယ်''

''ဒါကတော့ ဒီလိုရှိပါတယ်အသင်ပုဏ္ဏားကြီး။ အသင်ပုဏ္ဏားကြီး လယ်ထဲက စပါးနှံတွေ ကိုက်ချီ သွားပြီးတော့ ကျွန်ုပ်ဟာ ကြွေးသစ်ကိုလဲ ပေးရပါတယ်။ ကြွေးဟောင်းကိုလဲ ဆပ်ရပါတယ်။ ရွှေအိုးကြီးများကို မြှုပ်နှံနေရပါတယ်''

''အလို.... တယ်လဲ ထူးဆန်းလှပါကလား အမောင်ကျေးသားရယ်၊ ငါတို့ လူသားတွေမှာသာ ကြွေးပေး ကြွေးယူ ရှိကြရပါတယ်။ လိုတဲ့အခါ အလွယ်တကူ ဖော်ယူသုံးစွဲနိုင်ဖို့ ရွှေအိုးကြီးများ မြှုပ်ထားကြရပါတယ်။ အခုတော့ အမောင် ကျေးသားတို့မှာလဲ ဒီအလုပ်တွေ ရှိတယ်ဆိုတော့ သိပ်ပြီး အံ့သြစရာပဲ။ ကဲ.... ပြောစမ်းပါဦး အမောင်ကျေးသားရယ်။ ကြွေးသစ် ပေးတယ်ဆိုတာက ဘယ်လိုပါလဲ''

''အသင် ပုဏ္ဏားကြီး၊ ကျွန်ုပ်မှာ သားငယ် သမီးငယ်ကလေးများ ရှိကြပါတယ်။ အတောင်မစုံသေးတဲ့ နီတာရဲ အကောင် ကလေးများ ဖြစ်ကြပါတယ်။ သူတို့ကို ဝဝလင်လင် ကျွေးမွေးပြီးတော့ ကျေးလား မြောက်အောင် ပြုစုစောင့်ရှောက်ထားတဲ့အတွက် ကျွန်ုပ်တို့ အိုမင်းမစွမ်း ဖြစ်လာတဲ့အခါကျတော့ အတုံ့အလှည့် ကျွေးမွေးပြုစုကြပါလိမ့်မယ်။ ဒါကြောင့် သားသမီး ကျွေးမွေးပြုစုတာကို ကြွေးသစ်ပေးတယ်လို့ ဆိုရပါတယ်''

''ကောင်းလိုက်လေ အမောင်ကျေးသားရယ်။ ကဲ– ဆက်ပါဦး။ ကြွေးဟောင်း ဆပ်ရတယ် ဆိုတာကကော ဘယ်လိုပါလဲ''

''ဒါကတော့ မိအိုဖအိုများကို ပြုစုလုပ်ကျွေးတာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့အပေါ် မိဘများက ပြုစုလုပ်ကျွေးခဲ့တဲ့ ကျေးဇူးဂုဏ်အနန္တကို တတ်အားသမျှ ကျေးဇူးဆပ်ရတာ ဖြစ်ပါတယ်''

''ကောင်းမြတ်တဲ့စကား ကြားလိုက်ရတော့ ဝမ်းမြောက်လိုက်လေခြင်းကွယ်။ ကဲ–နောက်တစ်ခု ကျန်ပါသေးတယ်။ ရွှေအိုးကြီးမြှုပ်တဲ့ အကြောင်းကိုလဲ ရှင်းစမ်းပါဦး''

‘‘ကုသိုလ်ကောင်းမှု ပြုလုပ်တာမှန်သမျှ ရွှေအိုးကြီးမြှုပ်ကြတာ ချည်းဖြစ်ပါတယ်။ ကျွန်ုပ်တို့လက်ပံတောက အသိုက်တွေထဲမှာ ကျေးအို ကျေးမင်းများ ရှိနေကြပါတယ်။ သူတို့ခမျာ အတောင်တွေ ကျွတ်ကုန် ကြပြီမို့ ဘယ်မှမပျံနိုင်ကြတော့ပါဘူး။ သူတို့စွမ်းအားနဲ့ စားစရာ မရှာ နိုင်ကြတော့ပါဘူး။ ဒါကြောင့် ကုသိုလ်ကောင်းမှု ပြုလုပ်တဲ့သဘောနဲ့ သူတို့ကိုလဲ ကျွေးမွေးပြုစုကြရပါတယ်’’

‘‘အင်မတန် မွန်မြတ်လှပါပေတယ် အမောင်ကျေးသားရယ်။ ဒီလို စိတ်သဘောထားမျိုးက လူသားတို့ထဲမှာတောင် ရှားလှပါတယ်။ ဒါကြောင့် ငါတို့လယ်ထဲက သလေးစပါးတွေကို အမောင်ကျေးသားတို့ အားလုံး စိတ်တိုင်းကျ စားသောက်ကြပါတော့။ ငါတို့ လယ်ပယ်တစ် ထောင်လုံးကို အမောင်ကျေးသားတို့စားသောက်ဖို့ ပေးလိုက်ပါတယ်’’

စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် ပုဏ္ဏားကြီးက ပေးလိုက် သော်လည်း ကျေးမင်းက အကုန်လုံး မယူပါ။ ပယ်တစ်ထောင် ထဲက ရှစ်ပယ်မျှသာ လက်ခံပါ၏။

ထို့နောက် ကျေးမင်းသည် ကောသိယဂေါတ္တ ပုဏ္ဏားကြီးကို နှုတ်ဆက်ပြီးလျှင် လယ်တောသို့ပျံ၍ စပါးနှံများ ကိုက်ချီကာ လက်ပံ တောသို့ ပြန်လာခဲ့၏။ မိအိုဖအိုများနှင့်တကွ ကျေးသားအပေါင်းက ကြော့ကွင်းမှ ပြန်လွတ်လာပုံကို မေးမြန်းကြ၍ ကျေးမင်းကအကြောင်းစုံ ရှင်းပြလိုက်လေသည်။

(ပကိဏ္ဏကနိပါတ်၊ သာလိကေဒါရဇာတ်)

**သာလိကေဒါရဇာတ်၊ ပကိဏ္ဏကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| လယ်စောင့်ပုဏ္ဏား | = | အရှင်ဆန္န။ |
| လယ်ရှင်ပုဏ္ဏားကြီး | = | အရှင်အာနန္ဒာ။ |
| ကျေးမင်း | = | မြတ်စွာဘုရား။ |

# ၆။ မြတ်ဆရာတို့၏ နာသုံးနာ

(ဇာတ်တော်မိတ်ဆက်)

ဆရာ့တာဝန် ထမ်းဆောင်ကြရသော ပုဂ္ဂိုလ်များ လောကတွင် နာသုံးနာဟူ၍ ထင်ရှားရှိနေပါသည်။ ထိုနာသုံးနာတို့မှာ ဝါသနာ၊ စေတနာနှင့် အနစ်နာတို့ဖြစ်ကြပါသည်။

ဆရာမှန်သမျှ တပည့်ဘဝမှ လာခဲ့ရသူချည်း ဖြစ်ကြပါသည်။ တပည့်ဘဝမှာရှိစဉ်တုန်းက ဆရာသမားများက မိမိတို့အပေါ် စေတနာ မေတ္တာထား၍ သင်ကြားပေးခဲ့ကြပုံ၊ ကြည်ညိုလေးစားလောက်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ဆုံးမသွန်သင် ခဲ့ကြပုံ၊ သပ်သပ်ရပ်ရပ် ဝတ်စား ဆင်ယင် ပြုပြင် ခြယ်မှုန်းတတ်ပုံတို့ကို အားကျကာ မိမိတို့ ကြီးပြင်းလာသည့်အခါမှာလည်း ဆရာတို့၏အသိုက် အဝန်းထဲသို့ တိုးဝင်လာခဲ့ကြရပါသည်။

စကတည်းက ဆရာ့အလုပ်မှာ ဝါသနာပါ၍ ဝင်လာခဲ့ကြသည် ဖြစ်ရာ တပည့်များ၏ သိလိုတတ်လို၊ နာခံမှတ်သားလိုသော မျက်နှာ ကလေးများကို မြင်လိုက်ရသောအခါ မိမိနည်းတူ သိစေလို၊ တတ်စေ လိုသော စေတနာများ ထက်သန်၍လာကြရပါတော့သည်။ ကျောင်းမှာ

တစ်နေ့ကုန် အသံထုတ်လာခဲ့ရ၍ အိမ်ပြန်ရောက်သောအခါ လက်ဟန် ခြေဟန်သာ ပြနိုင်တော့သော ဆရာ,ဆရာမများကို နယ်တကာရပ်တကာ တွေ့ကြရပါလိမ့်မည်။

ဝါသနာအရ၊ စေတနာအရ ဆရာဘဝကို ခံယူလာခဲ့ကြသူများ သည် သူများလို စီးပွားဥစ္စာရှာဖွေပါက ရနိုင်ကြသည်သာဖြစ်ပါသည်။ သို့ရာတွင် လုပ်ငန်းခွင်အပေါ်၊ တပည့်များအပေါ် ရစ်ပတ်တွယ်တာနေ ခဲ့သော သံယောဇဉ်များကြောင့် ကြီးပွားတိုးတက်ရေးကို အနစ်နာခံကာ ဆရာဘဝဖြင့်ပင် အငြိမ်းစားဘဝ ရောက်ကြရပါသည်။

စကတည်းက ကြီးပွားချမ်းသာရေးကို အလေးမပြုခဲ့သဖြင့် ဤသို့ အနစ်နာခံရခြင်းကို မထောင်းတာလှဟု ဆိုလိုကဆိုနိုင်ပါ၏။ သို့ရာတွင် ဆရာတို့၏လုပ်ငန်းခွင်၌ မလွဲသာမရှောင်သာ အနစ်နာခံရသောအလှည့် များ ကြုံတတ်ကြပါသည်။

လောကနီတိဆရာကြီးက ဆရာသမားများကို အိုးထိန်းသည်နှင့် ဥပမာပြုခဲ့ပါသည်။ အိုးကိုပုတ်ခတ်သော အိုးထိန်းသည်နှင့် တပည့်များ ကိုပုတ်ခတ်သော ဆရာသမားတို့မှာ စေတနာကောင်း သက်သက်နှင့်သာ ဖြစ်သည်ဟုဆိုလိုပါသည်။ စေတနာချင်းတူတာတော့ မှန်ပါ၏။ သို့သော် အပုတ်ခတ်ခံရသော အရာဝတ္ထုချင်းကား အမျိုးအစား မတူကြပါ။ မြေအိုးများက သက်မဲ့ပစ္စည်း။ တပည့်များကတော့ သွေးနှင့်သားနှင့် အသက်နှင့်။ သည်အသက်အပေါ်မှာ 'ငါ'ဟူသော အတ္တမာနကလေး ဝင်စွက်လာသည်တွင်ကား 'စေတနာနှင့်ဝေဒနာ' ဝတ္ထုမျိုးတွေ ပေါ် လာရပါတော့သည်။ ဆရာတို့၏စေတနာကို ဝေဒနာမဖြစ်မိကြရအောင် ဤဝတ္ထုကို ပထမဦးစွာ ဖော်ပြလိုက်ရပါသည်။

ထို့အတူပင် 'စောင်းတော်သိင်္ဂါ' ဝတ္ထုမှာလည်း စောင်းဆရာ ဂုတ္တိလ၏ အနစ်နာခံရပုံ ဖြစ်ပါသည်။ တပည့်ခံလာသော မုသိလ၏ ရုပ် လက္ခဏာကို ကြည့်ရှုကာ တစ်နေ့ကျလျှင် မိမိအား ကျေးဇူးကန်းမည့်သူ မှန်းသိထားပါလျက် စောင်းပညာသင်ကြားပေးချိန်မှာကား ဆရာတို့၏ စေတနာကို ချွေတာ၍ မထားရက်ချေ။ ထို့ကြောင့်ပင် အရှက်တကွဲ အကျိုးနည်း ဖြစ်မတတ် ကြုံလာရကာ သိကြားမင်း ကယ်၍သာ တော် ပါတော့သည်။

ဤသည်မှာ ဖေရာ့စေတနာကို ဝေဒနာထင်မိ၍ အကျိုးနည်းရပုံ များဖြစ်ပါသည်။ မြတ်ဆရာတို့၏ မြတ်လှစွာသောစေတနာကို လေးလေး

စားစား တန်ဖိုးထားသူများကတော့ မလှဲသာ မရှောင်သာ ကြုံလာကြသော ဘဝအကျပ်အတည်းများမှ လွတ်မြောက် နိုင်ကြ ပါ သည်။ ‘အသုံးကျသည့် မိဂမာယာ’ ဝတ္ထုတွင်ကား ဤအချက်၏ သက်သေကောင်းပင် ဖြစ်ပါသည်။

‘ဆရာကောင်းတပည့် ပန်းကောင်းပန်’ ဝတ္ထုမှာကား ထီးမွေနန်းမွေနှင့် အလှမ်း ဝေးလွန်းလှသော အထွေးဆုံး မင်းသားကလေးအတွက် ဆရာ့ကျေးဇူး အထူးခံစားရပုံ ဖြစ်ပါသည်။

ပူဇော်သင့် ပူဇော်ထိုက်သော ဆရာသမားများအား လေးလေးစားစား ပူဇော်နိုင်ကြရန် စံပြဝတ္ထု(၄) ပုဒ်ကို ဆက်စပ် ဖော် ပြ လိုက်ပါသည်။

## စေတနာနှင့် ဝေဒနာ

''ဆရာကြီးခင်ဗျား....

ယခုရောက်လာသော မင်းချင်းနှင့်အတူ ဆရာကြီးအတွက် ကောင်းနိုးရာရာ ဝတ္ထုပစ္စည်းများ ကန်တော့ လိုက် ပါတယ်။ ဆရာကြီးကိုလဲကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ချင်လှပါတယ်။ ဤစာနှင့် ပစ္စည်းများ လက်ဝယ်ရရှိလျှင် ဆရာ့တပည့်ထံသို့ အပူဇော်ခံ ကြွရောက်စေလိုပါတယ်၊ တပည့်မှာ ယခုဗာရာဏသီမြို့တော်မှာ ဘုရင်တစ်ပါး ဖြစ်နေပြီမို့ နေထိုင်စားသောက်ရေး ကိစ္စများအတွက် အားနာရန်လုံးဝမရှိပါ။ တပည့်တစ်ယောက်ကို ချီးမြှောက်သောအားဖြင့် ဆက်ဆက်ကြွလာစေချင်ပါသည်ခင်ဗျား''

ပြည်နီးချင်းမင်းများထံ စေလွှတ်သည့်စာဖြစ်လျှင် ထီးသံနန်းသံ ပါပါ ထယ်ထယ်ဝါဝါ ခံ့ခံ့ညားညား ဖြစ်ရပေမည်။ ယခုသော် ငယ်ဆရာထံ ရေးရသဖြင့် ဗြဟ္မဒတ်မင်း၏ စာလွှာတွင် ထီးသံနန်းသံ မပါ။ ထယ်ဝါခံ့ညားမှု မရှိ။ ပကတိ ရိုသေလေးစားသော လေသံများကိုသာ တွေ့ရပေသည်။

ဒိသာပါမောက္ခဆရာကြီးသည် သည်စာလွှာကို အကြိမ်ပေါင်းများစွာ ဖတ်ရှုခဲ့ပြီးဖြစ်၏။ အကြိမ်ကြိမ် ဖတ်ရှုရသည်နှင့်အမျှ သက်ပြင်းချရပေါင်းလည်း များလှပေပြီ။

စာရွက်ပေါ်မှာ ရေးသားထားသည့်အတိုင်းဆိုလျှင် ကိုယ့်တပည့်တစ်ဦးထံ မသွားဝံ့စရာမရှိနိုင်။ လူတစ်လုံးသူတစ်လုံးဖြစ်လာသောတပည့်များစွာကဲ့သို့ပင် ကိုယ့်ဆရာသမားကို ကျေးဇူးဆပ်ချင်ကြောင်းသာ ပါရှိ၏။ သို့သော် ဆရာကြီး၏စိတ်မျက်စိက စာရွက်ကိုထွင်းဖောက်ကာ တစ်စုံတစ်ခုကို မြင်ယောင်နေမိ၏။

သူ့လိုမင်းသားတစ်ပါးအဖို့ နှမ်းတစ်ဆုပ်ဆိုတာ ဘာအရေးလဲ။ စည်းစိမ်အရာ တိုင်းတာစရာ မရှိလောက်အောင် ခံစားရမည့် မင်းသားတစ်ပါးမှာ နှမ်းတစ်ဆုပ်မက လှည်းတစ်စီးတိုက် လှူင့်ပစ်ဦး ကိစ္စမရှိ။ သို့သော် တစ်ဖက်က ဥစ္စာရှင်တော့ ပြန်ကြည့်ရပါဦးမည်။

သူ့ခမျာ လယ်ယာချောင်းမြောင်းမရှိ။ သားထောက်သမီးခံမရှိ။ ကောက်သင်းကောက်နိုင်မှ ထမင်းတစ်လုတ်စားရသော အဖွားအို။ သည်အဖွားအိုက ကောက်သင်းကောက်၍ရသမျှ နှမ်းကလေးများကို တရိုတသေ အန်မျှများ‌ချွတ်၍ နေလှန်းထား၏။

နှမ်းကလေးတွေ မြန်မြန်ချောက်မှ ကုန်စုံဆိုင်သွင်းကာ ညနေစာဆန်ကလေး ရနိုင်မည်ဖြစ်၏။ ချမ်းသာသမျှ သည်ပစ္စည်းကလေးကိုမှ ပြဟ္မဒတ်မင်းသားက ခြေဆော့လက်ဆော့ နှိုက်၍စားခဲ့၏။ သူတို့နှင့်အတူ ရေချိုးလာခဲ့သော ဆရာကြီးကလည်း လှည့်မကြည့်မိ၍ မသိပေ။

ဥစ္စာရှင်အမယ်အိုမှာ တစ်ကြိမ်တစ်ခါ သည်းခံ နိုင်ပါသေး၏။ နောက်တစ်ကြိမ်ကျတော့လည်း မပြောရက်သေးပါ။ "ဩော်...သူ့ခမျာ ကြိုက်တတ်ရှာလွန်းလို့ ထင်ပါရဲ့"ဟု အသာကြည့်နေခဲ့၏။ နှစ်ကြိမ်မှ သည် သုံးကြိမ်ထိ လက်သရမ်းလာချိန်မှာတော့ သူ ဟန်မလုပ်နိုင်ချေပြီ။ ဆရာကြီးကို ငိုယို၍ တိုင်ရတော့သည်။

ဤတွင်မှ ဆရာကြီး ခေါင်းနပန်း ကြီးရတော့သည်။ တပည့်မကောင်း ဆရာ့ခေါင်း မဟုတ်ပါလား။

မင်းသားတစ်ပါးမို့ ဒါလောက် လက်မဆော့တန်ရာ ထင်ခဲ့၏။ ယခုတော့ မင်းသားလဲ လူထဲကလူ ပါပဲကလား။ သူများကို ဆုံးမသလို သူ့ကိုလည်း ဆုံးမ ရပါမည်။ သည်အခြေအနေက မဆုံးမဘဲထားခဲ့လျှင်

နောက်နောင် သည့်ထက်သည် ဆိုးလာချေတော့မည်။ ထိုအခါ ဆရာရော တပည့်ပါ ကျိုးယုတ်နစ်နာ ဖြစ်ကြရပေတော့မည်။

သည်တုန်းကပြုခဲ့ရသောကိစ္စအတွက် ဆရာကြီးအဖို့ ကိုယ့်စေတနာကို ကိုယ်ယုံကြည်ပါ၏။ မကောင်းမြစ်တာ ကောင်းရာညွှန်လတ်၊ ဆရာမြတ်တို့၏ အစဉ်အလာအတိုင်း ဆောင်ရွက်ခဲ့ခြင်းသာ ဖြစ်၏။ တပည့်မလိမ္မာ ကျူးလွန်ထားတာက တစ်ကြိမ်ဆို တော်ပါသေး၏။ နှစ်ကြိမ်ဆိုလျှင်လည်း ကြိမ်းရုံမောင်းရုံ ငေါက်ငမ်းရုံနှင့်ပြီးနိုင်ပါ၏။ ယခုတော့ သုံးကြိမ်တိတိ ရှိနေပြီ။ သုံးကြိမ်ရှိနေမှတော့ ကြိမ်မသုံးချင်၍ မဖြစ်နိုင်တော့ပြီ။

အမယ်အိုး၏နှမ်းကို နှိုက်စားရာတွင် ပထမတစ်ကြိမ်တော့ ကြိုက်တတ်လွန်း၍သာ ဖြစ်ပါမည်။ နောက်အကြိမ်များမှာတော့ ''ငါလို မင်းသား ဘယ်သူက ဘာပြောရဲမှာလဲ''ဟူသော မာနပါခဲ့ပြီ။ သည်လို မာနတွေ မထောင်လွှားရအောင် သူ့ခမည်းတော်ကြီးက ဤရွှေ ဤမျှ ဝေးလံလှသည့်ဌာနသို့ ပို့ထားခဲ့၏။ မင်းညီမင်းသားလို ဝတ်ကောင်း စားလှမပေးလိုက်ဘဲ သူဆင်းရဲတစ်ဦးလိုသာ စေလွှတ်ခဲ့၏။ လှာချင်း ဖိနပ်ကိုစီးကာ တော်စွလျော်စွ ထီးကိုသာ ဆောင်းလာခဲ့ရ၏။ သည်လို ကွပ်ညှပ်ထားသည့်ကြားက မာန်မာနက တလူလူ တက်လာသေးသည်။ သည်မာန်မာနအညွန့်ကို လက်စွဲတော်ကြိမ်လုံးနှင့် သုံးချက်တိတိရိုက်၍ ချိုးလိုက်ရတော့သည်။

'ရိုက်လိုက်စမ်းကွ နောက်တော့ အကြောင်းသိစေ့မယ်'

ကြိမ်လုံးဒဏ်ကို အံကြိတ်၍ခံရင်း မင်းသားကကြိမ်းဝါးလိုက်၏။ သို့သော် သူ့စကားများက နှုတ်ခမ်းမှာမပေါ်လာ။ ဆရာကြီးကို ခြေဆုံးခေါင်းဆုံး စူးစူးစိုက်စိုက်ကြည့်နေသော မျက်လုံးနီနီများမှာသာ ပေါ်လွင်၍နေကြပေသည်။ ဆရာကြီးသည် စာကိုဖတ်ရင်းက သည်ရုပ်ပုံကိုသာ မြင်ယောင်နေတော့သည်။

''အင်း.... မလွဲသာမရှောင်သာ ပရိသတ်ရှေ့မှာ ဆုံးမလိုက်ရတော့ တော်တော်ရှက်သွားလိမ့် ထင်ပါရဲ့။ ဆရာ့ စေတနာကို နားမလည်တော့လဲ ဝေဒနာဖြစ်ချင် ဖြစ်ရှာမှာပေါ့လေ။ အခု လောလောဆယ်တော့ မသွားသေးတာဘဲ ကောင်းပါတယ်''

ဆရာကြီး မလာဖြစ်သေးသော်လည်း တပည့်ဆီက လက်ဆောင်ပစ္စည်းများကတော့ နှစ်စဉ်မပြတ် ရောက်လာသည်သာဖြစ်၏။ ပစ္စည်း

များနှင့်အတူ လာဖြစ်အောင်လာဖို့ ပင့်ခေါ်သော စာများလည်း ပါသည်သာဖြစ်၏။ စာတစ်စောင်ပြီး တစ်စောင် ဖတ်ရလေလေ ဆရာကြီးရင်ထဲက သံသယမှုမှုန်တွေ ပါးသွားလေလေ။ တစ် စ တစ် စ နှင့် စာအစောင်ပေါင်းလည်း များလှပြီ။ လက်ဆောင်ပစ္စည်းများလည်း မျိုးစုံလှပြီ။ ဆရာကြီးကိုယ်တိုင် အိုမင်းမစွမ်း ဖြစ်ခါနီးလာပြီမို့ တပည့်၏အသက်အရွယ်လည်း လူကြီးပိုင်းသို့ ရောက်လာခဲ့ပြီ။ ငယ် ရွယ် စဉ် က ငယ်သွေးငယ်မာန်ဖြင့် ရန်လုပ်ချင် လုပ်မည်။ ယခုအချိန်မှာတော့ သူ့စိတ်ဓာတ်တွေ အနယ်ထိုင် လောက်ပြီ။ ပြော၍ ဆို၍ နားချ၍ ရနိုင်လောက်ပြီ။ နောက်ပြီးတော့ တိုင်းကြီးသခင်ဘုရင်တစ်ပါး ဖြစ်နေသောကိုယ့်တပည့်ကို မျက်ဝါးထင်ထင် မြင်ချင်စမ်းလှသည်။

တပည့်အပေါ် ထားရှိသော သံယောဇဉ်ဖြင့် ကြွင်းကျန်သမျှသံသယမှုမှုန်များကို ခါတွက်ပစ်လိုက်ကာ ဒိသာပါမောက္ခဆရာကြီးသည် ဗာရာဏသီသို့ ရှေးရှုလာခဲ့၏။ ဆရာကြီး လာခဲ့မည့်အကြောင်းကြိုတင်အသိပေး ထားသည်မို့ နန်းတော်တံခါးဝမှ အကြိုအဆိုများအရန်သင့် ရှိနေကြ၏။ ကြိုဆိုသူတို့၏ လက်ထဲမှာတော့ တုတ် ဓားလက်နက်နှင့် ကြိုးကြိမ်များ။

''ဘယ့်နှယ်လဲ ဆရာကြီး၊ မှတ်မိသေးရဲ့ မဟုတ်လား''

နှောင်ကြိုးတည်းကာဓားမိုးခံလျက်ဝင်လာရသောဆရာကြီးအားပြဟ္မဒတ်မင်းက ခပ်ပြုံးပြုံး မေးလိုက်၏။ သို့သော် သူပြုံးသည့် အထဲမှာတစ်ဖက်သား၏ အကျိုးစီးပွား လုံးဝမပါ။ ရှုရှိုက်သူများကို မုန်းစေ၊အန်စေ၊ သေစေနိုင်သောအဆိပ်ပန်း ပွင့်လာသကဲ့သို့သာ ဖြစ်လေသည်။

'သြော်–ခုချိန်ထိအောင် ရန်ငြိုးက မပြေသေးပါကလားနော်'

မျက်လုံးနီနီများကို တစ်ကျော့ပြန်မြင်လိုက်ရမှ ဆရာကြီးသဘောပေါက်လာရ၏။ သို့သော် သူ့လက်တွင်း သက်ဆင်းလာမိမှတော့ ဘာတတ်နိုင်တော့မလဲ။

''မှားပါ့မယ် အရှင်မင်းကြီး။ ဆရာသမားတို့က စေတနာနဲ့ ဆုံးမတာကို ဝေဒနာဖြစ်မိရင် အကျိုးနည်းကုန်ကြပါလိမ့်မယ်''

လွတ်အောင်ရုန်း၍ မရနိုင်တော့ချိန်တွင် အကျိုးသင့် အကြောင်းသင့် ပြောပြခြင်းကိုသာ အားကိုးရာရှိတော့သည်။ ဟိုယခင် ကိုယ့်တပည့်ဖြစ်နေစဉ် တုန်းကတော့ ကိုယ့်စိတ်ရှိတိုင်း ပြောနိုင် ဆိုနိုင်၊ ဆုံးမနိုင်

သည်။ ယခုတော့ ကိုယ်က သူ့လက်တွင်း အကျဉ်းသားတစ်ယောက်။ သူက ကိုယ့်အသက်ဦးဆံ ပိုင်စိုးနေသူ။ သည်တော့ တပည့်တစ်ယောက်လို မဆက်ဆံနိုင်တော့ဘဲ အရှင်သခင်ကဲ့သို့ ပြောဆိုရပါတော့သည်။

''အကျိုးနည်းမှုကတော့ သေချာပါတယ်လေ။ ဆရာကြီးကိုယ်တိုင်က အသက်ရှည်ရှည်နေရမှာ မပျော်ပိုက်လို့ ဒီနန်းတော် လာခဲ့တာပဲ မဟုတ်လား''

ဆရာကြီးက လေးလေးစားစား လျှောက်ထားသည်ကို ပြဗ္ဗဒတ်မင်းက မခိုးမခန့်ပြောလိုက်၏။ ဖမ်းမိထားသော ကြွက်ကလေးကို မစားသေးခင် တို့ကနန်း ဆိတ်ကနန်း ကစားနေသည့် ကြောင်ပါးမြီးတိုသဖွယ် ဖြစ်ပေသည်။

''အရှင်မင်းကြီးလက်ထဲ ရောက်နေမှတော့ ထားရင်လဲနေ၊ သတ်ရင်လဲသေဖို့ အရန်သင့်ပါပဲ အရှင်မင်းကြီး။ သို့သော်လဲ တစ်ခုတော့နားဆင်တော်မူပါ''

ဆရာကြီးက သူ့မူမပျက် လေးနက်စွာပင် ပန်ကြားလိုက်၏။ အချက်အလက်တစ်ခုကို လေးလေးနက်နက် ပြောကြစို့ ဆိုတော့လည်း ဆရာ့စေတနာက ထွက်ပြူလာ၏။ ဆရာ့စေတနာနှင့်အတူ ဆရာ့ဟန်ပန်၊ ဆရာ့လေသံတို့က ထက်ကြပ်မကွာ ပါလာကြ၏။ ဆရာ့အရှိန်အဝါတက်လာချိန်တွင် ရာဇမာန်ရှနေသော ရှင်ဘုရင်ကပင် မင်သက်မိသလို ဖြစ်နေရ၏။ ပညာသင်တုန်းကမူအတိုင်း ဆရာ့မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေမိ၏။

''အရှင်မင်းကြီးတို့ တိုင်းပြည်မှာ ဥပဒေစည်းကမ်းရှိသလို ဘုရားကျွန်တော်မျိုးတို့ တိုင်းပြည်မှာလဲ ဥပဒေစည်းကမ်း ရှိနေပါတယ်။ မင်းသားဘဝက အရှင်မင်းကြီး ကျူးလွန်ခဲ့တဲ့ပြစ်မှုဟာ တကယ်တော့ ဘာမှဖြစ်လောက်တာ မဟုတ်ပါဘူး။ သို့သော်လဲ အစရှိတော့ အနှောင်နှောင်ဆိုတဲ့စကားက ရှိနေပါတယ်။ ဒီပြစ်မှုကလေးကို အသေးအမွှားဆိုပြီး မဆုံးမဘဲထားခဲ့ရင် အရှင်မင်းကြီးဟာ ဒီထက်ကြီးတဲ့ပြစ်မှုများကို ကျူးလွန်လာပါလိမ့်မယ်။ ဒီတော့ ဥပဒေစည်းကမ်းဆိုတာ မျက်နှာကြီးမျက်နှာငယ် မရွေးပါဘူး။ အရှင်မင်းကြီး ကျူးလွန်တာနဲ့အမျှ အပြစ်ဒဏ်ခံရပါလိမ့်မယ်။ မဆိုကောင်း ဆိုကောင်း သေဒဏ်ထိုက်တဲ့ပြစ်မှုကြီးတွေ ကျူးလွန်မိရင် မလွှဲမသွေ သေပြစ်သေဒဏ် ခံရပါလိမ့်မယ်။ အဲသလို

ဆိုရင် အခုစံစားနေရတဲ့ စည်းစိမ်ချမ်းသာတွေ ခံစားရပါဦးမလား။ အရှင်မင်းကြီး စဉ်းစားတော်မူပါဘုရား''

''ဟုတ်ပါပေတယ်၊ မှန်ပါပေတယ်။ ဆရာကြီးကျေးဇူးကြောင့် ဘုရင်ကြီးမှာ စည်းစိမ်ကြီးစွာ ခံစားရပါတယ်''

ညီလာခံတစ်ခွင်လုံးရှိ အမတ်များကဆရာကြီးစကားကို တစ်ခဲနက် ထောက်ခံလိုက်ကြ၏။ ဆရာကြီးစကားကြောင့် အရေပျော်ချင်ချင်ဖြစ်နေ ဆဲတွင် အမတ်များကပါ ဆရာကြီးဘက်ကထောက်ခံနေကြသဖြင့် ဗြဟ္မ ဒတ်မင်း မာန်မတင်းနိုင်တော့ဘဲ....

''ကဲ– ဆရာကြီး ချမ်းသာရာ ရစေဗျား။ ဒီတစ်ခါ တက္ကသိုလ် ပြည်ပြန်ရောက်ရင် သားမယားများပါ ခေါ်လာခဲ့ပါတော့။ဆရာသမား ကျေးဇူးကို ဆပ်တဲ့အနေနဲ့ မိသားစုတစ်ခုလုံး ပြုစုပါတော့မယ်။''

ဒေါသ မျက်မာန် ကင်းရှင်းလာချိန်တွင် ဆရာသမား ကျေးဇူး ဂုဏ်များ ထင်ရှား၍ ယာကြပေသည်။

(တိကနိပါတ်၊ တိလမုဋ္ဌိဇာတ်)

## တိလမုဋ္ဌိဇာတ်၊ တိကနိပါတ် ဇာတ်ပေါင်းသော်

ဆရာကိုပြစ်မှားသောမင်း = အမျက်ထွက်သောရဟန်း။
ဒိသာပါမောက္ခဆရာကြီး = မြတ်စွာဘုရား။

## စောင်းတော် သိင်္ဂါ

"တစ်နေ့ကျရင် ဒီကောင် ဖောက်ပြန်လာမှာပါ အမေတို့ရာ။ သူ့ကို ပညာသင်ပေးလို့ဖြင့် ဘာအကျိုးမှ မရှိနိုင်ပါဘူး"

စကတည်းက ဤသို့ပြောပြထား-ခဲ့ပြီးဖြစ်၏။ သူ၏ရုပ်လက္ခဏာကို ကြည့်လိုက်ရကတည်းက တစ်နေ့ကျလျှင် ဆရာကို ကာပြန်မည့်သူ ဖြစ်ကြောင်း ကောင်းကောင်းသိထား၍ ဖြစ်ပေသည်။

သို့သော် မိမိသိထားသည်ကတခြား။ မိဘတို့ အလိုဆန္ဒက တစ်ဖုံ။ မုသိလ မည်သော ဥဇ္ဇေနီပြည်သားသည် မိမိက လက်မခံ ပယ်လှန်လိုက်သော်လည်း ပြန်၍မသွားချေ။ မိမိ၏မိဘများထံချဉ်းကပ်ကာ တောက်တဲ့ကပ် ကပ်၍နေ၏။ မိအိုဖအိုကြီးများအား လိုလေသေးမရှိပြုစုကာ အလွန်တရာ ချိုသာလှသော လေသံဖြင့် နှစ်သိမ့်ချော့မော့၏။ ပညာသင်ကြားခွင့်မရသည့်အတွက် မျက်ရည်သံကလေး နော၍ အသနားခံ၏။

မိအိုဖအိုကြီးများမှာတော့ မျက်မမြင်ဒုက္ခိတများ ဖြစ်နေကြပြီမို့ မုသိလ၏ ရုပ်သွင်ကို မမြင်နိုင်ကြပေ။ ရုပ်သွင်ကို မြင်ရသည့် တိုင်အောင်ပင် အင်္ဂဝိဇ္ဇာ အတတ်ပညာမရှိကြ၍ သူ၏ အတွင်းစိတ်ဓာတ်ကိုအကဲခတ်

နိုင်ကြမည် မဟုတ်ချေ။ သို့ဖြစ်၍ ကရုဏာသက်ဖွယ် ပရိယာယ် မာယာ နှော၍ ပြောဆိုလေသမျှကို အဟုတ်ကြီး ထင်မှတ်ကာ....

''သားလေး ဂုတ္တိလရယ်၊ ဒီသူငယ်ဟာ မင်းပြောသလောက်ကြီး တော့လဲ ဆိုးလှမယ်မထင်ပါဘူးကွယ်။ သူ့ခမျာ စောင်းပညာသင်ချင်ရှာ လွန်းလို့ ဟိုဟို ဝေးလွန်းလှတဲ့ ဥဇ္ဇေနီပြည်က လာရှာရတာပါ''

မုသိလဘက်က ဝိုင်းကူ၍ အရေးဆိုကြပါတော့သည်။

ဤအချက်ကိုတော့ ဆရာဂုတ္တိလ လက်ခံနိုင်ပါသည်။ ဥဇ္ဇေနီပြည်က ပြန်လာကြသော ကုန်သည်များ ထံမှ ဤသတင်းစကား ကြားသိ ထားပြီး ဖြစ်ပါသည်။

ဆရာဂုတ္တိလတို့ နေထိုင်ရာ ဗာရာဏသီမြို့တော်မှ ကုန်သည်များ သည် ဆရာ ဂုတ္တိလ၏ စောင်းလက်သံကို နားစွဲ၍ နေကြ၏။ သို့ဖြစ်၍ ဥဇ္ဇေနီမြို့တော်သို့ ရောက်နေခိုက်တွင် ဆရာဂုတ္တိလ၏ စောင်းလက်သံကို အလွမ်းပြေ သဘောဖြင့် ထိုမြို့မှ စောင်းသမားတစ်ယောက်ကို ငှား၍ နားထောင်ကြ၏။ ထိုက်တန်သော အခကြေးငွေကိုလည်း ပေးကြ၏။ ကိုယ့်မြို့ ကိုယ့်နယ်မှာ နာမည် အကျော်ကြားဆုံး ဖြစ်နေသော စောင်း သမား မုသိလသည် တိုင်းတစ်ပါးသား ကုန်သည်တို့အား သူ့တတ်သမျှ မှတ်သမျှထဲမှ အကောင်းဆုံး တီးလုံးတီးကွက်များကို ကြိုးစားပမ်းစား တီးပြ၏။ သို့တော် ဗာရာဏသီကုန်သည်တို့ကား အားရကျေနပ်ခြင်း မရှိ ကြပါ။

မထို့တက်တေး မှုန်မှေးမှေး ဖြစ်နေကြသော မျက်နှာများကို အကဲခတ်လျက် မုသိလသည် အသံမြည်လွန်း၊ တင်းလွန်းနေသောလက်သံ ကို အတန်ငယ်လျှော့ချကာ အလယ်အလတ်တန်းစား လက်သံဖြင့် တီးပြ ပြန်၏။ ထိုအသံကိုလည်း ကုန်သည်များက ကျေနပ်ဟန် မပြကြသေး သဖြင့် အလျော့ဆုံးသော လက်သံဖြင့် တီးပြရပြန်၏။ ထိုအသံကိုလည်း ကုန်သည်တို့က အရသာခံ၍ မရကြပေ။

ဤတွင် စောင်းသမားအကျော်အမော် မုသိလက....

''အို ကုန်သည်တို့၊ သင်တို့ဟာ ငါတီးပြတဲ့စောင်းသံကို ဘယ်လိုမှ မတုံ့ပြန်ကြပါကလား။ ဘယ်လိုလဲ၊ သင်တို့ဟာ ငါ့ထက်တော်တဲ့စောင်း ဆရာ့လက်သံကို နာခံထားရလို့လား။ ဒါမှမဟုတ် စောင်းဆိုတာဘာမှန်း မသိကြလို့လား''

ဤသို့ မခံချင်စိတ်နှင့် မေးလိုက်လေရာ ဗာရာဏသီကုန်သည်များ က အဖြစ်မှန်ကို ပြောပြကြရ၏။ ဤတွင်မှ မုသိလသည် ပေးထားသော အခကြေးငွေကိုပြန်အမ်းကာ ကုန်သည်များနှင့်အတူ ဗာရာဏသီမြို့တော် သို့ လိုက်ပါလာခဲ့ရပေတော့သည်။

ပညာလိုလားသော စိတ်ဓာတ်ဖြင့် ဤမျှလောက် ဝေးလံသော အရပ်မှ တကူးတကန့် လိုက်လာခဲ့ရသည်ကို စာနာ ထောက်ထားပါ၏။ သို့သော် အဆိပ်ပင်ကို ရေလောင်းဖို့ကတော့ မလွယ်ချေ၊

''သားလေးရယ်၊ ဂုတ္တိလရယ်၊ အမေတို့စကားကို လေးစားတဲ့ အနေနဲ့ ဒီသူငယ်ကလေးကို လက်ခံလိုက်ပါလားကွယ်။ သူငယ်ကလေး ရှိနေတော့ ငါ့သားမှာလဲ ရွှေနန်းတော်ကြီးသွားပြီး အမှုထမ်း ရတဲ့အခါ နောက်ဆံမတင်းရတော့ဘူးပေါ့''

ဆရာဂုတ္တိလ တွေတွေငေးငေးရှိနေဆဲတွင် မိဘနှစ်ပါးတို့က ထပ် မံ၍ တိုက်တွန်းကြပြန်၏။ သည်တခါတော့ သာမန်တိုက်တွန်းရုံ မက တော့ချေ။ သူတို့စကားကို လက်မခံပါက သူတို့ကို မလေးစားရာရောက် သည့်သဘော ပါလာချေပြီ။ ဤသဘောမျိုးတော့ အပေါက်မခံနိုင်ပါ။ မိအိုဖအိုများကို အလွန်တရာ လေးစားလှသဖြင့် တစ်ကိုယ်ရေတစ်ကာယ ဘဝဖြင့် ပြုစုလုပ်ကျွေး၍ လာခဲ့သည်မှာ ယခု လူကြီးပိုင်းသို့ပင် ရောက် လာခဲ့ပါပြီ။ သို့ဖြစ်၍....

''ကျွန်တော်တော့ စိတ်လေးလေးပဲအမေတို့ရာ။ သူ့ကို လက်ခံမှ အမေတို့ စိတ်ချမ်းသာမယ် ဆိုတော့လဲ ကျွန်တော် ဘာတတ်နိုင်တော့ မှာလဲ''

''သာဓုကွယ်၊ သာဓု၊ သာဓု။ ငါ့သား သူတော် ကောင်း ကြီး ဘုန်းကြီးလို့ သက်ရှည်ပါစေ''

မတတ်သာ၍ လက်ခံလိုက်ရသည်ကိုပင် မိဘနှစ်ပါးတို့က သာဓု ခေါ်၍ မဆုံးနိုင်ကြပေ။။ သူတို့၏ သာဓုခေါ်သံ သောသောညံခဲ့၍ပင် ယခုတော့ အရှက်တကွဲအကျိုးနည်း ဖြစ်ရပေတော့မည်။

လက်ခံရေးအတွက် အခက်တွေ့ခဲ့ရသော ဆရာဂုတ္တိလသည်လက်ခံ ပြီးသည့်နောက်မှာတော့ စောစောကသံသယများကို ချေဖျောက်၍ ပစ် လိုက်၏။မကောင်းမည့်အလားအလာများကို လုံးဝမတွေးတော့ဘဲတပည့် ရင်းချာကဲ့သို့ သဘောထားကာ စိတ်ရှည် လက်ရှည် သင်ကြားပေး၏။

မုသိလကလည်း ဆရာ အပေါ် ရှိသော ကျေးနွံမှု အပြည့်ဖြင့် ကြိုးကြိုးစားစား သင်ယူသဖြင့် သင်ရကျိုးနပ်လှပါပေသည်။

ဤသို့ဖြင့်မုသိလနှင့်ပတ်သက်၍ ဆရာဂုတ္တိလ၏ သဘောထားသည် မိဘများနှင့် တစ်သားတည်း ဖြစ်လာ၏။ ဤတွင် ဆရာဂုတ္တိလ သည် ရွှေနန်းတော်ကြီးသို့ အမှုထမ်းသွားရသောအခါ တပည့် မုသိလကိုပါ ခေါ်သွား၏။ သို့ဖြစ်၍ မုသိလသည် တစ်နေ့တခြား စောင်းလက်သံကောင်းလာသည်နှင့်အမျှ ရွှေနန်းတော်ကြီးမှာလည်း အသိအကျွမ်းတွေ့ရလာပေသည်။ ဆရာဂုတ္တိလ၏ အရှိန်အဝါဖြင့် ဗြဟ္မဒတ်မင်းကြီးကိုယ်တိုင်ကပင် တစ်ပြည်တစ်ရပ်ခြားမှမုသိလကို ခေါ်ဝေါ်မိန့်ကြားမှုပြုလာပေသည်။

ဆရာတစ်ဆူပြုမူကြရသော ပုဂ္ဂိုလ်များသည် အခြားနေရာများ၌ အများနည်းတူ ဖြစ်ကောင်းဖြစ်ကြပါလိမ့်မည်။ သို့ရာတွင် မိမိတပည့်များကို တတ်သိလိမ္မာစေလိုသော စေတနာကတော့ ဘယ်သူနှင့်မျှ မတူနိုင်ပါ။ မိမိထံအပ်နှံထားသော တပည့်များကို မိမိတတ်သိထားသလောက် အိတ်သွန်ဖာမှောက် သင်ကြားပေးလိုက်ချင်သည်သာ ဖြစ်ပေသည်။

ဆရာဂုတ္တိလမှာလည်း ထိုဆရာများတွင် ထိပ်ဆုံးကပါဝင်နေ၏။ ထို့ကြောင့် ဆရာ့ဆရာကြီးများထံမှ မိမိနာခံ မှတ်သားလာခဲ့ရသော တီးလုံးတီးကွက်များသာမက မိမိကိုယ်တိုင် တီထွင် စပ် ဟပ် ထား သော တီးလုံးတီးကွက်များကိုပါ သင်ကြားပေးလိုက်လေသည်။

အထက်ပါဆရာများတွင် ခြွင်းချက်ထားစရာတစ်ခုကား ရှိပါ၏။ ဂါထာမန္တာန် သင်ကြားပေးသော ဗြဟ္မာဏဆရာကြီးများသည် သင်ရိုးကျမ်းစာများကို ကုန်စင်အောင် သင်ကြားပေးပြီးလျှင် မိမိ အတွက် အရေးပါအရာရောက်ဆုံးသော ဂါထာမန္တာန်တစ်ခုခုကိုကား ခြွင်းချန်ထားတတ်ကြ၏။ ဤသည်ကို (အာစရိယမုဋ္ဌိ) ဆရာ့လက်ဆုပ် ပြုလုပ်ထားသည်ဟု ခေါ်ကြရ၏။ ဤသို့ ပြုလုပ်သည်ကလည်း တပည့်များအပေါ် စေတနာမရှိ၍ မဟုတ်ပါ။ တပည့်များက မိမိအပေါ် ရာသက်ပန် ရိုသေလေးစားနေစေရန်၊ ပညာရည်တူအဖြစ်ဖြင့် မိမိနှင့် ယှဉ်ပြိုင်မလာနိုင်စေရန်သာဖြစ်၏။ နောက်ဆုံးနေ့ သေအံ့ဆဲဆဲအချိန်ရောက်ခါမှ အရင်းနှီးဆုံးသော တပည့်ထံတွင် ထိုလက်ဆုပ်ကိုဖြေ၍ ပေးသွားကြရပေသည်။

ဆရာဂုတ္တိလမှာကား ဤသို့ဆရာ့လက်ဆုပ် ပြုလုပ်မထားမိပေ။ မိမိတတ်ကျွမ်းထားလေသမျှ ပညာရပ်အားလုံးကို သင်ကြား၍ ပေးမိပေပြီ။ ထို့ကြောင့်ပင် မိမိ၏တပည့်က မိမိနှင့်ပညာချင်းယှဉ်ပြိုင်ရန် စိန်ခေါ် ခံလိုက်ရပါတော့သည်။

ပညာလိုလားမှုသက်သက်ဖြင့် တစ်ပြည်တစ်ရပ်ခြားမှရောက်လာခဲ့ရသော မုသိလသည် ပညာပြည့်ဝလာသည့် အချိန်တွင်ကား စိတ်သဘောထား ပြောင်းလဲလာ၏။ မိမိတို့ဇာတိရပ်ဌာန် ဥဇ္ဇေနီမြို့တော်ထက်အဆက်ဆက်က သာလွန်နေသောဗာရာဏသီမြို့တော်ကြီးကို လေ့လာသုံးသပ်ကာ ဤမြို့တော်ကြီးမှာပင် အခြေချ၍နေထိုင်ချင်လာ၏။ သာမန်စောင်းသမားတစ်ယောက် မဟုတ်ဘဲ ရွှေနန်းတော်မှာ တာဝန်ထမ်းဆောင် ရသောတော်ဝင်စောင်းဆရာ တစ်ယောက် ဖြစ်ချင်လာ၏။

သို့ဖြစ်၍ ဤအကြောင်းကို ဆရာဂုတ္တိလထံတင်ပြလေရာ စေတနာအပြည့်အဝထားရှိသော ဆရာဂုတ္တိလကလည်း မနာလိုဝန်တိုစိတ် လုံးဝမမွေးဘဲ ဗြဟ္မဒတ်မင်းကြီးထံ ပန်ကြား၍ ပေးလိုက်လေသည်။ ဗြဟ္မဒတ်မင်းကြီးကလည်း ဆရာဂုတ္တိလအားပေးသနားခဲ့သော လစာတစ်ဝက်ဖြင့် အမှုထမ်းရန် လက်ခံလိုက်လေသည်။

ဤအကြောင်းကိုဆရာဂုတ္တိလထံမှ ကြားသိရသည်နှင့်တစ်ပြိုင်နက် မုသိလက မခံမရပ်နိုင် ဖြစ်သွားရတော့၏။

''ဒီလိုတော့ မဖြစ်သင့်တာဘဲ ဆရာရယ်။ ဆရာနဲ့ကျွန်တော်နဲ့က စောင်းပညာမှာ ဘာထူးကြတော့တာမှ မဟုတ်တာ။ ကမ်းကုန်လမ်းကုန် အတူတူ တတ်နေကြပြီ မဟုတ်လား။ ဒါကိုမှ မယုံနိုင်ကြဘူး ဆိုရင်တော့ ဆရာနဲ့ ကျွန်တော် ပညာပြိုင်ကြဖို့ပဲ ရှိတော့တယ်''

သည်လို အတိအလင်း စိန်ခေါ်လာမှတော့ ဆရာဂုတ္တိလ မည်သို့တုံ့ပြန်ရပါမည်နည်း။ ပြောစဉ်တုန်းက မိမိအိမ်မှာဖြစ်ခဲ့သော်လည်း ယခုတော့ ထိုစကားက မုသိလ၏ပယောဂဖြင့် တစ်မြို့လုံး ပြန့်နှံ့သွားချေပြီ။ ဗြဟ္မဒတ်မင်းကြီး၏နားအထိ ပေါက်ကြားသွားပေပြီ။ သို့ဖြစ်၍မင်းကြီးကိုယ်တိုင်က မုသိလကိုခေါ်ယူ၍ မေးမြန်းလေရာ ဆရာဂုတ္တိလနှင့်ယှဉ်ပြိုင်တီးခတ်လိုပါကြောင်း ရဲဝံ့စွာ လျှောက်တင်လိုက်လေသည်။

ဤအခြေအနေအထိ ဆိုက်ရောက်လာမှတော့ ဆရာဂုတ္တိလအဖို့ နှစ်လုံးနှစ်ခွ စိတ်ဒွိဟဖြစ်နေရှင့် မရှိတော့ပါ။ မုသိလ၏ စိန်ခေါ်ချက်ကို

လက်ခံကာ နေ့ခင်ခုနစ်ရက်ကြာလျှင်၊ ယှဉ်ပြိုင်ရန် ရက်သတ်မှတ်လိုက်ရပါတော့သည်။

ဆရာဂုတ္တိလအနေနှင့် မိမိပညာကို ယုံကြည်ပါ၏။ မိမိလက်များကို စိတ်ချပါ၏။ သို့ရာတွင် မိမိ၏ အသက်အရွယ်ကိုကား စိတ်မချတချဖြစ်လာရ၏။ ပညာအရည်အချင်း အားဖြင့် ထပ်တူထပ်မျှ ရှိကြရာတွင် မိမိမှာကျလူဖြစ်နေပေပြီ။ မုသိလမှာတော့ ကာယအားရော ဉာဏ်အားပါ တိုးတက်ရှင်လန်းနေဆဲဖြစ်၏။ ထို့ပြင်ဆရာနှင့်တပည့်ဟူသော သတ်မှတ်ချက် ကြီးကလည်း ဆရာဖြစ်ခဲ့သူအတွက်အနှောင့်အယှက်ကြီးဖြစ်နေရ၏။

ပရိသတ် ဗိုလ်ပုံ အလယ်၌ သူနိုင် ကိုယ်နိုင် ယှဉ်ပြိုင် ကြရာ တွင် အကယ်၍ သူ့ဘက်ကရှုံးသွားပါက ပြောလောက်အောင် မထိခိုက်နိုင်။ မိမိမှာကား မတွေးရဲလောက် အောင်ပင် ထိခိုက်နိုင်သည်။ သည်တော့ အရှုံး မခံရအောင် မည်သို့ ပြုရပါမည်နည်း။

မင်းတရားကြီးရှေ့မှောက်မှာ အသေအချာ ဝန်ခံထားပြီးဖြစ်လေတော့ ဤပွဲကိုဖျက်သိမ်း၍မရနိုင်ပါ။ အခြားတစ်ဖက်ကလည်းမိမိဘက်က ရှုံးဖို့များနေသောပွဲတွင် မယှဉ်ပြိုင်လိုပါ။ ဤသို့ဆိုလျှင် သွားစရာလမ်းက တစ်ခုတည်းသာ ရှိပါတော့သည်။

ဆရာဂုတ္တိလသည် မိဘနှစ်ပါးကို တိတ်တဆိတ် ဦးချကာ ဗာရာဏသီ မြို့တော်မှ ထွက်ခွာလာခဲ့ပါတော့သည်။

ထွက်လာစဉ်တုန်းကတော့ မလူးသာမလွန့်သာဖြစ်နေသော မိမိ၏ ဘဝဆိုးကြီးကို တောထဲမှာ အဆုံးသတ်ပစ်လိုက်ဖို့ ဖြစ်ပါ၏။ အရှက်တကွဲ အကျိုးနည်းဖြစ်ရမည့်အစား ကိုယ့်ဘာသာ သတ်သေပစ်လိုက်ရန် ဖြစ်၏။တောကြီးထဲသို့တကယ်ရောက်လာသည့်အခါတွင်ကား သေရမည့် အရေးကိုတွေး၍ ကြောက်လာပြန်၏။ သို့ဖြစ်၍ သတ်သေမည့် ဆုံးဖြတ်ချက်ကြီးကို ပယ်ဖျက်ကာ အိမ်သို့ ပြန်လာခဲ့ရ၏။

အိမ်သို့ရောက်လာပြန်တော့လည်း စိတ်အေးလက်အေးမနေရပါ။ မျက်မမြင် မိဘနှစ်ပါးတို့သည် မိမိတို့ကြောင့် ဤသို့ဖြစ်ရကြောင်း တဖွဖွ ပြောဆိုကာ ငို၍မဆုံးနိုင်အောင် ဖြစ်နေကြရ၏။ ဤပွဲကြီးကို အထူးတလည် စိတ်ဝင်စားနေကြသော မြို့သူမြို့သားတို့ကလည်း ထင်ကြေးတွေ အမျိုးမျိုးပေးနေကြ၏။ အဆိုးဆုံးကတော့ တစ်ဖက်လူ မုသိလ၏ ဝှံဝှံ စားစား ကျုးဝါးချက်များပင် ဖြစ်ပေသည်။

သည်လိုစကားတွေကြားရပြန်တော့လည်းဆရာဂုတ္တိလရပ်တည်၍မရတော့ပါ။သည်ကနေ့တော့ သေဖြစ်အောင် သေတော့မည်ဟုစိတ်နှလုံးတုံးတုံးချ၍ တောထဲသို့ လျှောက်လာပြန်၏။ တောထဲသို့ ရောက်ပြန်တော့ သေရမှာက မလွယ်ကူ။

သေရအောင် တောထဲသွားလိုက်၊ မသေဝံ့၍ ပြန်လာလိုက်ဖြင့် ဆရာဂုတ္တိလ သွားခဲ့သော နေရာတစ်လျှောက်တွင် လမ်းဖုံဖုံပေါက်လာပေပြီ။ ဆောက်တည်ရာမရ သွားလိုက် ပြန်လိုက်ဖြင့် ခြောက်ရက်တိတိ ကုန်လွန်ကာ ခုနစ်ရက်သို့ ရောက်လာခဲ့ပေပြီ။မြို့သူမြို့သားတို့ကလည်း အကြီးအကျယ်ဆုံးသော ပြိုင်ပွဲကြီးအတွက် နန်းတော်တံခါးဝ၌ ကြီးကျယ်လှသော မဏ္ဍပ်ကြီးကို ဆောက်လုပ်၍ ပြီးစီးပေပြီ။

ပြိုင်လည်း မပြိုင်ဝံ့၊ သေလည်း မသေဝံ့သော ဆရာဂုတ္တိလအား ဤအကျပ်အတည်းမှ လွတ်မြောက်ရန် ကူညီစောင့်ရှောက်မည့်သူ ဟူ၍ပေါ်လာပါဦးမည်လော။

မည်သို့ပင် ဖြစ်စေကာမူ မဏ္ဍပ်ကြီးတစ်ခုလုံး ပရိသတ်တွေပြည့်လာကြပေပြီ။ မဏ္ဍပ်အတွင်းသို့ မဝင်နိုင်ကြသော ပရိသတ်များမှာ ခုတင်များ၊ဘန်းလျှားများ သယ်ဆောင်ကာ အစီအရီခင်း၍ ထိုင်နေကြပေပြီ။ သူတို့နောက်မှာတော့ အစီအရီထိုးကြသော လှည်းများ၊လှည်းနှင့်အပြည့် အသိပ် ပရိသတ်များ။

အထူးတလည်မွမ်းမံပြင်ဆင်ထားသောနေရာ၌ ဗြဟ္မဒတ်မင်းကြီး ရောက်လာပေပြီ။မှူးတော်မတ်တော်များနှင့် နန်းတွင်းသူ နန်းတွင်းသားတို့ကလည်း မိမိတို့နှင့် ထိုက်သင့်သည့်နေရာမှာ ခစားလျက်ရှိနေကြပေပြီ။ ဤအချိန်မှာ သာယာငြိမ့်ညောင်းလှသော စောင်းသံပေါ်ထွက် လာပေသည်။ သူတီးခတ်နေသည့် စောင်းအပြင် အပိုစောင်း နှစ်လက်ကလည်း အရန်သင့် ရှိနေပေသည်။

ယခင်နေ့များတုန်းက မိမိအသက်အရှယ်ကို တွက်ဆ၍ စိတ်ဓာတ်ကျနေခဲ့ရသော ဆရာဂုတ္တိလသည် တကယ့် တကယ် ပွဲကြီး ဝင်ရချိန်မှာတော့ အားသစ် အင်သစ်တွေဝင်နေဟန် ရှိပေသည်။ သူ၏ လက်သံသည် ပီပီသသ၊ကြည်ကြည်မြမြလည်းရှိပါပေသည်။မူးမူးကြွကြွလှုလှုပပလည်း ရှိပါပေသည်။ သီချင်းတစ်ပုဒ် ပြီးဆုံးသွား၍ စောင်းသံ ရပ်သွားသော အခါ ပရိသတ် အားလုံးက သောင်းသောင်း ဖျဖျ သြဘာ ပေးကြရပေသည်။

ဤသို့ဆရာ့ဘက်က တာထွက်ကောင်းသွားသော်လည်း မုသိလက မတုန်လှုပ်ပါ။ သည်ဆရာ့ဆီက အတတ်ပညာကို အကုန်အစင်သင်ယူပြီး ပြီမို့ သူကလည်း ဆရာ့နည်းတူ တီးခတ်နိုင်သည်သာဖြစ်ပါ၏။ ပရိသတ်ကြီး၏ ဩဘာသံကို ထပ်တူထပ်မျှပင် ခံယူလိုက်ရပါ၏။

မိမိအလှည့်သို့ နောက်တစ်ကြိမ် ပြန်ရောက်လာသောအခါ ဆရာဂုတ္တိလသည် စောင်းကြိုး တစ်ချောင်းကို ဖြတ်၍ ဟန်မပျက် တီးခတ်၏။ ရှိနေသော စောင်းကြိုးများ နည်းတူပင် ပြတ်သွားသော နေရာမှလည်း ရွှေးမူမပျက် အသံများ ထွက်လာကြပေသည်။

ဝက်ဝက်ကွဲမျှ ဩဘာပေးကြသော အသံများအဆုံးတွင် မုသိလကလည်း နေရာမှထလာ၏။ ဆရာကို စိန်ခေါ်ခဲ့သူဖြစ်၍ သူကလည်း စောင်းကြိုးတစ်ချောင်းကိုဖြတ်၍ တီးလိုက်၏။ သို့သော် ပြတ်နေသော နေရာမှ ဘာသံမျှ ထွက်မလာပါ။ စောစောက ဩဘာပေးခဲ့ကြသော ပရိသတ်များက တစ်ခဲနက် အော်ဟစ်ပြောင်လှောင်ကြ၏။ ရင်ကို ကော့၍ ခပ်ဟော့မော့နေခဲ့သော မုသိလတစ်ယောက် ခေါင်းငုံ့၍ ထိုင်လိုက်ရပေတော့သည်။

ဤပွဲတွင် ကောင်းကောင်းကြီး အနိုင်ရလိုက်ပြီး ဖြစ်သော်လည်း ဆရာဂုတ္တိလ၏ အစီအစဉ် များကတော့ မပြီးဆုံးသေးပါ။ ကြိုးတစ်ချောင်း ဖြတ်ပြီးသည့်နောက်တွင် ကျန်သောကြိုးများကို တစ်ချောင်းချင်း ဖြတ်၍ ဖြတ်၍ တီးခတ်ပြန်၏။ စောင်းကြိုးပြတ်သွားသည်နှင့်အမျှ စောင်းသံကလည်း ပိုမိုပြတ်သား၍ လာပေသည်။ နောက်ဆုံး ကြိုးတစ်ချောင်းမျှ မရှိတော့ဘဲနှင့်ပင် စောင်းသံလွင်လွင်ကို ကြားနေကြရပေသည်။

ကေန္တ အကြောင်းတစ်ခုခုတော့ ရှိနေပေပြီ။ ဆရာဂုတ္တိလအား အရှက်တကွဲအကျိုးနည်းမဖြစ်စေရန် ကူညီစောင်မသူတစ်ဦးဦးရှိနေပေပြီ။ ပရိသတ်များက ဤသို့တွေးတောနေဆဲမှာပင် ဆရာဂုတ္တိလသည် ကြိုးတစ်ချောင်းမျှမရှိတော့သောစောင်းကို အထက်ကောင်းကင်သို့ လွှင့်မြှောက်လိုက်၏။ ထိုခဏမှာပင် အထက်ကောင်းကင်မှ နတ်သမီးသုံးရာတို့ ဆင်းသက်ကာ ညီညီညာညာ ကကြလေသည်။ စောစောက တီးခတ်ခဲ့သော စောင်းသံကလည်း မြူးမြူးသွက်သွက် ပေါ်ထွက်မြဲပေါ်ထွက်၍ နေပေသည်။

နတ်သမီးကလေးများ၏ ကကြိုးကကွက်၊ တေးတစ်ကွက် ပြီးဆုံးသွားသောအခါ ဆရာဂုတ္တိလသည် နောက်ထပ်စောင်းတစ်လက်ကို လွှင့်မြှောက်လိုက်ပြန်၏။ နောက်ထပ် နတ်သမီးသုံးရာတို့ ဆင်းသက်လာ၍ ကကြပြန်၏။ နောက်ဆုံး စောင်းတစ်လက်ကို လွှင့်မြှောက်လိုက်ရာတွင်လည်း နတ်သမီးသုံးရာတို့ ဆင်းသက်လာ၍ ကပြကြပြန်၏။ အံ့ဩ၍မကုန်နိုင်သော မြင်ကွင်းကြား မြင်ကွင်းများကြောင့် ပရိသတ်များမှာ ဩဘာပေးရန်ပင် မေ့လျော့၍ နေကြပေသည်။ စောင်းသံနှင့် နတ်သမီးများ ကွယ်ပျောက်ခါမှ မိုးပြိုမတတ်ဩဘာသံကြီး ထွက်ပေါ်လာပေသည်။

မကြုံစဖူး ထူးကဲလှသည့်ပွဲတော်ကြီး ပြီးစီးသွားသောအခါ ဆရာဂုတ္တိလအထံသို့ နတ်ရထားတစ်စီး ဆိုက်ရောက်လာ၏။ နတ်တို့ကို အစိုးရသော သိကြားမင်းသည် ဆရာဂုတ္တိလ၏ အကျပ်အတည်းကို ကူညီဖြေရှင်းပေးရုံမျှဖြင့် အားမရသေးသဖြင့် ဆရာဂုတ္တိလအား နတ်ပြည်သို့ အလည်လာရန် အကြိုလွှတ်လိုက်ခြင်းပင် ဖြစ်ပေသည်။

(ဒုကနိပါတ်၊ ဂုတ္တိလဇာတ်)

**ဂုတ္တိလဇာတ်၊ ဒုကနိပါတ်၊ ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| စောင်းသမား မုသိလ | = | ဒေဝဒတ်။ |
| သိကြားမင်း | = | အရှင်အနုရုဒ္ဓါ။ |
| မြဟ္မဒတ်မင်း | = | အရှင်အာနန္ဒာ။ |
| စောင်းဆရာ ဂုတ္တိလ | = | မြတ်စွာဘုရား။ |

## အသုံးကျသည့် မိဂမာယာ

လူသူမနီးသည့် တောကြီးမျက်မည်း ဖြစ်စေကာမူ သမင်တို့သည် စိတ်လွတ်ကိုယ်လွတ်ကြီး မကျက်စားနိုင်ကြပေ။ ဤလိုတောကြီးမျက်မည်းသို့ သာမန် တောင်သူလယ်သမားများ ရောက်လာလေ့ မရှိသော်လည်း မုဆိုးများကတော့ ရောက်လာတတ်ကြ၏။ ထို့ကြောင့် သွားလေရာ လာလေရာတွင် သူတို့၏အရိပ်အခြည်ကိုကြည့်၍ကျက်စားကြရ၏။ သူတို့၏ ဘေးအန္တရာယ်မှ လွတ်မြောက်ရေးအတွက် ပေါက်ဖွားလာသော သမင်ကလေးများအား မိဂမာယာခေါ် သောအတတ်ပညာများကိုဂရုတစိုက် သင်ကြား၍ ပေးကြရပေသည်။

ဤသို့ သင်ကြားပေးနေသည့် ကြားကပင် သမင်ပျိုလေး တစ်ကောင်မှာ မုဆိုးထောင်ထားခဲ့သော ကြော့ကွင်းမှာမိသွား၏။ ကြော့ကွင်းမိကြောင်း သိလိုက်သည်နှင့် တဆုပ်ပိုင်နက် သမင်ပျိုကလေးက ထိတ်လန့်တကြား အော်မြည်လိုက်ရာ အပေါ်သမင်များမှာ ကြောက်အားလန့်အားနှင့် ပြေးလာကြရ၏။ ဤတွင် သူ၏မိခင် သမင်မသည် သူ၏မောင်ဖြစ်သူထံသို့ အမောတကော ပြေးလာကာ....

စပယ်ဦး၊ ၁၉၇၅

''မောင်ကြီးရယ်၊ မောင်ကြီးရဲ့ တူတော်မောင်တော့ အခု ကြော့ကွင်းထဲ မိနေပြီတဲ့။ သားလေး ကိုယ်ကျိုးကြီးနည်းတော့မှာ ထင်ပါရဲ့''

သတင်းဆိုးကို ကြိုးစား၍ ပြောနေရာမှ မချုပ်တည်းနိုင်ဖြစ်ကာ ရှိုက်ကြီးတငင် ငိုချလိုက်ရ၏။ ၎င်းတွင် မောင်ဖြစ်သူက....

''သိပ်လဲ ပူမနေပါနဲ့ဦး ငါ့နှမရယ်။ နင်ကိုယ်တိုင် လာအပ်ထားခဲ့တဲ့အတိုင်း ငါကလဲ သူ့ကိုသင်ကြားပေးခဲ့သားပဲ။ သူကိုယ်တိုင်က ပညာသင်လိုစိတ် စိတ်သန်တဲ့အတွက် ငါချိန်းလိုက်တဲ့ အချိန်မှာ မပျက်မကွက်ရောက်လာခဲ့တယ်။ သင်ပေးလေသမျှ အတတ်ပညာများကိုလဲ အင်မတန်တန်ဖိုးထားတယ်။ လေးလေး စားစား သင်ယူပြီးတော့ အမြဲတမ်းလဲ အလေ့အကျင့်ပြုနေတယ်။ ဒါကြောင့် နင့်သားဟာ မုဆိုးလက်မှာ မသေနိုင်ပါဘူး။ သူသင်ထားခဲ့တဲ့ မိဂမာယာ အတတ်ပညာနဲ့ သူ့ဘာသာကြော့ကွင်းက လွတ်မြောက်လာမှာပါ။ စောင့်သာ ကြည့်နေပါတော့''

မောင်ဖြစ်သူ၏ ဖျောင်းဖျောင်းဖျဖျ ပြောပြလိုက်သည့် အတွက် သမင်မမှာ စိတ်သက်သာသလိုလို ရှိလာပါ၏။ သို့ရာတွင် မောင်ဖြစ်သူ ပြောသလို စောင့်၍ကား ကြည့်မနေနိုင်ပါ။ အန္တရာယ်ဆိုးကြီးက လွတ်မြောက်လာသော သားကို ကိုယ်တိုင်ကိုယ်ကျ မမြင်ရသေးသမျှ စိတ်ချလက်ချ မနေနိုင်ပါ။ ထို့ကြောင့် သားနှင့်အတူ ကျက်စားကြသော သမင်ပျိုများထံ မေးမြန်းကာ သားလေး ကြော့ကွင်းမိရာသို့ လိုက်လာရ၏။ သားလေးရှိရာသို့ အဆော တလျင် လာချင်ပါလျက် နှင့် မုဆိုးရန်ကို ကြောက်ရသဖြင့် မမြင်နိုင်လောက်သည့် နေရာမှ ပုန်းလျှိုး ကွယ်လျှိုး လုပ်၍ လာရပေသည်။

မုဆိုး မမြင်နိုင်လောက်သော တောင်စွယ် ကျောက်ဆောင်များကြားမှ အသာချောင်း၍ ကြည့်လိုက်ရာ သားကလေးကို မြင်လိုက်ရ၏။ မမြင်ရမနေနိုင်၍ စွန့်စွန့်စားစား လိုက်လာခဲ့ရသော သမင်မခမျာ မိမိသားကလေးကို မြင်ရပြန်တော့လည်း ရင်ထုမနာ ဖြစ်ရပေသည်။

ယာဘက် ခြေလောက်တွင် ခိုင်ခံ့လှလော သားရေ ကြော့ကွင်းက တင်းတင်း ကျပ်ကျပ်ကြီး တုပ်နှောင်ထား၏။ ခြေထောက်မှာ သွေးစသွေးနများတော့ မမြင်ရသေးပါ။ ဦးရီးတော်ထံမှ မိဂမာယာ အတတ်ပညာကို သင်ယူထားသူမို့ ရုန်းကန်၍ မလွတ်နိုင်သော ကြော့ကွင်းကို အသား အရေများ အပြတ်ခံ၍ ရုန်းကန် မနေသောကြောင့် ဖြစ်ပါလိမ့်မည်။

ဤအချက်ကြောင့်စိတ်သက်သာဖွယ်ရှိသော်ငြားလည်းသားလေး၏ ဝမ်းဗိုက်တစ်ခုလုံး ဖောင်းဖောင်းကားကားကြီး ဖြစ်နေသည်ကတော့ အတွေးရခက်စရာဖြစ်၏။ ကြော့ကွင်းမှာ မိသွားသည့်အချိန်က ဘာမျှမကြာလှသေးဘဲလျက် ဘယ့်အတွက်ကြောင့် ပုပ်ပွဖေါယောင်၍ နေရပါသနည်း။ အဘယ်ကြောင့် ခြေလက်လေးဘက်လုံး တောင့်တောင့် ကားကားကြီး ဖြစ်နေရပါသနည်း။

အနည်းငယ်မျှ မလှုပ်ရှားနိုင်တော့သော သားကလေး၏ ပတ်ပတ်လည်တွင် မြက်စမြက်နကလေး ပြန့်ကြဲနေကြ၏။ ရုတ်တရက် တွေ့လိုက်ရသော အန္တရာယ်ဆိုးကြီးကြောင့် အမြတ်တနိုး ကိုက်ဖြတ်စားမျိုထားခဲ့လေသမျှ အန်ထုတ်လိုက်ရ ရှာချေပြီ။ သူ့လျှာကိုမှ ပြန်မသိမ်းနိုင်တော့သဖြင့် ပါးစပ်ထဲက တွဲလောင်းကျ၍ နေချေပြီ။

ထိုမြက်နုကလေးများနှင့်အတူ ကျင်ကြီး ကျင်ငယ်များ ကိုလည်း တွေ့လိုက်ရ၏။ သားကလေး ခမျာ အလွန်တရာ ကြောက်ရှာ လွန်း၍ ဖြစ်ပေလိမ့်မည်။သူ့နဘေးပတ်ပတ်လည်မှာလည်း ခွာရာချင်းခတ်လောက်အောင် ကုပ်ခြစ်ထားသော အရာများရှိ နေကြ၏။ ခြေထောက်က အရေ အသားများ ပြတ်သွားလောက်အောင် မရုန်းကန်ခဲ့ပါဘဲလျက် ခွာရာများ ထင်နေခြင်းကတော့ အတွေးရ ခက်စရာပင်။

သားကလေး၏ဖြစ်အင်ကို မရှုရက်၊ မမြင်ရက်၊ ရှုမြင်နေရသော မိခင်ခမျာ ထို့ထက်ဆိုးသောအဖြစ်ကိုပါ ထပ်၍မြင်ရပြန်၏။ ကားကားကြီး ဖောယောင်နေသော ကိုယ်ကောင်ပေါ်သို့ ယင်မမည်းရိုင်းကြီးများ နားလာကြ၏။ အသေကောင်တွေ့လျှင် ဆွေရောမျိုးပါ တအာအာဝိုင်းအုံ၍ စားနေကျဖြစ်သော ကျီးများကလည်း နားလာကြ၏။ သားလေး၏ ကိုယ်ပေါ်မှာ လျှောက်ပြီး နှုတ်သီးနှင့်ထိုးဆွနေကြ၏။ ဤအခြေအနေထိ ရောက်လာပါလျက် သားကလေးကတော့ တုတ်တုတ်မျှ မလှုပ်လာရှာ တော့ပါ။

“ကေန္တ သားလေးသေပြီထင်ပါရဲ့။ အဖြစ်ဆိုးလှချည့်လား သားလေးရဲ့”

ကိုယ့်စိတ်ကိုမချုပ်တည်းနိုင်တော့သဖြင့်မိခင်သမင်မခမျာကျိတ်၍ ငိုလိုက်ရ၏။

ထိုစဉ်ခိုက်မှာပင် ကြော့ကွင်းထောင်ထားခဲ့သော မုဆိုးရောက်လာ၏။ သူ့လက်ထဲမှာ ဓားလှံလေးမြားလည်း အသင့်ပါလာ၏။ မိခင်သမင်

မမှာ ငိုဖို့ရန်ပင် မတတ်နိုင်တော့ဘဲ မုဆိုး၏အပြုအမူများကိုသာ မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေရ၏။ မုဆိုးသည် သမင်ပျိုလေးနားသို့ ရောက်လာသည်နှင့်တစ်ပြိုင်နက်တစ်ကောင်လုံးကိုလှမ်းခြုံ၍ကြည့်လိုက်၏။ ထို့နောက် ဖောင်းကားနေသော ဝမ်းဗိုက်ကြီးကို လက်နှင့်ပုတ်ကြည့်လိုက်၏။

''အင်း–ပုပ်တောင် နေပြီကိုး၊ မိနေတာ တော်တော်ကြီးကြာသွားပြီထင်ရဲ့''

မုဆိုးသည် ပြောပြောဆိုဆို ကြော့ကွင်းကို ပြန်ဖြုတ်လိုက်၏။ ထို့နောက် သမင်အသေကောင်ကိုဖျက်၍ ယူရာတွင်အောက်က ခင်းရန် သစ်ကိုင်းသစ်ခက်များ ခုတ်ချိုင်ရေးအတွက် ထိုနေရာမှထွက်ခွာသွား၏။

ထိုအခိုက်ကလေးမှာပင် မိဂမာယာအတတ်ပညာကို လက်တွေ့အသုံးချထားခဲ့သော သမင်ပျိုကလေးသည် တုံးလုံးလဲနေရာမှရုတ်တရက် ထ၍ ပြေးသွားပါလေတော့သည်။ မိခင်သမင်မနှင့်တကွ စောင့်ကြည့်နေကြသော သမင်အများလည်း သူ့နောက်မှ တပျော်တပါးကြီး လိုက်ပါလာကြပေသည်။

(ကေနိပါတ်၊ တိပလ္လတ္ထဇာတ်)

တိပလ္လတ္ထဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| တူသမင်ငယ် | = | သားတော်ရာဟုလာ။ |
| မိခင်သမင်မ | = | ဥပ္ပလဝဏ္ဏာထေရီ။ |
| ဦးရီးသမင် | = | မြတ်စွာဘုရား။ |

## ဆရာကောင်းတပည့် ပန်းကောင်းပန်

ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်ဟူသော ဘွဲ့မည်ခံ၍ ထီးနန်းစိုးစံလာခဲ့ကြသော မင်းအများတွင် သံဝရမင်းသား၏ ခမည်းတော်လည်း အပါအဝင် ဖြစ်ပေသည်။

သံဝရမင်းသားသည် ဗြဟ္မဒတ်မင်းကြီး၏ သားတော်ဖြစ်သော်ငြားလည်း ခမည်းတော်၏ အရိုက်အရာဆက်ခံနိုင်ဖို့ကတော့ အလှမ်းဝေးလွန်းလှ၏။ ဗြဟ္မဒတ်မင်းကြီး၌ သားတော်ပေါင်း တစ်ရာတိတိရှိခဲ့ရာ သူက အထွေးဆုံးညီငယ်ဖြစ်၍ သူ့အထက်မှာ နောင်တော် ၉၉ ပါးရှိနေကြ၏။ သူတို့အားလုံးထက် အကြီးဆုံးမှာ ဥပေါသထမင်းသားကြီးဖြစ်ရာ ထုံးတမ်းစဉ်သာအတိုင်းသာဆိုပါက ထိုမင်းသားကြီးသာ ထီးနန်းဆက်ခံဖို့ ရှိပေသည်။

ဥပေါသထမင်းသားမှစ၍ ဖွားမြင်လာသော် သားတော်များကို ဗြဟ္မဒတ်မင်းကြီးက အမတ်တစ်ယောက်စီထံ အပ်နှံကာ မင်း သား တို့ တတ်မြောက်သင့်သော အတတ်ပညာများ သင်ကြားစေ၏။ မင်းသားတို့ကလည်း ကြိုးစားပမ်းစား သင်ယူပြီးလျှင် ခမည်းတော် မင်းကြီးရှေ့မှောက်၌ မိမိအတတ်ပညာများကို ပြသကြ၏။ ခမည်းတော်မင်းကြီးက

အားရကျေနပ်လှသဖြင့် သားတော်တစ်ပါးစီအား မြို့ရွာနယ်ပယ်များ ပိုင်းခြားသတ်မှတ်၍ အပိုင်စားပေးလိုက်၏။ ဤတွင် သားတော်ကြီးများသည် မိမိတို့ အပိုင်စားရရှိသော မြို့ရွာနယ်ပယ်သို့ထွက်၍ စိုးမိုးအုပ်ချုပ်ကြလေသည်။

အထွေးဆုံးဖြစ်သော သံဝရမင်းသားသည်လည်း နောင်တော်များနည်းတူ အတတ်ပညာများ သင်ကြား၍ တတ်မြောက်လာ၏။ ခမည်းတော်မင်းကြီးရှေ့မှောက်၌ တတ်မြောက်ထားသောပညာများကိုပြသ၏။ ခမည်းတော်မင်းကြီးကလည်း ရှေးနည်းအတိုင်း အပိုင်စား နယ်ပယ်များဖြင့် ချီးမြှောက်၏။ ဤတွင် သံဝရမင်းသားက....

''ခမည်းတော်ဘုရား၊ သားတော်ပေါင်း တစ်ရာတိတိ ရှိကြတဲ့အနက်မှာ သားတော်ဟာ အထွေးဆုံးဖြစ်ပါတယ်။ နောင်တော်ကိုးကျိပ်ကိုးယောက်တို့ဟာ သူတို့အပိုင်စားရတဲ့ မြို့ရွာနယ်ပယ်များသို့သွားပြီးနေထိုင်ကြပါတယ်။ ဒီတော့ သားတော်ကပါ ထွက်သွားမယ်ဆိုရင်ခမည်းတော်ခြေရင်းမှာ သားတော်အားလုံးရဲ့ အသံများကင်းဆိတ်သွားပါလိမ့်မယ်။ ဒါကြောင့် အပိုင်စားရတဲ့မြို့ရွာများသို့ မသွားဘဲ ခမည်းတော်ရဲ့ခြေတော်ရင်းမှာသာ ခစားလိုပါတယ်ဘုရား''

နောင်တော်မင်းသားများနှင့်မတူ တမူထူးခြား၍လျှောက်ထားလေရာ၊ ခမည်းတော်မင်းကြီးကလည်း လိုလိုလားလား လက်ခံလိုက်ပေသည်။

သံဝရမင်းသားကနောင်တော်မင်းသားများနှင့်မတူအောင်လျှောက်ထားရခြင်းမှာ သူ၏ဆရာက နောင်တော်မင်းသားများ၏ဆရာများနှင့်မတူသောကြောင့် ဖြစ်၏။ နောင်တော်မင်းသားများ၏ ဆရာအမတ်များထက် ဤအမတ်က အသက်အရွယ်လည်းကြီးရင့်၏။ အသိပညာလည်းရင့်ကျက်၏။ စိတ်နေသဘောထားပြည့်ဝ၏။ တိုင်းရေးပြည်ရေးများ၌ ကျွမ်းကျင်လိမ္မာ၏။ရှေးရေးအလားအလာကိုမှန်ကန်စွာ တွေးခေါ်မြော်မြင်နိုင်၏။ ထိုအရည်အချင်းများထက် ပိုမို၍ အရေးပါ အရာရောက်ဆုံး မှာကား သံဝရမင်းသားလေးအပေါ် မိမိ၏သားကဲ့သို့ ချစ်ခင်မြတ်နိုးခြင်းပင်ဖြစ်ပေသည်။

ထို့အတူပင် သံဝရမင်းသားကလည်း ဆရာအမတ်ကြီးကို ဖခင်ကဲ့သို့ လေးမြတ်ကြည်ညို၏။ မင်းသားတို့တတ်အပ်သော အတတ်ပညာများ သင်ကြားတတ်မြောက်ပြီးသည့်တိုင်အောင်ပင် ဆရာအမတ်ကြီး၏

သွန်သင်ပြသမှုများကို ဆက်လက်၍ ခံယူနေ၏။ ထို့ကြောင့်ပင် ခမည်းတော်မင်းကြီး၏ ခြေရင်းမှာ နေထိုင်ရန် လျှောက်တင် နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

ထို့နောက် သံဝရမင်းသားသည် ဆရာအမတ်ကြီး၏ ညွှန်ကြားချက်ဖြင့်ပင် ခမည်းတော်မင်းကြီးထံမှစွန့်ပစ်ထားသော ဥယျာဉ်ဟောင်းကို တောင်းယူကာ စည်းဝင်းများ ကာရံစေ၏။ သစ်ပင်ဟောင်းများ၊ သစ်ငုတ်များကိုတူးဖော်စေ၍ မြေပြင်တစ်ခုလုံးကို ပြုပြင်ကာ စားပင်၊ ပန်းပင်များ စိုက်ပျိုးစေ၏။ ထိုဥယျာဉ်မှ အချိန်တန်၍ အသီးအပွင့်များ ဖြစ်ထွန်းလာသောအခါ အရေးပါ အရာရောက်သော မှူးကြီး မတ်ရာ သေနာပတိများထံ လက်ဆောင်ပေးပို့၏။ မှူးကြီးမတ်ရာသေနာပတိများကလည်း ဘုရင့်သားတော်တစ်ပါးက မိမိတို့အား လေးလေးစားစား ဆက်ဆံသဖြင့် အားရကျေနပ်ကြလေသည်။

ဤသို့ နန်းတော်အတွင်း၌အရေးပါအရာရောက်သူများနှင့်ရင်းနှီး ကျွမ်းဝင်မှုရရှိလာသောအခါပညာရှိအမတ်ကြီးက ရှေ့သို့တစ်လှမ်းတိုး၍ ညွှန်ကြားပြန်၏။ သံဝရမင်းသားကလည်း ညွှန်ကြားချက်ကို အလေးအနက်ခံယူကာ ခမည်းတော်မင်းကြီးထံ ချဉ်းကပ်၍....

"ခမည်းတော်ဘုရား၊ မြို့တော်မှာရှိနေကြတဲ့ မင်းမှုထမ်းမှန်သမျှကို ရိက္ခာလစာများပေးတဲ့နေရာမှာ မတော်တဆလစ်လပ်မှု၊ ယိုဖိတ်မှုများ ရှိနိုင်ပါတယ်။ ဒါကြောင့် ရသင့်သူမှန်သမျှ ပြည့်ပြည့်ဝဝရရှိကြအောင် သားတော်ကိုယ်တိုင်ဝင်ပြီး ဦးဆောင်ဦးရွက် ပြုလိုပါတယ် ဘုရား"

အရေးအကြီးဆုံးသောအရာဌာနကိုပင်နားဝင်အောင်အကြောင်းပြ၍ တောင်းခံလေရာ ခမည်းတော်မင်းကြီးကလည်း ကြည်ဖြူစွာပင်ပေးအပ်လိုက်လေသည်။

အရေးကြီးဆုံးသော အရာဌာနကို လက်ကိုင် ပြုလာရသောအခါ သံဝရမင်းသားသည် ထိုအရာဌာနကို ကျနသေချာစွာ စီမံခန့်ခွဲ၏။ လစာရိက္ခာရသင့်သူ ဟုတ်, မဟုတ်ကို အသေအချာ စစ်ဆေးကာ ရသင့်သူမှန်သမျှအား အပြည့်အဝရရှိအောင်ပေးစေ၏။ ဆင်တပ်၊မြင်းတပ်မှာရှိသော ဆင်များ၊ မြင်းများအတွက် စားရေရိက္ခာတို့ကိုပါ လောက်ငအောင်ပေးစေ၏။ ဆရာဖြစ်သူ အမတ်ကြီးကလည်း လုပ်ငန်းအဝဝကို ကိုယ်တိုင်လိုက်၍ကြည့်ရှုကာ ဟာကွက်မရှိရအောင် တဖွဖွသတိပေး၍နေပေသည်။

ဤသို့ ရိက္ခာတော်စား အမှုထမ်းများ အားလုံး၏ ယုံကြည် ကိုးစားမှု ခံယူရရှိသောအခါ ပညာရှိအမတ်ကြီးက ရှေ့သို့ တစ်ဆင့်တိုး၍ လမ်းညွှန်ပြန်၏။ သံဝရမင်းသားကလည်း လမ်းညွှန်စကားကို လေးလေးစားစား ခံယူပြီးလျှင်....

''ခမည်းတော်ဘုရား၊ တိုင်းတစ်ပါးက မင်းများနဲ့ ဆက်ဆံရေးဟာ အလွန်တရာ အရေးကြီးလှပါတယ်။ သူတို့နဲ့ ဆက်ဆံတဲ့ နေရာမှာ ဘာတစ်ခုမှ အဖုအထစ်မရှိစေဘဲ ချောမောပြေပြစ်နေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် နိုင်ငံရပ်ခြားက ရောက်လာကြတဲ့ သံတမန်များကို သားတော်ကိုယ်တိုင် နေရာချထားပေးလိုပါတယ်။ သံတမန် ထုံးတမ်းစဉ်လာနဲ့အညီ သားတော်ကိုယ်တိုင် ဧည့်ခံပြုစုလိုပါတယ် ဘုရား''

ပြည်တွင်းရေးနှင့် ထပ်တူထပ်မျှ အရေးပါလှသော အရာဌာနကို တောင်းယူရာတွင်လည်း ခမည်းတော်မင်းကြီးက ကျေကျေနပ်နပ် ပေးအပ်လိုက်၏။ သို့ဖြစ်၍ နိုင်ငံရပ်ခြားမှ ရောက်လာကြသော သံတမန်များသည် သံဝရမင်းသားနှင့် အများဆုံး ဆက်ဆံကြရ၏။ သံဝရမင်းသား၏ ဧည့်ခံပြုစုခြင်းကို အားရကျေနပ်ကာ မင်းသား၏ လုပ်ရည် ကိုင်ရည်များကိုပါ လေးစားကြရ၏။ ခမည်းတော် မင်းတရားကြီး အရိုက်အရာကို ဆက်ခံကာ နိုင်ငံတော်ကို နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်စွမ်းရှိသူ ဟူ၍ အသိအမှတ် ပြုလာကြရလေသည်။

ပြည်နီးချင်း မင်းအပေါင်း၏ အသိအမှတ်ပြုခြင်းကို ခံရပြီးသောအခါ ပညာရှိအမတ်ကြီးက နောက်တစ်မျိုးတိုး၍ လမ်းညွှန်လိုက်ပြန်၏။ သံဝရမင်းသားကလည်း ညွှန်ကြားချက်ကို ဦးထိပ်ရွက်ပန်ဆင်ကာ....

''ခမည်းတော်ဘုရား၊ တိုင်းတစ်ပါးက ရောက်လာကြတဲ့ ကုန်သည်များနဲ့ ပြည်တွင်းမှာ ရောင်းဝယ်ဖောက်ကားကြတဲ့ ကုန်သည်များဟာ အားအထားရဆုံး ဖြစ်တဲ့ အခွန် ထမ်း များ ဖြစ် ကြ ပါ တယ်။ ဒါကြောင့် သူတို့ဆီက အခွန်တော် ကောက်ခံတဲ့လုပ်ငန်းမှာ သားတော်ကိုယ်တိုင် ဦးစီးအုပ်ချုပ် လိုပါတယ် ဘုရား''

ဤသို့သော လျှောက်တင်ချက်အရ နိုင်ငံတော်၏ အသက်သွေးကြောတမျှ အရေးပါလှသော အရာဌာနကိုလည်း ခမည်းတော်မင်းကြီးက ယုံကြည်စိတ်ချစွာပေးအပ်လိုက်၏။ သံဝရမင်းသားကလည်းလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်လိမ္မာမှုရှိ၍ ရိုးသားဖြောင့်မတ်သော အမှုထမ်းများ

ကိုသာ ရွေးချယ်၍ တာဝန်ပေးအပ်၏။ သို့ဖြစ်၍ နိုင်ငံတော်၏ အခွန်ဘဏ္ဍာတော်များသည် ရှေးကထက် ပိုမိုပေါများလာပေတော့သည်။

ပညာရှိအမတ်ကြီး၏ လမ်းညွှန်မှုဖြင့် အောက်ခြေမှစ၍ တစ်စ တစ်စ သိမ်းသွင်းလာခဲ့ရာ ယခုတော့နိုင်ငံတော်တစ်ခုလုံး သံဝရမင်းသား၏ လက်တွင်းသို့ ရောက်နေပေပြီ။ ထိုအချိန်မှာပင် ခမည်းတော် ဗြဟ္မဒတ်မင်းကြီး မကျန်းမမာ ဖြစ်လာပေသည်။ သံဝရမင်းသား ကိုယ်တိုင် ကြပ်မ၍ ကျွမ်းကျင်သော သမားတော်ကြီးများဖြင့် ကြိုးကြိုးစားစား ကုသသော်လည်း မင်းကြီး၏ရောဂါက သက်သာ၍မလာချေ။ တစ်နေ့ ထက်တစ်နေ့ အခြေအနေဆိုးလာကာ မကြာမီ နတ်ရွာစံတော့မည့် အရိပ်လက္ခဏာများ ပြလာတော့၏။

ဤတွင် အမတ်ကြီးများက မင်းကြီးအနားသို့ အသာအယာ ချဉ်းကပ်ကာ ....

''မင်းတရားကြီးဘုရား၊ တကယ်လို့များ မင်းတရားကြီး မျက်နှာလွှဲသွားမယ်ဆိုရင် သားတော်တစ်ရာအနက် ဘယ်မင်းသားကို ထီးနန်းလွှဲအပ်ရပါမလဲဘုရား''

ထီးလွှဲနန်းလွှဲ အရေးအခင်းများတွင် သွေးချင်းချင်း နီခဲ့ပေါင်းများလှပြီမို့ အရဲစွန့်၍ လျှောက်တင်ကြရ၏။

ဗြဟ္မဒတ်မင်းကြီးကလည်း အမတ်များ၏ လျှောက်တင်ချက်ကို လက်ခံကြားနာ၍ အတန်ငယ်ငြိမ်သက်စွာ စဉ်းစားပြီးမှ....

''မှူးတော်မတ်တော်အပေါင်းတို့၊ ငါကိုယ်တော်မြတ်မရှိတော့တဲ့အခါ မှူးတော်မတ်တော်တို့ နှစ်သက်ကြည်ညိုတဲ့ မင်းသားကို ထီးနန်းလွှဲအပ်ကြပေတော့''

ဤသို့သောစကားကို တော်တော်ကြီး အားယူ၍ မိန့်ကြားရ၏။ မှူးတော်မတ်တော် အပေါင်းကလည်း ထိုအမိန့်တော်ကို ပုရပိုက်ဖြူဖြင့် သေသေချာချာ ရေးမှတ်ထားလိုက်ကြ၏။ ထို့နောက် များမကြာမီမှာပင် ဗြဟ္မဒတ်မင်းကြီး နတ်ရွာစံလေသည်။

သံဝရမင်းသားနှင့်တကွ မှူးတော်မတ်တော်များသည် မင်းကြီး၏ အလောင်းကို မင်းခမ်းမင်းနား ကြီးကျယ်စွာ ကျင်းပ၍ သင်္ဂြိုဟ်ကြ၏။ နတ်ရွာစံပြီးနောက် ခုနစ်ရက်မြောက်သောအခါ မှူးကြီးမတ်ရာ သေနာပတိအားလုံးတို့သည် ညီလာခံခန်းမ၌ စည်းဝေးကြ၏။ နတ်ရွာစံ မင်း

တရားကြီး၏ အမိန့်တော်အရ မှူးမတ်အပေါင်းတို့ နှစ်သက်ကြည်ညိုသည့် မင်းသားကို အဆိုပြုကြရန် ပညာရှိအမတ်ကြီးက တင်ပြလိုက်ရာ ညီလာခံ တက်ရောက်လာသူအပေါင်းက သံဝရမင်းသားကို တစ်ခဲနက် အဆိုပြုကြ ပေသည်။

ဤသို့ဖြင့် အထွေးဆုံးဖြစ်သော သံဝရမင်းသားသည် ပညာရှိ အမတ်ကြီး၏ ဆုံးမသွန်သင်မှုကိုခံယူခြင်းဖြင့် နေလိုလလို ထင်ထင်ရှားရှား ရှိနေကြသော နောင်တော် ကိုးကျိပ်ကိုးပါးတို့ကို ကျော်လွန်ကာ ခမည်း တော်၏ ထီးနန်းစည်းစိမ်ကို ဆက်ခံစိုးစံရပေသည်။

ဤအကြောင်းကို နယ်ပယ်အသီးသီးမှာ ရှိနေကြသော နောင်တော်မင်းသားတို့ ကြားသိရသောအခါ ယမ်းပုံမီးကျ ဖြစ်ကုန် ကြ၏။ ရှိရှိသမျှ စစ်သည်ရဲမက်များစုဆောင်းကာ နောင်တော်ကြီး ဥပေါ သထမင်းသားရှိရာသို့ စုရုံးလာကြ၏။ နောင်တော် ကိုးကျိပ်ကိုးယောက် လုံး စုညီလာကြသောအခါ....

''ခမည်းတော်၏ ထီးမွေနန်းမွေကို နောင်တော်ကြီးများ သာ ဆက်ခံထိုက်တယ်။ အထွေးဆုံးမင်းသားက ဘာအားကိုးနဲ့ ဆက်ခံရ သလဲ။ သင်းကို ငါတို့ ညီတော်နောင်တော်အားလုံးက အလုံးအရင်းနဲ့ ဝိုင်းတိုက်ကြရမယ်။ နောက်ပြီးတော့မှ နောင်တော်ကြီး ဥပေါသထကို နန်းတင်ကြရမယ်''

စိတ်အားထက်သန်လွန်းသော မင်းသားတစ်ပါးက ထရှ်အဆိုပြု လိုက်ရာ မင်းသားအားလုံးက သဘောတူထောက်ခံကြ၏။ ဤသို့ဖြင့် ကိုးကျိပ်ကိုးပါးသော မင်းသားတို့၏စစ်တပ်ကြီးများသည် ဗာရာဏသီ မြို့တော်ဆီသို့ ချီတက်လာကြ၏။ လမ်းတစ်လျှောက်တွင် ခုခံတိုက်ခိုက်သူ ဟူ၍ မတွေ့ကြရသဖြင့် ဗာရာဏသီမြို့တော်ကို အလွယ်တကူနှင့် ဝိုင်းမိ သွားကြ၏။ ဤတွင် နောင်တော်မင်းသားများက....

''ညီထွေးသံဝရ၊ ငါတို့ထံ ထီးနန်းပြန်အပ်မလား။ ဒါမှမဟုတ် ယှဉ်ပြိုင်တိုက်ခိုက်မလား''ဟု ရာဇသံ ပေးပို့လိုက်ကြ၏။

ပညာရှိအမတ်ကြီးသည်ကား ဤအရေးကို စောစောကပင် တွေး မြင်ထားပြီး ဖြစ်၏။ ထို့ကြောင့် မြို့ရိုးတစ်လျှောက်လုံးကို အခိုင်အခံ့ ဖြစ်အောင် ကြိုတင် ပြုလုပ်ထား၏။ ရှိရှိသမျှ စစ်အင်အားဖြင့် မြို့ရိုး တစ်လျှောက်ကို လုံခြုံအောင် အစောင့်ချထား၏။ မြို့တော်လုံခြုံရေးသက်

ဆက်သာဖြစ်၍ ရန်သူတပ်များ ဝန်းရံလာကြသော်လည်း မိမိတို့ဘက်မှ စတင်ပစ်ခတ်ခြင်းမပြုရန် အထူးကြပ်မတ်၍ထားပေသည်။

ရာဇသံရောက်လာသည်နှင့် တစ်ပြိုင်နက် သံဝရမင်းသည် ပညာရှိအမတ်ကြီးကိုခေါ်ယူဆွေးနွေး၏။ ပညာရှိအမတ်ကြီးကလည်း စောစောကပင် ကြိုတင်တွက်ဆထားပြီးသော အကြံဉာဏ်များပေးလိုက်၏။ ဤတွင် သံဝရမင်းသည် ခမည်းတော်၏အမွေဥစ္စာ ရတနာရှိရှိသမျှကို အပုံတစ်ရာပုံစေပြီးလျှင်နောင်တော်တစ်ပါးလျှင် တစ်ပုံကျ ပို့ဆောင်ဆက်သစေ၏။ ''နောင်တော်တို့၊ ခမည်းတော်ရဲ့ အမွေဝေစုကို လက်ခံကြပါ။ ညီတော်ကတော့ နောင်တော်များနဲ့ စစ်မက်ယှဉ်ပြိုင်လိုစိတ်မရှိပါ'' ဟူသော သဝဏ်လွှာများကို တစ်ပါတည်းထည့်ပေးလိုက်လေသည်။

နောင်တော်ကြီး ဥပေါသထမင်းသားသည် ထိုသဝဏ်လွှာကို ဖတ်ရသောအခါ ညီတော်ကိုးကျိပ် ရှစ်ယောက်တို့ကို ခေါ်ယူတွေ့ဆုံကာ....

''ညီတော်တို့၊ ငါတို့ရဲ့ညီတော် သံဝရမင်းကတော့ ငါတို့နဲ့ရန်သူအဖြစ်ကို မခံယူဘူး။ ခမည်းတော်ရဲ့ အမွေပစ္စည်းများကိုလဲ အညီအမျှခွဲပြီး ပို့ဆက်လာတယ်။ တကယ်လို့ ငါတို့ဘက်က တိုက်ခိုက်လို့နိုင်ရင်လဲ ငါတို့အားလုံး ထီးနန်းစိုးစံလို့ရကြမှာမဟုတ်ဘူး။ တို့အထဲက တစ်ပါးပါးကသာ စိုးစံရမှာ။ ဒီတော့ ငါတို့ညီထွေး စိုးစံ လက်စပဲ စိုးစံပါစေတော့''

ဤသို့ ဖျောင်းဖျောင်းဖျဖျ နားချလိုက်လေရာ ညီတော်မင်းသားများကလည်း နောင်တော်ကြီးအား လေးစားသောအားဖြင့် လက်ခံလိုက်ကြ၏။ ထို့နောက် စစ်ပြေငြိမ်းကြောင်း အထိမ်းအမှတ်ကို ပြုကြပြီးလျှင် နောင်တော်မင်းသား ကိုးကျိပ်ကိုးယောက်တို့သည် ဗာရာဏသီမြို့တော်တံခါးဆီသို့ ရှေးရှုသွားကြ၏။ သူတို့နောက်ပါးမှာ အခြွေအရံအနည်းငယ်မျှသာ ခေါ်လာကြ၏။ အတွင်းက တံခါးမှူးများကလည်း သံဝရမင်း၏ အမိန့်အရ တံခါးများကို အရံသင့်ဖွင့်ပေးလိုက်ကြလေသည်။

သံဝရမင်းကိုယ်တိုင်ကလည်း နောင်တော်များကို နန်းတော်ဝမှ ခင်မင်ရင်းနှီးစွာ ခရီးဦးကြိုဆို၍ ညီလာခံခန်းမသို့ ခေါ်ဆောင်လာ၏။ နောင်တော်မင်းသားတို့သည် ညီတော်မင်းမြတ်၏ ဘုန်းကျက်သရေ စောင့်

ဖြိုးဝေနေပုံကို ချီးကျူးထောပနာပြုပြီးလျှင် မိမိတို့နယ်ပယ်သို့ ပြန်လည်ထွက်ခွာသွားကြလေသည်။

(ကောဒသနိပါတ်၊ သံဝရဇာတ်)

**သံဝရဇာတ်၊ ကောဒသနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| သံဝရမင်းသား | = | အားလျှော့သောရဟန်း။ |
| ဥပေါသထမင်းသား | = | အရှင်မဟာသာရိပုတ္တရာ။ |
| ဆရာအမတ်ကြီး | = | မြတ်စွာဘုရား။ |

# ၇။ ဝဲလုံ့လရှိကြမှတော်မည်

(ဇာတ်တော်မိတ်ဆက်)

ကံ ဉာဏ် ဝီရိယ သုံးဌာနဟူ၍ လူတို့၏ ဘဝလမ်းကြောင်းကို အကောင်းဖြစ်အောင် အဆိုးဖြစ်အောင် ပြုပြင်နိုင်စွမ်းရှိသော အင်အားကြီး သုံးရပ်ရှိကြပါသည်။

ထိုတွင် ကံ၏သဘောအဓိပ္ပာယ်မှာလေးနက်ကျယ်ပြန့်လှပါသည်။ အတိတ် ပစ္စုပ္ပန် အနာဂတ်ဟူ၍ ကာလသုံးပါးလုံးနှင့် သက်ဆိုင်ကာ ကမ္ဘာပေါ်ရှိ သတ္တဝါတိုင်းသည် ကံကြမ္မာ အကြောင်းတရားအားဖြင့် အချင်းချင်း ဆက်စပ်လျက်သာ ရှိနေကြပါသည်။

ထို့ကြောင့် မိမိကိုယ်တိုင် ပြုပြင်ဖန်တီးတိုင်း မဖြစ်နိုင်သော ကံ အကြောင်းတရားကို အသာထားကာ ထိုကံက ပေးအပ်လာသော အခွင့်အလမ်းများကိုကား ဉာဏ်မျက်စိရှင်ရှင်ထား၍ အမိအရဆုပ်ကိုင်ကြရပါ

လိမ့်မည်။ အခွင့်သာခိုက်တွင် ငေးမောတွေဝေ၍ မနေဘဲ ဇွဲလုံ့လ စိုက်ကြရပါလိမ့်မည်။ သို့ဖြစ်၍ ဤအခန်းတွင် ဇွဲကောင်းရေး၊ လုံ့လဝီရိယ စိုက်ထုတ်ရေးနှင့်သက်ဆိုင်သောဝတ္ထုများကိုစုစည်း၍ပေးထားပါသည်။

မွေးကတည်းက ခြေနှစ်ဘက်စလုံး မသန်စွမ်းခဲ့သော ဆော့သည် အများနည်းတူ သူတကာပေးစာ ကမ်းစာကိုသာ လက်ဖြန့်ခံ၍ စားနေခဲ့ပါက ဇရပ်အို တန်ဆောင်းပျက်များကြား၌ ခေါင်းချရမည်သာ။ သို့ရာတွင် သူသည် အသက်မွေးမှု တစ်ခုပညာကို ကြိုးကြိုးစားစားသင်ယူထားသဖြင့် ပြည့်ရှင်မင်းကြီး၏ ချီးမြှောက်မှုကို ခံရပေသည်။

သို့ရာတွင် 'အသက်မွေးမှုတစ်ခုပညာ'ဟူသော ထိုဝတ္ထု၏ခေါင်းစဉ်မှာကား ဆော့တစ်ယောက်အတွက်သာ မဟုတ်ပါ။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ လူတိုင်းအတွက် ဖြစ်ပါသည်။

လူ့လောကအရေးအခင်းတို့မှာ တစ်ခါတစ်ရံ ဝေဖန်ရခက်လှပါသည်။ အခြေအနေအရပ်ရပ်ကို မည်သို့ပင် စေ့စေ့စပ်စပ်သုံးသပ်စေကာမူ မည်သို့ဖြစ်လာမည်ဟု တပ်အပ်သေချာ မဆိုနိုင်ပါ။ အကောင်းဖြစ်ချင်လည်း ဖြစ်လာပါလိမ့်မည်။ အဆိုးဘက်သို့မဲသာချင်လည်း သာသွားပါလိမ့်မည်။ အဆိုးဆိုရာတွင်လည်း အဆိုးသေးသေးကလေးမှ အဆိုး ဘိုးအေကြီးအထိ ဖြစ်ချင်ရာဖြစ်လာနိုင်ပါသည်။ ဤတွင် အမြော်အမြင်ရှိသူများမှာ ပေါ်ပေါက်လာစရာရှိသော အဖြစ်ဆိုးများအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုထားကြရပါသည်။

'အဏ္ဏဝါအတွင်းက ကျွန်းသာယာ' ဝတ္ထုမှာ ဤသို့ကြိုတင် ပြင်ဆင်မှုကို ဖတ်ရှုနိုင်ပါသည်။ ထိုဝတ္ထုတွင် ရှေ့ရေးကိုမျှော်တွေး၍ကြိုတင်ပြင်ဆင်သူများနှင့်အတူ ကြောင့်ကြမဲ့နေလိုသူတို့လည်း ပါဝင်ပါသည်။ ထိုသို့ခသာ လူပေါ်ကြော့များသည် စောစောတုန်းကတော့ ကြိုတင်ပြင်ဆင်မှု ပြုနေသူများကို ပြောင်လား လှောင်လား လုပ်ကြကာ တကယ့်အရေးနှင့်တွေ့ခါမှ မျက်လုံးပြူးကြရပါတော့သည်။

လူ့ဘဝ ခရီးစဉ်ကြီးကို ခရောင်းတောနှင့် ဥပမာပြုတတ်ကြပါသည်။ ခရောင်းတောဆိုသည့်အတိုင်း အဖုအထစ်တွေ အခက်အခဲတွေ၊ အကျဉ်းအကျပ်တွေက အစီအရီရှိနေကြပါသည်။ သို့ရာတွင် ထိုအရာတွေကို ကြောက်နေရန်မလိုပါ။ အဖုအထစ်၊ အခက်အခဲ၊ အကျဉ်းအကျပ် ဟူသော တောင်စဉ်တောင်တန်းတို့သည်ခြေလှမ်းမှန်မှန် လှမ်းတက်လာသော တောင်တက်သမား၏ ခြေဖဝါးအောက် ရောက်ရစမြဲသာ ဖြစ်ပါသည်။

ဤနေရာ အရောက်တွင် လူသာမန်နှင့် ငွဲလုံ့လ သမားတို့ ကွာခြား၍ သွားကြပါတော့သည်။

လူသာမန်တို့ လက်လျှော့၍ ထားရသော အကျဉ်းအကျပ်ထဲမှ အားခဲ၍ ရုန်းထွက်လာရသော လုည်းကုန်သည်တို့၏နမူနာကို 'မဆုတ်မနစ်' ဝတ္ထု၌ လေ့လာနိုင်ကြပါသည်။ အကျဉ်းအကျပ်ထဲမှ ငွဲလုံ့လ စိုက်ထုတ်၍ရရှိလာသောခံစားမှုမှာ ခံစားမှုတကာတို့ထက် ပိုမို၍အရသာ ရှိလှပါဘိသည်။

နောက်ဆုံးဖော်ပြလိုက်သော 'မောင်ပျင်းနှင့် မယ်ဖျင်း' ဝတ္ထုကို ကား အထူးမိတ်ဆက်ပေးနေရန် မလိုတော့ပါ။ လုံ့လရှိသူတို့၏ ရုပ်ပုံလွှာများ ပိုမိုထင်ရှားလာစေရန် အပျင်းနှင့် အဖျင်းဟူသော အမှောင်လိုင်းနှစ်ခုဖြင့် အနားသတ်၍ ပေးလိုက်ရခြင်း ဖြစ်ပါသည်။

ခိုင်မာသော ငွဲ၊ ဉာဏ်ယှဉ်တွဲသော လုံ့လတို့ဖြင့် တက်တက်ကြွကြွ ရှိနေကြစေရန် စံပြဝတ္ထု (၄) ပုဒ်ကို ဆက်စပ်ဖော်ပြလိုက်ပါသည်။

## အသက်မွေးမှု တစ်ခုပညာ

ဗာရာဏသီမြို့တွင် မောင်ဆံ့ဆိုသော လူတစ်ယောက်ရှိခဲ့၏။ သူ့နာမည်နှင့်လိုက်အောင်ပင် မောင်ဆံ့၏ခြေနှစ်ဘက်စလုံးမှာ တစ်စုံတစ်ခုသောရောဂါကြောင့် ဆံ့၍နေကြ၏။ လှုပ်ရှားသွားလာခြင်းကို လုံးဝပင်မပြုနိုင်ပေ။ ဟိုနား သည်နားသွားချင်လျှင် သူ့အတွက် လုပ်ပေးထားသော လှည်းကလေးပေါ်မှ လက်များဖြင့် တွန်းထိုး၍သွားရ၏။

ခြေနှစ်ဘက်လုံး အသုံးပြု၍မရသော်လည်း မောင်ဆံ့သည် သူတစ်ပါးထံ မှီခို၍အသက်မွေးရသူ မဟုတ်ပေ။ သူ၏ လက်မှုပညာတစ်ခုကိုသာ အမှီပြု၍နေ၏။ ခြေထောက်များ ချောက်ကပ်ကြုံလှီနေသလောက် သူ့လက်များက သန်စွမ်းလှပေသည်။

မောင်ဆံ့သည် ကျောက်စရစ်များကို ပစ်ခတ်ရာတွင် ပစ်တိုင်းမလွဲအောင် လက်မှန်းလက်ဆကောင်းလှပေသည်။ အခက်အလက်၊ အရွက်ပေါလှသော ညောင်ပင်တွင် ကျောက်စရစ်ခဲများနှင့် ပစ်ခတ်လိုက်သောအခါ ညောင်ရွက်များ အပေါက်အပေါက်ဖြစ်ကုန်ကာ ဆင်ရုပ်ဆိုလျှင် ဆင်ရုပ်ထင်၍နေ၏။ မြင်းရုပ်ဆိုလျှင် မြင်းရုပ်ထင်နေ၏။ လိုချင်သည့်အရုပ်ကို အပစ်ခိုင်း၍ ရပေသည်။

စပယ်ဦး၊ ၉၁၄၅

တစ်နေ့သောအခါတွင်ကား ဗာရာဏသီပြည့်ရှင်မင်းသည် မောင်ဆွံ့ လက်စွမ်းပြရာသို့ရောက်လာ၏။ မောင်ဆွံ့၏ ပရိသတ်များသည် မင်းကို မြင်လျှင် လူတိုင်းကကြောက်တတ်ကြသည်မို့ မောင်ဆွံ့ကို တစ်ယောက်တည်းပစ်ထားခဲ့၍ ပြေးထွက်သွားကြလေသည်။

ညောင်ပင်အောက်သို့ ဘုရင်ရောက်လာသောအခါ ညောင်ရွက်တို့ အပေါက်အပေါက်ဖြစ်ကာ ဆင်ရုပ် မြင်းရုပ်များ ထင်နေသည်ကို အံ့ဩစွာတွေ့နေရ၏။ ''ဒါတွေကို ဘယ်သူများလုပ်ပါသနည်း''ဟု စစ်မေးလိုက်သောအခါ မောင်ဆွံ့က မိမိလုပ်ကြောင်း လျှောက်တင်၏။ ထိုအခါ ဘုရင်က သဘောကျကာ ခေါင်းတဆတ်ဆတ်ညိတ်နေလေသည်။ သူ့စိတ်ထဲက နန်းတော်မှာ ကျန်ရစ်ခဲ့သော ပုရောဟိတ်ကို မြင်ယောင်နေမိသည်။

ပုရောဟိတ်ကြီးသည် အင်မတန်မှ စကားများလှ၏။ အာပေါင်အာရင်းလည်းသန်လှ၏။ ညီလာခံဝင်၍ သူစကားပြောမိလျှင် မည်သူမျှ ကြားဝင်ပြော၍ မရတော့ပေ။ အချိန်ရှိသမျှ သူကချည်း ဖိပြောနေ၏။

ဘုရင်မှာ ပုရောဟိတ်ကြီး၏လေသံကို ပိတ်ပင်ရန်မတတ်နိုင်သဖြင့် ပုရောဟိတ်ကြီးအားဆုံးမရန်အကြံထုတ်၍ နေခဲ့ရသည်ဖြစ်ရာ မောင်ဆွံ့ကို တွေ့ရလျှင် သူ့အကြံအောင်ပြီဟု တထစ်ချမှတ်ယူလိုက်၏။ ထို့ကြောင့် အခြွေအရံများကိုဖယ်ရှား၍ မောင်ဆွံ့နှင့် နှစ်ဦးတည်းတွေ့ဆုံကာ....

''ကဲ-မောင်ဆွံ့၊ မင်းလက်စွမ်းနဲ့ပဲ ငါ့ကိစ္စတစ်ခုမှာ ကူညီပေတော့။ ငါ့နန်းတော်မှာ အင်မတန်မှ စကားများလှတဲ့ ပုရောဟိတ်ကြီးရှိတယ်။ သူ့ဝါသနာအတိုင်း ဟောင်ဖွာ ဟောင်ဖွာ ပြောတတ်တာကို ငါပိတ်လိုပစ်ချင်တယ်။ မင်းကူညီနိုင်ပါ့မလား''ဟု မေး၏။

''မှန်လှပါ၊ ဆိတ်ချေးတုံး တစ်ခွက်သားလောက်သာ ရပါက ကူညီနိုင်ပါကြောင်း''ဟု မောင်ဆွံ့က လျှောက်တင်ရာ မောင်ဆွံ့ပါ နန်းတော်သို့ လိုက်ပါသွားရလေသည်။

ထိုနေ့ညီလာခံဝင်သောအခါ ရာဇပလ္လင်ဘေးတစ်နေရာတွင် ကန့်လန့်ကာတစ်ခု ကာထားသည်ကို တွေ့ကြရ၏။ ညီလာခံစလိုက်သည်နှင့် ပုရောဟိတ်ကြီးသည် ထုံးစံအတိုင်း အာပေါင်အာရင်း သန်သန်ဖြင့် လေကန်ပါတော့၏။ သူ့ပါးစပ်ကြီး ဟတိုင်း ဟတိုင်း ကန့်လန့်ကာနောက်မှ မောင်ဆွံ့သည်အရန်သင့်ဖောက်ထားသောအပေါက်မှဆိတ်ချေးတုံးများ

ပစ်၍ ပစ်၍ သွင်း၏။ လာသမျှဆိတ်ချေးတုံးများကို ပုရောဟိတ်ကြီးက စကားပြောရပ်လိုက်ရမည်စိုး၍ မသိမသာ မျိုချပစ်လိုက်၏။

မောင်ဆွံ့ဆီက ဆိတ်ချေးတုံးတစ်ခွက်သားလောက်သာ ကုန်သွား၏။ ပုရောဟိတ်ကြီးကား ဆက်၍ လေကန်တုန်းရှိသေး၏။ သို့သော် သူ့ဗိုက်ထဲမှာ အခံရခက်လာကြောင်း သူ့မျက်နှာရှုံ့မဲ့မဲ့ကြီး ဖော်ပြလျက်သား ဖြစ်နေ၏။ ထို့ကြောင့် ဘုရင်က....

''ကဲ—ပုရောဟိတ်ကြီး စကားပြောနားလိုက်ပါဦး''ဟု ပြောယူရ၏။

ပုရောဟိတ်ကြီးသည် အိမ်သို့ပြန်လာရကာ ထိုနေ့နှင့် ထိုညပတ်လုံး ဆိတ်ချေးတုံးများဒဏ်ကို မရှုမလှခံနေရ၏။ နောက်တစ်နေ့ နံနက်ဝမ်းများသွားခါမှ သက်သာရာရ၏။ နောက်နောင်တွင်ကား ဟောင်ဖွာဟောင်ဖွာ မပြောရဲတော့ပေ။

ဘုရင်သည် နားချမ်းသာရန် ဆောင်ရွက်ပေးသည့်အတွက် မောင်ဆွံ့အား ကျေးဇူးအထူးတင်ကာ အခွန်ထွက်ကောင်းလှသော ရွာကြီးလေးရွာကို အပိုင်စားပေးလိုက်လေ၏။

(ကေနိပါတ်၊ သာလိတ္တကဇာတ်)

**သာလိတ္တကဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| ငဆွံ့ | = | ခဲပစ်ကောင်းသောရဟန်း။ |
| ဗြဟ္မဒတ်မင်း | = | အရှင်အာနန္ဒာ။ |
| ပညာရှိအမတ် | = | မြတ်စွာဘုရား။ |

## အဏ္ဏဝါအတွင်းက ကျွန်းသာယာ

ဗာရာဏသီမြို့၏ မနီးမဝေးအရပ်၌ လက်သမားရွာကြီးတစ်ရွာ ရှိ၏။ ထိုရွာကြီးတွင် လက်သမားအိမ်ထောင်စုပေါင်း တစ်ထောင်မျှ စုပေါင်းနေထိုင်ကြကုန်၏။

ရှေးအစဉ်အဆက်က လက်သမားအလုပ်ဖြင့် မျှတစွာနေထိုင်ခဲ့ကြသော်လည်း ထိုအချိန်မှာကား လက်သမားတို့သည် ကြွေးကိုယ်စီနှင့် ဖြစ်နေကြ၏။ ပတ်ဝန်းကျင် ကျေးရွာတို့မှ ခုတင်တန်းလျား ပြုလုပ်ရန်၊ အိမ်ဆောက်ရန်စသဖြင့် လက်သမားခများကို ကြိုတင်ယူထားကြသော်လည်း ကျန်းမာရေးချို့တဲ့ကြသဖြင့် လုပ်၍မပေးနိုင်။ ယူထားသော လက်သမားခများကိုလည်း ပြန်မအမ်းနိုင်၊ တစ်ဖန်ပြန်၍ ကျန်းမာလာသည့်တိုင်အောင် သူတို့မှာ ကြွေးဟောင်းနှင့် ကြွေးသစ်တို့က ထွေးလုံးရစ်ပတ်ရှိနေကြ၏။

ကြွေးကိုပြေလည်အောင်မဆပ်နိုင်ကြသဖြင့် သူတို့တစ်တွေမှာ မျက်နှာငယ်လှ၏။ ပတ်ဝန်းကျင်ကျေးရွာများသို့ မသွားရဲအောင်ဖြစ်ကြရ၏။ သူတို့က မျက်နှာပူ၍မသွားဘဲ နေကြသော်လည်း ကြွေးရှင်များက မနေကြပေ။ နေ့တကျည်ကျည် ညတကျည်ကျည်လာ၍သာ တောင်းနေကြ၏။ တောင်း၍မရလျှင် ဆူကြ၊ ပူကြ ရန်လုပ်ကြ၏။

စပယ်ဦး၊ ၁၉၆၀

ဤသို့ ကြွေးရှင်များ၏ နှားပူခံရဖန်များလတ်သော် လက်သမား တို့မှာ တခြားအရပ်သို့ ပြောင်းရွှေ့ရန် စီမံကြရတော့၏။ တောမှသွား၍ သစ်များခုတ်ကာ လှေကြီးများစပ်ပြီးလျှင် မြစ်ဆိပ်တစ်နေရာမှာ တိတ်တ တဆိတ်ချ၍ ချည်နှောင်ထားကြ၏။ နေ့စဉ်နှင့်အမျှ အိမ်ရှိပစ္စည်းများကို တတိတတိကဲ့ယူကာ လှေကြီးများပေါ် တင်ထားကြ၏။ လိုအပ်သော ပစ္စည်းများအပြည့်အစုံတင်မိကြသောအခါ ထိုညသန်းခေါင်တွင် ရွာလုံး ကျွတ် ထွက်ပြေးကြလေတော့သည်။

လက်သမားတို့သည် ဂင်္ဂါမြစ်ကို မရပ်မနား စုန်ဆင်း သွားကာ သမုဒ္ဒရာသို့ထွက်ခဲ့လေသည်။ ရောက်လိုရာ ရောက်စေတော့ဟု ရွက်လွှင့်၍ သွားကြရာတွင် သမုဒ္ဒရာအလယ်ကျွန်းငယ်တစ်ခုသို့ ရောက်ကြလေသည်။

ကျွန်းငယ်သည်နေချင့်စဖွယ် တင့်တယ်ပြေပြစ်၏။ အုန်း၊ ထန်း၊ သရက်၊ ငှက်ပျော၊ သပြေ၊ ပိန္နဲပင်များက သီးပွင့်ဝေဆာနေကြ၏။ သူတို့ ကြားမှာ သလေးစပါးနှင့် ကြံပင်များကိုလည်း အားရစဖွယ်တွေ့မြင်ကြ ရ၏။

လက်သမားတို့၏ လှေအုပ်စုသည် ထိုကျွန်းငယ်မှာ ဆိုက်ကပ်လိုက် ကြ၏။ သို့သော် အားလုံးကုန်းကျွန်းပေါ်မတက်ကြသေးဘဲ ရဲရင့်ကြံ့ခိုင်သူ ခုနစ်ယောက်ကိုသာ ကင်းတိုးလွှတ်လိုက်ကြ၏။

ရဲရင့်ကြံ့ခိုင်သူ ခုနစ်ယောက်သည်ဓားလှံလေးမြားအပြည့်အစုံဖြင့် ကျွန်းပေါ်တက်သွားကြ၏။ ကျွန်းငယ်တစ်ခုလုံးတွင်စားကောင်းသောက် ဖွယ်သစ်သီးသစ်ပင်များကို တွေ့ရတိုင်း သူတို့တစ်တွေ ဝမ်းမြောက်မဆုံး ရှိကြ၏။ သို့သော် အန္တရာယ် ရှိ မရှိကို မသိရသေး၍ စိတ်လွှတ်ကိုယ်လွှတ် ကား ဝမ်းမသာနိုင်ကြပေ။ တဖြည်းဖြည်း ကျွန်းတစ်ဖက်ကမ်းသို့ ဆင်း သွားမိသောအခါတွင်ကား သီချင်းဆိုသံကို ကြားရလေသည်။

"ဇမ္ဗူဒိပ်ကျွန်းသားတို့မှာ တစ်ဝမ်းတစ်ခါးအတွက် ထွန်ယက် စိုက်ပျိုးကြရတယ်။ ငါ့မှာတော့ ဘာမှလုပ်စရာမလို။ ငါ့အတွက်ဆိုပါက ဒီကျွန်းငယ်ဟာ ဇမ္ဗူဒိပ်ကျွန်းကြီး တစ်ခုလုံးထက် အဖိုး တန် ပါ သေး တယ်"

စကားသံမှာလည်း မိမိတို့လို ဇမ္ဗူဒိပ်ကျွန်းမှ ကြားရနေကျအသံ မျိုးဖြစ်၏။ သို့သော် သည်ကျွန်းပေါ်မှာ လူစသူစဟူ၍ တစ်ယောက် တလေမှ မတွေ့ရ ဖူးသေး သဖြင့် လူဟူ၍ ဆိုရန်လည်း ခက်လှသည်။ တစ်ခါတလေ ဘီလူး၊ မိစ္ဆာ၊ နာနာဘာဝများကလည်း လူတို့ဘာသာ

စကားဖြင့် ပြောကြားတတ်သည်ဟူသော သက်ကြီးများစကားကြောင့် သူတို့ပို၍ ဂရုစိုက်လာကြရ၏။

ကျွန်း၏တစ်ဖက်ကမ်းသည် ပြေပြစ်စွာ နိမ့်ဆင်းသွား၏။ ငွေသဲသောင်ပြင်ကို ပင်လယ်လှိုင်းများက တဖြန်းဖြန်း ရိုက်ပုတ်လျက်ရှိ၏။ ထိုရေစပ်သဲသောင်ပြင်တွင် တေးသံရှင်ကို တွေ့ကြရလေသည်။ တေးသံရှင်မှာ အသံနှင့်မလိုက်အောင်ပင် အမွေးအမျှင်ဖွားလျားနှင့် ကားယားကြီးအိပ်နေပေသည်၊ ကိုယ်တုံးလုံးနှင့် ချိုပြုံးပြုံးကြီးပါပေတည်း။

ထို ကိုယ်တုံးလုံးကြီးကို မားလုံလေးမြားတွေက ဝန်းရံ၍ ထားလိုက်သောအခါ စိတ်လွတ်ကိုယ်လွတ် သီဆိုနေသော သီချင်းသံ ရပ်စဲသွား၏။

''အောင်မယ်လေးဗျာ၊ ချမ်းသာပေးကြပါ၊ ကျုပ်ဘီလူးမဟုတ်ပါဘူး။ ခင်ဗျားတို့လို ဇမ္ဗူဒိပ်ကျွန်းသားပါခင်ဗျာ့''

ကိုယ်တုံးလုံးကြီးက ပျာပျာသလဲ တောင်းပန်လေသည်။ သို့သော် လက်သမားတို့က မကျေနပ်သေးဘဲ....

''ဒါဖြင့် ဘာပြုလို့ ခင်ဗျားကြီးက အရှက်မရှိ ကိုယ်တုံးလုံးနေရတာလဲ''

''ပါလာတဲ့အဝတ်တွေ ရိစုတ်ကုန်လို့ပါဗျာ။ ပြီးတော့လဲ ကျုပ်တစ်ယောက်တည်းရှိတာဆိုတော့ ဘယ်ရှက်စရာရှိပါမလဲ''

''ဟုတ်ပါရဲ့ ဒါလဲပဲ၊ ကဲ – ဒါဖြင့် ခင်ဗျား ဘယ်လိုက ဘယ်လို ဒီကျွန်းရောက်နေရတာလဲ''

''သင်္ဘောပျက်လို့ ရောက်လာရတာပါပဲဗျာ'' ဟု ကျွန်းနေလူကြီးက တိုတိုတုတ်တုတ်ဖြေဆိုကာ ''ဒီကျွန်းရောက်လာတာဟာ သိပ်ကုသိုလ်ကံကောင်းတယ်ဗျာ။ ကျုပ်လဲ အဖော်ရလို့ သိပ်ဝမ်းသာတာပဲ၊ ဒီကျွန်းမှာ ခင်ဗျားတို့ သဘောရှိနေနိုင်ကြပါတယ်။ ဒါပေမယ့် တစ်ခုတော့ သတိထားကြဗျို့။

''ဘာလဲဗျ၊ ဘယ်လိုအန္တရာယ်များ ရှိသလဲ''

လူဝကြီး၏ သတိပေးစကားကို လက်သမားတို့က သိလိုဇောဖြင့် ပြတ်မေးလိုက်ကြ၏။

''ဘာခြားတော့ မဟုတ်ပါဘူးဗျာ။ ဒီကျွန်းဟာ နတ်ကြီးစိုးတယ်ဗျို့။ နတ်ဆိုဘာ အသန့်အရှင်းကြိုက်တယ်။ အညစ်အကြေးကို ကျက်ဆုပ်

တယ်။ ဒါကြောင့် အညစ်အကြေး စွန့်တဲ့အခါမှာ သဲနှင့် လုံလုံခြုံခြုံ ဖုံးထားဖို့ပါပဲ''

''ဒါကတော့ ကျုပ်တို့အတွက်လဲ ကောင်းစေဖို့ပဲ''

ဤသို့ဖြင့် လက်သမားအိမ်ထောင်စုတို့ ကျွန်းပေါ်မှာ အခြေစိုက်မိကြလေသည်။ ကျွန်းပေါ်မှာ တစ်ကိုယ်တည်း နေလာခဲ့ရသော လူဝကြီးမှာလည်း အိမ်ထောင်ဖက် အမျိုးသမီး တစ်ယောက်ကိုရ၍ ဝမ်းသာပျော်မြူးသွားလေသည်။

ကျွန်းပေါ်တွင် အနေကြာလာသောအခါ လက်သမားတို့သည် အစားအသောက် အနေအထိုင်ကောင်းသဖြင့် အသားအရေစိုပြည်လာကြ၏။ စားကောင်းသောက်ဖွယ်များ အမျိုးမျိုးကြံဖန် စားကြရာက ကြံရည်ကိုစမ်း၍ ချက်ကြည့်သောအခါ အစွမ်းထက်သည့်အရက်များကို ရကြလေသည်။

သူတို့သည် အရက်တန်ခိုးဖြင့် မိုးမမြင် လေမမြင် ပျော်ကြ၏။ ကကြ ခုန်ကြ သီဆိုကြ၏။ အပျော်ကျူး၍ အရူးအမူး ဖြစ်ကြရာတွင် ပြုနေကျတာဝန်ကိုပါ လစ်ဟင်းသွားမိကြတော့၏။ နေရာအနှံ့အပြားတွင် အညစ်အကြေးများက အန်ချင်စဖွယ် ပျံ့နှံ့နေတော့၏။

အပျော်ကြူးသည့် အမူးသမားများသည်နောက်နေ့ တော်တော်နေမြင့်မှ နိုးကြ၏။ ကြည့်လေရာရာတွင် အညစ်အကြေးများကို မြင်ကြရသောအခါ လူဝကြီး၏သတိပေးစကားကို သတိရကာ ထိတ်လန့်တုန်လှုပ်သွားကြရ၏။ အလျင်အမြန်သဲများဖြင့် ဖုံးကြ အုပ်ကြပါ၏။ သို့သော် သူတို့ကား နောက်ကျသွားကြပေပြီ။ မှားပြီးသောကိစ္စကား ပြင်၍မရနိုင်ချေပြီ။

ထိုနေ့တစ်နေ့လုံး တိတ်ဆိတ်နေကြကာ ညနေထမင်းစားပြီးချိန်တွင် ကိုယ့်အိမ်တံခါးများမှ ထုံးစံအတိုင်း သားမိသားဖတစ်တွေစုဝေး၍ နေကြ၏။ ယမန်နေ့ညက ပြုမှားမိသော ပြစ်မှုအတွက် ဘယ်လိုများ ဖြစ်ကြရပါလိမ့်ဟု ပြောလိုက် မေးလိုက် လုပ်နေကြ၏။ ထိုအချိန်တွင် ကျွန်းမှာ ကြီးစိုးသော နတ်သား တစ်ပါးက ကောင်းကင်မှ ပေါ်လာလေသည်။

နတ်သား၏ ကိုယ်ရောင်ကိုယ်ဝါသည် လင်းထိန်လှ၏။ နေဝင်ချိန်တွင် လမင်းကြီးထွန်းလင်းလာသကဲ့သို့ ဖြစ်၏။ နတ်ဝတ်တန်ဆာ ဒုဂုဒရာ

တို့ကလည်း တင့်တယ်ထယ်ဝါလှ၏။ ထိုနတ်သည် မြောက်အရပ်မှနေကာ လက်သမားများအား သတိပေးစကား ပြောကြားလေသည်။

''အို – လက်သမားအပေါင်းတို့၊ ဒီနေ့က နောက် ၁၅–ရက် မြောက်တဲ့လပြည့်နေ့မှာ သမုဒ္ဒရာရေကြီးတက်လိမ့်မယ်။ ညစ်ပတ်ပေရေတဲ့ ကျွန်းကို လှိုင်းကြီးများနဲ့ ဆေးကြောပစ်တော့မယ်။ ဒီတော့ အသက် မသေချင်ကြတာဖြင့် ဘေးကင်းရာသွားကြပေတော့''

ဤသို့ သတိပေးစကား ပြောကြားကာ နတ်သားသည် ပျောက် ကွယ်သွားတော့၏။ လက်သမား များသည် တစ်အိမ် တစ်အိမ် ကူးကာ ဝေဖန်ဆွေးနွေးကြ၏။ ထိုစဉ်အခိုက်တွင် နောက်ထပ် နတ်သားတစ်ပါးက တောင်အရပ်မှ ပေါ်လာပြန်ကာ....

''အို–လက်သမား အပေါင်းတို့၊ စားလိုရာကို အလွယ် တကူ ဆွတ်ယူစားနေရတဲ့ ဒီကျွန်းမျိုးကို ဘာလို့များစွန့်ပစ်သွားချင်ကြသလဲ။ ဒီကျွန်းကို ရေလှိုင်းတွေ လွှမ်းမိုးမယ်ဆိုတဲ့ ဟိုနတ်သားစကား ယုံကြည် နေကြသလား။ ငါတို့များကတော့ သေချာပေါက် သိပြီးသား။ ဘယ် နည်းနဲ့မှ ဒီကျွန်းကိုရေမလွှမ်းနိုင်ပါဘူး။ သင်တို့တွင်မက သားတွေ မြေး တွေ ထိအောင် ဒီကျွန်းမှာ ပျော်ပျော်ကြီးသာ နေကြပါတော့ဗျား''

ဤသို့ နတ်သားနှစ်ပါးက စကားနှစ်မျိုး ပြောလာကြသဖြင့် အစက တစ်စည်းတစ်လုံးတည်း ဖြစ်ခဲ့သော လက်သမားများမှာ စိတ်ဝမ်း ကွဲပြား၍သွားကြရ၏။ အစက ခေါင်းဆောင် တစ်ယောက်သာရှိခဲ့၏။ ယခုတော့ ခေါင်းဆောင်လက်သစ်က ပေါ်ပေါက်လာပေပြီ။

ခေါင်းဆောင်ဟောင်းက ပထမနတ်သား၏ စကားကို ယုံကြည် ကာ ခေါင်းဆောင်သစ်က ဒုတိယနတ်သား၏ စကားကို လက်ခံလေ သည်။ အစာရေစာ ပေါများလှသော ဤကျွန်းလေးကို လက်မလွှတ် လိုသော လောဘဇောက ခေါင်းဆောင်သစ်ကို သွေးဆောင်၍ထားလေ သည်။ ထို့ကြောင့် သူ့စကားလိုက်နာသူများကို စုရုံးလိုက်ကာ....

''ကဲ–ကိုယ့်လူတို့၊ ငါတို့များ နတ်သားနှစ်ပါးနဲ့ဖြင့်တွေ့ခဲ့ကြရပြီ၊ တောင်အရပ်က နတ်သားကဘေးမရှိဘူးလို့ဆိုတယ်မဟုတ်လား။ သူ့စကား မှန်တယ်။ ဟို မြောက်အရပ်က အလကား။ သူဟာ ငါတို့ကို မုန်းလို့ ဒီကျွန်းက ထွက်သွားအောင် ခြောက် လှန့်တာ။ ကဲ–ကိုယ့် လူများ ကြောက်ကြသေးသလား''

''မကြောက်ဘူး၊ မကြောက်ဘူး၊ ဒီကျွန်းမှာတို့နေရစ်မယ်''

ခေါင်းဆောင်သစ်၏ဘက်တော်သားတို့က တစ်ခဲနက်ကြွေးကြော်ကြ၏။

ထိုအချိန်တွင် ခေါင်းဆောင်ဟောင်းနှင့် သူ့လူများသည် ရသမျှသစ်သားများကို ခွဲစိတ်ဖြတ်တောက်လျက်ရှိကြ၏။ အန္တရာယ်ရောက်လာလျှင် အသင့်ဖြစ်နေရန် လှေကြီးများလုပ်နေကြ၏။ လှော်စရာ ခတ်စရာ ယန္တရားလက်နက်များ တပ်ဆင်ကြ၏။ သူတို့နှင့်အတူ အလုပ်လုပ်နေသော ခေါင်းဆောင်ဟောင်းက ဤသို့ တဖွဖွ ပြောကြားထားခဲ့၏။

''ကိုယ့်လူတို့ရေ....၊ နတ်နှစ်ပါးရဲ့စကားတွေကဖြင့် ဆန့်ကျင်ဘက်တွေ ဖြစ်နေပြီ။ တကယ်လို့ ဘေးရှိတယ်ဆိုတဲ့ နတ်သားစကား မှန်ခဲ့ရင် တို့တတွေ အသင့်ဖြစ်နေပြီ။ တကယ်လို့ ဘေးမရှိဘူးဆိုတဲ့ နတ်သားရဲ့ စကားမှန်နေရင်လဲ ဘာဖြစ်သေးသလဲ။ နောက်တစ်ခါအန္တရာယ်ရှိလာရင် အသင့်ဖြစ်တာပေါ့။ ဒီတော့ ဝီရိယဆိုတာ ပိုတယ်မရှိပါဘူးကွာ''

ခေါင်းဆောင်ဟောင်း၏ ဆုံးမစကားအတိုင်းပင် သူ့ဘက်သားတို့ကလည်း အားကြိုး မာန်တက်လုပ်ဆောင်ကြ၏။ လပြည့်ခါ နီးလာသည်နှင့်အမျှ သူတို့လှေကြီးများ ရုပ်လုံးပေါ်လာကြ၏။ သူတို့တစ်တွေ အလုပ်မှာ ခေါင်းမဖော်နိုင်အောင် ရှိနေကြစဉ်တွင် ခေါင်းဆောင်သစ်က မကြာခဏလာ၍ခနဲ့၏။

''ကိုယ့်လူတို့ဖြင့် တော်တော့ကို အရှည်အဝေး မြင်တတ်တယ်။ သောက်ရေခွက်ထဲမှာ မိကျောင်းကို မြင်တတ်ပေတယ်''ဟု ဆိုတတ်၏။

လုပ်ရင်းကိုင်ရင်း ငြင်းခုံရင်းဖြင့် လပြည့်နေ့သို့ ရောက်၍လာ၏။ ထိုနေ့တွင် ခေါင်းဆောင်ဟောင်းနှင့် သူ့ဘက်တော်သားတို့သည် ပစ္စည်းအသုံးအဆောင် သားမယားများနှင့် တကွ လှေကြီးများ အပေါ်မှာ ရောက်နေကြပေသည်။

ခေါင်းဆောင်သစ်နှင့် သူ့လူများသည် အိုးစည်ဗုံမောင်းများဖြင့် ကခုန်နေကြ၏။ ကျွန်းပေါ်မှာ သူတို့ချည်းနေရမည်မို့ ဝမ်းသာနေကြခြင်း ဖြစ်ပါသည်။

နေလုံးကြီးကွယ်သွားသောအခါ အရှေ့လောကဓာတ်မှ ငွေလဝန်းကြီး ထွန်းတက်လာလေသည်။ ငွေလရောင် ထွန်းလာသည်နှင့် အမျှ သမုဒ္ဒရာမှာ လှိုင်းကြီးများ ထ၍လာလေသည်။

လှိုင်းများသည် ခါတိုင်းနှင့် မတူအောင် အားကောင်း လှ၏။ ကမ်းခြေကို အရှိန်ပြင်းပြင်းနှင့်လာ၍ ရိုက်ခတ်ကြ၏။ ရိုက်ရင်း ခတ်ရင်းက

ကျွန်းပေါ်သို့ ပြေးတက်လာကြ၏။ တော်တော်ကြာလျှင် ကခုန်နေကြ သူများ၏ ဒူးဆစ်ထိအောင် တက်လာကြ လေတော့သည်။

"ဟာ—ဒီလှိုင်းဟာ ဒါလောက်ပါပဲ"

ခေါင်းဆောင်သစ်နှင့် နောက်လိုက်တို့သည် ကုန်းမြင့်ရာသို့ တက်ကာ ရယ်သွမ်းသွေးစကားဆိုကြ၏။ သို့သော် သူတို့ကြာရှည် မရယ်မောနိုင်ကြပါ။ သည့်ထက်သည် အားကောင်းသော လှိုင်းလုံးကြီး များက သူတို့နောက်မှ ထပ်ချပ်မကွာလိုက်လာကြ၏။ သူတို့တစ်တွေကို အတုံးအရုံး ရိုက်ခတ်ကာ မဟာသမုဒ္ဒရာသို့ သယ်ဆောင်၍ သွားကြလေတော့သည်။

ထိုအချိန်တွင် အမြော်အမြင်နှင့် ကြိုတင်ပြင်ဆင် ထားခဲ့ကြသော ခေါင်းဆောင်ဟောင်းနှင့် ဘက်တော်သား များကား တက်ညီလက်ညီ ရွက်စုံချီ၍ ဘေးကင်းရာသို့ လှေ့ာ်ခတ်သွားကြလေကုန်၏။

**(ဥဒ္ဒါသနိပါတ်၊ သမုဒ္ဒဝါဏိဇဇာတ်)**

**သမုဒ္ဒဝါဏိဇဇာတ်၊ ဥဒ္ဒါသနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| စင်မြိုင်လက်သမားခေါင်းဆောင် | = | ဒေဝဒတ်။ |
| တောင်အရပ်က နတ် | = | ကောကာလိက။ |
| မြောက်အရပ်က နတ် | = | အရှင်မဟာသာရိပုတ္တရာ။ |
| လက်သမားခေါင်းဆောင်ကြီး | = | မြတ်စွာဘုရား။ |

## မဆုတ် မနစ်

နေဝင်၍ အပူရှိန်ကျဆင်းသွားသောအခါ ငါးရာသောကုန်လှည်းကို့သည် တအိအိလိုမ့်၍ သွားကြပြန်လေ၏။

လှည်းကုန်သည်တို့ လာခဲ့ပြီးသောခရီးတာသည် ၅၉ ယူဇနာမျှ ရှိပေသည်။ သဲထူထပ်သော အရပ်ဖြစ်သဖြင့် ညအခါကျမှ ခရီးသွားနိုင်ကြပေသည်။ ထိုအရပ်၌ နေသည် လွန်မင်းစွာပူပြင်း၏။ သဲတို့သည် မှုန့်မှုန့်ညက်ညက်ရှိကြ၏။ လက်ဖြင့်ဆုပ်ယူသော် မကြာမီပင် လျှောကျကုန်၏။ ဤမျှ နူးညံ့သော သဲမှုန့်တို့သည် နေပူသော အခါတွင်ကား မီးကျီးစုအလား ပူလောင်ကြလေသည်။

ထို့ကြောင့် လှည်းကုန်သည်တို့သည် နေထွက်လာသည်နှင့် ခရီးတစ်ထောက်နားကြရ၏။ လှည်းဝိုင်းပြု၍ အပေါ်မှာ မဏ္ဍပ်ကနားထိုးကြရ၏။ နေမပူခင်က စားရေးသောက်ရေးပြည့်စုံအောင် ပြုလုပ်ကြပြီးလျှင် တစ်နေ့တာလုံး လူရော နွားပါ နေခို၍နေကြရလေသည်။

သဲကန္တာရ၌ ခရီးသွားရခြင်းမှာ သမုဒ္ဒရာခရီးနှင့် အလားတူသည် သာဖြစ်၏။ ဘေးအန္တရာယ်ထူပြောလှ၏။ သဲကန္တာရတွင် လူတို့စားသုံး

စရာ ဘာမျှမရှိပါချေ။ စွန့်စား၍ ကူးသန်းသွားလာသူတို့မှာ ထင်း၊ ရေ၊ ရိက္ခာအပြည့်အစုံနှင့် သွားကြရပေသည်။

ယနေ့ နောက်ဆုံးခရီးဖြစ်၏။ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ငြိမ်းငွေ့စရာကောင်းလှသော ဤသဲကန္တာရကြီးမှ ထွက်မြောက်ရပေတော့မည်။ ကုန်စည်ဖလှယ်ရာမြို့ကြီးသို့ ရောက်ရပေတော့မည်။ ပါလာသော ကုန်တို့ကို ဈေးကောင်းကောင်းနှင့် ရောင်းကာ ထိုမြို့မှကုန်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ကြပေတော့မည်။

လှည်းမှူးကြီးနှင့်တကွ နောက်ပါ ငါးရာသော လှည်းသမားတို့ ဝမ်းသာပျော်ရွှင်၍ နေကြ၏။ ဆိပ်ကမ်းမြို့သို့ အဆောတလျင်ရောက်ချင်သောစိတ်ဆန္ဒများ ပြင်းပြနေ၏။ ထို့ကြောင့် အလေးချိန်နည်း၍ ခရီးတွင်စေရန် ပါလာခဲ့သမျှသော ထင်း၊ ရေ၊ ရိက္ခာတို့ကို ယနေ့ပင် မကုန်ကုန်အောင် သုံးပစ်ကြပြီးပေပြီ။

လှည်းမှူးကြီးသည် ရှေ့ဆုံးလှည်းမှာ အေးအေးသက်သက် မောင်းနှင်လာ၏။ သူ့နောက်ပါး၌ လမ်းပြသည် ပက်လက်လှန်အိပ်လျက် လိုက်ပါလာ၏။

သမုဒ္ဒရာရေပြင်ဝယ် ခရီးလမ်းကို မှတ်သားထား၍ မရချေ။ သဲကန္တာရမှာလည်း အလားတူပင်ဖြစ်၏။ ကြည့်လေရာရာတွင် မနှစ်မြို့စရာ သဲနှင့် သဲချည်းသာမြင်ကြရသည်။ ထိုသဲတို့၏တည်နေပုံကိုလည်း မှတ်သားထား၍ မဖြစ်ပေ။ ယနေ့ တောင်ကုန်းသဖွယ်ဖြစ်နေသော နေရာသည် နောက်တစ်နေ့ လေပြင်းတိုက်ခတ်သော် ချိုင့်ဝှမ်းဖြစ်ချင်ဖြစ်နေတတ်၏။ ယနေ့ချိုင့်ဝှမ်းကြီးသည် မနက်ဖြန် တောင်ကုန်းကြီးဖြစ်နေတတ်၏၊ အခိုင်အမြဲတည်နေသော ပုံသဏ္ဍာန်ဟူ၍ အားကိုးလောက်အောင် မရှိပါချေ။ သို့ဖြစ်လျှင် ဘာကိုအမှတ်အသားပြု၍ သွားကြပါမည်နည်း။ ဘာကိုခရီးညွှန်ပြု၍ သွားကြပါမည်နည်း။

အမှတ်အသားကို သဲပြင်မှာရှာ၍မရနိုင်ပါ။ ကောင်းကင်မှာရှာကြရပါမည်။ ကြယ်တာရာတို့သည် ရာသီခွင်အားလျော်စွာ ကောင်းကင်စက်ဝန်းတွင် လှည့်လည်ထွန်းပနေကြသည်။ ကျွမ်းကျင်သူသည် ကြယ်တာရာကို လမ်းညွှန်ပြု၍ သွားလိုရာသို့ မလွဲမချွတ်အောင် သွားနိုင်ပေသည်။ မိမိမကျွမ်းကျင်သော် ကျွမ်းကျင်သော လမ်းပြကိုငှား၍ သွားကြရ၏။ ထိုလှည်းကုန်သည်တို့က ငှားသဖြင့် လမ်းပြ လိုက်ပါခြင်းဖြစ်၏။

လမ်းပြသည့် လှည်းပေါ်ပက်လက်လှန်အိပ်၍လိုက်လာသည်မှာကြယ်တာရာများကိုကြည့်ရန် ဖြစ်ပေသည်။ ကြယ်များကိုကြည့်လျက်က 'ဘယ်မောင်း' 'ညာမောင်း'ဟု လမ်းညွှန်ပြ၍ လိုက်ပါလာလေသည်။ ဖြောင့်ဖြောင့်သွားရန်သာ လိုသောအခါတွင်ကား ခတ်မဆိတ်ပင် လိုက်ပါလာ၏။

ထိုက်သင့်သော အခစားဖြင့် လိုက်ပါလာရာ သူသည်လည်း ခရီးပန်း လှလေပြီ။ တော်တော်ကြာအောင် လမ်းပြ၍ လာနိုင်သော်လည်း မကြာမီ အိပ်ပျော်သွားလေတော့၏။ လှည်းမှူးကြီးသည် တစ်စုံတစ်ခုဆိုဖွယ်ရာမရှိ၍သာ ဆိတ်ဆိတ်နေသည်ဟု စိတ်ချကာ တစ်ညလုံးခရီးနှင်နေ၏။ နောက်လှည်းတို့မှာလည်း သူ့လမ်းအတိုင်း တသီကြီးလိုက်ပါလာကြ၏။ သို့သော် ယခုသူတို့သွားနေခြင်းကား လာလမ်းသို့ နောက်ပြန်သွားနေခြင်းပါတည်း။

အရှေ့ရပ်က ရောင်နီပျိုးတက်လာမှ လမ်းပြနိုးတော့၏။ ထိုအခါမှ လာလမ်းသို့ ပြန်လာမိကြသည်ကိုသိသဖြင့်'ပြန်လှည့်ကြ၊ ပြန်လှည့်ကြ'ဟု အဆောအလျင်ဆို၏။ လှည်းမှူးကြီးနှင့်တကွသော လှည်းသမားငါးရာတို့သည် ထိတ်လန့်တကြားဖြင့် လှည်းများကို ပြန်လှည့်ကြရ၏။ သို့သော် နောက်ကျသွားပေပြီ။သဲပြင်ပေါ်မှာ နေလုံးကြီးမေးတင်၍ ပေါ်လာပါချေပြီ။

ယနေ့ ဆိပ်ကမ်းမြို့သို့ ရောက်မည်ဟူ၍ မနေ့က ရှိသမျှထင်းတွေအကုန် ဆိုက်ပစ်မိခဲ့ကြပြီ။ ရေတွေအကုန်သုံးပစ်မိခဲ့ကြပြီ။ သဲပြင်တာအလယ်မှာ အစာငတ် ရေငတ်၍ အကျိုးမဲ့ သေကုန်ကြရတော့မှာပါကလား။

လှည်းသားငါးရာတို့သည် စိတ်ပျက်အားငယ်စွာ လှည်းကိုချွတ်ကြကုန်၏။ လှည်းပေါ်မှာ မဏ္ဍပ်ထိုးကာ တုံးလုံးပက်လက် ဝင်အိပ်ကြလေတော့၏။ သူတို့သည် သေမင်းကို အိပ်ရင်း စောင့်ကြိုနေကြတော့မည်တကား။

သေမင်းကို လွယ်လွယ်နှင့် အရှုံးမပေးလိုသေးသည်ဖြစ်၍ လှည်းဝိုင်းမှထွက်လာသူမှာ လှည်းမှူးကြီးဖြစ်၏။ နေပူရှိန်မပြင်းလှသေးမီတွင် သူသည် ပတ်ဝန်းကျင်ကို လှည့်လည်၍ ကြည့်လေသည်။ တစ်နေရာတွင် မြေစာတစ်ဖုတ်သည် စိမ်းစိမ်းစိုစို ရှိနေလေသည်။

ထခုန်တော့မဘတ် လှည်းမူးကြီးဝမ်းမြောက်လှ၏။ မြက်ပေါက်လျှင် မြက်အောက်မှာ ရေရှိတတ်သည်ပင် မဟုတ်ပါလော။ လှည်းမူးကြီးသည် အလျှင်အမြန် လှည်းဝိုင်းသို့ပြန်လာကာ အားကောင်းမောင်းသန်တစ်စုကိုခေါ်၍ ထိုနေရာမှာတူးစေသည်။ တူးသူတူး၊ သယ်သူသယ်ဖြင့် တစ်ယောက်တစ်လက်ဝိုင်း၍ လုပ်ကြရာ အတောင်များစွာ နက်လာလေသည်။ ရေကိုမရသေးသော်လည်း ရေဓာတ်ကိုကား ရရှိနေသဖြင့် စိတ်အားထက်သန်စွာ တူးကြလေသည်။

သို့သော် မကြာမီပင် တူးသူများသည် ပေါက်တူးကိုလွှတ်၍ချလိုက်ကြလေသည်။ အပေါ်ကသယ်သူများလည်း တွင်းဝမှာထိုင်၍ မှိုင်ကြလေသည်။ ခဲလေသမျှ သဲရေကျဖြစ်ကြပါပြီ။ တွင်းအောက်ခြေတွင် ကျောက်ဖျာကြီးခံ၍ နေပါချေသည်။ တူးသူတို့စိတ်ပျက်စွာ တက်လာကြတော့သည်။

သေချာစွာစူးစမ်းလိုသေး၍ လှည်းမူးကြီးသည် တွင်းထဲသို့ဆင်းခဲ့၏။ ကျောက်ဖျာပေါ်မှာနားကပ်၍ထောင်လိုက်သောအခါအောက်က ရေတသွင်သွင်စီးနေသည်ကို သူကြားရ၏။ လှည်းမူးကြီးဝမ်းမြောက်ရပြန်ပါပြီ။ ဝမ်းမြောက်စွာတွင်းပေါ်တက်လာလျက် သူ့လက်စွဲလုလင်ကိုခေါ်ကာ....

"ကဲ-ငါ့တူ၊ ငါ့တူကသာ စိတ်လျှော့လိုက်လို့ရှိရင် အားလုံးလူတွေ နွားတွေ အကျိုးမဲ့သေကုန်ကြလိမ့်မယ်။ ဒီတော့ ငါ့တူကြီးကမဆုတ်မနစ်တဲ့ဇွဲသတ္တိနဲ့ ကျောက်ဖျာကြီးကို ရိုက်ခွဲချလိုက်စမ်းကွာ"

"ကောင်းပါပြီခင်ဗျာ"

လုလင်သည် တွင်းအောက်သို့ ဆင်းခဲ့၏။ ကျောက်ဖျာပေါ်မှာ တောင့်တောင့်မားမားရပ်လိုက်၏။ သံတူအရိုးကို လက်နှစ်ဘက်ဖြင့် ချိန်သားတကျ မိမိရရကိုင်ကာ ခေါင်းပေါ်ရောက်အောင် မြှောက်လိုက်၏။ တစ်ဆက်တည်း ပင် ရှိသမျှစွမ်းအားဖြင့် ကျောက်ဖျာကို ထုခွဲလိုက်လေသည်။

ကျောက်ဖျာသည် ထက်ပိုင်းကွဲ၍ တစ်ပိုင်းသည်အောက်သို့ ကန့်လန့်ကျသွားကာ ရေသွားလမ်းကို တခြားထွက်မသွားအောင် ပိတ်ခံထားသကဲ့သို့ဖြစ်နေသည်။ ထို့ကြောင့် ရေသည် အပေါ်သို့ပန်းတက်လာတော့၏။ လုလင်ပင် အလျှင်အမြန်တက်လာရ၏။

လူငါးရာတို့သည် ရေသောက်၍ စိတ်ရှိတိုင်းရေချိုးကြလေသည်။ နွားတစ်ထောင်တို့သည်လည်း ရေဝ၍မြူးကြလေသည်။ အပိုပါလာသော ဝင်ရိုး ထမ်းပိုးများကိုထင်းအဖြစ်မီးဆိုက်ကာ လှည်းသားတို့သည် ထမင်းဟင်း ချက်ပြုတ်၍စားကြ၏။ နွားများအား မြက်နှင့်ရေဖျော်၍တိုက်ကျွေးကြ၏။

တစ်နေ့ကုန်သောအခါ ရေတွင်းမှာ အလံထူထားခဲ့ကြပြီး လိုရာသို့ ချောမောစွာ ရောက်သွားကြလေသည်။

(ကေနိပါတ်၊ ဝဏ္ဏုပထဇာတ်)

ဝဏ္ဏုပထဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ကျောက်ဖျာကြီးရိုက်ခွဲသောလုလင် | = | စိတ်အားလျှော့ခဲ့သောရဟန်း။ |
| လှည်းကုန်သည်မှူး | = | မြတ်စွာဘုရား။ |

## မောင်ပျင်းနှင့် မယ်ဖျင်း

သူတို့နှစ်ယောက်လုံးကဖြင့် ပျင်းလည်း ပျင်းလှပါဘိ။ ဖျင်းလည်း ဖျင်းလှပါဘိ။

သူတို့မှာလည်း အများ နည်းတူ မိဘများ မှည့်ခေါ်ထားသည့် နာမည်များ ရှိကြသည်သာ။ သို့ရာတွင် သူတို့၏ပေါ်လွင်ထင်ရှားလှသော အရည်အသွေး များကြောင့် ငယ်နာမည်များ ပျောက်ကာ ကျောင်းနေဖက်များက မှည့်ခေါ်ထားသည့် နာမည်ပြောင်များသာ ထင်ရှားလာတော့သည်။

ငယ်မည် မထင်ရှားတော့သူ နှစ်ယောက်အနက် မယ်ဖျင်းမှာ ကျောင်းသားများအတွက် ထမင်းချက်အလုပ်သမများတွင် အပါအဝင် ဖြစ်၏။ သူ၏ထူးခြားလှသော အရည်အချင်းကြောင့် သူချက်လေသမျှ ထမင်းများမှာ ပစ်လိုက်ရသည်ကများ၏။ သူချက်လေသမျှ ဟင်းများမှာ စားမရသည်ကများ၏။ ထို့ကြောင့် အပျက်အစီးမများနိုင်လောက်သော တာဝန်ကိုသာ ပေးထားရ၏။ ကျောင်းသားငါးရာတို့အတွက် အရက်မတက်မီက ထ၍ ဆန်ပြုတ်အိုးတည်ရသောအလုပ်ကိုသာ ခိုင်းထားရ၏။

စပယ်ဦး၈၁၉၀

မောင်ပျင်းမှာကား သူတို့လို အလုပ်သမားထဲက မဟုတ်ချေ။ မင်းညီမင်းသား သူဌေးသားများနည်းတူ အဋ္ဌာရသအတတ်ပညာများ သင်ကြားရန် တက္ကသိုလ်မြို့တော်သို့ ရောက် လာ သော လူ လင် ပျို တစ်ယောက်သာဖြစ်၏။ မိဘများကလည်း ကြွယ်ဝချမ်းသာသူများ ဖြစ်၍ ဒိသာပါမောက္ခဆရာကြီးအတွက် ဉာဏ်ပူဇော်ခထိုက်ထိုက်တန်တန် ပေးခဲ့ကြ၏။ သို့သော်ငြားလည်း သူတို့၏သားဖြစ်သူကတော့ ကျောင်းတက်စ အချိန်မှာပင် ဘွဲ့ရပြီးဖြစ်နေပေပြီ။

အနယ်နယ်အရပ်ရပ်မှ ရောက်လာကြသော ကျောင်းသားငါးရာလုံးမှာ ဉာဏ်ပူဇော်ခ ပေးနိုင်ကြသူများချည့် ဖြစ်၏။ သို့ဖြစ်၍ သူတို့မှာ ဒိသာပါမောက္ခဆရာကြီးအိမ်၌ ကူညီဆောင်ရွက်ပေးရန် တာဝန်မရှိကြပေ။ သို့ရာတွင် ဆိုက်စရာ ထင်းများကိုကား တောထဲသို့သွား၍ ရှာဖွေစုဆောင်း၍ ပေးကြရပေသည်။

ထိုနေ့တုန်းကလည်း ထင်းရှာရန် ကိစ္စဖြင့်ပင် ကျောင်း သားငါးရာတို့ ထွက်လာခဲ့ကြ၏။ သူတို့နောက်ဖျားမှ လေးလေးကန်ကန် လိုက်ပါလာခဲ့သော မောင်ပျင်းသည် တောထဲသို့ဝင်မိလျှင်ပင် ခတက်ပင် တစ်ပင်ကို တွေ့လိုက်ရ၏။ ခတက်ပင်တို့ အရွက်ကြွေသော ရာသီဖြစ်၍ ကြွင်းကျန်ရစ်သော အကိုင်းတို့မှာ သစ်ကိုင်းခြောက်ကဲ့သို့ ရှိနေကြ၏။

ဤတွင်မောင်ပျင်းသည် ကျောင်းသားများနောက်သို့ အပင်ပန်းခံ၍ လိုက်မနေတော့ဘဲ ခတက်ပင်ဆီသို့သာ ဆာခဲ့၏။ ''သူတို့ပြန်လာခါမှ ငါလဲ ဒီအပင်ပေါ်တက်ပြီး သစ်ကိုင်းခြောက်တွေ ချိုးသွားရင်ပြီးတာပဲ''ဟု လွယ်လင့်တကူတွေးတောကာ ပခုံးပေါ်တင်လာသော ပုဆိုးဟောင်းကိုခင်းကာ ထိုအပေါ်မှာ လှဲချလိုက်၏။ မြေ ပြင် နှင့် ခေါင်းထိလိုက်သည်နှင့်တစ်ပြိုင်နက် ဟောက်သံတခေါခေါ ထွက်လာလေသည်။

ကျောင်းသားများက တောထဲမှ ထင်းခြောက်များ တနင့်တပိုးကြီးထမ်း၍ လာကြသည့်တိုင်အောင်ပင် မောင်ပျင်းကတော့ ဟောက်၍ကောင်းတုန်းဖြစ်၏။ ထို့ကြောင့် ကျောင်းသားများက သူ့ကိုခြေထောက်နှင့်ကန်နှိုးကာ သူ့တစ်ယောက်တည်း ပစ်ထားခဲ့ကြလေတော့သည်။

ခြေထောက်နှင့် အကန်ခံ၍ နိုးလာရသော်လည်း မောင် ပျင်းကတော့ အိပ်ရေးမဝသေးပါ။ သို့ရာတွင် မိုးချုပ်နေဝင်ထိအောင်လည်း သည်တောကြီးထဲမှာ တစ်ယောက်တည်း မနေရဲပါ။ သို့ဖြစ်၍ အိပ်ချပ်

မူးတူးနှင့်ပင် ခတက်ပင်ပေါ် တက်၍ ခတက်ကိုင်းကို ချိုး လိုက် ၏။ သစ်ကိုင်းခြောက်မှတ်၍ အလွယ်တကူချိုးယူလိုက်ရာ ခတက်ကိုင်းကအစို ဖြစ်နေ၍ တော်တော်နှင့် မကျိုးချေ။ "မကျိုးနေရရိုးသား"ဟူ၍ အား စိုက်၍ချိုးလိုက်သည်တွင် ခတက်ကိုင်းကား ကျိုးသွားပါ၏။ သို့ရာတွင် ကျိုးပြတ်သွားသော အောက်သစ်ကိုင်းစက သူ့မျက်စိကိုလာ၍ ရိုက်လိုက် ပါတော့သည်။

"အား– အမလေးဗျ"

ဒဏ်ချက်က ပြင်းထန်လှသဖြင့် မောင်ပျင်းမှာ သစ်ပင်ပေါ်က မကျအောင် မနည်းဖက်တွယ်ထားရ၏။ သွေးယိုကျနေသော မျက်စိကို လည်း လက်တစ်ဖက်ကပိတ်၍ အုပ်ထားရသေး၏။

ဤသို့ဖြင့် သစ်ပင်ထက်မှ ခက်ခက်ခဲခဲ ဆင်းလာပြီးလျှင် ချိုးချ ထားသော ခတက်ကိုင်းကို ကောက်ယူကာ ညည်းရင်းတွားရင်း ပြန်လာ ခဲ့၏။ ကျောင်းသို့ရောက်သောအခါ ကျောင်းသားများ သယ်ဆောင် လာခဲ့သော ထင်းခြောက်များပေါ်သို့ ခတက်ကိုင်းကို ပစ်တင်လိုက်လေ သည်။

မောင်ပျင်းမှာ မျက်စိဒဏ်ရာက အလွန်တရာ နာကျဉ်လှသော် လည်း ဆရာကြီးထံ မပြရဲပေ။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ထောင့်ကြားတစ် နေရာမှာသာ ကြိတ်မှိတ်၍ ခံနေရ၏။ ထိုအချိန်မှာ အခြားကျောင်းသား များကတော့ မူးတူးပျော်ရွှင်၍နေကြ၏။ တက္ကသိုလ်မြို့တော်နှင့် တော် တော်ကွာလှမ်းသော တောရွာကြီးတစ်ရွာမှ သူကြွယ်တစ်ဦးသည် ဒိသာ ပါမောက္ခဆရာကြီးထံ လာရောက်၍ ဖိတ်ကြား၏။ နောက်နေ့နံနက်တွင် တပည့်လုလင်တို့အား စေလွှတ်ကာ ဂါထာမန္တန်များ ရွတ်ဖတ်ပေးရန် ဖြစ်ပေသည်။

ဤတွင် ဒိသာပါမောက္ခဆရာကြီးက....

"တပည့်တို့၊ သွားရမယ့်ခရီးကတော့ တော်တော်ကွာဝေးနေ တယ်။ ကျောင်းက တစ်ခုခုမှ စားသောက်မထားရဘဲနဲ့ သွားနိုင်ကြမှာ မဟုတ်ဘူး။ ဒါကြောင့် ခါတိုင်းထက်စောစော မယ်ပျင်းကို နှိုးပြီး ဆန် ပြုတ်အပြုတ်ခိုင်းကြ။ ဆန်ပြုတ်သောက်ပြီးမှ အချိန်မီရောက်အောင်သွား ကြတာပေါ့။ဟိုကျတော့ မင်းတို့ကို စားကောင်းသောက်ဖွယ် တွေလဲကျွေး မွေးလိမ့်မယ်။ အဖိုးထိုက်တန်တဲ့ ပစ္စည်းကိုလဲ ဂါထာ မန္တာန်ပူဇော်တဲ့ အနေနဲ့ ပေးလိုက်လိမ့်မယ်။ ဒီတော့ ဆရာ့အတွက် ပေးလိုက်တာကိုပါ ယူလာကြပေတော့"

ဤစကားကို ကြားလိုက်ရသည်နှင့်တစ်ပြိုင်နက်ကျောင်းသားများ ပျော်တပြုံးပြုံး ဖြစ်ကြပေပြီ။ နက်ဖြန်ခါမှာ အလျှံပယ်စားရ သောက်ရ မည့် စားကောင်းသောက်ဖွယ်များကို တွေးတောကာ တံတွေးများပင် သီးနေကြပေပြီ၊ လက်ဆောင်ရမည့် ပစ္စည်းများကိုလည်း အနည်းအများ မှန်းဆ၍ နေကြပေပြီ။

သို့ရာတွင် သူတို့အားလုံးမှာ နေကြီးထိန်ထိန်လင်းလာသော်လည်း ကျောင်းတော်က မထွက်ကြရသေးပါ။ ခုချိန်ကျမှ သွားမည်ဆိုတော့ လည်း ထိုရွာကြီးသို့ အချိန်မီမရောက်နိုင်တော့ပါ။

''ဘာ့ကြောင့်များ ခုထက်ထိမသွားကြသေးတာလဲတပည့်တို့''

မြို့တော်တစ်ပတ် လမ်းလျှောက်ရာမှ ပြန်ရောက်လာသော ဆရာ ကြီးက သို့ကလို မေးလိုက်ခါမှ....

''ပြောပဲ မပြောချင်တော့ပါဘူး ဆရာကြီးခင်ဗျား၊ မယ်ပျင်းဟာ ကျွန်တော်တို့ ကြိုကြိုတင်တင် နှိုးထားတဲ့ အတိုင်းထပြီးမီးတော့မွေးပါရဲ့။ ဒါပေမယ့် မိုးသာလင်းပါရော။ သူ့မီးက တောက်ကို မတောက်လာပါ ဘူးတဲ့။

''ဘယ်လိုလဲကွာ၊ မယ်ဖျင်းက ဘယ်ကထင်းနဲ့ မီးမွေးလို့လဲ''

''မနေ့ညနေက မောင်ပျင်းချိုးလာတဲ့ ခတက်ကိုင်းကိုပဲ ထင်း ခြောက်မှတ်ပြီးမီးမွှေးသတဲ့လေ။ တဖူးဖူးမှုတ်သံကြားလို့ ကြိုးစားလှချည့် လား အောက်မေ့ပါတယ်၊ မီးကလုံးဝတောက်မလာခဲ့ဘူး''

''အေး-ကောင်းရောကွာ။အပျင်းနဲ့ အဖျင်း၊ အဖျင်းနဲ့အပျင်းတို့ ကတော့ ဆုံလဲဆုံတတ်ကြပါပေရဲ့''

မတတ်သာသည့်အဆုံး၌ဆရာကြီးမှာဤသို့သာညည်းတွားလိုက်ရ ပေတော့သည်။

(ကေနိပါတ်၊ ဝရုဏဇာတ်)

**ဝရုဏဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်**

ပျင်းရိသောပုဏ္ဏားလုလင် = ပေါင်ကျိုးသောရဟန်းငယ်။

ဆရာပုဏ္ဏားကြီး = မြတ်စွာဘုရား။

# ၈။ မဟောရမ်းသည့် ရဲစွမ်းသတ္တိ

## (ဇာတ်တော်မိတ်ဆက်)

တစ်ခါတုန်းက သိကြားမင်းနှင့် အသူရာတို့ စစ်ပွဲကြီးခင်းခဲ့ကြရာ အသူရာတို့ တပ်ပျက်၍ သူတို့၏အကြီးအမှူးဖြစ်သော ဝေပစိတ္တိမှာ လက်ရ အဖမ်းခံရပါသည်။ နတ်ပရိသတ်အပေါင်း၏ ရှေ့မှောက်၌ ဝေပစိတ္တိသည် ခြေထိပ်လက်ထိပ်ကြီးတွေတန်းလန်းဖြင့်သိကြားမင်းအား မကြားဝံ့မနာသာ ဆဲရေးလျက်ရှိနေပါသည်။ သိကြားမင်းကတော့ သူဆဲလေသမျှ သူကြိမ်းလေသမျှ လုံးဝပင် ဗွေမယူပါ။ နတ်အပေါင်းတို့ အလယ်တွင် ပြုံးရွှင်သောမျက်နှာဖြင့် အောင်ပွဲခံလျက်သာ ရှိနေပါသည်။

သိကြားမင်း၏ ထိုကဲ့သို့သော အပြု အမူကို နားမလည်သဖြင့် မာတလိနတ်သားက မေးမြန်းလေရာ....

''မာတလိရယ်၊ ရဲစွမ်းသတ္တိဆိုတာ ကိုယ်နဲ့ဖက်ပြိုင်ပြီး ရင်ဆိုင်တိုက်ခိုက်နေရတဲ့ ရန်သူတွေအပေါ်မှာသာ အသုံးပြုရပါတယ်။ ကိုယ့်

လက်ထဲရောက်လာလို့ ကိုယ်ပြုတိုင်းခံရတော့မယ့် သူတွေအပေါ်မှာ မသုံးကောင်းပါဘူး''ဟု သိကြားမင်းက ရှင်းပြခဲ့ပါသည်။

ဤသို့မဟုတ်ဘဲ မိမိတို့လက်အောက် ကျရောက်နေသူတို့ကို ဖိနှိပ်ညှဉ်းပန်းခြင်းမှာ တကယ်တော့ ရဲစွမ်းသတ္တိမဟုတ်ပါ။ မိမိတို့အပေါ် စော်ကားရာ ရောက်သည်ဟု ဆိုနိုင်သော မဖြစ်စလောက်အပြစ်ကလေးများကို ခံနိုင်ရည်မရှိခြင်းသာ ဖြစ်ပါသည်။ ထိုသူတို့မှာ ရဲစွမ်းသတ္တိရှိသူမဟုတ်။ ပျော့ညံ့သူတို့သာ ဖြစ်ပါသည်။

ရဲစွမ်းသတ္တိရှိသူတို့မှာ သက်ရှိရန်သူများနှင့် ရင်ဆိုင်ရာ၌ဖြစ်စေ၊ သဘာဝအန္တရာယ်များနှင့်ယှဉ်ပြိုင်ရာ၌ဖြစ်စေ အားသွန်ခွန်စိုက်တိုက်ခိုက်တွန်းလှန်ကြ၏။ တိုက်ပွဲ၌ မိမိဘက်က အနိုင်ရလျှင် တစ်ဖက်ရန်သူအား နောက်ထပ် ရန်မမူနိုင်လောက်သည် အထိ နှိမ်နင်းပစ်မည်။ အကယ်၍ မိမိဘက်ကရှုံးရလျှင်လည်းဉာဏ်ပညာဖြင့်သိမ်းဆည်း၍ကျသမျှအပြစ်ဒဏ်ကို မညည်း မညူတမ်း ခံယူမည်သာ။ ကြောက်စရာ အကောင်းဆုံးဖြစ်သော သေဘေးဒဏ်ကြီးကိုပင် စိတ်နှလုံးတည်ငြိမ်စွာ ခံယူသွားခဲ့သော အနန္တသူရိယအမတ်ကြီး အပြုအမူမှာရဲစွမ်းသတ္တိ၏ စံနမူနာဖြစ်ပါသည်။

ရဲစွမ်းသတ္တိဟူသည်မှာ မိမိကိုယ်ကို ယုံကြည်မှုအပေါ်၌ အခြေခံပါသည်။ မည်ရွေ့မည်မျှ အရည်အချင်းပြည့်ဝသူဖြစ်ပါစေ၊ မိမိကိုယ်ကိုယုံကြည်မှုမရှိပါက ရဲစွမ်းသတ္တိထွက်ပြူလာမည် မဟုတ်ပါ။

မိမိကိုယ်ကို ယုံကြည်သည်ဆိုရာ၌လည်း အရှိထက်ပို၍ အထင်ရှိနေခြင်း၊ ဘဝင်မြင့်ခြင်းလည်း ပါဝင်နေတတ်ပါသည်။ ဘဝင်မြင့်သူတို့သည် တစ်ခါတစ်ရံ ကြက်ကန်းဆန်အိုးတိုးမိသကဲ့သို့ အောင်ပွဲရတတ်ကြပါသည်။ သို့ရာတွင် ရေရှည်ကိစ္စများတွင်ကား အောင်ပွဲရသည်နှင့် မကာမိအောင် မရှုမလှ ရှုံးနိမ့်ဖို့သာ ရှိပါသည်။

မိမိအရည်အချင်းကို ဟုတ်တိုင်းမှန်စွာသိ၍ ယုံကြည်စိတ်ချထားသည့်အတိုင်း မဆိုင်းမတွန့် ဝံ့ဝံ့စားစား ရင်ဆိုင်ရဲသူတို့သာလျှင် ပွဲတိုင်းကျော်ဖြစ်နိုင်ပါသည်။ 'သိကြားမင်းစကားအမှားဖြစ်' ဝတ္ထုသည် ထိုကဲ့သို့ အောင်ပွဲရအာဇာနည်ပုဂ္ဂိုလ်များကိုသာမက ဘဝင်မြင့်မိ၍ တပ်ပျက်သွားရသူများကိုပါ မှတ်တမ်းတင်၍ ထားပါသည်။

ဘဝမြင့်သူတို့သည် တစ်ဖက်ရန်သူ၏ စွမ်းအားကို မချင့်ချိန်ဘဲ မိမိစွမ်းအားကိုသာ တစ်ဖက်သတ်အားကိုးလျက် ဇွတ်တရွတ်လုပ်တတ်ကြ၏။ ထိုသူတို့အတွက် 'မိုက်ရူးရဲ' ဝတ္ထုက သတိပေးလျက် ရှိနေပါသည်။

စစ်မှန်အောအာဇာနည်ပုဂ္ဂိုလ်တို့၏ရဲစွမ်းသတ္တိမှာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှုလည်း ရှိရပါသည်။ အရာဌာနဟုတ်မဟုတ်ကို ရုတ်ချည်း သိနိုင်သော ဉာဏ်ပညာယှဉ်ရပါသည်။ 'ကိုယ့်နေရာနှင့်ကိုယ်ဝတ္ထု' မှ ဗီလုံးငှက်ကလေးမှာ ဤသို့သော ရဲစွမ်းသတ္တိကြောင့်အင်အားအရာမယှဉ် သာအောင် သာလွန်နေသော သိမ်းငှက်ကို အောင်ပွဲခံ လိုက်ရခြင်း ဖြစ်ပါသည်။

အရာဌာန ဟုတ်မဟုတ်ကို ရုတ်ချည်းသိနိုင်သည့်ဉာဏ်ကို တခဏုပ္ပတ္တိဉာဏ်ဟု ကျမ်းဂန်များက ပြဆိုကြပါသည်။ 'သူနိုင်ကိုယ်နိုင်ဉာဏ်ချင်းပြိုင်' ဝတ္ထုမှ မျောက်ကြီး၏ တခဏုပ္ပတ္တိဉာဏ်ထက်သန်ပုံမှာ အားကျစရာလည်းကောင်းလှပါသည်။ သူ့စွန့်စားခန်းကိုဖတ်ကာ သြဘာလက်ခုပ်တီးပေးချင်လောက်ပါသည်။

မဟော့ရမ်းသည့် ရဲစွမ်းသတ္တိမွေးမြူနိုင်ရေးကို အထောက်အကူပြုနိုင်ရန် စံပြဝတ္ထု (၄)ပုဒ်ကို ဆက်စပ်ဖော်ပြလိုယ်ပါသည်။

## သိကြားမင်း၏စကား အမှားဖြစ်

ကလိင်္ဂတိုင်းနှင့် အဿကတိုင်းတို့သည် နယ်နိမိတ်ချင်းထိစပ်လျက်ရှိကြ၏။ ကလိင်္ဂတိုင်းဒန္တပူရမြို့တွင် ကလိင်္ဂမင်း ထီးနန်းစိုးစံ၏။ အဿကတိုင်း ပါဋလိပုတ်မြို့တွင် အဿကမင်း ထီးနန်းစိုက်လေသည်။

ပြည်နီးချင်း မင်းနှစ်ပါးတို့အနက် ကလိင်္ဂမင်းသည် အထူးသဖြင့် စစ်သည်ဗိုလ်ပါတောင့်တင်း၏။ ကလိင်္ဂမင်း ကိုယ်တိုင်ကလည်း သူမတူသော စွမ်းအားရှိ၍ စစ်ဆင်စစ်ချီကျွမ်းကျင်လေသည်။ ကလိင်္ဂမင်း၏ စစ်အင်အားကို အံ့မတုရဲကြသဖြင့် ထိုတိုင်းပြည်သည် ရန်စကျူးကျော်လိုသော ရန်သူတို့ဘေးမှ ကင်းဝေးခဲ့၏။

စစ်ဘေးစစ်ဒဏ်မခံရဘဲ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေရသဖြင့် တိုင်းသူပြည်သားတို့ နှစ်လိုဝမ်းမြောက် ရှိကြ၏။ ကြာရှည်သဖြင့် ဤသို့သာနေရပါစေဟု ဆုတောင်းသမှုပြုကြ၏။သို့သော်ကလိင်္ဂမင်းကား သူတို့လိုမဟုတ်ပေ။ သူ့ကို စစ်ဘက်ဝံ့သူမရှိ၍ စစ်မတိုက်ဘဲနေရသည်ကို ငြီးငွေ့နေ၏။ အငြိးပြေအပျင်းပြေ တိုက်ခိုက်ရန်စစ်ပွဲတစ်ကိုလိုလားနေ၏။ အနီးအပါး တိုင်းပြည်များကလည်း သူ့ကို အလျှော့ပေးကာ ဆက်ဆံနေကြရသဖြင့် စစ်ပွဲတစ်ခုဖန်တီးရန် ခက်နေဘိ၏။

စပယ်ဦး၊ ၁၇၄၅

စစ်ပွဲဆင်နေသော ကလိင်္ဂမင်းသည် သူ့ဘာသာ ကြံစည်၍မရသောအခါ အမတ်တို့ကို ညီလာခံခေါ်၍ တိုင်ပင်ရလေသည်။

“စစ်ပွဲဖြစ်ပွားရန်အရေးမှာ မခက်လှပါအရှင်မင်းကြီး။ အရှင်မင်းကြီးရဲ့သမီးတော်လေးပါးနဲ့ စစ်မြူလျှင် ရနိုင်ပါတယ်။ သမီးတော်တို့ကို ရထားပေါင်းချုပ်မှာတင်ပြီး အတိုင်းတိုင်း အပြည်ပြည် စေလွှတ်တော်မူပါ။ သူတို့ရဲ့အဆင်းရူပါကို တပ်မက်တဲ့မင်းတစ်ပါးပါးက သိမ်းပိုက်တဲ့အခါ အဲဒီမင်းနဲ့ စစ်ထိုးရုံပဲရှိပါတော့တယ် ဘုရား”

အပတ်ကြီးတို့က သူတို့စိတ်ကူးရှိသည့်အတိုင်း အကြံပေးလျှောက်တင်ကြ၏။ကလိင်္ဂမင်းကလည်းထိုအတိုင်း သဘောတူကာ ခွင့်ပြုလိုက်၏။

မင်းသမီးတို့ ရောက်လေရာ တိုင်းပြည် မြို့ရွာတို့သည် တုန်လှုပ်ချောက်ချား၍ သွားကြရ၏။ မြို့တွင်းသို့ အဝင်မခံရဲကြဘဲ လက်ဆောင်ပစ္စည်းများဖြင့် တောင်းပန်၍ လွှတ်ကြရလေသည်။

ဤသို့ဖြင့် မင်းသမီးတို့သည် ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်တွင်ဘယ်မင်း၏အသိမ်းအပိုက်ကိုမှ မခံရဘဲ ပြန်လှည့်လာကြကာ ပြည်နီးချင်းဖြစ်သည့် အ[illegible]ကတိုင်းပြည်သို့ ရောက်လာကြ၏။ မင်းသမီးတို့ရထား ပါဋလိပုတ်[illegible]တံခါးဝသို့ ရောက်လာသည်ကို အဝေးကမြင်လျှင်ပင် တံခါးမှူးက တံခါးကို ပိတ်၍ထားလိုက်လေသည်။

အဿကမင်းသည် ဝေခွဲမရဖြစ်နေ၏။ မင်းသမီးတို့၏အလှဂုဏ်သတင်းကို ကြားပြီးဖြစ်၍ သိမ်းပိုက်ချင်၏။ တစ်ဖက်ကလည်း အင်အားကြီး မား လှ သော ကလိင်္ဂမင်းကို အံတုရခက်နေသည်။ အဿကမင်းသို့လော သို့လောဖြစ်နေခိုက်တွင် နန္ဒိသေနအမည်ရှိသော အမတ်စစ်သူကြီးက တံခါးဆီသို့ ခပ်သုတ်သုတ်ထွက်သွားလေသည်။

အဿကမင်း၏ အမတ်များစွာရှိသည့်အနက် နန္ဒိသေနသည် လုပ်ရည်ကိုင်ရည်ဖြင့်ထင်ပေါ်ကျော်ကြား၏။စစ်မက်ရေးရာမှာကျွမ်းကျင်၏။ အခက်ခဲတွေ့လျှင် ကျော်လွှားရန် အကြံဉာဏ်ထုတ်တတ်၏။ သူ့စိတ်ထဲက ကောင်းသည်ဆိုလျှင် ရွတ်ရွတ်ချွန်ချွန် လုပ်တတ်၏။

ကလိင်္ဂမင်း၏ ဤသို့စစ်မြူရန်စခြင်းကို နန္ဒိသေနက ငုံ့မခံလိုပေ။ သည်တိုင်းပြည်ကပါ ငုံ့ခံလိုက်လျှင် ကလိင်္ဂမင်းသည် သွေးနထင်ရောက်၍ သွားပေတော့မည်။ဤဇမ္ဗူတွင်စစ်တံခွန်တလူလူလွှင့်ကာသည်ထက်သည်

ရန်စလာပေတော့မည်။ ဘာပဲဖြစ်ဖြစ် သည်ကလိင်မင်းနှင့် စစ်ခင်းမှ တော်ချိမ့်မည်။

ဤသို့ဆုံးဖြတ်ချက်ချကာ တံခါးမှူးအားတံခါးကိုအဖွင့်ခိုင်းလိုက်၏။ မင်းသမီးများကို အဿကမင်းထံ ဆက်သကာ မိဖုရားအဖြစ် အဘိသိက်သွန်းပါရန် တင်လျှောက်၏။ ကလိင်မင်းနှင့် စစ်မက်ဖြစ်ပွားရန် အရေးမှာလည်း တွေးပူစရာမရှိပါကြောင်းဖြင့် အားပေးနှစ်သိမ့်၏။

မင်းသမီးတို့၏ အခြွေအရံများကိုကား "နင်တို့တော့ပြန်ချေကြ။ မင်းသမီးများကို သိမ်းပိုက်လိုက်ကြောင်း နင်တို့ဘုရင်ကို လျှောက်တင်ချေကြ"ဟု စေလွှတ်လိုက်လေသည်။

ကလိင်မင်းသည် အခြွေအရံတို့က လျှောက်ထား၍ အကြောင်းစုံကို သိရလေလျှင်....

"အောင်မယ် ဒီအဿကမင်းက ငါတို့အစွမ်းသတ္တိ သိရှာသေးဟန် မတူဘဲကိုး"ဟု မခိုးမခန့်ကြိမ်းဝါးကာ စစ်ချီ၍ထွက်လာခဲ့၏။

သည်အရေးကို တွေးမြင်ပြီးဖြစ်၍ အဿကမင်းတို့ဘက်ကလည်း အချိန်မီစစ်ချီထွက်လာခဲ့၏။နှစ်ဘက်စစ်ဦးသည်နှစ်နိုင်ငံနယ်နိမိတ်နားမှာဆုံမိ၏။တစ်ဖက်အခြေအနေကို တစ်ဖက်ကစောင့်ကြည့်ကာ နယ်နိမိတ်ကို ဘယ်သူမျှမကျော်သေးဘဲ ရှိကြပေသည်။

ထိုစစ်ကြောင်းတို့မနီးမဝေးတွင် ကျောင်းသခ်မ်းတစ်ခုသည်မီးခိုးတလူလူနှင့်ရှိနေ၏။တောပျော်ရသေ့ကြီး၏မှီခိုရာဖြစ်၏။ထိုရသေ့ကျောင်းကိုမြင်မိလျှင် ကလိင်မင်းသည်ရသေ့ကြီးဆီက အကူအညီတစ်ခု ရလိုရငြား ရုပ်ဖျက်၍ ထွက်လာခဲ့ကာ ရိုသေစွာဦးချနှုတ်ဆက်ပြီး....

"ရသေ့ကြီးဘုရား၊ ဒီစစ်ပွဲမှာ ဘယ်သူနိုင်ပါ့မလဲ"ဟု မေးစမ်းလိုက်ရာ ရသေ့ကြီးက....

"ဟဲ့-ဒကာရဲ့၊ ဒီလိုကိစ္စမျိုးမှာ ငါတို့ ဘယ်ခန့်မှန်းတတ်ပါ့မလဲ။ တစ်ခုတော့ရှိရဲ့၊ဟိုနတ်ပြည်က သိကြားမင်းကတော့ ညအချိန်မှာလာတတ်တယ်။ သူပြောပြရင် သိရမှာပေါ့"

"ကောင်းပါ့ဘုရား။သိကြားမင်း လာတော့သာ ဆက်ဆက်မေးထားလိုက်ပါ။ နက်ဖြန်ကျတော့ တပည့်တော်တစ်ခေါက် လာခဲ့ပါမယ်"

စပယ်ဦး၊၀၇၈၀

နောက်နေ့ ကလိင်္ဂမင်း ရောက်လာသော အခါ ရသေ့ကြီးက သိကြားမင်းထံမှ ကြား သိ ရ သည့် ဝမ်း မြောက် ဖွယ် သတင်းစကား ပြောကြားလေ၏။

"ဒကာ၊ ဒီစစ်ပွဲမှာ ကလိင်္ဂမင်းနိုင်လိမ့်မယ်။ အဿကမင်းရှုံး လိမ့်မယ်"

"ဟယ်- နိပ်ပဟ ဒီတစ်ခါ"

ကလိင်္ဂမင်းသည်ရွှေဆက်၍မေးမနေတော့ဘဲဝမ်းမြောက်ဝမ်းသာ ပြန်လာခဲ့၏။ သူ၏ စစ်သည်ဗိုလ်ပါတို့ကို တစ်ဆင့်ပြောပြ၏။

"ငါတို့ဘက်ကနိုင်မည်"ဟု ကြိုတင်သိထားရသဖြင့် ကလိင်္ဂမင်း သည် စိတ်အေးသွား၏။ စစ်ပွဲအတွက် အဘက်ဘက်က လိုလေသေးမရှိ အောင် ပြင်ဆင်နေရသည်များကိုပင်အလုပ်ပိုတွေဟုထင်လာ၏။ သိကြား မင်းကိုယ်တိုင်က ပြောထားသောစကားဖြစ်၍ နိုင်မည်ဆိုမှတော့ နိုင်မည် ပင်ဖြစ်၏။ ဘာပြုလို့ ဒါလောက် ကြောင့်ကြစိုက်နေစရာ လိုသေးသလဲ။

ကလိင်္ဂမင်းက အကွပ်အညှပ် လျော့ရဲလာသကဲ့သို့ပင် စစ်သည် ဗိုလ်ပါတို့ကလည်း စစ်စည်းကမ်းကို အတိအကျ မလိုက်နာကြတော့ချေ။ ကိုယ့်တပ်စုနှင့်ကိုယ်မနေကြတော့ဘဲ စိတ်ထင်ရာသွားလာလုပ်ကိုင်၍နေကြ တော့သည်။

ထိုအချိန်တွင် အဿကမင်းနှင့် နန္ဒိသေနအမတ်တို့က ခေါင်းချင်း ဆိုင်ကာ ဆွေးနွေးလျက်ရှိကြ၏။ "ကလိင်္ဂမင်းဘက်ကနိုင်လိမ့်မည်"ဟူ သော သတင်းစကားကို သူတို့ နားအဆင့်ဆင့်ဖြင့် ကြားထားပြီးဖြစ်၏။ ခိုင်လုံသောသတင်းစကားဖြစ်၍ အဿကမင်းက စိုးရိမ်တကြီးဖြစ်နေရာ တွင် နန္ဒိသေနအမတ်က ဖျောင်းဖျနှစ်သိမ့်ပေးနေရ၏။

"သူတို့ဘက်ကကြားရတဲ့သတင်းစကား တစ်ခုတည်းနဲ့ ယတိပြတ် ဆုံးဖြတ်လို့ဘယ်ဖြစ်ပါဦးမလဲအရှင်မင်းကြီး။စိတ်တော်ကိုတင်းပါမှပေါ့။ ကဲ- ကျွန်တော်မျိုးသွားပြီး စနည်းနာလိုက်ပါဦးမယ်"

နန္ဒိသေနသည် အဿကမင်းထံခွင့်ပန်ကာ ရသေ့ကြီးဆီသို့ဝင်လာ ခဲ့၏။ ကလိင်္ဂမင်းတို့ဘက်ကကြားရသော သတင်းစကားကို မှားတာများ

ဖြစ်လေမလားဟု မေးလျှောက်ကြည့်သောအခါ ကြားသည့်အတိုင်းပင် အမှန်ဖြစ်ကြောင်း၊ သိကြားမင်းကိုယ်တိုင်က ပြောထားခဲ့ကြောင်း ရသေ့ကြီးက ပြောပြ၏။

ကြားရသောသတင်းမှာခိုင်လုံနေပြီမို့ နန္ဒိသေနမှာလည်း အနည်းငယ်မျှ တွေဝေ၍သွားရ၏။ ထို့နောက် ကိုယ့်စိတ်ကိုယ်အားတင်း၍....

''ဒါဖြင့် ရသေ့ကြီးဘုရား။ နိုင်မယ့်မင်းရဲ့ ရှေ့ပြေးနိမိတ်က ဘယ်လိုမျိုး ထင်လာပါလိမ့်မလဲ။ ရှုံးမယ့်မင်းရဲ့ ရှေ့ပြေးနိမိယ်က ဘယ်လိုမျိုးထင်လာပါလိမ့်မလဲ''ဟု ထပ်၍ ဆစ်မေးလိုက်လေရာ....

''ဒကာ၊ နိုင်မယ့်မင်းရဲ့ ကိုယ်စောင့်နတ်ကတော့ တစ်ကိုယ်လုံး ဖြူတဲ့နွားလားဖြစ်လိမ့်မယ်။ ရှုံးမယ့်မင်းရဲ့ကိုယ်စောင့်နတ်ကတော့တစ်ကိုယ်လုံး မဲနက်တဲ့နွားလားဖြစ်လိမ့်မယ်။ မင်းနှစ်ပါးတို့စစ်ထိုးဖို့ချီတက်လာကြတဲ့ အခါမှာအဲဒီကိုယ်စောင့်နတ်များကရှေ့ပြေးအဖြစ် တိုက်ခိုက်ပြီး အရှုံးအနိုင်ကို ဆုံးဖြတ်ကြပါလိမ့်မယ်''

''မှန်ပါ့ဘုရား၊ ဒီအကြောင်းသိလိုက်ရတာ အင်မတန်မှ ကျေးဇူးကြီးလှပါတယ်''ဟု ရသေ့ကြီးကိုဦးတင်ကာ နန္ဒိသေနသည် စစ်တပ်သို့ ပြန်လာခဲ့ပြီး အမှုတော်ကို အတူထမ်းခဲ့ရသည့် သူရဲကောင်းတစ်ထောင်ကို အနားက တောင်ထိပ်ပေါ်သို့ ခေါ်လာခဲ့ပြီးလျှင်....

''ဘယ့်နှယ်လဲကိုယ့်လူတို့။ ငါတို့မင်းနဲ့ တိုင်းပြည်အတွက် မင်းတို့အသက်ကိုစွန့်ပြီး တိုက်ရဲကြပါ့မလား''ဟု သွေးတိုးစမ်းလိုက်၏။

''ကိုယ့်ဘုရင်နဲ့ တိုင်းပြည် အတွက်ဆိုရင် အသက်ကို ပမာနမထားဘူး''

သူရဲကောင်းတစ်ထောင်က တစ်ခဲနက် ကြွေးကြော်လိုက်၏။

''ကဲ–ဒါဖြင့် ဟောဟိုတောင်ကမ်းပါးပြတ်ကြီးဆီ သွားကြ။ တိုင်းပြည်နဲ့ ဘုရင့်အတွက် အဲဒီကမ်းပါးပြတ်ကြီးက ခုန်ချလိုက်ကြ''

နန္ဒိသေန၏ စကားအဆုံးတွင် သူရဲကောင်း တစ်ထောင်သည် မကြောက်မရွံ့ နောက်မတွန့်ဘဲ ကမ်းပါးပြတ်ကြီးဆီသို့ ချီတက်ကြ၏။ ကမ်းပါးပြတ်ကြီးနှင့် ဝါးတစ်ရိုက်လောက်အရောက်တွင်မှ နန္ဒိသေနက ''ပြန်လှည့်ခဲ့ကြ''ဟု အမိန့်ပေးလိုက်၏။

နန္ဒိသေနအမတ် စစ်သူကြီးရှေ့တွင် သူရဲကောင်း တစ်ထောင်က တန်းစီကာ ရပ်လိုက်ကြ၏။ နန္ဒိသေနသည် ပေးအပ်သောအမိန့်ကိုဦးလည်

မသုန် လိုက်နာနိုင်စွမ်းရှိကြသော သူရဲကောင်းတစ်ထောင်ကို ရှန်းရှန်းစားစား အားရအောင်ကြည့်ကာ....

''ဒီလို သက်စွန့်ရဲတဲ့အတွက် ငါ့ကျေးဇူးတင်တယ်။ ကျေနပ်တယ်။ ဒါပေမယ့် မင်းတို့ရဲ့ အဖိုးထိုက်တန်တဲ့အသက်နဲ့ ကိုယ်ခန္ဓာကို ဒီမှာတင် စွန့်လွှတ်ဖို့မဟုတ်ဘူး။ စစ်ပွဲမှာစွန့်လွှတ်နိုင်ဖို့ဖြစ်တယ်။ ကိုယ့်တိုင်းပြည်နဲ့ ကိုယ့်ဘုရင်ကို ချစ်မြတ်နိုးတယ်ဆိုရင် ရှိသမျှရဲစွမ်းသတ္တိကို စစ်ပွဲမှာအသုံးပြုကြရမယ်''

သူရဲကောင်းတစ်ထောင်ကို ဤကဲ့သို့ ရဲစိတ် ရဲမာန်များ တင်ပေးကာ နန္ဒိသေနသည် စစ်တပ်ကို အသင့်ဖြစ်အောင် စီမံလိုက်၏။ တစ်ဖက်မင်းထံသို့စစ်ပွဲရင်ဆိုင်ရန် အရန်သင့်ရှိပြီဖြစ်ကြောင်း အချက်ပေးလိုက်၏။

စစ်တပ်ကြီးနှစ်ခုသည် ရဲတံခွန်တလူလူဖြင့် ချီတက်၍လာကြ၏။ တိုက်စည်တိုက်မောင်းသံများနှင့်အတူစစ်ချီသီချင်းများ ကြွေးကြော်လာကြ၏။ တပ်ဦးထိပ်မှ မင်းနှစ်ပါးတို့သည် မြင်းကိုယ်စီ လက်နက်ကိုယ်စီနှင့် တဖြည်းဖြည်း နီးကပ်၍လာ၏။

ရသေ့ကြီးအမိန့်ရှိလိုက်သည့်အတိုင်းပင် မင်းနှစ်ပါးတို့ စစ်ပွဲဝင်ခါနီးလျှင် ကိုယ်စောင့်နတ်နှစ်ပါးကလည်း တစ်ဖက်စီမှ ပေါ်လာကြ၏။ ကလိင်္ဂမင်းဘက်က နွားလားအဖြူဖြစ်၍ အဿကမင်းဘက်မှ နွားလားအနက်ဖြစ်၏။ထိုပုဗ္ဗနိမိတ်နှစ်ခုတို့ကို မင်းနှစ်ပါးတို့သာမြင်နိုင်လေသည်။

ဘုရင့်နောက်ပါးမှ ကပ်ပါလာသော နန္ဒိသေနက....

''အရှင်မင်းကြီးရဲ့ ကိုယ်စောင့်နတ်ကို မြင်ရပါသလား'' ဟု မေး၏။

''မြင်တော့မြင်ရတယ်။ တစ်ကိုယ်လုံး နက်နေတဲ့နွားတစ်ကောင်ဖြစ်တယ်။ သူ့ကြည့်ရတာ ငါ့ဖြင့် အားမရှိဘူး။ ညှိုးညှိုးငယ်ငယ်နဲ့ဟိုဘက်ကကောင်ကို ကြောက်ရွံ့နေတဲ့ပုံပဲ''

''အားမလျှော့ပါနဲ့အရှင်မင်းကြီး။ သူတို့ချင်းတိုက်ခိုက်တဲ့အခါမှာ ဟိုဘက်ကနွားလားအဖြူကို လှံနဲ့ထိုးသတ်လိုက်ပါ။ အဲဒီအခါမှာ စစ်ပွဲဟာ ကျွန်တော်တို့အတွက် အောင်ပွဲကြီး ဖြစ်ပါလိမ့်မယ်''

နန္ဒိသေနကတဖွဖွအားပေးလာ၍ အဿကမင်းသည် ဇွန္ဓမပျက်ပင် ရှေ့သို့ချီတက်လာခဲ့၏။မင်းနှစ်ပါးတို့နီးကပ်လာကြလျှင် ကိုယ်စောင့်နတ်နွားလားနှစ်ကောင်သည် ရှေ့ပြေးအဖြစ် တိုက်ခိုက်ကြ၏။ အဿက

မင်းသည်လည်း ရှောင်တခင်ချီတက်ကာ နွားလားအဖြူကို လှံနှင့်ထိုး၍ သတ်လိုက်၏။

ဘုရင်ချီတက်သွားသည်ကို မြင်လိုက်ရသည်နှင့် သူရဲကောင်း တစ်ထောင်ကပါ တစ်ခဲနက်ညာသံပေး၍ တစ်ဟုန်ထိုးတိုက်ခိုက်လိုက်ကြ၏။ ကလိင်္ဂမင်းသည် အစွမ်းကုန်ခုခံပါသေး၏။ သို့သော် အကွပ်အညှပ်မနာသော သူ့တပ်သည် ခဏနှင့်ပြိုကွဲသွား၏။ ကလိင်္ဂမင်းကိုယ်တိုင်ပင်အသက်ဘေးမှ မနည်းလွတ်အောင် ရုန်းထွက်ပြေးရလေတော့သည်။

''နိုင်လိမ့်မည်''ဟူသောစကားကို အားကိုးကာ တစ်ဖက်ရန်သူကို လျှော့ပေါ့စွာရင်ဆိုင်ကြသော ကလိင်္ဂမင်း၏စစ်တပ်တို့သည် စည်းကမ်းမရှိ၊ ပရမ်းပတာဆုတ်ခွာပြေးကြရ၏။ ပြေးရင်းလွှားရင်းက ကလိင်္ဂမင်းသည် ရသေ့ကြီးကို မဟုတ်တာပြောရပါမည်လားဟု ဆဲရေးပြစ်တင်၍ သွား၏။

အထင်နှင့်အမြင် ဘက်တက်စင်အောင် လွဲနေသဖြင့် ရသေ့ကြီးကိုယ်တိုင်ကပင် အံ့အားသင့်၍နေမိ၏။ သိကြားမင်းကိုယ်တိုင်က ပြောထားခဲ့သည့်စကားဖြစ်၍ မိမိကလည်း စိတ်ချယုံကြည်စွာ မေးလျှောက်လာသောဒါယကာနှစ်ယောက်အား ပြောပြခဲ့၏။ ကိုယ်စောင့်နတ်များက ရှေ့ပြေးအဖြစ် တိုက်ခိုက်ကြဦးမည်ဟု အသေအချာ ပြောပြထား၏။ ယခုတော့ ဒါတွေနှင့် လုံးဝဆန့်ကျင်ဘက်ကြီး ဖြစ်သွားချေပြီ။ သိကြားမင်းဘာပြုလို့များ မဟုတ်တာပြောပါလိမ့်။

ရသေ့ကြီးသည် အတွေးရခက်ခက်နှင့် နေရ၏။ နောက်သုံးရက်လောက်ကြာ၍ သိကြားမင်းရောက်လာပြန်သောအခါ ''နတ်တို့၏အကြီးအမှူးဖြစ်လျက် သိကြားမင်းဟာ ဘာဖြစ်လို့ မမှန်သောစကားကို ပြောရပါသလဲ''ဟု ဆီး၍မေးလိုက်ရ၏။

ထိုအခါ သိကြားမင်းက ရှင်းပြသည်မှာ....

''အရှင်ရသေ့ကြီး၊ တပည့်တော်ပြောခဲ့စဉ်ကတော့ ရှေ့ဖြစ်မယ့် အလားအလာကို တကယ်မြင်ခဲ့တဲ့အတိုင်း ပြောခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့်လို့ သိကြားနတ်တို့ရဲ့စကားဟာ ယောကျ်ားကောင်းတို့ရဲ့ လုံ့လရဲစွမ်းကိုတော့ မတားဆီးနိုင်ပေဘူး။ အဿကမင်းရဲ့ သူရဲကောင်းစစ်သည်တို့ဟာ စည်းကမ်းတကျလဲရှိကြတယ်။ အစုအဝေးမပျက်လည်း နေကြတယ်။ အရေးကျလျှင် ရဲရဲဝံ့ဝံ့နဲ့ တစ်ဟုန်တည်းတိုက်ခိုက်နိုင်စွမ်းလည်း ရှိကြပေ

တယ်။ ဒါကြောင့်လဲ တပည့်တော်က ရှုံးမယ်ပြောထားခဲ့တဲ့ အဿက တိုင်းသားတို့ အောင်ပွဲရသွားခြင်း ဖြစ်ပါတယ်''

အောင်ပွဲရ အဿကတိုင်းသားတို့သည် မျက်နှာပန်းလှစွာဖြင့် မြို့တော်သို့ပြန်ဝင်လာကြ၏။ စစ်ပွဲမှာ ထိခိုက်ရှနရှိခဲ့သူများအား ဆေးဝါးကုသ၍ပြုစုကာ နန္ဒိသေနက ကလိင်္ဂမင်းအတွက် စာသဝဏ်လွှာကို ရေးစီလေသည်။

''စစ်ရှုံးသူ ကလိင်္ဂမင်း ကြားသိစေရမည်။ ငါတို့အရှင် အဿကမင်းကြီးက သင့်သမီးတော်များကို မိဖုရားမြှောက်၍ ထားလိုက်ပြီးပြီ။ မင်းသမီးများအတွက် ရသင့်ရထိုက်သော အမွေပစ္စည်းများကို မဆိုင်းမတွ ပို့လာရမည်။ မပို့ပါက ငါတို့စိတ်ထင်တိုင်း ပြုလုပ်လိမ့်မည်''

စာလွှာကို ဘုရင်ထံတင်ပြ၍ အမှတ်တံဆိပ်ခပ်နှိပ်ပြီးလျှင် ကလိင်္ဂမင်းထံ ပေးပို့လိုက်၏။

စစ်ပွဲတွင်မာန်စွယ်ကျိုးခဲ့ရသော ကလိင်္ဂမင်းသည် သူ့သမက်တော် အဿကမင်းထံသို့ ရသင့် ရထိုက်သော အမွေ ပစ္စည်းများကို ပို့ဆက်ရလေသည်။

(စတုက္ကနိပါတ်၊ စူဠကာလိင်္ဂဇာတ်)

## စူဠကာလိင်္ဂဇာတ်၊ စတုက္ကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ကလိင်္ဂမင်း၏ သမီးတော်များ | = | သစ္စကပရိဗိုဇ်၏နှမများ။ |
| နန္ဒိသေနအမတ် | = | အရှင်မဟာသာရိပုတ္တရာ။ |
| ရသေ့ကြီး | = | မြတ်စွာဘုရား။ |

## မိုက်ရူးရဲ

မနောဇအမည်ရှိသော ခြင်္သေ့မျိုးသည် သူမတူသော စွမ်းအားသတ္တိရှိ၏။ သို့ဖြစ်၍လည်း တောတစ်ခွင်တွင် ဘယ်သူ့ကိုမှ ဗိုလ်မထားဘဲ သူသွားချင်ရာကို သွားတတ်၏။

ထိုသို့သွားလာရင်း တစ်နေ့သ၌ မြေခွေးတစ်ကောင်နှင့် ရင်ဆိုင်တိုးမိ၏။ မြေခွေးသည် ဖင်ဘရွတ်သီကာ မပြေးနိုင်သဖြင့် မြေမှာပြားပြားဝပ်၍ နေရ၏။ တဖြည်းဖြည်းအနားကပ်လာသော မနောဇကို မျက်လုံးလေး ပေကလပ်ဖြင့် ကြည့်၍ နေလင့်၏။ မနောဇက မလောက်လေး၊ မလောက်စားမို့ သူ့ကို သတ်ဖြတ်ခြင်း မပြုဘဲ ဘေးမဲ့ပေး၍ လွှတ်လိုက်လေသည်။

မြေခွေးသည် ခြင်္သေ့ကရန်မပြုမှန်းသိ၍ထိုအနားမှာပင်ကျက်စားလေရာ မနောဇနှင့် မကြာခဏ ဆုံရ၏။ တွေ့တိုင်းဆုံတိုင်းပင် မြေခွေးက ပျှာပျာသလဲ အရိုအသေပေး၏။

တွေ့ဖန်များလာသောအခါ မနောဇသည် မြေခွေးကို မေတ္တာဆက်ဝင်၍ လာမိ၏။ အားခွန်ဗလနှင့် အကျင့်စာရိတ္တချင်း ကွာခြားလှ

သည်ဖြစ်ပါလျက် မြေခွေးကို အဖော်ကောင်းအဖြစ်လက်ခံ၍ ခေါ်လာခဲ့၏။

မနောဇ၏ မိခင် ဖခင် ခြသေ့်ကြီးများကတော့ မြေခွေးကို မနှစ်မြို့ကြပေ။

''ငါ့သားရယ်၊ မြေခွေးဆိုတာမျိုးဟာ အင်မတန်မှ အကျင့်စာရိတ္တ ညံ့ဖျင်းလှပါတယ်။ အန္တရာယ်မကင်းတဲ့ အလုပ်မျိုးတွေနဲ့ သွေးဆောင်ဖျက်ဆီးတတ်ပါတယ်။ သူ့ကိုများဖြင့် ငါ့သားကြီး လက်မခံပါနဲ့၊ မြန်မြန်ပဲ မောင်းထုတ်စမ်းပါ''

မိခင်ဖခင်တို့က ရှေးရေးကိုမျှော်ခေါ်၍ ဤသို့ ဆုံးမစကားဆိုကြ၏။ သို့သော် မနောဇကတော့ ရှေမှာသာ ''ကောင်းပါပြီ''ဆိုကာ ကွယ်ရာမှာကား မြေခွေးနှင့်တွဲမြဲတွဲလျက် ရှိလေသည်။ ဘယ်သွားသွား ဘယ်လာလာ သူတို့နှစ်ကောင်မှာ တစ်ပူးတွဲတွဲ ဖြစ်နေကြလေသည်။

မနောဇသည် သူ၏အစွမ်းသတ္တိကို ယုံကြည်ကိုးစား၏။ ''ငါလိုခြသေ့်ကြီးတစ်ကောင်လုံးကိုများ ဘာမဟုတ်တဲ့ မြေခွေးလေးက ဖျက်ဆီးနိုင်မှာတဲ့လား''ဟု ကြုံးဝါးကာ တွေ့ကရာ တိရစ္ဆာန်တို့ကို ခုန်အုပ်၍ သတ်၏။ သူစား၍ကျန်သမျှကို သူ့အဖော်မြေခွေးကို ကျွေး၏။

တစ်နေ့တွင်ကား မနောဇသည် မြေခွေးနှင့် တွေ့လျှင်တွေ့ချင်း ''ဟေ့– မောင်မြေခွေး၊ ဒီနေ့ ဘာကောင်များ စားချင်သလဲကွ''ဟု ဝင့်ကြွားစွာ မေးလိုက်၏။

''အစ်ကိုရယ်၊ ကျွန်တော်ဖြင့် အစ်ကို့ကျေးဇူးကြောင့် အသားမျိုးစုံအောင် စားခဲ့ရပါပြီ။ ဒါပေမယ့် မြင်းသားတစ်ခုကိုဖြင့် ချိုတယ်ခါးတယ်၊ မမြီးရသေးပါဘူး''ဟု မြေခွေးက ရေလာမြောင်းပေးပြုလေရာ....

''အောင်မာ၊ ဒါလဲ ငါနဲ့တွေ့ စားရမှာပေါ့။ ကဲ–ပြောစမ်း၊ မြင်းတွေ ဘယ်နားမှာ အလွယ်တကူ တွေ့ရမလဲ''

''ဗာရာဏသီမြို့နားက မြစ်ကမ်းပါးမှာ အများကြီးပဲ''

''ကဲ– ဒီလိုဆို သွားကြစို့''

မြစ်ဆိပ်မှာ ရေချိုးလာသော ဘုရင့်မြင်းများကို တွေ့ကြရ၏။ မနောဇသည် နီးရာမြင်းတစ်ကောင်ကို ဖမ်းကိုက်၍ ကျောပေါ်ဂင်ကာ

အဟုန်ဖြင့် ပြန်၍ ထွက်လာခဲ့၏။ သူတို့ နေရာလှိုဏ်ဂူဝတွင် မြင်းသေကောင်ကို ချလိုက်၏။

''အောင်မယ်လေး-ငါ့သားရယ်။ မစားကောင်းတဲ့ သားကောင်ကိုမှ မောင်ဘာလို့ ဖမ်းလာရတာလဲ''

ဖခင်ခြင်္သေ့ကြီးက ထိတ်လန့်တကြား ပြောလိုက်လေသည်။

''လန့်စရာကောင်းပါပေ့ မနောဇရယ်၊ မြင်းဆိုတာ လူ့လောကဘုရင်မင်းတို့ရဲ့ ရတနာကောင်တွေကွယ့်။ သူယုံမြတ်နိုးတဲ့မြင်းတွေကိုစားတဲ့ခြင်္သေ့မျိုးဟာ အသက်မရှည်တတ်ကြဘူး။ ကျွမ်းကျင်တဲ့ လေးသမားတွေနဲ့ တစ်နေ့ မောင့်ကို ဒုက္ခလှလှပေးလိမ့်မယ်''

မိခင် ခြင်္သေ့မကြီးကလည်း ရင်ပတ်စည်တီး ဖြစ်ရလေ သည်။ ဘာနဲ့ပဲခြောက်ခြောက် မနောဇတို့ကတော့ ကြောက်ရမှန်း မသိပါ။ သူ မကြောက်ရလေအောင်မြေခွေး၏အမြှောက်အပင့်များကလည်း ကောင်းလှပေသည်။ နေ့စဉ်နေ့တိုင်းပင် သူတို့နှစ်ကောင် မြစ်ဆိပ်မှမြင်းများကို သွား၍သွား၍ ကိုက်ချီကြလေသည်။

မြစ်ဆိပ်မှာ ရေချလာသောမြင်းများကို ဤသို့ နေ့စဉ်နေ့တိုင်း ခြင်္သေ့ဆွဲမှန်း သိသောအခါ ဘုရင်သည် မြို့တွင်းမှာသာ ရေကန်ကြီး တူးစေ၏။ မြင်းများကို မြစ်ဆိပ်သို့ မလွှတ်တော့ဘဲ ကန်ကြီးထဲမှာသာ ရေချ၏။ ဤတွင်လည်း မနောဇက ချမ်းသာမပေးပါ။

ထို့ကြောင့် ပတ်ပတ်လည်ခြံအလုံကာပြီး မြင်းများကိုခြံထဲမှာပင် ထားရ၏။ ခြံထဲမှာပင်အစာရေစာများ ကျွေးရ၏။ ခြံကိုလည်း မနောဇက မမှုပါ။ မြို့ရိုးတံတိုင်းထိပ်ကနေ အသာခုန်လိုက်ရုံနှင့်ခြံအတွင်းသို့ရောက်နိုင်ပေသည်။ မြင်းတစ်ကောင်ကို ကိုက်ချီထားလျက်က မြို့ရိုး တံတိုင်းပေါ်သို့ ခုန်တက်နိုင်ပေသည်။

တစ်စတစ်စ မနောဇ အတင့်ရဲလာသည်ကို မိဘများက ရင်တမမဖြစ်နေကြ၏။ မြေခွေး၏အမြှောက်အပင့်စကားကို နားဝင်ကာ အန္တရာယ်ကို မမြင်တတ်သော သားဖြစ်သူအတွက် စိတ်လက်မအေး ဖြစ်နေကြရ၏။ သည်ကနေ့လည်း မနောဇနှင့် ဟိုတစ်ကောင် လူတို့ရပ်ရွာသို့ ထွက်ပြေးသွားကြပြန်ချေပြီ။

မနောဇနှင့် မြေခွေးတို့သည် ခါတိုင်းနေ့လိုပင် မြို့ရိုးနားသို့ချဉ်းကပ်လာကြ၏။ မြေခွေးကို အစောင့်ထားကာ မနောဇကတံတိုင်းပေါ်သို့ ခုန်တက်လိုက်၏။ ဘယ်လိုအန္တရာယ်မျှ မတွေ့ရသဖြင့် စိတ်ထဲကရယ်မိကာ

ခါတိုင်းလိုပင် မြင်းတစ်ကောင်ကို ကိုက်ချီ၍ ခုန်ထွက်လိုက်၏။ ထိုစဉ်တွင် သူမမျှော်လင့်သော အန္တရာယ်ဆိုးနှင့် တွေ့ရလေတော့သည်။

မြင်းတွေ ခြင်္သေ့စားဖန်များသဖြင့် ထိုနေ့တွင် ဘုရင်သည် လေးသည်တော် အကျော်မော်ကို အစောင့်ထား၏။ လေးသည်တော်မှာ အရာဝတ္ထုတစ်ခုကိုမြင်လိုက်သည်နှင့်ခဏမဆိုင်း ပစ်ခွင်းနိုင်သူဖြစ်၏။ သူသည် မြင်းခြံမှာ လင့်စင်ထိုးလျက် ချောင်းမြောင်း၍ နေခဲ့ရာ ခြင်္သေ့ဝင်လာစဉ်က အရှိန်အဟုန်လျင်မြန်ပြင်းထန်လှသဖြင့် မပစ်သေးဘဲနေ၏။ အပြန်မှာကား မြင်းတစ်ကောင်လုံးကို ကျောပေါ် တင်လာရသဖြင့် ခြင်္သေ့၏ အရှိန်အဟုန် အနည်းငယ်လျော့လေသည်။ ထိုစဉ်ခိုက်တွင် စိန်သွားတပ်မြားဖြင့် ချက်မိမိ ပစ်ခွင်းလိုက်၏။ မြားသည် မနောဇကို ထုတ်ချင်းခတ်၍ သွားလေသည်။

ခြင်္သေ့ကို မြားမှန်မှန်းသိသည်နှင့် သစ္စာမဲ့သော မြေခွေးသည် သူ့နောက်သို့ မလိုက်တော့ပေ။ ''မင်းထိုက်နဲ့မင်းကံ မင်းဘာသာသာသချင်ရာ သေပေတော့'' ဟု ဆိုကာ သူတစ်ကောင်တည်း ဖြည်းညှင်းစွာ ပြန်ခဲ့လေသည်။

မိဘစကား နားမထောင်ဘဲ မိုက်ရူးရဲလုပ်ခဲ့မိသော မနောဇသည် လိုက်ဂူဝအရောက် သူ့မိဘများရှေ့မှောက်တွင် သေပွဲဝင်ပါလေတော့၏။

(သတ္တကနိပါတ်၊ မနောဇ ဇာတ်)

မနောဇဇာတ်၊ သတ္တကနိပါတ် ဇာတ်ပေါင်းချုပ်

| | | |
|---|---|---|
| မြေခွေး | = | ဒေဝဒတ်။ |
| မနောဇ | = | ဒေဝဒတ်စကားနားထောင်သောရဟန်းငယ်။ |
| နှမ ခြင်္သေ့မျိုး | = | ဥပ္ပလဝဏ်ထေရီ။ |
| မယား ခြင်္သေ့မ | = | ခေမာထေရီ။ |
| မိခင် ခြင်္သေ့မ | = | ယသော်ဓရာ။ |
| ဖခင် ခြင်္သေ့မင်း | = | မြတ်စွာဘုရား။ |

## ကိုယ့်နေရာနှင့် ကိုယ်

လယ်ကွက်များတွင် လယ်သမားကြီးများက ထယ်သွားများဖြင့် မြေကိုထိုးဆွလှန်လှော ထားသည်ဖြစ်ရာ ထိုတယ်ခဲများကြားမှာ ဗီလုံးငှက်ငယ်သည် အန္တရာယ် ကင်းရှင်းစွာ အစားအစာ ရှာဖွေ စားသောက်ရလေသည်။

တစ်နေ့သောအခါတွင်ကားဗီလုံးငှက်သည် အတင့်ရဲ၍လာခဲ့၏။ သူ၏ မိဘဘိုးဘွားများသည် ဤလိုနေရာမျိုးမှာသာ တစ်သက်ပန်လုံး ကျက်စားခဲ့ကြပါလျက် သူက နယ်ကျံကာ ထွက်လာခဲ့၏။ အကာအကွယ်မရှိ၊ ပကတိလွင်တီးခေါင်သို့ ထွက်လာသော ထိုဗီလုံးငှက်ကို သိမ်းတစ်ကောင်က အလွယ်တကူ ထိုးသုတ်လိုက်လေသည်။

ထိုအခါတွင်မှ ဗီလုံးငှက်ငယ်သည် ကျူ ကျူ ပါအောင် ငိုရတော့၏။

''ငါမိုက်လို့ခံရတယ်။ ငါအသုံးမကျလို့ ခံရတယ်။ ကိုယ့်နေရာမဟုတ်တဲ့ဆီကို လာခဲ့မိလို့ခံရပြီ။ ငါ့မိဘဘိုးဘွားများရဲ့ နေရာမှာသာဆိုရင် ငါ ဒီလိုခံရမှာမဟုတ်ဘူး''

လက်သည်းများကြားမှာ မချိမဆန့်လိုက်ပါလာရင်း ဤသို့ ဗီလုံးငှက်က ငိုသောအခါ သိမ်းငှက်က မခံချင်စိတ်ဖြစ်ပေါ်လာ၍....

စပယ်ဦး၊ ၀၁၉၀

''အောင်မယ် ကြီးကျယ်လိုက်တဲ့ မောင်ဗီလုံးရယ်။ မင်းတို့နေရာ ဆိုတာက ဘယ်မှာလဲ''ဟု မေးလိုက်သဖြင့်....

''ငါတို့ ကျက်စားနေကျနေရာက တခြားဟုတ်ပါရိုးလား။ လယ်ကွက်ထဲက ထယ်ခဲတွေကြားမှာပေါ့''

''ကိုင်း–ဒါဖြင့်သွားလိုက်စမ်း။ ထယ်ခဲကြားမှာနေတော့ကော မင်းငါ့လက်ကလွတ်မှာတဲ့လား''

သိမ်းငှက်က မခန့်လေးစားဆိုကာ ဗီလုံးငှက်ကိုလွှတ်ပေးလိုက်၏။ ဗီလုံးငှက်သည် သူတို့ကျက်စားရာသို့ အဆောတလျင်ပျံလာ၍ ထယ်ခဲကြီး တစ်ခုပေါ်မှာ မားမားမတ်မတ်ရပ်ကာ ''ကဲ–လာနိုင်ပြီ သိမ်းငှက်ရေ'' ဟု စိန်ခေါ်လိုက်လေသည်။

''အေး–လာပြီဟေ့''ဟု ကြုံးဝါးကာ သိမ်းငှက်ကလည်းအဟုန် ပြင်းစွာဖြင့် ထိုးဆင်းလာခဲ့၏။ ဤသို့ ထိုးဆင်းကာ မြေကြီးနားရောက်လု နီးခါမှ အတောင်ဖြန့်၍ အရှိန်သတ်နေကျဖြစ်၏။ နေ့စဉ်နေ့တိုင်း ဤသို့ အကြိမ်များစွာ ထိုးသုတ်ခဲ့ဖူးပြီမို့ သူ့စွမ်းရည် သတ္တိကို ယုံကြည်ထား၏။

သို့သော် သည်တစ်ချီမှာကား သူယုံကြည်ထားသလို မဖြစ်လာ တော့ပေ။

အနားသို့ သိမ်းငှက်ရောက်လာသည်နှင့်တစ်ပြိုင်နက် ဗီလုံးငှက်ငယ် သည် ရုတ်တရက် ချက်ချင်း ထယ်ခဲအောက်သို့ ဝင်ဝပ်လိုက်၏။ သိမ်းငှက် သည် ခါတိုင်းလို အတောင်ဖြန့်၍ အရှိန်သတ်ရန် ကြိုးစားသည့်ကြားက ပြင်းထန်လှသော သူ့အရှိန်ကို မသတ်နိုင်ဘဲ ထယ်ခဲနှင့်ရင်ပတ် ဆောင့်မိ လေတော့သည်။

ရင်ကွဲ၍ မျက်လုံးပြူးထွက်ကာ ပွဲချင်းပြီးသေလေသော သိမ်းငှက်၏ ကိုယ်ပေါ်သို့ ဗီလုံးငှက်ငယ် ခုန်ဆွခုန်ဆွတက်လာကာ ''ကိုယ့်နေရာမှာ ကိုယ်နေပြီး ခုခံတော့ အင်မတန်အားကောင်းတဲ့ ရန်သူကြီးကျဆုံးသွား ရရော မဟုတ်လား''ဟု ကြွေးကြော်လိုက်လေသည်။

(ဒုကနိပါတ်၊ သကုဏဂ္ဃိဇာတ်)

**သကုဏဂ္ဃိဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| သိမ်းငှက် | = | ဒေဝဒတ်။ |
| ဗီလုံးငှက်ငယ် | = | မြတ်စွာဘုရား။ |

## သူ့နိုင် ကိုယ်နိုင် ဉာဏ်ချင်းပြိုင်

မြစ်လယ်ခေါင်၌ပေါ်ထွန်းနေသော ကျွန်းကလေးသည်စိမ်းစိမ်း ညိုညိုနှင့် နှစ်မြို့ဖွယ် ကောင်းလှ၏။ သရက်၊ ပိန္နဲ စသော စားကောင်း သောက်ဖွယ်အပင်များဖြင့် ပြည့်နှက်နေ၏။ မြေဆီဩဇာ ကောင်းမွန်လှ သဖြင့် တစ်ရာသီလျှင် တစ်မျိုးမျိုးသောအသီးတွေ ဝေဆာနေသည်သာ ဖြစ်၏။

တောတွင်းသားသတ္တဝါ အများစုမှာ မြစ်ကမ်းပါးကထိုင်လျက် ထိုကျွန်းဆီသို့ မျှော်ရုံသာမျှော်ကြည့်နိုင်ကြ၏။ မြစ်ကမ်းပါးမှ ကွာလှမ်း လှသော ကျွန်းပေါ်သို့ကား မည်သူမျှ မသွားနိုင်ကြပေ။

တစ်နေ့မှာတော့ အလွန်တရာ ထွားကြိုင်းသန် မာလှ သော မျောက်ကြီးတစ်ကောင်သည် ထိုကမ်းပါးသို့ရောက်ရှိလာ၏။ ကျွန်းညိုညို ဆီသို့ အများနည်းတူ မျှော်ကြည့်နေရာမှ မြစ်တွင်းတစ်နေရာသို့ စေ့စေ့ စပ်စပ်သုံးသပ်လိုက်ရာ ကမ်းပါးနှင့် ကျွန်းအလယ်လောက်တွင် ကျောက် ဆောင်ကလေးတစ်ခု ပေါ်ထွန်းနေသည်ကို တွေ့လိုက်ရလေသည်။

မျောက်ကြီးသည် ကျောက်ဆောင်အကွာအဝေးနှင့် မိမိခုန်အား ကို သေသေချာချာတွက်ဆကြည့်၏။ ခုန်၍ ရနိုင် မရနိုင် ချင့်ချိန်ကြည့်၏။

ကျေနပ်လောက်အောင်ချင့်ချိန်ကြည့်ပြီးမှ လွှားကနဲခုန်လိုက်ရာ ကျောက်ဆောင်ပေါ်သို့ ရောက်သွား၏။ ကျောက်ဆောင်မှတစ်ဖန် ခုန်လိုက်ပြန်သော် ကျွန်းပေါ်သို့ ရောက်သွားတော့သည်။ မျောက်ကြီး၏ အောင်မြင်သော စွန့်စားခန်းကို ကမ်းပါးမှာရှိနေသော တောသတ္တဝါအပေါင်းက သောင်းသောင်းဖျဖျ ဩဘာပေးကြလေသည်။

စွန့်စားခန်း၏ ဆုလာဘ်အဖြစ်ဖြင့် မျောက်ကြီးသည် ချိုမြိန်လှသော အသီးများကိုအားပါးတရ စားသောက်ရ၏။ ညနေမိုးချုပ်လုနီးခါမှ လာလမ်းအတိုင်း ပြန်လာခဲ့၏။

ဤသို့အားဖြင့် နံနက်မှာလာလိုက် ညနေကျပြန်လိုက်နှင့် ကျက်စားလာခဲ့ရာ တစ်ညနေအပြန်ခရီးမှာတော့ ထူးခြားမှုတစ်ခု တွေ့လိုက်ရတော့၏။

မျောက်ကြီးသည် စားကောင်းသောက်ဖွယ်ပေါကြွယ်လှန်းသော ထိုကျွန်းပေါ်သို့ လာခဲ့ရာတွင် အမှတ်တမဲ့ မနေပေ။ အစစအရာရာလေ့လာသုံးသပ်ကာ ကမ်းပါးစပ်၌ ရေတက်ရေကျ ရှိမရှိကိုလည်း နေ့စဉ်နေ့တိုင်း ကြည့်ရှုမှတ်သားထားလေသည်။

ယခုကျွန်းပေါ်က ပြန်ဆင်းမည် အပြုတွင်လည်း မြစ်ရေစပ်ကို ကြည့်လိုက်ရာ ရေတက်ရေကျ မရှိချေ။ သို့ပါလျက် ရေလယ်ကောင်က ကျောက်ဆောင်ကလေးကတော့ ခါတိုင်းထက် မြင့်တက်နေလေသည်။

"နေ့ကပဲ ကျောက်ဆောင်ပေါ်မှာ တစ်ခုခုတော့ ရှိနေပြီထင်ရဲ့"

ဤသို့ မျောက်ကြီးက တစ်ကိုယ်တည်းရေရွတ်လိုက်၏။ ထို့နောက် အဖြစ်မှန်ကို ကောင်းသိနိုင်ရေးအတွက် နည်းလမ်းရှာကြံပြီးလျှင်....

"ဗျို့ ကိုကျောက်ဆောင်၊ ဗျို့ ကိုကျောက်ဆောင်"

ကျောက်ဆောင်ဆီသို့ လှမ်း၍ ခေါ်လိုက်၏။ ကျောက်ဆောင်ဆီက ဘာအသံမျှ မထွက်လာချေ။ သို့ရာတွင် မျောက်ကြီးက စိတ်ပျက်မသွားသေးဘဲ....

"ဗျို့ ဗျို့ ကိုကျောက်ဆောင်၊ ဗျို့ ကိုကျောက်ဆောင်"

ဒုတိယအကြိမ် ထပ်၍ ခေါ်လိုက်ပြန်၏။ သူက ကျောက်ဆောင်ဆီက ဘာသံမျှ မကြားရသော်....

"ကိုကျောက်ဆောင်ကလဲဗျာ၊ သိပ်နေနိုင်တာပဲ။ နေ့တိုင်းတော့ ကျုပ်ခေါ်ရင် ထူးနေကျပဲဥစ္စာ၊ ဒီနေ့မှမထူးဘဲ အောင်းနေရတယ်။ ကဲ-ဒီတစ်ခါ ထူးစမ်းဗျာ၊ ဗျို့ ကိုကျောက်ဆောင်"

''ဗျို့ ကိုမျောက်ကြီး''

''ဟား....ဟား....ဟား''

ကျောက်ဆောင်ဆီမှ ထူးသံ ကြားလိုက်ရသဖြင့် မျောက်ကြီးက အားပါးတရ ရယ်လိုက်ပြီးလျှင်....

''ကိုမိကျောင်းတို့ ထူးလိုက်ပုံကတော့ သိပ်ဟန်ပါတယ်ဗျို့။ ဒါနဲ့ ကျုပ်မသိလို့ မေးပါရစေဦး။ ကိုမိကျောင်းက ကျုပ်ပြန်မယ့် ကျောက်ဆောင်ပေါ်က ဘာဖြစ်လို့ စောင့်နေရတာတုန်း''

''ကျုပ်မိန်းမက ခင်ဗျားအသည်းနှလုံး စားချင်လို့တဲ့ဗျို့။ အဲဒါ ကျုပ်ကို ပူဆာတော့လဲ မနေသာတော့ဘူးပေါ့''

မထူးတော့သည့်အတူတူမို့ ကျောက်ဆောင်ပေါ်က မိကျောင်းကြီးကလည်း အမှန်အတိုင်း ဖွင့်ပြောလိုက်ရ၏။

ဤတွင် မျောက်ကြီးသည် အတန်ငယ်စဉ်းစားခန်းဝင်ပြီးမှ....

''ဒီလိုဆိုတော့လဲ ကိုမိကျောင်းရယ်၊ ကျုပ်ကံအတိုင်းသာ ရှိရမှာပေါ့။ ကျုပ်မှာလဲ ဒီလမ်းကလွဲပြီး ပြန်လို့မရမှာ အတူတူဆိုတော့ မထူးတော့ပါဘူး။ ကိုမိကျောင်းရဲ့ ပါးစပ်ကြီးထဲကို ကျုပ်ဘာသာ ခုန်ဆင်းပေးလိုက်ပါတော့မယ်။ ဒီတော့ ကိုမိကျောင်းကသာ ကျုပ် တစ်ကိုယ်စာဝင်လောက်အောင် ပါးစပ်ကြီး ဖြဲထားလိုက်ပေတော့''

''ကောင်းပြီဗျို့၊ လာသာလာခဲ့ပေတော့''

ဤသို့သောစကားကို မပီကလာပြောဆိုပြီးလျှင် မိကျောင်းကြီးသည် ပါးစပ်ကြီးကို အစွမ်းကုန်ဖွင့်ထားလိုက်၏။ မိကျောင်းတို့၏သဘာဝ အရ ပါးစပ်ကို အစွမ်းကုန်ဖွင့်ထားလိုက်သောအခါ မျက်စိများ ပိတ်သွားကြလေသည်။

ဤအချက်ကို တွက်ဆထားပြီးသောမျောက်ကြီးသည် ကမ်းပါးမှ လွှားခနဲ ခုန်လိုက်ရာ မိကျောင်း၏ခေါင်းပေါ်သို့ ကျ၏။ လျှပ်တပြက်အတွင်းမှာပင် ထိုနေရာမှထပ်ဆင့်၍ ခုန်လိုက်ရာ ကမ်းပါးပေါ်သို့ရောက်သွားလေသည်။

ဤတွင် အကြံအစည်ပျက်သွားခဲ့ရသောမိကျောင်းသည် မျောက်ကြီး၏ အရည်အချင်းကိုကား မလေးစားဘဲ မနေနိုင်သဖြင့်....

"အို– မျောက်မင်း၊ သင့် အတွင်း သန္တာန်မှာ သစ္စာ၊ ပညာ၊ ဓိတိ၊ စာဂ ယနဲ့ စွန့်စားခြင်းတို့ ရှိနေကြသလို အခြားသူများမှာရှိနေရင်လဲ အဲ့ဒီ သူဟာ ရန်သူကို ကေန်ဒိဋ္ဌ အောင်မြင်ပါလိမ့်မယ်"

ဤသို့ အားပါးတရ ချီးကျူးလိုက်ရလေသည်။

(ကေနိပါတ်၊ ဝါနရိန္ဒဇာတ်)

## ဝါနရိန္ဒဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မိကျောင်း | = | ဒေဝဒတ်။ |
| မိကျောင်းမ | = | စိဉ္စမာဏ။ |
| မျောက်မင်း | = | မြတ်စွာဘုရား။ |

# ၉။ သတိတမန် ဥာဏ်မြေကတုတ်

(ဇာတ်တော်မိတ်ဆက်)

တရားဘာဝနာ အားထုတ်ကြရာ၌ သဒ္ဓိန္ဒြေနှင့်ပညိန္ဒြေ၊ ဝီရိယိန္ဒြေနှင့် သမာဓိန္ဒြေတို့ ညီညွတ်မျှတရန်လိုကြောင်း ကျမ်းဂန်များက ညွှန်ပြကြပါသည်။

ပညာမဖက်ဘဲ သဒ္ဓါသက်သက် ထက်သန်နေသော်တဏှာဘက်သို့ ယိုင်သွားတတ်၏။ တစ်ဖန်ပညာကိုပင် သဒ္ဓါမယှဉ်ဘဲ ထားလိုက်ပြန်ပါလျှင်လည်း တစ်ဖက်စွန်းသို့ ရောက်သွားတတ်ပါသည်။

ထို့အတူပင် သမာဓိမပါဘဲ ဝီရိယတစ်ခုတည်း လွန်ကဲနေပါက စိတ်ပျံ့လွင့်သွားတတ်၏။ တစ်ဖန် သမာဓိကိုပင် ဝီရိယမဖက်ဘဲထားလိုက်ပြန်ပါလျှင်လည်း စိတ်တွန့်တိုသွားတတ်၏။ ထို့ကြောင့် ထိုဣန္ဒြေနှစ်ပါးစုံတို့ တစ်ပါးနှင့် တစ်ပါး မျှတညီညွတ်နေဖို့ လိုအပ်လှပါသည်။

စပယ်ဦး၊ ၈၁၇ မေ

သို့ရာတွင် ဤခြွေ ငါးပါးတွင် အပါအဝင် ဖြစ်သော သတိသည် ကား ပိုသည်၊ လွန်ကဲနေသည်ဟူ၍ လုံးဝမရှိချေ။ အမြဲတစေလိုအပ်၍ နေသည်သာ ဖြစ်၏။ ထို့ကြောင့် အင်မတန်အဆင့်အဘန်းမြင့်လှပါသည် ဆိုသောဥာဏ်ကို မြေကတုတ်နှင့်နှိုင်းယှဉ်ကာ သတိကိုကား ရေကာတာ တမန်ကြီးနှင့် နှိုင်းယှဉ်လျက် ''သတိတမန် ဥာဏ်မြေကတုတ်''ဟု ဆိုရိုး ပြုခဲ့ကြရခြင်းဖြစ်ပါသည်။

တရားဘာဝနာ ပွားများရာတွင် သတိကောင်းဖို့၊ သတိခိုင်မြဲဖို့ လိုအပ်သကဲ့သို့ပင် လူမှုကိစ္စအဝဝမှာလည်း သတိထားတတ်ဖို့ အရေးကြီး လှသည်သာဖြစ်၏။ ကံ၊ ဥာဏ်၊ ဝီရိယသုံးဌာနအင်အားဖြင့် ကြီးပွားချမ်း သာနေသူများသည် သတိကလေးတစ်ချက် လွတ်ထွက်သွားသည်နှင့် တစ် ပြိုင်နက် ဆုံးရှုံးပျက်စီး၍ သွားကြရပုံများကို မြင်ဖူး ကြားဖူးကြပါ လိမ့်မည်။

ဤသို့ ဆုံးရှုံးပျက်စီးမှုကို ရှောင်နိုင်သမျှရှောင်၍ရစေရန် ကျွန်ုပ် တို့သည် အကျိုးစီးပွားကို ဖျက်ဆီးတတ်သော ရန်သူများကို မျက်ခြည် မပြတ် သတိချပ်ထားရန် လိုအပ်ပါသည်။

ဟိုတစ်ခေတ်က ''နေအေးလိမ်နည်းများ''ဟူ သော စာအုပ် တစ်အုပ်ထွက်ခဲ့ဖူး၏။ ရေးသားသူမှာ ကျိုက်လတ်ဦးပြုံးချိုဖြစ်၍ အလိမ် ဝိဇ္ဇာမောင်နေအေး၏ လိမ်ပုံလိမ်နည်းများကို ရေးသားထားပါသည်။

'နေအေးလိမ်နည်းများ' စာအုပ်မှ ဆရာကြီးဦးပြုံးချို၏မှတ်ချက် သည် မှတ်သားဖွယ်ကောင်းလှ၏။ ပြင်ပလူ တစ်စုံတစ်ယောက်ကလာ၍ လိမ်ရာတွင်အတွင်းရန်သူဖြစ်သောအလိုလောဘ၏အထောက်အကူကိုသာ မရပါလျှင် ထိုသူလိမ်၍ မအောင်မြင်ချေ။ အတွင်းရန်သူ ပါပါမှ လိမ် ညာ၍ရ၏။ ထို့ကြောင့် အပြင်ကရန်သူထက် အတွင်းရန်သူဖြစ်သော အလိုလောဘကသာလျှင်ပို၍ကြောက်စရာကောင်းကြောင်း ဖော်ပြထား ပါသည်။

အတွင်းရန်သူ၏ ထောက်ကူချက်ဖြင့် အလိမ်အညာခံလိုက်ရသော သတင်းများကို ကျွန်ုပ်တို့ မကြာခဏ ဖတ်ရှုရ၏။ စက်ပစ္စည်းထုတ်ပေး မည်။ ဘိလပ်မြေထုတ်ပေးမည်စသဖြင့် ငွေလိမ်သွားသော သတင်းများ သည် ခေတ်စားမြဲ ခေတ်စားနေကြ၏။ ထို့ကြောင့် လူတိုင်းလိုလိုကြားဖူး နားဝရှိထားပြီးဖြစ်သော ''မြေခွေးစကားပုဏ္ဏားယုံ'' ဝတ္ထုမှာလည်း ခေတ်စားမြဲစား၍ နေပါလိမ့်ဦးမည်။

အလိုလောဘရန်သူကြောင့် ဆုံးရှုံးနစ်နာကြရသကဲ့သို့ပင် အမျက်ဒေါသရန်ကို သတိချပ်၍ မစောင့်ကြပ်နိုင်ပါကလည်း ပျက်စီးကြရသည်သာ။ 'ဒေါသ ‌မှောင်ဖုံးအသက်ဆုံး' ဝတ္ထုမှာ ဒေါသအလျောက် စိတ်နောက်ကိုယ်ပါ ပြုတတ်သူများအတွက် သတိပေးချက် ဖြစ်ပါသည်။

ဒေါသစေတသိက်၏ သဘောမှာ အားကောင်းလျှင် မိမိ သူတစ်ပါး နှစ်ဦးသားကို ဖျက်ဆီးတတ်၏။ • အားငယ်လျှင်ကား ကြောက်ရွံ့ထိတ်လန့်တတ်၏။ တစ်စုံတစ်ယောက်ထံမှကြောက်စရာလန့်စရာ ကောလာဟလ စကား ကြားလိုက်လျှင်ပင် အဆင်ခြင်ဉာဏ်ကိုမသုံးတော့ဘဲ လုပ်မိလုပ်ရာ လုပ်တတ်ကြတော့သည်။ 'ယုန်ပြောတိုင်းယုံမိကြလို့' ဝတ္ထုမှာ ထိုသူတို့၏ စံနမူနာဖြစ်ပါသည်။

အချို့သူတို့မှာ မိမိဦးတန်းထားရာ တစ်စုံတစ်ခုကိုသာ ရလိုစိတ်ဖြစ်ဖြင့် အကြိတ်အနယ် ကြိုးစားကြ၏။ ထိုသို့ကြိုးစားသဖြင့် ရတာနှင့်မကာမိအောင် ဆုံးရှုံးသွားမည့်အရေးကိုကား သတိမထားမိကြပေ။ ဤပုဂ္ဂိုလ်မျိုးများတွင် အပါအဝင်ဖြစ်ခဲ့သော ဗြဟ္မဒတ်မင်းအား ပညာရှိအမတ်ကြီးက "ပြောင်းတစ်စေ့အတွက်" ဝတ္ထုဖြင့် ဥပမာပြ၍ ဆုံးမခဲ့ရပါသည်။ "မျောက်လက်ဥယျာဉ်အပ်သော်" ဝတ္ထုမှ မျောက်များမှာမူ ထိုသို့ ဆုံးမမည့်သူ မရှိသဖြင့် ဥယျာဉ်ကြီး တစ်ခုလုံးကို ဖျက်ဆီးမိကြပါတော့၏။

ဤသို့ ဆုံးရှုံးခဲ့ကြရခြင်းမှာ လောဘ ဒေါသ စသော အတွင်းရန်သူကို မျက်ခြည်ပြတ်ခဲ့မိသောကြောင့် ဖြစ်၏။ "ပြည့်နေသောသေရည်ခွက်" ဝတ္ထုတွင်မူ ဗာရာဏသီသူဌေးသည် အပြင်အပက ရန်သူများနှင့်တကွ အတွင်းရန်သူတို့ကိုပါ သတိချပ်၍ စောင့်ကြပ်နိုင်ခဲ့ပါသည်။ ထို့ကြောင့် သေသောက်ကြူးတို့၏ အဆိပ်ခတ်ခြင်းမှ လွတ်မြောက်ခွင့်ရပါသည်။

ထို့အတူပင် ကန္တာရခရီးသွား လှည်းကုန်သည်တို့အား အပြင်ရန်သူ ဘီလူးတို့က ရေပေါ်များလေဟန်ပြု၍ လှည့်စားကြ၏။ ပညာရှိကုန်သည်ကြီးက မရသေးသော ရေများအပေါ် မက်မောနေကြသော အတွင်းရန်သူတို့ကို ဦးဦးဖျားဖျား နှိမ်နင်းလိုက်သဖြင့် ဘီလူးတို့လက်မှ လွတ်ကြရ၏။ 'ချင့်ချိန်နှိုင်းဆ' ဝတ္ထုသည် အခြေအနေအရပ်ရပ်ကိုချင့်ချိန်နှိုင်းဆ၍ လူပြောသူပြောစကားအတိုင်းကို ယုံသင့်မှယုံကြရန် သတိပေးနေပါသည်။

## မြေခွေးစကား ပုဏ္ဏားယုံ

ဗာရာဏသီ မြို့တော်၌ နက္ခတ်ပွဲ သဘင် ဆင်ယင် ကျင်းပကြရာတွင် ပျော်ပွဲရွှင်ပွဲများသာမက နက္ခတ်ကိုပူဇော်သော အစီအစဉ်လည်း ပါမြဲ ဖြစ်ပေသည်။ မြို့တော်သူမြို့တော်သားတို့သည် နက္ခတ်ပူဇော်သောသဘော ဖြင့် လမ်းဆုံများ၊ လမ်းမကြီးများ၌ ငါး အမဲများ တင်မြှောက်ပသထား ကြ၏။ အိုးကင်းငယ်များ၌ သေရည်ထည့်ကာ နေရာအနှံ့ အပြားချထား ကြ၏။

ထိုပွဲတော်ရက်အတွင်း၌ မြေခွေးတစ်ကောင်သည် ညဉ့်အချိန်၌ ရေဆိုးထုတ်သော မြောင်းပေါက်မှ မြို့တွင်းသို့ဝင်ကာ တင်မြှောက်ထားသော ငါး အမဲများကို အငမ်းမရ စားမျို၏။ အိုးကင်းငယ်များထဲမှ သေရည် ကို အန်ထွက်မတတ်သောက်၏။ ထို့နောက် လာလမ်းသို့ ပြန်လှည့်ရာတွင် ကိုယ့်ကိုယ်ကို မဟန်နိုင်တော့ဘဲ နီးရာချုံတစ်ခုသို့ဝင်ရောက်၍ လှဲလိုက်ရာ ချက်ချင်းပင် အိပ်ပျော်သွားလေတော့သည်။

ဇိမ်ကျကျအိပ်ပျော်နေခဲ့သော မြေခွေးသည် အိပ်ရာဏ နိုးနိုးချင်း ခေါင်းထောင်၍ကြည့်လိုက်ရာ ပြန်ထွက်ရန်အခွင့်မသာတော့သည်ကိုတွေ့ လိုက်ရ၏။

စပယ်ဦး၊ ၈၁၇ မေ

ဤဝတ္ထုမှ ကုန်သည်ငယ်နှင့် သတင်းစာမှာ ပါလာတတ်သော အလိမ်ခံရသူတို့သည် အလိုလောဘနောက်သို့ လိုက်ပါခဲ့ကြ၍သာဖြစ်၏။ အလိုလောဘကို အကြောင်းပြု၍သာလျှင် ဆင်းရဲဒုက္ခအမျိုးမျိုး ခံကြရ၏။ ထို့ကြောင့် ရှေးရှေးကပညာရှိတို့သည် အလိုလောဘ၏ အမိန့်အာဏာကို ခုခံတော်လှန်ကာ လွတ်ရာကျွတ်ရာ လှမ်းလာခဲ့ကြ၏။ "အားမကျပါနဲ့ ညီလေးငယ်" "အကြံကောင်းတော့ တစ်သက်" ဝတ္ထုတို့ကား ထိုပုဂ္ဂိုလ်ကြီးတို့၏ စံနမူနာဖြစ်ပါသည်။

ဝေဖန်စဉ်းစား၍ သတိထားပါက တရားအမှန်ကို ကေန်သိစမြဲဖြစ်၏။ သတိမပြုမိသေးမီကမူ အလို လောဘ နောက်သို့ တကောက်ကောက်ပါအောင် လိုက်မိကြ၏။လိုက်ပါသော်ငြားလည်း အလိုလောဘ၏အဆုံးသို့ မရောက်နိုင်ပါ။ အလိုလောဘဟူသည် လိုက်နေသမျှ မဆုံးနိုင်သော တရားဖြစ်၏။ လိုက်လေ ဝေးလေ။ ဖြည့်လေ မပြည့်လေ။ဤသို့ဖြင့် အလိုက်သံသရာကြီး ချာချာလည်နေပုံကို "ထူးပွတ်မဆိုင်း စိတ်ဆင်ရိုင်း"ဝတ္ထု၌ တွေ့နိုင်ပါသည်။ စိတ်ဆင်ရိုင်းကို အချိန်မီ ထူးခတ်နိုင်၍သာ တော်ပါတော့သည်။

ထို့ပြင် "သတိမမူ ဂူမမြင်၊ သတိမူတော့ မြူကိုပါမြင်သည်"ဟူသော စကားပုံကလည်း ဤအခန်းနှင့် ဆီလျော်လှ၏။ အသိပညာပြည့်ဝပြီးသူဖြစ်ပါလျက် အချို့ကိစ္စများတွင် သတိမမူမိသဖြင့် ချွတ်ချော်တိမ်းပါးမှုများ ကြုံလာကြရ၏။ အခြေအနေအရပ်ရပ်ကို နှံ့စပ်အောင် မလေ့လာဘဲ မိမိမြင်သမျှ တွေ့သမျှကိုသာ တစ်ထစ်ချ မှတ်ယူ ထား ပါက "ပေါက်ပင်လေးမျိုး"ဝတ္ထုမှ မင်းသားများကဲ့သို့ မှန်လျက်နှင့် မှားနေကြရပါလိမ့်မည်။

သတိတမန် ဉာဏ်မြေကတုတ် ပညာစွမ်း ချွန်းကဲ့သို့ အုပ်နိုင်ရေးအတွက် စံပြဝတ္ထု (၁၁)ပုဒ်ကို အားပါးတရ တာဝကြီး ဖော်ပြလိုက်ပါသည်။

နံနက်လင်းနေပြီမို့ မြို့သူမြို့သားတို့သည် ဥဒဟိုသွားလာနေကြပေပြီ။ ချုံထဲကထွက်လိုက်သည်နှင့် တစ်ပြိုင်နက် ရာရာစစမြို့တွင်းသို့ဝင်ရောက်လာသောမိမိကို တွေ့ရလူက ပစ်ခတ်သတ်ဖြတ်ကြပေတော့မည်။ သို့ဖြစ်၍ နေမြဲတိုင်းနေရာ၌ အသာကုပ်နေကာ မိမိလွတ်မြောက်ရေးအတွက် အသုံးချ၍ရနိုင်လောက်သူကို စောင့်မျှော်၍ နေလေသည်။

မျှော်တုန်းမျှော်ဆဲမှာပင်အသုံးချရမည့်သူကဆိုက်ဆိုက်မြိုက်မြိုက် ပေါ်လာ၏။ ကာရန်သင့်ချင်တော့ အဖော်မပါ တစ်ယောက်တည်းဖြစ်နေ၏။ ထိုသူကား လူမျိုးလေးပါးတို့တွင် မိမိကိုယ်ကို အမြတ်ဆုံးဟူ၍ သတ်မှတ်ထားသော ပုဏ္ဏားတစ်ယောက်ပါပေတည်း။ အိပ်ရာကအထ မျက်နှာသစ်ရန် ရေတွင်းရှိရာသို့ လျှောက်လာဟန် တူပေသည်။

ဗြာဟ္မဏနွယ်ဖွား ပုဏ္ဏားတို့သည် မိမိတို့အမျိုးဇာတ်ကို အမြတ်ဆုံးထားကြသကဲ့သို့ပင် ဝေဒကျမ်းဂန်များကိုလည်း လေးလေးစားစား တန်ဖိုးထားကြ၏။ ကျမ်းဂန်များကို တန်ဖိုးထားကြသဖြင့် မိမိတို့မျိုးနွယ်ဝင်များမှတစ်ပါး မည်သူမျှ သင်အံ လေ့ကျက်ခွင့်မပြုပေ။ ပုဏ္ဏား တစ်ယောက်က ရွတ်ဖတ် သရဇ္ဈာယ်နေသည့် အသံကိုပင် နားမထောင်စေချင်ကြပေ။

သို့ဖြစ်၍ ဝေဒကျမ်းဂန်များသင်ကြားလေ့လာခွင့်ရှိသော ပုဏ္ဏားများကို သူ့ခေတ် သူ့အခြေအနေအရ ပညာတတ်လူတန်းစားဟု ခေါ်နိုင်ပါ၏။ ပညာတတ်လူတန်းစားဖြစ်သည့်အတိုင်း တန်ခိုးရှိန်ဝါ ဩဇာကြီးလှသော မင်းဧကရာဇ်တို့၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကြီးအဖြစ်သို့ပင် ရောက်နိုင်ကြပေသည်။ မိမိကိုယ်တိုင် သရဖူမဆောင်းသော်လည်း သရဖူဆောင်းထားသူမှတစ်ဆင့် တိုင်းပြည်ကြီးတစ်ခုလုံးကို ကြိုးကိုင်နိုင်ကြပေသည်။

ဤသို့အားဖြင့် ထိပ်ဆုံးတန်းအထိ ရောက်ခွင့်ရှိကြသော ပုဂ္ဂိုလ်များသည် အလိုလောဘ၏ လွှမ်းမိုးမှုကို ခံလိုက်ရသောအခါ အယုတ်နိမ့်ဆုံးသော သတ္တဝါ၏ အသုံးချခြင်းကို ခံလိုက်ရပေတော့သည်။

ပုဏ္ဏားတို့ ပစ္စည်းဥစ္စာ တပ်မက်တတ်ပုံအကြောင်းစုံကို ကြားဖူးနားဝရှိထားသော မြေခွေးသည် မိမိအနားသို့ ပုဏ္ဏားရောက်လာသည်နှင့် တစ်ပြိုင်နက်....

"အို—အရှင်ပုဏ္ဏား"ဟု လှမ်းခေါ်လိုက်ရာ....

"ငါ့ကိုခေါ်တာ ဘယ်သူလဲ"

''ကျွန်ုပ်ပါ အရှင်ပုဏ္ဏားကြီး၊ ကျွန်ုပ်မှာရှိနေတဲ့ ငွေဒင်္ဂါးနှစ်ရာကို လူသားတစ်ယောက်ထံ ပေးချင်လွန်းလို့ အသက်စွန့်ပြီး ဝင်လာခဲ့ပါတယ်''

မြွေခွေးကခေါ်မှန်းသိသဖြင့် ရွှံ့ရှာစဂ်ဆုပ်သွားခဲ့သော ပုဏ္ဏားသည် ငွေသံကြေးသံကြားလိုက်ရသည်တွင်ကား ပြုံးပြုံးကြီးဖြစ်လာကာ....

''အောင်မယ်၊ မောင်မြွေခွေးက တယ်ဆိုလိုက်ပါလား။ မင့်ငွေဒင်္ဂါးနှစ်ရာက ဘယ်မှာထားလို့လဲ''

''တောထဲက လုံခြုံတဲ့နေရာမှာ ထားပါတယ်''

''ဒါဖြင့် လာလေကွာ၊ အခုပဲ ငါတို့သွားယူလိုက်ကြစို့''

''ယူတာကတော့ ဟုတ်ပါတယ် အရှင်ပုဏ္ဏား။ ဒီမြို့ထဲမှာ ကျွန်ုပ်ကို မြင်လိုက်ရင် မြင်သူတိုင်းက ပစ်ခတ်သတ်ဖြတ်ကြပါလိမ့်မယ်။ ဒီထက်ဆိုးတာက တခြားပုဏ္ဏား တစ်ယောက်ကများ ကျွန်ုပ်တို့ကိစ္စ သိသွားရင် သူကပါ ဝေစုလိုချင်ပါလိမ့်မယ်''

''အေး -ဟုတ်သကွ၊ ဒီတော့ ငါက ဘာလုပ်ပေးရမလဲ''

''ဝန်တာမလေးရင်တော့ ကျွန်ုပ်ကို အရှင်ပုဏ္ဏားကြီးရဲ့ ချိုင်းကြားအောက်ကပွေ့ချီပြီး အပေါ်ရုံပုဆိုးနဲ့ ဖုံးပေးထားပါ။ အဲသလို ဆိုရင် ဘယ်သူမှ မြင်မှာမဟုတ်တော့ပါဘူး''

''ကောင်းပြီ၊ မောင်မြွေခွေးရေ။ ကဲ လာ လာ၊ ဒီလို ဖုံးထားတော့ လုံရော့ မဟုတ်လား''

အမြင့်မြတ်ဆုံးဟု မှတ်ယူထားသော ပုဏ္ဏားသည် အယုတ်ညံ့ဆုံးသော မြွေခွေးကို ပွေ့ချီဖုံးအုပ်၍ သယ်ဆောင်ကာ မြို့တော်ထဲမှ ထွက်လာခဲ့ပြီးလျှင်....

''ရောက်ခါနီးပြီလား မောင်မြွေခွေးရေ''

''မရောက်သေးဘူးဗျ၊ ရှေ့ဆက်သွားလိုက်ပါဦး''

ပုဏ္ဏား၏ အမေးစကားကို မြွေခွေးကတော့ ခေါင်းမော်၍ပင် မကြည့်ဘဲ အဖြေပေးလေသည်။

''မရောက်သေးဘူးလား မောင်မြွေခွေးရ။ မင့်ကို ချီလာရတာ မောလှပြီ၊ လက်တွေလဲ ညောင်းလှပြီ''

''ရောက်ခါနီးပါပြီဗျ၊ ရှေ့ဆက်သွားလိုက်ပါဦး''

မြေခွေး၏ညွှန်ကြားချက်အရ ဆက်လက်၍ လျှောက်ခဲ့ရာ သုသာန်မြေသို့ရောက်လာ၏။ ဤတွင် မြေခွေးက ''ရောက်ပြီ''ဟုဆိုကာ သစ်ပင်ရိပ်တစ်ခုမှာ စခန်းချကြလေသည်။

''ကဲ–အရှင်ပုဏ္ဏားကြီးက ရလာမယ့်ဒင်္ဂါးတွေ အရန်သင့်ထည့်ရအောင် အပေါ်ရုံပုဆိုးဖြူကို ဖြန့်ခင်းလိုက်ပါ''

''ခင်းပြီ မောင်မြေခွေးရေ့။ကဲ–ဘယ်မှာလဲ မင့်ငွေဒင်္ဂါး နှစ်ရာ''

''ဟောဒီနေရာမှာပဲ အရန်သင့်တူးယူပါတော့ဗျား''

သစ်ပင်ကြီး၏အခြားတစ်ဖက်ရှိနေရာကိုညွှန်ပြလိုက်လေရာ ပုဏ္ဏားသည် ထိုနေသို့ ချက်ချင်းသွား၍ တူးလေသည်။

ထိုစဉ်ခိုက်မှာပင် ငွေဒင်္ဂါးနှစ်ရာထား၍ ယောက်သွားနှစ်ရာပင်မရှိသော မြေခွေးက ခင်းထားသော အပေါ်ရုံ ပုဆိုးဖြူဖြူအပေါ်တွင် သေးပေါက် ချေးယို စိတ်အလိုရှိတိုင်း ပြုလုပ်ကာ လွတ်ရာ ကျွတ်ရာသို့ ထွက်သွားလေသည်။

(ကေနိပါတ်၊ သိင်္ဂါလဇာတ်)

သိင်္ဂါလဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မြေခွေး | = | ဒေဝဒတ်။ |
| ထိုအဖြစ်ကိုတွေ့မြင်သောရုက္ခစိုး | = | မြတ်စွာဘုရား။ |

## ဒေါသမှောင်ဖုံး အသက်ဆုံး

ဟိမဝန္တာတောင်ကြီး တစ်နေရာ၌ ရွှေတောင်တစ်လုံးရှိ၏။ ထိုရွှေတောင် အနီးမှာပင် ငွေတောင်ဟူ၍ လည်း ရှိ၏။ ရွှေတောင်မှာ ရှိနေသော ရွှေဂူတွင် ခြင်္သေ့မိသားစုများ နေကြ၏။ ခြင်္သေ့ကြီးနှင့် ခြင်္သေ့မကြီးတို့တွင်သားခုနစ်ကောင်နှင့်သမီးတစ်ကောင်တို့ပေါက်ဖွားလာကြ၏။ မိဘများ ကွယ်လွန်သွားသောအခါ မောင်ဖြစ်သူခြင်္သေ့ခုနစ်ကောင်တို့က နှမသည်ကို ရွှေဂူမှာပင် ထားကာ အစာရှာဖွေ သယ်ဆောင်၍ကျွေးမွေးကြလေသည်။

တစ်နေ့သ၌ မောင်အငယ်ဆုံး ခြင်္သေ့ပျိုသည် နှမအတွက် အစာကိုက်ချီ၍ပြန်လာကာ ရွှေဂူဝသို့ လှမ်းမျှော်ကြည့်လိုက်၏။ အခါတိုင်းနေ့များ၌ မိမိတို့တောင်ခြေမှ တက်လာသည်ကို မြင်ရလျှင်ပင် နှမဖြစ်သူသည် ရွှေဂူဝမှ မြူးတူးပျော်ရွှင်စွာ စောင့်ကြိုနေမြဲဖြစ်၏။ ယနေ့တော့ နှမကလေး၏ အရိပ်အယောင်မျှပင် မမြင်ရချေ။

ဒီနေ့ ထူးခြားလှပါကလား၊ နှမကလေး ဘာများ ဖြစ်နေရှာပါလိမ့်

စပယ်ဦး၊ ၁၃၉၄

စိုးရိမ်တကြီး တွေးတောရင်း ခြသ့်ပျိုသည် ရွှေဂူဝမှ ဝင်လာခဲ့ရာ ရွှေဂူထဲမှာ ညှိုးနွမ်းစွာ အိပ်စက်နေသော နှမကလေးကို တွေ့လိုက်ရလေသည်။

''နှမလေးရေ၊ ထကွယ့်။ထကွယ့်။ ဒီနေ့မောင်လေးက ကျွဲနုံနုလေး ကိုက်သတ်ပြီး နှမလေးဖို့ ယူလာခဲ့တယ်''

ကိုက်ချီလာသော အသားတုံးကို ခေါင်းရင်းမှာချ၍ ချော့ချော့ မော့မော့ပြောလိုက်သော်လည်း နှမကလေးက ထ,မလာချေ။

''ကျွဲသားကိုလဲ မစားချင်တော့ပါဘူး မောင်လေးရယ်၊ နှမလေး သေသာ သေလိုက်ချင်ပါတော့တယ်''

''မထိတ်သာ မလန့်သာ ရှိလိုက်ပါဘိ နှမလေးရယ်။ နှမလေးကို ဘယ်သူကများ လာစော်ကားလို့လဲ ပြောစမ်း ပြောစမ်း''

''ပြောရမှာတောင် ရှက်ပါရဲ့မောင်လေးရယ်။ အသက်ရှူ ဈောင့် ပြီးတော့သာ သေလိုက်ပါရစေတော့''

''မပြောဘဲနေလို့တော့ သူ့ကို ဘယ့်နှယ်လုပ်ပြီး လက်စားချေနိုင် တော့မှာလဲ နှမလေးရယ်။ ပြောစမ်းပါ၊ ဘယ်သူလဲဆိုတာ''

''သူကတော့တခြားမဟုတ်ပါဘူး။ဟိုမြေခွေးဆိုတဲ့အကောင်ပါ''

''အောင်မာ၊ တို့အံ့သံကြားရင် ဖင်သီပြီး မပြေး နိုင် တော့ တဲ့ ကောင်ကများ နှမကလေးကို စော်ကားရသတဲ့လား''

''ကိုယ်ထိလက်ရောက် စော်ကားတာတော့ မဟုတ်ပါဘူး မောင် လေးရယ်။ ဒါပေမယ့် စော်ကားရာတော့ ရောက်တာပါပဲ''

''ဘယ်လိုလဲ၊ သူက ဘာတွေများ ပြောသွားလို့လဲ''

''မောင်လေးတို့အားလုံး ထွက်သွားကြတဲ့အခါ သူက ရွှေဂူဝက ကုပ်ချောင်းချောင်း လှမ်းကြည့်ပါတယ်။ ''အို-ခြင်္သေ့မကလေး၊သင်လဲပဲ ခြေလေးချောင်းရှိတဲ့ သတ္တဝါ။ ငါလဲပဲ ခြေလေးချောင်းရှိတဲ့ သတ္တဝါ။ ဒီတော့ ငါတို့အချင်းချင်း မေတ္တာမျှကြပါစို့။ အကြင်လင်မယားအဖြစ် နေထိုင်ကြပါစို့''လို့ မြေခွေးပျိုစကား ပြောပါတော့တယ်''

''သယ်– ဒီအမျိုးယုတ်ကောင်က ရာရာသသ၊ ငါတို့လို သား တကာတို့မင်းမျိုးကို စော်ကားရသလား။ ပြောစမ်း ဒီကောင်ဘယ်မှာ နေသလဲ''

''ဟို– ငွေတောင်ထိပ်က ကောင်းကင်ယံမှာ နေပါတယ်''

''ကောင်းပြီကွာ၊ ဒီကောင်တော့ ငါတို့စွမ်းအား ပြလိုက်ရသေးတာပေါ့''

ခြင်္သေ့ပျိုသည် ပြောပြောဆိုဆို ရွှေတောင်မှပြေးဆင်းကာ ငွေတောင်ထက်သို့ အရှိန်ပြင်းစွာ ပြေးတက်၏။ တောင်ထိပ်နားသို့ ရောက်သောအခါ ဟင်းလင်းပြင်မြင်ကွင်းထဲမှာ မြင်နေရသော မြေခွေးထံသို့ တစ်ဟုန်ထိုး ခုန်အုပ်လိုက်၏။

မြေခွေးနားသို့ မရောက်မီမှာပင် 'အွပ်'ခနဲ အသံမြည်ကာ ခြင်္သေ့ပျို၏အရှိန်သည် ရုတ်တရက်ရပ်တန့်သွား၏။ ချက်ချင်းပင် ထိုနေရာမှလန်ကျသွားကာ တောင်ခြေသို့ လိမ့်ဆင်းသွားလေသည်။

အတန်ကြာသောအခါ သူ့နည်းတူပင် သူ့အထက်ခြင်္သေ့ပျိုလည်း လိမ့်ဆင်းလာပေသည်။ သူ့နောက်တွင်လည်း အခြားခြင်္သေ့ပျိုများ လိမ့်ဆင်းလာကြပြန်လေသည်။

ငွေတောင်ခြေရင်း၌ ခြင်္သေ့ပျိုခြောက်စီးတို့ အတုံးအရုံး သေဆုံးနေကြသောအခါ အကြီးဆုံးခြင်္သေ့ပျိုရောက်လာပြန်၏။ သူသည်လည်း နှမကလေးထံမှ ဆိုးဝါးလှသော သတင်းစကားကို ကြားခဲ့ရပြီးဖြစ်၍ ယမ်းပုံမီးကျ ဒေါသဖြစ်လှပါသည်။ သို့ရာတွင် သူကတော့ ညီများကဲ့သို့ ဒေါသပိတ်ဖုံးခြင်းကိုမခံပါ။ အမျက်ဒေါသအလျောက် အဆောတလျင် တိုက်ခိုက်ခြင်း မပြုသေးဘဲ အတုံးအရုံး သေဆုံးနေကြသော ညီခြင်္သေ့များကို သေသေချာချာကြည့်ရှုလေသည်။

ထိုအခါ ခြင်္သေ့များ၏ ရင်ညွန့်တွင် အလွန်တရာ မာကျောသော အရာဝတ္ထုနှင့် တိုက်မိထားသည့်ဒဏ်ရာကိုတွေ့ရ၏။ ဘာနှင့်တိုက်မိသလဲဟု သိရအောင် မြေခွေးရှိရာ လှမ်းကြည့်လိုက်တော့လည်း ဘာကိုမျှမမြင်ရ။ ခွေခွေကလေးအိပ်နေသောမြေခွေးကို ကောင်းကင်ထက်မှာ မြင်နေရ၏။ ဤတွင် ခြင်္သေ့ပျိုသည် မျက်မှောင်ကုတ်၍ စဉ်းစားရ၏။

မိဘဘိုးဘွား ခြင်္သေ့ကြီးများ လက်ထက်မှစ၍ ကောင်းကင်မှာ သွားလာနေထိုင်နိုင်သော မြေခွေးဟူ၍ မကြားခဲ့ဖူးပါ။ မြေခွေးဆိုသည့် သတ္တဝါမျိုးကလည်း ညာဝါးစားသောက်တတ်သည်မှလွဲ၍ ဘာစွမ်းအားမျှ မရှိပါ။ သို့ဖြစ်လျှင် သူကဘာ့ကြောင့် ကောင်းကင်ထဲရောက်နေရပါသနည်း။

မြေခွေးဆီမှတစ်ဆင့် ညီများ၏ အလောင်းများကိုကြည့်လိုက်ရာတွင် ခြင်္သေ့ပျိုရိပ်မိသွားပါပြီ။ ထို့ကြောင့် ငွေတောင်ထက်သို့ ခပ်မှန်မှန်တက်ကာ တောင်ထိပ်သို့ရောက်၍ ဆက် လက် ကြည့် ရှု လိုက် သောအခါ ဟင်းလင်းပေါက် မြင်နေရသော ဖန်သားပေါ်၌ မြေခွေး၏ခြေရာများ တွေ့လိုက်ရပါတော့သည်။

ခြင်္သေ့ပျိုသည် ထိုခြေရာများကို မျက်ခြေမပြတ် လိုက်ကြည့်ရာမှ မြေခွေးနေထိုင်ရာ ဖန်ဂူ၏အဝကို မှန်းဆနိုင်လေရာ ထိုနေရာသို့ ရှေးရှု၍ အစွမ်းကုန်ဟောက်လိုက်လေတော့သည်။

ဒေါသရှေ့ထား အရမ်းသမားတို့ဒဏ် ကြွံကြွံခံနိုင်ခဲ့သော မြေခွေးသည် ထိုအခါတွင်ကား နှလုံးကွဲ၍ သေရလေတော့သည်။

(ဒုကနိပါတ်၊ သိင်္ဂါလဇာတ်)

သိင်္ဂါလဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မြေခွေး | = | ဆဋ္ဌာသည်၏သား။ |
| ခြင်္သေ့မ ငယ် | = | လိစ္ဆဝီမင်းသမီးလေး။ |
| ညီငယ် ခြင်္သေ့များ | = | မထင်ရှားသောရဟန်းများ။ |
| အစ်ကိုကြီး ခြင်္သေ့ | = | မြတ်စွာဘုရား။ |

## ယုန်ပြောတိုင်း ယုံမိကြလို့

တောတွင်းတစ်နေရာ၌ ယုန်ကလေးတစ်ကောင်သည် စိမ်းစိုနူးညံ့သော ပန်းတော်မြက်များကို စိမ်ပြေနပြေ စားလျက်ရှိ၏။ ထိုစဉ်ခိုက်မှာပင် သူ့လိုယုန်တစ်ကောင်က ကြောက်လန့်တကြား သူ့အနားသို့ပြေးလာခဲ့ရာ....

''ဘာဖြစ်လို့တုန်း သူငယ်ချင်း၊ ဘာဖြစ်လို့တုန်း''

''မေးမနေနဲ့၊ မေးမနေနဲ့''

ပြေးလာသော ယုန်ကလေးက အဖြေမပေးဘဲ ဆက်၍သာ ပြေးသွားလေတော့ရာ မြက်စားနေသော ယုန်ကလေးကလည်း 'အကြောင်းတစ်ခုခုတော့ ရှိနေပြီ' ဟု တွေးတောကာ ရှေ့က ယုန်ကလေးနောက်သို့ အမိလိုက်ပြီးလျှင်....

''ပြေးရင်း လွှားရင်း ပြောပါဦး သူငယ်ချင်းရ။ ဘာ့ကြောင့် လက်လွှတ်ပြေးလာရတာတုန်း''

''မြေပြိုပြီ သူငယ်ချင်းရေ၊ မြေကြီးပြိုကျသွားလို့။ လွတ်အောင်ပြေးရတာ''

''ဟာ–ဒါဆို တို့လွတ်အောင်ပြေးမှ၊ ပြေးမှ''

ယုန်ကကလေးနှစ်ကောင် ရှေ့ဆင့်နောက်ဆင့် ပြေးလာကြသည်ကို အခြားယုန်များက မြင်သောအခါ....

''ဘာဖြစ်လို့တုန်း ကောင်လေးတွေရ''

''မြေပြိုပြီဗျို့၊ မြေပြိုလို့''

''ဟာ–ဒီလိုဆို တို့လဲလွတ်အောင်ပြေးမှ၊ ပြေးမှ''

ဤသို့ဖြင့် ယုန်တွေ တသီတတန်းကြီး အမောတကော ပြေးနေကြသည်ကို သမင်တစ်ကောင်က လှမ်းမြင်လိုက်၏။ ထို့နောက် သူတို့ကို ဝက်တစ်ကောင် မြင်ပြန်၏။ ထို့နောက် စိုင်၊ ကျွဲ၊ နွားနောက်၊ ကြံ့၊ ကျား၊ ခြင်္သေ့နှင့် ဆင်များကလည်း ဆင့်ကာ ဆင့်ကာ မြင်လာကြ၏။ ပြေးနေသူတို့၏ ပြန်ကြားချက်ကိုကြားလိုက်ရသောအခါ သူတို့ပါ တသီတတန်းကြီး လိုက်ပါလာကြ၏။

မကြုံစဖူးထူးကဲလှစွာ လွန်စွာရှည်လျားလှသော သတ္တဝါတန်းကြီးသည် အနောက်မှ အရှေ့သို့ မရပ်မနားဘဲ တအားကုန်ပြေးနေကြ၏။ သည်အတိုင်းသာ ဆက်၍ပြေးနေကြမည်ဆိုပါက သမုဒ္ဒရာထဲသို့ ကျကာ သတ္တဝါအားလုံး သေဆုံးကြရတော့မည် ဖြစ်ပေသည်။

ထိုတောထဲမှာ ကျက်စားနေသော ကေသရာဇာခြင်္သေ့မင်းကြီးသည်လည်း မြေပြိုပြီဆိုစကားကို ကြားလိုက်ရပါ၏။ သို့ရာတွင် သူကတော့ မတုန်လှုပ်ပါ။ မဟာပထဝီမြေကြီးသည် ဘယ်နည်းနှင့်မျှ ပြိုမကျနိုင်ကြောင်း ကောင်းကောင်း သိထား၍ ဖြစ်ပေသည်။

သူသည် ကြောက်လန့်တကြား ပြေးသွားနေကြသော သတ္တဝါအပေါင်း၏ အကျိုးမဲ့သေဆုံးရမည့်အရေးကို တွေးတောကာ လျင်မြန်လှသောအဟုန်ဖြင့် သူတို့အရှေ့သို့ရောက်အောင် ပြေး၏။ သူတို့ရှေ့ တော်တော် လှမ်းလှမ်း ရောက်ခါမှ ခေါင်းချင်း ပြန်ဆိုင်ကာ ပြင်းထန်စွာ ဟောက်လိုက်လေသည်။

တောသုံးတောင်တို့၏ ဘုရင်တစ်ဆူဖြစ်သော ကေသရာဇာခြင်္သေ့မင်း၏ ရှေ့မှဆီး၍ ဟောက်သံကြားလိုက်ရသောအခါ ပြေးနေသောသတ္တဝါတန်းကြီးသည် ရုတ်တရက် ရပ်တန့်သွားတော့၏။ ထိုနေရာသို့ နောက်ပိုင်းကသတ္တဝါများလည်း အရှိန်ဖြင့်ရောက်လာလေရာ သတ္တဝါပေါင်းစုံ အစုအဝေးကြီး ဖြစ်လာလေသည်။

ကေသရာဇာခြင်္သေ့မင်းသည် သတ္တဝါအစုအဝေးထဲသို့ဝင်ရောက်ကာ အကောင်အထည် အကြီးဆုံးသော ဆင်ကြီးထံ ချဉ်းကပ်၍....

''မြေပြိုတယ်ဆိုတာ မင်းသိသလား''

''ကျွန်တော်ကိုယ်တိုင် မသိပါဘူးခင်ဗျား၊ ခြင်္သေ့ဆီက ပြောသံကြားလို့ပါ''

ကေသရာဇာခြင်္သေ့၏ အမေးကို ဆင်ကြီးက ဟုတ်တိုင်းမှန်ရာ ဖြေကြားရပေသည်။ ဤတွင် ကေသရာဇာခြင်္သေ့မင်းသည် ရိုးရိုးခြင်္သေ့ထံ ချဉ်းကပ်ရပြန်၏။ ခြင်္သေ့ဆီက မသိရသေးသဖြင့် ကျားထံလာခဲ့ရပြန်၏။

ဤသို့ တစ်ဆင့်ပြီးတစ်ဆင့် လှမ်းလာခဲ့ရာ နောက်ဆုံးမှာ မြေပြိုသည်ကို ကိုယ်တိုင်တွေ့ခဲ့ရသော ယုန်ကလေးနှင့် တွေ့ရလေတော့သည်။

''ဟုတ်မှလုပ်ပါ မောင်ယုန်ကလေးရာ။ မြေကြီးပြိုတယ်ဆိုတာ ဖြစ်ကို မဖြစ်နိုင်ပါဘူး''

ကျွန်တော်တို့ယုန်မျိုးဟာ အင်မတန်သစ္စာရှိပါတယ် အရှင်ခြင်္သေ့မင်း။ ဘယ်သူ့ကိုမှ မလိမ်တတ်ပါဘူး။ ကျွန်တော်ဟာ အနောက်သမုဒ္ဒရာကမ်းစပ်နားက ထန်းတောထဲမှာ နေခဲ့ပါတယ်။ ထန်းပင်များ ထဲမှာ ဥသျှစ်ပင်များလဲ ကြိုကြားကြိုကြား ရှိနေကြပါတယ်။ ဒီကနေ့ နေ့လယ် အစာဝဝစားပြီးလို့ ထန်းပင်ကလေးက ကိုင်းကျနေတဲ့ ထန်းရွက်ခြောက်အောက်မှာ ဇိမ်ရှိရှိနဲ့အိပ်မယ်လုပ်တုန်းမှာ ကျွန်တော်က မဦးမချွတ်တွေးခဲ့မိပါတယ်''

''ဆိုစမ်းပါဦး၊ ဘာတွေများ ပေါက်တတ်ကရ လျှောက်တွေးနေလို့လဲ''

''တခြားတော့မဟုတ်ပါဘူး အရှင်ခြင်္သေ့မင်း။ ဩော်- ခုနေခါမှာ မြေကြီးများ ပြိုကျသွားရင် ဘယ့်နှယ်လုပ်ရပါ့မလဲ''လို့ တွေးမိပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် အဲသလိုတွေးလိုက်မိတဲ့အချိန်မှာပဲ 'ဗုန်း' ခနဲ မြေပြိုတဲ့အသံကြီးကို ကြားလိုက်ရတာပါပဲ။ ဒါကြောင့် ကျွန်တော်လဲ မြေပြိုကျတဲ့ဆီကလွတ်အောင် အမောတကော ပြေးရပါတော့တယ်''

''အင်း - ဖြစ်ရမယ်၊ ဖြစ်ရမယ်။ မောင်ရှပ်ပြာတို့ကတော့ ဖြစ်ကို ဖြစ်ရမယ်''

အဖြစ်မှန်ကို တွေးတောမိသော ကေသရာဇာ ခြင်္သေ့မင်းသည် ဤသို့ ရေရွတ်ပြီးမှ....

"ကိုင်း- မြေပြိုတယ်ဆိုတာ ငါကိုယ်တိုင်သွားကြည့်လိုက်ဦးမယ်။ ငါ့မလာမချင်း မင်းတို့အားလုံး ဒီနေရာကစောင့်နေကြ။ ကဲ-မောင်ယုန်ကလေးက ငါ့ကျောပေါ်တက်"

ဤသို့ဖြင့် ကေသရာဇာခြင်္သေ့ကြီးသည် ယုန်ကလေးကို လမ်းပြခေါ်လျက် ပြေးလာခဲ့ရာ မြေပြိုသည်ဆိုသော ထန်းတောသို့ ရောက်လာသည်တွင်....

"အို- အရှင်ခြင်္သေ့မင်း၊ မြေပြိုတဲ့နေရာနား ရောက်လာပါပြီ။ ကျွန်တော့်ကို ချထားခဲ့ပါ။ ကျွန်တော် မလိုက်ရဲလို့ပါ"

ယုန်ကလေးက အကြောက်အကန်ငြင်းဆန်နေသဖြင့် ကေသရာဇာခြင်္သေ့မင်းက ယုန်ကလေးကို ဆင်းစေပြီးလျှင် ယုန်ကလေးညွှန်ပြလိုက်သော ထန်းပင်အောက်သို့ လျှောက်လာခဲ့ရာ....

"ဟား ဟား ဟား—ဟုတ်လဲ ဟုတ်ပါပေ့ကွာ။ ဥသျှစ်သီးက ထန်းရွက်ပေါ်ကြွေကျလာလို့ ဗုန်းခနဲအသံမြည်တာကို မြေပြိုတာမှတ်ရှာတာကိုး"

အင်မတန်သဘောကျသဖြင့် အားပါးတရ ရယ်မောကာ သတ္တဝါများ စုဝေးနေရာသို့ ပြန်လာခဲ့လေသည်။

(ဂတုဏ္ဏနိပါတ်၊ ဒဒ္ဒဘဇာတ်)

ဒဒ္ဒဘဇာတ်၊ စတုက္ကနိပါတ် ဇာတ်ပေါင်းသေ

ခြင်္သေ့ = မြတ်စွာဘုရား။

## ပြောင်းတစ်စေ့အတွက်

''တိုင်းစွန်နယ်ဖျားဌ် ခိုးသားဓားပြများ ထကြွသောင်းကျန်းနေပါသည်ဘုရား''

ဤသို့သော လျှောက်တင်စာကို ဖတ်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဗြဟ္မဒတ်မင်းသည် စစ်တပ်ကြီးများ ပြင်ဆင်စေပြီးလျှင် ဗာရာဏသီမြို့တော်မှ ထွက်ခွာလာလေသည်။

ဤအချိန်မှာ မိုးရာသီဖြစ်၍ စစ်လမ်းကြောင်း တစ်လျှောက်တွင် ရွှံ့ညွန်ဗွက်များ အစီအရီရှိနေကြ၏။ ရေပြည့်နေသော မြစ်ချောင်း အင်းအိုင်တို့ကလည်း ကာဆီး၍နေကြ၏။ ကြီးမားလှသော စစ်တပ်ကြီးဖြင့် ဤအတားအဆီးများကို ဖြတ်ကျော်၍ နယ်စွန်နယ်ဖျားအထိ ချီတက်ရန်ကား ခက်ခဲပင်ပန်းလှစွာ၏။ စစ်တို့၏သဘောမှာ မတိုက်ခင်က သူနိုင်မည်၊ ကိုယ်နိုင်မည် ခွဲခြားရန် ခက်လှ၏။ မတော်တဆ ကိုယ့်ဘက်က ရှုံးရပါသော် နေပြည်တော်ရောက်အောင် မည်သို့ပြန်ရပါမည်နည်း။ ရလဒ်မည့် အကျိုးတရားနှင့် မနှိုင်းယှဉ်လောက်အောင်ပင် ဆုံးရှုံးနစ်နာမှုတို့က များပြားနေပေသည်။

စပယ်ဦး၊ ၈၁၀၅

သို့ရာတွင် ပညာရှိအမတ်ကတော့ ဘာမျှမပြောသေးပါ။ စစ်တိုက်ထွက်ရန် စိတ်ထက်သန်လွန်းနေသောမင်းအား တစ်စုံတစ်ရာ အထောက်အထားမရှိဘဲ လျှောက်တင်၍လည်း ရနိုင်မည်မဟုတ်ပါ။ လျှောက်တင်၍ရနိုင်လောက်သည့် အခါအခွင့်ကို စောင့်စားရင်း တပ်မတော်နှင့်အတူ လိုက်ပါ၍ လာခဲ့ရပေသည်။

လမ်းကြောင်းအတိုင်း လာခဲ့ကြ၍ ဥယျာဉ်တော်သို့ ရောက်သောအခါ ခေတ္တမျှစစ်စခန်းချကြ၏။ စစ်မြင်းများကို အစာကျွေးချိန်ရောက်လာပြီမို့ စစ်သားများသည် အရန်သင့်သယ်ဆောင်လာသော ပြောင်းများကိုပြုတ်ကာ မြင်းစာခွက်များ၌ ထည့်ကြ၏။ ထိုအခါ ဥယျာဉ်မှာရှိနေကြသော မျောက်များသည် သစ်ပင်ပေါ်ကဆင်းကာ ပြုတ်ထားသော ပြောင်းစေ့များကို နှိုက်ယူစားသောက်ကြ၏။ မင်းကြီးကိုယ်တိုင်က ဘေးမဲ့ပေးထားသော မျောက်များဖြစ်၍စစ်သားများကလည်း မတားမြစ်ကြပေ။

သူတို့ထဲက မျောက်တစ်ကောင်သည်လည်း အများတူ ပြောင်းစေ့များ လာစား၏။ ပါးနှစ်ဘက်လုံး ဖောင်းနေအောင် သွတ်ထားရုံမျှဖြင့် အားမရသေးသဖြင့် လက်နှစ်ဘက်ဖြင့်လည်း ဆုပ်ထားသေး၏။ ပြောင်းစေ့များဆုပ်ထားသောလက်ဖြင့် သစ်ပင်ထက်သို့ကုတ်၍တက်ကာ ခွကြားမှာ ကျ ကျ န န ထိုင် လိုက် ၏။ ပထမဦးစွာ ပါးစောင်မှာငုံထားသော ပြောင်းစေ့များကို ကုန်အောင်စားလိုက်၏။ ထို့နောက်မှ လက်ထဲက ပြောင်းစေ့များကို စားလေရာ ကာရန်မသင့်ချင်တော့လက်ထဲက ပြောင်းစေ့ တစ်စေ့သည် အမှတ်မထင် လွတ်ကျသွားလေသည်။

မျောက်တို့၏ လှုပ်ရှားမှုမှာ လျင်မြန်သွက်လက်လှ၏။ ပြောင်းစေ့ကလေးလွတ်ကျသွားမှန်း သိလိုက်ရသည်နှင့်တစ်ပြိုင်နက် ထိုမျောက်သည် ချက်ချင်းပင်လှမ်း၍ ဖမ်းလိုက်၏။ သို့သော် ကျသွားသောပြောင်းစေ့ကို ဖမ်းမမိလိုက်တော့ပါ။ ထိုပြောင်းစေ့ကလေးကို ရလိုသောဇောဖြင့် လက်ထဲမှာရှိသမျှ ပြောင်းစေ့များကိုသာ လွှတ်ချပြီး ဖြစ်သွားပါတော့သည်။

ဤအဖြစ်ကို သိလျှင် သိချင်း မျောက်သည် သစ်ပင်အောက်သို့ လျှောဆင်းလာပါ၏။ အနှံ့အပြားလိုက်၍ရှာပါ၏။ သို့ရာတွင် သူ့ပြောင်းစေ့များကိုကား မတွေ့ရတော့ပါ။ သူ့ထက်လျင်မြန်သော မျောက်များက ကောက်၍ စားလိုက်ကြပါပြီ။ မြင်းစာခွက်ထဲထည့်ထားလေသမျှပြောင်း

စေ့များကို စစ်မြင်းကြီးများက အပြောင်အစင် စားပြီးကြပြီမို့ နောက်ထပ်နှိုက်စရာလည်း မရှိတော့ပါပြီ။

ဤတွင် မျောက်သည် သစ်ပင်ခွကြားသို့ ပြန်တက်ကာ အသပြာတစ်ထောင်ဆုံးရှုံးရသော သူကဲ့သို့ မှိုင်တွေ၍နေလေသည်။

''ဘယ့်နှယ်လဲ အမတ်ကြီး၊ သစ်ပင်ခွကြားက မျောက်ကို မြင်ရဲ့မဟုတ်လား''

မျောက်၏ ဖြစ်အင်ကို ရယ်ရွှင်ဖွယ်တစ်ခု အဖြစ်ဖြင့် ဗြဟ္မဒတ်မင်းကြီးက မိန့်ကြားလိုက်ရာ....

''မှန်လှပါ၊ ဘာမှမဖြစ်လောက်တဲ့ပစ္စည်းလေးအတွက် လက်ထဲကပစ္စည်းများ အဆုံးရှုံးခံတဲ့ သူဟာ ဒီမျောက်လိုပဲ ဖြစ်ရပါလိမ့်မယ်ဘုရား''

ပညာရှိ အမတ်ကြီးက ရယ်ရွှင်ဖွယ် ဖြစ်ရပ်မှာပင် ဆင်ခြင်ဖွယ်သဘောတရား ပါဝင်နေပုံကို လျှောက်တင်လိုက်၏။

ဤတွင် ဗြဟ္မဒတ်မင်းသည် ရွှေအလားအလာကို ရိပ်စားမိကာ စစ်ချီမှုကို ပြန်လည် ရုပ်သိမ်းလေတော့သည်။

ကံအားလျော်စွာပင် တိုင်းစွန်နယ်ဖျားမှ ခိုးသား ဓားပြတို့ကလည်း မင်းကြီးကိုယ်တိုင် စစ်ချီ၍ ထွက်လာသော သတင်းကို ကြားရသဖြင့် လွတ်ရာကျွတ်ရာသို့ ထွက်ပြေးသွားကြလေသည်။

(ဧကနိပါတ်၊ **ဝါနရိန္ဒဇာတ်**)

**ဝါနရိန္ဒဇာတ်၊ ဧကနိပါတ် ဇာတ်ပေါင်းသော်**

ဗြဟ္မဒတ်မင်း = အရှင်အာနန္ဒာ။
ပညာရှိအမတ် = မြတ်စွာဘုရား။

## မျောက်လက်ထဲ ဥယျာဉ်အပ်သော်

သည့်လ သည့်ရက်ပိုင်း၌ သည့်စည့်သံများကြားလိုက်ရပြီဆိုလျှင် ဗာရာဏသီမြို့တော်ကြီးတစ်ခုလုံး အသက်ဝင်၍လာတော့သည်။ နက္ခတ်သဘင် ပျော်ရွှင်မှုးထူးကြရတော့မည်ဖြစ်၍ မြို့တော်သူ မြို့တော်သား အပေါင်းတို့သည် ဝတ်ကောင်းစားလှဝတ်ဆင်ကာ လမ်းပေါ်သို့ ရောက်လာကြတော့သည်။

ဘုရင့် ဥယျာဉ်တော်ကို စောင့်ရသော အမှုထမ်းတို့သည်လည်း သူများနည်းတူ နက္ခတ်ပွဲတွင် ပါဝင်ဆင်နွှဲချင်၏။ သို့ရာတွင် သူ့မှာ နေ့စဉ်နေ့တိုင်း ဥယျာဉ်ထဲရှိ သစ်ပင်များကို ရေလောင်းရသော တာဝန်က ရှိနေသည်။ သည်တာဝန်ကို မလစ်ဟင်းစေဘဲပွဲတော်တွင် ပါဝင်နိုင်ရေးကို တွေးတောလိုက်ရာ ဖြစ်နိုင်စရာ အကြောင်း တစ်ခု တွေ့လာရ၏။

ထို့ကြောင့် ဥယျာဉ်ထဲမှာ ဘေးမဲ့ပေးထားသော မျောက်များထဲမှ အကြီးဆုံးမျောက်ကြီးထံ ချဉ်းကပ်ကာ ....

‘‘အချင်း မျောက်ကြီး၊ ဒီဥယျာဉ်ဟာ သင်တို့အတွက် သိပ်ပြီး ကျေးဇူးများတယ်၊ ဥယျာဉ်မှာ ရှိသမျှ သစ်သီးသစ်ပွင့်တို့ကို သင်တို့ပဲ

စားနေရတယ်၊ ဒါကြောင့် ငါ နက္ခတ်ပွဲသွားနေတုန်းမှာ ငါ့ကိုယ်စား ဥယျာဉ်ကို ရေလောင်းထားလိုက်ကြပါ''

''ကောင်းပါပြီ''

ဥယျာဉ်မှူး၏ မှာကြားချက်ကို မျောက်ကြီးက လိုလိုလားလား လက်ခံလိုက်၏။ သို့ဖြစ်၍ ဥယျာဉ်မှူးကလည်း သားရေဖြင့် ပြုလုပ်ထားသော ရေပုံးနှင့် သစ်သားရေပုံးတို့ကို မျောက်တို့ထံပေးအပ်ကာ နက္ခတ်ပွဲသဘင် ကျင်းပရာသို့ ထွက်ခွာသွားတော့သည်။

ရေလောင်းနေကျအချိန်သို့ ရောက်လတ်သော် မျောက်ကြီးသည် ဥယျာဉ်ထဲရှိ မျောက်အပေါင်းကို အစည်းအဝေးခေါ်ပြီးလျှင် ....

''အချင်းတို့၊ ဥယျာဉ်မှူးက တာဝန်ပေးထားခဲ့တဲ့အတွက် ဒီရက်အတွင်းမှာ ငါတို့ ရေလောင်းကြရလိမ့်မယ်။ ဒီတော့ ရေမလောင်းခင်မှာ အရေးကြီးတဲ့ အချက် တစ်ခုကို သတိ ပေးရဦးမယ်။ ရေ ဆို တာ အင်မတန် အရေးကြီးတယ်။ နောက်နောင်အခါ ရေ အခက်အခဲမရှိရအောင် ခုနေကတဲက ရေကို ချွေတာထားမှဖြစ်မယ်။ ဒါကြောင့် ရေမလောင်းခင်မှာ သစ်ပင်များကို နုတ်ကြည့်ရမယ်။ နုတ်ကြည့်ပြီးတော့ အမြစ်ရှည်တဲ့ အပင်များကိုမှ ရေများများလောင်းရမယ်။ အမြစ်တိုတဲ့ အပင်များကျတော့ ရေနည်းနည်းသာလောင်းရမယ်။ ဒါမှသာ ရေကို အကျိုးရှိရှိ သုံးရာရောက်မယ်''

ဤသို့ ဩဝါဒစကား မြွက်ကြားလိုက်၏။ မျောက်များကလည်း မြွက်ကြားသည့်အတိုင်း တစ်သဝေမတိမ်း လုပ်ကိုင်ကြလေရာ ဥယျာဉ်ကြီး တစ်ခုလုံး ညှိုးခြောက်သွားလေတော့သည်။

နက္ခတ်ပွဲသဘင်မှာ ပျော်ရွှင်စွာဆင်နွှဲ၍ ပြန်လာခဲ့သော် ဥယျာဉ်မှူးသည် မိမိဥယျာဉ်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် မိမိ နဖူးကို ရိုက်ကာ– ''အင်းလေ ငါကလဲ မျောက်လက်ထဲ ဥယျာဉ်အပ်ခဲ့မိပေတာကိုး''ဟု ရေရွတ်လိုက်ရလေတော့သည်။

(ကေနီပါတ်၊ အာရာမဒူသကဇာတ်)

**အာရာမဒူသကဇာတ်၊ ကေနီပါတ် ဇာတ်ပေါင်းသော်**

မြောက်ခေါင်းဆောင်ကြီး = ဥယျာဉ်ကို ဖျက်ဆီးသော ရွာသားငယ်။ ထိုဇာတ်လမ်းကိုတွေ့မြင်သော ပညာရှိ=မြတ်စွာဘုရား။

## ပြည့်နေသော သေရည်ခွက်

ဗာရာဏသီ မြို့တော်မှ သူဌေး တစ်ယောက်သည် ဗြဟ္မဒတ်မင်း ကြီး၏ နန်းတော်သို့ မကြာခဏသွား၍ခစားရ၏။ သူသွားရာလမ်းဘေး၌ သေတင်းကုပ် တစ်ခုရှိလေရာ သေသောက်ကြူး များဖြင့် အချိန်ပြည့် စည်ကားနေသည်ကို တွေ့ရလေသည်။

သူဌေးကား သေရည် သောက်စားခြင်း လုံးဝ မပြုပေ။ အိမ်မှု ကိစ္စများမှ အားလပ်ခွင့် ရတိုင်း တရားဘာဝနာဖြင့်သာ နေလေ့ရှိ၏။ ထို့ကြောင့် သေတင်းကုပ်မှာ ရှိနေကြသော သေသောက်ကြူး သူများနှင့် ရင်းနှီးကျွမ်းဝင်မှု မရှိချေ။ သေသောက်ကြူးများကလည်း မိမိတို့နှင့် တစ်ဘာသာခြားနေသူဖြစ်၍နှုတ်ဆက်ခြင်း၊ခရီးဦးကြိုဆိုခြင်းလုံးဝမပြုကြ ပေ။ သေသောက်ကြူး အချင်းချင်းသာ တရင်းတနှီးမိတ်ဖွဲ့ကာ ဝယ်နိုင် သမျှ သေရည်များကို အတူတကွသောက်နေကြလေသည်။ သေရည်၏။ အရှိန်အဝါဖြင့် ရောက်တတ်ရာရာ စကားများကို အာပေါင်အာရင်း သန်သန်နှင့် ပြောဆို ငြင်းခုံ၍နေကြလေသည်။

ဤသို့ ပြဒါးတစ်လမ်း သံတစ်လမ်း ရှိနေခဲ့ကြရာတွင် တစ်နေ့မှာ တော့ ဝိုင်းဖွဲ့၍နေကြသော သေသောက်ကြူးများသည် သူဌေးကို လှမ်း

မြင်လိုက်ရလျှင်ပင် နေရာမှ ထလိုက်ကြ၏။ သူဌေးလာနေရာဘက်သို့ မျက်နှာမူကာ အပြုံးကိုယ်စီနှင့် ကြိုဆိုနေကြ၏။ သေတင်းကုပ်နားသို့ သူဌေးရောက်လာသည်တွင်ကား....

''သူဌေးမင်း ခင်ဗျား၊ ဒီခုံပေါ်မှာ ခဏထိုင်ပြီးတော့ ဒီသေခွက်ကလေးကို သောက်ပါဦး၊ အင်မတန် ကောင်းလှပါတယ်ခင်ဗျား''

ခွက်နှင့် အပြည့် ထည့်ထားသော သေရည်ဖြင့် ဖိတ်ကြားကြလေသည်။

သူဌေးသည် ဖိတ်ခေါ်သူများနည်းတူ ပြုံးချိုသော မျက်နှာထားဖြင့် သေသောက်ကြူးများ၏ မျက်နှာတို့ကို အကဲခတ်လိုက်၏။ ဖော်ဖော်ရွေရွေ ပြုံးရွှင် နေပါလျက်ပင် မနှစ်သက်ဖွယ် အခြင်းအရာ များက အထင်းသား ပေါ်နေကြ၏။ ထို့နောက် သူတို့၏ အဝတ်အစားများကို ကြည့်ပြန်သောအခါလည်း နှာခေါင်း မရှုံ့မိရန် တော်တော်ကြီး ချုပ်တည်းထားလိုက်ရ၏။

စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝသူဖြစ်သော်လည်း သူဌေးသည် သူဆင်းရဲများကို မနှိမ့်ချတတ်ပါ။ သူတို့၏ အဝတ်အစားချို့တဲ့မှုကို မကဲ့ရဲ့တတ်ပါ။ မိမိနှင့် ပတ်သက်သူဆိုလျှင် ချီးမြှင့်မှုပင် ပြုခဲ့ပါသေးသည်။

သို့ပါလျက် ဤသေသောက်ကြူးများ၏ အဝတ်အစားတို့ကား ရိနွမ်းသည့် နေရာတွင် ကမ်းကုန်လမ်းကုန်ရောက်နေကြ၏။ ဤသေတင်းကုပ်၌ စတင် မြင်တွေ့ရသည်မှစ၍ တစ်နေ့တခြား နွမ်းညစ်၍လာခဲ့ကြရာ ယခုအခြေအနေမှာ အောက်ထစ်ဆုံး ဖြစ်နေပေပြီ။ သည့်ထက် ဆိုးလျှင် ကိုယ်လုံးတီးနေဖို့သာ ရှိတော့သည်။

ဤအခြေအနေထိ ဆိုက်ရောက်နေသူများက မည်ကဲ့သို့သော စေတနာမျိုးဖြင့် မိမိအား ဖိတ်ကြားကြပါသနည်း။

သူတို့၏ မျက်နှာထား၊ သူတို့၏ အဝတ်အဆင်တို့ကို ဆင်ခြင်သုံးသပ်ခြင်းဖြင့်ပင် သူဌေးကတော့ အဖြစ်မှန် ရိပ်မိသွားပါပြီ။ သို့ရာတွင် ထိုအချက်အလက်များဖြင့် သက်သေထူ၍ကား မရနိုင်သေးပါ။ သည့်ထက် ခိုင်လုံသောသက်သေကို ထူနိုင်ဖို့လိုပါသေးသည်။ သို့ဖြစ်၍....

''အမောင်တို့၊ အမောင်တို့ ဖိတ်ခေါ်တာကို ဝမ်းမြောက် ဝမ်းသာ လက်ခံပါတယ်။ ဒါပေမယ့် မင်းကြီးနန်းတော်သွားပြီး ခစားရမှာ

ဆိုတော့ အခုသောက်လို့တော့ မဖြစ်သေးဘူး။ ပြန်လာမှ သောက်ကြတာပေါ့။ မင်းတို့လဲ ငါပြန်လာအောင် စောင့်နေကြပေါ့''

''ကောင်းပါပြီ သူဌေးမင်းခင်ဗျား။ ကျွန်တော်တို့ စောင့်နေပါ့မယ်''

သူဌေး၏ အဆိုပြုချက်ကို သေသောက်ကြူးများက ပျာပျာသလဲ တုံ့ပြန်ကြ၏။ သူတို့ဝန်ခံထားသည့်အတိုင်းလည်း မပျက်မကွက် စောင့်နေကြ၏။

နန်းတော်ကြီးမှ ထွက်ခွာလာခဲ့သော သူဌေးကလည်း ထိုလမ်းအတိုင်းပင် ပြန်လျှောက်လာကာ သေတင်းကုပ်ရှိရာသို့ တန်းတန်းမတ်မတ် ဝင်လာ၏။ ခုံပေါ်မှာရှိနေသော သေခွက်ကို သေသေချာချာ ကြည့်လိုက်ပြီးလျှင်....

''အမောင်တို့၊ အမောင်တို့ရဲ့ ပါးစပ်ဖျားကသာ ဒီသေရည်ကို ကောင်းလှချည်ရဲ့လို့ ချီးမွမ်းခဲ့ကြတယ်၊ ဒါပေမယ့် ကောင်းလှပါတယ် ဆိုတဲ့ သေရည်က ခုထက်ထိ အရာမယွင်းသေးပါကလားကွ။ ငါရောက်လာတုန်းကလဲ ခွက်နဲ့အပြည့်၊ ငါပြန်လာတော့လဲ ဒီအတိုင်းပဲ။ တကယ်လို့သာ ကောင်းရိုးမှန်ရင် မင်းတို့သေရည်ကို မင်းတို့ဘာသာ သောက်ရဲရမှာပေါ့။ ကဲ-မင်းတို့ဘာသာ သောက်ပြစမ်း၊ သောက်ပြစမ်း''

သူဌေးက တင်းတင်းမာမာပြောလိုက်ရာတွင် သေသောက်ကြူးတို့ ခြေတုန်လက်တုန် ဖြစ်ကုန်ကြရ၏။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ဘာပြောရမှန်း မသိအောင် ဖြစ်ကုန်ကြရ၏။

''ကဲ-ဘယ့်နှယ်လဲ၊ မင်းတို့အားလုံး မသောက်ရဲကြဘူး မဟုတ်လား။ ဘယ်သောက်ရဲပါ့မလဲကွာ၊ ဒီသေရည်ထဲမှာ မူးမေ့သွားစေနိုင်တဲ့ ဆေးတွေ ခပ်ထားတာကိုး။ သေရည်ကိုသောက်ပြီး မူးမေ့သွားခါမှ ငါ့မှာပါလာတဲ့ ဒီလက်စွပ် ချွတ်ယူ၊ ပြီးတော့ ငါ့အဝတ်အစားတွေ ချွတ်။ ဒါတွေရတော့မှ မင်းတို့စိတ်တိုင်းကျ သေရည်တွေ နေ့တိုင်း ဝဝ သောက်ကြရမှာ မဟုတ်လား။ ကဲ-ပြောစမ်း၊ မင်းတို့ ငါ့ကို ငြင်းနိုင်ကြသေးသလား''

သေသောက်ကြူး များမှာ မငြင်းသာတော့ သဖြင့် မျက်နှာသေကလေးများနှင့် ငြိမ်ကုပ် နေကြရတော့၏။ သို့သော် သူဌေးကတော့ သူတို့ကို သက်ညှာ၍ မနေနိုင်တော့ပါ။

''မင်းတို့ဟာ ငါ့ကိုညာလို့မရရင်လဲ နောက်တစ်ယောက်ကို ညာကြဦးမှာပဲ။ ဒီတော့ ဒီအမှုကို မင်းကြီးထံ အပေါက်ကြားခံ ပြီးတော့ မင်းပြစ်မင်းဒဏ်ခံကြမလား။ ဒါမှမဟုတ်ဒီမြို့ကလွတ်ရာကျွတ်ရာထွက်သွားကြမလား။ မင်းတို့ကြိုက်ရာသာ ရွေးကြပေတော့''

သူဌေး၏ စကားအဆုံးတွင် သေသောက်ကြူးများသည် အလျှိုအလျှို ထွက်သွားကြ၏။ နောက်တစ်ကြိမ် နန်းတော်သို့သွားသောအခါ သူဌေးသည် သေတင်းကုပ် ပတ်ဝန်းကျင်၌ ထိုသေသောက်ကြူး များကို မတွေ့ရတော့ပါ။

(ကေနိပါတ၊ ပုဏ္ဏပါတိဇာတ်)

### ပုဏ္ဏပါတိဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| သေသောက်ကြူးများ | = | ထိုသူများ။ |
| ဗာရာဏသီသူဌေး | = | မြတ်စွာဘုရား။ |

## ချင့်ချိန်နိုင်းဆ

မြို့တစ်မြို့တွင် လှည်းတို့ဖြင့် လှည့်လည်ရောင်းဝယ်လေ့ရှိကြသော ကုန်သည် နှစ်ဦးတို့ ရှိကြ၏။ တစ်ဦးက အသက်အရွယ် တော်တော်ရှိပြီ။ အတွေ့အကြုံများလှပြီ။ စဉ်းစားချင့်ချိန်နိုင်စွမ်း ရှိပြီ။ ကျန်တစ်ယောက်ကား သူနှင့်ဆန့်ကျင်ဘက်တည်း။

ကုန်သည်ကြီးသည် ငါးရာသော လှည်းများပေါ်တွင် ရောင်းကုန်များတင်ကာ ခရီးထွက်မည်အပြုတွင် သူလိုပင် ကုန်သည်ငယ်ကလည်း စီစဉ်ထားကြောင်း သိရ၏။ ကုန်သည်ကြီး စဉ်းစားခန်းဝင်ရတော့၏။

"သူ့ဆီက လှည်းငါးရာ၊ ငါ့ဆီက လှည်းငါးရာ၊ သည်လှည်းပေါင်း တစ်ထောင် အတူသွားလို့ ကောင်းပါ့မလား။ထင်းအခက်တွေ့နိုင်သည်။ ရေအခက်တွေ့နိုင်သည်။ နွားစာအခက် တွေ့နိုင်သည်။ သည်တော့ ငါကပဲ အရင်သွားရကောင်းမလား၊ သူကပဲ အရင်သွားချင်နေမလား"

အကျိုးအကြောင်း ဂဃနဏသိရရန် ကုန်သည်ငယ်ကိုခေါ်၍ တွေ့ဆုံပြီး မေးလိုက်သောအခါ ကုန်သည်ငယ်က သူအရင်ထွက်မည်ဟု ဆိုလေသည်။

•မြယ်ဦး၊•၁၃•၂

ကုန်သည်ငယ်မှာ သူ့တွက်ကိန်းနှင့်သူ သဘောကျနေ၏။ ရှေ့က ဦးဆောင်သွားရသဖြင့် လှည်းလမ်းများ မပျက်သေးဘဲ ရှိမည်။ နွားတွေမှာ သူများမစားဖူးသေးသော မြက်များကို ဦးဦးဖျားဖျား စားရမည်။ လူတို့အတွက် လက်ဖျားနှင့်မတို့ရသေးသောဟင်းသီးဟင်းရွက်များအရန်သင့် ရှိနေမည်။ နောက်ပြီး ရှေးဦးစွာသွားရသောကြောင့် ကုန်ဈေးနှုန်းကို ကိုယ်ကြိုက်သလောက် တင်နိုင်သည်။ ဤသို့သောတွက်ကိန်းဖြင့် ကုန်သည်ငယ်သည် သူ့လှည်း ငါးရာနှင့်အတူ ရှေးဦးစွာ ထွက်သွားလေတော့၏။

ကုန်သည်ငယ် ထွက်သွားပြီးနောက် ဆယ့်ငါးရက် အကြာတွင် ကုန်သည်ကြီးသည် ကုန်သည်ငယ်သွားသောလမ်းအတိုင်းလိုက်၍လာ၏။ လမ်းခရီးတွင် ရှေ့ကသွားခဲ့သော လှည်းသမားများက ချိုင့်ဝှမ်းကမူများကိုဖြေ၍ ထားခဲ့ကြသဖြင့် သက်သောင့်သက်သာ မောင်းနိုင်ကြ၏။ ရှေ့နွားများစားထားခဲ့သောမြက်ငုတ်ကြမ်းများမှနုရွှန်းသောမြက်များ အချိန်မီပေါက်နေကြ၏။ ရှေ့လူများခူးဆွတ်သွားရာမှ နုထွေးသော ဟင်းသီးဟင်းရွက်များကနောက်လူများကိုငံ့လင့်နေကြ၏။ 'သြော်–နောက်မှ သွားခြင်းရဲ့ကျေးဇူးကိုမှ မသိလေခြင်း' ဟု ကုန်သည်ငယ်အပေါ် ကုန်သည်ကြီးက သနားမိလေသည်။

ကုန်သည်ကြီးမှာ ကုန်ကူးသန်းရောင်းဝယ်၍ အသက်မွေးရသော်လည်း ကုန်သည်ငယ်ကဲ့သို့ မတရားလောဘ မရှိပါ။ ကုန်ဈေးနှုန်းမတန်တဆတင်၍ ရောင်းခြင်းနှင့် လူတို့အသက်ကိုရက်ရက်စက်စက် မညှာမတာ သတ်ဖြတ်ခြင်းကို တန်းတူသဘောထားသူ ဖြစ်ပေသည်။

ကုန်သည်ကြီးတို့လှည်းအုပ်သည် တဖြည်းဖြည်းလူတို့နေရာဒေသမှ ဝေး၍ ကန္တာရခရီးကြမ်းအဝင်ဝသို့ ရောက်လာကြ၏။ ရှေ့ကန္တာရခရီး တစ်လျှောက်လုံးတွင် ရေရရှိနိုင်သောဌာနဟူ၍လုံးဝမရှိ။ အားလုံးခြောက်သွေ့ကာ ငြီးငွေ့ဖွယ်အတိပြီးလေသည်။ ကန္တာရခရီးတာကြီးမှာ ယူဇနာ ၆၀ တိုင်တိုင် ရှိလေသည်။

ရေမရှိသောအရပ်သို့ သွားကြရတော့မည်မို့ အနီးအနားရေတွင်း ရေကန်များမှ ရေကိုနိုင်သလောက် တင်ယူလာကြ၏။ စည်တွေ၊ အိုးတွေ၊ ခွက်တွေ ရေထည့်၍ ရနိုင်သမျှဖြင့် ရေထည့်၍ယူကြရ၏။ ထိုညတွင် ထိုနေရာမှာ စခန်းချ၍ ကုန်သည်ကြီးက လှည်းသမားအားလုံးကို စည်းဝေးစေသည်။

''အို–လှည်းသမားအပေါင်းတို့''

ကုန်သည်ကြီးက အစည်းအဝေးတွင် သတိပေးစကားပြောကြား လေသည်။

''သည်ရှေ့က ခရီးတစ်လျှောက်လုံးမှာ ရေရနိုင်တဲ့ ဌာနရယ်လို့ လုံးဝမရှိတော့ဘူး။ ဒါကြောင့် ရေကို အလဟဿမဖြုန်းတီးကြပါနဲ့။ သည် ခရီးတစ်လျှောက် ရေဟာ အလွန်အဖိုးတန်ပါတယ်။ အသက်သခင်ဖြစ် ပါတယ်။ ဒါကြောင့်မို့ ငါ့ထံ မပန်ကြားဘဲ ရေမဖြုန်းဖို့၊ အလဟဿ မဖြစ်စေဖို့ ကြပ်ကြပ်ကြီး သတိထားကြစေချင်တယ်''

တရွေ့ရွေ့ခရီး ဆက်လာကြရာ ကန္တာရ၏ အလယ်ရောက်သော အခါ ထူးဆန်းသောခရီးသွားလူတစ်စုနှင့်ပက်ပင်းပါ ကြုံကြရလေသည်။

ထူးဆန်းသောခရီးသည်ခေါင်းဆောင်သည် လှပတင့်တယ်သော လှည်းယာဉ်ကလေးဖြင့် အမြန်သွားစီးလာ၏။ စာဥကလေးတစ်ရှဉ်းမှာ လည်း ချစ်စရာကလေးတွေ ဖြစ်၏။ လှည်းအောက်က အခြံအရံဆယ်နှစ် ယောက်ပါ၏။ သူတို့အားလုံး၏ကိုယ်တွင်၊ အဝတ်တွင်၊ စွဲကိုင်သော လက် နက်များတွင် ရေများ ရွဲရွဲစိုနေကြ၏။ ကြာစွယ်ကြာရင်းများကို တကျွတ် ကျွတ်စားလာကြသေး၏။ ထိုခရီးသည် သည် စိတ်ထား နူးညံ့သိမ်မွေ့ ဟန်ရှိ၏။ ရှေ့ကလာသော ကုန်သည်လှည်းတန်းကြီးကို မြင်သည်နှင့် မိမိ လှည်းယာဉ်ကို ဘေးဖယ်၍ ရပ်စောင့်နေ၏။

တစ်ဦးက ရိုသေစွာလမ်းဖယ်၍ စောင့်နေပါလျက် ကျန်တစ် ယောက်ကနှုတ်ဆက်၍ အသိအမှတ်မပြုလျှင်ရိုင်းစိုင်းရာရောက်တော့မည်။ သို့သော် ကုန်သည်ကြီးကတော့ ထူးဆန်းသောခရီးသည်ကို ပြုံးရုံပင်ပြုံး ကာ မနှစ်မြို့စွာကြည့်ပြီးသည်နှင့် သူ့လှည်းကိုမှင်မပျက်မောင်းသွား၏။ အတန်ကြာ ခရီးပေါက်ပြီးမှ နောက်ကုန်သည်လှည်းများကို ပြန်လှည့်၍ စောင့်နေပေသည်။

ထူးဆန်းသော ခရီးသည်နှင့် စကားလက်ဆုံ ပြောမိခဲ့ကြသော လှည်းသားငါးရာတို့သည် ကုန်သည်ကြီးကို မီသည်နှင့် သူတစ်ခွန်း ငါ တစ်ပေါက် လုမ်း၍ ပြောကြလေတော့သည်။

''အို - ကုန်သည်ကြီး၊ နွားအပင်ပန်းခံပြီး ရေတွေ မယူကြပါ စို့နဲ့''

''ဟိုရှေ့က တောအုပ်ရောက်ရင် မိုးရေတွေ ဟင်းကျမ်းပါတဲ့ဗျို''

"ချောက်တွေ ချိုင့်တွေရှိသမျှ ရေတွေချည့်ပါပဲတဲ့ဗျာ"

"ကိုင်း–ဒီလိုဆိုရင် ငါတို့ တစ်ထောက်နားကြဦးစို့"

ကုန်သည်ကြီးက အနားပေးကာ လှည်းသမားများကို တစ်ဖန် စည်းဝေးစေပြန်သည်။

"မင်းတို့တစ်တွေက ဟိုလူ့စကားအတိုင်း လိုက်နင်းလို့ ပြောနေကြတယ်။ ကောင်းပြီ၊ မင်းတို့ပြောတဲ့အတိုင်း ဟိုရှေ့မှာ ရေတွေရှိနေတယ်ဆိုရင် ဒါဟာ ဘယ်ကလာတဲ့ရေတွေ ဖြစ်မလဲ"

"မိုးတွေ ရွာချထားလို့ပါတဲ့ဗျာ"

ကုန်သည်ကြီး၏ မေးခွန်းကို စိတ်အား ထက်သန်စွာ ဖြေကြလေသည်။

"အေး–ဟုတ်ပြီ၊ မိုးတွေရွာလို့ ရေတွေရှိတယ်။ ရေတွေရှိလို့ ပါလာထဲ့ရေတွေကို သွန်ပစ်ချင်ကြတယ်။ ဒါပေမယ့် ကုန်သည် ခရီးသွားဆိုတာက ရှေ့ကရေကို မျက်ဝါးထင်ထင် မမြင်ရသေးဘဲ ပါလာတဲ့ရေကို သွန်ပစ်ရိုး ထုံးစံမရှိဘူး။ ကဲ–ဒါတွေကိုထားလို့ ခုနက မင်းတို့စကားကိုပဲ ဆက်ပြီးတော့ မေးပါဦးမယ်။

"ဟိုရှေ့က တောအရေး အလွန်မယ် မနေ့က မိုးတွေရွာတယ်လို့ မင်းတို့က ဟိုလူ့ ပြောစကားကို ယုံကြည်နေကြတယ်။ မိုးရွာလို့ရှိရင် ဘာဖြစ်တတ်သလဲ၊ မိုးသက်လေ လာတတ်တယ်၊ မိုးတိမ်ကို တွေ့ရမယ်၊ မိုးခြိမ်းသံကို ကြားရမယ်၊ လျှပ်စီးလက်တာကို တွေ့ကြရမယ်၊ ဒါတွေကို မင်းတို့ထဲက တစ်ယောက်ယောက်က တွေ့လိုက်ကြရသလား"

လှည်းသမားတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ အားလုံး ခေါင်းခါကြရတော့သည်။

"အေး–ငါပြောမယ်။ ခုနက မင်းတို့နဲ့ တွေ့ဆုံစကားပြောတဲ့ လူကိုက တို့များလို ရိုးရိုးသားသားလူ မဟုတ်ဘူး။ ငါတို့လူသားတွေရဲ့ အသွေးအသားကို စားသောက်ဝါးမျိုတဲ့ ဘီလူးတွေကွ၊ ဘီလူးတွေ။ သူတို့ အင်္ဂါရုပ်ကိုက ရိုးရိုးလူတို့ရဲ့ အင်္ဂါရုပ်မျိုး မဟုတ်ဘူး"

ယခုမှ ကြက်သီးတဖြန်းဖြန်း ထကြ၏။ လှည်းသမားများသည် ကုန်သည်ကြီးထံ ချဉ်းကပ်လာကြ၏။

"မကြောက်ကြနဲ့ ငါ့လူတို့၊ ကြောက်စရာ မလိုပါဘူး။ ငါတို့လို အားအင်ပြည့်ဝနေတဲ့လူကို သူတို့ ဘယ့်နှယ်မှ မလုပ်နိုင်ပါဘူး။ သူတို့

စိမ်ထားတဲ့အတိုင်း ငါတို့က ရေတွေ အကုန်သွန်ပြီး ရေငတ်လို့ ချည့်နဲ့နေမှ သူတို့ထင်သလို လုပ်နိုင်တာပါ။ ဒါကြောင့် သူများပြောတိုင်း မယုံကြရဘူး။ အစစအရာရာ ချင့်ချိန်နှိုင်းဆတတ်ရတယ်။ ရေသစ်ကို မမြင်သေးခင် ရေဟောင်းကို မစွန့်ကြရဘူး။ ကဲ—ဒါပဲ၊ အချိန် ရှိခိုက် ခရီးဆက်ကြဦးစို့ ’’

နေဝင်ခါနီး၌ စခန်းချမြဲ နေရာ ရောက်သော အခါ ရှေ့က သွားနှင့်သော လှည်းငါးရာတွင် လူတစ်ယောက် နွားတစ်ကောင်မျှ မရှိတော့ဘဲ အရိုးဖွေးဖွေးများ ဖြန့်ကြဲလျက်ရှိနေကြလေသည်။

‘‘ကဲ—မြင်ကြပြီ မဟုတ်လား။ သူများပြောတိုင်း ယုံတဲ့လူတွေ အားလုံး ဘီလူးစာ ဖြစ်ကုန်ပြီ၊ သြော်....ဖြစ်ရလေ’’

ကုန်သည်ကြီးက ဝမ်းနည်းစွာ ပြောကြားလိုက်လေသည်။

(ကေနိပါတ်၊ အပဏ္ဏကဇာတ်)

**အပဏ္ဏကဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်**

လှည်းကုန်သည်မှူးငယ် = ဒေဝဒတ်။
လှည်းကုန်သည်မှူးကြီး = မြတ်စွာဘုရား။

## အားမကျပါနဲ့ ညီလေးငယ်

မဟာသာလောဟိတနှင့် စူဠသာလောဟိတ နွားညီနောင်တို့သည် အိမ်တစ်အိမ်မှာ အမှုထမ်း၍ နေကြရလေသည်။

ထိုအိမ်မှာ ထွန်စရာရှိလျှင် သူတို့တာဝန်ဖြစ်၏။ ကောက်ပဲသီးနှံများ လှည်းနှင့်တိုက်လျှင်လည်း သူတို့နှစ်ကောင်၊ ရေသယ်စရာရှိလျှင်လည်း သူတို့ချည်း။ သည်အိမ်ထောင်၏ စီးပွားရေးမှာ သည်နွား နှစ်ကောင်ပေါ်မှာ ရပ်တည်လျက်ရှိ၏။ သို့ပါလျက် သည်နွားနှစ်ကောင် စားရတာက မြက်နှင့်ကောက်ရိုးမျှသာ။ တစ်ခါတစ်ရံမှ ဖွဲနုကလေးများ ပါသည်။

ကျွေးသမျှအစာကို အစ်ကိုဖြစ်သူမဟာသာလောဟိတက မညည်းညူတမ်း စားနိုင်သော်လည်း ညီဖြစ်သူ စူဠသာလောဟိတကတော့ သူ့လို မဟုတ်ပေ။ သူသည် သာလူကမည်သော ဝက်ကို မနာလိုမရှုဆိတ် ဖြစ်နေလေသည်။ နွားစားကျင်းထဲက အစာကို စိတ်မပါဘဲ ဝါးမျိုနေရင်းက သာလူက စားရသော အစာများကို တမ်းတနေမိလေသည်။

သာလူကသည် သည်အိမ်သို့ရောက်လာကတည်းက ဘာတစ်ခုမျှ မလုပ်ရပေ။ သူ့ကို ကလေးများကစာချင် တကျီကျီ အော်ရုံသာရှိ၏။

နေပူလျှင် ရွှံ့အိုင်ထဲဝင်လူးကာ အစာဝလျှင် လူတွေအိပ်သော ခုတင်အောက်တွင် ဝင်အိပ်ရံသာရှိ၏။

သည်အိမ်အတွက် သူလုပ်စရာဘာတစ်ခုမျှမရှိဘဲလျက် သူ စားရသည်မှာတော့ အကောင်းတွေချည်းဖြစ်နေ၏။ ထမင်းနှင့် ဆန်ပြုတ်ကို သူ နေ့တိုင်းစားရ၏။ ထို့ကြောင့်....

''ဘယ့်နှယ်လဲအစ်ကိုရာ၊ ဒီအိမ်မှာ လုပ်စရာရှိတော့ ကျုပ်တို့ချည်းပဲ။ အစားကောင်းကျတော့ သာလူက ကိုမှ ကျွေးကြတယ်''

လယ်ထွန်ရာကအပြန် စားကျင်းကို ခေါင်းဆိုက်မိသည်နှင့် စူဠသာလောဟိတက မကျေမနပ်နှင့် ပြောလိုက်မိ၏။

ဤတွင် အကြောင်းအရင်းကိုသိထားပြီးဖြစ်သော မဟာသာလောဟိတ ရှင်းပြရသည်မှာ....

''ငါ့ညီ၊ သာလူကရဲ့အစာကိုများအားမကျလိုက်လေနဲ့။ သာလူက စားရလေသမျှဟာ သေမင်းကိုအခွန်ဆက်နေတာကွယ့်။ မင်း ဒီအိမ်ကဟို အပျိုမလေးကို သတိထားမိရဲ့လား။ သူ့ကို တစ်ရွာက လူပျိုတစ်ယောက်နဲ့ စေ့စပ်ထားပြီးသား။ အဲ သူတို့မင်္ဂလာဆောင်ကျတော့ သာလူကရဲ့ အဖြစ်မှန်ကို သိရလိမ့်မယ်''

မဟာသာလောဟိတပြောခဲ့သည့် အတိုင်းပင် မင်္ဂလာဆောင်နေ့သို့ ရောက်သောအခါ သာလူကမည်သောဝက်ကို ခုတင်အောက်မှထုတ်၍ ဟင်းလုပ်ကြလေတော့သည်။ ထိုအခါမှစ၍ စူဠသာလောဟိတသည် သူတို့အတွက်ရရှိသော မြက်နှင့် ကောက်ရိုးများကို စိတ်ချလက်ချစားလေတော့သည်။

(တိကနိပါတ်၊ သာလူကဇာတ်)

## သာလူကဇာတ်၊ တိကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မင်္ဂလာဆောင်မည့်အပျို | = | အပျိုကြီး။ |
| သာလူကဝက် | = | အပျိုကြီးကိုစွဲလမ်းသော ရဟန်းငယ်။ |
| စူဠသာလောဟိတ | = | အရှင်အာနန္ဒာ။ |
| မဟာသာလောဟိတ | = | မြတ်စွာဘုရား။ |

## အကြံကောင်းတော့ တင်သက်

ငုံးမုဆိုးတစ်ယောက်သည် နေ့စဉ်နေ့တိုင်း တောသို့ထွက်ကာ ငုံးများကို အရှင်ဖမ်းလာပြီးလျှင် ဈေးသို့ မပို့လောက်မချင်း အိမ်မှာ လှောင်ထားလေသည်။

အလုံပိတ်ထားသောခြင်းထဲတွင် ငုံးများသည် အစာရေစာဝလင်စွာ စားရသဖြင့် အသားအသွေး ပြည့်ဖြိုးလာကြ၏။ ဤသို့ ပြည့်ဖြိုး၍ လာခြင်းသည်ပင်လျှင် သူတို့၏ သေတွင်း ဖြစ်တော့၏။ အကြောင်းမှာ အသားစားလို၍ လာဝယ်ကြသောသူများက ဆူဖြိုးရာအကောင်ကို ရွေးဝယ်ကြသောကြောင့် ဖြစ်ပေသည်။

သူတို့အထဲက ငုံးတစ်ကောင်သည်ကား ဤအဖြစ်ကို သတိထား၍ ကြည့်မိ၏။ ထို့ကြောင့် သူသည် အစာလည်းမစား။ ရေလည်းမသောက်။ အစာဆာခြင်း၊ ရေငတ်ခြင်းကို သည်းခံကာ ဇွတ်ပေ၍နေလေသည်။ အစာမစား ရေမသောက်ဘဲနေသဖြင့် သူ့ခန္ဓာမှာ တစ်စတစ်စ ကြုံလှီ၍ လာ၏။ အရိုးပေါ်အရေတင်မျှသာရှိတော့၏။

ငုံးဝယ်လာသူများက ဆူဖြိုးသော ငုံးများကို လာ၍လာ၍ဝယ်ယူကြရာ နောက်ဆုံးတွင် ငုံးပိန်တာရိုးလေး တစ်ကောင်သာ ခြင်းထဲမှာ

စပယ်ဦး၊ ၁၉၆၄

ရှိတော့၏။ ထို့ကြောင့် မုဆိုးက ခြင်းကိုဖွင့်ကာ ငုံးကိုထုတ်ယူပြီးလျှင် 'ဒီငုံး ဘာများ ဖြစ်နေပါလိမ့်'ဟု လက်ဝါးပေါ် တင်၍ ကြည့်ရှု သုံးသပ်၏။ ထိုအခိုက်တွင် ငုံးပိန်တာရိုးသည် ရှိသမျှအင်အားဖြင့် ထ၍ ပျံကာ တောနက်ရာရှိ ဆွေမျိုးများထံ အရောက်သွားလေသည်။

ဆွေမျိုးငုံးများက အကျိုးအကြောင်း မေးမြန်းကြသော အခါ အကြံကောင်း၍ အသက်တစ်ချောင်း ရရှိလာပုံကို ငုံးပိန်တာရိုးက စိကာ ပတ်ကုံး ပြောပြလေသည်။

{ဧကနိပါတ်၊ ဝဋ္ဋဇာတ်}

ဝဋ္ဋဇာတ်၊ ဧကနိပါတ် ဇာတ်ပေါင်းသော်

သေဘေးမှလွတ်သောငုံး = မြတ်စွာဘုရား။

## ထူးပွတ်မဆိုင်း စိတ်ဆင်ရိုင်း

ဗာရာဏသီ မြို့၏ ပွဲလမ်း သဘင်တွင် ပျော်ရွှင်ဆင်နွှဲရန် ရေထမ်း သမား ဆင်းရဲသားလင်မယားသည် ရှိသမျှငွေကြေးကိုစိစစ်၍နေကြ၏။

လင်က.... ''ငါ့မှာ ပိုက်ဆံနှစ်ပြားရှိတယ်''ဟုဆို၏။ မယားက လည်း နှစ်ပြားသော ပိုက်ဆံချမ်းသာကြောင်း တင်ပြကာ ''ကဲ - ဒါဖြင့် ကောင်းပြီ၊ သည်တစ်ပဲနဲ့ ကျုပ်တို့ နှစ်ယောက် ကောင်းကောင်းကြီး ပျော်လောက် ပါးလောက်ပါပြီ။ ပန်းကို တစ်ပြားဖိုးဝယ်၊ နံ့သာမှုန့် ကလဲ တစ်ပြားဖိုးလောက်၊ နောက်ပြီးတော့ ယစ်မူးစရာသေရည်လေးလဲ တစ်ပြားဖိုးလောက်တော့ သောက်လိုက်ဦးမှ။ ကဲပါတော်ရယ်၊တော့်မှာ ရှိတဲ့ ပိုက်ဆံနှစ်ပြားကိုသာ ထုတ်ပါတော့''ဟုဆို၏။

ထိုအခါလင်ဖြစ်သူက''ဒါပေမယ့် ငါ့လက်ထဲမှာမထားရဲဘူးကွ။ မြောက်ဘက်မြို့ရိုးကအုတ်ကြားထဲမှာ သိမ်းထားရတယ်''ဟုဆိုလေရာ....

''ဒါဖြင့်လဲ–မြန်မြန် သွားယူတော်။ သူများတွေဖြင့် ပွဲတောင် သွားကုန်ကြပြီ''

နေ့လယ်ခင်းပေမို့ နေပူရှိန်ပြင်းလှ၏။ အောက်ကသဲမြေပြင်သည် မီးကျီးကဲ့သို့ ဖြစ်နေ၏။ သို့သော် ထိုအပူသည် ရေထမ်းသမားအတွက် မှုစရာမဟုတ်ပါ။ မယားနှင့်အတူ လက်တွဲကာ ပျော်ပွဲကြီး ဝင်ရမည့် အရေးကိုသာ သူတွေး၍လာခဲ့၏။ တွေး၍ ပျော်လာရာက သီချင်းများပင် ဟစ်၍ဆိုမိ၏။

ထိုစဉ်ခါတုန်းက ဗာရာဏသီမြို့ဝယ် ဥဒယမင်းသည် ထီးနန်းစိုးစံနေ၏။ ဥဒယမင်းသည် ဆင်းရဲသားကို ခြင်္သေ့ရုပ်ခံသော လေသာပြတင်းမှ အထင်းသားမြင်နေရ၏။ အချိန်မဟုတ် အခါမဒတော်တွင် သည်လူ ဘာကိစ္စကြောင့်များ သွား လာ နေရ ပါလိမ့်ဟု သိချင်စိတ် ပေါ်လာမိ၏။ ထို့ကြောင့် မင်းချင်းတစ်ယောက်အား အခေါ်ခိုင်းလိုက်လေသည်။

မင်းချင်းသည် ဘုရင့်အမိန့်အတိုင်း ရေထမ်းသမားကိုသွား၍ခေါ်ပါ၏။ သို့သော် ရေထမ်းသမားက မလိုက်ပါပေ။ ''မဆိုင်တာဗျာ၊ ကျုပ်လိုလူက ရှင်ဘုရင်နဲ့ ဘာပတ်သက်စရာ ရှိတာမှတ်လို့'' ဟု ဆိုကာ သွားမြဲတိုင်း သွားလေရာ မင်းချင်းယောကျ်ားက အများအားနှင့် ဝိုင်းဖမ်းပါမှ ယက်ကန်ယက်ကန်နှင့် ပါလာရ၏။

''ဘယ့်နှယ်လဲအမောင်ဆင်းရဲသား၊ အထက်မှာနေကကျက်ကျက်ပူ၊ အောက်က သဲတွေကလဲ နင်းနိုင်စရာမရှိ။ ဒီလောက်အပူထဲမှာ မောင်မင်း ဘာကိစ္စနဲ့ လျှောက်လာရပါသလဲ''

ရွှေတော်မှောက်သို့ရောက်လျှင် ဘုရင်ကသိလိုရင်းကို မေးလိုက်၏။

''အရှင်မင်းကြီး။ ကျွန်တော်တို့လင်မယား ပွဲတော်မှာ တူပျော်ပျော်ဆင်နွှဲဖို့ ဟိုမြောက်မြို့ရိုးကြားက ဥစ္စာလေးတွေ သွားယူမလို့ပါ ဘုရား''

ဆင်းရဲသားက ရိုသေစွာလျှောက်တင်လေသည်။

''အင်း- ဒါလောက်တောင် အရေးကြီးတာထောက်တော့ သင့်ဥစ္စာ တော်တော်များလိမ့်မယ် ထင်တယ်။ အသပြာဥစ္စာ ဘယ်နှစ်ရာလောက်များ ရှိပါသလဲ''

''မှန်ပါ့ဘုရား၊ ကျွန်တော်မျိုးထားရှိတဲ့ ဥစ္စာကတော့ အသပြာ ပဲဝက်မျှသာပါဘုရား''

အထင်တကြီးနှင့်မေးမိသော ဥဒယဘုရင်မှာ 'ဟင်' ခနဲ ဖြစ်သွားရကာ....

''ကဲကွာ- ဒါအတွက်နဲ့တော့ နေပူကြီးထဲ ဆက်သွားမနေပါနဲ့တော့။ ငါကပဲ ပေးပါ့မယ်''

''အရှင်မင်းကြီး ပေးသနားတဲ့ ပိုက်ဆံနှစ်ပြားကိုလဲ လက်ခံပါ့မယ်ဘုရား။ ဒါပေမယ့် ဟိုနှစ်ပြားကိုလဲ သွားယူပါဦးမယ်''

ဆင်းရဲသားက အစားရသော်လည်း အလျှော့မပေးသေးပေ။

''ဒါဖြင့် တစ်ပဲတိတိ တိုးပေးမယ်ကွာ။ သွားမနေနဲ့တော့''

''အားလုံးပေါင်းလိုက်တော့ တစ်ပဲနှင့်နှစ်ပြားဖြစ်အောင် သွားပါရစေ''

''ဟ- တယ်လာတဲ့ လူပါလား''ဟု ဆိုကာ ဥဒယမင်းသည် ထိုဆင်းရဲသားကို တအံ့တသြချီးမွမ်းကာ သူ့အပေါ် မေတ္တာသက်ဝင်လာမိသဖြင့် ဆတက်ထမ်းပိုး တိုး၍တိုး၍ ပေး၏။ ပေးလေသမျှကို လက်ခံကာ ဆင်းရဲသားကလည်း ပိုက်ဆံနှစ်ပြားကို သွားယူဦးမည်ဟုပင် လျှောက်တင်မြဲ လျှောက်တင်နေ၏။

ထို့နောက် သူဌေးရာထူးဖြင့် အကဲစမ်းကြည့်၏။ အိမ်ရှေ့မင်းရာထူးပေးသည့်တိုင်အောင်ပင် သူ့ အစွဲအလမ်းက မပျောက် သေး။ နောက်ဆုံး တိုင်းပြည်ကိုထက်ဝက်ခွဲကာ နှစ်ဦးပြိုင်တူ မင်းပြုမည်ဆိုခါမှ ထိုကိစ္စငြိမ်းတော့၏။

ရေထမ်းသမား ဘုရင်ဖြစ်သောအခါ တစ်ပဲ၏ထက်ဝက် ပိုက်ဆံနှစ်ပြားကို စွဲလမ်းခဲ့သူဖြစ်၍ တစ်နန်းတော်လုံးက ပဲဝက်မင်းဟု ခေါ်ကြ၏။ ပဲဝက်မင်းနှင့် ဥဒယမင်းတို့သည် ထီးနန်းစည်းစိမ်ကို အတူတကွစိုးစံကြ၏။ နှစ်ပြားသောရွှေကို ဂဟေစပ်သကဲ့သို့ စိတ်သဘောထား ညီညွတ်ကြ၏။ တစ်ဦးအပေါ် တစ်ဦးက စိတ်ချယုံကြည်စွာ ဆက်ဆံကြ၏။

တစ်နေ့သ၌ မင်းနှစ်ပါးတို့သည် ဥယျာဉ်တော်သို့ အတူတကွထွက်ခွာလာကြ၏။ ဥယျာဉ်တော်တွင် ပျော်ရွှင်စွာကစားကြ၍ အတန့်ငယ်မောလာသောအခါ ဥဒယမင်းသည် ပဲဝက်မင်း၏ပေါင်ပေါ်မှာခေါင်းတင်၍အိပ်စက်ရာ မကြာမီအိပ်ပျော်သွား၏။ ထိုခဏတွင် ပဲဝက်မင်းသည် နံဘေးပတ်လည် လှည့်ကြည့်လိုက်၏။ အနားမှာ အခြွေအရံတစ်ယောက်မျှမရှိပေ။ သူတို့သည် ဟိုဟိုသည်သည် သွားလာပျော်ပါးနေကြ၏။ သည်နားတွင် ရှိနေကြတာက ဘုရင်နှစ်ပါးတည်း။

ပဲဝက်မင်းသည် သူဆောင်နေကျ သံလျက်ဓားကို ဆုပ်ကိုင်မိ၏။ သူ့စိတ်ထဲတွင် ဆင်ရိုင်းကြီးတစ်ကောင် အမုံထသည်နှယ် ဖြစ်လာ၏။

“ငါဟာ-မမျှော်လင့်ဘဲနဲ့ ဘုရင်အဖြစ်ကိုရောက်နေပြီ။ ဒါပေမယ့် ဒါလောက်နဲ့ ကျေနပ်လို့တော်ပါ့မလား။ တစ်သက်လုံး သူနဲ့ တစ်ပူးတွဲတွဲ ဘုရင်လုပ်နေနိုင်ပါ့မလား။ ဒီတော့ ခုလိုအခွင့်သာခိုက်မှာ သတ်လိုက်ရင် ဘယ်သူက ငါ့ကို တော်လှန်နိုင်မလဲ။ ကဲကွာ- တစ်ခါတည်းနဲ့ တစ်ပါးတည်းဘုရင် ဖြစ်ကရော့”

ဥဒယမင်းကို လည်ပင်းကခုတ်သတ်ရန် ပဲဝက်မင်းသည်ဓားအိမ်မှ ဓားကို ချွတ်လိုက်၏။ ထိုစဉ်အခိုက်မှာပင် စဉ်းစားဆင်ခြင်ဉာဏ်က သူ့လက်ကို ချုပ်ကိုင်၍ ထားလိုက်ပြန်၏။ ဆင်ရိုင်းကြီးကို ခဏမဆိုင်း ထူး ခတ်ထားလိုက်သကဲ့သို့ ဖြစ်သွားတော့၏။

“သူဟာ တကယ်တော့ ငါ့ကျေးဇူးရှင်ကြီးပဲ မဟုတ်ပါလား။ သူက ချစ်ကြည်စွာ ပေးသနားခဲ့လို့ ငါ့မှာ စည်းစိမ်ကြီးစွာ ခံစားနေရတယ် မဟုတ်ပါလား”

ပဲဝက်မင်းသည် ထုတ်မိသောဓားကို ဓားအိမ်မှာပြန်သွင်းလိုက်၏။ ပေါင်ပေါ်မှာ ယုံကြည်စိတ်ချစွာ အိပ်ပျော်နေသော ဥဒယမင်းကိုသူက တွေတွေ စိုက်ကြည့်နေ၏။ ကြည့်ရင်းကြည့်ရင်းကပင် ဥဒယမင်းကို သတ်ချင်စိတ်က ပေါ်လာပြန်သည်။ ဓားသွားကို ထုတ်လိုက်မိပြန်သည်။

သတ်လိုစိတ်နှင့် ကျေးဇူးသိစိတ်တို့သည် ဟိုဘက်သည်ဘက် လွန်ဆွဲ၍ နေကြ၏၊ သုံးကြိမ်မြောက် ဓားကို ဆွဲထုတ်မိသောအခါတွင်ကား ပဲဝက်မင်းသည် ဥဒယမင်းကို အိပ်ပျော်ရာမှ နှိုးလိုက်ရတော့၏။ ရှယ်မိပြီးသောဓားကိုမြေပေါ်မှာချကာသူ့အပြစ်ကိုထုတ်ဖော်ဝန်ချလေသည်။

“ကဲကွာ ဖြစ်ပြီးတာတွေ ပြီးပါစေတော့၊ ငါ့ညီသာ ဘုရင် တစ်ပါးတည်း ဖြစ်ချင်သပဆိုရင်လဲ ငါကပဲ ပလ္လင်ကဆင်းပြီး အိမ်ရှေ့မင်း လုပ်ပါ့မယ်”

သဘောထား ပြည့်ဝလှသော ဥဒယမင်းက ဤမျှအထိ ခွင့်လွှတ်နိုင်ပေသည်။

သူ့ကခွင့်လွှတ်လေ ပဲ၀က်မင်းမှာ နေစရာမရှိလေ။ ပြစ်မှားမိသော သူ့အမှုအတွက် ယူကျုံးမရ ဖြစ်နေ၏။ ထို့ကြောင့် ဥဒယမင်းတားမြစ်သည်ကို ဇွတ်အတင်း ရှန်းထွက်ကာ ရဟန်းပြု၍ သွားလေတော့သည်။

(အဋ္ဌကနိပါတ်၊ ဂင်္ဂမာလဇာတ်)

### ဂင်္ဂမာလဇာတ်၊ အဋ္ဌကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| အမှုမာသကမင်း | = | အရှင်အာနန္ဒာ။ |
| မင်း၏မယ်တော် | = | မယ်တော်မာယာ။ |
| မင်း၏ မိဖုရားကြီး | = | ယသော်ဓရာ။ |
| ဥဒယမင်း | = | မြတ်စွာဘုရား။ |

## ပေါက်ပင်လေးမျိုး

မင်းသား လေးပါးတို့သည် ရထားကိုယ်စီဖြင့် တောလည် ထွက်လေ့ ရှိကြ၏။ ကိုယ့်အခြံအရံနှင့်ကိုယ်ဖြစ်သဖြင့် သူတို့သွားသောတောများမှာလည်း တခြားစီဖြစ်၏။

ထို့အတူ ပေါက်ပင်များကို သူတို့ သတိထားခဲ့မိသည်မှာလည်း တစ်ချိန်စီတွင်ဖြစ်၏။ ပထမ မင်းသားက နွေခေါင်ခေါင်မှာ ကြည့်ခဲ့၏။ ဒုတိယ မင်းသားက မိုးဖွိုင်ဖွိုင်ကျတုန်းမှာ။ တတိယမင်းသားက ဆောင်းထွက်ခါနီး။ စတုတ္ထမင်းသားက နွေဦးရောက်စတွင် အသီးအသီး ရှုမြင်ခဲ့ကြ၏။

ကြည့်ခဲ့သော အချိန် ကွာခြားသဖြင့် သူတို့၏ ပေါက်ပင်များမှာလည်း အသွင်မတူဘဲဖြစ်နေကြ၏။ ထို့ကြောင့်ပင် မင်းသား လေးပါးဆုံမိကြသော် ပေါက်ပင်အတွက် ပြဿနာ ဖြစ်ကြရလေတော့သည်။

ပထမ မင်းသားက "ပေါက်ပင်ဆိုတာ အခက် အရွက်ရယ်လို့ လုံးဝမရှိဘူး။ ရိုးတံကျဲကျဲနဲ့ မီးလောင်ငုတ်လိုပဲ" ဟု ပြော၏။

ဒုတိယ မင်းသားက ''အို-မဟုတ်တာ နောင်တော်၊ ပေါက်ပင်ဆိုတာ ညောင်ပင်လိုပါပဲ။ အခက်အရွက်တွေသိပ်စည်တာပဲ'' ဟုချေပ၏။

တတိယ မင်းသားက ''အစ်ကိုတို့ ပြောတာ နှစ်ခုလုံးကို မဟုတ်သေးဘူး၊ ပေါက်ပင်ဆိုတာ တစ်ပင်လုံး ရဲရဲနီနေတာပါ''

စတုတ္ထ မင်းသားက ''ကဲ—နောင်တော်တို့အားလုံးကို ငြင်းရတော့မှာပဲ။ ကျွန်တော့် မျက်စိနဲ့ တပ်အပ် မြင်ရတာကတော့ ပေါက်ပင်ဆိုတာ ကုက္ကိုပင်များလို အတောင့်တွေ သီးတတ်ပါတယ်''

ကိုယ်မြင်ထားသည့် အတိုင်းသာ အမှန်ဟု ယူဆထားကြသဖြင့် ဘယ်သူကမှ အလျှော့မပေးကြပေ။ ဘယ်ဟာအမှန်ပါ ဆုံးဖြတ်ချက်ချ၍ မရနိုင်ကြပါပေ။

ထို့ကြောင့် ပေါက်ပင် ပြဿနာသည် သူတို့ ခမည်းတော် ဘုရင်ကြီးထံ တက်ရောက်သွားလေရာ....

''အားလုံးပဲ မှန်တယ်။ ဒါပေမယ့် အားလုံးပဲ မှားတယ်'' ဟု အဖြေပေးလိုက်၏။

''ဘာပြုလို့ပါလဲ ဘုရား'' ဟု သားတော်များက အလောတကြီး မေးကြရာ....

''မှန်တာကတော့ ကိုယ်ကြည့်ခဲ့တဲ့ အချိန်မှာ ဒီအတိုင်းရှိခဲ့လို့ပဲ။ ဒါပေမယ့်လို့ ပေါက်ပင်ဆိုတာအချိန်ရာသီအားလျော်စွာအသွင်ပြောင်းတတ်တယ်၊ ဒါကိုတော့ စောင့်မကြည့်ဘဲနဲ့ ကိုယ့်ဟာသာကိုယ် အမှန်လုပ်တော့ အမှားဖြစ်တာပေါ့။ ဘယ်ပြဿနာပဲဖြစ်ဖြစ် တစ်ဖက်မြင်နဲ့ သုံးသပ်ရင် အမှန်မရနိုင်ဘူး'' ဟု ဆုံးမစကား ပြောကြားလေသည်။

(ဒုကနိပါတ်၊ ကိံသုကောပမဇာတ်)

**ကိံသုကောပမဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်**

မြဟ္မဒတ်မင်း = မြတ်စွာဘုရား။

# ၁၀။ လောဘရမ္မက် ကိုယ်ကျိုးဖျက်

(ဇာတ်တော်မိတ်ဆက်)

စားဝတ်နေရေးအတွက် ပြေးနိုင် လွှားနိုင် လွန်းပါမှ တော်ရုံကျသော လူသားတို့အတွက် အလိုလောဘမရှိရဘူးဆို၍ မဖြစ်နိုင်ပါ။ ကြီးပွားရေး၊ တိုးတက်ရေး ကိစ္စအဝဝကို ဆောင်ရွက်လေတိုင်း အလိုလောဘပါဝင်ရသည်သာ။ ထိုအလိုလောဘကို အခြေပြုကာ သူ့ထက်ငါ ကြိုးစားခဲ့ကြသဖြင့် လိုအပ်သော ပန်းတိုင်သို့ ဆိုက်ရောက်ခဲ့ကြရ၏။

လူငယ်လေး တစ်ယောက်သည် ဉာဏ်ပညာအခြေခံရှိ၏။ ပညာရေးကို အားပေးလိုသော မိဘများလည်း ပစ္စည်းဥစ္စာတောင့်တင်းကြ၏။ သင်ကြားပေးမည့် ဆရာသမားနှင့်လည်း လက်လှမ်းမီ၏။ သို့ပါလျက် ထိုလူငယ်က ကျောင်းမတက်ချင်။ အတတ်ပညာကို မလိုချင်။ ဤတွင် သူ၏ဉာဏ်ပညာ အခြေခံသည် သာမညနှင့် ပြီးသွားရတော့၏။

စပယ်ဦးစာပေ

လူရှယ်တစ်ယောက်သော်ကား အရာရာကို သင်ယူတတ်မြောက်လွယ်၏။ အရောင်းအဝယ် လုပ်ငန်းရှင်ကြီးများ၏အသိုင်းအဝန်းထဲကဖြစ်၏။ သူ့ကို လက်တွဲခေါ်ယူလိုသူ၊ ရွှေဆောင်လမ်းပြပြုပြင်ပေးချင်သူများလည်း ရှိကြ၏။ သို့ပါလျက် ထိုလူရွှယ်က အလုပ်ကို အလုပ်နှင့်တူအောင်ပလုပ်ချင်။ အသောက်အစား အပျော်အပါးဖြင့်သာ မိဘပစ္စည်း ဖြုန်းတီးနေ၏။ ဤသို့သော လူရွယ်မျိုးမှာ မိဘများမျက်ကွယ်ပြုကြ၍ မကြာမီမှာပင် လမ်းဘေးသို့ ရောက်ကြရပေသည်။

ဤကား သိသာမြင်သာလှသော နမူနာများ ဖြစ်ကြ၏။ ပညာမတတ်လို ကြီးပွားလိုသော အလိုလောဘ ချုပ်တွဲကြသဖြင့် လူရှ မဝင်၊ လူတန်းမစေ့ရပုံများကို နယ်တကာ ရပ်တကာ တွေ့ကြရပါလိမ့်မည်။ ဤတွင် တစ်ခုမေးစရာ ရှိပါသည်။ ပညာတတ်လိုရုံ သက်သက်ဖြင့် ပါမောက္ခကြီးဖြစ်မည်လော။ ကြီးပွားလိုရုံ သက်သက်ဖြင့် မီလျံနာကြီး ဖြစ်သွားမည်လော။ ဤသို့ကား မဖြစ်နိုင်ပါ။ မိမိဦးတည်ရာသို့ ရောက်နိုင်ရေးအတွက် လုံလောက်သော လုံ့လဝီရိယထောက်ကူရပါလိမ့်မည်။ နည်းမှန်လမ်းကျ ကြိုးစားနိုင်ရန် ဉာဏ်ပညာနှင့် ယှဉ်ရပါလိမ့်မည်။

ဉာဏ်ပညာဟူရာ၌ အရာဌာနအားလျော်စွာ သိမြင်စရာတွေ များလှပါသည်။ သို့ရာတွင် လိုရင်းအကျဆုံးမှာတော့ အခြေခံတန်းအားတစ်ခု ဖြစ်သော အလိုလောဘကို ဇက်သတ်နိုင်ရေး ဖြစ်ပါသည်။ လောကီ ကိစ္စများ၌ အလိုလောဘအခြေခံမရှိလျှင် ကြီးပွားတိုးတက်မှု မရှိနိုင်။ ထိုအလိုလောဘကို မထိန်းနိုင်ဘဲ လွန်လွန်ကဲကဲဖြစ်လာပြန်တော့လည်း အကျိုးမဲ့ကြရပြန်ပါသည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် အလိုလောဘကို အလွန်အကျွံဖြစ်မသွားအောင် ထိန်းချုပ်ကြရပါလိမ့်မည်။ ဤကမ္ဘာပေါ်တွင် ကိုယ်တစ်ယောက်တည်းနေ၍ ရသည်မဟုတ်ချေ။ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအတွင်းမှာ နေကြရပေသည်။ သို့ဖြစ်၍ ကိုယ့်အကျိုးစီးပွားကိုချည့် တစ်ဖက်သတ် အလေးမထားဘဲ သူတစ်ပါး၏ အကျိုးစီးပွားကိုလည်း မထိခိုက်ရအောင် သတိပြုကြရပါလိမ့်မည်။

အလိုလောဘကို အလွန်အကျွံဖြစ်မလာရအောင် ထိန်းချုပ်ရာတွင် လွန်ကျွံလာသော လောဘ၏ အပြစ်ဒဏ်ကို ရှုမြင်တတ်ဖို့ လိုအပ်လှပေသည်။ ထို့ကြောင့် ထိုအပြစ်ဒဏ်ခံရပုံ နမူနာအမျိုးမျိုး ပြဆိုထားသော ဝတ္ထုများကို ထုတ်နုတ်၍ ဖော်ပြလိုက်ပါသည်။

ပထမဆုံးဖော်ပြလိုက်သော ''လောဘပိတ်ဖုံးအရှုံးရလဒ်'' ဝတ္ထုမှာ စာဖတ်ပရိသတ်များ မကြာခဏ ကြားနာရပြီးဖြစ်သည့် ရွှေကုန်သည်ဇာတ်လမ်းဖြစ်ပါသည်။ ထိုဇာတ်လမ်းနှင့်ပတ်သက်၍ မြတ်စွာဘုရားက....

''ဤသာသနာတော်၌သူတော်ကောင်းတရားရော်လှော်ကားလှေငယ်ဟုဆိုအပ်သော သောတာပတ္တိမဂ်ကို ရနိုင်လောက်သော အခါအခွင့်ရှိပါလျက် လက်လွတ်ဆုံးရှုံးရသောသူသည် သေရိဝတိုင်းမှ ရွှေကုန်သည်လူမိုက်ကဲ့သို့ အစဉ်သဖြင့် စိုးရိမ်ပူပန်ရလတ္တံ့''ဟု သတိပေးစကား မြွက်ကြားတော် မူခဲ့ပေသည်။

''ပညာရှိရာပြတ်ကြီး''ဝတ္ထုမှာပြည့်ရှင်မင်းနှင့်ဟာကူရာပြတ်အမတ်နှစ်ဦးသားတို့၏ လောဘရှေ့ထား၍ မိုက်မှားမိပုံဖြစ်ပါသည်။ မြင်းငါးရာကို ဆန်တစ်ပြည်ဖြင့် တန်ဖိုးဖြတ်ပုံ၊ တိုဆန်တစ်ပြည်ကိုမှတစ်ဖန်ဗာရာဏသီမြို့တော်ကြီးတစ်ခုလုံးဖြင့် တန်ဖိုးဖြတ်ပုံတို့ကား ပိုလွန်းကဲလွန်းသွားလေသလောဟု တွေးတောဖွယ် ရှိပါသည်။ သို့ရာတွင် ဆင်ခြင်စဉ်းစားတတ်သော အသိပညာကို အလိုလောဘတို့ ဖုံးလွှမ်းသွားသောအခါ ပြော၍မယုံနိုင်လောက်အောင် မိုက်မှားသော အမှုကြီးများကို ပြုမိတတ်ကြပါသည်။ထို့ကြောင့် ထိုဝတ္ထုဇာတ်လမ်းမှာ ထိုကဲ့သို့သော မိုက်မှားမှု တစ်ခုခု၏ နမူနာအဖြစ် သဘောထားသင့် ကြပါသည်။

''ရွှေဟင်္သာ အလာကောင်းသော်လည်း'' ဝတ္ထု၌ အလိုလောဘကြီးလွန်းလှသောသူကိုမည်မျှလောက် ကူညီမ စသော်လည်း အချည်းနှီးဖြစ်ရပုံကို ဖတ်ရှုနိုင်ပါသည်။ ထိုကဲ့သို့သော လောဘမျက်ကန်းများမှာ မေတ္တာ ကရုဏာဖြင့် ကူညီ မ စသောသူများကိုပင် ရန်မူတတ်ကြပါသေးသည်။ ထို့ကြောင့် မေတ္တာရှင် ကရုဏာရှင်များမှာ ဥပေက္ခာ ဘာဝနာဖြင့် အစားထိုးကာ ဝေးရာသို့ ရှောင်ကြရပါတော့သည်။

''သည်ကအဆုံး၊ ဟိုကအရှုံး''ဝတ္ထုမှာ ဘိုးဘေး ဘီဘင်များလက်ထက်မှစ၍ အေးအတူပူအမျှ နေထိုင်လာခဲ့ကြသော ရွာကလေးကိုအမည်းစက်ထင်သွားစေသော လင်မယားတို့၏ မိုက်မှားပုံဖြစ်ပါသည်။ လက်ထဲမှာ ကေန် မရရှိသေးသော ငါးကြီးကို အကြောင်းပြုကာ မသင့်မတင့် ကြံစည် ပြုလုပ်မိကြသဖြင့် နှစ်ဦးစလုံး အပြစ်ဒဏ်ခံကြရပါသည်။ မိမိတို့ပတ်ဝန်းကျင်မှာလည်း ထိုလင်မယား၏ကိုယ်ပွားများကိုကြည့်တတ်လျှင် မြင်နိုင်ကြပါလိမ့်မည်။

''ရာလ လိုလေ ဆင်းရဲလေ''ဝတ္ထုကား အလိုလောဘ၏ တစ်ဆင့် တစ်မ တိုးပွားလာတတ်သောသဘောကို နမူနာ ထုတ်ပြထားပါသည်။ ထိုသဘောကို ဝတ္ထုဇာတ်လမ်းမှာလည်း ပီပီပြင်ပြင်တွေ့မြင်နိုင်ပါသည်။ ဆေးပညာရှင် လုလင်၏ ဆုံးမစကားများထဲမှာလည်း အထင်အရှား ကြားနာနိုင်ပါသည်။

အပြုသဘောထက် လွန်ကဲ၍ အဖျက်သဘောသို့ ရှေးရှုနေသော အလိုလောဘကို ထိန်းချုပ်နိုင်ရေးအတွက် စံပြဝတ္ထု (၅)ပုဒ်ကို တစ်စုတစ်ဝေးတည်း တင်ဆက်လိုက်ပါသည်။

## လောဘပိတ်ဖုံး အရှုံးရလဒ်

“ပစ္စည်းသခင်ါရ၊ လူသခင်ါရ”ဟူသောစကားသည် အလွန်တရာ မှန်လှပါပေစွ။

ဤနေရာ ဤဌာနတွင် ရှေးယခင်က ခံ့ညား ထည်ဝါလှသော တိုက်ကြီးတစ်ခု ရှိခဲ့ပါ၏။ အရိဋ္ဌပုရမြို့တော်ကြီး၏ကျက်သရေဆောင်အဆောက်အအုံကြီးများတွင် အပါအဝင်ဖြစ်ခဲ့ပါ၏။ တိုက်ကြီး၏ အရှိန်အဝါနှင့် လိုက်လျောစွာပင် တိုက်ကြီးထဲက အိမ်ထောင်ခမ်းနား ပစ္စည်းများမှာလည်း ရွှေရောင်ငွေရောင် တောက်ပြောင်ဝင်းထိန်၍နေခဲ့ကြပါ၏။

ထိုအရောင်တို့အပေါ်ဝယ် သူဌေးကြီးနှင့်တကွ သူ၏မိသားစုများ ဝတ်ဆင်ထားသော ရတနာတို့ကလည်း အရောင်တဖျတ်ဖျတ် ထင်ဟပ်၍ နေခဲ့ကြပါ၏။ သူဌေးကြီးတို့ဘုန်းရိပ်ကို ခိုလှုံလိုသူ အပေါင်းတို့ကလည်း သူ့ထက်ငါ ဝင်ထွက်နိုင်ရန် ကြိုးစား၍နေခဲ့ကြပါ၏။

မကြာလှသော အချိန်ပိုင်းအတွင်းမှာပင် ခံ့ညားထည်ဝါလှသော တိုက်ကြီးသည် တိုက်ပျက်ကြီးဘဝသို့ ရောက်သွားရပေပြီ။ ရွှေရောင်ငွေရောင် တောက်ပြောင် ဝင်းထိန်နေသော အိမ်ထောင်ခမ်းနားတို့ကတော့

တိုက်ကြီးမပျက်မီကပင် ရွှေဆင့်နောက်ဆင့် ထွက်ခွာ၍သွားနှင့်ကြပေပြီ။ တစ်စုံတစ်ခုသောကပ်ရောဂါဖြင့် သူဌေးကြီးမိသားစုများ သေဆုံးသွားကြ၍ မကြာမီမှာပင် ဤတိုက်ကြီး၏အရှိန်အဝါဟူသမျှ လျော့ကျသွားရပေပြီ။

ယခုတော့ ဤတိုက်ပျက်ကြီး ထဲသို့ ဝင်လို ထွက်လိုသူ ဟူ၍ မရှိသလောက်ရှားသွားပေပြီ။သေကံမရောက်၍အသက်မပျောက်သေးသော မြေးမကလေးနှင့် အဘွားအိုတစ်ယောက်တို့ ရှိနေသေး၍သာလျှင် လက်စတုံး ပျောက်ပျက်မသွားသေးခြင်းဖြစ်ပေသည်။

အဘွားအိုမှာ အရွယ်ကောင်းတုန်းက သူဌေးကတော်ကြီး ဖြစ်ခဲ့၏။ သူဌေးကြီးမျက်ကွယ်ပြုသွားပြန်တော့လည်း သား သူဌေး မိခင်ကြီးအဖြစ်ဖြင့် မကြောင့်မကြနေလာခဲ့ရ၏။ ခင်ပွန်းသည်နှင့် သားတို့၏အရိပ်ကို ခိုလှုံကာ ကြောင့်ကြမဲ့နေလာခဲ့သည်တွင် အိုမင်းမစွမ်းအရွယ် ရောက်ခါမှ ကြောက်စရာ့ဘေးဆိုးကြီးနှင့်တွေ့လိုက်ရ၏။ ကပ်ရောဂါ ဘေးဆိုးကြီး နောက်ဝယ် လူဆိုးသူဆိုးတို့ကလည်း တပ်ကြီးချီ၍ လိုက်ပါလာကြလေရာ သူတို့မြေးအဘွားမှာ နေ့ချင်းညချင်း သူဆင်းရဲဘဝ ကျရောက်ရရှာပေသည်။

တိုက်ပျက်ကြီး အတွင်းက မိုးခို၍ ရနေသေးသော ထောင့်ကွေးလေးတွင် မြေးအဘွားနှစ်ယောက်တို့ ပူးပူးကပ်ကပ်အိပ်ကြရ၏။ မိဘတို့၏အရှိန်အဝါဖြင့် ကျောနှစ်နေရာစာ ရရှိသေးသည်ဟု ဆိုနိုင်ပေသည်။ နှစ်ထွာသော ဝမ်းတို့အတွက်ကား အရွယ်ရောက်စပြုနေသော မြေးမကလေးက သူများအိမ်သို့သွား၍ အိမ်မှုကိစ္စများလုပ်ကိုင်ပေးရပေသည်။

တစ်နေ့သ၌ မြေးမကလေး အိမ်သို့ထမင်းစားရန်ပြန်လာသည်တွင် ရွှဲကုန်သည်တစ်ယောက်၏အသံကိုကြားလိုက်ရ၏။

''ရွှဲကလေးတွေရမယ်နော်၊ လှလှပပ အရောင်စုံကလေးတွေ ပါတယ်။ ကြုံတုန်းဝယ်လိုက်ကြနော်၊ နောက်ကျမှ မရမရှိကြစေနဲ့''

တကြော်ကြော်ဟစ်ကြွေးရင်း ရွှဲကုန်သည် သည် တိုက်ပျက်ကြီးဆီသို့ ဦးတည်လာနေ၏။ သူ၏ လေသံ ဟန်ပန်နှင့် ဝတ်စား ဆင်ယင်မှုကို ထောက်ဆကာ သေရိဝတိုင်းမှလာခဲ့သူဖြစ်ကြောင်းအဘွားအိုကအကဲခတ်မိ၏။

''အဘွားရယ်၊ သူများတကာလို အလှဆွဲရအောင် ရွှဲသေးသေးလေး တစ်လုံးလောက် ဝယ်ပေးပါလားဟင်''

ပါလာသမျှ ရွှဲလှလှကလေးများကို ကွဲကွဲပြားပြား မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မြေးမကလေးကပူဆာလိုက်၏။

ကြော့ကြော့ရှင်းရှင်း ဖြူဝင်း၍ နေသော လည်တိုင်ကလေးမှာ လည်ဆွဲအဆင်တန်ဆာကလေးများဆင်မြန်းလိုက်ပါက ဘယ့်လောက်များ လှလိုက်မလဲဟု သူတွေးတောမိရှာပါလိမ့်မည်။

''ငါ့မြေးရယ်၊ ငါ့မြေးကြီး အလှခဲကို ပိုကဲလို့လှလာအောင် အဘွား ဆင်ပေးချင်တာပေါ့ကွယ်။ ဒါပေမယ့် ငါတို့မှာ ဝယ်စရာဆိုလို့ ဘာတစ်ခုမှ မရှိကြပါလားကွယ်''

လှချင်ပချင်သော အရွယ်ကလေးမှာ သူများနည်းတူ ဆင်မြန်းလိုပါလျက် ဆင်မြန်းရခက်နေရသော မြေးကလေးအတွက် အဘွားဖြစ်သူက စိတ်မချမ်းမြေ့စွာ ရေရွတ်လိုက်ရ၏။

''ဝယ်စရာ အသပြာ မရှိပေမယ့် အဘွားရယ် တစ်ခုခုနဲ့တော့ လဲယူစရာ ရှိကောင်းပါရဲ့''

ပြောပြောဆိုဆို လူသူအရောက်အပေါက် နည်းခဲ့သော တိုက်ထောင့်ကွေး ခပ်မှောင်မှောင်ထဲသို့ လျှောက်လာခဲ့ရာ အိုးဟောင်းနှစ်လုံးကြား၌ မှောက်လျက်ရှိနေသော ခွက်တစ်လုံးကိုတွေ့ရ၏။ သည်ခွက်ကို အသုံးမပြုဖြစ်တာ ကြာလှပြီဖြစ်၍ ဘာခွက်မှန်း မသိလောက်အောင်ပင် ဖုံမှုန်များ၊ ချေးညှော်များ ကပ်နေကြ၏။

''ဒီမှာ ခွက်တစ်လုံးတော့တွေ့ပြီ အဘွားရေ၊ ကျွန်မတို့အတွက်လဲ ဒီခွက်က ဘာမှ အသုံးမကျဘူး၊ ရွှဲတင်လုံး တလေ ရလိုရငြား လဲပေးပါနော်''

မြေးမကလေး ကမ်းပေးသောခွက်ကို အဘွားအိုက မှုန်သီရီဝေသော မျက်လုံးများဖြင့် အနီးကပ်ကြည့်ရှု၏။ သို့ရာတွင် သူ့စိတ်ထဲမှာ တစ်စုံတစ်ရာ ထူးခြားမှု ဖြစ်ပေါ်မလာဘဲ ရွှဲကုန်သည်ကိုသာ လှမ်း၍ခေါ်လိုက်၏။

''လာပါဦး အမောင်ရွှဲကုန်သည်၊ ဒီအုတ်ခုံပေါ်မှာ ချပါဦး။ အမေတို့မှာ ဝယ်စရာအသပြာတော့ မရှိပါဘူးကွယ်၊ ဟောဒီခွက်ကလေးနဲ့သာ လဲပါရစေ။ ဒီခွက်နဲ့ထိုက်တန်တဲ့ အဆင်တန်းဆာကလေးကိုသာ အမောင့်နှမကို ပေးပါတိ''

ရွှဲကုန်သည် သည် ပါလာသမျှ ဝန်စည်စလယ်များကို အသာချပြီးလျှင် ကမ်းလင့်သောခွက်ကို ယူ၍ကြည့်၏။ ခွက်၏ အရွယ်ပမာဏကို

ကြည့်ရှုကာ လက်ပေါ်မှာ စီးလာသော အလေးချိန်က ထူးခြားနေသဖြင့် ပတ်ပတ်လည်လှည့်၍ ကြည့်ရှု၏။ ထို့ထက်ပို၍ သေချာစေရန် ခွက်၏ဖင်မှာ စူးဖြင့် အသာခြစ်၍ကြည့်၏။ စူးခြစ်ရာမှ ပေါ်လာသော အရောင်အဆင်းကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ထိုခွက်ကို ပစ်ချလိုက်လေတော့သည်။

''အကလား ခွက်စုတ်၊ ဘာအသုံးမှမကျတဲ့နှံ့များ လာပေးရသေးတယ်၊ ဒီလိုခွက်စုတ်မျိုးများတော့ နှစ်ပြားတောင် မပေးဘူးမှတ်''

ဒေါပွပွ မာန်ပါပါရေရွတ်လျက် ရွှဲကုန်သည် သည် သူ့ ဝန်စည် စလယ်များကို ပြန်၍ ထမ်းလိုက်၏။ တိုက်ပျက်ကြီးရှေ့မှ ထွက်ခွာသွားရာတွင် အလကားခွက်စုတ်ရှိရာသို့ ထပ်ကာတလဲလဲ လှည့်၍ ကြည့်သွား၏။

ရွှဲကုန်သည်၏ ထူးခြားလှသော အပြုအမူကို မြေးအဘွားတို့ အကဲမပတ်မိကြပေ။ ရွှဲကလေး တစ်လုံးတလေကိုမျှရအောင် မဖန်တီးနိုင်သော အဖြစ်ကို တွေးတောရင်း ဝမ်းနည်းပက်လက် ဖြစ်နေကြရ၏။

''ရွှဲကလေးတွေ လာပြီဗျို့၊ ခင်ကညာနှမတို့ ဆင်စရာလှလှပပလေးတွေ ပါတယ်နော်၊ ကြိုက်တာကိုရွေးပြီး ဈေးချိုချိုနဲ့ဝယ်လိုက်ကြ''

မြေးအဘွား နှစ်ယောက်တို့ ရှိုက်သံ မစဲသေးမီမှာ ရွှဲကုန်သည် တစ်ယောက် ရောက်လာပြန်၏။ သူ၏ပန်းပန်လေသံနှင့် ဝတ်စားဆင်ယင်ပုံများအရ သေမိုဝပိုင်းသားတစ်ယောက်ပင် ဖြစ်စရာရှိ၏။ သေရိဝတိုင်းသား ရွှဲကုန်သည်တို့သည် ဤသို့ပင် အဖော်နှင့်အသင်းနှင့်လှည့်လည်တတ်ကြ၏။ တစ်ပြိုင်တစ်ရွာသို့ ဝင်မိကြသောအခါ တွင်ကား သူ့လမ်းကိုယ့်လမ်းခွဲခြား၍ ယူတတ်ကြ၏။ ကိုယ်ယူထားသော လမ်းမှသာ မိမိ၏ကုန်ပစ္စည်းများကို လှည့်လည်၍ ရောင်းကြရ၏။ သို့ရာတွင် ယခင်က တစ်ယောက် လှည့်လည်ရောင်းချ၍ ပြီးထားသောလမ်းကိုကား အခြား တစ်ယောက် ဝင်လိုလျှင် ဝင်နိုင်ခွင့် ရှိနေပေသည်။

ဤသို့သော အခွင့်အရေးအရ နောက် ရွှဲကုန်သည်တစ်ယောက် သူတို့တိုက်ရှေ့သို့ ရောက်လာခဲ့ပြန်ခြင်းဖြစ်၏။

''အဘွားရယ် ရွှဲကလေးတစ်လုံးလောက်တော့ ရအောင် လုပ်ပေးပါဦးနော်။ ကျွန်မမှာ အလှအပဆိုတော့ ဒါလေးတစ်ခုထဲ ဆင်စရာရှိလို့ပါ''

လိုချင်စရာ အဆင်တန်ဆာ ကလေးများ မြင်ရသည်တွင် မြေးမကလေးက ပူဆာမိပြန်ရာ....

''ဩော်—တယ်လဲခက်ပါကလား မြေးကလေးရယ်၊ စောစောက ကုန်သည်တစ်ယောက်ကတောင် တို့ခွက်ကလေးကို မြေကြီးပေါ် ပစ်ချထားခဲ့ပြီမဟုတ်လား။ နောက်ထပ် တို့မှာ ဘာများလဲစရာ ရှိသေးလို့လဲကွယ်''

''အို—အဘွားကလဲ အခုလူက အရင်လူလို မဟုတ်တန်ပါဘူး၊ အရင်လူလို မျက်နှာထားလဲ မဆိုးပါဘူး၊ သူ့ကြည့်ရတာက ရည်ရည်မွန်မွန်ထဲကပါ။ သူ့အသံထွက်ပုံကိုက ညင်သာလှပါတယ်၊ ဒီတော့ ဒီခွက်ကလေးကို လက်ခံကောင်း လက်ခံပါလိမ့်မယ်''

''ကဲကွယ်၊ ဒီလိုဆိုရင်လဲ ငါ့မြေးကပဲ ခေါ်လိုက်ပါတော့''

ဤသို့ဖြင့် ရွှဲကုန်သည်သစ်က ယခင်လူ ချခဲ့သော နေရာ၌ ဝန်စည်စလယ်များ ချထားလိုက်သောအခါ အဘွားအိုက ယခင်ခွက်ဟောင်းကလေးကို မရဲတရဲပေးအပ်ကာ....

''အို – အမောင်၊ ငါတို့မြေးအဘွားမှာ ဒါကလေးပဲရှိပါတယ်ကွယ်။ အမောင်လက်ခံနိုင်လို့ရှိရင်တော့ အမောင့်နှမအတွက် ရွှဲကလေးတစ်ကုံးလောက်သာပေးပါတော့''

''ပြပါဦးအမေ၊ ကြည့်ကြရသေးတာပေါ့''

ရွှဲကုန်သည်သစ်က ချေချေငံငံပြောဆိုလက်ခံကာ သေသေချာချာ ကြည့်ရှုသုံးသပ်ပြီးလျှင်....

''အို -အမေ၊ သာမညခွက်မဟုတ်ပါကလား၊ အသပြာတစ်သိန်းထိုက်တဲ့ ရွှေခွက်ဖြစ်နေတယ်။ ကျွန်တော့်ဆီမှာလဲ အသပြာ တစ်သိန်းက ပါမလာလေတော့ အမေတို့ရွှေခွက်ကို လက်ခံရခက်နေပါတယ်''

''ဟယ် -- မယုံနိုင်လောက်အောင်ပါပဲလား အမောင်ရယ်''

အဘွားအိုမှာ အသံရော လူပါ ကတုန်ကယင် ဖြစ်သွားလောက်အောင် အံ့ဩ ဝမ်းသာ ဖြစ်လိုက်ရ၏။ သို့ရာတွင် စိတ်သဘောထားရင့်ကျက်ပြီးသူဖြစ်၍ ထိုလှုပ်ရှားမှုများကို ပြန်လည် ရုပ်သိမ်းကာ....

''စောစောတုန်းက ရွှဲကုန်သည် တစ်ယောက်ကတော့ ဒီခွက်ကို နှစ်ပြားတောင်မတန်ဘူးဆိုပြီးပစ်ချထားခဲ့တာပဲအမောင်ရယ်။ အမောင့်

လက်ထဲရောက်ခါမှ အသပြာတစ်သိန်းတန်တဲ့ရွှေခွက်ဖြစ်နေတယ်ဆိုတော့ ဒါ အမောင်ဘုန်းကံကြောင့် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အမောင့်ဘုန်းကံကြောင့် ဖြစ်လာတဲ့ရွှေခွက်ကို အမောင်ပဲ ယူလိုက်ပါတော့။ အမေတို့အတွက်ကတော့ အမောင်ပေးချင်သလောက်သာ ပေးခဲ့ပါတော့''

''ကောင်းပါပြီအမေ၊ ဒီလိုဆိုရင် ဟောဒီမှာ ရှိ ရောင်းထားတဲ့ အသပြာငါးရာရှိပါတယ်၊ ကျန်သေးတဲ့ရှိတွေကလဲ အသပြာငါးရာဖိုးရှိနေပါတယ်။ အဲဒီအထဲက ချိန်ခွင်နဲ့အသပြာရှစ်ကျပ်ပဲကျွန်တော့်ဖို့ထားပြီး ကျန်သမျှ အမေတို့ကိုပေးခဲ့ပါရစေ''

''အေးကွယ်၊ သာဓု သာဓု။ သူတော်ကောင်းကြီး ဘုန်းကြီးလို့ သက်ရှည်ပါစေ''

ဤသို့သောမေတ္တာစေတနာကိုခံယူလျက် ရှဲကုန်သည်သစ်ထွက်ခွာသွား၍ မကြာမီမှာပင် ရှဲကုန်သည်ဟောင်းလည်း ရောက်လာပြန်၏။ ဤသည်မှာ သူ၏ဉာဏ်စေစားမှုသာဖြစ်၏။ မိမိက နှစ်ပြားမျှမတန်သော ခွက်စုတ်ဖြစ်ကြောင်း ပြောထားခဲ့သဖြင့် သူတို့ မြေးအဘွား နှစ်ယောက်လုံး စိတ်ပျက်လက်ပျက်ဖြစ်နေကြပေလိမ့်မည်။ ဤတွင် မိမိက သူတို့ထံ တစ်ကျော့ပြန်ကာ အလကားမတတ်တင်းနှင့်ကောက်ယူခဲ့ရပေလိမ့်မည်။

ဤသို့သော ဉာဏ်နိဉာဏ်နက်ဖြင့် သွက်သွက်ကြီး လှမ်းလာခဲ့သော ခြေလှမ်းများသည် မြေးအဘွားတို့ထံမှအဖြစ်မှန်ကြားသိရသောအခါတွင်ကား မြန်နိုင်သမျှအမြန်ဆုံးသောစွမ်းအားဖြင့် ပြေးသွားပါတော့သည်။

သို့ရာတွင် သူ၏အဖော်ကား အသပြာရှစ်ကျပ်ပေးကာ နိလဝါဟမြစ်တစ်ဖက်ကမ်းသို့ ကူးတို့လှေဖြင့် ကူးမြောက်သွားပေပြီ။

နိလဝါဟမြစ်၏ ဤမှာဘက်ကမ်း၌ သွေးပွက်ပွက်အန်၍ သေဆုံးရသော ရှဲကုန်သည် တစ်ယောက်၏ သတင်းစကားကို ကြားနာရသောအခါ အရိဋ္ဌပုရမြို့တော်အတွင်းမှ မြေးအဘွားတို့မှာ ကြက်သီးဖြန်းဖြန်းထကြရပေတော့သည်။

(ဧကနိပါတ်၊ သေရိဝဝါဏိဇ ဇာတ်)

**သေရိဝဝါဏိဇ ဇာတ်၊ ဧကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| ရှဲကုန်သည်မိုက် | = | ဒေဝဒတ်။ |
| ရှဲကုန်သည်ပညာရှိ | = | မြတ်စွာဘုရား။ |

## ပညာရှိ ရာပြွတ်ကြီး

ထိုနေ့က ဗာရာဏသီနန်းတော်ကြီးအတွင်းရှိ ညီလာခံသို့ အသစ်ခန့်ထားသော ရာပြွတ်အမတ် တက်ရောက်လာ၏။

ညီလာခံသဘင်သို့ စုံလင်စွာရောက်နှင့်နေကြသော မှူးကြီးမတ်ရာ သေနာပတိ စသည်တို့မှာ ရာပြွတ်အမတ်သစ်၏ရုပ်လက္ခဏာကိုကြည့်ရှုကာ မသိမသာနှာခေါင်းရှုံ့မိကြ၏။ ယခင်ရာပြွတ်အမတ်၏ရုပ်လက္ခဏာကိုမိဖို့ နေနေသာသာ လူရာမသွင်းချင်လောက်အောင်ပင် သူ့ရုပ်ရည်က ညံ့ဖျင်းလှ၏။ ဤအနေတွင် သွားပုံလာပုံ ဝတ်စားဆင်ယင်ပုံများကပါ ပုံမကျပန်းမကျ တော်စွလျော်စွဖြစ်နေလေရာ ဟင်္သာငှက်တို့အလယ်သို့ တောကျီးကန်းကြီး ဝင်လိုက်သကဲ့သို့ ဖြစ်နေပေသည်။

သို့ရာတွင် ညီလာခံတက်ရောက်လာသူများမှာ သိသိသာသာကြီးကား မျက်နှာမပျက်ရဲကြပေ။ မှူးကြီးမတ်ကြီးအပေါင်းက ဤ ရာပြွတ်လက်သစ်ကို မလိုလားကြသော်လည်း ပြည့်ရှင်မင်းကြီး ကိုယ်တိုင်က လိုလား နေ၏။ နန်းရင်ပြင်မှာဖြတ်၍ ဥဒဟိုသွားလာနေကြသူများ အထဲမှ မင်းကြီးစိတ်တိုင်းကျ ခေါ်ယူတွေ့ဆုံကာ ဤရာထူးကို ပေးအပ်ထားခြင်း ဖြစ်ပေသည်။

စံပယ်ဦး ၈၁၈၀

ဤသို့ ရာပြတ်အမတ်သစ် ခန့်အပ်ရခြင်းမှာ ယခင် ရာပြတ်အမတ် ကွယ်လွန်သွား၍မဟုတ်ပါ၊ အလုပ်တာဝန်မကျေပွန်၍လည်း မဟုတ်ပါ။ တကယ်တော့ဖြင့် အလုပ်တာဝန်ကျေပွန်လွန်းနေ၍သာ သူ့ကို ဤရာထူးမှ ဖယ်ထုတ်ထားလိုက်ရခြင်းဖြစ်ပေသည်။

ထိုရာပြတ်အမတ်မှာ ရာပြတ်အမတ်တို့၏ အရည်အချင်းနှင့် ပြည့်စုံ၏။ တော်ပွန့်ဖြောင့်မတ်သောစိတ်ဓာတ်လည်းရှိ၏။ ထို့ကြောင့် မင်းကြီး ရှေ့မှောက်သို့ ဆိုက်ရောက်လာသော သက်ရှိသက်မဲ့ရတနာများကို တိကျ မှန်ကန်စွာ တန်ဖိုးဖြတ်ပေး၏။ တန်ဖိုးဖြတ်ထားသည့်အတိုင်း ပြည့်ပြည့် ဝဝ ရရှိစေရန်လည်း ဘဏ္ဍာတိုက်တော်မှ ထုတ်၍ပေးစေ၏။

ပေးအပ်သောတာဝန်ကို ဤသို့ ကျေပွန်စွာထမ်းဆောင်နေသော် လည်း ပြည့်ရှင်မင်းကြီးက မကြိုက်နိုင်ချေ။ တန်ရာ တန်ကြေးအတိုင်း ဘဏ္ဍာတိုက်တော်မှ အတိအကျကြီး ထုတ်၍ထုတ်၍ ပေးလာခဲ့ရာ မကြာမီ မှာပင် ပြောင်တလင်းခါ၍ သွားပေတော့မည်။ သို့ဖြစ်၍ သူနှင့်မတူသော လူတစ်ယောက်နှင့် အစားထိုးမှ ဖြစ်ပေတော့မည်။

ဤသို့သော ရည်ရွယ်ချက်ဖြင့် စိတ်တိုင်းကျ ရွေးချယ်၍ ခန့်အပ်ခဲ့ သော ရာပြတ်အမတ်သစ်ကို ပြည့်ရှင်မင်းကြီးက ရွှန်းရွှန်းစားစားကြီး ကြည့်နေ၏။ 'ဒီလိုယောကျ်ားမျိုးကသာ ငါ့ဘဏ္ဍာတော်တိုက်ကို မယိုမဖိတ် အောင် စောင့်ရှောက်နိုင်ပေလိမ့်မည်' ဟုလည်း ကောက်ချက် ချလိုက်၏။

ထိုညီလာခံသဘင် မပြီးဆုံးသေးမီမှာပင် ဥတ္တရပထတိုင်းမှ မြင်း ကုန်သည်တစ်ယောက် ရောက်လာခဲ့၏။ မင်းကြီး၏မြင်းတပ်ကို အင်အား ဖြည့်တင်းရန်မြင်းငါးရာပေးသွင်းရန်ရှိကြောင်း လျှောက်တင်၏။ဤတွင် ပြည့်ရှင်မင်းကြီးက ဤယနေ့မှစတင်၍ ခန့်အပ်ထားသော ရာပြတ်အမတ် အား မြင်းများကို သွား၍ကြည့်ရှုစေ၏။ မိမိအလိုကျ တန်ဖိုးဖြတ်၍ ပေး ရန်လည်း အရိပ်နိမိတ်ပြလိုက်၏။

ဗေဒင်းတော်ညွှတ် စိတ်တော်သိ အရည်အချင်း တစ်ခုတည်းနှင့် ရာထူးရလာခဲ့သော ရာပြတ်အမတ်သစ်သည် ပါလာသမျှ မြင်းငါးရာ တို့ကို ကြန်အင်လက္ခဏာဂုဏ်အင်္ဂါစသဖြင့်ကြည့်ရှုသုံးသပ်၍မနေတော့ဘဲ တစ်ထိုင်တည်းနှင့် တန်ဖိုးဖြတ်၍ ပေးလိုက်လေသည်။

''ဒီမြင်းငါးရာအတွက် ဘဏ္ဍာတိုက်ထဲမှ ဆန်တစ်ပြည် ထုတ်ပေးလိုက်ကြပါ''....တဲ့။

ကိုင်း ဘာများ တတ်နိုင်ကြပါသေး သနည်း။ ဘယ်ကမ္ဘာမှာမှ မကြားရနိုင်သော တန်ဖိုးဟူ၍ မည်သူက စောဒကတတ်နိုင်ဦးမည်နည်း။ ပြည့်ရှင်မင်းကိုယ်တိုင်က ခန့်အပ်ထားသော အမတ် ဖြစ် နေ၍မှ တော့ သူဖြတ်သည့်အတိုင်း လက်မခံလျှင် သုသာန်သွားရုံသာ ရှိပေတော့မည်။

အာဏာသံကို မဖီဆန်ခဲ့သည့်အတွက် မြင်းကုန်သည်မှာ သုသာန် သွားရန် မလိုပါ။ သို့ရာတွင် အမှုမှန်ဖြစ်လာရေးအတွက်ကား ရာပြတ် အမတ်ဟောင်းထံ သွား၍ တိုင်ကြားရပေသည်။ ဆောင်ရွက်ဖွယ်ကိစ္စ အဝဝကို နာခံမှတ်သား၍ ဆောင်ရွက်ရပေသည်။

ဤသို့ဖြင့် နောက်တစ်နေ့ ညီလာခံတွင် မြင်းကုန်သည်တက်ရောက်လာပြန်၏။ မြင်းငါးရာအတွက် ပညာရှိရာပြတ်ကြီး သတ်မှတ်၍ထုတ်ပေးခဲ့သောဆန်တစ်ပြည်ကိုလည်း ကမ္ဗလာနီဖြင့် လေးလေးစားစားထုပ်ပိုး၍ ယူဆောင်လာ၏။

ပြည့်ရှင်မင်းကြီးကိုယ်တိုင် ရာဇပလ္လင်သို့ တက်ရောက်လာ၍ညီလာခံဖွင့်လှစ်လိုက်သောအခါ မြင်းကုန်သည်က....

''အရှင်မင်းကြီး၊ မနေ့က ညီလာခံတုန်းက ပညာရှိရာပြတ်အမတ်ကြီးဟာ မြင်းငါးရာအတွက် ဆန်တစ်ပြည်နဲ့ တန်ဖိုးဆုံးဖြတ်လို့ ပေးခဲ့ပါတယ်။ ယနေ့ ညီလာခံမှာတော့ အရှင်မင်းကြီး ပေးသနားတော်မူခဲ့တဲ့ ဒီဆန်တစ်ပြည်ဟာ ဘယ်လောက်တန်ဖိုးထိုက်ကြောင်း သိလိုပါတယ်။ ဒါကြောင့် ပညာရှိရာပြတ်အမတ်ကြီးအား ဆုံးဖြတ်ပေးရန် မိန့်ကြားတော်မူပါဘုရား''

ဤသို့လျှောက်ထားသော စကားကို ကြားနာပြီးလျှင် ပြည့်ရှင်မင်းသည် ဤစကား အလားအလာကို မချင့်တွက်တော့ဘဲ ခပ်လွယ်လွယ်ပင် သူ၏ ရာပြတ်အမတ်သစ်အား အမိန့်ပေးလိုက်၏။ ဤတွင် ပညာရှိရာပြတ်အမတ်ကြီးက....

''မှန်လှပါ၊ ဒီဆန်တစ်ပြည်ဟာ သာမညပစ္စည်းမျိုး မဟုတ်ပါဘုရား၊ အလွန်တရာထူးမြတ်လှတဲ့ ဆန်ရတနာဖြစ်ပါတယ်။ ဒါကြောင့် မြို့တွင်းမြို့ပြင်ရှိ တိုက်တာအိမ်ခြေ အထွေထွေနဲ့ တကွဖြစ်တဲ့ ဗာရာဏသီမြို့တော်ကြီးတစ်ခုလုံးနဲ့ ထိုက်တန်နေပါတယ် ဘုရား''

ဤသို့ ရာပြတ်အမတ်သစ် ခန့်အပ်ရခြင်းမှာ ယခင် ရာပြတ်အမတ် ကွယ်လွန်သွား၍မဟုတ်ပါ၊ အလုပ်တာဝန်မကျေပွန်၍လည်း မဟုတ်ပါ။ တကယ်တော့ဖြင့် အလုပ်တာဝန်ကျေပွန်လွန်းနေ၍သာ သူ့ကို ဤရာထူးမှ ဖယ်ထုတ်ထားလိုက်ရခြင်းဖြစ်ပေသည်။

ထိုရာပြတ်အမတ်မှာ ရာပြတ်အမတ်တို့၏ အရည်အချင်းနှင့် ပြည့်စုံ၏။ တော်ပွန်ဖြောင့်မတ်သောစိတ်ဓာတ်လည်းရှိ၏။ ထို့ကြောင့် မင်းကြီး ရှေ့မှောက်သို့ ဆိုက်ရောက်လာသော သက်ရှိသက်မဲ့ရတနာများကို တိကျ မှန်ကန်စွာ တန်ဖိုးဖြတ်ပေး၏။ တန်ဖိုးဖြတ်ထားသည့်အတိုင်း ပြည့်ပြည့် ဝဝ ရရှိစေရန်လည်း ဘဏ္ဍာတိုက်တော်မှ ထုတ်၍ပေးစေ၏။

ပေးအပ်သောတာဝန်ကို ဤသို့ ကျေပွန်စွာထမ်းဆောင်နေသော်လည်း ပြည့်ရှင်မင်းကြီးက မကြိုက်နိုင်ချေ။ တန်ရာ တန်ကြေးအတိုင်း ဘဏ္ဍာတိုက်တော်မှ အတိအကျကြီး ထုတ်၍ထုတ်၍ ပေးလာခဲ့ရာ မကြာမီ မှာပင် ပြောင်တလင်းခါ၍ သွားပေတော့မည်။ သို့ဖြစ်၍ သူနှင့်မတူသော လူတစ်ယောက်နှင့် အစားထိုးမှ ဖြစ်ပေတော့မည်။

ဤသို့သော ရည်ရွယ်ချက်ဖြင့် စိတ်တိုင်းကျ ရွေးချယ်၍ ခန့်အပ်ခဲ့ သော ရာပြတ်အမတ်သစ်ကို ပြည့်ရှင်မင်းကြီးက ရွှန်းရွှန်းစားစားကြီး ကြည့်နေ၏။ 'ဒီလိုယောကျ်ားမျိုးကသာ ငါ့ဘဏ္ဍာတော်တိုက်ကို မယို မဖိတ်အောင် စောင့်ရှောက်နိုင်ပေလိမ့်မည်' ဟုလည်း ကောက်ချက် ချလိုက်၏။

ထိုညီလာခံသဘင် မပြီးဆုံးသေးမီမှာပင် ဥတ္တရပထတိုင်းမှ မြင်း ကုန်သည်တစ်ယောက် ရောက်လာခဲ့၏။ မင်းကြီး၏မြင်းတပ်ကို အင်အား ဖြည့်တင်းရန်မြင်းငါးရာပေးသွင်းရန်ရှိကြောင်း လျှောက်တင်၏။ဤတွင် ပြည့်ရှင်မင်းကြီးက ဤယနေ့မှစတင်၍ ခန့်အပ်ထားသော ရာပြတ်အမတ် အား မြင်းများကို သွား၍ကြည့်ရှုစေ၏။ မိမိအလိုကျ တန်ဖိုးဖြတ်၍ ပေး ရန်လည်း အရိပ်နိမိတ်ပြလိုက်၏။

ပေါင်းတော်ညွှတ် စိတ်တော်သိ အရည်အချင်း တစ်ခုတည်းနှင့် ရာထူးရလာခဲ့သော ရာပြတ်အမတ်သစ်သည် ပါလာသမျှ မြင်းငါးရာ တို့ကို ကြန်အင်လက္ခဏာဂုဏ်အင်္ဂါစသဖြင့်ကြည့်ရှုသုံးသပ်၍မနေတော့ဘဲ တစ်ထိုင်တည်းနှင့် တန်ဖိုးဖြတ်၍ ပေးလိုက်လေသည်။

''ဒီမြင်းငါးရာအတွက် ဘဏ္ဍာတိုက်ထဲမှ ဆန်တစ်ပြည် ထုတ်ပေးလိုက်ကြပါ''....တဲ့။

ကိုင်း ဘာများ တတ်နိုင်ကြပါသေး သနည်း။ ဘယ်ကမ္ဘာမှာမှ မကြားရနိုင်သော တန်ဖိုးဟူ၍ မည်သူက စောဒကတတ်နိုင်ဦးမည်နည်း။ ပြည့်ရှင်မင်းကိုယ်တိုင်က ခန့်အပ်ထားသော အမတ် ဖြစ် နေ ရ မှ တော့ သူဖြတ်သည့်အတိုင်း လက်မခံလျှင် သုသာန်သွားရုံသာ ရှိပေတော့မည်။

အာဃာတသံကို မဖီဆန်ခဲ့သည့်အတွက် မြင်းကုန်သည်မှာ သုသာန်သွားရန် မလိုပါ။ သို့ရာတွင် အမှုမှန်ဖြစ်လာရေးအတွက်ကား ရာပြတ်အမတ်ဟောင်းထံ သွား၍ တိုင်ကြားရပေသည်။ ဆောင်ရွက်ဖွယ်ကိစ္စအဝဝကို နာခံမှတ်သား၍ ဆောင်ရွက်ရပေသည်။

ဤသို့ဖြင့် နောက်တစ်နေ့ ညီလာခံတွင် မြင်းကုန်သည်တက်ရောက်လာပြန်၏။ မြင်းငါးရာအတွက် ပညာရှိရာပြတ်ကြီး သတ်မှတ်၍ထုတ်ပေးခဲ့သောဆန်တစ်ပြည်ကိုလည်း ကမ္ဗလာနီဖြင့် လေးလေးစားစားထုပ်ပိုး၍ ယူဆောင်လာ၏။

ပြည့်ရှင်မင်းကြီးကိုယ်တိုင် ရာဇပလ္လင်သို့ တက်ရောက်လာ၍ညီလာခံဖွင့်လှစ်လိုက်သောအခါ မြင်းကုန်သည်က....

''အရှင်မင်းကြီး၊ မနေ့က ညီလာခံတုန်းက ပညာရှိရာပြတ်အမတ်ကြီးဟာ မြင်းငါးရာအတွက် ဆန်တစ်ပြည်နဲ့ တန်ဖိုးဆုံးဖြတ်လို့ ပေးခဲ့ပါတယ်။ ယနေ့ ညီလာခံမှာတော့ အရှင်မင်းကြီး ပေးသနားတော်မူခဲ့တဲ့ ဒီဆန်တစ်ပြည်ဟာ ဘယ်လောက်တန်ဖိုးထိုက်ကြောင်း သိလိုပါတယ်။ ဒါကြောင့် ပညာရှိရာပြတ်အမတ်ကြီးအား ဆုံးဖြတ်ပေးရန် မိန့်ကြားတော်မူပါဘုရား''

ဤသို့လျှောက်ထားသော စကားကို ကြားနာပြီးလျှင် ပြည့်ရှင်မင်းသည် ဤစကား အလားအလာကို မချင့်တွက်တော့ဘဲ ခပ်လွယ်လွယ်ပင် သူ၏ ရာပြတ်အမတ်သစ်အား အမိန့်ပေးလိုက်၏။ ဤတွင် ပညာရှိရာပြတ်အမတ်ကြီးက....

''မှန်လှပါ၊ ဒီဆန်တစ်ပြည်ဟာ သာမညပစ္စည်းမျိုး မဟုတ်ပါဘုရား၊ အလွန်တရာထူးမြတ်လှတဲ့ ဆန်ရတနာဖြစ်ပါတယ်။ ဒါကြောင့် မြို့တွင်းမြို့ပြင်ရှိ တိုက်တာအိမ်ခြေ အထွေထွေနဲ့ တကွဖြစ်တဲ့ ဗာရာဏသီမြို့တော်ကြီးတစ်ခုလုံးနဲ့ ထိုက်တန်နေပါတယ် ဘုရား''

ဆုံးဖြတ်ချက် ပြီးဆုံးသွားသည်နှင့်တစ်ပြိုင်နက် ညီလာခံကြီးတစ်ခုလုံး အုတ်အုတ်ကျက်ကျက် ရယ်မောကြကုန်၏။

မြင်းကုန်သည် ထံမှ တံစိုး စား၍ ဤသို့ ဟားကွက် ဖြစ်ခဲ့ရပုံအကြောင်းစုံကိုသိလိုက်ရသောအခါ ပြည့်ရှင်မင်းကြီးသည် သူ့စိတ်ကြိုက်ခန့်ထားခဲ့သော ရာပြတ်အမတ်သစ်ကို နှင်ထုတ်ကာ ယခင်အမတ်ဟောင်းကိုသာ ပြန်၍ ခန့်အပ်ရပေတော့သည်။

(ကေနိပါတ် တဏ္ဍုလနာဠိဇာတ်)

တဏ္ဍုလနာဠိဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

ရာပြတ်မိုက် = လာလုဒါယီရဟန်း။
ရာပြတ်ပညာရှိ = မြတ်စွာဘုရား။

## ရွှေဟင်္သာ အလှဒေကာင်းသော်လည်း

ဗာရာဏသီ မြို့တော်ကြီးအတွင်း၌ တစ်မျိုးနှင့်တစ်မျိုး ဆန့်ကျင်ဘက်ဖြစ်နေသော မြင်ကွင်းတင်ဒွ ရှိနေ၏။ ဆန့်ကျင်ဘက် ဖြစ်နေသော အရာဝတ္ထုတစ်မျိုးမှာ အိမ်အိုကြီးဖြစ်၍ နောက်တစ်မျိုးကား ထိုအိမ်အိုကြီးမှ သမီးပျိုသုံးယောက်တို့ ဖြစ်ကြပေသည်။

နန္ဒာ၊ နန္ဒာဝတီနှင့် သုန္ဒရီ နန္ဒာမည်သော ညီအစ်မသုံးဖော်တို့မှာ ပုဏ္ဏားတစ်ယောက်၏ သမီးပျိုများ ဖြစ်ကြ၏။ သူတို့ လူလားမမြောက်တမြောက်အချိန်မှာပင် ဖခင်ပုဏ္ဏားကွယ်လွန်သွားလေရာ မိခင်ပုဏ္ဏေးမ၏ အရိပ်တစ်ခုတည်းကိုသာ ခိုလှုံ၍နေခဲ့ကြရ၏။ ဖတဆိုးကလေးများဖြစ်ကြရသည့်အတိုင်း သူတို့ခမျာ ချို့ချို့ငဲ့ငဲ့ နေထိုင်ကြရ၏။ အဝတ်အထည်အသစ်ဟူ၍ မဝယ်နိုင်သလောက်ဖြစ်၍ ဖခင်ကြီးဝယ်ပေးခဲ့သော အဝတ်ဟောင်းကိုပင် ဖြစ်သလို ချုပ်စပ်ဖာထေး၍ ဝတ်ကြရ၏။ ညီအစ်မ သုံးယောက်စလုံး ရရာအလုပ်များ ထွက်၍ လုပ်ကိုင်ကြသဖြင့် ထမင်းကိုကား နပ်မှန်ရုံမျှ စားသောက်ကြရပေသည်။

ပင်ပင်ပန်းပန်း လုပ်ကိုင်၍ ညှိုးညှိုးနွမ်းနွမ်း ဝတ်ဆင်ကြရသော်ငြားလည်း သူတို့လေးတွေမှာ ငယ်သွေး ငယ်သား ပိပိ အသားအရေ

စိုပြည်၍နေကြ၏။ ညှိုးနွမ်းနေသော အဝတ်အစားတို့သည် သူတို့လေးတွေ၏ အလှကျက်သရေကို ဖုံးလွှမ်း၍ မထားနိုင်ကြပေ။

မိန်းကလေးများက တစ်နေ့တခြား အလှတိုးလာသည်နှင့် အမျှ သူတို့၏ အိမ်ကြီးကား အိုသည်ထက်အိုလာ၏။ ဖခင်ပုဏ္ဏားရှိစဉ်က အမျိုးကောင်းသစ်တို့ဖြင့် ခိုင်ခံ့စွာ ဆောက်ထားခဲ့သဖြင့် မိုးလုံလေလုံကား ရှိပါသေး၏။ သို့ရာတွင် ရေနံသုတ်ခြင်း၊ မွမ်းမံခြင်းများ မပြုနိုင်သဖြင့် သွေးဆုတ်နေသော လူမမာကြီးနှင့် တူလှပေသည်။

ထိုအိမ်အိုကြီး၏ ခေါင်အုပိဝါးစွန်း၌ တစ်နေ့သောအခါ ရွှေဟင်္သာ ငှက်တစ်ကောင်လာ၍နား၏။ မလာစဖူး အလာထူးလှသော ရွှေဟင်္သာကို မိခင်ပုဏ္ဏေးမကြီးနှင့်တကွ သူ၏ သမီးများက အံ့သြဝမ်းသာ ကြည့်ရှုကာ....

''အို–အို–ရွှေဟင်္သာလေးရယ်၊ မင်းဘယ်ကများ ပျံလာခဲ့ပါ သလဲကွယ်'' ဟု ချစ်ခင်လေးမြတ်စွာ နှုတ်ခွန်းဆက်ကြ၏။

ရွှေဟင်္သာကလည်း သူတို့၏ နှုတ်ခွန်းဆက် စကားကို ကြားနာ ပြီးလျှင်....

''အို–သမီးတို့၊ ငါက အခြားသူမဟုတ်ပါ၊ သင်တို့ရဲ့ ဖခင် ပုဏ္ဏားဘဝက ကွယ်လွန်ခဲ့တဲ့အခါ ရွှေဟင်္သာငှက် ဖြစ်လာရတယ်၊ ငါ့ရဲ့ အတိတ်ဘဝကို ပြန်လည်အောက်မေ့နိုင်တဲ့ ဇာတိဿရဉာဏ်ကို အလိုလို ရတဲ့အတွက် သင့်တို့ရှိရာကို ပျံလာခဲ့ရတာပေါ့ကွယ်''

''ဩော်–အံ့သြစရာကြီးပါလားနော်''

မိသားစု တစ်ခုလုံးမှာ ဝမ်းသာခြင်းတစ်ဝက်၊ ဝမ်းနည်းခြင်း တစ်ဝက်ဖြင့် မျက်ရည်ဖွိုင်ဖွိုင် ကျကြရ၏။ မိမိတို့ထံဆင်းလာပါရန် လက်လှမ်း၍ ကြိုဆိုကြ၏။ ရွှေဟင်္သာသည် အထွေးဆုံးသမီးဖြစ်သော သုန္ဒရီ နန္ဒာ၏ လက်ပေါ်သို့ လာ၍ နားပြီးလျှင်....

''သမီးတို့၊ ပုဏ္ဏေးမတို့၊ ဒီကရှေ့မှာတော့ မင်းတို့ ပင်ပန်းကြီးစွာ လုပ်ကိုင်စရာမလိုတော့ဘူး၊ ငါ့အတောင်တွေကို ရောင်းချပြီး ချမ်းသာ စွာ နေထိုင်ကြပေတော့''

ဤသို့ပြောဆိုလျက် တစ်ယောက်လျှင်တစ်တောင်ကျ ကိုယ်ပေါ်မှ နှုတ်၍ ပေးပြီးလျှင် မိမိနေရာသို့ ပြန်လာ၏။ ထိုငှက်တောင်များမှာ သာမည ငှက်တောင်မဟုတ်ဘဲ အထုအရိုက်ခံနိုင်သော ရွှေသားပကတိ

ဖြစ်နေရာ ဆင်းရဲသားမိသားစုမှာ နေ့ချင်းညချင်း ကြွယ်ဝချမ်းသာ၍ လာကြပေသည်။

ရွှေဟင်္သာသည် သူတို့မိသားစုရှိရာသို့ မကြာမကြာ လာရောက်၍ ရွှေငှက်တောင်များ ချွတ်ပေး၏။ ပုဏ္ဏေးမကြီးတို့ မိသားစုမှာလည်း ကြွယ်ဝသည်ထက် ကြွယ်ဝလာကြ၏။ ပို၍ပို၍ ကြွယ်ဝလာသည်နှင့်အမျှ ပုဏ္ဏေးမကြီး၏ အလိုလောဘကလည်း ပို၍ပို၍ ကြီးမားလာ၏။

သို့ဖြစ်၍ တစ်ခုသော ညချမ်းအခါတွင် ဤသို့ တိုင်ပင်၏။

''ချစ်သမီးတို့၊ သမီးတို့ရဲ့ ရွှေဟင်္သာဟာ ဖခင်စိတ်နဲ့လာပြီး မ,စ နေပေမယ့် တကယ်တော့ဖြင့် သူဟာ တိရစ္ဆာန် တစ်ကောင်သာ ဖြစ်နေတယ်။ တိရစ္ဆာန်တို့ရဲ့စိတ်သဘောဆိုတာကလဲ ရေရေရာရာရှိနိုင်ကြတာမျိုး မဟုတ်ဘူး၊ သူ့စိတ်ဖောက်ပြန်သွားလို့ မလာဘဲနေတော့ကော ငါတို့ ဘာလုပ်ကြရပါ့မလဲ။ ဒါကြောင့် ဒီတစ်ခါ ရွှေဟင်္သာ ရောက်လာလို့ရှိရင် သူ့အတောင်တွေ အကုန်လုံး နှုတ်ယူထားလိုက်ကြစို့''

''အို–အမေရယ်၊ ဒီလိုတော့ မလုပ်သင့်ပါဘူး၊ အတောင်တွေကို အတင်းဆွဲနှုတ်ရင် ဖခင်ခမျာ သိပ်ပြီး နာသွားတော့မှာပေါ့''

လောဘဇောတိုက်၍ အမိုက်ဇာတ်ခင်းလိုသော မိခင်ကြီးအား သမီးသုံးယောက်တို့က ဝိုင်း၍ ကန့်ကွက်ကြသော်လည်း....

''အောင်မယ်၊ ညည်းတို့က မအေ့ထက်တစ်လကြီးချင်တဲ့ သမီး လိမ္မာတွေပေါ့လေ။ ဟဲ့ ဒီမှာ ညည်းတို့ မြဲမြဲမှတ်ထားစမ်း၊ ညည်းတို့ကို ငါမွေးပြီး ကျွေးထားခဲ့လို့ ဒီအသက်အရွယ်ထိ ရောက်လာကြရတာပါ။ ဒါနဲ့များ ညည်းတို့က ဘာဘာညာညာတွေ လာရှုပ်မနေကြနဲ့၊ ငါလုပ်တာ မမြင်ချင်ရင်တော့ တော်ရာထွက်သွားကြပေတော့''

သမီးတို့၏ ကန့်ကွက်စကားကို ပြတ်ပြတ်သားသားကြီး ပယ်ချလိုက်၏။

လူ့သံယောဇဉ်နှင့် ငှက်ကိုယ်ခန္ဓာတို့ ပေါင်းစပ်ထားသော ရွှေဟင်္သာကား လူသားတစ်ယောက်၏ စိတ်သဘောထား ဖောက်ပြန်နေသည်ကိုမသိရှာချေ။ သို့ဖြစ်၍ခါတိုင်းလာနေကျ ရက်မှာပင် မပျက်မကွက် ရောက်လာ၏။ ဤတွင် လောဘဇောတိုက်နေသော ပုဏ္ဏေးမက....

''အို– သခင်ရွှေဟင်္သာ၊ ဒီတစ်ခါတော့ ကျွန်မလက်ပေါ်ကစပြီး နားလိုက်စမ်းပါ'' ဟု အသံသာသာ ပျူငှာစွာ ဖိတ်ခေါ် လိုက်၏။

မေတ္တာ၃ရှင် ရွှေဟသ်ာကလည်း ဝါတိုင်းလိုပင် ခေါင်အုပ် ဝါးလုံးစွန်းမှ ဆင်းသက်ကာ ဇနီးဟောင်းလက်ပေါ်မှာ လာနားလိုက်၏။

မိမိလက်ထဲသို့ရွှေဟသ်ာရောက်လာသည်နှင့်တစ်ပြိုင်နက် ပုဏ္ဏေးမသည် မိမိရှေ့ကြိုးဆုပ်ကိုင်ထားကာ အတောင်များကို ဖြုတ်ခနဲ ဖြုက်ခနဲ ဆွဲနှုတ်တော့၏။ အလွန်တရာနာကျင်လှသဖြင့်ရွှေဟသ်ာမြည်တမ်းနေသည်ကိုပင် စာနာထောက်ထားခြင်းမပြုဘဲ နှုတ်မြဲနှုတ်၍နေ၏။

လောဘရမ္မက်ကြောင့် စိတ်နှလုံးခက်ထန်နေသော ပုဏ္ဏေးမကြီးသည် အတောင်အားလုံးနှုတ်ပြီးခါမှ အဖြစ်မှန်ကိုသိရတော့၏။ ဟိုယခင်တုန်းက ရွှေဟသ်ာကိုယ်တိုင်စိတ်၏ဆန္ဒအရရွှေဟသ်ာကိုယ်တိုင် နှုတ်ပေးခဲ့သဖြင့်အရည်အသွေးကောင်းလှသောရွှေစင်ရွှေသားငှက်တောင်ဖြစ်ခဲ့၏။ ယခုမှာမူ ရွှေဟသ်ာ၏စိတ်ဆန္ဒမပါရှိဘဲ အခြားသူက ဆွဲနှုတ်လိုက်သဖြင့် သာမညငှက်တောင်များသာ ဖြစ်နေတော့၏။ ဤတွင်မှ ပုဏ္ဏေးမသည် ထိတ်လန့်တကြားဖြစ်ကာ ရွှေဟသ်ာကို အိုးကြီး တစ်လုံးထဲသို့ ထည့်ထားလိုက်လေတော့သည်။

မိခင်ကြီးကို မတားရဲသဖြင့် မျက်နှာလွှဲနေကြရသော သမီး သုံးယောက်တို့သည် ရွှေဟသ်ာရှိရာသို့မျက်ရည်စက်လက်ဖြင့်ဝိုင်းအုံလာကြ၏။ အိုးကြီးထဲမှာ နူးညံ့သော အဝတ်အစားများခင်းပေးပြီးလျှင် အာဟာရဖြစ်စေနိုင်သော အစားအစာများ ကျွေးမွေး၍ပြုစုကြ၏။

ဤသို့ဖြင့် အချိန်တန်သောအခါ ရွှေဟသ်ာမှာအတောင်များ ပြန်ပေါက်လာကြ၏။ သို့ရာတွင် ယခင်ကလို ရွှေငှက်တောင်များ မဟုတ်ကြတော့ဘဲ အပျားတကာ ရွှေဟသ်ာငှက်များအတိုင်း ဖြစ်လာပေသည်။

အမွေးအတောင်များစုံလင်သောအခါ ရွှေဟသ်ာသည် သမီးသုံးယောက်တို့အား နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့်နှုတ်ဆက်ကာ မိမိနေရာသို့ ပြန်လာခဲ့လေသည်။

(ကေနိပါတ်၊ သုဝဏ္ဏဟသဇာတ်)

သုဝဏ္ဏဟံသဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မိခင်ပုဏ္ဏေးမ | = | ထုလ္လနန္ဒာဘိက္ခုနီ။ |
| သမီးသုံးယောက် | = | ညီမသုံးယောက်။ |
| ရွှေဟသ်ာမင်း | = | မြတ်စွာဘုရား။ |

## သည်ကအဆုံး ဟိုကအရှုံး

ကာသိတိုင်းအတွင်းရှိဤရွာကလေးသို့ အကြောင်းအားလျော်စွာ ရောက်လာမိ သူတိုင်း နှလုံး စိတ်ဝမ်း ရွှင်လန်းကြရ၏။ လမ်းမှာ တုန်းက ပင်ပန်း ခဲ့လေသမျှ သည်ရွာသူ ရွာသားတို့နှင့် တွေ့ဆုံ လိုက်ရသည်နှင့် တစ်ပြိုင်နက် ပြေပျောက်၍သွားကြရ၏။

အမှန်ကတော့ ဤရွာကလေးမှာ အခြားသောရွာကလေးများနှင့် ဘာမျှမခြားလှပါ။ ရွာသူရွာသားတို့မှာ မိဘရိုးရာ တောင်သူအလုပ်ကို လုပ်ကိုင်စားသောက်ကြရ၏။ လယ်လုပ်ငန်းများအားလပ်မိုန်မှာပတ်ဝန်းကျင် အင်းအိုင်များ၌ငါးဖမ်းကြရ၏။ သို့သော်စီးပွားဖြစ်လောက်အောင်ကား မဟုတ်ပေ။ မိမိတို့မိသားစု တစ်အိုးစာဟင်းစားရရုံလောက်သာဖြစ်၏။ ကံအောင်းထောက်မ၍ ငါးကြီးကြီးရလျှင်ဖြစ်စေ၊ ငါးများများ ရလျှင်ဖြစ်စေ အိမ်နီးချင်းများအား ခွဲဝေပေးစမြဲဖြစ်ပေသည်။

ဤနေရာ ဤဌာနတွင် ရွာတည်မိသည့် အချိန်မှစ၍ အတူတကွ နေထိုင်လာခဲ့ကြသဖြင့် ရွာသူ ရွာသားများမှာ အပြန်ပြန် အလှန်လှန် ဆွေမျိုးတော်နေကြသူများသာဖြစ်ကြ၏။ သွေးသားအားဖြင့် ဆက်စပ်ရုံ

မကစိတ်ဓာတ်အရလည်း ရင်းနှီးကြသည်သာဖြစ်၏။ ရွာတစ်ရွာဟု ဆိုရသော်လည်း မိသားစုကြီးတစ်ခုကဲ့သို့သာဖြစ်နေကြ၏။ တစ်အိမ်အိမ်မှာ ချို့တဲ့ချက်တစ်စုံခုရှိလာလျှင် တစ်ရွာလုံးက ဝိုင်း၍ထောက်ပံ့ကူညီကြ၏။ သာရေး နာရေးကိစ္စများကိုလည်း တစည်းတလုံးတည်း ဆောင်ရွက်ပေးကြ၏။ မတော်တဆ ရွာသူရွာသားအချင်းချင်း အမှုအခင်းများ ဖြစ်လာကြလျှင်လည်း ရွာသူကြီး၏ အဆုံးအဖြတ်ဖြင့်ပင် ပြီးပြတ်သွားစမြဲဖြစ်၏။ ထို့ကြောင့်လည်း ဤရွာကလေးသို့ တစ်ခါတစ်ခေါက်လာရောက်မိလျှင် နောက်တစ်ခါ လာချင်ကြရခြင်းဖြစ်ပေသည်။

ဤကဲ့သို့ အစဉ်အလာကောင်းခဲ့သောရွာကလေးတွင် တစ်နေ့မှာတော့ ခိုက်ရန် ဖြစ်ပွားမှုတစ်ခု ပေါ်ပေါက်လာ၏။ ရန်ဖြစ်ပြီဆိုမှတော့ တစ်ဖက်တည်းနှင့် ဖြစ်၍မရနိုင်။ ရန်ဘက်ရှိမှသာလျှင် ဖြစ်နိုင်၏။သို့ဖြစ်၍ ထိုရန်ဘက်နှစ်ယောက်လုံးပင် သူကြီးအိမ်သို့ ဆင့်ခေါ်ခြင်းခံရလေသည်။

အမှုသွား အမှုလာကို စစ်ဆေးလိုက်သော အခါ နှုတ် စွာစွာ မိန်းမက....

''သူကြီးမင်းရယ်၊ သူ ကျုပ်ကို သက်သက်မဲ့စော်ကားတာပါ။ ကျုပ်ဘာသာခါတိုင်းလိုအိမ်နီးချင်းအိမ်အလည်လာတာကိုသူကလက်သွိုးကြီး ငေါက်တောက်ထိုးပြီးတော့ 'ဟဲ့ကောင်မ၊ နင်ရှူးများ နေသလား' လို့ ရန်စကားပြောခဲ့ပါတယ်''

တရားလိုမိန်းမ၏ ထွက်ဆိုချက်ကို မှတ်သားပြီးနောက် သူကြီးက တရားပြိုင်မိန်းမကို စစ်ဆေးပြန်ရာ....

''သူ့ကို တမင်သက်သက် စော်ကားချင်လို့ မဟုတ်ရပါဘူးတော်၊ သူလုပ်လာတာကိုက အမြင်မတော်လွန်းလို့ပါ။ ကြည့်ပါဦး သူကြီးမင်းရယ်၊ သူ့အမေက နားနှစ်ဘက်နဲ့ အပြည့်အစုံမွေးထားပါလျက်နဲ့ ခုတော့ နားပေါက်တစ်ဖက်ထဲမှာသာ ထန်းရွက်လိပ်ကို နားတောင်းလုပ်ပြီး ပန်လာတယ်။မျက်လုံးတစ်ဖက်မှာလဲ ထမင်းအိုးဖင်က အိုးမည်းတွေပေကျံနေပါတယ်။ နောက်ပြီးတော့ သူ့အိမ်က ခွေးကလေးကိုပဲ နို့တိုက်တော့ မတတ် ရင်ခွင်ထဲ ပွေ့ချီလာပါတယ်။ ဒီလိုလုပ်တာဟာ သွေးရိုး သားရိုးတော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ပါဘူး။ နေရင်းထိုင်ရင်းက ရူးသွားတာလဲ ဖြစ်နိုင်ပါတယ်။ဒါမှမဟုတ်ရင်လဲ ရန်မဖြစ်ဖြစ်ရအောင် တမင်သက်သက် အကွက်ဆင်တာမျိုးလဲ ဖြစ်နိုင်ပါတယ်''

ဖြစ်နိုင်ရုံမျှမဟုတ်။ ဤအတိုင်းပင် ကေန် ဖြစ်နေ၏။ သူ၏ ယောကျ်ားသည် သားကလေးနှင့်အတူတောသို့ထွက်ကာ ရေအိုင်တစ်ခု၌ ငါးများနေ၏။ ငါးများချိတ်ကို ရေထဲသို့ချလိုက်ပြီးနောက် တစ်ခုခုနှင့် ချိတ်မိနေကြောင်း လက်အတွေ့ဖြင့် သိရှိသဖြင့် ငါးမျှားတံကို သုတ်လိုက်ရာ ငါးမျှားကြိုးသာ တင်းခနဲဖြစ်သွား၏။ ရေထဲက အရာဝတ္ထုကား ပေါ်၍မလာသေးချေ။

ဤတွင် ထိုယောကျ်ားသည် ငါးမျှားကြိုးကိုတင်းတင်းပါအောင် ကိုင်ထားကာ....

''ဒါလောက်တောင် ငါးမျှားကြိုးတင်းနေတာထောက်ရင် ရောမ ငါးအကြီးကြီးကို မိထားလို့သာ ဖြစ်လိမ့်မယ်။ ဒီ့ထက်ပိုပြီး ဆွဲလိုက်ရင်တော့ ငါးမျှားကြိုးပြတ်ထွက်သွားဖို့သာ ရှိတော့တယ်။ ဘင်း--ဒီကနေ့ အဖို့တော့ ငါဖိုးကံကောင်းကြီး ဖြစ်နေပါပေါ့ကလား''

ဤသို့သောအတွေးဖြင့် ပျော်တပြုံးပြုံးဖြစ်နေရာက တစ်စုံတစ်ခုကို တွေးမိကာ စိတ်မသက်မသာ ဖြစ်သွားရ၏။

ဘိုးစဉ်ဘောင်ဆက် လက်ခံကျင့်သုံးလာခဲ့ကြသော အစဉ်အလာ အရ တစ်ယောက်ယောက်မှာ ငါးအကြီးကြီးရလာလျှင် သို့မဟုတ် မျှား များကြီးရလာလျှင် အိမ်နီးချင်းများနှင့် တပျော်တပါးကြီး ဝေငှ၍စားကြရ၏။ ယခုမိမိမှာ အလွန်တရာ ကံကောင်းလှ၍ ရောမငါးကြီးကို ချိတ်မိထားပြီ။ ထုံးတမ်းစဉ်လာအရသာဆိုပါက မိမိက အပင်ပန်းခံ၊ နေပူခံ၍ မျှားယူထား...သောငါးကြီးကို နေရိပ်ထဲမှာသက်သာခိုနေကြသော လူပျင်းများအတွက်ပါ ခုတ်ထစ်ဝေခြမ်း၍ ပေးရတော့မည်။ ဤသို့ မပေးရအောင် ဘယ်လိုများ လုပ်ရပါ့မလဲ''

မျက်မှောင်ကြုတ်ကာ တစ်ခဏတာမျှ စဉ်းစားလိုက်ရုံနှင့် အင်မတန် ဘင့်မြတ်လှသော အကြံတစ်ခု ထွက်ပေါ်လာ၏။ မိမိတို့ရရှိထားသည့် ငါးကြီးကို မဝေခြမ်းဘဲ တဝတပြဲစားနိုင်ရေးအတွက်ကား အိမ်နီးချင်းများနှင့် ရန်ဖြစ်ထားမှ ဖြစ်ချိမ့်မည်။ အိမ်ကမိန်းမကလည်း သည်လိုနေရာမျိုးမှာတော့ အင်မတန်မှ အစွမ်းထက်လှသည် မဟုတ်ပါလား။

သို့ဖြစ်၍ ဤစီမံကိန်းကြီးကို အချိန်ကိုက် အခါကိုက် အကောင် အထည်ဖော်နိုင်ရေးအတွက် အတူပါလာသော သားကလေးအား နားလည်အောင် ပြောပြကာ သူ့အမေထံ စေလွှတ်ခဲ့ရပေသည်။

ယခုတော့ စိမ်ကိန်းကြီးက အကောင်အထည် ပေါ်လွန်းသွားသဖြင့် တရားလိုအဖြစ်မှ တရားပြိုင်ဖြစ်သွားရချေပြီ။ အမှုဖြစ်ပွားပုံကို သေသေချာချာ လေ့လာကြည့်လိုက်သောအခါ ထိုစွာကျယ်မကိုယ်တိုင်က ရန်မရှိ ရန်ရှာကြောင်း ထင်ရှားနေပြီမို့ သူကြီးက ငွေရှစ်ကျပ်တိတိ ဒဏ်ရိုက်လိုက်ရလေတော့သည်။

ထိုစဉ်ခိုက်မှာပင် သူ၏ယောကျ်ား ဖိုးကံကောင်းကလည်း လုံချည်အင်္ကျီများကို ရေအိုင်ကမ်းစပ်မှာ ချွတ်ထားပြီးလျှင် ငါးများကြွေးကို တင်းတင်းပါအောင်ဆွဲရင်းက ရေထဲသို့ဆင်း၍ ငုပ်၏။ ငါးကြီးကို ဖမ်းလိုဇောဖြင့်အလောတကြီးငုပ်လိုက်လေရာ ရေထဲမှာမြုပ်နေသောသစ်ငုတ်စွန်းနှင့် ထိုးမိသဖြင့် မျက်လုံးတစ်ဖက် ပျက်ရလေတော့သည်။

အမှန်အားဖြင့် သူ၏ ငါးများချိတ်မှာ ငါးကြီးကို မိထားသည် မဟုတ်၊ ရေထဲမှာမြုပ်နေသော ထိုသစ်ငုတ်မှာ ချိတ်မိနေခြင်းသာဖြစ်၏။

သူတစ်ပါးအပေါ် မကောင်းကြံမိသဖြင့် ယခုတော့ ဖိုးကံကောင်းအဖြစ်မှ ဖိုးကံဆိုးဖြစ်သွားရချေပြီ။ ဆိုးဆိုးဝါးဝါး ခံစားနေရသော ဒဏ်ချက်ကို လက်နှင့်နာနာအုပ်လျက် ရေပေါ်သို့ ပြန်တက်လာတော့လည်း သက်သာရာ မရပါချေ။ ကမ်းပါးပေါ် တက်မိပြီး နောက် အကောင်းပကတိ ကျန်နေသေးသော မျက်လုံးတစ်ဖက်ဖြင့် ကြည့်လိုက်သောအခါ သူချွတ်ထားခဲ့သော လုံချည်နှင့်အင်္ကျီတို့ မရှိကြတော့ချေ။ သူ ရေထဲ ဆင်းငုပ်နေခိုက်မှာပင် ခရီးသွား တစ်ယောက်က ကောက်ယူသွားပေပြီ။

ဤသို့အားဖြင့် ဆုံးသူနှင့် ရှုံးသူတို့သည် မိမိဖြစ်အင်ကို ဘယ်လိုများ ပြောပြရပါ့မလဲ တွေးတောရင်း ငိုပွဲဆင်၍ နေကြရလေသည်။

(ကေနိပါတ်၊ ဥဘတောဘဋ္ဌဇာတ်)

**ဥဘတောဘဋ္ဌဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| ငါးများသူ | = | ဒေဝဒတ်။ |
| ထိုဇာတ်လမ်းကိုတွေ့မြင်သောရုက္ခစိုးနတ် | = | မြတ်စွာဘုရား။ |

# ရလေ လိုလေ ဆင်းရဲလေ

''ဗာရာဏသီမြို့တော်အတွင်းက ညီတော်မင်းတရားသိစေရမည်။ နောင်တော်၏ တပ်တော်ကြီးများက ဗာရာဏသီမြို့တော် တစ်ခုလုံးကို ဝိုင်းပတ်ထားပြီးပြီ။ ညီတော်သည် နောင်တော်နှင့် စစ်ဘက်မည်လော။ သို့မဟုတ် အသာတကြည်နှင့် ထီးဖြူနန်းရပ် လွှဲအပ်မည်လော''

ပြင်းထန်လှစွာသော ရာဇသံသည် ထိုနေ့ ညီလာခံ မစမီကပင် ရောက်ရှိလာ၏။ ဗာရာဏသီမြို့တော်ကို ဝိုင်းပတ်ထားပြီးသော တပ်တော်ကြီးများက ဤရာဇသံ၏ အရှိန်အဝါကို မြှင့်တင်ပေးနေကြ၏။ ဆင်သံ၊ မြင်းသံ၊ ရထားသံတို့နှင့်အတူတကွ စစ်သည့်အပေါင်းတို့၏ ကြွေးကြော်သံများကလည်း ဗာရာဏသီမြို့တော်ကြီးတစ်ခုလုံးကို လွှမ်းခြုံလာကြ၏။ မြို့သူမြို့သား ရှိရှိသမျှတို့မှာ နန်းတော်ကြီး၏ အရိပ်အခြေကို ကြည့်ကာ အသည်းတထိတ်ထိတ်နှင့် နေကြရလေသည်။

ရာဇသံရွှေပေလွှာကို တည်ငြိမ်စွာလက်ခံပြီးနောက် ညီတော်မင်းတရားသည် စေ့စေ့စပ်စပ် ဖတ်ရှု၏။ ရာဇသံ ရွှေပေလွှာထဲ၌ ညီတော် နောင်တော် ဟူ၍ သုံးနှုန်းမဲ့ သုံးနှုန်း ထား သော် လည်း ညီ တော် နောင်တော်တို့၏ သံယောဇဉ်အငွေ့အသက်ကား မပါတော့ချေ။ တကယ့်

သူစိမ်းပြင်ပြင် မင်းတစ်ပါးကဲ့သို့သာ ဖြစ်နေဘိ၏။ တစ်နှစ်မပြည့်မီကလေးမှာပင် နောင်တော် မင်းသား၏ စိတ်နေ စိတ်ထား များသည် အဘယ့်ကြောင့်များ သည်လောက်ကြီး ပြောင်းလဲသွားကြရပါလိမ့်။

နောင်တော်ကြီး၏ ပြောင်းလဲသွားသောစိတ်သဘောကို ညီတော်မင်းတရားသည် အလွန်တရာလည်း အံ့ဩမိ၏။ စိတ်မကောင်းခြင်း ကြီးစွာလည်း ဖြစ်မိ၏။ ဤသို့ စိတ်မကောင်းရခြင်းမှာ ထီးနန်းစည်းစိမ်လက်လွတ်သွားမည့်အရေးကြောင့် မဟုတ်ပါ။ နောင်တော်ကြီး၏စိတ်သန္တာန်မှာ ယခင်တုန်းက ရှိနေခဲ့သော စိတ်ကောင်း သဘောကောင်း ကလေးများကို နှမြောမိ၍သာ ဖြစ်ပေသည်။

မိမိတို့မှာ မိတူဖတူ ညီနောင်ရင်းချာဟူ၍ သည်နှစ်ပါးတည်းသာ ရှိခဲ့ကြ၏။ ခမည်းတော်မင်းတရားကြီး ရှိစဉ်တုန်းလ ထုံးတမ်းစဉ်လာရှိသည့်အတိုင်း နောင်တော်မင်းသားကို အိမ်ရှေ့မင်းအရာထားကာ မိမိကိုကား စစ်သူကြီးအဖြစ် ခန့်အပ်ခဲ့၏။

ဤသို့ဖြင့် နှစ်အတန်ကြာနေလာကြ၍ ခမည်းတော်မင်းတရားကြီး နတ်ရွာစံ သွားသောအခါ မှူးမတ်ဗိုလ်ပါ အပေါင်းက နောင်တော်မင်းသားအား မင်းအဖြစ်တင်မြှောက်၍ အဘိသိက်သွန်းကြရန်စီမံကြ၏။ ဤတွင် နောင်တော်မင်းသားက....

"မှူးတော်-မတ်တော်အပေါင်းတို့၊ မင်းအဖြစ်ကို ငါအလိုမရှိပါ။ ညီတော်မင်းသားကိုသာ အဘိသိက်သွန်းပေးလိုက်ကြပါတော့"

ဤသို့ ပြတ်ပြတ်သားသားကြီး ငြင်းဆိုလိုက်၏။ ညီတော်မင်းသားနှင့်တကွမှူးမတ်အပေါင်းတို့ကလည်း ထီးနန်းစည်းစိမ်စိုးစံပါရန်ထပ်ကာထပ်ကာ တောင်းပန်ကြ၏။ နောင်တော်မင်းသားကလည်း ငြင်းဆိုမြဲသာ ငြင်းဆိုလိုက်၏။ ဤတွင် မှူးတော်မတ်တော်များက....

"မှန်လှပါ အရှင်မင်းသား၊ တိုင်းပြည်ကိုအုပ်ချုပ်ရတဲ့ မင်းမလုပ်လိုရင်လဲ အိမ်ရှေ့မင်းအဖြစ်နဲ့ စံစားတော်မူပါဘုရား"

"မှူးတော် မတ်တော်တို့၊ အိမ်ရှေ့မင်း အဖြစ်နဲ့လဲ ငါ မစံစားလိုပါ"

"ဒါဖြင့်ရင် ဘောဇဉ်ရသာ ကောင်းမွန်စွာ စားသုံးပြီးတော့ ရွှေနန်းတော်ကြီးထဲမှာသာ ချမ်းသာစွာ စံစားတော်မူပါဘုရား"

"နန်းတော်ထဲမှာလဲ ငါနေချင်စိတ် မရှိတော့ပြီ"

ဤသို့ ပြတ်ပြတ်သားသားကြီးမြွက်ဆိုကာ နန်းတော်ထက်မှဆင်း သက်လာခဲ့၏။ နန်းသုံးနန်းဆောင်ပစ္စည်းဟူ၍ ဘာတစ်ခုမျှ မယူခဲ့ဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်သာ ဗာရာဏသီမြို့တော်မှ ထွက်ခွာလာခဲ့၏။ နောက်ပိုင်းကို လုံးဝပြန်မကြည့်တော့ဘဲ လွတ်လွတ်ကျွတ်ကျွတ်ကြီး ထွက်ခွာလာခဲ့ရာ တိုင်းစွန်နယ်ဖျားသို့ ဆိုက်ရောက်လာပေသည်။

နယ်စွန်နယ်ဖျားရှိ ရွာကလေးတွင် လယ်မြေမြောက်မြားစွာ ပိုင်ဆိုင်သော သူဌေးတစ်ယောက်ရှိ၏။ နောင်တော်မင်းသားသည် သာမန်အရပ်သားတစ်ယောက် အဖြစ်ဖြင့် ထိုသူဌေးထံ ဝင်ရောက်ကာ အလုပ်သမားအဖြစ်ဖြင့် လုပ်ကိုင်၍ နေထိုင်ခွင့်ပြုပါရန် ပန်ကြားရာ၊ သန့်ပြန့်လှသော ရုပ်ရည်လက္ခဏာကိုတွေ့ရှုကာ သူဌေးကလည်း လိုလိုလားလား လက်ခံလိုက်လေသည်။

ဤသို့ မထင်မရှား အလုပ်သမားတစ်ယောက်အဖြစ်ဖြင့် နေကြည့်ခါမှ လွတ်လပ်ခြင်းအရသာကို မြိန်ရှက်စွာခံစားရ၏။ လူ့ဘောင်လောကကြီးထဲမှာ ကိုယ့်ဝမ်းစာကိုယ်ရှာ၍ စားသောက်ခြင်းက မြင့်မြတ်လှပါကလားဟုလည်း သဘောပေါက်မိ၏။ အလိုဆန္ဒ နည်းပါးသည်နှင့်အမျှ ချမ်းမြေ့သာယာလှသော သဘောကိုလည်း သိမြင်လာ၏။

ဤသို့ အလိုဆန္ဒနည်းပါးစွာ အေးချမ်းသာယာစွာ နေလာမိ၍ ကာလ အတန်ကြာလျှင်ကား ထိုရွာသူရွာသားများသည် အဖြစ်မှန်ကို သိရှိသွားကြ၏။ ဤအချိန်မှစ၍ လွတ်လပ်စွာနေထိုင်ရသော ဘဝကလေး ဆုံးရှုံးသွားရ၏။

ထိုရွာကလေးမှ ရွာသားတို့သည် မင်းသားထံသို့ သူ့ထက်ငါ ဝင်၍ ချဉ်းကပ်လာကြ၏။ သူဌေးအိမ်၌ လုပ်နေကျ လုပ်ငန်းများကို သူတို့က လုပ်ကိုင်ပေးကာ မင်းသားအတွက် လိုအပ်ချက်ရှိသမျှကိုပါ လုပ်ကိုင်ဆောင်ရွက်၍ ပေးကြ၏။ မင်းသားကလည်း ရွာသားတို့၏ ပြုစုလုပ်ကျွေးခြင်းကို ထွေထွေထူးထူး သဘောမထားဘဲ ကျေနပ်စွာ လက်ခံမိလေသည်။

တစ်နေ့သောအခါ ညီတော်မင်းတရား၏ အမှုထမ်းတို့သည် ထိုရွာကလေးသို့ ရောက်လာကြ၏။ ထိုရွာကလေးရှိ သူဌေး၏ လယ်မြေအကျယ်အဝန်းကို တိုင်းတာပြီးလျှင် ကျသင့်သော အခွန်တော်များ ကောက်ခံရန်ဖြစ်ပေသည်။

သူစိမ်းပြင်ပြင် မင်းတစ်ပါးကဲ့သို့သာ ဖြစ်နေဘိ၏။ တစ်နှစ်မပြည့်မီကလေးမှာပင် နောင်တော် မင်းသား၏ စိတ်နေ စိတ်ထား များသည် အဘယ့်ကြောင့်များ သည်လောက်ကြီး ပြောင်းလဲသွားကြရပါလိမ့်။

နောင်တော်ကြီး၏ ပြောင်းလဲသွားသောစိတ်သဘောကို ညီတော်မင်းတရားသည် အလွန်တရာလည်း အံ့ဩပြီ၏။ စိတ်မကောင်းခြင်း ကြီးစွာလည်း ဖြစ်မိ၏။ ဤသို့ စိတ်မကောင်းရခြင်းမှာ ထီးနန်းစည်းစိမ်လက်လွတ်သွားမည့်အရေးကြောင့် မဟုတ်ပါ။ နောင်တော်ကြီး၏စိတ်သန္တာန်မှာ ယခင်တုန်းက ရှိနေခဲ့သော စိတ်ကောင်း သဘောကောင်း ကလေးများကို နှမြောမိ၍သာ ဖြစ်ပေသည်။

မိမိတို့မှာ မိတူဖတူ ညီနောင်ရင်းချာဟူ၍ သည်နှစ်ပါးတည်းသာ ရှိခဲ့ကြ၏။ ခမည်းတော်မင်းတရားကြီး ရှိစဉ်တုန်းက ထုံးတမ်းစဉ်လာ ရှိသည့်အတိုင်း နောင်တော်မင်းသားကို အိမ်ရှေ့မင်းအရာထားကာ မိမိကိုကား စစ်သူကြီးအဖြစ် ခန့်အပ်ခဲ့၏။

ဤသို့ဖြင့် နှစ်အတန်ကြာနေလာကြ၍ ခမည်းတော်မင်းတရားကြီး နတ်ရွာစံ သွားသောအခါ မှူးမတ်ဗိုလ်ပါ အပေါင်းက နောင်တော် မင်းသားအား မင်းအဖြစ်တင်မြှောက်၍ အဘိသိက်သွန်းကြရန်စီမံကြ၏။ ဤတွင် နောင်တော်မင်းသားက....

''မှူးတော်-မတ်တော်အပေါင်းတို့၊ မင်းအဖြစ်ကို ငါအလိုမရှိပါ။ ညီတော်မင်းသားကိုသာ အဘိသိက်သွန်းပေးလိုက်ကြပါတော့''

ဤသို့ ပြတ်ပြတ်သားသားကြီး ငြင်းဆိုလိုက်၏။ ညီတော်မင်းသားနှင့်တကွ မှူးမတ်အပေါင်းတို့ကလည်း ထီးနန်းစည်းစိမ်စိုးစံပါရန်ထပ်ကာထပ်ကာ တောင်းပန်ကြ၏။ နောင်တော်မင်းသားကလည်း ငြင်းဆိုမြဲသာ ငြင်းဆိုလိုက်၏။ ဤတွင် မှူးတော်မတ်တော်များက....

''မှန်လှပါ အရှင်မင်းသား၊ တိုင်းပြည်ကိုအုပ်ချုပ်ရတဲ့ မင်းမလုပ်လိုရင်လဲ အိမ်ရှေ့မင်းအဖြစ်နဲ့ စံစားတော်မူပါဘုရား''

''မှူးတော် မတ်တော်တို့၊ အိမ်ရှေ့မင်း အဖြစ်နဲ့လဲ ငါ မစံစားလိုပါ''

''ဒါဖြင့်ရင် ဘောဇဉ်ရသာ ကောင်းမွန်စွာ စားသုံးပြီးတော့ ရွှေနန်းတော်ကြီးထဲမှာသာ ချမ်းသာစွာ စံစားတော်မူပါဘုရား''

''နန်းတော်ထဲမှာလဲ ငါနေချင်စိတ် မရှိတော့ပြီ''

ဤသို့ ပြတ်ပြတ်သားသားကြီးမြွက်ဆိုကာ နန်းတော်ထက်မှဆင်း သက်လာခဲ့၏။ နန်းသုံးနန်းဆောင်ပစ္စည်းဟူ၍ ဘာတစ်ခုမျှ မယူခဲ့ဘဲ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်သာ ဗာရာဏသီမြို့တော်မှ ထွက်ခွာလာခဲ့၏။ နောက်ပိုင်းကို လုံးဝပြန်မကြည့်တော့ဘဲ လွတ်လွတ်ကျွတ်ကျွတ်ကြီး ထွက်ခွာလာခဲ့ရာ တိုင်းစွန်နယ်ဖျားသို့ ဆိုက်ရောက်လာပေသည်။

နယ်စွန်နယ်ဖျားရှိ ရွာကလေးတွင် လယ်မြေမြောက်မြားစွာ ပိုင်ဆိုင်သော သူဌေးတစ်ယောက်ရှိ၏။ နောင်တော်မင်းသားသည် သာမန်အရပ်သားတစ်ယောက် အဖြစ်ဖြင့် ထိုသူဌေးထံ ဝင်ရောက်ကာ အလုပ်သမားအဖြစ်ဖြင့် လုပ်ကိုင်၍ နေ့တိုင်ခွင့်ပြုပါရန် ပန်ကြား၏။ သန့်ပြန့်လှသော ရုပ်ရည်လက္ခဏာကို ထောက်ရှုကာ သူဌေးကလည်း လိုလိုလားလား လက်ခံလိုက်လေသည်။

ဤသို့ မထင်မရှား အလုပ်သမားတစ်ယောက်အဖြစ်ဖြင့် နေကြည့်ခါမှ လွတ်လပ်ခြင်းအရသာကို မြိန်ရှက်စွာခံစားရ၏။ လူ့ဘောင်လောကကြီးထဲမှာ ကိုယ့်ဝမ်းစာကိုယ်ရှာ၍ စားသောက်ခြင်းက မြင့်မြတ်လှပါကလားဟုလည်း သဘောပေါက်မိ၏။ အလိုဆန္ဒ နည်းပါးသည်နှင့်အမျှ ချမ်းမြေ့သာယာလှသော သဘောကိုလည်း သိမြင်လာ၏။

ဤသို့ အလိုဆန္ဒနည်းပါးစွာ အေးချမ်းသာယာစွာ နေလာမိ၍ ကာလ အတန်ကြာလျှင်ကား ထိုရွာသူရွာသားများသည် အဖြစ်မှန်ကို သိရှိသွားကြ၏။ ဤအချိန်မှစ၍ လွတ်လပ်စွာနေထိုင်ရသော ဘဝကလေး ဆုံးရှုံးသွားရ၏။

ထိုရွာကလေးမှ ရွာသားတို့သည် ပင်းသားထံသို့ သူ့ထက်ငါ ဝင်၍ ချဉ်းကပ်လာကြ၏။ သူဌေးအိမ်၌ လုပ်နေကျ လုပ်ငန်းများကို သူတို့က လုပ်ကိုင်ပေးကာ မင်းသားအတွက် လိုအပ်ချက်ရှိသမျှကိုပါ လုပ်ကိုင်ဆောင်ရွက်၍ ပေးကြ၏။ မင်းသားကလည်း ရွာသားတို့၏ ပြုစုလုပ်ကျွေးခြင်းကို တွေထွေထူးထူး သဘောမထားဘဲ ကျေနပ်စွာ လက်ခံမိလေသည်။

တစ်နေ့သောအခါ ညီတော်မင်းတရား၏ အမှုထမ်းတို့သည် ထိုရွာကလေးသို့ ရောက်လာကြ၏။ ထိုရွာကလေးရှိ သူဌေး၏ လယ်မြေအကျယ်အဝန်းကို တိုင်းတာပြီးလျှင် ကျသင့်သော အခွန်တော်များ ကောက်ခံရန်ဖြစ်ပေသည်။

လယ်မြေများစွာ ပိုင်ဆိုင်သည်နှင့်အမျှ အခွန်တော် ထမ်းဆောင်ရသော ထိုသူဌေးသည် ထိုနှစ်တွင်ကား တင်မျိုးတစ်ဖုံအကြံထုတ်လာ၏။ အခွန်တော် သက်သာခွင့်ရရေးအတွက် မိမိအိမ်မှာရှိနေသော မင်းသားကို အသုံးချရန် စဉ်းစားမိ၏။ သို့ဖြစ်၍....

"အရှင်မင်းသား၊ ကျွန်ုပ်တို့က အရှင်မင်းသားကို လေးလေးစားစား ပြုစုလုပ်ကျွေးပြီး နေချင်ကြပါတယ်၊ အရှင်မင်းသားကလဲ ကျွန်ုပ်တို့ကို မ,စ တော်မူပါ"ဟု လျှောက်တင်လေရာ....

"သူဌေး၊ ဘယ်လိုများ မ,စ ရပါ့မလဲ"

"ခက်ခဲလှသော ကိစ္စတော့ မဟုတ်ပါဘူး ဘုရား၊ ကျွန်ုပ်တို့ အခွန်တော် ကင်းလွတ်ခွင့်ပြုစေလိုကြောင်း ညီတော်မင်းတရားထံ အရှင်မင်းသားက စာရေးပေးတော်မူရန်သာ ဖြစ်ပါတယ်"

"ကောင်းပြီး သူဌေး၊ အမှုထမ်းများဆီ စာရေးပြီး ပေးလိုက်တာပေါ့"

ဤသို့ဝန်ခံ၍ ရေးပေးလိုက်သောစာကို ဖတ်ရသောအခါညီတော်မင်းတရားသည် အလွယ်တကူပင် ထိုသူဌေးအား အခွန်တော် ကင်းလွတ်ခွင့် ပြုလိုက်လေသည်။

နောင်တော်မင်းတရား၏ဤမျှလောက် အရေးပါအရာရောက်ပုံကို သိရသောအခါ အခြား ရွာသားများကလည်း ထိုလမ်းကြောင်းအတိုင်း လိုက်လာကြ၏။ "ညီတော်မင်းတရားထံ အခွန်တော် ဆက်မယ့်အစား နောင်တော် မင်းသားထံမှာပင် အခွန်တော် ဆက်ပါရစေ" ဟု အဆိုပြုလာကြ၏။ မိမိ၏ အခွင့်အာဏာကို သာယာမှုန်းမသိ သာယာလာမိသော နောင်တော်မင်းသားကလည်း သူတို့လိုလာသည့်အတိုင်းစာရေး၍ ပေးလိုက်ပြန်၏။

ထို့နောက်တွင်ကား ထိုနယ်တစ်ဝန်းရှိ လူထုတစ်ရပ်လုံးကပါ နောင်တော်မင်းသားထံ အခွန်ဆက်ရန် ပန်ကြားလာကြ၏။ လက်လုပ်လက်စား ဆင်းရဲသားအဖြစ်ဖြင့် နေချင်လှသော နောင်တော်မင်းသားမှာ ယခုတော့ နယ်စားကြီးတမျှ အခြံအရံများ တိုးပွားလာချေပြီ။ စီးပွားဥစ္စာ ရတနာတို့ကလည်း တစ်နေ့တစ်ခြား ပေါများလာပေပြီ။ ထို့အတူပင် ထိုအရာများကို လိုချင်တပ်မက်သော လောဘတရားတို့ကလည်း ပွားစီး၍ လာကြပေပြီ။

လောဘဟူသော အလိုသဘောသည်ကား ဘယ်တော့မှ ပြည့်သွားပြီ၊ ဝသွားပြီဟူ၍ မရှိနိုင်ချေ။ ဘာတွေကို ရရ၊ ဘယ်လောက်ပင်ရရ၊ လိုကွက်ကတော့ ရှိမြဲရှိနေသေးသည်သာ ဖြစ်၏။ ထို့ တွင်မက လိုချင်တာတွေ များများကြီးရလာသည်နှင့်အမျှ ထို့ထက် ထို့ထက်ပို၍ များများကြီး အလိုရှိလာတော့သည်သာဖြစ်၏။

သို့ဖြစ်၍ နယ်စားကြီးတမျှ ဩဇာအာဏာ ကြီးထွားလာသော နောင်တော်မင်းသားသည် အိမ်ရှေ့မင်းအရာကိုလှမ်း၍ တောင်းလိုက်၏။ ညီတော်မင်းတရားကလည်း ပေးရန်အသင့်ရှိပါကြောင်း ဝမ်းမြောက်ဝမ်းသာ ပြန်ကြားစေ၏။ သို့ရာတွင် နောင်တော်မင်းသားကား ထိုမျှဖြင့် မတင်းတိမ်နိုင်တော့ပြီ။ မိမိထံ ခိုဝင်လာကြသူအပေါင်းအား စစ်တပ်ကြီးများ ဖွဲ့စည်းစေပြီးလျှင် ဗာရာဏသီမြို့တော်သို့ ချီတက်လာလေတော့သည်။ ကြီးမားလှစွာသော စစ်အင်အားဖြင့် ဗာရာဏသီမြို့တော်ကို ဝိုင်းပတ် ထားကာ ညီတော် မင်းတရား ထံသို့ ရာဇသံ ပေးလိုက်လေတော့သည်။

တကယ်တမ်းသာ ရင်ဆိုင်တိုက်ကြစို့ဆိုလျှင် ညီတော်မင်းတရားသည် နောင်တော်မင်းသားကို လက်ရဖမ်း၍ သတ်နိုင်စွမ်းရှိ၏။ ညီတော်မင်းတရား၏ စစ်သည်တော်များမှာ နောင်တော်မင်းသား၏ လူများကဲ့သို့ ကြုံရာ ကျပန်း စုစည်းလာခဲ့ခြင်း မဟုတ်ချေ။ နေ့ရက်များစွာ အလေ့အကျင့် လုပ်ထားသဖြင့် စစ်ရည် ဝပြီးသူများသာဖြစ်၏။

သို့ရာတွင် ညီတော် မင်းတရားကား နောင်တော် မင်းသားနှင့် စစ်တိုက်ရန် မလိုလားချေ။ ယခင်က စိတ်နေသဘောထားနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသော်ငြားလည်း နောင်တော်သည် နောင်တော်သာလျှင်ဖြစ်၏။ သို့ဖြစ်၍ နောင်တော်၏ စိတ်အလိုကျအတိုင်း ပြစ်နိုင်စေရန် ထီးဖြူနန်းရပ်ကိုသာ အလွယ်တကူ လွှဲအပ်လိုက်လေတော့သည်။

ထီးနန်း စည်းစိမ် ဟူသည်မှာ လူ့ဘောင် လောကတွင် အထွတ်အမြတ်ဆုံးဖြစ်၏။ မိမိပိုင်စိုးရာ နိုင်ငံတော်အတွင်း၌ မိမိစိတ်တိုင်းကျ စီမံဖန်တီးနိုင်၏။ မိမိမိအလိုရှိသမျှ ရယူခံစားနိုင်၏။ ထိုမျှလောက် ခံစားရပါသော်လည်း နောင်တော်ကြီးမင်း၏ အလိုကား မပြည့်နိုင်သေးပါ။ တစ်ပြည်ထောင်လုံးကို သိမ်းကျုံးအုပ်စိုးရသည့်နောက်မှာပင် အနီးပတ်ဝန်းကျင်ရှိတိုင်းပြည်များကိုပါ သိမ်းပိုက်စိုးစံဖို့လိုလားနေသေး၏။ ဤသို့

အလိုကာမတို့၏ နှိပ်စက်ခြင်းကို ခံနေရသဖြင့် ထိုမင်းကို ကာမနီတမင်း ဟူ၍ ပညာရှိပုဂ္ဂိုလ်များက ခေါ်ဝေါ်ကြရပေသည်။

တစ်နေ့သ၌ ကာမနီတမင်း၏ အလိုဆန္ဒကို ပြည့်ဝအောင် ဆောင်ရွက်ပေးမည့် လုစွမ်းကောင်းတစ်ယောက် ပေါ်ပေါက်လာ၏။ ထိုလုလင်သည် ဗာရာဏသီနန်းတော် တံခါးဝသို့ ချဉ်းကပ်လာ၍ ''မင်းတရားကြီးထံ ရွှေနားတော်ကြား လျှောက်တင်ဖွယ်ရှိတာကြောင့် လာခဲ့ရပါတယ်'' ဟု တံခါးမှူးထံ ခွင့်တောင်း၏။ တံခါးမှူးကလည်း အတွင်းတော်သို့ဝင်၍ လျှောက်တင်လေရာ ''ရွှေတော်သို့ ဝင်စေ''ဟူသော အမိန့်ကို နာခံရပေသည်။

ဤသို့ဖြင့် လိမ္မာရေးခြားသော အသွင်အပြင်ရှိသော လုလင်သည် ကာမနီတမင်း၏ ရွှေမှောက်သို့ ဝင်ရောက်ကာ....

''အရှင်မင်းကြီး၊ လျှောက်တင်ရန်စကားအနည်းငယ်မျှပါလာပါတယ်၊ လျှောက်တင်ရမယ့်စကားက အင်မတန်မှ အရေးကြီးလှတဲ့အတွက် လူသူလေးပါး ကင်းဆိတ်ရာကို လိုအပ်လှပါတယ် ဘုရား''

ဤသို့လျှောက်တင်လိုက်လျှင်ပင် ရွှေတော်မှောက်မှာရှိနေကြသော မှူးမတ် ဗိုလ်ပါ အပေါင်းသည် လွတ်ရာကျွတ်ရာသို့ ထွက်ခွာသွားကြ၏။ ညီလာခံ ခန်းမကြီးထဲ၌ ကာမနီတမင်းနှင့် လုလင်တို့သာ ကျန်ရစ်၏။ ဤတွင် လုလင်က....

''အရှင်မင်းကြီး၊ သာယာ ဝပြောလှတဲ့ တိုင်းပြည် သုံးပြည်ကို ကျွန်ုပ်တွေ့မြင်ထ းပါတယ်။ အဲဒီတိုင်းပြည်များကတော့ ဥတ္တရပဉ္စာလတိုင်း၊ ကုရုတိုင်းနဲ့ ကေကကတိုင်းတို့ ဖြစ်ကြပါတယ်။ လူဦးရေပေါများကြသော်လဲ စစ်တပ်အင်အား ကြီးကြီးမားမား မရှိပါ။ ဒါကြောင့် အရှင်မင်းကြီးရဲ့ တပ်တော်များနဲ့ ကျွန်ုပ်ကိုယ်တိုင်ဦးစီးပြီး တိုက်ခိုက်ရပါလျှင် လျင်မြန်စွာ အောင်မြင်ပါလိမ့်မယ်၊ လျင်မြန်စွာ စစ်ချီနိုင်ရန်သာ စီမံပါတော့ ဘုရား''

''ကောင်းပြီ အသင်လုလင်၊ ကောင်းလှပေပြီ''

ကာမနီတမင်းက ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်၏။ ဤသို့ လျှောက်တင်ပြီးလျှင်ပင် လုလင်သည် ညီလာခံခန်းမမှ ထွက်ခွါလာခဲ့၏။ တိုင်းပြည်သုံးပြည်ကို လိုချင်မက်မောမှုများ ဖုံးလွှမ်းနေသဖြင့် ကာမနီတမင်းမှာ မေးမြန်းသင့် မိန့်ကြားသင့်သော စကားတို့ကို တစ်ခွန်းမျှမမိန့်ဆိုမိဘဲ မှင်တက်မိ၍ နေရလေသည်။

ဤသို့ဖြင့် နောက်တစ်နေ့ ညီလာခံသဘင် ဖွင့်လှစ် လိုက်သော အခါ....

''မှူးမတ်ဗိုလ်ပါအပေါင်းတို့၊မနေ့က လိမ္မာရေးခြားလှတဲ့ လုလင် တစ်ယောက် ရောက်လာခဲ့တယ်။ဥတ္တရပဉ္စာလတိုင်း၊ ကုရုတိုင်းနဲ့ ကေက ကတိုင်းတို့ကို သူကိုယ်တိုင်ဦးဆောင် တိုက်ခိုက်ပြီး သိမ်းယူဆက်သပေးဖို့ လျှောက်တင်ခဲ့တယ်။ ဒါကြောင့် ဒီကနေ့မှာပဲ စစ်တပ်ကြီးများနဲ့ ချီတက် ပြီး တိုက်ခိုက်သိမ်းယူကြစို့''

လုလင်အပေါ် အားကိုး ယုံကြည် ချက်ဖြင့် ကာမနီတ မင်း က အလောတကြီး အမိန့်ရှိလေရာ မှူးမတ် ဗိုလ်ပါ အပေါင်းမှာ ထိတ်လန့် တကြား ဖြစ်သွားကြရ၏။ မင်းကြီးထံ လျှောက်တင်ခဲ့သော လုလင်ကို မြင်ဖူးချင်၍ ဟိုဟိုသည်သည် လှည့်လည်၍ ကြည့်ရှုကြ၏။ ဘယ်နေရာ မှာမှ ရှာဖွေကြည့်ရှု၍ မရသောအခါ ပညာရှိအမတ်ကြီးက....

''အရှင်မင်းကြီး၊ အဲဒီလုလင်ရဲ့ နေရပ်ကိုကော မေးလိုက်မိပါရဲ့ လား။ လုလင်အတွက် စားသောက်နေထိုင်ရေး ကိစ္စအဝဝကိုလဲ သက် ဆိုင်ရာအမတ်များထံ အရှင်မင်းကြီး မိန့်ကြားတော်မူခဲ့ပါရဲ့လား''

လူကြီးပီပီ တွေးတွေးဆဆ လျှောက်တင်လိုက်သောအခါမှ ...

''အေး–အဲဒါမှ ခက်ကပြီ၊ ငါကိုယ်တော်မြတ် ဘာမှမမေးလိုက် မိဘူး။ သူ့အတွက်လဲ ဧည့်ဝတ်ကျေအောင် ဘာမှမမိန့်ကြားခဲ့မိဘူး။ ဒါ ပေမယ့်လို့ ဒီလုလင်ကိုတော့ လက်လွှတ်မခံနိုင်ဘူး။ မရ ရအောင်ရှာဖွေ ပေးကြပေတော့''

ဤသို့ တစ်ချက်လွှတ်အမိန့်တော်ကြီး ထုတ်လိုက်လေရာ နိုင်ငံတော် တစ်ဝန်းလုံး၌ ပိုက်စိတ်တိုက်၍ရှာဖွေကြရ၏။မည်သို့မျှ ကြိုးစားရှာဖွေ၍ မရသောအခါ မှူးမတ် ဗိုလ်ပါအပေါင်းမှာ ဟုတ်တိုင်းမှန်ရာ လျှောက် တင်ကြရတော့၏။ ဤတွင် ကာမနီတမင်းသည် မိမိကိုယ်ကို ခွင့်မလွှတ်နိုင် လောက်အောင် ခံစားလာရ၏။

''ငါလက်လွှတ်သွားပြီ၊ငါဆုံးရှုံးသွားပြီ၊ သုံးပြည်ထောင် စည်း စိမ်ကြီးနဲ့ ငါလွဲသွားပြီ။သုံးပြည်ထောင် သိမ်းယူပေးမယ်ဆိုခဲ့တဲ့လုလင်ရဲ့ နေရပ်ကိုလဲ ငါမမေးလိုက်မိဘူး။ စားစရာ နေစရာလေးမှ မပေးခဲ့မိဘူး။ ခုတော့ လုလင်လေးက ငါ့ကို စိတ်ဆိုးပြီး ထွက်သွားပြီ။ ငါအရှုံးကြီး ရှုံးခဲ့ရပြီ''

ယူကျုံးမရ စိတ်သောကဖြင့် ဤသို့တဖွဖွ ရေရွတ်ကာ ဆောက်တည်ရာ မရနိုင်အောင် ဖြစ်ရတော့၏။ သုံးပြည်ထောင်ကို သိမ်းပိုက်အုပ်စိုးရမည့် စည်းစိမ်ကြီးကို တွေးမိလေ သူ့စိတ်ဝေဒနာက ပြင်းထန်လာလေ။ ပူလောင်ပြင်းပြ စိတ်သောကတို့၏ အရှိန်အဝါကြောင့် သူ့ကိုယ်ခန္ဓာသည် ပူလောင်လာရ၏။ တစ်ကိုယ်လုံး ပူလောင်လာသောအခါ ရင်တစ်ခုလုံး ခြောက်ကပ်လာရ၏။ တစ်ဆက်တည်းမှာပင် သွေးဝမ်းကျသော ရောဂါကြီး ကျရောက်လာတော့သည်။ ရောဂါပြင်းထန်လှသဖြင့် စားနေကျ အစာများကိုပင် လက်မခံနိုင်တော့ချေ။ တစ်လုတ်တစ်ဆုပ် ကြိတ်မှိတ်၍ မျိုလိုက်လျှင်ပင် ပင်ပန်းကြီးစွာ အန်ထုတ်ရလေတော့သည်။

ဆေးပညာဝါရင့်ပြီးသောသမားတော်ကြီးများသည်မင်းကြီး၏ ရောဂါကို ကြိုးကြိုးစားစား ကုသကြပါ၏။ အစွမ်းထက်ပေ့ ဆိုသောဆေးများကိုဖော်စပ်၍တိုက်ကြပါ၏။တစ်နည်းပြီး တစ်နည်း စမ်းသပ်၍ ကုသကြပါ၏။ သို့ပါလျက် မင်းကြီး၏ဝေဒနာကား သက်သာ၍ မလာပါချေ။တစ်နေ့ထက်တစ်နေ့ တိုး၍သာလာနေတော့၏။ တိုင်းသားပြည်သူ လူအပေါင်းတို့မှာရွှေနန်းတော်မှသတင်းစကားကိုနားစွင့်ရင်းအမျိုးမျိုး ထင်မြင်ချက်ပေး၍ နေကြရပေသည်။

တစ်နေ့သောအခါတွင်ကား မင်းကြီး၏ ရောဂါကို ကုစားနိုင်မည့်သူ ပေါ်ပေါက်လာ၏။ ထိုသူကား တက္ကသိုလ်ပြည်မှ ဆေးပညာများကို ဆုံးခန်းတိုင်ရောက် တတ်မြောက်လာခဲ့သော လုလင်တစ်ယောက်ဖြစ်၏။ ပညာစုံ တတ်မြောက်၍ မိဘရပ်ထံသို့ ပြန်လာခဲ့ရာတွင် ကာမနီတမင်းကြီး၏ ရောဂါဝေဒနာသတင်းကို ကြားသိရသဖြင့် ရွှေနန်းတော်သို့ ဝင်လာခဲ့ခြင်းဖြစ်ပေသည်။

ထိုလုလင် ရောက်လာကြောင်း သတင်းစကား ကြားသိရသောအခါ ကာမနီတမင်းက....

''မင်းချင်းတို့၊ အသက်သိက္ခာ ဥာဏ်ပညာ ကြီးကျယ်လှတဲ့ သမားတော်ကြီးများတောင် မကုစားနိုင်တဲ့ ရောဂါကို ဒီဆေးသမားလေးက ဘယ်နှယ်လုပ် ကုနိုင်ပါ့မလဲ။ ဒါကြောင့် သူ့ကို ထိုက်သင့်သလောက် ရိက္ခာပေးပြီး ပြန်လွှတ်လိုက်ကြပါတော့'' ဟု မိန့်ကြားလိုက်လေရာ....

"အရှင်မင်းကြီး၊ ကျွန်ုပ်အတွက် ဆေးကုသရတဲ့ အခကြေးငွေကို အလိုမရှိပါဘူး၊ ဆေးဖိုး သက်သက်ကိုသာ ပေးတော်မူပါ။ အရှင်မင်းကြီးရဲ့ ရောဂါကို ရှင်းရှင်းကြီးပျောက်အောင် ကုစားပေးပါ့မယ်"

ဤသို့ လုလင်က ရဲရဲရင့်ရင့်ကြီး ဝန်ခံလိုက်ခါမှ ကာမနီတမင်းက စိတ်ဝင်စားလာ၍ ရှေတော်သို့ ဝင်ရောက်ခစားခွင့် ပြုလိုက်လေသည်။

ဆေးပညာရှင် လုလင်သည် မင်းကြီးရှေမှောက် ဝင်ရောက်၍ မင်းကြီး၏ ရုပ်ဆင်းအင်္ဂါတို့ကိုသေသေချာချာကြည့်ရှုသုံးသပ်ပြီးလျှင်....

"အရှင်မင်းကြီး၊ ဆေးသမားတို့မည်သည်မှာ ရောဂါဖြစ်ရခြင်း အကြောင်းရင်းကိုသိရပါမှရောဂါနဲ့သင့်လျော်တဲ့ဆေးဝါးများနဲ့ ကုစားကြရပါတယ်။ ဒါကြောင့် ရောဂါဖြစ်ရခြင်း အကြောင်းရင်းကို မိန့်ကြားတော် မူစေချင်ပါတယ် ဘုရား"

သာယာချိုမြစွာ လျှောက်တင်လိုက်သော စကားကို မင်းကြီးက ကျေနပ်လှသဖြင့် ရောဂါဖြစ်ရခြင်း အကြောင်းရင်းကို ဖွင့်ဟပြောကြား လိုက်၏။

ဤတွင် ဆေးပညာရှင် လုလင်က....

"အရှင်မင်းကြီး၊ ဆေးသမားများဟာ အစွမ်းထက်လှတဲ့ ဆေးဝါးများနဲ့မြွေဆိုးအကိုက်ခံရတဲ့ လူနာများကိုလဲကုစားလို့ပေးနိုင်ကြပါတယ်၊ ဘီလူးသရဲ ဖမ်းစားတဲ့ လူနာများကိုလဲ ကုစားလို့ ပေးနိုင်ကြပါတယ်။ အလိုတဏှာ ရောဂါဆိုးကြီးကိုတော့ရိုးရိုးဆေးဝါးများနဲ့ ကုသလို့ မရနိုင်ပါဘူး၊ တရားဆေးတော်ကြီးနဲ့ ကုသမှသာ ရနိုင်ပါတယ်။

"အရှင်မင်းကြီး၊ တရားသဘောနဲ့ စောကြောမေးမြန်းခွင့် ပြုတော်မူပါ။ လျှောက်ထားလာတဲ့ လုလင်က တိုက်ခိုက်သိမ်းယူပေးလို့ အရှင်မင်းကြီးဟာ တိုင်းပြည် လေးခုကို စိုးမိုးအုပ်ချုပ်ရပြီဆိုကြပါစို့။ အဲဒီအခါ အရှင်မင်းကြီးဟာ ပွဲတော်ခွက် လေးခုလုံးမှာ တစ်ပြိုင်နက် စားတော်မူနိုင်ပါ့မလား"

"အို-လုလင်၊ မစားနိုင်ပါ"

"အရှင်မင်းကြီး၊ သလွန်တော် လေးခုလုံးမှာ တစ်ပြိုင်နက် စက်တော် ခေါ်နိုင်ပါ့မလား"

''အို–လုလင်၊ စက်တော် မခေါ်နိုင်ပါ''

''အရှင်မင်းကြီး၊ မင်းမြောက်တန်ဆာ လေးစုံတို့ကို တစ်ပြိုင်နက် ဝတ်နိုင်ပါ့မလား''

''အို–လုလင်၊ မဝတ်နိုင်ပါ''

''အရှင်မင်းကြီး၊ ကာမဂုဏ် အာရုံအမျိုးမျိုးတို့ကို လိုချင်တပ်မက်တဲ့ သူဟာ သူလိုချင်တာတွေ ရပြီဆိုရင် အင်မတန်မှ နှစ်သိမ့်ကြည်နူးရပါတယ်။ ဒါဖြင့် ဒီလိုရတဲ့အတွက် သူကျေနပ်သွားပလား ဆိုတော့ မဟုတ်သေးပါဘူး၊ လိုချင်တာတွေရပြီးတဲ့ နောက်မှာလဲ အခြားအာရုံတွေကို ပြောင်းပြီး တောင့်တလိုက်ပါသေးတယ်။

''အရှင်မင်းကြီး၊ ဒါကြောင့် အလိုဆိုတာ နွေအခါမှာ ရေငတ်သလိုပဲ ဆာလောင်မွတ်သိပ်တတ်ပါတယ်။ နွားသိုးကြီးများရဲ့ ဦးချိုလိုပဲ တစ်နေ့ထက်တစ်နေ့ ကြီးထွားလာပါတယ်။

''အရှင်မင်းကြီး၊ ပြည့်ရှင် မင်း တစ်ပါးဟာ သမုဒ္ဒရာ ကမ်းခြေဆိုက်အောင် တိုင်းနိုင်ငံတွေသမျှ တိုက်ခိုက် သိမ်းပိုက်နိုင်ပြီးတဲ့နောက်မှာလဲ အလိုမပြည့်သေးပါဘူး။ သမုဒ္ဒရာရဲ့ဟိုမှာဘက်ကမ်းက တိုင်းပြည်တွေကို သိမ်းယူလိုပါသေးတယ်။

''အရှင်မင်းကြီး၊ ကာမဂုဏ် အာရုံတို့ရဲ့ ဒီ သဘော လက္ခဏာကို အသေအချာစဉ်းစားမိရင် လိုချင်တော့မှာမဟုတ်ပါဘူး။ အလိုတဏှာတို့ရဲ့ ဘေးအန္တရာယ်ကို ရှုမြင်သုံးသပ်ပြီးတော့ အလို တဏှာနောက်သို့ မလိုက်တော့ဘဲ နောက်ပြန်ဆုတ်နိုင်ပါလိမ့်မယ်။ အလိုဆိုတာ အလိုနဲ့ ဖြည့်လို့တော့ ဘယ်တော့မှ မပြည့်နိုင်ပါဘူး။ အဲသလို မပြည့်နိုင်တဲ့အကြောင်း ကောင်းကောင်းကြီး သိမြင်နိုင်တဲ့ ဉာဏ်ပညာကသာလျှင် လူ့ဘဝကို ပြည့်ဝစေနိုင်ပါတယ်ဘုရား''

ဤသို့ တရားသဘောဖြင့် ဟောပြောဆုံးမသည်ကို နာကြားကာ ကာမနိတမင်း၏ ရောဂါများ ပျောက်ကင်းသွား၏။ ဟောကြား ဆုံးမသော လုလင်ကိုယ်တိုင်လည်း မိမိတရားကို မိမိဘာသာ ပြန်လည်သုံးသပ်ကာ မိဘရပ်ထံသို့ မပြန်တော့ချေ။ ဟိမဝန္တာတောကြီးသို့ ဝင်ရောက်ကာ ရသေ့ဝတ်လျက် ဈာန်သမာပတ်များ ပွားများ၍နေလေသည်။

ထိုအခါတာဝတိံသာနတ်ပြည်ကိုအစိုးရသောသိကြားမင်းသည် **ကာမနီတမင်းအား** သတိသံဝေဂ ရစိမ့်သောငှာ လုလင်အသွင်ဖန်ဆင်း၍ ဝင်ရောက် လျှောက်တင်ခဲ့ရသော ကုသိုလ်ကောင်းမှုကို မိမိဘာသာ သာဓုခေါ်လိုက်ရလေသည်။

(ဒုကနိပါတ်၊ ကာမနီတဇာတ်နှင့် ဒွါဒသနိပါတ် ကာမဇာတ်)

**ကာမနီတဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| မင်း | = | ကာမနီတပုဏ္ဏား။ |
| ပုဏ္ဏားလုလင်ယောင်ဆောင်လာသော သိကြားမင်း | = | မြတ်စွာဘုရား။ |

# ၁၁။ အကောက်ကြံ၍ ဘေးဒဏ်ယိ

(ဇာတ်တော်မိတ်ဆက်)

ဤ အခန်းမှာပါဝင်သော ဝတ္ထုများကိုကား တစ်ခုချင်းခွဲ၍ မှတ်ချက်ပေးနေရန် မလိုတော့ပါ။ခေါင်းစဉ်ကြီးမှာဖော်ပြထားသည့်အတိုင်း အကောက်ကြံ၍ ဘေးဒဏ်သင့်ပုံဇာတ်လမ်းစုံများသာ ဖြစ်ကြပါသည်။

ဤဝတ္ထုများတွင် မိမိဘာသာအကောက်ကြံ၍ မိမိဘာသာ ဘေးဒဏ် သင့်ရပုံများပါရှိပါသည်။ မိမိက အကောက်ကြံလိုက်သည့်အတွက် တစ်ဖက်သူက လက်တုံ့ပြန်လိုက်ရာ မိမိထံ၌ ဒဏ်ပြန်လာပုံများလည်း ပါရှိပါသည်။

ဤဝတ္ထုများနှင့်ပတ်သက်၍ အမှာစကားပါးလိုက်ဖို့ လိုအပ်ပါသည်။တစ်စုံတစ်ယောက်က အကောက်ကြံလိုက်၍ အခြားသူက လက်တုံ့ပြန်လိုက်ပုံများဖတ်ရှုကာ "ငါတို့ကို ဤသို့ လာစပါက ငါတို့ကလည်း

ဤသို့ပြန်ချလိုက်မည်’’ဟု နမူနာယူကြရန်မဟုတ်ပါ။ မိမိက သူတစ်ပါး အပေါ် မတော်မတရားပြုမိလျှင် မိမိပင် အပြစ်ဒဏ်ခံရမည်ဟု နှလုံးသွင်း ကြရန်သာ ဖြစ်ပါသည်။ သို့မှသာလျှင် ဤဇာတ်တော်များ ဟောကြားခဲ့ သော၊ ဖွင့်ဆိုရေးသားခဲ့သော ပုဂ္ဂိုလ်မြတ်ကြီးတို့၏အာဘော်နှင့် ညီညွတ် ပါလိမ့်မည်။

ထို့ကြောင့်ပင် ဤအခန်းကို ရန်မလို၍ ရန်ပြုရသော ဒီဃာဝု လုလင်၏ ဝတ္ထုဇာတ်လမ်းဖြင့် နိဂုံးအုပ်၍ ပေးထားရခြင်း ဖြစ်ပါသည်။

ဤဝတ္ထုမှ ဗြဟ္မဒတ်မင်းကြီး၏အပြုအမူကိုအတုယူကာ အကယ်၍ မတော်တဆ မိမိတို့က အကောက်ကြံမိသော အမှုများ ရှိခဲ့လျှင်လည်း လောကသံသရာ နှစ်ဖြာသောအရေးကို ရှေးရှု၍ ပြေအေးအောင် ဆောင် ရွက်သင့်ကြပါသည်။

အကောက်မကြံဖြစ်သေးသူများလည်း မကြံဖြစ်ကြစေရန်၊ ကြံခဲ့မိ သူများလည်း တရားနှင့်အညီ ကုစားနိုင်ကြရန် အထောက်အကူပြုနိုင် လောက်သည့် စံပြဝတ္ထု(၅)ပုဒ်ကို ဆက်စပ်ဖော်ပြလိုက်ပါသည်။

## ဝတ်ဖြူစင်ကြယ်နှင့် ကယ်တင်ရှင်

ရေအိုင် ခပ်ငယ်ငယ် တစ်ခု၌ နေထိုင်ကြသော ငါးများသည် သည်နှစ်နွေဦးပေါက်မှာ ဒုက္ခရောက်ကြရတော့၏။ မိုးတွင်းကတည်းက မိုးနည်းခဲ့သဖြင့် နွေဦးရောက်လာသည်နှင့်သိသိသာသာ ရေနည်းလာ၏။ သည်အတိုင်းသာ ဆိုပါက သည်ရေအိုင်သည် သည်တစ်နွေကို ဘယ်နည်းနှင့်မျှခံနိုင်မည်မဟုတ်ချေ။

"ငါတို့ ဘယ့်နှယ်လုပ်ကြရပါ့မလဲ၊ ငါတို့ ဘယ်နှယ်လုပ်ကြရပါ့မလဲ"

အခြေအနေကို ရိပ်စားမိကြသည့် အချိန်မှစ၍ ငါးများက တစ်ကောင့်တစ်ကောင် မေးမြန်းကြ၏။ ထိုအမေးကို ဖြေနိုင်သူဟူ၍ကား မရှိချေ။

တစ်နေ့မှာတော့ သူတို့ မေးခွန်းကို ဖြေကြားနိုင်မည့်သူ ပေါ်ပေါက်လာ၏။ ထိုသူက....

"အို–ငါးအပေါင်းတို့၊ သင်တို့ရေအိုင်က ရေနည်းလှပြီ။ အခုမှ နွေဦးပေါက် ရှိသေးတော့ နွေရက်နွေလတွေက အများကြီးရှိသေးတယ်။ ဒီရေဟာ ဒီနွေဒဏ်ကို ဘယ်နည်းနဲ့မှ မခံနိုင်ဘူး။ ခပ်လှမ်းလှမ်းတစ်နေရာ

မှာတော့ အင်မတန်ရေပေါများတဲ့ အိုင်ကြီးတစ်ခု ရှိနေတယ်။ တစ်ဆယ့်နှစ်ရာသီပတ်လုံး ဘယ်တော့မှ ရေမပြတ်ဘူး။အဲဒီရေအိုင်ကြီးမှာ ကြာမျိုး ငါးပါးတို့ ဖုံးလွှမ်းနေကြတယ်။ ရေထဲက အစားအစာတွေကလဲ သိပ်ပေါတယ်။ တကယ်လို့များ သင်တို့က လိုက်ချင်ရင်တော့ အဲဒီအိုင်ကြီး ရောက်အောင် ငါပို့ဆောင်ပေးချင်စမ်းပါဘိ''

တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေသော စေတနာရှင်ကြီးက ကရုဏာသံအပြည့်ဖြင့် ဖိတ်ခေါ်လိုက်ရာတွင် ငါးတို့ကလည်း စိတ်ဝင်စား၍ လာကြပါ၏။ သို့ရာတွင် သူ၏စကားကိုကား မယုံရဲကြသေးသဖြင့်....

''ကမ္ဘာဦးအချိန်ကစပြီးတော့ ငါးတို့အပေါ် စေတနာကောင်းထားတဲ့ ဗျိုင်းဆိုလို့ လုံးဝမရှိခဲ့ပါဘူး။ အသင်ဗျိုင်းဟာ ငါတို့တစ်ကောင်ချင်း တစ်ကောင်း ကိုက်ချီပြီး စားချင်လို့ မဟုတ်ပါလား''

ဤသို့ ငါးများက စော်စော်ကားကားပြောလိုက်ကြသော်လည်း စေတနာရှင်ကြီးကတော့ မျက်နှာပျက်မသွားပါ။ ဒုက္ခရောက်နေတော့မည့် ဆဲဆဲ သတ္တဝါများကိုသာ သနားကြင်နာလှသော မျက်နှာထားဖြင့်ကြည့်ရှုကာ....

''စားချင်လို့ ပြောရတာမဟုတ်ပါဘူး ငါးတို့ရယ်၊ ငါ့စကားကို သင်တို့မယုံတာကိုတော့ ငါဝမ်းနည်းမိပါတယ်။ တကယ် ဟုတ်မဟုတ် သိချင်ကြရင်တော့ သင်တို့ထဲက ကိုယ်စားလှယ် တစ်ကောင်ကောင်ကို ထည့်လိုက်ကြပါ။ ငါပြောတဲ့အိုင်ကြီး အဟုတ်တကယ်ရှိကြောင်း သူ့ကို ငါကောင်းကောင်း ပြလိုက်ပါ့မယ်။ဒီတော့ ငါ့စကားကို ယုံမယ့်အစား မင်းတို့စေလွှတ်လိုက်တဲ့ ကိုယ်စားလှယ့်စကားကိုပဲ ယုံကြပေါ့''

စေတနာရှင်ကြီး၏ တင်ပြချက်ကို ငြင်းပယ်ရန်မရှိသဖြင့် ရေရောကုန်းပါ နှစ်ဘာသာနေနိုင်စွမ်းသော ငါးရန့်ကို ကိုယ်စားလှယ်အဖြစ် ရွေးချယ်၍ ထည့်လိုက်ကြ၏။ စေတနာရှင်ကြီးကလည်း ငါးရံ့ကို နှုတ်သီးနှင့်ကိုက်ချီ ပျံထွက်သွားကာ မကြာမီမှာပင် ပြန်နားလာ၏။

''ဘယ့်နှယ်လဲဟေ့–မောင်ငါးရံ့ရဲ့၊အိုင်ကြီးရှိတာ ဟုတ်ရဲ့လား''

''ရှိတယ်၊ ရှိတယ်''

''အိုင်ကြီးကျယ်တာ ဟုတ်ရဲ့လား''

''ကျယ်တယ်၊ ကျယ်တယ်''

''ကြာတွေပေါတာ ဟုတ်ရဲ့လား''

''ပေါတယ်၊ ပေါတယ်''

''ဟေ့ ဒီလိုဆို ဟန်ကျပြီကွ၊ တို့အရင်လိုက်မယ်၊ တို့ အရင်လိုက်မယ်''

ရှိရှိသမျှ ငါးများက သူ့ထက်ငါတိုးဝှေ၍ လာကြရာ စေတနာရှင်ကြီးကကော့ စည်းကမ်းတကျရှိပါဘိ၏။ ကိုယ်စားလှယ်အဖြစ် လိုက်ပါခဲ့ဖူးသော ငါးရံ့ကိုသာ ပထမဦးစွာ ကိုက်ချီသွား၏။ ထို့နောက်မှအိုင်သို့ပြန်လာကာ လက်လှည့်သင့်ရာငါးများကို တစ်ကောင်ချင်း တစ်ကောင်ချင်း ကိုက်ချီသွားလေသည်။

ဤသို့ ရက်အတန်ကြာ သယ်ဆောင်လိုက်သော အခါ အိုင်ထဲမှာ ရှိရှိသမျှငါးတွေ ကုန်သွားတော့၏။ အိုင်ကမ်းစပ်မှ လက်မကြီးတွေ တထောင်ထောင်နှင့် လမ်းသလားနေသော ပုစွန်လုံးသာ ကျန်တော့၏။

စေတနာရှင်ကြီးကတော့ ကျောသား ရင်သား မခွဲခြားပါ။

''မောင်ပုစွန်လုံးရယ်၊ မင်းလိုက်ချင်တယ်ဆိုရင်လဲ ငါကတော့ သယ်ပေးဖို့ အသင့်ပါပဲ''

ဤသို့ ခင်မင်ရင်းနှီးစွာ ဖိတ်ကြားလိုက်လေရာ....

''သယ်ဆောင်ပေးတာတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ခင်ဗျားက ကျုပ်ကို ဘယ်လိုလုပ်သယ်ဆောင်ပေးမှာတုန်း''

''ငါးတွေကိုသယ်ပေးသလို သယ်ပေးရမှာပေါ့ကွာ''

''အံမာလေးလေးဗျာ၊ အဲသလိုတော့ မလုပ်လိုက်ပါနဲ့၊ ကျုပ်ကိုယ်လုံးက ငါးတွေလို ပျော့စိစိ မဟုတ်ဘူးဗျ၊ တကယ်လို့ ကောင်းကင်ရောက်ခါမှ ခင်ဗျားနှုတ်သီးက မခိုင်လို့ပြုတ်ကျတော့ ဘယ့်နှယ်လုပ်မလဲ''

''ဒါဖြင့်—မင်းကို ဘယ်လိုသယ်ပေးစေချင်သလဲ''

''ဦးကြီးမှာ တာဝန်မလေးလို့ ဦးကြီးလည်ပင်းကို ကျုပ်လက်မနဲ့ ညှပ်ပြီးလိုက်ရရင်တော့ စိတ်ချရတာပေါ့ဗျာ''

''ကောင်းပါပြီဗျာ၊ မင်း စိတ် ချမ်း သာ သ လို သာ လိုက်ခဲ့ပါတော့''

မိမိလည်တံကို ပုစွန် အညှပ်ခံလိုက်ပြီးနောက် ဗျိုင်းသည် ကြာမျိုး ငါးပါး ဖုံးလွှမ်းနေသော အိုင်ကြီးဆီသို့ ပျံလာ၏။ သို့ရာတွင် ထို

အိုင်ကြီးသို့ မသက်ဆင်းဘဲ ကန်စပ်မှာ ရှိသော ရေခတက်ပင်ကြီးသို့ ပျံလာခဲ့၏။ ဤတွင် ပုစွန်လုံးက....

"အို - ဦးကြီး ဦးကြီး၊ ရေအိုင်က အဲဟိုမှာလေ၊ ဘာ့ကြောင့် ရေခတက်ပင်ကြီးဆီ ပျံသွားရတာလဲ"

"ဟော့--ဘာဆွေမျိုးမှလာမစပ်နဲ့ကွ၊ မင်းနဲ့ငါနဲ့ဘာမှ မတော်ဘူး သိလား"

ဗျိုင်းသည် ဤသို့ မောက်မောက်မာမာ ပြောဆိုလျက် ရေခတက်ပင် ခွကြား၌ နားလိုက်ပြီးလျှင်....

"မင်းကို ငါက သယ်လာခဲ့လေတော့ မင်းက ငါ့ကို ကျေးကျွန်မှတ်နေမလားမသိဘူး။ ဟောဒီ ခတက်ပင်ကြီးအောက်က အရိုးပုံကြီးကို ကြည့်လိုက်စမ်း။ အဲဒါ မင်းနဲ့ တစ်အိုင်ထဲ နေခဲ့ကြတဲ့ မင့် ဆွေမျိုးများရဲ့ အရိုးတွေပေါ့ကွ။ သူတို့ကို ဟိုအိုင်ကြီးထဲချမပေးဘဲ ဒီခွကြားမှာ ချချပြီး စားလာတယ်လေ။ အခုတော့ မင်းအလှည့်ပေါ့ကွာ"

"အောင်မာ-ခင်ဗျားကြီးက ကျုပ်ကိုများ ငါးတွေလို အောက်မေ့နေသလား၊ သူတို့နဲ့ မတူတာကို ပြလိုက်ရ သေးတာပေါ့။ ကဲ--လာလေရော့"

ညှပ်လက်စ လက်မများကို ပိုမို၍ တင်းတင်းကျပ်ကျပ်ကြီး ညှပ်ပြလိုက်ရာ ဗျိုင်းမှာ ပါးစပ်ကြီးဟလျက် မျက်ရည်များ တောက်တောက် ယိုကာ....

"ဟာကွာ--ဒီလိုတော့ မလုပ်လိုက်ပါနဲ့ ငါ့တူကြီးရာ။ ဦးကြီးက မင့်ကို ကျီစားတာပါကွာ၊ တကယ်စားမယ်လို့ မဟုတ်ရပါဘူး။ ဦးကြီး အသက်ကို ချမ်းသာပေးပါကွာ--နော်"

"ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ်ကို ရေအိုင်ထဲလွှတ်ပေး"

"ကောင်းပါပြီကွာ၊ ကောင်းပါပြီ"

ဗျိုင်းသည် ရေခတက်ပင်မှ တစ်ဆင့် ရေအိုင်ကြီးဆီသို့ ပြန်ဆင်းကာ ကမ်းစပ်မှာ နားလိုက်၏။ ဤတွင် ပုစွန်လုံးက....

"ခင်ဗျားကြီးကို သနားလို့ လွှတ်လိုက်ရင် တခြားငါးတွေကို သွားညာပြီး စားဦးမှာပဲ မဟုတ်လား"

ဤသို့ ပြောပြောဆိုဆို လက်မကြီးများနှင့် ညှပ်ချလိုက်ရာ ကယ်တင်ရှင်ယောင်ဆောင်၍ စားသောက်ခဲ့သော ဗျိုင်းမှာ ဦးခေါင်းပြတ်သွားရလေတော့သည်။

(ကေနိပါတ်၊ ဗကဇာတ်)

မကဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

ဗျိုင်း = ဇေတဝန်ကျောင်းနေ သက်န်း တိုးပွားအောင်ပြုသော ရဟန်း။
ပုစွန် = တောရွာနေ သင်္ကန်းတိုးပွားအောင် ပြုသော ရဟန်း။
ထိုဇာတ်လမ်းကို တွေ့မြင်သောရုက္ခစိုးနတ် = မြတ်စွာဘုရား။

## သံကိုကြွက်စား သားကိုစွန့်ချီ

ဗာရာဏသီမြို့တော်ရှိ တရားရုံးတော်သို့ အမှုသည်နှစ်ဦးတို့ ရောက်ရှိလာကြ၏။ တစ်ဦးမှာ မြို့ကြီးသားကုန်သည်ဖြစ်၍ တစ်ဦးမှာ တောရွာသား ကုန်သည် ဖြစ်ပေသည်။ မြို့ကြီးသားကုန်သည်က တရားလိုဖြစ်၍ တောရွာသားကုန်သည်က တရားပြိုင်ဖြစ်ပေသည်။

တရားသူကြီးသည် ထိုအမှုကိုလက်ခံပြီးလျှင် ပထမဦးစွာ တရားလိုကို မေးစစ်လိုက်ရာ....

"တရားသူကြီးမင်းခင်ဗျား၊ သူနဲ့ကျွန်တော်ဟာ မိတ်ဆွေရင်းချာများ ဖြစ်ကြပါတယ်။ မြို့မှာ ကုန်ဝယ်လာတိုင်း ကျွန်တော့်အိမ်မှာ ဝင်ရောက်တည်းခိုနေကျ ဖြစ်ပါတယ်။ ဒီကနေ့မနက်ကတော့ သူဟာ ကျွန်တော့်အိမ်လာပြီးတော့ ကျွန်တော့်သားကလေးကို ရေချိုးရအောင်ဆိုပြီး ခေါ်သွားပါတယ်။ရေချိုးပြီးပြန်လာတော့ သားကလေး ပါမလာတော့ပါဘူး။ ဒါကြောင့် ကျွန်တော်ကမေးကြည့်လိုက်တဲ့အခါ သူက သားက

လေးကို စွန်ကြီးချီသွားပြီလို့ ပြောပါတယ်။ ဒါဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး တရားသူကြီးမင်းခင်ဗျား။ ဆယ်နှစ်သားအရွယ်လူငယ်ကလေး တစ်ယောက်ကို ချီသွားနိုင်တဲ့စွန်ရယ်လို့ လုံးဝမရှိပါဘူး။ ကျွန်တော့်သား ကလေးကို တော်ရာမှာဝှက်ထားတာသာ ဖြစ်နိုင်ပါတယ်''

''တောရွာသားကုန်သည်၊ ဘယ်လိုလဲ သူပြောတာ ငြင်းချင်သေးသလား''

''မှန်ပါ၊ သူ့စကားကို မချေပခင် သူ့ကို မေးခွန်းတစ်ခု ထုတ်ပါရစေ တရားသူကြီးမင်းခင်ဗျား''

''အေး—မေးနိုင်တယ်၊ မေးခွင့်ရှိတယ်''

တရားပြိုင်ဘက်၏ တောင်းဆိုချက်မှာ တရားရုံးတော်၏ ထုံးစံနှင့် ညီညွတ်နေသဖြင့် တရားသူကြီးက ခွင့်ပေးလိုက်ရ၏။

''ကျွန်တော် မေးချင်တာကတော့ ဒီလိုပါခင်ဗျား။ လူကလေး တစ်ယောက်ကိုမှ စွန်က မချီနိုင်ဘူးဆိုရင် သံထွန်သွားတွေကိုကော ကြွက်က စားနိုင်ပါ့မလား''

''ဟော့—ဟော့—မင့်မေးခွန်းက အမှုနဲ့ဘာဆိုင်သလဲကွ''

တရားလိုက မဖြေကြားရသေးခင် တရားသူကြီးဝင်၍ ထောက်လိုက်ရာ....

''အဖြစ်က ဒီလိုပါ တရားသူကြီးမင်းခင်ဗျား။ ခပ်စောစောတုန်းက ကျွန်တော်ဟာ သူ့အိမ်မှာ သံထွန်သွားတွေ အပ်ထားခဲ့ပါတယ်။ အခု မိုးဦးကျမှာ လယ်ထွန်ချိန်ရောက်လို့ သွားယူတော့ သူက သံထွန်သွားတွေ မရှိတော့ဘူးလို့ ပြောပါတယ်။ ပစ္စည်းခန်းထဲမှာ အန္တံအပြားကြဲဖြန့်ချထားတဲ့ ကြွက်ချေးတွေကို ပြပြီးတော့ ''သံထွန်သွားတွေ ကြွက်စားသွားလို့ ကုန်ပြီ၊ ဒီကြွက်ချေးတွေသာ ကြည့်ပါတော့''လို့ ပြောပါတယ်။ ဒီတော့ သံထွန်သွားကိုတောင် ကြွက်စားနိုင်မှတော့ သူ့သားကိုလဲ စွန်ကမချီနိုင်စရာ မရှိပါခင်ဗျား''

''သူပြောတာ ဟုတ်ရဲ့လား မြို့ကြီးသားကုန်သည်''

တရားသူကြီး၏အမေးကို တရားလိုက ဟုတ်တိုင်းမှန်ရာ အဖြေပေးလိုက်ရ၏။

ဤတွင်မှ နှစ်ဦးနှစ်ဘက်မျှတသောဆုံးဖြတ်ချက်ကို ခံယူကာနှစ်ဦး
**သား** အတူတကွ ပြန်သွားကြရလေသည်။

(ဒုကနိပါတ် ကူဋဝါဏိဇဇာတ်)

ကူဋဝါဏိဇဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်

ကောက်ကျစ်သောကုန်သည် = ထိုကုန်သည်။
ဖြောင့်မှန်သောကုန်သည် = ထိုကုန်သည်။
သူတို့အမှုကိုဆုံးဖြတ်ပေးရသောတရားသူကြီး = မြတ်စွာဘုရား။

## အင်အားကြီးတိုင်း အရာမရောက်

ကုန်းသတ္တဝါအပေါင်းတွင် ဆင်သည် ကိုယ်ကောင် အထွားဆုံး ဖြစ်၏။ အင်အားလည်း အကြီးဆုံးဖြစ်၏။

ကျေးငှက်အပေါင်းတွင် နှံစုတ်ငှက်မျိုးသည် ကိုယ်ကောင်အသေး ကွေးဆုံးဖြစ်၏။ အင်အားလည်း အငယ်ဆုံးဖြစ်၏။

တစ်ခါတုန်းက အင်အားအကြီးဆုံး ကုန်းသတ္တဝါနှင့် အင်အား အငယ်ဆုံး ငှက်မလေးတို့သည် ထိပ်တိုက်ရင်ဆိုင် ဆုံမိကြဖူးပါ၏။

ပေါက်ခါစ ငှက်သားငယ်ကလေးတို့၏ စိုးစိုးစီစီမြည်သံကို နားခံရင်း နှံစုတ်ငှက်မကလေးသည် နှစ်သိမ့်ကြည်နူး၍ နေခဲ့၏။ ပေါက်အံ့ဆဲဆဲ အတောင်နုကလေးများကို ကြည့်ရှုကာ ပျော်မြူး၍နေခဲ့၏။ ထိုစဉ်ခိုက်မှာ သူတို့အသိုက်ဆီသို့ ဆင်ပြောင်ကြီးတစ်စီးက ဦးတည်လျက် လာနေလေရာ နှံစုတ်ငှက်မကလေးမှာ ပျာယာခတ် သွားရှာပါတော့သည်။

သည်တော သည်နေရာမှာ ဆင်တွေမလာတတ်ဘူးထင်၍ ဤနေရာမှာ အသိုက်ဆွဲခဲ့မိ၏။ ဤအသိုက်မှာ ဥများဥကာ သားငယ် ကလေးများ ပေါက်လာအောင် ဝပ်ပေးခဲ့၏။ အကောင်ကလေးများ ပေါက်လာပြန်

ဇတော့လည်း ဤအသိုက်မှာပင် အတောင်အလက်များ စုံလာစေမည်ဟု ရည်မှန်းထားခဲ့၏။ ယခုတော့ အတောင်မပေါက်မီမှာပင် ဆင်ပြောင်ကြီး က ရောက်လာခဲ့ချေပြီကော။

သားငယ်ကလေးများ အတွက် ပျာယာခတ်နေစဉ်မှာပင် ဆင်ပြောင်ကြီးကလည်း နီးသထက် နီးကပ်လာ၏။ သူ့နောက်မှာလည်း ဆင်တွေ တသီတတန်းကြီး လိုက်လာကြ၏။ ဤမျှလောက် နောက်လိုက် ဆင်တွေ ပေါများနေမှတော့ ခေါင်းဆောင်ဆင်ပြောင်ကြီးမှာ စိတ်နေ သဘောထားပြည့်ဝ၍ပင် ဖြစ်ပါလိမ့်မည်။

ဤအချက်ကို တွေးမိသည်ဆိုလျှင်ပင် နှံစုတ်ငှက်မ ကလေးသည် အသိုက်ထဲမှနေကာ အတောင်ကလေး နှစ်ဘက်ကို လက်အုပ်ချီသကဲ့သို့ ပြုလျက် ...

"အို– အရှင်ဆင်မင်းကြီးရှင့်၊ အခြွေအရံပေါများလှတဲ့ အရှင် ဆင်မင်းကြီးကို ကျွမ လက်အုပ်ချီမိုး ရှိခိုးလိုက်ပါတယ်။ အင်မတန်သေး ကွေးလှတဲ့ ကျွမသားငယ်ကလေးတွေကို ချမ်းသာပေးတော်မူပါရှင့်။"

ဤသို့ အသနားခံစကား ပြောကြားလိုက်လေရာ ဦးစီးခေါင်း ဆောင် ဆင်ပြောင်ကြီးကလည်း....

"အို- နှံစုတ်ငှက်မကလေး၊ သင် မစိုးရိမ်ပါနဲ့။ ငါကိုယ်တိုင် သင့် သားငယ်ကလေးတွေကို စောင့်ရှောက်ပေးပါ့မယ်"

ပြောပြောဆိုဆိုပင် ငှက်သိုက်ကလေးကို ခြေလေးချောင်းဖြင့်ခွ၍ ရပ်ပေးလိုက်၏။ ဤတွင် နောက်ပါဆင်များသည် သူ့နံဘေးမှ ဖြတ်သွား ကြလေရာ ငှက်သိုက်ကလေးမှာ ဘေးမသီရန်မခဘဲ ရှိရစ်လေတော့သည်။

ထို့နောက် ဆင်ပြောင်ကြီးသည် ငှက်သိုက်ကလေးနှင့်မထိအောင် အထူးသတိထား၍ ရှောင်နင်းလာပြီးမှ....

"အို- နှံစုတ်ငှက်မကလေး၊ ငါတို့အတွက်တော့ သင်စိတ်အေးရ ပေပြီ။ ဒါပေမယ့်လို့ ငါတို့နောက်မှာ ဆင်တစ်ကောင်တော့ ကျန်သေး တယ်။ သူဟာ အင်မတန်မှ ဆိုးသွမ်းလှတဲ့အတွက် ဘယ်ဆင်အုပ်ကမှလက် မခံဘူး။ ငါ့စကားကိုလဲ နားမထောင်ဘူး။ အဲဒီအကောင် ရောက်လာ တော့လဲ ကြိုးစားပြီးသာ တောင်းပန်လိုက်ပေတော့"

ဤသို့ သတိပေးစကား ပြောကြားကာ ခရီးဆက်လက် ထွက်ခွာ သွားလေသည်။

ဆင်ပြောင်ကြီး ပြောပြထားသည့်အတိုင်းပင် ထိုလမ်းကြောင်းအတိုင်း ဆင်ကြီးတစ်စီး လျှောက်လာပြန်၏။ ယခင် ဆင်ပြောင်ကြီးနှင့် ဤဆင်မှာ အမူအရာချင်း ကွာခြားလွန်းလှ၏။ ဟိုဆင်ကြီးက တည်တည်ငြိမ်ငြိမ် ရှိသလောက် ဤဆင်ကတော့ တွေ့ကရာကို နှာမောင်းဖြင့်ရိုက်ချိုးဖျက်ဆီး၍ လာပေသည်။

သို့ရာတွင် နှံစုတ်ငှက်မကလေးအတွက်တော့ ယခင်နည်းမှတစ်ပါး အခြားအားကိုးရာ မရှိပါ။ သို့ဖြစ်၍ ယခင်ဆင်ပြောင်ကြီးတုန်းကအတိုင်း အတောင်နှစ်ဘက်ဖြင့် လက်အုပ်ချီ၍ တောင်းပန်လိုက်ရ၏။ သို့ရာတွင် ပင်ကိုအားဖြင့် ခက်ထန် ကြမ်းတမ်း၍ နေသော ဆင်ဆိုးကြီးသည် ယဉ်ကျေးသိမ်မွေ့သော ဆက်ဆံရေးကို တန်ဖိုးမထားတတ်ပါ။ သူ၏ အားခွန်ဗလ သန်စွမ်းမှုတစ်ခုတည်းကိုသာ ဂရုစိုက်တတ်သဖြင့်....

''သယ်- နှံစုတ်ငှက်မကလေးက ငါ့လာပြီး ပလီမနေနဲ့။ နင်တို့လို လက်တစ်ဆုပ်စာ မရှိတဲ့ အကောင်ကလေးတွေ သတ်လိုက်တော့ကော ဘာဖြစ်သေးသလဲ။ နင်တို့လို အကောင်ကလေးများတော့ တစ်သိန်းလောက်ရှိတော့ ငါတစ်ချက်နင်းရုံလောက် ရှိတယ်''

ပြောပြောဆိုဆိုပင် ဆင်ဆိုးကြီးသည် နှံစုတ်ငှက်သိုက်ကလေးကို ရက်ရက်စက်စက် နင်းလိုက်တော့၏။ အတောင်မပေါက်သေး၍ မပျံနိုင်ရှာကြသော ငှက်ပေါက်စကလေးများမှာ ငှက်သိုက်နှင့်အတူ စိစိညက်ညက် ကြေသွားရရှာတော့၏။ ဆင်ဆိုးကြီးကတော့ ဤမျှဖြင့် အားမရသေးပါ။ စိစိညက်ညက်ကြေနေပြီးသော ငှက်ပေါက်စကလေးများကိုပင် ကျင်ငယ်နှင့် ပန်းချလိုက်ရာ အသိုက်ရော အကောင်သေကလေးများပါ မျောပါသွားကြရရှာတော့သည်။

''ဟယ်- ဆင်ဆိုးကြီး၊သင်က နေရာတကာ အင်အားနဲ့အနိုင်ယူဖို့ချည်း စိတ်ကူးနေတယ်၊ တကယ်တော့ သူမိုက်တစ်ယောက် အင်အားကောင်းနေတာဟာ ကိုယ့်ကိုယ်ကို သတ်ဖို့လက်နက်ပဲ။ သင်ဟာ မနိုင်းယှဉ်သာအောင် အင်အား သေးငယ်လှတဲ့ ငါ့သားကလေးတွေကို သတ်ခဲ့တယ်၊ သင့်ကိုလဲ ငါက လက်စားချေမယ်ဟဲ့''

နှံစုတ် ငှက်မကလေး၏ ခြိမ်းခြောက် စကားကို ဆင်ဆိုးကြီးကတော့ အလေးမထားပါ။ အလွန်တရာ သေးငယ်လှစွာသော သတ္တဝါကလေးများကိုနင်းချေသတ်ဖြတ်ခဲ့ရခြင်းကိုပင် တကယ့်ပွဲကြီးပွဲကောင်းဟု

သဘောထားကာ နှာမောင်းကြီးမြှောက်ချီ၍ကြိုးကြာသံ မြည်ဟည်းကာ ဦးတည်ရာ လျှောက်သွားပါတော့သည်။

ထို့နောက် နှံစုတ်ငှက်မကလေးသည် တွယ်တာစရာ သံယောဇဉ်များ မရှိတော့ပြီမို့ ထိုနေရာကလေးကို စွန့်ခွာလာခဲ့၏။ မိမိထက် မနှိုင်းသာအောင် အားခွန်ဗလကြီးမားလှသော သတ္တဝါဆိုးကြီးကို အနိုင်တုနိုင်ရေးအတွက်ကား မိမိတစ်ဦးတည်းအားနှင့် မဖြစ်နိုင်ပါ။ အများအားဖြင့် ဝိုင်းကူမှသာ ဖြစ်ပါလိမ့်မည်။

သို့ဖြစ်၍ နှံစုတ်ငှက်မကလေးသည် ပထမဦးစွာ ကျီးနှင့်မိတ်ဆွေဖွဲ့၏။ အကျွမ်းတဝင် ခင်မင်နှင်းနှီး၍လာသောအခါ ကျီးက....

''နှံစုတ်ငှက်မကလေး၊ သင့်မှာ တစ်စုံတစ်ရာ လုပ်စရာရှိရင် ငါ့ကို ပြောပါ။ ငါ အတတ်နိုင်ဆုံး ကူညီပါ့မယ်''ဟု စကားကမ်းလှမ်း၏။ ဤတွင် နှံစုတ်ငှက်မကလေးက ''ကူညီရမယ့်ကိစ္စကို တစ်နေ့ကျတော့ ပြောပါ့မယ်''ဟု ပြန်ပြောထားလေသည်။

ထိုမှတစ်ဆင့် ယင်မမဲရှိုင်းကြီးတစ်ကောင်နှင့် ဖားတစ်ကောင်တို့ကိုလည်း မိတ်ဆွေဖွဲ့လေရာ ထိုသူတို့၏ အကူ အညီ ကိုလည်း ရယူနိုင်ခဲ့လေသည်။

ဤသို့ဖြင့်လိုအပ်သောအကူအညီများရပြီးသောအခါနှံစုတ်ငှယ်မကလေးနှင့် သူ၏မိတ်ဆွေတို့သည် ဆင်ဆိုးကြီးကို လှည့်လည်ရှာဖွေကြရာ မကြာမီမှာပင် တွေ့ကြရ၏။တွေ့သည်နှင့်တစ်ပြိုင်နက် ကျီးသည် ဆင်ဆိုးကြီး၏ မျက်လုံးနှစ်ဘက်တို့ကိုနှုတ်သီးဖြင့် ထိုးဖောက်လိုက်၏။ ထိုဒဏ်ရာမှ သွေးယိုကျ၍ စိုသွားသောအခါ ယင်မမဲရှိုင်းကြီးက ဥများ ဥချလိုက်လေသည်။

သူများကို အနိုင်ကျင့်ရစဉ်က အားရပျော်ရွှင်ခဲ့သော ဆင်ဆိုးကြီးသည် မိမိခံရသည့်အလှည့်တွင်ကား ဣန္ဒြေမဆည်နိုင်အောင် ဖြစ်ရတော့၏။ ထိုးဖောက်ထားသော ဒဏ်ရာက နာလွန်းရသည့်အထဲတွင် ယခုတောလောက်များကပါထိုးကြိတ်ကိုက်ခဲလာကြပြီမို့ရပ်တည်ရာမရအောင် ဖြစ်ရတော့၏။ သည်ကြားထဲတွင် မျက်လုံးကဒဏ်ရာအရှိန်ကြောင့် ရေငတ်သည့်ဝေဒနာလည်း ပြင်းထန်လာ၏။

ထိုအချိန်မှာပင် နှံစုတ်ငှက်မကလေး၏မိတ်ဆွေဖြစ်သောဖားသည် တောင်ထိပ်ပေါ်မှနေ၍ ''ကွပ် ကွပ် ကွပ်''ဟု အသံပြုလိုက်၏။ အလွန်

တရာရေစတ်နေသော ဆင်ဆိုးကြီးသည် ဖားသံကြားရာ တောင်ထိပ်သို့ မမြင်စမ်းတမ်းနှင့် တက်လာခဲ့၏။ ထိုအချိန်မှာပင် စောစောက အသံပြုခဲ့သောဖားသည် တောင်ကမ်းပါးယံမှ ခုန်ဆင်းကာ ထိုနေရာမှ အသံပြုပြန်၏။

ရေစတ်ပါလျက် ရေရှာ၍မရနိုင်သော ဆင်ဆိုးကြီးသည် ဖားသံကြားရာသို့ ကမူးရှူးထိုး လျှောက်လာခဲ့ရာ တောင်ကမ်းပါးယံမှ ပစ်ကျသွားလေတော့သည်။

အင်အားအကြီးဆုံးသော သတ္တဝါဆိုးကြီးကို အောင်မြင်စွာတိုက်ခိုက်ပြီးသောအခါ သေးငယ်လှစွာသော သတ္တဝါမကလေးသည် ဆင်သေကောင်ကြီးပေါ်၌ အပြန်ပြန်အလှန်လှန် လမ်းလျှောက်ကာ အောင်ပွဲခံ၍ နေလေသည်။

(ပဥ္စကနိပါတ်၊ လဋုကိကဇာတ်)

လဋုကိကဇာတ်၊ ပဥ္စကနိပါတ် ဇာတ်ပေါင်းသော်

ဆင်ဆိုးကြီး = ဒေဝဒတ်။
ဦးစီးဆင်ပြောင်ကြီး = မြတ်စွာဘုရား။

## သစ်ခေါင်းထဲက ဆက်ရက်ကလေး

ဆေးဆရာ တစ်ယောက်သည် ခပ်စုတ်စုတ် ဆေးအိတ်ကလေးကို ပခုံးမှာလွယ်လျက် ခေါင်းငိုက်စိုက်ဖြင့် ရွာထဲမှထွက်လာ၏။

အခြေအနေအရ ဆေးဆရာနာမည်ခံယူလာရသော်လည်း သူ့မှာ ဆေးပညာဟူ၍ ဟုတ္တိပတ္တိမရှိသေးပါ။ ကြားဖူးနားဝ ဆေးမီးတိုကလေးများဖြင့် စမ်းတဝါးဝါး ဆေးကု၍ စားနေသူသာဖြစ်၏။ ထို့ပြင် သူ၏ ရုပ်ရေကလည်း ဆရာသမားတစ်ယောက်အဖြစ် လေးစားလောက်သော ပုံသဏ္ဍာန်မရှိချေ။ သူ၏ ပြောဟန်ဆိုဟန် ဆက်ဆံမှုတို့ကလည်း သမားဂုဏ်မမြောက်ချေ။ သို့ဖြစ်၍ ဤရွာထဲမှာ ဆေးကုစရာ ရှာမရဘဲ ထွက်လာခဲ့ရခြင်း ဖြစ်ပေသည်။

ရွာအထွက်က ညောင်ပင်ကြီးအောက်တွင် သူငယ်များကစားလျက်ရှိကြ၏။ စိတ်ပျက်လက်ပျက်နှင့် ထွက်လာခဲ့ရသော ဆေးဆရာသည် ထိုသူငယ်များကိုမြင်ရာမှ ''သူတို့အထဲက တစ်ယောက်ယောက်ကို ဆေးကုလိုက်ရရင် ဘယ့်လောက် ဟန်ကျမလဲ''ဟု မဦးမချွတ် တွေးတောမိ၏။ ထိုအတွေးနှင့် တိုက်တိုက်ဆိုင်ဆိုင်ပင် လက်ခုပ် တစ်ဖောင်ခန့် မြင့်သော ညောင်ပင်အခေါင်းထဲတွင် မြွေတစ်ကောင် ခေါင်းပြူလျက် အိပ်နေသည်

ကို တွေ့လိုက်ရ၏။ ဤတွင် ဆေးဆရာသည် အဖိုးတန်လှသော ဤအခွင့်အရေးကို လက်လွှတ်မခံနိုင်သဖြင့်....

''ဟေ့–ကလေးတို့၊ ငါ့တူတို့၊ ဆက်ရက်ကလေး တစ်ကောင်များ ရရင် မယူချင်ဘူးလား''

အကြီးဆုံးသူငယ်ကလေးထံ ချဉ်းကပ်၍ ခင်မင်ရင်းနှီးဟန်ဖြင့် မေးမြန်းလိုက်ရာ....

''လိုချင်တာပေါ့ဗျာ၊ ရရင်ဖမ်းပြီး ကစားရတာပေါ့''

''တဲ–ဒါဖြင့် ဟိုယပ်ခေါင်းပေါက်ထဲ ကြည့်လိုက်စမ်း''

''ဟာ–ဟုတ်သားပဲ၊ တို့အစက မမြင်ဘူးကွ''

ပြောပြောဆိုဆို သူငယ်သည် ညောင်ပင်၏ အဖုအထစ်များကို ကုတ်ကတ်၍ တက်သွားကာ ညောင်ခေါင်းထဲက သတ္တဝါကို လည်ကုပ်မှ ကိုင်လိုက်၏။

''ဟာ''

မိမိရရ ကိုင်လိုက်မိသည်နှင့်တစ်ပြိုင်နက် သူငယ်သည် လက်ထဲက သတ္တဝါ၏ အဖြစ်မှန်ကိုသိရသဖြင့် အထိတ်တလန့်ဖြစ်သွားရ၏။ သို့ရာတွင် သတိကိုလက်မလွှတ်စေဘဲ ခိုင်ခိုင်မြဲမြဲဆုပ်ကိုင်ကာ လျင်မြန်စွာဆွဲထုတ်၍ ပစ်ချလိုက်၏။

''ဟာ–မြွေကြီးဟ၊ မြွေဟောက်ကြီးဟ''

ကစားဖော် သူငယ်ချင်းများ အလန့်တကြား အော်လိုက်စဉ်မှာပင် မြွေဟောက်သည် ဆေးဆရာ၏လည်ပင်း ပေါ်သို့ကျလာ၏။ ကြောက်ကြောက်လန့်လန့်ဖြင့် လည်ပင်းကိုရစ်ပတ်ကာ ဆေးဆရာ၏ မျက်နှာအနှံ့ အပြားကို ပေါက်လေတော့၏။

ဆေးကုစရာ လူနာရှာဖွေသော ဆေးဆရာသည် မိမိကိုယ်တိုင် လူနာဖြစ်ရတော့၏။ သို့ရာတွင် ထိုသူနာသည်ကား ဆေးမမီနိုင်တော့ပါ။ ထိုနေရာမှာပင် လဲကျ သေဆုံးသွားရပါတော့သည်။

(ပဥ္စကနိပါတ၊ သာဠ္ဌိယဇာတ်)

သာဠ္ဌိယဇာတ်၊ ပဥ္စကနိပါတ် ဇာတ်ပေါင်းသော်

ဆေးသမားမိုက် = ဒေဝဒတ်။

ပညာရှိ ကလေး = မြတ်စွာဘုရား။

## သူ့ဗိုက်ကိုယ့်ဗိုက်

တစ်ခါတုန်းက တောတွင်း တစ်နေရာရှိ ကြို့ပင်ကြီး အောက်၌ ဝက်ဝံသည် နှစ်ခြိုက်စွာ အိပ်နေ၏။ အစားအစာတွေ တဝကြီးစား၍ ကားကားကြီးဖြစ်နေသော သူ့ဗိုက်ကြီးသည် စည်းချက်ကျကျ နိမ့်ချည် မြင့်ချည် ဖြစ်နေလေသည်။

တောင်လေတဖြူးဖြူးတိုက်ခတ်နေသည်ကို ဇိမ်ခံ၍အိပ်နေဆဲမှာပင် ကြို့ပင်ပေါ်မှကိုင်းခြောက်တစ်ခုက ဇိမ်သမား၏ခါးပေါ်သို့ ကျလာ၏။ ခါးပေါ်က နာကျင်လှသော ဒဏ်ချက်ကြောင့် ဝက်ဝံသည် အိပ်ရာက နိုးကာ ကြောက်လင့်တကြား ပြေးသွား၏။ အတန်ငယ် ပြေးသွားပြီးမှ နောက်သို့လှည့်၍ကြည့်လိုက်ရာ မိမိနောက်သို့လိုက်လာသည့် သားရဲများ ကို မတွေ့ရချေ။

သို့ဖြစ်၍ဝက်ဝံသည် လာလမ်းအတိုင်း ပြန်ဆုတ်ခဲ့ရာမိမိကိုယ်ပေါ် ကျလာသော သစ်ကိုင်းခြောက်ကို တွေ့ရတော့၏။ ဤတွင်မှ ဝက်ဝံသည် ကြို့ပင်ကို နှုတ်သီးနှင့် ထိုးကာ ထိုးကာ....

စပယ်ဦး၊ ၁၉၈၀

''ဟယ် – ကြို့ပင်စောင့်နတ်၊ ငါဟာ နင့်အပင်က အရွက်ကိုလဲ ခူးမစားဘူး၊ သစ်သက်ကိုလဲမချိုးဘူး။ တခြားသတ္တဝါတွေလာအိပ်တာကို သည်းခံနိုင်ပြီးတော့ ငါ့ကိုတော့ နင်က မကြည်ဖြူဘူး၊ ငါ့မှာ ဘာအပြစ်ရှိနေလို့လဲ။ ဒါလောက်တောင်ရှိလှ စောင့်ကြည့်ဦးပေါ့ကွာ။ နှစ်ရက်သုံးရက်လောက်ကြာရင်တော့လား နင့်သစ်ပင်ကို အမြစ်က နုတ်ပစ်စေရမယ်ကွ၊ သိရဲ့လား''

ဤသို့ ဒေါကြီးမောကြီးနှင့် ကြိမ်းဝါးကာ တစ်နေရာသို့ထွက်ခွာသွား၏။

သူကြိမ်းဝါးသွားခဲ့သည့်အတိုင်း ထိုရက်များအတွင်းမှာပင် ထိုတောထဲသို့ လက်သမားတစ်ယောက် လှည်းနှင့်ရောက်လာ၏။ နောက်လိုက်သုံးယောက်နှင့်အတူ လွှ၊ ပဲခွပ်၊ ပုဆိန်စသော လက်သမား ကိရိယာများလည်း အပြည့်အစုံပါလာကြသေးသည်။

သူတို့သည် လှည်းဘီးနှင့်တကွ လှည်းတစ်စီးစာသစ်များရှာဖွေရန် တောထဲသို့လှည့်လည်ရာမှ ထိုကြို့ပင်ကြီးနားသို့ရောက်လာကြ၏။ ဤတွင် လက်စားချေရန်ချောင်းမြောင်းနေသောဝက်ဝံက သူတို့အနားသို့ချဉ်းကပ်လာကာ...

''အို–အဆွေတို၊ သင်တို့ဟာ လက်နက် ကိရိယာ အပြည့်အစုံနဲ့ တောထဲရောက်လာခဲ့ကြတယ်၊ ဘယ်လို သစ်ပင်မျိုးကို အလိုရှိကြလို့လဲ''

ဤသို့ နှုတ်ခွန်းဆက်စကား ပြောကြားလိုက်လေရာ....

''အလို – လူစကား ပြောတတ်တဲ့ ဝက်ဝံရယ်လို့ တို့ ဟိုတုန်းက မကြားခဲ့ဘူး၊ အခုမှ လူစကားပြောတတ်တဲ့ ဝက်ဝံနဲ့ လာတွေ့ရပေတယ်။ အင်မတန်မှ ဝမ်းသာလှပါတယ်အဆွေဝက်ဝံရယ်။ အဆွေဝက်ဝံကတော့ တောဟာကာတောင်တကာသွားလာကျက်စားနေတာဆိုတော့ လှည်းဘီးလုပ်လို့ကောင်းတဲ့သစ်ပင်ကို သိပါလိမ့်မယ်။ ဘယ်သစ်ပင်ဟာ လှည်းဘီးလုပ်လို့ ကောင်းပါသလဲ''

''အိုး – ဘယ့်နှယ်ပြောပါလိမ့်၊ လှည်းဘီး လုပ်လို့ ကောင်းတဲ့ သစ်သားကိုကောင်းကောင်းကြီးသိတာပေါ့။ လက်သမားတွေ အများဆုံးအားထားကြတာကတော့ ပိတောက်၊ ရှား၊ အင်ကြင်းနဲ့ပေါက်တွေကိုပဲ ပေါ့။ တကယ်တော့ အဲဒီသစ်တွေက မခိုင်ပါဘူး၊ ထင်သလောက်မဟုတ်ပါဘူး၊ လှည်းဘီးအတွက် တကယ်ခိုင်တာကတော့ ကြို့သားပဲရှိတယ်''

ဒါနဲ့ အဆွေဝက်ဝံရယ်၊ ကြို့ပင်ဆိုတာက ဘယ်လိုဟာမျိုးလဲ"

"ကြို့ပင်ဆိုတာမျိုးက အခက်အလက်တွေ တွဲလောင်း ကျနေတယ်၊ ကိုင်းတွေကန္နဲ့ပြီးညွှတ်ကျနေတယ်၊ တောရိုတန်ရုံနဲ့မကြီးတတ်ဘူး။ ကဲဗျာ–တခြား ဘယ်မှရှာမနေပါနဲ့တော့၊ ကျုပ်ရပ်နေတဲ့နားက သစ်ပင်ဟာ ကြို့ပင်ကြီးပဲပေါ့"

"အေး ဟုတ်ပြီဟေ့၊ တို့ ဒီကြို့ပင်ကြီးဖြတ်ကြစို့"

လက်သမားနှင့် နောက်လိုက်များက လက်နက် ကိရိယာများ ပြင်ဆင်ကြလျှင်ပင် ဝက်ဝံသည် မိမိလိုအင်ဆန္ဒပြည့်ဝပြီဖြစ်၍ တောရာသို့ ထွက်ခွာသွား၏။

ထိုအခါ ကြို့ပင်မှာစောင့်နေသော ကြို့ပင်စောင့်နတ်သည် ထိတ်လန့် တကြား ဖြစ်လာရ၏။

အကယ်၍ လက်သမားများထံ ကိုယ်ထင်ပြ၍ ပြေပြေလည်လည် တောင်းပန်လျှင် မိမိဗိမာန် အဖျက်ခံရမည်မဟုတ်ချေ။ အသက်အန္တရာယ်လည်း မကျရောက်လာနိုင်ချေ။ သို့ရာတွင် သူကလည်းဝက်ဝံနည်းတူ အရာမဟုတ်ပါဘဲလျက်ရန်ငြိုးဖွဲ့မိ၏။ မိမိအားပျက်စီးရန်ကြံစည်ခဲ့သောဝက်ဝံအား မိမိကဲ့သို့ပျက်စီးရန်သာအာရုံစိုက်မိ၏။ ထို့ကြောင့်သာမန်ခရီးသွား တစ်ယောက်ကဲ့သို့ ဖန်ဆင်း၍ လက်သမားများထံ ချဉ်းကပ် လာကာ....

"အို–အဆွေတို့၊ ဒီ ကြို့ပင်ကအသားနဲ့ ဘာများ လုပ်ကြမယ် စိတ်ကူးကြသလဲ"

ဤသို့ အကျွမ်းတဝင် ဝင်၍ မေးမြန်းလိုက်လေရာ....

"ဒီကြို့သားနဲ့လှည်းဘီးလုပ်ဖို့ပါ။ လှည်းဘီးအတွက်တော့ သိပ်ကောင်းတယ် ဆိုတာပဲဗျာ"

"ကောင်းမှာပေါ့ဗျာ၊ သိပ်ကောင်းပေါ့။ ဒါထက် ဒီကြို့သားနဲ့ လှည်းဘီးလုပ်ပြီးတဲ့အခါကျတော့ လှည်းဘီးအပြင်နား တစ်လျှောက်မှာ ဝက်ဝံရေနဲ့သာ ကွပ်လိုက်ရရင်တော့ သိပ်ခိုင်သွားမှာပဲ၊ လှည်းတန်ဖိုးလဲ တက်သွားမှာပဲ"

"ခိုင်တာတော့ ဟုတ်မှာပေါ့လေ၊ ဒါပေမယ့် ဝက်ဝံရေက ဘယ်ကရမှာလဲ"

"တယ်လဲခက်တဲ့လူတွေပဲဗျာ၊ ခင်ဗျားတို့ ခုတ်ရမယ့်သစ်ပင် ပြခဲ့တာက ဘာကောင်လဲဗျ၊ သူ့ကိုပရိယာယ်နဲ့ ရအောင်ခေါ်ပြီး သတ်လိုက်တော့ မရပေဘူးလား"

“အေး–ဟုတ်သဟေ့၊ ဒီနေ့တော့ တို့ သိပ်ပြီးဟန်ကျတာပဲကွာ။ လှည်းဘီးလုပ်စရာ သစ်သားလဲရမယ်၊ လှည်းဘီးကွပ်စရာ ဝက်ဝံရေလဲ ရဦးမယ်”

ဝမ်းသာအားရရေရွတ်ပြီးလျှင် လက်သမားသည် ဝက်ဝံနောက်သို့ အမီလိုက်ကာ....

“အို–အဆွေဝက်ဝံ၊ အဆွေဝက်ဝံညွှန်ပြခဲ့တဲ့ ကြို့ပင်ကြီးကို လှဲမလို့ပါ။ အဲဒါ ဘယ်နေရာမှဖြတ်ရမလဲဆိုတာ မသိလို့ တဆိတ်လောက် လိုက်ပြပေးပါဦး”

ဤသို့ မင်သေသေနှင့် တောင်းပန်လိုက်ရာ ဝက်ဝံကလည်း မိမိ အန္တရာယ်ကိုသတိမထားမိဘဲ အလွယ်တကူလိုက်လာပြီးလျှင် “ဒီနေရာက ဖြတ်၊ ဒီနေရာကဖြတ်”ဟု နှုတ်သီးနှင့်ထိုးပြနေ၏။

“ကောင်းလှပါပေ့ဗျာ”

လက်သမားကလည်း ဝက်ဝံ၏ ညွှန်ကြားချက်ကို လိုလိုလားလား လက်မကာ ပုဆိန်ကြီးကို တအားလွှဲလျက် အသွားသက်ထက်ဖြင့် ဝက်ဝံကို ပေါက်ချလိုက်လေ၏။

ထို့နောက်မကြာမီမှာပင် ကြို့ပင်ကြီးသည်လည်း တုန်ဟည်းကာ လဲကျသွားလေသည်။

(တေရသနိပါတ်၊ ဇန္ဒနဇာတ်)

ဇန္ဒနဇာတ်၊ တေရသနိပါတ် ဇာတ်ပေါင်းသော်

ထိုဇာတ်လမ်းကို တွေ့မြင်သောရုက္ခစိုးနတ် = မြတ်စွာဘုရား။

## ရန်မလိုမှ ရန်ငြိမ်းမည်

“အမောင် ဒီဃာဝု၊ စစ်သည်တွေနဲ့ ဝေးသွားပြီ။ ရထားအရှိန်ကို လျှော့ပါဦး၊ လျှော့ပါဦး”

“ကိစ္စမရှိပါဘူး အရှင်မင်းကြီး၊ သူတို့မကြာခင် မီလာကြမှာပါ”

ဗြဟ္မဒတ်မင်းကြီးကို ပြန်လည်လျှောက်ထားရင်း ဒီဃာဝုလုလင်က တော့ ရထားကို အရှိန်ပြင်းပြင်း မောင်းနှင်မြဲမောင်းနှင်နေ၏။ တောလမ်း ခရီးပင်ဖြစ်သော်ငြားလည်း မြေမျက်နှာပြင်က ညီညွတ်နေသဖြင့် ရထား မောင်း၍ ကောင်းလှ၏။ ရထားမှာ က, ထားသောမြင်းကြီးများ သန်စွမ်း သည်နှင့်အမျှ ရထားမောင်းသော ဒီဃာဝုလုလင်ကလည်း ကျွမ်းကျင် လိမ္မာလှ၏။ ထို့ကြောင့်မကြာမီမှာပင် နောက်ကလိုက်လာသော စစ်သည် ဗိုလ်ပါများနှင့် မျက်ခြည်ပြတ်၍ သွားလေတော့သည်။

“အမောင် ဒီဃာဝု၊ စစ်သည်တွေနဲ့ ပြန်ဆုံအောင်မောင်း၊ ပြန်ဆုံ အောင်မောင်း”

“ကိစ္စမရှိပါဘူး အရှင်မင်းကြီး၊ သူတို့က ဖြတ်လမ်းက လာကြ တာဆိုတော့ ရှေ့နားက လမ်းဆုံကျတော့ ပြန်ဆုံကြမှာပါ”

စပယ်ဦး၊ ၁၇၉၆

အလိုက်အထိုက် လျှောက်ထားရင်း အရှိန်ပြင်းပြင်း မောင်းမဲ မောင်းလာ၏။ တောနက်ထဲရောက်လာပြီဖြစ်၍ သစ်ကြီး ဝါးကြီးများ ပေါလာလေရာ ဒီဿဝမင်းသားကလည်း ကျွမ်းကျင်လိမ္မာစွာပင် ကွေ့ ဝိုက်ရှောင်ကွင်း၍ မောင်းလာခဲ့၏။ နောက်လိုက် နောက်ပါ စစ်သည် ဗိုလ်ပါ များကိုကား အရိပ်အရောင် မျှပင် မမြင်လာရပေ။ အသံမျှပင် မကြားရတော့ချေ။

ရထားကို မတိမ်းစောင်းအောင် မတိုက်မိအောင် ဂရုစိုက်၍မောင်း နေရင်းကပင် ဒီဃာဝုလင်၏ စိတ်ကလည်း အလုပ်များလျက်ရှိနေ၏။ တောနက်သည်ထက် နက်လာသည်နှင့်အမျှ သူ့မျက်နှာကလည်း ပိုမို၍ ပြုံးရွှင်လာ၏။

ဤအခွင့်အရေးမျိုးကို မိမိစောင့်မျှော်နေခဲ့သည်မှာ ကြာပြီ။ ဤအခွင့်အရေးမျိုး ရရှိရန်အတွက်ပင် ကိုယ်စွမ်းရှိသမျှ လုံ့လပြုခဲ့ရသည်။ နန်းတော်အရိပ်၌ပင် ခြေမတင်ခဲ့ရဖူးသဖြင့်ပထမဦးစွာ ဆင်ဆရာကြီးထံ တပည့်ခံခဲ့ရသည်။တင်းကုပ်မှာ သန့်ရှင်းရေး၊ကျွေးမွေးရေးကိစ္စအဝဝကို လုပ်ဆောင်ရင်း ဆင်ထိန်းတို့၏ အတတ်ပညာများ လေ့လာသင်ယူခဲ့ ရသည်။

ဤသို့နန်းတော်အနီးက ဆင်တင်းကုပ်မှာ နေထိုင်ခွင့်ရပြီးနောက် ဗြဟ္မဒတ်မင်းနှင့်ရင်းနှီးလာခဲ့ရသည့်မှာတော့ စောင်းပညာနှင့်အဆိုပညာ ကြောင့်ပင် ဖြစ်ပေသည်။

ညစာစားပြီး၍ ဆင်တင်းကုပ်က လုပ်စရာကိစ္စတွေ လုပ်ကိုင်ပြီး စီးပြီဆိုလျှင် မိမိသည် လက်စွဲတော်စောင်းကို ငြိမ့်ညောင်းစွာတီးခတ်နေ မိ၏။ ဆရာကောင်း သမားကောင်းများထံမှ တက်ယူလာသော သီချင်း များကို စိတ်ပါလက်ပါ သီဆို၍ နေမိ၏။စနစ်တကျသင်ယူလေ့ကျက်ထား သည်ဖြစ်၍ စောင်းသံသည် သီချင်းသံနှင့်လိုက်လျောလှ၏။ သီချင်းသံ ကလည်း စောင်းသံနှင့် ပနံသင့်လှ၏။မိမိကိုယ်တိုင် ကျေနပ်နှစ်သိမ့်မိသကဲ့ သို့ပင် ကြားရသူအပေါင်းလည်း နှစ်ထောင်းအားရ ရှိကြလိမ့်မည်ဟု အလိုလိုစိတ်ထဲက သိနေပါ၏။

ဤသို့တီးခတ်သီဆိုနေရခြင်းမှာ တစ်နေ့တာ အလုပ်ပင်ပန်းခဲ့လေ သမျှကို ဖြေဖျောက်ခြင်းလည်း ဖြစ်ပါ၏။ အသေဆိုးနှင့် သေဆုံးခဲ့ကြ ရသော မိခင်နှင့် ဖခင်တို့ကို အလွမ်းပြေစေရန်လည်း ဖြစ်ပါ၏။

သို့ရာတွင် မိမိ၏စောင်းသံနှင့်သီချင်းသံတို့က ဤမျှဖြင့်လမ်းမဆုံးကြသေးပါ။ ဗြဟ္မဒတ်မင်းကြီးကိုယ်တိုင်ကပါ သာယာကြည်နူးမိသဖြင့် နန်းတွင်းသို့ခေါ်ယူပါတော့သည်။ လူပျိုတော်သား တစ်ယောက်အဖြစ်ဖြင့် မင်းကြီးအပါးမှာ ခစားရပါတော့သည်။

မင်းကြီးရှေ့မှောက် ရောက်ခဲ့သည်မှစ၍ မိမိသည် မင်းကြီး၏စိတ်တိုင်းကျဖြစ်အောင် ကြိုးစားလုပ်ဆောင်ခဲ့၏။ ယဉ်ကျေးလိမ္မာ သာယာနာပျော်ဖွယ်ဖြစ်သော နှုတ်အမူအရာဖြင့် လျှောက်တင်ခဲ့၏။ သို့ဖြစ်၍ မင်းကြီးနှင့် တစ်စထက် တစ်စ ရင်းနှီး ကျွမ်းဝင်လာခဲ့ရာ ယခုတော့ မင်းကြီး၏ လူယုံတော်ဘဝကိုပင် ရယူနိုင်ခဲ့ပါပြီ။

''အမောင် ဒီဃာဝု ရထားရပ်တော့၊ ရပ်တော့၊ ငါကိုယ်တော် ပင်ပန်းလှပြီ''

''ကောင်းပါပြီ အရှင်မင်းကြီး''

စိတ်ရောကိုယ်ပါ မောင်းနှင်လာခဲ့သော ဒီဃာဝု မင်းသားသည် မင်းကြီး၏ အမိန့်သံကိုကြားခါမှ ရပ်နားလိုက်တော့၏။ အရိပ်ကောင်းသော သစ်ပင်ကြီးအောက်သို့ ရထားကို ထိုးဆိုက်ထားပြီးလျှင် ရထားပေါ်က လျင်မြန်သွက်လက်စွာ ခုန်ဆင်းလိုက်၏။ ခရီးပန်း၍ နွမ်းနယ်နေပြီဖြစ်သော ဗြဟ္မဒတ်မင်းကြီးအား ရထားပေါ်မှဖေးမတွဲယူလိုက်၏။

''အရှင်မင်းကြီး၊ ခဏသည်းခံတော်မူပါဦး၊ ဒီသစ်ပင်အောက်မှာ ရထားပေါ်က အခင်းများ ယူခင်းပေးပါရစေ''

''နေစေတော့ အမောင် ဒီဃာဝု၊ အခင်းတွေ ဘာတွေ ခင်းမနေပါနဲ့၊ ငါကိုယ်တော် အိပ်ချင်လှပြီ''

ဒီလိုဆိုရင် ဘုရားကျွန်တော်မျိုးရဲ့ ပေါင်ပေါ်မှာ စက်တော်ခေါ်ပါတော့ ဘုရား''

ဤသို့ လျှောက်တင်၍ ဒီဃာဝု လုလင်က တင်ပလ္လင်ခွေ ထိုင်ပေးလိုက်၏။ ဗြဟ္မဒတ်မင်းကြီးကလည်း ပေါင်ပေါ်မှာ ခေါင်းတင်လျက် လျောင်းစက်လိုက်ရာ မကြာမီမှာပင် အိပ်ပျော်သွားတော့သည်။

ခရီးပန်းလာသူချင်း အတူတူ ဖြစ်သော်ငြားလည်း ဒီဃာဝုလုလင်ကတော့ အိပ်ချင်စိတ် လုံးဝမရှိပါ။ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသော ဗြဟ္မဒတ်မင်းကြီးမျက်နှာကို စေ့စေ့စပ်စပ်ကြည့်ရှုကာ စိတ်လှုပ်ရှား၍ နေပေသည်။

''ဟင်း - ငါ့ခမည်းတော် မယ်တော်တို့ရဲ့ တိုင်းပြည်ကို လုယူ၊ နောက်ပြီးတော့ ငါ့ခမည်းတော်နဲ့ မယ်တော်ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့ မင်းကြီးက အခုတော့ ငါ့ပေါင်ပေါ် စက်တော်ခေါ်နေပြီ ပေါ့လေ''

ဒီဃာဝုလုလင်က အသံမထွက်သော စကားတို့ဖြင့် ကြိမ်းဝါးလိုက်၏။

မှန်ပါ၏။ စောစောတုန်းက ကာသိတိုင်းနှင့် ကောသလတိုင်းတို့ကို မင်းတစ်ပါးစီအုပ်ချုပ်လာကြရာကာသိတိုင်းကို ယခု ဗြဟ္မဒတ်မင်း အုပ်စိုးခဲ့၏။ ကောသလတိုင်းကို ဒီဃီတိကောသလမင်း အုပ်စိုးခဲ့၏။ ထိုမင်းနှစ်ပါးတို့ အနက် ကာသိတိုင်းသည် ဆန်ရေစပါး ပေါများကြွယ်ဝ၏။ စစ်မက်အင်္ဂါ ပြည့်စုံစွာရှိ၏။ ကောသလ တိုင်းမှာတော့ စားနပ်ရိက္ခာလည်း မပြည့်စုံ၊ စစ်တပ်အင်အားလည်း နည်းပါးလှ၏။ ထို့ကြောင့် ကာသိမင်းက စစ်ခင်း၍ တိုက်ခိုက်လာသော အခါ ဒီဃီတိ ကောသလမင်းနှင့် မိဖုရားကြီးတို့မှာ ကိုယ်ရောင်ဖျောက်၍ လက်လွတ်ထွက်ပြေးလာခဲ့ကြရပေသည်။

ရွှေထီးရွှေနန်းနှင့်တကွ စည်းစိမ်ဥစ္စာ ဟူသမျှကို လက်လွတ်ဆုံးရှုံးရပြီးနောက် နန်းကျဘုရင်နှင့် မိဖုရားတို့သည် ကောသလတိုင်းမှတစ်ဆင့် ကာသိတိုင်းသို့ ကူးလာကြရ၏။ ကောသလ တိုင်းသူပြည်သားတို့သည် သူတို့၏ ဘုရင်ဖြစ်သူအား တစ်နေ့ကျလျှင် မှတ်မိသွားကြမည်သာဖြစ်၏။ ထိုအခါ မည်မျှပင် နှုတ်ပိတ်ထားသော်လည်း မပေါက်ကြားဘဲ မနေနိုင်ချေ။ ပေါက်ကြားသွားသည်နှင့် တစ်ပြိုင်နက်အသက်ဆုံးရတော့မည်သာ။

သို့ဖြစ်၍ မိမိတို့ကို မှတ်မိသူဟူ၍ မရှိနိုင်သော ဗာရာဏသီမြို့စွန်မှာ နေထိုင်ကာ အိုးထိန်းသည် အသွင်ဖြင့် လုပ်ကိုင် စားသောက်၍ နေကြပေသည်။

ဤသို့ ဆင်းရဲသားအသွင်ဖြင့် မထင်မရှား လုပ်ကိုင်စားသောက်နေကြစဉ်မှာပင် မယ်တော်၏ ဝမ်းကြာတိုက်၌ ဒီဃာဝု သတို့သား၏ သန္ဓေ တည်လာတော့၏။ သန္ဓေသား တည်လာသည်နှင့် တစ်ပြိုင်နက် မယ်တော်မှာ ထူးခြားသော ချင်ခြင်းတပ်လာပါတော့၏။ ထိုစဉ်တုန်းက အခြေအနေကို မယ်တော်က မကြာခဏ ပြောပြတတ်ပေသည်။

''အမေ့သားရယ်၊ အဲဒီတုန်းက မယ်တော်ဟာ စစ်အင်္ဂါလေးပါး ခင်းကျင်းပြီး စစ်တပ်ကြီး ချီတက်သွားတာလဲ သိပ်ကြည့်ချင်တာပဲ၊ ဘုရင့်

သန့်လျက်တော်ဆေးတဲ့ ရေကိုလဲ သိပ်သောက်ချင်တာပဲ၊ ဒါတွေကို သားရဲ့ခမည်းတော်ကို ပြောပြလိုက်တော့ ''ငါတို့က ဆင်းရဲသား ဖြစ်နေကြပြီပဲကွယ်၊ ဒါတွေကို ငါ ဘယ့်နှယ်လုပ်တတ်နိုင်ပါတော့မလဲ''တဲ့။

''မယ်တော်လဲ ဒါကိုတော့သိတာပေါ့ အမေ့သားရယ်၊ ဒါပေမယ့် သိတာကတခြား၊ ချင်ခြင်းတပ်တာက တခြားကလား။ သွေးသားထဲက လာတာဆိုတော့ ဘယ်လိုပဲသိသိ ဖြေဖျောက်လို့မရပါဘူး။ ဒါနဲ့ ကံ အားလျော်စွာ ကာသိမင်းရဲ့ ပုရောဟိတ်ကြီးက မယ်တော်တို့ဆီ ရောက်လာတယ်၊ မောင့်ခမည်းတော်ရဲ့ မိတ်ဆွေဟောင်းကြီးပေါ့။ ဒီတော့ မယ်တော့် ချင်ခြင်းကိုသူ့ကိုပြောပြလိုက်တဲ့အခါ သူက ''အလိုရှိသမျှ ပြည့်ဝရပါစေမယ်'' လို့ ကတိပြုသွားပါတယ်။ ကတိပြုသွားတဲ့ အတိုင်းလဲ ကာသိမင်းထံ ချဉ်းကပ်ပြီး လျှောက်တင်လိုက်တဲ့အတွက် မယ်တော့် လိုအင်ဆန္ဒများ ပြည့်ဝခဲ့ရပါတယ်''

ဤသို့ရှေးဟောင်းနှောင်းဖြစ်များ ပြောပြရာမှ တစ်နေ့သောအခါ ခမည်းတော်က ''ကာသိမင်းဟာ တစ်နေ့ကျတော့ ငါတို့ကို တွေ့ကောင်း တွေ့သွားနိုင်တယ်၊ တကယ်လို့ ငါတို့သုံးယောက်သာ တွေ့သွားရင် အားလုံး အသက်ဆုံးကြရလိမ့်မယ်။ ဒါကြောင့် သားမောင်ကို ဗာရာဏသီမြို့တော်ရဲ့ အပြင်ဘက်က စိတ်ချရတဲ့ မိတ်ဆွေထံ ပို့ထားမှဖြစ်မယ်'' ဟု အဆိုပြုလာတော့၏။ အကြောင်းယုတ္တိ ရှိနေသော အဆိုဖြစ်၍လည်း မယ်တော်ကပါ သဘောတူလိုက်လေသည်။

ဤသို့ဖြင့် မိမိသည် မြို့ပြင်က မိတ်ဆွေဟောင်းအိမ်မှာ နေထိုင်ကာ ယောကျ်ားကလေးများ တတ်ထားသင့်သော အတတ်ပညာဟူသမျှ သင်ကြား တတ်မြောက်ခဲ့သည်။

ပညာစုံတတ်မြောက်သည့်အကြောင်း ခမည်းတော်များကို အားရဝမ်းသာလာ၍ပြောမည်ပြုစဉ်မှာပင် မတွေးထင်ခဲ့သောအဖြစ်ဆိုးကြီးနှင့် တိုးခဲ့ရပါတော့သည်။

ခမည်းတော်သည် ကောသလတိုင်းမှာ ထီးနန်း စိုးစံစဉ်တုန်းက ဆတ္တာသည်တစ်ယောက်ကို သူကျူးလွန်ခဲ့သော ပြစ်မှုအလျောက် အပြစ်ပေးခဲ့ရဖူး၏။ ထိုဆတ္တာသည် သည် အချုပ်အနှောင်ကလွတ်သောအခါ ကာသိတိုင်းသို့ တိတ်တဆိတ်ထွက်ပြေး၍ ဗြဟ္မဒတ်မင်းထံ ခစားခဲ့၏။ ကာရန်မသင့်ချင်တော့ ထိုဆတ္တာသည် သည် ခမည်းတော် မယ်တော်တို့ကို

တွေ့မြင်သွား၏။ နှီးနှီးကပ်ကပ် အမှုထမ်းခဲ့ရသူဖြစ်၍ ရုပ်ဖျက်ထားသော ခမည်းတော် မယ်တော်တို့ကို ကောင်းကောင်း မှတ်မိသွား၏။ ဤတွင် ယခင်ကရန်ငြိုးဖြင့် ပြသ္မဒတ်မင်းထံ သွား၍ လျှောက်တင်လိုက်လေရာ ပြဟ္မဒတ်မင်းကလည်း ခမည်းတော် မယ်တော် နှစ်ယောက်လုံးကို သေပစ် သေဒဏ် ပေးလိုက်ပါတော့သည်။

မင်းကြီး၏အမိန့်အရ အာဏာသားတို့သည် ခမည်းတော်နှင့် မယ်တော်တို့ နှစ်ယောက်စလုံးကို ခေါင်းတုံး တုံး၍ပေးကြ၏။ ထို့နောက် လက်ပြန်ကြိုးတုပ်၍ တွဲခေါ်လာကြ၏။ သေဒဏ်ကျသော ရာဇဝတ်သား များ အတွက် တီးပေးနေကျဖြစ်သော စည်ကြီးကိုလည်း တဒိန်းဒိန်း တီးခတ်လာကြ၏။ မြို့တော်အတွင်းရှိ လမ်းဆုံ လမ်းခွ လမ်းမကြီးများကို ဖြတ်ပေါ်လာပြီးလျှင် အမင်္ဂလာဖြစ်သော တောင်တံခါးမှ အထုတ်တွင် မိမိနှင့် ထိပ်တိုက်ရင်ဆိုင် ဆုံမိပါတော့သည်။

ဖြစ်များဖြစ်နိုင်ရင်တော့ သည်တုန်းက ဖြစ်အင်များကို မမြင်ချင် ပါ။ မတွေးချင်ပါ။ သည်တုန်းကခံစားချက်များကိုလည်း ပြန်၍ မနွှေး ချင်ပါ။ သို့ရာတွင် ပြင်းထန်လှသော ခံစားချက်များကတော့ မိမိရင်မှာ ထပ်ကာ ထပ်ကာ ရိုက်ခတ်လာခဲ့ကြသည်သာဖြစ်၏။ ရင်နင့်စရာကောင်း လှသော မြင်ကွင်းများက မိမိစိတ်အာရုံထဲမှာ ထင်ဟပ် လာကြတော့ သည်သာ ဖြစ်၏။

ထိုအာရုံများ၏ စေစားချက်ဖြင့်ပင် မိမိသည် အသင့် ဆောင်လာ ခဲ့သော သန်လျက်ဓားကို ဓားအိမ်မှချွတ်လိုက်မိပေသည်။

အသွားထက်သည့် ဓားလက်နက်ကို တင်းတင်းပါအောင် ဆုပ် ကိုင်ရင်းက ပေါင်ပေါ်က မင်းကြီး၏မျက်နှာကိုစူးစူးစိုက်စိုက်ကြည့်လိုက် မိ၏။ မိမိကတော့ ဤလို ရန်ကြွေးကို ပေးဆပ်နိုင်ရေးအတွက် နေ့ရက် များစွာ ကြိုးစားလာခဲ့ရ၏။ သူကတော့ နည်းနည်းကလေးမှ ရိပ်မိဟန် မတူပါ။ မိမိကိုသတ်ရန်သယ်ထုတ်လာခဲ့သော ရန်သူ့သား၏ ပေါင်ပေါ် မှာပင် ခေါင်းတင်၍အိပ်နေပါသေး၏။မိမိအပေါ် ယုံမှားသံသယ လုံးဝ မထားရှိသဖြင့် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေပါသေး၏။

ဤအခွင့်အရေးမျိုးကို မျှော်ကိုးလာခဲ့ရသောမိမိအဖို့ အင်မတန်မှ ရတောင့်ရခဲလှသော ဤ အခွင့်အရေးကို လက်လွှတ်မခံသင့်ပါ။ ဤလို အခွင့်အရေးမျိုးကို နောက်ထပ်တစ်ဖန် ပြန်ရရန် မလွယ်ကူပါ။ သို့ဖြစ်၍

အခါအခွင့်သင့်နေတုန်းမှာ ခမည်းတော် မယ်တော်တို့အတွက် လက်စား ချေလိုက်မှ တော်တော့မည်။ ခမည်းတော် မယ်တော်တို့ကို ရက်ရက် စက် စက် သတ်ဖြတ်ခဲ့သော မင်းကြီးလည်တိုင်ကို သန်လျက်ဓားနှင့် တအား ခုတ်ချလိုက်မှဖြစ်တော့မည်။

''သားမောင် ဒီဃာဝု၊ အရှည်ကိုလဲမကြည့်လေနဲ့။ အတိုကိုလဲ မကြည့်လေနဲ့။ ရန်လိုနေသမျှ ရန်မပြိုဘူး သားမောင်။ ရန်မလိုမှသာ ရန် ပြိုနိုင်တယ်''

သန်လျက်ဓားကို ကိုင်မြှောက်လိုက်စဉ်မှာပင် ခမည်းတော် မယ် တော်တို့၏ ရုပ်သွင်က စိတ်အာရုံမှာ ပေါ်လာကြ၏။ ခမည်းတော်ကြီး အသံကို စိတ် နားထဲမှာ ကြားလာရ၏။

လူသတ်ကုန်းသို့ဆွဲခေါ်ရာပါသွားရသော ခမည်းတော်မယ်တော် တို့မှာ မိမိကိုမြင်လိုက်ရသည့်တစ်ခဏဝယ်အလွန်တရာ စိတ်ထိခိုက်သွားကြ ၏။ မိမိကိုယ်တိုင် သေပြစ်သေဒဏ်ခံရသည်ထက်ပင် မျက်နှာ ညှိုးနွမ်း၍ သွားကြ၏။ ဤသို့ရှိရာမှ ခမည်းတော်ကြီးသည် မိမိစိတ်ကိုထိန်းချုပ်ကာ မိမိအတွက် အဖိုးတန်လှသော ဆုံးမစကားများ မြွက်ကြားခဲ့ပါပေသည်။

အတိုချုံး၍ လိုရင်းကို ပြဆိုထားခဲ့သော ဤစကားတို့၏ အနက် အဓိပ္ပာယ် အပြည့်အစုံကို မိမိတစ်ဦးတည်းသာနားလည်လိုက်၏။ ခမည်း တော် မယ်တော်တို့ကို ဆွဲခေါ်လာကြသော အာဏာသားတို့ကတော့ နားမလည်ကြပါချေ။ ထို့ကြောင့် ''ဒီအဘိုးကြီး ရူးသွားလို့ ထင်မိ ထင်ရာတွေ လျှောက်ပြောနေတာပဲ''ဟုပြောဆို ရေရွတ်ကြပေသည်။

ထို့နောက် အာဏာသားတို့သည် ခမည်းတော် မယ်တော်တို့ကို လူသတ်ကုန်းသို့ဆွဲခေါ်ကာ လေးပိုင်းပိုင်း၍သတ်ဖြတ်ကြပါတော့သည်။ သတ်ဖြတ်ပြီးသော အပိုင်းအစများကို မြို့တော်၏ အရပ်လေးမျက်နှာ၌ တွင်းတူး၍ မြှုပ်ကြပါတော့သည်။

ခမည်းတော် မယ်တော်တို့၏ အသက်ကို မကယ်နိုင်ခဲ့သော မိမိမှာ ခမည်းတော် မယ်တော်တို့၏ အလောင်းများကိုကား သည်အတိုင်းပစ် မထားရက်ပါ။ သို့ဖြစ်၍ သက်ဆိုင်ရာအမှုထမ်းများကို သေရည်အဝတိုက် ကာ ထိုသူများသေရည်မူး၍ အိပ်ပျော်သွားခါမှ မြှုပ်ထားသောအပိုင်း အစများကို ပြန်ဖော်ယူရပါသည်။ အပိုင်းအစရှိသမျှကို ဖော်ယူပြီးခါမှ သုံးတမ်းစဉ်လာအတိုင်း ထင်းပုံပေါ်မှာမီးသင်္ဂြိုဟ်လိုက်ရပါတော့သည်။

မိုးလျှံများက ဝါးမျိုလိုက်သဖြင့် ခမည်းတော် မယ်တော်တို့၏ ရုပ်အလောင်းများ ပြာကျသွားကြပါပြီ။ သို့ရာတွင် ခမည်းတော်ကြီးမြွက်ကြားခဲ့သော ဆုံးမစကားတို့ကတော့ ဘယ်တော့မှ ပျောက်မသွားကြပါ။ မိမိစိတ်နှားဝမှာ ထပ်ကာထပ်ကာ ကြားနေရသည်သာ ဖြစ်ပါ၏။ ကြားနေရသည်နှင့်အမျှ အနက်အဓိပ္ပာယ်များကကည်း ကြည်လင်ထင်ရှား၍ လာကြပေသည်။

ဆုံးမစကားများကြောင့် ခေါ်အိမ်ထဲပြန်ရောက်သွားခဲ့သော သန်လျက်ခေါ်သည် မကြာမီမှာပင် ခေါ်အိမ်ထဲမှ ထွက်ကာပြန်ပါ၏။ ဗြဟ္မဒတ်မင်းကြီး၏ အမိန့်ဖြင့် ခမည်းတော် မယ်တော်တို့ ရက်ရက်စက်စက်အသတ်ခံရပုံကို မြင်လာရပြန်သောကြောင့် ဖြစ်ပါ၏။

ခေါ်အိမ်မှ သန်လျက်ခေါ်ကြီး ထွက်ချည် ဝင်ချည်ပြုနေဆဲမှာပင် ဗြဟ္မဒတ်ကြီးသည်လည်း အိပ်ရာမှလန့်နိုးလာ၏။ နိုးလာသည့်တိုင်အောင် သူ့အကြောက်က မပြေနိုင်သေးသဖြင့် ယောဟဲ လိုက်၍နေသေး၏။

''အရှင်မင်းကြီး၊ ဘာ့ကြောင့်များ ထိတ်လန့်တကြား နိုးလာရပါသလဲ''

ဒီဃာဝုလုလင်က မင်းကြီး အမောပြေအောင် သစ်ရွက်ဖြင့် ယပ်ခတ်ပေးလျက် မေးမြန်းလိုက်ရာ....

''ဟာ–အင်မတန် ကြောက်စရာကောင်းတာပေါ့ကွာ။ အိပ်မက်ထဲမှာ ကောသလမင်းရဲ့သားက ငါ့ကိုသန်လျက်ခေါ်နဲ့ခုတ်ချလိုက်တာကွ။ သူ့နာမည်ကလဲ မင်းနဲ့ အတူတူပဲ၊ ဒီဃာဝုတဲ့ကွ။ ဟ ဟ ဘယ်လို၊ ဘယ်လို''

ဗြဟ္မဒတ်မင်းကြီး၏ စကားအဆုံးမှာပင် ဒီဃာဝုလုလင်က ရုတ်တရက်ထ၍ မင်းကြီး၏ ဥသျှောင်ကိုဆွဲလိုက်ရာ မင်းကြီးမှာ အံ့သြတုန်လှုပ်၍ သွားရ၏။

''ခင်ဗျားကြီး - ကျုပ်မျက်နှာကို စေ့စေ့ကြည့်စမ်း၊ ကျုပ်ဟာ ခင်ဗျားကြီးသတ်ပစ်ခဲ့တဲ့ကောသလမင်းကြီးရဲ့သားဒီဃာဝုပဲ။ ကဲ-ဒီတစ်ခါတော့ ခင်ဗျားကြီးအလှည့် ရောက်လာပြီပေါ့''

အံ့သြတုန်လှုပ်နေသောမင်းကြီးမှာဒီဃာဝုလုလင်၏စကားကြောင့် ရုပ်တည်ရာမရအောင် ဖြစ်သွားရတော့သည်။ ဒီဃာဝုလုလင်၏ ခြေဖမိုးကို ဦးခိုက်ရှိခိုးရတော့သည်။

''အမောင် ဒီဃာဝုရယ်၊ ငါ့အသက်ကို ချမ်းသာပေးပါကွယ်။ ငါ့ကို မသတ်ပါနဲ့ကွာ....နော်''

''ခင်ဗျားကြီး ချမ်းသာပေးလိုက်လို့ ဘယ်ဖြစ်မလဲဗျ၊ ခင်ဗျား ရှင်ဘုရင်ပြန်ဖြစ်တော့ ကျုပ်ကို ပြန်သတ်မှာပေါ့''

''မသတ်ပါဘူးကွယ် ငါ့တူရယ်၊ ဦးကတိပေးပါတယ်''

''ဒီလိုဆိုရင် ကျွန်တော် ကလဲ မသတ်ပါဘူးဗျာ၊ အဲဒီကတိကို လိုချင်လို့သာပါ''

ရွှေနန်းတော်သို့ ပြန်ရောက်လာပြီးနောက် နှစ်ရက်လောက်ရှိသော အခါ ဒီဃာဝုလုလင်သည် ဗြဟ္မဒတ်မင်းကြီးရှေ့မှောက်သို့ ရိုသေစွာဝင် ရောက်ခစား၏။ ထိုအခါ ဗြဟ္မဒတ်မင်းကြီးက....

''အမောင် ဒီဃာဝု၊ အမောင့်ခမည်းတော်ကြီး အသက်ဆုံးခါနီး တုန်းက ပြောကြားခဲ့တဲ့ စကားတွေကို အာဏာသားတွေက ငါ့ကို လျှောက်တင်ခဲ့ကြတယ်။ ရုတ်တရက် ကြည့်လိုက်တော့ သူ့စကားတွေက ကယောင်ကတမ်း ပြောသွား လေသလားလို့ ထင်ရတယ်။ ဒါပေမယ့် တကယ်တွေးလိုက်တော့မှ တကယ်လေးနက်နေတာ တွေ့ရတယ်။အဲဒီအထဲ 'အရှည်ကိုမကြည့်နဲ့' ဆိုတာက ဘာအဓိပ္ပာယ်လဲ''

''မှန်လှပါ'ရန်စကိုမရှည်စေနဲ့'လို့ ဆိုလိုခြင်းဖြစ်ပါတယ်ဘုရား''

''ဒါဖြင့် 'အတိုကိုမကြည့်နဲ့' ဆိုတာကကော''

ဒါကတော့ 'မိတ်ဆွေများနဲ့ စိတ်ဝမ်းကွဲပြားအောင် မြန်မြန်ကြီး မပြုနဲ့'လို့ ဆိုလိုပါတယ်ဘုရား''

''အေး-ဟုတ်ပြီကွယ်၊ဒါဖြင့်'ရန်လိုနေသမျှရန်မပြိုဘူး။ရန်မလိုမှ သာ ရန်ပြိုနိုင်တယ်' ဆိုတာကကောကွယ်''

''ဒါကိုတော့ အရှင်မင်းကြီးနဲ့ ကျွန်တော်တို့အဖြစ်ကို စံထိုးပြီး လျှောက်တင်ရပါလိမ့်မယ်၊တကယ်လို့သာ အရှင်မင်းကြီးကိုကျွန်တော်က သတ်ခဲ့မိရင် အရှင်မင်းကြီးကိုလိုလားသူတွေက ကျွန်တော့်ကိုသတ်ကြဦး မှာပါ။ နောက်တစ်ခါ ကျွန်တော့်ကို လိုလားသူတွေကလဲ အဲဒီလူတွေကို သတ်ကြဦးမှာပါ။ အဲ့သလို ရန်လိုနေသမျှတော့ ရန်က ဘယ်တော့မှ

အေးမှာ မဟုတ်ပါဘူး။ အခုတော့ အရှင်မင်းကြီးလဲ ကျွန်တော့်ကို အသက်ချမ်းသာပေးခဲ့တယ်။ ကျွန်တော်ကလဲ အရှင်မင်းကြီးကို အသက်ချမ်းသာ ပေးခဲ့တယ်။ ဒီလိုရန်မလိုတာကြောင့်လဲ ရန်တွေ ရှိသမျှ ပြိုကျသွားပါတော့တယ်ဘုရား"

ဒီဃာဝု လုလင်၏ လျှောက်တင်ချက်ကို ဝမ်းမြောက် ဝမ်းသာကြားနာပြီးလျှင် ဗြဟ္မဒတ်မင်းကြီးသည် ဒီဃာဝုလုလင်အား မိမိ သမီးတော်နှင့် လက်ထပ်ပေး၏။ ထို့နောက် သမက်တော်နှင့် သမီးတော်တို့အား သူ့ခမည်းတော်၏ အမွေအနှစ်ဖြစ်သော ကောသလတိုင်းကြီးကို ပြန်လည်ပေးအပ်လိုက်လေသည်။

(ပဉ္စကနိပါတ်၊ ဒီဃီတိကောသလဇာတ်။ ဇာတ်အဋ္ဌကထာက အကျဉ်းမျှသာ ဖွင့်ဆို ထားပါသဖြင့် ဝိနည်း မဟာဝဂ် ကောသမ္ဗကက္ခန္ဓကမှ ဒီဃာဝုဝတ္ထုဖြင့် ဖြည့်စွက် ရေးသားရပါသည်။)

ဒီဃီတိကောသလဇာတ်၊ ပဉ္စကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မယ်တော် ခမည်းတော် | = | ဆွေတော်မျိုးတော်များ။ |
| ဒီဃာဝုမင်းသား | = | မြတ်စွာဘုရား။ |

# ၁၂။ လာမည့်ဘေး အဝေးကရှောင်

(ဇာတ်တော် မိတ်ဆက်)

ဤအခန်းမှာ ပါဝင်သော ဝတ္ထုများကိုလည်း တစ်ခုချင်း မှတ်ချက်ပေးနေရန်မလိုပါ။ ခေါင်းစဉ်ကြီးမှာ ဖော်ပြထားသည့်အတိုင်း လာမည့်ဘေး အဝေးကရှောင်တတ်၍ ချမ်းသာသူနှင့် မရှောင်တတ်၍ ဒုက္ခရောက်ရသူတို့၏ ဇာတ်လမ်းများသာဖြစ်ပါသည်။

လူ့ဘဝ၌ ကျရောက်လာတတ်သော ဘေးများထဲတွင် အချိန်ရှိခိုက်က ကြိုတင်ပြင်ဆင်မှုမပြုခဲ့သဖြင့် နောင်တကြီးစွာရလာရသော ဆင်းရဲဒုက္ခလည်း အပါအဝင်ဖြစ်ပါသည်။ နောင်တ တစ်ဖန် ပူပန်ရသော ထိုဆင်းရဲဒုက္ခတို့မှ လွတ်မြောက်နိုင်ရေးအတွက် အလောင်းတော် ဇနသန္ဓမင်းကြီးက ဩဝါဒ(၁၀)ချက် မိန့်မြွက်ခဲ့ပါသည်။

• ဓမယ်ဦး • ၁ • ပ

(၁) ''အရှယ်ကောင်းစဉ်တုန်းက စီးပွားဥစ္စာ မရှာဖွေမစု ဆောင်းခဲ့မိသော သူသည် အိုမင်းမစွမ်း ရှိလာသောအခါ စားဝတ်နေရေး ချို့တဲ့၍ နောင်တကြီးစွာ ရတတ်ပေ၏။

(၂) ''ငယ်ရွယ်စဉ်တုန်းက အသက်မွေးမှု အတတ်ပညာများ မသင်ကြားခဲ့သောသူသည် ကြီးပြင်းသောအခါ ဆင်းရဲ ပင်ပန်းစွာအသက်မွေးရ၍ နောင်တကြီးစွာရတတ်ပေ၏။

(၃) ''အရွယ်ကောင်းစဉ်တုန်းက ကောက်ကျစ် စဉ်းလဲ ပြုခဲ့ မိသောသူ၊ ကုန်းတိုက်တတ်သောသူ၊ အာကြမ်းလျှာကြမ်း နှုတ်သရမ်းခဲ့သော သူတို့သည် သေရာညောင်းစောင်း၌ လျောင်းစက်ရသောအခါ နောင်တကြီးစွာရတတ်ပေ၏။

(၄) ''အသနားအကြင်နာမဖက် သူတစ်ပါးအသက်ကိုရက်ရက် စက်စက် သတ်ခဲ့မိသူများသည် သေရာညောင်စောင်း၌ လျောင်းစက်ရသောအခါ နောင်တကြီးစွာ ရတတ်ပေ၏။

(၅) ''လွတ်လပ်သောမိန်းမ များစွာရှိနေပါလျက် သူတစ်ပါး ၏ သားမယားနှင့် ဖောက်ပြား ကျူးလွန်မိသောသူသည် သေရာ ညောင် စောင်း ၌ လျောင်း စက် ရ သော အခါ နောင်တကြီးစွာရတတ်ပေ၏။

(၆) ''မိမိမှာ ပစ္စည်းဥစ္စာပြည့်စုံစွာရှိခဲ့ပါလျက် အလှူအတန်း ပေးကမ်းခြင်း မပြုခဲ့မိသောသူသည် အိုမင်းမစွမ်း ရှိလာ သော အခါ နောင်တကြီးစွာ ရတတ်ပေ၏။

(၇) ''မိမိမှာ ပစ္စည်းအင်အား ကိုယ်စွမ်းအား နှစ်ပါးစုံရှိနေ ပါလျက် မိအို ဖအိုများကို ပြုစု လုပ်ကျွေးမှုမပြုခဲ့သော သူသည် မိဘများ ကွယ်လွန်သွားသောအခါမှ နောင်တ ကြီးစွာ ရတတ်ပေ၏။

(၈) ''လက်ဦးဆရာအဖြစ်ဖြင့် အစစအရာရာ ဆုံးမ သွန်သင် လာခဲ့၍ မိမိအား လူလားမြောက်အောင် ပြုစုကျွေးမွေး ခဲ့သော ဖခင်ကိုမထီမဲ့မြင်ပြုခဲ့မိသောသူသည် မိမိကိုယ်တိုင် ဝဋ်လည်လာခါမှ နောင်တကြီးစွာ ရတတ်ပေ၏။

(၉) ''သီလ စင်ကြယ်၍ အကြား အမြင် များသော ရဟန်း သာမဏေ များအား မဆည်းကပ် မလှူဒါန်း မိသော

သူသည် သေရာညောင်စောင်း၌ လျောင်းစက်ရသောအခါ နောင်တကြီးစွာ ရတတ်ပေ၏။

(၁၀) "အရွယ်ကောင်းစဉ်တုန်းက ဘာဝနာတရား ပွားများအားထုတ်မှုမပြုခဲ့မိသောသူသည် အိုမင်းမစွမ်းရှိလာသောအခါ နောင်တကြီးစွာ ရတတ်ပေ၏။

"ဆယ်ပါးသော ဤအရာဌာနတို့ကို နည်းမှန် လမ်းကျလိုက်နာကျင့်သုံးခဲ့မည်ဆိုပါက ထိုသူသည် သူတော်ကောင်းတို့၏ တာဝန် ကျေပွန်ပြီး ဖြစ်ပေ၏။ နောင်တ တစ်ဖန် ပူပန်ရခြင်းမှလည်း ကင်းလွတ်ပါပေ၏"

အလောင်းတော် ဇနသန္ဓမင်းကြီးသည် ဤ ဩဝါဒ (၁၀)ချက်တို့ကို လပြည့် လကွယ် ဥပုသ်နေ့တိုင်း မြို့တော်တစ်ခွင်သို့ စည်လည်၍ ကြေညာစေ၏။ တိုင်းသူပြည်သူ လူအများကလည်း ထိုဩဝါဒတို့ကို လိုက်နာကျင့်သုံးကြသဖြင့် ချမ်းသာသုခ ရရှိကြပေသည်။

ဤ ဇနသန္ဓဇာတ်တော်ကို ဒွါဒသ နိပါတ်မှာ ပြဆိုထားရာ ဇာတ်လမ်းမှာ ပါရုံမျှ၊ ဩဝါဒများက အဓိကဖြစ်နေသဖြင့် ဤ မိတ်ဆက်ခန်းမှ ဖော်ပြလိုက်ရပါသည်။

ဇနသန္ဓမင်းကြီး၏ ဩဝါဒ(၁၀)ချက်ကို မပျက်မကွက် လိုက်နာနိုင်ရေးအတွက် အားပေးထောက်ကူမှု ပြုနိုင်ရန် စံပြ ဝတ္ထု (၅)ပုဒ်ကို ဆက်စပ်ဖော်ပြလိုက်ပါသည်။

## မောင်မောင်ဝါးတို့ သားအဖ

ဆရာဖြစ်သူ ရသေ့ကြီးသည် လူ့ဝတ်နှင့်တုန်းက စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝသူ ဖြစ်ခဲ့၏။ ကာမဂုဏ်တို့၏အပြစ်ကို ရှုမြင်ကာ ရသေ့ရဟန်းပြုရခြင်း၏ ကောင်းကျိုးချမ်းသာကို ရှုမြင်သုံးသပ်၍ တောထွက်လာခဲ့သူဖြစ်၏။ ရှုမြင်သုံးသပ်ခဲ့သည့်အတိုင်းလည်း ဈာန်သမာပတ်များ ရရှိလေရာ ရသေ့ ရဟန်းတို့၏ အေးချမ်း ငြိမ်သက်လှသော ကောင်းကျိုး ချမ်းသာကို ခံစား၍ နေရလေသည်။

ထိုရသေ့ကြီးထံ ဝင်ရောက်ခိုလှုံလာကြသော တပည့်ရသေ့များမှာလည်း ရှိရှိသမျှ စည်းစိမ်ဥစ္စာကို စွန့်ခွာခဲ့ကြ၏။ မိသားစုသံယောဇဉ်မှန်သမျှကို ဖြတ်တောက်၍ လာခဲ့ကြ၏။ ဤသို့အားဖြင့် အစကောင်းလာခဲ့သော ရသေ့ငါးရာတို့တွင် အနှောင်းမသေချာသော ရသေ့တစ်ပါးက ပေါ်ထွက်လာပေသည်။

သူ့ကို အဖော်ရသေ့များက ''မောင်မောင်ဝါး အဖေ'' ဟု ခေါ်ကြ၏။ ဘွဲ့မည်ရင်း မဟုတ်၊ ရှုတ်ချပြောင်လှောင်သောသဘောဖြင့် ခေါ်ဝေါ်ခြင်းဖြစ်၏။ မောင်မောင်ဝါး ဆိုသူမှာတော့ လူ့ဘဝက

ပါလာခဲ့သော သားကလေး မဟုတ်ပါ။ မိဘမဲ့ ကလေးတစ်ယောက်ကို ကောက်ယူမွေးစားထားခြင်းလည်း မဟုတ်ပါ။ မိမိသခ်မ်းကျောင်းထဲသို့ လမ်းမှား၍ ဝင်ရောက်လာသော မြွေဟောက်ပေါက်စလေးသာ ဖြစ်ပါသည်။ သူ့ကို ဝါးလုံးခေါင်းထဲမှာထည့်၍ မွေးမြူထားသဖြင့် မောင်မောင်ဝါးအမည်တွင်ကာသူနှင့်ဆက်စပ်၍ မွေးစားသူ ရသေ့ပါ သူ့အဖေ ဖြစ်လာရပေသည်။

ဤအကြောင်းကို ဆရာ ရသေ့ကြီး ကြားသိသောအခါ မောင်မောင်ဝါး အဖေကို ခေါ်ယူကာ....

"တပည့်—ရသေ့တစ်ပါးဖြစ်ပါလျက်နဲ့ ကြံကြံဖန်ဖန်မြွေဟောက်ကလေး မွေးစားထားတယ်ဆိုတာ မှန်ရဲ့လား"

"မှန်ပါတယ် ဘုရား"

ဆရာရသေ့ကြီးက စစ်မေးသည်ကို မောင်မောင်ဝါး အဖေက ဝန်ခံချက်ပေးလိုက်၏။

"တပည့်—မြွေဟောက်နဲ့လူသား အကျွမ်းဝင်တယ်ဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဘူး၊ နောင်လဲရှိမှာ မဟုတ်ဘူး၊ သင်တပည့်က ဘယ့်လောက်ပဲ ပြုစုယုယထားပေမယ့် တစ်နေ့ကျတော့ သင့်ကို ရန်ပြုမှာ အမှန်ပဲ။ ဒါကြောင့် အခုလို ဘေးမသီရန်မခရှိစဉ်တုန်းက လွှတ်ရာကျွတ်ရာ သွားလွှတ်လိုက်ပါ"

"တင်ပါ၊ မြွေဟောက်နဲ့လူသား မျိုးမတူ ဇာတ်ခြားနေပေမယ့် တပည့်တော် အတွက်တော့ သားကလေးသာ ဖြစ်နေပါတယ်။ သားကလေးကို စွန့်ပစ်ဖို့ ခက်လှပါတယ် ဘုရား"

ဤသို့ လျှောက်ထားပြီးလျှင် သူ့မောင်မောင်ဝါးကို မွေးစားမြဲ မွေးစားထားလေသည်။

တစ်နေ့သောအခါ တပည့် ရသေ့များသည် သစ်သီးရှာဖွေရန် တောထဲသို့ လျှောက်လာကြ၏။ မောင်မောင်ဝါး အဖေလည်း သူတို့နှင့် အတူ လိုက်ပါလာ၏။ သူသည် သူ့သားကလေး မောင်မောင်ဝါး သူမရှိတုန်း ထွက်သွားမည်စိုးသဖြင့် ဝါးလုံးခေါင်းအဝကို သစ်ကိုင်းစများဖြင့် ဆို့ပိတ်ထားခဲ့၏။ ရသေ့များသည် ကောင်းနိုးရာရာ သစ်သီးများ

ရှာဖွေရင်း လှည့်လည်ကြရာ တော်တော်ကြီး ခရီးပေါက်လာကြ၏။ မွန်းတည့်ခါနီးမှ အရသာချိုမြိန်သော သစ်သီးများတွေ့ကြသဖြင့်ဆွတ်ယူစားသောက်ကြ၏။ စားသောက်ပြီးနောက် ခရီးပန်းပန်း ဝမ်းဝဝနှင့် အိပ်စက်ကြလေရာ ညနေ တော်တော်စောင်းသွားမှ နိုးကြတော့သည်။

ဤအချိန်မှ သခ်မ်းကျောင်းသို့ ပြန်နေလျှင်လည်း အချိန်မမီတော့မှာဟုတူမို့ ထိုနေရာမှာပင် ညအိပ်လိုက်ကြ၏။ နောက်နေ့ ရောက်ပြန်တော့လည်း သစ်သီးများက စား၍ကောင်းလှသဖြင့် တောထဲမှာပင်ဆက်၍နေကြ၏။ ဤတွင် မောင်မောင်ဝါးအဖေမှာ အနေရ အထိုင်ရခက်လှ၏။ မောင်မောင်ဝါးကလေး အစာရေစာ ပြတ်လပ်နေမည်စိုး၍သခ်မ်းကျောင်းသို့ ပြန်ချင်လှ၏။ သို့ရာတွင် ခရီးလမ်းပန်း မကျွမ်းကျင်သဖြင့် တစ်ပါးတည်း ခွဲ၍မပြန်ရဲချေ။ သို့ဖြစ်၍ မောင်မောင်ဝါးကလေးကို တွေးရင်းလွမ်းရင်းနှင့် ကြိတ်မှိတ်၍ နေလာခဲ့ရ၏။ အဖော်ရသေ့များက သုံးရက်နှင့် ပြန်လာကြ၍သာ တော်ပါတော့သည်။

သခ်မ်းကျောင်းသို့ ပြန်ရောက်သည်နှင့်တစ်ပြိုင်နက် မောင်မောင်ဝါး အဖေသည် ဝါးလုံးခေါင်းကလေးကို ထောင်စောင်းအောက်မှ ထုတ်ယူလိုက်၏။ဆို့ပိတ်ထားခဲ့သော သစ်ကိုင်းစကလေးများကိုဖယ်ရှားကာ တောထဲက ရှာဖွေလာခဲ့သော စားစရာကလေးများကို လက်ဝါးမှာ ထည့်လျက်....

''သားကြီးရေ၊ ဝါးဝါးကြီးရေ၊ အဖေကြီး ပြန်လာပြီလေ၊ ရော့- ရော့- ဟောဒီမှာ သားသားကြီးစားဖို့ ယူလာခဲ့တယ်၊ ဟော့-ဘာလဲကွ၊ ဝါးဝါးကြီးရ၊ အဖေကြီး တောထဲမှာကြာလို့ စိတ်ကောက်နေတာလား။ ဟုတ်လား၊ ဟာ- အမလေးဗျာ''

မောင်မောင်ဝါးကို ချော့မြှူခေါ်ထုတ်နေဆဲမှာပင် အစာပြတ်လပ်၍ ဒေါသထွက်နေသော မောင်မောင်ဝါးက မွေးစားဖခင်၏လက်ဝါးကို ကိုက်လိုက်ပါတော့သည်။ မောင်မောင်ဝါးအဖေမှာ ထိုနေရာမှာပင် လဲကျသေဆုံး ရပါတော့သည်။

ဆ ရာ ရ သေ့ ကြီး သည် မောင်မောင်ဝါး အဖေ၏အလောင်းကို တပည့်များနှင့်အတူ ဖုတ်ကြည်းသင်္ဂြိုဟ်ပြီးချင်....

"ဆရာသမားက အကျိုးစီးပွား ဖြစ်ပွားစေချင်လို့ ကြိုတင်ဆုံးမတာကို မလိုက်နာတဲ့သူဟာ မောင်မောင်ဝါးရဲ့အဖေလိုပဲ အကျိုးမဲ့ပျက်စီးရပေလိမ့်မယ်"ဟု ဆုံးမစကား မြွက်ကြားလိုက်လေသည်။

(ကေနိပါတ်၊ ဝဏ္ဏုကဇာတ်)

ဝဏ္ဏုကဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

မြွေကိုသားအဖြစ်မွေးစားသော ရသေ့ = ဆိုနိုင်ခက်သော ရဟန်း။

ဆရာရသေ့ကြီး = မြတ်စွာဘုရား။

# အပုပ်နံ့မခံနိုင်သူ

ကျားခြင်္သေ့တို့ ကျက်စားနေထိုင်ကြသော တောတစ်ခုလုံးသည် အပုပ်နံ့ လှိုင်လျက်ရှိနေ၏။ ကျားခြင်္သေ့တို့က တွေ့ကရာ သားကောင်များကို ကိုက်သတ်စားသောက်ကာ အကြွင်းအကျန်များကိုပစ်ထားခဲ့ကြသောကြောင့်ဖြစ်ပေသည်။

ထိုတောအုပ် အတွင်းက တောစိုးသစ်ပင်ကြီးကို ရုက္ခစိုးနတ်တစ်ပါးက ဗိမာန်ပြု၍ နေထိုင်၏။ အခြားသစ်ပင်များမှာလည်း ရုက္ခစိုးနတ် အသီးသီး ရှိကြကုန်၏။

တောစိုးသစ်ပင်ကြီးမှရုက္ခစိုးနတ်သည်အခြားနတ်များနည်းတူပင် အပုပ်နံ့ လှိုင်နေသည်ကို အခံရခက်လှ၏။ သို့ရာတွင် ကျားခြင်္သေ့တို့နှင့် ပတ်သက်၍ အကျိုးခံစားခွင့်က ရှိနေသဖြင့် သူတို့ကြောင့် ဖြစ်ရသော အပုပ်နံ့ကို သည်းခံ၍ နေရပေသည်။

အနာဂတ်အရေးကို ထောက်ရှု၍ ရုက္ခစိုးနတ်ကြီးက သည်းခံနိုင်သော်လည်း ရုက္ခစိုးနတ်ကလေးတစ်ပါးက အောင့်မခံချင် တော့ပေ။ သို့ဖြစ်၍ ရုက္ခစိုးနတ်ကြီးထံ သွားရောက်ကာ....

''အဆွေနတ်ကြီး၊ကျားတွေ ခြင်္သေ့တွေ တွေ့ကရာစားပြီး ပစ်ထား ကြတာကြောင့်ကျုပ်တို့တောတစ်ခုလုံးလဲအပုပ်နံ့ကြီးလှိုင်နေတော့တာပဲ။ အပုပ်ဒဏ်မခံရလေအောင် ကျားတွေခြင်္သေ့တွေကို ခြောက်လှန့်ထုတ်လိုက် ကြပါစို့''

ဤသို့တိုင်ပင်စကား ပြောကြားလိုက်လေရာရုက္ခစိုးနတ်ကြီးက....

''အို အဆွေနတ်၊ ကျုပ်ပြောပါရစေဦး၊ တစ်စုံတစ်ယောက်ကို အကြောင်းပြုပြီး ချမ်းချမ်းသာသာ နေရတယ်ဆိုရင်၊ကောင်းကျိုးတရား တိုးပွားတယ်ဆိုရင် အဲဒီသူရဲ့အကျိုးစီးပွားကိုလဲကျုပ်တို့ကစောင့်ရှောက် ပေးသင့်ပါတယ်''

''ဘာကို ဆိုလိုတာပါလဲ အဆွေရုက္ခစိုးနတ်ကြီးရဲ့။ ကျုပ်တို့နား ရှင်းသွားအောင် လင်းလိုက်စမ်းပါဦး''

''အလို–ကိုရွှေနတ်ကယ်ဗျာ၊တခြားဟာဟုတ်ပါရိုးလား၊ဒီကျား တွေ ခြင်္သေ့တွေရှိနေလို့ပဲ ကျုပ်တို့တစ်တွေ ဒီတောထဲမှာ ဘေးမသိ ရန်မခ နေကြရတာပေါ့ဗျ။ ကျားတွေ ခြင်္သေ့တွေသာ မရှိစမ်းပါလား၊ ဒါ လောက်ရွာဆက်နီးနေတဲ့ဥစ္စာ၊ လူတွေက တောခုတ်ရှင်းလင်းပြီး လယ် ကွက်တွေလုပ်ပစ်ကြမှာပေါ့ဗျ''

''ဒါကတော့ အဆွေနတ်ကြီးရဲ့ အတွေးပေါ့ခင်ဗျာ။ ကျားတွေ ခြင်္သေ့တွေကြောင့် အပုပ်နံ့လှိုင်နေတာကတော့ အခုလက်တွေ့ပဲ။ဒီတော့ ကျုပ်ကတော့ နောင်ခါမှဘာပဲဖြစ်ဖြစ် ဒီကောင်တွေခြောက်လှန့်ပြီးထုတ် လိုက်ရတော့မှာပဲ''

''အေးကွာ၊ လာမယ့်ဘေးမှ ပြေးမမြင်တတ်တော့လဲ ငါဘာ တတ်နိုင်တော့မလဲ''

ရုက္ခစိုးနတ်ကြီး ညည်းညူနေဆဲမှာပင် အပုပ်နံ့မခံချင်သော ရုက္ခစိုးနတ်က ကြောက်စရာ လန့်စရာ ပုံသဏ္ဍာန်ကြီးအမျိုးမျိုး ဖန်ဆင်း ပြကာ ကျားနှင့် ခြင်္သေ့များကို ခြောက်လှန့်၍ ထုတ်လေတော့သည်။

ကျားတွေ ခြင်္သေ့တွေ မရှိတော့သည့်အတွက် မကြာမီ အပုပ်နံ့ တွေ ပျောက်သွားပါ၏။ သို့ရာတွင် ရုက္ခစိုးနတ်များမှာကား ချမ်းချမ်း

သာသာ မနေကြရပါ။ ကျားတွေခြင်္သေ့တွေမရှိတော့ကြောင်း သိရသည်နှင့်တစ်ပြိုင်နက် အနီးပတ်ဝန်းကျင်ရှိ ရွာသူရွာသားများက သို့ထက်ငါ လာ၍ တောခုတ်ကာ လယ်ကွက်များ ပြုလုပ်ကြပါတော့သည်။

(တိကနိပါတ်၊ ဗျဂ္ဃဇာတ်)

ဗျဂ္ဃဇာတ်၊ တိကနိပါတ် ဇာတ်ပေါင်းချုပ်

| | | |
|---|---|---|
| မိုက်မဲသောရုက္ခစိုးနတ် | = | ကောကာလိကရဟန်း။ |
| ခြင်္သေ့ | = | အရှင်မဟာသာရိပုတ္တရာ။ |
| ကျား | = | အရှင်မဟာမောဂ္ဂလာန်။ |
| ပညာရှိရုက္ခစိုးနတ် | = | မြတ်စွာဘုရား။ |

## ကြောက်စရာ ငှက်မကလေး

သမုဒ္ဒရာနှင့် အတန်ငယ်ကွာလှမ်းသောအရပ်တွင် လက်ပံပင်ကြီး တစ်ပင်ရှိ၏။ ထိုလက်ပံပင်၌ နေထိုင်လျက်ရှိသော ရက္ခစိုးနတ်သည် မိမိ အပင်၏ ကြီးမားတုတ်ခိုင်မှုကိုရှုမြင်ကာ အားရကျေနပ်၍နေ၏။ လေဒဏ် မိုးဒဏ် ကြံ့ကြံ့ခံနိုင်ခဲ့သည်ကို ဂုဏ်ယူဝင့်ကြွား၍နေ၏။

မြင့်မားလှသော ထိုအပင်ကြီးထက်မှ လှမ်းကြည့်လိုက်လျှင် မဟာ သမုဒ္ဒရာကို အထင်းသားမြင်နေရ၏။ တစ်နေ့သောအခါ လက်ပံပင်စောင့် နတ်၏ မြင်ကွင်းထဲသို့ ကြီးမားလှသော ဂဠုန်ကြီးတစ်ကောင် ဝင်ရောက် လာ၏။ တွေ့ဖူးသမျှ ဂဠုန် ငှက်များနှင့် နှိုင်းစာ မရလောက်အောင် အလွန်တရာကြီးမားလှ၏။ ထိုဂဠုန်ကြီးသည် သူ၏ အားကောင်းလှသော တောင်ပံလေဖြင့် ရေပြင်ကို ရိုက်ခတ်လိုက်သည်တွင် ရေ ပြင် သည် နှစ်ခြမ်းကွဲသွား၏။ ဂဠုန်ကြီးသည် ထိုနေရာမှနိမ့်ဆင်း၍ ရေထဲသို့ ကုပ် ဖမ်းလိုက်ရာ အလွန်တရာ ရှည်လျားသော နဂါးကြီး ပါလာလေသည်။

နဂါးကြီးသည် ဂဠုန်ကြီး၏ခြေသည်းကြားမှ တွန့်လိမ် ကောက် ကွေးလျက် ပါလာ၏။ ဂဠုန်ကြီး၏လက်မှ လွတ်လိုလွတ်ငြား အားကိုး ပြုနိုင်လောက်မည့်အရာကို ရှာကြည့်လိုက်ရာ ခက်လက် ဝေဆာနေသော

ညောင်ပင်ကြီးကို တွေ့လိုက်ရ၏။ သို့ဖြစ်၍ ဂဠုန်ကြီးနှင့် မိမိတို့ ညောင်ပင်ကြီးနားမှ ဖြတ်သွားသည့်တစ်ခဏတွင် နဂါးကြီးသည် ညောင်ပင်ကြီးကို ကိုယ်နှင့်ပတ်ထားလိုက်လေတော့သည်။

ညောင်ပင်ကြီးကို အခိုင်အမာ ပတ်ထားလိုက်သဖြင့် ဂဠုန်ကြီး၏ အရှိန်အဟုန် ရုတ်တရက်ရပ်တန့်သလိုဖြစ်သွား၏။ သို့ရာတွင် ဂဠုန်ကြီးက ပြင်းထန်လှသော တောင်ဟုန်ဖြင့် ဆက်၍ ပျံလိုက်ရာ ညောင်ပင်ကြီးပါ အမြစ်မှ ကျွတ်ပါလာလေသည်။

ဂဠုန်ကြီး၊ နဂါးကြီးနှင့် ညောင်ပင်ကြီးတို့ သုံးခုပေါင်းသည် လက်ပံပင်ကြီးဆီသို့ အရှိန်ပြင်းစွာချဉ်းကပ်လာ၏။ လက်ပံပင်ကြီးပေါ်သို့ နားလိုက်ရာတွင်လည်း သိမ့်ခနဲဖြစ်သွားကာ အောက်က ပါလာသော နဂါးကြီးနှင့် ညောင်ပင်ကြီးတို့က ပင်စည်ကို အရှိန်ပြင်းစွာရိုက်ခတ်၏။ ညောင်ပင်ကြီးသည် နဂါးကြီးထံမှလွတ်ကာ မြေကြီးပေါ် ပစ်ကျသွား၏။ ဤတွင် ဂဠုန်ကြီးသည် နဂါးကြီးကို လက်ပံပင်ခွကြားပေါ်တင်၍ ရင်ကိုခွဲကာ အဆီများကို အားပါးတရစားသောက်၏။ ထို့နောက်မှ ကျန်သေးသော နဂါးအသေကောင်ကြီးကို သမုဒ္ဒရာထဲသို့ သွား၍ပစ်ချလေသည်။

လက်ပံပင်စောင့်နတ်သည် အဖြစ်အပျက် အားလုံးကို သိမြင်နေရ၏။ ဂဠုန်ကြီး၊ နဂါးကြီးနှင့် ညောင်ပင်ကြီးတို့ချဉ်းကပ်လာစဉ်ကပင် သူတို့၏အရှိန်ကြီးမားမည့်အရေးကို တွေးမြင်ထား၏။ သူတို့ဝင်နားလိုက်တော့လည်း အင်မတန် ကြီးမားခိုင်ခံ့လှသော လက်ပံပင်ကြီး သိမ့်ခနဲဖြစ်သွားသည်ကို သတိပြုလိုက်မိပါ၏။ သို့ရာတွင်စိုးရိမ် ထိတ်လန့်မှုကား လုံးဝမရှိခဲ့ချေ။ မိမိသစ်ပင်၏ ခံနိုင်ရည်စွမ်းအားကို ယုံကြည် စိတ်ချထားသောကြောင့် ဖြစ်ပေသည်။

ဤသို့ စိတ်အေးလက်အေးနှင့် ပွဲကြည့် ပရိသတ်အဖြစ် ရှိနေရာမှ မိမိပါ ဤဇာတ်လမ်း၌ ပါဝင်လာစေရန် အကြောင်းက ဖန်လာပေ၏။ ညောင်ပင်ကြီး အမြစ်ကျွတ်၍ပါလာရာတွင် ထိုညောင်ပင်မှာအသိုက်လုပ်နေသော ငှက်မကလေးလည်း ပါလာခဲ့၏။ ထိုငှက်မကလေးမှာ ညောင်ပင်ကြီးအောက်သို့ပြုတ်ကျသွားသောအခါ ညောင်ပင်ကြီးမှ ထွက်ခွာ၍ လက်ပံပင်ခွကြားမှာနားလာ၏။ ဣန္ဒြေရရ စိတ်ချလက်ချနေလာခဲ့သော လက်ပံပင်စောင့်နတ်မှာ ဤတွင်မှ အထိတ်တလန့် ဖြစ်ရပေတော့ သည်။ ထိတ်လန့်သည့်အရှိန်အဟုန် ပြင်းထန်လှသဖြင့် ကြီးမား တုတ်ခိုင်လှသော

လက်ပံပင်ကြီးသည်ပင် အမြစ်ခြေမှ စတင်၍ တစ်ပင်လုံး သွက်သွက်ခါမျှ တုန်လှုပ်ရလေတော့သည်။

နဂါးအသေကောင်ကြီးကို စွန့်ပစ်ပြီးနောက် လက်ပံပင်ကြီးသို့ ခေတ္တနားနေရန် ပြန်လာခဲ့သော ဂဠုန်ကြီးသည် သွက်သွက်ခါအောင် တုန်လှုပ်နေသော လက်ပံပင်ကြီးကိုကြည့်ကာ တအံ့တသြ ဖြစ်သွားရ၏။ ထိုမှတစ်ဆင့် တုန်လှုပ်ရခြင်းအကြောင်းရင်းကိုလေ့လာလိုက်ရာ ခွကြားမှာ နားနေသော ငှက်မကလေးဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ဤတွင် ဂဠုန်ကြီးသည် မခံချိမခံသာဖြစ်လာ၍....

"အို — လက်ပံပင်စောင့်နတ်၊ ငါ့ ကိုယ်ခန္ဓာကလဲ အင်မတန်ကြီးမားလှတယ်။ ငါချီလာခဲ့တဲ့ နဂါးကြီးကလဲ အင်မတန် ရှည်လျားလှတယ်။ ဒီကြားထဲမှာ ညောင်ပင်ကြီး တစ်ပင်လုံးတောင် ပါလာသေးတယ်။ ကြီးမားလှတဲ့ ဒီအရာဝတ္ထုကြီးတွေ အရှိန်ပြင်းစွာ ရိုက်ခတ်လာတုန်းကတော့ သင် တုတ်တုတ်မှမလှုပ်ခဲ့ဘူး။ အခု ညောင်ပင်မှာပါလာတဲ့ ငှက်မကလေးက နားလိုက်ခါမှ ဘာ့ကြောင့်များ သွက်သွက်ခါအောင် တုန်လှုပ်နေရတာပါလဲ"

ဤသို့ ဒေါနှင့်မောနှင့်မေးလိုက်လေရာ လက်ပံပင်စောင့် နတ်က....

"အို — ဂဠုန်မင်း၊ အသင်ဂဠုန်မင်းက အသားစားသူ ဖြစ်ပါတယ်။ ဒီငှက်မကလေးကတော့ ညောင်သီးစားသူ ဖြစ်ပါတယ်။ ဒီငှက်မကလေးဟာ ညောင်သီးအမျိုးမျိုးကို စားလာခဲ့ပြီးတော့ ကျုပ် လက်ပံပင်ပေါ်မှာများ မစင်စွန့်လိုက်ရင် ပြီးပါလေရောဗျာ။ မစင်ထဲမှာပါလာတဲ့ ညောင်စေ့ကလေးက ညောင်ပင်ကလေးပေါက်၊ ညောင်ပင်လေးက ညောင်ပင်ကြီးဖြစ်။ ဖြစ်ပြီးတော့ ကျုပ်လက်ပံပင်ကြီးကို ခြုံငုံသွားလိုက်ရင် မခက်ပါလား"

"ဒီလိုငှက်ကလေးတွေ သယ်ဆောင်လာတဲ့ မျိုးစေ့ကပေါက်လာကြတဲ့ ညောင်ပင်တွေ များလှပါပြီ။ ဒီညောင်ပင်တွေ လွှမ်းမိုးမှုကြောင့် ပျက်စီးသွားရတဲ့ သစ်ပင်ကြီးတွေ များလှပါပြီ။ မြင့်ပါပေ့၊ ကြီးပါပေ့ ဆိုတဲ့ တောစိုးသစ်ပင်ကြီးတွေတောင်မှပဲ ညောင်ပင်တွယ်လာမိတဲ့အခါ အသက် မရှုသာအောင် ဖြစ်ကြရသေးတာပဲ။ ကျုပ် လက်ပံပင်လောက်တော့ အပျော့စားပေါ့ ဂဠုန်မင်းရယ်"

''ဒီလိုဆိုတော့လဲ ဟုတ်ပါပေရဲ့လေ။ စိုးရိမ်ထိုက်တာကိုကြို တင်ပြီး စိုးရိမ်ရပေမှာပေါ့။ လာမယ့်ဘေး အဝေး က မြင် ပြီး ရှောင်သင့်ပေတာပေါ့''

ဤသို့ ထောက်ခံစကားပြောကြားပြီးလျှင် ဂဠုန်ကြီးသည်ညှောင်သီးစား ငှက်မကလေးကို ခြိမ်းခြောက်၍ လွှတ်လိုက်၏။ ဤတွင်မှ တုန်လှုပ်နေသော လက်ပံပင်ကြီး ငြိမ်သက်သွားလေသည်။

(သတ္တကနိပါတ်၊ ကောဋသိမ္ဗလိဇာတ်)

**ကောဋသိမ္ဗလိဇာတ်၊ သတ္တကနိပါတ် ဇာတ်ပေါင်းသော်**

ဂဠုန်မင်း = အရှင်မဟာသာရိပုတ္တရာ။
ရုက္ခစိုးနတ် = မြတ်စွာဘုရား။

## ချစ်ရာလေးမှ ကြောက်စရာကြီးသို့

စိတ္တကုဋ္ဌတောင်ရှိရွှေဂူ၌ နေထိုင်သော ရွှေဟသ်ာသည် ဟိမဝန္တာရှိ ဇာတဿရအိုင်အနီးမှာ သူ့အလိုလို ပေါက်ရောက် ဖြစ်ထွန်းနေသော သလေးစပါးတို့ကိုလာ၍စားနေကျဖြစ်၏။ နေရာဌာနနှင့် စားရာဌာနတို့ကို ကူးချည် သန်းချည် ပြုနေစဉ်မှာ ခရီးအကြားရှိ ပေါက်ပင်မှာ ခရီး တစ်ထောက် နားနေကျ ဖြစ်ပေသည်။

သွားတိုင်းပြန်တိုင်း ခရီးတစ်ထောက်နားနေကျဖြစ်သဖြင့် ကာလအတန်ကြာသောအခါ ရွှေဟသ်ာသည် ထိုပေါက်ပင်မှ ရုက္ခစိုးနတ်နှင့် အကျွမ်းတဝင် ဖြစ်လာတော့သည်။

တစ်နေ့မှာတော့ ရွှေဟသ်ာသည် ပေါက်ပင်ခွကြားမှာ ထူးဆန်းသောအရာလေးတစ်ခုကို တွေ့လိုက်ရ၏။ အညွန့်ကလေးနှိတီဘီနှင့် လေထဲမှာ လှုပ်ယမ်း ပျော်မြူးနေသော ညောင်ပင်ပေါက်ကလေးပင် ဖြစ်ပါ၏။ ညောင်သီးစားသော ငှက်တစ်ကောင်က ဤခွကြားမှာကျင်ကြီးစွန့်တားခဲ့၍ဖြစ်ပေလိမ့်မည်။

ညောင်ပင်ပေါက်ကလေးကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ရွှေဟင်္သာသည် သူ့မိတ်ဆွေ၏ နောင်ရေးအတွက် တွေး၍ ပူလိုက်မိ၏။ သို့ရာတွင် သူ့မိတ်ဆွေဖြစ်သူ ပေါက်ပင်စောင့်နတ်ကတော့ ထိုအရေးကို တွေးမိသေးဟန် မတူပါ။ သို့ဖြစ်၍....

''အဆွေပေါက်ပင်စောင့်နတ်၊ သင့်အပင်ရဲ့ခွကြားမှာ ညောင်ပင်ကလေးပေါက်နေပြီ။ ဒီညောင်ပင်ကလေးဟာ တစ်နေ့ကျတော့ သင့်ဗိမာန်ကို ပျက်ဆီးပေလိမ့်မယ်။ ခုလိုသေးသေးကလေးက နှုတ်ပစ်လိုက်ပါတော့လား''

ဤသို့ သတိပေးစကား ပြောကြားသော်လည်း ပေါက်ပင်စောင့်နတ်ကတော့ နားမဝင်နိုင်ပါ။

''အိုကွာ—ကိုယ့်ရင်ခွင်ထဲမှာပေါက်လာတဲ့အပင်ကလေးဆိုတော့ ကြီးချင်သလောက် ကြီးပါစေပေါ့ကွာ။ မိခင်ဖခင်များကို အမီပြုပြီးတော့ သားသမီးများ ကြီးထွားရသလိုပေါ့''

လူ့မှုရေးရာ ဥပမာများကိုပင်ပြ၍ ငြင်းလိုက်ပါသေးသည်။

''အို—ပေါက်ပင်စောင့်နတ်၊ သင်ဟာ အင်မတန် ကြောက်စရာကောင်းလှတဲ့ ညောင်ပင်ကို ရင်ခွင်မှာထားပြီး ကြီးပွားခွင့်ပေးနေတယ်။ ဒါကြောင့် ကျုပ်တို့က ခင်ဗျားကို အပြီးအပိုင် နှုတ်ဆက်ခဲ့ပါတယ်''

လာမည့်ဘေးကို ပြောပြပါလျက် လက်မခံနိုင်သော ပေါက်ပင်စောင့်နတ်ကို နှုတ်ဆက်ကာ ရွှေဟင်္သာ ထွက်သွားလေတော့သည်။

ရွှေဟင်္သာ ပြောပြထားခဲ့သည့်အတိုင်းပင် ချစ်စရာ ညောင်ပင်ကလေးသည် ကြောက်စရာ ညောင်ပင်ကြီးဖြစ်လာကာ ပေါက်ပင်ကို ဝါးမျိုလိုက်၏။ ထိုအခါ ညောင်ပင်မှာ ရုက္ခစိုးနတ်အသစ်တစ်ပါး ရောက်လာ၏။ ညောင်ပင်၏ အကိုင်းအခက်များ ကြီးထွားလာသကဲ့သို့ ညောင်ပင်စောင့်နတ်၏ တန်ခိုးကလည်း ကြီးထွားလာ၏။

ထိုအချိန်တွင် ပေါက်ပင်စောင့်နတ်၏ ဗိမာန်မှာကား ထောက်ရာတည်ရာမှ မရှိတော့သဖြင့် အောက်သို့ပြုတ်ကျသွားရလေသည်။ ဤတွင်မှ ပေါက်ပင်စောင့်နတ်သည် ရွှေဟင်္သာပြောခဲ့သော စကားတို့ ပြန်လည်တမ်းတ၍ ငိုရလေတော့သည်။

သို့သော် ရွှေဟင်္သာကတော့ ထိုနေရာသို့ နောက်တပ်တစ်ဖန် ပြန်မလာတော့ပါချေ။

(ပဥ္စကနိပါတ်၊ ပလာသဇာတ်)

**ပလာသဇာတ်၊ ပဥ္စကနိပါတ် ဇာတ်ပေါင်းသော်**

ရွှေဟင်္သာ = မြတ်စွာဘုရား။

## ကြို့တင်ကာကွယ်ရေး

လူသေပစ်ရာ သုသာန်တောအုပ်၌ တမာပင်နှင့် ညောင်ပင်တို့သည် ကိုင်းဖျားချင်းထိ၍ နေကြ၏။ ထို့အတူပင် ထိုသစ်ပင်နှစ်ပင်မှာ နေထိုင်ကြသော ရုက္ခစိုးနတ်များကလည်း အိမ်နီးချင်းအဖြစ် ခင်မင်ရင်းနှီးစွာ နေထိုင်ကြ၏။

တစ်နေ့သည်၌ ရွာထဲမှ လုယက်တိုက်ခိုက်၍ လာခဲ့သော ခိုးသား တစ်ယောက်သည် သုသာန်တောသို့ ဝင်လာခဲ့၏။ အမောတကော ပြေးလာခဲ့ရသဖြင့် တမာပင်အောက်သို့ ရောက်သောအခါ ခရီးမဆက်နိုင်လောက်အောင် ဖြစ်လာ၏။ ထို့ကြောင့် လုယက်တိုက်ခိုက်လာသော ဥစ္စာထုပ်ကို တမာပင်မြစ်ရင်းသို့ ဗုန်းခနဲ ပစ်ချ၍ ထိုအပေါ်မှာ ခေါင်းအုံးကာ အစန့်သား အိပ်စက်လေသည်။

ခိုးသား ဝင်လာကတည်းက တထိတ်ထိတ်ဖြစ်နေခဲ့သော တမာပင်စောင့် နတ်သည် ခိုးသားက ဤကဲ့သို့ အကျအန အိပ်စက်လိုက်သော အခါတွင်ကား ခိုးသား မြင်လောက်အောင် ကိုယ်ထင်ပြလျက်....

"ဟေ့ ခိုးသား- အိပ်ရာက ထ ပါတော့လား၊ မင့်မှာ အိပ်နေလို့ ဘာအကျိုး ရှိမှာတုန်း၊ ရွာထဲရပ်ထဲမှာ ခိုးဆိုး လုယက်လာတဲ့ မင်းလို

စပယ်ဦး၊ ၁၃၄၅

လူကို မင်းချင်းတွေက လာဖမ်းကြမှာပေါ့၊ သူတို့မလာခင် မြန်မြန် ပြေးပါတော့လား''

ရုက္ခစိုးနတ် ကိုယ်တိုင်က ဤသို့ ကိုယ်ထင်ပြ၍ နှိုးဆော်လိုက်သဖြင့် ခိုးသားသည် အိပ်နေရာမှထ၍ ထွက်ပြေးသွားလေသည်။ ဤအဖြစ်အပျက်ကို မျက်ခြည်မပြတ် အကဲခတ်နေသော ညောင်ပင်စောင့်နတ်က....

''အို- ကိုတမာပင်စောင့် နတ်ရှဲ၊ ရွာထဲမှာ လုယက် တိုက်ခိုက်လာတဲ့ ခိုးသား အဖမ်းခံရမှာနဲ့ တောထဲက ကိုတမာပင်စောင့်နတ်နဲ့က ဘာများဆိုင်လို့ဗျလဲ'' ဟု မေးခွန်းထုတ်လိုက်လေရာ....

''ကိုညောင်ပင်စောင့်နတ်က ကျုပ်နဲ့ ခိုးသားတို့ရဲ့ စပ်ကြားက ဆက်စပ်နေတဲ့သဘောကိုမှ မသိဘဲကိုးခင်ဗျ''

''မသိလို့ဘဲ သိရမလားလို့ မေးကြည့်ရတာပေါ့ဗျာ၊ ဆက်စပ်ပုံလေးလဲ ရှင်းပြစမ်းပါဦး''

''ဒီလိုဗျ ညောင်စောင့်နတ်ရှဲ။ အခု လောလောဆယ်မှာ လူတွေဟာ ခိုးသားကို လက်ရဖမ်းမိတယ်ဆိုရင် တမာသားကို ချွန်ထားတဲ့ တံကျင်နဲ့ ထိုးပြီးသတ်ကြတာဗျ။ ဒီတော့ ကျုပ် အပင်အောက်မှာသာ သူ့ကိုဖမ်းမိသွားရင် ကျုပ်အပင် မသက်သာဘူးလေ။ ဒါကြောင့် ကြိုတင်ကာကွယ်တဲ့အနေနဲ့ သူ့ကို မ ထုတ်လိုက်ရတာ''

ဤသို့ပြောဆိုနေကြစဉ်မှာပင် ရွာသားများသည်တုတ်ဓားကိုယ်စီနှင့် ရောက်လာကြ၏။ သူတို့ရွာမှာ လုယက်တိုက်ခိုက်သွားသော ခိုးသားကို ခြေရာခံ၍ လိုက်ဖမ်းနေကြခြင်း ဖြစ်၏။ ရွာသားတို့သည် ခိုးသား၏ ခြေရာအတိုင်း လိုက်လာကြ၍ တမာပင်ရင်း၌ အိပ်ထားခဲ့သော အရာကို ကြည့်ရှုကာ....

''တောက် – မိများမိလိုက်ရင်တော့လားကွာ၊ သင်းကို ဒီ တမာပင်က အကိုင်းနဲ့ တံကျင်လျှိုပစ်လိုက်မှာပဲ''

ခေါင်းဆောင် ဖြစ်သူက မကျေနိုင် မချမ်းနိုင် ရေရွတ်ကာ ထိုနေရာမှ ထွက်ခွာသွားကြ၏။

ဤတွင်မှ ညောင်ပင်စောင့်နတ်က....

''ဟုတ်ပေသဗျို့—ကိုတမာပင်စောင့်နတ်ရေ။ စိုးရိမ်သင့်တာကို ကြိုပြီးစိုးရိမ်ထားပါမှ တော်ကာကျတယ်''ဟု ဝန်ခံစကား ပြောကြားလိုက်လေသည်။

(စတုက္ကနိပါတ်၊ ပုစိမန္ဒဇာတ်)

ပုစိမန္ဒဇာတ်၊ စတုက္ကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ညောင်ဖုဒ္ဒမောပင်စောင့်နတ် | = | အရှင်အာနန္ဒာ။ |
| တမာပင်စောင့်နတ် | = | မြတ်စွာဘုရား။ |

## ၁၃။ အသက်ရှည်ရာ အနာမဲ့ကြောင်း

(ဇာတ်ဆောင်မိမိသက်)

အသက်ရှည်ခြင်း၊ ကျန်းမာခြင်း စသော ဆုလာဘ် ငါးမျိုးကို ဆုတောင်းရုံနှင့်မရနိုင်။ အသက်ရှည်ကြောင်း ကျန်းမာကြောင်းဖြစ်သော အကျင့်ကောင်းများကို ကိုယ်တိုင် ကိုယ်ကျ ကျင့်သုံးမှ ရနိုင်သည်ဟု အင်္ဂုတ္တရနိကာယ်၊ ပဉ္စကနိပါတ်တွင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဆုတောင်းရုံနှင့်မှ ဟူရာ၌ ထိုဆုလာဘ်များ ရနိုင်ရေးအတွက် ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းကို ဟန့်တားလိုသောသဘော မပါရှိပါ။ ထိုသို့ ဆုတောင်း၍ရလျှင်လည်း နေ့ခင်ဘဝမှသာ ရနိုင်ပါသည်။ ယခု

ဘဝတွင် လက်ငင်းလက်တွေ့ခံစားနိုင်ရန်ကား ကိုယ်တိုင်ကိုယ်ကျ ကျင့်သုံးကြရပါလိမ့်မည်။

ဤတွင် ကံကြမ္မာ၏ပြဋ္ဌာန်းချက်ကို မည်သို့သဘောထားမည်နည်းဟု မေးရန်ရှိလာ၏။ ကျွန်ုပ်တို့သည် ကံကြမ္မာ၏ အစွမ်းသတ္တိ လုံးလုံးလျားလျား ပစ်ပယ်၍လည်း မရနိုင်ပါ။ ထို့အတူပင် နေရာတကာတွင် ကံကြမ္မာတစ်ခုလည်းကို ရှိုးမယ်မဖွဲ့သင့်ပါ။ ရောဂါဝေဒနာ ခံစားကြရာတွင် တချို့မှာ ကံကြမ္မာကြောင့်ဖြစ်သော်လည်း တချို့မှာတော့ အတိတ်ကကံကြမ္မာကြောင့် မဟုတ်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

သို့ဖြစ်၍ အတိတ်ကံနှင့် အလွတ်ဖြစ်သော ဤ အနာရောဂါတို့မှာ ယခု ပစ္စုပ္ပန် ဘဝက အကြောင်းတရားများကြောင့်သာ ဖြစ်လာရပါသည်။ ကျန်းမာရေးအသိပညာချို့တဲ့ခြင်း၊ သင့်လျော်သော ဆေးဝါးကုသမှု မခံယူရခြင်း၊ ကိုယ်ခန္ဓာအတွက် လိုအပ်သော ဩဇာဓာတ်များ ပါဝင်အောင် မစားသောက်တတ်ခြင်းနှင့် ကျန်းမာရေးကို အထောက်အကူမပြုနိုင်သော အလေ့အကျင့်များကြောင့်သာ အနာရောဂါထူပြောကြရပါသည်။

ထို့ကြောင့်ပင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဦးစီး ခေါင်းဆောင်တို့သည် တိုင်းသူပြည်သားတို့အား ကျန်းမာရေး အသိပညာများ ဖြန့်ဖြူးကြရပါသည်။ အများပြည်သူများအတွက် ဆေးရုံများ၊ ဆေးပေးဌာနများ ဖွင့်လှစ်ပေးကြရပါသည်။ မိမိတို့ တတ်နိုင်သမျှ စွမ်းအားဖြင့် အာဟာရ ပြည့်ဝစွာ စားသောက်တတ်ဖို့ နည်းပေး လမ်းပြ ပြုကြရပါသည်။ ထို့ပြင် တစ်မျိုးသားလုံး ကျန်းမာရေး ဦးတည်ချက်ဖြင့် ခုန်ပျံလှုပ်ရှား အားကစား အလေ့အကျင့်များကို ပြုစုပျိုးထောင်၍ ပေးကြရပါသည်။

ဤသို့အဘက်ဘက်ကဦးဆောင်ဦးရွက်ပြုကြသဖြင့်လူတို့၏ပျမ်းမျှသက်တမ်းများ သိသိသာသာ တိုးတက်လာသည်မှာ ကမ္ဘာ့မှာရော မြန်မာတို့အတွက်ပါ သိသာထင်ရှားလှပါပေသည်။

သို့ဖြစ်၍ ဤအခန်းအတွက် ကျန်းမာရေးပညာပေး ဝတ္ထုများကို ရွေးချယ်စုစည်း၍ ပေးထားပါသည်။

ပထမဦးစွာ ဖော်ပြလိုက်သော 'သဘာဝ၏ကျိန်ဆဲခြင်း' ဝတ္ထုနာမည်တပ်လိုက်ခြင်းမှာ(ဥပက္ကောသတိနံ့ သဘာဝေ ါ)ဟူသောဇာတကပါဠိတော်ကို တိုက်ရိုက်ပြန်ဆိုထားခြင်း ဖြစ်ပါသည်။ သဘာဝ၏ ကျိန်စာမိခြင်း၊ သဘာဝ၏ ဒဏ်ခတ်ခြင်း စသော ခေတ်အသုံးအနှုန်းများနှင့် သဘောတူဖြစ်ပါသည်။

ယခုခေတ် အချို့သော တောင်ပေါ်သားကြီးများမှာ အမြဲတစေ သွားလာလှုပ်ရှားနေခြင်း၊ သဘာဝ အစားအစာဖြစ်သော ကောက်ပဲသီးနှံကိုသာ အားပြုစားသောက်ခြင်း၊ လူမှုရေး ပတ်ဝန်းကျင် အေးဆေးတည်ငြိမ်ခြင်းတို့ကြောင့် အသက်ရာကျော်အထိ ကျန်းကျန်းမာမာ သွားလာ လှုပ်ရှား၍ နေနိုင်ကြပါသည်။

မြို့ကြီးပြကြီးများမှ လူနေမှု အဆင့်အတန်းမြင့်သူများမှာမူ ထူးထွေဆန်းပြားသောအစားအစာများကိုစားသောက်ရင်းတစ်ယောက်နှင့်တစ်ယောက် ဂုဏ်တုဂုဏ်ပြိုင် အနိုင်ကြိုးစားရင်း ရောဂါထွေပြားကြရပါသည်။ နှလုံးရောဂါဖြင့် ခေါက်ခနဲ အသက်ထွက်ကြရပါသည်။ ဤသို့သော သဘာဝ၏အကျိန်ဆဲခံဘဝမှ လွတ်မြောက်ရေးအတွက် ဤဝတ္ထုကလေးက သတိပေးလျက်ရှိပါသည်။

အနာရောဂါ ဖြစ်ပွားကြရာတွင် တချို့မှာ ရုပ်ခန္ဓာမှာ အခြေပြု၍ တချို့ကျတော့ စိတ်မှာပင် အစပြုပါသည်။ စိတ်ထဲမှာ ဒဏ်သင့်သွားရာမှ ရုပ်ခန္ဓာကိုပါ ထိခိုက်လာရပါသည်။ ထိုကဲ့သို့ စိတ်ထောင်း၍ ကိုယ်ကြေရသော ဝေဒနာမျိုးကား ဆေးဝါးသက်သက်ဖြင့် ကု၍ မရနိုင်ပါ။ စိတ်ထဲမှာ ခံစားနေရသော ဝေဒနာကို ကုစားနိုင်ပါမှ ချမ်းသာရာရနိုင်ပါသည်။ ထို့ကြောင့်ပင် (ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိဘူး။ မိမိပညာ၊ သတိသာလျှင်၊ ဒေဝါသြသဓ၊ ဆေးမည်ရ၏) ဟု မဃဒေဝလင်္ကာသစ်တွင် မန်လည်ဆရာတော်ဘုရားကြီးက ထည့်သွင်း စပ်ဆိုထားကြခြင်း ဖြစ်ပေသည်။ 'ကိုယ်တွင်းနာအတွက် ဆေးသုံးခွက်' ဝတ္ထုမှာ ထိုအချက်၏သက်သေခံပင် ဖြစ်ပါသည်။

အသက်ရှည်ရာ အနာမဲ့ကြောင်း နည်းလမ်းကောင်းများကို ကျင့်သုံးခြင်းမှာ တစ်ရက်စာ၊ တစ်လစာ မဟုတ်ပါ။ တစ်သက်စာလုပ်ငန်းစဉ်ကြီး ဖြစ်ပါသည်။ ထို့ပြင် မိမိတစ်ဦးသာမက မိမိပတ်ဝန်းကျင်ကိုပါ စည်းရုံးနိုင်လျှင် ပို၍ အကျိုးများပါသည်။ 'ဓမ္မပါလတို့ အမျိုးအနွယ်'

ဝတ္ထုမှ ဆေးရောမျိုးပါ တစ်စိတ်တစ်ဝမ်းတည်းဖြစ်ကြ၍ တစ်ဆေးလုံး တစ်မျိုးလုံး အသက်ရှည်ခဲ့ကြပုံများမှာ အားကျစရာကောင်းလှပါသည်။

ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ချုပ်ကြီး၏ ''အားလုံးကျန်းမာ သက္ကရာဇ် နှစ်ထောင်မှာ'' ဟူသော ဆောင်ပုဒ်ကို ကြိုဆိုရင်း ကျန်းမာရေး သင်ခန်းစာပေး ဝတ္ထု (၃) ပုဒ်ကို ဆက်စပ်ဖော်ပြလိုက်ပါသည်။

## သဘာဝတရား၏ ကျိန်ဆဲခြင်း

ပဒုမ္မာကြာတို့ ဝေဝေဆာဆာ ဖူးပွင့်လျက်ရှိသောအိုင်ကြီးထဲဝယ် စက္ကဝက် ငှက်မောင်နှံတို့သည် တူယှဉ်တွဲကာ လူးလာကူးခတ်လျက် ရှိကြကုန်၏။

ရွှေအဆင်းသို့ ဝါဝင်း၍နေသောကိုယ်ခန္ဓာနှစ်ခုတို့သည် စိမ်းစိမ်းညိုညို ရှိနေသော ရေပြင်ပေါ်ဝယ် ရှုချင့်စဖွယ် အလွန်တင့်တယ်၍နေကြပေသည်။

ထိုအိုင်နားသို့ ခရီးတစ်ထောက်ရောက်လာခဲ့သော ကျီးတစ်ကောင်သည် ထိုစက္ကဝက် ငှက်မောင်နှံတို့ကိုကြည့်ရှုကာ သူတို့၏ အရောင်အဆင်းကို အားကျနေ၏။ သူတို့နည်းတူ ရွှေအဆင်းသို့ ဝါဝင်းသော အမွေးအတောင်တို့ ဖြစ်လာကြစေလို၏။

စောစောတုန်းကတော့ ကျီးသည် ဗာရာဏသီမြို့တော် ဝန်းကျင်မှာသာ ကျက်စားခဲ့၏။ မြို့တော်အတွင်းက သယ်ဆောင်၍ စွန့်ပစ်သောဆင်သေကောင်၊ မြင်းသေကောင်များကို ကျီး အဖော်များနှင့် တကွတပျော်တစ်ပါးကြီး စားနေခဲ့၏။ သတ္တဝါမျိုးစုံတို့၏ အသားများကို

စားရသော်လည်း ကျီးကတော့ အားရတင်းတိမ်သည်ဟု မရှိချေ။ သည် အသားစားပြီးပြန်တော့ ဟိုအသားကို စားချင်ပြန်၏။ ကုန်းသတ္တဝါ မျိုးစုံကို စားဖူးပြန်တော့ ရေသတ္တဝါများကိုပါ စားချင်လာပြန်၏။

ထို့ကြောင့် ဂင်္ဂါမြစ်ကမ်းပါးသို့သွားကာ တံငါတို့ စွန့်ပစ်ထားခဲ့သော ငါး၊ ဖား၊ ပုစွန်တို့ကို ရှာဖွေစားသောက်ပြန်၏။ ထိုမှတစ်ဆင့် ထူးထူး ခြားခြား စားစရာ မျိုးစုံကို စုံစမ်း ရှာဖွေရင်း ခရီးဆက်ခဲ့ရာမှ ထိုအိုင်နားသို့ ရောက်လာခဲ့ခြင်း ဖြစ်ပေသည်။

ကျီးသည် မိမိ စားသောက်ခဲ့ဖူးလေသမျှသော သားငါးများ၊ ဆီဦးထောပတ်နှင့် ချက်လုပ်ထားသော စားကောင်းသောက်ဖွယ်များကို ပြန်လည် စဉ်းစားကြည့်ပြီးလျှင် ''ဒါလောက်တောင် လှပနေတဲ့ ငှက် များဟာ ဧကန္တ ထူးခြားလှတဲ့ အစားအစာတွေ စားရလို့သာ ဖြစ်လိမ့် မယ်။ ငါစားဖူးလေသမျှ အစားအစာတွေထက် ပိုပြီးအရသာရှိနေလို့သာ ဖြစ်လိမ့်မယ်'' ဟု တွေးတောမိလေသည်။

ထို့ကြောင့် ထိုငှက်များ၏ ထူးခြားလှသော အစားအစာကို သိလိုသဖြင့်....

''အို-- စက္ကဝက် ငှက်မောင်နှံတို့၊ သင်တို့ဟာ အလွန်တရာ လှပကြ ပါပေတယ်၊ အားခွန်ဗလ ပြည့်ဝကြပါပေတယ်။ သင်တို့ဟာ ဒီအိုင်ပေါ် မှာ ဘာအသီးတွေများ စားနေကြပါသလဲ၊ ဘာသားတွေများ စားနေ ကြပါသလဲ၊ ဘယ်လို စား ကောင်း သောက် ဖွယ် များ စားနေကြပါ သလဲ'' ဟု မေးမြန်းလိုက်လေရာ စက္ကဝက် ငှက်ဖိုက....

''အို - ကျီး၊ ဒီအိုင်ပေါ်မှာ ဘာအသီးတွေမှ မရှိပါ၊ ဘာသီးမှ မရှိလေတော့ ဘာသားတွေများ ရှိနေရဦးမလဲ။ ငါတို့ စားနေကြတာ ကတော့ အိုင်ပေါ်မှာ ဖုံးလွှမ်းနေကြတဲ့ ရေမှော်တွေသာ ဖြစ်ပါတယ်''

''အို- စက္ကဝက် ငှက်တို့၊ သင်တို့ စားနေတဲ့ အစာကိုဖြင့် ငါ မကြိုက်ပါ။ အစတုန်းကတော့ အစားအသောက် ကောင်းလွန်းလို့သာ အမွေးအတောင် လှပနေတယ်လို့ ထင်ခဲ့မိတယ်။ ခုမှ အဲဒီလို တွေးခဲ့တာ မှားသွားပြီလို့ သိရတော့တယ်။

''ငါစားခဲ့ဖူးတာတွေကတော့ စုံလို့ပဲ။ နနွင်း ဆီ ဆား အပြည့် အစုံနဲ့ လူတွေချက်ထားတဲ့ အသားဟင်းမျိုးစုံလဲ စားဖူးတာပဲ။ စစ်သည် သူရဲကောင်းဟာ စစ်မြေပြင်မှာ ရွတ်ရွတ်ချွန်ချွန် တိုက်ခိုက်ပြီး အောင်ပွဲ ကြီး ခံရသလို ငါလဲပဲ အသက်ဘေးနဲ့ ရင်းနှီးပြီးတော့ စားသောက်

ရတယ်။ ဒါပေမယ့်လို့ ငါ့အမွေးအတောင်တွေက သင့်တို့လို မလှတာက ဆိုးလွန်းလှတယ်''

''အို- ကျီး၊ သင်ဟာလူတွေမွေ့လျော့တဲ့ တစ်ခဏလေးမှာမှ ဝင်ပြီး အလစ်သုတ်တတ်တယ်၊ သူတကာတွေမသဒ္ဒါတဲ့အစားအစာတွေစားနေရ တယ်။ အစားလေးတစ်လုတ်စားရပါမယ့်အရေးသိပ်ပြီးအဆင်းရဲခံရတယ်။ သူတစ်ပါး သိမ်းဆည်းထားတဲ့ အစားအစာကို နှိပ်စက်ကလူ လုယူပြီးမှ သင် စားသောက်ရတယ်။ ဒါကြောင့် သင်ဟာ သဘာဝတရားကြီးရဲ့ ကျိန်ဆဲခြင်းကို ခံနေရတယ်။ သဘာဝတရားကြီးရဲ့ အကျိန်အဆဲခံရတဲ့ သူဟာ ဘယ်တော့မှ အဆင်းမလှနိုင်ပါဘူး။

''ပညာရှိ ပုဂ္ဂိုလ်များကျတော့ သူတစ်ပါးရဲ့ အစားအစာကို ဘယ်တော့မှ လုယက်ပြီး မစားကြဘူး၊ ဘေးရန်ကင်းပ အေးမြတဲ့ အစား ကိုသာ စားသောက်ကြတယ်။ ဒါကြောင့် သူတို့ဟာ အစားအစာ နည်း နည်းကလေး စားရသော်လဲ ခွန်အားလဲဖြစ်ကြတယ်၊ အဆင်းလဲ လှကြ တယ်။ တကယ်တော့ဖြင့် အဆင်းလှတယ် ဆိုတာဟာ ဖွယ်ဖွယ် ရာရာ အရသာမျိုးစုံတွေ လျှောက်စားနေတာနဲ့ မဆိုင်ပါဘူး၊ နှလုံးစိတ်ဝမ်း ချမ်းမြေ့တာနဲ့သာ ဆိုင်ပါတယ်''

ဤသို့ စက္ကဝက်ငှက်ဖိုကကျကျနနရှင်းပြလိုက်လေရာ ကောင်းတာ ကိုမှ မစားချင်လှသော ကျီးက ''အင်း ဒီလိုဆိုတော့လဲ အဆင်းမလှချင်လဲ နေပါစေတော့လေ'' ဟု ဆိုကာ ထိုအိုင်နားမှ ပျံသွားလေတော့သည်။

(နဝနိပါတ် စက္ကဝါကဇာတ်)

စက္ကဝါကဇာတ်၊ နဝနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ကျီးမိုက် | = | လော်လည်သော ရဟန်း။ |
| စက္ကဝက် ငှက်မ | = | ယသော်ဓရာ။ |
| စက္ကဝက် ငှက်ဖို | = | မြတ်စွာဘုရား။ |

## ကိုယ်တွင်းနာအတွက် ဆေးသုံးခွက်

ပဒ္ဒဝမင်းမှာ ကျုံရောဂါ ကျရောက်လာသည့် အချိန်မှစ၍ နန်းတော်ကြီး တစ်ခုလုံး ထိတ်ထိတ်ပျာပျာကြီး ဖြစ်နေရ၏။ နန်းတွင်းသူ နန်းတွင်းသားတို့မှာ တာဝန်အရ သွားလာလှုပ်ရှား၍ နေကြရသော်ငြား လည်း စက်ချုပ်ကို သံပတ်ပေးထားသကဲ့သို့ အသက်မပါဘဲ ဖြစ်နေကြ ရလေသည်။

မင်းကြီး၏ အိပ်ရာ တိုက်ခန်းမှ ထွက်လာခဲ့ကြသော သမားတော်ကြီးများသည် တွေ့ဆုံမေးမြန်းလာကြသော အမတ်များအား ခေါင်းယမ်း၍ ပြနေကြ၏။ "ခက်တာပဲဗျာ၊ ကျုပ်တို့လဲ ကောင်းပေ့ဆိုတဲ့ ဆေးတွေနဲ့ ကြိုးစားပြီး ကုတာပါပဲ။ ဒါပေမယ့် ခုထက်ထိ ဆေးချက်ကိုမတွေ့နိုင်သေးပါဘူး" ဟုလည်း ညည်းညူလေသည်။

ထိုအခါ သေနကအမတ်က "ဘယ်ဆေးချက် တွေ့ပါ့မလဲ သမားတော်ကြီးရယ်၊ အနာတခြား ဆေးတခြားဖြစ်နေတာကိုး။ သမားတော်ကြီးတို့က မင်းကြီးရဲ့ ရုပ်ခန္ဓာထဲကိုသာ ဆေးတွေ တိုက်နေကြတာကိုးဗျ၊ ရောဂါဖြစ်နေတဲ့ နေရာကိုမှ ရောက်အောင် ဆေးမတိုက်ကြတာကိုး"

''အဲဗျာ၊ အမတ်ကြီးပြောလဲ ပြောစရာပေပဲ''

သေနကအမတ်၏ ဉာဏ်ပညာကို လေးစားသောအားဖြင့် သမားတော်ကြီးက လိုက်လိုက်လျောလျော ပြောလိုက်ရ၏။ မဒ္ဒဝမင်း၏အထံ၌ ခစားနေကြသော အာယုရအမတ်၊ ပက္ကုသအမတ်များကပင် သေနကအမတ်ကို အလေးအမြတ်ပြုရ၏။ သေနက အမတ်ကလည်း မိမိ လေ့လာဆည်းပူးထားခဲ့သော အသိအလိမ္မာ ဉာဏ်ပညာဖြင့် မဒ္ဒဝမင်း၏ ကိစ္စအဝဝကို ထမြောက်အောင်မြင်အောင် ဆောင်ရွက်ခဲ့ပေသည်။

တကယ်တော့ဖြင့် မဒ္ဒဝမင်း၏ အနာရောဂါမှာ သေနကအမတ်ပြောကြားခဲ့သည့်အတိုင်း ရုပ်မှာ အခြေမခံဘဲ စိတ်မှာသာ အခြေခံလျက်ရှိ၏။ ဝမ်းထဲက သွေးတွေ အန်၍အန်၍ ထွက်လာသော်ငြားလည်း ထိုရောဂါသည် အသွေးအသားထဲမှာ အခြေပြုသည် မဟုတ်ချေ။ စိတ်ထဲမှာသာ အခြေပြုလျက်ရှိ၏။ စိုးရိမ်ပူဆွေးသောကဗျာပါဒများ အားကြီးလာကာ နှလုံးသွေး ပူလာရာမှတစ်ဆင့် ဤရောဂါဒဏ် ခံလာရခြင်းဖြစ်ပေသည်။

စောစောတုန်းကတော့သေနကအမတ်သည်သမားတော်ကြီးများကုစား၍ ရလိုရငြား စောင့်ကြည့်လာခဲ့၏။ ယခုတော့ သမားတော်ကြီးကတောင် လက်လျှော့စကား ပြောလာမှတော့မိမိဝင်မှဖြစ်ပေတော့မည်။ သို့ဖြစ်၍ အာယုရအမတ်နှင့် ပက္ကုသ အမတ်များနှင့်တကွ လုပ်စရာ၊ ပြောဆိုစရာ ရှိသည်များကို ပြည့်ပြည့်စုံစုံ မှာကြား ပြောဆိုပြီးလျှင် နန်းတော်ကြီးအတွင်း၌ ပွဲသဘင် ကျင်းပရန် စီစဉ်ကြလေတော့သည်။

ဤသို့ဖြင့် ညီလာခံ ကျင်းပနေကျ ခန်းမကြီးထဲဝယ် ပွဲသဘင် ဆင်ယင် ကျင်းပကြ၏။ အမတ်သုံးဦးတို့သည် မဒ္ဒဝမင်းကြီးထံ ဝင်ရောက်ကာ ''အရှင်မင်းကြီး၊ ပွဲသဘင် ကြည့်ရှုလိုက်တဲ့အခါ စိတ်မချမ်းမသာဖြစ်နေကဲ့ သူတွေတောင်မှ စိတ်ချမ်းသာသွားကြပါတယ်။ ဒါကြောင့် ပွဲသဘင် ရှုစားရန် ရာဇပလ္လင်သို့ ကြွတော်မူပါ'' ဟု လျှောက်တင်ကြ၏။ မဒ္ဒဝမင်းကလည်း သူတို့၏ လျှောက်တင်ချက်ကို လက်ခံကာ ရာဇပလ္လင်ထက်သို့ တက်လာခဲ့လေသည်။

မဒ္ဒဝမင်းကြီး ကိုယ်တော်တိုင်ရှုစားနေသည်ဖြစ်၍ သဘင်ပညာရှင်တို့သည် အကောင်းဆုံးဖြစ်အောင် သီဆို တီးမှုတ်ကြကုန်၏။ အလှဆုံးဖြစ်အောင် က,ပြ ဖျော်ဖြေကြကုန်၏။ ထိုဖျော်ဖြေရေး အစီအစဉ်များ

ထဲတွင် အ ထူး အ စီ အ စဉ် တစ် ခု လည်း ပါဝင်၏။ ထိုအစီအစဉ်ကား အလျား သုံးဆယ်သုံးလက်သစ်ရှိသောသန်လျက်ဓားကြီးကို မျို၍ပြသော အစီအစဉ်ပါပေတည်း။

ပဏ္ဏကတိုင်းမှ တင်သွင်းလာခဲ့သော ထိုဓားမျိုးမှာ အလွန်တရာ အသွားထက်လှ၏။ သူ့အသွားနှင့် ထိမိပါက သွေးတွေ ဖြာခနဲ ဖြာခနဲ ထွက်ကုန်တတ်သဖြင့် သွေးသောက်သော ဓားဟုပင် တင်စား၍ ခေါ်ကြ၏။ ယခုတော့ ကြောက်စရာကောင်းလှသော ထိုဓားကြီးကိုပင် အတတ်ပညာရှင်က အောင်မြင်စွာ မျို၍ ပြလိုက်ပါတော့သည်။

ပွဲကြည့်ပရိသတ်အပေါင်းသည် ထိုပြကွက်ကို အားတက်သရော ဩဘာပေးကြ၏။ မဒ္ဒဝမင်းကြီး ကိုယ်တိုင်ကလည်း သဘောကျလှ၏။ ထို့ကြောင့် အနားမှာ ခစားလျက်ရှိနေသော အာယုရ အမတ်အား....

''အမောင် အာယုရ၊ အလွန်တရာ အသွားထက်လှတဲ့ သန်လျက်ဓားကို ပညာရှင်က ပရိသတ်အလယ်မှာ မျိုပြလိုက်တယ်၊ အင်မတန်မှ အံ့ဩစရာကောင်းတယ်။ လူ့လောကမှာ ဒီထက်ပိုပြီး ခက်ခဲတဲ့ ကိစ္စများ ရှိမှ ရှိပါဦးမလား''

''ဤသို့ မေးမြန်းမည့်အရေးကို အရန်သင့်စောင့်စားလျက် နေခဲ့သော အာယုရအမတ်က....

''မှန်ပါ၊ ဘုန်းတော်ကြောင့် ရှိပါသေးတယ် ဘုရား''

''အလို-တယ်ပြီးတော့ ဆိုလိုက်ပါလား ကရို။ သန်လျက်ဓားကို မျိုပြတာထက်ပိုပြီး ခက်ခဲတဲ့ကိစ္စက ဘာများပါလိမ့်''

''မှန်လှပါ၊ မိမိချစ်ခင်မြတ်နိုးတဲ့ အရာဝတ္ထုတစ်ခုခုကို ပေးပါ့မယ်လို့ ဝန်ခံလိုက်ရတာ ဖြစ်ပါတယ် ဘုရား''

သေနက အမတ်၏ ကြိုတင် စီစဉ်ထားချက်အရ အာယုရအမတ်က လျှောက်တင်လိုက်လေရာ မဒ္ဒဝမင်းမှာ တွေတွေငေးငေးဖြစ်သွားရတော့သည်။ ဤ စကားလုံးများက သူ၏ အသည်း နှလုံးကို တိုက်ရိုက်ကြီး ထိခိုက်သွားသောကြောင့် ဖြစ်ပေသည်။

မဒ္ဒဝမင်းကြီးမှာ နာမည်နှင့်လိုက်အောင် နူးညံ့သော စိတ်နှလုံး ရှိသူ ဖြစ်လေရာ၊ ထိုသို့သော စိတ်နှလုံးကိုပင် အလွဲသုံးစား အပြုခံခဲ့ရ၏။

လွန်ခဲ့သော တစ်လခန့်က ပုရောဟိတ်ကြီး၏ သားသည် ပုဒရောဟိတ်ကြီး နှင့် အတူ မင်းကြီးရှေ့မှောက်သို့ အခစားဝင်ရောက်ခဲ့၏။ ဤညီလာခံမှာ ပင် မင်းကြီးချစ်မြတ်နိုးလှစွာသော မိဖုရားတစ်ပါးကလည်း တက်ရောက် လျက်ရှိ၏။ ထိုမိဖုရားမှာ အသက်ငယ်သေး၏။ ရုပ်ဆင်းအင်္ဂါ လှပ တင့် တယ်၏။ ထိုအနေတွင် ငတ်စားတန်ဆာ ပြည့်စုံစွာ ဆင်ယင်ထားသဖြင့် ရှုစား၍ မငြီးနိုင်အောင် ဖြစ်ရပေသည်။

မိဖုရား၏ အလှကျက်သရေသည် မဒ္ဒဝမင်းကြီး စိတ်နှလုံးကို အပြုံးပန်း ခင်းစေရုံသာမက ပုရောဟိတ်ကြီးသားကိုပါ ဖမ်းစားနေ တော့သည်။ ပုရောဟိတ်သားမှာ ညီလာခံမှ၍သာ ထိုနေ့ရာမှ ထွက်လာ ခဲ့ရသည်။ ဖြစ်များဖြစ်နိုင်မည်ဆိုလျှင်တော့ မိဖုရား၏ အလှကျက်သရေကို ထိုင်ရာက မထသမ်းပင် ကြည့်ရှုချင်နေ၏။ အိမ်ရောက်သည့်တိုင်အောင်ပင် ထိုအဆွဲအလမ်းများက သူ့စိတ်နှလုံးကို လွှမ်းမိုး၍နေကြ၏။ မိဖုရားကို တမ်းတသော စိတ်ဖြင့် ဘာကိုမျှ မလုပ်ချင်အောင် ဖြစ်လာရ၏။ ဘာ ကိုမျှ စား၍ မဝင်နိုင်တော့သဖြင့် အိပ်ရာထက်မှာ ပန်းမှိုင်း လဲရလ တော့သည်။

သူ၏ မိဘ ဆွေမျိုးများနှင့် မိတ်ဆွေ သင်္ဂဟများသည် လာ၍ ဖျောင်းဖျကြပါ၏။ မစွဲလမ်းသင့်သော အရာဌာန၌ စွဲလမ်းခြင်းမပြုရန် တရားချကြပါ၏။ သို့ရာတွင် ပုရောဟိတ်သားကတော့ ယားမရနိုင်ပါ။ ''မိဖုရားကို ရချင်ရပါစေ၊ မရလျှင်တော့ သေပါတော့မယ်'' ဟု ဆိုကာ ဇွတ်ပေ၍သာ နေပေသည်။

သို့ဖြစ်၍ နောက်တစ်နေ့ ညီလာခံသို့ ဝင်သောအခါ ပုရောဟိတ် ကြီးနှင့်အတူ သားဖြစ်သူ ပါမလာနိုင်တော့ပေ။ ပုရောဟိတ်ကြီးနှင့် ပတ် သက်၍ သူ့သားကိုပါ ခင်မင်ရင်းနှီး၍နေသော မဒ္ဒဝမင်းကြီးက မပါ ရခြင်း အကြောင်းကို မေးမြန်းလေရာ ပုရောဟိတ်ကြီးမှာ အသက်ဘေးမှ ချမ်းသာပေးရန် ခွင့်ပန်ပြီးမှ ဖြစ်သမျှအကြောင်းစုံ လျှောက်တင်လိုက် ရလေသည်။

အခြားမင်းများသာ ဤစကားမျိုးကြားလိုက်ရလျှင် အပြင်းထန် ဆုံးသော အပြစ်ဒဏ်ကို ချမှတ်လိုက်ကြမည်သာ။ သို့ရာတွင် မဒ္ဒဝမင်း ကတော့ နာမည်နှင့်လိုက်အောင် စိတ်နှလုံး နူးညံ့သူဖြစ်၍ ငယ်ရွယ်သူ တစ်ယောက်အပေါ် အပြစ်မယူရက်ပါ။ ဤမျှလောက် အရေးအခင်းဖြင့် နောင်အခါတွင် သူ့ဖခင်ကိုယ်စားအားကိုးရမည့်လူငယ်တစ်ယောက်အား

ပျက်စီးမသွားစေချင်ပါ။ မိဖုရားကို ချစ်မြတ်နိုးသည်ထက် ပုရောဟိတ်သား အသက်ဆုံးရှုံးရမည့်အရေးကိုသာ အလေးထားရပေသည်။

သို့ဖြစ်၍ မဒ္ဒဝမင်းကြီးသည် မိမိချစ်မြတ်နိုးလှစွာသော မိဖုရား အား ပုရောဟိတ်သားထံ ခုနစ်ရက်တိတိ အပ်နှံလိုက်၏။ ခုနစ်ရက်စေ့ သော အခါ မိမိထံ ပြန်ပို့ရန်လည်း တစ်ခါတည်း မိန့်ကြားထား၏။ ဤ သည်ပင်လျှင် ဆေးကု၍ မရနိုင်သေးသော ရောဂါဆိုးကြီး အစပျိုးလာ ခြင်း ဖြစ်ပေသည်။

ငယ်ရွယ်သူနှစ်ယောက်တို့ ပေါင်း ဆုံ မိ ကြ သော အခါ မီးကုန် ယမ်းကုန် ပျော်ရွှင်စွာ ခံစားကြ၏။ တစ်ရက်တာကာလမှာ ဘယ်လို ကုန်ဆုံးသွားသည်ဟူ၍ပင် သတိမထားမိကြပေ။ သို့ဖြစ်၍ သတ်မှတ်ထား သော ရက်များက ပြည့်ခါနီးလာ၏။ သို့ရာတွင် သူတို့နှစ်ဦးကဟော့ တစ်ယောက်ကိုတစ်ယောက် အသည်းနင့်အောင် စွဲချစ်နေကြပြီဖြစ်ရာ ဘယ်နည်းနှင့်မျှ မခွဲနိုင်တော့ပါ။ သို့ဖြစ်၍ အကာလ ညအခါတွင် မင်္ဂလာ တံခါးမှ နှစ်ယောက်သား ထွက်ပြေးကြပါတော့သည်။

ဤသတင်းစကား ကြားသိရသည်နှင့် တစ်ပြိုင်နက် မဒ္ဒဝမင်းသည် တစ်မြို့လုံးကို စည်လှည့်ကာ မြေလှန်၍ရှာစေ၏။ ထို့မှတစ်ဆင့် နိုင်ငံ အနှံ့အပြား အထောက်တော်များလွှတ်၍ ရှာစေ၏။ သို့ရာတွင် သူတို့၏ အစအနကိုမျှ ရှာမရတော့ပါ။ မဒ္ဒဝမင်းကြီး၏ အာဏာစက်လွှတ်ရာသို့ ရောက်သွားကြပါပြီ။ ဘယ်နေရာ ဘယ်ဌာနမှာ ရှိနေကြသည်ဟူ၍ မည် သို့မျှ ထောက်လှမ်း၍ မရတော့ပါ။

ဤတွင် မဒ္ဒဝမင်းကြီးမှာ ယမ်းပုံမီးကျ ဒေါသထွက်ရတော့သည်။ မိမိက စေတနာကောင်းဖြင့် စောင်မ ကြည့် ရှု လိုက် သည် ကို ပင် အလွဲ သုံးစား ပြုသွားသဖြင့် ပုရောဟိတ်သားအပေါ် ခွင့်လွှတ်၍ မရနိုင်ပါ။ မိဖုရားလေးကတော့ သူ့ထက်ပင်ပို၍ မိုက်တွင်းနက်သေး၏။ မိမိက ချစ်ခင်မြတ်နိုးစွာပြုစုစောင့်ရှောက်ထားခဲ့သည်များကိုမျှထောက်ထားရ ကောင်းမှန်းမသိ။ မိမိ၏ အသည်းနှလုံးကို စုံကန်၍ ထွက်သွားကြဘိ၏။

သူတို့နှစ်ယောက် စုံကန်သွားခဲ့သော ဒဏ်ချက်ကြောင့် ယခုတော့ မင်းကြီးမှာ သွေးအန်သောဝေဒနာ ခံစား၍ နေရချေပြီ။ ဤဝေဒနာ၏ အရင်းခံမှာ သူတို့နှစ်ယောက်ဟု ဆိုရသော်လည်း အရင်းအမြစ်ထိအောင် နှိုက်ကြည့်လိုက်ပါက မိမိ၏ ပယောဂလည်း မကင်းပါချေ။ မိမိက

ချစ်မြတ်နိုးလှသော မိဖုရားလေးကို ပေးပါမည်ဟု ပထမဦးစွာ ကတိပြုခဲ့မိ၏။ ဤသို့ ကတိပြုမိခြင်းသည် မင်းတကာမင်းတို့၊ တစ်နည်းအားဖြင့် ယောကျ်ားတကာတို့ ပြုနိုင်ခဲသော အမှုကြီးကို စွပ်စွပ်ရွပ်ရွပ်ပြုလုပ်ခဲ့ခြင်းပင် မဟုတ်ပါလော။

ဤသို့ အကြောင်းရင်းမှန်ကို ဝေဖန် စဉ်းစားလိုက်သည်နှင့် တစ်ပြိုင်နက် မဒ္ဒဝမင်းကြီး၏ အနာရောဂါသည် အတန်ငယ် သက်သာသွားပေသည်။

''ကဲ- အာယုရအမတ်ကတော့ မေးလိုက်တဲ့ ကြောင်းခြင်းရာကို မှန်ကန်စွာ ဖြေသွားပါပြီ။ ဒီတစ်ခါတော့ ပက္ကုသ အမတ်ကို မေးပါမယ်။ မိမိချစ်ခင်မြတ်နိုးတဲ့ အရာဝတ္ထု တစ်ခုခုကို ပေးပါမယ်လို့ ဝန်ခံလိုက်တာထက် ပိုပြီး ခက်ခဲတာကော ရှိပါသေးသလား''

အခံရခက်လှစွာသောအနာရောဂါ သက်သာလာနိုင်သည့် လမ်းစကလေးကို တွေ့မြင်လိုက်ရပြီဖြစ်၍ မဒ္ဒဝမင်းကြီးက ဆက်လက်၍ မေးလိုက်ပြန်၏။ မင်းကြီး၏ မျက်နှာဝယ် ဝေဒနာ သက်သာလာသော အရိပ်အယောင်များ တွေ့လိုက်ရသည့်အတွက် သေနက အမတ်ကလည်း ဝမ်းသာလှ၏။ မိမိ၏ ဆေးချက်များသည် ဝေဒနာအခြေပြုရာသို့ အောင်မြင်စွာ ထိရောက်သွားကြပြီဟု အားတက်သရော ဖြစ်လာ၏။ သို့ဖြစ်၍ ပက္ကုသ အမတ်ထံ မျက်ရိပ်မျက်ချည်ပြလိုက်ရာ....

''မှန်လှပါ၊ ချစ်မြတ်နိုးရတဲ့ အရာဝတ္ထုတစ်ခုခုကိုပေးပါမယ်လို့ ဝန်ခံရတာထက် လက်တွေ့ပေးလိုက်ရတာက ပိုပြီး ခက်ခဲပါတယ်ဘုရား''

ပက္ကုသအမတ်က ပြတ်ပြတ်သားသား ဖြေကြားလိုက်သည်တွင်လည်း မဒ္ဒဝမင်းကြီးမှာ တွေတွေငေးငေး ဖြစ်သွားရပြန်၏။ မိမိ၏ အဖြစ်မှန်ကို ပြန်လည် သုံးသပ် လိုက်သောအခါ ဤဝေဒနာ၏ အရင်းခံမှာ မိမိ သာလျှင် ဖြစ်ကြောင်း မင်းကြီး သဘောပေါက်လာ၏။ အကယ်၍ မိမိကသာ မိဖုရားကို မပေးခဲ့မိလျှင် ဤသို့ ခံစားရမည် မဟုတ်ချေ။ မိမိက သူရဲကောင်းကြီး လုပ်လျက် ရက်ရက်ရောရောကြီး ပေးခဲ့မိ၍သာ ဖြစ်ပေသည်။

ဤသို့ ဆင်ခြင်သုံးသပ်လိုက်သည့်အတွက် မင်းကြီး၏ဝေဒနာသည် ပိုမို သက်သာလာပေသည်။

''ကဲ-ပက္ကုသ အမတ်ကတော့ မေးလိုက်တဲ့ ကြောင်းခြင်းရာကို မှန်ကန်စွာ ဖြေသွားပါပြီ။ ဒီတစ်ခါတော့ သေနကပညာရှိကို မေးရတော့

မယ်။ မိမိ ချစ်မြတ်နိုးလှတဲ့ အရာဝတ္ထုကို ပေးပါမယ်လို့ ဝန်ခံစကား ထားရှိတဲ့အတိုင်း အဟုတ်တကယ် ပေးလိုက်ပြီ၊ အဲသလို ပေးရတာထက် ပိုပြီးတော့ ခက်ခဲတာကော ရှိပါသေးသလား''

သက်သာလက်စနှင့် ဆက်လက်၍ သက်သာလာစေရန် မင်းကြီးက ဆက်၍မေးလိုက်၏။ သေနကအမတ်ကလည်း မင်းကြီး၏ ရွှင်ရွှင်လန်းလန်း ဖြစ်လှသော မျက်နှာကို ဝမ်းမြောက်ဝမ်းသာ ဖူးမြင်ကာ....

''မှန်လှပါ၊ မိမိ ချစ်မြတ်နိုးလှတဲ့ အရာဝတ္ထုတစ်ခုကို အဟုတ်တကယ် ပေးလိုက်ပြီးတဲ့နောက်မှ အဲဒါနဲ့ ပတ်သက်ပြီး စိတ်မထိခိုက်ဖို့၊ နောင်တ တစ်ဖန် မပူပန်ဘဲ နေတတ်ဖို့က ပိုပြီး ခက်ခဲလှပါတယ် ဘုရား''

''အေး....ကောင်းလှပြီ၊ သေနကပညာရှိ။ ငါ့ကိုယ်တော်မြတ် သတိတရား ရလာပါပြီ၊ အမတ်ပညာရှိ သုံးဦးစလုံးကိုလဲ ကျေးဇူးတင်လှပါတယ်။ တကယ်တော့ ခံစားနေရတဲ့ ရောဂါဟာ ဟိုသူနှစ်ယောက်နဲ့ ဆက်စပ်နေတယ် ဆိုရပေမယ့်လို့ တကယ်တော့ ငါကိုယ်တိုင်က ပေးပြီးမှ တွယ်တာနေလို့ မဟုတ်ပါလား။ တကယ်တမ်းသာ မိဖုရားဟာ ငါ့အပေါ်မှာ ငါ့နည်းတူ မေတ္တာသက်ဝင် ချစ်ခင်တယ်ဆိုရင် ငါ့ကို ကျောခိုင်းပြီး ထွက်မသွားပေဘူး။ ခုတော့ သူကမှ မချစ်ခင်လို့ အသစ်လင်နဲ့ထွက်သွား မှင့်ဟာ ငါက ဘာရောဂါ ခံစားနေရဦးမှာလဲ''.

''ဝမ်းမြောက်လှကြောင်းပါ အရှင်မင်းမြတ်ဘုရား''

အာယုရ၊ ပက္ကုသနှင့် သေနက အမတ်သုံးဦးတို့က သံပြိုင်လျှောက် တင်လိုက်ကြလေသည်။

ဤသို့ဖြင့် ထိုနေ့က ကျင်းပသော ပျော်ပွဲသဘင်သည် ထူးထူးခြားခြား အားရပျော်ရွှင်ဖွယ် အကောင်းဆုံးသောပွဲတော်ကြီးတစ်ခု ဖြစ်လာပေသည်။

(သတ္တုဘန္ဒပါတ်၊ ပဏ္ဏကဇာတ်)

ပဏ္ဏကဇာတ်၊ သတ္တုကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မိဖုရားကြီး | = | ဦးဋ္ဌေသောရဟန်း၏ မယားဟောင်း။ |
| မဒ္ဒဝမင်း | = | ဦးဋ္ဌေသော ရဟန်း။ |
| အာယုရအမတ် | = | အရှင်မဟာမောဂ္ဂလာန်။ |
| ပက္ကုသအမတ် | = | အရှင်မဟာသာရိပုတ္တရာ။ |
| သေနကအမတ် | = | မြတ်စွာဘုရား။ |

## မမ္မပါလတို့ အမျိုးအနွယ်

ချစ်လှစွာသော သားကြီး ဩရသသေဆုံးသွားသဖြင့်ယူကျုံးမရ အပူလုံးကြွနေသော ဒိသာပါမောက္ခဆရာကြီးသည် မမ္မပါလလုလင်၏ စကားကြောင့် မခံချိမခံသာ ဖြစ်သွားရ၏။ မြွေပူရာ ကင်းမှောင့်သကဲ့သို့ ဖြစ်ရ၏။

ဆရာကြီး၏သားကို သုသာန်သို့ ပို့ဆောင်သဂြိုဟ်ရာတွင် အခြား တပည့်များနှင့်အတူ မမ္မပါလလုလင်လည်း ပါဝင်ခဲ့၏။ လုပ်ဆောင်ဖွယ် ကိစ္စအဝဝကို ကျေကုန်အောင် လုပ်ဆောင်ခဲ့၏။ သို့ရာတွင် အခြားတပည့် များ နည်းတူ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းကိုကား မပြုခဲ့ပေ။

ဆရာကြီးကို ရိုသေလေးစားသည်နှင့်အမျှ မမ္မပါလသည် ဆရာ ကြီး၏ သားကိုလည်း ချစ်ခင်ပါ၏။ အတူတကွ စားသောက်ဘက် ပညာသင်ကြားဘက် ဖြစ်၍လည်း ယခုလိုရုတ်တရက် သေဆုံးသွားရသည် ကို နှမြောလှပါ၏။ သို့ပါလျက် သူ့ရင်ထဲမှာ ငိုချင်စိတ်များဖြစ်ပွားမလာ ကြပါ။ ငိုရမည့်အစား အတွေးရခက်သောပြဿနာများကသာဖုံးလွှမ်း၍ နေကြပေသည်။

သုသာန်မှပြန်၍ အိမ်ရောက်လာသည် တိုင်အောင်ပင် ဤပြဿ နာက ဖုံးလွှမ်းမြဲ ဖုံးလွှမ်းနေ၏။ တပည့်လုလင်များသည် သွားလေသူကို တမ်းတမ်းတတ ပြောကြရာ ဓမ္မပါလလည်း ပါဝင်၍ပြောဆို၏။ ဤသို့ ပြောကြဆိုကြရင်းမှ....

"ကိုယ့် မျက်စိအောက်မှာ သေသွားလို့သာ လက်ခံလိုက်ရတယ်။ တကယ်တမ်းကျတော့ ဒီလို ငယ်ငယ်ရွယ်ရွယ်လေးနဲ့ မသေထိုက်ဘူးမဟုတ် လား"

ဤသို့ ခေါင်းထဲမှာ ရှုပ်ထွေးနေသော ပြဿနာကို ဖွင့်ချလိုက် လေရာ....

"အလို-အဆွေဓမ္မပါလ ဘယ်လိုများပြောလိုက်ပါလိမ့်၊သတ္တဝါ မှန်သမျှ သေရတဲ့ သဘောကိုများ မသိလေရော့သလား"

"သိတော့ သိပါတယ် အဆွေတို့ရယ်၊ ဒါပေမယ့်လို့ ဒီလိုငယ်ငယ် ရွယ်ရွယ်လေးနဲ့တော့ သေကို မသေထိုက်သေးပါဘူး၊ သက်ကြီးရွယ်အို ဖြစ်လာမှသာ သေရတာပါ"

"ဒါဖြင့်ကွယ်၊ သခင်ရတရားတို့ရဲ့ မမြဲတဲ့သဘောကို ဘယ်လိုများ ပြောကြရပါ့မလဲ"

"သခင်ရ တရားတို့ရဲ့ မမြဲတဲ့သဘောကိုတော့ မငြင်းလိုပါဘူး၊ ဒါပေမယ့် ဒီလို ငယ်ငယ်ရွယ်ရွယ်လေးနဲ့တော့ မသေထိုက်တာ အမှန် ပါပဲ"

"ဒါဖြင့် မေးပါရစေ အဆွေ ဓမ္မပါလရယ်၊ ရိုင်းစိုင်းရာ ရောက် သွားရင်လဲ ခွင့်လွှတ်ပါ။အဆွေတို့အိမ်မှာကော လူတစ်ယောက်ယောက်မှ မ သေဘူးလား"

"တစ်ယောက်မက သေခဲ့လှပါပြီ အဆွေတို့။ ဒါပေမယ့် အခုလို ငယ်ငယ်ရွယ်ရွယ်လေးတွေတော့ တစ်ယောက်မှ မပါခဲ့ဘူး၊ သက်ကြီး ရွယ်အိုများချည့်ပဲ"

"အလို၊ တယ်လဲ ထူးဆန်းလှပါကလား။ အဆွေတို့ရဲ့ တခြား ဆွေမျိုးများမှာကော"

"ငါတို့ရဲ့ ဆွေမျိုးတွေမှန်သမျှ ဘယ်သူမှ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေကြရပါဘူး၊ ဒါဟာ ဟိုလွန်ခဲ့တဲ့ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက် ကတည်းက ရှိလာခဲ့တဲ့ ထုံးတမ်းစဉ်လာပါ"

ဤစကားများကြားလိုက်ရစဉ်က ဒီသာပါမောက္ခဆရာကြီးဒေါသ ထွက်ခဲ့ရ၏။ ''ဒီမှာ သားကြီးတစ်ယောက်လုံး ဆုံးရှုံးသွားတဲ့အထဲ သူက သူ့ဆွေမျိုးတွေ အသက်ရှည်ကြောင်း ,လာပြီး ဂုဏ်ဖော်နေရတယ်'' ဟု မသင့်မတင့် နှလုံးသွင်းလိုက်မိ၍ဖြစ်၏။ နောက်မှ သူ့စကားကို အပြန်ပြန် စဉ်းစားလာရ၏။

တကယ်တော့ဖြင့် ဓမ္မပါလလုလင်မှာ ပညာသင် တပည့်ငါးရာထဲမှ စံပြ တပည့်တစ်ဦးဖြစ်၏။ အကျင့်စာရိတ္တ ကောင်းမွန်လှ၏။ ဉာဏ်ပညာ ထက်မြက်လှသဖြင့်လည်း မိမိသင်ကြားပေးသမျှ အရအမိ သင်ယူနိုင်၏။ ထို့ကြောင့်လည်း ပညာသင် တပည့် ငါးရာထဲတွင်အထူးချွန်ဆုံး ဖြစ်လာပေသည်။

အထူးချွန်ဆုံးသော တပည့်သည် စကားတစ်ခွန်းကို ဤမျှလောက် ခိုင်ခိုင်မာမာ ပြောနေခြင်းမှာ ခိုင်မာသော အထောက်အထားရှိနေ၍ပင် ဖြစ်ပေလိမ့်မည်။ ခိုင်မာလှသောအထောက်အထားကိုကိုယ်တိုင်သိအောင် သွား၍ စုံစမ်းမှ ဖြစ်တော့မည်။ ဆွေရာမျိုးပါ အသက်ရှည်ကြရသည့် အကြောင်းကို လေ့လာမှတ်သားပြီးလျှင် မိမိကိုယ်တိုင် ကျင့်သုံးမှ ဖြစ်တော့မည်။

ဤသို့ စဉ်းစားမိခါမှ နေသာထိုင်သာ ရှိလာရတော့သည်။

ဤသို့ဖြင့် ဒီသာပါမောက္ခဆရာကြီးသည်သားအတွက် ရက်လည် ဆွမ်းသွတ်ပြီးလျှင် တပည့်များအား ဓမ္မပါလ လုလင်ထံ အပ်နှံကာ ဓမ္မပါလတို့ ရွာဆီသို့ ခရီးထွက်ခဲ့ လေတော့သည်။

ဓမ္မပါလုလင် ပြောပြလိုက်သော လမ်းကြောင်းအတိုင်း ခရီး ဆက်လာခဲ့ရာ ဓမ္မပါလတို့ရွာသို့ တန်းတန်းမတ်မတ် ရောက်လာ၏။ ဓမ္မ ပါလတို့ ဖခင် ပုဏ္ဏားကြီးအိမ်ရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။

သားဖြစ်သူ၏ ဆရာကြီးဖြစ်ကြောင်း သိလိုက်ရသည်နှင့် တစ်ပြိုင် နက် ဓမ္မပါလ၏ မိဘတို့သည် ဝမ်းမြောက် ဝမ်းသာ ကြို ဆို ကြ ၏။ ခြေဖထောက်များကို ရိုသေစွာ ဆေးကြောပေးပြီးလျှင် ခေါင်းရင်းခန်းမှာ ရှိသော ထိုင်ခုံပေါ်သို့ ပို့ ဆောင် ပေး ကြ ၏။ အတန်ငယ် အမောပြေ လောက်သောအခါ စားကောင်းသောက်ဖွယ်များဖြင့် အားပါးတရ ပြုစု ကြလေသည်။

ထို့နောက် ညှော်သည်ရှေ့အိမ်သည်များပါ သက်သောင့်သက်သာ စကားစမြည် ပြောဆိုနေကြရာမှ....

"အို- ပုဏ္ဏားတို့၊ သင်တို့ရဲ့သား ဓမ္မပါလဟာ အင်မတန် ဥာဏ် ကောင်းပါပေတယ်၊ အကျင့်စာရိတ္တလဲ ဖြူစင်လှပါပေတယ်၊ သူဟာ ဗေဒင်သုံးပုံကိုလဲ တတ်မြောက်ပါပြီ။ အဌာရသ အတတ်ပညာများလဲ တတ်မြောက်နေပါပြီ။ ဒီလို ပညာစုံလို့ ရွှေဘုံပြန်ခါနီးပါမှပဲ မမျှော် လင့်တဲ့ ရောဂါတစ်ခုကြောင့် ရုတ်တရက် ကွယ်လွန် သွား ရရှာ တယ်၊ ဆရာကြီးလဲ နာရေးသတင်းမို့ ကိုယ်တိုင်လာပြီး ပြော လိုက် ရ တယ်၊ တရားနဲ့သာ ဖြေကြပါတော့နော်။ ဟောဒီမှာ သားလေး ဓမ္မပါလကို မီးသင်္ဂြိုဟ်ရာက ကောက်ယူလာခဲ့တဲ့ အရိုးများပါပဲ"

"ဟား ဟား ဟား ဟား...."

ဒီသာပါမောက္ခ ဆရာကြီး၏ စကားကို လေးလေးစားစား နာယူ ခဲ့ကြသော ပုဏ္ဏားမိသားစုသည် ဆရာကြီး၏ စကား ဆုံးသွားသည်နှင့် တစ်ပြိုင်နက် မိမိနှုတ်ကို မချုပ်တည်းနိုင်သဖြင့် တစ်ခဲနက် ရယ်မောလိုက် ကြပေသည်။

"အလို-ဘယ်လိုများလဲ ပုဏ္ဏားတို့၊ သင်တို့သားရဲ့ အရိုးစတွေ မြင်နေရတာကိုပဲ ရယ်နေကြရသေးသလား"

ဆရာကြီးကတော့ ဣန္ဒြေမပျက်စေဘဲ ဆက်လက်၍ မေးမြန်း လိုက်ရာ....

"အဲဒီအရိုးတွေဟာ တခြားလူ တစ်ယောက်ယောက်ရဲ့ အရိုးရင် လဲ ဖြစ်ပါလိမ့်မယ်၊ ဒါမှမဟုတ်ရင်လဲ သတ္တဝါတစ်ကောင်ကောင်ရဲ့ အရိုး ရင်လဲ ဖြစ်ပါလိမ့်မယ်၊ ဓမ္မပါလရဲ့ အရိုးကတော့ ဘယ်နည်းနဲ့မှ မဟုတ် နိုင်ပါဘူး ဆရာကြီး"

ဤသို့ပြောဆိုနေစဉ်မှာပင် ဇာတ်ရွာလုံးရှိ ဆွေမျိုးများရောက်လာ ကြရာ သူတို့ကလည်း လက်ခုပ်လက်ဝါးတီး၍ ရယ်မောကြလေသည်။

ဤတွင် ဒီသာပါမောက္ခဆရာကြီးကလည်း သူတို့နည်းတူ ပြုံးရွှင် ရယ်မောကာ....

"ကောင်းပါပြီ အသင် ပုဏ္ဏားတို့၊ သင်တို့ အမျိုးအနွယ်ထဲမှာ ငယ်ငယ်ရွယ်ရွယ်နဲ့သေတဲ့သူမရှိတာတော့ဟုတ်ပါပြီ။ ဒီတော့ ဒီလိုကောင်း ကျိုးတရား ခံစားကြရတာဟာ ဘယ်လိုအကျင့်များ ကျင့်ခဲ့လို့ပါလဲ"

ဤသို့ တဖွင်းတနှီး မေးမြန်းလိုက်လေရာ ဓမ္မပါလလုလင်၏ ဖခင် ပုဏ္ဏားကြီးက....

‘‘ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့တစ်မျိုးတစ်နွယ်လုံးဟာ ကုသိုလ်တရား ပွားများကြပါတယ်။ မုသားစကား မပြောကြားကြပါဘူး။ မကောင်းမှုမှန်သမျှ ရှောင်ကြဉ်ကြပါတယ်။ သူတော်မဟုတ် သူယုတ်မာတို့ရဲ့ အယူအကျင့်များကို ရှောင်ကြဉ်ကြပါတယ်။

‘‘ဆရာကြီးခင်ဗျား၊ ဆက်လက်၍ နားဆင်တော်မူပါ။ ကျွန်ုပ်တို့တစ်မျိုးတစ်နွယ်လုံးဟာ သူတော်ကောင်းတရား ဟုတ်တာကိုရော၊မဟုတ်တာကိုရော နာကြားကြပါတယ်။ တရားမျိုးစုံကို စုံစမ်းတဲ့သဘောနဲ့ နာကြားကြသော်လဲ သူတော်ကောင်းတရား မဟုတ်တာကို မနှစ်သက်ကြပါဘူး။သူတော်ကောင်း မဟုတ်သူတွေကိုစွန့်ခွာလာခဲ့ပြီး စစ်မှန်တဲ့ သူတော်ကောင်းများကိုတော့ မစွန့်လွှတ်ကြပါဘူး။

‘‘ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့ တစ်မျိုးတစ်နွယ်လုံးဟာ မလှူခင်တုန်းကလဲ ပုဗ္ဗစေတနာအရ ဝမ်းမြောက်ခဲ့ကြပါတယ်။ လှူတုန်းလှူဆဲအချိန်မှာလဲ မုဉ္စစေတနာအရ ရွှင်လန်းကြပါတယ်။လှူပြီးတဲ့နောက်မှာလဲ အပရစေတနာအရ အားရကျေနပ်ကြပါတယ်။ ပေးလှူပြီးမှ နောင်တတစ်ဖန် ပူပန်ခြင်း မပြုကြပါ။

‘‘ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့ တစ်မျိုးတစ်ဆွေလုံးဟာ ပစ္စေကဗုဒ္ဓါ အရိယာသူတော်ကောင်းများကိုကြည်ညိုသဒ္ဓါထက်သန်စွာလှူဒါန်းကြပါတယ်။ ကိုယ့်နယ်ထဲက ဖြတ်သွားကြတဲ့ ခရီးသည်များကိုလဲထမင်းချိန်မှာ ထမင်းကျွေးကြပါတယ်။အခြားအချိန်မှာ အဖျော်ရည်များတိုက်ကျွေးကြပါတယ်။ အမျိုးမျိုး အဖုံဖုံ တောင်းစားသူများကိုလဲ တတ်စွမ်းသမျှ ပေးကမ်းစွန့်ကြဲကြပါတယ်။

‘‘ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့ အမျိုးအနွယ်ထဲမှာ လင်ဖြစ်သူများကလဲ မယားများအပေါ် ဖောက်လွှဲဖောက်ပြန် မပြုကြပါ။ မယားများကလဲ လင့်အပေါ်မှာ ဖောက်လွှဲဖောက်ပြန် မပြုကြပါ။ မိမိတို့ လင်မယား အချင်းချင်းကလွဲပြီး သူတစ်ပါးနဲ့ ဖောက်ပြားကျူးလွန်မှု မပြုကြပါ။

‘‘ဆရာကြီးခင်ဗျား၊ကျွန်ုပ်တို့တစ်မျိုးတစ်နွယ်လုံးဟာသူတစ်ပါးအသက်ကို မသတ်ကြပါ။ သူ့ဥစ္စာကိုလဲ မခိုးကြပါ။ အရက်သေစာလဲ မသောက်စား ကြပါ။

‘‘ဆရာကြီးခင်ဗျား၊ ကျွန်ုပ်တို့ အမျိုးအနွယ်ထဲက အကျင့်စိတ်ဓာတ် မြင့်မြတ်ကြတဲ့ မိခင်များဟာ သားလိမ္မာ သမီးလိမ္မာကလေးများ

ဖွားမြင်လာကြပါတယ်။ အခြေခံကောင်းလှတဲ့ သားသမီးလေးများဟာ ဉာဏ်ပညာလဲ ထက်သန်ကြပါတယ်။ ဗဟုသုတ ကြွယ်ဝကြပါတယ်။ အကျင့်သီလ ဖြူစင်ကြပါတယ်။

''ဆရာကြီးခင်ဗျား၊ မိဘများ၊ နှမများ၊ မောင်များ၊ သားမယားများနဲ့တကွ ကျွန်ုပ်တို့အားလုံးဟာ သေလွန်ပြီးတဲ့နောက် အပါယ်လေးပါး ကျရောက်မယ့် အရေးကို ကြောက်တဲ့အတွက် ကုသိုလ်တရားပွားများအားထုတ် ကြပါတယ်။

''ဆရာကြီးခင်ဗျား၊ နိဂုံးချုပ်အားဖြင့် တင်ပြချင်တာကတော့ ကျွန်ုပ်တို့ထဲမှာ မှီခိုနေကြတဲ့ အလုပ်သမားများ၊ အခြွေအရံများပါ အပါယ်လေးပါး လားရောက်ရမယ့်ဘေးကို ကြောက်ရကောင်းမှန်းသိကြပါတယ်။ ဒါကြောင့်လဲ လူအားလုံးဟာ ကုသိုလ်ကောင်းမှု ကြိုးစားပြီး ပြုကြပါတယ်။ ဒါကြောင့်လဲ ကျွန်ုပ်တို့ရဲ့ အမျိုးအနွယ်ထဲမှာ ငယ်ငယ်ရွယ်ရွယ်နဲ့ မသေဆုံးရခြင်း ဖြစ်ပါတယ်ခင်ဗျား''

ဓမ္မပါလ အမျိုးအနွယ်များ၏ နေထိုင်ကျင့်သုံးပုံ အလုံးစုံကိုဝမ်းမြောက် ဝမ်းသာ ကြားနာပြီးလျှင် ဒိသာပါမောက္ခ ဆရာကြီး သည် ထိုအကျင့် ကောင်းများကို ရွှေပေလွှာ၌ တရိုတသေ ရေးမှတ်ပြီးလျှင် တက္ကသိုလ်မြို့တော်သို့ ယူဆောင်ခဲ့လေသည်။

(ဒသကနိပါတ်၊ မဟာဓမ္မပါလ ဇာတ်)

**မဟာဓမ္မပါလ ဇာတ်၊ ဒသကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| မိခင် ဖခင်များ | = | ဆွေတော်မျိုးတော်များ။ |
| ဒိသာပါမောက္ခဆရာကြီး | = | အရှင်မဟာသာရိပုတ္တရာ။ |
| ဓမ္မပါလလုလင် | = | မြတ်စွာဘုရား။ |

# ၁၄။ စကားအရာ အင်္ဂါစုံညီ

(ဇာတ်ဆောင် မိတ်ဆက်)

''နေ့စဉ်စားလျက် မဝသောအစာ''

''နေ့စဉ်ပြောလျက် မစေတ်သောစကား''ဟူ၍ ရှေးသူဟောင်းတို့၏ စကားပုံရှိခဲ့၏။

လူမျိုးအလျောက်ဖြစ်စေ၊ ဟမင်တကာ လေ့လာသင်ကြား၍ ဖြစ်စေ၊ ဘာသာစကားတစ်ခုခုကို ပြောတတ်ပါသော်ငြားလည်း စကားအရာမြောက်အောင် မပြောနိုင်ပါက စကားပြောတတ်သည် မမည်သာချေ။ ပြောသမျှ စကားတိုင်းမှာလည်း စကားကောင်း စကားမှန်စာရင်း မဝင်နိုင်ချေ။

စကားကောင်း စကားမှန် ဖြစ်နိုင်ရေးအတွက် လေးချက်သောအင်္ဂါရပ်တို့ သတ်မှတ်၍ ထားကြသည်မှာ....

(၁) သုဘာသိတဝါစာ — အကျိုး စီးပွားနှင့် ယှဉ်သည် ဖြစ်၍ကောင်းမြတ်သောစကား၊

(၂) ပိယဝါစာ — ချစ်ခင်နှစ်လိုဖွယ်ပြောဆိုသော စကား၊

(၃) ဓမ္မဝါစာ — တရားတော်နှင့် ညီညွတ်သော စကား၊

(၄) သစ္စဝါစာ = ဟုတ်မှန်သော စကားဟူ၍ ဖြစ်ပေသည်။

ထိုအင်္ဂါ ၄-ချက်ထဲမှ အဓိကအကျဆုံး အင်္ဂါရပ်များမှာ တရားတော်နှင့် ညီညွတ်သောစကားနှင့် ဟုတ်မှန်သော စကားများ ဖြစ်ကြ၏။ ကျွန်ုပ်တို့သည် ဗုဒ္ဓမြတ်စွာ၏ တပည့်သာဝကများ ဖြစ်ကြသည့်အတိုင်း ဗုဒ္ဓမြတ်စွာ မိန့်မှာတော်မူခဲ့သော တရားတော်များနှင့် အညီ ပြောဆိုကြရပါလိမ့်မည်။ လောကဓမ္မ နှစ်ဌာနလုံး၌ ဟုတ်မှန်သော ကြောင်းခြင်းရာတို့ကို ဟုတ်မှန်သည့်အတိုင်း ပြောကြရပါလိမ့်မည်။

ထိုသို့ ဟုတ်မှန်သော စကားတို့ကို ပြောကြရာတွင် ကျွန်ုပ်တို့အထူး သတိချပ်သင့်သော အချက်ရှိနေပါသည်။ အထက်ပါ အင်္ဂါရပ်များ၌ အကျိုးစီးပွားနှင့် ယှဉ်သည်ဖြစ်၍ ကောင်းမြတ်သော စကားဟူ၍အင်္ဂါရပ်ပါနေသည်ကို မျက်ခြည်မပြတ်သင့်ပါ။ သုဘာသိတဝါစာဟူသော ပါဠိဘာသာစကားလုံးကို တိုက်ရိုက်မြန်မာပြန်လျှင် ကောင်းမြတ်သော စကားဟူ၍ ရပါသည်။ သို့ရာတွင် ကောင်းသောဟူသော ဝိသေသနပုဒ်သက်သက်ဖြင့် အနက်အဓိပ္ပာယ် မပေါ်လွင်သေးသည့်အတွက် ရှေးရှေးက ကျမ်းပြုပုဂ္ဂိုလ်ကြီးများက "အကျိုးစီးပွားနှင့်ယှဉ်သည်ဖြစ်၍" ဟုထပ်ဆင့်ဝိသေသနဖြင့် မထားကြရခြင်း ဖြစ်ပါသည်။ အတိုချုပ်အားဖြင့် ဟုတ်မှန်သောစကားပင် ဖြစ်စေကာမူ အကျိုးရှိမှ ပြောရမည်ဟု ဆိုလိုပါသည်။ အကျိုးမရှိဘဲနှင့် ပြောလိုက်ပါက 'ဟုတ်တာဆို လည်မျိုညှစ်၊ ဂစ်' ဝတ္ထုမှ ပေါ်ဥပါဒကျေးသားကလေးကဲ့သို့ "ဂစ်" ခနဲ ဖြစ်သွားရပါလိမ့်မည်။

ကောင်းပါပြီ၊ အကြောင်း ကိစ္စတစ်ခုမှာ အမှန်တကယ်ဖြစ်နေသည်။ ယင်းကို ပြောလိုက်ပါက အကျိုးရမည်ဟူ၍လည်းခန့်မှန်းနိုင်သည်။

ဤသို့ ဆိုလျှင် ဤစကားကို ပြောချင်သလို ပြော၍ ရပါမည်လား။ ပြောချင်သလိုပြော၍ မဖြစ်နိုင်ပါ။ ချစ်ခင်နှစ်သက်ဖွယ် ပြောဆိုသော စကားဟူသော အင်္ဂါရပ်ကို သတိပြုရပါဦးမည်။

'နွားဆိုးကြီးလား၊ နွားကောင်းကြီးလား' ဝတ္ထု၌ မွေးစား စခင်ပုဏ္ဏားသည် မိမိ၏ ကျေးမွေးပြုစုထားသော သားကိုပင် နားမခံသာ အောင် ပြောဆိုခဲ့သည့်အတွက် အသပြာတစ်ထောင် ဆုံးရှုံးခဲ့ရပါသည်။

ဝိနည်းဒေသနာတော်မှာလည်း မြတ်စွာဘုရားက ဤဝတ္ထုကိုပင် စံပြုကာအာကြမ်းလျှာကြမ်းနှုတ်သရမ်းသောရဟန်းများအား ''ရဟန်း တို့၊ အဟိတ် တိရစ္ဆာန်များသော်မှလည်း ကြမ်းတမ်းစွာ ပြောဆိုသော စကားကို မလိုလားနိုင်ကြချေ။ လူတွေကိုကား အဘယ်ဆိုဖွယ်ရာ ရှိပါ အံ့နည်း''ဟု ဆုံးမတော်မူခဲ့ရသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် ဟုတ်မှန်၍ အကျိုးရှိနိုင်သော ကြောင်း ခြင်းရာကိုပင် သာယာနာပျော်ဖွယ်ဖြစ်အောင် ပြောဆိုကြရပါမည်။ 'သေအတူ ရှင်မခွဲ' ဝတ္ထု၌ ဤအင်္ဂါ ၃-ချက်စလုံးနှင့် ညီညွတ်သော စကားကို ပြဆိုထားပါသည်။ ဟုတ်မှန်၍ အကျိုးရှိသော စကားကိုပင် သမင်မောင်နှမ သုံးကောင်တို့က သာယာနာပျော်ဖွယ်ရာ ပြောဆိုတတ် ကြသဖြင့် တောလိုက်မုဆိုးကြီး၏ ခက်ထန်တင်းမာလှသော နှလုံးသားပင် အရည်ပျော်၍ သွားခဲ့ရပါသည်။

ချိန်သားကိုက်စွာ ပစ်လွှတ်လိုက်သော မြားကဲ့သို့ ချက်ကျလက်ကျ ပြောဆိုအပ်သော စကားသည် အရေးပါ အရာရောက်လှ၏။ စစ်သည် ဗိုလ်ပါအလုံးအရင်းဖြင့် ဖြေရှင်း၍ မရနိုင်သော ပြဿနာများကို စကား အရာ လိမ္မာကျွမ်းကျင်မှုဖြင့် ဖြေရှင်းနိုင်ခဲ့သော ဖြစ်ရပ်များသည် ကမ္ဘာ့ သမိုင်းမှာရော မြန်မာ့သမိုင်းမှာပါ ထင်ရှားစွာရှိကြပါသည်။ ပုဂံပြည်မှ ရှင်ဒိသာပါမောက္ခသည် တရုတ်ကေရာဇ် ကူဗလိုင်ခန်၏ စစ်တပ်ကြီးများ ကို ဟန့်တားနိုင်ခဲ့သည်မှာ စကားအရာ လိမ္မာကျွမ်းကျင်မှုကြောင့် ဖြစ် ပါသည်။

နှုတ်ဝ ပါးစပ်ဖျားမှ ပြောကြားအပ်သော စကားသည် ဤမျှပင် အရေးပါ အရာရောက်လှပါသည်။ သို့ရာတွင် ထိုစကားကို နေရာမြင် တိုင်း ပြော၍ ဖြစ်သည် မဟုတ်ပါ။ အခါအခွင့်ကို ချင့်တွက်၍ ပြောသင့်မှ သာ ပြောကြရပါသည်။ 'ဆိုရိုးရှိမှ ဆိုအပ်လှ၏' ဝတ္ထုမှ ကိန္နရီမောင်နှံ

တို့သည် ဤအချက်ကို မိမိရရလက်စွဲပြု၍ အခါအခွင့်ကို စောင့်စား၍ အသင့်တော်ဆုံးအချိန်ကိုမှတိတိကျကျ ရွေးချယ်၍ပြောဆိုခဲ့ကြပါသည်။

ကိန္နရီမောင်နှံတို့ ကံကောင်းကြသကဲ့သို့ အကြောင်းမလှရှာသူက တော့ ဝေဒဗ္ဗပုဏ္ဏားကြီးပင်ဖြစ်ပါသည်။ 'ရွှေမိုး ငွေမိုး' ဝတ္ထုမှ ဝေဒဗ္ဗ ပုဏ္ဏားကြီးသည် အခါအခွင့်ကို မစောင့်စားဘဲ ဝေဒဗ္ဗမန္တန်ကို ရွတ်ဆိုမိ သဖြင့် မိမိနှင့်တကွ ခိုးသားတစ်ထောင်လုံး အတုံးအရုံး သေဆုံးကြရ ပါသည်။

ဤဝတ္ထုကို စေ့စေ့စပ်စပ် သုံးသပ်လိုက်သောအခါ စကားအရာ လိမ္မာကျွမ်းကျင်သော အရည်အချင်းထဲတွင် မပြောသင့်သော အချိန်၌ မပြောဘဲ နေနိုင်ခြင်းလည်း ပါဝင်နေကြောင်း တွေ့ကြရပါလိမ့်မည်။ ထို့အတူပင် မပြောသင့်သောစကားကို မပြောကြားဘဲ နှုတ်စောင့်စည်း ခြင်းနှင့် လျှို့ဝှက်ထားသင့်သော စကားကို ဘယ်နည်းနှင့်မျှ မပေါက် ကြားအောင် ထိန်းချုပ် ထားနိုင်ခြင်းတို့လည်း အကျုံး ဝင်နိုင်ကြ ပါသည်။

လျှို့ဝှက်စကားကို ထိန်းသိမ်း ထားနိုင်ခြင်းသည် သက်ဆိုင်သူ အားလုံး၏ အသက်စည်းစိမ် ဂုဏ်သိန်သိက္ခာတို့ကို စောင့်ထိန်းပေးခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ အရေးကြီးသောစကား ပေါက်ကြားသွားပါက 'လျှို့ဝှက်စကား ပေါက်ကြားမိသော်' ဝတ္ထုမှ ပဏ္ဍရက နဂါးမင်းကဲ့သို့ ဂဠုန်လက်တွင်း သက်ဆင်းကြရပါလိမ့်မည်။ ထို့ပြင် တစ်ဖက်သားက မိမိအား လေးစားယုံကြည်၍ ပြောပြထားသော လျှို့ဝှက်စကားကို အခြားသူတစ်ယောက်ထံ ဖောက်သည်ချမိသော ကရမ္ဘိယတက္ကသိုလ်ကြီး၏ ဇာတ်သိမ်းမလှပုံကိုလည်း သင်ခန်းစာယူနိုင်ကြပါသည်။

စကားအရာ အင်္ဂါလေးတန်အရ စံပြုနိုင်သော ဝတ္ထု(၆)ပုဒ်ကို ဆက်စပ်ဖော်ပြလိုက်ပါသည်။

## ဟုတ်တာဆို လည်မျိုညှစ် 'ဂစ်'

ရာမနှင့် ပေါ်ဥပါဒ ကျေးညီနောင်တို့သည် ပုဏ္ဏားတစ်ယောက်၏ မွေးစားသားများ ဖြစ်ကြကုန်၏။ သားသမီး လိုချင်လွန်းပါလျက် မရလာသည့်နောက်ဆုံးတွင် ပုဏ္ဏားသည် ကျေးညီနောင်ကိုသာ သားအဖြစ် သဘောထားကာ ချစ်ခင်ယုယ၍ နေရပေသည်။ သူ၏ ပုဏ္ဏေးမကတော့ သားသမီးဟူ၍ သံယောဇဉ် မရှိလှပါ။ သူ သံယောဇဉ် ရှိနေသည်က တခြားဘက်မှာသာ ဖြစ်ပေသည်။

တစ်နေ့မှာတော့ ပုဏ္ဏားသည် ကုန်ရောင်းကုန်ဝယ်ကိစ္စဖြင့်တခြား ရွာသို့သွားရန် ရှိလာ၏။အိမ်မှာ မိမိ မရှိခိုက်တွင် ပုဏ္ဏေးမဖောက်ပြန်နေမည်ကိုလည်းစိုးရိမ်မိ၏။ထို့ကြောင့် ပုဏ္ဏေးမ မရှိခိုက်တွင် ကျေးညီနောင်တို့ကို ခေါ်ယူကာ....

''ချစ်သားတို့၊ အဖေ မရှိတုန်းမှာ သားတို့ အမေကို ကောင်းကောင်းကြည့်ထားလိုက်ကြ။ မသင့်တာ မတော်တာလုပ်ရင်လဲ ကောင်းကောင်း မှတ်ထားလိုက်ကြ''

ဤသို့ တိုးတိုးကျိတ်ကျိတ် မှာကြား၍ ထားခဲ့ပေသည်။

ပုဏ္ဏားစိုးရိမ်ခဲ့သည့်အတိုင်းပင် ပုဏ္ဏေးမကလည်း လင်ဖြစ်သူထွက်သွားသည့် အချိန်မှစ၍ အိမ်တွင်တစိမ်းယောကျ်ားတွေတရှုန်းရှုန်းနှင့်ဖြစ်လာ၏။ ပုဏ္ဏေးမကလည်း လာသမျှ ယောကျ်ားများနှင့် ဖြစ်ချင်တိုင်းဖြစ်နေတော့၏။ ဤတွင် ညီဖြစ်သူ ပေါဋ္ဌပါဒက နှုတ်သီး တရွရွဖြစ်လာ၍....

''အစ်ကိုရယ်၊ အဖေက ကျွန်တော်တို့ကို သေသေချာချာ အပ်သွားခဲ့တယ်။ အခု အမေကလဲ ယောကျ်ားတကာနဲ့ ဖောက်ပြားနေတာပဲ။ ဒါတွေ ရပ်တန်းက ရပ်သွားအောင် ပြောကြမှထင်ပါရဲ့''

''မပြောနဲ့ ငါ့ညီ၊ ပြောလို့ ဘာအကျိုးမှ မရှိနိုင်ဘူး''

ညီဖြစ်သူ၏ တိုင်ပင်စကားကို အစ်ကိုက ချက်ချင်းပယ်ချလိုက်၏။

''မဟုတ်သေးပါဘူး အစ်ကိုရယ်၊ ဖောက်ပြန်နေတာကို ကျုပ်တို့ကိုယ်တိုင် တပ်အပ်မြင်နေရတာပဲ မဟုတ်လား။ မှန်တာကိုမှ မပြောရတော့ဘူးလား''

''မှန်တိုင်းလဲ ပြောလို့ကောင်းတာ မဟုတ်ဘူးကွ ညီလေးရ''

''အို- အစ်ကိုတို့ကဖြင့် ဘာမဆို ဆင်ခြင်နေရတာနဲ့၊ စဉ်းစားနေရတာနဲ့ ဘာမှ ပြောဖြစ်တယ် မရှိဘူး၊ ကျုပ်တို့တော့ မှန်တယ် ထင်ရင် ပြောချလိုက်မှာပဲ''

ဤသို့ တုံ့ပြန်ခဲ့သည့်အတိုင်းပင် ပေါဋ္ဌပါဒသည် ပုဏ္ဏေးမအား ''အို-မိခင်၊ ပုဏ္ဏားကြီးရဲ့ မျက်ကွယ်မှာ ဘာကြောင့် မတော်တာတွေ လုပ်ရပါသလဲ'' ဟု ပြောချလိုက်တော့၏။

ဤတွင် ပုဏ္ဏေးမသည် မျက်နှာတစ်ချက် ပျက်သွားပြီးမှ ပြုံးပြုံးချိချိ ဖြစ်လာကာ....

''အောင်မယ်လေး အမေ့သားကြီးရယ်၊ အမေ့သားကြီး စကားတတ်မှန်း မသိသေးလို့ အမေ ဖောက်ပြားမိတာပါကွယ်၊ သားကိုယ်တိုင်က ဒီလိုပြောလာမှတော့ အမေ မဖောက်ပြားတော့ပါဘူး။ ကဲ-အမေ့ကို ကျေနပ်တယ်ဆိုရင် လာကွယ်၊ အမေ့လက်ပေါ် လာနေ''

ပုဏ္ဏေးမက လက်ကိုဆန့်တန်း၍ ကမ်းလှမ်းလိုက်၏။ ပေါဋ္ဌပါဒကလည်း 'တယ်ဟုတ်တဲ့ ငါပါကလား၊ ငါပြောချလိုက်တဲ့ အတွက် လူသား အရင့်အမာကြီး ကတောင် နောင်ကြဉ်သွားပါပေါ့လား' ဟု

အားရကျေနပ်စွာ ပုဏ္ဏေးမ၏ လက်ပေါ်သို့ လာ၍နား၏။ ပုဏ္ဏေးမသည် လက်ထဲမှာ ရောက်လာသော ပေါ်ပါဒကို မိမိရရဆုပ်ကိုင်ပြီးလျှင်....

"နင်ကများ ငါ့ကိုမတော်တာလုပ်သလေး၊ ဘာလေးနဲ့ ကြီးကြီးကျယ်ကျယ်လုပ်လို့။ နင်က ဘယ့်လောက်များ အရာရောက်နေလို့လဲ"

ပြောပြောဆိုဆို လည်မျိုကိုညှစ်၍ သတ်လိုက်ပြီးလျှင် ဖိုခနောက်ကြားသို့ လွှင့်ပစ်လိုက်လေသည်။

နေဝင်ရီတရောအချိန်တွင် ပုဏ္ဏားသည် ခရီးသွားရာမှ ပြန်ရောက်လာ၏။ ပုဏ္ဏေးမကလည်း ဘာမျှ မဖြစ်ခဲ့သည့်ဟန်ဖြင့် ပုဏ္ဏားကို ခရီးဦးကြိုဆိုကာ ပျူပျူငှာငှာ ပြောဆိုနေ၏။ ဤအချိန်မှာပင် ပုဏ္ဏားသည် ရာဓရှိရာသို့ လှမ်းကြည့်ကာ....

"ချစ်သား ရာဓ၊ အဘေလဲ ခုမှ ခရီးရောက်မဆိုက်ပဲ ရှိသေးတယ်၊ ဘယ့်နှယ်လဲဟေ့၊ မင်းတို့အမေဟာ ဘာပြစ်မှုမှ မကျူးလွန်ဘူး မဟုတ်လား"

ပုဏ္ဏားက သူဖြစ်စေချင်သည့် ဘက်သို့ ဆွဲ၍ မေးမြန်းလိုက်၏။ ဤတွင် ပုဏ္ဏေးမကလည်း ရာဓကို အထိတ်တလန့် လှမ်းကြည့်နေ၏။ ရာဓသည် အဖြစ်မှန်ကို ပြောရခက်၊ မပြောရခက် စဉ်းစားနေရာမှ....

"အို- ဖခင်၊ ပညာရှိတဲ့သူဟာ ဟုတ်မှန်တဲ့စကားပင် ဖြစ်သော်လဲ ဘယ်သူ့ကောင်းကျိုးမှ မဆောင်ဘူးဆိုရင် ပြောဆိုလေ့မရှိပါဘူး၊ တကယ်လို့ ပြောမိတယ်ဆိုရင်လဲ ကျွန်တော့်ရှေ့က ပြောသွားခဲ့တဲ့ ပေါ်ပါဒလိုပဲ မီးရှိနေတဲ့ ပြာပုံထဲမှာ အိပ်ရပါလိမ့်မယ်"

ဤသို့ပြောဆိုပြီးလျှင် လွတ်ရာကျွတ်ရာသို့ ထွက်လာခဲ့လေသည်။

(ဒုကနိပါတ်၊ ရာဓ ဇာတ်)

ရာဓဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသေ

ပေါ်ပါဒ = အရှင်အာနန္ဒာ။
ရာဓ = မြတ်စွာဘုရား။

## နွားဆိုးကြီးလား၊ နွားကောင်းကြီးလား

ဂန္ဓာရတိုင်း၊ တက္ကသိုလ်မြို့တော်၏ လမ်းမ တစ်နေရာတွင် နွားအစွမ်းပြပွဲကြီး ကျင်းပရန် တာစူ၍နေပေပြီ။

အစွမ်းပြပွဲကြီးဆိုသော်လည်း ပြရုံကာမျှမဟုတ်ချေ။ တစ်ဖက်နှင့် တစ်ဖက် အသပြာ တစ်ထောင်စီ လောင်းကြေးထပ်ထားကြ၏။ ထို့ကြောင့် သူ့ဘက် ကိုယ့်ဘက်ဆက်စပ်သူမှန်သမျှလာ၍ကြည့်ကြလေသည်။ ကိုယ်နီးစပ်ရာသို့ ကိုယ်ယက်ကာ ထင်ကြေးပေးလျက်ရှိကြလေသည်။

မျက်မြင်အတိုင်း သုံးသပ်ကြည့်မည်ဆိုပါကဂေါဝိန္ဒသူဌေးဘက်မှ နိုင်ချေ အများကြီးရှိနေ၏။ ကြည့်ပါ၊ ရှေ့ဆင့်နောက်ဆင့် လွန်ကြိုးခိုင်ခိုင်ဖြင့် တွဲစပ်တုပ်နှောင်ထားသော လှည်းများက တစ်ရာတိတိ ရှိနေ၏။ ထို့ပြင် ထိုလှည်းများကို လှည်းခွက်ချည်းမထားသေးပေ။ လှည်းပေါ်မှာ ဖျာများ၊ သားရေများခင်းကာ သဲများ၊ ကျောက်စရစ်များ အပြည့်တင်ထားသေး၏။ ထိုလှည်းများ၏ ရှေ့ဆုံးလှည်းတွင် တစ်ကောင်တည်းသော နွားကိုတပ်၍ မောင်းရမည်ဖြစ်၏။ နောက်ဆုံး ရှိနေသော

လှည်းက ရှေ့ဆုံးလှည်း၏ နေရာရောက်ပါမှ နွားရှင်ဘက်က အနိုင်ရမည် ဖြစ်ပေသည်။

အခြားဘက်မှ ဤမျှဒလောက် အ ရေး သာ နေ သော် ငြား လည်း နွားရှင် ပုဏ္ဏားဘက်ကတော့ ဂရုမစိုက်ပါ။ မိမိနွား၏ စွမ်းအားသတ္တိကို ကောင်းကောင်းကြီး သိထားပြီးဖြစ်၍ ဤအစီအစဉ်ကို မိမိဘက်က အဆိုပြုခဲ့ခြင်း ဖြစ်ပေသည်။

ပုဏ္ဏား၏ လက်ထဲသို့ ဤနွားရောက်နေခဲ့သည်မှာ ကြာလှပါပြီ။ နွားပေါက်စကလေး ဘဝကပင် အလှူရှင်တစ်ယောက်က အလှူဝတ္ထုတစ်ခုအဖြစ်ဖြင့် ပေးလှူခဲ့သဖြင့် မိမိမွေးမြူလာခဲ့၏။ နွားကလေးကိုပင် သားကလေးကဲ့သို့ ချစ်ခင်မြတ်နိုးလှသဖြင့် ဆန်ပြုတ်များ၊ ထမင်းများ ကျွေး၍ လာခဲ့ရ၏။

ဤသို့ဖြင့် နွားကလေးသည် သန်မာထွားကျိုင်းသော နွားကြီး ဘဝသို့ ရောက်ရှိလာ၏။ မွေးစားဖခင် ပုဏ္ဏားက အားရနှစ်သက်လှသဖြင့် သူ့ကို နန္ဒိဟု အမည်ပေးခဲ့၏။ ထို့နောက်မှ စွင့်စွင့်ကားကားကြီးမားလှသော ဦးချိုကြီးများကိုပါ ဂုဏ်တင်ကာ နန္ဒိဝိသာလဟူ၍ ဖြည့်စွက်ခေါ်ဝေါ်ရလေသည်။

နန္ဒိဝိသာလနွားလားကလည်းမွေးစားဖခင်၏ကျေးဇူးကိုသိတတ်ပါ၏။ ပုဏ္ဏားမှာ ချမ်းသာကြွယ်ဝသူ မဟုတ်ပါဘဲလျက် မိမိကိုချစ်ခင်၍ သာ ဆန်ပြုတ်များ တိုက်ခဲ့ရ၏။ လူသားများနည်းတူ ထမင်းများချက်၍ ကျွေးခဲ့ရ၏။ ယခု မိမိ၏ကိုယ်ခန္ဓာကြီး ထွားကျိုင်းလာသည်နှင့်အမျှ စားလုံးကလည်း ကြီးလှ၏။ သို့ပါလျက် ပုဏ္ဏားကတော့ ညည်းညူခြင်းမပြုပါ။ စေတနာ တွန့်ဆုတ်ခြင်း မရှိပါ။ မဖြစ်ဖြစ်အောင် ကြံဖန်ပြီး နပ်မှန်မှန် ကျွေးမွေးခဲ့ပေသည်။ ပုဏ္ဏားဘက်က သက်သာသင့်သလောက် သက်သာပါစေတော့ဟု နန္ဒိဝိသာလနွားလားက တောထဲသို့သွား၍ကျက်စားခဲ့ရပေသည်။

ဤသို့သော ကျေးဇူးတရားကို ဆပ်လိုလှသဖြင့် ဤသို့သောပြိုင်ပွဲကြီး ပြုလုပ်ရန် နန္ဒိဝိသာလနွားလားကိုယ်တိုင်ကအကြံပေးခဲ့ခြင်းဖြစ်၏။ ယခုတော့ ဤပြိုင်ပွဲကြီးကို အနိုင်ကြဲကာ မွေးစားဖခင်အား အသပြာ တစ်ထောင်တိတိ ပေးနိုင်ပေတော့မည်။ ပရိသတ်အပေါင်း၏ဩဘာလက်ခုပ်သံများကိုလည်း ကြားရပေတော့မည်။

နန္ဒီဝိသာလ နွားလားသည် ရှေ့ဆုံးလှည်းမှာ အရန်သင့်ရှိနေရာမှ ဖခင်ပုဏ္ဏား၏အသံကို နားစွင့်လျက်ရှိနေ၏။ ဖခင်ပုဏ္ဏားကလည်းမိမိသားကြီး၏စွမ်းအားသတ္တိကိုဂုဏ်ယူဝင့်ကြွားရှိနေ၏။ သို့ရာတွင်သူ၏အသံများက ခါတိုင်းနှင့် မတူပါ။ အရက်သေစာ သောက်စားထားသူ၏ အသံမျိုးဖြစ်နေ၏။ ဤသို့ရှိနေစဉ်မှာပင် ဒိုင်လူကြီး၏ အချက်ပေးသံ ထွက်လာပေသည်။

''သွားလိုက်စမ်းဟနွားဆိုးကြီး၊ ရုန်းလိုက်စမ်းဟနွားယုတ်ကြီး''

အုတ်အုတ်ကျက်ကျက် လူသံများကို ဖုံးလွှမ်းသွားအောင် ပုဏ္ဏားက အော်၍ မောင်းလိုက်၏။

''သွားလိုက်စမ်းဟနွားဆိုးကြီး၊ ရုန်းလိုက်စမ်းဟနွားယုတ်ကြီး''

မကြားသေးဘူးမှတ်၍ ထပ်ကာ ထပ်အော်ဟစ်လိုက်၏။

သို့ရာတွင် လှည်းများက နေရာမှမရွေ့ချေ။ နန္ဒီဝိသာလနွားလားကလည်း တုတ်တုတ်မျှမလှုပ်ချေ။ သုံးကြိမ်သုံးခါတိုင်တိုင် အော်ဟစ်၍ မောင်းနှင်ပါလျက် နေရာမှမရွေ့သဖြင့် ဒိုင်လူကြီးက အခြား တစ်ဖက်ကို အနိုင်ပေးလိုက်ရလေတော့သည်။

မည်သို့ပင်ဖြစ်စေ နန္ဒီဝိသာလနွားလားကတော့ စိတ်ထိခိုက်မှုမရှိလှပါ။ မိမိက မဆိုးရ မယုတ်ခဲ့ရပါဘဲလျက် နွားဆိုးနွားယုတ်ဟုအဆိုခံခဲ့ရသည်ကို မကျေမချမ်းနိုင်ဖြစ်ခဲ့ရသော်လည်း ယခုတော့ကောင်းကောင်းကြီး ဒဏ်ခတ်လိုက်ရပြီမို့ နေသာထိုင်သာရှိလာပါပြီ။

ထို့ကြောင့် တောထဲမှာလွတ်လပ်စွာသွားလာကျက်စား၍အားရလောက်ခါမှ အိမ်သို့ပြန်လာခဲ့၏။ အိမ်ရှေ့ကကွပ်ပျစ်ပေါ်တွင်ကား မွေးစား ဖခင်ပုဏ္ဏားသည် ခြေပစ်လက်ပစ်ကြီးအိပ်လျက် ရှိနေပေသည်။

နန္ဒီဝိသာလနွားလားသည် ပုဏ္ဏားအနီးသို့ ချဉ်းကပ်လာကာ....

''အဖေ၊ ဘာ့ကြောင့်များ အိပ်နေရပါသလဲ''

''ပြောမှပြောရက်ပလေ ငါ့သားရယ်။ အသပြာတစ်ထောင်တိတိ ရှုံးထားတဲ့ဟာ ဘယ်မှာ အိပ်ပျော်ပါ့မလဲ''

''အဖေတို့အိမ်မှာ ကျွန်တော် ရောက်လာတဲ့အချိန်ကစပြီး ကျွန်တော့်အတွက် အိုးတစ်လုံး ကွဲဖူးပါသလား''

"မကွဲဖူးပါဘူး ဖေ့သားကြီးရာ"

"တခြားဥစ္စာတစ်ခုခုကိုကော ကျွန်တော် နင်းခဲ့မိဖူးသလား"

"မနင်းခဲ့ပါဘူး ဖေ့သားကြီးရာ"

"ဒါနဲ့များဗျာ၊ဘာဖြစ်လို့များ ကျွန်တော့်ကို နွားဆိုးကြီး၊ နွားယုတ်ကြီးလို့ ခေါ်ရတာလဲဗျာ"

"အဖေ အပျော်ကျူးပြီး မူးသွားမိလို့ပါကွာ"

"ဒီလိုဆိုရင် ဒီတစ်ခါတော့ အဖေ အပျော်မကျူးပါနဲ့။ မူးလဲ မမူးပါနဲ့။ ကျွန်တော့်ကိုလဲ မဟုတ်မတရား ဆဲဆိုကြိမ်းမောင်းခြင်း မပြုပါနဲ့။ ဒီတစ်ခါတော့ ဂေါဝိန္ဒသူဌေးနဲ့ အသပြာနှစ်ထောင်တိတိလောင်းကြေး ထပ်ပါတော့"

"ကောင်းပြီ ဖေ့သားကြီး၊အဖေ သွားပြီး လောင်းကြေးစပ်ချေဦးမယ်"

ပုဏ္ဏားသည် သွက်လက်ပေါ့ပါးစွာထ၍ ဂေါဝိန္ဒသူဌေးအိမ်ဆီသို့ ထွက်သွား၏။အသွားတုန်းကပေါ့ပါးသွက်လက်ခဲ့နေသကဲ့သို့အပြန်ကျတော့လည်း ပြုံးပန်းမြှိုင်မြှိုင် ပန်လာလျက်....

"သူဌေးက လက်ခံလိုက်ပြီ ဖေ့သားကြီးရေ။ ဒီတစ်ခါမှအဟုတ်ပွဲကြီးကွ"

အိမ်ဝမှနေ၍ အားပါးတရ လှမ်း၍ပြောလိုက်လေသည်။

သည်တစ်ခါတော့ ပုဏ္ဏား၏နှုတ်မှ အဆိုး၊အယုတ် စကားသံများ ထွက်ပေါ်မလာတော့သဖြင့် အစွမ်းပြပွဲကြီး ချောမောစွာ ပြီးဆုံးသွားပေသည်။

(ကေနိပါတ်၊ နန္ဒိဝိသာလဇာတ်)

နန္ဒိဝိသာလဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

ဖခင်ပုဏ္ဏား = အရှင်အာနန္ဒာ။

နန္ဒိဝိသာလနွားလား = မြတ်စွာဘုရား။

## သေအတူ ရှင်မခွဲ

ဟိမဝန္တာတောဦ ရွှေသမင်မောင်နှမ သုံးကောင်တို့ရှိကြရာ မောင်အကြီးဆုံးမှာ ရောဟဏ၊ မောင်အငယ်က စိတ္တ။ နှမထွေးကား သုတနာ။ သူတို့မောင်နှမသုံးကောင်သည် အတူတကွနေထိုင်ကြလျက် မျက်မမြင်မိဘသမင်အိုကြီးများအား အစာရေစာ ရှာဖွေကျွေးမွေးကြလေသည်။

သူတို့နေရာသည် လူသူမနီးသည့် တောကြီးမြိုင်ယံဖြစ်၍ သူတို့ဘာသာ သူတို့ဝလေ့အတိုင်း လွတ်လပ်စွာပျော်မြူးကြရ၏။ အနှောင့်အယှက်မရှိ၊ ပကတိ အေးချမ်းသာယာလှ၏။ ရေကန်မှာ သွားပြီး ရေသောက်လိုက်၊ မြက်နုမြေဇာများကို စားလိုက်ဖြင့် ရက်တွေလတွေ ကျော်လွန်လာခဲ့၏။

တစ်နေ့သောအခါတွင်ကား တောလိုက်မုဆိုး တစ်ယောက်သည် သူတို့နေရာထိအောင် နယ်ကျွံ၍လာတော့၏။ လက်နက်လေးမြှား စားနပ်ရိက္ခာအပြည့်အစုံဖြင့် တောတိုး၍လာခဲ့ရာမှ ရွှေသမင်မောင်နှမသုံးကောင်တို့ကိုမြင်သောအခါတွင်မုဆိုးသည်ခိုင်မာလှစွာသောသားရေကျော့ကွင်းကို ကန်နံ့ဘေးက ရေသောက်ဆိပ်မှာ ထောင်ထားလိုက်လေတော့သည်။

စပယ်ဦး၊ ၈၁၉၈

နှစ်လများစွာ အေးချမ်းသာယာခဲ့သော သူတို့နေရာတွင် ရန်သူ ရောက်လာသည်ကို ရွှေသမင်များ မသိကြပေ။ သူတို့သည် ၁ါတိုင်းနေ့ များမှာလိုပင် တစ်ကောင့်တစ်ကောင် တိုထိကျီစယ်၍ လာခဲ့ကြ၏။ လမ်း တစ်လျှောက်မှ ပန်းတော်မြေဇာမြက်နုများကို အဖျားဖြတ်၍ စားလာခဲ့ ကြ၏။ သူတို့နှင့်အတူ တောရပ်မှာအတူနေကြသော သမင်ဖော်များစွာ လည်း ပါလာကြ၏။ ရေကန်သို့ သက်ဆင်းလျှင်ကား ရှေ့ဆုံးမှလာသော ရောဟဏ၏ ရှေ့ခြေတစ်ဖက်က ကျော့ကွင်းမှာ တိုးမိတော့၏။

သေမင်း၏လက်တွင်းသို့ ဝင်မိလေပြီဟု ရောဟဏချက်ချင်းသိလိုက် ၏။ သို့သော် သူက ဗွန္ဒြေအပျက်မခံ။ ဘာမျှမဖြစ်သလိုပင် လည်တံဆန့်၍ ရေကိုသောက်လိုက်၏။ သမင်အဖော်များ ရေအဝသောက်ပြီးသည့်တိုင် အောင် ငံ့လင့်နေ၏။ သူကသာ ကျော့ကွင်းမှာ မိနေသည့် အကြောင်း ကြောက်လန့်တကြား ပြောလိုက်လျှင် သူတို့တစ်တွေ ရေမသောက်ရဘဲ ထွက်ပြေးသွားကြရှာမည်ကို သူ့စိတ်က စိုးရိမ်၍နေလေသည်။

ရောဟဏသည် သားရေကျော့ကွင်းမှ လွတ်လိုလွတ်ငြား ရုန်း၍ ကြည့်ပါသေး၏။ ပထမတစ်ကြိမ်အရုန်းတွင် အရေပြတ်၏။ နောက်တစ်ခါ တွင် အသားပြတ်၏။ သုံးကြိမ်မြောက် ရုန်းလိုက်လျှင်ကား အကြောပါ ပြတ်၍ အရိုးကို ထိနေလေတော့၏။ ထိုအခါတွင်မှ မသက်သာလွန်း၍ မြည်တမ်းလိုက်ရလေတော့သည်။

ရောဟဏ၏ အသံကြားရသည်နှင့် အဖော်သမင်များကကြောက် လန့်တကြား ပြေးကုန်ကြ၏။ စိတ္တတို့မောင်နှမပါ သမင်အများနှင့်ညှပ်ပါ သွားကြ၏။ အတန်ငယ်ပါသွားပြီးမှပြေးသည့်အထဲမှာ ရောဟဏပါမပါ ကြည့်ကာ မပါမှန်းသိ၍ ရေကန်သို့ ချက်ချင်းပြန်လာခဲ့ကြ၏။ အကိုကြီး ရောဟဏအား ကျော့ကွင်းမိနေမှန်း သိသောအခါ သူတို့ မောင်နှမနှစ် ကောင်က ဘေးတစ်ဖက်တစ်ချက်ဆီမှ ဖေးထားလိုက်ကြ၏။

''ပြေးကြကွယ့် ပြေးကြ ငါ့ညီ ငါ့နှမတို့ရဲ့၊ ဟိုသမင်တွေသေဘေး ကြောက်လို့ပြေးကုန်ကြပြီမဟုတ်လား။ မင်းတို့လဲ ဒီနားမနေကြနဲ့၊ မကြာ ခင် မုဆိုးရောက်လာတော့မယ်''

ရောဟဏသည် သူ့တစ်ကောင်အတွက် သုံးကောင်လုံး သေရမည့် အရေးကို မနှစ်မြို့သဖြင့် ညီနှင့် နှမများကို နှင်ထုတ်၏။ သို့သော် စိတ္တနှင့် သုတနာတို့က မခွာမရှဲ ပူးကပ်၍ ရပ်မြဲရပ်နေကြရာက....

''မပြန်နိုင်ဘူး ကိုကြီးရောဟဏ။ အသက်သေချင် သေပေစေ၊ ကိုကြီးကိုတော့ တစ်ကောင်ထဲ ပစ်မသွားနိုင်ဘူး''

စိတ္တနှင့် သုတနာတို့က ကိုယ်လွတ်ရုန်းရန် အရေးကို အတွင်သား ငြင်းဆိုကြ၏။

ရောဟဏ ပြောပြသည့်အတိုင်းပင် မုဆိုးသည် မကြာခင်မှာပင် ပြေးထွက်၍လာ၏။ သူ့လက်ထဲက လှံသွားထက်ထက်သည် ဝင်းလက်လက် ရက်စက်သောအသွင်ကိုဆောင်လျက်ရှိ၏။ လေးနှင့်မြားကိုလည်းအရန်သင့် ကိုင်ဆောင်လာ၏။ ''ကိုင်း–တို့များတော့ ဒီကနေ့ သေဘေးတွေ့ကြပြီ'' ဟု ရောဟဏက ကြေကွဲစွာ မြည်တမ်းလိုက်လေသည်။

လှံသွားထက်ထက်နှင့် ပြေးလျက်လာသော မုဆိုးကိုမြင်လိုက်သည်နှင့် နှမလေး သုတနာသည် ရပ်တည်ရာမရတော့ဘဲ အစ်ကိုကြီးအပါးမှ ခွာ၍ပြေးမိ၏။ အတန်ငယ်ပြေးမိပြီးမှ ကျန်ရစ်ခဲ့သော အစ်ကိုနှစ်ကောင် ကို ပြန်လှည့်၍ ကြည့်မိ၏။ ထိုမှတစ်ဖန် သေမင်းတမန် မုဆိုးကိုလည်း မြင်မိပြန်၏။

သုတနာသည် အသေခံနှင့် သေမင်းတမန်တို့ကို တစ်လှည့်စီကြည့် ကာ အသေခံ အစ်ကိုများဘက်သို့ ပြန်ဝင်လာခဲ့၏။ ရုတ်တရက် ကြောက် စိတ်ဖြင့် ပြေးထွက်ခဲ့မိသော်လည်း အစ်ကိုများကို တကယ်တမ်း စွန့်ခွာ သွားရန်ကား သူမတတ်နိုင်ပါ။ သေခြင်းသေလျှင် အစ်ကိုများနှင့်အတူ သူပါသေစေတော့ဟု သူ့စိတ်ကို ပိုင်းဖြတ်လိုက်၏။ အစ်ကိုကြီး၏ လစ်လပ် နေသော နံပါးတစ်ဖက်မှာ ရပ်မြဲရပ်နေလိုက်၏။

မုဆိုးသည်သမင်မောင်နှမတို့အနားသို့ ရောက်လာ၏။ သားကောင် မိနေတာ တွေ့လျှင် မညှာရက်စက် လှံထက်ထက်နှင့် ထိုးသတ်နေကျဖြစ် သောမုဆိုးသည် မထိုးသတ်သေးဘဲ အံ့သြစွာရပ်ကြည့်နေမိ၏။ သူထောင် ထားတာက ကျော့ကွင်းတစ်ခုတည်းသာ။ အခုမိနေကြတာကတော့သမင် သုံးကောင်။ အလယ်ကသမင်ကြီးကိုသားရေကျော့ကွင်းက ဖမ်းချုပ်ထား ၏။ နံဘေးကသမင်နှစ်ကောင်ကိုကားဘယ်အရာက ဖမ်းချုပ်ထားပါလိမ့်။

တစ်ကောင့်တစ်ကောင် ဖေးကူကာ ရပ်လျက်နေကြသော သမင် များကို မြင်ရသဖြင့် မုဆိုး၏စိတ်ရိုင်း စိတ်ကြမ်းတို့သည်ပင် နူးညံ့လာ ရ၏။ သမင်မောင်နှမတို့၏ တစ်ကောင့်တစ်ကောင်အပေါ် ထားရှိသော

မေတ္တာစာတ်သည် မုဆိုးထံသို့ပါ ကူးစက်လာ၏။ မုဆိုးသည် အရန်သင့် ကိုင်ဆောင်လာခဲ့သော လှံကိုပါ ပစ်ချလိုက်ကာ....

''အို–သမင်တို့၊ သင်တို့ဘယ်လိုများ တော်စပ်ကြပါသလဲ။ တစ်ကောင်မိတာကို ကျန်နှစ်ကောင်က ဘာဖြစ်လို့များ အတူလာတွဲနေရတာပါလဲ။ သင်တို့သေဘေးမှမကြောက်ကြလေရော့သလား''ဟုမေးလိုက်၏။

မုဆိုးလာသည်နှင့် သေဘေးတွေ့တော့မည်ဟု ရောဟဏက တွက်ထားခဲ့၏။ ယခုတော့ မုဆိုးက လာလာချင်း မသတ်သေးဘဲစကားစမြည်များပြောနေချေပြီ။ အခွင့်တော့ အနည်းငယ် သာလာပြီဟု အားတက်လာကာ....

''ဘကြီးခင်ဗျား၊ ကျွန်တော်နဲ့ သူတို့ဟာမိတူဖတူမောင်နှမများ ဖြစ်ကြပါတယ်။ သေအတူ ရှင်မခွဲ အမြဲတမ်း ချစ်ခင်လာကြသူများဖြစ်ပါတယ်။ ဒါကြောင့် တစ်ကောင်သေဘေးတွေ့တဲ့အခါမှာ သူတို့ပါအတူလိုက်ဖို့ လာရပ်နေကြပါတယ်''ဟု ဖြေကြား၏။

စောစောက ပျော့ချင်ချင်ဖြစ်နေသော မုဆိုး၏ စိတ်ဓာတ်သည် ရောဟဏစကားကြောင့် တကယ်တမ်းပျော့ကျသွားရ၏။ သူ့စိတ်ထဲဝယ် ရွှေသမင်တို့ကို သားသမီးများနှယ် မှတ်ထင်လာမိ၏။ ကိုယ့်သားသမီးကလေးများ ဒုက္ခတွေ့နေသည့်အခါတွင် ခံစားရသကဲ့သို့ သူ့ရင်ထဲမှာ နာကျင်၍လာ၏။ ထိုစဉ်တွင် ညီငယ်စိတ္တကပါ စကားချိုသာ ပြောဆိုလာပြန်သည်။

''ကျွန်တော်တို့ မောင်နှမတစ်တွေဟာမျက်မမြင်မိဘများကို ပြုစုလုပ်ကျွေးနေကြပါတယ်။ ကိုကြီးရောဟဏ သေရွာလားရတယ်ဆိုရင်ပဲ ကျွန်တော်တို့မောင်နှမလဲ လိုက်ပါရပါလိမ့်မယ်။ ဒီအခါမှာ သေဆုံးသူဟာ သုံးကောင်ထဲမဟုတ်ပါဘူး။ ကျွေးမွေးမယ့်သူ မရှိတော့တဲ့အတွက် မိအိုဖအိုတို့လဲ သေဆုံးကြပါတော့မယ်။ မုဆိုးကြီးကသာ သနားစိတ်နဲ့ ကိုကြီးကိုလွှတ်လိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့မိသားစု ငါးဦးလုံးကို ဘေးမဲ့အလှူတော်ကြီး ပေးလိုက်ရာ ရောက်ပါတယ် ဘကြီးရယ်''

''ကောင်းပြီ ရွှေသမင်တို့၊ သင်တို့အားလုံး ချမ်းသာရာရစေမယ်။ သင်တို့ကို ဘေးမသီ ရန်မခ ပြန်တွေ့ရတဲ့အတွက် သင်တို့ မိခင် ဖခင်တွေ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါစေမယ်''

မုဆိုးက ရောဟဏအနားမှာ ဒူးထောက်ထိုင်ကာ သားရေကျော့ကွင်းကို ဓားနှင့် ဖြတ်လိုက်၏။ ရောဟဏ၏ လည်ပင်းကို ဖက်၍

ရေအစပ် ကန်နံဘေးမှာ အသာအရာသွဲ့၍သိပ်ကာ အသားတွင်းမှာ နစ်၍နေသော သားရေကျော့ကွင်းကို ဖြုတ်၍ပေး၏။ အနာကို ကန်ထဲက ရေဖြင့် ဆေးကြော၍ပေး၏။ ရွှေသမင်နှင့် မုဆိုးတို့၏ မေတ္တာ စေတနာ အစွမ်းဖြင့်အကြောသည်အကြောနှင့်ပြန်ဆက်၍ အသားနုများတက်ကာ ထိုခဏမှာပင် အနာကျက်၍ သွားလေတော့သည်။

"ကဲ-သွားကြပေတော့ သားတို့ သမီးတို့။ မင်းတို့ မိဖများဆီကိုပဲ ဝမ်းမြောက်ဝမ်းသာ ပြန်ကြပေတော့"

မုဆိုးက ခွင့်ပြုသဖြင့် ရွှေသမင်သုံးကောင် မိဖများထံ ပြန်လာခဲ့ကြ၏။ မိဖများက သူတို့မောင်နှမတစ်တွေကို ဆီး၍ ပွေ့ဖက်ကာ "ရောဟဏရဲ့ အော်သံကြားတာနဲ့ငါသားတွေ အန္တရာယ်ဆိုးနဲ့ တွေ့နေပြီဆိုတာ သိပါတယ်ကွယ်။ ဒီလို သေတွင်းက ဘယ်လိုများ လွတ်လာကြပါသလဲ" ဟု တုန်တုန်ယင်ယင် မေးကြ၏။

"အခုလို ကျွန်တော် သေတွင်းကထွက်လာရတာကတော့ ညီလေး စိတ္တရဲ့ ကျေးဇူးပါပဲ၊ ညီလေးက မုဆိုးကြီး နားဝင်ချိုအောင် ပြောတတ်ပေတယ်။ မုဆိုးရဲ့ စိတ်နှလုံးကို နူးညွတ်သွားအောင် စွမ်းဆောင်နိုင်ပေတယ်။ စကားအရာ ချိုသာတဲ့အတွက် မုဆိုးလက်က လွတ်မြောက်ခဲ့ရပါတယ်"

ရောဟဏက ဖြစ်ကြောင်းအမှန်ကို ပြန်လည်ပြောပြသောအခါ ရွှေသမင် မိခင်အိုကြီးက "သာ ဓု တော် သာဓု၊ မောင် မင်း ကြီး သား ကိုမုဆိုး ကျန်းမာပါစေ၊ ဘေးကင်းပါစေ၊ သားတွေ သမီးတွေ ပြန်ရောက်လာလို့ ငါတို့များ ဝမ်းမြောက်ရသလို ကိုမုဆိုးမှာလဲ သားနဲ့ မယားနဲ့ အတူတကွ ပျော်ရပါစေ" ဟု ဆုတောင်းလိုက်လေသည်။

(ဝိသတိနိပါတ်၊ ရောဟဏမိဂ ဇာတ်)

ရောဟဏမိဂဇာတ်၊ ဝိသတိနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မုဆိုး | = | အရှင်ဆန္န။ |
| မြဟ္မဒတ်မင်း | = | အရှင်မဟာသာရိပုတ္တရာ။ |
| မိဖုရား | = | ခေမာထေရီ။ |
| သုတနာ | = | ဥပ္ပလဝဏ္ဏာထေရီ။ |
| စိတ္တ သမင် | = | အရှင်အာနန္ဒာ။ |
| ရောဟဏ သမင်မင်း | = | မြတ်စွာဘုရား။ |

## ဆိုရေရှိုးမှ ဆိုအပ်လှ၏

ဟိမဝန္တာအရပ်တွင် ကိန္နရာများ နေကြလေသည်။ ထိုကိန္နရာတို့သည် အသွင်အပြင်အားဖြင့် လူနှင့်တူကုန်၏။ အတောင်အလက်အားဖြင့် ငှက်ကဲ့သို့ ပျံသန်းနိုင်ကုန်၏။ သာယာညင်းပျောင်းစွာ သီချင်းများကို သီဆိုကြ၍ တောင်ကျချောင်းဘေးရှိ သဲသောင်ပြင်ပေါ်တွင် တပျော်တပါး က,ခုန်ကြလေသည်။

တစ်ခါတုန်းက မုဆိုးတစ်ယောက်သည် ကိန္နရာ ဖို,မ တစ်စုံကို ဖမ်း၍ ပြည့်ရှင်မင်းကြီးထံ ဆက်သ လေသည်။

မင်းကြီးသည် မမြင်စဖူး ထူးကဲလှစွာသော ကိန္နရာများကို မြင်ရသည်နှင့် ''အချင်း မုဆိုး၊ ဒီကိန္နရာတွေရဲ့ အရည်အချင်းက ဘယ်လိုများရှိသလဲ'' ဟု မေး၏။

''အရှင်မင်းကြီး၊ ဒီကိန္နရာတွေဟာ သာယာညင်း ပျောင်း စွာ သီချင်းဆိုတတ်ကြပါတယ်၊ နှစ်သက်စဖွယ် တင့်တယ်စွာ က,တတ်ကြပါတယ်။ လူများသော်မှ သူတို့လို မက,တတ်၊ မဆို တတ်ကြပါဘုရား''

''အို- အချင်းမုဆိုး၊ ကောင်းလေစွ၊ အရတော်လေစွ''

မင်းကြီးသည် မုဆိုးကို ဆုလာဘ်များစွာပေး၍ လွှတ်လိုက်၏။

ထိုနေ့ နန်းရင်ပြင်ဝယ် လူအုပ်ကြီး စုဝေးလာလေသည်။ ပွဲကြီးပွဲကောင်း ကြည့်ရှုရန် လာကြခြင်းဖြစ်၏။ မင်းကြီးမှာ သူ့ဘုန်း သမ္ဘာတော်ကြောင့် ရလာသော ကိန္နရာများကို လူထုကြီးရှေ့မှောက် ပြရတော့မည်မို့ ပျော်တပြုံးပြုံးဖြစ်နေလေသည်။

အချိန်တန်လျှင် ကိန္နရာများကို ပွဲထုတ်၍လာကြ၏။ လူအများသည် မမြင်စဖူး ထူးကဲလှသည်ဖြစ်၍ အုတ်အုတ်ကျက်ကျက် ဖြစ်သွားကြ၏။

''ကဲ- ကိန္နရာများ၊ ငါကိုယ်တော် အရှင်မြတ်နဲ့တကွ ပရိသတ်များပါ ကြားကြရ၊ ကြည့်ကြရအောင် က,လိုက်စမ်း၊ ဆိုလိုက်စမ်း၊ အသံုးတော် ခံလိုက်ကြစမ်း''

မင်းကြီးက အမိန့်ပေးလိုက်၏။

ကိန္နရာများသည် က,လည်း မက၊ ဆိုလည်း မဆို၊ မင်းကြီးကို အရိုအသေပြုလျက်သာ မလှုပ်မရှက် နေကြလေသည်။

''ဟဲ့- ကိန္နရာတို့၊ က,ကြပါတော့လား၊ ဆိုကြပါတော့လား''

မင်းကြီးက အမိန့်ပေးလိုက်ပြန်၏။ အမိန့်ပေးရာတွင် ဒေါသသံအနည်းငယ်ပါ၍လာ၏။ ကိန္နရာ ဖို,မ တို့ကတော့ မလှုပ်မရှက်ပင်။

သူတို့သည် လှလှပပ က,တတ်ကြပါ၏။ ငြိမ့်ညောင်းသာယာစွာ ဆိုတတ်ကြပါ၏။ သူတို့မဆို, မက ခြင်းမှာ မင်းကြီးကို မရိုသေ မခန့်ညား၍ မဟုတ်ပါ။ ပရိသတ်ဗိုလ်ပါ စုံလင်စွာသော နန်းရင်ပြင်တွင် ကရ, ဆိုရ,မှာ ဝန်လေးနေကြသောကြောင့် ဖြစ်၏။ သီချင်းဆိုရာတွင် စကားပီသစွာ မဆိုနိုင်ပါက မင်းကြီးနှင့်တကွ ပညာရှိ ပရိသတ်များက ဝိုင်း၍ ကဲ့ရဲ့မည်စိုးသောကြောင့် ဖြစ်၏။

ဘာကြောင့် မက,သည်ဖြစ်စေ၊ အမိန့်တော်ကိုဖီဆန်ရာ ရောက်နေသဖြင့် မင်းကြီးက ရာဇမာန်ရှတော့၏။ ပရိသတ်များက မကြားနိုးနားပြောင်ကြ ပြက်ကြလေ၊ မင်းကြီး၏ ရှက်ဒေါသက ကြီးမားလာလေ။ ထို့ကြောင့်....

''ဒီကိန္နရာတွေဟာ နတ်လဲမဟုတ်၊ အဆိုအက ကောင်းတဲ့ ဂန္ဓဗ္ဗအနွယ်များလဲ မဟုတ်ဘူး။ ဒီကောင်တွေဟာ သာမည ငှက်တွေပဲ၊ တိရစ္ဆာန်တွေပဲ။ ဘာမှ အသုံးမကျတဲ့အကောင်တွေ။ တစ်ကောင်ကို အခုညနေစာ အတွက် သတ် ချက်လိုက်ကြ။ နောက် တစ်ကောင်ကို နောက်မနက်စာ အတွက် ထားလိုက်ကြ''

မင်းကြီးက အမိန့်ချလိုက်လေတော့သည်။ သည်တော့မှ ကိန္နရီမက အသံပြိုသရန် ကြိုးစား၍ လျှောက်တင်လေသည်။

''ရွှေနန်းသခင်အရှင်မင်းကြီး၊ အမိပ္ပာယ်မရှိ ရောက်မိရောက်ရာ လျှပ်ပေါ်စွာဆိုအပ်တဲ့ စကားပေါင်း အသိန်းအသောင်းဟာ စကားကောင်း တစ်ခွန်းရဲ့ တစ်ဆယ့်ခြောက်စိတ် စိတ် တစ်စိတ်ကိုမှ မမီပါ။ ဒါကြောင့် လူလောတွေးဖွယ် ငှက်ကိန္နရာမယ်ဟာ စကားမဆိုဘဲ နေကြောင်းပါ ဘုရား''

ကိန္နရီမ၏ ကြောင်းကျိုး သင့်လျော်သော စကားကြောင့် သူ့အပေါ်ဝယ် ဘုရင်ကြီး ဒေါသစိတ် ပြေပျောက်သွားလေသည်။ သို့သော် စကားမဆိုသော ကိန္နရာဖိုအပေါ်တွင်ကား ဒေါသ မပြေသေးသဖြင့်....

''ချေင်စွာစကားဆိုတတ်တဲ့ ဒီကိန္နရီမကို ငါ အသက်ချမ်းသာ ပေးလိုက်တယ်။ မလှုပ်ငုတ်တုတ် ဟိုကိန္နရာယုတ်ကိုတော့ စားတော်ကဲဆီ ခုတ်သတ်ဖို့ အပ်လိုက်ကြ''

''မှန်လှပါ၊ လူတို့သခင် ရွှေနန်းရှင်ဘုရား''

ကိန္နရာဖိုသည် အရေးကြုံပြီမို့ စကားဆိုရပေပြီ။

''အထက်ကောင်းကင်က ရွာသွန်းတဲ့မိုးများဟာ ကျွဲနွား စတဲ့ သတ္တဝါတို့ရဲ့ ကိုးကွယ်ရာဖြစ်ပါတယ်။ အဲဒီ ကျွဲနွားတွေဟာလဲ လူတို့ရဲ့ မှီခိုရာ ဖြစ်နေပြန်ပါတယ်။

''ဘုန်းတော်ကြီးသည့် ရွှေနန်းရှင်သည် ကျွန်တော်မျိုးတို့ရဲ့ ကိုးကွယ်ရာ ဖြစ်တော်မူပါတယ် ဘုရား။ ကျွန်တော်မျိုးဟာဇနီးကြင်ရာကိန္နရီမရဲ့ အားထား မှီခိုရာဖြစ်ပါတယ်။

''သေအတူ ရှင်မကွဲ ဖက်တွဲလာကြတဲ့ ကျွန်တော်မျိုးတို့ဟာ တစ်ယောက်ကို သေရွာမှာထားခဲ့ပြီး တစ်ယောက်တည်း သွားနိုင်ဖို့ ခက်လှပါကြောင်းပါ ဘုရား''

''အေး....ဒါလဲ ဟုတ်ပေရဲ့၊ မှန်ပေရဲ့''

ကိန္နရာဖို၏ စကားကိုလည်း မင်းကြီးက နှစ်သက်လှသဖြင့် နှစ်ကောင်စလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပေးလိုက်ပြီး....

''ကိန္နရာဖိုဟာ အချိန်အခွင့်မသင့်ခင်တုန်းက စကားမဆို နေခဲ့တယ်။ အချိန်အခွင့်သင့်လာတယ်ဆိုရင်ပဲ အချက်ကျကျပြောဆိုပေတယ်''

ပွဲကြည့်လာပရိသတ်အားလုံးကို ခြုံကြည့်၍ မင်းကြီးက မိန့်ဆိုနေသဖြင့် ပရိသတ်ကြီးမှာ ငြိမ်၍နားထောင်နေရသည်။

လူတွေဟာ နေ့စဉ်နှင့်အမျှ၊ အချိန်ရှိသမျှ စကားပြောလို့နေကြတယ်။ ရောက်မိရောက်ရာ အခါအခွင့် သင့်မသင့် မကြည့်ဘဲ ပြောမိတဲ့လူတွေဟာ ဘေးအန္တရာယ်နဲ့ ကြုံကြရတယ်။ အခါအခွင့်ကို ချင့်ချိန်ပြီး သူတစ်ပါးနားဝင်အောင် ပြောဆိုနိုင်သူများဟာ ကောင်းကျိုးချမ်းသာရနိုင်တယ်''

ထို့နောက် မင်းကြီးသည် ဖမ်းလာသောမုဆိုးကိုပင် ခေါ်ယူကာ ကိန္နရာတို့ကို နေရပ်ဌာနေသို့ ကောင်းမွန်စွာ သွား၍ပို့စေလေသည်။

ထိုနေ့ကလူထုပရိသတ်ကြီးမှာ ကပွဲ ဆိုပွဲ မကြည့်ကြရ၊ နားမထောင်ကြရပေ။ သို့သော် တစ်သက်တာ မှတ်သားလောက်သော သင်ခန်းစာတစ်ခုကိုကား ရရှိသွားကြလေသည်။

(ဘေရသနိပါတ်၊ တက္ကာရိယ ဇာတ်)

**တက္ကာရိယဇာတ်၊ ဘေရသနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| ကဠာရပိင်္ဂလ | = | ဒေဝဒတ်ရဟန်း။ |
| ပညာရှိတက္ကာရိယ | = | မြတ်စွာဘုရား။ |

## ရွှေမိုး ငွေမိုး

ကာသိတိုင်း၊ရွာငယ်တစ်ခုတွင် ဝေဒဗ္ဗမည်သောပုဏ္ဏားကြီးတစ်ဦး ရှိ၏။ ဝေဒဗ္ဗဟူသော မန္တာန်ကို တတ်မြောက်သောကြောင့် ထိုအမည်ကို ရခြင်းဖြစ်၏။ ဝေဒဗ္ဗမန္တာန်သည် အဖိုးအတိုင်းမသိ ထိုက်တန်၏။ နက္ခတ်သင့်သောအခါ ထိုမန္တာန်ကိုရွတ်၍ ကောင်းကင်ကို မော့ကြည့်လိုက်ပါသော် ရွှေမိုးငွေမိုး သွန်းဖြိုးရွာချလေသည်။

တစ်နေ့သ၌ ဝေဒဗ္ဗပုဏ္ဏားကြီးသည် တပည့်ပုဏ္ဏားငယ်ကိုအဖော်ပြုလျက်စေတတိုင်းသို့ ခရီးထွက်ခဲ့လေ၏။တောလမ်းခရီးတွင် သူတို့နှစ်ဦးကို ပြန်ပေးဓားပြများက ဖမ်းမိကြ၏။ ဓားပြတို့သည် ပုဏ္ဏားကြီးကို ဓားစာခံအဖြစ် ခေါ်ထားကာ ပုဏ္ဏားငယ်ကို ရွေးစရာ ဥစ္စာအရှာလွှတ်လိုက်၏။

''ဆရာကြီးခင်ဗျား၊ မကြောက်မရွံ့ဘဲ စိတ်အေးသက်သာ နေရစ်ပါ။ ကျွန်တော် တစ်ရက်နှစ်ရက်အတွင်းမှာ သူတို့ကျေနပ်လောက်တဲ့ဥစ္စာတွေ ယူလာပါ့မယ်''ဟု အားပေးစကား ပြောကြားပြီး....

''ဆရာကြီး၊တစ်ခုတော့ ကောင်းကောင်း သတိထားလိုက်စေချင်ပါတယ်။ ဒီနေ့ညနေမှာ နက္ခတ်သင့်ပါလိမ့်မယ်။ အဲဒီတော့ ဆင်းရဲဒုက္ခ

သည်းမခံနိုင်တာနဲ့ မန္တာန်များမရွတ်လိုက်ပါလေနဲ့''ဟုတိုးတိုးသက်သာမှာထားခဲ့၏။

နေဝင်သောအခါ ဓားပြတို့သည် ပုဏ္ဏားကြီးကို နှောင်ကြိုးတည်းလျက် အိပ်စေကုန်၏။ ပုဏ္ဏားကြီးခမျာ ဆင်းရဲလှန်းလှစွာ၏။ မြေအပြင်သည် ခလုတ်တံသင်းတို့ဖြင့် ပြည့်နက်နေ၏။ ထိုအထဲ တည်းထားလိုက်သည့် နှောင်ကြိုးကြီးကလည်း တင်းတင်းပါအောင် ကျပ်လှလေခြင်း။ နည်းနည်းလေးမျှ မလှုပ်သာ မလှည့်သာ။ ဤသည်ကို အခွင့်ကောင်းယူကာ ခြင်များကလည်း အညှာတာမရှိ ကိုက်ခဲနေကြ၏။ သည်ဒုက္ခတွေကို ဘယ်လောက်ကြာအောင်များ ခံစားနေရမှာပါလိမ့်။

ထိုခဏ၌ အရှေ့လောကဓာတ်မှ လပြည့်ဝန်းကြီး ထွန်းတက်လာလေသည်။ လဝန်းကြီးသည် တောအုပ်သစ်ပင်များကို ကျော်လွန်ကာ ပို၍ပို၍ ဝင်းလက်တောက်ပလာ၏။ ပုဏ္ဏားကြီးသည်လပြည့်ဝန်းကြီးကို ငေးစိုက် ကြည့်နေရာမှ တစ်စုံတစ်ခုကိုသတိရကာ ကောင်းကင် တစ်နေရာကို ကြည့်လိုက်မိ၏။ အလို-ရွှေမိုးငွေမိုး ရွာသွန်းဖြိုးစေနိုင်သည့်နက္ခတ်သင့်နေပါပကော။

ပုဏ္ဏားကြီးသည် ဝမ်းမြောက်လှစွာ ဓားပြတွေကို လှမ်းခေါ်လိုက်၏။ ထိုခဏ၌ တပည့်ပုဏ္ဏားငယ် မှာထားခဲ့သောစကားကို သတိရပါ၏။ သို့သော် တပည့်သည် တပည့်သာလျှင်ဖြစ်၏။ မိမိမူကား ဆရာတစ်ဆူ။ ဆရာသည် တပည့်၏စကားဖြင့် သည့်တက်သည် အဆင်းရဲခံနေသင့်သေးသလား။ မခံသင့်၊ တစ်ခဏ၊ တစ်မိဇနာလေးမျှမခံချင်တော့။ ထို့ကြောင့် အနားရောက်လာကြသော ဓားပြများအား ''မင်းတို့ ဘာလိုချင်လို့ငါ့ကို ဖမ်းထားကြသလဲ''ဟု မေးလိုက်၏။

''ဥစ္စာ ရွှေငွေ လိုချင်လို့ပါခင်ဗျား''

ပုဏ္ဏားဆရာကြီးဟူသော ဂုဏ်ကိုထောက်ကာ ဓားပြများက ရိုရိုသေသေ ပြန်ပြောကြ၏။

''အေး.... ဒါဖြင့် မင်းတို့ ငါ့ကိုကြိုးတွေ ဖြေပေးကြ။ ခေါင်းလျှော်ပေးကြ။ ပြီးတော့ နံ့သာပန်းမန်များ လိမ်းကျံ ပန်ဆင်ပေးကြ။ မင်းတို့ လိုချင်တဲ့ဥစ္စာ ရစေရမပေါ့ကွာ''

ပုဏ္ဏားကြီးဆိုသည့်အတိုင်း ခေါးပြမျှားက ဆောင်ရွက်ပေးကြ၏။ သန့်သန့်ပြန့်ပြန့် ဝတ်စားဆင်ယင်ပြီးပြီဖြစ်သောပုဏ္ဏားကြီးသည် ဝေဒဗ္ဗ မန္တာန်ကိုရွတ်ဆိုကာ ကောင်းကင်သို့ မော်ကြည့်လိုက်၏။ ထိုခဏ၌ ရွှေမိုး၊ ငွေမိုး ဖွိုးဖွိုးဖြောင်းဖြောင်း ရွာချလာပေသည်။

အထုပ်ကိုယ်စီဖြင့် ခေါးပြငါးရာတို့ သွားကြလေသော် ပုဏ္ဏားကြီး သည်လည်း သူတို့နောက်က ယောင်တိယောင်တောင် လိုက်ပါလာမိ၏။ ခရီး အတန်ပေါက်လာသောအခါ ထို ခေါးပြငါးရာတို့အား သူတို့ထက် သတ္တိစွမ်းအား ပိုကောင်းသော ခေါးပြငါးရာတို့က ဝိုင်းညှပ်၍ ဖမ်းလိုက် ကြတော့၏။

"အစ်ကိုတို့၊ ဘာလိုချင်လို့ ကျုပ်တို့ကို ဖမ်းကြပါသလဲ"

အညံ့ခံတို့က ဝိုင်းထားသူများအား မေးကြည့်ရာ....

"ဟော့- ခေါးပြပါဆို ဥစ္စာလိုချင်လို့ပေါ့"

ဝိုင်းထားသူတို့ ခေါင်းဆောင်က ခပ်မာမာ ပြန်ပြောလိုက်၏။

"ဒါဖြင့် အစ်ကိုတို့ခင်ဗျား၊ ကျုပ်တို့နောက် ခပ်လှမ်းလှမ်းမှာ ပုဏ္ဏားကြီးတစ်ယောက် ပါလာပါတယ်။ သူဟာမန္တာန်ရွတ်ပြီး ကောင်း ကင်ကို မော်ကြည့်လိုက်တာနဲ့ ရွှေမိုး ငွေမိုး ရွာချလာနိုင်စေပါတယ်။ ကျုပ်တို့ဟာတွေလဲ သူ့ဆီက အဲသလိုလုပ်ပေးလို့ ရခဲ့တာပါပဲ။ သူ့ဆီသာ တောင်းကြပါတော့ ခင်ဗျား"

"အေး- ဒါဖြင့် မင်းတို့ သွားနိုင်ပြီ"

ခေါးပြမျှားသည် ခေါးပြအချင်းချင်းကို လွှတ်ကာ ပုဏ္ဏားကြီးထံ ဝိုင်းအုံလာကြ၏။

"ပုဏ္ဏားကြီး၊ ချုပ်တို့လဲ ဥစ္စာပေးပါဦး"

ခေါးပြတို့က သူတို့လိုချင်တာ တောင်းခံကြ၏။ ပုဏ္ဏားကြီး အခက် တွေ့ချေပြီ။ ရွှေမိုး ငွေမိုး ရွာစေတတ်သောနက္ခတ်သင့်ချိန်လွန်သွားပေပြီ။ အခုမှ တပည့်ငယ်၏ အမြော်အမြင်ကြီးစွာ မှာထားခဲ့သော စကားကို သဘောပေါက်ကာ နောင်တကြီးစွာရမိလေသည်။ သူတို့ကျေနပ်အောင် ဥစ္စာကို ဘယ်မှာ ရှာပေးရပါ့မလဲ။ ပုဏ္ဏားကြီး မကြံတတ်တော့ပါပြီ။ ထို့ ကြောင့် လွှတ်လိုလွှတ်ငြားဖြင့်....

"သည်းခံကြပေတော့ ငါ့တူတို့။ ရွှေမိုး ငွေမိုးရွာသွန်းစေတတ်တဲ့ နက္ခတ်သင့်ချိန်က ကုန်သွားပြီကောကွာ။ မင်းတို့လိုချင်တာ နောက်နှစ်ကျတော့ ပေးနိုင်ပါရဲ့"ဟု တောင်းပန်ရ၏။

"တော်စမ်းဗျာ၊ ပုဏ္ဏားဇာတ်ပျက်ကြီး"

ပုဏ္ဏားကြီး၏ အသနားခံခြင်း အရာမထင်တော့ပြီ။

"ဟိုကောင်တွေကိုတော့ ခင်ဗျားက လိုချင်သလောက် ချက်ချင်းပေးပြီး ကျုပ်တို့ကိုတော့ တစ်နှစ်ဆိုင်းပါဦးတဲ့။ ဟား- ဟား- ကျုပ်တို့က တော့ စောင့်ပါရဲ့ဗျာ။ ဟောဒီဓားကတော့ မစောင့်နိုင်တော့ဘူးတဲ့ဗျို့။ ကဲ- လာလေရှဲ့"

ပုဏ္ဏားကြီးကို ခါးမှပိုင်း၍ သတ်လိုက်ကြပါတော့သည်။ ထို့နောက် ဓားပြများသည် ရှေ့ကသွားနှင့်ကြသော ဓားပြများနောက်သို့ သုတ်သုတ်ပါအောင် လိုက်သွားကြလေသည်။

ပုဏ္ဏားငယ်သည် ဆရာ့အသက်ကို ရွေးရန် ဥစ္စာထုပ်ကို ရွက်ပိုး၍ အသော့အလျင်လာခဲ့ပါ၏။ နက္ခတ်သင့်ချိန်တုန်းကဓားပြများနှင့်လွတ်ရာ တစ်နေရာရာမှာ မန္တာန်ရွတ်ဆို၍ ရွှေမိုးငွေမိုးများ ရွာစေကာ ကောက်ယူထုပ်ပိုး၍ ယူလာခြင်းဖြစ်၏။ သူ့အစီအမံအတိုင်းသာဆိုလျှင် ပုဏ္ဏားကြီးသည် အသေဆိုးဖြင့် သေရမည်မဟုတ်ပေ။ ယခုတော့ စီမံခဲ့သည့်အတိုင်း မလိုက်နာ၍ ပုဏ္ဏားကြီး သေဆုံးနေလေပြီ။ ပုဏ္ဏားငယ်သည် ဆရာ့အလောင်းကို ရိုသေစွာ ဦးတင်၍ မီးသင်္ဂြိုဟ်လိုက်လေသည်။

ရှင်သေမင်းသည် ပုဏ္ဏားကြီးတစ်ယောက်နှင့် အားရပါလေစ။ ရှေ့မှာ ကြုံရမည့်အခြေအနေကို မဝံ့မရဲတွေးမိကာ ပုဏ္ဏားငယ်သည် ခရီးဆက်၍လာခဲ့၏။ ပုဏ္ဏားငယ်၏ အတွေး သွေးထွက်အောင် မှန်နေပါချေပြီ။

သွေးအလိမ်းလိမ်း ခြေပြတ်လက်ပြတ်ဖြင့် ငါးရာသော ဓားပြတို့ အတုံးအရုံး သေနေကြ၏။ ပုဏ္ဏားဆရာ တပည့်တို့ကို ဖမ်းခဲ့ကြသူတို့ပင်ဖြစ်ပါ၏။ အခြေအနေကား ရှင်း၍နေပါပြီ။ သူတို့ထက်သာသော ဓားပြငါးရာတို့က လုယက်သတ်ဖြတ်၍ သွားကြခြင်းဖြစ်ပါသည်။

တစ်ယောက်သောသူက အခွင့်အခါကို မချင့်ချိန် မထောက်ဆတဲ့ပြုမိသည့်အတွက် သူနှင့်တကွ ငါးရာသော ဓားပြတို့ မရှုမလှ သေဆုံးကြရပြီ။ နောက်ထပ် ဘယ်လောက်များ စာရင်းတိုးလာကြဦးမည်နည်း။

ပုဏ္ဏားငယ် ခရီးဆက်၍ လာခဲ့သောအခါ နှစ်ရာ့ငါးဆယ်သော အလောင်းတို့ကိုတွေ့ရပြန်လေသည်။အချင်းချင်းက အဝေမတည့်၍ သတ်ဖြတ်ထားခြင်းပင် ဖြစ်ပေသည်။

နောက်တစ်ခါတစ်ရာကျော်၊ နောက်တစ်ခါဘွင်ငါးဆယ်၊အစိတ်စသည်ဖြင့်အလောင်းများနည်း၍နည်း၍ လာပါ၏။နောက်အုပ်စုခေါ်းပြငါးရာထဲမှ လေးရာကိုးဆယ့်ရှစ်ယောက်တို့ သေဆုံးပြီးနေကြလေပြီ။

နှစ်ယောက်ကျန်ပါသေးသည်။ သူတို့သည် ရှိသမျှဥစ္စာကို ဘုံဆိုင်ပြု၍ မနိုင့်တနိုင် ထမ်းလာကြကာ ရွာနီးချုပ်စပ်သို့ ရောက်လာကြ၏။ တစ်ယောက်လူသည် ဆန်ရှာဖွေ၍ ထမင်းချက်ရန် ရွာထဲသို့ သွား၏။ ကျန်တစ်ယောက်ကား ချုံကောင်းကောင်းတွင် ဥစ္စာထုပ်ကို စောင့်၍ နေရစ်သည်။စောင့်နေသူသည် ဥစ္စာထုပ်ကို တစိမ့်စိမ့်ကြည့်ကာ သူတစ်ဦးတည်း အပိုင်စီးရန် စိတ် ပိုင်းဖြတ်လိုက်၏။ ထို့ကြောင့် ဓားကို အသင့်ကိုင်လျက်ချုံအကွယ်ကစောင့်နေလိုက်၏။ထမင်းအိုးကိုထမ်းလျက် ဟိုတစ်ယောက် ရောက်လာသည်နှင့် ရက်စက်မညှာ ခုတ်ချလိုက်လေတော့သည်။

"ကိုင်း- အခုတော့ အားလုံး သေကုန်ကြရောမဟုတ်လားဗျား။ ဒီဥစ္စာတွေကို ငါမှတစ်ပါး ဘယ်သူကမျှ ဝေစုလာခွဲကြဦးမလဲ"

သူသည် ဝမ်းသာအားရစွာ ထမင်းအိုးကိုဆွဲကိုင်လိုက်၏။ ကံအားလျော်စွာပင် ထမင်းအိုးသည် မကွဲမပျက်ဘဲ ရှိနေပေ၏။ မောင်ကျန်ရစ်သည် ဝမ်းဆာဆာနှင့်ထမင်းအိုးကိုလက်အပြည့်နှိုက်ကာ ပလုတ်ပလောင်း စားလိုက်၏။ ထမင်းသည် လူတို့အား အသက်ရှင်စေရန် ဖြစ်ပါ၏။ သို့သော် သွားလေသူ၏ ပယောဂဖြင့် အဆိပ်နှင့်တကွ ဖြစ်နေလေရာ ထိုထမင်းကြောင့်ပင် နောက်ဆုံး ကျန်ရစ်သူလည်း ဗိုင်းခနဲလဲ၍ သေပွဲဝင်ရလေတော့သည်။

"ဥစ္စာဟူ ထိုက်သူဖို့" ဟု လူကြီး သူမများ ဆိုခဲ့ကြ၏။ ထိုစကား မှန်လှဘိကောင်း။ တစ်ထောင်သော အသက်တို့နှင့် လဲခဲ့ရသော ဥစ္စာစုသည် ကျိုးကြောင်းမြော်မြင် ထောက်ဆနိုင်သူ ပုဏ္ဏားငယ် တစ်ဦးတည်း အတွက်သာ ဖြစ်ရလေတော့သည်။

(ဧကနိပါတ်၊ ဝေဒဗ္ဗ ဇာတ်)

**ဝေဒဗ္ဗဇာတ်၊ ဧကနိပါတ် ဇာတ်ပေါင်းသော်**

ဆရာပုဏ္ဏားကြီး = ဆိုနိုင်ခက်သော ရဟန်း။
တပည့်ပုဏ္ဏားငယ် = မြတ်စွာဘုရား။

## လျှို့ဝှက်စကား ပေါက်ကြားခဲ့သော်

ကရမ့်ဗယ သင်္ဘောဆိပ်သို့ ရောက်လာခါမှ သူသည် ကရမ့်ဗိယ တက္ကဒွန်းကြီးဟူ၍ နာမည် ထင်ရှား ကျော်ကြားလာပေသည်။

အစတုန်းကတော့ သူသည် အဖော်များစွာနှင့်တကွကုန်းကူးသန်း ရောင်းဝယ်ရန် သမုဒ္ဒရာခရီးမှာ သင်္ဘောစီးလာခဲ့သူဖြစ်၏။ သမုဒ္ဒရာထဲ သင်္ဘောပျက်ရာတွင် အခြားသူများအားလုံး သေဆုံးကာ သူတစ်ယောက်သာ လေအဟုန်ဖြင့် ဤဆိပ်ကမ်းအထိ ရောက်လာခဲ့လေသည်။

သမုဒ္ဒရာ ဆားငန်ရေထဲမှာ အချိန်များစွာ နေခဲ့ရသဖြင့် ဝတ်ဆင်လာသော အဝတ်များ ရိ၍ ဆွေး၍ စုတ်ပြတ်သွားကြပေပြီ။ သို့ဖြစ်၍ သူသည် အဝတ်မပါ ဗလာကိုယ်ချည်းဖြင့် သင်္ဘောဆိပ်ကျေးရွာသို့ ဝင်ကာ အစွန်ဆုံးသောအိမ်မှစ၍ ထမင်းဟင်းများ တောင်းခံလေသည်။

ရွာသူရွာသား များသည် အဝတ်မပါဘဲ ရွာထဲ လျှောက်ဝင်လာသော ပုဂ္ဂိုလ်ကြီးကို တအံ့တဩ ကြည့်ရှုကြ၏။ ထိုမှတစ်ဆင့် အလိုနည်းသူ ရောင့်ရဲလွယ်သူအဖြစ်ဖြင့် ရှုမြင်ကာ ကြည်ညို၍ လာကြ၏။ သို့ဖြစ်၍ သူ့လက်ထဲမှာ ပါလာသောခွက်ထဲသို့ စားကောင်းသောက်ဖွယ်

စမယ်ဦး၊၈၃မေ

များ လောင်းလှူကြ၏။ ဤလို ပုဂ္ဂိုလ်ထူးကြီး တခြားအရပ်သို့ ရောက်မသွားစေရန် သမုဒ္ဒရာကမ်းစပ်အနီးမှာပင် ကျောင်းဆောက်၍ ကိုးကွယ်ထားကြပေသည်။

ကရမ္ဗိယ တက္ကဒွန်းကြီးသည် ထိုအချိန်မှစ၍ ကြည်ညိုဆည်းကပ်သူတွေ ပေါများလာလေရာ လူသားများသာမက ဂဠုန်မင်း၊ နဂါးမင်းတို့ပါ ရောက်လာကြရ ပေသည်။ နဂါးမင်း အမည်မှာ ပဏ္ဍရကဟု ခေါ်တွင်ပေသည်။

သူ တို့ နှစ် ဦး အ နက် ဂဠုန်မင်းသည် တက္ကဒွန်းကြီးထံသို့ ပို၍ အရောက်အပေါက်များ၏။ သို့ဖြစ်၍ တက္ကဒွန်းကြီးနှင့် အကျွမ်းတဝင်ခင်မင်လာကာ ရောက်တတ်ရာရာ ကိုင်ပင်ဆွေးနွေးသည့် အဆင့်သို့ပါ ရောက်ရှိလာ၏။

တစ်နေ့သ၌ ဂဠုန်မင်းက ...

"အရှင်ဘုရား၊တပည့်တော်တို့ ဂဠုန်များက နဂါးများကိုဖမ်းကြရာမှာ တစ်ခါမှ မအောင်မြင်ကြပါဘူး၊ သမုဒ္ဒရာ ရေထဲက နဂါးတွေကိုဆွဲထုတ်ရာမှာ နဂါးတွေက သိပ်ပြီး လေးနေတဲ့အတွက် တော်တော်နဲ့ ဆွဲမ လို့ မရပါဘူး။ အဲသလိုရှိနေတုန်းမှာပဲ လှိုင်းလုံးကြီးများ အရိုက်ခံရလို့ ဂဠုန်တွေ ရေနစ်သေဆုံးကြရပါတော့တယ်။

"အဲသလို ဖြစ်တဲ့နေရာမှာနဂါးများဘက်က လျှို့ဝှက်ချက်တစ်ခုခု တော့ ရှိပါလိမ့်မယ်။ အရှင်ဘုရားဆီမှာ နဂါးမင်းလဲလာပြီး ဆည်းကပ်တတ်ပါတယ်။ ဒီတစ်ခါ နဂါးမင်းလာတော့ အဲဒီ လျှို့ဝှက်ချက်ကို ရအောင် မေးပေးစမ်းပါဘုရား"

"အေးကွ၊ ကောင်းပြီ၊ ငါရအောင် မေးထားရတာပေါ့"

ဂဠုန်မင်း၏အဆိုပြုချက်ကို တက္ကဒွန်းကြီးက ချက်ချင်းပင်လက်ခံလိုက်၏။ မိမိထံ ဆည်းကပ်လာသူမှန်သမျှအား အညီအမျှ သဘောထားရမည်ဖြစ်ပါလျက် မိမိမေတ္တာသက်ဝင်သူဘက်သို့ အလေးသာ၍ပေးလိုက်လေသည်။

ဤသို့ဖြင့် နောက်တစ်နေ့၌ ပဏ္ဍရက နဂါးမင်း ရောက်လာသောအခါ....

''ဒါယကာ နဂါးမင်း၊သင်တို့နဂါးတွေကို ဂဠုန်တွေကဖမ်းကြရာမှာ တစ်ခါမျှ မအောင်မြင်ကြပါဘူး။ သမုဒ္ဒရာထဲက နဂါးတွေကို ဆွဲထုတ်ရာမှာတော်တော်နဲ့ဆွဲထုတ်လို့မရတာကြောင့် ဂဠုန်တွေ ရေထဲနစ်ပြီး သေကုန်ကြရတယ်။ အဲဒါဘာကြောင့်များလဲ နဂါးမင်းရဲ့''

ဤသို့ တက္ကဒွန်းကြီးက ခင်မင်ရင်းနှီးဟန်အပြည့်ဖြင့် မေးမြန်းလိုက်ရာ ပဏ္ဏရက နဂါးမင်းမှာ ထိတ်လန့်တကြား ဖြစ်သွားပြီးလျှင်....

''အရှင်ဘုရား၊ဒါဟာ တပည့်တော်တို့ တစ်မျိုးသားလုံးအတွက် အင်မတန် အရေးကြီးတဲ့ လျှို့ဝှက်ချက် ဖြစ်ပါတယ်။ လျှို့ဝှက်ချက်သာ ပေါက်ကြားသွားရင် တပည့်တော်တို့ တစ်မျိုးလုံး တစ်ဆွေလုံး သေဘေးထိုက်ကြရပါလိမ့်မယ်''

''အေးကွာ၊ ငါကလဲ ဘာရယ်လို့မဟုတ်ပါဘူး။ သိချင်လို့သာ မေးလိုက်တာပါ။ သူများဆီ တစ်ဆင့်ပြောဖို့ ဆိုတာကတော့ ဝေးပါသေးရဲ့''

ဤသို့ ယုံကြည် လောက်အောင် ချော့မော့ ပြောဆိုသော်လည်း ကရဏ္ဏကနဂါးမင်းကတော့ မပြောရဲပါ။ တက္ကဒွန်းကြီးကို ရိုသေစွာ ရှိခိုး၍ ပြန်သွား၏။ တက္ကဒွန်းကြီးကလည်း ဤမျှဖြင့် လက်မလျှော့သေးပါ။ နောက်တစ်နေ့ရောက်သောအခါ ဆက်လက်၍ မေးပြန်၏၊ တစ်ဖက်သားယုံကြည်လောက်အောင် ကတိတွေပေးပြန်၏။ပဏ္ဏရက နဂါးမင်းကလည်း ငြင်းမြဲငြင်းပြန်၏။ သို့ရာတွင် သုံးရက်တိုင်တိုင် ဆက်လက်၍မေးမြန်းလိုက်လျှင်ကား ပဏ္ဏရကနဂါးမင်း တောင့်ခံမထားနိုင်တော့ပါ။

''အရှင်ဘုရား၊ အရှင်ဘုရားကို အင်မတန် ကြည်ညိုလွန်းလို့သာ ပြောရတာပါ။ အရှင်ဘုရားရဲ့ သီလ သမာဓိကို ယုံကြည်လွန်းလို့သာပါ။ တပည့်တော်တို့ နဂါးတွေရဲ့လျှို့ဝှက်ချက်ကတော့ တခြား မဟုတ်ပါဘူး။ ဂဠုန်တွေက သုတ်မယ်လို့လာကြတဲ့အခါမှာ တပည့်တော်တို့ နဂါးတွေက ကျောက်ခဲတွေမျိုပြီး ထားကြပါတယ်။အမြီးကို အောက်မှာဝှက်ထားပြီးတော့ ခေါင်းဖော်ပြီး သွားဖြဲထားကြပါတယ်။ ဒီတော့ ဂဠုန်တွေက သုတ်လိုက်တဲ့အခါ ရှိရင်း အလေးချိန်ထက်ပိုပြီး လေးနေတာကြောင့် ဂဠုန်တွေ မချီနိုင်ဘဲ သေပွဲဝင်ကြရတာပါ။ တကယ်လို့သာ အမြီးကဆွဲပြီး ဖမ်းလိုက်ရင်တော့ အလွယ်ကလေးနဲ့ ရနိုင်လောက်ပါရဲ့ဘုရား''

"ဩော်-ဒီလိုလား၊ အေးကွာ၊ ကြားရတာ ဗဟုသုတဖြစ်တာပေါ့။ ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောပါဘူးနော်၊ စိတ်ချ၊ စိတ်ချ"

ဤသို့ တဖွဖွကတိပေးခဲ့သော တက္ကဒွန်းကြီးသည် သူနှင့်ချစ်ကျွမ်းဝင်သော ဂဠုန်မင်းထံ ဖွင့်အန်လိုက်လေတော့သည်။

နဂါးတို့၏လျှို့ဝှက်ကို သိလိုက်ရပြီဖြစ်၍ ဂဠုန်မင်းသည် သမုဒ္ဒရာပေါ်သို့ ရောက်လာသောအခါ ပဏ္ဏရက နဂါးမင်းအား ခေါင်းပိုင်းမှ မဖမ်းတော့ချေ။ အမြီးပိုင်းမှ ရအောင်ဖမ်းလိုက်၏။ အမြီးကိုဆွဲမြှောက်၊ ဦးခေါင်း စောက်ထိုး ထား၍ လှုပ်ခါလိုက်လေရာ မျိုထားလေသမျှ ကျောက်ခဲများ အန်ထွက်သွားကြလေတော့သည်။

"ငါပြောခဲ့မိလို့ ခံရတယ်၊ ငါမိုက်လို့ပြောခဲ့မိတယ်။ ငါကတော့ သူကို ကိလေသာငြိမ်းပြီးသူကြီး၊ လောကမှာ အမြတ်ဆုံးလို့ သမုတ်ထားရတဲ့သူကြီး၊ ဘာဝနာဘာရေး ပွားများထားသူကြီးဆိုပြီးတော့ ယုံမှတ်လို့ ပြောခဲ့မိတယ်။ ခုတော့ ဒီတက္ကဒွန်း သူယုတ်မာကြီးကြောင့် ငါဒုက္ခရောက်ပါပေါ့ကလား"

ဂဠုန်မင်းချီသွားရာသို့ လိုက်ပါရင်း နဂါးမင်းမှာ သည်းထန်စွာ ငိုကြွေးရတော့၏။ ဤတွင် ဂဠုန်မင်းက....

"အို-နဂါးမင်း၊ အခုလိုဖမ်းယူလာတဲ့ကိစ္စမှာ ဘယ်သူ့ကို သင် ကဲ့ရဲ့ချင်ပါသလဲ။ သူတစ်ပါးရဲ့လျှို့ဝှက်ချက်စကားကို ဖောက်သည်ချခဲ့တဲ့ တက္ကဒွန်းကိုလား၊ ဒါမှမဟုတ် သင့်ကိုဖမ်းတဲ့ ငါ့ကိုလား၊ ဒါမှမဟုတ် အဖမ်းခံနေရတဲ့သင်ကိုယ်တိုင်ကိုလား။ ဘာကယ်တော့ဖြင့်ဒီကိစ္စမှာအရင်းခံကတော့ သင်ကိုယ်တိုင်ပဲ မဟုတ်လား။ သင့်ကိုယ်ကိုသာ ကဲ့ရဲ့သင့်တယ် မဟုတ်လား။

"အို-နဂါးမင်း၊ ဒီလောကမှာမိဘဆိုတာအမွန်မြတ်ဆုံးဆွေမျိုးပါပဲ။ မိဘထက်ပိုပြီး ကြင်နာစောင့်ရှောက်တတ်တဲ့ ဆွေမျိုးဆိုလို့ မရှိပါဘူး။ လျှို့ဝှက်စကားပေါက်ကြားမယ့်ဘေးကိုကြောက်တတ်တဲ့သူဟာအမွန်မြတ်ဆုံး ဆွေမျိုးဖြစ်တဲ့ မိဘများကိုမျှ မပြောကြားရပါဘူး။

"အို-နဂါးမင်း၊ ယောကျ်ားတစ်ယောက်မှာအင်မတန်သိလသိက္ခာရှိတဲ့ မယားတစ်ယောက် ရထားတယ်။ အဲဒီမယားကို မိမိမှတစ်ပါးအခြားယောကျ်ားတစ်ယောက်နဲ့ လုံးဝမပတ်သက်ဘူး။ သူကလေး ငယ်ရွယ်စဉ်ကတည်းက ဟောင်းရမ်းလက်ထပ်ထားခဲ့တယ်။ နှုတ်ခွန်းပျူငှာချစ်ဖွယ်ရာ ပြောဆိုတတ်တယ်။ ရုပ်ဆင်းအင်္ဂါ လှပတယ်။ သားသမီးတွေ ပေါက်

ဖွားပြီးတော့ သားချင်းဆွေမျိုးတွေလဲ ပေါများတယ်။ စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝတယ်။ အဲဒီယောက်ျားဟာလျှို့ဝှက်စကား ပေါက်ကြား သွားမှာကြောက်တဲ့အတွက် ဒါလောက် ချစ်စရာကောင်းတဲ့ မယားကိုမျှ မပြောကြားရပါဘူး။

''အို-နဂါးမင်း၊လျှို့ဝှက်ထားသင့်တဲ့အကြောင်းကိစ္စတစ်ခုခုရှိနေတဲ့ သူဟာ ရွှေအိုးကြီးကို စောင့်ရှောက်သလို စောင့်ရှောက် သင့်ပေတယ်။ ဘယ်သူ့ကိုမျှ ဖွင့်မပြောသင့်ဘူး။လျှို့ဝှက်စကားပေါက်ကြားစေတဲ့သူကို ပညာရှိတို့က မချီးမွမ်းကြပါဘူး။

''အို-နဂါးမင်း၊ လျှို့ဝှက်စရာအကြောင်းတစ်ခုခု ရှိနေတဲ့သူဟာ အဲဒီ လျှို့ဝှက်ချက်ကို သိထားတဲ့လူတိုင်းကို ကြောက်နေရတော့တာပဲ။ ဒါကြောင့် လျှို့ဝှက်ထားသင့်တဲ့အကြောင်းကိစ္စကို ဘယ်သူ့ကိုမျှ ဖွင့်မပြောသင့်ဘူး။

''အို-နဂါးမင်း၊လျှို့ဝှက်စကားကို လုံခြုံစွာထိန်းချုပ်ထားလိုကြတဲ့ သူတွေဟာလျှို့ဝှက်ချက်ပေါက်ကြားစေမယ့်သူတွေကို အဆိပ်ပြင်းတဲ့ မြွေကဲ့သို့ကြောက်လန့်ကြတယ်။အဲသလိုလုံလုံခြုံခြုံစွာထိန်းထားနိုင်တဲ့သူတွေကိုလဲ ရန်သူတွေက ဝေးဝေးက ရှောင်သွားကြရတော့တယ်''

ဤသို့အားဖြင့်လျှို့ဝှက်စကားမပေါက်ကြားသင့်ကြောင်းစကား ကောင်းများ ပြောကြားမိရာမှ ဂဠုန်မင်း၏ စိတ်နှလုံးများ နူးညံ့ပျော့ ပျောင်းလာကြ၏။ ထိုအချိန်မှာပင် သူ့လက်သည်းကြားမှာ ပိုက်ပါလာ ခဲ့ရသော နဂါးမင်းကလည်း မိမိအသက်ကို ချမ်းသာပေးပါရန် အနူး အညွတ် ပန်ကြားလိုက်ရာ နှစ်ဦးလုံးမြေပြင်ပေါ်သို့ သက်ဆင်းလာကြရ ပေတော့သည်။ ဂဠုန်မင်းက နဂါးမင်းကို သွားလိုရာသွားစေရန်ခွင့်ပြု လိုက်လေတော့သည်။

ဂဠုန်မင်း၏လက်တွင်းက လွတ်မြောက်ပြီးသောအခါ ပဏ္ဍရက နဂါးမင်းသည် ကရမ္ဗိယတက္ကဒွန်းကြီးဆီသို့ ပြန်လာခဲ့ပြီးလျှင်....

''ဟဲ့-သီလကြောင်တက္ကဒွန်း၊သင့်လက်ချက်နဲ့ အသက်ထွက်မတတ် ဖြစ်ခဲ့ရတဲ့ ငါဟာအခုတော့ ဘေးအပေါင်းက ကောင်းကောင်းလွတ်လာ ခဲ့ပြီ။ အခုတော့ သင့်အလှည့်ရောက်လာပြီ''ဟု ခြိမ်းခြောက် ပြောဆို လေရာ....

''နဂါးမင်းရယ်၊ ကျုပ်မှားသွားပါတယ်ကွယ်၊ အသင်ပဏ္ဏရက နဂါးမင်းထက် ဂဠုန်မင်းကို ပိုပြီးချစ်မိလို့ ဒီလိုမဖြစ်သင့်ဘဲ ဖြစ်သွားခဲ့ ရပါတယ်''

''အိုး-ဒီလိုလေပြေထိုးလို့ မရပါဘူးလေ။ တရားအမြင်ကြည်လင် ထားတဲ့ သူတော်သူမြတ်ဆိုရင် ချစ်သူရယ်၊ မုန်းသူရယ်လို့ ခွဲခြားစရာရှိ တာမှ မဟုတ်တော့တာ။ အခုတော့ သင်ဟာ သူတော်သူမြတ်တို့ အယောင် ဆောင်ထားပြီး လူအများကို ညာစားနေတာသာ ဖြစ်တယ်။

''ဟယ်-သူယုတ်မာ၊ သင်ဟာ မပြစ်မှားသင့်တဲ့ အဆွေခင်ပွန်းကို ပြစ်မှားတယ်။ ဒီလောကမှာ အဆွေခင်ပွန်းကောင်းကို ပြစ်မှားမှုထက် ပိုပြီး ကြီးလေးတဲ့ ပြစ်မှုရယ်လို့ မရှိတော့ဘူး။ ဒီလိုဆိုရတဲ့ သစ္စာစကား ကြောင့် သင့်ခေါင်းဟာ ခုနစ်စိတ် ကွဲပါစေသတည်း''

ဤသို့ ပဏ္ဏရက နဂါးမင်းက သစ္စာဆို၍ ကျိန်စာတိုက်လိုက်သည် နှင့် တစ်ပြိုင်နက် ကရမ္ဗိယတက္ကဒွန်းကြီး၏ ဦးခေါင်းမှာ ခုနစ်စိတ် ခုနစ် မြွာ ကွဲသွားလေတော့သည်။

(တိံသနိပါတ်၊ ပဏ္ဏရကဇာတ်)

### ပဏ္ဏရကဇာတ်၊ တိံသနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ကရမ္ဗိယတက္ကဒွန်း | = | ဒေဝဒတ်။ |
| နဂါးမင်း | = | အရှင်မဟာသာရိပုတ္တရာ။ |
| ဂဠုန်မင်း | = | မြတ်စွာဘုရား။ |

# ၁၅။ စည်းလုံးညီညာ အောင်ကြောင်းဖြာ

(ဇာတ်တော် မိတ်ဆက်)

သမန်းမြက်ဖျားဌ် တွဲလဲခိုရှိနေသော ရေပေါက် ရေစက်ကလေးကို တွေ့လိုက်လျှင် မည်သူမျှ အလေးထားမိမည် မဟုတ်ပါ။ သို့ရာတွင် ထိုကဲ့သို့သော ရေပေါက်ရေစက်ကလေးပေါင်း သိန်းသန်းကုဋေ စုဝေးလာကြသောအခါတွင်ကား ရေတံခွန်ကြီးအဖြစ်ဖြင့် စီးဆင်းလာပါတော့သည်။ ထိုအခါတွင်မူ မြင်သူတိုင်းက အလေးတမူ အရေးယူကြပါတော့သည်။

စည်းလုံးခြင်းကို အခြေခံ၍ ဤကဲ့သို့အင်အားတစ်ခု ဖြစ်ထွန်းလာသောအခါ အရှိန်အဟုန် ကြီးမား လာပါသည်။ ရှေ့မှာ ရှိနေသော အတား အဆီးများကို အင်အားဖြင့် တွန်းလှန်ဖြိုဖျက်ကာ လိုရာရောက် အောင်သွားနိုင်ပါသည် အခြားတစ်ပါးသောအင်အားစုများနှင့် မလွဲသော

မရှောင်သာ ရင်ဆိုင် လာရသော အခါတွင်လည်း ကြံ့ကြံ့ ခံနိုင်သော စွမ်းရည်သတ္တိ ရှိလာပါသည်။

ရေပေါက်ရေစက်များ စုစည်းမိရာမှ မြစ်ချောင်း အင်းအိုင်များ ပြည့်လျှံဖြိုးမောက်လျက်တသွင်သွင်တဒီးဒီး စီးဆင်းနေကြခြင်းမှာ သဘာဝ တရားအလိုင်းပင်ဖြစ်ပါသည်။ သူတို့တစ်တွေ စုစည်းလာစေရန်အတွက် ဦးဆောင်ဦးရွက်ပြုသူ၊ စည်းရုံးလှုံ့ဆော်သူဟူ၍ မလိုပါ။ မြင့်ရာမှ နိမ့်ရာသို့ သဘာဝအလျောက် စီးဆင်းလာရင်း စုဝေးလာကြခြင်းသာ ဖြစ်ပါသည်။

သို့ရာတွင် တိုင်းသူပြည်သား လူအများတို့ စည်းရုံးရေးသည်ကား အလိုအလျောက် ဖြစ်မလာနိုင်ပါ။ တစ်ကွဲတစ်ပြားစီနေထိုင်ခြင်း၏ အန္တရာယ် ရန်စွယ်အပေါင်းကိုရှင်းလင်းတင်ပြကာ ဆွေပုံမျိုးပုံကျန္ဓယ်ရိုရလျက် အချင်းချင်း ယှက်နွယ် ပေါင်းစပ်၍နေကြစေရန် စည်းရုံးလှုံ့ဆော် ပေးမည့်သူ လိုအပ်ပါသည်။ ကြုံလာရသမျှသော အန္တရာယ် ရန်စွယ် အပေါင်းကို ရှေ့ဆုံးမှ ဦးဆောင်လျက် တိုက်ဖျက် ချေမှုန်းပေးနိုင်သည့် အာဇာနည် ခေါင်းဆောင်ကြီးများ လိုအပ်ပါသည်။

လိုအချက်ကိုညွှန်းဆိုထားသော ဇာတက ဝတ္ထုများတွင် 'ဝက် ခေါင်းဆောင်မောင်လက်သမား' ဝတ္ထုလည်း အပါအဝင်ဖြစ်ပါသည်။ ဤဝတ္ထုတွင် ခေါင်းဆောင်ပိုင်း၏စွမ်းရည်သတ္တိနှင့် ငယ်သားတို့၏ စည်းလုံး ညီညွတ်မှု၊ အထက်က ညွှန်ကြားချက်အတိုင်း တက်ညီလက်ညီ တွန်းလှန် တိုက်ခိုက်ခဲ့ကြသဖြင့် မိမိတို့ထက်အဆများစွာ အင်အားသာလွန်နေသော ရန်သူကြီးကိုပင် အောင်ပွဲ ဆင်နိုင်ခဲ့ကြပါသည်။

ဆက်လက်ဖော်ပြထားသည့် 'စည်းလုံးခြင်းသည်အင်အား' ဝတ္ထုမှာလည်း စည်းလုံးညီညွတ်ခြင်း၏ အကျိုးကျေးဇူးကို ဖော်ကျူးထားပါသည်။ သို့ရာတွင် ဤ ဝတ္ထု တွင် ကား ခေါင်း ဆောင် ကောင်း ၏ ဦးဆောင်ရာသို့ မလိုက်ပါဘဲ ပေကပ်နေသောသူများလည်း ရှိနေကြရာ ထိုသူတို့မှာ မိုက်ပြစ်အားလျော်စွာ ပရမ်းပတာ ဖြစ်ကြရပါသည်။

'အငြင်းပွားရတဲ့ ငါးကြင်းသား' ဝတ္ထုကတော့ အချင်းချင်း ငြင်းခုံကာ ညီညွတ်ရေးပျက်ပြားသူများအတွက် သတိပေးချက် ဖြစ်ပါသည်။ ညီညွတ်ရေး ပျက်ပြားခြင်း၏အပြစ်ဒဏ်ကို ခံစားဖူးမှသာစည်းလုံး ညီညွတ်ခြင်း၏ တန်ဖိုးကို သိနိုင်ကြပါလိမ့်မည်။

စပယ်ဦး၊ ၆၁၉ပ

ကျွန်ုပ်တို့၏ မိဘ ဘိုးဘွား မြန်မာ ပြည်ထောင်စုသားတို့သည် စည်းလုံးညီညွတ်ရေး၏ ပထမအဆင့် အဖြစ်ဖြင့် မိမိတို့ ဆွေသိုက်မျိုးသိုက်ကို ဂရုတစိုက် ကူညီစောင့်ရှောက်ခဲ့ကြပါသည်။ ဆွေထဲ မျိုးထဲ၌ ချို့တဲ့နွမ်းပါးသူများ ရှိပါလျှင် ခွဲဝေမျှတ၍ ထောက်ပံ့ခဲ့ကြပါသည်။ စိုက်ချိန်ပျိုးချိန်ရောက်၍ မျိုးရိက္ခာချို့တဲ့နေပါလျှင်အတိုးရင်းပွားမယူဘဲ ကျီထဲမှ ထုတ်ပေးကြပါသည်။ သူစိမ်းပြင်ပြင် တစ်စုံတစ်ယောက်က စော်ကားမော်ကား ပြုလာပါလျှင် ရင်ဘောင်တန်း၍ ကာကွယ် တွန်း လှန် ကာ "တို့အမျိုးက ရေပက်တောင်မဝင်ဘူးကွ" ဟုကြုံးဝါးတတ်ကြပါသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်တစ်ဝန်းလုံးကို တစ်စည်းတစ်ရုံးတည်းဖြစ်အောင် စည်းရုံးကြ၍ မြန်မာ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့ကြသော သာဓကများသည် မြန်မာရာဇဝင်၌ သုံးကြိမ်သုံးခါ ရှိခဲ့ပါသည်။

ဆွေစုမျိုးစု၊ ရပ်ရွာအုပ်စုမှစ၍ တစ်ခဲနက် စည်းလုံးလျက် ရှိနေသော ပစ္စက္ခ မြန်မာနိုင်ငံတော်ကြီး တည်ဆောက်လာနိုင်သည့်အထိ ဤဇာတက ဝတ္ထုများ၏ အကျိုးကျေးဇူးနှင့် မကင်းနိုင်ပါ။

'စည်းလုံးညီညာ အောင်ကြောင်းဖြာ' ဟူသော ဆောင်ပုဒ်ကို ကိုင်ဆောင်လျက် နိုင်ငံပြု ဝတ္ထု (၃) ပုဒ်ကို ဆက်စပ်ဖော်ပြလိုက်ပါသည်။

## ဝက်ခေါင်းဆောင် မောင်လက်သမား

ဝက်ကလေး မောင်လက်သမားသည် အင်မတန်မှ လိမ္မာလှပေသည်။ သူ့တို့ လက်သမားဆရာ တစ်ဦးက တောထဲက ရေတွင်းပျက်တစ်ခုမှာ တွေ့ရသဖြင့် ကယ်ယူ ကျွေးမွေးထားလေသည်။ လက်သမားဆရာက မွေးစားထားသဖြင့် သူ့ကို အများက မောင်လက်သမားဟုပင် ခေါ်ကြလေသည်။

သူ့သခင် လက် သ မား ဆ ရာ ကြီး အလုပ်ခွင် ဝင်မည်ဆိုလျှင် မောင်လက်သမားသည်ကလေးငယ်တစ်ယောက်ပမာ ဆောက်၊ ရွှေဘော်စသော လက်သမားကိရိယာတို့ကို နှုတ်သီးဖြင့်ကိုက်ချီ၍ ပေးလာ၏။ မျဉ်းကြိုးရိုက်မည်ဆိုလျှင် မျဉ်းကြိုး၏ အခြားတစ်ဖက်စွန်းမှာ ကိုက်ဆွဲ၍ထား၏။ သစ်တုံးကို ဟိုဘက်သည်ဘက် အလောတော်ရန် လှန်၍တည့်၍ ပေး၏။

တဖြည်းဖြည်းနှင့်မောင်လက်သမားသည်ကြီးထွားလာလေသည်။ အစွယ်များပင်ပေါက်၍ ကောက်ကောက်ကွေးကွေးရှိလာလေသည်။

မောင်လက်သမား၏ ဝဖြိုးစိုပြည်သော ကိုယ်ကောင်ကြီးကြည့်၍ သူ့ဆရာ လက်သမားကြီးမှာ စိတ်အကြံအိုက်လာရလေသည်။ လက်သမား

ဆိုသည်မှာ အမြဲတစေ အိမ်မှာနေရသည်မဟုတ်။ အိမ်မှာ မိမိမရှိခိုက် မောင်လက်သမားကိုသတ်ဖြတ်၍စားကြသော် ခက်ရချည်ရှဲ။ သွားလေရာ တစ်ပါတည်းခေါ်ဆောင်သွားဖို့ဆိုတာကလည်း မဖြစ်နိုင်စကောင်း။

မတတ်သာသည့်အဆုံးမှာမောင်လက်သမားကို လူသူနှင့်ကင်းဝေးရာ တောနက်နက်မှာ ခေါ်သွား၍ ထိုမှာပင် ဘေးမဲ့လွှတ်၍ ထားခဲ့ရပေတော့သည်။ တစ်ကောင်းတည်းကျန်ရစ်ခဲ့သော်လည်း မောင်လက်သမားသည် အားငယ်ဝမ်းနည်းမှုကို မဖြစ်စေဘဲ မျက်စိကိုဖွင့် နားကိုစွင့်၍ နှာခေါင်းဖြင့် အနံ့အသက်ကို စူးစမ်းလျက် ရှေ့သို့ တိုး၍တက်၍ သွားလေသည်။ ခရီးအတန်ငယ် ပေါက်လတ်သော် တောင်ချောက်ကြားတစ်ခုသို့ ရောက်လေသည်။ ရှိနှင့်နေကြသော ဝက်များစွာတို့သည် မောင်လက်သမားကို ခရီးဦးကြိုပြုကြကုန်၏။

ချောက်ကြားသည် ဝက်တို့အဖို့ မွေ့လျော်ဖွယ် ကောင်းလှ၏။ ရေအိုင်စိမ့်စမ်းတို့ ပေါများလှ၏။ စားသောက်ဖွယ်ရာတို့လည်း ပြည့်စုံစွာ ရှိ၏။ သို့ပါလျက် ဝက်တို့ကို ကြည့်ရသည်မှာ ဆူဆူဖြိုးဖြိုး မရှိကြ။ သူတို့၏ အမူအရာတို့မှာ ညှိုးလျော်စွာ ရှိကြကုန်သည်။ ထို့ကြောင့်....

''ဒီမှာ သင်တို့အတွက် ဘယ်လို အန္တရာယ် မျိုး များ ရှိနေပါသလဲ'' ဟု မောင်လက်သမားက မေးရလေသည်။

''အန္တရာယ် ရှိပါသော်ကာ မောင်လက်သမား၊ ကျားဆိုး တစ်ကောင်ဟာ နံနက်စောစောလာတတ်ပြီး တစ်နေ့တစ်ကောင်ကျ ကိုက်ချီသွားနေပါတယ်'' ဟု ဝက်အဲမျာ်းက ဖြေကြ၏။

''သင်တို့တစ်အုပ်လုံးက သည်ကျားဆိုးတစ်ကောင်ကို မတွန်းလှန်နိုင်ကြဘူးလား''ဟု ဆိုပြီးလျှင် မောင်လက်သမားသည် ဝက်အုပ်ကြီး၏ ခေါင်းဆောင်တာဝန်ကိုယူကာ ကျားဆိုးရန်ကို ခုခံတိုက်ဖျက်ရေး စီမံကိန်းချပါလေတော့၏။

ညအခါ၌သာလျှင် ဝက်တို့ကို အစာရေစာ ဝလင်စွာ ရှာဖွေစားထားစေ၏။ မောင်လက်သမားသည် ရန်သူအပေါ် အောင်ပွဲခံရအံ့သော မြေအနေအထားကိုသိ၏။ ထိုမြေတွင် ဝက်အုပ်ကြီးကိုစုရုံး၍ နေစေ၏။ ပထမဆုံးအတွင်းထပ်တွင်မိဘဖြစ်သောသက်ကြီးရွယ်အိုအစွယ်တို့များကို ထား၏။ နောက်တစ်ထပ်မှာဝက်မတို့ကို နေစေ၏။ ဝက်ငယ်တို့ဖြင့်နောက်တစ်ထပ်ခြံရံရ၏။အစွယ်ဖွေးဖွေးနှင့်ဝက်သိုးကြီးတို့ကားအပြင်ဘက်ဆုံးမှ တံတိုင်းသဖွယ် ပတ်၍ ကြံ့ကြံ့ခံနေကြကုန်၏။

မောင်လက်သမားကိုယ်တိုင်ကလည်း ကျားလာမြဲအရပ်မှာ တွင်းဝိုင်းတစ်ခု တူးလေသည်။ ထိုတွင်းနှင့် ဝက်အုပ်ကြီးကြားတွင် တွင်းရှည်တစ်ခုတူးပြန်၏။ ထိုတွင်းရှည်ကိုကား အထက်နှခမ်းတွင် ခပ်ကျဉ်းကျဉ်းပြုကာ၊ အောက်မှာကား လိုဏ်ဖွဲ့၍ထားလေသည်။ မောင်လက်သမားသည် ညတစ်ပွဲတွင် ခံစစ်ဖြင့် အနိုင်တိုက်ရန် စီမံလိုက်ခြင်း ဖြစ်ပေသည်။

ဟော—အရှေ့ကျင်း၍ အရှေ့မှ အလင်းရောင် ပေါ်လာပါပြီ။ ဟော—ဟော-ဟို အရှေ့တောင်က တောင်ကမူမှာ ကျားကြီးခေါင်းပြူ၍ လာပါပြီကော။

"မကြောက်ကြနဲ့ ဝက်အမျိုးသားတို့"ဟု မောင်လက်သမားက အချက်ပြ၍ အားပေးလိုက်၏။ ဝက်အုပ်ကြီးတစ်ခုလုံးသည် တုတ်တုတ်မျှ မလှုပ်ဘဲ ကျားကြီးကို မမှိတ်မသုန် စူးစိုက်ကြည့်နေကြ၏။

မောင်လက်သမားသည် တွင်းနှစ်ခု အလယ်က ဆောင့်ကြောင့်ထိုင်ကာ ကျားကြီးကို အံတု၍နေလင့်၏။

ကျားသည် ခြေလေးဘက်ကို ရှေ့ပစ်ကာ မြေမှာ ပြားပြားဝပ်ချလိုက်၏။ ဝက်တို့ကလည်း ထပ်တူလိုက်၍ ပြုကြ၏။

ကျားကြီးသည် သည်ကနေ့တွင်မှ ထူးထူးခြားခြား ရှိနေကြသော ဝက်တို့ကိုကြည့်ကာ တွေတွေကြီး ရပ်နေလေသည်။ ခါတိုင်းနေ့များမှာဆိုလျှင် မိမိကြည့်လိုက်ရုံမျှဖြင့် ဝက်တို့မှာ ကစဉ့်ကလျား ပြေးကြကုန်၏။ ထိုအခါ သက်သောင့်သက်သာ ကြိုက်ရာအကောင်ကို ရွေးကိုက်ချီလာရုံသာ ဖြစ်ခဲ့၏။ သည်ကနေ့မှာတော့ သူတို့အတွက် ခေါင်းဆောင် တစ်ကောင် ရှိနေပြီကိုး။ အရေးတော်ပုံ လှုလိမ့်မည်မထင်။

ကျားကြီးသည် တိုက်ပွဲအခြေအနေကို မတိုက်မီပင် ရိပ်စားမိကာ တပ်ခေါက်၍ ပြန်သွားလေတော့၏။ သို့သော်....

ကျားကြီး၏ စားကြွင်းစားကျန်တို့ ကောက်ယူ ချက်စားနေကျ ရသေ့ပျက်သည် ကျားကြီးကို လမ်းမှဆီး၍ ခနဲ့ပါတော့၏။

"မောင်ကျားရယ်၊ မင်းဟာ ကျားမှဟုတ်ပါလေစ။ နေ့တိုင်း နေ့တိုင်း ဆူနိုးရာရာ ဝက်တစ်ကောင် တစ်ကောင် ရပါလျက်နဲ့ ဒီကနေ့ကျမှ

လက်လွှတ်ပြန်လာရတယ်။ တွေးမှိုင်မှိုင် ငေးငိုင်ငိုင်နဲ့ မောင်ကျားရယ် ရှက်စရာကောင်းလှလေခြင်း''

ကျားကြီးသည် ရသေ့ပျက်အား ဝက်တို့၏ စည်းလုံးညီညွတ်ပုံကို ပြောပြပါလေး၏။ သို့သော် ရသေ့ပျက်ကား ''မောင်မင်းကသာ တစ်ချက်လောက်ဟိန်းဟောက်လိုက်ရင်သင်းတို့တစ်ဖော့ကြောက်လန့်တကြား ပြေးကုန်ရမှာမုချ''ဟု သွေးထိုးပေးလိုက်သဖြင့် ကျားကြီးသည် နောက်တစ်ချီလာပြန်လေသည်။ ဝက်အုပ်ကား အနေအထား မပျက်သေး။

သည်သာစ်ခါတွင် ကျားကြီးသည် မြေမှာပြားပြားဝပ်ကာအမြီးဖြင့် မြေမှာ တဗုန်းဗုန်းရိုက်လေသည်။ သွားများကို စေ့စေ့ကြိတ်လျက် မြေကြီးကို ဒေါသကြီးစွာကုတ်ဖဲ့၏။ ထို့နောက် 'ဝေါင်း'ခနဲ ဟိန်းသံကြီးပေးကာ မောင်လက်သမားကို တအားခုန်အုပ်လိုက်ပါလေ၏။

မောင်လက်သမားသည် သူ့ရှေ့က တွင်းဝိုင်းသို့ ရုတ်တရက် ပြေးဆင်းလိုက်၏။ ချက်ချင်းပင် ပြားပြားဝပ်လိုက်၏။ ကျားကြီးသည် သူ့အရှိန်နှင့်သူ တစ်ပတ်ကျွမ်းပြန်ကာ အရှိန်သင့် တူးထားနှင့်သော တွင်းရှည်တွင် ပက်လက်လန်ကျလေသည်။ အရှိန်နှင့်ပစ်၍ ကျသည်မို့ ခပ်ကျဉ်းကျဉ်း တွင်းဝမှ ဝင်သွားနိုင်ခြင်းဖြစ်၏။ ပြန်ထွက်ဖို့ ထဖို့ရာကား မတတ်နိုင်တော့ပြီ။ ကုတ်ခြစ်စရာမရှိသော သူ့လက် သူ့ခြေများသာ လေထဲမှာ ယက်ကန်ယက်ကန် ဖြစ်နေကြပေသည်။

မောင်လက်သမားသည် တွင်းထဲမှ လျှင်မြန်စွာ ခုန်ထွက်လိုက်၏။ ထို့နောက် လုံသွားတမျှ ထက်မြက်လှသော သူ့အစွယ်ကောက်ကြီးဖြင့် ကျားကြီးကို ပေါင်ခြံမှရင်ဝတိုင်အောင် ခွဲချလိုက်လေတော့၏။ ဝက်သားစား ကျားကြီးသည် ဝက်တို့၏ပါးစပ်တွင်းသို့တဖြုတ်ဖြုတ်ပါသွားရပေတော့သည်။ နောက်ကျသောဝက်တို့မှာ 'ကျားသားဆိုတာ ဘယ်လိုပါလိမ့်' ဟု စားရသောဝက်တို့၏ နှုတ်သီးကို နမ်းကြည့်ကြရလေသည်။ မောင်လက်သမားသည် ရှေ့လက်နှစ်ဘက်ကို မြှောက်၍ မတ်မတ်ရပ်ကာ 'ရန်သူတော်အောင်ပြီမဟုတ်လား'ဟု ကြိမ်းဝါးလိုက်၏။

ဝက်အများ....

''ကျားဆိုးကြီးကျဆုံးတာ ဟုတ်ပါရဲ့။ ဒါပေမယ့် သူတစ်ကောင်မရှိရုံမျှနှင့် ကျွန်ုပ်တို့စိတ်မချနိုင်သေး။ ဘာပြုလို့လဲဆိုတော့ တောထဲက ဟိုရသေ့ပျက်ဟာ အလားတူ ကျားတစ်ကောင်ကို ထပ်ပြီး ရှာနိုင်ပါသေးတယ်''

ဖေယ်ဦးမောမေ

''ဒါဖြင့် လာကြ၊ တိုက်ပွဲဆက်ကြဦးစို့''

ဝက်အုပ်ကြီးသည် အုပ်အုပ်ကျက်ကျက် ချီတက်ကြပြန်လေသည်။ ရသေ့ပျက်သည် ''ဒီကနေ့ ငါ့ဒကာ မောင်ကျားကြာလှချည်ကရို'' ဟု ခရီးဝေးမှ လှမ်းမျှော်နေ၏။ သူမျှော်နေသော မောင်ကျားကား မပေါ်လာ။ ဝက်အုပ်ကြီးသာ လှုပ်လှုပ်ရွရွမြင်ရသဖြင့် ကြောက်လန့်တကြား ပြေးလွှားကာ သဖန်းပင်ကြီးပေါ် တက်လေသည်။

မောင်လက်သမားသည် ဤမျှနှင့်အလျှော့ပေးပါရိုးလား။ ဝက်မတို့ကို ရေငုံခိုင်း၍ အမြစ်ရင်းမှာ ပက်စေ၏။ ဝက်ပျိုတို့ကို မြေတူးစေ ဆွစေ၏။ ပေါ်လာသောအမြစ်တို့ကို ဝက်သိုးကြီးတို့က ကိုက်ဖြတ်ရ၏။ ကျန်ဝက်အပေါင်းတို့ကားပတ်ပတ်လည်မှဝန်းရံနေကြ၏။ အားလုံးသော ဝက်တို့၏ တာဝန်အသီးသီး ကျေပွန်ကြလတ်သော် မောင်လက်သမား သည် တစ်ခုတည်းသော ရေသောက်မြစ်ကြီးကို တစ်ချက်တည်းနှင့် ဖြတ်ချ လိုက်လေ၏။

သဖန်းပင်ကြီးသည် တုန်ဟည်းကာ လဲကျသွားလေ၏။ ကိုယ်တိုင် မစွမ်းနိုင်ပါဘဲလျက်နှင့် စွမ်းဆောင်နိုင်သူ နောက်ပါးမှ ချယ်လှယ်၍ ဝက်သေး ဝက်သား စားမျိုလာခဲ့သော ရသေ့ပျက်လည်း ဝက်တို့ပါးစပ် မှာ အသက်ရော အသားပါမကျန် ပါသွားလေသည်။

ထိုအခါတွင်မှ ''ရန်သူအားလုံး အောင်ပြီ'' ဟု တစ်ခဲနက် ကြွေး ကြော်ကြလေကုန်၏။

ထိုမှပြီးတကား....

ရန်သူမရှိပြီဖြစ်သော ဝက်ပေါင်းတို့သည် သူတို့၏ ခေါင်းဆောင် မောင်လက်သမားအား ဝက်မျိုမတစ်ကောင်နှင့် မင်္ဂလာဆောင်၍ ပေး ကြလေသည်။

(တိကနိပါတ် ပေါ့ကီသူကရ ဇာတ်)

ပေါ့ကီသူကရဇာတ်၊ တိကနိပါတ် ဇာတ်ပေါင်းသော်

ဝက်ကလေး မောင်လက်သမား = အရှင်ခန္ဓာဂဟတိဿ။

ထိုဇာတ်လမ်းကိုတွေ့မြင်သောရက္ခစိုးနတ် = မြတ်စွာဘုရား။

## စည်းလုံးခြင်းသည် အင်အား

နတ်တို့သေဌ်နှင်း သိကြားမင်း၏ထံပါး၌ ခစားကြသောနတ်မင်းကြီးများတွင် ဝေဿဝဏ် နတ်မင်းကြီးသည် တန်ခိုးအာဏာ ပြင်ထန်းလှပေ၏။

နှစ်ပေါင်းများစွာ ကြာသောအခါ ပထမဆုံး ခစားခဲ့သော ဝေဿဝဏ်နတ်မင်းကြီး ကွယ်လွန်ခဲ့၏။ သို့ဖြစ်၍ သိကြားမင်းက အခြားနတ်သားတစ်ပါးကို ဝေဿဝဏ်နတ်မင်းအဖြစ်ဖြင့် တင်မြှောက်ရ၏။

အသစ်ဖြစ်သောဝေဿဝဏ်နတ်မင်းကြီးက ရာထူးလက်ခံပြီးလျှင် ဤသို့ အမိန့်ကြေညာချက် ထုတ်ပြန်လိုက်လေသည်။

“အချင်း နတ်သားအပေါင်းတို့၊ ဘုံဗိမာန် အတည်တကျမရှိကြသေးသော နတ်သားများသည် သစ်ပင်ကြီး သစ်ပင်ငယ် ချုံနွယ်များစွာ ရှိရာတွင် သင်တို့ နှစ်သက်ရာဌာနမှာ မိမိတို့ ဘုံဗိမာန်အဖြစ် သိမ်းပိုက်ယူငင်ကြလေကုန်”

စပယ်ဦး၊စာပေ

ထိုသို့သော အမိန့်ကြေညာချက်အရ ပညာရှိ ရုက္ခစိုး နတ်သား တစ်ပါးသည် ဟိမဝန္တာအရပ်ဝယ် တစ်ခုသော အင်ကြင်းတော၌ ဘုံဗိမာန်ကို ယူလေသည်။ သူ၏ ဆွေမျိုး နတ်အပေါင်းကိုလည်း သူနှင့် တစ်စပ်တည်းသော တော၌သာ ဘုံဗိမာန်ယူကြရန် တိုက်တွန်းလေသည်။

သူ၏စကားကို နာယူသော နတ်သားများက ထိုတောအုပ်မှာပင် အတူတကွ သိုက်သိုက်ဝန်းဝန်းနေကြ၏။ မနာယူလိုသော နတ်သားများ ကမူ "တောအရပ်ဆိုတာ ဘာမျှ ကြီးပွားစရာ လမ်းမရှိ။ ရွာနား မြို့ နား သွားနေပါမှ ကြီးပွားတိုးတက်မည်။ လူတို့ အပူဇော်ခံကြရမည်။ လာဘ်လာဘ အခြံအရံ အကျော်အစောရရှိမည်" ဟုဆိုကာ လူ့ရပ်ရွာ အနီးအပါး လွင်တီးခေါင်တွင် တစ်ပင်စီတစ်ပင်စီ သီးခြားတည်ရှိသော သစ်ပင်များမှာ နေကြလေသည်။

အမှီအတွယ် အကာအဆီးမရှိ၊ တစ်ဦးစီတစ်ဦးစီ သီးခြားစွာ နေ ကြသော ထိုနတ်တို့ ရှေးရေးကို ပညာရှိရုက္ခစိုးနတ်က စိုးရိမ်ပူပန်၍ နေမိ ၏။ သို့သော် သူ့စကားကို မလိုက်နာကြသဖြင့် မည်သို့မျှမတတ်နိုင်ပေ။ အတူနေမိပြီးသော နတ်များကိုသာ စည်းလုံးသည်ထက် စည်းလုံးရန် ညီညွတ်သည်ထက် ညီညွတ်ရန် အားထုတ်နေရလေသည်။

သို့နှင့် တစ်ခုသော ညနေတွင်မိုးကြီးလေကြီး ကျလာ၏။ မိုးသည် သည်းထန်လှ၏။ လေသည်အားကောင်းလှ၏။ မိုးလေနှစ်ခုပေါင်းသော် ကြောက်စရာ ကောင်းလောက်အောင် ဖြစ်လာတော့သည်။ သို့သော် အင်ကြင်းတော နတ်များက ထိုမိုး ထိုလေကို မကြောက်ကြပါ။ အခက် ချင်းယှက် အရွက်ချင်းထိစပ်၍ တစ်ပေါင်းတစ်စည်းတည်း တည်ရှိနေကြ သော သူတို့ဘုံဗိမာန်၏ အင်အားကို ကိုးစားယုံကြည်ထားကြလေသည်။ ယုံကြည် ထားသည့်အတိုင်းလည်း မိုးဒဏ်လေဒဏ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ကြ လေသည်။

ထိုအချိန်တွင် လွင်တီးခေါင်နတ်တို့၏ ဘုံဗိမာန်များကား အတုံး အရုံး ပျက်စီးနေကြလေပြီ။ အင်ကြင်းတောကို ချေမှုန်းခြင်းငှာ မစွမ်း နိုင်သော ထိုမိုး ထိုလေသည် အထီးကျန် ထိုသစ်ပင်များကိုကား အလွယ် တကူနှင့် အမြစ်ပါကျွတ်အောင် ဖျက်ဆီးပစ်လိုက်နိုင်လေသည်။

"ကဲ- ကြည့်ကြစမ်းလော့။ ဆွေတော်မျိုးတော် တစ်သိုက်တစ်ဝန်း ကြီး နေကြရတာ ဘယ်လောက်များ ကောင်းပါသလဲ။ အသက်မရှိတဲ့

သစ်ပင်များ တောင်မှ ပေါင်းစည်းညီညွတ်တော့ မိုးသက်လေပြင်းက မဖျက်ဆီးနိုင်ဘူး မဟုတ်ပါလား''

မိုးလေ ငြိမ်သက်သွားသောအခါ ပညာရှိ ရုက္ခစိုးက သူ့ဆွေမျိုးများအား ဤသို့ အားပေးစကား ပြောကြားလေသည်။

(ကေနိပါတ်၊ ရုက္ခဓမ္မဇာတ်)

ရုက္ခဓမ္မဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

အတူနေနတ်များ = မြတ်စွာဘုရား၏ ပရိသတ်။
ပညာရှိနတ်သား = မြတ်စွာဘုရား။

## အငြင်းပွားရတဲ့ ငါးကြင်းသား

မြေဇာမြက်ပွင့်အဆင်းရှိ၍ ဒဗ္ဗပုပ္ဖအမည်ရသော မြေခွေးသည် ငါးကြင်းသားရယူနိုင်ရေးအတွက် မြစ်ကမ်းပါးတစ်လျှောက် လျှောက်လာခဲ့၏။ သူ၏မယားဖြစ်သူ မာယာဒေဝီက ငါးကြင်းသားကို ချင်ခြင်း တပ်လှုပါသည်ဆို၍ မယားအလိုဖြည့်ရန် အကြံဉာဏ်ရှိသမျှ ညှစ်ထုတ်၍ လာခဲ့ရပေသည်။

မည်သို့ပင် အကြံဉာဏ်ညှစ်ထုတ်သော်ငြားလည်း ငါးကြင်းသား ရနိုင်မည့် အကြံကောင်း၊ ဉာဏ်ကောင်းက ထွက်မလာခဲ့ချေ။ ငါးကြင်း များနှင့် မိမိတို့ကြားမှာ ကုန်းနေ၊ ရေနေ နှစ်ထွေ ကွဲပြားနေသောကြောင့် အကြံရ ခက်လှပါဘိတောင်း။

တွေးရင်း ကြံရင်း ဟန်မရရင်းနှင့် လျှောက်လာခဲ့ရာ တစ်နေရာ အရောက်တွင် ဒဗ္ဗပုပ္ဖ၏ ခြေတစ်ဖက်ကို နွယ်တစ်မျှင်ရစ်လိုက်၏။ ဤတွင် ဒဗ္ဗပုပ္ဖသည် လာဘ်ရမည့် အတိတ်နိမိတ်ပေပဲဟု ကိုယ့်ဘာသာ အဆုံး အဖြတ်ပေးကာ ထိုချုံထဲမှာသာ ဝပ်၍ ချောင်းနေလေသည်။

စမှယ်ဦး၊ ၀၃၈မှ

မကြာမီ ရေနက်မှာကျက်စားနေသော ဖျံတစ်ကောင်သည် ငါးကြင်းကြီး တစ်ကောင်ကို လိုက်၍ဖမ်း၏။ ငါးကြင်းကြီး၏ ကုပ်သားကို ထိထိမိမိ ကိုက်မိထားသော်လည်း လိုရာရောက်အောင်ကား မဆောင်ယူနိုင်ချေ။ ငါးကြင်းက မိမိထက်အားကောင်းနေသဖြင့် ငါးကြင်းသွားရာသို့သာ လိုက်ပါနေရပေသည်။

ဤတွင် ရေနက်ဖျံသည် ဘေးဘီကို လှမ်းကြည့်လိုက်ရာ ကမ်းပါးမှာ ကျက်စားနေသော ဖျံတစ်ကောင်ကို တွေ့လိုက်ရသဖြင့် လှမ်း၍အကူအညီ တောင်းလိုက်၏။ ကမ်းပါးဖျံကလည်း ချက်ချင်းပင် လာ၍ ကူညီလေရာ စားချင်စရာကောင်းလှသော ငါးကြင်းကြီးကို ကမ်းပါးပေါ်က သောင်ပြင်ပေါ်သို့ ဆွဲတင်နိုင်ကြလေသည်။

အဆီ တဝင်းဝင်းနှင့် ငါးကြင်းကြီးကို လှမ်း မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ဒဗ္ဗပုပ္ဖမှာ သွားရည်တမြားမြားကျလာရ၏။ သို့ရာတွင်အခါအခွင့်က မသင့်သေးသဖြင့် အရိပ်အခြည်ကို အသာ စောင့်ကြည့်နေရပေသည်။

ငါးကြင်းကြီးကို ခက်ခက်ခဲခဲ ရေထဲမှ ထုတ်ယူလာနိုင်ခဲ့ကြသော ဖျံနှစ်ကောင်သည် ငါးကြင်းကြီး ဝေခြမ်းရေးကိုတော့ မစွမ်းနိုင်အောင် ဖြစ်ကြရ၏။ ဝေစုခွဲရေးအတွက် အဆိုပြုကြရာတွင် ရေနက်ဖျံ၏ အဆိုပြုချက်ကိုလည်း ကမ်းပါးဖျံက လက်မခံနိုင်။ ကမ်းပါးဖျံ၏ အဆိုပြုချက်ကိုလည်း ရေနက်ဖျံက လက်မခံနိုင်။ လက်မခံနိုင်ရသည့် အကြောင်းကလည်း ခိုင်လုံကြ၏။ နှစ်ကောင်စလုံးကပင် ဝမ်းဗိုက်သားကိုမှ စားချင်နေကြသောကြောင့်ပါတည်း။

ဖျံနှစ်ကောင်စလုံးမှာ မိမိ၏အဆိုပြုချက်ကိုချည့် တရားသေဆုပ်ကိုင်ထားကြသဖြင့် ဝေခြမ်း၍ မရနိုင်အောင် ဖြစ်ကြရ၏။ တစ်ကောင်အပေါ် တစ်ကောင်က နည်းနည်းကလေးမျှ မလိုက်လျောနိုင်ကြသဖြင့် အပြန်အလှန်မကျေမနပ်ဖြစ်လာကြရ၏။ မကျေနပ်၍အပြန်အလှန်ပြစ်တင်ပြောဆိုရာမှ ခိုက်ရန်ဖြစ်ပွားသည့်အဆင့်သို့ ရောက်လာကြ၏။ ဤတွင်ကား အကြံသမားကြီး ဒဗ္ဗပုပ္ဖ၏ အကွက်ဆိုက်လာပါချေပြီ။

''အို-မိတ်ဆွေတို့၊ အို-ရောင်းရင်းတို့၊ ဘာပြုလို့များ တစ်ယောက်နဲ့တစ်ယောက် အငြင်းပွားနေကြရတာလဲဗျာ၊ ခင်ဗျားတို့ဟာကလဲ မဟုတ်သေးပါဘူး''

အလွန်တစ်ရာမှ ခင်မင်ရင်းနှီးလှသော လေသံဟန်ပန်ဖြင့် ပြောဆိုကာ ဖုံ့ကိုတွေ့နားသို့ လျှောက်လာခဲ့၏။

ခါတိုင်း အချိန်များမှာဆိုလျှင်တော့ ရေနေ ဖုံ့များသည် ကုန်းသတ္တဝါမြေခွေးကိုမြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် မိမိတို့ဥစ္စာကို တစ်ပါတည်းချီကာ ရေထဲသို့ ငုပ်သွားကြမည်သာဖြစ်၏။ ယခုတော့ တစ်ကောင်နှင့် တစ်ကောင် ငြင်းခုံရင်း ရန်ဖြစ်ရင်း မွန်ထူနေကြသဖြင့် ရှောင်ရတိမ်းရကောင်းမှန်းပင် မသိကြချေ။

"အဆွေဖုံ့တို့ရာ၊ ဘာမဟုတ်တဲ့ ငါးကြင်းကလေး အတွက်များ အငြင်းပွားမနေကြစမ်းပါနဲ့၊ ကျုပ်ဟာ ဟိုတုန်းက နာမည်ကျော်တရားသူကြီးတစ်ဦးပေါ့။ ကျုပ်ဆုံးဖြတ်ပေးလိုက်လို့ပြီးငြိမ်းသွားခဲ့တဲ့အမှုတွေမှ တစ်ပုံကြီးပဲ။ အဲဒီအမှုကြီးတွေနဲ့စာလိုက်တော့ ဒီအမှုလေးက အသေးအဖွဲ့ ပေါ့ကွာ"

ဒဗ္ဗပုပ္ဖက ဤသို့ဟိတ်ဟန်ကောင်းကောင်းနှင့်ကြွားလုံးထုတ်လိုက်သည်ကို မွန်ထူနေကြသော ဖုံ့များက ယုံစားမိကြ၏။ မိမိတို့အချင်းချင်း ဘယ်နည်းနှင့်မှ ဖြေရှင်း၍မရနိုင်သော ပြဿနာကို ဤပညာရှိကြီးကသာ ဖြေရှင်းပေးနိုင်လိမ့်ဟု အားကိုးသမှု ပြုမိကြ၏။ သို့ဖြစ်၍....

"အဆွေဒဗ္ဗပုပ္ဖ၊ ဒီငါးကြင်းကြီး ဝေခြမ်းရေး အတွက် ငါတို့နှစ်ဦးကြားမှာ အငြင်းပွားနေရပါတယ်။ ဒီအမှုကို အဆွေဒဗ္ဗပုပ္ဖထံအပ်နှံပါတယ်။ ငါတို့ရဲ့ အငြင်းပွားမှုများ ပြေငြိမ်းသွားအောင်သာ ဆုံးဖြတ်ပေးပါတော့"

ဤသို့ အပ်နှံလိုက်သည်ဆိုလျှင်ပင် တရားသူကြီး အသစ်စက်စက်ဦးဒဗ္ဗပုပ္ဖသည် "အဟမ်း၊ အဟမ်း"ဟု ဟန်ပါပါနှင့် လည်ချောင်းရှင်းကာ....

"ကိုင်း အမှုသည် ကိုရွှေဖုံ့တို့ လေးစားစွာနားခံကြ။ ဒီအမှုနဲ့ပတ်သက်လို့ နောင်လာ နောက်သား အပေါင်းတို့အတွက် စံပြုလောက်တဲ့ ဆုံးဖြတ်ချက်ချပေးလိုက်တော့မယ်။ ဒီတော့ ဒီငါးကြင်းကြီးကို ပထမဦးဆုံး ဟောသလို ဟောသလို သုံးပိုင်းပိုင်းထားလိုက်ရမယ်။ မင်းတို့မျက်နှာပျက်မသွားကြနဲ့နော်၊ ဒါ တရားဆုံးဖြတ်နေတာ။ မင်းတို့သရားလို တရားပြိုင် နှစ်ဦးလုံးက စုံညီခန့်အပ်လိုက်တဲ့ အနည်းညာတ တရားခုံရုံးက တရားသူကြီးအနေနဲ့ ဆုံးဖြတ်ပေးနေတာ၊ ဘာမှတ်လို့တုန်း။ ကဲ-ပြော

နေကြာတယ်။မင်းတို့ကောင်တွေ ရှည်ရှည်ဝေးဝေးပြောနေလဲ နားထွေး ရုံသာရှိမယ်။ ဒါကြောင့် မောင်ကမ်းနားဖျံက ဟောဒီအမြီးပိုင်းကို ယူစေဗျား။ ဟောဒီခေါင်းပိုင်းကိုတော့ရေနက်ဖျံက ရစေဗျား။ ဟောဒီဝမ်းဗိုက်သားကြီးကတော့ ဟောဒီပညာရှိ တရားသူကြီးအတွက်''

ပြောပြောဆိုဆို ပညာရှိတရားသူကြီးမင်းသည် ငါးကြင်းဗိုက်သားကြီးကို ကိုက်ချီ၍ ရုံးဆင်းလေတော့သည်။

မာယာဒေဝီ မြေခွေးမသည် ငါးကြင်းသားမျက်နှာကြောင့် လင်ဖြစ်သူကို ပျာပျာသလဲ ကြိုဆိုပြီးလျှင်....

''အို-သခင်ရယ်၊ ကိုလင်ရယ်၊ ကုန်းပေါ်မှာ ကျက်စားနေသူဖြစ်ရက်သားနဲ့ ရေထဲက ငါးကြင်းသားကြီးကို ဘယ်လိုများ ရလာတာလဲကွယ်''

ဤသို့ အမူပိုပို မြူချီချီနှင့် မေးမြန်းလိုက်လေရာ မမေးခင်ကမင် ပြောချင်နေသော ဒဗ္ဗပုပ္ဖက....

''အို-ချစ်နှမ မာယာဒေဝီ၊ ဖျံနှစ်ကောင်အငြင်းပွားကြလို့ ဒီငါးကြင်းသား ငါရလာတာပေါ့ကွာ။ သူတို့လို ငြင်းခုံသူတွေ များလေသမျှ ငါတို့လိုကောင်တွေ ကောင်းစားဖို့ပေါ့''ဟု အားပါးတရပြောပြလိုက်လေသည်။

(သတ္တကနိပါတ်၊ ဒဗ္ဗပုပ္ဖ ဇာတ်)

ဒဗ္ဗပုပ္ဖဇာတ်၊ သတ္တကနိပါတ် ဇာတ်ပေါင်းချုပ်

| | | |
|---|---|---|
| မြေခွေး | = | အရှင်ဥပနန္ဒ။ |
| ဖျံနှစ်ကောင် | = | ရဟန်းကြီးနှစ်ပါး။ |
| ထိုဇာတ်လမ်းကိုတွေ့မြင်သောရုက္ခစိုးနတ် | = | မြတ်စွာဘုရား။ |

# ၁၆။ ဃီရိုဂေဟာ မွေ့လျော်စရာ

(ဇာတ်တော် မိတ်ဆက်)

ကမ္ဘာပေါ်ရှိ အကြီးဆုံးသော လူ့အဖွဲ့အစည်းကြီးတို့မှာ အချုပ်အခြာ အာဏာ အသီးသီးရှိနေကြသော နိုင်ငံတို့ကြဖြစ်ပါသည်။ ထိုနိုင်ငံများကိုမှ တစ်ဖန်ခွဲစိတ်၍ ကြည့်လိုက်သောအခါပြည်နယ်များ၊တိုင်းများရှိနေကြပါသည်။ ထိုပြည်နယ်များ၊ တိုင်းများထဲမှပင် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ဟူ၍ ဆင့်ကာ ဆင့်ကာ ဖြာထွက်၍လာကြပါသည်။

ထိုရပ်ကွက်၊ကျေးရွာအုပ်စုများကိုမှ တစ်ဖန်လမ်းအလိုက် အပိုင်းအခြားအလိုက် ထပ်၍ခွဲကြည့်ချင်လည်း ရနိုင်ပါသေး၏။ သို့ရာတွင် ထိုအိမ်စုကလေးများတွင်ပါဝင်နေသော အိမ်ထောင် တစ်ခုကိုကား ထပ်မံခွဲစိတ်၍ မရနိုင်တော့ပါ။ အခြေခံအားဖြင့်အကြင်လင်မယားနှစ်ယောက်ဖြင့် တည်ဆောက်ထားသော အိမ်ထောင် တစ်ခုသည် ဤ ကမ္ဘာ

စပယ်ဦး စာပေ

လောကကြီး တစ်ခုလုံးရှိ လူ့အဖွဲ့အစည်း အဆင့်ဆင့်တို့၏ နောက်ဆုံး အခြေခံဖြစ်ပါသည်။ ဤအခြေခံကိုမှ ထပ်မံ ခွဲစိတ်လိုက်လျှင်ကား လူ့အဖွဲ့ အစည်းကြီး တစ်ခုလုံး ပရမ်းပတာ ဖြစ်သွားရပါလိမ့်မည်။

အခြေခံအကျဆုံး လူ့အဖွဲ့အစည်းတစ်ခုဖြစ်သော အိမ်ထောင် တစ်ခုကို တည်ဆောက်ရာတွင် အိမ်ထောင်ဦးစီးတို့၏ တာဝန်ဝတ္တရား ကြီးမားလှ၏။ ထို့အတူပင် အိမ့်ရှင်မတို့၏ အခန်းကဏ္ဍကလည်း မသေး ငယ်ပါ။ အတူးသဖြင့် ပြေးနိုင်လွှားနိုင်မှ တော်ကာကျသော ဤခေတ်ကြီး ထဲမှာ လင်ရောမယားပါ ကျရာတာဝန် ထမ်းဆောင်၍နေကြရပါသည်။

ဤသို့ လင်ရောမယားပါ အိမ်ထောင့်တာဝန်များ ထမ်းဆောင် ကြရာတွင် အလိုအပ်ဆုံးသော အချက်မှာ မိမိအိမ်ထောင်ကို တွယ်တာ မြတ်နိုးခြင်းပင်ဖြစ်ပါသည်။ အခက်အခဲ အမျိုးမျိုးကြားမှ ကြိုးစား ရုန်းကန်လာခဲ့ရသော အိမ်ထောင်ကလေးကို တန်ဖိုးထားတတ်ဖို့ အရေး ကြီးလှပါသည်။

များသောအားဖြင့် အိုးမကွာ အိမ်မကွာ နေ လာ ကြ ရ သော အိမ့်ရှင်မများသည် မိမိအိမ်ထောင်အပေါ် သံယောဇဉ် ရှိကြပါသည်။ မိသားစုံ သံယောဇဉ်ကြီးမားကြပါသည်။ အကြောင်းအမျိုးမျိုးကြောင့် အိုးအိမ်စွန့်ခွာ၍ စီးပွားရှာကြရသော အိမ်ထောင်ဦးစီးတို့မှာမူ အမျိုး မျိုးသော အကြောင်းများကြောင့် နောက်ပိုင်းက မိသားစုအပေါ် တွယ်တာမှုနည်းသွားတတ်ကြပါသည်။

ဤသို့သော သူများအတွက် 'တစ်ညဝေးတာကိုပင်' ဝတ္ထုကလေး က သတိပေးနိုင်စရာ ရှိပါသည်။

မလ္လိကာ မိဖုရားကြီးအပေါ် ချစ်ခြင်းမေတ္တာ လျော့ပါးလာ သော ကောသလမင်းကြီးအား မြတ်စွာဘုရား ကိုယ်တော်တိုင်က ဤ ဇာတ်ကြောင်း ကို ပြန်ပြောင်း၍ ဟောကြား လိုက်ခါမှ ကောသလ မင်းကြီးနှင့် မလ္လိကာတို့ ပြန်လည် သင့်မြတ်လာကြသည်ဟု ဇာတ်အဋ္ဌ ကထာက ပြဆိုထားပါသည်။

ထို့အတူပင် 'သစ္စာရှင်၏ မေတ္တာရေ' ဝတ္ထုမှာလည်း ကောသလ မင်းကြီးနှင့် မလ္လိကာတို့၏ အတိတ်ဇာတ်ကြောင်း တစ်ခုအဖြစ်ဖြင့် ဖွင့်ပြ ထားပါသည်။ ဤဇာတ်ကြောင်းကို အကြောင်းပြု၍တော်ဝင် မိန်းမမြတ် လေးယောက်တွင် (မယ်သမ္ဘူ) စာရင်းဝင်လာခြင်းဖြစ်ပါသည်။

'ချစ်လင်ကလဲ့ ဖွဲ့ဆန်ကွဲထင်ကာ' ဝတ္ထုကလေးကတော့ ခေါင်းစဉ်ကို မြင်လိုက်ရုံနှင့်စန္ဒကိန္နရီဇာတ်လမ်းဖြစ်ကြောင်း မိုးဒေဝါမလှရွှေ၏ ပရိသတ်များက အတတ်သိနေကြပါလိမ့်မည်။

တော်ဝင်မိန်းမမြတ်တို့၏ ထူးမြတ်သောဂုဏ်အင်္ဂါများမှတစ်ဆင့် အိမ့်ရှင်မများ၏ ချစ်ခြင်းမေတ္တာ၊ အိမ့်ရှင်မများ၏ သံယောဇဉ်တို့ကို စာနာမိကြ၍ သီရိဂေဟာ မွေ့လျော်စရာ ဖြစ်နိုင်ကြစေရန် အိမ့်ရှင်မတို့၏ မေတ္တာဖွဲ့ ဝတ္ထု (၃) ပုဒ်ကို တစ်ခန်းတစ်ကဏ္ဍ စုစည်း၍ တင်ပြလိုက်ပါသည်။

## တစ်ညဝေးတောကိုပင်

ဗာရာဏသီမြို့တော်မှဘလ္လာတိယမင်းသည်တောကစား ဝါသနာထုံလှ၏။ တောလည်စဉ်တုန်းက မီးကင်၍စားခဲ့ရသော သမင်သား အရသာကို ပြန်လည်တမ်းတမိ၏။သို့ဖြစ်၍ ထီးနန်းစည်းစိမ် ရှိသမျှကို အမတ်များထံ အပ်နှံကာ ဗာရာဏသီမြို့တော်မှ ထွက်လာခဲ့လေသည်။

ဘလ္လာတိယမင်းသည် တောတွင်းမှာ အသုံးပြုရန် ဓား၊လှံ၊လေး၊မြား စသောလက်နက်များ ယူဆောင်လာ၏။ တောလိုက်ရန် သင်ကြားထားပြီးသော ခွေးတစ်အုပ်ကိုလည်း ခေါ်လာခဲ့၏။ ဤကဲ့သို့ တကာယ်မုဆိုးကြီးအသွင်ဖြင့် ဟိမဝန္တာတောသို့ ဝင်ရောက်ကာ တောနက်သည်ထက်နက်ရာသို့ တိုးဝင်လာလေသည်။ လမ်းမှာ တွေ့သမျှသော သမင် စသော တောကောင်တို့ကို ပစ်ခတ်ဖမ်းဆီးပြီးလျှင် မီးကျီးခဲရဲရဲမှာကင်၍ စားသောက်ခဲ့လေသည်။

တစ်စထက်တစ်စ ဟိမဝန္တာတောင်ပေါ်သို့ ရောက်လာခဲ့ရာ ရှေ့သို့တက်၍ မရနိုင်လောက်အောင် မတ်စောက် မြင့်မားသော တောင်ကြီးတစ်လုံးနှင့် တွေ့ရတော့၏။ ဤတွင်ဘလ္လာတိယမင်းသည် ရှေ့သို့ဆက်နိုင်မည့် လမ်းကြောင်းကို ရှာဖွေလေရာ ဂင်္ဂါမြစ်ထဲသို့ စီးဝင်သည့် မြစ်လက်

တက် တစ်ခုကို တွေ့ရသဖြင့် ထိုမြစ်ကမ်း အတိုင်း ဆက်၍ တက်သွားလေသည်။

ထိုမြစ်ကမ်းရှိတောကြီးထဲမှာ ကျက်စားနေပြီးမှမြင့်ရာသို့တက်လာပြန်ရာ ကိန္နရီကိန္နရာတို့၏ ပျော်စံရာဖြစ်သော ဂန္ဓမာဒနတောင်သို့ရောက်လာ၏။ ထိုတောင်စဉ် တောင်ဝန်းအတိုင်း လျှောက်လှမ်း၍လာပြန်ရာ သာတောင့်သာယာရှိလှသော ချောင်းကလေး တစ်ခုသို့ ရောက်လာ၏။ ထိုချောင်းကလေးမှာ မိုးတွင်းကာလ ကမ်းပါးနှင့်အပြည့် ရေရှိသော အခါလည်ပင်းအထိ ရေနက်၏။ ယခုလို နွေကာလတွင်မူ ဒူးခေါင်းလောက်သာနက်ပေသည်။

အေးမြကြည်လင်၍တသွင်သွင်စီးနေသော ချောင်းရေထဲတွင် ငါး၊ လိပ်စသော ရေသတ္တဝါတို့ သွားလာပျော်မြူး၍ နေကြ၏။ ကမ်းပါးတစ်ဖက် တစ်ချက်မှာရှိသော သောင်ပြင်သည် ဖြူစင်သော ငွေများ ခင်းထားသကဲ့သို့ရှိ၏။ မြစ်ကမ်းပါးတစ်လျှောက်မှာလည်း သီးပင်၊ ပန်းပင်မျိုးစုံတို့ ပေါက်ရောက်နေကြ၏။ ဆယ့်နှစ်ရာသီမပြတ် အသီးအပွင့်တွေ ဝေဆာနေကြ၏။ ပျားပိတုန်းတို့သည် ပန်း တို့ ၏ ဝတ်ရည် ကို သောက်သုံးကာ တရှုန်းရှုန်းရှိနေကြ၏။ ငှက်အများကလည်းသစ်သီးများစားသောက်ကာ ဘာသာဘာဝ ပျော်မြူးကြ၏။ မျိုးမည်စုံစွာသော တောသတ္တဝါတို့ကလည်း ထိုနေရာတစ်ပိုက်၌ ပျော်ပိုက်၍နေကြလေသည်။

ဘလ္လာတိယမင်းသည် သာယာလှသော ထိုချောင်းကမ်းပါးမှ တစ်လှမ်းချင်းလှမ်းလာခဲ့ရာ အလွန်တရာ ထူးဆန်းလှသော မြင်ကွင်းကို တွေ့လိုက်ရလေသည်။

အရိပ်အာဝါသ ကောင်းလှသော ချောင်းကမ်းပါး တစ်နေရာ၌ ကိန္နရာမောင်နှံတို့သည် တစ်ယောက်ကိုတစ်ယောက်ဖက်ကာသည်းထန်စွာ ငိုနေကြ၏။ အလွန်တရာ သာတောင့်သာယာရှိလှသော နေရာကလေးတွင် တူနှစ်ကိုယ်ယှဉ်တွဲ၍ နေရပါလျက် ဤကဲ့သို့ ငိုကြွေးနေရသည်မှာ တွေးရခက်လှ၏။ ထို့ကြောင့် ကိန္နရာတို့အား ထိုအကြောင်းကို မေးလိုလှသဖြင့် ပါလာသောခွေးတို့ကို လက်ဖျစ်တီးပြလိုက်၏။ အလေ့အကျင့်ကောင်းကောင်းရပြီးသော တောလိုက်ခွေးများကလည်း လက်ဖျစ်သံကြားလိုက်သည်နှင့် တင်ပြိုင်နက် ချုံထဲသို့တိုးဝင်ကာ မြေမှာကပ်၍ ဝပ်လိုက်ကြလေသည်။

ထို့နောက် ဘလ္လာတိယမင်းသည် ကိုင်ဆောင်လာသောလက်နက်များကိုလည်း သစ်ပင်မှာထောင်ထားခဲ့ပြီးလျှင် ကိန္နရာများဆီသို့ ဖြည်းညင်းစွာ လျှောက်လာလေသည်။

ကိန္နရာမောင်နှံတို့သည် ဘလ္လာတိယမင်း လျှောက်လာသည်ကို ခပ်လှမ်းလှမ်းကပင် မြင်နေကြ၏။ သို့ရာတွင် သူ့လက်ထဲမှာ လက်နက် တစ်စုံတစ်ရာမျှ မပါလာသဖြင့် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲငိုမြဲတိုင်းသာငိုနေကြလေသည်။

ဤတွင် ဘလ္လာတိယမင်းသည် သူတို့ရှေ့မှောက်အထိ အရောက် လှမ်းကာ....

''အို-ကိန္နရာတို့၊ သင်တို့ဟာ ပင်ပန်းကြီးစွာ ငိုကြွေးလို့နေကြတယ်။ကိန္နရာရဲ့လည်ပင်းကိုလဲ ကိန္နရီက အားမလိုအားမရဖက်ထားသေးတယ်။သာယာလှတဲ့တောကြီးထဲမှာဘာကြောင့်များ ငိုနေကြရပါသလဲ။ ဘာကြောင့်များ မဆည်နိုင်မတန့်နိုင် အောင်ဖြစ်နေကြရပါသလဲ''

ဤသို့ သိလိုစေ့နှင့် မေးလိုက်သောအခါ ကိန္နရီက....

''အို-အသင်မုဆိုး၊ ငါတို့ဟာ ကွဲကွာချင်တဲ့ အလိုဆန္ဒလုံးဝမပါရဘဲနဲ့ တစ်ညဟာ ကွဲကွာခဲ့ရတယ်။ ကွဲကွာခဲ့ရတဲ့ တစ်ညတာ အတွင်းမှာ ငါတို့ဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ပြီးလွမ်းဆွတ်ခဲ့ရတယ်။စိုးရိမ်ပူဆွေး ငိုကြွေးခဲ့ရတယ်။ ဒါကြောင့် နောက်အခါမှာ အဲ့သလို ငိုခဲ့ရတဲ့ ညမျိုးတွေ ရောက်များရောက်လာဦးမလားဆိုပြီး ငါတို့ငိုနေကြရတယ်''

ကိန္နရီ၏ပြောကြားသံကိုကြားလိုက်သောအခါဘလ္လာတိယမင်းမှာ အလွန်တရာ အံ့သြလျက်....

''အို-ကိန္နရီ၊ သင်တို့ဟာ ကွေကွင်းခဲ့ရတဲ့ တစ်ညတာလေးကို သိပ်ပြီးနှမြောနေကြတယ်။ ပျောက်ဆုံးသွားတဲ့ အဖိုးတန်ပစ္စည်းကို နှမြောသလို၊ သေဆုံးသွားတဲ့ မိဘများကို လွမ်းဆွတ်သလို ဖြစ်နေကြတယ်။ ဒါလောက်တောင် အမှတ်တရဖြစ်ခဲ့ရတဲ့ ညကလေးမှာ ဘယ်လိုကွေကွင်းရာယ်ဆိုတာလဲ ပြောပြစမ်းပါဦး''

''အို-အသင်မုဆိုး၊ ဒီတောင်ကျချောင်းကလေးကို သင်မြင်တယ် မဟုတ်လား။ တစ်ခုသော မိုးရာသီတုန်းက ကျွန်မ ချစ်လင် ကိန္နရာက ဒီချောင်းကလေးကိုဖြတ်ကူးသွားတယ်။ သူ့နောက်မှာ ကျွန်မလိုက်ပါလာမှာပဲဆိုတဲ့အသိနဲ့ ရှေ့ကိုပဲကြည့်ပြီး ကူးသွားပါတယ်။

''အသင်မုဆိုး၊ အဲသလိုကူးသွားစဉ်မှာ ကျွန်မကတော့ ဒီဘက်ကမ်းမှာသာ ရှိပါသေးတယ်။ ရနံ့မျိုးစုံသင်းတုံနေတဲ့ ပန်းကလေးတွေ ဈွေကျက်ခူးလို့နေခဲ့တယ်။ ခူးလို့ရလာတဲ့ထိကကောင်းနိုးရာရာပန်းကလေးတွေကို သီကုံးလို့နေခဲ့တယ်။

''အဲဒီတုန်းမှာ ငါစိတ်ကူးခဲ့တာကတော့ ငါ့ချစ်သူကိုလဲ ပန်းပန်ပေးမယ်။ ငါကိုယ်တိုင်ကလဲလှလှပပပန်းကလေး တဝေဝေနဲ့ ချစ်သူအနားတိုးကပ်သွားမယ်။ နောက်ပြီးတော့ ငါကိုယ်တိုင်ခင်းပေးထားတဲ့ ပန်းမွှေ့ရာပေါ်မှာ ငါတို့နှစ်ဦးသား တစ်ညတာအိပ်စက်ကြမယ်လို့ပေါ့။

''အဲသလို ပန်းမွှေ့ရာခင်းပြီးတော့အရနံ့သင့်ရှုံနေတဲ့ကျောက်ပြင်ပေါ်မှာ နံ့သာမြစ်များသွေးရပြန်တယ်။ အဲဒီတုန်းမှာ ငါစိတ်ကူးခဲ့တာကတော့ ချစ်သူ ့ကိုလဲ အမွှေးနံ့သာလိမ်းခြယ်ပေးမယ်။ ငါကိုယ်တိုင်ကလဲ နံ့သာမှုန်ကလေး တကြုကြုနဲ့ ချစ်သူထံပါး တိုးကပ်သွားမယ်လို့ပေါ့။

''အဲသလို ချစ်ဖို့ ခင်ဖို့ မြက်နိုးဖို့တွေ တွေးနေတုန်းမှာပဲ ဖြုန်းခနဲ မြစ်ရေတွေပြည့်လာပါလေရော။ ဒီတော့ ဟိုဘက် ရောက်သွားတဲ့ချစ်သူကလဲဒီဘက်ကိုပြန်မကူးလာနိုင်။ ဒီဘက်မှာရှိနေရစ်တဲ့ငါကလဲ ဟိုဘက်ကို ကူးလိုက်မသွားနိုင်။ ငါတို့ချစ်သူနှစ်ယောက်ဟာ ကမ်းပါးတစ်ဖက်စီက တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်လို့သာ နေခဲ့ကြရတယ်။

''အဲဒီတစ်ညတာဟာ ငါတို့အတွက်တော့ အဆင်းရဲဆုံး အပင်ပန်းဆုံးပါပဲ။ ငါတို့နှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက်ကြည့်ပြီးတော့ ငိုလဲငိုခဲ့ကြတယ်။ စိတ်ရှုးပေါက်ပြီးတော့လဲ ရယ်မိခဲ့ကြတယ်''

ဤသို့ ကိန္နရီက ရှင်း၍ပြလိုက်သောအခါ ဘလ္လာတိယမင်းက....

''အို-ကိန္နရာတို့၊ ဒီလိုသင်တို့ငိုနေခဲ့ကြတာ ဘယ်လောက်များကြာပါပြီလဲ''ဟု မေးလိုက်လေရာ....

''အို-အသင်မုဆိုး၊ အခုလို ငါတို့ငိုနေခဲ့ကြတာက ခုနစ်နှစ်ပြည့်မှာ သုံးရက်သာလိုပါတော့တယ်''

''ဩော်-တယ်လဲအံ့ဩစရာကောင်းပါကလား''

''အံ့ဩမယ်ဆိုရင်လဲ အံ့ဩစရာပါပေပဲ အသင်မုဆိုး၊ ငါတို့ရဲ့ အသက်တမ်းဟာအနှစ်တစ်ထောင်ကြာလိမ့်မယ်။ ဒီနှစ်တစ်ထောင်အတွင်း

မှာ သေစေနိုင်တဲ့ရောဂါရယ်လို့လဲ ငါတို့မှာမရှိဘူး။ ဆင်းရဲဒုက္ခနည်းပါး လှတယ်။ ဆင်းရဲရတာနဲ့စာရင် ချမ်းသာတာက ပိုများတယ်။ သင်တို့မှာ တော့ အနှစ်တစ်ရာလောက်သာ အသက်ရှင်ခွင့် ရပါလျက် အင်မတန်ချစ် စရာကောင်းတဲ့ မိဖုရားနဲ့ ဘာ့ကြောင့်များခွဲပြီး နေချင်ရပါသလဲ''

''ဪ- ဟုတ်ပါပေတယ်ကိန္နရီတို့၊ သင်တို့ကို ကျေးဇူးတင်ပါ တယ်။ သင်တို့ရဲ့ဖြစ်အင်ကို မြင်ရပါမှပဲ ကျွန်ုပ်လဲ အိုးမကွာ အိမ်မကွာ နေချင်စိတ်များ ဝင်စားလာပါတော့တယ်''

ဤသို့ပြောဆို၍ ကိန္နရာများအား နှုတ်ဆက်ပြီးလျှင် ဘလ္လာတိယ မင်းသည် တောလိုက်ခွေးများနှင့်အတူတကွ နေပြည်တော်သို့ ပြန်လာခဲ့ လေသည်။

(ဝီသတိနိပါတ်၊ ဘလ္လာတိယ ဇာတ်)

ဘလ္လာတိယဇာတ်၊ ဝီသတိနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ကိန္နရာဗို | = | ကောသလမင်းကြီး။ |
| ကိန္နရီမ | = | မလ္လိကာမိဖုရား။ |
| ဘလ္လာတိယမင်း | = | မြတ်စွာဘုရား။ |

## ပေတ္တာရှင်၏ သမ္ဘာရေ

ဤနေ့ရာသို့ ရောက်လာသည်ဆိုလျှင်ပင် သောတ္တိသေနနှင့် သမ္ဘူလာတို့သည် အခြေကျ၍ နေထိုင်ရန် ဆုံးဖြတ်ကြလေသည်။

ဤနေရာတွင် နွေရော ဆောင်းပါ ထာဝစဉ် ရေတည်နေလောက်သော ရေအိုင်လည်းရှိ၏။ ခက်လက်ဝေဆာသောသစ်ပင်မျိုးစုံလည်းရှိ၏။ အနီးအပါးရှိ တောများထဲတွင် သစ်သီးများလည်းရရှိနိုင်၏။ ထို့ကြောင့် ထိုနေရာကလေးတွင် သခ်မ်းကျောင်းကလေးတစ်ခုထိုးကာ အေးချမ်းစွာ နေခဲ့ကြလေသည်။

ယခင်တုန်းကတော့သောတ္တိသေနမင်းသားသည်မိမိမှာကပ်ရောက်လာသော အနာရောဂါအတွက် စိတ်အပျက်ကြီး ပျက်ခဲ့ရ၏။ လူသူ လေးပါးနှင့် ထိတွေ့ဆက်ဆံရမည့်အရေး တွန့်ဆုတ်နေခဲ့ရ၏။ မိမိမှာ ဗြဟ္မဒတ်မင်းကြီး၏ သားတော်ဖြစ်ရုံမက အိမ်ရှေ့မင်း တစ်ပါးလည်း ဖြစ်နေ၍ တိုင်းသူပြည်သားတို့ကမထိမဲ့မြင်မပြုရဲပါ။ သို့ရာတွင် ဤသို့သောကုဋ္ဌနူနာရောဂါမျိုးမှာ လူတကာ ကြောက်ရွံ့ရှာသော ရောဂါမျိုးဖြစ်၏။ ပေါ်ပေါ်လွင်လွင်ကြီး နှာခေါင်းမရှုံ့ရဲကြသော်လည်းစိတ်ထဲကတော့အနေရခက်ကြရမည်သာ။ သို့ဖြစ်၍ အိမ်ရှေ့မင်းသား၏ စည်းစိမ်ချမ်းသာတန်ခိုး

အာဏာများကိုပင် စွန့်လွှတ်ပြီးလျှင် ခမည်းတော် မယ်တော်များထံ ခွင့်ပန်ကာ ဗာရာဏသီမြို့တော်မှ ထွက်ခွာလာခဲ့ရပေသည်။

သောတ္ထိသေနမင်းသားသည် မိမိ၏အနာရောဂါကိုအကြောင်းပြု ကာ ကိုယ့်ဘာသာကိုယ် ဖြစ်လိုရာဖြစ်စေတော့၊ သေလိုရာသေစေတော့ဟု သဘောထားခဲ့၏။ သို့ရာတွင် မယားလိမ္မာ သမ္ဘုလာကတော့ သူ့တစ် ယောက်တည်း မလွှတ်ရက်ပါ။ခင်ပွန်းဖြစ်သူ အတန်တန်တားသည့်ကြား ကပင် မရ,ရအောင် တောင်းပန်တိုးလျှိုးကာ အတူလိုက်ပါ၍ လာခဲ့ ပေသည်။

သခ်မ်းကျောင်းကလေး ဆောက်လုပ်ပြီးချိန်မှ စ၍ မင်းသားရော မင်းသမီးပါ လျှော်တေသက်န်းများ ဝတ်ဆင်ပြီးလျှင် ရသေ့ အသွင်ဖြင့် နေကြ၏။ လူတို့၏အာရုံခံစားမှုများ ဖယ်ရှားပြီးလျှင် ရသေ့တို့၏ ကျင့် ဝတ်များအတိုင်း လိုက်နာကျင့်သုံး၍ နေကြလေသည်။

ရွှေနန်းတော်မှာတုန်းကအထိန်းအယအစုံအလင်ဖြင့်သက်သောင့် သက်သာ နေလာခဲ့ရသော သမ္ဘုလာသည် ဤသခ်မ်းကျောင်းကလေးမှာ တော့ အစစအရာရာသူ့တာဝန်ချည်းသာဖြစ်လာပေသည်။ နေ့ရော ညပါ တာဝန်တွေ ထမ်းဆောင်နေရသော်လည်း သမ္ဘုလာမင်းသမီးကတော့ ငြီးငွေ့ခြင်းမရှိပါ။ သောတ္ထိသေနမင်းသားအပေါ် ထားရှိခဲ့သောမေတ္တာ ကရုဏာနှစ်ဖြာ ရောစပ်သော စေတနာဖြင့် စိတ်ပါလက်ပါ ပြုစု၍နေ ပေသည်။

မေတ္တာရှင် ကရုဏာရှင် သမ္ဘုလာသည် နံနက်စောစော အိပ်ရာမှ ထလျှင်ပင် သခ်မ်းကျောင်းဝန်းကျင်မှာ တံမြက်လှည်း၏။ တံမြက်ချေး များကို ကျုံးကာ လွှတ်ရာကျွတ်ရာ သွား၍ပစ်၏။ သောက်ရေ၊ သုံးရေ များ ပြည့်စုံအောင် ခပ်လောင်း၏။ ထို့နောက် အိပ်ရာမှ နိုးထလာသော သောတ္ထိသေနမင်းသားအတွက် မျက်နှာသစ်ရေခပ်ပေး၏။သွားတိုက်စရာ ခံတွင်းရှင်းစရာ ဒဏ်ပူယူပေး၏။သောတ္ထိသေန မင်းသား မျက်နှာ သစ်၍ ကိုယ်လက် သုတ်သင်ပြီးသောအခါ ကောင်းနိုးရာရာ ရှာဖွေ စုဆောင်း ထားသော ဆေးမြစ်တို့ကိုသွေးကာ မင်းသား၏ အနာရှိသမျှ တစ်ကွက် တလေမျှ မကျန်ရအောင် လိမ်းကျံ၍ ပေးလေသည်။

ဆေးလိမ်းခြင်းကိစ္စများပြီးစီးသွားသောအခါ ယမန်နေ့ကကျန် နေခဲ့သော သစ်သီးကြီးငယ်များဖြင့် နံနက်စာ စားကြ၏။ ထို့နောက်

သမ္ဘုလာမင်းသမီးသည် သောတ္ထိသေနမင်းသား ခြေရင်း၌ ဦးခိုက် ရှိခိုးကာ ''အရှင့်သား၊ မမေ့မလျော့ နေရစ်ပါတော့''ဟု နှုတ်ဆက်ပြီးလျှင် တောသို့ ဝင်ခဲ့လေသည်။ တောင်း၊တူရွင်း၊ချိတ်၊တံချူ ဟူသော သစ်သီးဆွတ်ကိရိယာများလည်း အသင့် ယူဆောင်လာပေသည်။

သစ်သီးကြီးငယ်များ ရှာဖွေရာတွင် စားရှိကောင်းရုံမျှမက အာဟာရဖြစ်ဖို့လည်းလိုသေး၏။ သို့မှသာမင်းသားမှာအနာရောဂါ၏ဒဏ်ကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်၏။ ထို့ကြောင့် သမ္ဘုလာမင်းသမီးသည်ကောင်းခြင်း နှစ်ဖြာနှင့် ပြည့်စုံသော သစ်သီးများကို တောတကာ တောင်တကာ လှည့်လည်ရှာဖွေကာ ရလာသမျှကို တောင်းမှာထည့်၍ တစ်နင့်တပိုးကြီး ရွက်လာခဲ့၏။ ဤအနေတွင် အခြားသူ တစ်ယောက်ယောက်သာ မြင်သွားပါက ရွှေနန်းတော်မှာ နေထိုင်လာခဲ့သော အိမ်ရှေ့မိဖုရား ဟူ၍ သိနိုင်ကြမည် မဟုတ်ချေ။

တစ်ခါတစ်ရံတွင်မူ ရောဂါသည် မောင်တော်အတွက် သွေးသားအာဟာရ ပြည့်ဝစေရန် ကျား ခြသေ့တို့ စား၍ချန်ထားခဲ့သော အသားများ ကောက်ယူခဲ့ရ၏။ သခ်မ်းကျောင်းသို့ ရောက်သောအခါ ရှိရှိသမျှဆီ ဆားများဖြင့် စား၍ ကောင်းနိုင်သမျှကောင်းအောင် ချက်၍ ကျွေးမွေးရလေသည်။

သစ်သီးရှာရာက ပြန်ရောက်ပြီဆိုလျှင်ပင် သမ္ဘုလာသည် မောင်တော် မင်းသားအား ရေချိုးပျဉ်ချပ်ပေါ် ခေါ်လာရ၏။ ရေကန်ထဲမှ ခပ်ယူလာသော ရေတို့ဖြင့် တဝကြီး ချိုးပေးကာ ရေချိုးကသယ်မှုန့်များ၊ မြေညက်များဖြင့် တစ်ကိုယ်လုံး ပွတ်လိမ်းပေး၏။ ပြီးတော့မှ ရေဖောဖောလောင်း၍ သန့်စင်သွားအောင် ပွတ်တိုက်ပေးရ၏။ နောက်ဆုံးအဆင့်မှာတော့ နံ့သာရေ ဆွတ်ထားသော ရေများဖြင့် ပက်ဖျန်း၍ ပေးလေသည်။

နှစ်ဦးစလုံး ရေချိုးပြီးကြသောအခါခူးလာခါစလတ်ဆတ်လှသော သစ်သီးများဖြင့် နေ့လယ်စာစားကြ၏။ တစ်ခါတစ်ရံ တောထဲက ကောက်ရလာသော အသားဟင်းများလည်း စားဖြစ်ကြ၏။ ရသေ့အဖြစ်ခံယူထားကြသဖြင့် မွန်းမတည့်ခင်မှာပင် စားသောက်ရေးကိစ္စ အပြီးသတ်ကြရပေသည်။

စားသောက်ရေး ကိစ္စများ ပြီးစီးသောအခါ သမ္ဘုလာသည် မောင်တော်မင်းသား၏ ကိုယ်လက်ကိုက်ခဲမှုများ သက်သာစေရန် နှိပ်နယ်

ပြုစုပေး၏။ ကောင်းနိုးရာရာ ဆေးမြစ်များကိုလည်း ကျောက်ပြင်ပေါ်မှာသွေး၍တိုက်၏။ လိမ်းဆေးများကိုလည်းထပ်မံ၍ လိမ်းပေးလေသည်။

ဤသို့ တစ်နေ့တာလုံး လိုအပ်သမျှ အစစပြည့်စုံအောင် ပြုစုပေးပြီးလျှင် အချိန်ကန်၍ အိပ်ရာဝင်ကြသောအခါတွင်လည်း ရောဂါသည်ခင်ပွန်းသည်နှင့် ဘေးချင်းယှဉ်လျက်သာ အိပ်စက်လေသည်။

လူသူမနီးသည့်တောကြီးထဲတွင်မိမိတို့နှစ်ယောက်တည်းသာနေလာရသဖြင့်တစ်ခါတစ်ရံတွင်မူလိုအင်ဆန္ဒမပြည့်ဝနိုင်သောအချက်ကလေးများပေါ်လာရ၏။ သို့ရာတွင် မင်းသားရော မင်းသမီးပါ ထိုအချက်များကိုကျော်လွှားနိုင်ကြပေသည်။ မင်းသားအနေနှင့်ကလည်း ရောဂါသည်ကြီးတစ်ဦးအဖြစ်ဖြင့် သူတကာ၏ ရှုံ့ချစက်ဆုပ်ခြင်းကို မခံရတော့သဖြင့်မိမိဘဝကို ကျေနပ်၏။ မင်းသမီးဘက်ကကြည့်တော့လည်းမိမိချစ်မြတ်နိုးရသော ခင်ပွန်းလင်ကို မိမိတစ်ယောက်တည်း စိတ်တိုင်းကျ ပြုစုလုပ်ကျွေးနေရ၍ အားရဝမ်းသာ ဖြစ်ရပေသည်။

ဤသို့ အစစအရာရာ ချောမောစွာဆက်ဆံလာခဲ့ကြရသောမေတ္တာဇာတ်လမ်းကလေးသည်တစ်နေ့မှာတော့အဖုအထစ်ဖြစ်လာရတော့သည်။

ထိုနေ့မှာလည်း သမ္ဘုလာမင်းသမီးသည် ဒါတိုင်းလိုပင် သစ်သီးကြီးငယ်ရှာဖွေရန် ကရိယာ အစုံအလင်ဖြင့် တောထဲသို့ဝင်လာခဲ့၏။ မိမိတို့နှစ်ဦးသားအတွက် တစ်ရက်စာစားလောက်အောင် ရလာသည့်အချိန်မှာပင် ချောင်းငယ်ကလေးနှင့် တွေ့လိုက်ရ၏။ ချောင်းရေသည် ကြည်လင်လှ၏။ အောက်ခြေမှာလည်း ကျောက်ခဲကလေးတွေ အစီအရီဖြင့် နင်းချင့်စဖွယ် ရှိနေ၏။ ဤတွင် သမ္ဘုလာသည် ပါလာသော သစ်သီးတောင်းကလေးကို ကမ်းပါးမှာ အသာချကာ ရေဆင်း၍ချိုးလေသည်။ တောထဲက ရှာဖွေလာခဲ့သော နန္ဒင်းတက်များကို ကမ်းပါးက ကျောက်ပေါ်မှာသွေးကာ နန္ဒင်းဝါဝါများဖြင့် တစ်ကိုယ်လုံးလိမ်းပြီးမှ ရေစင်စင်ချိုးပစ်လိုက်လေသည်။

ရွှေနန်းတော်မှာတုန်းကဆိုလျှင်သမ္ဘုလာဝတ်ဆင်သမျှသူ့အသားကလေးဝါဝါနှင့် ပန်းရခဲ့သည်ချည့်ဖြစ်၏။ ယခုလို တောထဲက ရသေ့မအသွင်ဝတ်ဆင်ထားပြန်တော့လည်း သူ့အသားအရောင်ကမှေးမှိန်မသွားပါ။ နဂိုအနေအားဖြင့် ဝါဝါကလေးရှိခဲ့သည်တွင် ယခုလို နန္ဒင်းကလေးနှင့် ပွတ်ထားလိုက်ပြန်တော့ ပို၍ပင်ဝင်းဝါလာပေသည်။ ကြော့ကြော့

ရှင်းရှင်း ဝါဝင်းသောကိုယ်ခန္ဓာမှ အလင်းရောင်သည် တစ်တောလုံး တစ်တောင်လုံးကိုထင်ဟပ်နေသကဲ့သို့ဖြစ်ဘိ၏။ အချမ်းဓာတ်ကြောင့် တဆတ်ဆတ် တုန်လှုပ်နေရသော ရုပ်သွင် ကလေးကပင် တစ်မျိုး လှနေသကဲ့သို့ ရှိဘိ၏။

ဤသို့ တစ်ကိုယ်ရေ တစ်ကာယ လွတ်လပ်လှသောနေရာတွင် စိတ်တိုင်းကျ ရေချိုးပြီးသောအခါ သမ္ဘာလာသည် ဈော်တေသက်န်းများ ကောက်၍ဝတ်ရုံလိုက်၏။ ထိုခဏမှာပင် ဒါနောမည်သော ဘီလူးကြီးက သူ့ရှေ့မှောက် ရောက်လာခဲ့ပေသည်။

ကြောက်မက်ဖွယ်ကောင်းလှသောသူ့ဦးခေါင်းပေါ်ဝယ်ဆံကျစ် ထုံးခုနစ်ထုံးရှိနေရာ ခေါင်းရှစ်လုံးဘီလူးကြီးနှင့် တူလှ၏။ ပါးစပ်ထဲမှာ နေရာမဆန့်၍ ငေါ့ငေါ့ကြီးထွက်နေကြသော အစွယ်ကြီးများမှာ အနီရောင်သမ်းနေကြ၏။ လူ့အသွေးအသားများ ကိုက်စားခဲ့ရ၍ပင်ဖြစ်ပါလိမ့်မည်။ ကြောက်စရာကောင်းသည်နှင့်အမျှ ရွံရှာစက်ဆုပ်ဖွယ်လည်း ကောင်းလှပါဘိ၏။

ကြောက်စရာ ရွံစရာကောင်းလွန်းလှသော အတ္တဘောကြီးသည် တောတကာ တောင်တကာ လှည့်လည်လာရင်းက ဤလို အချော အလှ ကလေးတွေ့လိုက်ရသောအခါ မျက်လုံးကြီးများ ပို၍ပြူးလာကြ၏။ ပါးစပ်ကြီးများ ပို၍ပြဲလာ၏။ ကြီးမားလှသော လျှာကြီးမှ သွားရည်တစက်စက်ကျလာ၏။ သွေးစက်တွေပေကျံလျက်ရှိသော သူ့ရင်ခေါင်းကြီးကလည်း ဖားဖိုကြီးကဲ့သို့ တရှူးရှူးမြည်ကာ ဖောင်းချည်ပိန်ချည် ဖြစ်နေလေသည်။

တစ်လျှောက်လုံးကလူသွေးလူသား စားမျိုလာခဲ့သောဘီလူးကြီးသည် လူမိန်းမအချောအလှကလေးကို မြင်လိုက်ရသည်တွင်ကား စားဖို့ဝါးဖို့ကိုပင် မေ့လျော့သွားကာ....

''အို–အလှမယ်ကလေး၊သင့်ရဲ့ ပေါင်တံနှစ်သွယ်တို့က တင့်တယ်လှပါကလား။ သေးသွယ်လှတဲ့ ခါးကလေးကလဲ လက်တစ်ဆုပ်စာ လောက်သာ ရှိပါကလား၊ ခါးကလေးသေးတာနဲ့အမျှ တင်ကလေးက တော့ ပြည့်ဝပါပေတယ်။ ကောင်းခြင်းငါးဖြာ ပြည့်စုံစွာရှိနေတဲ့အလှမယ်ကလေးဟာ ကျားကြီးတွေ ခြင်္သေ့ကြီးတွေ ကျက်စားနေတဲ့တောကြီး ထဲမှာ တစ်ကိုယ်တည်းရောက်နေပါပေါ့ကလား။

''ပြောစမ်းပါဦး အလှမယ်ကလေးရယ်၊ သင့်နာမည်က ဘယ်သူတဲ့လဲ၊ ဘယ်သူတို့ရဲ့ သမီးပါလဲ။ ငါကတော့ ဒါနေ့ာဆိုတဲ့ ဘီလူးပါပဲကွယ်''

ဤသို့ ဘီလူးကြီးက ပြုံးဖြီးဖြီးနှင့် မိတ်ဆက်စကားဆိုလိုက်လေရာ သမ္ဘုလာသည် အတန်ငယ် ကြောက်စိတ်များ ပြေလာ၍....

''အို- ဒါနေ့ာဘီလူး၊ ကျွန်မအမည်က သမ္ဘုလာ ဖြစ်ပါတယ်။ ဗာရာဏသီမြို့တော်က ဗြဟ္မဒတ်မင်းကြီးရဲ့ သားတော်ဟာ သောတ္ထိသေနလို့ ခေါ်ပါတယ်၊ ကျွန်မဟာ သောတ္ထိသေနမင်းသားရဲ့ မိဖုရား ဖြစ်ပါတယ်။ မောင်တော် သောတ္ထိသေနမင်းသားဟာ နူနာရောဂါ စွဲကပ်တဲ့အတွက် တောအရပ်ကို ထွက်လာခဲ့ပါတယ်၊ ခုနေခါဆိုရင် စားစရာဆာရှာလွန်းလို့ တစ်ကိုယ်လုံး ပူလောင်ပြီး နေပါလိမ့်မယ်''

နန်းတော်ကြီး၌ ကြီးပြင်လာခဲ့သူပီပီ ယဉ်ကျေးသိမ်မွေ့စွာပင် အဖြေပေးလိုက်လေသည်။ မိမိကိုယ်ကို ကာမပိုင်ရှင် လင်ယောကျ်ားရှိနေကြောင်းကိုလည်း တစ်ဆက်တည်း အသိပေးလိုက်ရပေသည်။

စောစောကပင် ပြုံးဖြီးဖြီးဖြစ်နေခဲ့သော ဒါနေ့ာဘီလူးကြီးသည် ဤစကားများ ကြားလိုက်ရသည်တွင်ကား တဟားဟား ရယ်မောလိုက်ပြီးလျှင်....

''တယ်လဲ နှပါတိ အလှမယ်ကလေးရာ၊ တောကြီးမျက်မည်းထဲမှာ ရောဂါသည် မင်းသားနဲ့နေလို့ ဘာအသုံးကျမှာလဲ။ သူ့ကို ပြုစုလုပ်ကျွေးနေတော့ကော ဘာကြောင်း ထူးလာဦးမှာလဲ။ လာပါကွယ် အလှကလေးရယ်၊ မောင်နဲ့အတူ ပျော်ပျော်ကြီးသာနေပစ်လိုက်စမ်းပါ''

ပြောပြောဆိုဆိုပင် ဘီလူးကြီးသည် တရွှေ့ရွှေ့ ချဉ်းကပ်လာ၏။ သမ္ဘုလာသည် ဤမျှ သန်မာထွားကျိုင်းလှသော ဘီလူးကြီးနှင့် လွတ်အောင် ပြေးနိုင်မည့် အလားအလာကို မမြင်နိုင်သဖြင့်....

''အို- အသင်ဘီလူးကြီးရယ်၊ တောထဲ တောင်ထဲမှာ ဖြစ်သလိုနေရတဲ့ ကျွန်မမှာ အဆင်းလှတာရယ်လို့ ဘယ်ရှိပါတော့မလဲ၊ ကျွန်မထက် လှတာတွေ အများကြီးရှိပါသေးတယ်။ သူတို့ကိုသာ ရှာယူပါတော့ ဘီလူးမင်းရယ်''

ဤသို့ လိမ္မာပါးနပ်စွာဖြင့် ပစ်ပယ်စကားပြောကြားလိုက်လေရာ ဘီလူးကြီး၏ မျက်နှာ ရှုတ်တရက် တင်းမာသွားပြီး....

''ဟော့- တခြားမှာ အချောအလှတွေရှိနေတာ နင်ပြောမှ မဟုတ်ဘူး၊ ဟိုတောင်ထိပ်ပေါ်က ငါ့ဘုံဗိမာန်မှာ အချောလေးတွေ အလှလေးတွေ လေးရာတိတိရှိပြီးသား၊ နားလည်လား။ သူတို့ထက် နင့်ကို မေတ္တာပိုလွန်းလို့ ထပ်ပြီးကောက်ယူတာ။ ငါ့ဗိမာန်ကိုသာ ရောက်ရင် သူတို့အားလုံးရဲ့ အကြီးအမှူးအဖြစ်နဲ့ နင့်ကို မြှောက်စားထားမှာ သိရဲ့လား''

''အကြီးအမှူးလဲ မဖြစ်ပါရစေနဲ့ အသင်ဘီလူးမင်းရယ်၊ ကျွန်မကို ချမ်းသာပေးပါ''

''အေး- ကောင်းပြီ၊ ငါ့မိဖုရား လေးရာတို့ရဲ့ အကြီးအမှူးလဲ မဖြစ်ချင်ဘူး၊ ငါ့ကိုလဲ လင်မတော်ချင်ဘူးဆိုတော့ အေး-ငါကလဲ မတော်စေရပါဘူးလေ။ ဒီတော့ မိဖုရားအဖြစ် မြှောက်စားလို့ မရတာကို ညစာအဖြစ်နဲ့ပဲ ကိုက်စားလိုက်ရမှာပေါ့''

ဒေါသတကြီး ပြောဆိုလိုက်ပြီးလျှင် ဘီလူးကြီးသည် သမ္ဗုလာ၏ လက်မောင်းကို ဆုပ်ကိုင် ဖမ်းယူလိုက်လေတော့သည်။ သမ္ဗုလာသည် လွှတ်လိုလွှတ်ငြား ကြိုးစား၍ ရှန်းကန်ရင်းက သမာဒေဝ နတ်ကောင်းနတ်မြတ်များကို တိုင်တည်လိုက်လေရာ သိကြားမင်းကိုယ်တိုင် လာ၍ ဒါနဝဘီလူးအား ခြိမ်းခြောက်တားမြစ်လေသည်။

ဒါနဝဘီလူးကလည်း သိကြားမင်းကို ကြောက်ရွံ့သဖြင့် ဆွဲထားသောလက်ကို လွှတ်လိုက်ရ၏။ သို့ရာတွင် သိကြားမင်းကတော့ ဤမျှနှင့် စိတ်မချသေးပါ။ နောက်နောင်မှာလည်း ဤသို့ အနိုင်ကျင့်နေဦးမည့် အရေးကို တွေးမျှော်ကာ နတ်တို့၏ သံခြေချင်းဖြင့် တင်းကျပ်ကြီး ခတ်ပြီးလျှင် ရောင်ကိုဆွဲ၍ လွှင့်ပစ်လိုက်ရာ သုံးခုမြောက် ချောက်ကြားသို့ ကားခနဲကျသွားလေသည်။

ဘီလူးကြီးလက်မှ လွှတ်မြောက်ခွင့် ရလာသည့် တိုင်အောင်ပင် သမ္ဗုလာမှာ ရင်တုန်ပန်းတုန် မပြေနိုင်သေးပါ။ သို့ဖြစ်၍ အပြန်ခရီးမှာ ခြေလှမ်းမှန်မှန် မလျှောက်နိုင်ပါ။ သည်တစ်နေ့အဖို့ ကံဆိုးချင်တော့ ခါတိုင်း သွားနေကျ ခရီးတာထက်အများကြီးပို၍လာခဲ့မိ၏။ သို့ဖြစ်၍ ညနေမိုးချုပ်ရောက်ခါမှ သစ်မ်းကျောင်းဝ ခြေချမိပေတော့သည်။

နေ့လယ်စာမျှ မစားရသေးသော မောင်တော် မင်းသားအတွက် တကြောင့်ကြကြ ပြန်ခဲ့ရာတွင် သစ်မ်းကျောင်းထဲ၌ မောင်တော်မင်းသား

ကို မမြင်ရသဖြင့် သမ္ဘုလာမှာ ခြေပစ်လက်ပစ် လဲကျသွား၏။ သားငယ်ကလေးများ မရှိတော့သော အသိုက်သို့ ပြန်ရောက်လာသော ရစ်မလေးမှာ ဝမ်းနည်းပက်လက်ဖြစ်ရှာပါလိမ့်မည်။ သားငယ်ကလေး မရှိတော့သော နွားခြံသို့ ပြန်ရောက်လာသော နွားမသည် ယောက်ယက်ခတ်၍ နေရပါလိမ့်မည်။ သမ္ဘုလာမှာလည်း သူတို့နည်းတူ ပူဆွေးလှသဖြင့် ကျောင်းသခ်မ်းဝတွင် ခေါင်းတင်ကာ ရှိုက်ကြီးတငင် ငိုကြွေးရပါတော့သည်။

ထိုအချိန်တွင် သောတ္ထိသေန မင်းသားသည် သခ်မ်းကျောင်းနောက်ဝယ် ပုံးကွယ်၍နေ၏။ ပြန်လာပုံ အချိန်မလှသဖြင့် သူ့အပေါ် သံသယ ဖြစ်နေရာတွင် ရှိုက်ကြီးတငင် ငိုသံကြားခါမှ သခ်မ်းကျောင်းရှေ့သို့ ထွက်လာရ၏။

သည့်ထက် အငိုလွန်သွားလျှင် ဘေးများမည်စိုး၍သာ ထွက်လာခဲ့ရ၏။ သောတ္ထိသေနမင်းသား၏ စိတ်ထဲမှာတော့ သံသယမရှင်းသေးချေ။ သို့ဖြစ်၍ မိမိ၏ခြေဖမိုးမှာ ဦးခိုက်နေသော သမ္ဘုလာအား အလာနှောင်းရခြင်း အကြောင်းရင်းကို မေးလိုက်၏။ သမ္ဘုလာကလည်း ကြန့်ကြာရပုံအကြောင်းစုံကို ပြောပြ၏။ သို့ရာတွင် သောတ္ထိသေန၏ သံသယများကတော့ မပျောက်နိုင်ကြသေးပါ။

"အို- သမ္ဘုလာ၊သွားလေရာ မလိုက်ပါနိုင်တဲ့လူ ဆိုတော့လဲ မင်းပြောတိုင်း ဖြစ်ရတော့မှာပေါ့။ ဒီတောထဲ တောင်ထဲမှာ ငါတို့ချည်းရှိကြတာမဟုတ်ဘူး။ မုဆိုးတွေလဲ ရောက်လာနိုင်တယ်။ ရသေ့တွေလဲ ရှိနေကြတယ်။ ဝိဇ္ဇာဓိုရ်တွေလဲ သွားလာပျော်မြူးလို့ နေကြတယ်။ ဒီတော့ မင်းစကား ငါယုံဖို့ ခက်လှပါကလားနှမရယ်"

ဘီလူးကြီး ရှေ့မှောက်၌ ကြောက်လန့်ခဲ့ရသော သမ္ဘုလာမှာ- မောင်တော်မင်းသား ရှေ့မှောက်တွင်လည်း ကြောက်လန့် ရပြန်ပါပြီ။ တကယ်ဆိုလျှင် ဘီလူးကြီးအစားခံရမည့် အရေးထက် ဤဘေးကို ပို၍ ကြောက်လှပါသည်။

ဘီလူးကြီးလက်တွင်း သက်ဆင်းရစဉ်တုန်းကတော့ လောကပါလနတ်များကို တမ်းတလိုက်၍ လွတ်မြောက်ခဲ့ရ၏။ ယခု အရေးမှာတော့ သိကြားမင်းကြီး ဆင်းလာတော့မည် မထင်ပါ။ မောင်တော်၏ နှလုံးရင်ခေါင်း၌ ကိန်းအောင်းနေသော သံသယသစ်ငုတ်ကို ပယ်ထုတ်နိုင်ဖို့

ကတော့ မိမိ၏ သီလသိက္ခာ ဖြူစင်စွာရှိခဲ့ခြင်းသာ ရှိပါတော့သည်။ သို့ဖြစ်၍....

"အို- မောင်တော်၊ ဘုရားနှမတော်ဟာ သက်လျာကြင်ဖော် မောင်တော်ထက်ပိုပြီး ချစ်ရတဲ့သူရယ်လို့ မရှိပါ။ ဤမှန်သော သစ္စာစကားကြောင့် မောင်တော်ရဲ့ အနာရောဂါများ ကင်းပျောက်ကြပါစေသား"

ဤသို့ သစ္စာဆို၍ ရေစင်ရေကောင်းများ လောင်းချလိုက်လေရာ အနှစ်နှစ်အလလ စွဲကပ်လာခဲ့သော ကုဋ္ဌနူနာရောဂါများသည် ကြေးညှိများကို အချဉ်ရည်နှင့် ပွတ်တိုက်လိုက်ဘိသကဲ့သို့ ကိုယ်ခန္ဓာပေါ်ကလျော့ကျသွားကုန်၏။

ရောဂါပျောက်ကင်း၍ ရွှေအဆင်းရှိသော မောင်နှံနှစ်ဖြာတို့သည် တိုင်းတော်ပြည်တော်သို့ပြန်လာခဲ့ကြရာ ခမည်းတော် မယ်တော် ဆွေတော်မျိုးတော်အပေါင်းက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြလေသည်။

(ကိံသနိပါတ်၊ သမ္ဗုလာဇာတ်)

## သမ္ဗုလာဇာတ်၊ တိံသနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| သမ္ဗုလာ | = | မလ္လိကာမိဖုရား။ |
| သောတ္ထိသေန | = | ကောသလမင်းကြီး။ |
| ခမည်းတော်မင်းကြီးအဖြစ်မှ ရသေ့ဝတ်သွားသူ | = | မြတ်စွာဘုရား။ |

## ချစ်လင်ကာလွဲ ဖွဲ့ ဆန်ကွဲထင်တာ

စန္ဒကိန္နရာနှင့် စန္ဒာကိန္နရီတို့သည် အတုံ့အလှယ် ခင်တွယ်မြတ်နိုး ကြသော ဇနီးမောင်နှံဖြစ်ကြပေသည်။

သူတို့သည် မိုးရာသီအချိန်များ၌ စန္ဒမည်သော ငွေတောင်မှာသာ နေထိုင်လေ့ရှိကြ၏။ သူတို့နေထိုင်ရာ ဘော်သာခွာလိုဏ်ဂူသည် မိုးဒဏ်ကို လည်း ကာကွယ်နိုင်၏။ လေဒဏ်ကိုလည်း ကာကွယ်နိုင်၏။ သူတို့ အနှစ် သက်ဆုံး အစားအစာမှာမူ မွှေးကြူသင်းပျံ့လှသော ပန်းပေါင်းစုံတို့၏ ပန်းဝတ်မှုန်များပင် ဖြစ်ကြပေသည်။

မိုးလေးလပတ်လုံး ထိုနေရာ၌ပင် နွေးထွေးစွာ နေလာကြ၍ မိုး ကာလ ကုန်သော အခါတွင်ကား စန္ဒ ငွေတောင်ပေါ်မှ ဆင်းလာကြ လေသည်။

သူတို့ မောင်နှံနှစ်ဖြာ ဆင်းသက်ရာ လမ်းတစ်လျှောက်တွင်ကား မွှေးကြိုင်သင်းပျံ့သော နံ့သာမှုန်တို့က အရန်သင့်ရှိနေကြပေသည်။

ကိန္နရီမောင်နှံ တို့သည် ထိုမှုန်နံ့သာတို့ဖြင့် အတုံ့အလှယ် လိမ်း ခြယ်ပေးကြပြီးနောက် ဆက်လက်၍ လျှောက်လာကြရာ ပန်းစုံတောသို့

ရောက်လာကြ၏။ စားသောက်ဖွယ်ဖြစ်သော ပန်းဝတ်မှုန်အမျိုးမျိုးတို့သည် ကိန္နရီမောင်နှံတို့ရှိရာသို့ အလိုက်သင့် ညွှတ်လာကြရလေသည်။

ပန်းဝတ်မှုန်အာဟာရတို့ကို ဝလင်စွာ စားသုံးကြပြီးလျှင် ခရီးဆက်လက် ထွက်လာကြရာ ပန်းဝတ်လွှာတောသို့ ရောက်လာကြ၏။ အသွေးအရောင် အကွက်အဆင် စုံလင်ဆန်းပြားလှစွာသော ပန်းဝတ်လွှာအပေါင်းမှ ကောင်းနိုးရာရာ ရွေးချယ်ဝတ်ဆင်ကြပြီးမှ ဆက်လက်၍ ထွက်လာခဲ့ကြရာ လမ်းဘေး တစ်နေရာဝယ် နွယ်ပုခက်ကြီးများကို တွေ့ကြရပေသည်။

စန္ဒ စန္ဒာကိန္နရာမောင်မယ်တို့သည် နွယ်ပုခက်ကြီးတွေပေါ် ပျော်ပျော်ကြီးတက်စီးကြရင်း အချစ်သီချင်းတွေ သံပြိုင်ဆိုကြပေသည်။ ပျော်လွန်း၍ပင် ဆိုကြသည်။ ဆိုလွန်း၍ပင် ပျော်ကြသည်။ ဩော်- သည်တုန်းကတော့ အဆိုရဲ့နောက်မှ အငိုပါလာလိမ့်မယ်လို့ဘယ်တွေးမိပါဦးမလဲလေ။

အကယ်၍သာ ကိန္နရာမောင်နှံတို့သည် မိမိတို့ကံကြမ္မာဖန်လာမည့် အရေးကိုသာ ကြိုတင်၍ တွေးနိုင်ကြပါလျှင်ကား ဤသို့ ပျော်ပါးနိုင်ကြမည် မဟုတ်ပါ။

ဗာရာဏသီ မြို့တော်ကြီး၌ ထီးနန်းစိုးစံလျက်ရှိသော ဗြဟ္မဒတ်မင်းကြီးမှာ တောကစား ဝါသနာပါလွန်းလှ၏။ တောတကာ တောင်တကာ ခြေဦးတည့်ရာ လျှောက်သွားပြီးမှ သူကိုယ်တိုင်လေးစွမ်းပြ၍ရလာခဲ့သော သမင်သားများကိုမှ မီးကင်၍စားချင်လှ၏။

ထို့ကြောင့် ကြီးကျယ်လှစွာသောထီးနန်းစည်းစိမ်အရပ်ရပ်ကိုပင် အမတ်များထံအပ်နှံကာ ဟိမဝန္တာသို့ ဝင်လာခဲ့လေသည်။

ကိန္နရာ ကိန္နရီတို့ကတော့ ဤသို့သော ကံကြမ္မာကို ဘယ်မှာ သိနိုင်ကြပါမည်နည်း။ မေတ္တာရှင်မောင်မယ်တို့သည် နွယ်ပုခက်ကြီးများ ပေါ်မှ အားရ၍ ဆင်းလာကြပြီးလျှင် ယခင် နှစ်များတုန်းက ရောက်နေကျ ချောင်းကွေ့ကလေးသို့ အပြေးလျှောက်လာကြလေသည်။

သည်ချောင်းကွေ့ကလေးရှိရာသို့ တစ်ခါဖူးမျှ လူသားတို့မရောက်ခဲ့ကြပါ။ ဤနေရာ ဤဌာနသည် ကိန္နရီချစ်သူများ၏ သီးခြား ကမ္ဘာလေးသာ ဖြစ်ခဲ့ပေသည်။

ပြေပြေကလေး နိမ့်ဆင်းသွားသည့် ချောင်းကမ်းပါးပေါ်တွင် ဖြူစင်နူးညံ့သောသဲမှုန်ကလေးများကအပြန့်သားခင်းလျက်ရှိကြပေသည်။

စိမ်းစိမ်းညို့ညို့နှစ်မြှိုဖွယ်ကောင်းလှသောချောင်းရေကလေးများကမူ ဖွေးဖွေးဖြူနေသည့် သောင်ခြေကို ရစ်ခွေစီးဆင်း၍ နေကြပေသည်။

တဖြူးဖြူး တောင်လေအလာမှာ ကွန့်မြူးစွာ တက်လာကြသည့် လှိုင်းဂယက် လှလှကလေးများကလည်း ချစ်မငြီးနိုင်ကြသော ကိန္နရီမောင်နှံတို့အား ရေကစားဖို့ ဖိတ်ခေါ်ကြနေပေသည်။

သူတို့၏ ဖိတ်ခေါ်မှုကို အသိအမှတ်ပြုရုံသာ ပြုနိုင်ပါသေးသည်။ ကိန္နရီမောင်နှံတို့အတွက် သည့်ထက် အရေးကြီးတာတွေက ရှိနေကြပါသေးသည်။

ပထမဦးစွာ ဝါဝါပြာပြာ နီနီဖြူဖြူမွှေးကြူသောပန်းကလေးများဖြင့် သင့်ရာသင့်ရာ တွဲကာစပ်ကာ ဆန်းကြယ်လှစွာသော အကွက်အဆင်ကလေးများဖမ်း၍ ပန်းမွေ့ရာ ခင်းလိုက်ရပေသည်။

အကွက်ဆန်းသော ပန်းမွေ့ရာထက်သို့ စန္ဒာကိန္နရာတက်၍ ထိုင်မိသောအခါ အသင့်ပါလာသော ဝါးတယောကလေးကို ပခုံးမှာ အသာမှေး၍ ထိုးလိုက်ပါတော့သည်။ သူ၏နှုတ်ခမ်းနှစ်လွှာမှလည်း ချစ်မေတ္တာရနံ့သင်းသော တေးသီချင်းများ သီကျူးနေပေသည်။

ထိုတယောသံ၊ ထိုတေးသံတို့နှင့် လျော်ညီစွာပင် ကိန္နရီအလှမယ်ကလည်း သွယ်ပြောင်းသော လက်ကလေးများဖြင့် ကားကာ ဖြန့်ကာဆန့်ကာ ကွေးကာ ရွှင်မြူးစွာ က,ပြလေသည်။ ဘယ်ယိမ်းညာငဲ့ နွဲ့နွဲ့နှောင်းနှောင်း က,ကြိုးပေါင်း အစုံအလင်ဖြင့် အပျော်ရွှင်ဆုံးသော အရသာကို တူနှစ်ပြာ ခံစား၍နေကြပေသည်။

ထိုစဉ်ခိုက်မှာပင် ရက်စက်လှစွာသောမြားတစ်စင်းကစန္ဒာကိန္နရာ၏ ရင်ခွင်သို့ ပြေးဝင် ထွင်းဖောက် လိုက်ပါတော့သည်။ ပန်းမွေ့ရာ ကြူကြူမွှေးတို့ကို သွေးနီရောင်လွှမ်းသွားပါတော့သည်။

ရုတ်တရက်ကျရောက်လာသော ကြမ္မာဆိုးကြီးသည် ကိန္နရီမောင်နှံတို့၏ ပျော်ရွှင်ဖွယ်အတိ ပြီးသော ပွဲကလေးကို ငိုပွဲအဖြစ်သို့ တစ်ဆစ်ချိုးပြောင်းသွားစေပေသည်။

''အို- ချစ်လှစွာသော နှမလေး စန္ဒာ၊ မောင့်မှာ ပင်ပန်းလှချေလားကွယ်၊ မောင့်မှာ ဆင်းရဲလှချေလားကွယ်၊ မောင့်အသက် ခန္ဒာမကြာခင် ဆုံးရတော့မှာပါလားကွယ်။

"အို- ချစ်လှစွာသော နှမလေးစန္ဒာ၊ ကျောက်ပူပူပေါ်က မြက်ဖင်ဟာ မကြာခင်ညှိုးခြောက်သွားရသလို မောင့်ကိုယ်ခန္ဓာမှာလဲ မကြာခင် ညှိုးခြောက်ရပေတော့မယ်။ ဟိုတောင်ခြေက အိုင်ကလေးထဲမှာ မိုးတွေ များ ရွာချနေသလိုပါပဲ၊ မောင်ငိုရတဲ့ မျက်ရည်များကလဲ စဲနိုင်တော့မှာ မဟုတ်ပါဘူးကွယ်။

"အို- ချစ်လှစွာသော နှမလေးစန္ဒာ၊ အဲသလို ငိုကြွေးရတာတွေ ဟာ ဘာအကြောင်းကြောင့်မှ မဟုတ်ရပါဘူးကွယ်၊ ချစ်နှမလေးနဲ့ ခွဲရမယ့် အရေး တွေးမိလို့သာဖြစ်ပါတယ်"

စန္ဒာကိန္နရီမှာ စန္ဒကိန္နရာ ငိုကြွေးစဉ်တုန်းက ဘာလုပ်ရမှန်းမသိ၊ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေရ၏။ စန္ဒကိန္နရာ လဲကျသွားခါမှ ရင်ဝသို့ ကြည့်လိုက်ရာ ပြင်းထန်လှစွာသော မြားဒဏ်ချက်မှ သွေးစက်စက် ယိုနေ သည်ကို တွေ့ရလေတော့သည်။ ဤအခါတွင်မှ ချစ်လှစွာသော ခင်ပွန်း သည်ကို ကပိုကယိုမျက်နှာအပ်ကာသည်းထန်စွာငိုကြွေးရပေတော့သည်။

ကိန္နရီအလှမယ်ကို လက်ဝယ်ပိုင်ပိုင် ရယူနိုင်ရေးအတွက် ရက်ရက် စက်စက် ပစ်ခတ်ခဲ့သော ဗြဟ္မဒတ်မင်းသည် ချုံတွင်းမှ ထွက်လာခဲ့၏။

"အို- ကိန္နရီမယ်ကလေးရယ်၊ အို- အလှကလေးရယ်၊ ရှိုက်ငင် လိုက်ဖို့ ငိုမနေနဲ့တော့လားကွယ်၊ အဲသလိုသာ တစ်ငိုထဲငိုနေရင်တော့ အောင်မည်းညိုပွင့်ကလေးများလို ပြာညိုညို မျက်လုံး အလှကလေးများ မှေးမှိန်လို့ သွားကြမှာပေါ့ကွယ်။

"အို- နှမအလှကလေးရယ်၊ မင့်လင်ဟောင်းရဲ့ အလောင်းနားက တို့နှစ်ယောက် ခွာသွားကြပါစို့လားကွယ်၊ ဒီကရွှေမှာတော့ စန္ဒာဆိုတဲ့ အလှကလေးမှာ ငိုကြွေးစရာလဲ မလိုတော့ပါဘူး၊ စိုးရိမ်စရာ ဘာတစ်ခုမျှ လဲ မလိုတော့ပါဘူး၊ စိုးရိမ်စရာ ဘာတစ်ခုမျှလဲ မရှိစေရပါဘူး၊ မင်းတို့ ထံမှောက် အရောက်လာခဲ့တဲ့ငါဟာ ဗာရာဏသီပြည်မြတ်က ဗြဟ္မဒတ်မင်း ဖြစ်ပါတယ်၊ ဗာရာဏသီရောက်တဲ့အခါ တောင်ညာတင်ထားလို့ မိဖုရား မြှောက်ပါ့မယ်ကွယ်"

ဖျောင်းဖျောင်းဖျဖျ နားချပြောဆိုရင်း ဗြဟ္မဒတ်မင်းသည် တစ် လှမ်းချင်း တစ်လှမ်းချင်း ချဉ်းကပ်လာလေသည်။

လူမိန်းမတကာကို လွယ်ကူစွာ စည်းရုံးနိုင်လောက်သော ပြဟ္မဒတ်မင်း၏ ထိုမက်လုံးသည် ကိန္နရီကိုကား ဖမ်းစား၍ မရနိုင်ပါ။

''အို-ပြဟ္မဒတ်ဆိုတဲ့မင်း၊ ကိန္နရီမယ်ကို ရလိုတဲ့ရမ္မက်ကြောင့် သင်ရက်စက်လွန်းလှတယ်။ အပြစ်မရှိတဲ့ ကျွန်မလင်ကို သင်လေးနဲ့ပစ်ခဲ့တယ်။ တောင်ညာတင်ထား မိဖုရားကြီးဆိုတဲ့ စည်းစိမ်ကို သူတကာ လိုချင်ကြပေမယ့် ကျွန်မ အနေနဲ့ကတော့ လုံးဝပင် အလိုမရှိပါ။ ကျွန်မ အလိုလား ဆုံး ဆုလာဘ်ကတော့ ကျွန်မရဲ့ချစ်သူအပါးမှ တစ်ဖဝါးမှမခွာလို။ တူနှစ်ကိုယ် ယှဉ်တွဲ၍ သေသော်လဲ မခွဲခွာ နေမြဲသာ နေလိုပါတယ်။

''အို-ပြဟ္မဒတ်ဆိုတဲ့မုဆိုးကြီး၊ သင်လိုရာမပါတဲ့အတွက်ငါ့အသက်ကို သင်သတ်လိုပါသလား။ သင့်မှာပါလာတဲ့ဓားနဲ့တအားကုန်ပိုင်းလိုက်စမ်းပါ။ ကျွန်မအသက်နဲ့ ကျွန်မခန္ဓာ တူမကွာနေစဉ်ခိုက်မှာတော့ ဘယ်ကိုမှ မလိုက်နိုင်ပါဘူး''

ဤတစ်ခါ ရှိုက်တစ်လှည့်ကြားမှ အားယူ၍ပြောလိုက်လေရာ ဗာရာဏသီ ဘုရင်မင်းသည် တောတွင်းကိန္နရီအပေါ်၌ ကြိုက်ခဲ့သောရမ္မက်ဇောများ ပြေပျောက်၍ သွားကြသဖြင့်....

''ဟယ်-ကိန္နရီမ၊ ဒါလောက်တောင်ရှိမှတော့ ဟိမဝန္တာတောင်ကြီးသို့ တစ်ကိုယ်တည်းပြန်ပေတော့။ တောင်ဇလပ်ရွက် ပန်းညိုရွက်တို့ကို စားလိုတိုင်း စားပေတော့။ သင့်လင်ရဲ့ကိုယ်စား တောတွင်းက သတ္တဝါများနဲ့ ညားချင်းတိုင်း ညားပေရော့''

ဤသို့ ပစ်ပစ်ခါခါ ပြောဆိုပြီးလျှင် အလာခရီးအတိုင်း ပြန်သွားလေသည်။

ကံဆိုးမကလေး ကိန္နရီသည် ဤအခါတွင်မှ ချစ်ရသူ၏ ဦးခေါင်းကို ကောင်းမွန်စွာ မွေ့ပိုက်၍ ပေါင်ပေါ်၌တင်ထားပြီးလျှင် ငိုချင်သည့် စိတ်အဟုန်တို့ကို အားကုန်လွှတ်၍ ပေးလိုက်ရလေတော့သည်။

''အို-စန္ဒမည်သာ မယ့် သက်လျာ....နေရောင်ခြည် အောက်မှာ တောက်ပတဲ့ တောင်ထွတ်ကြီးတွေ၊ နေခြည်မရောက်အလွန်မတ်စောက်တဲ့ ချောက်ကြားကြီးတွေ၊ ထူးထွေဆန်းပြား ခမ်းနားလှတဲ့လိုဏ်ဂူကြီးတွေ၊ ဒီနေရာ ဒီနေရာတစ်လျှောက်မှာ မယ်နဲ့မောင် အတူ ရောက်ခဲ့ရပါတယ်။

ခုတစ်ခေါက်ရောက်လာတဲ့အခါ မောင့်မျက်နှာ မမြင်ရပြီမို့ ကိန္နရီခင်နှမ ဘာလုပ်ရပါ့မလဲကွယ်။

''အို-စန္ဒမည်သာ ချစ်သည်းညွှာ၊ သာယာလှတဲ့ချောင်းကလေး တစ်လျှောက် မယ်နဲ့မောင် အတူရောက်စဉ်တုန်းကလဲ ပြုံးပန်းတွေဝေခဲ့ရပါတယ်။ ကြည်လင်လှတဲ့ ချောင်းရေတစ်ကြောမှာ မျောပါလာကြတဲ့ ပန်းမျိုးစုံကလဲ ထုံသင်းကြပါပေတယ်။ ခုတစ်ခေါက် ရောက်လာတဲ့အခါ မောင့်မျက်နှာ မမြင်ရပြီမို့ ကိန္နရီခင်နှမ ဘာလုပ်ရပါ့မလဲကွယ်''

ဤသို့စသဖြင့် စန္ဒကိန္နရာနှင့်အတူ ကြည်ဖြူစွာ ရောက်ခဲ့လေသမျှ တမ်းတ၍ ငိုကြွေးပြီးလျှင် ချစ်လင်၏ ရင်ဝသို့ ခပ်ဖွဖွ စမ်းကြည့်လိုက်လေရာ....

''အမယ်လေးနော်၊ တော်ပါသေးရဲ့၊ တော်ပါသေးရဲ့''

အံပူငွေလေး ရှိနေသေးသည့်အတွက် အားတက်သရော ဖြစ်လာကာ ကိန္နရာကို ရင်မှာ ပိုက်လျက်....

''အို-သမာဒေဝ၊ မြင့်မြတ်လှတဲ့နတ်အပေါင်းတို့၊ သူတော်ကောင်း စာရင်းဝင် ကျွန်မရဲ့ ငယ်ချစ်လင်ကို အရှင်သခင်နတ်အပေါင်းက စောင်မကြပါကုန်လော''

ဤသို့အားဖြင့်နတ်အများကိုတိုင်တည်လိုက်လေရာ တာဝတိံသာနတ်ပြည်ရှိ သိကြားမင်း၏ပဏ္ဍုကမ္ဗလာ တင်းမာ၍လာလေသည်။ ဤတွင် သိကြားမင်းသည် လူ့ပြည်သို့ ဆင်းလာပြီးလျှင် ပုဏ္ဏားအသွင် ဖန်ဆင်းပြီးမှ စန္ဒကိန္နရာ၏ ကိုယ်ပေါ်တွင် ရေစင်ပက်ဖျန်း၍ ပေးလိုက်လေသည်။

မြားဆိပ်သင့်၍ မိန်းမောနေသော ကိန္နရာသည် ထိုခဏမှာပင် ရင်ခွင်ထဲမှ ထ,လာ၏။ မြားမှန်ထားသော နေရာတစ်ခုလုံးလည်း အသားနုများ ဖုံးကာ လုံးလုံးကြီး ပျောက်သွားတော့၏။ မြားဒဏ်ရာ ဘယ်မှာ ရခဲ့သည်ဟုပင် ကြည့်ရှု၍ မရနိုင်တော့ပေ။

ဤတွင်သိကြားမင်းကစန္ဒကိန္နရာနှင့်ကိန္နရီတို့အားရန်များလှသော လူ့ရပ်ဌာန်သို့ တစ်ရံတစ်ဆစ်မျှ မလာကြရန် ဆုံးမစကား မြွက်ကြားလေသည်။

ကိန္နရာ ကိန္နရီတို့ကလည်းသိကြားမင်းအား ဝပ်တွားရှိခိုးပြီးလျှင် တုံ့တင်ခွန်းချီ ချစ်ဖွယ်ဆိုလျက် တူနှစ်ကိုယ် လက်တွဲ၍ ဝဲကာ ယံကာ သီချင်း တကြော်ကြော်ပျော်ပျော်ကြီးသီဆိုကာ ဟိမဝန္တာတောင်ကြီးသို့ အပြီးတိုင် ပြန်ခဲ့ကြလေသည်။

(ပကိဏ္ဏကနိပါတ်၊ စန္ဒကိန္နရီ ဇာတ်)

စန္ဒကိန္နရီဇာတ်၊ ပကိဏ္ဏကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ဗြဟ္မဒတ်မင်း | = | ဒေဝဒတ်။ |
| သိကြားမင်း | = | အရှင်အနုရုဒ္ဓါ။ |
| စန္ဒာကိန္နရီ | = | ယသော်ဓရာ။ |
| စန္ဒကိန္နရာ | = | မြတ်စွာဘုရား။ |

# ၁၇။ ပေါင်းသင်းဆက်ဆံ နည်းလမ်းမှန်

(ဓာတ်တော် မိတ်ဆက်)

မိတ်ဆွေဟူသော မြန်မာစကားကို ပါဠိဝေါဟာရဖြင့် ဖလှယ်လိုက်ပါလျှင် သဟာယဟူ၍လည်း ရနိုင်ပါသည်။ အေးအတူပူအမျှ အတူတကွ ခံစားသူဟူ၍ အနက်အဓိပ္ပာယ်ရပါသည်။ မိတ်ဆွေစစ် မိတ်ဆွေကောင်းတို့မည်သည် မိမိ မိတ်ဆွေ၏ အကျိုးစီးပွားကို မိမိအကျိုးစီးပွားနှင့်ထပ်တူထား၍ လေးလေးစားစား ဆက်ဆံတတ်သောကြောင့် ဖြစ်ပါသည်။

လူတစ်ယောက်သည် မည်မျှလောက်ကြံရည်ဖန်ရည်ကောင်းသည် ဖြစ်စေ၊ မည်မျှလောက်စွမ်းအားသတ္တိရှိသည်ဖြစ်စေ ထာဝစဉ်တစ်ယောက်တည်းနေ၍ကား မရနိုင်ပါ။ လိုအပ်သမျှကိစ္စရပ်တိုင်းကို တစ်ကိုယ်တော် စွမ်းအားဖြင့် ကြိုးစားတိုင်း မရနိုင်ပါ။ မိတ်ဆွေများ၏ ဝိုင်းဝန်းကူညီမှုဖြင့်သာလျှင် လိုရာကိစ္စများ ထမြောက်အောင်မြင်နိုင်ပါသည်။

●ပယ်ဦး●၁၈၀ပ

လူနှင့်လူချင်း ကင်းကွာ၍မရနိုင်သောလောကကြီးတွင်မိတ်ဆွေ၏ အခန်းကဏ္ဍမှာ လွန်စွာကျယ်ပြန့်လှပါသည်။ ထို့ကြောင့်ပင် ဗုဒ္ဓမြတ်စွာ ကိုယ်တော်တိုင်က သိင်္ဂါလောဝါဒသုတ္တန်၌ မိတ်ဆွေအမျိုးမျိုးနှင့် ပတ်သက်သော အချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဟောကြားတော်မူခဲ့ရပါသည်။ မိတ်ဆွေစစ်တို့၏ သဘောလက္ခဏာနှင့် မိတ်ဆွေတုတို့၏ သဘောလက္ခဏာတို့ကို အနုစိတ် အားဖြင့် ဝေဖန် ပိုင်းခြား၍ မိန့်ကြားတော်မူခဲ့ရပါသည်။

သိင်္ဂါလောဝါဒသုတ္တန်မှ ထိုသဘောလက္ခဏာတို့ကိုပင် ဇာတက ဝတ္ထုများမှာလည်း အကွက်ဆိုက်လာသည့်အခါတိုင်း ထည့်သွင်း၍ပြဆို ထားပါသည်။ စိတ်ဝင်စားဖွယ် ဇာတ်လမ်းဇာတ်ကွက်များခင်းကျင်းကာ နေရာတကျ ပြဆိုထားသဖြင့်လည်း ခေတ်အဆက်ဆက်က စာဖတ် စာနာ ပရိသတ်များသည် ထိုသဘောလက္ခဏာတို့နှင့် အကျွမ်းတဝင် ဖြစ်ခဲ့ရပါ သည်။ ဇာတ်ကွက်ဇာတ်လမ်းကို စွဲလမ်း နှစ်သက်သည်နှင့်အမျှ ဇာတ် ဆောင်တို့ ပြောကြားသော ထိုသဘောလက္ခဏာတို့ကိုပါ မှတ်သား၍ လာခဲ့ကြပါသည်။

သို့ဖြစ်၍ ဤအခန်းတွင် ပေါင်းသင်းဆက်ဆံရေးဆိုင်ရာ ဝတ္ထု များကို ရွေးချယ်စုစည်း၍ ထားပါသည်။

ပထမဆုံး တင်ပြလိုက်သောဝတ္ထု၌ ''ချစ်ဆွေ''ဟုခေါ်၍ အမဲ သားတောင်းသော သူဌေးသားအား တောလိုက်မုဆိုးကြီးက ''ကဲဟော့ ဟောဒီတစ်လုံးလုံးသာယူပေတော့''ဟုရက်ရောစွာပေးလိုက်ပါသည်။ လူ့လောကကြီး အလယ်တွင် အထီးကျန် ဖြစ်မနေဘဲ ချစ်မိတ်ဆွေများ ထားဖို့ အရေးကြီးပုံ ပြဆိုလိုက်ခြင်းဖြစ်ပါသည်။ အမဲသားတောင်းသော သူဌေးသား လေးယောက်တို့ ခေါ်ဝေါ်သောစကားနှင့် ထိုက်တန်ရာ အမဲသား များကို တောလိုက် မုဆိုးကြီးက ပေးခဲ့သဖြင့် ထိုဝတ္ထုကို 'တန်ရာတန်ကြေး'ဟု ခေါင်းစဉ်တပ်ပေးလိုက်ရပါသည်။

ချစ်မိတ်ဆွေများ ရှိထားဖို့ အရေးကြီးသဖြင့် မိတ်ကောင်း ဆွေ ကောင်းရှာကြရာတွင် မိမိထက် သာသူများကိုသာ အာရုံစိုက်ထားရန် မသင့်ပါ။ ရာထူးဂုဏ်ရှိန် စည်းစိမ်အားဖြင့် မိမိထက် ယုတ်နိမ့်သူပင်ဖြစ်စေ ကာမူအသိဉာဏ်အရာတွင်မိမိထက်သာလွန်သူများလည်းရှိကြသည်သာ။ ရာထူးဂုဏ်ရှိန် စည်းစိမ်ဥစ္စာတို့ဖြင့် ဖြေရှင်း၍မရနိုင်သော ပြဿနာ၊ ကာ ကွယ်၍မရနိုင်သော ဘေးအန္တရာယ်တို့ကို အညတြအသိဉာဏ်ရှင်ကလေး

တို့က အချက်ကျကျ ဖြေရှင်း၍ပေးနိုင်ကြပါသည်။ကာကွယ်၍ပေးနိုင်ကြပါသည်။ 'ပုတ်သင်ညိုကယ်လေလို့' ဝတ္ထုမှာ ဤသဘောကို ဖော်ညွှန်းထားပါသည်။

ထို့အတူပင်'သားချင်း'ဆွေမျိုး၊မိတ်ဆွေနှင့် အပေါင်းအသင်း ဝတ္ထုမှာလည်း မိမိအောက် ယုတ်နိမ့်သူ၏ကူညီမှု၊ စောင့်ရှောက်မှုကိုရယူထားရပါသည်။ ဤဝတ္ထုမှ ဇာတ်ဆောင်ဖြစ်သောခြင်္သေ့ကြီးက မြေခွေးမိသားစုအပေါ် မနာလို မရှုဆိတ်ဖြစ်နေသော ခြင်္သေ့မကြီးအား ''မိတ်ဆွေဆိုတာ ဘယ့်လောက်ပဲ နိမ့်ကျနေနေ မိတ်ဆွေတို့ရဲ့ ကျင့်ဝတ်နဲ့သာ ပြည့်စုံမယ်ဆိုရင် သူဟာ သားချင်းလဲဟုတ်တယ်၊ ဆွေမျိုးလဲဟုတ်တယ်၊ မိတ်ဆွေလဲဟုတ်တယ်၊ အပေါင်းအသင်းလဲ ဟုတ်တယ်'' ဟု ကျကျနန ရှင်း၍ပြလိုက်ပုံမှာ မှတ်သားစရာ ကောင်းလှပါသည်။

'သုံးယောက်ပေါင်း လောင်းကျော်' ဝတ္ထုမှာကား တန်းတူရည်တူဟု မှတ်ယူနိုင်သော မိတ်ဆွေသုံးဦးတို့၏ အတွံ့အလှယ်ကယ်ဆယ်ကြပုံဖြစ်ပါသည်။ 'မိတ်ကောင်းဆွေကောင်း'ဝတ္ထုတွင်မူ မိမိနှင့်တန်းတူသူများသာမက မိမိထက်သာလွန်သူ၏ ကူညီစောင့်ရှောက်မှုပါ ပါဝင်လာပါသည်။

ကိုယ်ခန္ဓာအနေအထားအရ၊အရည်အချင်းအရ၊မိမိအောက်ယုတ်နိမ့်သူ၊ မိမိနှင့်တန်းတူသူ၊ မိမိထက်သာလွန်သူဟူ၍ ခွဲခွဲ ခြားခြား ပြောကြားနေရသော်ငြားလည်း မိတ်ဆွေအချင်းချင်းအဖြစ်ဖြင့် ဆက်ဆံကြရာတွင်မူ မည်သူကမျှ အပေါ်စီးကနေရန် မရှိပါ။မည်သူကမျှ အောက်ကျို့နေရန်မလိုပါ။ မိတ်ဆွေအချင်းချင်း ရင်းနှီးခင်မင်စွာ ဆက်ဆံကြရမည်သာ ဖြစ်ပါသည်။

မိတ်ဆွေအချင်းချင်း ရင်းနှီးခင်မင်စွာ ပေါင်းသင်းကြရာ၌ တစ်ယောက်အပေါ် တစ်ယောက် သံသယမရှိဖို့ လိုအပ်လှပါသည်။ သံသယရှိစရာ အချက်ဟူ၍ လုံးဝ မပေါ်ထွက်လာစေဘဲ ရိုးရိုးစင်းစင်း ပွင့်ပွင့်လင်းလင်း ဆက်ဆံနိုင်ကြဖို့ လိုအပ်ပါသည်။ ထို့ကြောင့်ပင် 'မိတ်စစ်ဆွေစစ်'ဝတ္ထုမှ ဇာတ်ဆောင်ဖြစ်သော ခြင်္သေ့က ''သားငယ် သမီးငယ်များဟာ အမိရင်ခွင်မှာ စိတ်ချလက်ချ နှစ်နှစ်ခြိုက်ခြိုက် အိပ်နိုင်ကြသလို မိတ်ဆွေတစ်ယောက်ဟာ အခြားမိတ်ဆွေတစ်ယောက်ရဲ့ ရင်ခွင်မှာ အိပ်နိုင်ရမယ်၊ ဒါဟာ မိတ်ဆွေစစ်တို့ရဲ့ အမှတ်အသားပဲ''ဟု မိတ်ဆွေကျားအား ရှင်း၍ပြခဲ့ရပါသည်။

ရိုးရိုးစင်းစင်းနှင့်ပွင့်ပွင့်လင်းလင်း ဆက်ဆံကြရာတွင်တစ်ယောက်အပေါ် တစ်ယောက်က ကောင်းရာမှန်ရာကို ညွှန်ပြနိုင်ဖို့လည်း လိုအပ်ပါသည်။ ထိုသို့မဟုတ်ဘဲ ရင်းနှီးမှုကို ခုတုံးလုပ်ကာ လောကကြောင်း၊ သံသရာကြောင်းအားဖြင့် မကောင်းသောအလုပ်များဘက်သို့ ဆွဲဆောင်သိမ်းသွင်းမိလျှင်ကား မိတ်ဆွေတု ဖြစ်သွားပါတော့သည်။ ထိုမိတ်ဆွေတုများကိုပင် ရည်ညွှန်းကာ မာန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာသစ်၌ ''ဝိညာဉ်မဲ့ဘိ၊ စိတ်ရှိသတ္တဝါ၊ မဟုတ်ရှာသေး၊ တမာငွေးတောက်၊ မြစ်လျှောက်ရေယှက်၊ တူနှော့ဖက်၍၊ သရက်ချိုမြ၊ ဗန္ဓရလျက်၊ ကွယ်ပအပြီး၊ အခါးသီး၏''ဟု စပ်ဆိုတော်မူခဲ့ပါသည်။ 'အပေါင်းအသင်းဖျက်သော်'ဝတ္ထု၏ ကျောရိုးဇာတ်လမ်းကို အတိုချုပ်၍ ထုတ်ဆိုထားခြင်းပင် ဖြစ်ပါသည်။

ထိုဝတ္ထုနှင့်ဆက်စပ်၍ ဖော်ပြထားသော 'ဘဝခြားသည့် ကျေးသားညီနောင်'ဝတ္ထုမှာမူ သူတော်မဟုတ်၊ သူယုတ်မာများနှင့် ပေါင်းမိသဖြင့် မိမိပါ ယုတ်မာကြမ်းတမ်း လာရပုံ၊ သူတော်ကောင်း များထံဆည်းကပ်ခိုလှုံရသဖြင့် မိမိပါ သူတော်ကောင်းဇာတ်ကိန်းဝင်လာပုံများ ဖော်ပြထားပါသည်။

ထိုဝတ္ထုဇာတ်လမ်းများအရ မိတ်ဆွေမဟုတ် စိတ်ယုတ်ရှိသူများကို မပေါင်းသင်းရဆိုရာ၌ ထိုသူတို့အပေါ် မေတ္တာစေတနာ မထားရဟူ၍ကား မဆိုလိုပါ။ သူတို့နှင့်လုံးလုံးကြီး အဆက်ဖြတ်ထားရမည်ဟူ၍လည်း မဆိုသင့်ပါ။ ထိုသူတို့နှင့်အတူ ရောနှော၍ မကောင်းမှုဒုစရိုက်များ လိုက်စားခြင်းမပြုမိကြရန်၊ သူ့စည်း ကိုယ့်စည်း ခွဲခြားထားရန်သာ လိုအပ်ပါသည်။ ထို့ကြောင့်ပင် သခ်သူဌေးသည် မိမိက ကုဋေလေးဆယ်တိတိမှ စထားဖူးသော ပိဋ္ဌိယသူဌေးထံမှ ဖွဲ့တစ်ဆုပ်မျှသာ ကျေးဇူးတုံ့ပြန်ခြင်းခံရပါလျက် ထားခဲ့သော စေတနာမေတ္တာများ မပျက်စေဘဲ ကြည်ကြည်ဖြူဖြူ ခံယူလာခဲ့ပါသည်။ 'သူဖျက်ပေမယ့် ကိုယ်ကမပျက်'ဝတ္ထု၏ ဆိုလိုရင်းအာဘော်ကို ဖော်ကျူးထားခြင်းဖြစ်ပါသည်။

အထက်တစ်နေရာတွင် မိတ်ဆွေတို့၏ ကျင့်ဝတ်နှင့်ပြည့်စုံဖို့ လိုအပ်ပုံကို ထုတ်နုတ်ပြဆိုခဲ့ပါသည်။ ထိုအချက်ကိုပင် 'မိတ်ဆွေတို့၏ကျင့်ဝတ်'ဝတ္ထုမှ ဇာတ်ဆောင်ဖြစ်သော ကျေးသားက 'ဃူငယ်ချင်း ကိုဟင်္သာ၊ မိတ်ဆွေချစ်တို့ရဲ့သဘောဟာ ဒီလိုရှိကြတာပဲလေ။ မိတ်ဆွေရင်းချာရယ်လို့ ဖြစ်လာကြပြီဆိုရင် တစ်ဦးအတွက် တစ်ဦးဟာ အသက်ကို စွန့်တန်စွန့်ရ

မယ်။ မိတ်ဆွေကိုတော့ စွန့်ပစ်ရိုးမရှိကြပေဘူး။ ကိုယ့်မိတ်ဆွေဆီမှာ မှိုခိုစရာဥစ္စာ မရှိတာနဲ့လဲ စွန့်ပစ်မသွားကြရပေဘူး။ မှိုခိုစရာကို မျှော်ကိုးလို့လဲ အပေါင်းအသင်း ပြုကြရတာမဟုတ်ပါဘူး''ဟု ပြည့်ပြည့်ဝဝ ပြဆိုခဲ့ရပါသည်။

အချို့သူများမှာ နှစ်လများစွာ ပေါင်းဖက်လာခဲ့သော မိတ်ဟောင်းဆွေဟောင်းများကို လုံးလုံးလျားလျားကြီးတော့ ပစ်မထားကြပါ။ သို့ရာတွင် အရှိန်အဝါ ထည်ဝါခန့်ညားသော မိတ်ဆွေသစ်များတိုးပွားလာလျှင်ကား ဆက်ဆံရေး လျော့ပါးသွားတတ်ကြ၏။ ထိုသူတို့အတွက် 'မျက်နှာကြီးရာ ဟင်းဖတ်ပါ' ဝတ္ထုက သင်ခန်းစာတစ်ခု ပေးထားပါသည်။

မိတ်ဆွေသစ် မိတ်ဆွေဟောင်းဟူ၍ မခွဲခြားဘဲ ခိုင်မြဲစွာ ဆက်ဆံလာကြရာတွင် ထိုမိတ်ဆွေသစ် မိတ်ဆွေဟောင်းတို့က မိမိအပေါ်၌ ပြုခဲ့ဖူးသော ကျေးဇူးတရားကိုလည်း ဆတက်ထမ်းပိုး တိုး၍ ဆပ်နိုင်ရန်ကြိုးစားသင့်ပါသည်။ သူ၏ ကျေးဇူးအထူးသိတတ်၍ သိတတ်သည်အားလျော်စွာ ကျေးဇူးတုံ့ပြန် ပေးဆပ်နိုင်ရေးအတွက် 'ကတညူတမင်္ဂလာ' ဝတ္ထုဖြင့် တွန်းအားပေးလိုက်ရပါသည်။

ဤသို့ စသော ဇာတကဝတ္ထုတို့၏ လမ်းညွှန်စကားတို့ကို ကြားနာမှတ်သားကာ မိတ်ကောင်းဆွေကောင်းတို့ကို တန်ဖိုးထား၍ လေးစားခဲ့ကြသော ရှေးမြန်မာကြီးများသည် ကျေးဇူးရှင်အား ကျေးစွပ်သောသူများကို ''အရိပ်နေနေ အခက်ချိုးချိုး''ဟူ၍ လည်းကောင်း၊ ''သားရေပေါ်အိပ် သားရေနှားစား''ဟူ၍ လည်းကောင်း၊ တစ်တစ်ခွခွ ရှုတ်ချပစ်တင်ခဲ့ကြပါသည်။

'သေရွာပြန်'ဝတ္ထုသည် ထိုကဲ့သို့ အရိပ်နေပြီး အခက်ချိုးခဲ့သူတစ်ယောက်၏ အကြောင်းဖြစ်၍ အခက်ချိုးရန် လက်ယားနေသူတို့အားသတိပေးထားခြင်း ဖြစ်ပါသည်။

စကားအရာ အင်္ဂါလေးတန်အခန်းမှ ဝတ္ထုတစ်ပုဒ်ထဲ၌ မိတ်ဆွေအပေါ်ပြစ်မှားသော မကောင်းမှုမှာ မကောင်းမှုဟူသမျှတွင် အဆိုးဆုံးဖြစ်ကြောင်း ပြောဆိုထားပါသည်။ မိတ်ဆွေအပေါ် ပြစ်မှားခြင်းဟူသည်မှာကျေးဇူးရှင်ကိုကျေးစွပ်ခြင်းသာဖြစ်ပေရာ ထိုကဲ့သို့ အဆိုးဝါးဆုံးဖြစ်မှုကြီးကို ရှောင်ရှားနိုင်ကြစေရန် 'ကျေးစွပ်သူများ' ငယ်သူငယ်ချင်း

သုံးယောက်ရှိလေသည့် ဝတ္ထုများဖြင့် ထပ်ဆင့် အားဖြည့် ပေးလိုက်ရပါသည်။

ပေါင်းသင်းဆက်ဆံ နည်းလမ်းမှန်ကို အသုံးချနိုင်ကြရေးအတွက် ဆောင်သင့် ရှောင်သင့်သော အချက်များ ပြဆိုထားသော စံပြဝတ္ထု (၁၅)ပုဒ်ကို စုစည်းတင်ပြလိုက်ပါသည်။

## တန်ရာတန်ကြေး

သက်တူရွယ်မျှဖြစ်ကုန်သော သူဌေးသား လေးယောက်တို့သည် အတူတကွ မြို့ပြင်ဘက်သို့ ထွက်လာကြကုန်လျက်လမ်းနှင့်မနီးမဝေးမှာပင် ထွေရာလေးပါး ပြောဆိုကြ၏။

ထိုအခိုက်တွင် တောလိုက်မုဆိုးကြီးတစ်ဦးသည် ရလာသမျှသော အမဲများကို လှည်းတစ်စီးဖြင့် အပြည့်တင်ကာ မြို့တွင်းသို့ ရှေးရှုမောင်းလာလေ၏။ ဤတွင် ပထမသူဌေးသားက ''ဟေ့-ကိုယ့်လူတို့၊ အဲဟိုမုဆိုးကြီးဆီမှာ ငါအမဲသားသွားတောင်းချေဦးမယ်''ဟု သူငယ်ချင်း သုံးယောက်တို့အား ပြောဆိုခဲ့ကာ အမဲလှည်းနား မယောင်မလည်ကပ်လာပြီး–

''ဟေ့-မုဆိုးကြီး၊ ငါ့ကို အမဲတုံးပေးစမ်း''ဟု ဆို၏။

မုဆိုးကြီးသည် သူဌေးသား၏ မချေမငံ ဆက်ဆံပြောဆိုပုံကိုမနှစ်မြို့က်လှသဖြင့် ဘာကိုမျှမပေးဘဲနေမည်ဟုရည်ရွယ်လိုက်ပြီးမှ- 'သူ့စကားနှင့် ထိုက်တန်ရာကိုတော့ ပေးဦးမှပါလေ'ဟု တွေးတောမိလာကာ–

●ပယ်ဦး၊ ၀၇၈၀

''မောင်ရင်၊မောင်ရင်ဟာငါ့ဆီကအမဲတုံးကို လိုချင်လို့လဲတောင်းလာသေးရဲ့။ မောင်ရင့်စကားဟာ အသားလဲမပါ၊ အသွေးလဲ မရှိတဲ့ အမဲရွတ်နဲ့တူလှချေရဲ့။ ဒီတော့ ကျုပ်ကလဲ ဟောဒါတွေ ပေးရမှာပေါ့''

ပြောပြောဆိုဆို အရွတ်တစ်တွဲစာကို ခုတ်ထစ် ဖြတ်တောက်ကာ သူဌေးသားထံ ပစ်၍ပေးလိုက်၏။

အရွတ်တွဲကြီးကိုရှုံ့ရှုံ့မဲ့မဲ့နှင့် ဆွဲလာရလေသူပထမသူဌေးသားအား ကျန်လူများက အဖြစ်အပျက် မေး၍သိကြရလျှင် ဒုတိယ သူဌေးသားက ''ဒီလိုဆို ငါလဲ တစ်မျိုးဟစ်မည်ပြောပြီး တောင်းချေဦးမယ်''ဟုဆိုကာ မုဆိုးကြီးထံသို့ ချဉ်းကပ်လာလျက်....

''အစ်ကိုကြီး၊ ကျွန်တော့်ကို အမဲတုံးပေးပါဗျာ''

မုဆိုးကြီးက ''အင်း-လောကမှာ ကိုယ်ဆိုတဲ့စကားလုံးကို အစ်ကိုကြီးလို့ ပြောရိုးထုံးစံရှိပေတာပဲ။ ဒီတော့မောင်ရင့်စကားကလဲကိုယ်ထည်နဲ့ တူပေတာပေါ့။ ဒါကြောင့် ဟောဒါကို ယူပေဟော့ဗျား''

အသားများရာ ကိုယ်တစ်နေရာမှ ခုတ်ပေးလိုက်သည့် အမဲသားတုံးကြီးကို ဝမ်းပန်းတသာ ယူလာလေသော သူဌေးသားအားကျန်လူများက မေးမြန်း၍ အကျိုးအကြောင်း သိပြန်သော် တတိယ သူဌေးသားက ''ဒီလိုဆို ငါလဲတစ်မျိုးတစ်ဖုံပြောပြီးတောင်းချေဦးမယ်''ဟု ဆိုကာ....

''အဘရယ်၊ ကျွန်တော့်ကို အမဲတုံးပေးပါနော်''

''အင်း-အဘရယ်လို့ ဆိုလိုက်တဲ့သားငယ်လေးဟာ ဖခင်ရဲ့ နှလုံးအိမ်ကို တုန်လှုပ်စေနိုင်စွမ်းရှိပါပေ့ကွယ်။ ဒီတော့ ဟောဒါတွေ ယူပေတော့ဗျား''

မုဆိုးကြီးပေးလိုက်သော နှလုံးသားနှင့် အမဲတုံးကို တစ်ဖက် တစ်ချက်မှဆွဲကာ အားရဝမ်းသာ ပြန်လာသော သူဌေးသားအား စတုတ္ထသူဌေးသားက မေးကြည့်၍ သိပြန်သော်''ဒီလိုဆို ငါလဲ တစ်နည်းတစ်ဖုံပြောပြီး တောင်းချေဦးမယ်ကွာ''ဟုဆိုကာ....

''ချစ်ဆွေရယ်၊ ကျွန်တော့်ကို အမဲတုံးပေးပါနော်''

မုဆိုးကြီးက''အင်း–ချစ်မိတ်ဆွေမရှိတဲ့ တစ်ကောင်ကြွက်ဟာ ရွာထဲမှာနေပေမယ့်သူ့အဖို့မှာတော့ တောအထီးပါပဲ။မောင်ရင့်စကားကဖြင့် ရှိသမျှတစ်ကိုယ်လုံးနဲ့ပဲ တူလိုက်ပါဘိကွယ်။ ဒီတော့ကွာ ကဲဟော့ ဟောဒီ တစ်လှည်းလုံးသာ ယူပေတော့မောင်ရေ''

လှည်းနှင့်တကွ အမဲရှိသမျှကို စတုတ္ထသူဌေးသားအား ပေးလိုက်တော့၏။ သူဌေးသားသည် မုဆိုးကြီးအား အမဲလှည်းကို မောင်းလာစေလျက် အိမ်ပေါ်မှာတင်၍ တရိုတသေ ပြုစုလုပ်ကျွေးလေ၏။ ထို့နောက် မုဆိုးကြီးသားမယားများကိုပါ ခေါ်လာစေ၍ ချမ်းသာစွာ သဘောရှိနေထိုင်စေလေ၏။

မုဆိုးကြီးမိသားစုနှင့်သူဌေးသားတို့သည် တစ်သက်ပန်လုံး အဖွဲ့အထုံးကို မဖျက်ကြမူ၍ သင့်မြတ်ချစ်ကြင်နာစွာ အတူတကွ နေထိုင်ကြလေသည်။

(စတုက္ကနိပါတ်၊ သဗ္ဗမံသလာဘ ဇာတ်)

**သဗ္ဗမံသလာဘဇာတ်၊ စတုက္ကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| မုဆိုး | = | အရှင်မဟာသာရိပုတ္တရာ။ |
| အမဲသားအားလုံးရသောသူဌေးသား | = | မြတ်စွာဘုရား။ |

## ပုတ်သင်ညို ကယ်ပေလို့

ရစၥာအမည်ရှိသော သစ်ပင်ကြီးသည် မင်းဥယျာဉ်တော်ကြီးတစ်ခုလုံးကို လွှမ်းမိုးလျက်ရှိ၏။ လုံးဝန်း ဖြောင့်တန်းသော ပင်စည်တွင် အခက်အလက်များ ဝေဝေစည်၍နေ၏။ ဘုရင်ကိုယ်တော်တိုင်က မင်္ဂလာရှိသော သစ်ပင်ကြီးအဖြစ် သတ်မှတ်ကာ မင်္ဂလာကျောက်ဖျာနှင့်တကွ တွဲဖက်၍ထား၏။ မင်းဥယျာဉ်တော်ကြီးတစ်ခုလုံးအတွက် ကျက်သရေဆောင် အပင်ကြီး ဖြစ်သည်ဟုပင် ဆိုရပေမည်။

ကျက်သရေဆောင်အပင်ကြီးတွင် ဘုန်းတန်ခိုးနှင့်ပြည့်စုံသော ရုက္ခစိုးနတ်တစ်ပါးက ကြီးစိုးလာ၏။ ခက်လက်ဝေစည်သော ဘုံနန်းဗိမာန်ကြီးတွင် သားမယားများနှင့်တကွ သိုက်သိုက်မြိုက်မြိုက် စံစားရ၏။ ထူးမြတ်သော ဘုံဗိမာန်ရှင်ကြီးဖြစ်၍ ပတ်ဝန်းကျင်သစ်ပင်များမှ ရုက္ခစိုးနတ်တို့၏ အထင်ကြီးခံရ၏။ သူ့ဘုံဗိမာန်သို့ တအံ့တသြကြည့်ရှုရင်း ချီးမွမ်းရင်း ရောက်လာကြသည်မှာ နေ့စဉ်နှင့်အမျှ ဖြစ်လေသည်။

နတ်အမျိုးမျိုးတို့ဝင်လာမစဲဖြစ်နေသော ထိုသစ်ပင်ကြီးသို့ တစ်နေ့သော အခါ ဘုရင့်လက်သမားများလည်း ရောက်ရှိလာကြ၏။ နန်းတော်

ပြာသာဒ်ဆောင်မှအဓိက တိုင်တစ်လုံးဆွေးမြည့်ခဲ့၍ အသစ်လဲရန်ရှိလာရာတွင် ထိုသစ်ပင်ကြီးကို သူတို့သဘောတွေ့ကြ၏။ သို့ရာတွင် ဘုရင်ကိုယ်တိုင်က အမြတ်တနိုးထားသည်မို့ မခုတ်ရဲကြဘဲ နန်းတော်ဝင်၍ အကျိုးအကြောင်း တင်လျှောက်ကြ၏။ ဘုရင်ကလည်း ပြာသာဒ်ဆောင်က ပို၍ အရေးကြီးသည်မို့ မင်္ဂလာသစ်ပင်ကို ခုတ်လှဲ၍ အသုံးပြုရန် အမိန့်ပေးလိုက်လေသည်။

မိတ်ဆွေနတ်များ အလယ်၌ တင့်တယ်ထယ်ဝါစွာ ပြုံးပန်းပွင့်ခဲ့သော ရုစာနတ်ကြီးသည် ထိုနေ့မှာကား ဟန်မဆောင်နိုင်အောင် မဲ့နေရ၏။ အကြည့်အရှုလာကြသောနတ်မိတ်ဆွေအပေါင်းမှာလည်း ဘယ်လိုမှ မကြံစည်တတ်ကြသဖြင့် သူ့ကိုသာ ဝိုင်းဖက်၍ ငိုနေကြရ၏။ ရုစာ သစ်ပင်ကြီးကို နက်ဖြန်ဆိုလျှင် မင်းမိန့်ဖြင့် ခုတ်လှဲကြတော့မည်။ ထုံးတမ်းစဉ်လာ ရှိသည့်အတိုင်း ပူဇော် ပသဖွယ်များဖြင့် ပူဇော် ထားခဲ့ကြပြီ။ သည်ဗိမာန်ကြီးသာ လဲကျပျက်စီးသွားပါလျှင် သားသမီး တစ်ပြုံကြီးနှင့် ဘယ်မှာသွား၍ ခိုရပါမည်နည်း။

အိမ်သည်ရော ဧည့်သည်တွေပါ ချိမ့်ချိမ့်မွမ်းအောင် ငိုနေကြစဉ်တွင် နောက်ထပ် ဧည့်သည်ရောက်၍လာ၏။ ထိုနတ်မှာ ဗိမာန်ရှင်ကို ထား၍ ရောက်နှင့်ပြီး ဧည့်သည်တို့၏ ခြေဖျားကိုပင် မမီပေ။ ဘုန်းတန်ခိုး အရှိန်အဝါ နည်းပါးလှဖြင့် သမန်းမြက်ဖုတ်ကို ဗိမာန်ပြု၍ နေရသူ ဖြစ်လေသည်။

အနေစုတ်၍ တန်ခိုးနုပ်သော်လည်း သမန်းမြက်ဖုတ်နတ်မှာ ရုစာနတ်ကြီး၏ ချစ်ကျွမ်းဝင်သူဖြစ်၏။ ရုစာနတ်ကြီးကလည်း ရောက်လာသည်ဆိုလျှင် မရှိ ရှိတာချကျွေး၍ တန်းတူရည်တူဆက်ဆံခဲ့၏။ သို့ရာတွင် ထိုနေ့မှာတော့ ရုစာနတ်ကြီးသည် သူ့ကို ဆီး၍ နှုတ်မဆက်နိုင်။ ဟိုမှာထိုင်ပါ။ သည်ဟာစားပါဟု လောကွတ်မလုပ်နိုင်။ သူ့ကလေးတွေကို ဖက်ရင်း ငိုမြဲငိုနေ၏။ သမန်းမြက်ဖုတ်နတ်က မေးသဖြင့် ဧည့်သည် နတ်များက အကျိုးအကြောင်းပြောကြ၏။ သို့သော် သူတို့ပြောပြပုံမှာ ဝတ်ကျေ တန်းကျေ မျှသာဖြစ်၏။ တန်ခိုးကြီးများပင် မတားဆီး နိုင်သော ဤအရေးအခင်းမှာ သမန်းမြက်ဖုတ် နတ်စုတ်ကလေးက ဘာများ တတ်နိုင်မှာနည်းဟု အချင်းချင်းတီးတိုးစကား ဆိုကြ၏။

သို့သော် ''အသွင်စုတ်ပေမယ့် ရွှေထုပ်တဲ့ မြပုဝါ'' ဆိုသော စကားကို သူတို့တစ်တွေ သတိမမူမိ၍သာဖြစ်၏။ တန်ခိုးနုပ်၍ သမန်းမြက်

ဖုတ်မှာ စံမြန်းရသော်လည်း နတ်ကလေး၏ ကြံရည်ဖန်ရည်ကား မသေး နုပ်ပေ။ ထို့ကြောင့် ရုစာနတ်ကြီးဆီသို့ တိုက်ရိုက်ဝင်၍ နှုတ်ဆက်ကာ ''သစ်ပင်ကြီး မခုတ်လှဲစေရဘူး၊ စိတ်သာချနေ'' ဟု ရဲရဲကြီး အာမခံ လိုက်၏။

''နေပါဦး ကိုသမန်းမြက်ဖုတ်ရဲ့၊ တို့တစ်တွေ လက်မှိုင်ချနေရတဲ့ ကိစ္စကြီးကို မင်းက ဘယ်လိုတားဆီးမှာတဲ့လဲ''

ညှော်သည်နတ်များက အထင်သေးစွာ မေးစစ်ကြ၏။

''ကျုပ်စွမ်းဆောင်ချက် ဘယ့်နှယ်နေတယ်ဆိုတာ နက်ဖြန်ကျ တော့ လာကြည့်ကြတာပေါ့ဗျာ''

မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် လာကြည့်ကြသော နတ်များသည် နောက်နေ့၌ သမန်းမြက်ဖုတ်နတ်၏စွမ်းဆောင်ချက်ကို တစ်ခဲနက် ဩဘာ ပေးကြရပေသည်။

လွှတွေ၊ ပုဆိန်တွေ အစုံအလင်ဖြင့် လက်သမားများ ရောက်လာ ကြလျှင် ပုတ်သင်ညိုတစ်ကောင်သည် ရုတ်တရက် ပေါ်ပေါက်လာ၏။ လက်သမားတို့ရှေ့မှ ယက်ကန်ယက်ကန်သွားကာ ရုစာ သစ်ပင်ကြီး၏ အမြစ်ကြားသို့တိုးဝင်ပျောက်ကွယ်ကာပင်စည်အလယ်ပိုင်းတွင်အပေါက် သဖွယ်ပြု၍ ထွက်လာကာ ခေါင်းဆတ်ပြနေလေသည်။

ယမန်နေ့ကလုံးဝစင်းချောသစ်ပင်အဖြစ်အသုံးပြုရန်တင်လျှောက် ခဲ့ကြ၏။ ယနေ့မှ အခေါင်းရှိနေတာကို တွေ့ရသဖြင့် လက်သမားများမှာ ကိုယ့်မျက်စိကိုမှ ကိုယ်မယုံနိုင်အောင် ဖြစ်ကြရ၏။ သို့သော် ပုတ်သင်ညို တစ်ကောင်လုံး ချောင်ချောင်ချိချိ ဝင်နိုင်ထွက်နိုင်နေမှတော့ သည်သစ်ပင် သုံးမရတော့ပြီ။

ဤသို့ဖြင့် လက်သမားများ ပြန်သွားကြလျှင် ပုတ်သင်ညိုယောင် ဆောင်နေသောသမန်းမြက်ဖုတ်နတ်သည် နတ်ဘဝသို့ ပြန်၍လာ၏။ ရုစာ နတ်ကြီးသည် သမန်းမြက်ဖုတ်နတ်ကလေးကို ဆီးကြိုဖက်ယမ်းလျက်....

''အဆွေနတ်ကြီးတို့၊ ကျုပ်တို့တစ်တွေဟာ ဘုန်းရှင်တန်ခိုးရှင်ကြီး တွေ ဖြစ်ပါသော်လဲ ဒီလို အကြံမထုတ်တတ်ကြပေဘူး၊ ဟောဒီ ဉာဏ်ကြီး ရှင် ကလေးကြောင့်သာ ဥမကွဲသိုက်မပျက် နေရပါပေတယ်။ ဒါကြောင့်

မိတ်ဆွေဆိုတာဟာအရေးကြုံလျှင် ကူညီစောင့်ရှောက်နိုင်တာသာ ပဓာန ပါ။ အဆင့်အတန်းတွေ ဘုန်းတန်ခိုးတွေက ပဓာနမဟုတ်ပါဘူး'' ဟု ဝမ်းပန်းတသာ ပြောပြလေသည်။

(ကေနိပါတ်၊ ကုသနာဠိ ဇာတ်)

### ကုသနာဠိဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ရုစာနတ်ကြီး | = | အရှင်အာနန္ဒာ။ |
| သမန်းမြက်ဖုတ်နတ်ကလေး | = | မြတ်စွာဘုရား။ |

## သားချင်းဆွေမျိုး မိတ်ဆွေနှင့် အပေါင်းအသင်း

ခြင်္သေ့ကြီးနှင့် သူ့မိတ်ဆွေမြွေခွေးတို့ ဂူဝမှထွက်သွားကြပြီဆိုလျှင် ခြင်္သေ့မကြီးသည် ကပ်လျက်ရှိသော ဂူငယ်တစ်ခုဆီသို့လှမ်း၍ မျက်စောင်းထိုးတတ်၏။ သူ့မျက်စောင်းဒဏ်ကို ကြိမ်ဖန်များစွာ ခံလာရပြီးသော မြွေခွေးမကလည်း ဂူငယ်ကလေးထဲမှအသာထွက်ကာ သားငယ်ကလေးများထံ ပြေးသွားရပေတော့သည်။

''လာကြကွယ် သားတို့ သမီးတို့၊ ဒီမှာကစားမယ့်အစား အမေတို့ ဂူထဲကျမှ အမေနဲ့ ကစားရအောင်နော်''

ကွင်းပြင်ထဲမှာ ပျော်ပျော်ပါးပါး အဖော်များနှင့်ကစားနေကြသော သားငယ် သမီးငယ်ကလေးများကို ပြေး၍ ခေါ်လိုက်ရ၏။ သို့ရာတွင် မြွေခွေးငယ်ကလေးများကတော့မိခင်ခေါ်ရာမလိုက်လာချင်ကြပေ။ ကလေးပီပီ အကစားလည်းမက်ကြ၏။ အဖော်ကိုလည်း ခင်တွယ်ကြ၏။ သို့ဖြစ်၍ အမေခေါ်ရာ မလိုက်ပါဘဲ ပေကပ်ကပ်လုပ်နေကြရာ မိခင် မြွေခွေးမက သူတို့လည်ကုပ်ကို မနာကျင်အောင် ကိုက်ဆွဲ၍ ခေါ်ယူခဲ့ရပေတော့သည်။

စပယ်ဦး၊ စ၁၆ပ

ဤသို့ မြေခွေးမက သူ့သားသမီးလေးတွေ ပြန်သိမ်းသွားသည် တိုင်အောင် ခြင်္သေ့မကြီးကတော့ ဘာ ဝင်မကျ နိုင် သေးပါ။ အင်မတန် အောက်တန်းကျလှစွာသော မြေခွေးငယ်ကလေးများကို အဖက်လုပ်ကာ ပျော်ပျော် ပါးပါး ကစားခဲ့ကြသော ခြင်္သေ့ငယ်ကလေးများ အတွက် ရင်လေးနေရ၏။ ထို့ထက်ပို၍ ဆိုးသည်ကတော့ မိမိတို့ အိမ်ထောင်ဦးစီး ခြင်္သေ့ကြီး ကိုယ်တိုင်က မြေခွေးမိသားစုကို အရေးစိုက်လွန်း၍ပင် ဖြစ် ပေသည်။

သူတို့ကို အရေးတယူပြုမူရာတွင်မြေခွေးဖိုနှင့်ကလေးများအတွက် သာဆိုပါက မဆိုးလှသေးပါ။ ကလေးတို့အမေ မြေခွေးမနှင့် တရင်း တနှီးဆက်ဆံခြင်းကိုတော့ မျက်စိစပါးမွေး စူးလှပေသည်။ ခြင်္သေ့ကြီးနှင့် မြေခွေးမတို့ အရွယ်ပမာဏချင်း ကွာခြားလှသော်လည်း ဖိုမသဘာဝက ရှိနေသေးသည်။ သို့ဖြစ်၍ မြေခွေးမကိုမြင်ရတိုင်း ခြင်္သေ့မကြီးမှာ မနာလို ဝန်တိုဖြစ်နေရပေသည်။

မြေခွေးမကို မလိုစိတ်ဖြစ်ပွားနေသော်ငြားလည်း ခြင်္သေ့ကြီးရှိနေ စဉ်မှာတော့ သူမည်သို့မျှ မလှုပ်ရှားရပါ။ အိမ်ထောင်ဦးစီးဖြစ်သူကိုယ် တိုင်က ဟိုတစ်ဖက်ကို အလေးသာနေလေတော့ မိမိဘက်ကသာ ကြိတ် မှိတ်၍ နေခဲ့ရ၏။ ယခုတော့ အိမ်ထောင်ဦးစီးကြီး မျက်နှာလွှဲသွားပြီမို့ စိတ်သွားတိုင်း ကိုယ်ပါနိုင်ပေပြီ။

ထို့ကြောင့်ပင် မြေခွေးမကလည်း ခြင်္သေ့ကလေးများနှင့်ကစား နေသော မိမိကလေးများကို အတင်းအကြပ် ဆွဲထုတ် လာခဲ့ချင်း ဖြစ် ပေလည်။

× × ×

ခြင်္သေ့ကြီးနှင့်မြေခွေးဖိုတို့သည် ရရှိလာသော အမဲကောင်ကိုခွဲဝေ မျှတကာ ကိုက်ချီလာကြပြီးလျှင် ရေကန်နဘေးရှိမြက်ခင်းပေါ်၌ အသာ ချထားလိုက်ကြ၏။ အေးမြကြည်လင်လှသော ကန်ရေကို အားပါးတရ သောက်လိုက်ကြ၏။ ခြင်္သေ့ကြီးဖမ်းယူကိုက်သတ်ထားသောသားကောင်မှ ဆူနိုးရာရာ အသားများကိုရွေးကာ တဝကြီး စားထားခဲ့ကြသဖြင့် ရေ သောက်၍ တင်းမတိမ်နိုင်အောင် ရှိကြလေသည်။

အစာရေစာရပါ ပြည့်ကျပ်စွာသိုလှောင်ထားသော ဗိုက်ကြီးများ ကို အားနာသဖြင့် အရွယ်အစားရော အင်အားပါ ကွာခြားလှသောမိတ် ဆွေနှစ်ဦးတို့သည် ကန်ဘောင်ရိုးက မြက်ခင်းပေါ်မှာ ခေတ္တခဏ မှေး

စက်၍ အနားယူလိုက်ကြ၏။ အတန်ငယ် မှေးစက်လိုက်ရ၍ သက်သောင့် သက်သာရှိလာသဖြင့် ခြသေ့်ကြီးက ခရီးဆက်ရန် ဟန်ပြင်လိုက်ရာ....

''အို–သခင် ကျွန်တော် စကားတစ်ခွန်းလောက် ပြောပါရစေ''

''ဘာများလဲကွ မောင်မြွေခွေးရ။ ပြောချင်တာရှိ ပြောချလိုက်ရောပေါ့။ စကားပလ္လင်တွေ ဘာတွေများ ခံနေရသေးတယ်''

မဝံ့မရဲနှင့်စကားစလာသော မြွေခွေးဖိုအား ခြသေ့်ကြီးက တရင်းတနှီး တုံ့ပြန်လိုက်၏။ သို့ရာတွင် မြွေခွေးကတော့ ခါတိုင်းလို ရွှင်ရွှင်ပျပျဖြစ်မလာသေးဘဲ....

''စကားပလ္လင်ခံရတာကတော့အန္တရာယ်မကင်းလောက်တဲ့စကားဖြစ်နေလို့ပါ အရှင်ခြသေ့်မင်း''

''ဟော့–ဒီနေ့ကျမှထူးခြားလှချေလားကွ။နေစမ်းပါဦး၊အန္တရာယ် မကင်းလောက်ဘူးဆိုတာက ဘယ်လိုစကားမို့လဲ။ ဘယ်သူနဲ့များပတ်သက်နေလို့လဲ''

''သူများနဲ့မဟုတ်ပါဘူး အရှင်ခြသေ့်မင်း။ အရှင်ခြသေ့်မင်းကိုယ်တိုင်နဲ့ ပတ်သက်နေပါတယ်''

''ဩ – လက်စသတ်တော့ ငါကိုယ်တိုင်နဲ့ ပတ်သက်နေတယ်ပေါ့။ ကဲ–ဆိုစမ်း။ ဘယ်အရေး ဘယ်ကိစ္စပါလိမ့်''

''အရှင်ခြသေ့်မင်းဟာ ကျွန်တော်တို့မိသားစုကို ဆွေမျိုးရင်းချာလို ဆက်ဆံလာခဲ့ပါတယ်။ ဒါပေမယ့်လို့ အရင်းခံကိုပြန်ကြည့်လိုက်မယ်ဆိုရင်တော့ အရှင်ခြသေ့်မင်းတို့ဟာ ဘာမဆို ဆုံးဖြတ်ပိုင်ခွင့်၊စီရင်ပိုင်ခွင့်ရှိကြတဲ့အရှင်သခင်များ ဖြစ်ကြပါတယ်။ ကျွန်တော်တို့ကတော့ အရှင်သခင်များ ဆုံးဖြတ်တိုင်း စီရင်တိုင်း ခံယူရမယ့် ကျေးကျွန်များ ဖြစ်ပါတယ်။ အရှင်သခင်ဆိုတာ ကိုယ့်လက်အောက်က ကျေးကျွန်ကို ကြိုက်တဲ့လမ်းကို လက်ညှိုးညွှန်ပြီးတော့ 'ဒီလမ်းကထွက်စေ'လို့ နှင်လိုက်ရင် တစ်ခွန်းထဲနဲ့ ပြီးပါတယ်။ အခုတော့ ဒီလို အတိအလင်း နှင်ထုတ်မပစ်ဘဲနဲ့ ပညာရှိနှိပ်စက်နေတာကတော့....''

''ဟော့-ငါက ဘာတွေများနှိပ်စက်ခဲ့လို့လဲ''

''သည်းခံပါ အရှင်ခြင်္သေ့မင်း၊ ကျွန်တော်စကားမပြည့်မစုံ ဖြစ်သွားလို့ပါ။ အရှင်ခြင်္သေ့မင်းက မနှိပ်စက်ပေမယ့် အရှင်မကြီးကတော့ ကျွန်တော့် မိသားစုကို ခြိမ်းခြောက်ပါတယ်။ ကျွန်တော်တို့ ဂူဝက ထွက်သွားတယ်ဆိုရင်ဘဲ အရှင်မကြီးက ကျွန်တော့်သားမယားတွေ နေစရာမရှိအောင် ကြိမ်းမောင်းပါသတဲ့။ အမေကြီးရဲ့ ပယောဂကြောင့် အရှင့်ကလေးတွေကတောင် ကျွန်တော့်ကလေးတွေကို ရိုက်မောင်း ပုတ်မောင်း လုပ်လာပါသတဲ့''

''အေး-ဒါတွေ ဖြစ်လိမ့်မယ်လို့ ငါလုံးဝမထင်ခဲ့ဘူး။ ဒါပေမယ့် မဖြစ်ပါဘူးလို့တော့ ငါမငြင်းရဲဘူး။ ထားပါတော့၊ခြင်္သေ့မက အဲ့သလို လုပ်တာနဲ့ပဲ ငါနဲ့ သက်ဆိုင်လာရော့လား''

''ပတ်သက်ကောင်း ပတ်သက်နေမလားလို့ပါ အရှင်ခြင်္သေ့မင်း''

''အင်း-ဒီစကား ဒီနားမှာ ဆက်ပြောနေရင် အန္တရာယ်မကင်းဘူး ဟေ့။ လာကွာ၊ ဂူထဲမှာ ဖြေရှင်းကြစို့''

\+ + +

''ခက်တယ်ကွာ။ သိပ်ခက်တာပဲ။ မင်းတို့လုပ်လိုက်မှဖြင့် အရာနဲ့ အကြောင်းကြောင်း ချည့်ပဲ''

ခြင်္သေ့ကြီးက ကြိတ်မနိုင် ခဲမရ ရေရွတ်ရင်း လူးလာ တုံ့ခေါက် လမ်းလျှောက်နေ၏။ ခြင်္သေ့မကြီးကတော့ ခြင်္သေ့ကြီး၏ ကြိမ်းမောင်းသံကို နာခံရင်း မျက်နှာအောက်ချ၍ထားရ၏။ မနေ့ကဖြစ်ပွားခဲ့သော ကိစ္စနှင့် ပတ်သက်၍ ခြင်္သေ့ကြီး၏ မေးစစ်ချက်များကို မကွယ်မထောင့်ဘဲ ဖြောင့်ချက် ပေးလိုက်ရသည့်တိုင်အောင် သူ့ဘက်က အပြစ်မရှိဟူ၍ကား ယူဆထားလျက်ပင် ရှိပါသေးသည်။ သို့ဖြစ်၍....

''ဒါကတော့ မီးဆိုတာမလောင်ခင်က တားထားမှတော်ကာကျမယ်လေ။ လောင်ပြီးမှဆိုတော့ ကျွန်မ ကလေးတွေ ဘယ်သူ့အရိပ်သွားခိုရမှာလဲ''

လင်ဖြစ်သူကို ရိုသေကြောက်ရွံ့သည့်ကြားကပင် အားတင်း၍ပြော လိုက်ရသေး၏။

''အေး—အဲ့ဒါကမှ အခက်တကာ့ အခက်ဆုံးပဲကွ။မင်းစိတ်ထဲမှာ ဒီလို သံသယတစ်စက် ဝင်စွက်လာမှတော့တို့အိမ်ထောင်သာယာဖို့မလွယ်

တော့ဘူး။ ကဲ-ဒီတော့ သူတို့မိသားစုကို ခုလိုဘာကြောင့် ဂရုတစိုက် ကြည့်ရှုစောင့်ရှောက်ထားရသလဲဆိုတာ ထုတ်ပြောရတော့မှာပေါ့။ ဟို-လွန်ခဲ့တဲ့ တစ်နှစ်လောက်တုန်းကအစာရှာထွက်ရာက ငါ့အပြန်နောက်ကျခဲ့တာကော သတိထားမိရဲ့လား''

''ထားခဲ့မိပါတယ် သခင်။ အဲဒီနေ့က ကျွန်မရော၊ ကလေးတွေရော ငိုလိုက်ရတာ မောလို့ပါပဲ''

''အေး-မင်းတို့က ငိုရလို့မော။ ငါ့မှာတော့ သေငယ်ဇောနဲ့ မြောမတတ်ပဲ။ အဲဒီနေ့က တောင်ခြေက အိုင်တစ်ခုဘေးမှာ သမင်လေး တစ်ကောင် အစာစားနေတာ လှမ်းမြင်လိုက်ရတယ်။ နုနုဖတ်ဖတ် ဝဝစိုစိုသမင်ပျိုကလေး မြင်လိုက်ရတယ်ဆိုရင်ပဲ ငါဟာတောင်ပေါ်ကပြေးဆင်းပြီး၊ တစ်ခါတည်း ခုန်အုပ်ချလိုက်တယ်။ ဒါပေမယ့် သမင်ကလေးက သတိနဲ့နေတာဆိုတော့ လွတ်အောင် ရှောင်ထွက်သွားနိုင်တယ်။ ငါ့မှာသာကိုယ့်အရှိန် ကိုယ့်ဘာသာ မသတ်နိုင်လို့ ရွံ့ထဲကို ခြေလေးချောင်းလုံး စိုက်ဝင်သွားရတယ်။

''တကယ်တော့ဖြင့် အဲ့ဒီမြေဟာ အပေါ်ယံကလေးမှာသာ တင်းပြီး မြက်တွေပေါက်နေတယ်။ အောက်မှာကတော့ ရွံ့ဗွက်ကြီးပဲ။ တော်ရုံတန်ရုံ သတ္တဝါတွေ အနင်းခံနေနိုင်တဲ့ အဲဒီမြေဟာ ငါလို အရှိန်အဟုန်နဲ့ ခုန်ချလိုက်တဲ့ အလေးဒဏ်ကိုတော့ မခံနိုင်ဘူးပေါ့။

''ဒီတော့ ခြေလေးချောင်းလုံးအဆုံးအထိအချုပ်အနှောင်ခံလိုက်ရတဲ့ ငါဟာ လုံးဝမလှုပ်ရှားနိုင်အောင် ဖြစ်ရတော့တယ်။ အဲဒီတုန်းက အချိန်ကလဲမွန်းတည့်ချိန်ဆိုတော့နေမင်းကရက်ရက်စက်စက်ကြီးပူတယ်။ နေပူလေ ရေငတ်လေ။ ရေငတ်လို့ရုန်းကြည့်လေ၊ ပိုနစ်သွားလေ။ အဲ့သလို မလှုပ်ရှားနိုင်တာကို အခွင့်ကောင်းယူပြီးတော့ မှက်တွေ၊ ခြင်တွေ၊ ပုရွက်ဆိတ်တွေကလဲ ကိုက်လိုက်ကြတာ။ တကယ့် အသေကောင်ကြီး ကိုက်ရတဲ့အတိုင်းပဲ။

''ဒီလိုနဲ့ တစ်နေ့လယ်လုံး အတိဒုက္ခခံစားနေရာက ညနေခင်းရောက်ခါမှ ကယ်မယ့်သူ ပေါ်လာတော့တယ်။ သူဟာ စစချင်းငါ့ကိုမြင်လိုက်တော့ ကြောက်ပြီး နောက်ပြန်ပြေးတယ်။ အဲ့ဒီမှာ ငါက သူ့ကိုလှမ်းခေါ်ရတယ်၊ ချိုချိုသာသာ လှမ်းခေါ်ပြီးမှ ဘယ်နည်းနဲ့မှ ရန်မပြုမယ့်အကြောင်း ကောင်းကောင်း ကတိပေးပြီး ငါ့ကို ကယ်တင်ဖို့ တောင်းပန်ရတယ်။

''ဒီတော့မှ သူက ''ကောင်းပါပြီ အရှင်ခြင်္သေ့မင်း''လို့ ဆိုပြီးရေ စပ်ကနေပြီးတော့ ငါ့ခြေထောက်တွေဆီ ရောက်အောင် မြောင်းဖောက် တယ်။ မြောင်းထဲကစီးလာတဲ့ ရေနဲ့ငါ့ခြေထောက်တွေ့ပတ်လည်ကရွံ့မြေ ကို နှူးတယ်၊ နှူးပေးလို့ တော်တော်ကြီးနူးသွားတဲ့အခါ သူဟာ ငါ့ ဗိုက်အောက် ခေါင်းထိုးပြီး''ကဲ-ကြိုးစားလိုက်စမ်း သခင်ကြီး'' ဆိုပြီး အားပေးလိုက်တယ်။ ငါကလဲ ''ကဲ-လာလေရော့ကွာ''ဆိုပြီး အားကုန် ထုတ်ပြီး ရုန်းလိုက်တာ အား-တစ်ခါတည်း လွတ်သွားတော့တာပေါ့။

''ဒီတော့မှ ငါလဲ အိုင်ထဲမှာဆင်း ရေချိုး၊ကမ်းစပ်မှာ အပန်းဖြေ၊ နောက်မှ ခါတိုင်းလို အစာရှာပြီးတော့ သူတို့မိသားစုကို အပါခေါ်လာ ခဲ့ရတာ ရှင်မရှေ့။

''ဒါကြောင့် မိတ်ဆွေဆိုတာ ဘယ်လောက်ပဲ နိမ့်ကျနေနေ၊ မိတ်ဆွေတို့ရဲ့ ကျင့်ဝတ်နဲ့သာ ပြည့်စုံမယ်ဆိုရင် သူဟာ သားချင်းလဲ ဟုတ် တယ်၊ ဆွေမျိုးလဲ ဟုတ်တယ်၊ မိတ်ဆွေလဲဟုတ်တယ်၊ အပေါင်းအသင်းလဲ ဟုတ်တယ်။ ဒါကြောင့် ငါ့မိတ်ဆွေစစ်ဖြစ်တဲ့ မြေခွေးအပေါ် ရှင်မက မထီမဲ့မြင် မပြုလိုက်ပါနဲ့''

ဤသို့ ရှင်းပြလိုက်သည့်အဆုံး၌ ခြင်္သေ့မကြီးသည် ပြုံးရွှင်သော မျက်နှာဖြင့် တစ်ဖက်ဂူသို့ လျှောက်လာခဲ့လေသည်။

(ဒုကနိပါတ်၊ ဂုဏဇာတ်)

ဂုဏဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မြေခွေး | = | အရှင်အာနန္ဒာ။ |
| ခြင်္သေ့မင်း | = | မြတ်စွာဘုရား။ |

## သုံးယောက်ပေါင်း လောင်းကျော်

ရေအိုင်ထဲက လိပ်။

ကမ်းစပ်ချုံထဲက သမင်။

ရေအိုင်အနီးက သစ်ပင်ခေါင်းဖျားမှာတော့ ခေါက်ရှာငှက်။

အမျိုးအစား ကွဲပြားသည်နှင့်အမျှ နေရာဌာန မတူကြသော ထိုသတ္တဝါ သုံးဦးတို့သည် တွေ့ဖန်မြင်ဖန် များလာသော အခါ မိတ်ဆွေရင်းချာဖြစ်လာကြလေသည်။ မိတ်ဆွေတို့၏ ချစ်ခြင်းမေတ္တာဖြင့် ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံ၍ နေကြလေသည်။

တစ်ညသောအခါတွင် သမင်သည် ချုံထဲမှထွက်၍ ခါတိုင်းလိုပင် ရေအိုင်ထဲသို့ ရေသောက်ရန် ဆင်းလာခဲ့ရာ မုဆိုးထောင်ထားခဲ့သော ကျော့ကွင်းမှာ ခြေချမိ၏။ ခြေထောက်နှင့် တစ်စုံတစ်ခု ထိလိုက်ကြောင်း သိရသည်နှင့်တစ်ပြိုင်နက် ဆတ်ခနဲ ရုန်းလိုက်ရာ ကျော့ကွင်းမှာ ပိုမို တင်းကျပ်သွားပြီး တုပ်ပြီးချည်ပြီး ဖြစ်သွားလေတော့သည်။

စပယ်ဦး ၈၇၈၉

မုဆိုး ထောင်ထားခဲ့သော ကျော့ကွင်းမှာ အလွန်ခိုင်မာလှ၏။ သားရေနွယ်ကို လွန်းတင်ကာ ခိုင်ခံ့အောင်ကျစ်ထားသဖြင့် သံလိုးကဲ့သို့ ဖြစ်နေတိ၏။ ထို့ကြောင့်သမင်သည်ကျော့ကွင်းကိုပြတ်ထွက်သွားအောင် မရုန်းနိုင်ဘဲ ကြောက်လန့်တကြား အော်လိုက်ရလေတော့သည်။

မိတ်ဆွေတစ်ယောက်မှာ အန္တရာယ်ကျရောက်နေကြောင်း သိလိုက်ရသည်နှင့်တစ်ပြိုင်နက် သစ်ပင်ထိပ်ဖျားကခေါက်ရှာငှက်သည် ဆင်းသက်လာ၏။ ရေအိုင်ထဲက လိပ်ကလည်း ကမ်းပေါ်တက်လာ၏။ ကျော့ကွင်းတိုင် နားဌ်မိတ်ဆွေသုံးဦးတို့ဆုံမိလာကြသောအခါ ခေါက်ရှာငှက်က....

"အဆွေလိပ်၊ သင့်မှာ သွားများ ရှိနေတာကြောင့် သားရေလွန်ကြိုးကို ပြတ်နိုင်သလောက်ပြတ်အောင် ကိုက်ဖြတ်ထားနှင့်ပါ။ သင်ကိုက်ဖြတ်ဖို့ အချိန်ကြာကြာရအောင်တော့ ငါက ကြိုးစားပေးပါ့မယ်"

အန္တရာယ်ကျော့ကွင်းမှ လွ‌ြမြောက်ရေး အစီအစဉ်ကို တင်ပြလေရာ လိပ်ကလည်း သဘောတူသဖြင့် ချက်ချင်းပင် ကိုက်ဖြတ်တော့၏။ ထိုအချိန်မှာပင် ခေါက်ရှာငှက်ကလည်း မုဆိုးနေထိုင်သည့် ရွာသို့ တိတ်တဆိတ် ပျံလာခဲ့လေသည်။

မုဆိုးသည် မိမိ‌ထောင်ထားခဲ့သော ကျော့ကွင်းမှာ သမင်မိနေလောက်ပြီဟု မှန်းဆကာ အိပ်ရာက စောစောကြီး ထ‌လာ၏။ သူ့လက်စွဲတော် လှံကိုဆွဲနှုတ်ကာ အရှေ့တံခါးမှထွက်လာ၏။ လမိုက်ညပင်ဖြစ်သော်ငြားလည်း ခိုးတဝါး ကြယ်ရောင်အောက်တွင် ကြောက်စရာ ကောင်းလှသော မုဆိုးကို ခေါက်ရှာငှက်က မြင်လိုက်ရ၏။ သို့ဖြစ်၍အတောင်ကိုဖြန့်းခနဲရိုက်ကာ စူးစူးရှရှအော်ဟစ်လျက် မုဆိုး၏မျက်နှာဆီသို့ တစ်ဟုန်ထိုး စိုက်ချကာ မျက်နှာကို အတောင်နှင့်ရိုက်လိုက်လေသည်။

"ဟား- တယ်ဆိုးပါလား၊ ငှက်ဆိုးရဲ့ အရိုက်အပုတ်ခံရမှတော့ အတိတ်နိမိတ် မကောင်းတော့ဘူး"

အတိတ်နိမိတ်ကို စွဲလမ်းယုံကြည်သော မုဆိုးသည် ဤသို့ ရွံ့ရှာစက်ဆုပ်စွာ ရေရွတ်လျက် အိမ်သို့ပြန်၍အိပ်၏။ အတန်ကြာ အိပ်မိသည်တွင်ကား မသွားဘဲမနေနိုင်၍ ထ‌လာပြန်ကာ အနောက်တံခါးမှ ထွက်၏။ ထိုနေရာမှာလည်း ခေါက်ရှာငှက်နှင့်တိုးမိပြန်သဖြင့် အိမ်သို့ ပြန်လာရပြန်၏။ ဤသို့ဖြင့် အရုဏ်တက်အောင် စောင့်ဆိုင်းပြီးလျှင် မိုးစင်စင်လင်းခါမှ စိတ်ချလက်ချ ထွက်လာရပေတော့သည်။

ဤအခါတွင်ကား မှောင်ရိပ်ခိုစရာ မရှိတော့သဖြင့် ခေါက်ရှာငှက်မှာ မုဆိုးကို မတိုက်ခိုက်ရဲတော့ပါ။ ရွာတံခါးဝမှ မုဆိုးကြီး ထွက်လာသည့် သကင်းကိုသာ မိတ်ဆွေများထံ အပြေးလာ၍ ပြောကြားရပေတော့သည်။

ထိုအချိန်၌လိပ်သည် သားရေလွန်ကြိုးမှ လွန်မျှင်များကိုတစ်ခုပြီး တစ်ခု ကိုက်ဖြတ်လာခဲ့ရာနောက်ဆုံးတစ်မျှင်သာ ကျန်တော့သည်။ အလွန်တရာ မာကျောလှသော သားရေလွန်ကြိုးများကို ကိုက်ဖြတ်ရသဖြင့် လိပ်သွားတွေ တစ်ပြုံလုံး ကြွေထွက်ကုန်မတတ်ဖြစ်ရ၏။ ပါးစပ်ထဲမှာလည်း သွေးနှင့်ရဲရဲဖြစ်လာ၏။ ဤတွင် သမင်သည် အားကုန်ရုန်း၍ ဖြတ်လိုက်လေရာ ကျန်နေသေးသော သားရေလွန်တစ်မျှင်သည် တောက်ခနဲ ပြတ်သွားလေတော့သည်။

တွေ့ရာသချိုင်း လုံမဆိုင်းပုံစံမျိုးဖြင့်တစ်ဟုန်ထိုး ပြေးလာခဲ့သော မုဆိုးသည် သမင်ကိုကား မမီလိုက်တော့ချေ။ သမင် လွတ်မြောက်ရေးအတွက် အားကြိုးမာန်တက်ကူညီပေးခဲ့သော လိပ်ကိုသာ တွေ့ရတော့၏။ လိပ်တို့ သဘာဝအရ အလွန် အသွားနှေးလှသည်တွင် ကိုက်ထားရသော ဒဏ်ချက်များကြောင့် ပင်ပန်းနွမ်းနယ်နေရကား ရေအိုင်ထဲသို့ အချိန်မီ မဆင်းနိုင်တော့ချေ။သို့ဖြစ်၍မုဆိုးသည်သမင်၏ ဘဏ္ဍာစားအဖြစ်လိပ်ကို အသာ ကောက်ယူကာ လွယ်အိတ်ထဲ ထည့်လိုက်၏။ထို့နောက် နီးစပ်ရာ သစ်ကိုင်းတစ်ခု၌ လွယ်အိတ်ကို ချိတ်ထားလိုက်ပြီးလျှင် သမင် သွားရာနောက်သို့ ဆက်၍ လိုက်လေသည်။

ဤတော ဤတောင်နှင့် အကျွမ်းတဝင် ဖြစ်ပြီးသော သမင်သည် မုဆိုး၏လက်မှ လွတ်မြောက်အောင် ပြေးနိုင်စွမ်းရှိပါ၏။ မုဆိုးဘက်က အရိပ်အယောင်မျှ မမြင်ရအောင် ပုန်းကွယ်နိုင်စွမ်းရှိပါ၏။ သို့ပါလျက် သူ့မှာကိုယ်လွတ်ရုန်းမထွက်သာသေးပါ။မိမိအတွက်အသက်စွန့်ရအုံဆဲဆဲ ဖြစ်နေသော လိပ်ကို မိမိက တစ်ဖန်ပြန်၍ ကယ်ဆယ်ရပါဦးမည်။

သို့ဖြစ်၍ သမင်သည် မုဆိုးနှင့်မလှမ်းမကမ်းမှ ကိုယ်ယောင်ပြကာ တောနက်ရာသို့ ဆွဲဆောင်ခေါ်ယူ၏။ သမင်ကို လက်လွတ် မခံနိုင်သော မုဆိုးကလည်း တောနက်ထဲသို့ လိုက်ပါလာ၏။ ဤတွင် သမင်သည် လေကဲ့သို့ လျင်မြန်လှသောအဟုန်ဖြင့် နောက်ကြောင်းပြန်လှည့်ကာသစ်ကိုင်းမှာ ချိတ်ထားခဲ့သော လွယ်အိတ်ကို ဦးချိုနှင့်ချိတ်ယူကာ လွတ်ရာကျွတ်ရာ ပြေးလာလေသည်။

လွယ်အိတ်တစ်လုံး အဆုံးရှုံးခံလျက် စိတ်ပျက်လက်ပျက်နှင့် မုဆိုး ပြန်သွားသောအခါ မိတ်ဆွေရင်းချာ သုံးဦးတို့သည် ရေအိုင် ကမ်းစပ်ရှိ မြက်ခင်းပေါ်တွင် ပျော်ရွှင်စွာ ဆုံမိကြပြန်လေသည်။

(ဒုကနိပါတ်၊ ကုရင် ဇာတ်)

## ကုရင်ဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မုဆိုး | = | ဒေဝဒတ်။ |
| ခေါက်ရှာငှက် | = | အရှင်မဟာသာရိပုတ္တရာ။ |
| လိပ် | = | အရှင်မဟာမောဂ္ဂလာန်။ |
| ကုရင်္ဂသမင်မင်း | = | မြတ်စွာဘုရား။ |

## မိတ်ကောင်း ဆွေကောင်း

တောစပ်တစ်နေရာတွင်ရေကန်ကြီးတစ်ခုရှိ၏။ ထိုရေကန်၏တောင်ဘက်တွင် စွန်ဖိုတစ်ကောင်နေ၏။ အနောက်ဘက်မှာ စွန်မ တစ်ကောင်၊ မြောက်ဘက်မှာ ကေသရာဇာခြင်္သေ့မင်း၊ အရှေ့ပိုင်းတွင်ကား ဝန်လိုင်ငှက်၊ ရေကန်အလယ် ကျွန်းငယ်မှာ ကမ္ဘာလိပ်ကြီး၊ ဤသို့ အသီးသီးနေကြ၏။

တစ်နေ့တွင် စွန်ဖိုသည်စွန်မကိုချစ်တင်းစကားဆိုလာ၏။ ထိုအခါ စွန်မက "သင့်မှာ မိတ်ကောင်း ဆွေကောင်းရှိပါရဲ့လား" ဟုပြန်မေး၏။ စွန်ဖိုက မရှိသေးပါကြောင်း ပြောဆိုသောအခါ စွန်မက "ငါတို့မှာ ဘေးအန္တရာယ်ဆိုတာ တစ်နေ့မဟုတ် တစ်နေ့မှာ ရောက်လာမယ်။ မိတ်ကောင်းဆွေကောင်းရှိမှ အန္တရာယ်က ကျော်လွှားနိုင်မယ်။ ဒါကြောင့် အိမ်ထောင်မဖက်ခင်က မိတ်ကောင်းဆွေကောင်း ရှာပါဦး" ဟု ပြောလိုက်၏။

သို့နှင့် စွန်ဖိုသည် ကန်ဘေးပတ်လည်မှာ ရှိကြသော ကေသရာဇာခြင်္သေ့၊ ဝန်လိုင်ငှက်နှင့်ကမ္ဘာလိပ်ကြီးတို့ဆီမကြာခဏဝင်ထွက်ကာ မိတ်ဖွဲ့၏။ တစ်ဦး၏အကူအညီကို တစ်ဦးက တတ်နိုင်သလောက် ပေးခြင်းဖြင့်

မိတ်ဆွေရင်းချာအဖြစ်သို့ရောက်ကြ၏။ ထိုမိတ်ဆွေသုံးဦးတို့သည် စွန်ဖိုနှင့် စွန်မတို့၏ မင်္ဂလာဆောင်မှာ ပျော်ရွှင်စွာ စားသောက်ကြလေသည်။

စွန်ဖိုနှင့် စွန်မတို့သည် ထိုရေကန်ကြီးနားက ထိန်ပင်ကြီးပေါ်မှာ အသိုက်ဆဲ့၍နေကြ၏။ အချိန်တိုင်လျှင် စွန်မသည်ဥများဥကာ စွန်ကလေး နှစ်ကောင် ပေါက်လာလေသည်။ စွန်ဖိုက အသံပေးလျှင် စွန်ကလေး များကပါ စိုးစိုးစီစီ မြည်သံပေးကြသဖြင့် သူတို့မိခင် စွန်မက ဝမ်းသာ ကြည်နူးလှလေသည်။ သားကလေးများအတွက် အစာများ ရှာဖွေ ခွန့် ပေးရင်းက သူတို့မိသားစု ပျော်တပြုံးပြုံး ရှိကြလေသည်။

ဤသို့ ပျော်ရွှင်ကြည်နူးကြရာက တစ်နေ့တွင် ထိတ်လန့်စရာ အန္တ ရာယ်များ ကျရောက်လာတော့၏။

တောလိုက် မုဆိုးတစ်စုသည် ထိုနေ့တစ်နေ့လုံး အမဲလိုက်ရာ အမဲ တစ်ကောင်မှ မရဘဲ ထိုရေကန်သို့ ရောက်လာကြ၏။ ရေကန်နားမှာ ခြေ ပစ် လက်ပစ် ထိုင်လိုက်ကြ၏။

အနောက်တစ်ခွင် သူတို့ရွာဘက်ဆီမှာနေလုံးကြီးဝင်ခါနီးနေပြီ။ သို့သော် သူတို့ကား မပြန်ချင်ကြသေးပေ။ မုဆိုးကျော်ကြီးများ ဖြစ်ပါ လျက် လက်ချည်းသက်သက်ဖြင့် ရွာထဲဝင်ရမှာရှက်နေကြ၏။ ထို့ကြောင့် သည်ကန်ထဲက ငါးဖြစ်ဖြစ်၊ လိပ်ဖြစ်ဖြစ် တစ်ကောင်ကောင်ရအောင်ဖမ်း ပြီးမှ ပြန်မည်ဟု သူတို့ တိုင်ပင်ထားကြ၏။

သူတို့တိုင်ပင်၍ အလုပ်မစရမီမှာပင် နေဝင်သွားတော့၏။ အလင်း ရောင် အားနည်းသွားသည်နှင့် ခြင်ကောင်များက တဝီဝီမြည်ကာ ရောက် လာကြ၏။ ဖွဲ့နှင့်ဆုပ်ပက်သကဲ့သို့ ခြင်ကောင်များက အားကောင်းလှ၏။ ထို့ကြောင့် ပါလာသော မီးခတ်ကျောက်စွန်းပေါ်တွင် မှို့တင်ကာ သံတုံးနှင့် ခြစ်ကြရ၏။ မှို့ကို မီးစွဲသောအခါ တဖြည်းဖြည်း ပွားယူကာ မီးဖိုများဖြင့် ကာကွယ်ကြရလေတော့သည်။

မီးဖိုမှမီးခိုးတို့သည် ထိန်ပင်ပေါ်က စွန်သိုက်ဆီသို့ တက်လာကြ ၏။ စွန်ကြီးများက မီးခိုးဒဏ်ကိုခံနိုင်သော်လည်း စွန်ကလေးများ မခံ နိုင်ပေ။သူတို့ခမျာ အခံရခက်ရှာလွန်း၍ စီစီပါအောင် အော်မြည်ကြရ လေသည်။

စွန်ကလေးများ အော်မြည်သံကြားခါမှ မုဆိုးတို့ ထိန်ပင်ပေါ်သို့ မော့ကြည့်မိကြ၏။

"ဟော့- ကော်တာပဲကွ" ဟု တစ်ယောက်က ဆိုလိုက်လေသည်။

"တို့ကောင်တွေ တစ်နေ့လုံး ဗိုက်ဟာနေတာနဲ့ အတော်ပဲ။ စွန်ကလေးတွေ တက်နိုက်ပြီး အဆာပြေ ကင်စားကြရအောင်"

သူ၏အဆိုကို အားလုံးက သဘောတူညီကြကာ မီးရှူးများလုပ်ကြလေသည်။ မီးရှူးများကို မီးညှိကာ သစ်ပင်ပေါ်တက်ရန် ပြင်ဆင်ကြလေသည်။

သူတို့၏ အရိပ်အခြည်ကိုကြည့်နေသော စွန်မသည် "ငါတို့ သားလေးတွေအတွက် ကေန္တ အန္တရာယ်ကျရောက်လာချေပြီ" ဟု သိလိုက်၏။ ထို့ကြောင့် စွန်ဖိုကို ဝန်လိုင့်ကျက်ဆီမှာ အကူအညီတောင်းဖို့ စေလွှတ်လိုက်လေသည်။

ဝန်လိုင့်ကျက်သည်ဖြစ်ကြောင်းကုန်စင်ကိုသိရသောအခါ "မကြောက်နဲ့ အဆွေ၊ ကလေးတွေအတွက် ဘာမှ စိုးရိမ်မနေနဲ့တော့။ မိတ်ဆွေဆိုတာ ဒီလို အန္တရာယ်မျိုးနဲ့ တွေ့လာရင် ကူညီဖို့ပဲ မဟုတ်လား" ဟု အားပေးကာ ရေထဲသို့ ထိုး၍ငုပ်လိုက်၏။ သူ့နှုတ်သီးနှင့် ရေကိုငုံယူကာ အတောင်များမှာလည်း ရေများရွှဲစေလျက် ထိုရေများဖြင့် မီးရှူးများကိုငြိမ်းသတ်ပစ်လေသည်။

သစ်ပင်ပေါ် အနည်းငယ်တက်မိပြီးသော မုဆိုးတို့မှာ မီးရောင်မရှိ၍ မတက်နိုင်တော့ဘဲ အောက်သို့ ပြန်ဆင်းလာခဲ့ကြရ၏။ မီးကိုတစ်ဖန်ပြန်၍မွှေးယူကြရ၏။ ဝန်လိုင့်ကျက်က ငြိမ်းလိုက်၊ သူတို့က မီးပြန်ညှိလိုက်နှင့် သန်းခေါင်အချိန်သို့ နီးကပ်လာလေ၏။

မီးသတ်ရဖန်များလာသဖြင့် ဝန်လိုင့်ကျက်မှာ အားအင်များနည်း၍ လာလေပြီ။ ရင်ဘတ်အောက်က အမွေးများ မီးရှပ်၍ပါးကုန်ကြလေပြီ။ မျက်စိများပင် ချင်းချင်းနီလာကြချေပြီ။ ထိုအခါ ဝန်လိုင့်ကျက်ကို "အဆွေ နားပါဦး" ဟု မရအရ တောင်းပန်ကာ စွန်ဖိုသည် ကန်လယ်ခေါင်က ကျွန်းငယ်တွင် ခေါင်းတင်၍ အိပ်နေသော ကမ္ဘာလိပ်ကြီးထံသို့ သွားခဲ့ရပြန်လေသည်။

လိပ်ကြီးကလည်း စွန်မိသားစု၏ အဖြစ်ကို သိရလျှင် "အို- မကြောက်ကြနဲ့ အဆွေ၊ ကျုပ်ကိုယ်ကောင်ကြီးကို မြင်ရဲ့ မဟုတ်လား၊ ကျုပ်ကိုမြင်ရင်ပဲ သူတို့ စားချင်စိတ်နဲ့ သွားရည်ယိုပြီး မင့်သားငယ်လေးတွေကို မေ့သွားကြမှာပါ"

ပြောပြောဆိုဆို လိပ်ကြီးသည် ရေပြင်ကိုဖြတ်ကူးကာ မုဆိုးများဆီသို့ တွားလာခဲ့၏။ သူ့ဆီမှာ ပါလာခဲ့သော ရွှံ့ရေများ၊မှော်ဖတ်များဖြင့် မီးများကို ငြိမ်းသတ်ကာ ပြားပြားဝပ်၍နေလိုက်၏။

လိပ်ကြီးထင်ထားခဲ့သည့်အတိုင်းပင် မုဆိုးများသည် "စွန်ငယ်ကလေးတွေ ဘာလုပ်ရအောင်လဲ" ဟုဆိုကာ သူ့ဆီသို့ဝိုင်းအုံလာကြ၏။ လိပ်ကြီးကိုပက်လက်လှန်၍သတ်နိုင်ရန်ကြိုးစားကြ၏။ သို့သော် လိပ်ကြီးကားမလန်။ သူတို့သာလျှင် လိပ်ကြီးနောက်က တရွေ့ရွေ့ပါရင်းရေနက်ထဲမှာ နစ်ကုန်ကြ၏။ သည်တော့မှ လိပ်ကြီးကို လက်လျှော့ကာ စွန်ငယ်ကလေးတွေဆီမှာ အာရုံစိုက်လာကြပြန်သည်။

"ဒါလောက်တောင် ဒုက္ခပေးလှတဲ့ စွန်ငယ်ကလေးတွေကိုဖြင့် မစားရမနေဘူးကွ" ဟု မီးရှူးများကို မီးညှိကြပြန်လေသည်။

သို့ရာတွင် သူတို့တစ်တွေ သစ်ပင်ပေါ် မတက်နိုင်တော့ပါ။ ကိုယ့်နေရာကိုယ် ရပ်တည်၍ပင် မနေရဲကြတော့ပါ။ စွန်ဖို စွန်မတို့၏ မိတ်ဆွေကေသရာဇာ ခြင်္သေ့မင်းက ဟောက်သံပေးကာ လာပါချေပြီ။ ခြင်္သေ့ကို အဝေးက မြင်လျှင်ပင် မုဆိုးများ ခြေဦးတည့်ရာ ပြေးကုန်ကြရလေတော့သည်။

စွန်ဖို စွန်မ၊ ဝန်လိုင်ကျက်နှင့် လိပ်ကြီးတို့သည် ကေသရာဇာခြင်္သေ့ဆီမှာ စုဝေး၍လာကြ၏။ မိတ်ဆွေငါးဦးတို့၏ ထိုအစည်းအဝေးတွင် ကေသရာဇာခြင်္သေ့မင်းသည် မိတ်ကောင်းဆွေကောင်းတို့၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်ချီးကျူးလေသည်။

(ပကိဏ္ဏကနိပါတ်၊ မဟာဥက္ကုသ ဇာတ်)

### မဟာဥက္ကုသဇာတ်၊ ပကိဏ္ဏကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| စွန်ဖို စွန်မ | = | မိတ်ဆွေဖွဲ့တတ်သော လင်မယား။ |
| လိပ်ကြီး | = | အရှင်မဟာမောဂ္ဂလာန်။ |
| ဝန်လိုင်ကျက် | = | အရှင်မဟာသာရိပုတ္တရာ။ |
| ခြင်္သေ့မင်း | = | မြတ်စွာဘုရား။ |

## မိတ်စစ် ဆွေစစ်

ဘစ်ရုံရောအခါက ခြသေ့်နှင့်ကျားတို့သည် ဂူတစ်ခုထဲမှာ အတူနေခဲ့ကြဖူးလေသည်။ သူတို့နှစ်ဦးသည် အထူးသဖြင့် ချစ်ခင်လှစွာ၏။ တစ်ဦး အမဲလိုက်၍ ရလာသမျှကို နှစ်ဦးစလုံး ဂူဝတွင် ညီတူညီမျှစားကြလေသည်။ နေ့တိုင်းလိုပင် သူတို့ရှာလာသော အစားအစာတို့သည် ပိုလျှံနေ၏။ ထိုအခါ ထိုစားကြွင်းတို့ကို လာ၍စားသူ ပေါ်လာ၏။ သူကား မြေခွေးတည်း။

မြေခွေးသည် ခြသေ့်နှင့်ကျားတို့စား၍ ကျန်လေသမျှကို နေ့တိုင်းလာ၍စား၏။ ခြသေ့်နှင့်ကျားတို့ကလည်း ကြည်ဖြူစွာပင်စားခွင့်ပေး၏။ သက်သောင့်သက်သာနှင့် အစားအစာ အလျှံပယ် စားရသဖြင့် မြေခွေး၏ ကိုယ်ထည် ကြီးမားလာသည်နှင့်အမျှ မကောင်းသော စိတ်နေသဘောထားလည်း ပွားများလာလေသည်။

သူသည် ခြသေ့်နှင့်ကျားတို့၏ စွမ်းအားဖြင့် သမင်သားကိုလည်း စားဖူး၏။ ဒရယ်သားကိုလည်း စားဖူး၏။ ချေငယ် စိုင်ဆတ်မှစ၍ တောတွင်းသတ္တဝါတွေ တော်တော်စုံအောင် စားရဖူးလေပြီ။ သူ မစားရဖူး

သေးသည်မှာ နှစ်မျိုးသောအသားသာ ဖြစ်၏။ ထိုအသားများကို မစား ရသေးသဖြင့် သူ့မှာ မနေသာ မထိုင်သာ ဖြစ်နေရပေသည်။

ခြင်္သေ့နှင့်ကျားတို့ သင့်မြတ်နေကြသရွေ့ဖြင့် သည်အသားများကို စားရဖို့မလွယ်ကူ။ သူတို့နှစ်ဦးကို ခိုင်မာစွာ တုတ်နှောင်၍ ထားသော မေတ္တာနှောင်ကြိုးကို ဖြတ်တောက်ပစ်နိုင်မှ စားရပေမည်။ ထိုနှောင်ကြိုး ကို ထောက်ခနဲ ပြတ်အောင် ဖြတ်နိုင်သောလက်နက်သည် အဘယ်မှာရှိ မည်နည်း။

မနားမနေ စဉ်းစားသောအားဖြင့် မြေခွေးသည် ထိုလက်နက်ကို တွေ့လေတော့သည်။ ထိုလက်နက်သည် သံလည်း မဟုတ်။ ကြေးလည်း မဟုတ်။ ထင်ထင်မာသော ရှားနှစ်တုတ်လည်း မဟုတ်။ ထိုလက်နက်သည် သူ၏ နှုတ်ဝပါးစပ်မှာပင် ရှိ၍ ပျော့ပျောင်းနူးညံ့လှပေသည်။

ထို့ကြောင့် အစွမ်းထက်မျက်သော ထိုလက်နက်ကို အသုံးပြုနိုင် စိမ့်သောငှာ ခြင်္သေ့အစာရှာ ထွက်သွားသောအခါတွင် ကျားထံချဉ်း ကပ်လာခဲ့၍....

''အို-ကျားသခင်၊ သခင်နှင့် ခြင်္သေ့ကြီးတို့ ခိုက်ရန်ဒေါသများ ဖြစ်ဖူးကြပါသလား''

လွန်မင်းစွာ စိတ်မကောင်းလှသော မျက်နှာအမူအရာဖြင့်မြေခွေး က မေးလိုက်လေသည်။ ကျားကမူ ဘာမျှထူးခြားမှုမရှိလာဘဲ....

''တစ်ခါမှ မဖြစ်ခဲ့ကြပါဘူးကွာ။ သူနဲ့ငါ အတူနေလာခဲ့တာ ကြာ–ကြာလှပြီပဲ''ဟု ရိုးရိုးပင် ဖြေ၏။

''ရန်မဖြစ်ဖူးလို့သာ တော်တော့မယ် ကျားသခင်ရယ်။သခင့်မိတ် ဆွေကြီးကဖြင့် သခင်အစာရှာထွက်နေတုန်းက ပြောလိုက်တာ ရစရာမရှိ ပါဘူး။ဒီမောင်ကျားဟာတဲ့အရောင်အဆင်းမှာရော၊အလုံးအရပ်မှာရော၊ မျိုးရိုးဇာတိမှာရော၊ ခွန်အားဗလမှာရော ငါ့ကိုမမီပါဘူးတဲ့။ သူပြော တာ ကျုပ်နားနဲ့ ဆတ်ဆတ်ကြားခဲ့ရပါတယ်''

''ဟေ့–ကောင် တော်တန်တိတ်''

ကျားက တားမြစ်လိုက်၏။

''သွားစမ်း။ မင့်ဟာမင်း တော်ရာသွားနေစမ်း''

နားကြားပြင်း ကတ်စွာ ရှုံ့ရှာ စက်ဆုပ်စွာ နှင်ထုတ် လိုက်သဖြင့် မြေခွေး အမြီးကုပ်၍ ထွက်သွားရလေသည်။

မြေခွေးကို အာဏာနှင့် နှင်ထုတ်လိုက်နိုင်သော်လည်း မြေခွေး၏ လက်နက်ဒဏ်သည် ကျားရင်ထဲမှာ ခပ်နာနာထိထားခဲ့ပြီးပေပြီ။ ခြသေ့ကတကယ်များပြောလေရော့သလား။ ဒီကောင် သက်သက်များ ရန်တိုက်လေရော့သလား။ စိတ်မှာ မတင်မကျနှင့် အခံရခက်လှသည်။ သို့သော် မိတ်ဆွေရင်းအပေါ်မှာ ထားရှိခဲ့သော မေတ္တာကတော့ မပျက်သေးပါ။ ချစ်မြဲချစ်လျက်ပင် ရှိပါသေးသည်။

'ဒီစကားကို ငါ့ရင်ထဲမှာ တနုံ့နုံ့နဲ့ တွေးမိလျှင် ငါသာစိတ်ဆင်းရဲနေရတော့မှာပဲ'

ကျားသည် ခါတိုင်းလို ရွှင်ပျပျမနေနိုင်ဘဲ စဉ်းစားခန်း ဝင်နေရ၏။ 'သူတကယ်လို ပြောတယ်ဆိုတောင်မှ ငါက စိတ်ဆိုးဖို့ မရှိပါဘူး။ တကယ်ဆိုတော့ ခြသေ့နဲ့ကျားဟာ အကုန်လုံးတူကြတာမှ မဟုတ်တာပဲ'

ဤလို သက်သာအောင် တွေးမိသဖြင့် ကျား၏စိတ်ထဲမှာ နေသာထိုင်သာ ရှိသွားလေသည်။

''ဒါပေမယ့် မိတ်ဆွေ ရင်းချာဆိုတာက တစ်ယောက် ကြားတဲ့စကားကို တစ်ယောက်ဆီမှာ မပြောဘဲထိန်ချန်လို့မဖြစ်ပေဘူး။ မျက်နှာစုံညီ ဆွေးနွေးမှဖြစ်မယ်''

ထို့ကြောင့်ခြသေ့ရောက်လာသည်နှင့်ကျားသည်အကျိုးအကြောင်းကို မေးမြန်းလေတော့၏။

''အောင်မာ–မင်းဆီမှာဒီလိုစကားမျိုးပြောတာ မဟုတ်ဘူး။ ငါ့ဆီကလဲ မာန်မဲလွှတ်လိုက်ရပြီ။ ကြည့်စမ်း၊ ဒီကောင် ဘယ်လောက်များ အတင့်ရဲသလဲလို့''

အကြောင်းမှန်ကို သိလိုက်ရပြီးဖြစ်၍ ကျားသည် မြေခွေးနေရာကို လှမ်းကြည့်လိုက်၏။ သို့သော် သူ ဝပ်နေကျ မြက်ခြောက် ခွေ သာ ရှိတော့သည်။

ခြသေ့သည် ရသမျှသော အမဲများကို ကျားရှေ့သို့ ထိုးပေးရင်း အေးဆေးစွာ ပြောလိုက်သည်မှာ....

''သူများပြောတဲ့စကားကို မစူးစမ်းဘဲယုံလွယ်ခြင်းဟာမိတ်ပျက်ခြင်းရဲ့ အကြောင်းရင်းဖြစ်တယ်။ အဲဒီအခါမှာ ရန်လိုများလာတတ်တယ်။

''တစ်ယောက်နဲ့တစ်ယောက် မိတ်ဆွေရယ်လို့ ဖြစ်လာကြတဲ့အခါမှာ ကိုယ့်မိတ်ဆွေ မပျက်စီးအောင်၊ မနစ်နာအောင် အမြဲစောင့်ရှောက်ကြရတယ်။ မိတ်ဆွေပျက်သွားရမယ့်အရေးကို ရှိရှာရတယ်။ ဘယ်သူတွေဘယ်လိုသပ်လျှိုလာမလဲလို့ အမြဲတမ်းကြည့်နေရတယ်။ ဒါတွေကိုမေ့ထားလို့ မဖြစ်ဘူး။

''သားငယ် သမီးငယ်များဟာ အမိရင်ခွင်မှာ စိတ်ချ လက်ချ နှစ်နှစ်ခြိုက်ခြိုက် အိပ်နိုင်သလို မိတ်ဆွေတစ်ယောက်ဟာအခြားမိတ်ဆွေတစ်ယောက်ရဲ့ ရင်ခွင်မှာ အိပ်နိုင်ရမယ်။ အဲဒါဟာ မိတ်ဆွေစစ်တို့ရဲ့အမှတ်အသားပဲ''

ခြင်္သေ့၏ ဆုံးမစကားကို ကျားသည် စွဲမြဲစွာ မှတ်သားထားလိုက်လေသည်။

(ပဥ္စကနိပါတ်၊ ဝဏ္ဏာရောဟ ဇာတ်)

ဝဏ္ဏာရောဟဇာတ်၊ ပဥ္စကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မြေခွေး | = | စားကြွင်းစား။ |
| ခြင်္သေ့ | = | အရှင်မဟာသာရိပုတ္တရာ။ |
| ကျား | = | အရှင်မဟာမောဂ္ဂလာန်။ |
| ထိုဇာတ်လမ်းကို တွေ့မြင်သော ရုက္ခစိုးနတ် | = | မြတ်စွာဘုရား။ |

## အပေါင်းအသင်း ဖျက်သော်

တစ်နေ့သောအခါ ဒဓိဝါဟန မင်းကြီးသည် မြစ်ဆိပ်သို့ထွက်၍ ရေချိုးလေသည်။ ရေချိုးစဉ်တွင် မြစ်ညာမှ အမှိုက်သရိုက်များ မမျောပါလာစေရန် ပိုက်ကာ၍ ရေချိုးလေသည်။

မင်းကြီးသည် ရေချိုးပြီး၍ ပိုက်များ ရုပ်သိမ်းကြသောအခါ မင်းမှုထမ်းတို့သည် ပိုက်ထဲတွင် မှည့်ဝင်း၍နေသော သရက်သီးတစ်လုံးကိုတွေ့ကြရလေသည်။

မင်းကြီးသည် ကျွမ်းကျင်သူများထံပြသ၍သရက်သီးဖြစ်ကြောင်း သိရသောအခါ သူကိုယ်တိုင် စားသုံးကြည့်လေသည်။ သရက်သီးအရသာသည် ချိုမြိန်နူးညံ့၍ အကြောပေါင်း တစ်ထောင် ပျံ့နှံ့သွားလေသည်။

မင်းကြီးသည်သရက်စေ့ကို ဥယျာဉ်မှူးအား ပေးအပ်ကာဥယျာဉ်အတွင်းမှာ စိုက်ပျိုးစေ၏။ အပင်ပေါက်လာသောအခါကောင်းမွန်သော ရေ၊မြေသြဇာတို့ဖြင့် ပြုစုပေးကြသဖြင့် တစ်နေ့တခြား ကြီးထွားလာလေသည်။ သုံးနှစ်သားရှိလျှင် အသီးများ သီးလေသည်။ အသီးများသည် သူတို့၏ မိခင်အလားတူစွာ ချိုမြိန်နူးညံ့ကြပေသည်။

မင်းကြီးသည် ထိုအပင်မှ သရက်သီးများကို ပတ်ဝန်းကျင် နိုင်ငံများမှ ဘုရင်များထံသို့ လက်ဆောင် ပို့လေသည်။ ထို ဘုရင်များသည် သရက်သီးအရသာကို ကြိုက်နှစ်သက်၍ အစေ့ကို ပျိုးစေကြ၏။ သို့သော် အပင်ကား မရကြပေ။ တစ်နှစ်သော်မရ၊ နှစ်နှစ်သော်မရကြ၍ စုံစမ်းကြည့်သောအခါ အဖြစ်မှန်ကို သိကြရလေသည်။ ဒဓိဝါဟနမင်းသည်မျိုးပွားမည်စိုး၍ အစေ့ထဲက အဆန်ကိုဆူးနှင့် ထိုးပြီးမှ သူတို့ထံ ပို့ခဲ့သည်တကား။

ထိုအခါ တစ်ပါးသောဘုရင်သည် မင်းမှုထမ်းတစ်ယောက်အား အသပြာတစ်ထောင်ပေးကာ ထိုသရက်ပင်ကို ခါးအောင် ပြုလုပ်ရန် စေလွှတ်လိုက်လေသည်။

ထိုအမှုထမ်းသည် ဒဓိဝါဟနမင်းထံ ချဉ်းကပ်မိသောအခါ အရင်က ဥယျာဉ်မှူးလုပ်ခဲ့ဖူးသည်ဟု လျှောက်ထားသဖြင့် ရှိရင်းဥယျာဉ်မှူးနှင့် တွဲဖက် လုပ်ကိုင်ရန် တာဝန်ပေးအပ်ခြင်း ခံရလေသည်။

ဥယျာဉ်မှူးသစ်သည် ဂါထာမန္တာန်တန်ခိုးဖြင့် အခါမဟုတ်သော ပန်းတို့ကို ပွင့်စေ၏။ အခါမဟုတ်သော အသီးတို့ကို သီးစေ၏။ ထိုအခါ မင်းကြီးက ဥယျာဉ်မှူးသစ်ကို သဘောကျလှ၍ ရှိရင်း ဥယျာဉ်မှူးကို အလုပ်မှ ထုတ်ပစ်လေသည်။

ဥယျာဉ်တစ်ခုလုံး မိမိတစ်ဦးတည်းလက်သို့ ရောက်လျှင် ဥယျာဉ်မှူးသစ်သည် သရက်ချိုပင်ကို ခြံရံ၍ တမာပင်တို့ကို စိုက်၏။ ခွေးတောက်နွယ်တို့ကို မွေးမြူ၏။ တမာပင်၊ ခွေးတောက်ပင်တို့သည် အစဉ်သဖြင့် ကြီးထွားလာကြ၍ သရက်ချိုပင်နှင့် အမြစ်ချင်း ရောမိကြလေသည်။ အခက်ချင်းရောမိကြလေသည်။ ဆိုအခါဥယျာဉ်မှူးသစ်သည်တိတ်တဆိတ် ထွက်ပြေးသွားတော့သည်။

ဒဓိဝါဟနဘုရင်သည် ဥယျာဉ်တော်သို့မရောက်သဖြင့် ထိုအဖြစ်ကို မသိပါလေ။ သို့ဖြစ်၍ ထိုသရက်ပင်မှအသီးများ မှည့်၍ ဆက်သလာသောအခါ ခါတိုင်းလိုပင်မှတ်၍ စားသုံးလိုက်၏။ ဟိုယခင်ကအလွန်ချိုလှသော သရက်သီးသည် တမာ ခွေးထောက်ကဲ့သို့ ခါးသီး နေသတည်း။

မင်းကြီးနှင့်တကွ မှူးမတ်တို့ပါ ဥယျာဉ်တော်သို့ သွားကြည့်ကြမှ အဖြစ်မှန်ကို သိကြလေသည်။ တမာ ခွေးထောက်တို့ကို ဖယ်ရှားပစ်ကြရလေသည်။

“မှန်လှပါ အရှင်မင်းကြီး၊ အသက်ရှိသော လူသားကို မဆိုထားဘိ၊ အသက်မရှိသော သရက်ချိုပင်မှာပင် တမာ ခွေးထောက်တို့နှင့် ပေါင်းမိသောကြောင့် အရသာ ခါးသွားရကြောင်းပါဘုရား”ဟုအမတ်များက လျှောက်တင်ကြလေသည်။

(ဒုကနိပါတ်၊ ဒမိပါဟန ဇာတ်)

ဒမိဝါဟနဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်

ပညာရှိအမတ် = မြတ်စွာဘုရား။

## ဘ၀ခြားသည့် ကျေးသားညီနောင်

ဥတ္တရပဉ္စာလမြို့တော်၌ ထီးနန်းစိုးစံသော ပဉ္စာလမင်းကြီးသည် တောကစား၀ါသနာထုံလှ၏။ တစ်နေ့သ၌ မင်းကြီးသည် နောက်လိုက်ဗိုလ်ပါများနှင့်တကွ တောကစားထွက်ရာတွင် မိမိနံပါးမှလွတ်ထွက်သွားသော သမင်တစ်ကောင်နောက်သို့ ရထားနှင့် အတင်းလိုက်၏။ ရထားကအလွန်မြန်လှသဖြင့် နောက်လိုက်ဗိုလ်ပါများ ပြတ်ကျန်ခဲ့ရာ မင်းကြီးနှင့်အတူ ရထားထိန်းတစ်ယောက်သာ အဖော်ပါလာလေတော့သည်။

ပဉ္စာလမင်းကြီးနှင့် ရထားထိန်းတို့သည် လွတ်ထွက်သွားသောသမင်နောက်သို့အပြေးလိုက်၍ ပစ်ခတ်ကြသော်လည်း မွန်းတည့်ချိန်အထိ မမိနိုင်ကြပေ။ သို့ဖြစ်၍ ထိုနေရာမှ ပြန်လှည့်လာခဲ့ရာ ခိုးသားငါးရာတို့ နေထိုင်ရာရွာအနီးသို့ ရောက်လာကြ၏။ ရွာနံဘေးက ချောင်းကလေးတွင် ရေတသွင်သွင်စီးဆင်းလျက် ရှိနေ၏။ ခရီးကြမ်းကြမ်းဖြင့် ပင်ပန်းနွမ်းနယ်နေသော ပဉ္စာလမင်းကြီးသည် ထိုချောင်းကလေးကမ်းပါး၌ရထားကို ရပ်စေပြီးလျှင် ချောင်းကလေးသို့ဆင်း၍ ရေချိုး၏။ ချောင်းရေအေးအေးကို တ၀ကြီးသောက်၏။ ထိုအခိုက်တွင် ရထားထိန်းသည် ရထားပေါ်က အခင်းကိုချကာ သစ်ပင်ရိပ် ကောင်းကောင်းမှာ အရန်သင့်ခင်း

ပေးထား၏။ ပဥ္စာလမင်းကြီးသည်ရေချိုးပြီးသောအခါ ထိုအခင်းပေါ်၌ အပန်းပြေ လျောင်းစက်လိုက်လေသည်။ ရထားထိန်းကလည်း မင်းကြီး၏ ခြေတော်များကို ဆုပ်နယ်၍ ပေးနေလေသည်။

ပြည့်ရှင် မင်းကြီး၏ ရထားကို လှမ်းမြင်လိုက်ရသည့် အချိန်မှစ၍ ခိုးသား ငါးရာနှင့်တကွ မှီခိုသူများသည် လွတ်ရာကျွတ်ရာထွက်၍ တိမ်းရှောင်နေကြ၏။ ပတိကောသလုမ္ဘမည်သော ထမင်းချက်တစ်ယောက်နှင့် သတ္တိဂုမ္ဘမည်သော ကျေးသား တစ်ကောင်သာ ရွာ ထဲ မှာ ကျန် ရစ် ကြလေသည်။

တစ်ခါတုန်းကဤနယ်တစ်ဝိုက်၌လေဗွေကြီးတိုက်ခတ်ခဲ့ရာအသိုက်ထဲက လွင့်ပါလာခဲ့သော ကျေးသားလေး တစ်ကောင်သည် ခိုးသားတို့ကိုင်ဆောင်သော လှံများအလယ်မှာ ကျလာ၏။ ထို့ကြောင့် ထိုကျေးသားကလေးအား သတ္တိဂုမ္ဘဟု အမည်မှည့်ကာ ခိုးသားများက ကောက်ယူမွေးစား၍ ထားကြလေသည်။

သတ္တိဂုမ္ဘကျေးသားသည်ရွာထဲကပျံလာ၍ပဥ္စာလမင်းကြီးလျောင်းစက်နေသည်ကို တွေ့လိုက်ရသောအခါ ခိုးသားများထံမှ ရရှိထားသော အလေ့အကျင့်ဖြင့်....

''အို-ပတိကောသလုမ္ဘ၊ အို-ထမင်းချက်ကြီး၊ ဒီနားမှာ မြန်မြန် လာကြည့်စမ်းပါ။ ရထားစီးလာတဲ့ပြည့်ရှင်မင်းတစ်ပါး ချောင်းကမ်းနားမှာ ရောက်နေတယ်။ သူဟာ ပြေပြစ်တဲ့ နားတောင်းကိုလဲ ဝတ်ဆင်ထားတယ်။ ရွှေနဖူးသင်းကျစ်လဲတပ်ဆင်ထားတယ်။ လက်ဝတ်တန်ဆာအပြည့်အစုံလဲ ဝတ်ဆင်ထားလေတော့ နေမင်းကြီးလို ထွန်းလင်းတောက်ပလို့ နေတော့တယ်။

''အို-ထမင်းချက်ကြီး၊ ယခုအခါ တစ်ရွာလုံးလဲ ညဥ့်သန်းခေါင်တမျှ တိတ်ဆိတ်လွန်းလှတယ်။ ပြည့်ရှင်မင်းကလဲခရီးပန်းပန်းနဲ့ အိပ်ပျော်နေတယ်။ ဒါကြောင့် ပြည့်ရှင်မင်းရဲ့ဝတ်စားတန်ဆာ ရတနာနားတောင်းကို ငါတို့လုယူကြစို့။ ရထားထိန်းရော မင်းရောသတ်ပြီးတော့ သစ်ခက်များနဲ့ ဖုံးထားကြစို့''

သတ္တိဂုမ္ဘကျေးသား၏ ရိုင်းစိုင်းလှသော စကားတို့ကို ထမင်းချက်ကြီးက လက်မခံနိုင်ပါ။

''ဟေ့-သတ္တိဂုမ္ဘ၊ ဘယ့်နှယ်ကြောင့်အရူးလိုလျှောက်ပြောနေရတာလဲကွ။ အလျှံပြောင်ပြောင် တောက်လောင်နေတဲ့ မီးပုံကြီးကို ဝေးဝေးက

ရှောင်မှ ချမ်းသာနိုင်တယ်။ ဒီ့အတူပဲ မင်းဆိုတာကိုလဲ ဝေးဝေးကရှောင်သင့်တယ်ကွ''

ဤသို့ ထမင်းချက်ကြီးနှင့် သတ္တိဂုမ္ဗကျေးသားတို့ အပြန်အလှန် ပြောဆိုနေသံကို ကြားရသောအခါ ပဉ္စာလမင်းကြီးသည် ရထားထိန်းအား အလျင်အမြန် ရထား က,စေ၍ ထိုနေရာမှ ထွက်လာကြ၏။ ဤတွင် သတ္တိဂုမ္ဗကျေးသားကလည်း....

''အို-ခိုးသားတို့၊ လာခဲ့ကြ၊ မြန်မြန်လာခဲ့ကြ။ ပဉ္စာလမင်းကြီး ထွက်ပြေးသွားပြီ။ သင်တို့မမြင်ရလို့လွတ်ထွက်သွားပြီ။ သူ့ကိုဒီအတိုင်းလွှတ်မပေးလိုက်ကြနဲ့။ လေးတွေ၊ လှံတွေ၊ ခက်ရင်းတွေယူပြီးတော့ သူ့ကိုအမိဖမ်းပြီး သတ်ပစ်လိုက်ကြ''ဟု တကြော်ကြော် အော်ဟစ်လျက် ကျန်ရစ်လေသည်။

ပဉ္စာလမင်းကြီးနှင့် ရထားထိန်းတို့သည် မကြာမီမှာပင် ရသေ့များနေထိုင်ရာ သခ်မ်းကျောင်းသို့ ရောက်လာကြ၏။ ရသေ့အားလုံးတို့တောထဲမှာ သစ်သီးရှာ သွားနေခိုက် ဖြစ်၍ ပုပ္ဖကမည်သော ကျေးသားကလေးသာ ရှိနေ၏။ ဤကျေးသား ကလေးမှာ တစ်ခါတုန်းကတိုက်ခတ်ခဲ့သော လေဗွေကြီးနှင့်အတူ ဤသခ်မ်းကျောင်းသို့ ရောက်လာခဲ့၏။ ကျောင်းအနီးရှိ သဲပြင်ပေါ်က ပန်းပွင့်များအလယ် ကျရောယ်လာသဖြင့် သူ့ကို ပုပ္ဖကဟုအမည်ပေး၍ ရသေ့များက မွေးမြူထားခဲ့ကြ ပေသည်။

ရသေ့များထံမှ အလေ့အကျင့်များ ရရှိထားသည့်အတိုင်း ပုပ္ဖက ကျေးသားသည် ပဉ္စာလမင်းကြီးနှင့် ရထားထိန်းတို့ ရောက်လာသည်နှင့် တစ်ပြိုင်နက်....

''အရှင်မင်းကြီး ဒီကိုကြွပါ၊ ဒီမှာထိုင်ပါ၊ အရှင်မင်းကြီး ကြွရောက်လာတာ ကောင်းမြတ်လှပါတယ်။ လိုအပ်ရာရာ မိန့်ကြားတော်မူပါ''

ဤသို့ ယဉ်ကျေးသိမ်မွေ့စွာ ခရီးဦးကြိုဆိုပြီးလျှင်....

''အရှင်မင်းကြီး၊ ဒီမှာ တည်သီးတွေ ရှိပါတယ်၊ လွန်သီး၊ သစ်မည် စည်သီး၊ သရက်ဖြူသီးတွေလဲရှိပါတယ်။ ဒီသစ်သီးတွေဟာ ပျားရည်လိုပဲ အင်မတန်ချိုမြိန်လှပါတယ်။ ချိုနိုးရာရာကို ရွေးပြီး သုံးဆောင်တော်မူပါ။

'အရှင်မင်းကြီး၊ သစ်သီးများ သုံးဆောင်ပြီးတဲ့အခါ သောက်စရာ ရေလဲ အသင့်ရှိပါတယ်။ တောင်ချောက်ကြားက ခပ်ယူထားတာမို့ အင်မတန် အေးမြလှပါတယ်။ အရှင်မင်းကြီး အလိုရှိသလောက် ရေအိုးစင်က ခပ်သောက်တော်မူပါ။

''အရှင်မင်းကြီး၊ ဒီသခ်မ်းကျောင်းက ရသေ့များအားလုံး သစ်သီးရှာ သွားနေကြတဲ့အတွက် ကျွန်တော်တစ်ယောက်တည်းသာ ရှိနေပါတယ်။ ကျွန်တော့်မှာ ပေးဆက်စရာ လက်မရှိတဲ့အတွက် အရှင်မင်းကြီးတို့ကိုယ်တော်တိုင်ယူပြီး သုံးဆောင်တော်မူကြပါဘုရား''

ဤသို့ စိတ်နေသဘောထား ပြည့်ဝ၍ ယဉ်ကျေးလိမ္မာလှသော စကားများ ကြားလိုက်ရသောအခါ ပဉ္စာလမင်းကြီးသည် ယခုကျေးနှင့် ယခင်ကျေးသားတို့ကို နှိုင်းယှဉ်၍ကြည့်မိ၏။ သူတို့နှစ်ကောင်မှာ အမွေးရောင်ချင်းလည်း တူညီ၏။ ကိုယ်ခန္ဓာ အနေအထားချင်းလည်း တူညီ၏။ အသက် အရွယ်ချင်းလည်း အတူတူလောက်ပင် ထင်ရ၏။ သို့ပါလျက် သူတို့၏ စရိုက်ချင်းကတော့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်၍နေကြပေသည်။ သို့ဖြစ်၍....

''ဒီကျေးသားကလေးကတော့ အင်မတန် ယဉ်ကျေးလိမ္မာလှပါကလား။ စောစောက တွေ့ခဲ့ရတဲ့ ကျေးသားကတော့ အင်မတန်မှ ကြမ်းကြုတ်လှပေတယ်'' ဟု တုတ်ဖော်ညည်းညူလိုက်လေရာ....

''အရှင်မင်းကြီး၊ အဲဒီကျေးသားဟာလဲ တခြားသူမဟုတ်ပါဘူး။ ကျွန်တော့်ညီကလေးသာ ဖြစ်ပါတယ်။ ကျွန်တော်တို့ နှစ်ကောင်ဟာ တစ်မိတည်းက ဖွားလာကြတဲ့ ညီနောင်ရင်းချာ ဖြစ်ပါတယ်။ အသိုက်တစ်ခုထဲမှာ ကြီးပြင်းလာရာက လေပွေကြီးတိုက်လို့မို့ တစ်ကောင်စီ ကွဲလာကြရတာ ဖြစ်ပါတယ်။

''အရှင်မင်းကြီး၊ ညီကလေး သတ္တိဂုမ္ဗဟာ ခိုးသားများဆီရောက်သွားပြီးတော့ သတ်ဖြတ်တာတွေ၊ ဖမ်းဆီးနှောင်ဖွဲ့ထားတာတွေ၊ လုယ့်စားတာတွေ၊ လုယက်ဖျက်ဆီးတာတွေ၊ ဓားပြတိုက်တာတွေကို နေ့စဉ်နဲ့ အမျှ မြင်နေ၊ ကြားနေရလေတော့ အဲဒီမကောင်းတဲ့ အလေ့အကျင့်တွေကို အလိုလိုသင်ယူပြီး ဖြစ်နေပါတော့တယ်။

''ကျွန်တော်ကတော့ ရသေ့များကျောင်းမှာ ရောက်လာတာမို့ သစ္စာစကားတွေ၊ ကောင်းမှုကုသိုလ်တရားတွေ၊ မညှဉ်းဆဲတာတွေ၊ စောင့်

စည်းတာတွေ၊ ဤလောကကြီး ဆုံးမတာတွေ နေ့စဉ်နဲ့အမျှ ကြားနာနေရတာ ကြောင့် အလိုလိုသင်ယူပြီး ဖြစ်နေပါတယ်။

''အရှင်မင်းကြီး၊ ငါးသေကောင်ပုပ်ကို သမန်းမြက်နဲ့ ရောထုပ် လိုက်မယ်ဆိုရင် ငါးသေကောင်က အပုပ်နံ့ဟာ သမန်း မြက်ဆုပ်ကိုပါ သွားပြီး စွဲပါတော့တယ်။ လူမိုက်နဲ့ပေါင်းသင်းတဲ့ သူဟာလဲ ဒီအတိုင်းပဲ ဖြစ်လာပါတယ်။

''အရှင်မင်းကြီး၊ တောင်ဇလပ်ပန်းကိုပေါက်ဖက်နဲ့ထုပ်လိုက်မယ် ဆိုရင် တောင်ဇလပ်ပန်းရဲ့ သင်းပျံ့တဲ့ ရနံ့ဟာ ပေါက်ဖက်ကိုပါ သွား သင်းပျံ့စေပါတယ်။ ပညာရှိထံ နည်းခံမှီဝဲသူဟာလဲ ဒီအတိုင်းပဲဖြစ်လာ ပါတယ် အရှင်မင်းကြီး''

''အေး- ကောင်းလေစွ၊ ကောင်းလေစွ''

ပဉ္စာလမင်းကြီးသည် တရားဓမ္မပြည့်ဝလှသောပုပ္ဖကကျေးသား၏ စကားတို့ကို အားပါးတရ နားထောင်ကာ အရန်သင့် ချိတ်ထားသော သစ်သီးများကိုစား၏။ ထို့နောက် ရေအိုးစင်မှ ရေအေးအေးကိုလည်း ခပ်၍ သောက်၏။ ရထားထိန်းကိုလည်း စားစေသောက်စေ၏။

ထို့နောက် ပုပ္ဖကကျေးသားနှင့် အတူတကွ စကားစမြည်ပြောဆို နေကြရာ မကြာမီမှာပင် ရသေ့များ ရောက်လာကြ၏။ ကျေးသားကလေး အား လိမ္မာယဉ်ကျေးအောင် သွန်သင်ပြုသနိုင်သော ဂုဏ်ကျေးဇူးကို ကြည်ညိုလှသဖြင့် ပဉ္စာလမင်းကြီးသည် ဥတ္တရပဉ္စာလမြို့သို့လာ၍ ဝါဆို ကြရန် ရသေ့ များအား လျှောက်ထားပြီးလျှင် မြို့တော်သို့ ပြန်လာခဲ့ လေသည်။

(ဝီသတိနိပါတ်၊ သတ္တိဂုမ္ဗ ဇာတ်)

**သတ္တိဂုမ္ဗဇာတ်၊ ဝီသတိနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| သတ္တိဂုမ္ဗကျေးသား | = | ဒေဝဒတ်။ |
| ခိုးသားများ | = | ဒေဝဒတ်ဘက်သားများ။ |
| ပဉ္စာလမင်း | = | အရှင်အာနန္ဒာ။ |
| ရသေ့များ | = | မြတ်စွာဘုရားတပည့်များ။ |
| ပုပ္ဖကကျေးသား | = | မြတ်စွာဘုရား။ |

## သူဖျက်ပေမယ့် ကိုယ်က မပျက်

သခ်နှင့် ပိဋ္ဌိယ သူဌေးနှစ်ဦးတို့သည် တစ်မြို့စီ၊ တစ်ပြည်စီမှာ နေကြသော်လည်း မြဲမြံသော အဆွေခင်ပွန်းများဖြစ်ကြ၏။ တစ်နှစ်လျှင် အနည်းဆုံး တစ်ခေါက်မျှ တစ်ဦး၏မြို့သို့ တစ်ဦးက သွားရောက်နေကျ ဖြစ်၏။ တစ်ဦးတစ်ဦးလျှင်စည်းစိမ်ဥစ္စာကုဋေ ၈၀ မျှချမ်းသာကြွယ်ဝ၏။

တစ်နေ့သောအခါတွင်ကား ပိဋ္ဌိယသူဌေးသည် စီးပွားပျက်ကိန်းနှင့် ကြုံလာရ၏။ သူ၏ လယ်ယာများအားလုံး ပိုးကျ၍ ကောက်ပဲသီးနှံ မရ။ ကူးသန်းသွားလာသော ကုန်များလည်း လူဆိုး သူခိုးများလက်သို့ ပါရ၏။ အတိုးရင်းပွား ပေးထားသော မြီစားများကလည်း တခြားရပ်ရွာသို့ ထွက်ပြေးတိမ်းရှောင်သွားကြ၏။ စောစောပိုင်းက ဝင်လာမစဲ တသဲသဲဖြစ်သော ပိဋ္ဌိယ၏ ဘဏ္ဍာတိုက်သည် နောက်ပိုင်းမှာ နေ့ရှိတိုင်း ထုတ်ထုတ်နေရသဖြင့် ပြောင်သလင်းခါ၍သွားတော့၏။

သာမန်လူများသာဖြစ်ပါက ပစ္စည်းမရှိလျှင်မရှိသလိုနေ၍ဖြစ်၏။ သူဌေးနာမည်တစ်လုံးနှင့် နေလာခဲ့သော ပိဋ္ဌိယမှာတော့ တော်သလိုနေ၍ မဖြစ်နိုင်ပါပေ။ အခြေအရံနှင့် အသုံးအဆောင်တို့ကို လျှော့၍ မဖြစ်နိုင်

ပါပေ။ ထို့ကြောင့် ယခင်အတိုင်း အခြေမပျက် နေထိုင် သုံးစွဲနိုင်ရန် အတွက် ငွေရှာ ဌာနတစ်ခုသို့ သွားရလေတော့သည်။

''ငါ့ သူငယ်ချင်း လာသလေ''

အိမ်ပေါက်ဝသို့ ပိဋ္ဌိယရောက်လာသည်ကိုမြင်လိုက်သည်နှင့်သခ်က ဝမ်းပန်းတသာ ထွက်၍ ဆီးကြိုလေသည်။ မျှော်တုန်း မျှော်ဆဲတွင်ရောက် လာခဲ့သော သူငယ်ချင်း ပိဋ္ဌိယအား သခ်သူဌေးက လိုလေသေးမရှိ ပြုစု လေသည်။ ပိဋ္ဌိယသည် အဖြစ်မှန် ပြောပြရန် ခပ်ရှက်ရှက်၊ အားနာခြင်း တစ်ဝက်ဖြင့် နှစ်ရက် သုံးရက် လွန်လာခဲ့၏။ နောက်မှ မပြောမပြီးသည့် ကိစ္စဖြစ်၍ အရဲစွန့်ကာ ပြောပြလိုက်လျှင်....

''အိုကွာ-သူငယ်ချင်းရာ၊ ဖြစ်မှ ဖြစ်ရပလေ''

သခ်သည် သူငယ်ချင်းအတွက် ရင်ထုမနာဖြစ်၍ ဘိုကလို ဗေရှုတ်ပိ ရာက ဆက်လက်၍....

''ကဲ-ဒီအတွက်နဲ့ဖြင့် ဘာမှပူမနေနဲ့ သူငယ်ချင်း၊ ငါ့မှာ ကုဋေ ရှစ်ဆယ်ရှိနေတာကို တစ်ဝက် ခွဲပေးလိုက်ပါ့မယ်။ ငြင်းမယ်များတော့ မကြံနဲ့ သူငယ်ချင်းရေ''

ပိဋ္ဌိယ မငြင်းပယ်နိုင်အောင်ပြုကာ သူ့မှာ ချမ်းသာသမျှစည်းစိမ် ဥစ္စာကို တစ်ဝက်ခွဲ၍ ပေးလိုက်လေသည်။

သို့နှင့် ပိဋ္ဌိယမှာလည်း သူဌေး နာမည်တစ်လုံးကို အဆုံးရှုံး မခံရဘဲ သခ်ထံမှ ရလာသော ဥစ္စာများဖြင့် လယ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းများ ပြုကာ များမကြာမီပင် ယခင်အတိုင်း ကြီးပွား၍ လာပြန်၏။

ပိဋ္ဌိယ ကြီးပွားလာသည်နှင့်အမျှ သခ်သူဌေးမှာ ဆုတ်ယုတ်လာခဲ့ ၏။ တစ်နေ့ထက်တစ်နေ့ သူ့အခြေအနေသည် သူကိုယ်တိုင်က ပြန်လည်၍ မစစ်ဆေးဝံ့လောက်အောင်ပင် နိမ့်ကျလာ၏။ သို့သော် သခ်ကတော့စိတ် အားမငယ်ပါ။ သူ့မှာ အားကိုးလောက်သည့်သူငယ်ချင်း တစ်ယောက်လုံး ရှိနေသည် မဟုတ်ပါလား။ ထို့ကြောင့် မယားနှင့်တကွ ပိဋ္ဌိယ သူဌေးဆီ ထွက်လာခဲ့လေသည်။

ဗာရာဏသီမြို့သို့ ရောက်သောအခါ မယားကို တည်းခိုရာဇရပ်မှာ ထားခဲ့၍ ''မကြာခင် သူငယ်ချင်းဆီက ရထားလွှတ်လိုက်မယ်။ အဲသည်

ရထားနဲ့မှပဲ အေးဆေးသက်သာ လာခဲ့ပေတော့''ဟု မှာကြားကာ သခ်တစ်ဦးတည်း ပီဋ္ဌိယ၏အိမ်သို့ လျှောက်သွားလေ၏။

သူဌေးကတော်သည် ဇရပ်မှ မြို့တွင်းဘက်ဆီသို့ လည် တဆန့်ဆန့်ဖြင့် မျှော်နေရ၏။ သူမျှော်လင့်သည်မှာဖောင်းဝတ်ရောင်မြင်းလေးကောင်ကသော သူဌေးသုံး ရထားကြီးဖြစ်၏။ သို့ရာတွင် သူ့မြင်ကွင်းထဲ ရောက်လာတာကတော့ သူ့ခင်ပွန်းသည် သခ်တစ်ဦးတည်းသာ ဖြစ်နေသည်။ သူ၏ပုဆိုး ခါးပုံစထဲတွင် ဘာတွေမှန်းမသိ ထုပ်ပိုး၍ လာလေသည်။ အထင်နှင့် အမြင် တက်တက်စင်လွဲနေသဖြင့် သူဌေးကတော်မှာ ငိုချင်စိတ်များပင် ပေါက်လာရ၏။ ခေါင်းငုံ့ကာ တရွှေ့ရွှေ့ လျှောက်လာသော ခင်ပွန်းသည် ဇရပ်ပေါ် ရောက်လာသောအခါ သိချင်စိတ်ကို ကြိတ်မှိတ်ပထားနိုင်တော့သဖြင့် ဖွင့်ဟ၍ မေးရလေသည်။

''ပြောပဲ မပြောချင်တော့ပါဘူး ရှင်မရယ်။ ဒီကရောက်သွားတယ်ဆိုရင်ပဲ တို့ သူငယ်ချင်းကြီးကလေ သူ့ဆီမှာတဲစရာနေရာလဲမရှိပါဘူးတဲ့။ ပေးစရာဥစ္စာ ထူးထူးထွေထွေလဲ မရှိပါဘူးတဲ့။ ဖွဲကြမ်းတွေ ဗရပျစ်နဲ့ ဟောဒီဆန်ကွဲတွေကိုပဲ တော်ရာမှာ သွားချက်စားချေကြဆိုပြီး ပေးလိုက်ပါတယ်''

''ဒါဖြင့် မောင်က ဒါတွေ ဘာဖြစ်လို့ ယူခဲ့ရတာလဲဟင်။ ကုဋေလေးဆယ် ပေးထားခဲ့တဲ့ ကျေးဇူးကို ဆပ်တာက ဒါပဲတဲ့လား။သူ့အိမ်ဝမှာပဲ ကြဲဖြန့်ထားခဲ့ပါတော့လား''

သူဌေးကတော်က ဝမ်းနည်းပက်လက် ဖြစ်ကာ ငိုလေတော့၏။

''ဒီလိုလဲ ဘယ်လုပ်လို့ဖြစ်ပါဦးမလဲ ရှင်မရယ်။သူ့ဘက်ကမေတ္တာပျက်တာဟာ ပျက်တာပဲပေါ့။ သူမေတ္တာမရှိလို့ ဖွဲ ဆန်ကွဲပေးတာဖြစ်ပေမယ့် မောင်တို့ကဘယ်ငြင်းပယ်လို့ဖြစ်ပါ့မလဲ။ငြင်းပယ်လိုက်တယ်ဆိုတာနဲ့ မောင်တို့ဘက်ကပါ မေတ္တာပျက်ရာ ရောက်တော့မှာပေါ့''

သခ်ကတော့ သဘောထား ပြည့်ဝစွာပင် ဖျောင်းဖျ ပြောဆိုလေသည်။

သူဌေးနှစ်ဦးတို့မှာ နာမည် ကျော်ကြားထားသူများဖြစ်၍သူတို့၏ အဖြစ်အပျက်တို့မှာ တိုးတိုးတိတ်တိတ်နှင့် မပြီးဘဲ ဘုရင့်ရွှေနားတော်သို

အောင် ပေါက်ကြွားသွားလေသည်။ သို့နှင့် ဘုရင်က တရားသဖြင့် ဖြစ်အောင် ခေါ်၍ဆုံးမသောအခါ ပိင်္ဂိယသည် မနေသာတော့ဘဲ ရှိခဲ့ဖူးသော ကျေးဇူးကို တုံ့ပြန်လိုက်ရလေသည်။

(ကောနီပါတ်၊အသမ္ဗဒါန ဇာတ်)

အသမ္ဗဒါနဇာတ်၊ ကောနီပါတ် ဇာတ်ပေါင်းသော်

ပိင်္ဂိယသူဌေး = ဒေဝဒတ်။
သင်္ခသူဌေး = မြတ်စွာဘုရား။

# မိတ်ဆွေတို့၏ ကျင့်ဝတ်

ဂင်္ဂါမြစ်၏မြစ်ဖျားခံရာ ဟိမဝန္တာတောဝယ် ကျေးအပေါင်းတို့ နေကြ၏။ သူတို့၏အကြီးအမှူးဖြစ်သူ ကျေးမင်းကား ရေသဖန်းပင်ကြီးမှာ တစ်ကောင်တည်း နေလေသည်။

ကျေးမင်းသည် ဟိုဟိုသည်သည် ပျံသန်းလေ့မရှိဘဲ သူ့ နေ ရာ ရေသဖန်းပင်မှာ တည်ငြိမ်စွာ နေလေ့ရှိ၏။ အခြားနေရာများသို့ အစာရှာ မထွက်ဘဲ ရေသဖန်းသီးများဖြင့်သာ ရောင့်ရဲတင်းတိမ်၏။

ရေသဖန်းသီးများ ကုန်လတ်သော် အရွက်အညွန့်များကို စား၏။ ရေဆာသောအခါမှ ဂင်္ဂါမြစ်သို့ သွား၍ သောက်၏။ နွေကာလရောက်သောအခါ ရေသဖန်းပင်မှာအရွက်များကုန်တော့၏။ ထိုအခါတွင်လည်း ကျေးမင်းသည် ရေသဖန်းပင်ကို ခွဲခွာခြင်းမပြုမူဘဲ နေ မြဲ တိုင်း နေလေသည်။ ရေသဖန်းပင်၏ အပွေးအခေါက်များကို ခွာ၍စားလေသည်။

ဤသို့ အစားအစာပေါရာသို့ အများနည်းတူမသွားဘဲနေမြဲတိုင်း နေသဖြင့် ကျေးမင်း၏အသားအသွေးတို့ ခြောက်ခန်းလာကြ၏။ သို့သော် ကျေး မင်း က မ မှု ပါ လေ။ နေပူခြင်း၊ လေတိုက်ခြင်းတို့လည်း ဂရု မစိုက်ပေ။

တစ်နေ့တွင်ကား ကျေးမင်း၏ မိတ်ဆွေရင်းချာ ဟသ်ာမင်းသည် အခြွေအရံများနှင့်တကွ ရောက်လာ၏။ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြောဆိုကာ ကျေးမင်းသည်သူ့မိတ်ဆွေကို ရေသဖန်းပင်ကိုင်းခြောက်မှာ နေရာပေး၏။

ဟသ်ာမင်းသည် ကျေးမင်း၏ အနေအထိုင် အစားအသောက် ဆင်းရဲချို့တဲ့လှသည့်အတွက် စိတ်မကောင်း ဖြစ်မိ၏။ ထို့ကြောင့်....

''ချစ်ဆွေ ကိုရွှေကျေးရယ်၊ဘာကြောင့်များ သည်အပင်ခြောက်မှာ အဆင်းရဲခံပြီး နေရတာလဲကွာ။ဘာပြုလို့များ သည်အပင်ခြောက်ကို မစွန့်မခွာနိုင်ရတာပါလဲ'' ဟု မေးမြန်း၏။

ထိုအခါ ကျေးမင်းကလည်း စကားချိုသာစွာဖြင့် ပြန်ကြား၏။

''သူငယ်ချင်း ကိုဟသ်ာ၊ မိတ်ဆွေချစ်တို့ရဲ့ သဘောဟာ ဒီလိုရှိကြတာပဲလေ။ မိတ်ဆွေရင်းချာရယ်လို့ ဖြစ်လာကြပြီဆိုရင် တစ်ဦးအတွက် တစ်ဦးဟာ အသက်ကိုသာ စွန့်တန်စွန့်ရမယ်။ မိတ်ဆွေကိုတော့ စွန့်ပစ်ရိုး မရှိကြပေဘူး။ကိုယ့်မိတ်ဆွေဆီမှာ မှီခိုစရာပစ္စည်းဥစ္စာမရှိတာနဲ့လဲ စွန့်ပစ်မသွားကြရပေဘူး။ မှီခိုစရာကိုမျှော်ကိုးလို့လဲ အပေါင်းအသင်းပြုကြတာ မဟုတ်ပါဘူး''

ဟသ်ာမင်းမေးနေတာက ရေသဖန်းပင်အကြောင်း။ ကျေးမင်းကတော့ ချစ်မိတ်ဆွေတို့၏ ကျင့်ဝတ္တရားများကို ပြောဆိုနေချေပြီ။ ခုတ်ရာတခြား ရှရာတခြား ဖြစ်နေပေပြီ။

''အားတော့နာပါရဲ့ ကိုရွှေကျေးရေ။ ကိုရွှေကျေးပြောတာဟာ ကျုပ်မေးနေတာနဲ့ တခြားစီဖြစ်နေပါရောလား။အခုကိုရွှေကျေးပြောတဲ့ ချစ်မိတ်ဆွေတို့ ကျင့်ဝတ္တရားနဲ့ဒီရေသဖန်းပင်ခြောက်နဲ့ ဘာများသက်ဆိုင်ပါသလဲ''

ဟသ်ာမင်းက သဘောမပေါက်ကြောင်း ရိုးရိုးပင်ဝန်ခံကာ သိလိုရာကို ဆက်၍မေးရ၏။

''ဆိုင်ပါသော်ကော ကိုဟသ်ာ။ ဒီရေသဖန်းပင်ဟာ ငါ့ရဲ့ချစ်မိတ်ဆွေလဲဟုတ်ပေတယ်။ ဆွေမျိုးရင်းချာလဲ ဖြစ်ပေတယ်။ အသက်သခင် ကျေးဇူးရှင်ကို အသီးအရွက်မရှိတော့တာလေးနဲ့ ငါဘယ့်နှယ်စွန့်ပစ်ရက်ပါ့မလဲ ကိုဟသ်ာ''

''ဩော်-ဟုတ်ပါပေရဲ့၊မှန်ပါပေရဲ့''ဟုဟသ်ာမင်းက ဝမ်းမြောက်စွာ ထောက်ခံရလေသည်။

သူတို့နှစ်ဦး စကားစမြီပြောဆိုနေဆဲမှာပင် မိုးသားများအုံ့ဆိုင်းလာကာ မိုးရေများဖြာဆင်းကျလာ၏။ မိုးရေသောက်ရသည်နှင့် မကြာမြင့်မီ ရေသဖန်းပင်သည် အညွန့်အခက်များ ဝေစည်လာပြန်ကာ အသီးများသီးလေသည်။

ကျေးမင်းသည် သူ့မိတ်ဆွေရင်းချာ ရေသဖန်းပင်မှ အသီးများကို မြိန်ရှက်စွာ စားသောက်ရပြန်လေသည်။

(နဝနိပါတ်၊ မဟာသုဝရာဇ ဇာတ်)

မဟာသုဝရာဇဇာတ်၊ နဂနိပါတ် ဇာတ်ပေါင်းသော်

သိကြားမင်း = အရှင်အနုရုဒ္ဓါ။
ကျေးမင်း = မြတ်စွာဘုရား။

## မျက်နှာကြီးရာ ဟင်းဖတ်ပါ

ဓူမကာရီသည် သူပိုင်သမျှသောဆိတ်များကို တောထဲမှာကျောင်းလျက် တောထဲမှာပင် ခြံခတ်၍ထား၏။ သူကိုယ်တိုင်ကလည်း ရွာသို့ပြန်သည်မရှိဘဲ ပါလာသောရိက္ခာများကို ချက်ပြုတ်စားသောက်ကာ ဆိတ်များနှင့်အတူ တောထဲမှာပင်နေ၏။

အစပိုင်းမှာ ဆိတ်များကို နံနက်လင်းလျှင် ခြံကထုတ်၍ စားကျက်ကောင်းကောင်းမှာ ကျောင်းရ၏။ ညနေချမ်းကျလျှင် ခြံထဲသို့ရေတွက်၍သွင်းရ၏။နောက်တော့ ဓူမကာရီကိုယ်တိုင် လိုက်မနေရတော့ပေ။ အကျင့်ရပြီဖြစ်သော ဆိတ်များက သူတို့ဘာသာ ရေကြည်ရာမြက်နုရာ ကျက်စားကာ အချိန်ကျလျှင် ပြန်ဝင်လာကြ၏။ ဓူမကာရီမှာ ခြံဝက အကောင်ရေကို ဂရုစိုက်ကြည့်ရှု ရေတွက်ရုံမျှသာ ရှိ၏။

တောတွင် အစာရေစာပေါများစွာရှိသဖြင့် ဆိတ်များမှာအသားအရေ တစ်နေ့တခြား ပြည့်ဖြိုးလာကြ၏။ ဆိတ်ကောင်ရေတိုးပွားလာ၏။ ဆိတ်မများမှာ နို့ထွက်သန်လှ၏။ ဓူမကာရီသည် နေ့တိုင်း ဆိတ်နို့များ အဝ သောက်၏။ ရွာနီး ဝန်းကျင်မှ ဝယ်လာသူ များကို ရောင်း၏။ ပိုလျှံသော နို့များကိုကား ထောပတ်ချက်၍ထားလေသည်။

ဆိတ်နို့၊ ဆိတ်နို့ထောပတ်နှင့် ဆိတ်များ အကောင်လိုက်ရောင်းရငွေဖြင့် ဓူမကာရီသည် ပုဏ္ဏားသူကြွယ်လေးတစ်ဦး ဖြစ်လာ၏။ ဤလိုသာ ဆက်လက်ကြီးပွားနေလျှင် မကြာမီ သူဌေးကြီးအဖြစ် ရောက်တော့မည်မို့ ဓူမကာရီသည် စိတ်ကူးဖြင့် ပျော်မြူးရှုနေမိ၏။

ဓူမကာရီနှင့် ဆိတ်များ ပျော်တပြုံးပြုံးဖြင့် တောထဲမှာ နေခဲ့ကြရာတွင် မိုးကျလာသောအခါမှာကား သူတို့ မပျော်မြူးနိုင်ကြတော့ပေ။ မှက်နှင့်ခြင်များသည် ဆုပ်ရှုပက်သည့်နှယ်ပင် ပေါများလွန်းလှ၏။ ည အခါကျလျှင် သူတို့ ဝိုင်းအုံကိုက်ခဲသဖြင့် ဆိတ်များမှာ ကောင်းကောင်း မအိပ်နိုင်ကြတော့ပေ။ တစ်ညလုံး ဝရုန်းသုံးကားဖြစ်နေကြ၏။ ထို့ကြောင့် ဓူမကာရီက ခြံထဲမှာ မီးဖိုကြီးများ ဖိုပေးထားရ၏။ မီးဖိုကြီးများဖြင့် မှက်ခြင်များကို မှိုင်းတိုက်၍မောင်းထုတ်ပေးရ၏။ သည်တော့မှဆိတ်များ ကောင်းကောင်း အိပ်နိုင်ကြတော့သည်။

တစ်ညနေ ဆိတ်များ ပြန်လာသောအခါတွင် တောဆိတ်များပါ ရောနှောပါလာကြ၏။ ဓူမကာရီဝမ်းသာလှ၏။ တောဆိတ်များမှာ သူ၏ ရှိရင်းဆိတ်များထက် အသွေးအရောင်လှပ၏။ အကောင်အထည် ထွားကျိုင်း၏။ အရေအတွက်လည်း များပြား၏။ ကံကောင်းချင်တော့ တစ်နေ့တည်းနှင့် တစ်ဆကျော်ကျော်တိုး၍ ချမ်းသာလာပါပေါ့ကလား။

တောဆိတ်များ ရောက်လာသည့်နေ့မှစ၍ ဓူမကာရီသည် ရှိရင်းဆိတ်များကို ခါတိုင်းလို ဂရုမစိုက်ချင်တော့ပေ။ မီးဖိုပေးရာ၊ ဖွဲနုရေများ တိုက်ရာတွင် တောဆိတ်များကိုသာ ဂရုစိုက်နေတော့၏။ ညနေ ဆိတ်များအပြန်တွင် ရှိရင်းဆိတ်များ အစုံအစေ့ ပြန်လာမလာကိုမှ ဂရုစိုက်၍ မရေတွက်မိဘဲ ရှိတော့၏။

အမှန်တော့ဖြင့် တောဆိတ်များမှာ ခြင်ရန်မှက်ရန်ကြောင့် အကာအကွယ်ရှိရာ လာခိုကြခြင်းဖြစ်၏။ မိုးကုန်၍ ခြင်များ၊ မှက်များ ပါးသွားသော အခါ သူတို့သည် ခြံသို့ ပြန်မလာကြတော့ပေ။ ဓူမကာရီက လိုက်ဖမ်းသောအခါမှာလည်း အလိုက်ရခက်သည့် တောင်ချပ်ကြားများသို့ ပြေးကုန်ကြ၏။ တောနက်ရာသို့ တိုးဝင်ကာ ကိုယ်ရောင်ဖျောက်၍ထားခဲ့ကြ၏။

တောဆိတ်များမရှိပါမှ ဓူမကာရီသည် ဆိတ်များကို ရေတွက်၍ ကြည့်မိ၏။ တစ်ဝက်ကျော်ကျော်မျှပင် လျော့နေချေပြီတကား။

သည်တော့မှ....

''ဩော်- ငါက အတွင်းသားကို အပြင်၊ အပြင်သားကိုအတွင်း ပြုမိပေတာကိုး'' ဟု နောင်တ ကြီးစွာဖြင့် ညည်းညူ မြည်တမ်းရလေ တော့သည်။

(သတ္တကနိပါတ်၊ ရူမကာရီဇာတ်)

## ရူမကာရီဇာတ်၊ သတ္တနိကပါတ် ဇာတ်ပေါင်းသော်

စစ်မှုထမ်းသစ်များကို ချီးမြှောက်၍ အမှု
ထမ်းဆဲ စစ်သည်များကို လျစ်လျူရှုသဖြင့်

| | | |
|---|---|---|
| စစ်ရေးရှုံးနိမ့် ရသော ကောရဗျမင်း | = | အရှင်အာနန္ဒာ။ |
| ရူမကာရီပုဏ္ဏား | = | ကောသလ မင်းကြီး။ |
| ရူမကာရီပုဏ္ဏား၏ ဆုံးရှုံးရပုံ ပြဆို၍ မင်းကို ဆုံးမသောအမတ် ပညာရှိ | = | မြတ်စွာဘုရား။ |

## ကတညုတ မင်္ဂလာ

မိမိအပေါ်၌သူတစ်ထူးကပြုခဲ့ဖူးသော ကျေးဇူးကို သိတတ်သည် ဖြစ်၍ အတုံ့အလှည့် ကျေးဇူးဆပ်ခြင်းသည်မင်္ဂလာတစ်ပါးဖြစ်ပါပေ၏။

တိုင်းပြည်ဥသျှောင် ဘုရင်တစ်ပါးသည် ဤကဲ့သို့သောမင်္ဂလာကို ပန်ဆင်လိုသည်ဖြစ်၍ နန်းတော်ပြတင်းဝမှ နေ့စဉ် စောင့်မျှော်ကြည့်ခဲ့လေသည်။ သို့သော် တောကျေးလက်မှ ကျေးဇူးရှင်လင်မယားကား ထို နေ့တိုင် ပေါ်မလာသေးပါ။

သူတို့အိမ်က ထွက်လာသည့်နေ့က မိမိနေထိုင်ရာ နေပြည်တော်သို့ တစ်ခါတစ်ခေါက် မရောက်ရောက်အောင် လာခဲ့ကြပါဟု အထပ်ထပ် မှာထားခဲ့၏။ လာသောအခါတွင် ''မြင်းစီးကြီးအိမ် သွားချင်ပါတယ်'' ဟု တွေ့ရာလူတိုင်းအားမေး၍လာလျှင် အလွယ်တကူရောက်ပါလိမ့်မည်ဟု လမ်းညွှန်ပြ၍ထားခဲ့၏။ လမ်းညွှန်ပြသူအား ဆုလာဘ်များစွာ ပေးသနားမည်ဟုလည်း နေပြည်တော်မှာ စည်လည်ထားပြီးဖြစ်၏။ သို့သော် သူတို့ကား ထိုနေ့တိုင် ပေါ်မလာသေးချေ။ သူတို့သည်သူတစ်ပါးအပေါ် ကျေးဇူးပြုရုံသာ သိတတ်ကြပြီး အတုံ့အလှည့်ကို လုံးဝ မမျှော်လင့်ကြ သူများပါပေတကား။

[illegible]

သူတို့ရွာ သူတို့အိမ်သို့ ရောက်သွားစဉ်က မိမိမှာ ဘုရင်တစ်ပါး အနေဖြင့် မဟုတ်ပေ။ သာမန်လူတစ်ယောက်အသွင်ဖြင့် မြင်းတစ်စီးနှင့် ရောက်ခဲ့ရပေသည်။ တိုင်းစွန်နယ်ဖျား မငြိမ်မဝပ်ရှိရာတွင် မိမိပါ ဦးဆောင်၍ နှိမ်နင်းခဲ့၏။ ကာရန်မသင့်ချင်တော့ မိမိ၏တပ်မတော်များ ကစဉ့်ကလျား ပျက်ခဲ့ကြရသည်။ ထိုအခါမှာ မိမိသည်လည်း တစ်ဦး တည်း လက်လွတ်ထွက်ပြေးရကာ ကျေးတောလက် ရွာတစ်ရွာသို့ ခိုလှုံ ရတော့သည်။ ထိုအိမ်ရှင် လင်မယားတို့သည် မိမိအား ဘုရင်တစ်ပါးမှန်း မသိပါဘဲလျက် လိုလေသေးမရှိအောင်ပြုစုစောင့်ရှောက်ကြပါပေသည်။

သူတို့ရွာက ထွက်လာခဲ့၍ နေပြည်တော်သို့ ကောင်းမွန်စွာရောက် ခဲ့၏။ ယခုအခါတွင် တိုင်းစွန်နယ်ဖျားများကို ငြိမ်ဝပ်အောင် အုပ်ထိန်း ပြီးပါပြီ။ စေတနာသန့်သန့်ဖြင့် မိမိ အပေါ် ပြုစုခဲ့ကြသော သူတို့၏ ကျေးဇူးဂုဏ်ကို မိမိကဆပ်ချင်နေပါသည်။သို့ပါလျက် သူတို့နှစ်ဦးအနက် တစ်ဦးမျှ ပေါ်မလာ။ မင်းမိန့်ဖြင့်လည်း သူတို့ကိုမခေါ်ယူလို။ သူတို့ကို ဤနန်းတော်ရောက်မှ အဖြစ်မှန်ကို အသိပေး၍ဝမ်းမြောက်စေချင်သည်။

မတတ်သာတော့သည့် အဆုံးတွင် ဘုရင်သည် သူတို့ရွာကို အခွန် တိုး၍ ကောက်စေရတော့၏။ သို့သော် သူတို့ကား ပေါ်မလာကြသေး။

"ပေါ်မလာနေရရို့လား"ဟု နောက်တစ်ခါ အခွန် ထပ်တိုး လိုက်ပြန်သည်။ ထိုလင်မယားကား မရှိရှိတာ ထုခွဲရောင်းချ၍ အခွန် တော်ကိုသာ ကျေလည်အောင် ထမ်းဆောင်ကြသည်။ မြင်းစီးကြီးနေပါ သည်ဆိုသော နေပြည်တော်သို့ တက်၍ အကူညီတောင်းရန် လားလားမျှ စိတ်မကူးမိကြပေ။

နောက်တစ်ခါ အခွန် ထပ်တိုးလိုက်ပြန်သည်။ ဤတွင် သူတို့က နေနိုင်သော်လည်း ရွာသူရွာသားများက မနေနိုင်ကြတော့ပြီ။ သူ့အိမ် ကလေးသို့ ဝိုင်းအုံစုပြုံလာကြတော့သည်။

"ဘယ့်နှယ်လဲ သူငယ်ချင်း၊ မင်း မိတ်ဆွေမြင်းစီးကြီးရောက်လာ တဲ့နေ့ကစပြီး ငါတို့ရွာ အခွန်ဒဏ်ပိနေပြီ။ ထပ်ကာတလဲလဲ လာနေတဲ့ အခွန်တော်တွေ ထမ်းဆောင်နေရတာနဲ့ ငါတို့မှာ ခေါင်း မထောင်နိုင် တော့ဘူး။ ဒီတော့ ဒီအခွန်တော်တွေက လွတ်ငြိမ်းရစေဖို့ မင့် မိတ်ဆွေ မြင်းစီးကြီးဆီ သွားအကူအညီ တောင်းပေတော့"ဟု အရေး ဆိုကြ တော့၏။

"ကောင်းပြီ သူငယ်ချင်းတို့"

အိမ်ရှင်ယောက်ျားက သို့ကလို ဝန်ခံလိုက်ပြီးမှ....

''ဒါပေမယ့် သူငယ်တို့ရယ်၊ သူ့ဆီ သွားတဲ့အခါမှာ လက်ချည်းသက်သက်တော့လဲ မသွားချင်ဘူး။ သူ့မှာ သားကလေး နှစ်ယောက်ရှိတယ်လို့ ပြောတယ်။ တို့အိမ်က ကလေးနှစ်ယောက် အရွယ်ပဲရှိသေးတယ်လို့ တသသ ပြောခဲ့ရှာတယ်။ ဒီတော့သူ့ဖို့ရယ်၊ သူ့အိမ်သူ့ဖို့ရယ်၊ ကလေးနှစ်ယောက်အတွက်ရယ် အဝတ်အထည်ကလေးတွေလဲ လက်ဆောင်ယူသွားချင်သေးတယ်''

''ရစေ့မပေါ့ သူငယ်ချင်းရာ''

ရွာသူရွာသားတို့က သူတို့ရွာတွင် ရက်လုပ်သော ချည်ကြမ်းထည်များကို စုဆောင်း၍ပေးကြလေသည်။ အိမ်ရှင်မသည်လည်းလက်ဆောင်ပေးရန် မုန့်ပဲသရေစာများ ကြော်လေသည်။

ကျေးတောသားသည် ထို အဝတ်အထည်နှင့် ထိုမုန့်ပဲသရေစာတို့ကို သယ်ယူကာ တစ်ခါမျှ မရောက်စဖူးသော နေပြည်တော်သို့ အဆင့်ဆင့် မေးမြန်း၍ လျှောက်လာခဲ့၏။ ရက်ပေါင်းအတော်ကြာမှ နေပြည်တော် တံခါးဝသို့ ရောက်လေသည်။

''မြင်းစီးကြီးအိမ် သွားချင်ပါတယ်။ မြင်းစီးကြီးအိမ် ဘယ်လမ်းက သွားရပါသလဲ ခင်ဗျား''

အသင့်တွေ့ရသော တံခါးမှူးကို ကျေးတောသားက မေးလိုက်၏။ တံခါးမှူးက ဝမ်းသာအားရ လက်ကိုဆွဲကာ နန်းတော်ကြီးသို့ ခေါ်သွားတော့၏။

ကျေးတောသားမှာ စကားမဆိုဝံ့ဘဲတံခါးမှူးခေါ်ရာနောက်သာ ကြီးကြည့် ကြောင်ကြည့် လိုက်ပါသွားရ၏။ သူ့စိတ်ထဲမှာ စိုးရိမ်ထိတ်လန့်ခြင်းတို့ ကြီးစိုး၍နေ၏။ သူမေးခဲ့တာက မြင်းစီးကြီးအိမ်။ ယခု ရောက်လာတာက ပြိုးပြိုးပြောင်ပြောင် ရွှေနန်းတော်ကြီး။ အခွန်တော် ကိစ္စနှင့် လာမှန်းသိကာ ရာဇဒဏ်များ ခတ်ကြတော့မည်လော။

သို့သော် စိုးရိမ်စိတ်မှာ နန်းတော်ဝမှ ပြုံးပြုံးကြီး ဆီးကြိုလျက်ရှိသော မျက်နှာကို မြင်လိုက်ရသည်နှင့် ပြေပျောက်သွားရလေသည်။ သူတို့မိတ်ဆွေ မြင်းစီးကြီးသည် သာမန်လူမဟုတ်ဘဲ တိုင်းပြည့်ရှင် ဘုရင်ကြီး ဖြစ်နေပါတကား။

ဘုရင်ကြီးသည် ကျေးဇူးရှင် ကျေးတောသား၏ လက်ကိုဆွဲကာ "ဘယ့်နှယ်လဲ၊ အိမ်ရှင်မ မာရဲ့လား။ ကလေးတွေကော ဆော့နိုင်ကြရဲ့လား"ဟု တရင်းတနှီးမေးလျက်မင်းနေရာသို့ခေါ်ဆောင်လာလေသည်။

ထို့နောက် ဘုရင်ကြီးက "သူငယ်ချင်း ရောက်လာတာတော့ဟုတ်ပြီ။လက်ဆောင်ကလေးကော ပါခဲ့ရဲ့လား"ဟုပြုံးပြုံးရွှင်ရွှင်မေးလိုက်ရာ....

"ပါ့၊ပါသဗျာ ဟောဒီမှာ"ဟု ကျေးတောသားက အိတ်ထဲက မုန့်ပဲသရေစာများကို ထုတ်၍ပေးလေသည်။ ဘုရင်သည် ရွှေခွက်ဖြင့် ထိုလက်ဆောင်ကိုခံယူကာ ရင်းနှီးသောအားဖြင့် ကိုယ်တိုင်စားလေသည်။ မိဖုရားနှင့် သားတော်များကိုလည်း စားစေသည်။ မှူးကြီး မတ်ကြီးများကိုလည်း ဝေငှပေးလေသည်။

ကျေးတောသား၏ နောက်တစ်မျိုးလက်ဆောင် ဖျင်ထည်များကိုလည်း သူတို့မိသားစုတစ်တွေ အမြတ်တနိုး ချုပ်လုပ်၍ ဝတ်ဆင်ကြလေသည်။

နောင်အခါတွင် တောမှာ ကျန်ရစ်ခဲ့သော သားမယားများကိုပါ ခေါ်ယူစေကာ ထိုက်သင့်သည့် နေရာကို ဘုရင်က ပေးအပ်လေသည်။ ဥပါယ်တမျဉ်ဖြင့် တိုးထားခဲ့သော အခွန်များကိုလည်း အားလုံးပြန်ပေးစေလေသည်။

ကျေးဇူးစားနှင့် ကျေးဇူးရှင်တို့သည် အတုံ့အလှယ် ပြုစုကြလျက် အသက်ထက်ဆုံး ကြည်ဖြူစွာ နေသွားကြလေသည်။

(စတုကနိပါတ်၊ မဟာအဿရောဟ ဇာတ်)

**မဟာအဿရောဟဇာတ်၊ စတုက္ကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| တောရွာသားကြီး | = | အရှင်အာနန္ဒာ။ |
| ဗာရာဏသီမင်း | = | မြတ်စွာဘုရား။ |

## သေရွာပြန်

ဗာရာဏသီမြို့အနီးတွင် မိဂါဇိန်ဟူသော ဥယျာဉ်ရှိ၏၊ ဗြဟ္မဒတ် မင်းကြီးသည် အခါအားလျော်စွာ ထိုဥယျာဉ်သို့သွားရောက်၍ အပန်းဖြေနေကျဖြစ်၏။ ဥယျာဉ်သည် သစ်ပင် ပန်းမန်ရေကန်တို့ဖြင့် တင့်တယ်သာယာလှသည်ဖြစ်၍ မင်းကြီးရောက်လေတိုင်း အပန်းဖြေ၍ စိတ်ရောကိုယ်ပါ လန်းဆန်းရပေသည်။

သို့ရာတွင် ထိုနေ့က တစ်ခေါက်ရောက်သည့်တွင်ကား မင်းကြီးမှာ အပန်းမပြေရုံမက စိတ်ညစ်ညူး၍ သွားရ၏။ ဥယျာဉ်တော်၏ အုတ်တံတိုင်းအနီးတွင် မမြင်အပ်မမြင်ချင်ဖွယ် မတင့်တယ်သောအရာကိုမြင်လိုက်ရ၍ ဖြစ်ပေသည်။

ထိုအရာကား ရုပ်ပျက်ဆင်းပျက်လူနာတစ်ယောက်ဖြစ်၏။ အုတ်တံတိုင်း အနားမှာ ဖက်ရွက်များကို ခင်း၍ အိပ်ကာ ဆင်းရဲပင်ပန်းစွာ ညည်းညူနေလေသည်။

သူ့တစ်ကိုယ်လုံးမှာ အနာများ ဗလပွဖြစ်နေ၏။ ပေါက်တဲ့နေရာက ပေါက်။ သွေးယိုတဲ့နေရာကယို။ တချို့နေရာမှာတော့ အရိုးနှင့်အရေမှာ

ကပ်လျက်။ အရေအောက်တွင် အကြောကြီးများက ပိုက်ကွန်ကိုဖြန့်ထားသကဲ့သို့ ထင်းထင်းပေါ်၍ နေကြ၏။ သူ၏အဝတ်အဆင်နှင့် ဆံပင်ပုံပြင်ထားပုံရှိရခြင်းအားဖြင့် ပုဏ္ဏားတစ်ယောက်ဟု သိရပေသည်။ ထိုပုဏ္ဏားအပေါ်၌ ရှုံရှာမိသည်နှင့်အမျှ ဗြဟ္မဒတ်မင်းကြီးသည် သနားခြင်းလည်း ဖြစ်လာမိ၏။ ထို့အတူ ထိုအဖြစ်သို့ ရောက်လာရသည့်အကြောင်းကိုလည်း သိချင်နေ၏။ ထို့ကြောင့်....

''အို-ပုဏ္ဏား၊ သင်ဟာဘာဖြစ်လို့များ ဒါလောက်တောင်ရုပ်ပျက်ဆင်းပျက် ဖြစ်နေရတာပါလဲ။ ဘယ်လိုမကောင်းမှုများပြုမှားမိလို့ပါလဲ'' ဟု အသာတကြည် မေးလိုက်၏။

''နားဆင်တော်မူပါ အရှင်မင်းကြီး။ ကျွန်တော်တတ်နိုင်သမျှ တင်လျှောက်ပါ့မည်ဘုရား''

ပုဏ္ဏားက အရိုအသေပြုကာ ဗြဟ္မဒတ်မင်းကြီးအား သူ့ဇာတ်ကြောင်းကို ပြန်ပြောင်း၍ ပြောပြလေသည်။

''အရှင်မင်းကြီး၊ ကျွန်တော်ဟာ ကာသိကရွာက လယ်သမားပုဏ္ဏားဖြစ်ပါတယ်။ လယ်ထွန်ဖြုတ်ချိန်မှာ ကန်သင်းပေါက်စရာရှိတာနဲ့ နွားတွေကို ကြိုးဖြုတ်ပြီး လွှတ်ထားမိပါတယ်။ အလုပ်မှာသာစိတ်ဝင်စားနေမိတာမို့ နွားတွေဘယ်သွားပြီး ဘာစားနေတယ်ဆိုတာ ကျွန်တော်ဂရုမစိုက်မိပါ။ သတိရလို့ကြည့်လိုက်တဲ့အခါမှာ နွားတွေမရှိတော့ပါဘူးဘုရား။

''ဒါနဲ့ ဘုရားကျွန်တော်လဲ နွားတွေသွားတတ်တဲ့ တောအုပ်ထဲဝင်ပြီး ရှာပါတယ်။ အဲဒီမှာ မတွေ့တာနဲ့ တစ်တောပြီးတစ်တော ရှာလာလိုက်တာ ဟိမဝန္တာတောကြီးအထိ ရောက်လာပါတယ်။ ဟိမဝန္တာရောက်တည်ဆိုရင်ပဲ မျက်စိလည်ပြီး လမ်းတွေပျောက်ကုန်ပါတယ်။ နွားကိုလဲမတွေ့၊ အစာလဲမစားရနဲ့ ခုနစ်ရက်တိုင်တိုင်ပါဘဲ ဘုရား။

''ရောက်တတ်ရာရာ သွားနေရင်းက ကံအားလျော်စွာ တည်ပင်တစ်ပင်ကို တွေ့ရပါတယ်။ တည်ပင်ဟာ အသူတစ်ရာနက်တဲ့ ချောက်ကမ်းပါးမှာ ပေါက်နေပါတယ်။ သူ့အသီးများဟာ စားချင့်စဖွယ် မှည့်ဝင်းလို့နေပါတယ်။ ဘုရားကျွန်တော်ဟာ တည်ပင်ကိုမြင်လိုက်ရင်ပဲ အပြေးအလွှားသွားပြီး လေတိုက်လို့ကြွေကျနေတဲ့ တည်သီးတွေကို ကောက်စားလိုက်ပါတယ်။ အင်မတန်မှ အရသာထူးမြတ်လှပါတယ် ဘုရား။

''တည်သီးများဟာ ပါးစပ်ကစားလိုက်ပေမယ့်ဘယ်ရောက်သွားတယ်လို့ မသိရအောင်ပါပဲ။ တစ်လုံးစားနေရင်းက နောက်တစ်လုံးကို စားချင်စိတ်ပေါက်နေပါတော့တယ်။ ဒါကြောင့် မကြာခင်မှာပဲ လေကြော တည်သီးတွေကုန်လို့မို့ အပင်ပေါ် တက်ရပါတော့တယ်။

''အပင်ပေါ်က လက်လှမ်းမီသမျှ တည်သီးတွေကို ဘုရား ကျွန်တော် ကြွပ်ကြွပ်မြည်အောင် ခူးစားပါတယ်။ တစ်စတစ်စနဲ့ ကိုင်းရင်းက အသီးတွေကုန်လို့မို့ ကိုင်းဖျားမှာသာ အသီးများ ကျန်ပါတော့တယ်။ အဲဒီကိုင်းဖျားမှာပဲ အလွန်မှည့်ပြီး စားချင်စရာကောင်းလှတဲ့ အသီးကြီး ကလဲရှိနေပါတယ်။

''ဒါနဲ့ ဘုရားကျွန်တော် အရဲစွန့်ပြီး ကိုင်းဖျားကို လျှောက်လို့ ဆွတ်ဖို့ရာလက်လှမ်းလိုက်တာနဲ့တစ်ပြိုင်နက် နင်းထားတဲ့ကိုင်းက ပြတ်ကျပါရော ဘုရား။

'အို-တစ်ခါဖြင့် သေဘေးတွေ့ပဟ'

''ဒီလိုပဲ စိတ်ထဲက တွေးလိုက်မိပါတယ်။ ဦးခေါင်းစောက်ထိုး။ ခြေထောက်မိုးမျှော် ချောက်ထဲသို့ ကျသွားပါတော့တယ်။ အောက်မှာ အတောင်များစွာနက်တဲ့ ရေတွေရှိတာကြောင့် သေဘေးတော့မထိုက်ပါ၊ သို့ပါသော်လဲ ချောက်ပေါ်ကို ပြန်မတက်နိုင်။ တွေးကာ မှိုင်ကာနဲ့ငိုကြွေးကာပဲ ဆယ်ရက်တိုင်တိုင် နေခဲ့ရပါတယ်။

''ဆယ်ရက်မြောက်တဲ့နေ့ကျမှ ကယ်မယ့်သူနဲ့တွေ့ရပါတော့တယ်။ ရောမမျောက်ကြီးတစ်ကောင်ဟာ ကယ်တင်ရှင်ဖြစ်ပါတယ်။ သူဟာ သစ်ကိုင်း တစ်ခုကို ခုန်ကူးရင်း ကျွန်တော့်အထက် ကမ်းပါးမှာ ရောက်လာပါတယ်။ ချောက်အတွင်းက ကျွန်တော့်ကို လှမ်းပြီး ကြည့်နေပါတော့တယ်။

အဲဒီအချိန်မှာ ကျွန်တော်ဟာ အစာ မစားရလို့ ကြုံလှီခြောက်ကပ်နေပါပြီ။ အသားအရေ ခြောက်ခန်းနေပါပြီ။ ဒါကိုမြင်ပြီး မျောက်ကြီးက သနားလာဟန်တူပါတယ်။ သူက လူတို့ဘာသာစကားနဲ့ပဲ 'အသင်ဟာ လူလား ဘီလူးလား၊ အကြောင်းမှန်ကို ပြောစမ်းပါ' လို့ ဆိုပါတယ်။

''အို- အသင်မျောက်မင်း၊ ကျွန်တော်ဟာ မနုဿလူသားစင်စစ်မှန်ပါတယ်။ ကျွန်တော် ဒီချောက်ထဲက ဘယ်နည်းနဲ့မှ မတက်နိုင်ပါ။ အို- အသင်မျောက်မင်း ကျွန်တော့်ကို ကယ်တင်ပါ''

''ရှိရှိသေသေနဲ့ပဲ ကျွန်တော်က တောင်းပန်လိုက်ရပါတယ်။ သည်တော့ သန်မာလှတဲ့မျောက်ကြီးဟာ ကျောက်ခဲတွေ၊ ကျောက်စွန်းတွေကို လက်မြဲမြဲ ခြေမြဲမြဲနဲ့ဆွဲပြီး ဆင်းလာပါတယ်''

'ကဲ- ဒုက္ခသည် အမောင်လူသား၊ ငါ့ကျောမှာ မြဲမြဲ ခွစီးပြီး လည်ပင်းမှာ ဖက်ထားပေတော့'

''ဒီလိုပြောပြီး ချောက်ကမ်းပါးအတွင်းက ကျွန်တော့်ကို ကယ်ထုတ်ခဲ့ပါတယ်။ နှစ်ယောက်ရဲ့ဝန်ကို ထမ်းလာရတာမို့ သူ့လက် သူ့ခြေများ သွေးခြည်များ ဥကုန်ပါတော့တယ်။ အင်မတန်မှဘဲ မောပန်းသွားပါတယ်။

''ဒါကြောင့်မို့ပဲ အပေါ်ရောက်တဲ့ အခါ မျောက်ကြီးက 'ကဲ- အမောင်လူသား၊ ငါ တစ်ရေး အိပ်လိုက်ဦးမယ်။ ဒီတောအရပ်ဆိုတာ ကျားတွေ ကျားသစ်တွေရှိတတ်တယ်။ ငါ အိပ်ပျော်နေတဲ့ အခိုက်မှာ သင်က ကောင်းကောင်းစောင့်ရှောက်ပါဘိ'

''အရှင်မင်းကြီး၊ မျောက်ကြီးဟာ ကျွန်တော့်ကို ယုံကြည်စိတ်ချစွာနဲ့ပဲ ကျွန်တော့် ပေါင်ပေါ်မှာ အိပ်ပျော်သွားပါတယ်။

''အဲဒီအချိန်မှာ ကျွန်တော်ဆိုတဲ့ အမိုက်တကောင့်ထိပ်ခေါင်တင်ဟာ မသင့်တော်တာ စိတ်ကူးမိတော့တာပါပဲ ဘုရား''

'တောထဲမှာရှိတဲ့ သမင်, ဒရယ်, ချေယ်, စိုင်, ဆတ် တွေကို လူတွေစားလို့နေကြတယ်။ အခု ဒီမျောက်လို ဟာကြီးတွေကိုကော။ ဒါလဲ ရရင်တော့ စားကြတာပါပဲ။ ဆယ်ရက်တိုင်တိုင် အစာမစားရတဲ့ ငါ့ဗိုက်ကလဲ တကြုတ်ကြုတ်မြည်လို့၊ တောက် ဒီမျောက်ကြီးသတ်ပြီး ကင်စားလိုက်ရင်တော့လား။ အောင်မယ် ပိုတဲ့ဟာတွေ ဖက်နဲ့ထုပ်ယူရင် တစ်လမ်းလုံး အတွက် ရိက္ခာတောင် ရဦးမှာ'

''အရှင်မင်းကြီး၊ ကံမကောင်းချင်တော့ စိတ်အကြံရဲ့ နောက်မှာ လက်က ထက်ကြပ်ပါသွားပါတော့တယ်။ အနားက ကျောက်တုံးကြီးကို ယူပြီး မျောက်ကြီးခေါင်းကို ထုခွဲလိုက်ပါတော့တယ်။ ဒါပေမယ့် ကျွန်တော်ဟာ အစာပြတ်လို့ အားနည်းနေတာကြောင့် မျောက်ကြီးဟာ သေပွဲ မဝင်ပါ။

''အဲ ဒီတုန်းက သူ့မျက်နှာထားကို ကျွန်တော့် မျက်စိထဲမှာ ခုထက်ထိ မြင်နေပါသေးတယ်။ သွေးသံရဲရဲနဲ့ ထခုန်ရင်းက ကျွန်တော်

မှန်းလဲ သိရော တကတဲ စိမ်းစိမ်းကြီး ကြည့်နေလိုက်တာ ကျွန်တော် အသည်းတုန် အူတုန်ဖြစ်ရတဲ့အထိပါပဲ။

‘‘သူ့ခေါင်းက သွေးတွေက တပေါက်ပေါက်ကျလို့။ ဒီအတူပဲ သူ့မျက်လုံးများကလဲ မျက်ရေတွေ တပေါက်ပေါက်နဲ့။ တစ်လုံးချင်းနဲ့ သူငိုရင်း ပြောနေတဲ့ စကားလုံးများကို ကျွန်တော် နားထဲက မထွက် သေးပါ။

‘အို- အသင်ယောကျ်ား၊ လုပ်မှလုပ်ရက်လေစွ တကား။ အသင် ဟာ တခြားရန်သူတွေကို ကာကွယ်ရမှာ ဖြစ်ပါလျက်က အခု ငါ့ကို သင်ကိုယ်တိုင်က ရန်ပြုပါပကော။ သြော်- အံ့သြလောက်တဲ့ ယောကျ်ား ပါပေတကား။

‘အသင် ယောကျ်ား၊ ငါဟာ အသင့်ကို ဟိုးတမလွန်လောက က ကယ်ထုတ်လို့လာခဲ့ရတယ်။ ငါသာ မကယ်ရင် တမလွန်လောကသို့ ကေန် သွားရတော့မယ်။ ဒီလိုကျေးဇူးရှင်ကိုမှ ဒီလိုယုတ်မာလှတဲ့ အကြံအစည် မျိုး ပြုရက်ပါပေ့ကွယ်။

‘အို- သူတော်မဟုတ် ယောကျ်ားယုတ်၊ အသင့်အတွက်ကြောင့် ငါ့မှာဖြင့် ဒုက္ခဝေဒနာ ခံစားနေရပြီ။ ဒါပေမယ့်လို့ အသင့်မှာတော့ ဒီလို ဆင်းရဲတဲ့ ဝေဒနာမျိုး မရောက်လာ မနှိပ်စက်ပါစေနဲ့။ ဝါးပင်ဟာ ကိုယ့် အသီးက ကိုယ့်ကိုသတ်သလိုပဲ ဒီမကောင်းမှုက သင့်ကို မသတ်ပါစေနဲ့။

‘ကိုယ်နှုတ်နှလုံး မစောင့်သုံးတဲ့ အို- လူယုတ်၊ သင့်ကိုတော့ဖြင့် ငါက အကျွမ်းတဝင် မပြုရဲတော့ပြီ။ ငါ့နောက်ပါးက သွေးစက်တွေ ခြေရာခံပြီးတော့သာ လိုက်ခဲ့ပေတော့’

‘‘မျောက်ကြီးဟာ သွေးပေါက်သွေးစက်နဲ့ ကျွန်တော့်ကိုလမ်းပြ ပြီး လူတို့ရပ်ထံကို ပို့ဆောင်ပေးပါတယ်။ လမ်းဖုံဖုံရှိရာကို ရောက်ရင်ပဲ မျောက်ကြီးဟာ တောထဲကို ပြန်ဝင်ပြီးတော့ တောင်ပေါ်ကို တက်သွား ပါတော့ကယ်။

‘‘တောထဲကထွက်အလာမှာကျွန်တော့်တစ်ကိုယ်လုံးဟာ ပူလောင် လွန်းမက ပူလောင်လာပါတယ်။ ရေသောက်ချင်လွန်းလို့ ရေကန်တစ်ခုကို ဆင်းလိုက်တဲ့အခါ စောစောက ကြည်လင်အေးမြနေတဲ့ ရေကန်ဟာ သွေးတွေ၊ ပြည်တွေလိုဖြစ်ပြီး ကျိုက်ကျိုက်ဆူလို့ နေပါရောဘုရား။

"ဒါတင်မကသေးပါ ဘုရား၊ အဲဒီရေကန်က ရေပေါက်တွေဟာ ကျွန်တော့်ကိုယ်ပေါ်မှာ စဉ်လာကြပါတယ်။ အဲဒီရေပေါက်တွေနဲ့အမျှ ကျွန်တော့်ကိုယ်ပေါ်မှာ အနာကြီးတွေဖြစ်လာပါတော့တယ်။ချက်ချင်းပဲ သွေးတွေ ပြည်တွေတည်လို့ ကိုယ့်ကိုကိုယ်တောင် မသတိစရာ ဖြစ်ရပါတော့တယ်။

"ဘယ်လိုပဲဒုက္ခရောက်ပေမယ့်ကျွန်တော်ဟာကိုယ့်ရပ်ရွာကိုတော့ ရောက်အောင် ပြန်မယ်ဟဲ့ဆိုပြီး အားခဲလို့ လာခဲ့ပါတယ်။ လမ်းမှာ တွေ့သမျှ ရွာတွေ၊လူတွေကိုလဲ အသနားခံ တောင်းပန်ပါတယ်။ ဒါပေမယ့် တွေ့သမျှလူတွေကဖြင့် သနားဖို့ နေနေသာသာ ကျွန်တော် လာတာမြင်ရင်ပဲ အဝေးက ရှောင်ကြပါတော့တယ်။ ကျွန်တော်က မတတ်သာလွန်းလို့ ဇွတ်တိုးသွားပြန်တော့လဲ တုတ်တွေ၊ ခဲတွေနဲ့ ကာကွယ်ပြီး ဆဲဆိုကြိမ်းမောင်းကြပါတော့တယ်။

"ကဲ-ကျွန်တော့် ဖြစ်အင်၊ ကျွန်တော့် မကောင်းမှုကိုတော့ဖြင့် အရှင်မင်းကြီး ကြားသိ ရှုမြင်ရပါပြီ။ဒီနားမှာ ရောက်နေကြတဲ့အရှင်မင်းကြီးနှင့်တကွ မှူးမတ်ဗိုလ်ပါအပေါင်းကို ကျွန်တော်အထူးတလည် အမှာစကား ပါးလိုက်ချင်တာကတော့ဖြင့် မိတ်ကောင်း၊ ဆွေကောင်းများကို ကျွန်တော့် နည်းတူ မပြစ်မှားဖို့ပါပဲ ဘုရား"

ဒုက္ခသည် ပုဏ္ဏားက ဖြစ်ကြောင်း ကုန်စင်ကို ဤသို့စီကာပတ်ကုံး ပြောပြကာ မကြာမီ သေဆုံးလေတော့၏။

ဗြဟ္မဒတ်မင်းကြီးနှင့်တကွ မှူးမတ် ဗိုလ်ပါတို့သည် သတိသံဝေဂ ရလျက် နန်းတော်သို့ ပြန်ခဲ့ကြလေသည်။

(တိံသနိပါတ်၊ မဟာကပိ ဇာတ်)

မဟာ ကပိဇာတ်၊ တိံသနိပါတ် ဇာတ်ပေါင်းသော်

မိတ်ဆွေကောင်းကို ပြစ်မှားသော ပုဏ္ဏား = ဒေဝဒတ်။
မျောက်ကြီး = မြတ်စွာဘုရား။

## ကျေးစွပ်သူများ

ကျောက်မျက်ရတနာအမျိုးမျိုးနှင့် ဖန်ထည်ပစ္စည်းတို့ကိုနှစ်သက်စဖွယ် တင့်တယ်သပ်ရပ်သော ပုံစံဖြင့်ပြုလုပ်ပေးနိုင်သော ကျောက်သွေးသမားတစ်ယောက်သည် ရွာပျက်ကုန်းကြီး တစ်ခုပေါ် ရောက်လာ၏။ သူသည် အသင့်ပါလာသော တူရွင်းဖြင့် ဟိုဟိုသည်သည် လျှောက်တူးကြည့်လေရာ ကျောက်မုက်ရဘနာ အရိုင်းတုံးတစ်ခုကို တွေ့လိုက်ရ၏။ ထိုကျောက်ရိုင်းတုံးကို လှပစွာ သွေး၍ ရောင်းလိုက်သော အခါ တန်ဖိုးများစွာ ရရှိလေသည်။

ကျောက်သွေးသမားသည် မိမိ တွေ့ရှိထားသော ဥစ္စာသိုက် ရှိရာဌာနကို မည်သူ့ကိုမျှ အသိမပေးဘဲ နေ့စဉ် လာ၍တူးဆွရှာဖွေ၏။ နေ့စဉ်နေ့တိုင်းပင် ကျောက်မျက်ရတနာအတိုအစ တစ်ခုခုကိုပေါ့ ရရှိသည်သာဖြစ်ပေသည်။

ဤသို့ နေ့စဉ်နေ့တိုင်း လာ၍ တူးဆွရှာဖွေလာခဲ့ရာ ကျောက်သွေးသမားသည် ကြွက်မတစ်ကောင်ကိုသတိပြုမိ၏။ ထိုကြွက်မသည် အစတုန်းကတော့ မိမိကိုမြင်လျှင် ကြောက်လန့်တကြား ထွက်ပြေး၏။ လွတ်ရာကျွတ်ရာသို့ ပြေး၍ ပုန်းနေ၏။ ပုန်းနေရာမှ မိမိရှိရာသို့ပြူးကြောင်ကြောင်

မျက်လုံးကလေးများဖြင့် ချောင်းကြည့်နေတတ်၏။ ကျောက်သွေးသမား ကလည်း ကြွက်မကို လုံးဝရန်မမူပါ။ ကိုယ်ခန္ဓာ ကြီးသည် ငယ်သည်မဟူ သက်ရှိသတ္တဝါမှန်သမျှ ဝမ်းစာရေးကိုအလေးပေးရသူချည့်ဖြစ်ပေသည်။ ဤသို့သော ကိုယ်ချင်းစာစိတ်ဖြင့် ကြွက်မ ပုန်းနေသည့်နေရာကို တမင် တကာ ရှောင်ကွင်း၍ တူးလေသည်။

ဤသို့ ကျောက်သွေးသမားက ရန်မမူမှန်း သိလာရသောအခါ ကြွက်မသည် ကျောက်သွေးသမားနှင့် တွေ့သော်ငြားလည်း မပြေးတော့ချေ။ မလှမ်းမကမ်းမှ ပြေးလွှားလှုပ်ရှားကာ ကျောက်သွေးသမားတူးဆွရှာဖွေနေသည်ကိုသာ လိုက်၍ ကြည့်နေတတ်ပေသည်။

ဤသို့ တစ်စတစ်စ ရင်းနှီးလာ၍ ရက် အတန်ကြာလာသောအခါ ကြွက်မသည် ရွှေဒင်္ဂါးတစ်ပြားကို နှုတ်သီးဖြင့် ကိုက်ချီ လာပြီးလျှင် ကျောက်သွေးသမား၏ ရှေ့မှာချပေးလိုက်၏။ ကျောက်သွေးသမားသည် ဝင်းဝါတောက်ပြောင်နေသော ရွှေဒင်္ဂါးပြားကို တွေ့လိုက်ရသည့်အတွက် ဝမ်းသာလှ၏။ ထို့ထက် သာမန်တွေ့နေကျ ကြွက်မတစ်ကောင်က ဤမျှလောက် အဖိုးထိုက်တန်သော ပစ္စည်းကိုချီယူကာ မိမိအား ပေးလာသည့်အတွက် တအံ့တဩဖြစ်မိ၏။ ထို့ကြောင့်....

''အို-အသင်ကြွက်မ၊ ဒီရွှေဒင်္ဂါးကို ဘာအတွက် ယူလာပါသလဲ''

သေးငယ်လှသောသတ္တဝါမကလေးကိုပင် မိမိနှင့်တန်းတူသဘောထား၍ ခင်မင်ရင်းနှီးစွာ မေးမြန်းလိုက်ရ၏။ ဤတွင် ကြွက်မက....

''အို-သခင်၊ ဒီရွှေဒင်္ဂါးကို သခင်ယူပါ။ လိုရာသုံးပါ။ ကျွန်မ အတွက် တစ်ကောင်စာ အသားကလေးသာ ဝယ်ပေးပါ''

''ကောင်းပြီ အသင်ကြွက်မ၊ စိတ်သာချပေတော့''

ကျောက်သွေးသမားက ကြွက်မ၏ အဆိုပြုချက်ကို လက်ခံကာ ကြွက်မအတွက် အသားဝယ်၍ပေး၏။ ကြွက်မတစ်ကောင်စာ ဝလင်စွာ စားလောက်သော အသားကို တစ်ပဲပေးရုံနှင့် ရနိုင်ပေသည်။

တကယ်တော့ဖြင့် ဤကြွက်မသည် တို့ရွာကောင်းစားစဉ်တုန်းက နေထိုင်ခဲ့သောသူဌေးမဘဝမှ ပြောင်းလဲလာသူဖြစ်၏။ ရန်သူမျိုးငါးပါးတို့ဘေးမှ လုံခြုံစေရန် ကုဋေလေးဆယ်မျှသော ရွှေဒင်္ဂါးတို့ကို မြေကြီးထဲမှာ လျှို့ဝှက်စွာမြှုပ်နှံထား၏။ ထိုနေရာအတိအကျကို သူဌေးနှင့် သူဌေးကတော်တို့မှတစ်ပါး မည်သူမျှမသိနိုင်ချေ။ ထိုဘဝမှစုတေကြသောအခါ

သူဌေးကြီးမှာ ကံအားလျော်စွာ နတ်ရွာလား၏။ သူဌေးမမှာမူ မြှုပ်နှံထားသော ဥစ္စာရတနာတို့ကိုအလွန်တရာ တွယ်တာကပ်ငြိနေသဖြင့်ထိုဥစ္စာများထဲမှာကြွက်မဖြစ်နေရလေသည်။

လူ့ဘဝတုန်းက လောဘတကြီး သိုမှီးသိမ်းဆည်းလာခဲ့သော ရွှေဒင်္ဂါးတို့သည် ယခုကြွက်မဘဝမှာတော့ မည်သို့မျှ မသုံးမစားတတ်တော့ချေ။ ကုဋေလေးဆယ်မျှသောရွှေဒင်္ဂါးတွေ ဌေးကြွယ်နေပါလျက် ဝမ်းစာအတွက် ပင်ပန်းကြီးစွာ ရှာဖွေနေခဲ့ရ၏။ ယခု မိမိအပေါ် စာနာထောက်ထားရကောင်းမှန်းသိသော ကျောက်သွေးသမားနှင့် တွေ့ရပါမှ နှစ်ဦးနှစ်ဝ အကျိုးရအောင် ကြံဆောင်နိုင်ပေတော့သည်။

ဤသို့ နှစ်ဦးအကျိုးတူ ကြည်ဖြူစွာ ဆက်ဆံလာခဲ့ကြရာ တစ်နေ့သောအခါတွင်ကား ကြွက်မသည် မျက်နှာမသာမယာ ရှိနေ၏။ ဤအခြေအနေကို ကျောက်သွေးသမားက အကဲခတ်မိ၍....

''အသင်ကြွက်မ၊ မျက်စိမျက်နှာ မသာယာပါကလား။ နေထိုင်များ မကောင်းလို့လား''ဟု မေးမြန်းကြည့်ရာ....

''အို-သခင်၊ နေထိုင်လို့ကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး''

ကြွက်မကတော့ ဤမျှလောက်သာဖြေဆိုကာ အသားတုံးကို ကိုက်ချီသွားတော့၏။ ခါတိုင်းဆိုလျှင် ကြွက်မသည် ကျောက်သွေးသမား၏ရှေ့မှောက်မှာပင်အသားတုံးကို စားနေကျဖြစ်၏။ ယနေ့မှာတော့ သည်ရှေ့မှာ မစားသေးဘဲ သူ့နေရာရောက်အောင် ချီယူသွားပေသည်။

ကြွက်မ၏အပြုအမူထူးခြားလာသော်လည်းကျောက်သွေးသမားကတော့ မည်သို့မျှ မတွေးမိပါ။ အကြောင်း တစ်ခုခုရှိနေ၍သာ ဖြစ်ပေမည်ဟု တွေးတောကာ လုပ်မြဲတိုင်းသာ လုပ်နေလေသည်။

ဤသို့ဖြင့် ရက်အတန်ကြာသောအခါ ကြွက်မမှာ တော်တော်ပိန်ကျသွား၏။ သူ့ကိုမေးကြည့်ပြန်တော့လည်း ရှေ့နည်းအတိုင်း ပြီးလွယ်စီးလွယ်ဖြေဆိုကာ အသားတုံးကိုသာ ကပျာကယာ ကိုက်ချီသွား၏။

ထို့နောက် ရက်အတန်ကြာလာပြန်သော် ကြွက်မမှာ ပို၍ပိန်ကျသွား၏။ ထို့နောက်တွင်ကား အရိုးပေါ် အရေတင်ဘဝသို့ ရောက်ကာ ကျောက်သွေးသမားရှေ့သို့ ရောက်အောင်ပင် မချီတင်ကဲ အားခဲ၍လာခဲ့ရပေသည်။

ဤတွင်ကား ကျောက်သွေးသမားသည် မိမိ၏ကျေးဇူးရှင်ကြွက်မ အား သည်အတိုင်း ပစ်မထားရက်တော့သဖြင့်....

''အသင်ကြွက်မ၊ ငါ့ကို ဘာမှ ဖုံးဖိမထားပါနဲ့တော့။ အသင် ကြွက်မမှာ အန္တရာယ်တွေတစ်ခုပြီးတစ်ခု ကျရောက်နေတယ်ဆိုတာ သိသာ လှတယ်။ ဒီအန္တရာယ်ကိုငါကောင်းကောင်းကာကွယ်ပေးနိုင်တယ်။ ဘယ်လို အန္တရာယ်မျိုးနဲ့များတွေ့နေရလို့လဲ။ ပွင့်ပွင့်လင်းလင်းသာ ပြောပါတော့''

ဤသို့ ကျောက်သွေးသမားက အားကိုး အားထား ပြုလောက် အောင် အာမခံ၍ မေးမြန်းခါမှ....

''အို-သခင်၊ ကျွန်မမှာကျရောက်နေတဲ့အန္တရာယ်ကတော့ ကြောင် တွေပါပဲ။ ဟိုတလောဆီတုန်းက ကျွန်မကို ကြောင်တစ်ကောင်က ဖမ်းခဲ့ ပါတယ်။ ကျွန်မကို ခေါင်းကနေပြီး ကိုက်စားမယ်လုပ်တုန်းမှာ ကျွန်မက အသက်ချမ်းသာပေးဖို့ တောင်းပန်ခဲ့ရပါတယ်။ ကျွန်မရတဲ့ အသားကို နေ့စဉ်နေ့တိုင်း တစ်ဝက်ခွဲပြီးပေးပါ့မယ်လို့ အာမခံခဲ့တဲ့အတွက် ကျွန်မ သူ့လက်ကလွတ်မြောက်ခွင့် ရခဲ့ပါတယ်''

''သြော်-ဒါကြောင့်အဲဒီနေ့ကမျက်နှာမကောင်းဖြစ်နေတာကိုး''

''ဟုတ်ပါတယ်သခင်၊ ကြောင်ဆိုတာမျိုးက ကျွန်မတို့အားလုံး ဖိန့်ဖိန့်တုန်အောင်ကြောက်ရတဲ့ရန်သူကြီးပါ။ ဒါကြောင့်ပဲသူ့အကြောင်း ကို ဖွင့်မပြောရဲလောက်အောင် ဖြစ်ခဲ့ရပါတယ်''

''ဒါဖြင့် နောက်ရက်တွေကျတော့ ပိုပြီးပိန်လာတာကကော''

''ဒါကလဲ တခြားကြောင်တွေနဲ့ထပ်ပြီး တွေ့ရလို့ပါ။ တစ်ကောင် မိလိုက်၊ ကျွန်မရတာလေး ခွဲကျွေးလိုက်၊ တစ်ကောင်မိလိုက် ကျွန်မရစုလေး ထပ်ခွဲကျွေးလိုက်ဆိုတော့ နောက်ဆုံးတော့ ဒီအခြေအနေရောက်ရတာ ပါပဲ''

''တယ်လဲ ကျေးဇူးကန်းတဲ့ကြောင်တွေကိုး။ အသင်ကြွက်မဆီက အစားအစာကိုလဲယူစားသေးရဲ့။ ကျွေးတဲ့မွေးတဲ့သူကိုလဲ နှိပ်စက်သေးရဲ့။ ဒါလောက်တောင်ဆိုးရွားတဲ့ကြောင်တွေကိုအသင်ကြွက်မဘာမှကြောက် မနေနဲ့တော့။ ကျေးဇူးကန်းလှတဲ့ ကြောင်လေးကောင်တော့ သူတို့အမှုနဲ့ သူတို့အပြစ် ဒဏ်ခတ်ပြီး ဖြစ်စေရမယ်''

ဤသို့ကြိမ်းဝါးပြောဆိုပြီးလျှင်ကျောက်သွေးသမားသည်အိမ်သို့ ပြန်၍ ဖန်အိမ်တစ်ခုပြုလုပ်၏။ အတွင်းမှာ ကြွက်မတစ်ကောင် ချောင်ချိစွာ နေနိုင်၍ အပြင်က ဖန်သားကို လုံးဝမမြင်ရအောင် ပြုလုပ်ကား၏။ ကို့

နောက် ကြွက်မ၏နေရာသို့ ဖန်အိမ်ကိုပို့ဆောင်ကာ ကြွက်မကို အထဲမှာ ထားပြီးလျှင် အဖုံးပိတ်၍ ပေးလိုက်လေသည်။

ထို့နောက် ကျောက်သွေးသမားသည် မလှမ်းမကမ်းမှ အသာ ချောင်း၍ ကြည့်နေရာ မကြာမီမှာပင် ကြောင်တစ်ကောင် ပေါ်လာ၏။

''ဟယ်-ကြွက်စုတ်မ၊ မနေ့က ငါရတဲ့ဝေစုက နည်းလှတယ်၊ဒီနေ့ တော့ ပိုပေးပေတော့။ မပေးရင်တော့ နင့်ကို အစားပဲ''

နှုတ်ခမ်းမွေးတကားကား၊ သွားတဖြဲဖြဲနှင့် လာ၍ ခြိမ်းခြောက် ပြောင်းမဲ၏။ ခါတိုင်း နေ့များတုန်းက ကြောင်သံကြားလျှင် ခြေဖျား လက်ဖျားများ တုန်နေခဲ့ရသောကြွက်မသည် ယနေ့တော့ လုံးဝမတုန်လှုပ် တော့ချေ။ ဖန်အိမ်ထဲမှာ ဝင့်ကြွားစွာ နေထိုင်ရင်းက....

''ဟဲ့-ကြောင်စုတ် ကြောင်နှာ၊ ငါက နင့်ကျေးကျွန်လား။ နင့် အတွက် အသားရှာကျွေးဖို့ မွေးထားတာလား။ အသားစားချင်လို့ဆိုရင် တော့ ဒီက ရွှေငါးဆီ မလာကြနဲ့တော့။ ကိုယ့် သားသမီးတွေသာ ကိုယ့် ဘာသာ စားကြပေတော့''

''အောင်မာ၊ ကြွက်စုတ်မဟာ ရာရာစစ ကြွက်ပါးဝလို့''

ကြွက်မ၏ ရန်လောင်ခြင်းကို မခံရစဖူး ခံလိုက်ရသဖြင့် ကြောင် သည် ဒေါသအမျက် ချောင်းချောင်း ထွက်ကာ ကြွက်မကို တအားကုန် ခုန်အုပ်လိုက်လေရာ ကြွက်မကို စိခနဲမိလိုက်ရမည့်အစား သူ့ရင်အုပ်မှာသာ ဖန်အိမ်အစွန်းနှင့် အွပ်ခနဲမြည်အောင် ဆောင့်လိုက်မိလေတော့သည်။

ကျေးဇူးရှင်ကို ကျေးစွပ်သော ကြောင်တစ်ကောင် တော်ရာ ချောင်ကြား၌ သေဆုံးသောအခါ အခြား ကြောင်များလည်း ဆင့်ကာ ဆင့်ကာရောက်လာကြကာ ရွှေလမ်းအတိုင်း လိုက်ကြရပေတော့သည်။

ရန်သူများ ကင်းရှင်းသွားသောအခါ ကျောက်သွေးသမားနှင့် ကြွက်မတို့သည် ပိုမို၍ ချစ်ခင်ရင်းနှီး၍ လာကြလေသည်။

(ကေနိပါတ်၊ ဗဗ္ဗုဇာတ်)

ဗဗ္ဗုဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

ကြောင်လေးကောင် = ရဟန်းလေးပါး။
ကြွက်မ = ကာဏာ မာတာ ဥပါသိကာ။
ကျောက်သွေးသမား = မြတ်စွာဘုရား။

## သူငယ်ချင်း သုံးယောက် ရှိလေသည်

တစ်ယောက်က နိုဗြော။

အခြား တစ်ယောက်က သာဝ။

ကျန်တစ်ယောက်က ပေါဋ္ဌိက။

သူတို့သုံးယောက်မှာ တစ်နေ့တည်းမှာ ဖွားမြင်လာသူများဖြစ်ကြ၏။ တစ်ခုတည်းသော မိဘအရိပ်အာဝသ အောက်မှာ လူလားမြောက်လာကြရ၏။ ထို့ပြင် တက္ကသိုလ်မြို့တော်သို့ အတူသွားရောက်ကာ ဒိသာပါမောက္ခ ဆရာကြီးထံတွင် အတူတကွ ပညာသင်ကြားခဲ့ကြရ၏။ သူတို့ထက် ပို၍ရင်းနှီးသော သူငယ်ချင်းဟူ၍ ရှိနိုင်ပါဦးမည်လော။

အကယ်၍ သူတို့ သုံးယောက်ထဲမှာ တစ်ယောက်ယောက်က ဗွေဖောက်လာမည်ဆိုလျှင်ကော သူ့ထက်ဆိုးသူ ဟူ၍ ရှိနိုင်ပါဦးမည်လော။

တက္ကသိုလ်မြို့တော်မှ အတူတကွ ပြန်လာခဲ့ကြသော သူငယ်ချင်းသုံးယောက်တို့သည် မိဘများနေထိုင်ရာ ရာဇဂြိုဟ်မြို့တော်ဆီသို့ ဦးတည်၍လာခဲ့ကြရာ ဗာရာဏသီမြို့တော် အရောက်တွင် ခရီးတစ်ထောက်နားကြ၏။ မိမိတို့နှင့် အမျိုးအနွယ်တူမျှသော ပုဏ္ဏားတစ်ယောက်အိမ်မှ ညှော့ဝတ်ပြုစုသော ထောပတ်ထမင်းကို စားပြီးလျှင် မင်းဥယျာဉ်သို့ဝင်လာကြ၏။

စပယ်ဦး၊ ၈၇၀ပ

ဥယျာဉ်အတွင်း၌ မင်းကြီးထိုင်ရန် ခင်းထားသော မင်္ဂလာကျောက်ဖျာကြီးကို တွေ့ရသောအခါ နိဂြောဓသည် ထိုအပေါ်သို့ တက်၍ အိပ်တော့၏။ အပေါ်ရုံပုဆိုးဖြင့် ခြေရောခေါင်းပါ လုံခြုံစွာ ခြုံ၍လည်းထား၏။ ကျန်သူငယ်ချင်းနှစ်ယောက်ကတော့ ကျောက်ဖျာ တစ်ဖက် တစ်ချက်မှာ အိပ်စက်ကြလေသည်။

ခရီးပန်းပန်း ဝမ်းဗိုက်တင်းကင်းဖြင့် တစ်ခဏချင်းအိပ်ပျော်သွားကြသော သူငယ်ချင်း သုံးယောက်တို့သည် တစ်ခဏချင်းဖြင့်ပင် နိုးလာကြရ၏။ စောင်း၊ ငြင်း၊ ပတ်သာ တူရိယာမျိုးစုံ တီးခတ်လိုက်ကြသော အသံများကြောင့် ဖြစ်ပေသည်။

နိဂြောဓတို့ မရောက်မီ နှစ်ရက်ကပင် ဗာရာဏသီမင်း နတ်ရွာစံခဲ့၏။ ထီးမွေ၊ နန်းမွေ ဆက်ခံနိုင်သော သားကောင်းရတနာ မကျန်ရစ်သဖြင့် ပုရောဟိတ်ကြီးနှင့်တကွရှိရှိသမျှသောမှူးမတ်တို့သည် ဖုဿရထားပေါ်တွင် မင်းမြောက်တန်ဆာ ငါးပါးကို တင်လွှတ်ကာ ရထားနောက်မှ ကြီးကျယ်ခမ်းနားစွာ လိုက်ပါလာကြရလေသည်။

ဖုဿရထားဟူသည်မှာ မင်္ဂလာရထားထဲမှာ အပါအဝင်ဖြစ်၏။ ထိုရထားကို စေလွှတ်ရာတွင် ရထားကို မောင်းနှင်မည့်သူ မလိုချေ။ ရထားမှာ က,ထားသောသိန္ဓောမြင်းလေးကောင်တို့ကသူတို့သဘောအလျောက် သွားချင်ရာသွားစေရန် လွှတ်ပေးထားရ၏။ ထိုသိန္ဓောမြင်းများကလည်း ရောက်တတ်ရာရာ သွားချင်ရာ သွားသည်မရှိချေ။ ထီးမွေ၊နန်းမွေ ဆက်ခံနိုင်လောက်သော ဘုန်းလက္ခဏာနှင့် ပြည့်စုံသည့် မင်းလောင်း ထံသို့သာ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားကြရပေသည်။

ထိုနေ့က စေလွှတ်လိုက်သော ဖုဿရထားသည်လည်းနန်းတော်ကို လက်ယာရစ် လှည့်ပတ်ပြီးမှ ထွက်လာပြီးလျှင် မင်းဥယျာဉ်တော်သို့ တန်းတန်းမတ်မတ်ဦးတည်လာ၏။ဥယျာဉ်တော်အတွင်းရှိမင်္ဂလာကျောက်ဖျာကို ဦးခိုက်ကာ ထိုနေရာမှပင် နောက်သို့ ပြန်လှည့်ပြီးလျှင်အရန့်သင့်တက်လာစေနိုင်သော အနေအထားဖြင့် ရပ်နား၍ နေလေတော့သည်။

ဖုဿရထားနောက်က အသင့်ပါလာခဲ့သော ပုရောဟိတ်ကြီးသည် ခေါင်းမြီးခြုံလျက် အိပ်စက်နေသော နိဂြောဓ၏ ခြေဖဝါးတို့ကို လှန်၍ ကြည့်၏။ ခြေမှာရှိနေသော လက္ခဏာတို့ကို သုံးသပ်ဆင်ခြင်ကာ အလွန်တရာ အားရကျေနပ်လှသဖြင့် ရထားနှင့်အတူ ပါလာသော အမှုထမ်း

တို့အား အချက်ပြလိုက်ရာ၊ တစ်ခဲနက်သော တူရိယာသံများ ထွက်ပေါ်လာပေသည်။

တူရိယာသံများကြောင့် နိုးကြားလာကြသော သူငယ်ချင်း သုံးယောက်တို့သည် ကိုယ့်နေရာမှာပင် ဣန္ဒြေမပျက် ထိုင်နေကြ၏။ ဤတွင် ပုရောဟိတ်ကြီးသည် နိဂြောဓ၏ခြေမှောက်၌ဒူးထောက် ဝပ်ထွားလျက်–

''အရှင့်သား၊ ဗာရာဏသီ တီးနန်းစီးစိမ်နဲ့တကွ တိုင်းပြည်တစ်ခုလုံး အရှင့်သားလက်မှာ ကျရောက်လာပါပြီ။ လက်ခံစိုးအုပ် မင်းလုပ်တော်မူပါဘုရား''

''ကောင်းပါပြီ ပုဏ္ဏားကြီး''

နိဂြောဓကလည်း ပုရောဟိတ်ပုဏ္ဏားကြီး၏ လျှောက်တင်ချက်ကို လက်ခံလိုက်လေသည်။

သို့ ဖြစ် ၍ ပုရောဟိတ်ပုဏ္ဏားကြီးနှင့်တကွ မှူး မတ် သေနာပတိ အပေါင်းသည် နိဂြောဓမင်းအား ထိုမင်္ဂလာ ကျောက်ဖျာ ထက်မှာပင် အဘိသိက်ရေစင်များ သွန်းလောင်းကာ မင်းမြောက် တန်ဆာငါးပါး ဆက်သကြ၏။ မင်းမြောက်တန်ဆာ ငါးပါးကို ဝတ်ဆင်ကိုင်ဆောင်၍ ဘုရင်အဖြစ် ရောက်လျှင်ပင် နိ ဂြော ဓ မင်း သည် ငယ်သူငယ်ချင်း တစ်ယောက်ဖြစ်သော သာခအား စစ်သူကြီးအရာ ပေးလိုက်လေသည်။

ထို့နောက် နိဂြောဓမင်းနှင့် သာခစစ်သူကြီးတို့သည် ကြီးကျယ်ခမ်းနားလှသော အစီအစဉ်ဖြင့် မြို့တော်သို့ဝင်လာကြရာ ဘာရာထူးမျှမရရှိသေးသော ပေါဋ္ဌိကသည်လည်း သာမန်အရပ်သားတစ်ယောက်အဖြစ်ဖြင့် ပရိသတ်ကြားက လိုက်ပါလာရ၏။ သို့ရာတွင် ပေါဋ္ဌိက ကတော့ စိတ်ပျက် အားငယ်ခြင်းမရှိပါ။ နိဂြောဓမင်းနှင့် သာခ စစ်သူကြီးတို့၏ ဂုဏ်ကျက်သရေဖွံ့ဖွံ့ဖြိုးဝေနေသည်ကို ကြည့်ရှုကာ ''ငါ့ဆုံးဖြတ်ချက်မှန်လှပေတယ်''ဟူ၍သာ တိုးတိတ်စွာ ရေရွတ်နေပေသည်။

× × ×

သာမန်အမြင်ဖြင့်ကြည့်ရှုသုံးသပ်ပါကမွေးလာသည့်နေ့မှစ၍အတူတကွ နေလာခဲ့ကြသော သူငယ်ချင်းသုံးဦးတို့၏ ကံကြမ္မာသည် ယိုနေ့ထိုနေရာကပင် စတင်ကွဲပြားလာသည်ဟု ဆိုမိကြပါလိမ့်မည်။ သို့ရာတွင် ငယ်သူငယ်ချင်းသုံးဦးတို့၏ ဘဝဇာတ်ကြောင်းကို အစအဆုံး သိရှိထား

သော ပေါ်၌က ကတော့ အစကတည်းကပင် မတူညီ၍ ကွဲပြားရပါသည်ဟု ဆိုရပါလိမ့်မည်။

ဘုန်းလက္ခဏာပြည့်စုံစွာဖြင့် ထီးနန်းဆက်ခံ စိုးစံရသော နိဂြောဓမင်းသည် တကယ်တော့ဖြင့် မင်းမျိုးမင်းနွယ် မဟုတ်ချေ။ အညတြဆင်းရဲသူမ တစ်ယောက်၏သားသာ ဖြစ်၏။ ထိုဆင်းရဲသူမသည် ကိုယ်ဝန်အရင့်အမာဖြင့် လှည်းကျုံးစီး၍လာခဲ့ရာ ပညောင်ပင်ကြီး အောက်မှာ မီးဖွားခဲ့၏။ မီးဖွားပြီးချိန်မှာပင် သူစီးလာခဲ့သော လှည်းကလည်း ခရီးဆက်ရန် ပြင်ဆင်တော့၏။ ဤတွင် သားသည်အမေ သူဆင်းရဲမသည် ဖွားမြင်ခါစ ကလေးငယ်ကို အနှီးနှင့်ထွေး၍ ပညောင်ပင် မြစ်ပျဉ်းကြားမှာသိပ်ထားပြီးလျှင် လှည်းနှင့် လိုက်ပါသွားလေတော့သည်။

ကံအားလျော်စွာပင် ရာဇဂြိုဟ်မြို့တော်မှ သူဌေးကြီး တစ်ဦး၏ ချွေးမသည် မိဘရပ်ဌာန်ပြန်လာခဲ့ရာ ထိုပညောင်ပင်အောက်သို့ ရောက်လာခဲ့၏။ အမြစ်ပျဉ်ကြားမှကလေးငယ်ကိုတွေ့လိုက်ရသောအခါဝမ်းသာအားရ ကောက်ယူပြုစုလေတော့၏။ သူသည် ကလေးငယ်ကို သားတည်းဟူသော ချစ်ခြင်းဖြင့်လည်း ချစ်ခင်လေသည်။ မိမိအခက်အခဲကိုကယ်တင်ရှင်အဖြစ်လည်း ကျေးဇူးတင်မဆုံး ဖြစ်ရလေသည်။

သူသည် ရာဇဂြိုဟ်သူဌေးကြီး၏ သားနှင့် အိမ်ထောင်ပြုခဲ့သော်ငြားလည်း သားသမီးမရခဲ့ချေ။ ထိုသူဌေးကြီးတို့မှာလည်း ဤသားတစ်ယောက်တည်းသာ ရှိခဲ့သဖြင့် မိမိကမှ အမွေဆက်ခံနိုင်သည့် သားသမီးတစ်ယောက် ဖွားမြောက်၍ မပေးနိုင်လျှင် အမျိုးဆက် ပြတ်သွားရပေတော့မည်။ ရှိရှိသမျှသော စည်းစိမ်ဥစ္စာတို့မှာလည်း မင်းဘဏ္ဍာဖြစ်ရပေတော့မည်။

သို့ဖြစ်၍ ထိုချွေးမသည် ယောက္ခမ မိသားစုတို့၏အလယ်၌ နေ့စဉ်နှင့်အမျှ ရှုတ်ချပြစ်တင်ခြင်းကို ခံယူနေရ၏။ ဤသို့ ခံယူရပေါင်းများလာသောအခါ ချွေးမဖြစ်သူမှာ ကြံမိကြံရာပြုရလေတော့သည်။ ကိုယ်ဝန်ဆောင်အသွင်ဖြစ်အောင် မိမိကိုယ်ကို ပြုပြင်ထားပြီးလျှင် လင်ဖြစ်သူအားလည်း သားသန္ဓေရှိနေပြီဟု ပြောပြရလေတော့သည်။

ဤတွင်မှ ချွေးမဖြစ်သူသည် ယောက္ခမမိသားစု၏ တယုတယပြုစုလုပ်ကျွေးခြင်းကိုခံယူကာ ဆယ်လလောက်ကြာသောအခါ "မိဘများထံသွားပြီး မွေးပါရစေ"ဟု တောင်းပန်ကာ ရာဇဂြိုဟ်မြို့တော်မှ ထွက်လာခဲ့ရ၏။ ယခုတော့ အကြံအဖန်နှင့် ကာရန်သင့်လေတော့ သားရတနာ

ကလေးနှင့် အတူတကွ ယောက္ခမများထံ ပြုံးပန်းပန်၍ ပြန်လာနိုင်ခဲ့ပါ လေပြီ။

ပညောင်ပင်ရိပ်တွင် ဖွားမြင်ခဲ့သဖြင့် ထိုကလေးငယ်ကို နိဂြောဓ သတို့သားဟု မိဘများက မှည့်ခေါ်ကြ၏။ ထို့အတူပင် သူဌေးကြီး၏ လက်အောက်ခံသူဌေးကလေး၏မယားကလည်း ခရီးသွားရင်း သစ်ခက် ရိပ်အောက်၌ သားဖွားလေရာ ထိုကလေးငယ်ကို သာခ သတို့သားဟု မှည့်ခေါ်ကြလေသည်။

သူတို့နှင့် တစ်နေ့၊ တစ်ရက်တည်းမှာပင် သူဌေးကြီးထံ မှီခိုနေရ သော အပ်ချုပ်သမား၏မယားကလည်း ဖွားမြင်လာသောသားကလေး ကို ပုဆိုးစုတ်ကြား၌ သိပ်ထားရလေရာ ထိုကလေးငယ်မှာ ပေါဋ္ဌိက သတို့သားဟူ၍ အမည် တွင်လာရပေသည်။

ထိုသူငယ်သုံးယောက်တို့မှာ တစ်နေ့တည်း ဖွားမြင်လာခဲ့သူများ ဖြစ်၍ ရာဇဂြိုဟ် သူဌေးကြီးသည် မိမိ မြေးနှင့်အတူထား၍မြွောက်စားခဲ့ ခြင်း ဖြစ်ပေသည်။

ပေါဋ္ဌိကသည် ဤကြောင်းခြင်းရာ အပြည့်အစုံကို မိဘများထံမှ ကြားသိထားခဲ့ရ၏။ မွေးဖွားစဉ်ကပင် ကံအကျိုးပေးချင်း ကွာခြားခဲ့ကြ သဖြင့် တစ်နေ့ကျလျှင်လည်း ထိုနည်းအတိုင်းပင်ဖြစ်လာရမည်ဟုသဘော ပေါက်ထားခဲ့၏။ မိမိ၏ဘဝတစ်သက်တာ မှီခိုရာမှာ နိဂြောဓ၏ ဘုန်းရိပ် ကံရိပ်သာဖြစ်ကြောင်းလည်းသဘောပေါက်ထားခဲ့၏။ ထို့ကြောင့်လည်း တကယ့်တကယ် အရေးအကြောင်း ပေါ်လာစဉ်မှာ မှန်ကန်စွာ ဆုံးဖြတ် နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

\+ \+ \+

ထိုညတုန်းက မိမိတို့ ငယ်သူငယ်ချင်း သုံးယောက်တို့သည် ဗာရာ ဏသီ မြို့တော်အနီးကနတ်ကွန်းတစ်ခုမှာ ညအိပ်နားနေခဲ့ကြ၏။ နိဂြောဓ ကို ကြိုးကြိုးနွံနွံ ဆက်ဆံလာခဲ့သော ပေါဋ္ဌိကသည် ထိုနံနက်စောစောက လည်း နိဂြောဓ၏ ခြေထောက်များကို နှိပ်နယ်ပေးလျက်ရှိ၏။ ထိုအချိန် မှာပင် နတ်ကွန်းနံဘေးက သစ်ပင်မှာ အိပ်တန်းတက်နေကြသော ကြက် များက အချင်းချင်း ရန်ဖြစ်၍ နေကြပေသည်။

အထက် ကိုင်းဖျားမှာ အိပ်တန်းတက်နေသော ကြက် တစ်ကောင်သည် အမှတ်မထင် မစင်စွန့်လိုက်ရာ အောက်က ကြက်အပေါ် ကျလာလေ၍....

"ဟေ့-ဘယ်သူလဲကွ၊ ငါ့အပေါ် မစင်စွန့်ချတာ"

"ဩော်-မတော်လို့ပါ သူငယ်ချင်းရာ။ သူငယ်ချင်းရှိနေမှန်း မသိလို့ပါ"

"အောင်မာ၊ မင်းကများ ကြက်ပါးဝလို့။ ငါ့ကိုယ်ကိုများ မင်း မစင်စွန့်ချစရာ မှတ်နေလို့လား။ ငါ့ အစွမ်းသတ္တိကိုမှ မင်း မသိလေရော့သလား"

"မတော်လို့ပါဆိုနေမှပဲ သူငယ်ချင်းရာ။ စိတ်ဆိုးစရာမဟုတ်တာကိုပဲ ဆိုးနေတယ်။ ကဲ-ပြောစမ်းပါဦး၊ မင့် အစွမ်းသတ္တိက ဘယ်လိုများရှိနေလို့လဲ"

"ဟေ့-မကြားဖူးသေးရင် သေသေချာချာမှတ်ထားကွ။ တကယ်လို့များ လူတစ်ယောက်ယောက်က နံနက်စောစောငါ့ကိုဖမ်းပြီးသတ်စားနိုင်ရင် အသပြာတစ်ထောင်တိတိ ရနိုင်တယ်ကွ။ ဘာမှတ်လို့တုန်း"

"အံမာလေးကွာ၊ ဒါလောက်လေးနဲ့များ အရေးအရာလုပ်လို့။ ငါ့ အစွမ်းသတ္တိနဲ့ စာလိုက်တော့ မင့်ဟာက ပါမွှားပဲ။ တကယ်လို့များ လူတစ်ယောက်က ငါ့ကိုယ်ပေါ်က အဆီအများဆုံး အသားကိုစားရရင် မင်းဖြစ်နိုင်တယ်ကွ။ အဆီနည်းတဲ့ အသားကို စားရသူကတော့ စစ်သူကြီးဖြစ်နိုင်တယ်ကွ။ နောက်ဆုံး ပြောမယ်ကွာ၊ အရိုးများကပ်နေတဲ့အသားကို စုပ်ရသူကတော့ မင်း ဘဏ္ဍာတိုက်စိုးကြီး ဖြစ်နိုင်တယ်ကွ၊ သိလား"

ကြက်နှစ်ကောင်တို့၏ ဤသို့သော ကြုံးဝါးသံကို ကြားလိုက်ရသည်တွင် ပေါင်္ဒိကသည် ထိုသစ်ပင်ပေါ်သို့ တိတ်တိတ်ကလေးတက်သွားပြီးလျှင် အထက်ကကြက်ကို ဖမ်းယူသတ်ဖြတ်ကာမီးကျီးကောင်းကောင်းမှာ ကင်လိုက်လေတော့သည်။

\+ \+ \+

အကယ်၍သာ ထိုစဉ်တုန်းက ပေါင်္ဒိကသည် မိမိဘက်သို့ အလေးသာခဲ့ပါလျှင် သာခအဖို့ ဤမျှလောက် စိတ်ဒုက္ခရောက်ရမည် မဟုတ်ချေ။ အကယ်၍သာ ပေါင်္ဒိက ကိုယ်တိုင်က ဤအကြောင်းကို ဖွင့်ဟ ပြောကြားခြင်း မပြုခဲ့ပါလျှင်လည်း ဤမျှလောက် အနေခက်ရမည် မဟုတ်ချေ။

ယခုတော့ ပေါင္ဒိကသည် မီးကျီးမှာ ကင်ထားသော ကြက်သားထဲမှ အဆီရွှဲနေသော အသားတို့ကို နိဂြောဓအား ဦးဦးဖျားဖျားပေးခဲ့၏။ မိမိကိုကား အသားရိုးရိုးကိုသာပေးကာ သူကိုယ်တိုင်ကျတော့အရိုးမှာ ကပ်နေသော အသားစကလေးများကို စုပ်ယူရပေသည်။

သူကိုယ်တိုင်စွမ်းအားဖြင့် ရရှိထားသော အသားထဲမှ မိမိအား အသားချည့်သန့်သန့် ပေးခဲ့သည့်အတွက် ကျေးဇူးတင်ခံရမည်ဟုထင်မှတ်နေသလား မဆိုနိုင်ပါ။ သာခကတော့ ဆီရွှဲနေသော ပထမတန်းစားအသားကို မစားရသဖြင့် သူ့အပေါ် ဘယ်နည်းနှင့်မျှ ကျေးဇူး မတင်နိုင်ပါ။ ထီးနန်းစိုးအုပ် မင်းလုပ်ခွင့်မရဘဲ စစ်သူကြီးမျှသာ ဖြစ်လာရသဖြင့် လုံးဝ မကျေနပ်နိုင်ပါ။ တစ်ဖက်ကို အသားပေးကာ မိမိအား နှိမ့်ချထားသည့် ပေါင္ဒိကအား တစ်နည်းနည်းနှင့် လက်စားချေနိုင်မှသာ နေသာထိုင်သာ ရှိလာပါလိမ့်မည်။

သို့ဖြစ်၍ နေသာထိုင်သာရှိလာမည့် နေ့ရက်ကို စောင့်၍နေခဲ့ရာ တစ်နေ့မှာတော့ စစ်သူကြီးသာခအဖို့ အလိုပြည့်ရန် အကြောင်းဖန်လာပေတော့သည်။

နိဂြောဓမင်း၏ အမိန့်ဖြင့်ပေါင္ဒိကသည် ရာဇဂြိုဟ်မြို့တော်သို့သွားရောက်ကာ သုံးစုံသောမိဘတို့အား မိမိတို့ သူငယ်ချင်း သုံးယောက်တို့၏ လက်ရှိအခြေအနေကို ပြောကြား၏။ သားတို့ရှိရာလိုက်ပါ၍ အပြုစုခံကြပါရန်လည်း ပန်ကြား၏။ သို့ရာတွင် ဘယ်မိဘကမှ ဗာရာဏသီသို့ လိုက်ပါရန် ဆန္ဒမရှိကြပေ။ သို့ဖြစ်၍ ပေါင္ဒိကသည် တစ်ယောက်တည်းပင်ပြန်လာခဲ့ရပေသည်။

မိမိမြို့တော်သို့ ပြန်ရောက်လာသောအခါ ပေါင္ဒိကသည် နိဂြောဓမင်းထံ ရုတ်တရက်မဝင်သေးဘဲသူငယ်ချင်းသာခထံသို့ ဝင်လာခဲ့၏။ သို့ရာတွင် သူ့သူငယ်ချင်းသာခကတော့ ယခင်သာခမဟုတ်တော့ပြီ။ စစ်သူကြီးအရာရနေပြီမို့ တံခါးစောင့်တွေ ဘာတွေနှင့် တခမ်းတနားကြီး ဖြစ်နေပေပြီ။

သို့ဖြစ်၍ ပေါင္ဒိကသည်တံခါးစောင့်များမှတစ်ဆင့်စစ်သူကြီးနှင့်တွေ့ဆုံခွင့်တောင်းရ၏။ သို့ရာတွင် သူ့ခမြာ စစ်သူကြီးနှင့် တွေ့ခွင့်မရရှာပါ။ စစ်သူကြီးလူများ၏ လက်သီးများနှင့်သာ တွေ့ရပါတော့သည်။ စစ်သူကြီး၏ လူများသည် မိမိတို့အရှင်သခင်၏ အမိန့်အရ ပေါင္ဒိကကို တစ်ယောက်တစ်လက် ရိုက်နှက် သတ်ပုတ်ကြပြီးလျှင် လည်ကုပ်ကဆွဲ၍ နှင်ထုတ်လိုက်ကြတော့သည်။

* * *

နိဗြောဓမင်းသည် ပေါင်္ဂကထံမှ ဖြစ်သမျှ ကြောင်းခြင်းရာများ ကြားသိရသောအခါ စစ်သူကြီးသာခကိုခေါ်၍ မေးစစ်၏။စစ်သူကြီးက လည်း ငြင်းကွယ်၍ ရနိုင်ရန်အကြောင်း မရှိတော့သဖြင့် ဝုတ်တုတ်စင်း၍ သာခံတော့၏။ ဤတွင် နိဗြောဓမင်းက....

''သာခ၊ ပေါင်္ဂကဟာ ငါတို့နှစ်ယောက်လုံးရဲ့ ကျေးဇူးရှင်ဖြစ် ပေတယ်။ ဒီမျှလောက် ကြီးကျယ်မွန်မြတ်တဲ့ စီးစိမ်ချမ်းသာကို ပေါင်္ဂက ပေးပေလို့သာ ငါတို့များ ခံစားကြရတယ်။ ဒါလောက် ကြီးမားတဲ့ ကျေးဇူးတရားကိုမှ သင် မထောက်ထားတာဟာ အင်မတန် ဆိုးရွား လွန်းလှတယ်။

''သာခ၊ ကျေးဇူး မသိတတ်တဲ့သူ့ အပေါ် ပြုစုခဲ့တဲ့ ကျေးဇူးဟာ မီးကျီးထဲပစ်ချလိုက်တဲ့ မျိုးစေ့လိုပဲ အကျိုးမဲ့ပျက်စီးသွားရတယ်။ ကျေး ဇူးသိတတ်တဲ့ သူတော်ကောင်းအပေါ် ပြုစုခဲ့တဲ့ ကျေးဇူးတရားကတော့ လယ်မြေကောင်းမှာ ကြဲချထားတဲ့ မျိုးစေ့လိုပဲ အကျိုးများစွာ ဖြစ်ထွန်း လာပေတယ်''

ဤသို့အားဖြင့် ကျေးဇူးတရားနှင့်စပ်သောစကားများပြောကြား ပြီးလျှင် နိဗြောဓမင်းသည် ကျေးဇူးရှင်အား ပစ်မှားသည့် သာခအား သေပြစ်သေဒဏ်ပေးလိုက်လေတော့သည်။

ဤတွင် ပေါင်္ဂကသည် သာခအားအသက်ချမ်းသာခွင့်ပေးပါရန် တောင်းပန်ရ၏။ နိဗြောဓမင်းသည် ပေါင်္ဂက၏ တောင်းပန်ချက်ကိုကား လက်ခံပါ၏။ သို့ရာတွင် စစ်သူကြီးရာထူးကိုကား ပေါင်္ဂကထံ လွှဲပြောင်း ပေး၏။သို့ရာတွင် ပေါင်္ဂကက ထိုရာထူးကို လက်မခံ ငြင်းဆန်နေလေရာ စစ်သူကြီးရာထူးထက် ပိုမို၍အရေးပါအရာရောက်သော ဘဏ္ဍာစိုးရာထူး ကို ပေးအပ်လိုက်လေတော့သည်။

(ဒသကနိပါတ်၊ နိဗြောဓ ဇာတ်)

**နိဗြောဓဇာတ်၊ ဒသကနိပါတ် ဇာတ်ပေါင်းသော်**

သာခ = ဒေဝဒတ်။
ပေါင်္ဂက = အရှင်အာနန္ဒာ။
နိဗြောဓ = မြတ်စွာဘုရား။

# ၁၈။ အရက်သမား အမှား တစ်ထောင်

(ဇာတ်တော် မိတ်ဆက်)

လူထုဦးလှရေးသားရှိထားရစ်ခဲ့သောစာအုပ်ပေါင်းမြောက်မြား စွာတို့အနက် အထက်ခေါင်းစဉ်ပါ စာအုပ်လည်း အပါအဝင် ဖြစ်ပါ သည်။ မိမိနှင့် အကျွမ်းတဝင် ခင်မင်ရင်းနှီးသော၊ မိမိနှင့် သိဖူး ကျွမ်းဖူး သော၊ မိမိ လေ့လာမှတ်သားထားဖူးသော လူတန်းစား ပေါင်းစုံတို့၏ အရက်သောက်စား၍ အမှားတွေ့ပုံဇာတ်လမ်းစုံကို ရေးသားတင်ပြထား ခြင်း ဖြစ်ပါသည်။

လူထုဦးလှ၏တင်ပြပုံများသည်လိုရင်းအချက်သို့ ဒက်ခနဲထိရောက် သကဲ့သို့ပင် သရုပ်ဖော် ကာတွန်းဆရာ၏ လက်ရာများကလည်း ပြောင် မြောက်လှပါပေသည်။ မျက်နှာဖုံးပေါ်မှာ အရက်သမား အားလုံး၏ အဖြစ်သနစ်ကိုခြုံငုံတင်ပြထား၍အတွင်းဘက်မှာတော့အရက်သမားတို့၏ ဆိုးရွားလှသော ငရဲခန်းအသီးသီးကို ခြယ်မှုန်းထားပါသည်။

**စမယ်ဦး၊ ၁၁၈၉**

ရုတ်တရက်ကြည့်လိုက်လျှင်တော့ အရက်သမားတို့၏ ကိုးရိုးကားယားအဖြစ်သနစ်များကို ရယ်စရာဖြစ်အောင် ပြောင်လှောင်၍ ရေးထားသည်ဟု ထင်စရာဖြစ်ပါသည်။ ဇာတ်လမ်းနှင့် ထင်ဟပ်ကာ သေသေချာချာကြည့်မိပါမှ ရင်နှင့်စရာဖြစ်နေသည်ကို တွေ့လာရပါသည်။ဘုရားတန်ဆောင်း၊စောင်းတန်းများမှာတွေ့ရတတ်သော ငရဲခန်းများကဲ့သို့ပင် အရက်သေစာကြောင့် အရှင်လတ်လတ် ငရဲကျနေရသော သူတို့၏ရုပ်ပုံများမှာ အလွန်တရာ ထိရောက်လှပါပေသည်။

ဤစာအုပ်ကို လူထုဦးလှရေးသားခဲ့သည်မှာ လူမှုရေးအမြင်သန့်သန့်ဖြင့် တစ်မျိုးသားလုံးအတွက် ရှိသင့်ရှိထိုက်သော၊ သတိပြု၍ကြည့်ရှုဆင်ခြင်ထိုက်သောစာအုပ်တစ်အုပ်အဖြစ်ဖြင့်သာရေးသားခဲ့ပါလိမ့်မည်။ တိုင်းပြုပြည်ပြုစာအုပ်တစ်အုပ်ဟူ၍သာ သတ်မှတ်ခဲ့ပါလိမ့်မည်။သို့ရာတွင် ထိုစာအုပ်ကို သာသနာရေးအမြင်နှင့် ကြည့်ပါလျှင်လည်း ရနိုင်သည်ဟု ယူဆပါသည်။အရက်သေစာသောက်စားခြင်းတည်းဟူသောမကောင်းမှုဒုစရိုက်ကြီး ပပျောက်နိုင်သမျှ ပပျောက်ရေးကို အားပေးထောက်ကူမှုပြုခဲ့သဖြင့် သာသနာပြု စာအုပ်တစ်အုပ်ဟူ၍လည်း ဆိုနိုင်လောက်သည် ထင်ပါ၏။

ဤအခန်းအတွက် သက်ဆိုင်ရာ ဝတ္ထုများ ရွေးချယ်ထုတ်နုတ်၍ ရေးသားစဉ်မှာပင် လူထုဦးလှ၏ စာအုပ်က မျက်စိထဲမှာ တဝဲလည်လည် ရောက်လာနေသဖြင့် ဤမိတ်ဆက်ခန်းမှ အမှတ်တရ ဂုဏ်ပြုဖော်ပြလိုက်ရပါသည်။

အရက်သမားအမှားတစ်ထောင်ဟူရာ၌တစ်ထောင်ဟူသောသင်္ချာပုဒ်ကို တစ်ထောင် အတိအကျ ကောက်ယူ၍ မရပါ။ (သဟဿရံသိ) ဟူသော ပါဠိဝေါဟာရမှာ ပါဝင်သော သဟဿသဒ္ဒါသည် အနေကတ္ထသင်္ချာဖြစ်နေသဖြင့် တစ်ထောင်မကသော ရောင်ခြည်တော်ဟူ၍ အနက်မြန်မာပြန်ဆိုရပါသည်။ ထို့အတူပင် ဤ 'အမှား တစ်ထောင်'မှာလဲ 'တစ်ထောင်မက များမြောင်လှသော အမှားများ'ဟူ၍ အနက်အဓိပ္ပာယ်ဖော်ယူသင့်ပါသည်။

တစ်ထောင်မက များမြောင်လှသော အမှားများထဲမှ သတိပြု၍ ကြည့်ရှုဆင်ခြင်စရာ ဇာတကဝတ္ထု(၃)ပုဒ်ကို ဆက်စပ် ဖော်ပြလိုက်ပါသည်။ ဇာတ်လမ်းအသီးသီးမှာပင် သင်ခန်းစာများ ထင်ထင်ရှားရှား ပါဝင်ပြီး ဖြစ်နေ၍ တစ်ခုချင်း မှတ်ချက်ထုတ်ပေးရန် မလိုတော့ပါ။

## သိကြားပေးသည့် အိုးကလေး

ကုဋ္ဌေလေးဆယ် ကြွယ်ဝသော သူဌေးကြီး၏ တစ်ဦးတည်းသော သားဖြစ်သဖြင့် သူ့ကို သူဌေးသားဟူ၍ကား ခေါ်လိုက ခေါ်နိုင်ပါသေး၏။ သို့ရာတွင် သူဌေးသား တစ်ယောက်အဖြစ်ဖြင့် သူ့ကို ဆက်ဆံလိုသူ ဟူ၍ကား တစ်ဦးတစ်ယောက်မျှ မရှိတော့ပါ။

ပုဆိုးနွမ်းတစ်ထည်ကို ဖြစ်သလို ဝတ်ဆင်ကာ ရောက်တတ်ရာရာ သွားလာနေရသော၊ အိမ်ပေါက်စေ့ ထမင်းတောင်း၍ စားနေရသော ထိုလူရွယ်တစ်ယောက်အား မြို့သူမြို့သားအများစုကတော့သာမန်သူတောင်းစား တစ်ယောက်မျှသာ သဘောထားကြ၏။ ကွယ်လွန်သူ သူဌေးကြီးနှင့် တရင်းတနှီး နေလာခဲ့ကြသော လူကြီးသူမများကသာ သားအဖ နှစ်ယောက် အပေါ် ထားရှိခဲ့သော သံယောဇဉ်ဖြင့် စုတ်တသပ်သပ် ဖြစ်ကြရပေသည်။ မြို့တော်ကြီး၏ ထိပ်ဆုံးတန်းမှာ ပါဝင်ခဲ့ရာမှ အောက်ဆုံးတန်းအထိ လျှောကျလာခဲ့ရသောသူ့ဘဝဇာတ်လမ်းကိုသင်ခန်းစာပြုကာ မိမိတို့ သားများ၊ မြေးများအား ဆုံးမသွန်သင်၍နေကြရပေသည်။

ဤသို့ မရှုမလှ လျှောကျခဲ့ရာတွင် သာပေါင်းညာစားအမြောက်သမားတို့၏ ပယောဂလည်း ပါသင့်သလောက် ပါဝင်ပါ၏။ သို့ရာတွင်

စပယ်ဦး၊ ၁၇၈၅

တကယ်တမ်း တာဝန်အရှိဆုံးကတော့ သူဌေးသား ကိုယ်တိုင်သာ ဖြစ်ပေသည်။

ဖခင်ဖြစ်သူ သူဌေးကြီးသည် အလှူဒါနပေးကမ်းခြင်း၊ ကုသိုလ်ကောင်းမှု ပြုလုပ်ခြင်းမှာ ဝါသနာထုံခဲ့၏။ သို့ရာတွင် သူ၏သားကတော့ အခြားဘက်မှာသာ ဝါသနာ ထုံပေသည်။ ထို့ကြောင့်ပင် ဖခင်သူဌေးကြီး ကွယ်လွန်သွား၍ စုထားခဲ့လေသမျှ ဥစ္စာရတနာတို့ကို အမွေ ဆက်ခံရသောအခါ လမ်းလေးခွဆုံရာ၌မဏ္ဍပ်ကြီးစွာထိုးစေ၏။ ဖခင်သူဌေးကြီး အလှူကြီးပေးတုန်းကမဏ္ဍပ်ကြီးကဲ့သို့ပင် ထိုမဏ္ဍပ်ကြီးကလည်း ခမ်းနားထည်ဝါလှ၏။ မွမ်းမံပြင်ဆင်မှုများကလည်း သစ်လွင်တောက်ပလှပါ၏။ သို့ရာတွင် ထိုမဏ္ဍပ်ထဲတွင်ဆင်ယင်ကျင်းပနေသော ပွဲကြီးကတော့ အလှူပွဲလည်း မဟုတ်ပါ။ ပူဇော်ပွဲလည်း မဟုတ်ပါ။ အမွေရခါစ သူဌေးသား၏ အရက်သောက်ပွဲကြီးသာ ဖြစ်ပေသည်။

အရက်မသောက်တတ်စဉ်တုန်းကသူဌေးသားသည်အတော်အတန် စေ့စပ်သေချာခဲ့ပါ၏။ ပစ္စည်းဟူသမျှ အလဟဿ မဖြစ်စေရန်စီမံခဲ့ပါ၏။ သို့ရာတွင် အရက်၏ ကျေးကျွန်ဘဝ ကျရောက်လာသည်တွင်ကား ထိန်းသိမ်းနိုင်စွမ်း မရှိတော့ပါ။ ကျွမ်းအထိုးကောင်းသူ၊ ရေအကြာကြီးငုပ်နိုင်သူ၊ အထူးခြားဆုံး အလှပဆုံးဖြစ်အောင် တန်ဆာဆင်နိုင်သူ၊ လှလှပပ ကျကျနန က,ပြနိုင်သူတို့အား တွေ့လိုက်ရလျှင် အသပြာ တစ်ထောင် ပေးပစ်ရန် လက်မတွန့်တော့ပါ။ သူသဘောကျအောင် စွမ်းဆောင်နိုင်သူ ပေါ်လာတိုင်း ငွေအသပြာတွေ ဖွေးခန်နေအောင် ဆုလာဘ်ကောင်းစွာ ချလာတော့သည်။

အကယ်၍ ဆင်းရဲသားများအပေါ် စိတ်ကောင်း စေတနာသန့်သန့်ဖြင့် ချီးမြှောက်ထောက်ပံ့ခြင်းသာ ဖြစ်ပါကထိုသို့ပြုသည်ကို ‘အသုံး’ ဟူ၍သာ ခေါ်ရပါလိမ့်မည်။ သို့ရာတွင် သူဌေးသားကတော့ တစ်ဖက်သားအတွက် ဘာတစ်ခုမျှ အလေးအနက် မထားပါ။ ‘ငါ့မှာတစ်သက်လုံး သုံးမကုန်နိုင်အောင် ရှိနေတာပဲ’ ဟူသော မာနဖြင့် ဝင့်ဝါ မောက်ကြွားခြင်းသာဖြစ်၍ ‘အဖြုန်း’ ဟူ၍သာ ခေါ်ကြရပါလိမ့်မည်။

ဤသို့ နေ့စဉ်နေ့တိုင်း စိတ်ထင်တိုင်း ဖြုန်းနေစဉ်မှာပင် အခြားငွေကုန်ပေါက်များကလည်း အကျယ်ကြီး ရှိနေသေး၏။ ချောချောလှလှ သူသဘောကျမိသော မိန်းမဆိုလျှင် ပျိုသော အိုသော မရှောင်၊ ငွေနှင့်ပေါက်၍ ဖျက်ဆီး၏။ ကာမပိုင် လင်ရှိမယားများကိုသော်မှ မရ,ရသည့်

နည်းဖြင့် ကြံစည်တတ်သေး၏။ ထို့ပြင် အသားစားကြူးသည့် နေရာမှာ လည်း ဘီလူးက အရှုံးပေးရလောက်ပေသည်။

ယခုတော့ ဤဒဏ်ချက်တွေကို သူကောင်းကောင်းကြီး ခံရချေပြီ။ အထိန်းအကွပ်မရှိစိတ်ထင်တိုင်း ဖြုန်းတီးပစ်ခဲ့သဖြင့် ကုဋေလေးဆယ်မျှ သော အသပြာတို့ တော်ရာရောက်သွားကြချေပြီ။ နောက်ဆုံးအခြေအနေ အရ ဖခင်ကြီး ဆောက်လုပ်ထားခဲ့သော အိမ်နှင့်တကွ မြေ ရှိသမျှကိုပါ ထုခွဲရောင်းချ၍ အသုံးပြုရလေတော့သည်။

အိမ်နှင့်မြေ ရောင်းလိုက်ရသဖြင့် သုံးစရာ၊ စွဲစရာ ရလာပါ၏။ စား စရာ၊ မူးစရာ ရလာပါ၏။ ခံစားချင်တာမှန်သမျှ ခံစား၍ ရလာပါ၏။ သို့ရာတွင် ထိုအခွင့်အရေးများကို ကြာရှည်သဖြင့်တော့ မရရှိတော့ပါ။ ကုဋေလေးဆယ် အမွေပစ္စည်းကို နှစ်အနည်းငယ်နှင့် 'ဖြုန်းတီးပစ်ခဲ့ပြီ'မို့ ထိုမျှလောက်တော့ အပျော့သာ သဘောထားလိုက်ပေသည်။

ပျော့ပျော့ကလေး သဘောထား၍ သုံး၍ ဖြုန်း၍ကုန်သွားသည့် နောက်တွင်ကား လူလုံးသာ ကျန်ပါတော့သည်။ ဟိုယခင်က သူ့ထံမှောက် သို့ အောက်ကျို့ကာ ညာဝါး စားသောက်လာခဲ့သူများထံမှာပင်မျက်နှာ ငယ်ကလေးနှင့် တောင်းစားနေရပါတော့သည်။ ဤအတိုင်းသာဆိုပါက ဤသူဌေးသားသည် မကြာမီမှာပင် ငတ်ပြတ်၍ သေသွားရမည် ဖြစ် ပေသည်။

သို့ရာတွင် သူ့ကံကြမ္မာက ဆန်းကြယ်လှ၏။ သူတော်ကောင်း မဟုတ်ပါဘဲလျက် နတ်ကောင်း၏ မ စခြင်းကိုခံယူကာ ယခင်ကအတိုင်း ပြန်၍ သုံးနိုင်၊ ဖြုန်းနိုင် ဖြစ်လာရပြန်၏။

ကုသိုလ်ကောင်းမှုမျိုးစုံ ပြုလုပ်ခဲ့သော သူ့ဖခင်သူဌေးကြီးသည် ယခုအခါ တာဝတိံသာ နတ်ပြည်၌ သိကြားမင်း ဖြစ်နေ၏။ သူသည် ယခင်ဘဝက သားကလေး၏ အခြေအနေကို ဆင်ခြင် ကြည့်ရှုလိုက်ရာ မကြာမီ ငတ်ပြတ်၍ သေရတော့မည့် အလားအလာကို တွေ့မြင်သွား၏။ ထို့ကြောင့် သားဖြစ်သူထံ ဆင်းလာပြီးလျှင် လိုအပ်သမျှ နှိုက်ယူသုံးစွဲ နိုင်သော ဘဒ္ဒဃဋအိုးကို ပေးထားခဲ့လေသည်။ ဤအိုးကို မကွဲအောင် ထိန်းသိမ်းထားဖို့လည်း အတန်တန် သတိပေး၍ထားခဲ့လေသည်။

သူဌေးသားကလည်း ဖခင်၏စကားကို လေးလေးစားစားလက်ခံ ခဲ့ပါ၏။ ဤဘဒ္ဒဃဋအိုးကိုတော့ ရာသက်ပန် ထိန်းသိမ်းသွားရမည် ဟူ၍လည်းအဓိဋ္ဌာန်ပြုပါ၏။ သို့ရာတွင် ထိုအဓိဋ္ဌာန်ချက်သည်အရက်ထဲမှာ

မျှော်ပါသွားလေရာ လိုရာရနိုင်သော ဣစ္ဆာသယအိုးကိုပင် ကောင်းကင်သို့ မြှောက်၍ ကစားမိပါတော့သည်။ မိမိပုဆိုးကိုမှ ခိုင်မြဲအောင် မဝတ်နိုင်တော့သော သူဌေးသားသည် ကောင်းကင်က ကျလာသော အိုးကို ဖမ်းနိုင်ပါဦးမည်လော။

အရက်သမားအား သိကြားမင်းပေးခဲ့သော ဣစ္ဆာသယအိုးသည် မြေပြင်ပေါ်မှာ အစိတ်စိတ်အမြွာမြွာ ဖြစ်သွားရလေတော့သည်။

**(တိကနိပါတ်၊ သုရာဃဋဇာတ်)**

သုရာဃဋဇာတ်၊ တိကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| သေသောက်ကြူး | = | အနာထပိဏ်သူဌေး၏တူ။ |
| သိကြားမင်း | = | မြတ်စွာဘုရား။ |

## သညာကင်းလွတ် သတ်ချွတ်၍

ဟိမဝန္တာတောကြီးသည် ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းလိုကြသော ရသေ့ရဟန်းတို့အား အေးချမ်းဆိတ်ငြိမ်သော ကျောက်လိုဏ်ဂူများကိုလည်း ပေး၏။ နားနေခိုလှုံစရာ အရိပ်အာဝါသကိုလည်းပေး၏။ လျှော်တေ သက်န်းရက်စရာ လျှော်ပင်များကိုလည်းပေး၏။ သောက်ရန်သုံးရန် ရေချို ရေကောင်းကိုလည်းပေး၏။ စားကောင်းသောက်ဖွယ် အမည်မည်သော သစ်သီးများကိုလည်းပေး၏။

တောပျော်ရသေ့ရဟန်းများအတွက် လိုအပ်ချက်အဝဝကို ပေးလာခဲ့သော ဟိမဝန္တာသည် လက်လုပ်ချဉ်နှင့် ဆားကိုကား မပေးနိုင်ပါချေ။ သို့ဖြစ်၍ တောတောင်ထဲမှာ ရရာ သစ်သီးများနှင့် စားသောက်နေထိုင်လာခဲ့ကြသော ရသေ့များ၏ကိုယ်ခန္ဓာမှာ မအီမသာ ဖြစ်လာရ၏။ စိတ်အလိုသန့်သန့်ကို မျိုသိပ်၍ ရနိုင်ကြသော်လည်း သွေးသားနှင့် ပတ်သက်နေသော အလိုဆန္ဒကိုကား တားဆီးပိတ်ပင်ရန် မလွယ်ပါချေ။

သို့ဖြစ်၍ ဈာန်အဘိညာဉ်ရ ဆရာရသေ့ကြီးထံ ခွင့်ပန်ပြီးလျှင် တပည့်ရသေ့ ငါးရာတို့သည် ဟိမဝန္တာမှထွက်လာကြပြီးလျှင် ဗာရာဏသီမြို့တော်အနီးသို့ ချဉ်းကပ်လာကြ၏။ မြို့တော်အနီးရှိ မင်းဥယျာဉ်သို့

ဝင်ရောက်တည်းခိုပြီးလျှင် မြို့အပြင်ဘက် ရွာများသို့ ဆွမ်းခံဝင်ကြ၏။ ဤတွင်မှ သွေးသားထဲက တောင့်တလာခဲ့သော အချဉ်ဟင်းနှင့် ဆား များသုံးဆောင်ကာ နေသာထိုင်သာ ဖြစ်လာကြပေသည်။

ရသေ့ငါးရာတို့သည် နောက်တစ်နေ့ နံနက်သို့ ရောက်သောအခါ ဗာရာဏသီမြို့တော်တွင်းသို့ဝင်၍ ဆွမ်းခံကြ၏။ ရသေ့တို့၏ တည်ကြည် ငြိမ်သက်သော ဣန္ဒြေတို့ကို ကြည်ညိုကြသဖြင့် မြို့သူမြို့သားများကလည်း ဆွမ်းဘောဇဉ်များ လောင်းလှူကြပေသည်။

ရသေ့များ ရောက်လာ၍ သုံးရက်မြောက်သောနေ့တွင်ကား ပြည့်ရှင် မင်းကြီးကိုယ်တိုင် ရသေ့တို့၏ ကောင်းသတင်းများကြားနာရ၏။ သို့ဖြစ်၍ မင်းကြီးကိုယ်တိုင်ဥယျာဉ်တော်သို့လာရောက်၍ ရသေ့များကိုရှိခိုးပြီးလျှင် ဤဥယျာဉ်တော်မှာပင် ဝါတွင်းလေးလပတ်လုံး သီတင်းသုံးကြရန် ပန် ကြား၏။ နေ့စဉ်နေ့တိုင်း နန်းတော်သို့ ဆွမ်းခံကြွကြရန်လည်းဖိတ်ကြား ၏။ ရသေ့ငါးရာတို့ကလည်း ဣန္ဒြေသိက္ခာ တည်ကြည်စွာဖြင့်ပင် လက်ခံ လိုက်ကြလေသည်။

ဤသို့ဖြင့် ရသေ့များသည် မင်းဥယျာဉ်တော်မှာ ချမ်းမြေ့စွာ နေ ထိုင်၍ မင်းကြီး၏ ဆွမ်းအလှူကို ဖြူစင်သော စိတ်ထားဖြင့် စားသုံး၍ နေကြရာ တစ်နေ့သောအခါတွင်ကား စိတ်ဖောက်ပြားစရာ ပေါ်လာရ ပေတော့သည်။

ဗာရာဏသီမြို့တော်ကြီး၏ ထုံးတမ်းစဉ်လာအရ ကျင်းပလာခဲ့သော ပွဲတော်များတွင် သေသောက်ပွဲတော်လည်း ပါဝင်၏။ မင်းနှင့်တကွသော ပြည်သူပြည်သားတို့သည် ပွဲတော်ရက်မရောက်ခင်က ကြိုတင်စီမံထားသော သေရည်များကို မိမိကိုယ်တိုင်လည်း အားပါးတရ သောက်လေ့ရှိကြ၏။ မိမိတို့အိမ် ရောက်လာသော ဧည့်သည်များကိုလည်း တဝကြီး တိုက်လေ့ ရှိကြပေသည်။

ထိုပွဲတော်ရက် နံနက်ခင်းတွင် ရသေ့ငါးရာတို့သည် ခါတိုင်းလိုပင် မင်းကြီးနန်းတော်သို့ ဆွမ်းခံဝင်ကြ၏။ ပြည့်ရှင်မင်းကြီးသည် သေရည် နှင့် ရသေ့ရဟန်းတို့ မအပ်စပ်ပုံကို မသိသေးသဖြင့် မိမိ ကြည်ညိုလေးစား သည့် ရသေ့များအား မိမိ အမြတ်တနိုးထားသော သေရည်များ ဆက် ကပ်စေ၏။ ရသေ့များကလည်း ဆရာသမားနှင့် ကင်းကွာနေခိုက်ဖြစ်၍ မေ့မေ့လျော့လျော့ဖြစ်ကာ ဆက်ကပ်လာသော သေရည်ကို သောက်ကြ လေသည်။

ခါတိုင်းနေ့များတုန်းကဆိုလျှင် မင်းကြီးနန်းတော်မှ ရသေ့များ ဆင်းလာသည်ကို ဖူးရသည်မှာ လွန်စွာ နှစ်လိုဖွယ်ကောင်းလှ၏။ ရှေ့တစ်ခေါ်သို့ မျှော်မကြည့်ဘဲလျက် မျက်လွှာကိုသာချကာ ငြိမ်သက်စွာ ကြွလာကြ၏။ နီညိုရောင် လျှော်တေသင်္ကန်းတို့ကို သပ်သပ်ရပ်ရပ် ဝတ်ရုံကာ ဆွမ်းသပိတ်များကိုလက်နှစ်ဘက်ဖြင့် ပွေ့ပိုက်လျက် ကြီးစဉ်ငယ်လိုက် တန်းစီ၍ ကြွလာကြပေသည်။

ယနေ့ နံနက်မှာတော့ ဤပုံစံများနှင့် လုံးလုံးကြီး ခြားနားသွားချေပြီ။ နန်းတော်လှေကားမှ ဆင်းလာကြပြီဆိုလျှင်ပင် တစ်ပါးထက်တစ်ပါး ရှေ့ကသွားနိုင်အောင် တိုးကြဝှေ့ကြ၏။ ရောက်တတ်ရာရာ ပြောချင်ရာ လျှောက်ပြောကြပြီးလျှင် တချို့က သီချင်းများပင်ဆိုကြ၏။တချို့ကတော့ လက်တစ်ဖက်ဖြင့် သပိတ်ကိုပွေ့ထားကာ ကျန်လက်တစ်ဖက်ဖြင့် ဟန်ပါပါ က,ပြ၍ သွားကြ၏။မြို့သူမြို့သားလူအများကလည်း သေရည်သောက်စားထားသည်ဖြစ်၍ ရသေ့တို့၏ ဖောက်ပြန်သော အမူအရာကို အပြစ်မဆိုမိကြချေ။မိမိတို့နှင့် ထပ်တူထပ်မျှ ပျော်ပျော်ကြီးရှိနေကြသဖြင့် အားရဝမ်းသာစွာပင် ဩဘာပေးလိုက်ကြပါသေးသည်။

တေးတကြော်ကြော်နှင့် ပျော်ပျော်ကြီး လှမ်းလာခဲ့ကြ၍ဥယျာဉ်တော်သို့ အရောက်တွင်ကား ရသေ့များ မဟန်နိုင်ကြတော့ပါ။ သောက်ထားသော သေရည်က အစွမ်းကုန်တန်ခိုးပြပြီမို့ ရောက်သည့်နေရာမှာပင် ထိုး၍ အိပ်ကြလေတော့သည်။ ခံယူလာခဲ့သော ဆွမ်းများမှာလည်း ဖိတ်စဉ် ပြန့်ကြဲကာ ကျိုးရောခွေးရော တသောသော ဖြစ်နေလေတော့သည်။

သေရည်တန်ခိုးဖြင့် ကိုးရိုးကားရား အိပ်စက်နေကြသော ရသေ့များသည် ညနေတော်တော်စောင်းကာမှ အိပ်ရာမှ နိုးလာကြ၏။ဤတွင်မှ မိမိတို့ ဖောက်ပြန်ခဲ့ကြပုံ အလုံးစုံကို ပြန်လည်သုံးသပ်ကာ အလွန်တရာ ရှက်ကြရ၏။ 'သူတော်ကောင်းတို့နဲ့ မသင့်လျော်တာကို ငါတို့လုပ်မိခဲ့လေခြင်း' ဟု ရေရွတ်ကာ သည်းထန်စွာ ငိုကြွေးကြ၏။

ဤသို့ သတိသံဝေဂရလိုက်သည့်တစ်ခဏမှာပင် ငါးရာသောရသေ့တို့သည် မိမိတို့ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာတို့ကို ကိုယ်စီကိုယ်င လွယ်လိုက်ကြပြီးလျှင် မင်းဥယျာဉ်မှထွက်ခွာ၍ ဟိမဝန္တာသို့ ဝင်လာကြလေသည်။

မိမိတို့ ကျောင်းသင်္ခမ်းသို့ ပြန်ရောက်၍ သပိတ် ပရိက္ခရာများကို နေရာတကျ သိမ်းဆည်းကြပြီးလျှင် ဆရာရသေ့ကြီးထံဝင်၍ ဦးခိုက် ရှိခိုး

ကြ၏။ ဤတွင် ဆရာရသေ့ကြီးက တပည့်များအား နှုတ်ခွန်းဆက်သော အားဖြင့် လူတို့ရပ်ဌာန်မှာတုန်းက နေခဲ့ရပုံကို မေးမြန်းလေရာ....

''ဆရာ့အရှင်မြတ်ဘုရား၊ လူတို့ရပ်ဌာန်တုန်းကတပည့်တော်တို့ဟာ သညာကင်းလွတ် သတိ ချွတ်စေတတ်တဲ့ သေရည်ကို သောက်မိခဲ့ကြပါပြီ။ မြူးမြူးကြွကြွ က, လဲ က, ခဲ့ကြပါပြီ။ တေးတကြော်ကြော်အော်၍လဲ ဆိုခဲ့ကြပါပြီ။ ရသေ့ဘဝမှ မျောက်ဘဝ မရောက်ရုံသာ ရှိပါတော့တယ် ဘုရား''

ဤသို့ တပည့်ရသေ့များက နောင်တကြီးစွာဖြင့်လျှောက်ထားကြလေရာ ဆရာရသေ့ကြီးက 'အင်း-ဆရာနဲ့ ကင်းကွာနေမှတော့ ဒီလိုပဲဖြစ်ကြရမှာပေါ့လေ' ဟု ခွင့်လွှတ်သော စိတ်ထားဖြင့် မိန့်ကြားလိုက်လေသည်။

(ကောနိပါတ်၊ သုရာပါနဇာတ်)

သုရာပါနဇာတ်၊ ကောနိပါတ် ဇာတ်ပေါင်းသော်

ရသေ့များ = မြတ်စွာဘုရား တပည့်များ။
ဆရာရသေ့ကြီး = မြတ်စွာဘုရား။

## ဒီအိုးထဲက အရည်ကြောင့်

ဟိမဝန္တာတောကြီးတစ်နေရာ၌ သုံးခွဆိုင် သစ်ပင်ကြီးတစ်ပင် ရှိခဲ့ဖူး၏။ သုံးခွတို့၏ ဗဟိုချက်နေရာတွင် ချိုင့်ခွက်ကြီးဖြစ်နေ၏။ အကျယ်ရော အနက်ပါ အိုးစရည်းကြီး တစ်လုံးစာလောက်ရှိ၏။မြေပြင်မှ တိုင်းတာ ကြည့်လျှင် တစ်သူလောက် အမြင့်မှာ ရှိနေ၏။မိုးရွာသောအခါတွင် ထိုချိုင့်ခွက်ကြီး၌ ရေများ ပြည့်လာလေသည်။

ထိုသစ်ပင်ကြီး၏ ပတ်ပတ်လည်တွင် သဖန်းခါးပင်၊ သျှိသျှားပင်နှင့် ငရုတ်ကောင်းပင်တို့ ရှိကြရာ ထိုသစ်ပင်များမှ အသီးအချို့သည် ထိုချိုင့်ခွက်ကြီးထဲသို့ ကြွေကျကြ၏။ ထိုသစ်ပင်အနီးမှာပင် အလိုလိုပေါက်ရောက် ဖြစ်ထွန်းနေသော သလေးစပါးခင်းလည်းရှိနေ၏။ကျေးငှက်များသည် ထိုသလေးစပါးခင်းမှ စပါးနှံတို့ကို ကိုက်ဖြတ်ချီယူကာ ထိုချိုင့်ခွက်နှုတ်ခမ်းမှာ နား၍ စားကြ၏။ သို့ဖြစ်၍ သလေးစပါးစေ့ အချို့သည်လည်း ချိုင့်ခွက်ကြီးထဲသို့ ကျလာကြပေသည်။

ဤသို့ ပစ္စည်းမျိုးစုံ စုပြုံကျရောက်နေသော ထိုရေကို နေပူရှိန်ဟပ်ဖန်များလာသောအခါ အနီရောင်သန်းလာ၏။ နွေအခါ၌ ရေဆာသော ကျေးငှက်များသည် ထိုရေကို သောက်မိကြ၏။ သောက်၍ ဝလာ

သည်နှင့်တစ်ပြိုင်နက် ဇက်ကျိုးကျ၍ ခြေကုပ်များလွတ်ထွက်ကာ သစ်ပင်အောက်သို့ ဖုတ်ခနဲ ကျလာကြလေသည်။

ကာသိကတိုင်းသား သုရာမည်သော မုဆိုးသည် ထိုအဖြစ်ကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် အထိတ်တလန့် ဖြစ်သွားရ၏။ သူသည် တောသတ္တဝါတွေသမျှ ပစ်ခတ် သတ်ဖြတ်သူမဟုတ်ဘဲ ဆင်စွယ်၊ စာမရီသားမြီးစသော အဖိုးအတန်ဆိုး ပစ္စည်းများကို လှည့်လည်ရှာဖွေရင်း ထိုသစ်ပင်ကြီး နားသို့ အမှတ်မထင် ဝင်ရောက်လာမိခြင်း ဖြစ်ပေသည်။

သုရာမုဆိုး အထိတ်တလန့်နှင့် ကြည့်နေဆဲမှာပင် အသေကောင်ကဲ့သို့ ဖြစ်နေကြသော ကျေးငှက်များသည် သက်ဝင် လှုပ်ရှားလာကြ၏။ ထို့နောက် ဘာသာဘာဝ ဟစ်ကြွေးပြီးလျှင် ရှင်လန်းတက်ကြွလှသောအမူအရာဖြင့် ပျံသွားကြလေတော့သည်။

ဤတွင်မှ သုရာမုဆိုးသည် သစ်ခွဆိုင်ထဲကရေမှာ အဆိပ်မဟုတ်နိုင်ကြောင်း၊ တစ်စုံတစ်ခုသော အစွမ်းသတ္တိတည်ရှိနေခြင်းသာ ဖြစ်ကြောင်း သဘောပေါက်ကာ ချိုင့်ခွက်ထဲကရေတို့ကို လက်ခုပ်ဖြင့်ခပ်သောက်ကြည့်၏။ တစ်ခါနှစ်ခါလောက် သောက်လိုက်လျှင် ခေါင်းထဲမှာ မူးနောက်ရီဝေ၍လာ၏။ သို့ရာတွင် ထိုင်းထိုင်းမှိုင်းမှိုင်းကြီး မဖြစ်လာဘဲ စိတ်ထဲမှာပို၍ရှင်မြူးလာ၏။ ကချင်ခုန်ချင်မြူးရှင်လာရင်းက အသားစားချင်စိတ်ကလည်း ပြင်းပြထက်သန်လာ၏။ သို့ဖြစ်၍ သစ်ပင်ရင်းမှာ ခေတ္တခဏမူး၍ကျနေသော ကျေးငှက်များကို ကောက်ယူကာ မီးကျီးရဲရဲမှာ ကင်၍စားလေတော့သည်။ အသားကင်ကို တစ်ဖက်ကစားရင်း ကျန်လက်တစ်ဖက်က ကွေးနေအောင် ကနေလေသည်။

လူ့စိတ်ကို ပုံမှန်သဘောမှ ရွေလျောသွားအောင် စွမ်းဆောင်နိုင်သော ထိုအရည်ကို သုရာမုဆိုးက စတင်တွေ့ရှိသဖြင့် သုရာရေဟူ၍နာမည်တွင်လာပေသည်။

သုရာမုဆိုးသည် သုရာရေကိုသောက်ကာ၊ ငှက်မီးကင်သားကိုစားကာ ထိုအနီးအပါးမှာပင် နှစ်ရက်လောက်နေပြီးမှ ချိုင့်ခွက်ထဲမှသုရာရည်ကို ဝါးကျည်ထောက်ဖြင့် ခပ်ယူပြီးလျှင် အမဲကင်နှင့်တကွ ဝရုဏရသေ့ထံသွား၍ ဆက်ကပ်၏။ ဝရုဏရသေ့ကတည်း သုရာရည်သောက်လိုက်၊ အမဲကင်ဝါးလိုက်နှင့် စိတ်ကြိုက်တွေ့၍ သွားလေသည်။

ထို့နောက်သုရာမုဆိုးနှင့်ဝရုဏရသေ့တို့သည် သုရာရည်၏အရသာကို အခြားသူများပါ ခံစားစေလိုသဖြင့် ဝါးကျည်တောက်ကြီးများဖြင့်

ခပ်ယူပြီးလျှင် အစွန်အဖျားနယ်ပယ်တစ်ခုကို အုပ်ချုပ်ရသော မင်းထံသို့ သွားရ၍ဆက်သကြ၏။ ထိုမင်းကလည်း သုရာရေ၏အရသာကို စွဲမက်လာသဖြင့် ဆက်၍ဆက်၍ သောက်လေရာ မကြာမီမှာပင် ကျည်တောက်များ အားလုံးပြောင်စင်သွားတော့၏။ ဤတွင် ထိုမင်းက ထပ်မံ၍သယ်ဆောင်ရန် တာဝန်ပေးအပ်သဖြင့် ဝရုဏရသေ့နှင့်သုရာမုဆိုးတို့မှာ ဟိမဝန္တာသို့ လာ၍ သယ်ဆောင်ကြရပေသည်။

ဤသို့ တစ်ခေါက်မှ နှစ်ခေါက် ပင်ပန်းကြီးစွာ သယ်လာရသော အခါ သုရာရေထဲမှာပါဝင်သော ပစ္စည်းများကို သေသေ ချာချာမှတ်သား၍ စုဆောင်းလာခဲ့ပြီးလျှင် နန်းတော်ကျမှ ပြန်၍ချက်၏။ လိုအပ်သောပစ္စည်းများ စုံလင်ကာ ချက်လုပ်ရာတွင်လည်း နေရာကျသဖြင့် ချိုင့်ခွက်ထဲက သုရာရေကဲ့သို့ပင် အာနိသင်ကြီးမားလှပေသည်။

မင်းနှင့်တကွ တိုင်းသူ ပြည်သားတို့သည် သုရာရေကို သောက်၍ မူးယစ်မေ့လျော့ကာ ဘာအလုပ်ကိုမျှ မလုပ်ကြတော့သဖြင့် မကြာမီမှာပင် ဆင်းရဲကျပ်တည်း၍ လာကြရ၏။ ဤတွင် ဝရုဏရသေ့နှင့် သုရာမုဆိုးတို့သည် ထိုတိုင်းပြည်မှ တိတ်တဆိတ်ထွက်ကာ ဗာရာဏသီမြို့တော်ဆီသို့ လှမ်းလာကြ၏။ သုရာရေသောက်စားမူးယစ်၍ ဗာရာဏသီမြို့တော် တစ်ခွင်လုံး ဆင်းရဲ ကျပ်တည်းသွားကြသောအခါ ဝရုဏရသေ့နှင့် သုရာမုဆိုးတို့သည် သာကေတမြို့သို့ သွားကြပြန်၏။ သာကေတမြို့ကြီး ဆင်းရဲမွဲတေသွားသောအခါ သာဝတ္ထိမြို့တော်သို့ ပြောင်းလာကြလေသည်။

ထိုအချိန်မှာ သာဝတ္ထိမြို့တော်၌ သဗ္ဗမိတ္တမင်း ထီးနန်းစိုးစံ၍နေလေရာ ဝရုဏရသေ့နှင့် သုရာမုဆိုးတို့သည် သဗ္ဗမိတ္တမင်းထံ ဝင်ရောက်ခစားကာ မိမိတို့တတ်မြောက်ထားသော အတတ်ပညာဆန်းကိုလျှောက်တင်ကြ၏။ သဗ္ဗမိတ္တမင်းကလည်း ထိုအတတ်ပညာကို စိတ်ဝင်စားလာသဖြင့် လိုအပ်သောပစ္စည်းတွေ အစုံအလင်ထုတ်ပေးစေလေသည်။

ဝရုဏရသေ့နှင့် သုရာမုဆိုးတို့သည် အိုးစရည်းကြီး ငါးရာတို့ဖြင့် သုရာရေများ ချက်လုပ်ကြ၏။ ထို သု ရာ ရေ များ ကို ကြွက်များ လာ၍ မသောက်ဝံ့စေရန် အိုးတစ်လုံး တစ်လုံးအနီးတွင် ကြောင်တစ်ကောင်ကျ ချည်၍ထားကြရ၏။ နေပူရှိန်ပြင်းလာ၍ သေရည်များ ပွက်ကျလာသော အခါ ကြောင်များက လျက်ကြ၏။ မကြာမီမှာပင် ကြောင်များသည် အိုးစရည်းများကြားမှာ တုံးလုံးပက်လက် ဖြစ်ကုန်ကြရပေသည်။

စောင့်ကြည့်နေကြသော အ မတ် များ သည် ဤ အ ကြောင်း ကို လျှောက်တင်ကြလေရာ သဗ္ဗမိတ္တမင်းသည် အမျက်ထွက်လှ၍....

''အမက်တို့၊ ရသေ့နှင့်မုဆိုးတို့ဟာ လက်တလောသေစေတတ်တဲ့ အဆိပ်တွေချက်လုပ်ကြတယ်။ သင်းတို့နှစ်ယောက်လုံးအား ခေါင်းဖြတ်သတ်စေ''

ဤသို့တစ်ချက်လွှတ်အမိန့်ထုတ်လိုက်လေရာ အာဏာသားတို့သည် ရသေ့နှင့် မုဆိုးထံသို့ ခေးတဝင့်ဝင့်နှင့် ရောက်လာကြ၏။ ရသေ့နှင့်မုဆိုးတို့သည် သတ်ဖြတ်ခံရသည့်အချိန်မှာပင် ''အရှင်မင်းကြီး၊ သိပ်အရသာရှိလှပါတယ်''ဟုဆိုမိအောင် ဆိုသွားကြပါသေးသည်။

ထို့နောက် မကြာမီမှာပင် တုံး လုံး ပက် လက် ဖြစ် နေ ကြသော ကြောင်များသည် သုရာရေအမူးပြေ၍ ထလာကြ၏။ စောစောတုန်းက နှင့် လုံးဝမတူတော့ဘဲ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွဖြစ်လာကြ၏။ တစ်ကောင်နှင့် တစ်ကောင် ဖက်ကာလုံးကာ ပျော်ရွှင်စွာကစားကြ၏။

ဤတွင်မှ သဗ္ဗမိတ္တမင်းသည် သုရာရေ၏ ဂုဏ်သတ္တိကို ရိပ်မိလာပြီးလျှင် မဏ္ဍပ်ကြီး တခမ်းတနားထိုးစေ၍ သုရာသောက်ပွဲကြီးကျင်းပရန် ပြင်ဆင်လေတော့သည်။

မဏ္ဍပ်ကြီး၏ အလယ်ဗဟိုတွင် ထီးဖြူအုပ်မိုးထားသော ရာဇပလ္လင်ခင်းကျင်း ပြင်ဆင်ထား၏။ မှူးကြီးမတ်ရာ သေနာပတိများနှင့် တကွ မြို့တော်သူ မြို့တော်သားတို့ကလည်း မဏ္ဍပ်ကြီးနှင့်အပြည့် ရောက်ရှိနေကြ၏။ မင်္ဂလာအခါတော် ကျရောက်သောအခါ သဗ္ဗမိတ္တမင်းသည် ထီးဖြူအုပ်မိုးထားသော ရာဇပလ္လင်ထက်သို့ တက်ပြီးလျှင် ရွှေခွက်မှာထည့်ထားသော သေရည်ကို သောက်ရန် မ ယူလိုက်လေသည်။

ထိုခဏမှာပင် သဗ္ဗမိတ္တမင်း၏ ရှေ့တည့်တည့် ကောင်းကင်ယံ၌ ပုဏ္ဏားတစ်ယောက် ဘွားခနဲ ပေါ်ပေါက်လာကာ....

''ဒီအိုးကိုဝယ်ကြပါ။ ဒီအိုးကိုဝယ်ကြပါ'' ဟု ပြောဆိုလေသည်။

ဤတွင် သဗ္ဗမိတ္တမင်းက....

''အို- ပုဏ္ဏား၊ အဲဒီအိုးက ဘာအိုးဖြစ်ပါသလဲ'' ဟု မေးမြန်းလေရာ....

''အရှင်မင်းကြီး၊ ဒီအိုးဟာ ထောပတ်အိုးလဲ မဟုတ်ပါ။ ဆီအိုးလဲ မဟုတ်ပါ။ တင်လဲအိုးလဲ မဟုတ်ပါ။ ပျားရည်အိုးလဲ မဟုတ်ပါ။ ဒီအိုးရဲ့အပြစ်တွေက အများကြီး ရှိနေပါတယ်။

''အရှင်မင်းကြီး၊ ဒီအိုးထဲက အရေကိုသောက်ပြီးသွားမယ်ဆိုရင် ခြေလှမ်းတိုင်း လှမ်းတိုင်း ဗိုင်းခနဲ လဲကျတတ်ပါတယ်။ ကမ်းပါးပြတ်

များ၊ ရေတွင်းများ၊ လိုဏ်ခေါင်းများ၊ ရွှံဗွက်များ၊ တံစည်းတွင်းများ သို့လဲ လိမ့်ကျတတ်ပါတယ်။ မစားသင့်တဲ့ အစာများကိုလဲ တနင့်တပိုး ကြီး စားမိစေတတ်ပါတယ်။

''အရှင်မင်းကြီး၊ ဒီအိုးထဲကအရေကိုသောက်မိတဲ့သူဟာ စားမြုံ့ ပြန်နေတဲ့ နွားကြီးလို ကိုယ့်စိတ်ကို အစိုးမရ ဖြစ်နေတတ်ပါတယ်။ အခြေ အနေမဲ့ တစ်ယောက်လို ဟိုဟိုဒီဒီ လှည့်လည်နေတတ်ပါတတ်။ ကိုယ့် အသက်အရှယ် ကိုယ့်ဂုဏ်သိက္ခာကိုမှ ထောက်ညှာရမှန်း မသိဘဲ လမ်း တကာထွက်ပြီး သီချင်းလဲဆိုတတ်ပါတယ်။ကိုးရိုးကားယားလဲ က,တတ် ပါတယ်။

အရှင်မင်းကြီး၊ ဒီအိုးထဲက အရေကို သောက်မိတဲ့သူဟာ တက္ကဒ္ဒန်း ကြီးများလို ကိုယ်တုံးလုံးအနေအထားနဲ့ ရွာထဲမှာ လျှောက်လည်တတ်ပါ တယ်။ လမ်းတကာ လျှောက်သွားတတ်ပါတယ်။ မူးယစ်ထိုင်းမှိုင်းနေတဲ့ အတွက် အိပ်သင့်တဲ့အတိုင်းအတာထက်ပိုပြီးအအိပ်ကြီးနေတတ်ပါတယ်။

''အရှင်မင်းကြီး၊ဒီအိုးထဲက အရေကိုသောက်မိတဲ့အတွက်တစ်ချို့မှာ မီးဖိုထဲ ထိုးအိပ်မိခဲ့ကြပါတယ်။ မလှုပ်နိုင် မရှားနိုင်ဘဲ လဲနေတာကြောင့် အရှင်လတ်လတ် ခွေးစား ခံခဲ့ကြရပါတယ်။ တချို့မှာတော့ မူးယစ် သောက်စား အချင်းများကြရာက အချုပ်အနှောင် ခံကြရပါတယ်။ သတ်ပုတ်ညှဉ်းဆဲခြင်း ခံကြရပါတယ်။ စည်းစိမ်ဥစ္စာ မြောက်မြားစွာ ဆုံးရှုံးနစ်နာကြရပါတယ်။

''အရှင်မင်းကြီး၊ ဒီအိုးထဲက အရေကို သောက်မိတဲ့အတွက် ပရိ သတ် ဗိုလ်ပုံအလယ်မှာ မဖွယ်မရာ ပြောဆိုမိတတ်ပါတယ်။ တချို့မှာ ကိုယ်အန်ထားတဲ့ အန်ဖတ်ထဲမှာ ကိုယ်တုံးလုံးနဲ့ လဲကျပြီး အန်ဖတ်တွေ ပေကျံလျက် အိပ်စက်ကြရပါတယ်။

''အရှင်မင်းကြီး၊ ဒီအိုးထဲကအရေကိုသောက်မိတဲ့သူဟာ သိပ်ပြီး ဘဝင်မြင့်တတ်ပါတယ်။ ''ငါသာလျှင် အတော်ဆုံး သူရဲကောင်း၊ ငါလို လူ ဇမ္ဗူမှာမရှိ'' လို့ ကြုံးဝါးတတ်ပါတယ်။ တွေ့ကရာလူကို မျက်ထောင့် နီကြီးများနဲ့ စီးစီးပိုးပိုး ကြည့်တတ်ပါတယ်။ ကမ္ဘာမြေ ကျယ်လေသမျှ သူ့အစိုးရတာချည်းလို့ မှတ်ထင်နေတတ်ပါတယ်။ သမုဒ္ဒရာ လေးစင်းသို့ ထုတ်ချင်းခတ်အောင် စိုးမိုးအုပ်ချုပ်ရတဲ့ မင်းဧကရာဇ်ကြီးများကိုပင် သူ့လောက် တန်ခိုးမကြီးသေးဘူးလို့ ထင်တတ်ပါသေးတယ်။

''အရှင်မင်းကြီး၊ လူ့လောကမှာ စည်းစိမ်ဥစ္စာ ရတနာမျိုးစုံ ကုံလုံကြွယ်ဝတဲ့ အိမ်ထောင်ကြီးတွေ ရှိကြပါတယ်။ အဲဒီအိမ်ထောင်ကြီး များရဲ့ ဦးစီး များဟာ ဒီအိုးထဲက အရေကို သောက်မိတာကြောင့် သားထောက် သမီးခံ မကျန်ရစ်တဲ့ အထီးကျန် ဘဝနဲ့ သေဆုံးသွား ကြရပါတယ်။

''အရှင်မင်းကြီး၊ဒီအိုးထဲကအရေကိုသောက်မိတဲ့ယောကျ်ားဟာ စိပ်မိုက်စိတ်ရိုင်းတွေ ဝင်လာပြီး မိဘများကိုပင် ဆဲရေးတတ်ပါတယ်။ ယောက္ခမနဲ့ ချွေးမတို့ကိုပင် ကိလေသာစိတ်နဲ့ ဆွဲကိုင်မိတတ်ပါတယ်။

''အရှင်မင်းကြီး၊ ဒီအိုးထဲက အရေကို သောက်မိတဲ့ မိန်းမဟာ စိတ်မိုက်စိတ်ရိုင်းများဝင်လာပြီး ယောက္ခမများနဲ့လင်သားကိုပင် ဆဲရေး တတ်ပါတယ်။ ကိုယ့်အိမ်မှာ အစေအပါးခံနေရတဲ့ ယောကျ်ားမျိုးများ ကိုပင် ကိလေသာစိတ်နဲ့ ဆွဲကိုင်မိတတ်ပါတယ်။

''အရှင်မင်းကြီး၊ ဒီအိုးထဲက အရေကိုမသောက်သေးတဲ့ယောကျ်ား တစ်ယောက်ကို ရွှေတွေအများကြီး ပုံပေးပြီးတော့ မဟုတ်မမှန် လုပ်ကြံ ပြောဆိုးပေးဖို့ တောင်းပန်လာမယ်ဆိုရင် အဲဒီယောကျ်ားကဘယ်နည်းနဲ့မှ တောင်းပန်လို့ မရပါ။ အဲဒီယောကျ်ားဟာ ဒီအိုးထဲက အရေကိုသောက် လိုက်ရင်တော့ အလကားသက်သက် မုသားဆိုဖို့တောင် ဝန်မလေး တော့ပါ။

''အရှင်မင်းကြီး၊ ဒီအိုးထဲက အရေများ သောက်ထားတဲ့ လူတစ် ယောက်ကို အရေးကြီးတဲ့ ကိစ္စတစ်ခုအတွက် တစ်ယောက်ယောက်က အလျင်အမြန် စေလွှတ်လိုက်ရင် လွှတ်တဲ့ဆီကိုတော့ ရောက်အောင် သွား နိုင်ပါရဲ့။ ဒါပေမယ့် ခိုင်းလိုက်တဲ့ကိစ္စကိုတော့ သူလုံးလုံးကြီး သတိမရ နိုင်တော့ပါ။

''အရှင်မင်းကြီး၊ နဂိုမူလက အရှက်အကြောက်ကြီးခဲ့သူများဟာ ဒီအိုးထဲက အရေကိုသောက်လိုက်ရုံနဲ့ပဲ အရှက်ရော အကြောက်ပါပျောက် ကွယ်သွားကြပါတော့တယ်။ အသိပညာ ကြွယ်ဝပြီးဖြစ်တဲ့ပုဂ္ဂိုလ်ကြီးများ တောင်မှလဲ ရောက်တတ်ရာရာ ပြောချင်ရာ ပြောမိ တတ်ကြပါသေးတယ်။

''အရှင်မင်းကြီး၊ ဒီအိုးထဲမှာ ရှိနေတာကတော့ နို့ဓမ်းလဲမဟုတ် ပါ၊ ပျားရည်လဲမဟုတ်ပါ။ သောက်မိတဲ့လူအားလုံးကို ဆုံးရှုံးစေတတ်တဲ့ နစ်နာစေတတ်တဲ့၊ ဆုတ်ယုတ်ပျက်စီးစေတတ်တဲ့ သုရာရေများသာဖြစ်ပါ

တယ်။ ဒီအရေရဲ့ သဘောလက္ခဏာကိုလဲ ကျယ်ပြန့်စွာ ပြောပြပြီးပါပြီ။ ဒါကြောင့် ဒီသေရည်အိုးကို အရှင်မင်းကြီး ဝယ်ယူစမ်းပါလော့”

ဤသို့ ပုဏ္ဏားယောင်ဆောင်ထားသော သိကြားမင်းက သုရာရေ သောက်စား၍ အမှားတွေ့ပုံဇာတ်လမ်းစုံကို ပြောပြလိုက်လေရာ သဗ္ဗမိတ္တ မင်းကလည်း သတိသံဝေဂ ရရှိလာ၏။ အမှားလမ်းသို့ လိုက်တော့မည့် ဆဲဆဲကလေးတွင် တမင်လာရောက်၍သတိပေးသဖြင့် ကျေးဇူးတင်စကား ပြောကြားရ၏။ ပုဏ္ဏား၏ တားမြစ်ချက်ကို လက်ခံပါမည်ဟု ကတိပြု၏။

ထို့နောက် အယောင်ဆောင်ထားသော ပုဏ္ဏားသည် သဗ္ဗမိတ္တ မင်း၏ ရှေ့မှောက်မှာပင် ကွယ်ပျောက်သွား၏။ ဤတွင်သဗ္ဗမိတ္တမင်းသည် အစီအရီ ခင်းကျင်း ပြင်ဆင်ထားသော သုရာရေအိုးကြီးများကို ရိုက်ခွဲစေ ပြီးလျှင် လောက သံသရာ နှစ်ဌာနလုံးအတွက် အကျိုး ရှိစေနိုင်သော ကောင်းမှုကုသိုလ်များကိုသာ ကြိုးစား၍ ပြုလုပ်လေတော့သည်။

(တိံသနိပါတ်၊ ကုမ္ဘဇာတ်)

ကုမ္ဘဇာတ်၊ တိံသနိပါတ် ဇာတ်ပေါင်းဆယ်

သဗ္ဗမိတ္တမင်း = အရှင်အာနန္ဒာ။
သိကြားမင်း = မြတ်စွာဘုရား။

# ၁၉။ ထောင်လွှားလွန်းက လဲပြိုရ

(ဇာဘ်တော် မိတ်ဆက်)

မာနဟူသည်မှာ စိတ်မှာ ယှဉ်တွဲ၍ ဖြစ်ပေါ်လာသော စေတသိက် တစ်ခုဖြစ်၍ ထောင်လွှားခြင်း လက္ခဏာရှိ၏ဟူ၍ ကျမ်းဂန်များက ပြဆိုထားကြပါသည်။ ထိုသို့ ထောင်လွှားခြင်းလက္ခဏာ သိသာထင်ရှားလာစေရန် ဘုရားတန်ဆောင်း၊ ကျောင်းစသော အဆောက်အအုံတို့ရှိ ဒုရင်ထိပ်ဖျားတွင် တပ်ဆင်ထားသော မှန်ကင်းနှင့်လည်း ဥပမာပြုကြရပါသည်။

ထောင်ထောင်လွှားလွှား၊ မြင့်မြင့်မားမားရှိတတ်၊ နေတတ်သော မှန်ကင်းနှင့် မာနကို ဥပမာပြုရာမှာ အင်မတန်မှသဘာဝကျလှပါသည်။ မာနဓာတ်ခံ ထက်သန်သူမှန်သမျှ ထောင်လွှား တတ်ပါသည်။ မဖြစ်နိုင်ခါမှ ရှိစေတော့ မြင့်မြင့်ကိုမှ ကြံစည် စိတ်ကူးတတ်ကြပါသည်။

ဓမ္မယံဦး၊ ၁၇၈။

ထိုမာနသည် သက်ရှိသတ္တဝါတို့၏ သန္တာန်၌ ထဲထဲနက်နက် သက်ဝင် ကိန်းဝပ်တတ်သောသဘောဖြစ်လေရာ ရှေ့မဂ်သုံးပါးဖြင့် ပယ်သတ်၍ မရနိုင်ပါ။ နောက်ဆုံးအဆင့်ဖြစ်သော အရဟတ္တမဂ်ဖြင့်သာ ပယ်ဖျက်၍ ရနိုင်ပါသည်။

ထိုမျှလောက် အစွမ်းထက်ပေသော မာနသည် တစ်နည်းအားဖြင့် မီးနှင့်လည်း တူလှပါသည်။ မီးကို စနစ်တကျ အသုံးချတတ်လျှင် အကျိုးစီးပွားများစွာ ဖြစ်ထွန်း၍ စနစ်တကျအသုံးမချတတ်လျှင် ကားတိုင်းတာရ ခက်လောက်အောင် နစ်နာ ဆုံးရှုံးကြရပါတော့သည်။

ထို့အတူပင် မာနဟူသော စေတသိက်ကိုလည်း စနစ်တကျအသုံးချတတ်ရန်လိုအပ်ပါသည်။ မိမိနှင့်ပတ်သက်သူများထဲမှ တစ်စုံတစ်ယောက်သည် ပညာရေးဘက်မှာ ဖြစ်စေ၊ စီးပွားရေး၊ လူမှုရေးစသည်မှာဖြစ်စေ ထွန်းထွန်းပေါက်ပေါက် ဖြစ်လာကြောင်း ကြားသိရသောအခါ 'ငါလဲ သူ့လိုဖြစ်အောင် လုပ်မည်' ဟူသော အဓိဋ္ဌာန်ဖြင့် ထက်ထက်သန်သန် ကြိုးစား အားထုတ်တတ်ကြပါသည်။ ထိုသူသည် အကြောင်းကြောင်းကြောင့် မိမိစံပြုထားသော ပုဂ္ဂိုလ်ကို အမီမလိုက်နိုင်စေကာမူ နဂို အရည်အချင်း ထက်တော့ အများကြီး သာလာသည်ကား ထင်ထင်ရှားရှား တွေ့နိုင်ကြပါသည်။ ဤသည်မှာ မာနကို စနစ်တကျ အသုံးချတတ်၍ ဖြစ်ပါသည်။

မြန်မာ့လွတ်လပ်ရေးသမိုင်းခဉ်တစ်လျှောက်မှာလည်း ဤသဘော သွားထင်ရှားပါသည်။ မြန်မာပြည်တစ်ပြည်လုံး ဗြိတိသျှ လက်အောက် ကျရောက်သွားချိန်မှစ၍ မြန်မာပြည်သား အများစုမှာ ဇာတိမာန်အညွန့် ကျိုးသွားကြရပါသည်။ ဇာတိမာန် အညွန့်ကျိုးလာသည်နှင့်အမျှ ဗြိတိသျှတို့၏ အုပ်ချုပ်ရေး ယန္တရားကြီးသည်း ပို၍ ပို၍ ခိုင်မာလာပါသည်။ ဤအတိုင်းသာ ဆက်နေသွားမည်ဆိုပါက သူ့ကျွန်အဖြစ်မှ လွတ်လမ်း မြင်ရတော့မည် မဟုတ်ပါ။

ထို့ကြောင့်ဆရာကြီးသခင်ကိုယ်တော်မှိုင်းအစရှိသောအမျိုးသား ခေါင်းဆောင်ကြီးများ၊ စာရေးဆရာကြီးများက ငုတ်လျှိုး နေသော ဇာတိမာန်ကို ထက်သန်နိုးကြားလာစေရန် ဟောပြော၍စည်းရုံးကြရပါသည်။ အတိတ်ဆီတုန်းက မြန်မာ့ဂုဏ်ပရောင်ထွန်းပြောင်ခဲ့သော စံနမူနာ တို့ကို ထုတ်ဖော် ရေးသားကြရပါသည်။ ထိုကဲ့သို့ ဟောပြောစည်းရုံး၍ ရေးသားတင်ပြ၍ တက်ကြွထက်သန်လာသော ဇာတိမာန်ကိုပင် အခြေပြု ကာ တိုက်ပွဲပေါင်းများစွာ ဆင်နွှဲလာနိုင်ကြ၍လည်း လွတ်လပ်သော

အချုပ်အခြာ အာဏာပိုင် နိုင်ငံတော် တစ်ခု အဖြစ် ကမ္ဘာ့ အလယ်တင့်တယ်စွာ ပေါ်ထွန်းလာပါသည်။

ဤသို့အားဖြင့် မာနကို စနစ်တကျအသုံးချတတ်သူများ ရှိသကဲ့သို့ပင် မာနကို အလွဲသုံးစားပြုလုပ်ကာ အခြောက်တိုက် ဘဝင်မြင့်နေသူများလည်း ရှိခဲ့ကြပါသည်။ ထိုကဲ့သို့သော လူမျိုးများကို မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းက "တလွဲဆံပင်ကောင်းနေသူများ" ဟု ပြင်းပြင်းထန်ထန် ဝေဖန်ခဲ့ရဖူးပါသည်။

ထိုကဲ့သို့ တလွဲဆံပင်ကောင်းနေသူများသည် ကြီးပွားတိုးတက်နေသူများကိုလိုက်၍ တုပဖို့လောက်သာ စိတ်ဝင်စားတတ်ကြပါသည်။ သူ့ထက်ငါဝင့်ဝါဖို့၊ ကြွားလုံးထုတ်ဖို့၊ ဂုဏ်တုဂုဏ်ပြိုင်ပြုလုပ်ဖို့သာ အလေးထားကြပါသည်။ သူတို့ကဲ့သို့ မိမိမှာ အခြေခံအကြောင်းတရားများ ရှိမရှိ စိစစ်၍ မကြည့်ကြတော့ပါ။ မရှိသေးသောအခြေခံအကြောင်းတရားများရှိလာအောင်လည်း မကြိုးစားကြပါ။ မိမိ၏ လက်ရှိအခြေအနေကို မှန်ကန်စွာမ သုံးသပ်ဘဲ ရှင်ပြုတုန်းက ရွှေထီး ဆောင်းခဲ့ရသည်ကိုသာ ထာဝရထင်မှတ်ကာ မတန်မရာတွေ ပြုလုပ်ကြပါတော့သည်။ ဤသည်ပင် လဲပြိုရခြင်း၏ အကြောင်းရင်းဖြစ်ပါတော့သည်။

မတိုင်းသင့်သော ပုဂ္ဂိုလ်များနှင့် မတန်မရာတိုင်းတာ၍မာန်တံခွန်ထူခဲ့သူများ၏ လဲပြိုရပုံဇာတ်လမ်းစုံတို့သည် ကျွန်ုပ်တို့ ပတ်ဝန်းကျင်၌ အမြောက်အမြားရှိခဲ့ကြပါပြီ။ ဇာတ်သိမ်းမကောင်းသော ထိုဇာတ်လမ်းစုံတို့ကို ငါးရာ့ငါးဆယ် နိပါတ်တော်လာ ဇာတ်ဝတ္ထုများဖြင့်လည်းနှိုင်းယှဉ်၍ ကြည့်ရှုနိုင်ပါသည်။

ဤအခန်းမှ ရွှေပိုင်းဝတ္ထုပုဒ်တို့မှာ မတန်မရာနိုင်းယှဉ်တုပ၍ ဒုက္ခရောက်ရပုံများဖြစ်ပါသည်။ 'မဟာဆန်ချင်လွန်းလေသူ' ဝတ္ထုမှာ စည်းစိမ်မာန်ယစ်မူးရာမှ မိမိဘဝဟောင်းကိုပင် မေ့ချင်ယောင်ဆောင်ခဲ့သော အမျိုးသမီးတစ်ယောက်အကြောင်း ဖြစ်ပါသည်။ မောက်မာဝင့်ကြွားမှုအရ အပြစ်ဒဏ် ခံရတော့မည့် ဆဲဆဲတွင် ပညာရှိအမတ်က တောင်းပန်ပေး၍သာ ချမ်းသာခွင့်ရလာပါသည်။

ဤလောက၌ယုတ်ညံ့သူတစ်ယောက်ယောက်သည်တစ်စုံတစ်ခုသော အကြောင်းဖြင့် အခြေအနေမြင့်မားသွားတတ်ကြ၏။ ဤတွင် ထိုသူသည်ပင်ကို အရည်အချင်း ကင်းမဲ့ခဲ့လေရကား ဤအခြေအနေ ရောက်အောင်

ပို့ဆောင်ပေးလိုက်သူများကိုပင် မထိမဲ့မြင်ပြုလာတော့၏။ရထားသမျှနှင့် အားမရနိုင်တော့ဘဲ လွန်လွန်ကဲကဲ တောင့်တလာ၏။ မိမိရရှိထားသော စွမ်းအားသတ္တိကို အရှိအမှန်ထက် မတန်တဆ ပိုလွန်၍ ရှုမြင်သုံးသပ်ကာ “ငါကြံလျှင်ခံနိုင်ရိုးလား”ဟု ကြုံးဝါးလျက် ထင်ရာစိုင်းကြလေတော့သည်။ ‘ကြောက်ချေးပါသော သူရဲကောင်းကြီး’ ဝတ္ထုနှင့် ‘မန္တာန်အစွမ်းဖြင့် ရမ်းကားသူ’ ဝတ္ထုတို့မှာ ထိုကဲ့သို့ ဝ မရှိဘဲ ဝိ လုပ်သူတို့၏ ကျဆုံးခန်းပင်ဖြစ်ပါသည်။

အစွမ်းထက်လှသော မာနစေတသိက်ကလေးတစ်လုံးကိုအသုံးချရုံ ချရေးထက် အပိုမထွက်လာမိကြစေရန် အလို့ငှာ သင်ခန်းစာပေးဝတ္ထု (၆)ပုဒ်ကို ဆက်စပ်ဖော်ပြလိုက်ပါသည်။

## တူသော်ငြားလည်း ကွဲပြားသည်

တရံရောအခါ ကာသိတိုင်းတစ်ခွင်လုံး၌ငတ်မွတ်ခေါင်းပါးသော ကပ်ဘေးကြီး ကျရောက်လာလေရာ ကျီးများပါ အခက်ကြုံ ကြရလေတော့သည်။

လူတို့မှာ မိမိတို့ ဝမ်းကိုပင် ဝလင်စွာ မစားကြရသဖြင့် ကျီးစာ ကျွေးရန် မတတ်နိုင်ကြတော့ချေ။ ဘီလူးများ၊ နဂါးများကိုလည်း တင်မြှောက် ပသခြင်း မပြုနိုင်ကြတော့ချေ။ သို့ဖြစ်၍ ကာသိတိုင်းတစ်ခွင်မှ ကျီးအများသည်ဟိမဝန္တာတောကြီးသို့ပြေးဝင်ခိုလှုံကြရလေတော့သည်။

ဟိမဝန္တာသို့ ပြေးဝင်လာသော ကျီးအများတွင် သဝိဋ္ဌကတို့ လင်မယားလည်းပါလာကြ၏။ သူတို့သည် အတော်အတန်ကြီးမားသော ရေအိုင်တစ်ခုကို တွေ့ရသောအခါ ထိုနေရာမှာ အခြေချ၍နေထိုင်ရန် ဆုံးဖြတ်လိုက်ကြ၏။ အိုင်အနီးရှိ သစ်ပင်တစ်ပင်ပေါ်တွင် နေရာယူကာ အိုင်စပ်တစ်လျှောက်လှည့်လည်၍အစာရှာကြသည်။ သူတို့သည် ကုန်းပေါ်မှာ သာကျင်လည်စွာကျက်စားလာခဲ့ကြသည်ဖြစ်၍ရေထဲကငါးကို ဖမ်းယူ၍ မရနိုင်ကြချေ။ ကမ်းပါးစပ်သို့ အမှတ်တမဲ့ရောက်လာသော ငါးကလေး

များ၊ ပုစွန်လုံးကလေးများလောက်ကိုသာ မဝရေစာ စားသောက်နေကြ ရလေသည်။

ထိုအချိန်မှာပင် ဝီရကအမည်ရှိသော တင်ကျီးတစ်ကောင်သည် သူနေရာသစ်ပင်ပေါ်မှ ဆင်းလာပြီးလျှင် ရေအိုင်ပေါ်သို့ စိုက်ချလာ၏။ ရေအိုင်အလယ်တည့်တည့်သို့ 'စွက်'ခနဲ ငုတ်လျှိုးသွားကာ မကြာမီမှာပင် ဝဖြိုးသောငါးတစ်ကောင်ကို ကိုက်ချီလျက် ပေါ်လာ၏။ တင်ကျီးသည် ထိုငါးကို ကမ်းနားစပ်မှာပင် ချ၍စားကာ နောက်တစ်ဖန် ရေထဲသို့ငုတ် သွားပြန်လေသည်။

ဝီရက၏ ရေငုတ်ကျင်လည်ပုံ၊ ငါးတွေအများကြီးစားရပုံကိုကြည့် ရှုကာ သဝိဋ္ဌကတို့လင်မယားမှာ တအံ့တသြဖြစ်နေကြရ၏။ မိမိတို့ ဘာ သာ မဝရေစာရှာစားနေမည့်အစား ဝီရကကို မှီခိုကပ်ရပ်၍ စားသောက် ရန် အကြံ ရလာကြ၏။ သို့ဖြစ်၍ ဝီရကရေထဲက ပေါ်လာသောအခါ သဝိဋ္ဌကသည် ဝီရကထံချဉ်းကပ်၍ အရိုအသေပေးလိုက်လေ၏....

''အဆွေ၊ ဘာများအလိုရှိပါသလဲ''

''အို-အရှင်၊ အရှင့်ထံပါးမှာ ခစားပြီး နေပါရစေ''

''အေး-ကောင်းပြီလေ၊ နေကြတာပေါ့''

ဝီရကကလည်း သဝိဋ္ဌက၏ ပန်ကြားချက်ကို ရွှောရွှောရှူရှူလက် ခံကာ ရေအိုင်ထဲက ငါးများကို ဖမ်းယူ၍ ကျွေးမွေးလေသည်။ သဝိဋ္ဌက သည်လည်း ဝီရကရှာပေးသော ငါးများကို ဝဝကြီးစားမျိုကာ ကျန် လေသမျှကို ဇနီးသည်အတွက် ယူဆောင်လာလေသည်။

ဗာရာဏသီမြို့တော်မှာတုန်းက အငတ်ငတ်အပြတ်ပြတ် ဖြစ်လာခဲ့ရ သော သဝိဋ္ဌကတို့ လင်မယားသည် ဤအိုင်နား ရောက်ခါမှ ဝဝဖြိုးဖြိုး ဖြစ်လာကြ၏။ အသားအသွေးများ ဖွံ့ဖြိုးလာသဖြင့် အမွေးအတောင် များပါ တောက်ပြောင်၍ လာကြ၏။ ထို့အတူပင် အစာဝသောအခါ မာနကလည်း ခေါင်းထောင်၍ ထလာပါတော့သည်။

သဝိဋ္ဌကသည် ဝီရက ဖမ်းယူပေးသော ငါးများကို ပါးဖြဲနားဖြဲ စားမျိုရင်းက ကြာလေကြာလေ ဘဝင်မကျနိုင်အောင်ဖြစ်လာရ၏။ ရေ ထဲသို့ စွပ်ခနဲ ငုတ်သွားသောဝီရက၊ ရေထဲမှဘွားခနဲပေါ်လာသောဝီရက၊ ထိုဝီရကသည် မိမိကဲ့သို့ပင် အမွေးအတောင် မည်းမှောင်နေ၏။ သူ၏ မျက်စိများသည် မိမိနည်းတူ နီကျင်ကျင်သာ ဖြစ်ကြ၏။ သူ၏နှုတ်သီးနှင့်

ခြေသည်းတို့လည်း မိမိနှင့် ဘာမျှမခြားနားပါချေ။ မိမိနှင့်ထပ်တူထပ်မျှ ဘာမျှ မခြားနားသော ကျီးတစ်ကောင်က ရေအိုင်ထဲငုတ်ဆင်းပြီး ငါး တွေ ဖမ်းယူနိုင်ပါသော်လည်း မိမိကလည်း ဘာကြောင့် မတတ်နိုင်ရပါ မည်နည်း။ သည်ကရွှေမှာတော့ ငါ့အစာကို ငါ့ဘာသာ ရှာစားမှ ဖြစ် တော့မည်။

ကြမ္မာငင်ချင်လာပြီဖြစ်၍ သဝိဋ္ဌကသည် မအပ်မရာ နှိုင်းယှဉ်လာ ပေပြီ။ မိမိ၏ နှိုင်းယှဉ်ချက်ကို ကွယ်ဝှက်၍မထားနိုင်တော့သဖြင့် ဝီရက၏ ထံသို့ပင် ဖွင့်အန်လိုက်ရပေပြီ။ ဤတွင် ဝီရက က....

"အဆွေသဝိဋ္ဌက၊ ကျုပ်ရှာပေးတာနဲ့ မဝလို့များလား။ ကိုယ့် အရာမဟုတ်တဲ့ထဲမှာ အတင့်မရဲချင်စမ်းပါနဲ့။ သင်နဲ့ ငါတို့ဟာ ကျီးချင်း တော့ တူပါရဲ့။ ဒါပေမယ့် ငါတို့က ဥထဲကပေါက်ကတည်းက ရေထဲမှာ ကျက်စားကြတာဆိုတော့ ရေကောင်းကောင်းကျင်လည်တယ်။ သင်တို့မှာ တော့ ကုန်းပေါ်မှာသာ ကျက်စားလာခဲ့ကြတယ်။ ဒါကြောင့် ရေ အကြောင်း ကောင်းကောင်း မသိနိုင်ပါဘူး။ အကျိုးမထူးဘဲနဲ့အပျက်စီး မခံချင်စမ်းပါနဲ့ အဆွေ"

ဤသို့ ဖျောင်းဖျောင်းဖျဖျနားချသည်ကိုပင် သဝိဋ္ဌက ဂကျေးဇူး မတင်တော့ချေ။ မိမိ၏အစွမ်းသတ္တိကို ထုတ်ဖော်ခွင့်မရနိုင်အောင်၊ သူ့ ထံပါးမှာ ထာဝစဉ်မှီခိုနေရအောင် ချော့မော့ထားခြင်းသာဖြစ်သည်ဟု တလွဲတချော် တွေးခေါ်မိ၏။

သို့ဖြစ်၍ သဝိဋ္ဌကသည် ဝီရက၏ တားမြစ်ချက်ကို လက်မခံဘဲ ရေ ထဲသို့ ဇွတ်ဆင်း၍ ငုတ်သွားတော့၏။ သူသည် ဝီရကနှင့် အတောင်ရော အကောင်ရော တူညီနေသဖြင့် ဝီရကနည်းတူငုတ်လျှိုးသွားနိုင်သည်ကား ဟုတ်ပေ၏။ သို့ရာတွင် ဝီရကနည်းတူ ရေထဲမှာ လေ့လာ ကျက်စားခြင်း မပြုနိုင်ခဲ့သည့်အတွက် ရေထဲမှာကြာကြာမငုတ်နိုင်ချေ။ တစ်ခဏချင်းနှင့် မွန်းကျပ်လာကာ ငါးတစ်ကောင်မျှ မဖမ်းနိုင်သေးဘဲ ရေ မျက်နှာပြင် ပေါ် ပြန်တက်ရန် ကြိုးစားရတော့၏။ ကြိုးစားသည့်အလျောက် ရေပြင် နားသို့ကား ရောက်လာပါ၏။ သို့ရာတွင် ရေမျက်နှာပြင်ပေါ်မှာ ဖုံးအုပ် နေသော မှော်များကိုကား သူဖောက်ထွင်း၍မတက်နိုင်ပါ။ ဖောက်ထွင်း ရန် ကြိုးစားနေဆဲမှာပင် ရေတွေကလည်း သူ့ရင်ခေါင်းထဲသို့ ဝင်ကုန်ကြ ၏။ ဤတွင် သဝိဋ္ဌကသည် နှုတ်သီးဖျားကလေးလောက်သာ ရေပေါ် ရောက်အောင် ထိုးဖောက်နိုင်ကာ သူ့ကိုယ်ကြီးကတော့ ရေထဲမှာသာ ရှိနေလေတော့၏။

လင်ဖြစ်သူ သဝိဋ္ဌက ပြန်အလာကို ဆာဆာ လောင်လောင်နှင့် စောင့်စားနေရသော ကျီးမသည် လင်ဖြစ်သူ ပြန်ချိန်တန်၍မှ မပြန်လာသဖြင့် စိတ်တစ်ထင့်ထင့်ဖြစ်လာသဖြင့် ဝီရကရှိရာချဉ်းကပ်လာပြီးလျှင်....

"အို-အရှင် ဝီရက၊ ကျွန်မရဲ့လင်ဟာ ဥဒေါင်းငှက်ရဲ့ လည်ဆံမွေးလို စိမ်းညှိုတောက်ပတဲ့ အရောင်အဆင်းလဲရှိပါတယ်။ သူတွန်ကျူးလိုက်တဲ့အခါမှာလဲ အင်မတန်သာယာလှပါတယ်။ သဝိဋ္ဌကအမည်ရတဲ့ ကျွန်မလင်ကို အရှင်မြင်မိပါသလား"

သိလိုရေးနှင့် မေးရသည်ကိုပင် ကျီးမက သူ့လင်ကို မတန်မရာ ချီးပလိုက်ပါသေးသည်။ ဝီရက ကတော့ ထိုသို့ ချီးပသည်ကို မည်သို့မျှ သဘောမထားဘဲ....

"အို-ကျီးမ၊ သင့်လင် ကဝိဋ္ဌကဟာ မိမိကိုယ်တိုင်က ကုန်းပေါ်မှာသာ ကျက်စားလာခဲ့ပါလျက် ကုန်းရောရေပါ ကျွမ်းကျင်လာတဲ့ငါ့ကို တုပပြီးရေထဲငုတ်ခဲ့တယ်။ အခုတော့ ရေမှော်ဖုံးလို့အသက်ဆုံးသွားရှာပြီ။ ဟောဟိုက နှုတ်သီးချွန်ချွန်ကလေးသာ ကြည့်ပါတော့"

ဤသို့အဖြစ်မှန်ကိုဖွင့်အန်ပြောကြားလိုက်သည့်အဆုံးတွင်ကျီးမသည် ချုံးပွဲချငိုကြွေးကာ ဗာရာဏသီမြို့တော်သို့ပြန်သွားရလေတော့သည်။

(ဒုကနိပါတ်၊ ဝီရက ဇာတ်)

**ဝီရကဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်**

သဝိဋ္ဌက = ဒေဝဒတ်။
ဝီရက = မြတ်စွာဘုရား။

## အစွမ်း ပြလိုက်စမ်းပါဦး

ဇမ္ဗုကမည်သော မြေခွေးသည် ကေသရာဇာခြင်္သေ့မင်း စိုးစံရာ ရတနာရွှေဂူမှ ထွက်ပြီးလျှင် တောင်ထိပ်သို့တက်၍ တောင်ခြေ ပတ်ပတ်လည်သို့ လှည့်၍ ကြည့်လိုက်၏။ တောင်ခြေတစ်ဝိုက်၌ ဘာသာဘာဝ ကျက်စားသွားလာနေသော ဆင်၊ မြင်း၊ ကျွဲ၊ နွား စသော သတ္တဝါများထဲမှ စားချင်သည့် သားကောင်တစ်မျိုးမျိုးကို ရွေးချယ်၍ ရသောအခါ ရတနာရွှေဝဂူသို့ သွားရောက် အလေးပြုပြီးလျှင်....

"အရှင်ခြင်္သေ့မင်း၊ အစွမ်းပြလိုက်စမ်းပါဦး"

ဤသို့ တောင်းပန် စကား ပြောကြား လိုက်သည်နှင့် တစ်ပြိုင်နက် ကေသရာဇာခြင်္သေ့မင်းသည် ရွှေဂူမှ ထွက်ကာ အရပ်လေးမျက်နှာသို့ ကြည့်ရှု၍ သုံးကြိမ်တိုင်တိုင် ဟောက်သံ ပေးလိုက်ပြီးမှ တောင်ခြေသို့ တစ်ဟုန်ထိုး ဆင်းသွားလေတော့သည်။

ထိုအခါ ဇမ္ဗုက မြေခွေးသည် ရတနာရွှေဂူအတွင်းသို့ ဝင်ရောက်ကာ ကေသရာဇာခြင်္သေ့မင်း အိပ်စက်သော နေရာထက်သို့ ကျကျနန တက်၍ အိပ်စက်၏။ သူ တစ်မှေးလောက် အိပ်စက်၍ တရေးနိုးလာမည့်

အချိန်နှင့် ကေသရာဇာ ခြင်္သေ့မင်းက သူ့အတွက် အသားတုံးချီလာမည့် အချိန်မှာ အံကိုက်ဖြစ်နေပေါလိမ့်မည်။

ဇမ္ဗုကအဖို့ ဤသို့ ဇိမ်ကျကျအိပ်စက်၍ စားလိုရာစားနေနိုင်ခြင်းမှာ စိုင်ကော်၍ ချုံပေါ်ရောက်သည်ဟု ဆိုရပါတော့မည်။ ဟိုတစ်လောဆီက ဇမ္ဗုကသည် သူ့စွမ်းအားဖြင့် ကိုက်ဝါး၍ စားနိုင်လောက်သော အကောင်ပလောင်ကလေးများ တွေ့လိုတွေ့ငြား လှည့်လည်ရှာဖွေရာ သူကိုက်စား၍ မရနိုင်သော အကောင်ကြီးနှင့် ဘွားခနဲ တွေ့လိုက်ရ၏။

ထိုနေ့တုန်းက ကေသရာဇာ ခြင်္သေ့မင်းသည် တောကျွဲကြီး တစ်ကောင်ကို ကိုက်သတ်၍ အဆီပေါသည့် နေရာများကို ကိုက်ဖြတ် စားသောက်ပြီးလျှင် ရေအိုင်တစ်ခုသို့ဆင်း၍ ရေသောက်၏။ ထို့နောက် တစ်ရေးတမော အိပ်စက်ရန်အလို့ငှာ ရတနာ ရွှေဂူသို့ ပြန်လာရာတွင် ဇမ္ဗုက မြေခွေးနှင့် ရင်ဆိုင်တိုးမိခြင်းဖြစ်ပေသည်။

ကေသရာဇာခြင်္သေ့မင်းနှင့် ပက်ပင်း ဆုံမိသည်ဆိုလျှင်ပင် ဇမ္ဗုက မြေခွေးမှာ ပြေးနိုင်စွမ်းအား မရှိတော့ချေ။ အလွန်အမင်း ကြောက်ရွံ့တုန်လှုပ်နေသည်ဖြစ်၍ လေးဘက်ထောက်၍မျှ မရပ်မနေနိုင်တော့ချေ။ သို့ဖြစ်၍ ကေသရာဇာ ခြင်္သေ့မင်း ရှေ့မှောက်တွင် ရှေ့လက်နှစ်ဘက်ဖြင့် လက်အုပ်ချီကာ ပြားပြားဝပ်၍ နေရလေတော့သည်။

ခွန်အားဗလ ကြီးမားလှသော သတ္တဝါကြီးများကို ကိုက်ဝါး စားသောက်လာခဲ့သော ကေသရာဇာ ခြင်္သေ့မင်းသည် မပြေးနိုင်ရှာ၍ ခယဝပ်တွားနေသော မြေခွေးကိုကား မည်သို့မျှ ရန်မမူပါ။ မိမိအား လေးလေးစားစား ဝပ်တွား ခယနေသည်ကို နှစ်သက်အားရလှသဖြင့်....

"အမောင် မြေခွေး၊ ဘာများ အလိုရှိပါသလဲ" ဟုပင် အကျွမ်းတဝင် မေးလိုက်ရပေသည်။

ဤတွင် အကင်းပါးလှသော မြေခွေးက....

"အရှင် ခြင်္သေ့မင်း၊ အရှင့် ခြေရင်းမှာနေပြီး ပြုစုလုပ်ကျွေးပါရစေ"

"အေး- ကောင်းပြီကွာ၊ ဒီလိုဆိုငါ့ရတနာ ရွှေဂူကို လိုက်ခဲ့ပေတော့"

ထိုနေ့မှစ၍ ဇမ္ဗုကသည် ဤရတနာရွှေဂူသို့ ရောက်လာခဲ့၏။ လိုက်လာစဉ်တုန်းက အရှင်ခြင်္သေ့မင်းအား ပြုစုလုပ်ကျွေးရန်ဟု အကြောင်း

ပြခဲ့သော်လည်း လက်တွေ့မှာတော့အရှင်မြေခွေးမင်းအတွက် ကေသရာဇာ ခြင်္သေ့ကသာလျှင် အစားအစာ ရှာဖွေသယ်ဆောင်၍ ကျွေးမွေးလာခဲ့ရ ပေသည်။

ကေသရာဇာ ခြင်္သေ့မင်း၏ ကျေးဇူးဖြင့် ဇမ္ဗုက မြေခွေးသည် အသားပေါင်းစုံ စားခဲ့ဖူးပေပြီ။ တစ်ခါတစ်ရံတစ်နေ့စာနှင့် တစ်နေ့စာ အကောင်ချင်း မထပ်အောင် စဉ်းစားရသည်ကပင် အလုပ်ကြီးတစ်ခု ဖြစ်နေတော့သည်။

ရတနာရွှေဂူ၌ ချမ်းချမ်းသာသာ နေထိုင်လျက်နှစ်သက်ရာအသား များ စားချင်းတိုင်းစားနေရသဖြင့် ဇမ္ဗုက မြေခွေးမှာ အဆီတွေ အသား တွေ တိုးပွားလာ၏။ ထို့အတူပင် သူ၏ မာန်မာနတို့ကလည်း တိုးပွား၍ လာတော့သည်။

ကေသရာဇာခြင်္သေ့မင်း၏ညွှန်ကြားချက်ဖြင့် သားကောင် တစ်မျိုး မျိုးကို စားချင်သောအခါ ဂူဝမှ အလေးပြုလျက် ''အရှင် ခြင်္သေ့မင်း၊ ကိုင်း- အစွမ်းပြလိုက်စမ်းပါဦး'' ဟု အားပေးစကား ပြောကြားလာခဲ့ ရ၏။ ဤသို့ ပြောကြားသော စကား၏ စွမ်းအားသတ္တိကြောင့်သာလျှင် ကေသရာဇာ ခြင်္သေ့မင်းသည် လိုချင်ရာသားကောင်ကို ဖမ်းဆီးသတ်ဖြတ် နိုင်ခြင်းဖြစ်ပေလိမ့်မည်ဟု တွေးတောမိလေသည်။

သို့ဖြစ်၍ တစ်နေ့သောအခါတွင် ဇမ္ဗုက မြေခွေးက....

''အရှင်ခြင်္သေ့မင်း၊ အရှင်ခြင်္သေ့မင်းမှာ ခြေလက် လေးချောင်း ရှိသလို ကျွန်တော့်မှာလဲ ရှိနေပါတယ်။ ဒါကြောင့် ဒီတစ်ခါတော့ ကျွန်တော်ကိုယ်တိုင် ဆင်ကြီးတစ်ကောင် ဖမ်းသတ်ပြီး ကျွေးပါရစေ။ ဂူဝကနေပြီးတော့ ကျွန်တော် ပြောလာခဲ့ရသလို အရှင်ခြင်္သေ့မင်းကလဲ ''အရှင်မြေခွေးမင်း၊ အစွမ်းပြလိုက်စမ်းပါဦး'' လို့ အားပေးစကား ပြောကြားပေးပါ''

ဤသို့မတန်မရာတောင်းဆိုလိုက်ရာတွင်ကေသရာဇာခြင်္သေ့ကြီးက-

''ဟ-မောင်မြေခွေးရယ်၊မင့်ဟာမဖြစ်နိုင်တာကွာ။ဆင်ကိုသတ်ပြီး စားနိုင်တာက တို့ခြင်္သေ့မျိုး တစ်မျိုးထဲရှိတာကွ။ မင်းတို့ မြေခွေးမျိုး အနေနဲ့တော့ ဆင်ကိုသတ်စားဖူးတယ်ဆိုတာ ဘယ်တုန်းကမှ မကြားခဲ့ဖူး ရဘူး။ ဒီတော့ ငါရှာကျွေးတာပဲ အေးအေးစားနေစမ်းပါကွာ''

''အရှင် ခြင်္သေ့မင်း ရှာကျွေးသမျှ စားလာခဲ့ရတာ ကြာတော့လဲ ကျွန်တော်ကိုယ်တိုင် ရှာကျွေးချင်သေးတာပဲဗျာ။ကဲပါဗျာ-အရှင် ခြင်္သေ့

မင်းကလဲ ကျွန်တော်တောင် နေ့တိုင်းအားပေးစကား ပြောလာခဲ့ရသေးတာပဲ။ အရှင်ခြင်္သေ့မင်းကလဲ 'အရှင်မြေခွေးမင်း အစွမ်းပြလိုက်စမ်းပါဦး'လို့ ဆိုပေးလိုက်စမ်းပါ။ ဒါလောက်ကလေးများတော့ ဝန်တိုမနေစမ်းပါနဲ့''

''တောက်–တော်တော်ခက်တဲ့ကောင်ပဲကွာ၊ ဒါလောက်ရှိလှ မင့်လိုဟာဖြည့်လိုက်ရသေးတာပေါ့။ ဒါပေမယ့်လို့ တို့ခြင်္သေ့မျိုးရဲ့ ဂုဏ်သိက္ခာထိန်းရဦးမှာမို့ မင့်ကိုအရှင်မြေခွေးမင်းလိုတော့မခေါ်နိုင်ဘူးမောင်ရေ့''

ဤသို့ပြောဆိုပြီးလျှင် ကေသရာဇာ ခြင်္သေ့မင်းသည် တောင်ခြေတစ်နေရာတွင် အမုန်ယစ်သော ဆင်ပြောင်ကြီးတစ်ကောင် ကျက်စားနေသည်ကို မြင်လိုက်ရ၍....

''ကဲ-ဒီကနေ့ လုပ်ငန်းစကြစို့။ ကဲ-အမောင်မြေခွေးရေ၊ အစွမ်းပြလိုက်စမ်းပါဦး''

ကေသရာဇာခြင်္သေ့မင်းက အားပေးစကား ပြောကြားလိုက်လျှင် ပင် ဇမ္ဗုကမြေခွေးသည် ရွှေဂူဝမှထွက်ကာ အရပ်လေးမျက်နှာကိုကြည့်၍ သုံးကြိမ်တိုင်တိုင် ဟောင်လိုက်၏။ ထို့နောက်ကေသရာဇာခြင်္သေ့ကြီးပြေးဆင်းသွားသည့်အတိုင်း တောင်ပေါ်မှ ပြေးဆင်း၍ ဆင်ပြောင်ကြီး၏ ဦးကင်းဆီသို့လှမ်းခုန်လိုက်လေရာ ဦးကင်းထက်သို့ မရောက်ဘဲ ဆင်ပြောင်ကြီး၏ ရှေ့မှသာ ဖုတ်ခနဲကျလေသည်။

မုန်ယစ်နေသော ဆင်ပြောင်ကြီးသည် မိမိအား မခန့်လေးစားစော်ကားလာသော မြေခွေး၏ခေါင်းကို တက်နင်းလိုက်၏။ တစ်ကိုယ်လုံးကိုလည်း ပျော့ခွေ ကြေညက် သွားအောင် နင်းခြေပြီးလျှင် ထိုအသေကောင်ကို ကရွတ်ခွေသဖွယ် ပြုလုပ်ကာ ထိုအပေါ်မှာ မစင်စွန့်လိုက်၏။ ထို့နောက် ကြိုးကြာသံကဲ့သို့ မြည်ဟိန်းကာ တောနက်ရာသို့ ဝင်သွားလေသည်။

ကေသရာဇာ ခြင်္သေ့မင်းသည် မတူမတန် မာန်မာန ထောင်လွှားမိ၍ တစ်ကိုယ်လုံး ပြားချပ်သွားရသော မြေခွေးကို လှမ်း၍ကြည့်ကာ 'ကဲ-အမောင်မြေခွေး၊ ဒီတစ်ခါ အစွမ်းပြလိုက်စမ်းပါဦး''ဟု စိတ်ပေါက်ပေါက်နှင့် ရေရွတ်လိုက်ရလေသည်။

(ကေနိပါတ်၊ ဝိရောစ ဇာတ်)

ဝိရောစဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

မြေခွေး = ဒေဝဒတ်။
ခြင်္သေ့ = မြတ်စွာဘုရား။

## ဟသ်ာယာဉ် ယဉ်ယဉ်စီးပါလို့

ဝိဒေဟတိုင်း၊ မိထိလာမြို့တော်အနီးရှိ ထန်း ပင် တစ် ပင် ထက်၌ ကျီးမတစ်ကောင်သည် မိမိ၏သားငယ်ကလေးကို အစာခွံ့ကျွေးလျက်ရှိ၏။ သူ၏ဖခင်ဖြစ်သော ရွှေဟင်္သာမင်းကလည်း သားငယ်ကလေး၏ မပီကလာပြောဆိုသံကို နားခံရင်း ကျေနပ်နှစ်သိမ့် နေလေသည်။

ရွှေဟင်္သာမင်းနှင့် ကျီးမတို့ အကြောင်းဆက် ပေါင်းဖက်မိရာမှ ပေါက်ဖွားလာသောသားငယ်ကလေးမှာ ဖခင်ကဲ့သို့ရွှေဝါရောင်သန့်သန့်လည်းဖြစ်မလာ၊ မိခင်ကဲ့သို့လည်း လုံးလုံးကြီး မည်းနက်၍လည်း မနေချေ။ အဝါအနက်ရောယှက်ကာ ကြောင်ကြောင်ကြားကြား ဖြစ်နေဘိ၏။ သို့ဖြစ်၍ ထိုသားကလေးကို ဝိနီလကဟူ၍ အမည်ပေးထားရလေသည်။

ရွှေဟင်္သာမင်းမှာ ခရီးသွားရင်း ကျီးမနှင့် အကြောင်းဆုံကာ အသိုက်အမြုံတစ်ခု လုပ်ထားရသော်လည်း ဤအသိုက်မှာချည်း မနေနိုင်ပါ။ ဟင်္သာငှက်တို့သဘောမှာ ကျီးများကဲ့သို့ လူနှင့်နီးရာတွင် မနေတတ်ပါ။ လူတို့စားသော အစာများကိုလည်း နှိုက်ယူစားသောက်ရန်မလိုလားပါ။ လူသူမနီးသည့် တောကြီးထဲမှာသာ သဘာဝအစား အစာများစားသောက်၍နေထိုင်လေ့ရှိကြပေသည်။ ထိုတောကြီးထဲမှာလည်းရွှေဟင်္သာမနှင့် ရရှိထားသော ရွှေဟင်္သာငှက်ကလေးများ ရှိနေကြပေသည်။

စပယ်ဦး၊ ၁၉၆၄

သို့ဖြစ်၍ရွှေဟင်္သာမင်းသည် အသိုက်အမြုံနှစ်ခုဆီသို့သွားချည်ပြန်လှည့်ပြုနေရလေရာ သားငယ်ဖြစ်သော ရွှေဟင်္သာငှက်ကလေးများက....

''ဖခင်၊ လူတို့ရပ်ရွာဆိုတာရွှေဟင်္သာတို့အတွက်အင်မတန်ရန်များလှပါတယ်။ ဖခင်ကိုယ်တိုင် ခဏခဏသွားနေရမယ့်အစား ကျွန်တော်တို့ကိုယ်တိုင်သွားပြီး သားကလေး ဝိနီလကကို ခေါ်ခဲ့ရရင် မကောင်းပေဘူးလား''

ဤသို့အကြံပေးစကား ပြောကြားရာ ဖခင်ဖြစ်သူ ရွှေဟင်္သာမင်းကလည်း သဘောတူလက်ခံလိုက်လေသည်။

သို့ဖြစ်၍ ရွှေဟင်္သာညီနောင်တို့သည် ဖခင်ဖြစ်သူ ညွှန်ကြားလိုက်သော လမ်းကြောင်းအတိုင်း ပျံသန်းလာကြရာ ဝိနီလကတို့ရှိရာ ထန်းပင်ထက်သို့ တန်းတန်းမတ်မတ်ရောက်လာကြ၏။ ဖခင်ရွှေဟင်္သာမင်း မှာကြားလိုက်သောစကားကို ပြောကြားကြ၏။ ဝိနီလကလည်း ဖခင်ခေါ်ရာလိုက်ပါဖို့ သဘောတူလေသည်။

ဤတွင် ရွှေဟင်္သာညီနောင်တို့သည် တုတ်ချောင်းတစ်ကို ရှာဖွေယူဆောင်ကာ ထိုတုတ်ချောင်းပေါ်မှာ အတောင်အလက် မစုံတတ်ခုသေးသော ဝိနီလကကို တက်စီးစေ၏။ ထို့နောက်မှ ရွှေဟင်္သာညီနောင်တို့က ထိုတုတ်ချောင်း တစ်ဖက်တစ်ချက်မှ နှုတ်သီးဖြင့်ကိုက်ချီကာ မိထိလာမြို့တော်ပေါ်မှ ဖြတ်ကျော်ပျံသန်း၍ လာကြလေသည်။

ထိုအချိန်မှာပင် ဝိဒေဟရာဇ်မင်းသည် သိန္ဓောမြင်းလေးကောင်က,သော ရထားကြီးစီးကာ ကြီးကျယ်ခမ်းနားလှသော အစီအစဉ်ဖြင့် မြို့လှည့်အပူဇော်ခံနေ၏။ ဝိနီလကသည် တုတ်ချောင်းပေါ်မှလိုက်ပါလာရင်း ဝိဒေဟရာဇ်မင်းကြီး၏ စည်းစိမ်နှင့် မိမိအခြေအနေကို နှိုင်းယှဉ်ပြီးလျှင် စိတ်ကြီးဝင်လာ၏။ မိမိကိုယ်ကို ဝိဒေဟရာဇ်မင်းကြီးနှင့် ထပ်တူထပ်မျှ သဘောထားလာ၏။ သို့ဖြစ်၍....

''ဝိဒေဟရာဇ်မင်းကြီးရဲ့ရထားကို အာဇာနည်သိန္ဓောမြင်း လေးကောင်တို့က ဆွဲဆောင်ကြသလို ဝိနီလကမည်ရတဲ့ ငါကိုယ်တော် အရှင်မြတ်လဲ ရွှေဟင်္သာညီနောင်တို့က ဆွဲဆောင်လို့ နေကြပါကလား''

ဤသို့ မတန်မရာနှိုင်းယှဉ်ကာ ဝင့်ဝင့်ကြွားကြွား ပြောကြားလိုက်သည့်အတွက် ရွှေဟင်္သာညီနောင်တို့သည် ဝိနီလကကို တစ်ခါထဲလွှတ်ချလိုက်မည်ဟု ကြံစည်မိကြ၏။ သို့ရာတွင် ဤသို့ပြုပါက ဖခင်ကြီးအား

မလေးစားရာ ရောက်မည်စိုးသဖြင့် အောင့်သက်သက်ဖြင့်သယ်ဆောင်ကာ ဖခင် ရွှေဟင်္သာမင်းရှေ့မှောက်သို့ အရောက်ပို့ဆောင်ကြရ၏။ ဝိနီလက၏ စော်ကားမှုကိုလည်း ပြောပြကြ၏။ ဤတွင် ဖခင် ရွှေဟင်္သာမင်းသည် ပြင်းထန်စွာအမျက်ထွက်၍....

"ငမိုက်သား ဝိနီလက၊ ဒီရွှေဟင်္သာညီနောင်တို့ သယ်ဆောင်ပေးကြလို့သာ သင်တို့အမျိုးတွေရောက်ဖို့ ခဲယဉ်းတဲ့ ဒီနေရာကို သင်ရောက်လို့လာရတယ်။ သင်ဟာ ကိုယ့်အရာမဟုတ်ဘဲနဲ့ လွန်လွန်ကဲကဲ ဝင့်ဝါခဲ့တယ်။ ဒီတော့ သင်တို့မိခင် ကျီးမရှိနေရာသို့သာ ပြန်သွားပေတော့။ သုသာန်မှာ စွန့်ပစ်ထားတဲ့ အသေကောင်ပုပ်များကိုသာ သွားပြီးစား နေချေတော့"

ဤသို့ ကြိမ်းမောင်း ပြောဆိုပြီးလျှင် ရွှေဟင်္သာညီနောင်တို့အား ပြန်ပို့ရန် တာဝန်ပေးလိုက်လေရာ ရွှေဟင်္သာညီနောင်တို့ကလည်း အရာမဟုတ်ပါဘဲလျက် မာန်မာနတက်ခဲ့မိသော ဝိနီလကကို သုတ်သာန်မြေသို့ ပို့ဆောင်ပေးကြရလေသည်။

(ဒုကနိပါတ်၊ ဝိနီလကဇာတ်)

ဝိနီလကဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်

ဝိနီလက = ဒေဝဒတ်။
ရွှေဟင်္သာညီနောင် = အဂ္ဂသာဝကနှစ်ပါး။
ရွှေဟင်္သာမင်း = မြတ်စွာဘုရား။

## မဟာဆန်ချင် လွန်းလေသူ

သုဇာတာသည် ရုပ်ဆင်းအင်္ဂါ လှပချောမောေ၏။ သူ့ အသံမှာနား ဝင်ချိုလှ၏။ အသက်အရွယ်နုနယ်ပျိုမြစ်၏။ ဤသည်ပင်လျှင် သုဇာတာ၏ ရှိရှိသမျှ အရည်အချင်းအားလုံးကုန် ဖြစ်ပေသည်။

ရရစားစား သာမန်ဈေးသည်ကလေး တစ်ယောက်သာ ဖြစ်သော သုဇာတာသည် တစ်နေ့မှာတော့ နန်းတော်အနီးမှာ တကြော်ကြော်ဟစ် အော်၍ ရောင်းချနေ၏။ ထိုစဉ်ခိုက်မှာပင် ဗြဟ္မဒတ်မင်းကြီးကလည်း လေ သာပြတင်းမှနေ၍ နန်းရင်ပြင်ဆီ လှမ်းကြည့်နေလေရာ သုဇာတာရောက် အလာနှင့် အံကိုက်ဖြစ်သွားလေသည်။

သုဇာတာကိုပထမဦးစွာ သတိပြုလိုက်မိသည်မှာ သာယာလှသော သူ့ အသံကြောင့် ဖြစ်၏။ သာယာသောအသံကိုနာခံရာမှတစ်ဆင့် သူ့ ရုပ် သွင်ကို လှမ်း၍ အကဲခတ်လိုက်ရာ သူ့ အလုပ်နှင့် မထိုက်တန်ဟု ဆိုရ လောက်အောင် လှပချောမောနေသည်ကို တွေ့လိုက်ရ၏။ မိန်းကလေးတို့ တစ်သက်တာတွင် အလှသွေး အကြွယ်ဆုံး အတက်ကြွဆုံး အချိန်ဖြစ်၍ လည်း သူ့ အလှမှာ အစွမ်းကုန်ပေါ်လွင်ထင်ရှား၍ နေပေသည်။

သို့ဖြစ်၍ ဗြဟ္မဒတ်မင်းကြီးသည် သုဇာတာမှာ အိမ်ထောင် ရှိ-မရှိ စုံစမ်းကြည့်စေ၏။ အိမ်ထောင်မကျသေးသောအပျိုစင်ဈေးသည်ကုလေး ဖြစ်ကြောင်းသိရသောအခါကြီးကျယ်ခမ်းနားလှသောအစီအစဉ်ဖြင့်နန်း တော်သို့ခေါ်ယူကာမိဖုရားခေါင်ကြီးအရာထား၍မြှောက်စားလေသည်။

မိဖုရားခေါင်ကြီးအရာ ရလာသည်မှစ၍ သုဇာတာသည် မိဘရပ် ဌာနသို့ လုံးဝမရောက်ဖြစ်တော့ချေ။ မရောက်ရခြင်းအကြောင်းရင်းများ ကတော့ ဗြဟ္မဒတ်မင်းကြီးကိုယ်တိုင်က ခွဲခွာ၍ မထားနိုင်လောက်အောင် ချစ်ခင်မြတ်နိုးလှ သောကြောင့်လည်း ဖြစ်၏။ သုဇာတာကိုယ်တိုင်ကပင် ဇာတိရပ်ရွာနှင့် အဆက်အဆံမလုပ်လိုသောကြောင့်လည်း ဖြစ်၏။

အကယ်၍ သုဇာတာကိုယ်တိုင်ကသာ မေတ္တာရှေ့ထား၍လျှောက် တင်ပေးပါက သူ့ရပ် သူ့ရွာမှ သားချင်းဆွေမျိုးများသည် ရွှေနန်း တော်ကြီးမှာ အမှုထမ်းခွင့်ရနိုင်ကြပါသည်။ သို့ရာတွင် သုဇာတာကတော့ ဘယ်ဆွေမျိုးကိုမှ မိမိရှိရာရောက်လာအောင် မပြုပေ။ အဆုံးစွန်အားဖြင့် မွေးမိဘနှစ်ပါးကိုပင် ရွှေနန်းတော်သို့ ခေါ်၍မထားချေ။ ဇာတိရပ်ဌာန် ၌သာ နေမြဲတိုင်းနေစေပြီးလျှင် သင့်လျော်ရုံမျှသာ ထောက်ပံ့ပေးကမ်း၍ ထားလေသည်။

ဗြဟ္မဒတ် မင်းကြီးကိုယ်တိုင်က လွန်စွာ ချစ်မြတ်နိုးလှသဖြင့် ထိပ် ဆုံးတန်းသို့ တက်လှမ်းလာခဲ့ရသော်လည်း အခြားမိဖုရားများနှင့်နှိုင်းယှဉ် လိုက်သောအခါ သူ့ဘက်က အားနည်းချက်တစ်ခု ရှိနေ၏။ ထိုအားနည်း ချက်ကား အခြားမဟုတ်ပါ။ သူတကာ မိဖုရားများလို မင်းမျိုးမင်းနွယ် မဟုတ်ခဲ့သော အချက်ပင် ဖြစ်ပေသည်။

ထို့ကြောင့်မိဖုရားခေါင်ကြီးသုဇာတာသည်ထိုအားနည်းချက်ကို မိမိ၏ အခွင့်အာဏာဖြင့် အတတ်နိုင်ဆုံး ဖုံးဖိထားရ၏။ ရွှေလင်ပန်းမှာ အချင်းဆေး၍မင်းမွေးသော သမီးပျိုတစ်ယောက်ကဲ့သို့ ထည်ဝါနိုင်သမျှ ထည်ဝါအောင် ကြံဆောင်၍ နေထိုင်၏။ ဝတ်စားဆင်ယင် အလှပြင်ရာ တွင်လည်း ယခင်က အငွေ့အသက်များ လုံးဝပါမလာရအောင် အထူး ဂရုစိုက်ရ၏။ အစွမ်းနိုင်ဆုံးနည်းဖြင့် မဟာဆန်နိုင်စေရန် ကြိုးစားလေ့ လာအားထုတ်ရ၏။ တစ်ခါ တစ်ရံ ဆင်းရဲသူတို့ ဘာသာဘာဝ ပွင့်ပွင့် လင်းလင်း လွတ်လွတ်လပ်လပ် ပြောဆိုခဲ့သော စကားအသုံးဆန္ဒန်းများ ပါမသွားစေရန် အထူးသတိထား၍ ရှောင်ရှားရပေသည်။

ဤသို့ နေလာခဲ့၍လည်း တစ်နန်းတော်လုံးက မိမိအပေါ် လေးလေးစားစား ဝပ်တွားခယ၍ နေကြရာတွင် ဇာတိရပ်ဌာန်က သားချင်းဆွေမျိုးများ ရောက်လာပါက မိမိ၏မျိုးရိုးဇာတိကို ပြန်လည်လှန်လှော၍ ပြလိုက်သကဲ့သို့ဖြစ်သွားပါလိမ့်မည်။ ထို့ကြောင့် ဇာတိရပ်ရွာနှင့်အဆက်အသွယ်မပြုလုပ်လိုခြင်း ဖြစ်ပေသည်။

"ငါ မိဖုရားခေါင်ကြီးဖြစ်နေပြီ"ဟူသော မာန်မာနဖြင့် ဇာတိရပ်ရွာက သားချင်းဆွေမျိုးအပေါင်းနှင့် ကောင်းကောင်းကြီး အဆက်ဖြတ်ထားခဲ့သော သုဇာတာသည် တစ်နေ့မှာတော့ သူ့အလိုအလျောက်ပင် ဇာတိရပ်ရွာနှင့် ပြန်၍ဆက်သွယ်မိပေသည်။

ထိုနေ့တုန်းက ဗြဟ္မဒတ်မင်းကြီးသည် ဥယျာဉ်မှူးဆက်သလာသော ဆီးသီးမှည့်များကို ရွှေခွက်မှာ ထည့်၍ စားနေ၏။ ထိုစဉ် အခိုက်မှာပင် သုဇာတာမိဖုရားခေါင်ကြီးသည် မင်းကြီးအနားသို့ ချဉ်းကပ်ကာ....

"အရှင်မင်းကြီး၊ ရွှေခွက်ထဲမှာထည့်ထားတဲ့ အသီးအမှည့်တွေက အနီရောင်အဆင်းလဲ ရှိကြပါပေတယ်။ သန့်ရှင်းကြပါပေတယ်။ ချောမွတ်ကြပါပေတယ်။ အဲဒီအသီးတွေက ဘာသီးများဖြစ်ပါသလဲ"

မဟာဆန်လှသော ဟန်ပန် လေသံတို့ဖြင့် ဤသို့ မေးမြန်းလိုက်သောအခါ ဗြဟ္မဒတ်မင်းကြီးသည် လွန်စွာဒေါသထွက်လှ၍....

"ဟယ်မိဖုရား၊ သင်ဟာ သင်တို့ဇာတိရပ်ဌာန်မှာနေစဉ်တုန်းက ဆံပင်ဖားလျားချနဲ့ ညစ်နွမ်းလှတဲ့ အဝတ်ကလေးတွေဝတ်ပြီး ခါးမှာလဲ လွယ်အိတ်ကြီး ချည်ထားပြီး ဆီးသီးဆွတ်ခဲ့ရတာကို သင်သတိမရတော့ဘူးလား။ ဒီဆီးသီးဟာ သင်ကိုယ်တိုင်အသံတစာစာနဲ့ ကြေညာပြီးရောင်းခဲ့ရတဲ့ ဆီးသီးပဲမဟုတ်ပါလား။ သင်တို့ တစ်မျိုးလုံး တစ်ဆွေလုံးအားကိုးရတဲ့ ဆီးသီးပဲ မဟုတ်ပါလား။

"ဟယ် မိန်းမယုတ်၊ သင်ဟာ ရွှေနန်းတော်ကြီးထဲ အေးအေးလူလူ နေရတာကိုတောင် ပူအောင်လုပ်ချင်တယ်။ ရွှေနန်းတော်ကြီးမှာ မပျော်ပိုက်တော့ဘူး ထင်တယ်။ ဒီတော့ သင့်မှာ ရှိသမျှ စည်းစိမ်တွေ၊ အဆောင်အယောင်တွေ ပြန်ရုပ်သိမ်းလိုက်တော့မယ်။ ဒါလောက်တောင် ကိုယ့်ဘဝကို မေ့တတ်တဲ့ သင်ဟာ ဒီတစ်သက်မှာ မေ့လို့မရတော့အောင် သင်တို့ရပ်ရွာပြန်ပြီး ဆီးသီးရောင်းစားနေချေတော့"

ဒေါသအမျက် ချောင်းချောင်းထွက်၍ နှင်ထုတ်လိုက်ခါမှ သုဇာတာမှာ ကြူကြူပါအောင် ငိုရပေတော့သည်။ တကယ့်တကယ် အန္တရာယ်

ဆိုးနှင့် ကြုံလိုက်ရသည်တွင် မိမိ၏ လှဂုဏ် ပဂုဏ် အရှယ်ဂုဏ်တို့က လုံးဝ ကာကွယ်၍မပေးနိုင်တော့သဖြင့် ထိတ်လန့်တကြား ဖြစ်ရပေတော့သည်။

ဤတွင် မင်းကြီးအပါးမှာ ခစားလျက်ရှိနေသော ပညာရှိ အမတ်ကြီးက....

"အရှင်မင်းကြီး၊ မိန်းမဆိုတာစည်းစိမ်မာန်ယစ်မူးတတ်ပါတယ်။ ဒါကြောင့် ယစ်မူးရာက ဖြစ်လာရတဲ့ အပြစ်ကို အရှင်မင်းကြီး သည်းခံတော်မူပါ။ သုဇာတာကို ခွင့်လွှတ်တော်မူပါ"

ဤသို့ တောင်းပန်စကား လျှောက် ထား လိုက် ခါမှ ဗြဟ္မဒတ်မင်းကြီးက သူ့အမိန့်ကို ပြန်၍ရုပ်သိမ်းလေတော့ သည်။

(စတုက္ကနိပါတ်၊ သုဇာတ ဇာတ်)

သုဇာတဇာတ်၊ စတုက္ကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ဗြဟ္မဒတ်မင်း | = | ကောသလမင်းကြီး။ |
| သုဇာတာ | = | မလ္လိကာမိဖုရား။ |
| ပညာရှိအမတ် | = | မြတ်စွာဘုရား။ |

## ကြောက်ချေးပါသော သူရဲကောင်းကြီး

တစ်ယောက်သောသူက ပုက္ကကွ၊ ခါးကုန်းကုန်း။

အခြား တစ်ယောက်ကတော့ ယောကျ်ားပီပီ အရပ်အမောင်း ကောင်းကောင်း၊ အားကောင်းမောင်းသန် ဟန်ပန်အပြည့်။

သို့ရာတွင်ပုက္ကကွလူကတက္ကသိုလ်မြို့တော်ကပြန်လာသူ။ယောကျ်ား ကောင်းတို့ တတ်မြောက်သင့်သော တစ်ဆယ့်ရှစ်ရပ်သော အတတ်များ၌ တစ်ဖက်ကမ်းခပ် တတ်မြောက်ပြီးသူ။

ထောင်ထောင်မောင်းမောင်း လူက စစ်ရေးစစ်ရာ ဘာပညာမျှ မတတ်သဖြင့် ရက်ကန်းခတ်၍ စားနေရသူ။ သူများနှင့် ယှဉ်ပြိုင်၍ရင်ဆိုင် တိုက်ခိုက်ရမည့် အရေးကို ကြောက်တတ်လှသဖြင့် ဘီမသေန အမည် ရနေသူ။

ပုက္ကကွလူမှာ မိမိ၏ ဥပဓိရုပ် ချို့တဲ့ချက်ကြောင့် မင်းကောရဗ်တို့၏ ယုံကြည်စိတ်ချမှုကို ရရှိရန် မလွယ်ကူလေရကား ဘီမသေနကို အပါခေါ် ကာ ဗာရာဏသီမြို့တော်သို့ လျှောက်လာခဲ့ပြီးလျှင် ဗြဟ္မဒတ်မင်းကြီးထံ ဝင်ရောက်ခစား၏။ ဤတွင် ဗြဟ္မဒတ်မင်းကြီးက ထောင်ထောင်မောင်း မောင်း ယောကျ်ားကောင်းပီသသော ဘီမသေနအား....

စပယ်ဦး၊ ၁၇၈၀

''အချင်း၊ ဘာပညာရပ်များကို တတ်မြောက်ထားပါသလဲ'' ဟု မေးမြန်းခဲ့လေရာ....'

''မှန်လှပါ၊ ကျွန်တော်မျိုးဟာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးမှာ ပြိုင်ဘက်မရှိတဲ့ လေးသမားကျော် ဖြစ်ပါတယ် ဘုရား''

''ကောင်းပြီ၊ ဒီလိုဆိုရင် လစာရိက္ခာ ဘယ်လောက်ရရင် ငါ့အမှုတော် ထမ်းနိုင်မလဲ''

''အရှင်မင်းကြီး၊ တစ်လမှာ နှစ်ကြိမ် အသပြာတစ်ထောင် တစ်ထောင်ရရင် အမှုတော်ထမ်းနိုင်ပါတယ် ဘုရား''

''ကောင်းပြီ၊ သင်နဲ့အတူပါလာတဲ့ လူကလေးက သင်နဲ့ ဘယ်လိုပတ်သက်သလဲ''

''ဘုရားကျွန်တော်မျိုးရဲ့ လက်ပါးစေ လုလင်ကလေးဖြစ်ပါတယ် ဘုရား''

''ဒီလိုဆိုရင် သင်ညီလာခံဝင်လာတဲ့အခါ သူ့ကိုပါ ခေါ်လာနိုင်တယ်''

ဤခွင့်ပြုချက်သည်ကား ဘီမသေနအတွက် အဖိုးအတန်ဆုံးသော ဆုလာဘ်ကြီးဖြစ်ပေသည်။ ရုပ်လက္ခဏာ သန်မာထွားကြိုင်းသည်မှ အပ ဘယ်ဘက်ကမျှ အစွမ်းအစမရှိသော ဘီမသေနသည် လုပုက္ကူ၏ အကူအညီဖြင့်သာ မင်းမှုကိစ္စများ ဆောင်ရွက်၍နေရ၏။ လုပုက္ကူက တာဝန်ကျလာသော အမှုကိစ္စများကို ပြီးစီးအောင်၊ ပြည့်စုံအောင် ဆောင်ရွက်တတ်သည်နှင့်အမျှ ဘီမသေနကလည်း မှင်သေသေနေတတ်၊ ပြောတတ်၏။ ထို့ကြောင့် ထိုသူနှစ်ယောက်တို့၏ စပ်တူ အမှုထမ်းသည့်ကိစ္စမှာ အဆင်ပြေ၍ နေပေသည်။

\+ \+ \+

ဘီမသေန နာမည်ဖြင့် ရရှိသော လစာရိက္ခာကို နှစ်ယောက်အတူ ကြည်ဖြူစွာစားသုံး၍လာခဲ့ကြရာ တစ်နေ့သောအခါတွင်ကား အယောင်ဆောင် သူရဲကောင်းကြီး ဘီမသေနအတွက် အခက်ကြုံလာရတော့၏။ ကာသိတိုင်းအတွင်းရှိ အချက်အချာကျသော တောလမ်းတစ်နေရာတွင် ကျားဆိုးကြီးတစ်ကောင် သောင်းကျန်းနေ၏။ ထိုလမ်းမှလာသော ခရီးသည်များကို ကျားဆိုးကြီးက မလွတ်တမ်း ဖမ်းဆီးကိုက်သတ်၍ စားနေ

လေရာ ထိုလမ်းမှာ လုံးဝ အဆက်အသွယ် ပြတ်တောက်သွားတော့၏။ ဤတွင် တိုင်းသူပြည်သားတို့သည် မင်းကြီး ရွှေနားတော်ကြားအောင် လျှောက်တင်ကြလေရာ ဗြဟ္မဒတ်မင်းကြီးက သူ့ရဲကောင်း ဘီမသေနအား ကျားဆိုးကြီးရန်ကို နှိမ်နင်းရန် တာဝန်ပေးလိုက်လေသည်။

မင်းကြီး ရွှေမှောက်မှာ တုန်းက ခံ့ခံ့ကြီး ပြုံး၍ တာဝန်ယူလာခဲ့သော ဘီမသေနသည် အိမ်ပြန်ရောက်လာသည်တွင်ကား မျက်နှာငယ် ကလေးနှင့် ဖြစ်နေရ၏။ဤတာဝန်ကို ခံယူရတာလွယ်ကူသလောက် လက်တွေ့ အကောင်အထည် ဖော်ရေးက ခက်ခဲလှ၏။ အောင်မြင်နိုင်သည့် အရေးထက် အသက်ဘေးက ပိုများနေ၏။ထို့ကြောင့် စိတ်မချမ်းမြေ့စွာ သယ်ဆောင်လာခဲ့ရသောအခက်အခဲကြီးကိုလူပုကွထံတင်ပြလိုက်လေရာ--

"ဒါလောက်တော့ မခက်ပါဘူးကွာ၊ မင့်ဘက်က ဟန်ကောင်းဖို့သာ လိုပါတယ်။ မင်းတစ်ယောက်တည်းနဲ့ လုပ်နိုင်လောက်ပါတယ်"

သူကတော့ အချက်ကောင်းကို သိမြင်လိုက်ပြီဖြစ်၍ ခပ်လွယ်လွယ် ပြောဆိုလိုက်၏။ ဘီမသေနမှာတော့ သူ့လောက် မမြင်နိုင်သေးသဖြင့် ထိတ်လန့်တကြား ဖြစ်သွားကာ....

"ဘယ့်နှယ် ငါတစ်ယောက်တည်း သွားရမှာလဲ။ ခါတိုင်းလဲ မင်းနဲ့ငါ အတူတူ ဆောင်ရွက်လာရတာ မဟုတ်လား"

"ဟိုကိစ္စတွေနဲ့ ဒီကိစ္စနဲ့က မတူဘူးလေ။ ဒီတော့လဲ တစ်မျိုးစီ ဆောင်ရွက်ရတာပေါ့။ ငါ မပါပေမယ့်လဲ ပါတာနဲ့ မထူးပါဘူး။ ကျားဆိုး ဖမ်းဖို့ အစီအစဉ်တွေကို ငါ အားလုံး ပြောပြလိုက်မှာပါ"

ဤသို့ စကားဦး သန်းလိုက်ပြီးလျှင် လူပုကွသည် ကျားဆိုးရန် နှိမ်နင်းရာတွင် ကျင့်သုံးရမည့် နည်းပရိယာယ်များကို သင်ကြား၍ပေး လိုက်လေသည်။

ဘီမသေနသည် ချမှတ်ထားသော အမိန့်တော်အရ ကျားဆိုးကြီး သောင်းကျန်းနေသော နယ်သို့ သွားရောက်ရ၏။ ထိုနယ်သို့ ရောက်သော အခါတွင်မူ တစ်နယ်လုံးမှာ ရှိရှိသမျှ လေးသမားများကို ဆင့်ခေါ်လိုက် လေရာ၊ လေးသမားပေါင်းတစ်ထောင်ကျော်စုဝေးလာကြ၏။ ဘီမသေန သည် လေးသမားတို့၏အလယ်မှ တပ်မှူးကြီးသဖွယ်ထည်ထည်ဝါဝါကြီး အမိန့်ပေးလျက် ကျားဆိုးကြီး ကျက်စားရာ တောအုပ်ဆီသို့ ချီတက်လာ လေသည်။

လူ့အသွေးအသား စားရဖန်များနေသော ကျားဆိုးကြီးသည် ကား လူမြင်လျှင် သူ့အစာဟု သဘောပိုက်ထားလေသလား မဆိုနိုင်။ လူ အုပ်ကြီး ချဉ်းကပ်လာသည်ကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် နေရာမှ တစ်ဟုန်ထိုး ထ,၍လိုက်၏။ ဤအနေတွင် ယခင်ကလို တစ်ယောက်ချင်း၊ နှစ်ယောက်ချင်း ဖြစ်ပါက လေးသမားများသည် ကျားဆိုးကြီးနှင့် ရင်ဆိုင်ရဲကြမည် မဟုတ်ချေ။ ယခုတော့ ထုနှင့်ထည်နှင့် အင်အားနှင့်လာခဲ့ကြသည်မို့ ကျားဆိုးကြီး၏ ဟိန်းဟောက်မာန်ဒီသံကို နာခံရင်း မြားတစ်စင်း ပြီး တစ်စင်း ပစ်ခတ်လိုက်ကြရာ ကျားဆိုးကြီး စင်းစင်း သေပါလေ တော့သည်။

ဤတွင်မှ ချုံကောင်းကောင်းတွင် ပြားပြားဝပ်နေခဲ့ရသော ဘီမသေနသည် နွယ်တစ်ပင်ကို ကိုက်ဖြတ်ယူဆောင်ကာ ကျားသေကြီးရှိရာ ကပျာကယာ ပြေးလာ၍....

''ဟေ့-ဘယ်သူလဲကွ၊ ဒီကျားဆိုးကြီး အသေသတ်ပစ်လိုက်တာ။ မင်းကြီးကိုယ်တိုင်က အရှင်ဖမ်းပြီး လက်တော်ရောက် ဆက်ရမယ်ဆိုလို့ နွယ်ကောင်းကောင်းရှာနေတုန်းကလေးမှာ မင်းတို့ကမဆင်မခြင်သတ်ပစ်လိုက်ကြတယ်။ မင်းတို့ လုပ်ပုံတော်သေးရဲ့လား။ မင်းကြီးရဲ့ ရှေ့နားတော်ကြား လျှောက်ထားလိုက်ရမလား။ ကဲ-ပြောကြစမ်း''

ဟန်အပြည့် မာန်အပြည့်ဖြင့် ခြိမ်းခြောက်စကား ပြောကြားလိုက်ရာ လေးသမားအားလုံးတို့ ခေါင်းငိုက်စိုက် ကျသွားရတော့သည်။ ကျားဆိုးကြီးအပေါ် အောင်ပွဲခံနေကြသောအသံများ တိတ်ဆိတ်သွားတော့သည်။ မင်းကြီးထံ တင်လျှောက်လိုက်ပါက ရာဇဝတ်သင့်ကြရတော့မည် ထင်မှတ်ကာ လက်ဆောင်ပဏ္ဏာများစုဆောင်း၍ ဘီမသေနအားနှုတ်ပိတ်ကြေးပေးကြရပေတော့သည်။

ထို့အတူပင် ကျားဆိုးကြီးရန် တွန်းလှန် ချေဖျက် ပြီး သည့် အကြောင်း မင်းကြီးထံ လျှောက်တင်သောအခါတွင်လည်း ဆုလာဘ်များစွာ ရရှိပြန်လေသည်။

ကျားဆိုးကြီးအန္တရာယ်ကို ပရိယာယ် ကောင်းကောင်းနှင့် အနိုင်တိုက်လာခဲ့သော ဘီမသေနသည် ကျွဲဆိုးကြီး ထကြွသောင်းကျန်းလာရာတွင်လည်း ဤနည်းအတိုင်းပင် အောင်ပွဲဆင်နိုင်ပြန်ပေသည်။ ထပ်ဆင့် အောင်ပွဲများ ရလာသည်နှင့်အမျှ ဗြဟ္မဒတ်မင်းကြီး၏မြှောက်စားမှုများကလည်း တိုးတက် များပြားလာလေသည်။

× × ×

ဗြဟ္မဒတ်ပင်းကြီး၏ မြှောက်စားခြင်း ခံရဖန်များလာသောအခါ ဘီမသေနမှာ စည်းစိမ်မာန် ယစ်လာတော့၏။ လူပုက္ခ၏ အကြံဉာဏ်ဖြင့် အောင်ပွဲရခဲ့သည်ကိုပင် ကိုယ်စွမ်း ကိုယ်စသက်သက်ကြောင့်ဟု အထင် ရောက်လာကာ လူပုက္ခကို မဲ့မြင် ပြုလာတော့၏။

''ဟေ့-မောင်ပုက္ခ၊ မင်းက ငါ့ကို နေရာမြင်တိုင်း ဆရာဝင်လုပ် မနေစမ်းပါနဲ့။ မင့် အကူအညီ မပါဘဲနဲ့လဲ ငါ့ဘာသာ အမှုထမ်းနိုင်နေပြီ။ ဒီလောကကြီးထဲမှာ မင်း တစ်ယောက်တည်း လူစွမ်းကောင်းရှိတယ် လို့များ ထင်မနေစမ်းနဲ့''

စည်းစိမ် အားကိုး၊ အခွင့်အာဏာ အားကိုးဖြင့် ဤသို့ ဝင့်ဝင့်ကြွားကြွား ပြောကြားလာလေရာ လူပုက္ခမှာ အသာလေး ငြိမ်နေလိုက်ရ၏။ 'တစ်နေ့နေ့မှာ ဘကယ့်ပွဲကြီးပွဲကောင်းနှင့်တွေ့ခါမှ သူ့အဖြစ်မှန်ကို သူ့ဘာသာ ပြန်မြင်လာလိမ့်မည်'ဟု တွက်ဆထားခဲ့၏။

ဤသို့ တွက်ဆထားခဲ့သော နေ့ရက်သည် မကြာမီမှာပင် ရောက်လာ၏။ ပြည်နီးချင်း မင်းတစ်ပါးသည် စစ်တပ်အင်အားကြီးမားစွာဖြင့် ကာသိတိုင်းအတွင်း ချင်းနင်းဝင်ရောက်ကာ ဗာရာဏသီမြို့တော်ကို ဝန်းရံပြီးလျှင် ''တိုင်းပြည်ကို အသာတကြည်အပ်မည်လော။ သို့မဟုတ် စစ်ခင်း၍ တိုက်မည်လော''ဟု ရာဇသံပို့လိုက်လေတော့သည်။

ဗြဟ္မဒတ်မင်းကြီးကလည်း ရာဇသံကြောင့် တုန်လှုပ်ခြင်းမရှိပါ။ မိမိအလွန်တရာအားကိုးလာခဲ့သော သူရဲကောင်းကြီး ဘီမသေနကိုသာ ဤအရေးကိစ္စကို အာဏာကုန်လွှဲအပ်လိုက်၏။ ကိုယ့်ကိုယ်ကို သတ္တိရှိနေပြီဟု ထင်မှတ်နေခဲ့သော ဘီမသေနကလည်း မင်းကြီး၏အမိန့်သံကို ရဲရဲဝံ့ဝံ့ လက်ခံပြီးလျှင် စစ်ဝတ်တန်ဆာများ အကျအန ဝတ်ဆင်လျက် ရွှေနန်းတော်ထက်မှ ဆင်းသက်လာ၏။ စစ်သည် ဗိုလ်ပါ အပေါင်းကို ဦးဆောင်ပြီးလျှင် မင်းစီးဆင်ပြောင်ကြီးကိုစီး၍ မြို့တံခါးမှ ထွက်လာ၏။

သူရဲကောင်းကြီး ဘီမနေသ၏ နောက်ပါးတွင်ကား သူ့ဆရာ မဟုတ်တော့သော လူပုက္ခသည် ချပ်ဝတ်တန်ဆာများဖြင့် ပါလာခဲ့၏။ ''သူရဲကောင်းကြီး၏ နောက်တော်ပါ အဆောင်ကိုင်အဖြစ် လိုက်ပါရစေ''ဟုအခွင့်တောင်းကာ ဆင်တော်နောက်ပိုင်းကလိုက်ပါခဲ့ခြင်းဖြစ်၏။ အရေးကြုံလျှင် အသင့်ရှိစေရန်ဟုဆိုကာ ကြိုးတစ်ခွေကိုလည်း ယူဆောင်လာပေသည်။

မြို့တော် တံခါးမှ ထွက်၍ စစ်ဦးချင်း ဆိုင်မိသည်ဆိုလျှင်ပင် နှစ်ဘက်စလုံးမှ စစ်ထိုးရန် နှိုးဆော်သော စည်သံကြီးများ ဟိန်းထွက်လာကြ၏။ နှစ်ဘက်စစ်သည်များ၏ စစ်ကြေညာသံတို့ကလည်းတစ်ခဲနက်ထွက်လာကြ၏။ စစ်ဆင်ကြီးများ၊ စစ်မြင်းကြီးများ၏ မြည်ဟည်းသံ တို့ကလည်း သောသောညံ၍ လာကြလေသည်။

မြို့တော်မှထွက်လာစဉ်တုန်းက ဟန်နှင့်ပန်နှင့် မာန်ဝင့်လာခဲ့သော ဘိမသေနသည် စစ်ကြေညာသံများကိုကြားလိုက်ရသည်နှင့်တစ်ပြိုင်နက်၊ ကြောက်ဒူးတုန်လာတော့၏။ တိုက်ပွဲဝင်နေကျ မင်းစီးဆင်ပြောင်ကြီးကလည်း ရန်သူ့တပ်ဦးသို့ တစ်ဟုန်ထိုး ပြေးသွားနေသည်ဖြစ်ရာ ဘိမသေနအား ဆင်ပေါ်ကကျ၍မသေစေရန် လုပ္ပကွဲကအသင့်ဆောင်လာသောကြိုးဖြင့် လှမ်း၍သိုင်းထားလိုက်ရ၏။ ကြိုးတန်းလန်းနှင့် ဆင်ပေါ်မှာ ကိုးရိုးကားယားပါလာခဲ့သော ဘိမသေနသည် အလွန့်အလွန် ကြောက်ရွံ့ တုန်လှုပ်လာလေရာ ကြောက်ချေး ကြောက်သေးများပါ ချမိလေတော့သည်။

ဤတွင်မှ လုပ္ပကွသည်ဘိမသေနအား နှစ်သိမ့်စကားပြောကြား၍ ဆင်တော်ပေါ်မှ ချပေးထားခဲ့ပြီးလျှင် မိမိကိုယ်တိုင် ဦးစီး၍ တိုက်ပွဲဝင်ရတော့၏။ ကိုယ်နေဟန်ထား မခံ့ညားသော်လည်း စစ်ရေး စွမ်းရည်ပြည့်ဝလှသဖြင့် တစ်ဖက်ရန်သူတပ်များကို အောင်မြင်စွာ တွန်းလှန်တိုက်ခိုက်ပြီးလျှင် ရန်သူမင်းကိုပင် လက်ရဖမ်း၍ ဆက်သနိုင်ပေသည်။

ဤတွင်မှ လုပ္ပကွသည် စူဠဓနုဂ္ဂဟပဏ္ဍိတ ဟူသောဘွဲ့မည်ဖြင့် ထင်ရှားလာကာ ဘိမသေန၏နေရာကို ခံယူဆောင်ရွက်ရလေသည်။

(ဧကနိပါတ်၊ ဘိမသေန ဇာတ်)

ဘိမသေနဇာတ်၊ ဧကနိပါတ် ဇာတ်ပေါင်းသော်

ဘိမသေန = ကြွားဝါသောရဟန်း။

စူဠဓနုဂ္ဂဟပညာရှိ = မြတ်စွာဘုရား။

## မန္တန်အစွမ်းဖြင့် ရမ်းကားသူ

ပထဝီဇယမည်သော မန္တန်သည် အလွန်တရာ အစွမ်းထက်လှ၏။ ထိုမန္တန်ကို အစအဆုံးနှုတ်တက်ရ၍ဌာန်ကရိုဏ်းကျကျ ရွတ်ဖတ်သရဇ္ဈာယ် နိုင်သောသူသည် မြေပြင်ပေါ်မှာ ရှိလာသမျှသော ရန်အပေါင်းကိုတွန်း လှန်ခြေမှုန်းနိုင်၏။ ရှိရှိသမျှ သတ္တဝါအပေါင်းသည် ထိုမန္တန်ရှင်ထံ လာ ရောက်ခြံရံကြရပြီးလျှင် မန္တန်ရှင်စေခိုင်းသည့်အတိုင်း မဆိုင်း မတွ လိုက် နာဆောင်ရွက်ကြရပေသည်။

ကမ္ဘာမြေပြင်ပေါ်၌ ဤမန္တန်ကို အစမှအဆုံးထိ နှုတ်ငုံရရှိထား သူမှာ ဗာရာဏသီမြို့တော်မှဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားတစ်ယောက် တည်းသာရှိ၏။ ပုရောဟိတ်ပုဏ္ဏားသည် မန္တန်၏အစွမ်းသတ္တိကို ကောင်း ကောင်းကြီး သိမြင်ထားသည်ဖြစ်၍ လူသူလေးပါး ကြားလောက်သော နေရာ၌ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းမပြုပေ။ အကယ်၍ တစ်စုံတစ်ယောက်က ကြားနာမှတ်သား၍ ရွတ်ဖတ် သရဇ္ဈာယ်နိုင်လာလျှင် ထိုသူသည်လည်း အစွမ်းသတ္တိထူးရှိလာပေတော့မည်။ အစွမ်းသတ္တိထူးရှိလာသူသည် စိတ် ကောင်း စေတနာကောင်း ထားတတ်သူဆိုက တော်ပါသေး၏။ စိတ်စေ တနာဆိုးရွားသောသူ၏ လက်ထဲသာ ရောက်သွားပါက အစွမ်းထက်လှ

သော မန္တန်ကို အလွဲသုံးစား ပြုလုပ်ကာ ကမ္ဘာကြီးတစ်ခုလုံးကို ဒုက္ခပေးတော့မည်ဖြစ်ပေသည်။

သို့ဖြစ်၍ ပုရောဟိတ်ပုဏ္ဏားသည် ရရှိထားသောမန္တန်ကိုမေ့လျော့ပျောက်ပျက်၍ မသွားစေရန် ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် အင်မတန်နေရာရွေးရ၏။ လူသူလေးပါး အသွားအလာမရှိသော တောနက်ထဲသို့ သွားရောက်ကာ ကြီးမားလှစွာသောကျောက်ဖျာကြီးပေါ်တက်ထိုင်ပြီးမှသာ ပထဝီဇယမန္တန်ကို ဌာန်ကရိုဏ်းကျကျဖြင့် ရွတ်ဖတ်သရဇ္ဈာယ်လေသည်။

အစမှအဆုံးထိ တိတိကျကျပြည့်ပြည့်ဝဝ ရွတ်ဖတ်သရဇ္ဈာယ်နိုင်သဖြင့် ပုရောဟိတ်ပုဏ္ဏားသည် အားရဝမ်းသာစွာ ကျောက်ဖျာထက်မှ ပြန်ဆင်းလာ၏။ ''အင်း–တော်သေးတယ်၊ ဒီမန္တန်ကို ငါနှုတ်တက်ရနေသေးလို့ တော်သေးတယ်'' ဟုလည်း သူ့နှုတ်မှ ရေရွတ်လာ၏။ ဤသို့ ရေရွတ်၍ဆုံးသွားလျှင်ပင်....

''အို- ပုဏ္ဏား၊ ဒီမန္တန်ကို သင် နှုတ်တက်ရနေတာကတော့ ဟုတ်ပါရဲ့။ ဒါပေမယ့် သင့်ထက်ငါက ပိုပြီးတော့ ပြတ်ပြတ်သားသား ရွတ်တတ် ဖတ်တတ်နေပြီလေ''

လုံးဝ မျှော်လင့် မထားခဲ့သော စကားပြောသံ ထွက်ပေါ်လာပေသည်။

ပုရောဟိတ် ပုဏ္ဏားသည် လျှို့ဝှက်စွာ ရွတ်ဖတ်သရဇ္ဈာယ်ပါမှ ကြားနာမှတ်သားထားသူ ပေါ်လာသဖြင့် ထိတ်လန့်တကြား ဖြစ်သွားရ၏။ ထိုမှတစ်ဆင့် ကြားနာ မှတ်သားထားသူကို လှမ်းမြင်လိုက်ရသော အခါတွင်ကား ပါးစပ်အဟောင်းသား ဖြစ်နေရပါတော့သည်။

အလွန်တရာ အစွမ်းထက်လှသော ပထဝီဇယ မန္တန်ကို ကြားနာမှတ်သား၍ ထားရှိသူကား မြေခွေးတစ်ကောင်ပါတကား။

အဟိတ်တိရစ္ဆာန်မျိုးတွင် အပါအဝင် ဖြစ်သော်ငြားလည်း ထိုမြေခွေးသည် ရှေးဘဝတစ်ခုတုန်းက ဗြဟ္မဏနွယ်ဖွား ပုဏ္ဏားတစ်ယောက်ဖြစ်ကာ ပထဝီဇယ မန္တန်ကို လေ့လာမှတ်သား၍ နှုတ်တက်အာဂုံ ဆောင်ထားဖူး၏။ ထို့ကြောင့်ပင် တစ်ကြိမ်တစ်ခါ ကြားလိုက်ရုံမျှဖြင့် အစအဆုံး ရွတ်ဖတ်သရဇ္ဈာယ်နိုင်ခြင်း ဖြစ်ပေသည်။

ကုန်းသတ္တဝါအပေါင်းတွင် အယုတ်ညံ့ဆုံးဖြစ်သော မြေခွေးက အစွမ်းထက်လှသောမန္တန်ကိုနှုတ်တက်ရသွားသဖြင့်ပုရောဟိတ်ပုဏ္ဏားသည်

မြေခွေးကို ဖမ်းယူ သတ်ဖြတ်ရန် လျင်မြန်စွာ လိုက်၍ဖမ်း၏။ မြေခွေးကလည်း ဤအရေးကို ကြိုတင် တွေးတောထားပြီး ဖြစ်၍ ပုရောဟိတ်ပုဏ္ဏား ခြေလှမ်းပြင်လိုက်သည်နှင့် တစ်ပြိုင်နက် တောနက်ထဲသို့ ပြေးဝင်လာခဲ့လေသည်။

ထို့နောက် မြေခွေးသည် ရရှိထားသော မန္တန်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီးလျှင် "တောထဲမှာရှိသမျှ ငါ့အမျိုးအနွယ်တွေအကုန်လာရောက်စေ" ဟု ဆင့်ခေါ်လိုက်ရာ ရာပေါင်းများစွာသော မြေခွေးများ ရောက်လာကြ၏။ မန္တန်ရှင် မြေခွေးကို အရိုအသေပြုကာ ပေးလာမည့် တာဝန်ကို ထမ်းဆောင်ရန် အသင့်ကြိုလင့်၍ နေကြပေသည်။

မန္တန်ရှင်မြေခွေးသည် ထိုမြေခွေးများကိုမှ တစ်ဖန် တောအတွင်းရှိ ကုန်းသတ္တဝါအပေါင်းတို့ထံ အမိန့်ပြန်၍ စေလွှတ်လိုက်၏။ မန္တန်၏ အစွမ်းသတ္တိကြောင့် တောသုံးတန်၏ ဘုရင်ဖြစ်သော ကေသရာဇာ ခြင်္သေ့ကြီးများ၊ အစွယ်ကားကားနှင့် ဆင်ပြောင်ကြီးများ၊ ရက်စက် ကြမ်းကြုတ်လှသော ကျားရဲကြီးများမှစ၍ ရှိရှိသမျှ ကုန်းသတ္တဝါတို့သည် မန္တန်ရှင်မြေခွေးရှေ့မှောက်သို့ လာရောက် ခစားကြရပေတော့သည်။

သတ္တဝါအပေါင်းစုံ စုပြုံတက်ရောက်လာကြသော အစည်းအဝေးကြီးတွင် မန္တန်ရှင်မြေခွေးသည် သဗ္ဗဒါဌိကဟူသော ဘွဲ့နာမံဖြင့် ဘုရင်အဖြစ်ကို ခံယူ၏။ သဗ္ဗဒါဌိကဟူသည်မှာ အစွယ်ရှိသော သတ္တဝါ အားလုံး၏ အရှင်သခင်ဟု အနက်အဓိပ္ပါယ်ရှိပေရာ. တက်ရောက်လာသော သတ္တဝါအပေါင်းက သောင်းသောင်းဖျဖျ ဩဘာပေးကြလေသည်။

ထို အစည်းအဝေးကြီးမှာပင် သဗ္ဗဒါဌိက မြေခွေး မင်း သည် မြေခွေးမတစ်ကောင်ကို မိဖုရားကြီးအရာ တင်မြှောက်လေသည်။

သဗ္ဗဒါဌိက မြေခွေးမင်းနှင့် မြေခွေးမိဖုရားကြီးတို့ တိုင်းခန်းလှည့်လည်သောအခါ အလွန်တရာ ခမ်းနားသိုက်မြိုက်လှပေ၏။ အရွယ်တူ၊ အဆင်အသွေးတူ ဆင်ပြောင်ကြီးနှစ်စီးတို့က ဘေးချင်းယှဉ်၍ ရပ်ပေးထားကြရ၏။ ထိုအထက်မှာ ကေသရာဇာ ခြင်္သေ့ကြီး တစ်စီးက ကန့်လန့်ဖြတ်အနေအထားဖြင့် ရပ်ပေးထားရ၏။ ဆင်ပြောင်ကြီး တစ်စီးပေါ် လက်ထောက်ကာ ကျန်တစ်စီးပေါ်တွင် ခြေတင်ထားရ၏။ ထိုကေသရာဇာ ခြင်္သေ့ကြီး၏ကျောပေါ်တွင်မှ သဗ္ဗဒါဌိက မြေခွေးမင်းနှင့် မြေခွေးမိဖုရားကြီးတို့က ရာဇပလ္လင်္ကအပြည့်ဖြင့် စီးနင်း လိုက်ပါ၍လာကြ၏။ သူ၏အခြွေအရံ တောသတ္တဝါ မျိုးစုံတို့မှာ ရှေ့နောက်ဝဲယာမှ ခြံရံ၍ လိုက်ပါကြရပေသည်။

မိမိ၏ အခြွေအရံ ပရိသတ်ကြီးကို အပေါ်စီးမှကြည့်ရှု၍ လိုက်ပါလာခဲ့သော သဗ္ဗဒါဌိက မြေခွေးမင်းသည် ထိုပရိသတ်ထဲမှာလူသားများ မပါလာသေးသဖြင့် အားမလိုအားမရ ဖြစ်မိ၏။ မိမိ၏စွမ်းအားသတ္တိကို အသုံးပြုလိုက်ပါလျှင် လိုချင်သလောက် လူတွေ ရောက်လာစေနိုင်ပါ၏။ သို့ရာတွင် သာမန် အရပ်သားတွေ လာရောက်ရုံမျှဖြင့် အကျိုးမထူးလှချေ။ လူတို့၏ ဘုရင်ကို ယှဉ်ပြိုင်စစ်ခင်းကာ တိုင်းရေပြည်ပါ သိမ်းပိုက်နိုင်မှ လိုအပ်သမျှ ပြည့်ဝလာမည် ဖြစ်ပေသည်။

သို့ဖြစ်၍ သဗ္ဗဒါဌိက မြေခွေးမင်းသည် မိမိ၏ သတ္တဝါမျိုးစုံ တပ်တော်ကြီးကို ဗာရာဏသီမြို့တော်သို့ ရွေ့ရှုချီတက်စေ၏။ တပ်လမ်းကျရာ တစ်လျှောက်ရှိ လယ်ယာဥယျာဉ်တို့မှာ ထောင်းထောင်းညက် ကြေ၍သွားကြရ၏။ လူ သူ တိရစ္ဆာန် ရှိရှိသမျှပါ လွတ်ရာကျွတ်ရာ ထွက်ပြေး သွားကြရ၏။ မပြေးနိုင်၍ နောက်ကျန်နေသူများမှာ သဗ္ဗဒါဌိက မြေခွေးမင်း၏ စစ်ရိက္ခာဖြစ်သွားကြရပေတော့သည်။

ဤသို့ဖြင့် အဝန်းကျယ်လှစွာသော ကာသိတိုင်းကြီးတွင် ခုခံသူမရှိ၊ တားမြစ်သူမရှိဘဲ ချီတက်၍လာခဲ့ရာ ဗာရာဏသီမြို့တော်အထိဆိုက်ရောက်လာ၏။ မြို့တော်သူ မြို့တော်သားတို့သည်မြို့တံခါးများကိုလုံခြုံအောင်ပိတ်ထားကြပြီးလျှင် ပြအိုးများ၊ ပစ္စင်များမှ တက်၍ကြည့်ကြ၏။ မြို့တော်၏ ပတ်ပတ်လည်တွင် မျက်စိတစ်ဆုံး မြင်နေရသော သတ္တဝါမျိုးစုံကိုတွေ့ရသဖြင့် ကြောက်ဒူးတုန်၍ သွားကြရပေတော့သည်။

ဗာရာဏသီမြို့တော်ကြီးကို ထွက်ပေါက် မရှိအောင် ဝိုင်းပတ်ထားပြီးသောအခါ သဗ္ဗဒါဌိကမြေခွေးမင်းက ''အသင် ဗြဟ္မဒတ်မင်း၊ စစ်တပ်ချင်း ယှဉ်ပြိုင်တိုက်မည်လော။ တိုင်းပြည်ကို အပ်မည်လော''ဟု ရာဇသံပေးလိုက်လေသည်။

ဗြဟ္မဒတ်မင်း၏ ပုရောဟိတ်ပုဏ္ဏားသည် ဤအရေးကို စောစောကပင် တွေးမြင်ထားပြီးဖြစ်၍ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိပေ။ ''ဒီမြေခွေးမင်းရဲ့ ရန်ကို ဘုရား ကျွန်တော်မျိုးကိုယ်တိုင် ဦးဆောင်တိုက်ခိုက်ပြီး ချေမှုန်းပစ်ပါ့မယ် ဘုရား''ဟု မင်းကြီးအား လျှောက်တင်၏။ မြို့သူ မြို့သားအပေါင်းကိုလည်း ဤအတိုင်း အားပေး နှစ်သိမ့်၍ ထားလေသည်။

ထို့နောက် ပုရောဟိတ်ပုဏ္ဏားသည် ပြအိုးပေါ်တက်၍ တစ်ဖက်ရန်သူ၏ အခြေအနေကို အကဲခတ်လိုက်ရာ ကေသရာဇာခြင်္သေ့ကြီးများကို ရှေ့တန်းတင်ထားသည်ကို တွေ့လိုက်ရ၏။ အကယ်၍ ဤခြင်္သေ့ကြီးများ

ကသာ အစွမ်းကုန် ဟောက်လိုက်ပါလျှင် ဗာရာဏသီမြို့တော်၏အတွင်းက လူများနှင့် တိရစ္ဆာန်များနှလုံးကွဲ၍ သေပွဲဝင်ကြရမည်ဖြစ်၏။ ထို့ကြောင့် ပြအိုးပေါ်မှ ကပျာကယာဆင်းကာမြို့တော်ကြီးတစ်ခုလုံးကို စည်လည်၍ ကြေညာစေ၏။ လူများနှင့်တကွ ရှိရှိသမျှတိရစ္ဆာန်များကိုပါ နားပေါက်များတွင် မုန့်ညက်များဖြင့် ပိတ်ဆို့ထားကြရန် ဆင့်ဆိုစေ၏။

ဆင့်ဆို ထားသည့်အတိုင်း ပြုလုပ်ပြီးသောအခါ ပုရောဟိတ်ပုဏ္ဏားသည် ပြအိုးပေါ် တက်လာပြီးလျှင်....

''အသင် မြေခွေးမင်း၊ ငါတို့မြို့ကို သင် ဘယ်လိုလုပ်ပြီး သိမ်းပိုက်နိုင်မလဲ''

သဗ္ဗဒါဌ်ကမြေခွေးမင်းရှိရာသို့ လှမ်း၍အော်ပြောလိုက်ရာ သဗ္ဗဒါဌ်က မြေခွေးမင်းကလည်း၊မခန့်လေးစား သဘောထားဖြင့်....

''ဟယ်-ပုဏ္ဏား၊ ငါ့ရှေ့က တန်းစီနေတဲ့ ကေသရာဇာ ခြင်္သေ့ကြီးတွေကို သင် မမြင်ဘူးလား။ ကေသရာဇာခြင်္သေ့ကြီးတွေ ဟောက်လိုက်ရင် သင်တို့ တစ်မြို့လုံး နှလုံးကွဲပြီး သေပွဲ ဝင်ကြရတော့မယ်ဆိုတာ မသိကြဘူးလား''

''ဒါကတော့ မဖြစ်နိုင်တာဘဲ၊ မြေခွေးမင်းရယ်။ ကေသရာဇာခြင်္သေ့ကြီးတွေဆိုတာက အင်မတန် အမျိုးမြတ်တယ်။ သူတို့ရဲ့ကိုယ်နေဟန်ထားက ခံ့ညားထည်ဝါကြတယ်။ နီရောင်ပြေးနေတဲ့ ခြေလက်များကြောင့် လှပတင့်တယ်လို့ နေကြတယ်။ ဒါလောက်တောင် ကျက်သရေရှိနေတဲ့ ကေသရာဇာခြင်္သေ့ကြီးများက သင်လို မြေခွေးအိုတစ်ကောင်ရဲ့ အမိန့်အာဏာကို လိုက်နာနိုင်ပါ့မလား''

''အောင်မာ၊ ပုဏ္ဏားက လူဝါးဝလို့။ ငါ့အကြောင်း မသိသေးလို့နဲ့ တူရဲ့။ ဟော့-သေသေချာချာ ကြည့်ထားကွ။ ရှေ့က တန်းစီထားတဲ့ ကေသရာဇာခြင်္သေ့ကြီးတွေကို အသုံးမချသေးဘူး။ ပထမဆုံး သတိပေးတဲ့ သဘောနဲ့ ငါ့စီးတော် ခြင်္သေ့ကြီးတစ်ကောင်တည်းနဲ့ ဟောက်ပြလိုက်ရမလား''

''ကြွားမနေစမ်းပါနဲ့ မြေခွေးအိုကြီးရယ်။ လူတွေကြားရင် ရယ်ကုန်ကြပါလိမ့်မယ်''

''ကဲ-ဒါလောက်တောင်ရှိလှ၊ တစ်ပြုံလုံး၊ တစ်ပြုံလုံး နှလုံးကွဲပြီး သေပွဲဝင်ကြပေတော့ကွာ''

ဒေါသတကြီး ကြိမ်းဝါးရင်းက သဗ္ဗဒါဠိက မြေခွေးမင်းသည် စီးတော်ခြင်္သေ့ကြီးအား ခြေထောက်ဖြင့် ရိုက်ခတ်၍ အမိန့်ပေးလိုက်ရာ ကေသရာဇာခြင်္သေ့ကြီးသည်စွမ်းအားအပြည့်ဖြင့် ဗာရာဏသီမြို့တော်ကြီး သိမ့်သိမ့်တုန်သွားအောင် ဟောက်လိုက်လေတော့သည်။

မြို့တော်သူ မြို့တော်သားများနှင့်တကွ ရှိရှိသမျှ တိရစ္ဆာန်များမှာ နားပေါက်များ ပိတ်ဆို့ထားကြသဖြင့် ထိုဟောက်သံကို ခံနိုင်ရည် ရှိနေကြ၏။ သူတို့ကဲ့သို့ ကြိုတင်ကာကွယ်မှု ပြုမထားခဲ့ကြသော တောတွင်း တိရစ္ဆာန်များမှာကား ကေသရာဇာခြင်္သေ့ကြီး၏ ဟောက်သံကြားရသည်နှင့် တစ်ပြိုင်နက် ရှန်းရင်းဆန်ခတ် ဖြစ်ကုန်ကြရ၏။ စီးတော် ခြင်္သေ့ကြီး အောက်က ဆင် ပြောင်ကြီးများသည်ပင်ဟောက်သံကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် ထောက်တည်ရာမရအတင်းတိုးဝှေ့၍ပြေးကြရာသူတို့အပေါ်မှာ ရှိလေသမျှ ဦးစောက် ပြောင်းပြန် လိမ့်ကျလာကြရလေတော့သည်။

ကေသရာဇာခြင်္သေ့ကြီး၏ဟောက်သံကြောင့်ကြောက်လန့်တကြား ပြေးသွားကြ၊ တိုက်ခိုက်ကြ၊ တက်နင်းကြသဖြင့် ဝိုင်းလာသမျှ တိရစ္ဆာန်များ အတုံးအရုံး သေဆုံးကုန်ကြရ၏။ ကေသရာဇာခြင်္သေ့ကြီးများသာ လျှင် ဘေးရန် ကင်းကင်းနှင့် တောတွင်းသို့ဝင်သွားနိုင်ကြ၏။ သဗ္ဗဒါဠိက မြေခွေးမင်းနှင့် မြေခွေး မိဖုရားကြီးတို့မှာလည်း သူတို့၏ ကျေးတော်မျိုး ကျွန်တော်မျိုးကြီးများကတက်နင်း၍သွားကြသဖြင့်ခေါင်းပြား၍သေကြ လေတော့သည်။

ဤအရေးအခင်းများ ပြီးစီးသွားသောအခါ ပုရောဟိတ်ပုဏ္ဏား သည် နားပေါက်မှာဆို့ပိတ်ထားသော မုန့်ညက်များကိုပြန်ထုတ်စေ၏။ မြို့တံခါးများကိုလည်း ဖွင့်စေ၏။ ဤတွင် မြို့သူမြို့သားတို့သည် မြို့တော် ပတ်ပတ်လည်မှာ အတုံးအရုံး သေဆုံးနေရစ်ကြသော တိရစ္ဆာန်များကို ခုတ်ထစ်ဖြတ်တောက်၍ ယူကြ၏။ ရလာသမျှ အမဲတုံးများကို တစ်ရက် တည်းနှင့် စား၍ မကုန်နိုင်ကြသဖြင့် အမဲညှင်းပြုကာ နေပူမှာ လှမ်း၍ ထားကြလေရာ ဗာရာဏသီမြို့တော်ကြီးတစ်ခုလုံး အနီရောင် ဖုံးလွှမ်းသွား လေတော့သည်။

(ဒုကနိပါတ်၊ သဗ္ဗဒါဠိ ဇာတ်)

**သဗ္ဗဒါဠိဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| သဗ္ဗဒါဠိ မြေခွေး | = | ဒေဝဒတ်။ |
| ဗြဟ္မဒတ်မင်း | = | အရှင်မဟာသာရိပုတ္တရာ။ |
| ပုရောဟိတ် | = | မြတ်စွာဘုရား။ |

# ၂၀။ အတုအပသတိပြုပါ

(ဇာတ်တော် မိတ်ဆက်)

ကုန်ပစ္စည်းတစ်ခုခု အရောင်းသွက်၍ ဈေးကွက်ရလာပြီဆိုလျှင်ပင် ဤသို့သော သတိပေးစာတန်းကလေးများ ထုတ်ပြန်ကြရပါတော့သည်။

အစစ်နှင့်အတုပစ္စည်းနှစ်ခုကို ယှဉ်ထားလိုက်ပါလျှင် တော်ရုံတန်ရုံလူများခွဲခြားရန် ခက်လှပါသည်။ အတုဆိုသည့်အတိုင်း ဘက်ပေါင်းစုံက မရရအောင်၊ မတူ တူအောင် အစွမ်းကုန် တုပထားကြသဖြင့် အတုကိုရှောင်လိုပါမူ အတုနှင့်ညားကြရပါတော့သည်။ ဘယ်နေရာမျိုးမှာမဆို အစစ်ရှိလျှင် အတုကတော့ ရှိလာရသည်သာ ဖြစ်ပါသည်။

လူမှုဆက်ဆံရေး နယ်ပယ်၌ ရှိတတ်သော အတုများမှာ အကျင့်စာရိတ္တအတုနှင့် အရည်အချင်းအတုများ ဖြစ်ပါသည်။ တကယ်တော့ဖြင့် ထိုကဲ့သို့ အတုအပပြုကြသူများမှာ ဉာဏ်ပညာ ထုံထိုင်းသူများမဟုတ်ကြ

ပါ။ ဥာဏ်ပညာအခြေခံ အတန် အသင့် ရှိသူဟုသာ ဖြစ်ကြ ပါသည်။ သို့ရာတွင် ထိုသူတို့သည် မိမိမှာ ရှိထားပြီးဖြစ်သော ဥာဏ်ပညာအခြေခံကို သည့်ထက်သည်တိုးအောင် မကြိုးစားချင်ကြပါ။ အရည်အချင်းပြည့်ဝသူ၊ အကျင့်စာရိတ္တ ကောင်းမွန် သူတို့၏ အကျိုးတရား ခံစားရပုံများကို အားကျသော်လည်း သူတို့လို ကြိုးစားရန်ကား စိတ်မဝင်စား ကြပါ။ သူတို့ခံစားရသလို ခံစားနိုင်ရေးအတွက် ဖြတ်လမ်းနည်းကိုသာ အသုံးပြုကြပါတော့သည်။ ထိုဖြတ်လမ်း နည်းကတော့ အတုအပ ပြုလုပ်ခြင်းပင် ဖြစ်ပါသည်။

အတုအပ ပြုကြသူများမှာ ဥာဏ်ပညာ အခြေခံ အတန်အသင့် ရှိထားကြသဖြင့် သူတို့၏လုပ်ပုံ ကိုင်ပုံ၊ သူတို့၏နေပုံထိုင်ပုံသည် အင်မတန် ပိရိသေသပ်လှပါသည်။ သို့ပါလျက် သူတို့၏ လိမ်ညာမှုကြီးများ ဘွားခနဲ ပေါ်ပေါက်လာကြရခြင်းမှာ သူတို့၏ ဟာကွက် ပျော့ကွက်ကြောင့်သာ ဖြစ်ပါသည်။

ဥာဏ်နီ ဥာဏ်နက်များလှသော အတုအပများ၏ ဟာကွက်၊ပျော့ကွက်ကတော့ တခြားမဟုတ်ပါ၊ အစစ်သမားများထက် ပို၍ဟိတ်ဟန်ကောင်းခြင်း၊ တစ်နည်းအားဖြင့် ဟန်လုပ် လွန်သွား တတ်ကြခြင်းသာ ဖြစ်ပါသည်။ ဤသဘောကို 'သူတော်စင်နှင့် မြက်တစ်မျှင်' ဝတ္ထုမှာ လေ့လာသုံးသပ်နိုင်ကြပါသည်။

သူတော်စင် ဟူသော စကားကို ချီးမွမ်းသည့် အနေနှင့်လည်း အသုံးပြု ကြပါသည်။ ကဲ့ရဲ့သည့် အနေနှင့်လည်း အသုံးပြု ကြပါသည်။ ဤဝတ္ထုမှာလည်း သူတော်ကောင်းတရားနှင့် ကင်းစင်သူဟူသော အနက် အဓိပ္ပာယ်ဖြင့် ကဲ့ရဲ့ဖွယ်ဖြစ်အောင် အသုံးပြုထားပါသည်။ သူတော်စင် ရသေ့ကြီး၏ သူတော်ကောင်းတို့ အသွင်အပြင် ပီသစေချင်လွန်းလှ၍ မြက်ကလေးတစ်မျှင်ကို ပြန်၍ပေးလာခြင်းမှာ သူ၏ ဟာကွက်ဖြစ်သွားရပါတော့သည်။

'စပါးခင်းထဲက ခြသေ့ကြီး' ဝတ္ထုတွင်မူ အတု သမား တို့မှာ အရေးကြုံလာလျှင် သက်လုံမကောင်းတတ်ပုံ ဖော်ပြထားပါသည်။ သူတို့သည် အစစ်နှင့်မခြား တစ်သားတည်း ထင်လောက်အောင် သူတစ်ပါးကို လှည့်စားထားနိုင်ကြသော်လည်း မိမိစိတ်ကိုတော့ လှည့်စား၍ မရနိုင်ကြပါ။ ထို့ကြောင့် တကယ့်အကျပ်အတည်းနှင့် ကြုံလာရသောအခါ အဖြစ်မှန်ကို ကောင်းသိလျက် ရှိနေသော ထိုစိတ်က ဇာတိပြလာပါတော့သည်။

တစ်ခါတစ်ရံတွင်မူ အကျပ်အတည်းက မကြုံလာသေးသဖြင့် အတုသမားတို့၏ အတွင်းစိတ်က ဇာတိပြမလာပါ။ သို့ရာတွင် သူ၏ လုပ်ရပ်များကိုက တစ်ဖက်သားတို့၏ သံသယစိတ်ကို နှိုးဆွသလို ဖြစ်သွားတတ်ပါသည်။ သံသယစိတ်ကို အခြေခံ၍တစ်ဖက်သားကစုံစမ်း ထောက်လှမ်းလိုက်သောအခါ 'ဓမ္မိက ကျီးကန်းကြီး' ဝတ္ထုမှာကဲ့သို့ ခိုးထုပ်ခိုးထည်နှင့် တကွ အမိခံကြရပါတော့သည်။

တစ်ချို့သောအတုသမားတို့မှာကား မိမိဘက်ကလည်း ဟန်မပျက်အောင်ထိန်းထားနိုင်တုန်းဖြစ်၏။ အခြားတစ်ဖက်ကလည်းအရေးယူခြင်းလုံးဝမရှိပေ။ သို့ပါသော်လည်း ထိုသူမှာ ထာဝစဉ် ကောင်းစားမနေနိုင်ပါ။ အခြားသူများက မိမိကို ဒဏ်မခတ်ကြသော်လည်း မိမိပြုသောမကောင်းမှုကပင် မိမိကို ဒဏ်ခတ်ပါတော့သည်။ ဤသည်မှာ 'ကက္ကာရနတ်ပန်းကုံး' ဝတ္ထု၏ ဦးတည်ချက်ဖြစ်ပါသည်။

အတုသမားတို့၏ တစ်ခုတည်းသော ရည်ရွယ်ချက်မှာ မိမိတို့ ပုံမှန်အခြေအနေဖြင့် ရနိုင်စရာ လုံးဝမရှိသော၊ လက်လှမ်းမမီနိုင်သော အခွင့်အရေးကို ရယူနိုင်ဖို့သာ ဖြစ်ပါသည်။ ထို့ကြောင့် ထိုအခွင့်အရေးကို ရလိုက်လျှင်ပင် သူတို့လိုဘ ပြည့်ဝသွားကာ ငါတကော ကောလာကြတော့သည်။ ဤသို့သော အယောင်ဆောင်သမား ဝင့်ကြွားကြွားတို့မှာ အတွင်းသိ အစင်းသိသူ တစ်ဦးဦးနှင့် ထိပ်တိုက်တွေ့ရသောအခါ တစ်ခါတည်း ဦးကျိုး၍သွားရပေတော့သည်။ ထို့ကြောင့် ထိုကဲ့သို့ ဖြစ်ရပ်ကလေးများကို 'နှုတ်ပိတ်သီချင်း' ဝတ္ထုဖြင့် စံပြုလိုက်ရပါသည်။

မိမိကိုလည်း အတုသမားတို့က မလှည့်စားနိုင်ကြစေရန်၊ မိမိ ကိုယ်တိုင်ကလည်း သူတစ်ပါးအား မလှည့်စားမိစေရန် ရည်သန်သောအားဖြင့် စံပြ ဝတ္ထု (၅) ပုဒ်ကို ဆက်စပ်ဖော်ပြလိုက်ပါသည်။

## သူတော်စင်နှင့် မြက်တစ်မျှင်

သူတော်စင် ရသေ့ကြီး ဤတောရွာကလေး၌ သီတင်းသုံးလာခဲ့သည်မှာ တော်တော်ကလေး ကြာသွားပေပြီ။ အနေကြာလာခဲ့သည်နှင့် အမျှ ကျောင်းဒါယကာ သူကြွယ်၏ သဒ္ဓါတရားကလည်း ပိုမိုထက်သန်၍ လာပေပြီ။

ဤရသေ့ကြီးကို စတင်ဖူးမြော်ရစဉ်ကပင် သူကြွယ်သည် ကြည်ညိုစိတ်များ ဖြစ်ပွားလာခဲ့သဖြင့် မိမိတို့ရွာကလေးသို့ ပင့်ဆောင်၍ တောရကျောင်းကလေး ဆောက်လုပ်ကိုးကွယ်ထား၏။ ရသေ့ကြီးအတွက် လိုအပ်သမျှသော ပစ္စည်း လေးပါး တို့ကိုလည်း ထောက်ပံ့ လှူဒါန်းလျက်ရှိပေသည်။

ဤသို့ ဆရာဒါယကာ ပြေလည်စွာ ဆက်ဆံလာခဲ့သည့် ကြားကပင် ဤနေ့မှာတော့ ဆရာရသေ့ကြီးသည် ဆွမ်းခံချိန် မဟုတ်ပါဘဲလျက် အိမ်သို့ ကြွလာလေသည်။

"ဒါယကာ၊ ငါတို့များ တခြားကို သွားတော့မယ်။ ဒါကြောင့် ဒါယကာ့ထံ ပန်ကြားပါတယ်"

စပယ်ဦး၊ စ၇၆ပ

အိမ်သို့ ရောက်လျှင် ရောက်ချင်း ဤသို့ မိန့်ကြား လိုက်လေရာ ဒါယကာ သူကြွယ်မှာ ထိတ်လန့်တကြား ဖြစ်သွား၍....

''အရှင်ဘုရား၊ ဘယ်လိုအကြောင်းကြောင့်ပါလဲ''

တခြားအကြောင်းတော့ မရှိပါဘူး၊ ဒါယကာ ဒါယိကာမတို့ ကျောင်းမှာ ငါနေလာခဲ့တာ တော်တော်ကြာသွားပြီလေ။ တော်တော် ကြာလာတော့လဲ သင်နဲ့ငါတို့ ရင်းနှီးကျွမ်းဝင်လို့ လာကြပြီပေါ့။ ရသေ့ ရဟန်းနဲ့ လူများနဲ့ အကျွမ်းတဝင် ခင်မင်ရင်းနှီးလာတာဟာ တကယ် တော့ဖြင့် တရားကျင့်သုံးမှုရဲ့ အညစ်အကြေးပဲ မဟုတ်ပါလား''

''အရှင်ဘုရား၊ ဒီအကြောင်းလောက်နဲ့တော့ တခြားကြွတော် မမူ ပါနဲ့၊ အရှင်ဘုရားတို့အတွက် အညစ်အကြေး မဖြစ်ရလေအောင် တပည့် တော်တို့ ဆင်ဆင်ခြင်ခြင် နေထိုင်ပါ့မယ်''

''ဒါယကာ၊ သံယောဇဉ်ဆိုတာ မတွယ်ခင်ကဖြတ်တာ ကောင်း တယ်။ ဒါကြောင့် ငါတို့ကတော့ သံယောဇဉ်ရှိသမျှကို တစ်ခါထဲ ဖြတ် ထားခဲ့ပြီးပြီ။ ဘာကိုမှ တွယ်တာမနေချင်တော့ဘူး''

ဤသို့ ယတိပြတ်စကား ပြောကြားလိုက်သဖြင့် ကျောင်းဒါယကာ သူကြွယ်မှာ ဆက်လက်၍ မတားသာတော့သဖြင့် ကြွလိုရာ ချမ်းသာစွာ ကြွတော်မူပါတော့ဘုရား'' ဟု လျှောက်ထားလိုက်ရလေတော့သည်။

မိမိပြည်ညိုလေးစားစွာ ကိုးကွယ်ထားသော သူတော်စင်ကြီးက မိမိတို့ရွာကလေးကို ကျောခိုင်း၍ သွားပြီဖြစ်၍ သူကြွယ်မှာ အလွန်တရာ ဝမ်းနည်းမိ၏။ အကယ်၍ ဗာရာဏသီမြို့တော်သားမိတ်ဆွေတစ်ယောက် သာ မိမိထံ ရောက်မနေပါက ချုံးပွဲချ၍ ငိုမိမည်ဖြစ်၏။ ယခုတော့ လော လောဆယ်ကလေးမှ မိမိအိမ်ရောက်လာခဲ့သော မိတ်ဆွေဖြစ်သူ အနေ မခက်စေရန် ဟန်လုပ်၍ ထားလိုက်ရပေသည်။

မိတ်ဆွေဖြစ်သူမှာဗာရာဏသီမြို့တော်သား ဖြစ်ရုံမျှမကလူသူလေး ပါးတို့နှင့် အကျွမ်းတဝင် ဆက်ဆံလာခဲ့ရသဖြင့် လူအမျိုးမျိုးတို့၏ အပြု အမူကို အကဲခတ်ကာအတွင်းစိတ်ဓာတ်ကို သုံးသပ်ဆင်ခြင်နိုင်၏။ သို့ဖြစ်၍ မိမိနှင့် ဆက်ဆံခဲ့ဖူးသော သူတို့နှင့် စပ်မိစပ်ရာ ကြောင်းခြင်းရာများကို ပြောကြားနေ၏။

ထိုစဉ်မှာပင် ဤ တောရွာကလေးကို အပြီးအပြတ် နှုတ်ဆက်၍ ထွက်ခွာသွားခဲ့သော သူတော်စင် ရသေ့ကြီးသည် သူကြွယ်၏ အိမ်ဝသို့ ရောက်လာပြန်၏။ အံ့ဩခြင်း၊ ဝမ်းသာခြင်းတို့ဖြင့် တစ်ကိုယ်လုံးတုန်လှုပ် နေသော သူကြွယ်သည် သူတော်စင်ရသေ့ကြီးအား ခင်းထားသောနေရာသို့ ပင့်ဆောင်၏။ သို့ရာတွင် သူတော်စင်ရသေ့ကြီးကတော့ ထိုနေရာသို့ လိုက်၍ မထိုင်တော့ဘဲ....

''ဒါယကာ၊သင်တို့အိမ်က ထွက်လာခဲ့တုန်းမှာအိမ်တံစက်မြိတ်က မြက်တစ်မျှင်ဟာ ငါ့ဆံကျစ် ကြားမှာ ညှပ်ပါလာခဲ့တယ်။ သူ မပေးတဲ့ ပစ္စည်းဥစ္စာဆိုတာ မြက်တစ်မျှင်ကစပြီး ငါတို့ရသေ့များနဲ့မအပ်စပ်ဘူး။ ဒါကြောင့် သင် ဒါယကာတို့ ဥစ္စာဖြစ်တဲ့ မြက်တစ်မျှင်ကို လာပြီး ပေးအပ်ပါတယ်''

ရသေ့ကြီးက ပြောပြောဆိုဆို ဆံကျစ်ကြားက မြက်မျှင်ကလေးကို ဆွဲယူ၍ ပေးလိုက်လေရာ သူကြွယ်မှာ ရသေ့ကြီး၏ ခြေအစုံကို ဦးခိုက်၍ မဝနိုင်အောင် ဖြစ်ရပေသည်။ ရသေ့ကြီး ပြန်ထွက်သွားသောအခါမှာလည်း 'ဩော်- သီလသိက္ခာ စင်ကြယ်လှတဲ့ပုဂ္ဂိုလ်ကြီးပါကလား။ သူ တစ်ပါး ဥစ္စာဆိုရင် မြက်တစ်မျှင်ကလေးတောင်မှ အငြိအစွန်း မခံပါကလား'ဟု ချီးကျူး၍ မဆုံးနိုင်အောင် ဖြစ်ရပေသည်။

ဗာရာဏသီမြို့တော်မှ ရောက်လာခဲ့သော မိတ်ဆွေသည် ဤအဖြစ်အပျက်အားလုံးကို မြင်လည်း မြင်၏။ ကြားလည်း ကြား၏။ ရသေ့ကြီး နှုတ်ဆက်၍ ထွက်သွားစဉ်တုန်းက သူပါ ရော၍ နှမြောသလိုလိုဖြစ်မိ၏။ သို့ရာတွင် နောက်တစ်ခေါက် ပြန်လာ၍ မြက်မျှင်ကလေး ပေးလိုက်သည် တွင်ကား စိတ်စနိုးစနောင့် ဖြစ်လာရ၍....

'ဒီမှာ သူငယ်ချင်း၊ အဲဒီ ရသေ့ကြီးဆီမှာ အဖိုးထိုက်တန်တဲ့ ဥစ္စာ တစ်ခုခုများ အပ်ထားခဲ့မိသလား'ဟု ရုတ်တရက် မေးလိုက်လေရာ....

''ဘာဖြစ်လို့လဲ သူငယ်ချင်းရယ်။ရသေ့ကြီးဟာ တကယ့်သူတော်စင်ကြီးပါ''

''သူတော်စင်ကတော့ ဟုတ်ပြီ ထားလိုက်ပါလေ။ ဒါပေမယ့်လို့ သူ့စင်ကြယ်ပုံက လိုတာထက် ပိုနေသလားလို့ပါ''

"သူတော်စင်ကြီးတွေကို အထင် မှားရင် ငရဲကြီးတက်ပါတယ် သူငယ်ချင်းရယ်။ ငါ့အနေနဲ့ကတော့ သူ့အပေါ်မှာ သံသယဆိုလို့ မှုံ တစ်မှုန်ကလေးမှ မသန်းခဲ့ပါဘူး။ ဒါကြောင့်လဲ သူနေတဲ့တောရကျောင်း ဝင်းထဲမှာ ရွှေစင် နိက္ခတစ်ရာတိတိတောင် မြှုပ်နှံ ထားခဲ့ပါသေးတယ်"

"ဟာ-များလှချေလား သူငယ်ချင်းရာ။ ရွှေစင်နိက္ခတစ်ရာ ဆိုတာ ရွှေဒင်္ဂါးလေးသိန်းကြီးတောင်ပါကလား"

"ဟုတ်ပါတယ်။ တို့အနေနဲ့ အင်မတန်များလှတဲ့ ပမာဏပါပဲ။ အိမ်မှာဆိုရင် လူဆိုးတွေ၊ သူခိုးတွေရဲ့ရန်ကို စိုးရိမ်ရလို့ ဘယ်သူမှ မသိနိုင်တဲ့ နေရာကို သွားပြီး မြှုပ်ထားရတာပါ။ ဒါပေမယ့်လို့ ရသေ့ကြီး အနေနဲ့ကတော့ နည်းနည်းလေးမှ စိတ်မဝင်စားခဲ့ပါဘူး။ ငါကရွှေတွေကို တွင်းတူး မြှုပ်နှံပြီး ဆရာရသေ့ကြီးဆီ သွားပြီးတော့ "အရှင်ဘုရား၊ ဒီရွှေဒင်္ဂါးတွေကို တစ်ဆိတ်လောက်ဂရုစိုက်ထားတော်မူပါ"လို့လျှောက် ထားလိုက်တဲ့အခါ ရသေ့ကြီးက "ဒါယကာ ရွှေငွေဆိုတာ ရသေ့ရဟန်း များနဲ့ လုံးဝ မအပ်စပ်တာမို့ ဒါတွေနဲ့ ဘာမှ မပတ်သက်ပါရစေနဲ့"လို့ တောင် ပြတ်ပြတ်သားသားကြီး မိန့်ကြားခဲ့ပါသေးတယ်"

"အဲသလောက်ကြီးပြတ်သားလာမှတော့သတိသာထားပေတော့ သူငယ်ချင်းရေ့။ ဒီတော့ လက်တွေ့သိရအောင် မြှုပ်ထားတဲ့နေရာကိုသွား တူးကြည့်ပေတော့"

"အေးကွာ၊ တူးတော့ ကြည့်ရသေးတာပေါ့"

မိတ်ဆွေ၏စကားကို မယုံစားသော်လည်း ရသေ့ကြီး ဘက်က သက်သေထူနိုင်စေရန် သူကြွယ်သည် မိတ်ဆွေနှင့်တကွ မြှုပ်ထားသည့် နေရာသို့ သွား၍တူးဖော်လေရာ ရွှေဒင်္ဂါးအားလုံးမရှိတော့ချေ။ တူးဖော် ပြီးမှ ပြန်ဖို့ထားသော မြေသားရွှရွှများသာ ရှိတော့သည်။ ရွှေပိုင်ရှင် သူကြွယ်မှာ အံ့ဩတုန်လှုပ်၍ သွားရတော့သည်။

"ကဲ-ဘယ့်နှယ်များ လုပ်ရမလဲ သူငယ်ချင်း"

"ဒါကတော့လွယ်ပါတယ်ကွာ။မင့်ဆရာသူတော်စင်ကြီးမိအောင် လိုက်ဖမ်းပြီး ရိုက်စစ်လိုက်ရုံပေါ့"

ဤသို့ အကြံပေးလိုက်သည့်အတိုင်း သူကြွယ်သည် မိမိလူများနှင့် တကွ အတင်းလိုက်ဖမ်းလေရာ သူတော်ကောင်းယောင် ဆောင်နေသော

ရသေ့ကြီးကို ဖမ်းမိကြ၏။ ရသေ့ကြီး၏ ဒေါက်ချာနှင့် လျှော်တေသက်နှိုး များကို ချွတ်စေပြီး လူလုံးချည်းထား၍ ရိုက်နှက်စစ်ဆေးကြ၏။ ဤတွင် သူတော်စင်ကြီးက ''ဒါလောက်ဥစ္စာဆိုရင် လူ့ဘဝမှာကောင်းကောင်း ကြီး အသက်မွေးလို့ရပြီမို့ ကြံခဲ့မိတယ်''ဟု ထုတ်ဖော်ဝန်ခံကာ နေရာ ရွှေ၍ မြှုပ်ထားသော ရွှေဒင်္ဂါးအားလုံးကို ပြန်ပေးရလေတော့သည်။

(ကေနိပါတ်၊ ကုဟက ဇာတ်)

ကုဟကဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ရသေ့စဉ်းလဲ | = | ဟန်ဆောင်တတ်သော ရဟန်း။ |
| ပညာရှိ | = | မြတ်စွာဘုရား။ |

## စပါးခင်းထဲက ခြင်္သေ့ကြီး

"ခြင်္သေ့ဟူသည် ကြုံလို့သော်ငြားလည်း မြက်စားရိုးထုံးစံမရှိ" ရှေးသူဟောင်းတို့ ဤသို့သော ဆိုရိုးစကားကို ကြားဖူးနားဝရှိလာခဲ့ကြသော လယ်စောင့် ယောက်ျားတို့သည် စပါးခင်း ကောင်းကောင်းရှိလေတိုင်း ဝင်၍ဝင်၍ စားနေသော ခြင်္သေ့ကြီးတစ်ကောင်ကို တွေ့ရသောအခါ မတွေးတတ်အောင် ဖြစ်ကြရပေတော့သည်။

လယ်စောင့် ယောကျ်ားတို့မှာ မိမိတို့ ဝမ်းစာ ဖူလုံရေးအတွက် တက်ညီလက်ညီ စိုက်ပျိုး၍ အားကိုးတစ်ခုပြုလာခဲ့ရသော စပါးခင်းများကို အတင်းဝင်၍ စားစားနေသဖြင့် အလွန်တရာ ဒေါသဖြစ်ကြ၏။ သို့ရာတွင် တောသုံးတောင်၏ ဘုရင် ခြင်္သေ့ကြီးဖြစ်နေသဖြင့် သူ့ကို ခြိမ်းခြောက် မောင်းမဲ၍ ထုတ်ရန်လည်း မရဲဝံ့ကြပါ။ သို့ဖြစ်၍အနှံ့ထူထပ်သည့်နေရာကိုမှ ရွေး၍ရွေး၍ စားနေသော ခြင်္သေ့ကြီးကို ကြည့်ကာ စိတ်မချမ်းမသာ ဖြစ်နေကြရပေသည်။

ထူးဆန်းလှသော ခြင်္သေ့ကြီးသည် ကာသိတိုင်းတစ်ခွင် ပြံပြံစင်အောင် လှည့်လည်ကာ ရောက်လေရာတိုင်း၌မှာ ဤသို့ချည်းစားနေခဲ့သည်ဟု ဆိုကြ၏။ ဤသို့ဖြင့် အသားကို မစား၊ စပါးနှံကိုမှ ကိုက်ဖြတ်၍ စားနေခဲ့ရသော ခြင်္သေ့ကြီးသည်ရွာတစ်ရွာအနားသို့ ရောက်လာ၏။ ခါတိုင်း

လိုပင် စပါးနှံများဖြင့် သိပ်သိပ်သည်းသည်း ရှိနေသော စပါးခင်းကိုမှ ရွေး၍ဝင်၏။ ဤအခါတွင်ကား လယ်စောင့် ယောကျ်ားသည် ခြသေ့် ကြီးအတွက် ဒေါသထွက်ရုံထွက်မနေတော့ဘဲရွာထဲသို့ပြေး၍အကြောင်း ကြားလေတော့သည်။

ဤသတင်းကိုကြားလိုက်သည်နှင့်တစ်ပြိုင်နက် ရွာသူရွာသားများ ကလည်း မိမိကိုယ်ကို ကာကွယ်ရန် ဓား၊ လှံ၊ လေး၊မြားစသောလက်နက် များ ကိုင်ဆွဲ၍ ထွက်လိုက်လာကြ၏။ ခြသေ့်ကြီးအား ခြောက်လှန့်၍ထုတ် နိုင်ရန် စည်နှင့်ခရုသင်းတို့ကိုလည်း ယူလာခဲ့ကြ၏။ ခြသေ့်ကြီး စားနေ သော လယ်အနီးသို့ ရောက်သောအခါ စည်တီးလျက် ခရုသင်းမှုတ်လျက် တစ်ခဲနက် ဌာသံကြီးပေးလိုက်ရာ ဟန်ပါပါစားသောက်နေသောခြသေ့် ကြီးသည် ရုတ်တရက် ခေါင်းမော့၍ကြည့်လိုက်၏။ ဓား၊လှံ၊လေး၊မြား အပြည့်အစုံနှင့် ဝိုင်းအုံလာသော လူထုကြီးကို မြင်လိုက်ရသည်တွင်ကား ကြောက်လန့်တကြား ဟိန်းဟောက်လိုက်လေသည်။

ဤတွင် ဆင်ခြင်စဉ်းစား၍ သတိထားလေ့ရှိသော လယ်သမား တစ်ယောက်က....

''သူငယ်ချင်းတို့၊ ရွာသားတို့၊ ဒီအသံဟာ ခြသေ့်ဟောက်သံလဲ မဟုတ်ဘူး။ ကျားတို့ ကျားသစ်တို့ရဲ့ အသံလဲ မဟုတ်ဘူး။ မြည်းသတ္တဝါ တို့ရဲ့ မြည်သံသာဖြစ်တယ်။ သူဟာ ခြသေ့်အစစ်မဟုတ်နိုင်ဘူး။ အရေခြုံ ထားတဲ့ ခြသေ့်သာဖြစ်လိမ့်မယ်''

''အေး- ဟုတ်မယ်၊ ဟုတ်မယ်''

ရွာသားများကလည်း သူနှင့် တစ်သဘောတည်းဖြစ်ကာ ညီညာ စွာ ညာသံပေး၍ ဝိုင်းပြီးလျှင် ခြသေ့်ရေခြုံထားသော မြည်းကို တစ် ယောက် တစ်လက် ပစ်ခတ်ထိုးနှက်ကြလေရာ အပွဲပွဲ နွှဲလာခဲ့သောမြည်းမှာ ထိုနေရာမှာပင် သေဆုံးရလေတော့သည်။

ရွာသားများသည် မြည်းသေကောင် ပေါ်မှ ခြသေ့်ရေကြီးကို ဖြုတ်ယူကြပြီးလျှင် မြည်းသေကောင်ကိုကား သည်အတိုင်း ထားပစ်ခဲ့ ကြ၏။ ရွာသားများ၏ အရိပ်အယောင် လုံးဝမရှိတော့သောအခါ ထို မြည်း၏ ပိုင်ရှင်ဖြစ်သော ကုန်သည်သည် ပုန်းကွယ်နေရာမှထွက်လာခဲ့၏။ ရွာသားများလက်ချက်ဖြင့် စိစိညက်ညက် သေဆုံးနေသော မိမိမြည်းကို ကြည့်ရှုပြီးလျှင်....

“ဩော်- ငါ့မြည်းရယ်၊ အဖြစ်ဆိုးရှာလေခြင်းကွယ်။ ခြင်္သေ့ရေကြီး ခြုံပေးထားတာကို လူတွေမသိသေးဘူးဆိုရင်တော့ စပါးခင်းရှိသမျှ စိတ်တိုင်းကျစားနေရဦးမှာပေါ့ကွယ်။ ခုတော့ မင်းကသွားပြီး အသံပြုလိုက်လေတော့ သေဘေးထိုက်ရတော့တာပေါ့” ဟု စိတ်မချမ်းမသာနှင့် ရေရွတ်ရလေသည်။

(ဒုကနိပါတ်၊ သီဟစမ္မဇာတ်)

**သီဟစမ္မဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| ကုန်သည် | = | ဒေဝဒတ်။ |
| ခြင်္သေ့ရေခြုံသောမြည်း | = | ကောကာလိကရဟန်း။ |
| ပညာရှိလယ်သမား | = | မြတ်စွာဘုရား။ |

## ဓမ္မိက ကျီ ကန်းကြီး

ကမ်းမမြင်လမ်းမမြင်သော သမုဒ္ဒရာ ခရီးသို့သွားလာ ကူးသန်းရသော သင်္ဘောသားတို့သည် ကမ်းကြည့်ငှက်ကို ယူဆောင်သွားကြရ၏။ သမုဒ္ဒရာထဲမှာ ရက်ပေါင်းများစွာ ရွက်လွှင့်သွားခဲ့ကြ ပြီးသောအခါ ကမ်းကြည့်ငှက်ကို လွှတ်လိုက်ကြရ၏။ ကမ်းကြည့် ငှက်သည် အထက်ကောင်းကင်သို့ပျံတက်ကာ တစ်ဖက်ဖက်မှာ ကမ်းခြေရေးရေးမြင်ရပါက ထိုဘက်သို့ ပျံသွားတော့၏။ ဘယ်ဘက်မှာမှ ကမ်းမမြင်ရသေးလျှင်ကားမူလသင်္ဘောဆီသို့ ပြန်လာကာ လင်းယဉ်ဘိုင်ထိပ်မှာ နားရလေသည်။

ကာသိတိုင်းသား ကုန်သည်များသည်လည်း သင်္ဘောစီး၍ ထွက်လာကြရာ ကမ်းကြည့်ငှက်အဖြစ်ဖြင့် ကျီးတစ်ကောင်ကို ယူဆောင်လာခဲ့ကြ၏။ ကံမကောင်း အကြောင်းမလှဖြင့် ထိုသင်္ဘော နစ်မြုပ်သွားလေရာ ကျီးသည် သင်္ဘောမှပျံတက်လာခဲ့ပြီးလျှင် သမုဒ္ဒရာအလယ်မှာ ရှိနေသော ကျွန်းတစ်ခုပေါ်သို့ ရောက်လာ၏။ ထိုကျွန်းပေါ်သို့ လူသူ အရောက်အပေါက် မရှိလေရကား ငှက်အမျိုးမျိုးတို့ လွတ်လပ်စွာ ကျက်စားကာ အသိုက်အမြုံပြုလုပ်၍ နေထိုင်ကြ၏။ သူတို့အားလုံးက သဘောတူ တင်

စပယ်ဦး၊ ၀၁၉၉

မြှောက်ထားသော ငှက်မင်းကလည်း ကျွန်းပေါ်ရှိ ငှက်အပေါင်းကို တရားမျှတစွာ အုပ်ချုပ်စီမံ၍ နေလေသည်။

ထိုကျွန်းပေါ်သို့ ဧည့်သည်အဖြစ် ရောက်လာသော ကျီးသည် ကျွန်းပေါ်တွင်ရှိနေကြသော ငှက်များကြားသို့ ဝင်ရောက်ပြီးလျှင် တစ်စုံ တစ်ခုသော ရည်ရွယ်ချက်ဖြင့် နှုတ်သီးကိုဟ၍ မော့ထားကာ ခြေတစ်ဖက် ဖြင့်သာ ရပ်နေ၏။ ဤတွင် ငှက်အများက....

"အို- အဆွေကျီး၊ အဆွေနာမည်က ဘယ်လိုခေါ်ပါသလဲ" ဟု မေးမြန်းကြရာ....

"အဆွေငှက်တို့၊ ငါတို့များ နာမည်က ဓမ္မိကလို့ ခေါ်သကွယ့်။ တရားကျင့်သူ၊ တရားစကား ဟောကြားတတ်သူလို့ အဓိပ္ပာယ်ရတာပေါ့ ကွယ့်"

"ဒါဖြင့် ဆရာကြီး ဦးဓမ္မိကရယ်၊ ဘာ့ကြောင့်များ ခြေတစ်ဖက် ထဲ ရပ်နေရတာပါလဲ"

"ဒါက သတ္တဝါအပေါင်းကို သနားလို့ပေါ့ကွယ်။ နောက် ခြေတစ်ဖက်ပါချပြီး ရပ်လိုက်ရင် ကမ္ဘာမြေကြီးက ခံနိုင်တော့မှာ မဟုတ် ဘူး။ သွက်သွက်ခါ တုန်လှုပ်ပြီး ပရမ်းပတာ ဖြစ်သွားနိုင်တယ်"

"ဩော်- တရားပြည့်ဝတဲ့ ပုဂ္ဂိုလ်ကြီးပေကိုး။ ဒါနဲ့ဗျာ ဆက်ပြီး သိပါရစေဦး။ နှုတ်သီးကိုဖွင့်ပြီး မော့ထားတာကကော၊ ဘာ့ကြောင့် ပါလိမ့်"

"ဒါကတော့ တို့များက သူများအသားဆို ဝေးလို့ အရေရော အဖတ်ပါ ဘာဆိုဘာမှ မစားဘူးကွယ့်။ လေကိုသာ စားပြီးနေတာ။ ကဲကွာ- ဒါတွေရှင်းသွားလို့ရှိရင်တော့ မင်းတို့နဲ့ ကြုံတုန်းကြုံခိုက် တရား စကား ဟောကြားရသေးတာပေါ့။ ရိုရိုသေသေ နာကြကွဲ့။ အဟမ်း- အဟမ်း...."

ဤသို့ ဟန်ပါပါ ချောင်းဟန့်လိုက်ပြီးမှ ဆရာကြီး ဦးဓမ္မိကသည် အောင်မြင် ခံ့ညားလှသော အသံဖြင့် တရားစကားဟောကြားလေသည်။

"အို- အဆွေငှက်အပေါင်း သူတော်ကောင်းတို့၊ သင်တို့သည် သုစရိုက်တရားများ ပွားများ ကျင့်သုံးကြကုန်လော့။ သုစရိုက်တရား ပွားများကျင့်သုံးကြပါလျှင် သင်တို့မှာ ကောင်းကျိုးချမ်းသာ ရလာပါ လိမ့်မည်။ သုစရိုက်တရား ပွားများကျင့်သုံးသောသူသည် မျက်မှောက်

ဘဝမှာလည်းကောင်း၊ တမလွန်ဘဝမှာလည်းကောင်း ချမ်းချမ်းသာသာ နေထိုင်ရပေသတည်း''

သို့ဖြစ်၍ ငှက်အပေါင်းတို့သည် တရားပြည့်ဝသော ဆရာကြီး ဓမ္မိကကို အားကိုးအားထားပြုကာ အစာရှာထွက်သောအခါ၌ မိမိတို့၏ ဥများ၊ သားငယ်ကလေးများကို အပ်နှံ၍ထားခဲ့ကြ၏။ ဆရာကြီးဦးဓမ္မိက ကလည်း ''ကောင်းပြီ အဆွေငှက်တို့၊ စိတ်ချလက်ချ ထားခဲ့ကြ။ မင်းတို့ သားငယ်ကလေးတွေ ဘေးမသီရန်မခရအောင် ငါစောင့်ရှောက်ထား မှာပေါ့ကွယ်'' ဟု မေတ္တာကရုဏာပြည့်ဝသော လေသံဖြင့် လက်ခံ၍ ထားလိုက်လေသည်။

သို့ရာတွင် ငှက်များ အစာရှာရာမှ ပြန်လာသည်တွင်ကား အပ်နှံ ထားခဲ့သောဥများနှင့် သားငယ်ကလေးများလျော့နေကြ၏။ ပျောက်ဆုံး သွားသော သားငယ်များ၊ ဥများ၏မိဘဖြစ်သော ငှက်များမှာ ရပ်တည် ရာ မရအောင် ဖြစ်ကြရကုန်၏။ ရင်ပတ်စည်တီး ငိုပြီးရင်းငိုနေကြရ၏။ ဤကိစ္စတွင် ကိုယ်ကျင့်သီလ ပြည့်ဝဖြူစင်လှသော ဆရာကြီး ဓမ္မိကနှင့် သက်ဆိုင်လိမ့်မည်ဟူ၍ကား အနည်းငယ်ကလေးမျှ သံသယမရှိကြပေ။

ထို့ကြောင့်ပင် နောက်နေ့ အစာရှာ ထွက်သောအခါမှာလည်း မိမိတို့၏ ဥများ၊ သားငယ်ကလေးများကို ယမန်နေ့ကအတိုင်း အပ်နှံ ထားခဲ့ကြ၏။ ဆရာကြီးဓမ္မိက ကလည်း ယမန်နေ့ကလိုပင် အာမခံအပြည့် အဝဖြင့် လက်ခံထားလိုက်၏။ သို့ရာတွင် ငှက်များ အစာရှာ၍ ပြန်လာ ကြသည်တွင်ကား ဥများနှင့် သားငယ်ကလေးများသည် ထပ်၍ နည်း သွား ပြန်လေသည်။

ဤတစ်ကြိမ်မှာတော့ ငှက်မင်းသည် ဤဖြစ်ရပ်ကို သုံးသပ်ဆင်ခြင် ရပေတော့မည်။ 'သမုဒ္ဒရာ အလယ်ကောင်မှာ လူသူမနီး အထီးတည်း တည်ရှိနေသဖြင့် ဤကျွန်းပေါ်မှာ ဘာအန္တရာယ်မှ မတွေ့ခဲ့ရဖူးပေ။ သို့ပါလျက် သေသေချာချာ အပ်နှံထားခဲ့သော ဥများနှင့် သားငယ် ကလေးများ ပျောက်ခြင်းမလှ ပျောက်ကွယ်၍ သွားကြရခြင်းမှာ ဤဓမ္မ ကထိက ဆရာကြီး ရောက်လာမှသာ ကြုံလာကြရသည်။ သို့သော် လက်ပူး လက်ကြပ် မတွေ့ရဘဲနှင့်တော့စွပ်စွဲရန် မသင့်သေးပေ။ ကိုယ်တိုင်ကိုယ်ကျ ထောက်လှမ်းကြည့်မှ တော်လိမ့်မည်'။

ဤသို့ဖြင့် နောက်နေ့အစာရှာထွက်ချိန် ရောက်သောအခါ ငှက်မင်း သည် အခြားငှက်များနှင့်အတူ လိုက်ပါသွားဟန် ပြုကာ တစ်နေရာမှ တိတ်တဆိတ် ပြန်ကွေ့လာခဲ့၏။ မမြင်သာသောနေရာမှ အသာချောင်း

ကြည့်နေ၏။ ဤတွင်တရားရှိယောင် ဟန်ဆောင်၍ထားခဲ့သော ကျီးသည် မိမိအနီးမှာရှိနေသော ဥများနှင့် သားငယ်ကလေးများကို နှုတ်သီးနှင့် ပေါက်၍ပေါက်၍ အားရပါးရ စားမျိုကာ မိုက်ကား၍ စားမရသော အခါမှ နေမြဲတိုင်း ရပ်နေလေတော့သည်။

ငှက်မင်းသည် ငှက်အပေါင်းတို့ အစာရှာရာမှ ပြန်လာကြသော အခါ သူတို့ကြည်ညိုလေးစား အားကိုးတစ်ခုပြုနေကြရသော ဓမ္မကထိက ဆရာကြီးကို ဝိုင်းထားကြစေပြီးလျှင်....

"အို- ငှက်အပေါင်းတို့၊ သင်တို့ဟာ ဒီကျီးရဲ့အကျင့်သီလကို တိတိကျကျ မသိခဲ့ကြဘူး။ မသိခဲ့လို့လဲ ချီးမွမ်းခဲ့ကြရတယ်။ သူဟာ ငါတို့ရဲ့ ဥတွေ၊ သားငယ်ကလေးတွေကိုလဲ သွေးသံရဲရဲ စားသေးတယ်။ အဲဒီ ပါးစပ်ကြီးနဲ့ပဲ တရားစကားတွေ ရွှန်းရွှန်းဝေအောင် ဟောကြားလိုက်သေးတယ်။

"သူဟာ ပါးစပ်ပြောတာ တခြား၊ ကိုယ်တိုင် ပြုကျင့်တာက တခြား ဖြစ်နေတယ်။ နှုတ်ပြောစကားအတိုင်း ကိုယ်တိုင် ကျင့်သုံးတာ မဟုတ်ဘူး။ ကိုယ်ဟောတဲ့ တရားကို ကိုယ့်ဘာသာ မလိုက်နာဘူး။

"သူဟာ နှုတ်ပြောက ချိုသာသလောက် အတွင်းသဘောက ကောက်ကျစ်တယ်။ အပေါ်က ဖုံးနေတဲ့ တွင်းထဲက မြွေဟောက်လို ကြောက်စရာကောင်းလှတယ်။ မှိုရှာနယ်ပယ် လှည့်လည်ဟောကြားပြီး သူတော်စင်ကြီးလုပ်နေသူကို သာမန်လူတွေ မသိနိုင်ကြပေဘူး။

"ကဲ- အဆွေငှက်တို့၊ တရားမရှိဘဲ ရှိယောင်ဆောင်တဲ့ ဒီကျီးကို နှုတ်သီးနဲ့ ထိုးဆိတ် ကြပေတော့။ အတောင်နဲ့ ရိုက်ကြပေတော့။ ခြေထောက်နဲ့ ဆွဲကုတ်ကြပေတော့။ ဒီအကောင်ယုတ်ကို မျိုးပြုတ်အောင် သတ်ဖြတ်ကြပေတော့။ သူဟာ ငါတို့နဲ့အတူ နေထိုက်သူမဟုတ်ဘူး"

ဤသို့ ငှက်မင်းက မိန့်ကြား၍ အပြီးတွင် ငှက်အပေါင်းတို့သည် တစ်ညီတစ်ညွတ်တည်း ဝိုင်းဝန်းထိုးဆိတ်ကြလေရာ ဓမ္မိက အမည်ခံတရားရှင်ကြီးမှာ ထိုနေရာမှာပင် သေဆုံးရလေတော့သည်။

(ဆက္ကနိပါတ်၊ ဓမ္မဓဇ ဇာတ်)

ဓမ္မဓဇ ဇာတ်၊ ဆက္ကနိပါတ် ဇာတ်ပေါင်းသော်

ကျီးစဥ်းလဲ = ဟန်ဆောင်တတ်သောရဟန်း။
ငှက်မင်း = မြတ်စွာဘုရား။

# ကက္ကာရု နတ်ပန်းကုံး

ဗာရာဏသီမြို့တော်၌ ပွဲကြီးလမ်းကြီး ခင်းကျင်း က,ပြကြသော အခါ ကာသိတိုင်းတစ်ခွင်မှ တိုင်းသူပြည်သားများသာမက နဂါး၊ ဂဠုန်နှင့် ဘုမ္မစိုးနတ်များ ပါလာ၍ ပွဲကြည့်ကြ၏။ တစ်ခုသော ပွဲတော်တွင်မူ တာဝတိံသာနတ်ပြည်မှ နတ်သားများပင် ပွဲကြည့်ရန် ရောက်လာကြပေသည်။

တာဝတိံသာနတ်ပြည်မှ နတ်သားလေးယောက်တို့သည် ကက္ကာရုမည်သော နတ်ပန်းကုံးကို ဦးသျှောင်မှာ ရစ်ခွေ၍ပန်လာကြလေရာ ဗာရာဏသီ မြို့တော်ကြီးတစ်ခုလုံးမှာ ထိုပန်းနံ့များဖြင့်တစ်စပ်တည်းဖြစ်အောင် ဖုံးလွှမ်းသွား၏။ ပွဲတော်လာ လူအပေါင်းသည် မကြုံစဖူး ထူးကဲသင်းပျံ့လှသော ပန်းရနံ့ကို ရှူရှိုက်ကာ ''ဒီပန်းမျိုးကို ဘယ်သူများ ပန်လာပါလိမ့်''ဟု လှည့်လည်စူးစမ်းကြကုန်၏။

ထိုအခါ တာဝတိံသာ နတ်သားလေးပါးတို့သည် ဗြဟ္မဒတ်မင်းကြီး၏ နန်းရင်ပြင်၏ အထက်ကောင်းကင်သို့ ပျံတက်ကာ ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာ ရပ်နေကြကုန်၏။ ထိုနေရာသို့ ဗြဟ္မဒတ်မင်းကြီး အမှူးပြု၍ အိမ်ရှေ့မင်း၊ ပုရောဟိတ်စသော နန်းတွင်းသူ နန်းတွင်းသား

စပယ်ဦး၊ ၁၉၃၅

တို့လည်းစုဝေးလာကြ၏။ပွဲတော်လာလူအပေါင်းလည်းသောင်းသောင်း ဖျဖျ ရောက်လာကြ၏။

မကြိုးစဖူး ထူးကဲသင်းပျံ့လှသော ပန်းရနံ့မှတစ်ဆင့် ပန်းကုံးသခင် နတ်လုလင်များကို မျက်ဝါးထင်ထင် ရှုမြင်ခွင့်ရကြသဖြင့် ပွဲတော်လာ လူအများသည် အားရဝမ်းသာ ရှိကြကုန်၏။ ရနံ့သင်း၍ အဆင်းလှသော ထိုပန်းကုံးတို့ကို သူတို့နည်းတူ ရယူပန်ဆင်လိုသူချည်း ဖြစ်ကြကုန်၏။ သို့ရာတွင် မင်းနှင့်တကွသော ပြည်သူပြည်သားတို့သည် နတ်တို့နှင့်စကား အပြောရ ခက်နေကြ၍ နှုတ်တွန့်၍ နေကြရာ အာရဲ လျှာရဲရှိလှသော ပုရောဟိတ်ကြီးကသာ နတ်များကို နှုတ်ခွန်းဆက်နိုင်ပေသည်။

"အသင်နတ်သားတို့၊ ဘယ်နတ်ပြည်က လာခဲ့ကြပါသလဲ"

"ပုဏ္ဏားကြီး၊ ငါတို့ တာဝတိံသာနတ်ပြည်က လာခဲ့ကြတယ်"

ပုရောဟိတ် ပုဏ္ဏားကြီး၏ မေးမြန်းချက်ကို နတ်သားများက ယဉ်ကျေးသိမ်မွေ့စွာ ဖြေကြားလိုက်ကြ၏။ တာဝတိံသာ နတ်သားများ နှင့် အတုံ့အလှည့် စကားပြောနိုင်လောက်အောင် ရဲရဲဝံ့ဝံ့ ရှိလှသဖြင့် ပုရောဟိတ်ကြီးအား လူအများက အားရဝမ်းသာကြည့်နေကြ၏။ ပုရော ဟိတ် ပုဏ္ဏားကြီးကလည်း ဤအခြေအနေကို အကဲခတ်ကာ ပို၍ အား တက်လာသဖြင့်....

"အသင်နတ်သားတို့၊ အသင်တို့ ခေါင်းမှာ ပန်ဆင်လာတဲ့ ပန်း ရနံ့များဟာ ကျွန်ုပ်တို့ ဗာရာဏသီမြို့တော်ကြီးတစ်ခုလုံးကို လွှမ်းခြုံ သင်း ပျံ့လို့ နေကြပါတယ်။ အဲဒီပန်းကို ဘာပန်းလို့ ခေါ်ပါသလဲ"

"ပုဏ္ဏားကြီး၊ ကက္ကာရုနတ်ပန်းလို့ ခေါ်ပါတယ်"

နတ်သားများက ဆက်လက်၍ လိုက်လိုက်လျောလျောပြောဆိုလာ ကြသဖြင့် ပုရောဟိတ်ပုဏ္ဏားကြီးမှာ အလွန့်အလွန် အားတက်လာ၏။ နယ်သားများနှင့် စကားပြောဖူးရုံမျှမက ထို့ထက်ပင် ရှေ့တန်းရောက် ချင်လာ၏။ သို့ဖြစ်၍....

"အသင်နတ်သားတို့၊ အသင်နတ်သားတို့အတွက် တခြားပန်းတွေ ရှာပြီး ပန်ကြပါ။ ကျွန်ုပ်တို့နဲ့ တွေ့တုန်းဆုံတုန်းမှာ ကက္ကာရု နတ်ပန်းခွေ များ ပေးသနားခဲ့စေချင်ပါတယ်"

စောစောတုန်းက ပုရောဟိတ်ပုဏ္ဏားကြီး မေးခဲ့လေသမျှချက်ချင်း တုံ့ပြန်ခဲ့ကြသောနတ်သားများသည်ဤတောင်းဆိုချက်ကိုကားချက်ချင်း မပြန်ကြားသေးဘဲ အနည်းငယ် ဆိုင်းငံ့ထားပြီးမှ နတ်သားတစ်ပါးက....

စပယ်ဦး၊ ၁၀၇၈။

''ပုဏ္ဏားကြီး၊ ဒီကက္ကာရု နတ်ပန်းဆိုတာ အင်မတန်တန်ခိုးကြီးတယ်။ ထိုက်တန်တဲ့ သူများမှသာ ဒီပန်းကို ပန်ထိုက်တယ်''

''အသင်နတ်သား ဘယ်လို ပုဂ္ဂိုလ်များမှ ပန်ထိုက်ပါသလဲ''

''ပုဏ္ဏားကြီး၊ သတိထားပြီးနာကြားပါလော့။သူ့ဥစ္စာကိုမခိုးတဲ့သူ၊မုသားစကား မမပြောကြားတဲ့သူ၊ချမ်းသာကြွယ်ဝလာတဲ့အခါ မေ့မေ့လျော့လျော့ ဖြစ်မသွားသူ၊ အဲဒီသူများသာ ကက္ကာရုနတ်ပန်းနဲ့ထိုက်တန်ပေတယ်''

''အသင်နတ်သား၊ကျွန်ုပ်မှာအဲဒီဂုဏ်ကျေးဇူးတွေရှိနေပါတယ်။ ဒါကြောင့် ကျွန်ုပ်အား ကက္ကာရုနတ်ပန်း ပေးသနားပါ''

''ကောင်းပြီ ပုဏ္ဏားကြီး၊ ထိုက်တန်ရင် ပန်ပေတော့''

ပထမနတ်သားက ပြောပြောဆိုဆို မိမိခေါင်းမှ ကက္ကာရုနတ်ပန်းကုံးကို ချွတ်၍ ပုရောဟိတ်ပုဏ္ဏားကြီးထံ ပေးလိုက်ရာ ပရိသတ်အပေါင်းတို့က တခဲနက် ဩဘာပေးကြ၏။ပုရောဟိတ်ပုဏ္ဏားကြီးသည် လက်ခုပ်သံမစဲသေးသော ပရိသတ်ကြီးရှေ့၌ ကက္ကာရုပန်းကုံးကို မိမိခေါင်း၌ဂုဏ်ယူဝင့်ကြွားစွာ ရစ်ခွေ၍ ပန်ဆင်လိုက်ပြီးလျှင် ဒုတိယနတ်သားထံ သွား၍တောင်းလိုက်ပြန်၏။ ဤတွင် ဒုတိယ နတ်သားက ...

''ပုဏ္ဏားကြီး၊ ဒီလောကမှာ တရားတဲ့ နည်းလမ်းနဲ့ ပစ္စည်း ဥစ္စာရှာဖွေသူ၊ ကောက်ကျစ်စဉ်းလဲတဲ့အပြုအမူနဲ့ သူ့ဥစ္စာကိုရအောင်မလုပ်တဲ့သူ၊ ပစ္စည်းဥစ္စာရလာတဲ့အခါ မေ့မေ့လျော့လျော့ ဖြစ်မသွားတဲ့သူ၊ အဲဒီသူများသာ ကက္ကာရုနတ်ပန်းနဲ့ ထိုက်တန်ပေတယ်''

''အသင်နတ်သား၊ ကျွန်ုပ်မှာ အဲဒီ ဂုဏ်ထူးတွေ ရှိနေပါတယ်။ ဒါကြောင့် ကျွန်ုပ်အား ကက္ကာရုနတ်ပန်း ပေးသနားပါ''

''ကောင်းပြီ ပုဏ္ဏားကြီး၊ ထိုက်တန်ရင်ပန်ပေတော့''

တခဲနက် ကောင်းချီးပေးလိုက်ကြသော ပရိသတ်ကြီး ရှေ့မှောက်တွင် ကက္ကာရုနတ်ပန်းကို ဟန်ပါပါ ပန်ဆင်လိုက်ပြီးလျှင် ပုရောဟိတ်ပုဏ္ဏားကြီးသည် တတိယနတ်သားထံ သွား၍ တောင်းပြန်၏။ ထိုအခါ တတိယနတ်သားက....

''ပုဏ္ဏားကြီး၊ နန္ဒင်းဆိုးထားတဲ့ အရာဝတ္ထုကိုရစေိုသွားတဲ့အခါ ခဏကလေးနဲ့ အရောင်ပြယ်သွားတတ်တယ်။ အဲသလို ခဏကလေးနဲ့ ပျက်ပြယ်မသွားဘဲ ကံကံ၏အကျိုးတရားကိုစွဲစွဲမြဲမြဲယုံကြည်သူ၊ကောင်းမြတ်တဲ့

အစားအစာကို အခြားသူများနှင့် ဝေမျှစားသောက်သူ၊ ထိုသူများသာလျှင် ကက္ကာရုနတ်ပန်းနဲ့ ထိုက်တန်ပေတယ်''

''အသင်နတ်သား၊ ကျွန်ုပ်မှာ အဲဒီဂုဏ်ထူး ကျေးဇူးတွေရှိနေပါတယ်။ ဒါကြောင့် ကျွန်ုပ်အား ကက္ကာရုနတ်ပန်း ပေးသနားပါ''

''ကောင်းပြီ ပုဏ္ဏားကြီး၊ ထိုက်တန်ရင် ပန်ပေတော့''

ဩဘာလက်ခုပ်သံများကို နာခံရင်း ပုရောဟိတ် ပုဏ္ဏားကြီးသည် ကက္ကာရုနတ်ပန်းကို ရွှင်ပြုံးစွာ ပန်ဆင်လိုက်ပြီးလျှင် စတုတ္ထနတ်သားထံ ချဉ်းကပ်၍ တောင်းပြန်လေရာ....

''ပုဏ္ဏားကြီး၊ မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ သူတော်ကောင်းတို့ကို ဆဲရေးတိုင်းထွာမှု မပြုတဲ့သူ၊ အပြောနဲ့ အလုပ် တစ်ထပ်တည်းကျတဲ့သူ၊ အဲဒီသူများသာ ကက္ကာရု နတ်ပန်းနဲ့ ထိုက်တန်ပေတယ်''

ဤသို့စတုတ္ထနတ်သားကသတိပေးစကားပြောကြားပါသော်လည်း ဂုဏ်ယူဝင့်ကြွား၍ အားမရနိုင်သော ပုဏ္ဏားကြီးကတော့ ဂရုမစိုက်နိုင်တော့ပါ။

''အသင်နတ်သား၊ ကျွန်ုပ်မှာ အဲဒီဂုဏ်ကျေးဇူးတွေ ရှိနေပါတယ်။ ဒါကြောင့် ကျွန်ုပ်အား ကက္ကာရု နတ်ပန်းပေးပါ'' ဟူ၍သာ တောင်းမြဲတောင်းဆိုလိုက်လေရာ....

''ကောင်းပြီ ပုဏ္ဏားကြီး၊ ထိုက်တန်ရင် ပန်ပေတော့''

စတုတ္ထနတ်သားကလည်း ရှေးနည်းအတိုင်း ပြောဆိုကာ ခေါင်းမှာ ပန်ထားသော ကက္ကာရု နတ်ပန်းခွေကို ဖြုတ်ယူ၍ပေးလိုက်၏။ ထို့နောက် တာဝတိံသာ နတ်သား လေးယောက်တို့သည် ထိုနေရာမှာပင် ပျောက်ကွယ်၍ သွားကြလေသည်။

မနုဿလူသားများထဲမှအင်မတန် ဘုန်းကံထူးလှ၍ ကက္ကာရုနတ်ပန်းကုံး လေးကုံးတိတိ ပန်ဆင်ခွင့် ရလိုက်သော ပုရောဟိတ်ပုဏ္ဏားကြီးသည် နန်းရင်ပြင်နှင့် အပြည့်ရှိနေသော ပရိသတ်ကြီးအား ဝင့်ဝင့်ကြွားကြွား လှည့်လည်ကြည့်ရှု၏။ ထိုစဉ်ခိုက်မှာ နူးညံ့လှစွာသော ကက္ကာရု

နတ်ပန်းကုံးတို့သည် သံခွေကြီးများတမျှ တင်းမာကြပ်တည်း၍လာကြ၏။ ရနံ့သင်းလှသော ပန်းပွင့်ကလေးများသည် ထက်လှစွာသော ဆောက်သွားကဲ့သို့ ဦးခေါင်းတစ်ခုလုံးကို ထိုးဖောက်နှိပ်စက်ကြကုန်၏။

ရုတ်တရက် ချက်ချင်းအပြောင်းအလဲကြီး ဖြစ်သွားသဖြင့် မင်းနှင့်တကွသော ပရိသတ် များမှာ မင်သက်မိသွား ကြရ၏။ ထို့နောက်မှ ဆွေမျိုးနီးစပ်ဖြစ်သူများကပုရောဟိတ်ပုဏ္ဏားကြီး၏ဦးခေါင်းမှ ကက္ကာရု နတ်ပန်းကုံးများကို ဖြုတ်ပေးရန် ကြိုးစားကြ၏။ အမြင်အတွေ့အားဖြင့် နူးညံ့ပျော့ပြောင်းလှစွာသော ပန်းကုံးများသည် တကယ်တမ်း ဖြုတ်ကြည့်လျှင်ကား သံမဏိတမျှ ခိုင်ခံ့၍နေကြပေသည်။ အားကောင်း မောင်းသန် ယောက်ျားကြီးများ တအားကုန် ဖြုတ်ကြည့်ရာတွင်လည်း ပုရောဟိတ် ပုဏ္ဏားကြီး၏ အသားအရေများသာ စုတ်ပြတ်ကုန်သဖြင့် အသာလက်လျော့၍ ထားကြရလေသည်။

ဤသို့ အပြင်းအထန် ဝေဒနာခံစား၍ ခုနစ်ရက်တိုင်တိုင် ကြာလာသော အခါ ဗြဟ္မဒတ်မင်းကြီးသည် ပုရောဟိတ် ပုဏ္ဏားကြီး၏ အသက်ကို ကယ်ဆယ်နိုင်ရေးအတွက် အမတ်များနှင့် ဆွေးနွေးတိုင်ပင်ရ၏။ အမြော်အမြင်ရှိသော အမတ်များက ဗာရာဏသီမြို့တော်၌ နောက်ထပ် တစ်ဖန် ပွဲတော်ကြီး ကျင်းပရန် အကြံပြုကြရာ ဗြဟ္မဒတ်မင်းကြီးကလည်း ထိုအကြံကို လက်ခံလိုက်လေသည်။

ဤသို့ဖြင့် နောက်တစ်ကြိမ် ပွဲတော်ကြီး ကျင်းပပြန်သောအခါ ယခင်တစ်ခါရောက်လာဖူးသော နတ်သားလေးယောက်တို့လည်း ရောက်လာကြကုန်၏။ ထိုအခါ အမတ်များသည် ပုရောဟိတ် ပုဏ္ဏားကြီးအား နတ်သားတို့ခြေရင်းသို့ ပို့ဆောင်ပေးကြ၏။ ကက္ကာရု နတ်ပန်းဒဏ်ကို မချိမဆန့် ခံစားရခါမှ နောင်တကြီးစွာရနေသော ပုရောဟိတ်ပုဏ္ဏားကြီးကလည်း ''အရှင်နတ်သားတို့၊ ကျွန်ုပ်အား အသက်ချမ်းသာခွင့် ပေးတော်မူကြပါ'' ဟု ရှိသေစွာ အသနားခံရ၏။

ဤတွင်မှ နတ် သား တစ် ယောက် က ''ပု ဏ္ဏား ကြီး၊ သင်ဟာ ကက္ကာရု နတ်ပန်းကုံးနဲ့ ထိုက်တန်တဲ့ ဂုဏ်ကျေးဇူး တစ်ခုတစ်လေမှမရှိပါဘဲလျက် ရှိဟန်ဆောင်ပြီး တောင်းယူခဲ့တယ်။ ဒါကြောင့်လဲ သင့်အပြစ်ဒဏ် သင့်ဘာသာ ခံခဲ့ရတယ်''

ဤသို့ပြောဆိုကာ ပုရောဟိတ် ပုဏ္ဏားကြီး၏ ဦးခေါင်းမှ ကက္ကာရု နတ်ပန်းကုံးတို့ကို အလွယ်တကူ ဖြုတ်ယူလိုက်လေသည်။

စုဝေး လာကြသော ပရိသတ်ကြီးသည် နတ်သားများ ကွယ်ပျောက်သွားသည်အထိ အတွေးကိုယ်စီဖြင့်ရပ်တည်လျက်ရှိကြလေသည်။

(စတုက္ကနိပါတ်၊ ကဏ္ဍာရ ဇာတ်)

## ကဏ္ဍာရ ဇာတ်၊ စတုက္ကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ပုဏ္ဏား | = | ဒေဝဒတ်။ |
| နတ်သားတစ်ပါး | = | အရှင်မဟာကဿပ။ |
| နတ်သားတစ်ပါး | = | အရှင်မဟာမောဂ္ဂလာန်။ |
| နတ်သားတစ်ပါး | = | အရှင်မဟာသာရိပုတ္တရာ။ |
| အကြီးဆုံးနတ်သား | = | မြတ်စွာဘုရား။ |

## နှုတ်ပိတ်သီချင်း

''နယ်ခြားမြို့တွင် ထာဝစဉ် နေထိုင်လျက်ရှိသော အဆွေ သူဌေး ထံသို့ ကျွန်ုပ် ဗာရာဏသီသူဌေး အမှာစာ ရေးလိုက်ရပါသည်။ သင်နှင့် ငါတို့မှာ အချိန်ကြာမြင့်စွာ မိတ်ဆွေရင်းချာ ဖြစ်ခဲ့ကြသဖြင့် သားပေး သမီးယူ ကြည်ဖြူစွာ ဆက်ဆံ သင့်သော သူများ ဖြစ်ကြ ပါသည်။ သို့ဖြစ်ပါ၍ ယခု အမှာစာကိုယူဆောင်လာသောကျွန်ုပ်၏သား သောဏ အား သင့်သမီးနှင့် လက်ထပ်ထိမ်းမြားရန် သင်တို့ထံ စေလွှတ်လိုက်ပါ သည်။ ငါ၏သားကို သင့်သမီးနှင့် ထိမ်းမြား၍ သင်တို့အိမ်မှာ နေထိုင်ခွင့် ပြုစေချင်ပါသည်။ အခါအခွင့်သင့်သောအခါ ငါတို့လည်း သင်တို့ထံ အရောက်လာခဲ့ပါမည်''

နယ်ခြားမြို့က သူဌေးသည် အထက်ပါစာကို ဖြည်းညင်းစွာ ဖတ် ကြည့်ပြီးမှ စာအဆုံးမှာ ရိုက်နှိပ်ထားသော တံဆိပ်ကို သေသေချာချာ ကြည့်ရှုစစ်ဆေး၏။ မိမိတို့နှစ်ဦးစပ်ကြား၌ အရေးကြီးသော ဆက်သွယ် စာမှန်သမျှကို ဤတံဆိပ် အမှတ်အသား ခတ်နှိပ်ထားနေကျဖြစ်၍ မိမိ မိတ်ဆွေ ဗာရာဏသီ သူဌေးကြီး၏ တံဆိပ် အစစ်အမှန် ဖြစ်ကြောင်း တွေ့ရှိရပေသည်။

သို့ဖြစ်၍ နယ်ခြားမြို့က သူဌေးသည် အမှာစာယူဆောင်လာသော သောကကို အကဲခတ်ရပြန်၏။ ထိုသူငယ်မှာ ရှပ်ဆင်းအင်္ဂါ လှပတင့်တယ်၏။ စကားအရာ လိမ္မာပြေပြစ်၏။ လူကြီးသူမများအား လေးလေးစားစား ဆက်ဆံတတ်၏။ စာရေးစာဖတ်လည်း တတ်မြောက် ကျွမ်းကျင်၏။ သို့ဖြစ်၍ မိမိမိတ်ဆွေ ဗာရာဏသီ သူဌေးကြီး၏ သားဖြစ်ကြောင်းယုံကြည်စိတ်ချကာ မိမိ သမီးနှင့် ထိမ်းမြားလျှ ပေးလိုက်ရလေသည်။

နယ်ခြားမြို့က သူဌေးသမက် ဖြစ်လာသည့် အဓိပ္ပါယ်ကစ၍ သောကသည် စားရေးသောက်တာ ချေးများလာတော့၏။ ဝတ်စား ဆင်ယင်ပြုပြင်ပေးသမျှကိုလည်း အလိုမကျနိုင်အောင် ဖြစ်ရတော့၏။ ''နင်တို့နယ်စွန်နယ်ဖျားက ဟာတွေက ထမင်း ဟင်းမှ လူချင်းတူအောင် မချက်တတ်ကြလေရော့သလား''ဟု မကြာခဏ ရှုတ်ချတတ်၏။ ''နင်တို့လိုတောသူ တောင်သားတွေက အဝတ်အစားမှ တူတူတန်တန် မချုပ်တတ်ကြလေရော့သလား''ဟု မကြာခဏ ကဲ့ရဲ့တတ်၏။

သူဌေးသမီးမှာ ခင်ပွန်းသည်၏ ကဲ့ရဲ့ရှုတ်ချမှုဒဏ်ကို မကြာခဏ ခံလာရ၍ စိတ်ဆင်းရဲရ၏။ သို့ရာတွင် မိမိဖခင်ကြီးကိုယ်တိုင်က အလွန်တရာ လေးစားရသော သူဌေးကြီး၏သားဟု ဆိုထားသဖြင့် အလိုက်သင့်သည်းခံ၍ ပြုစုလုပ်ကျွေးနေရလေသည်။

\+ \+ \+

ထိုအချိန်မှာပင် ဗာရာဏသီ သူဌေးကြီးမှာ သည်းမခံနိုင်အောင် ဖြစ်နေရ၏။ သူသည် နယ်ခြားမြို့ သူဌေးအိမ်က အဖြစ်သနစ်များကို အထောက်တော် တစ်ယောက်ထံမှ ကြားသိရလေရာအလွန်တစ်ရာဒေါသထွက်နေရ၏။

''တောက်-ရာရာစစ ကဍ္ဍာဟကဆိုတဲ့ ကျွန်မ သားကများကွာ ငါ့သားဆိုပြီး အကြံကြီး ကြံရက်ပါလေတယ်။ ငါ့နာမည်ကို အသုံးပြုပြီးလဲ စာလွှာရေးသေးတယ်။ ငါ့တံဆိပ်ကိုလဲ ငါ မသိဘဲ ခိုးရိုက်ခဲ့သေးတယ်။ အင်းလေ ငါကိုယ်တိုင်ကလဲ သင်းကို ငါ့သားနဲ့ တစ်နေ့ထဲမှာ ဖွားတယ်ဆိုပြီးတော့ အရေးပေးခဲ့တာကိုး။ ငါ့သားနဲ့ အဘူထား၊ အတူ မြောက်စားပြီးတော့ စာရေးစာဖတ်ပါ သင်ပေးခဲ့တာကိုး။ တောက်- ခုတော့ ဒီပညာတွေကို ကောင်းကောင်း ခုတုံးလုပ်လိုက်တာပေါ့လေ''

စိတ်ထဲမှာ မကျေချမ်းနိုင် လေသမျှ တောက် တခတ်ခတ်နှင့် ရေရွတ်နေရ၏။ သင်းကသာ ဤလိုဖောက်ပြန်မသွားခဲ့ဘူးဆိုပါက သင်းကိုသားနှင့်ထပ်တူ ကြည်ဖြူစွာ စောင့်ရှောက်ရန် စိတ်ကူးထားပြီးဖြစ်၏။ ယခုတော့ သူ့ကိုနည်းနည်းကလေးမျှ မျက်နှာသာပေး၍ မဖြစ်တော့ပြီ။ သင်းကို ပြန်၍ ဖမ်းဆီးကာ ကျောပြင်မှာသံပူအပ်၍ ကျွန်အမှတ်တံဆိပ်ခတ်နှိပ်ထားမှ တော်တော့မည်။ မိမိလို အရှင်သခင်များအနေနှင့် မိမိ ပိုင်သော ကျေးကျွန်၏ အသက်ကိုပင် ပိုင်ဆိုင်နေသည်ဖြစ်ရာ ဤမျှလောက်တော့ မကြာခဏ ပြုနေကျပင် ဖြစ်ပေသည်။

သို့ရာတွင် မိမိမှာ ပြည့်ရှင်မင်းကြီးနှင့် အကျွမ်းတဝင်နေထိုင်လာခဲ့ရသည်ဖြစ်၍ မိမိ၏ ရည်ရွယ်ချက်ကို မင်းကြီးထံ လျှောက်တင်ခဲ့ဖို့ လိုပေသည်။ သို့မှသာ မတော်တဆ ကဋ္ဌာဟကဘက်ကများ ခုခံနေလျှင် မင်းအာဏာနှင့် ပူးပေါင်း၍ ကောင်းကောင်း အရေးယူနိုင်ပေလိမ့်မည်။

* * *

ကဋ္ဌာဟက တစ်ဖြစ်လဲ သူဌေးသမက် သောဏကတော့ သူ့အရှင်သခင်ကို ခုခံပုန်ကန်ရန် လုံးဝ စိတ်မကူးပါ။ သူလုပ်နိုင်သမျှထဲမှ အပြင်းထန်ဆုံးမှာ လွတ်ရာကျွတ်ရာ ထွက်ပြေးရန်ပင် ဖြစ်၏။ သို့ရာတွင် ဤအကြံအစည်ကို လယ်ခံ၍ မဖြစ်သေးပါ။ အကယ်၍ ဤမြို့ကလေးက တစ်ကြိမ်တစ်ခါ ထွက်ပြေးခဲ့ပါက နောက်ထပ်တစ်ဖန် ပြန်ကပ်ခွင့် ရတော့မည်မဟုတ်ပါ။ ကိုယ့်စိတ်ကိုယ် အစိုးမရသဖြင့် ဇနီးသည်နှင့်တကွ အခြွေအရံများအပေါ် ကဲ့ရဲ့ရှုတ်ချမှုပြုခဲ့မိသော်လည်း လုံးလုံးကြီး ခွဲခွာဖို့ကိုတော့ ဘယ်နည်းနှင့်မျှ လက်မခံနိုင်ပါ။ သို့ဖြစ်၍ မိမိ၏အရှင်သခင်ထံ မဖြစ်ဖြစ်အောင် ဝင်ရောက်ပြီးလျှင် ကျိုးကျိုးနွံနွံ ပြုစုလုပ်ကျွေးရန် ဆုံးဖြတ်ရပေသည်။

ကျေးကျွန် တစ်ယောက် ပီသစွာ ကျိုးကျိုးနွံနွံ ပြုစုတာကတော့ဟုတ်ပါပြီ။ ဤသို့ပြုစုလုပ်ကျွေးသည်ကို ဇနီးသည်နှင့်တကွ အိမ်ကအခြွေအရံများ မြင်သွားကြပါလျှင် မည်သို့ ထင်သွားကြပါမည်နည်း။ မိမိ၏ဘဝအမှန်ကို သိမြင်သွားကာ မိမိကို ကန်ထုတ်လိုက်ပါက မည်သို့ပြုရပါမည်နည်း။

စကတည်းက အလိမ်နည်းကို သုံးလာခဲ့ရသော သောဏသည် ထိုအလိမ်ပေါ်မသွားစေရန် နောက်ထပ်တစ်ဖန် လိမ်ဉာဏ် ဆင်ရပြန်ပါတော့သည်။

''အို- အိမ်သူ အိမ်သား အပေါင်းတို့၊ ဗာရာဏသီမြို့တော်က ကျွန်တော့် ဖခင်သူဌေးကြီးဟာ သားကြီးရှိရာ ထွက်လာနေပြီလို့ သတင်းစကားကြားသိရတယ်။ ဒီတော့ ကျွန်တော့်အနေနဲ့ သားလိမ္မာတစ်ယောက်ဖြစ်လေတော့ ကိုယ့်ဖခင်သူဌေးကြီးကို အရိုသေဆုံး၊ အလေးမြတ်ဆုံးပုံစံနဲ့ ပြုစုလုပ်ကျွေးဖို့ ဆုံးဖြတ်ထားတယ်။ သားမိုက်၊ သမီးမိုက် တချို့ဟာ မိဘများက မျက်နှာသာ ပေးထားတာကို အခွင့်ကောင်းယူပြီး မိဘများနဲ့ အတူတူ စားတတ်ကြတယ်။

''ကျွန်တော်တို့ကတော့ ဒီလို အခွင့်အရေးမျိုး မယူခဲ့ပါဘူး။ ကိုယ့်ဖခင် ထမင်းစားတော့မယ်ဆိုရင် လက်ဆေးရေခွက်တို့၊ ထွေးခံတို့ အရန်သင့်ချပေးခဲ့တယ်။ ကိုယ့်ဖခင် ထမင်းစားနေတုန်းမှာလဲ လိုအပ်တဲ့ ထမင်း ဟင်း လိုက်ပေးဖို့ အရန်သင့်စောင့်နေခဲ့တယ်။ ထမင်း ဟင်း လိုက်ပေးစရာမရှိဘူးဆိုရင်ယပ်လေခတ်လို့ပေးနေခဲ့တယ်၊ စားသောက်ပြီးတော့လဲ သောက်ရေ၊ လက်ဆေးရေတို့ခပ်ပေးခဲ့တယ်။ နောက်ဆုံးကုန်ကုန်ပြောမယ်ဗျာ၊ ကိုယ့်ဖခင် နောက်ဖေးသွားတဲ့ အခါတောင်မှပဲ သန့်ရှင်းရေးလုပ်ဖို့ ရေအိုးကို ကိုယ်တိုင်ထမ်းလို့ ပို့ခဲ့ရတယ်။ ကိုယ့်အိမ်မှာတုန်းက အဲသလို ပြုစုလုပ်ကျွေးခဲ့တဲ့အတိုင်းပဲ အခု ဒီကိုရောက်လာခိုက်မှာလဲ ပြုစုမြဲတိုင်း ပြုစုရလိမ့်မယ်။ အဲဒါကို တလွဲမထင်ကြရအောင်လို့ ကြိုတင်ပြီး ပြောပြထားလိုက်ရတယ်''

ကျေးကျွန်တစ်ယောက်ဖြစ်၍ ပြုစုလုပ်ကျွေးရသည်ကိုပင် သားလိမ္မာအဖြစ်ဖြင့် ပြုစုလုပ်ကျွေးရသကဲ့သို့ ဖြစ်အောင် ပြောပြထားရ၏။ အိမ်သူအိမ်သား အပေါင်းကလည်း သူပြောလေသမျှ အဟုတ်ချည်း ထင်မှတ်ကာ ''ဩော်- ဒီလို သားလိမ္မာမျိုးကလေး များတော့ မွေးရကျိုးနပ်ပါပေတယ်'' ဟု တပြောစားစား ဖြစ်ကြရပေသည်။

\+ + +

''ကျွန်ပါးဝတဲ့ ကဋ္ဌာဟကတော့လားကွာ၊ သင်းကိုတော့ တွေ့လျှင် တွေ့ချင်း မှတ်လောက်သားလောက်ကြီး ဖြစ်အောင်ကို ဒဏ်ခတ်ပစ်လိုက်ရမယ်''

လမ်းတစ်လျှောက်လုံး၌သို့ချည်းကြုံးဝါးလာခဲ့သော ဗာရာဏသီသူဌေးကြီးသည် နယ်ခြား မြို့ကလေးနားသို့ ရောက်လာသည့်တွင်ကားလေသံများ ပျော့လာရ၏။ သူ့အပြစ်ပေးသမျှကို ခံယူရတော့မည့် ကဋ္ဌာဟကသည် သူ့ကို မြို့ပြင်မှ အသင့် စောင့်ကြိုနေကာ လက်ဆောင်ပဏ္ဏာ

များ ပေးဆက်၏။ မြို့တွင်းသို့ မဝင်သေးမီ ခေတ္တခဏ စခန်းချစရာ အရိပ်အာဝါသများလည်း အရန်သင့် ပြုလုပ်ပေးထား၏။ နေစရာ ထိုင်စရာ အပြည့်အစုံနှင့်တကွ စားကောင်းသောက်ဖွယ် များကိုလည်း အရန်သင့် ပြင်ဆင်ပေးထား၏။ လမ်းတစ်လျှောက်လုံး ဖြစ်သလို စားလာခဲ့ရသည် ဖြစ်၍ ယခုလို ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ပြင်ဆင်ထားသော စားကောင်းသောက်ဖွယ်များ တွေ့လိုက်ရလေရာ ဗာရာဏသီသူဌေးကြီးမှာ ချက်ချင်း ပင် ဆာလောင်မွတ်သိပ်၍ လာတော့သည်။

ဤအရိပ်အခြေကို အကဲခတ်နေသော သောဏသည် စောစောက ပြောပြထားခဲ့သည့် ပုံစံများအတိုင်း လိုလေသေးမရှိအောင် ပြုစုလုပ်ကျွေး၏။ စားရေးသောက်တာ ပြီးစီး၍ သူဌေးကြီး နောက်ဖေးထိုင်ရန် ဆိတ်ကွယ်ရာ သွားသောအခါ သောဏကိုယ်တိုင် ရေအိုးထမ်း၍ လိုက်ပါသွား၏။ ဆေးကြောသန့်ရှင်းရေး ကိစ္စများပြီးစီး၍ သူဌေးကြီး ထွက်လာသောအခါ သူဌေးကြီး၏ ခြေအစုံတွင် ဦးတင်ရှိခိုးလျက်....

''အရှင် သူဌေးမင်း၊ အရှင်သူဌေးမင်းကို စော်ကား မော်ကား ပြုခဲ့တဲ့အတွက် ကျွန်တော့်ကို ရိုက်နှက် ဆုံးမတော်မူပါ။ လိုအပ်သမျှ ပစ္စည်းဥစ္စာကိုလဲ အမိန့်ရှိပါ။ ကျွန်တော့် အခြေအနေကလေးကိုတော့ ချမ်းသာပေးတော်မူပါ'' ဟု သာယာချောင်စွာ တောင်းပန်၏။

ကဋ္ဌဟာက၏ ခရီးဦးကြိုဆိုခြင်း၊ ပြုစုလုပ်ကျွေးခြင်းတို့ကြောင့် စိတ်ပြေနေပြီဖြစ်သော သူဌေးကြီးသည် ဤသို့အလေးအမြတ် တုပ်ဝပ်ရှိခိုး၍ တောင်းပန်လျှင်ကား အားရကျေနပ်သွားကာ ''အမောင် မကြောက်နဲ့တော့။ ငါ့ကြောင့် သင့်မှာ နစ်နာမသွားစေရပါဘူး'' ဟု အာမခံချက် ပေးလိုက်လေတော့သည်။

\+ \+ \+

အယောင်ဆောင် သူဌေးသားအား အပြစ်ဒဏ်ခတ်ရန် ထွက်လာခဲ့သော သူဌေးကြီးသည် မိတ်ဆွေ သူဌေးအိမ်သို့ ရောက်သည်တွင်ကား သောဏအမည်သစ် ခံယူထားသော ကဋ္ဌဟာကကို မိမိသား အဖြစ်ဖြင့် ဆက်ဆံရတော့သည်။ သားနှင့်သမီးတို့၏မင်္ဂလာပွဲကို ရည်စူးကာထပ်မံ၍ လက်ဖွဲ့ရတော့သည်။

ခမည်းခမက် အချင်းချင်းရင်းနှီးစွာ ဆက်ဆံ၍လာခဲ့ကြရာ သူဌေးသမီးကလေး၏ လိမ္မာရေးခြား၊ ရိုးသားချောင်လှပုံကို သတိထားမိ၏။

ဤလို သဘောဖြူအစင်းသည့် မိန်းကလေး တစ်ယောက်အား ဉာဏ်များလှသည့် ကဋ္ဌာဟက နိုင့်ထက်စီးနင်းပြုမည့် အရေးကိုလည်း မြေးမြင်မိ၏။ သို့ဖြစ်၍ ဗာရာဏသီ သူဌေးကြီးသည် သမီးကို အနားသို့ခေါ်ယူကာ မိမိခေါင်းမှာ သန်းရှာစေလျက်....

"ဘယ့်နှယ်လဲ သမီး၊ ငါ့သားက သမီးအပေါ် ကြင်ကြင်နာနာ ဆက်ဆံပါရဲ့လား။ လင်မယား နှစ်ယောက်ကြားမှာ စိတ်သဘောထား ညီညွတ်ကြပါရဲ့လား" ဟု တိုးတိုးတိတ်တိတ် မေးမြန်းကြည့်လိုက်ရာ....

"အို- ဖခင်၊ ဖခင့်သားဟာ အစားအသောက်၊ အဝတ်အဆင်မှာ အင်မတန်ချေးများတာ၊ အကဲ့ရဲ့ထူတာလောက်ပဲ ရှိပါတယ်။ တခြားဟာတွေတော့ မဆိုးလှပါဘူး"

"အေး-ဒီလိုဆိုရင်တော့ ကောင်းပြီပေါ့။နောက်တစ်ခါ သူချေးမများရအောင် သမီးကို သီချင်း တစ် ပုဒ် သင် ပေးထားခဲ့မယ်။ အ စား အသောက် အဝတ်အဆင်နဲ့ ပတ်သက်လို့ သူ့ဘက်က ရှုတ်ချကဲ့ရဲ့စကား ပြောကြားတော့မယ်ဆိုရင် အဲဒီသီချင်းကိုသာ ဆိုလိုက်။ သူတစ်ခါထဲနှုတ်ဆိတ်ပြီး ငြိမ်ကျသွားလိမ့်မယ်"

ဤသို့အမှာစကား ပြောကြားပြီးလျှင် ဗာရာဏသီသူဌေးကြီးသည် အဖိုးတန် လှသော သီချင်းကို နှုတ်တက်ရအောင် သင်ကြားပေးလိုက်လေသည်။

\+ \+ \+

မိမိကံကြမ္မာကို အသေအချာ မသိရခင်ကပင် ဝင့်ဝင့် ကျယ်ကျယ် နေလာခဲ့သော သောဏသည် ယခုလိုအခြေအနေ ကောင်းလာသည်တွင်ကား သိသိသာသာ မောက်ကြွားလာတော့၏။ ဘာမဆိုကောင်းတာကိုမှ လက်ခံကာ သူမကြိုက်တာ ဆိုပါက ရစရာမရှိအောင် ရှုတ်ချပြစ်တင်တော့၏။

ဤတွင် သူဌေးသမီးသည် ယောက္ခမ သူဌေးကြီး သင်ကြားပေးခဲ့သည့်အတိုင်း....

"ကဋ္ဌာဟကရယ်၊ တစ်နေရာ ရောက်ခါမှ ချေး များ လှ တယ်။ နောက်များတော့မလွယ်၊ တွေ့ကျယ်ဖို့အရေး၊ သူတစ်ခါဒီလာရက်မှာတော့ ချိုးဖျက်လိမ့်မနေး" ဟု ဆိုလိုက်ရပေသည်။

တကယ်တော့ဖြင့် သူဌေးသမီးသည် သူ့ခင်ပွန်းသည် သောဏ၏ ယခင်နာမည်မှာ ကဋ္ဌာဟကဟု မသိရချေ။ သီချင်းထဲမှာ ပါဝင်သော စကားတို့၏ အနက်အဓိပ္ပာယ်ကိုလည်း မသိပါချေ။ယောကျ္ာမသူဌေးကြီး သင်ပေးခဲ့သမျှ နှုတ်တက် ရထားသည့်အတိုင်း ရွတ်ဆို လိုက်ခြင်းသာဖြစ်ပါသည်။

သို့ရာတွင် ထိုသီချင်းသည် သောဏအတွက်တော့အနက်အဓိပ္ပာယ် ပေါ်လွင်လှပါ၏။မိမိသာ ရှေ့ဆက်ပြီးချေးများနေပါက သူဌေးသမီးကို နိုင့်ထက်ကလူ ပြုမူနေပါက သူဌေးကြီးကလာ၍ အပြစ်ပေး တော့မည်ဟု သဘောပေါက်လိုက်၏။

ထို့ကြောင့်ထိုသီချင်းကို ကြားလိုက်ရသည့်နေ့မှစ၍သောဏသည် မိမိစိတ်ကို ပြုပြင်ဆုံးမကာ အိမ်သူအိမ်သားအားလုံးနှင့် အဆင်ပြေပြေ နေသွားရလေတော့သည်။

(ကေနိပါတ်၊ ကဋ္ဌာဟကဇာတ်)

**ကဋ္ဌာဟကဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်**

ကဋ္ဌာဟက = လှည့်စားတတ်သောရဟန်း။
ဗာရာဏသီသူဌေး = မြတ်စွာဘုရား။

# ၂၁။ ဘဝသင်ခန်းစာ အဖြာဖြာ

(ဇာတ်တော် မိတ်ဆက်)

ရွှေအခန်းများမှာတုန်းက သင်ခန်းစာချင်း တူရာတူရာဝတ္ထုများကို အနည်းဆုံး(၃)ပုဒ်ထားရှိစုစည်းတင်ပြခဲ့ပါသည်။ ဤဝတ္ထုများမှာမူ တပုဒ်လျှင် သင်ခန်းစာ တစ်မျိုးစီဖြစ်နေကြသဖြင့် ဤအခန်းမှာမှတန်းစီ ဖော်ပြလိုက်ရပါတော့သည်။

ပထမဆုံးဖော်ပြလိုက်သော 'အမည်သညာခေါ်စရာကား' ဝတ္ထုမှာ အမည်နာမ၌ သိပ်ပြီး အစွဲအလမ်းမကြီးကြရန် ဖြစ်ပါသည်။ ဤသို့ဆိုသဖြင့် နာမည်လှလှကလေးတွေ ရွေးပြီးမမှည့်ရဟူ၍ကား မဆိုလိုပါ။ အကြောင်းအားလျော်စွာ ငယ်နာမည် မပျောက်နိုင်ရှာကြသော မောင်ယုတ်မာလို လူမျိုးများကို ဟားမတိုက်မိကြစေရန်သာ ဖြစ်ပါသည်။

ကျွန်ုပ်တို့ မြန်မာပြည်ထောင်စုဖွားတို့သည် ဘိုးစဉ်ဘောင်ဆက်မှစ၍ အရေးကြီးသည့်ကိစ္စ တစ်စုံတစ်ခု လုပ်စရာရှိလေတိုင်း 'နေ့ကောင်း

ရက်သာ’ ဝတ္ထုမှာကဲ့သို့ အခါရွေးလာခဲ့ကြပါသည်။ ဤသို့သော အစဉ် အလာကို ပစ်ပယ်ရန်၊ ဆန့်ကျင်ဘက်ပြုရန် မလိုအပ်သော်လည်း အယူ သည်းသည့်အဆင့်သို့ကား ရောက်မသွားရန် သတိချပ်သင့်ပါသည်။ နေ့ကောင်းရက်သာ အခါမိရေးထက် လိုအပ်သောအကျိုးတရားဖြစ်ပွား လာရေးကိုသာ အဓိကထားသင့်ပါသည်။

ထို့ပြင် ဗေဒင်ကျန်းဂန်ဟူသော အတတ်ပညာကို လေ့လာ၍ ဟောကြားနေကြသော ဗေဒင်ဆရာများမှာ အခြေခံစိတ်ဓာတ်အရ သူလို ငါလိုများချည်းသာဖြစ်ကြရာ တစ်ခါတစ်ရံတွင် ပညာကိုမျက်ကွယ်ပြုကာ ကိုယ်ရေးကိုယ်တာဖြင့် ဖုံးလွှမ်းသွားနိုင်ကြပါသည်။ သို့ဖြစ်၍ ဤအချက် ကို ဤဝတ္ထုဖြင့် သတိပေးလိုက်ရခြင်း ဖြစ်ပါသည်။

ရပ်ထဲရွာထဲ၌ လူအများစုဝေးလာမိသောအခါတိုင်း ‘ဆရာမ၏ ဆုံးမစကား’ ဝတ္ထုထဲမှ ဆရာမလိုပုဂ္ဂိုလ်များပါဝင်လာတတ်ကြပါသည်။ ထိုသူတို့သည် ‘ငါချိုသလို မချိုကြနဲ့။ နင်တို့ချိုတတ်သလိုသာချိုကြ’ ဟူ သောလူစားမျိုးသာ များကြပါသည်။ သူတစ်ပါး အပေါ် ဆုံးမဖို့သာ စိတ်ပါလက်ပါရှိ၍ မိမိကိုယ်တိုင်ကား ကျင့်သုံးရန် စိတ်မပါတတ်ကြပါ။

ထိုသူမျိုးများနှင့် ပတ်သက်၍ သင်ခန်းစာ ထုတ်ယူရန်မှာ ကိုယ့် ဆုံးမစကားအတိုင်းကိုယ်တိုင်မလိုက်နာလျှင်ကိုယ်ကျိုးနည်းတတ်ပုံဖြစ်ပါ သည်။ ထို့ပြင် သူတို့ကိုယ်တိုင် ကျင့်သုံးသည်၊ မကျင့်သုံးသည်ကို တစ် ပိုင်းထားကာ ဟောကြားဆုံးမသောစကားကို သေသေချာချာလေ့လာ ဆန်းစစ်၍ လိုက်နာသင့်သော အချက်များကို လေးလေးစားစား လိုက် နာပါက မိမိအတွက် အကျိုးများစေနိုင်ပါသည်။

‘ပတ္တမြားမှန်လျှင် ညွန်မှာနစ်စေတော့၊ မညစ်ပါဒီအရောင် တိုးလို့ သာပြောင်’ ဟူသောဆိုထုံးတစ်ခုရှိခဲ့ပါသည်။ ဤ ‘ပတ္တမြားမှန်လျှင်’ ဝတ္ထု မှာမူ ညွန်မှာ အနစ်မခံရပါ။ ညွန်နှင့် အသုတ်ခံရခြင်းသာ ဖြစ်ပါသည်။ သို့သော်ငြားလည်း ပတ္တမြားက စစ်မှန်နေသဖြင့် အရောင်မှိန်မသွားပါ။ အစစ်အမှန်သမားတို့ အားတက်ဖွယ်ဖြစ်ပါသည်။

တချို့သူများမှာ တကယ့်အရေးပါအရာရောက်သော ပုဂ္ဂိုလ်များ မရှိသေးသည့်အခိုက် အရေးပေးခံလိုက်ရသည်ကိုပင် ခြေဖျားထောက်ချင် ကြပါသည်။ ဖနောင့်မှာ သံစူးနေကြသော ထိုသူများမှာ ‘ဥဒေါင်း ငှက်မလာခင်’ ဝတ္ထုမှ ကြီးကဲ့သို့သာ ဖြစ်ပါသည်။ တစ်နေ့ကျတော့ တောရချောင်ကြားသို့ ရောက်သွားကြရမည်သာ ဖြစ်ပါသည်။

'အမြီးရှည်သူ' ဝတ္ထုဇာတ်လမ်းမျိုးမှာ အနောက်တိုင်း ပုံဝတ္ထုများမှာလည်း ပါဝင်ပါသည်။ မြို့ထဲရွာထဲမှာလည်း အများကြီးရှိနေကြပါသည်။ ထိုသူတို့မှာသိုးနှင့်ဝံပုလွေ၊ သိုးနှင့် ကျားသစ်ကဲ့သို့ အင်အားချင်းမကွာလှသဖြင့်မိမိအား ကိုက်သတ်၍ကား မစားနိုင်ကြပါ။သို့ရာတွင် အပြစ်ကိုမှ မရ ရအောင်ရှာချင်သူများပေမို့ သူတို့နှင့်အတတ်နိုင်ဆုံးလွတ်အောင် ရှောင်နေဖို့သာ ရှိပါတော့သည်။

'အောင့်နိုင်လျှင်အကျိုးရှိ' ဝတ္ထုမှ သင်ခန်းစာနှစ်မျိုးထုတ်ယူနိုင်ပါသည်။ မိမိမှာ တစ်စုံတစ်ရာ လိုအပ်လာသောအခါ လိုအပ်ချက်ကိုဖြည့်ပေးနိုင်လောက်သော သူ့ဆီ မှာသာ အကူအညီ တောင်းသင့် ပါသည်။ ထို့ပြင် အချိန်အခါမရောက်သေးခင် တွေ့ကြုံရသော ဆင်းရဲဒုက္ခကိုကြံ့ကြံ့ခံ၍ အောင့်ထားနိုင်ပါက တစ်နေ့ကျလျှင်လိုအပ်သမျှ ပြည့်ဝလာရတော့သည်သာ။

သို့ဖြစ်၍ဘဝသင်ခန်းစာ အဖြာဖြာကို လေ့လာသုံးသပ်လိုသူများအတွက် စံပြဝတ္ထု(၇)ပုဒ်ကို တန်းစီဖော်ပြလိုက်ပါသည်။

## အမည်သညာ ခေါ်စရာကား

တစ်နေ့သ၌ ဒိသာပါမောက္ခဆရာကြီး၏ သီးသန့် စာဖတ်ခန်းသို့ တပည့်တစ်ယောက် ဝင်လာခဲ့ရာ....

''ဘာလဲဟေ့၊ မောင်ယုတ်မာ၊ ဘာကိစ္စများ ရှိသလဲ''

''ကျွန်တော့် နာမည်လေး တစ်ဆိတ်လောက် ပြောင်းပေးစေချင်လို့ပါ ဆရာကြီး''

''ဟေ-မောင်ယုတ်မာဆိုတာ တို့ တက္ကသိုလ်တစ်မြို့လုံးက သိနေကြပြီးသားပဲကွာ။ နာမည်ဆိုတာ ခေါ်စရာ သက်သက်ပဲဟာ။ နာမည်မှာ ယုတ်မာသလို လူက မယုတ်မာဘူးဆိုတာ တို့ အားလုံးက သဘောပေါက်ထားကြသားပဲ''

''သဘောပေါက်ပြီးသား လူတွေအဖို့တော့ ဟုတ်ပါတယ် ဆရာကြီး။ သဘောမပေါက်တဲ့ လူတွေရှေ့မှာတော့ ခက်လှပါတယ်။ သူတို့ရှေ့မှာ သူငယ်ချင်းတွေက 'ဟေ့ မောင်ယုတ်မာ' လို့ ခေါ်လိုက်ရင်ပဲ သူတို့က လူကိုလှည့်ကြည့်ပြီး ပြုံးပြုံးသွားတတ်ကြပါတယ်။ အဲဒီဒဏ်တွေ အခံရခက်လွန်းလို့ပါ ဆရာကြီး''

ပယ်ဦး၊ ၁၉၇၈ မေ

''အေး-ဒါလောက်တောင် စိတ်သန့်နေရင်လဲ မြို့တွေ၊ရွာတွေအနှံ့ ခရီးဆန့်ပြီး အကြိုက်ဆုံး နာမည်လှလှ ကောင်းကောင်းလေး ရှာချေပေါ့ကွာ။ ရိက္ခာလဲ လုံလောက်အောင်ယူသွား။ ပြန်လာတဲ့အခါကျတော့ မင်းအကြိုက်ဆုံး ရွေးချယ်တဲ့နာမည်ကို ပြောင်း မှည့်ပေးရတာပေါ့''

ဤသို့သောလမ်းညွှန်ချက်ဖြင့် မောင်ယုတ်မာသည် မြို့ရွာအနှံ့ ခရီးဆန့်၍ လာခဲ့ရာ တစ်ခုသောရွာအထွက်တွင် အသုဘကိစ္စတစ်ခုချလာသည်ကို တွေ့ရ၍....

''မိတ်ဆွေတို့၊ ဒါ ဘယ်သူ့ကိစ္စပါလဲ''ဟု နှီးစပ်ရာလူကို စပ်စုကြည့်လိုက်ရာ....

''ဒါ မောင်သက်ရှည်ရဲ့ အသုဘကိစ္စလေ။ ကောင်လေး စိတ်သဘောထားကတော့ကောင်းပါတိနဲ့။ငယ်ငယ်ရွယ်ရွယ်နဲ့သေရရှာတယ်''

''နေပါဦး နေခင်ကြီးရဲ့၊ မောင်သက်ရှည်လဲဆိုသေးရဲ့။ ငယ်ငယ်ရွယ်ရွယ်နဲ့လဲ သေ သေးရဲ့။ ဘယ်လိုလဲဗျ ခင်ဗျားတို့ဟာက''

''အိုး-ကိုယ့်လူကလဲ အရေးထဲမှာ လာကြောင် နေရသေးတယ်။ နာမည်ဆိုတာ ခေါ်စရာဗျ။ ခေါ်လို့ရအောင် မှည့်ထားတာ။မောင်သက်ရှည်ပဲ ဖြစ်ဖြစ်၊ မောင်သက်တိုပဲဖြစ်ဖြစ် သေချိန်ကျရင် သေကြရမှာချည်းပဲပေါ့''

''ဩ-ဩ- ဒီလိုကိုး''

အမည့်နှင့်ပတ်သက်၍ တွေးစရာတစ်ကွက်ရလာခဲ့သောမောင်ယုတ်မာသည် ထိုနေရာမှ ထွက်လာခဲ့၍ မြို့တွင်းသို့ ဝင်ရောက်လာလေရာတဲအိမ်စုတ်ကလေးတစ်ခု၏ ရှေ့၌ မိန်းမတစ်ယောက်အား လူအများက ကြိုးနှင့် တုပ်၍ ရိုက်နှက်နေကြသည်ကို တွေ့ရ၏။ ဤတွင် မောင်ယုတ်မာသည် လာကြည့်နေသူ လူတစ်ယောက်ထံ မေးမြန်းကြည့်ရာ....

''လူ့သဘာဝတစ်ခုပေါ့ ကိုယ့်လူရယ်။ ကြွေး ယူတုန်းကတော့ ပြုံးပြုံး ပြုံးပြုံးနဲ့။ ယူပြီး အသုံးက မတတ်တော့ ကြွေး မဆပ်နိုင်တော့ဘူးလေ။ ဒီတော့လဲ ကြွေးရှင်များဘက်က ဒီလိုလုပ်စရာ တစ်ခုပဲရှိတော့တာပေါ့။ ခက်ပါတယ်ဗျာ။ ဒီမိငွေးကြွယ်နဲ့ပဲ ကျုပ်တို့ရပ်ကွက်လဲ မျက်စိရောနားရော ကပ်သင့်ခံရပေါင်း များလှပါပြီ''

''ဩော်- မိငွေးကြွယ်ဆိုတဲ့ မိန်းမက ယူထားတဲ့ကြွေးမှ မဆပ်နိုင်ရှာဘူးနော်''

''ဒါက နာမည်ဗျ နာမည်။ မိငွေးကြွယ်ဆိုတိုင်းသာ ငွေးပြီး ကြွယ်နေရင် အခု သူ့ရိုက်နေတဲ့သူတွေဟာ သူ့ရှေ့မှာ ပျာယာခတ်နေကြရ မှာပေါ့''

''ဩ-ဩ ဒီလိုကိုး''

တွေးစရာတစ်ကွက်ကို ဆက်လက် သယ်ဆောင်လျက် မောင်ယုတ်မာသည် ထိုမြို့မှ ထွက်၍ ဟောလမ်းအတိုင်း လျှောက်လာခဲ့ရာ တစ်နေရာတွင် သူ့လို ခရီးသည်တစ်ယောက်နှင့် တွေ့လိုက်ရ၍....

''နောင်ကြီးက ဘာကိစ္စနဲ့ ဒီတောထဲ တစ်ဝဲလည်လည် ဖြစ်နေရ တာလဲဗျ''ဟု နှုတ်ဆက်ရင်း စကားစလိုက်ရာ....

''ဒီတောထဲမှာ မျက်စိလည်ပြီး လမ်းမှားနေလို့ပါ ကိုယ့်လူရာ''

''ဟုတ်ကဲ့၊ ကာရန်မသင့်ရင် ဒီလိုပဲ ဖြစ်တတ်ကြပါတယ်။ ဒါနဲ့ နောင်ကြီး နာမည်ကလေး တစ်ဆိတ်လောက်''

''အေးကွာ၊ အမေးရှိလာမှတော့လဲ လူကြီးတွေ မှည့်ပေးခဲ့တဲ့ နာမည်ကို ပြောရသေးတာပေါ့။ နာမည်နဲ့ လူနဲ့တော့ လိုက်လဲ လိုက်ပါ ပေရဲ့ကွာ။ ကိုယ့်နာမည်က မောင်လမ်းတဲ့ကွ၊ ကဲ-မှတ်ကရော့''

''ဩ-ဩ ဒီလိုကိုး''

တွေးစရာတစ်ကွက်ကို လက်ခံရယူပြီးလျှင် မောင်ယုတ်မာသည် မျက်စိလည်လမ်းမှားနေသော ဦးလမ်းအား လမ်းမှန်ရာသို့ ပို့ဆောင်ပေး ပြီးနောက် ဒိသာပါမောက္ခဆရာကြီးထံ ပြန်လာခဲ့ရာ....

''ဘယ့်နှယ်လဲဟေ့- မောင်ယုတ်မာ၊ အဲ-အဲ ငါ့ တပည့်၊ စိတ်ကြိုက် နာမည်လေးတွေ ရှာဖွေလို့ ရခဲ့ပြီလား။ ဘယ်လို ဘယ်လိုများ ရှာဖွေခဲ့ရ သလဲ''

ဤသို့ ပြုံးပြုံးကြီး ဆီးကြို၍မေးမြန်းလိုက်သော ဒိသာပါမောက္ခ ဆရာကြီးအားမောင်ယုတ်မာက တွေ့ကြုံခဲ့သမျှ ပြန်လည်တင်ပြပြီးလျှင်....

''ဆရာကြီးခင်ဗျာ၊ နာမည်ဆိုတာက ခေါ်ရုံသက်သက် အသုံး ကျတာပါ။ ဒီတော့ မောင်ယုတ်မာဟာ မောင်ယုတ်မာအဖြစ်နဲ့ပဲ နေပါ ရစေတော့''ဟု ကျေကျေနပ်နပ်ကြီး ပြောပြလိုက်လေသည်။

(ကေနိပါတ်၊ နာမသိဒ္ဓိ ဇာတ်)

နာမသိဒ္ဓိဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| နာမည်ပြောင်းလိုသူ | = | ဘွဲ့မည်ပြောင်းလိုသောရဟန်း။ |
| ဒိသာပါမောက္ခဆရာကြီး | = | မြတ်စွာဘုရား။ |

## နေ့ကောင်းရက်သာ

ဗာရာဏသီမြို့ကြီးသား တစ်ယောက်သည် သားချင်းဆွေမျိုးများနှင့် တကွ တောရွာကြီးတစ်ခုသို့ သွားရောက်ကာ ထိုရွာရှိ သမီးပျို တစ်ယောက်အား မိမိသားနှင့် လက်ထပ် ထိမ်းမြားရန် စေ့စပ်ပြောဆို၏။ ထိုသမီးပျိုမှာ မျိုးရိုးဇာတိ စင်ကြယ်မြင့်မြတ်၏။ ရုပ်လက္ခဏာလှပတင့်တယ်၏။ အသိအလိမ္မာ ဉာဏ်ပညာပြည့်ဝ၏။ အကျင့်စာရိတ္တ ကောင်းမွန်လှ၏။ သို့ဖြစ်၍ထိုသမီးပျိုအား ချွေးမတော်ချင်သော သူဌေး၊ သူကြွယ်တို့ပေါများလှပေရာ သူတကာတို့ မလာသေးမီ ထိုမြို့ကြီးသားတို့က ဦးဦးဖျားဖျား ရောက်လာကြခြင်း ဖြစ်ပေသည်။

သမီးပျို၏ မိဘများသည် သတို့သား ဘက်မှ မျိုးရိုးဇာတိနှင့် အကျင့်စာရိတ္တကို စာစာကပင် အကျွမ်းတဝင် သိထားပြီးဖြစ်၍ စေ့စပ်ပြောဆိုချက်ကို လက်ခံလိုက်ကြ၏။ ဤသို့ဖြင့် လက်ထပ်မင်္ဂလာပွဲ ကျင်းပမည့် နေ့ရက်ကို နှစ်ဦးနှစ်ဘက်ညှိနှိုင်း၍ သတ်မှတ်ကာ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားလွှာများ ပို့လိုက်ကြလေသည်။

စေ့စပ်ကြောင်းလမ်းခြင်းကိစ္စကို ထမြောက်အောင် ဆောင်ရွက်၍ ပြန်လာခဲ့ကြသော သတို့သား မိဘတို့သည် သူတို့ကိုးကွယ်ဆည်းကပ်နေ

သော တက္ကဒွန်းဆရာကြီးထံသွားရောက်ကာ မိမိတို့ သတ်မှတ်လာခဲ့သော နေ့ရက်မှာ နေ့ကောင်းရက်သာ ဟုတ် မဟုတ် မေးလျှောက်ကြလေသည်။

ထိုးတမ်းစဉ်လာအရ ဆိုပါက ဗာရာဏသီ မြို့ကြီးသားတို့သည် မိမိတို့မှာ မင်္ဂလာပွဲတစ်ခုခု ကျင်းပရန် ရှိလာလျှင် တက္ကဒွန်း ဆရာကြီးထံမှာ ကြိုတင်၍ ရက်ရွေးပေးရန် ပန်ကြားကြရ၏။ တက္ကဒွန်း ဆရာကြီး၏ ဗေဒင်ပညာကို လေးစားယုံကြည်ကြသဖြင့် ဆရာကြီးသတ်မှတ်ပေးသော နေ့ရက်မှာသာ မင်္ဂလာပွဲ ကျင်းပလာခဲ့ကြရ၏။ ယခုလာသော ဒါယကာများကတော့ သူတို့ဘာသာ နေ့ရက်များ သတ်မှတ်၍ လာခဲ့ကြပြီးမှ သည်ကျောင်းသို့ ရောက်လာခဲ့ကြ၏။ ဤသည်မှာ ဆရာကြီး၏ ဗေဒင်ပညာနှင့် ဂုဏ်သိက္ခာကို မခန့်လေးစား စော်ကားလိုက်ခြင်းသာဖြစ်ဘိ၏။ ထို့ကြောင့်....

"ဒါယကာတို့၊ သင်တို့ သတ်မှတ်လာကြတဲ့ နေ့ရက်က တကယ့် ရက်ဆိုးရက်ကြမ်းကြီးပေပဲ။ အဲဒီနေ့မှာ မင်္ဂလာပွဲ သွားလုပ်ကြရင်တော့ ဒုက္ခ အကြီးအကျယ်ရောက်မှာ အမှန်ပဲ"

ကျောက်သင်ပုန်းကြီး ပေါ်၌ တွက်ဟန် ချက်ဟန် အတန်ငယ်ပြုကာ ဟန်ပါပါနှင့် ဟောကိန်းထုတ်လိုက်ပါတော့သည်။

သတို့သား မိဘများသည် ဤဟောကိန်းကြီး ကြားလိုက်ရခါမှ "အေး-မေးမိလို့တော်ပါသေးရဲ့၊ တော်ပါသေးရဲ့" ဟု တဖွဖွ ရေရွတ်ကာ နေအိမ်သို့ ပြန်လာကြရ၏။ ရက်ဆိုးရက်ကြမ်းကြီး၏အပြစ်ဒဏ်ကိုကြောက်ကြသဖြင့် သတ်မှတ် ထားသော နေ့ရက်မှာ အသာလေး ငြိမ်ကုပ်၍ နေကြပြီးလျှင် နောက်တစ်နေ့ကျခါမှ ထိုရွာကြီးသို့ လာခဲ့ကြလေသည်။

အိမ်ပေါက်ဝသို့ သူတို့ ရောက်လာသည်ဆိုလျှင်ပင် သတို့သမီး၏ မိဘ ဆွေမျိုးများသည် သူတို့ထံ ဝိုင်းအုံလာကြကာ....

"ခင်ဗျားတို့ မြို့ကြီးသားတွေက ဘယ်လိုလဲဗျ၊ ကိုယ်သတ်မှတ်ထားတဲ့ နေ့ရက်ကိုတောင် ဂရုမစိုက်ဘဲ နေရဲလောက်အောင် အရှက်အကြောက် ကင်းနေပြီလား" ဟု ဒေါသတကြီး ပြောဆိုကြလေရာ....

"အပြစ်တင်ရင်လဲခံရမှာပဲမိတ်ဆွေတို့ရာ။ ကျွန်တော်တို့ ကိုးကွယ်ဆည်းကပ်ထားတဲ့ တက္ကဒွန်းဆရာကြီးက ရက်ဆိုးရက်ကြမ်းကြီးလို့ ဟောကိန်း ထုတ်လိုက်လို့ မလာရဲကြတာပါ"

"ရက်ဆိုး ဖြစ်ဖြစ်၊ ရက်ကြမ်း ဖြစ်ဖြစ်ဗျာ၊ လူကြီးလူကောင်းမှန်ရင် ပေးထားတဲ့ ကတိတစ်လုံးကိုတော့ တည်ရမှာပေါ့ဗျ။ တောရွာမှာ

နေပေမယ်လို့ ကျုပ်တို့မှာလဲ ဆွေနဲ့မျိုးနဲ့၊ ဂုဏ်နဲ့သိန်နဲ့ နေကြတာပါဗျ။ ဒီနေ့ ဒီရက်မှာ မင်္ဂလာပွဲ ကျင်းပမယ်လို့ ဆွေရောမျိုးပါ အကြောင်းကြားထားပြီးမှ ခင်ဗျားတို့ဘက်က ရောက်မလာတော့ ကျုပ်တို့မျက်နှာ ဘယ်သွား ထားကြရမလဲ''

''တောင်းပန်ပါတယ် မိတ်ဆွေတို့ရာ။ ဒါတွေ အကုန်လုံး ကျွန်တော်တို့ အပြစ်တွေချည်းပါပဲ။ ကဲ- ဒီတစ်ခါတော့ တလွဲတချော် မဖြစ်စေရတော့ပါဘူး။ ထိမ်းမြားမင်္ဂလာပွဲကို တစ်ခါထဲ ကျင်းပသွားမှာပါ''

''ခုမှတော့ အလာကောင်းပေမယ့် အခါနှောင်းသွားပြီလေဗျာ။ မနေ့က ခင်ဗျားတို့ ရောက်မလာလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်းမှာ တခြားရွာက သူကြွယ်တစ်ယောက်က လာတောင်းလာတာနဲ့ သူတို့သားနဲ့ ထိမ်းမြားပေးလိုက်ပြီ''

''ဟာဗျာ၊ ဒါဂြိုဟ်တော့ ခင်ဗျားတို့လွန်တာပေါ့''

''လွန်တော့ကော ဘာဖြစ်သေးသလဲဗျ၊ကဲ ပြောစမ်း၊ခင်ဗျားတို့ ဘာလုပ်ချင်ကြသေးသလဲ''

ဤသို့ ကတောက်ကဆ ပြောဆိုကြရာမှ ရန်ပွဲကြီး ဖြစ်လာလေရာ သတို့သမီး အခေါ်လာသော မြို့ကြီးသားတို့မှာ ဖူးဖူးရောင်သောမျက်နှာများဖြင့် ရွာထဲက ထွက်လာခဲ့ကြရလေသည်။

(ကေနိပါတ်၊ နက္ခတ္တဇာတ်)

နက္ခတ္တဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

တက္ကတွန်း ဆရာကြီး = ထိုသူ
ထိုဇာတ်လမ်းကို တွေ့မြင်၍
ဂါထာရွတ်သူ = မြတ်စွာဘုရား။

## ဆရာမ၏ ဆုံးမစကား

"အို-အဆွေ ငှက်အပေါင်းတို့၊ ယာဉ်ရထားတို့ ဖြတ်သန်းသွားလာတဲ့ လမ်းမကြီးဆိုတာ အင်မတန် အန္တရာယ်များလှတယ်။ အဲဒီ လမ်းမကြီးမှာ အင်မတန် လျင်မြန်တဲ့ ဆင်ကြီးတွေလဲ ရောက်လာတတ်တယ်။ မြင်းကြီးတွေလဲ ဒုန်းစိုင်းလာတတ်တယ်။ အင်မတန်ကြမ်းတမ်းတဲ့ နွားတွေကလဲ လှည်းကို အရှိန်ပြင်းစွာ ဆွဲလာတတ်ကြတယ်။ ဒါကြောင့် လမ်းမကြီးဆိုတာ ဝေးဝေးကသာ ရှောင်ကြပေတော့"

ဤကား ငှက်မတစ်ကောင်၏ ဆုံးမစကားများ ဖြစ်ပေသည်။ ဤစကားများဖြင့် မကြာခဏ ဆုံးမတတ်သဖြင့် သူ့ကို ဟိမဝန္တာရှိ ငှက်အများက ဆရာမဟု နာမည်ပေး၍ လေးစားစွာ ဆက်ဆံလာကြရပေသည်။ သူ့စကားကိုလည်း လေးစားစွာ လိုက်နာကြရပေသည်။

ငှက်မင်း ကိုယ်တိုင်ကလည်း ဆရာမ၏ ဆုံးမသွန်သင်မှုကို လိုလိုလားလား ရှိ၏။ ဤသို့သော ဆုံးမသွန်သင်မှုဖြင့် မိမိအခြွေအရံ ငှက်အများမှာ ဘေးအန္တရာယ် မတွေ့ကြုံရဘဲ ချမ်းချမ်းသာသာ ပျော်ရွှင်စွာ နေထိုင်ကြရသောကြောင့် ဖြစ်ပေသည်။

စပယ်ဦး၊ ယာဧပ

ဤသို့ဖြင့် နေ့ရက်များစွာ ပျော်ရွှင်စွာနေလာခဲ့ကြ၍တစ်နေ့သော အခါတွင် ငှက်ပေါင်းစုံတို့၏အစည်းအဝေးကြီးကျင်းပကြ၏။ ထိုအစည်းအဝေးကြီး၌ ငှက်မင်းသည် ငှက်အပေါင်းတို့ ကျန်းမာ ချမ်းသာစွာ နေနိုင်ကြောင်း နည်းလမ်းကောင်းများ မြွက်ကြားနေကျဖြစ်၏။ ထိုနေ့ အစည်းအဝေးကြီးတွင်မူ ငှက်အပေါင်းတို့ ဘေးရန်ကင်းစွာ သွားလာ ကျက်စားကြရန် ဆုံးမစကား ပြောကြားဖော်ရသော ဆရာမကိုလည်း ချီးကျူးစကား ပြောကြားရန် အစီအစဉ်လည်း ပါရှိလေသည်။

သို့ရာတွင် အချီးကျူးခံရမည့် ဆရာမကား ထိုညီလာခံသို့ အချိန်မီ ရောက်မလာပေ။ တော်တော်ကြာလျှင် လာနိုး လာနိုးနှင့် မျှော်ကိုးနေကြ သော်ငြားလည်း ဆရာမကတော့ ရောက်မလာချေ။

သို့ဖြစ်၍ ငှက်မင်းသည် ဆရာမအား ချီးကျူးခန်းဖွင့်ရမည့် အစီ အစဉ်ကို ပယ်ဖျက်ကာ ခါတိုင်းပေးနေကျ အဆုံးအမများကိုသာ ပေးပြီး လျှင် အစည်းအဝေးကြီးကို ရုပ်သိမ်းလိုက်ရလေသည်။

ထို့နောက် ငှက်မင်းသည် အခြံအရံ ငှက်များနှင့်တကွ ပျောက် ဆုံးနေသော ဆရာမကို တောတကာ တောင်တကာ လှည့်လည် ပျံသန်း၍ ရှာဖွေလေရာ လမ်းမကြီး တစ်နေရာတွင် လှည်းဘီးသံဖနောင့်နှင့် ကြိတ် နင်းထားသဖြင့် ပြားချပ်ပြတ်သတ်နေသော ဆရာမ၏ အလောင်းကို တွေ့ ကြရလေသည်။ လှည်းလမ်းကြောင်းတစ်လျှောက်မှာလည်း လှည်းများမှ ဖိတ်ကျထားခဲ့သောစပါးစေ့များ၊ ပဲစေ့များအနှံ့အပြားရှိနေကြလေသည်။

“ကြည့်ထားကြ ငှက်အများတို့၊ သူဆုံးမတာက သူများတွေမလာ ရခါမှ သူတစ်ကောင်တည်း ချောင်ချောင် စားရအောင် ဉာဏ်ဆင်ထား တာပါကလား၊ လှည်းလမ်းကြောင်းက အစားအစာတွေ မက်မောနေတဲ့ အတွက် သူဟာ လှည်းတွေလာပေမယ့် အစာကောက်ရာက ထ ပျံခဲ့ဟန် မတူဘူး။ ဝေးသေးတာပဲ၊ ဝေးသေးတာပဲဆိုပြီး စားနေရာက တကယ် တမ်းလဲ အနီးရောက်လာရော ပျံချိန်မရတော့ဘဲနဲ့ လှည်းဘီးအောက်မှာ အသက် ပျောက်ရှာတော့တယ်။ သူများကိုသာ ဆုံးမပြီးတော့ ကိုယ်တိုင် မလိုက်နာတဲ့သူများဟာ ဒီလို ဖြစ်ကြရမှာပဲ”

ဤသို့ ငှက်မင်းက ဆုံးမစကား ပြောကြားလိုက်လေသည်။

(ကေနိပါတ်၊ အနုသာသိကာ ဇာတ်)

**အနုသာသိကာဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်**

ဆုံးမတတ်သော ငှက်မ = ဆုံးမတတ်သော ဘိက္ခုနီ။
ငှက်မင်း = မြတ်စွာဘုရား။

## ပတ္တမြား ပုန်လျှင်

ဟိမဝန္တာတောင်ကြီး တစ်နေရာ၌ ပတ္တမြားဂူကြီးတစ်လုံး ရှိနေ၏။ အပြင်မှာ သာမန်ကျောက်ဆောင်၊ ကျောက်တောင်များဖြစ်၍ အတွင်းက မျက်နှာပြင်များမှာမူ ပတ္တမြားအတိဖြစ်နေ၏။ မျက်နှာပြင်သည်ချောမွတ်တောက်ပြောင်၍နေရကား ရွှေတူရူရှိ ရေမြေတောတောင် စသော ရူပါရုံတို့သည် ထိုပတ္တမြား ဂူအတွင်း နံရံ၌ လာ၍ ထင်ဟပ်ကြလေသည်။

တရံရောအခါတုန်းက သုံးဆယ်မျှသော ဝက်တို့သည် ပတ္တမြား ဂူမှာ နေခဲ့ကြ၏။ စိတ်အနှောင့်အယှက်ဖြစ်စရာ တစ်စုံတစ်ရာမျှ မတွေ့ကြရသဖြင့် ဆက်လက်၍ နေထိုင်လာခဲ့ကြရာ ခုနစ်နှစ်တိုင်တိုင် ကြာလာပြီးမှ စိတ်အနှောင့်အယှက် တွေ့လာကြရလေသည်။

ယခုတလော ကြောက်မက်ဖွယ် ကောင်းလှသော ခြင်္သေ့ကြီးတစ်ကောင်သည် ပတ္တမြားဂူအနီးအပါး၌ လာရောက်ကျက်စား၏။ သို့ရာတွင် ဂူထဲက ဝက်များကို မမြင်သေးပါ။ ခြင်္သေ့ကြီး၏ အရိပ်ကသာ ပတ္တမြားဂူ အတွင်းနံရံမှာ ပေါ်၍ပေါ်၍လာသဖြင့် ဝက်များမှာ စိတ်နှလုံးချောက်ချား၍ လာကြရ၏။ စိတ်ချောက်ချားမှု အရင်းခံဖြင့် အစားအသောက် အအိပ်အနေများ ပျက်ပြားလာခဲ့ရာ အသွေးအသား ခန်းခြောက်၍လာကြရပေသည်။

ဒပယ်ဦး၊ ၈၁၈၉

ဤတွင် ဝက် အပေါင်းတို့သည် မိမိတို့ ဖြစ်အင်ကို ဆင်ခြင်သုံးသပ်ကာ....

'ဒီပတ္တမြားဂူရဲ့ အတွင်းနံရံတွေ ကြည်လင်နေလို့သာ ခြင်္သေ့ကြီးရဲ့ အရိပ်ကို ငါတို့များ မြင်နေကြရတယ်။ ဒီဂူနံရံကြီး မကြည်လင်ဘဲ မှုန်မှိုင်းသွားရင်တော့ မြင်ရမှာမဟုတ်ဘူး။ ဒါကြောင့် ဒီနံရံကြီး ကြည်လင်မနေရအောင် ငါတို့များ ကြိုးစားကြစို့''

ဤသို့ဆွေးနွေးတိုင်ပင်ကြပြီးလျှင် အနီးအပါးတွင်ရှိသောရေအိုင်စပ်မှ ရွှံ့နွံထဲ၌ လူးပြီးလျှင် ပတ္တမြားဂူနံရံကို ပွတ်တိုက်ကြ၏။ နေရာလပ်ဟူ၍ မကြံရအောင် စေ့စေ့စပ်စပ် ပွတ်တိုက်ကြ၏။ သို့ရာတွင် ပတ္တမြားဂူနံရံကား မှေးမှိန်မသွားဘဲ ပို၍ပင် ကြည်လင် တောက်ပြောင် လာပေသည်။

ဤတွင် ဝက်များသည် ကြံရာမရ ဖြစ်ကြရသဖြင့် မနီးမဝေးတွင် သီတင်းသုံးနေသော ရသေ့ကြီးထံသွား၍ လျှောက်တင်ကြ၏။ ဤတွင် ရသေ့ကြီးက....

''ဟယ်-ဝက်တို့၊ ကြည်လင်တောက်ပြောင်နေတဲ့ ပတ္တမြားဂူနံရံကို မှေးမှိန်သွားအောင်သင်တို့ဘယ်လိုမှ လုပ်မရနိုင်ဘူး။ ခြင်္သေ့ကြီးရဲ့အရိပ်ကို မမြင်ချင်ကြတာဖြင့် တော်ရာသာ သွားနေကြပေတော့''

ဤသို့ ဆုံးမစကားပြောကြားလိုက်လေရာ ဝက်များမှာ တခြားနေရာသို့ ပြောင်းရွှေ့သွားကြရလေသည်။

(တိကနိပါတ်၊ မဏိသံသဇာတ်)

**မဏိသံသဇာတ်၊ တိကနိပါတ် ဇာတ်ပေါင်းသော်**

ရသေ့ကြီး = မြတ်စွာဘုရား။

## ဥဒေါင်းငှက် မလာခင်

အစတုန်းက ဗာဝေရုတိုင်းတွင် ကျေးငှက်သာရကာဟူ၍ လုံးဝ မရှိခဲ့ဟု ဆိုကြ၏။

တစ်နေ့သောအခါတွင်မူ သမုဒ္ဒရာ၌ ရွက်လွှင့်၍ လာခဲ့သော ကုန်သင်္ဘောတစ်စီးသည် ဗာဝေရု ဆိပ်ကမ်းသို့ ဆိုက်ကပ်လာ၏။ ဗာဝေရုတိုင်းသားတို့သည် သင်္ဘောပေါ်သို့ တက်၍ ပါလာသော ကုန်ပစ္စည်း အဆန်းတို့ကို လှည့်လည်ကြည့်ရှုကြရာ တစ်နေရာတွင် တောင်းနှင့်ထည့်ထားသော ကျီးတစ်ကောင်ကို တွေ့ကြရလေသည်။

ကျေးငှက် သာရကာဟူ၍ လုံးဝမမြင်ဖူး မတွေ့ဖူး ခဲ့ကြသော ဗာဝေရုတိုင်းသားတို့သည် ကျီးကို တွေ့လိုက်ရသောအခါ အလွန်တရာ ဝမ်းသာကြ၏။ ဘက်ပေါင်းစုံမှ လှည့်လည်ကြည့်ရှု၍ အားမရနိုင်အောင် ဖြစ်ကြရ၏။

''ကြည့်ကြစမ်းပါဦးဟယ်၊ သူ့အမွေးအတောင်တွေက တစ်ကိုယ်လုံး မည်းနက် တောက်ပြောင်ပြီးနေကြတာပဲနော်။ သူ့မျက်လုံးလေးတွေကလဲ ပတ္တမြားခဲကလေးတွေလို နီရဲပြီးနေတာပဲ။ အင်မတန် လှတယ်။ အင်မတန် ချစ်စရာကောင်းတယ်''

ဤသို့ တစ်ယောက် တစ်ပါးစပ် ချီးမွမ်းကြပြီးလျှင် ကျီးကိုလိုချင်ကြသဖြင့် ကုန်သည်များထံ တောင်းကြလေရာ....

"အဆွေတို့၊ ကမ်းမမြင် လှမ်းမမြင်ရတဲ့ သမုဒ္ဒရာ၌ရိုးမှာ သွားလာရတဲ့ သင်္ဘောသားတိုင်းဟာ ကမ်းကြည့်ငှက်ကို ယူဆောင်ကြရမြဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်ုပ်တို့အတွက် အင်မတန်အရေးကြီးတဲ့ ငှက်ကို အလကားတော့ မပေးနိုင်ပါ။ ထိုက်တန်တဲ့ အဖိုးရရင်တော့ ရောင်းနိုင်ပါရဲ့"

ကုန်သည်များက ကျီးကိုလိုချင်နေမှန်းသိ၍ ဤသို့ဈေးခေါ်လိုက်ကြသဖြင့်....

"ကဲဗျာ-ဒီလိုဆိုရင် ဒီကျီးကို ငွေတစ်ကျပ်ပေးပယ်ဗျာ"

"နည်းလွန်းလှပါတယ် မိတ်ဆွေတို့ရာ"

"ဒါဖြင့်၊ နှစ်ကျပ်ထားဗျာ"

"အလှမ်းဝေးလွန်းလှပါသေးတယ်ဗျာ"

ဤသို့ တဖြည်းဖြည်းကြေးတက်၍ တက်၍ပေးလာခဲ့ရာ ငွေတစ်ရာရောက်ခါမှ ကျီးအရောင်းအဝယ် ဖြစ်လေတော့သည်။

ဘယ့်လောက်ကြီးပဲ ပေးရပေးရ၊ ဗာဝေရုတိုင်းရင်းသားများကတော့ မမြင်စဖူး၊ ထူးကဲလှသော ကျီးကို ရွှေလှောင်အိမ်မှာထည့်၍ကျွေးမွေးပြုစုကြကုန်၏။ အမဲ၊ ငါး၊ သစ်သီးစသဖြင့် ကောင်းနိုးရာရာအစားအစာများ ကျွေးမွေးကြကုန်၏။ဤသို့ဖြင့်လူတို့၏အစားအစာကိုလှယက်ခိုးဝှက်၍ စားလာခဲ့ရသောကျီးသည် ဗာဝေရုတိုင်းရင်းသားလက်၌မကြုံစဖူး ထူးထူးခြားခြား ကောင်းစား၍ နေပေသည်။

ဗာဝေရုဆိပ်ကမ်းသို့ ကုန်သင်္ဘော နောက်တစ်ခေါက် ဆိုက်လာသောအခါ ဥဒေါင်းတစ်ကောင်ပါလာ၏။ ကျကျနနသင်ကြားထားပြီးဖြစ်၍ လက်ဖျစ်တီး၍ အချက်ပေးလိုက်လျှင်ဥဒေါင်းသည် သာယာသောအသံဖြင့်တွန်ကျူး၏။ လက်ခုပ်သံဖြင့် အချက်ပေးလိုက်သောအခါ လှပသော အတောင်များ၊ မြီးဆံများကိုဖြန့်ကာ အဆန်းတကြယ် လှည့်လည်ကပြ၏။

ဤတွင်လည်း ဗာဝေရုတိုင်းသားတို့သည် ဥဒေါင်းကိုလိုချင်လွန်းလှသဖြင့် ငွေတစ်ထောင်တိတိ ပေး၍ ဝယ်လိုက်ကြ၏။ ရတနာ ခုနစ်ပါး

စီခြယ်ထားသော လှောင်အိမ်၌ ထားပြီးလျှင် သစ်သီးကြီးငယ်၊ ပေါက်ပေါက်၊ ပျား၊ သကာစသည်တို့ဖြင့် လိုလေသေးမရှိ ကျွေးမွေးကြ၏။ ရှိရှိသမျှသော ကလေးလူကြီးများသည် ဥဒေါင်းနားမှာသာဝိုင်းအုံ၍နေကြပြီးလျှင် ကျီးအနားသို့ကား တစ်ယောက်မျှ မသွားကြတော့ချေ။

ဥဒေါင်းငှက် မလာခင်တုန်းက ဘုန်းတန်ခိုးကြီးခဲ့သောကျီးသည် ဤအခြေအနေသို့ ရောက်သောအခါ ကာကာမြည်လျက် လှောင်ချိုင့်မှ ထွက်ပြေးလေတော့သည်။ အစားအစာ ဆာလောင်လွန်းလှသဖြင့် လူအများ မစင်စွန့်ရာ မြေသို့ သွားရောက်ကာ အစာရှာရလေတော့သည်။

(စတုက္ကနိပါတ် ဗာဝေရုဇာတ်)

ဗာဝေရုဇာတ်၊ စတုက္ကနိပါတ် ဇာတ်ပေါင်းသော်

ကျီး = နိဂဏ္ဌနာဋပုတ္တ။
ဥဒေါင်း = မြတ်စွာဘုရား။

### အမြိုး ရှည်သူ

အုပ်ထဲမှ ကွဲကျန်ရစ်ခဲ့သော သိုးမကလေးသည် သိုးအုပ်ရှိရာသို့ အလျင်အမြန် ပြေးလိုက်လာခဲ့ရာ ရှေ့တူရူမှ ကျားသစ်တစ်ကောင် စောင့်နေသည်ကို တွေ့လိုက်ရသဖြင့် အရှိန်သတ်၍ ရပ်လိုက်ရလေသည်။

စောစောကသာကြိုတင်၍မြင်ခဲ့မိလျှင်တော့သိုးမကလေးမှာ လွတ်ရာ ကျွတ်ရာ ပြေးနိုင်လောက်ပါ၏။ ယခုတော့ ပြေး၍မလွတ်နိုင်လောက်သော နယ်ပယ်အတွင်းရောက်လာပြီမို့ကျားသစ်၏စိတ်သဘောထားနူးညံ့သွားအောင် ချော့မော့ပြောဆိုမှချမ်းသာရာရနိုင်ပေလိမ့်မည်။သို့ဖြစ်၍....

''ဦးလေးကြီး၊ ကျန်းခံ့သာလို့ မာပါရဲ့နော်။ချမ်းချမ်းသာသာလဲ ရှိပါရဲ့နော်၊ ကျွန်မရဲ့အမေကလဲ ဦးလေးကြီးချမ်းသာပါစေလို့ဆုတောင်းခဲ့ပါတယ်။ ကျွန်မတို့ သားအမိ နှစ်ယောက်လုံးကပဲ ဦးလေးကြီးချမ်းသာရေးကို လိုလားကြပါတယ်''

ဤသို့ ပျူပျူငှာငှာနှုတ်ခွန်းဆက်၍ ချိုချိုသာသာ ပြောဆိုလိုက်သည်တွင် ကျားသစ်ကတော့ သူထင်သလို ဖြစ်မလာပါ။

စမယ်ဦး၊စ၁၀၉

''ဟယ်-သိုးမကလေး၊ သင်ဟာ ငါ့အမြီးကို တက်နင်း ကြိတ်ချေလာခဲ့ပြီးမှ ငါ့ကို ဦးလေးကြီးခေါ်လိုက်ရုံနဲ့ အပြစ်က လွတ်လိမ့်မယ်များ ထင်နေသလား''

''အို-ဒီလိုလဲ မပြောလိုက်ပါနဲ့ ဦးလေးကြီးရယ်။ ဦးလေးကြီးက အရှေ့ဘက်ကို မျက်နှာမူလို့ နေပါတယ်။ ကျွန်မကလဲ ဦးလေးကြီးဆီ မျက်နှာမူပြီး လာခဲ့တာပါ။ ဒီတော့ ဦးလေးကြီးရဲ့ နောက်မှာ ရှိနေတဲ့ အမြီးကို ကျွန်မက ဘယ့်နှယ်လုပ်ပြီး နင်းနိုင်ပါ့မလဲ''

''ဟော့-သိုးမကလေး၊ လျှာရှည်မနေနဲ့။ ဒီမြေကြီး ကျယ်ပြန့်တာနဲ့ အမျှ ငါ့အမြီးက ရှိနေတယ်။ ကဲ-နင်ဘယ့်နှယ်လုပ် ရှောင်နိုင်ဦးမလဲ''

''သြော်-ဟုတ်ပါရဲ့ ဦးလေးကြီးရယ်။ ဒါကြောင့်လဲ ကျွန်မရဲ့ အမေ၊ အဖေတွေ၊ မောင်တွေက ပြောခဲ့ကြတာကိုး။ အပြစ် ရှာတတ်တဲ့ သူဟာ အင်မတန် အမြီးရှည်သတဲ့လေ။ဒီတော့လဲ ကျွန်မက ဦးလေးကြီးရဲ့ အမြီးနဲ့ လွတ်အောင် အထက်ကောင်းကင်က လာခဲ့တယ်လို့ပဲ ဆိုပါရစေတော့''

''ဟဲ့ အမိုက်မကလေးရဲ့၊ နင် ကောင်းကင်က ပျံလာတဲ့အတွက် နင့်ကို မြင်ပြီး သားကောင်တွေ လန့်ပြေးကုန်ကြပြီ။ ဒီတော့ နင်ဟာ ငါ့ အစာကို ဖျက်ဆီးတဲ့အတွက်....''

ပြောပြောဆိုဆို ကျားသစ်သည် ''ဦးလေးကြီး၊ ဦးလေးကြီး''ဟု မြည်တမ်းနေသော သိုးမကလေးကို လည်ပင်းက ကိုက်သတ်၍ စားလိုက်လေတော့သည်။

(အဋ္ဌကနိပါတ်၊ ဒီပိဇာတ်)

ဒီပိဇာတ်၊ အဋ္ဌကနိပါတ် ဇာတ်ပေါင်းမှသင်

| | | |
|---|---|---|
| သိုးမ | = | ထိုသိုးမ။ |
| ကျားသစ် | = | ထိုကျားသစ်။ |
| ထိုဇာတ်လမ်းကို တွေ့မြင်ရသော ရသေ့ | = | မြတ်စွာဘုရား။ |

## အောင့်နိုင်၍ အကျိုးရှိ

ဂင်္ဂါမြစ်ကမ်းပါးရှိ ဖြူဖြူဖွေးဖွေးရှိနေသော သဲသောင်ပြင်ထက်ဝယ် ပုဏ္ဏားလုလင်လေးတစ်ယောက်သည် အပေါ်ရုံပုဆိုးဖြင့် တစ်ကိုယ်လုံး လွှမ်းခြုံလျက် ထက်ဝယ် ဖွဲ့ခွေ ထိုင်နေလေသည်။

ပုဆိုး၏အပြင်သို့ စလွယ်များ ထုတ်ပြထားသဖြင့် အမျိုးဇာတ်မြင့်မြတ်သော ပုဏ္ဏားဖြစ်ကြောင်း သိသာလှပေသည်။ ထိုနေရာမှ လုံးဝမထဘဲ ထိုင်နေခဲ့သဖြင့် လှပတင့်တယ် ရှုချစ်စဖွယ်ရှိလှသော သူ၏မျက်နှာသည် ပင်ပန်းနွမ်းနယ်၍ နေပေသည်။

လမ်းသွားလမ်းလာများသည် ထူးခြားလှသော အပြုအမူကြောင့်တအံ့တသြဖြစ်ကာ ပုဏ္ဏားလုလင်ထံ လာ၍ကြည့်ရှုကြ၏။ အရွယ်လေးနှင့်မလိုက်အောင် ပင်ပန်းဆင်းရဲခြင်းဒုက္ခ ခံစားနေရသဖြင့် စိတ်တသပ်သပ်ဖြစ်ကာ ဤသို့ ထိုင်နေရခြင်း အကြောင်းရင်းကို မေးမြန်းကြ၏။ကောင်းမြတ်သော စေတနာ၊ ကြင်နာသော ကရုဏာဖြင့် မေးမြန်းသောစကားတို့ကို ပုဏ္ဏားလုလင်ကတော့ လုံးဝမပြန်ကြားပေ။ရေငုံနှုတ်ပိတ်ဆိတ်ဆိတ်နေမြဲသာ နေလေသည်။

လမ်းသွားလမ်းလာတို့ထံမှ သတင်းရသဖြင့် နောက်တစ်နေ့တွင်အနီးကပ်ဆုံး ကျေးရွာမှ ရွာသူရွာသားများက လာ၍ မေးမြန်းကြ၏။

တတိယနေ့တွင်မြို့သူမြို့သားများလာ၍မေးကြ၏။ စတုတ္ထနေ့တွင် မြို့မျက်နှာဖုံး လူကြီး သူမများ ရောက်လာကြ၏။ ပဉ္စမနေ့မှာ မင်းမှုထမ်းများရောက်လာကြ၏။ ပုဏ္ဏားလုလင်ကတော့လာ၍ မေးလာသမျှ လုံးဝမဖြေကြားပေ။ သို့ရာတွင် သူ၏ ကိုယ်ခန္ဓာကတော့ တစ်နေ့ထက်တစ်နေ့ ပို၍ညှိုးနွမ်းလာခဲ့၏။ နေ့ရှေညပါ ထိုနေရာက လုံးဝမရွှေ့။ အပူဒဏ်၊ အအေးဒဏ်ကို တောက်လျှောက် ခံစားလာခဲ့ရသဖြင့် အင်မတန် ပင်ပန်းလှပါပေပြီ။ သို့ရာတွင် ပင်ပန်းရခြင်း အကြောင်းရင်းကိုကား မေး၍ မရနိုင်သဖြင့် လက်မှိုင်ချကာ ငိုကြွေး၍ ပြန်သွားကြရပေတော့သည်။

ဤသို့တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ပြန့်ပွား၍လာခဲ့ရာ ပုဏ္ဏားလုလင်ကလေး၏ အကြောင်းကို ဗြဟ္မဒတ်မင်းကြီးကိုယ်တိုင် ကြားသိလာရ၏။ လူကြီးသူမတို့၏ အစဉ်လာစကားအရ အမျိုးဇာတ်မြင့်မြတ်လှသော ပုဏ္ဏား တစ်ယောက် ဤသို့ အစာအငတ်ခံ၍ သေဆုံး သွားခဲ့ပါလျှင် တစ်တိုင်းတစ်ပြည်လုံး ကံဆိုးမိုးမှောင် ကျလာလိမ့်မည်ဟု ယုံကြည်စွဲမှတ်ထားကြသဖြင့်မင်းကြီးကိုယ်တိုင် ထိတ်လန့်လာရ၏။ သို့ဖြစ်၍စကားအရာလိမ္မာတတ်ကျွမ်းသော တမန်များစေလွှတ်၍ မေးမြန်းစေရာ ထိုတမန်များမှာလည်း အချည်းနှီး ပြန်လာရပေသည်။

ဤသို့ဖြင့် ခုနစ်ရက်မြောက်သို့ရောက်သောအခါ ဗြဟ္မဒတ်မင်းကြီးကိုယ်တိုင် ဂင်္ဂါမြစ် ကမ်းပါးသို့ သွားရောက်၍ ပုဏ္ဏားလုလင်ထံ ချဉ်းကပ်ကာ....

''အို- ပုဏ္ဏား၊ မင်နေ့တုန်းက တမန်တော်များလွှတ်ပြီး မေးမြန်းသော်လည်း အသင်ပုဏ္ဏားက ဘာတစ်ခုမျှ မဖြေကြားလိုက်ပါ။ အသင်ပုဏ္ဏားမှာဘယ်လိုဆင်းရဲဒုက္ခများကျရောက်နေပါသလဲ။ဘာကြောင့်များစောစောက မေးမြန်းသူတွေကို မဖြေကြားဘဲ နေခဲ့ရပါသလဲ''

ဤသို့ ပြည့်ရှင်မင်းကြီးကိုယ်တိုင် လာရောက်၍ မေးမြန်းသည်တွင်ကား ပုဏ္ဏားလုလင်သည် မျက်လွှာဖွင့်၍ ကြည့်ကာ....

''အရှင်မင်းကြီး၊ မိမိမှာ ဆင်းရဲဒုက္ခ ကျရောက်နေတဲ့အခါ အဲဒီဆင်းရဲဒုက္ခက လွတ်မြောက်အောင် အကျိုးမဆောင်နိုင်တဲ့ သူများထံမှာ မပြောကြားသင့်ပါ။ တစ်စိတ်တစ်ဒေသလောက် ဖြစ်စေ လွတ်မြောက်အောင် အကျိုးဆောင်နိုင်တဲ့သူကိုသာ ပြောကြားသင့်ပါတယ်။ ဒါကြောင့် စောစောက လူတွေ လာမေးတာကို မဖြေကြားသေးဘဲ အရှင်မင်းကြီးကျမှ ဖြေကြားရပါတော့တယ်''

''ဒါဖြင့် ကောင်းပါပြီ အသင်ပုဏ္ဏား၊ အသင်ပုဏ္ဏားမှာ ဘယ်လိုများ ဆင်းရဲဒုက္ခ ကျရောက်နေပါသလဲ''

"အရှင်မင်းကြီး၊ ဒိသာပါမောက္ခ ဆရာကြီးထံ ပညာသင်ကြားဖို့ သွားစဉ်တုန်းက ကျွန်ုပ်မှာ ဆရာပူဇော်ခကြေး ပါမသွားခဲ့ပါဘူး။ ဒါကြောင့် "ဆရာကြီးထံမှာ ပညာသင်ကြားပြီးမှ တိုင်းပြည်အနှံ့ လှည့်အလှူခံပြီး ပေးပါရစေ" လို့ တောင်းပန်ပြီး ပညာသင်ကြားခဲ့ရပါတယ်။ ပညာရပ်အားလုံး တတ်မြောက်တဲ့အခါ ပေးထားခဲ့တဲ့ ကတိစကားအတိုင်း နယ်ပယ်အနှံ့ ခရီးဆန့်ပြီး အလှူခံလိုက်တာ ရွှေဒင်္ဂါး ခုနစ်ရာ ရရှိခဲ့ပါတယ်။

"ရလာတဲ့ ရွှေဒင်္ဂါးတွေကို သေသေချာချာထုပ်ပြီး ဂင်္ဂါမြစ်ကို ကူးတို့လှေနဲ့ ကူးလာရာမှာတော့ ကူးတို့လှေလူးတာနဲ့ ပါသမျှ ရွှေတွေ မြစ်ရေထဲကျသွားရပါတော့တယ်။

"ဒီတော့ အဲဒီရွှေတွေ ဘဏ္ဍာစား ပြန်ရအောင် လှည့်ပြီး အလှူခံရမယ်ဆိုရင် အချိန်အများကြီး စောင့်ရပါလိမ့်မယ်။ အနယ်နယ်အရပ်ရပ်မှာလဲ ဆင်းရဲကျပ်တည်း နေကြလေတော့ ဒါလောက်များများ ပြန်ရဖို့ဆိုတာက မလွယ်ပါဘူး။ ဒါလောက်များတဲ့ ရွှေဒင်္ဂါးကိုလဲ စောစောက လာမေးတဲ့သူတွေ မပေးနိုင်ကြပါဘူး။ ဒါကြောင့် သူတို့ကိုမဖြေကြားဘဲ အရှင်မင်းကြီးကျမှ ဖြေကြားရပါတော့တယ်"

"ကောင်းပါတယ် အသင်ပုဏ္ဏား၊ အသင်ပုဏ္ဏားရဲ့ လုပ်ဆောင်ချက် မှန်ကန်ပါပေတယ်။ ဇွဲ၊ သတ္တိ အပြည့်အဝနဲ့ ဆင်းရဲဒုက္ခဒဏ်ကို ကြံ့ကြံ့ခံနိုင်တဲ့ အသင်ပုဏ္ဏားရဲ့ အရည်အချင်းကိုလဲ အားရနှစ်သက်လှပါတယ်။ ဒါကြောင့်အသင် ကျပျောက်ခဲ့တဲ့ရွှေဒင်္ဂါးခုနစ်ရာကို နှစ်ဆတိုးပြီး ပေးလှူလိုက်ပါ့မယ်"

ဤသို့ ဝန်ခံစကားပြောကြားခဲ့သည့် အတိုင်း ဗြဟ္မဒတ်မင်းကြီးထံမှ ရွှေဒင်္ဂါးတစ်ထောင့်လေးရာတိတိ ရရှိသောအခါ ပုဏ္ဏားလုလင်သည် ဒိသာပါမောက္ခဆရာကြီးထံ သွားရောက်ကာ ရိုသေစွာ ကန်တော့လိုက်လေသည်။

(ဇေရသနိပါတ်၊ ဒူတ ဇာတ်)

ဒူတဇာတ်၊ တေရသနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ဗြဟ္မဒတ်မင်း | = | အရှင်အာနန္ဒာ။ |
| ဆရာပုဏ္ဏားကြီး | = | အရှင်မဟာသာရိပုတ္တရာ။ |
| တပည့်ပုဏ္ဏားငယ် | = | မြတ်စွာဘုရား။ |

# ၂၂။ ရယ်ပါပြုံးပါ ခွင့်လွှတ်ပါ

(ဇာက်တော် မိတ်ဆက်)

ရှေ့အခန်းများမှာတုန်းက ရသအဖုံဖုံဇာတ်လမ်းစုံကို ဖတ်ရှုကြား နာ၍လာခဲ့ကြသောပရိသတ်ကြီးအား ယခုနောက်ဆုံးအခန်းတွင် ဟာသ ဝတ္ထု(၁၁)ပုဒ်ဖြင့် နှုတ်ခွန်း ဆက်လိုက်ရပါသည်။

ဟာသဝတ္ထုဆိုရာ၌ ဤဇာတကဝတ္ထုများကို မြတ်စွာဘုရားဟော ကြားတော်မူစဉ်တုန်းက ဟာသ ရသမြောက်စေရန် တမင်တကာ ဖန်တီး တော်မူခဲ့သည်မဟုတ်ပါ။ လောလောဆယ်ဖြစ်ပေါ်လာသောအကြောင်း အရာ သို့မဟုတ် အတ္ထုပ္ပတ္တိတစ်ခုခုနှင့် အနုသန္ဓေဆက်စပ်ကာ တရားနာ ပရိသတ်အား အသိပေးလို ဟောကြားဆုံးမလို၍ အတိတ်ဇာတ်ကြောင်း ကို ပြန်ပြောင်းဟောကြားတော်မူခဲ့ခြင်းသာ ဖြစ်ပါသည်။

သို့ရာတွင် ထိုရည်ရွယ်ချက်သို့ ရောက်အောင် ပို့ဆောင်ပေးရာတွင် အထောက်အကူဖြစ်ခဲ့သော ထိုဝတ္ထုဇာတ်ကြောင်း ကလေးများကတော့

မြတ်စွာဘုရား၏ပြုံးရွှင်သော ဟာသိတုံပ္ပာဒ်စိတ်ကိုလှုံ့ဆော်၍ပေးခဲ့ပါလိမ့်မည်။ ထိုဝတ္ထုပါ ဇာတ်ဆောင်တို့၏ အချိုးမကျသော အပြုအမူများ၊ တလွဲတချော်ပြောဆိုမှုများနှင့်အပြန်အလှန် ဂုဏ်ပြုမြှောက်စားခြင်းကိုက ဟာသ ရသကို ဆောင်နေသောကြောင့် ဖြစ်ပါသည်။

ထိုဇာတ်ဆောင်တို့၏ ကာယ၊ ဝစီ၊ မနောသုံးပါးသော အမူအရာတို့ကိုသေသေချာချာလေ့လာသုံးသပ်ကြည့်ပါက ဟာသရသမြောက်သည်နှင့်အမျှ သနားစရာ ကောင်းနေသည်ကိုလည်း တွေ့ရပါလိမ့်မည်။ ဘဝအတွေ့အကြုံ စုံလင်၍ အသိပညာပြည့်ဝပြီးဖြစ်သော ယခုအခြေအနေမှ သူတို့ကို လှမ်းမျှော်ကြည့်လိုက်ပါလျှင် 'ြော်–သူတို့ခမျာ ဒီလိုပဲဖြစ်ရှာကြရမှာပဲလေ' ဟု ခွင့်လွှတ်စိတ်မွေးမြူနိုင်ကြပါလိမ့်မည်။

သို့ဖြစ်၍ စာဖတ်သူများ၏ ပတ်ဝန်းကျင်တွင် ဤဝတ္ထုကလေးများနှင့် သဘောတူဖြစ်ရပ်ဇာတ်လမ်းများနှင့် တွေ့ရကြုံရသည့်အခါတွင် ပြုံးရွှင်ရယ်မောတတ်အောင် အလေ့အလာ ပြုသင့်ပါသည်။ ထို့အတူပင် ထိုဇာတ်ဆောင်များကို ခွင့်လွှတ်စိတ် မွေးမြူနိုင်အောင် ကြိုးစားသင့်ကြပါသည်။

ဤသို့ ပြုံးရွှင်တတ်၊ ရယ်မောတတ်၊ ခွင့်လွှတ်တတ်သော အလေ့အလာရှိထားပါက မိမိတို့ရရှိထားသော မနုဿတ္တ ဒုလ္လဘဆုထူးဆုမြတ်ကြီးကို ပိုမို၍ တန်ဖိုးထားတတ်လာလိမ့်မည် ဖြစ်ပါသည်။ ပိုမို၍မြတ်နိုးတတ်ကြပါလိမ့်မည်။

## သူ့ဥပမာ

တက္ကသိုလ်မြို့တော်ဒိသာပါမောက္ခဆရာကြီးထံပညာသင်ကြားနေကြသော တပည့်ငါးရာတို့တွင် လာဠုကဟူသော လုလင်တစ်ယောက်လည်း အပါအဝင်ဖြစ်၏။ လာဠုကသည်ကား ပညာသင်ကြား၍မရနိုင်လောက်အောင် ဉာဏ်ထိုင်းလှ၏။ သို့ရာတွင် ဆရာကြီးအပေါ် ဝတ်ကြီးဝတ်ငယ်ပြုစုရာတွင်ကား လိုလေသေးမရှိသဖြင့် ပြန်၍ မလွှတ်ရက်အောင်လည်း ဖြစ်နေရပေသည်။

တစ်ညသ၌ ဒိသာပါမောက္ခဆရာကြီးသည် ညစာ စားပြီးနောက် လာဠုက၏ နှိပ်နယ်ပြုစုခြင်းကို ခံယူပြီးလျှင်....

"အမောင်လာဠုက၊ ဆရာအိပ်တဲ့ ခုတင်မှာ ခြေထောက် တွေ မတပ်ရသေးဘူး၊ အဲဒါ တပ်ပေးသွားပါကွယ်"

"ကောင်းပါပြီ ဆရာကြီးခင်ဗျား"

ဆရာကြီး၏မိန့်ကြားသံကြားလိုက်ရလျှင်ပင်လာဠုကသည်ကပျာကယာ ဖြေကြားကာ ခုတင်ခြေထောက်များကို ရှာဖွေ၏။ ကာရန်မသင့်

ချင်တော့ ခြေထောက်လေးချောင်းရှိသည့်အနက် သုံးချောင်းသာရှာရ၍ ကျန်တစ်ချောင်းကိုကား ရှာ၍မရနိုင်ချေ။ ဤတွင် ဆရာကြီးကို ရှိသေလေးစားလှသော လာဠုကသည် ခြေထောက်တပ်စရာ မရှိသော ခုတင်ထောင့်စွန်းတစ်ခုကို မိမိပေါင်ပေါ်မှာပင် တင်ထားလိုက်လေသည်။

ဆီမီးမှိန်မှိန်ကလေးသာ ထွန်းညှိထားသော အခန်းထဲရှိ ထိုခုတင်ပေါ်သို့ ဆရာကြီးသည် အမှတ်တမဲ့ပင်တက်၍အိပ်၏။ နံနက်လင်း၍အိပ်ရာမှထခါမှ လာဠုကကိုမြင်လိုက်လေရာ တအံ့တသြဖြစ်သွားရ၏။ ပေါင်ပေါ်မှာ တင်ထားရခြင်း အကြောင်းရင်းကို သိရသည်ကား ထိတ်လန့်တကြားပင် ဖြစ်သွားရလေတော့သည်။

မိမိအပေါ်တွင် ဤမျှလောက်လေးစား၍ ဤမျှလောက်ဝတ္တရားကျေပွန်လှသော လာဠုကအား ပညာရပ်များ မတတ်တတ်အောင်သင်မှဖြစ်တော့မည်ဟု တွေးမိ၏။ နည်းပရိယာယ်တစ်ခုခုဖြင့် တွေးတောဆင်ခြင်တတ်လာအောင် ပြုစုမျိုးထောင်ပေးမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ သို့ဖြစ်၍....

"အမောင်လာဠုက၊ ဒီကနေ့ ကျောင်းသားအဖော်များနဲ့ ထင်းခွေသွားတဲ့အခါဖြစ်စေ၊ ဟင်းရွက်ခူးသွားတဲ့အခါဖြစ်စေ တွေ့ခဲ့မြင်ခဲ့သမျှကို ငါ့ဆီပြောပြရမယ်"ဟု အမိန့်ပေးထားလိုက်၏။

ဤသို့ဖြင့် နောက်တစ်နေ့၌ အဖော် ကျောင်းသားများနှင့်အတူ ထင်းခွေရာမှ ပြန်လာသော လာဠုကအား ဆရာကြီးက ခေါ်ပြီးလျှင်....

"အမောင်လာဠုကဒီနေ့ တောထဲမှာ ထင်းခွေကြတော့ဘာများတွေ့ခဲ့ရသလဲ" ဟု ပြုံးပြုံးရွှင်ရွှင်မေးလိုက်ရာ....

"မြွေကြီးတစ်ကောင် တွေ့ခဲ့ပါတယ် ခင်ဗျား"

"အေး- ဟုတ်ပြီ၊ မြွေကြီးတစ်ကောင် တွေ့ခဲ့ပြီဆိုတော့ အဲဒီမြွေကြီးက ဘာနဲ့များတူသလဲကွာ"

"ထွန်တုံးနဲ့ တူပါတယ် ဆရာကြီး"

"အေး- ကောင်းလိုက်လေကွာ။ တယ်ထိမိတဲ့ ဥပမာလေးပါလား ဟေ့"

အရာဝတ္ထုများကို တစ်ခုနှင့်တစ်ခု ဆက်စပ်တွေးခေါ်နိုင်လောက်သော အလားအလာလေး ထွက်ပြူလာသဖြင့် ဆရာကြီးက အားရဝမ်းသာ ချီးကျူးလိုက်ရပေသည်။ လာဠုက၏ ပညာရေးအတွက် အားတက်၍ လာရပေသည်။

သို့ဖြစ်၍ နောက်တစ်နေ့ လာဠုကေ တောက ပြန်လာလျှင် ပြန်လာချင်း ဆရာကြီးက ခေါ်ယူလိုက်ကာ....

"ကဲဟဲ့၊ ဒီကနေ့တော့ တောထဲမှာ ဘာများ တွေ့ခဲ့ရသလဲ"

"တောထဲမှာ ဆင်ကြီးတစ်ကောင် တွေ့ခဲ့ရပါတယ် ဆရာကြီး"

"အေး- ဟုတ်ပြီ၊ ဒါဖြင့် အဲဒီဆင်ကြီးကကောကွာ ဘာနဲ့များ တူသလဲ"

"ထွန်တုံးနဲ့ တူပါတယ်ဆရာကြီး"

"ဟေ...."

လာဠုကေ၏ ဥပမာတင်စားချက်ကြောင့် ဒိသာပါမောက္ခ ဆရာကြီးသည် အံ့အားသင့်၍သွားရ၏။ ယို့နောက်မှ "ဩော်-ဆင်ရဲ့အစွယ်တို့၊ နှာမောင်းတို့က ထွန်တုံးနဲ့တူတာ ဟုတ်ပေသားပဲ၊ သူ့ခမျာ ကွဲကွဲပြားပြား ခွဲခြားပြီး မပြောတတ်ရှာလို့သာ ဖြစ်ပေလိမ့်မယ်"ဟု ဖေးဖေးမမ တွေးဆ၍ ကျေနပ်လိုက်ရလေသည်။

နောက်တစ်နေ့တွင် စေတနာရှင် တစ်ဦးက ပညာသင် ကျောင်းသားများကို ဖိတ်ကြား၍ ကြံချောင်းများပေးလှူလေရာ လာဠုကေသည်လည်း သူ့ဝေစုဖြစ်သော ကြံချောင်းကို ယူဆောင်၍လာ၏။ ဤတွင် ဆရာကြီးက....

"အလို- အမောင်လာဠုကေ က ကြံချောင်းကြီးထမ်းလို့ပါကလား။ ပြောစမ်းပါဦးကွာ၊ ကြံချောင်းက ဘာနဲ့တူသလဲလို့"

"ထွန်တုံးနဲ့ တူပါတယ် ဆရာကြီး"

"အင်း- ဟုတ်သလောက်တော့လဲ ဟုတ်ပါရဲ့လေ"

ဆရာကြီးကတော့ ထုံးစံအတိုင်း ဖေးဖေးမမတွေး၍ ကျေနပ်လိုက်ရပြန်၏။

နောက် တစ် နေ့ တွင် လည်း ကုသိုလ်ရှင် တစ်ဦးက ပညာသင် ကျောင်းသားများကို မိမိအိမ်သို့ ဖိတ်ခေါ်၍ ထမင်းကျွေး၏။ ထိုအိမ်မှ စားသောက်၍ပြန်လာသော လာဠုကေအား ဆရာကြီးက ခေါ်ပြန်၍....

"ဘယ့်နှယ်လဲဟဲ့ အမောင်လာဠုကေ၊ ဒီနေ့ ဘာနဲ့များ ထမင်း စားခဲ့ကြရသလဲ"

''ကျွန်တော်တို့ထဲက တချို့က နို့ဓမ်းနဲ့ စားကြပါတယ်။ တချို့ကတော့ နွားနို့နဲ့စားကြပါတယ် ခင်ဗျား''

''အေး- ဟုတ်ပြီဟေ့၊ နို့ဓမ်းတို့၊ နွားနို့တို့နဲ့ စားရတယ်ဆိုတော့ အဲဒီဟာတွေကကော ဘာနဲ့တူသလဲကွာ''

ထွန်တုံးနဲ့တူပါတယ် ဆရာကြီး''

''အေး- ကောင်းရောကွာ''

ဘာမဆို ထွန်တုံးနှင့်တူနေသော တပည့်ကြီးအတွက် စိတ်ပျက်လက်ပျက် ရေရွတ်လိုက်ပြီးလျှင် ဒိသာပါမောက္ခဆရာကြီးသည် လာဠုဒါယီအား သူ့မိဘရပ်ထံသို့ ရိက္ခာပေး၍ ပြန်လွှတ်လိုက်ရလေသည်။

(ကေနိပါတ်၊ နင်္ဂလီသ ဇာတ်)

နင်္ဂလီသဇာတ်၊ ကေနိပါတ် ဇာတ်ပေါင်းသော်

ထုံထိုင်းသောတပည့် = လာဠုဒါယီရဟန်း။

ဒိသာပါမောက္ခဆရာကြီး = မြတ်စွာဘုရား။

## ဒီမှက်တော့ သေပေရော့

ဗာရာဏသီမြို့တော်မှ ကုန်သည် တစ်ယောက်သည် ကုန်ရောင်း ကုန်ဝယ်ကိစ္စဖြင့် တောနယ်များသို့ ခရီးထွက်လာခဲ့ရာ တောရွာတစ်ရွာ၏ အထွက်မှာရှိသော ဇရပ်၌ ခရီးတစ်ထောက်နားလေသည်။

ထိုဇရပ်အနီးရှိ သစ်ပင်ရိပ် ကောင်းကောင်းတွင် လက်သမား သားအဖတို့ အလုပ်လုပ်လျက်ရှိကြ၏။ ဖခင်ဖြစ်သူက အနုစိတ်၍ အချော ကိုင်ရသော လုပ်ငန်းများ လုပ်ကိုင်ကာ သားဖြစ်သူကတော့ အကြမ်း ထည်များကို ခုတ်ထစ်ဖြတ်တောက်၍ ပေးရလေသည်။

ဖခင်လက်သမားဆရာသည် အလုပ်တွင် အာရုံစူးစိုက်၍ အင်တိုက် အားတိုက် လုပ်နေလေရာ ကြေးနီဖလား၏ ဖင်ဘက်နှင့် တူလှသော သူ့ ခေါင်းပြောင်ပြောင်ကြီးမှာ အသီများ၊ ချွေးများဖြင့် ပြောင်လက်လာ ၏။ နီကျင်ကျင် ပြောင်လက်လက် ဖြစ်နေသော ထိုဦးခေါင်းပြောင်ကြီး ပေါ်မှာပင် မှက်တစ်ကောင်က ဖျတ်ခနဲ လာကပ်ကာ နှာမောင်းချွန်ချွန် နှင့် တအားကုန် ထိုးစိုက်၍ သွေးစုပ်လေတော့သည်။

"ဟာ· အမယ်လေး ဆိုးလိုက်တဲ့ မှက်ရယ်။ လှံနဲ့ ထိုးသလိုပါပဲ လားကွ။ ဒီမှက်ကို ခြောက်လွှတ်လိုက်စမ်းပါ့ ငါ့သားရာ"

လက်သမားဆရာကြီးက အခံရခက်လှသဖြင့် ရှုံ့မဲ့မဲ့ မျက်နှာကြီး ဖြင့် ပြောဆိုလိုက်ရာ သားဖြစ်သူသည် အလုပ်ခွင်မှဖြုန်းခနဲ ထ၊ လာ၏။ သူ့ဖခင်၏ ထိပ်ပြောင်ပြောင် ပေါ်မှာ လာ၍ ကိုက်နေသော မှက်ကို ဒေါသတကြီး စိုက်ကြည့်ကာ....

''ဒါလောက်တောင် ဆိုးလှတဲ့ မှက်တော့ သေပေရော့ကွာ၊ ကဲ''

ပြောပြောဆိုဆို လက်ထဲမှာ ပါလာသော ပုဆိန်ကြီးဖြင့် မှက်ကို တအားကုန် ပေါက်ချလိုက်ရာ မှက်ကတော့ သေမည် ရှင်မည် မသိချေ။ မှက် အကိုက်ခံရသော ဦးခေါင်း ပြောင်ပြောင်ကြီးကတော့ ထက်ခြမ်း ကွဲ၍ သွားလေတော့သည်။

ဇရပ်ပေါ်၌ ခေတ္တနားနေသော ကုန်သည် သည် သားအဖ နှစ် ယောက် တို့၏ အဖြစ်အပျက်ကို ကြည့်ရှုကာ....

''သြော် ဉာဏ်ပညာသာ ရှိမယ်ဆိုရင် ရန်သူကမှတော်ပါသေးရဲ့။ မိတ်ဆွေဖြစ်သူ ဉာဏ်ထိုင်းထူတာကတော့ ဘာအသုံးမှ မကျတော့ပါ ကလား''ဟု စဉ်းစား ရေရွတ်ရလေသည်။

(ကေနိပါတ်၊ မကသ ဇာတ်)

မကသဇာတ်၊ ဧကနိပါတ် ဇာတ်ပေါင်းသော်

ထိုဇာတ်လမ်းကို တွေ့မြင်၍
ဂါထာရွတ်သူ = မြတ်စွာဘုရား။

## အချီးမွမ်း ခံချင်လွန်းလို့

ရုဟာကမည်သော ပုဏ္ဏားကြီးသည်ပြည့်ရှင်မင်းထံခစား၍တာဝန် ထမ်းဆောင်လာခဲ့ရာ တစ်နေ့သောအခါ မြင်းတစ်ကောင်ကို ဆု အဖြစ် လက်ခံ ရရှိလေသည်။ မြင်း၏ အဆင်တန်းဆာများလည်း အပြည့်အစုံ ပါလာလေသည်။

ယခင်က ဘုရင့်နန်းတော်နှင့် မိမိ အိမ်ကို ဖတ်ဖတ်မောအောင် လျှောက်လာခဲ့ရ၏။ ယခုတော့ ဆုရသော မြင်းကလေးနှင့်မို့ သက်တောင့် သက်သာရှိလှပေသည်။ ထို့ပြင် လမ်းဘေးဝဲယာရှိ မြို့သူမြို့သားများက မိမိမြင်းကို ချီးမွမ်းကြသဖြင့် ပို၍ နားဝင်ချိုလှပေသည်။

''ဟား မြင်းကဖြင့် တယ်ချောပါကလား၊ အဆက်အပေါက်ရော၊ အသွေးအရောင်ရော တကယ့် ထိတ်ထိတ်ကြဲထဲက ပါလားဟေ့''

ဤသို့သော ချီးမွမ်းသံများကို နန်းတော်သို့ အသွားတွင်လည်း ကြားရ၏။ နန်းတော်မှ အပြန်မှာလည်း ကြားရ၏။ စတင်၍ ကြားရစဉ် တုန်းက အရသာခံ၍ ကောင်းခဲ့သော ဤစကားများသည် ယခုတော့ အရသာ ခါးသက်သက် ဖြစ်လာကြပေပြီ။

ထို့ကြောင့် နန်းတော်မှ ပြန်လာ၍ အိမ်ပေါ် တက်မိလာသော အခါ ဤအကြောင်းကို ဇနီးဖြစ်သူပုဏ္ဏေးမနှင့်ဆွေးနွေးမိလေတော့သည်။

''ပုရာဏီရယ်၊ လမ်းဘေး ဝဲယာက လူတွေက အသွားမှာရော အပြန်မှာရော ငါစီးသွားတဲ့ မြင်းကိုသာ ချီးကျူးကြတယ်ကွာ။ ငါ့ကို တော့ တစ်ယောက်မှ ချီးကျူးရကောင်းမှန်းမသိကြဘူး။ ဒီတော့ မြင်းကို ချီးမွမ်းမယ့်အစား ငါ့ကို ချီးမွမ်းအောင် ဘယ်လိုများ လုပ်ရပါ့မလဲ''

ရုဟကပုဏ္ဏားကြီးထံမှ ဤသို့ ဖွင့်အန်လိုက်သောအခါ ပုဏ္ဏေးမ ပုရာဏီသည် မပွင့်တစ်ပွင့် ပြုံးလိုက်မိ၏။ ထို့နောက်မှ ရယ်ချင် စိတ်ကို အတင်း ချုပ်တည်း၍ မျက်နှာပိုးသတ်ကာ....

“အရှင်ပုဏ္ဏားကြီးရယ်၊ ဒီအတွက်တော့ အကြံရ ခက်မနေပါနဲ့တော့။ ဘယ်ပြဿနာမျိုးမဆို နည်းကိုသိရင် လွယ်လွယ်လေးနဲ့ ဖြေရှင်းလို့ရပါတယ်။ နက်ဖြန် နန်းတော် အခစား သွားချိန်ရောက်တော့ ကျွန်မ အားလုံး စီစဉ်ပေးလိုက်ပါ့မယ်”

ဤသို့ ဝန်ခံစကား ပြောကြားခဲ့သည့် အတိုင်းပင် နောက်တစ်နေ့ ညီလာခံဝင်ချိန် ရောက်လာသောအခါ ရုဟကပုဏ္ဏားကြီးအား ပုရာဏီက အစစ အဆင်ပြေအောင် စီစဉ်၍ ပေးလိုက်လေသည်။

သို့ဖြစ်၍ မင်းဆရာပုဏ္ဏားကြီးသည် မြင်းပါးချပ်ကို ပါးစပ်မှာ ခဲလျက်မြင်းဝတ်တန်းဆာတို့ကိုအပြည့်အစုံဝတ်ဆင်လျက် လေးဘက်ခွာစုံ အသွားကျနင်းလျက် မင်းလမ်းမသို့ ထွက်လာခဲ့လေသည်။

မြင်းချောကြောင်း၊ လှကြောင်း သောင်းသောင်းဖျဖျ ချီးမွမ်းခဲ့ကြသော မြို့သူမြို့သားတို့သည် ထိုနေ့ကျခါမှ ယမန်နေ့များတုန်းက ချီးကျူးသည်ထက် ဆတက် ထမ်းပိုးတိုးကာ တဝါးဝါး တဟားဟား နှင့် လက်ခုပ်သံ တဖြောင်းဖြောင်းနှင့်ကောင်းချီးပေးကြရပါတော့သည်။

အိမ်အထွက်မှ နန်းတော်အထိ တွေ့သမျှ လူအပေါင်း၏ ကောင်းချီး သြဘာသံ နာခံလာခဲ့ရသော ရုဟက ပုဏ္ဏားကြီးသည် မင်းကြီး ရှေ့မှောက် ရောက်ခါမှ “ပုဏ္ဏားကြီး၊ သင့် သည်းခြေများ ပျက်လာသလား”ဟု ဆီး၍ကြိမ်းမောင်းခြင်း ခံလိုက်ရ၏။

ဤတွင်မှ ရုဟကပုဏ္ဏားကြီးသည် သတိပြန်လည်လာ၍ အလွန်တရာ ရှက်ရွံ့ကာ နန်းတော်မှ ပြန်ပြေးရလေတော့သည်။ မိမိအား အရှက်တကွဲ အကျိုးနည်း ဖြစ်အောင် ပြောင်လှောင်ပြုလုပ်ခဲ့သော ပုဏ္ဏေးမကိုလည်း အိမ်မှ နှင်ထုတ်ရလေတော့သည်။

(ဒုကနိပါတ်၊ ရုဟက ဇာတ်)

## ရုဟကဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ပုဏ္ဏေးမ | = | ရဟန်း၏ မယားဟောင်း။ |
| ရုဟကပုဏ္ဏား | = | သာသနာတော်၌ ငြီးငွေ့သော ရဟန်း။ |
| ဗြဟ္မဒတ်မင်း | = | မြတ်စွာဘုရား။ |

## အလှူပြိုင်ပွဲကြီး

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် ချင်းတွင်းမြစ်သည် ဧရာဝတီမြစ်ကြီးသို့ စီးဝင်ပေါင်းဆုံသကဲ့သို့ပင် အနောက်မဇ္ဈိမဒေသ၊ ဂျမ္ဗူဒီပ ကုရုဒိယနိုင်ငံတွင်လည်း ယမုန္နာမြစ်သည် ဂင်္ဂါမြစ်ကြီးသို့ စီးဝင်ပေါင်းဆုံလေသည်။

မြစ်နှစ်သွယ်ပေါင်းဆုံမိသော ထိုနေရာ၌ ဂင်္ဂါမြစ်မှ ပေါက်ဖွားလာခဲ့သော ငါးနှင့်ယမုန္နာမြစ်မှာ ပေါက်ဖွားလာခဲ့သော ငါးတို့လည်း တွေ့ဆုံမိလာကြ၏။ တစ်ကောင်နှင့်တစ်ကောင် အသိမိတ်ဆွေဖွဲ့ကြ၍ စပ်မိစပ်ရာ ပြောဆိုကြရာတွင် ဂင်္ဂါ ငါးက....

''ယမုန္နာငါးနဲ့ ခုလိုမိတ်ဆွေဖြစ်ရတာဝမ်းသာပါတယ်။ ဒါပေမယ့်လို့ မောင်ရင်တို့ ယမုန္နာငါးတွေက ကိုယ့်လောက် မချောတာပဲ ပြောစရာရှိတယ်'' ဟု ကြွားလုံးထုတ်လိုက်လေရာ....

''ဒါကတော့ ငါးတစ်ကိုယ် ထင်တစ်လုံးပေါ့ မိတ်ဆွေရာ။ မောင်ရင်တို့ ဂင်္ဂါငါးတွေ အကုန်လုံးပေါင်းလာတောင်မှ ကိုယ့်အလှကို မမီနိုင်သေးပါဘူး''

ယမုန္နာငါးကလည်း အားကျမခံ ပြန်၍ကြွားလိုက်ပြန်လေသည်။

ထို့နောက်ဂင်္ဂါငါးနှင့်ယမုန္နာငါးတို့သည်ရေစီးရာလိုက်ပါရင်း တစ်လှည့်စီ တစ်ပြန်စီ ငြင်းခုံ၍ လာကြရာ ကမ်းပါးစပ် တစ်နေရာတွင် နေစာလှုံနေသော လိပ်ကြီးတစ်ကောင်ကို တွေ့ကြရ၏။ ဤတွင် ငြင်း၍ ခုံ၍ မပြီးနိုင်ကြသော ငါးနှစ်ကောင် တို့သည် လိပ်ကြီးအနားသို့ ချဉ်းကပ်လာကြကာ....

စပယ်ဦး၊ ၈၁၉၉

"အဆွေလိပ်ကြီးခင်ဗျား၊ ကျွန်တော်တို့ဟာ ဂင်္ဂါငါးနဲ့ယမုံနာငါးတို့ ဖြစ်ကြပါတယ်။ ကျွန်တော်တို့နှစ်ဦးစလုံး သူ့ထက်ကိုယ်က ပိုပြီးလှတယ်လို့ အငြင်းအခုံဖြစ်နေရပါတယ်။ ဒါကြောင့် အဆွေလိပ်ကြီးက ကျွန်တော်တို့ပြဿနာကို ဖြေရှင်းပေးပါ။ ဂင်္ဂါငါးက ပိုလှသလား၊ ယမုံနာငါးက ပိုလှသလားဆိုတာ သေသေချာချာ ဆုံးဖြတ်ပေးပါခင်ဗျား"

ဤသို့ အလှပြဿနာ တရားခွင်၌ခုံသမာဓိတင်မြှောက်ခြင်းခံလိုက်ရသောအခါ ပညာရှိ တရားသူကြီးမင်း ဦးရွှေလိပ်သည် အမှုသည် နှစ်ကောင်တို့ကို သေသေချာချာ စေ့စေ့စပ်စပ် ဆုံးသပ်ကြည့်ရှုပြီးလျှင်....

"အင်း–ငါတစ်သက်တာ အတွေ့အကြုံနဲ့ ချိန်ပြီးသုံးသပ်လိုက်တဲ့အခါ ဂင်္ဂါငါးလဲ လှပါသဗျား၊ ယမုံနာငါးလဲ လှပါသဗျား"

"အိုဗျာ၊ လှမှန်းတော့ သိတာပေါ့ဗျာ။ ဘယ်သူကပိုလှသလဲလို့ သာ သိချင်တာပါ"

အပြီးသတ် ဆုံးဖြတ်ချက် မချရသေးမီမှာပင် ငါးနှစ်ကောင်က ကြားဖြတ်၍ ပြောလိုက်ကြသဖြင့် ပညာရှိတရားသူကြီးမင်း အောင့်သက်သက် ဖြစ်သွားကာ....

"မောင်ရင်တို့ကလဲ သိပ်လောကြတာကိုး။ လှတာကိုအခြေခံတာက ပိုလှတာကို ပြောချင်လို့ပေါ့ကွယ့်။ ဒီတော့သေသေချာချာနားထောင်ကြ။ ကျကျနနမှတ်သားထားကြ။ အဲ–ပိုပြီးလှတယ်ဆိုတာက ဒီလိုဒီလိုကွယ့်။ သူ့မှာ ခြေထောက်လေးချောင်းလဲရှိတယ်။ သူ့ ကိုယ်ကြီး က လဲ ပချောင်ပင်လိုပဲ ဝိုင်းဝိုင်းစက်စက်ကြီး။ သူ့လည်ပင်းကလဲ လှည်းသန်လို ရှည်ရှည်ကြီး။ အဲ့-အဲဒီ ပုဂ္ဂိုလ်ကသာလျှင် မင်းတို့ နှစ်ကောင်ထက် ပိုပြီး ပိုပြီးလှပါသတဲ့ဗျား"

"ဟား-အဟုတ်မှတ်လို့ နားထောင်နေမိတယ်။ လက်စသပ်တော့ ကိုယ့်ဘက်ကို ယက်တဲ့လိပ်ပုပ်ကြီး"

ပြောပြောဆိုဆို ငါးနှစ်ကောင်တို့က လိပ်ကြီးကို ရေနှင့်ပက်ကာ ထိုနေရာမှ ထွက်ခွာသွားကြလေသည်။

(ဒုကနိပါတ်၊ ဂင်္ဂေယျ ဇာတ်)

ဂင်္ဂေယျဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ငါးနှစ်ကောင် | = | အလှည့်စားခံရသောရဟန်းငယ်နှစ်ပါး။ |
| လိပ် | = | လှည့်စားသောရဟန်းအို။ |
| ထိုဇာတ်လမ်းကို<br>တွေ့မြင်သော ရုက္ခစိုးနတ် | = | မြတ်စွာဘုရား။ |

## ကံကောင်းတဲ့အမှား

တက္ကသိုလ်မြို့တော်မှ ပညာစုံတတ်မြောက်လာခဲ့သော သောမဒတ္တ ပုဏ္ဏားလုလင်သည် ဗာရာဏသီမြို့တော်သို့တက်ရောက်ကာဗြဟ္မဒတ်မင်းကြီး ထံ၌ အမှုတော်ထမ်းဆောင်၏။ သောမဒတ္တပုဏ္ဏား၏ပညာအရည်အချင်း ပြည့်ဝခြင်း၊ လိမ္မာယဉ်ကျေးစွာ ဆက် ဆံ ပြော ဆို တတ်ခြင်းတို့ကြောင့် မကြာမီမှာပင် ဗြဟ္မဒတ်မင်းကြီး၏ချစ်ခင်မြတ်နိုးခြင်းကို ခံယူရပေသည်။

တစ်နေ့သောအခါ တောလက်ကျေးရွာမှာ နေရစ်ခဲ့သောသူ့ဖခင် ပုဏ္ဏားသည် သားရှိရာရွှေမြို့တော်သို့ တက်လာပြီးလျှင်....

“ချစ်သား သောမဒတ္တ၊ငါတို့မှာ နွားတစ်ရှဉ်းနဲ့ ထွန်ယက်လုပ် ကိုင်နေရာက နွားတစ်ကောင် ဖြုန်းခနဲ သေသွားတယ်။ နွားတစ်ကောင် ထဲနဲ့ဆိုတော့ ထွန်ယက်စိုက်ပျိုးဖို့မလွယ်ဘူး။ ဒါကြောင့် မင်းကြီးဆီမှာ နွားတစ်ကောင်လောက် အလှူခံပေးပါလားကွာ” ဟု ပြောဆိုလေရာ....

“မဖြစ်ပါဘူး အဖေရာ။ကျွန်တော်မင်းကြီးဆီ တာဝန်ထမ်းလာ ရတာက ကြာမှ မကြာသေးတာကိုး။ အဖေ ကိုယ်တိုင် ဝင်တောင်းပါ လားဗျာ”

“မဖြစ်ဘူးကွ ငါ့သားရဲ့။ အဖေအခုမတန်ရှက်တတ်တာကို သား လဲသိရက်သားနဲ့။ မင်းကြီးရှေ့မှောက်မှာ မဆိုထားနဲ့ကိုယ့်ရွာသားအချင်း ချင်းတောင် နှစ်ယောက်သုံးယောက်စုမိနေရင် အဖေစကားဖြောင့်ဖြောင့်

ပြောလို့ရတာမဟုတ်ဘူး။ ဇွတ်မှိတ်ပြီးပြောတော့လဲ တလွဲတချော်တွေဖြစ်ကုန်မှာ''

''ဖြစ်လိုရာ ဖြစ်စေတော့လို့ သဘောထားရတော့မှာပဲ အဖေရာ။ ကျွန်တော်ကိုယ်တိုင်ကတော့ ဘယ်နည်းနဲ့မှ မဒတာင်းသင့်ဘူး။ ဒီဖ ့ာ့ အဖေကိုပဲ နွားအလှူခံဖို့ စာကလေးတစ်ပုဒ် သင်ပေးထားမယ်''

ဤသို့ ပြောဆိုပြီးလျှင် သောမဒတ္တသည် ဖခင် ပုဏ္ဏားအား ဗိရဏတ္ထမ္ဘက မည်သော သုသာန်သို့ ခေါ်ဆောင်လာခဲ့၏။ လူသူအရောက်အပေါက် လုံးဝမရှိသော ထိုသုသာန်ထဲတွင် မြက်ပုံများကို ညီလာခံကျင်းပသည့်ပုံစံအတိုင်း စနစ်တကျ နေရာချထားကာ ''ဒါက ဗြဟ္မဒတ်မင်းကြီး၊ ဒါက အိမ်ရှေ့မင်း၊ ဒါက စစ်သူကြီး စသဖြင့် နမူနာပြထားရ၏။ ညီလာခံကြီး ကျင်းပနေပုံကို မျက်စိထဲ စွဲသွားလောက်ခါမှ နွားအလှူခံရာတွင် ရွတ်ဆိုရမည့်စာကို တစ်ပုဒ်ချင်း တစ်ပုဒ်ချင်း ပို့ချ၍ပေးရပေသည်။

''အရှင်မင်းဖျား၊ သနားစိမ့်ငှာ
တောင်းပန်ပါ၏။ လယ်မှာထွန်းရင်း
နွားတစ်ရှဉ်းအနက်၊ နွားတစ်ဖက်မှာ
သေခဲ့ပါ၍၊ ရာဇာမင်းဖျား
ကျွန်ုပ်အားလျှင်၊ နောက်နွားအဖော်
ပေးသနားတော်မူပါဘုရား''

ဤအလှူခံစာကလေးကို သင်ရင်း မေ့ရင်း၊ မေ့ရင်း သင်ရင်းဖြင့် ဖခင်ပုဏ္ဏား သင်ကြား၍လာခဲ့ရာ တစ်နှစ်တိုင်တိုင်ကြာခါမှ နှုတ်တက်ရလေတော့သည်။ ''ချစ်သား သောမဒတ္တရေ၊ ဒီအလှူခံစာကို ဘယ်သူ့ရှေ့မှာဖြစ်ဖြစ် အဖေ ချောချောမောမော ရွတ်လို့ရပြီကွ'' ဟူ၍လည်း အားပါးတရ ပြောပြလေသည်။

ဤသို့ဖြင့် သောမဒတ္တသည် မိမိညီလာခံ ဝင်သောအခါ ဖခင် ပုဏ္ဏားကိုပါ ခေါ်လာခဲ့၏။ ဖခင်ပုဏ္ဏားသည် မင်းကြီးရှေ့မှောက်သို့ ရောက်သောအခါ ''အောင်ဇေယျတု အရှင်မင်းကြီး'' ဟု ပုဏ္ဏားတို့ ထုံးတမ်းစဉ်လာအတိုင်း နှုတ်ခွန်းဆက်ကာ အသင့် ယူဆောင်လာသော ပဏ္ဏာတော်ကို ဆက်သလေသည်။

ဤတွင် ဗြဟ္မဒတ်မင်းကြီးက....

''သောမဒတ္တ၊ ဒီပုဏ္ဏားနဲ့ သင်နဲ့ ဘယ်လိုများတော်စပ်ပါသလဲ'' ဟု မေးမြန်းလေရာ....

''အရှင်မင်းကြီး၊ ကျွန်တော်မျိုးရဲ့ ဖခင် ဖြစ်ပါကယ်ဘုရား''

''ဒီလိုဆိုကောင်းပြီ။ အသင်ပုဏ္ဏား၊ ဘယ်လိုအကြောင်းများနဲ့ ရောက်လာခဲ့ပါသလဲ''

ဤသို့ အမိန့်ရှိလိုက်လျှင်ပင် သောမဒတ္တသည် ဖခင်ပုဏ္ဏားအား မျက်ရိပ်မျက်ချည်ပြလိုက်ရာ ဖခင်ပုဏ္ဏားသည် ကတုန်ကယင် ဖြစ်နေရာမှ ကိုယ့်စိတ်ကို အံကြိတ်၍ တင်းလိုက်ကာ တစ်နှစ်တိတိ လေ့လာမှတ်သား၍ ထားခဲ့ရသော နွားအလှူခံစာကို ရွတ်ဆိုလိုက်လေသည်။

''အရှင်မင်းဖျား၊ သနားစိမ့်ငှာ
တောင်းပန်ပါ၏။ လယ်မှာထွန်ရင်း
နွားတစ်ရှဉ်းအနက်၊ နွားတစ်ဖက်မှာ
သေခဲ့ပါ၍၊ ရာဇမင်းဖျား
ကျွန်ုပ်အားလျှင်၊ ကျန်နွားတစ်ကောင်
ယူဆောင်တော်မူပါတော့ဘုရား''

ပုဏ္ဏား၏ နွားအလှူခံစာ လွဲမှားသွားသဖြင့် ညီလာခံတစ်ခွင်လုံး ပွဲုးရွှင်ရယ်မောကြရ၏။ ဗြဟ္မဒတ်မင်းကြီး ကိုယ်တိုင်ကလည်း ဤ နွားအလှူခံစာကို သဘောတွေ့လှသဖြင့်....

''အမောင် သောမဒတ္တ၊ သင်တို့အိမ်မှာ နွားတွေ တော်တော် ပေါနေဟန်တူရဲ့'' ဟု ရင်းနှီးဖော်ရွေစွာ မိန့်ကြားလိုက်သည်တွင်....

''မှန်လှပါ၊ အရှင်မင်းကြီးတို့ ပေးသနားထားလို့ ဖြစ်ပါလိမ့် မယ် ဘုရား''

သောမဒတ္တကလည်းမှားလက်စနှင့်အလိုက်သင့်လျှောက်တင်လိုက် ရလေသည်။

ဤသို့သော လျှောက်တင်ချက်ကို နှစ်သက် လှသဖြင့် ဗြဟ္မဒတ် မင်းကြီးက သောမဒတ္တ၏ ဖခင်ပုဏ္ဏားအား နွားတစ်ဆယ့်ခြောက်ကောင် ကို ဆုအဖြစ်ပေးသနားပြီးလျှင် ပုဏ္ဏားနေသော ရွာကိုလည်း အပိုင်စား ပေးသနားလိုက်လေသည်။

(ဒုကနိပါတ်၊ သောမဒတ္တ ဇာတ်)

**သောမဒတ္တဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| ဗြဟ္မဒတ်မင်း | = | အရှင်အာနန္ဒာ။ |
| သောမဒတ္တ၏ဖခင် | = | လာဠုဒါယီရဟန်း။ |
| သောမဒတ္တ | = | မြတ်စွာဘုရား။ |

## သူများထက်ပိုချင်လို့

ဗာရာဏသီမြို့တော်၌ ကုန်ကူးသန်းသွားလာဖက်ကုန်သည်နှစ်ယောက် ရှိကြရာ တစ်ယောက်မှာ ပဏ္ဍိတ အမည်ရှိ၏။ ကျန်တစ်ယောက်ကိုတော့ သူ့မိဘများက အတိပဏ္ဍိတဟု အမည်မှည့်ကြ၏။ ပဏ္ဍိတထက်ပိုပြီးတတ်ရမည်။ ပိုပြီး အခွင့်အရေး ရမည်ဟု အပေါ်စီးစိတ်ဖြင့် အတိတ်နိမိတ် ကောက်၍အမည်မှည့်ကြဟန်ရှိပေသည်။ အတိပဏ္ဍိတကလည်းမိဘများ၏ လေသံအတိုင်း လိုက်ကာ ပဏ္ဍိတထက်ပို၍ အခွင့်အရေး ရနိုင်မည်ဟုစွဲယူ မှတ်သား၍ထားလေသည်။

တစ်နေ့သ၌ ပဏ္ဍိတနှင့် အတိပဏ္ဍိတတို့သည်ကုန်သည်လှည်းနှစ်ရာ ငါးဆယ်စီဖြင့် ရောင်းကုန်များကို အညီအမျှ စုပေါင်းကာ တောလက် ကျေးရွာများသို့ လှည့်လည် ရောင်းချကြ၏။ ပါလာသမျှ ကုန်များ အားလုံး ရောင်းချ၍ ကုန်သွားသောအခါ စခန်းတစ်နေရာမှာ ရောင်းရ ငွေများ ခွဲဝေကြ၏။ ဤတွင် အတိပဏ္ဍိတ က....

''မိတ်ဆွေ ပဏ္ဍိတရေ၊ ရောင်းရငွေ အားလုံးကို နှစ်ပုံ ပုံလို့တော့ မဖြစ်ဘူးနော်။ သုံးပုံ ပုံမှ ဖြစ်မယ်''ဟု အဆိုပြုလိုက်ရာ....

''ဘာဖြစ်လို့လဲ အတိပဏ္ဍိတရဲ့။ အတူပူးပေါင်းပြီး ကုန်သွယ်တာ ကမှ တို့နှစ်ယောက်တည်းပဲဟာ။ နှစ်စုပဲ ခွဲရမှာပေါ့''

''ဟုတ်ပါတယ်၊ ပူးပေါင်းပြီး ကုန်သွယ်တာကတော့ တို့ နှစ် ယောက်တည်းပါပဲ။ ဒါပေမယ့် အဲဒီ ရောင်းရငွေထဲက နှစ်စုကို ငါက ရသင့်တယ်။ ကျန်တဲ့ တစ်စုကိုသာ မင်းအတွက် ထားသင့်တယ်''

''ဟာ မဖြစ်နိုင်တာကြီးကို။ ရင်းနှီးငွေ ထုတ်ရတာလဲ အတူတူ။ နှစ်ဘက်စလုံးက ပါလာကြတဲ့ လှည်း နွားကလဲ အရေအတွက် အတူတူ။

စပယ်ဦး၊ ၁၉၈၄

နောက်ပြီး ရပ်တကာ နယ်တကာ လှည့်ပြီး ရောင်းချရတာကလဲ မင်းရော ငါရော အတူတူ။ ဒီလိုဖြစ်ပါလျက်နဲ့ အတိပဏ္ဍိတက ဘာဖြစ်လို့ နှစ်ဆ ပိုရတိုက်ပါသလဲ''

''ပြောခဲ့ပြီကောကွာ၊ ငါ့နာမည်မှာ အတိတစ်လုံး ပိုနေလို့ပေါ့''

''နာမည်မှာ အတိတစ်လုံး ပါနေတာနဲ့ နှစ်ဆရထိုက်တယ်လို့ မင့်ဘယ်သူက ပြောတုန်း''

''ဟော ဟို ညောင်ပင်က ရုက္ခစိုးနတ်ကြီးက ပြောတယ်ကွာ။ ကဲ မင်း မယုံရင် သွားမေးကြည့်ရအောင်''

''အေး တော်တော်တော့ ယုတ္တိမရှိတဲ့ ကိစ္စကြီးပဲ။ ဒါပေမယ့် မေးကြည့်သဲ့ အကျိုးတော့ မယုတ်နိုင်ပါဘူးကွာ။ လာ သွားမေးကြစို့''

ဤသို့ဖြင့် ကုန်သည်နှစ်ယောက်တို့သည် လူနှစ်ဖက်မက ကြီးမားလှသော ညောင်ပင်အောက်သို့ ဝင်ရောက်လာကြ၏။ ညောင်ပင်နှင့် ဝါးတစ်ရိုက်ခန့်အကွာ၌ နှစ်ယောက်စုံညီ ရပ်မိကြသောအခါ အတိပဏ္ဍိတက....

''ရုက္ခစိုးနတ်မင်းကြီး ခင်ဗျား၊ ကျွန်တော်တို့မှာ ပြဿနာ တစ်ခု ပေါ်နေပါတယ်။ အဲဒီ ပြဿနာကို ရုက္ခစိုးနတ်ကြီးထံ တင်ပြပါရစေ ခင်ဗျား'' ဟု ရိုရိုသေသေ ပန်ကြားလိုက်ရာ....

''အေး တင်စေဗျား၊ တင်စေဗျား''

ညောင်ပင်ကြီး၏ ပင်စည်ထဲမှလည်း အသံသြသြကြီးနှင့် တုံ့ပြန်လာပေသည်။ ပဏ္ဍိတသည် ထိုအသံကို ကြားလိုက်ရသဖြင့် ရုတ်တရက် အံ့သြသွား၏။ ထို့နောက်မှ အဖြစ်မှန်ကို ရိပ်မိသဖြင့် ခပ်ပြုံးပြုံး ဖြစ်သွားလေသည်။ အတိပဏ္ဍိတကလည်း မိမိ၏အကြံအစည်အောင်မြင်ခါနီးလာပြီဖြစ်၍ ထို့ထက် ပို၍ ပြုံးကာ....

''ရုက္ခစိုး နတ်မင်းကြီးခင်ဗျား၊ ဒီလူက ပဏ္ဍိတ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ အတိပဏ္ဍိတ ဖြစ်ပါတယ်။ ပဏ္ဍိတနဲ့အတိပဏ္ဍိတတို့ဟာ အတူတကွ ကုန်ရောင်းပြီး ပြန်ခဲ့ကြပါတယ်။ ရောင်းရငွေကို ခွဲဝေတဲ့အခါမှာ ဘယ်သူက ဘယ်နှစ်စု ရထိုက်ပါသလဲ''

''အေး သေသေချာချာ နားထောင်ကြကွယ့်။ ပဏ္ဍိတက တစ်စု ရထိုက်တယ်ကွယ့်။ အတိပဏ္ဍိတကတော့ နာမည်မှာအတိပါနေတဲ့အတွက် နှစ်စုရထိုက်တယ်ကွယ့်''

''တောက်၊ တယ်ကောင်းလိုက်တဲ့ဆုံးဖြတ်ချက်ကွာ။ ကဲ ဒီညောင်ခေါင်းထဲမှာ နတ် တကယ် ရှိ မရှိ စမ်းကြည့်ရသေးတာပေါ့''

ပဏ္ဍိတသည် အတိပဏ္ဍိတ၏မပိရိသောလုပ်ဇာတ်ကြီးကို ခံပြင်းလှသဖြင့်အရန်သင့်တွေ့နေရသော မြက်ခြောက်များ ပွေ့ယူ၍ ညောင်ခေါင်းထဲ ထိုးထည့်ပြီးလျှင် မီးတိုက်လိုက်လေသည်။

ဤတွင် ညောင်ခေါင်းထဲတွင် ကြိုတင် ဝင်ရောက်နေခဲ့သော အတိပဏ္ဍိတ၏ ဖခင်သည် ညောင်ခေါင်းထဲက အပြေးအလွှားတက်၍ ညောင်ပင် ခွကြားခွ ဘွားခနဲ ပေါ်လာကာ....

''အဘ်ပဏ္ဍိတရေ၊ မင့် နာပည် အတိပါလာတဲ့အတွက် ငါ့မှာမှတော့ မီးရှပ် ခံလိုက်ရပြီကွ''ဟု စုတ်တသပ်သပ်နှင့် ညည်းတွား ရလေတော့သည်။

ထို့နောက် ကုန်သည်နှစ်ယောက်တို့သည် ရောင်းရငွေကိုအညီအမျှခွဲဝေ၍ ယူကြရလေသည်။

(ဧကနိပါတ်၊ ကုဋဝါဏိဇ ဇာတ်)

ကုဋဝါဏိဇ ဇာတ်၊ ဧကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| ကုန်သည်စဉ်းလဲ | = | ထိုသူ။ |
| ကုန်သည်ပညာရှိ | = | မြတ်စွာဘုရား။ |

# လွမ်းလွန်းလို့ မဟုတ်ပါ

မဟာပိင်္ဂလမင်းကြီးကွယ်လွန်သွားပြီဟူသောသတင်းစကားကြား လိုက်ရသည်နှင့် တစ်ပြိုင်နက် ဗာရာဏသီမြို့တော် တစ်ခုလုံး ပျော်တပြုံးပြုံး ဖြစ်သွားလေသည်။ ရယ်သံ မောသံ သောသောညံ၍ သွားလေသည်။

ထိုမင်းကြီး၏ မျက်ဆန်မှာအများတကာလို အနက်ရောင်သန့်သန့် မဟုတ်ချေ။ အဝါရော အနက်ပါ ရောစပ်ကာ ကြောင်တောင်တောင် အဆင်းရှိနေ၏။ ထို့ကြောင့်လည်း သူ့မျက်လုံးနှင့် လိုက်လျောအောင် သူငယ်စဉ်တုန်းက ပိင်္ဂလမင်းသားဟု ခေါ်ဝေါ်ခဲ့ကြရ၏။ ထီးနန်း စိုးစံပြီးနောက် အသက်အရွယ် ထောက်လာခါမှ အမည်ရင်း ရှေ့မှာ မဟာဟူသော ဂုဏ်ပုဒ်တပ်၍ ခေါ်လာကြရခြင်း ဖြစ်ပေသည်။

မဟာဟူသော ဂုဏ်ပုဒ်မှာ ကြီးကျယ်ခြင်းကိုလည်း ဟောနိုင်၏။ မြင့်မြတ်ခြင်းကိုလည်း ဟောနိုင်၏။ မင်းကြီး၏ 'မဟာ' ကတော့ အသက်အရွယ်ကြီးခြင်းနှင့် စည်းစိမ်ချမ်းသာကြီးကျယ်ခြင်းမှာသာ အဟောထွက်စရာရှိ၏။ မြင့်မြတ်သည့်ဘက်မှာကား ဘာတစ်ခုမျှ ရှာမရနိုင်ပါ။

သူ၏ ထီးနန်း တစ်လျှောက်လုံးတွင် တရားဥပဒေကို ချောင်ထိုးကာ အဂတိတရား လေးပါးလုံး လိုက်စားခဲ့၏။ သူ့စိတ်နှင့် တွေ့သူကို မြှောက်စားပြီးလျှင် စိတ်မထင်လျှင်ကား ချက်ချင်းပင် ရာထူးမှချပစ်တော့သည်။ ဘာမဟုတ်သော အပြစ်ကလေးများဖြင့်ပင် ပြင်းထန်လှသော အပြစ်ဒဏ်ကြီးများပေးတတ်၏။ တိုင်းပြည်မြို့ရွာသာယာအေးချမ်းရေးကို

စပယ်ဦး၊ ၀၁၉၀

အလေးမထားဘဲ အခွန်အတုတ်ကိုသာ ရနိုင်သလောက်ရအောင် တောင်းယူ၏။ ကြံကြိတ်စက်ဖြင့် ကြံကို ညှစ်ယူသကဲ့သို့ ပြည်သူ ပြည်သားများလက်တွင် ဘာတစ်ခုမျှမကျန်ရစ်အောင် အတင်းအကျပ် ဖိစီးနှိပ်စက်၍ တောင်းယူ၏။ဂုဏ်ာဉ်ဆိုဝယဝုဆိုရှိပြီးသော အမတ်ကြီးများကိုပင် ရိုင်းရိုင်းပြပြပြောဆိုဆက်ဆံတတ်၏။ နန်းတော်အမှုထမ်းတို့ကို သွားရင်းလာရင်းပင် ရိုက်ချင်သလောက် ရိုက်နှက်၍ သွားတတ်လေသည်။

ထိုမင်းကြီးအား နန်းတွင်းသူ နန်းတွင်းသားများ၊ ပုဏ္ဏားများ၊ သူဌေး သူကြွယ်များမှစ၍ ရှိရှိသမျှ လူတန်းစားအားလုံးတွင် ချစ်ခင်ကြည်ညိုသူဟူ၍ လုံးဝမရှိပေ။ ထို့ကြောင့် ထိုမင်းကြီး ကွယ်လွန်သွားကြောင်း ကြားသိရသည်နှင့် တစ်ပြိုင်နက် 'မတရားသဖြင့် ပြုကျင့်တဲ့ မင်းကြီးလက်ကငါတို့လွတ်မြောက်ပြီ။တရားသဖြင့် ပြုကျင့်တဲ့ ဘုရင်သစ်လက်ထက်မှာ ငါတို့ ချမ်းချမ်းသာသာ နေရတော့မယ်'ဟု တွေးတောကာ မဟာပိင်္ဂလမင်းကြီးအလောင်းကို သုသာန်သို့ ထုတ်ဆောင်၍ မီးသင်္ဂြိုဟ်လိုက်ကြလေသည်။

ထိုကိစ္စများ ပြီးစီးသွားသောအခါ မှူးကြီး မတ်ရာ သေနာပတိများနှင့်တကွ မြို့တော်သူ မြို့တော်သားအပေါင်းသည် သားတော်အိမ်ရှေ့မင်းအား အဘိသိက်သွန်း၍ မင်းမြှောက်ကြ၏။ထို့နောက် အောင်ပွဲကြီးကျင်းပမည့်အကြောင်း တစ်မြို့လုံးသို့ စည်လည်စေ၍ ကြွေးကြော်စေပြီးလျှင် လမ်းတိုင်း၊ လမ်းတိုင်းတွင် တံခွန် ကုက္ကားများ စိုက်ထူကြ၏။ မြို့တော်ရှိ အဆောက် အအုံတိုင်းကို အလှ ပြုပြင် တန်ဆာ ဆင်ကြ၏။ မြို့တော်အဝင် တံခါးပေါက်များမှာလည်းမဏ္ဍပ်ကြီးများထိုးစေပြီးလျှင် ထိုမဏ္ဍပ်အတွင်း၌ ဆန်ပန်းပေါက်ပေါက်များ၊ ပန်းမျိုးစုံများ ကြဲဖြန့်ကြ၏။ ထိုသို့ စိတ်တိုင်းကျ ပြုပြင်ထားပြီးသော မဏ္ဍပ်များတွင် စုဝေးကာ အောင်သေသောက်၍ အောင်သားများ စားကြလေသည်။

ထိုအချိန်မှာပင် ဘုရင်သစ်သည်လည်း ရာဇပလ္လင် ထက်မှနေ၍ တိုင်းသူပြည်သား လူအများ၏ အဖူးမြော်ခံလျက်ရှိရာ ညီလာခံခန်းမ၏ ထောင့်ကျေးတစ်နေရာတွင် အများနှင့်မတူ တမူထူးခြားနေသော လူတစ်ယောက်ကို တွေ့လိုက်ရလေသည်။

ထိုသူ၏ အဝတ်အဆင်ကို ကြည့်သောအားဖြင့် တံခါးစောင့်အမှုထမ်းဖြစ်မှန်း သိသာလှ၏။ ခမည်းတော် မဟာပိင်္ဂလမင်းကြီးကွယ်လွန်သွားသဖြင့် လူအားလုံး ပြုံးရွှင်ရယ်မောတသောသော နေကြရာတွင် ထိုတံခါးစောင့်မှာတော့ ရှိုက်ကြီးတငင် ငိုကြွေး၍ နေပေသည်။

ထို့ကြောင့် ဘုရင်သစ်သည် ထူးဆန်းလှသော တံခါးစောင့်ကို ရှေ့တော်သို့ခေါ်ယူကာ....

''ဟယ်-တံခါးစောင့်၊ ခမည်းတော်မင်းတရားကြီး ကွယ်လွန်သွားတဲ့အတွက် မြို့တော်ကြီးတစ်ခုလုံး ပျော်တပြုံးပြုံး ဖြစ်နေရာမှာ သင်တစ်ယောက်သာ ငိုကြွေးသူရှိတော့တယ်။ ဘယ့်နှယ်ကြောင့် ဒါလောက်ငိုနေရတာလဲ။ ခမည်းတော် မင်းတရားကြီးအပေါ် တော်တော်ကြီးချစ်မြတ်နိုးခဲ့ပါသလား''

ဤသို့ပြုံးပြုံးရွှင်ရွှင် ခင်မင်စွာ မေးသည့်တိုင်အောင်ပင် တံခါးစောင့်မှာ ရှိုက်သံမစဲနိုင်သေးဘဲ....

''အရှင်မင်းကြီး၊ ခမည်းတော် မင်းတရားကြီးကို ချစ်ကြည်ညိုလွန်းလို့မဟုတ်ပါ။မဟာပိင်္ဂလမင်းကြီးဟာ ပြာသာဒ်ပေါ်က အဆင်းမှာဖြစ်စေ၊ပြာသာဒ်အထက်သို့အတက်မှာဖြစ်စေ ကျွန်ုပ်ရဲ့ဦးခေါင်းကိုရှစ်ချက်ရှစ်ချက်ရိုက်သွားနေကျ ဖြစ်ပါတယ်။ ဒီလိုအကျင့်ပါနေတဲ့ မင်းကြီးဟာကွယ်လွန်ပြီးလို့ ငရဲပြည်ရောက်သွားတဲ့အမှာလဲ ငရဲထိန်းတွေရဲ့ဦးခေါင်းကို ရိုက်မိပါလိမ့်မယ်။ ဒီတော့ ငရဲထိန်းတွေကလဲ မင်းကြီးရဲ့ဒဏ်ကိုမခံနိုင်တာကြောင့် လူ့ပြည်ကိုများ ပြန်တင်ပေးလိုက်ကြရင်တော့ခက်ရချည်ရဲ့လို့ တွေးပြီး ကြောက်လွန်းလို့ပါဘုရား''

တံခါးစောင့်၏ စကားအဆုံးတွင် တစ်နန်းတော်လုံး တအုံးအုံးဖြစ်သွားလေတော့သည်။

ဤတွင်မှ ဘုရင်သစ်က ''အချင်း တံခါးစောင့်၊ ခမည်းတော် မင်းကြီးရဲ့ အရေးကို တွေးပြီး ကြောက်မနေနဲ့တော့။ ခမည်းတော် မင်းကြီးရဲ့အလောင်းကိုသုသာန်မှာမီးသင်္ဂြိုဟ်လို့ ပြာကျသွားပြီ။နောက်ပြီးတော့ကွယ်လွန်သွားတဲ့သူဟာလဲ အဲဒီကိုယ်ခန္ဓာနဲ့ ပြန်လာတယ်လို့ မရှိနိုင်ဘူး။ ကိုယ့်အလုပ်တာဝန်ကိုသာကျေပွန်အောင်ထမ်းဆောင်ပေတော့''

ဤသို့ ဖေးဖေးမမ ရှင်းပြလိုက်ခါမှ တံခါးမှူးခမျာ နေသာထိုင်သာ ရှိရှာပေတော့သည်။

(ဒုကနိပါတ်၊ မဟာပိင်္ဂလ ဇာတ်)

မဟာပိင်္ဂလဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသေ်

| | | |
|---|---|---|
| မဟာပိင်္ဂလမင်း | = | ဒေဝဒတ်။ |
| ထိုမင်း၏ သားတော် | = | မြတ်စွာဘုရား။ |

## တတ်သမျှ မှတ်သမျှ

ကွယ်လွန်သွားလေသော မင်းတရားကြီး၏အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးလျှင် မှူးမတ်အပေါင်းသည် နန်းရင်ပြင်မှာ စည်းဝေးကြကုန်၏။ နောက်ထပ် တင်မြှောက်ရမည့် မင်းလောင်း ရှာရှိရေးကို ဆွေးနွေးကြကုန်၏။

ထိုအခါ အမတ် အများစုက ''မင်းတရားကြီးရဲ့ သားတော်ရင်းချာ ပါဒဉ္စလိမင်းသား ရှိနေသားပဲ။ ထုံးတမ်းစဉ်လာအတိုင်း သူ့ကို အဘိသိက်သွန်းပြီး ထီးနန်းအပ်သင့်ပါတယ်'' ဟု အဆိုပြုကြလေသည်။

ထိုအစည်းအဝေးတွင် ခမည်းတော်မင်းတရားကြီး၏ အတိုင်ပင်ခံ ပညာရှိ အမတ်ကြီးလည်း အပါအဝင်ဖြစ်၏။ ပညာရှိ အမတ်ကြီးသည် အမတ်အများစု၏ အဆိုပြုချက်ကို လက်မခံလျှင်လည်း အများနှင့် ဆန့်ကျင်သွားမှာ စိုးလှ၏။ အများနှင့် မဆန့်ကျင်လို၍ထောက်ခံရမှာကလည်း ခက်လှ၏။

ရွှေလင်ပန်းနှင့် အချင်းဆေး၍ မင်းမွေးသူ ဖြစ်သော်ငြားလည်း ပါဒဉ္စလိမင်းသားမှာ အရည်အချင်း ညံ့ဖျင်းလှ၏။ တိုင်းရေးပြည်မှု ဘာတစ်ခုမှ စိတ်မဝင်စားပေ။ သူ့ဆီကပ်၍ နူးနှပ်စားသောက်နေကြသော သူများနှင့်သာ အချိန်ကုန်၍လာခဲ့၏။ မင်းသားတို့တတ်မြောက်သင့်သော အတတ်ပညာကိုလည်း ဘာတစ်ခုမျှ မသင်ကြားခဲ့ပေ။

သို့ဖြစ်၍ ပညာရှိ အမတ်ကြီးသည် အမတ် အများစုနှင့်လည်း ဆန့်ကျင်ဘက် ဖြစ်မသွားရလေအောင် မင်းသား၏ အရည်အချင်းကိုလည်း အမတ်အားလုံး သိသွားရလေအောင် အကြံထုတ်က....

''စည်းဝေးလာကြတဲ့ အမတ်အပေါင်းတို့၊ သက်ဦးဆံပိုင် ဘုရင်တစ်ပါး တင်မြှောက်ဖို့အရေးဟာ အင်မတန် လေးနက်လှပါတယ်။ ဒါ

ကြောင့် ပါဒဥ္စလိမင်းသားရဲ့ အရည်အချင်းကို စမ်းသပ်ကြည့်ပြီးမှ တင်မြှောက် သင့်ပါတယ်''

ဤသို့ ဆုတ်သာ တက်သာဖြစ်အောင် အကြံပြုလိုက်ရာတွင် အမတ်အားလုံးကပါ သဘောတူလက်ခံကြ၏။ ထို့နောက် အမတ်အများသည် ပါဒဥ္စလိမင်းသားကို တရားလွှတ်တော်သို့ ခေါ်ဆောင်ကာ အမှုတစ်ခုကို တရားဥပဒေနှင့် မညီညွတ်အောင် တမင်တကာပြု၍ဆုံးဖြတ်ကြပြီးလျှင်....

''အရှင်မင်းသား၊ တရားဆုံးဖြတ်ချက်ကို ဘယ်လိုသဘောရပါသလဲ။ တရားဥပဒေနဲ့ ညီညွတ်ပါရဲ့လား''

ဤသို့ အမတ်များက မေးလျှောက်လိုက်သော အခါ ပါဒဥ္စလိမင်းသားသည် ဘာစကားကိုမျှမဆိုဘဲနှုတ်ခမ်းကိုသာ ကိုက်ထားလိုက်၏။ ဤတွင် သူ့ကို အဆိုတင်ကြသော အမတ်များက....

''အချင်းတို့၊ ပါဒဥ္စလိ မင်းသားဟာ တယ်ပြီး ပညာကြီးပါကလား။ ဒါကြောင့်ပဲ သူက နှုတ်ခမ်းကို ကိုက်ထားတာပဲ။ အကြောင်းမှန်ကို ကောန် သိထားလို့ ဖြစ်ရမှာပဲ'' ဟု တစ်ခဲနက် ဩဘာ ပေးကြလေသည်။

ချမှတ်ထားသော အစီအစဉ်အရ ဒုတိယနေ့မှာလည်း ပါဒဥ္စလိမင်းသားသည် တရားလွှတ်တော်ပေါ် တက်လာရပြန်၏။ ထိုအခါတရားသူကြီး အမတ်များသည် ယမန်နေ့က အမှုကိုပင် တရားဥပဒေနှင့် အညီစစ်ဆေး၍ အဆုံးအဖြတ်ပေးလိုက်ကြပြီးလျှင် ယခင်အတိုင်းမေးလျှောက်ကြ၏။

အမတ်အများစု၏ ဩဘာပေးသံ နာခံခဲ့ရသောပါဒဥ္စလိမင်းသားကတော့ ယမန်နေ့ကအတိုင်း နှုတ်ခမ်းကိုသာ ကိုက်တားလိုက်လေသည်။

ဤတွင်မှ အမတ်အားလုံးက ''ဒီမင်းသားဟာ နှုတ်ခမ်း ကိုက်တာကလွဲပြီး ဘာမှ မတတ်ပါကလား'' ဟု သဘောပေါက်ကာ ပညာရှိအမတ်ကြီးကိုသာ မင်းမြှောက်ကြရလေတော့သည်။

(ဒုကနိပါတ်၊ ပါဒဥ္စလိ ဇာတ်)

**ပါဒဥ္စလိဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်**

| | | |
|---|---|---|
| ပါဒဥ္စလိမင်းသား | = | လာဠုဒါယီရဟန်း။ |
| ပညာရှိအမတ် | = | မြတ်စွာဘုရား။ |

## မသူတော် အချင်းချင်း

ရုက္ခစိုးနတ်တစ်ပါး စွဲမှီနေထိုင်ရာဖြစ်သော သပြေတောရှိ သပြေပင် တစ်ပင်ထက်၌ ကျီးတစ်ကောင်သည် သပြေသီးမှည့်များဆွတ်၍ စားနေ၏။ ထိုအချိန်တွင် သပြေပင်အောက်သို့ မြေခွေးတစ်ကောင် ရောက်လာ၍ ကျီးရှိရာ လှမ်းကြည့်ပြီးလျှင်....

''ဒီသပြေပင်ပေါ်က ငှက်ဟာ အင်မတန်အသံသာလှပါကလား၊ သူဟာ အသံသာတဲ့ ငှက်တွေထဲမှာတော့ အမြတ်ဆုံးပါပဲ။ သပြေပင်ပေါ်မှာ တွန်နေတာကိုက ဥဒေါင်ငှက်ကလေးလိုပါပဲ။ အို- အဆွေရယ် အဲဒီငှက်က ဘာငှက်မျိုးပါလဲ''

အပင်ပေါ်က သပြေသီးမှည့်များ စားချင်လှသော လောဘဖြင့် မြေခွေးက ဤသို့ မြှောက်ပင့်၍ ပြောဆိုလိုက်ရာ တစ်ကြိမ်တစ်ခါမျှ အချီးမွမ်း မခံခဲ့ရဖူးသော ကျီးသည် နှလုံးကြည်မွေ့ ဘဝင်ခွေ့လောက်အောင် ဝမ်းသာသွားကာ....

''ဩော် လောကကြီးမှာ ဂုဏ်သရေရှိ အမျိုးကောင်းသား တစ်ယောက်ကသာ အလားတူ အမျိုးကောင်း သားတစ်ယောက်ကိုချီးကျူးရကောင်းမှန်း သိတတ်ပါပေတယ်။ အို အဆွေ မြေခွေး၊ သင့်ရဲ့ကိုယ်ခန္ဓာကလဲ ကျားပေါက်ကလေးရဲ့ ကိုယ်ခန္ဓာလိုပဲ ထူးကဲ တင့်တယ်လှပါပေတယ်။ ဒီတော့ ဟောဒီ သပြေသီးမှည့်များနဲ့ အဆွေ မြေခွေးကို ဂုဏ်ပြုပါရစေ။ အဆွေမြေခွေး၊ စားပါတော့၊ သုံးဆောင်ပါတော့''

ဤသို့ ကျီးနှင့် မြေခွေးတို့က သူတစ်ပြန် ကိုယ်တစ်ပြန် ဂုဏ်ပြု၍ နေကြရာ ရုက္ခစိုးနတ်မှာ နားကြားပြင်း ကတ်လှ၏။ ကကယ်ကော့ဖြင့်

ကျီးသည် လူနှင့်တကွ အခြား သတ္တဝါတို့၏ အန်ဖတ်ကို ကောက်၍ စားတတ်သူ ဖြစ်၏။ မြေခွေးမှာလည်း သားကောင်များကို အရှင်လတ်လတ် ကိုက်သတ်စားသောက်နိုင်စွမ်း မရှိသဖြင့် အသေကောင်ပုပ်များကို အားထား၍ စားသောက်နေသူ ဖြစ်၏။

ထို့ကြောင့် ငှက်အပေါင်းတို့တွင် ကျီးကိုအယုတ်နိမ့်ဆုံးသတ်မှတ်၍ ထားကြ၏။ ထို့အတူပင် အခြေလေးချောင်း သတ္တဝါအပေါင်းတွင် မြေခွေးကို အောက်ဆုံးအဆင့်မှာ ထားရှိကြ၏။ အယုတ်နိမ့်ဆုံး ငှက်နှင့် အယုတ်နိမ့်ဆုံး ကုန်းသတ္တဝါကို ချီးကျူးဂုဏ်ပြုသူဟူ၍ လုံးဝ မရှိခဲ့ချေ။ သို့ပါလျက် သူတို့ အချင်းချင်းမှာတော့ အပြန်အလှန် ဂုဏ်ပြု၍ နေကြပေပြီ။

ဤသို့ ဂုဏ်ပြုရာတွင် သူတို့နှင့် ထိုက်တန်ရာ ဂုဏ်သိက္ခာတစ်ခုခုဖြင့် ချီးကျူးကြပါလျှင်ကား နားကြားပြင်း ကတ်စရာမလိုပါ။ ယခုတော့ မတန်မရာမြင့်မားထည်ဝါလှစွာသောဥပမာများဖြင့်နှိုင်းခိုင်း၍ချီးကျူးကြဘိ၏။ ထို့ကြောင့် ရုက္ခစိုးနတ်သည် ကြောက်စရာ လန့်စရာကောင်းလှသော ရုပ်သဏ္ဌာန်ကြီး ဖန်ဆင်းကာ သူတို့နှစ်ကောင်အား ဝေးရာသို့ လှန့်ထုတ်လိုက်ရပေတော့သည်။

(တိကနိပါတ်၊ ဇမ္ဗုခါဒက ဇာတ်)

ဇမ္ဗုခါဒကဇာတ်၊ တိကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မြေခွေး | = | ဒေဝဒတ်။ |
| ကျီး | = | ကောကာလိက ရဟန်း။ |
| ရုက္ခစိုးနတ် | = | မြတ်စွာဘုရား။ |

## စိတ်တူ ကိုယ်တူ စရိုက်တူ

ပါရာဏသီမြို့တော်၌ဗြဟ္မဒတ်ဟူသောဘွဲ့အမည်ခံယူ၍ထီးနန်းစိုးစံကြသော မင်းအများတွင် ဤမင်းသည်လည်း အပါအဝင်ဖြစ်ပေသည်။

ဤဗြဟ္မဒတ်မင်း၏ မြင်းစောင်းထဲတွင် မဟာသောဏ အမည်ရသော မြင်းဆိုးကြီးတစ်ကောင် ရှိနေ၏။ မဟာသောဏသည် အခွင့်ရလျှင်ရချင်း အခြားမြင်းတို့ကို ကိုက်ခဲ၏။ ကန်ကျောက်၏။ တခြား မြင်းများပေါ်သို့ လွှားခနဲ ခုန်တက်၍ လမ်းသလားတတ်၏။ မြင်းထိန်းဒါမှူထမ်းတို့ကိုပင် လစ်လျှင် လစ်သလို ရန်မူတတ်၏။ သူတစ်ပါးကိုရန်မလုပ်ရလျှင်ကား မိမိသားရေကြိုးများကိုကိုက်ဝါးဖြတ်တောက်၍နေတတ်လေသည်။

ဤမျှလောက် ဆိုးဝါးသော မဟာသောဏကို ဗြဟ္မဒတ်မင်းက မျက်မာန်တော် မရှုခဲ့ပါ။မဟာသောဏ၏ဆိုးရွားလှသောအလေ့အကျင့်များကို မိမိ အကျိုးစီးပွားအတွက် အသုံးချလာခဲ့ရသည့်အတွက် နှစ်သက်အားရ၍ နေပေသည်။

ဗြဟ္မဒတ်မင်း၏ နန်းတော်သို့ဥတ္တရပထတိုင်းမှ မြင်းကုန်သည်များလာရောက်၍ မျိုးကောင်း မျိုးသန့် မြင်းကြီးများ ပို့ဆောင်လာကြရာ ပညာရှိအမတ်ကြီးသည် မြင်းများအတွက် တန်ရာတန်ကြေး သတ်မှတ်၍ ငွေပေးချေ၏။ ဗြဟ္မဒတ်မင်းကတော့ ဤအချက်ကို သဘောမကျပေ။ မျိုးကောင်းမျိုးသန့် မြင်းကြီးများကို သဘောကျသော်လည်း တန်ရာတန်ကြေး မပေးစေလိုချေ။ သို့ဖြစ်၍ပညာရှိအမတ်ကြီးကို ရာပြတ်ရာထူးမှ

စပယ်ဦး၊ ၀၁၈၉

ဖယ်ရှားကာ အခြား အမတ်တစ်ယောက်ကို ခန့်အပ်ခဲ့လေသည်။ တန်ဖိုး နည်းနည်းနှင့် ဝယ်ယူနိုင်မည့် နည်းလမ်းကိုလည်း ညွှန်ကြားခဲ့ပေသည်။

သို့ဖြစ်၍ ရာပြုတ်အမတ်သစ်သည် ဥတ္တရပထတိုင်းမှ မြင်းကုန်သည် များ ရောက်လာပြန်သောအခါ မြင်းများကို တန်ဖိုးဖြတ် ပေးသေးဘဲ မြင်းစောင်းမှာသာ သွင်းထားစေ၏။ ထိုမြင်းစောင်းထဲသို့ မဟာသောဏ မြင်းဆိုးကြီး သွင်းပေးလိုက်၏။

မဟာသောဏသည် အချုပ်အနှောင်မရှိ လွတ်လပ်ခွင့် ရလာသည် နှင့် တစ်ပြိုင်နက် ဥတ္တရပထတိုင်းမှ မြင်းကြီးများကို ကန်ကျောက်၏။ လိုက်၍ ကိုက်၏။ မြင်းကြီးများပေါ် ခုန်တက်၍ ပြေးသွားရင်း ခွာနှင့် ပေါက်၏။ ဤသို့ မဟာသောဏ အားရလောက်အောင် နှိပ်စက်ပြီးသော အခါ ထိုမြင်းကြီးများအားလုံး ဒဏ်ရာအနာတရ ဖြစ်ကုန်ကြ၏။ ဤတွင်မှ ဤအချက်ကိုအကွက်ကောင်းယူကာ ရာပြုတ်အမတ်သစ်က မြင်းကြီးများ ကို တန်ဖိုး အများကြီးလျှော့၍ ပေးလိုက်လေသည်။

ဥတ္တရပထတိုင်းမှ ကုန်သည်များမှာ ဤသို့ မတရားပြုသည်ကို မကျေနပ်ကြသဖြင့် ပညာရှိအမတ်ကြီးထံ လာ၍ တိုင်ကြားကြ၏။ အမတ် ကြီးမှာလည်း မင်းကြီးကိုယ်တိုင်ကညွှန်ကြားထားသောကိစ္စဖြစ်၍မည်သို့ မျှ မတတ်နိုင်ပေ။ သို့ရာတွင် မြင်းကုန်သည်များအား သနားလှသဖြင့်....

''အမောင်တို့ အရပ်မှာကော အဲသလို ဆိုးတဲ့ မြင်းသိုးကြီးများ မရှိကြဘူးလား''ဟု မေးမြန်းကြည့်ရာ....

''ရှိပါတယ်အမတ်ကြီးခင်ဗျား၊ သုဟနုဆိုတဲ့မြင်းကြီးတစ်ကောင် ရှိပါတယ်။ မဟာသောဏလိုပဲအင်မတန်ဆိုးသွမ်းလို့ချုန်ထားခဲ့ရတာပါ''

''အေး-ကောင်းပြီ။ ဒီတစ်ခါတော့ အဲဒီ သုဟနုကိုပါ ခေါ်လာ ခဲ့ကြ။ ဒါမှ ဆိုးလွန်းလှတဲ့ မဟာသောဏကို ဒဏ်ပြန်ခတ်နိုင်မယ်''

''ကောင်းပါပြီ အမတ်ကြီးခင်ဗျား''

ဤသို့ ဝန်ခံသွားခဲ့ကြသည့်အတိုင်း ဥတ္တရပထတိုင်းမှ မြင်းကုန် သည်များ ရောက်လာပြန်သောအခါ မဟာသောဏနှင့် လုံးတူ ဒေါက်တူ ဖြစ်သော သုဟနုပါ ပါလာလေသည်။

မြင်းကုန်သည်များ ရောက်လာကြောင်း ကြားသိ ရသောအခါ ဗြဟ္မဒတ်မင်းသည် လေသာပြတင်းမှ လှမ်း၍ကြည့်၏။ ဗြဟ္မဒတ်မင်း၏

အလိုကျအတိုင်းပင် ရာပြတ်အမတ် လက်သစ်ကလည်း ထိုမြင်းအုပ်ဆီသို့ မဟာသောဏကို လွှတ်လိုက်၏။ ဤတွင် အသင့်စောင့်နေကြသော မြင်းကုန်သည်များကလည်း သုဟနုကို လွှတ်လိုက်ကြလေသည်။

ဗြဟ္မဒတ်မင်းနှင့်တကွသော နန်းတွင်းသူ နန်းတွင်းသားတို့သည် မြင်းဆိုးကြီးနှစ်ကောင်တို့၏ တွေ့ဆုံပွဲကိုအားခဲ၍ကြည့်နေကြ၏။ မြင်းကြီးနှစ်စီးလုံးမှာ လုံးတူဒေါက်တူ ဖြစ်ရုံမက ဆိုးသွမ်းသည့် နေရာမှာလည်း တန်းတူ ရည်တူရှိနေကြ၏။ ထိုမြင်းဆိုးနှစ်ကောင် ထိပ်တိုက် ရင်ဆိုင်တွေ့ကြလျှင် မီးကုန်ယမ်းကုန် တိုက်ခိုက်ကြပေတော့မည်။ သဲသဲမဲမဲအားကုန်ခဲ၍ တိုက်ကြ ကိုက်ကြ ပေတော့မည်။ ကြုံတောင့် ကြုံခဲ ပွဲကြီးပွဲကောင်း ကြည့်ရပေတော့မည်။

ဤသို့သောမျှော်လင့်ချက်အသီးသီးဖြင့်ဝိုင်းကြီးပတ်ပတ်ကျပ်ကျပ် မြည်အောင် တိုးဝှေ့ကြည့်ရှုနေကြသော ပရိသတ်ကြီး၏ ရှေ့မှောက်တွင် မြင်းဆိုး နှစ်ကောင်တို့သည် နီးသထက် နီးလာကြ၏။ နှစ်ဘက်စလုံးမှ လေးဘက်ခွာစုံမြှောက်၍ ပြေးလာကြရာ တစ်ခဏအတွင်းမှာပင် ခေါင်းချင်းဆိုင်မိကြ၏။ ပွဲကြီးပွဲကောင်းကိုစိတ်ဝင်စားလှသဖြင့်အသက်အောင့်၍ ကြည့်နေကြရသော ပရိသတ်ကြီးမှာ ထိုတစ်ခဏမှာပင် ဟာခနဲဖြစ်သွားကြရပေတော့သည်။

ပရိသတ်များတအံ့တသြဖြစ်သွားရခြင်းမှာတစ်ကောင့်တစ်ကောင် ကိုက်သတ်လိုက်သောကြောင့် မဟုတ်ပါ။

အခြားမြင်းများတုန်းကနိုင့်ထက်ကလူပြုမူခဲ့ကြသောမြင်းဆိုးကြီး နှစ်ကောင်မှာ သူတို့ချင်းဆုံမိကြသည်တွင်ကားတစ်ကောင်မျက်နှာကိုတစ်ကောင်ကလျက်ကာခင်မင်ရင်းနှီးစွာနေလိုက်ကြသောကြောင့်ဖြစ်ပါ၏။

''ဘယ့်နှယ်လဲအမတ်ကြီး၊ မြင်းဆိုးကြီးနှစ်ကောင်ကဘယ်လိုများ ဖြစ်သွားကြတာလဲ''

အားခဲထားသည်နှင့် တကွဲစီ ဖြစ်သွားရသည့်အဆုံးတွင် ဗြဟ္မဒတ်မင်းကြီးက အနားမှာရှိနေသော ပညာရှိအမတ်ကြီးကိုမေးလိုက်သဖြင့်....

''မှန်လှပါ၊ ဒါကတော့ စရိုက်ချင်းတူလို့ ကြည်ဖြူနေကြခြင်းသာ ဖြစ်ပါတယ်ဘုရား''

ဤသို့လျှောက်တင်ပြီးလျှင် ပြည့်ရှင်မင်းတို့အနေနှင့် တရားသဖြင့် ပြုကျင့်ပါရန် တောင်းပန်လျှောက်တင်လေရာ ဗြဟ္မဒတ်မင်းကြီးကလည်း သတိ သံဝေဂရရှိ၍ တန်ဖိုးမှန်အတိုင်း ပေးချေရန် အမိန့် ချမှတ်လိုက်လေသည်။

(ဒုကနိပါတ်၊ သုဟနုဇာတ်)

သုဟနုဇာတ်၊ ဒုကနိပါတ် ဇာတ်ပေါင်းသော်

| | | |
|---|---|---|
| မြင်းကြမ်းနှစ်စီး | = | ကြမ်းတမ်းသောရဟန်းနှစ်ပါး။ |
| ဗြဟ္မဒတ်မင်း | = | အရှင်အာနန္ဒာ။ |
| ပညာရှိအမတ် | = | မြတ်စွာဘုရား။ |

ဝဏ္ဏသိရီ

စာမူ ကြိုတင်ခွင့်ပြုချက် အမှတ် (၄၅/၉၂) (၁၁)

ဗုဒ္ဓသည် လူသားအပေါင်းတို့အား ဆင်းရဲမှုမှ လွတ်မြောက်မည့်
နိဗ္ဗာန်သို့သွားရာ လမ်းခရီးကို ညွှန်ပြတော်မူခဲ့သည်။
ခပ်သိမ်းကုန်သော ရုပ်ဝတ္ထု၊ နာမ်ဝတ္ထု အစုစုတို့ကား
အနိစ္စနှင့် အနတ္တချည်းသာလျှင် ဖြစ်ကုန်၏—ဟု
ဗုဒ္ဓက ညွှန်ပြတော်မူ၏။

"အို....ဂေါတမ၊ ဝဋ်ဆင်းရဲ ဟူသည်ကား သမုဒ္ဒရာကြီးနှင့် တူပေစွ။ ထိုဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာကြီးကို အဘယ်သို့သော အချင်း အရာ၊ အဘယ် သို့သော နည်း ဖြင့် လွတ်မြောက်အောင် ကူးခတ်နိုင်ပါမည်နည်း"ဟုအဆွေတော်ဘိလူး၏ မေးလျှောက်လေရာ လောကသုံးပါး၌ ပူဇော်အထူး ခံ ဗုဒ္ဓဘုရားရှင်သည် ကြွမ်းတမ်းရိုးမြသူတို့အား ယဉ်ပါးအောင် ဆုံးမတော်မူနိုင်ပေ၏။

# ဗုဒ္ဓကိုယ်တိုင်ဟောကြားခဲ့ရသော

# ဓမ္မနှင့်ပြဿနာများ

## ဒဂုန်ဦးစန်းငွေ

ဗုဒ္ဓစာပေ၊ ဗုဒ္ဓအမွေ ရှာမှီးသူများ၊ ဗုဒ္ဓဝင်စာပေ နှစ်သက်သူများအတွက်
အထူးထုတ် ဘာသာရေးစာအုပ်။
စပယ်ဦးစာပေ၏မူအတိုင်း သေသေသပ်သပ်
ခံ့ခံ့ညားညားနှင့် ထွက်ပါပြီ။
အရွယ်ကြီး ဆိုက်ကြီး၊ ဂျပ်ကတ်နှစ်ထပ်ဖုံး၊
တစ်အုပ် — တစ်ရာကျပ်၊
တစ်ဦးချင်း အလိုရှိသူများ တိုက်ရိုက်မှာကြားနိုင်ပါပြီ။

စပယ်ဦးစာပေဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း (အားလမ်း) ရန်ကုန်မြို့၊
(ဖုန်း – ၇၆၃၇၀)

စာပေ ကြိုတင်ခွင့်ပြုချက်အမှတ် ၁၀/၉၀ (ဂ)

* ကမ္ဘာပေါ်တွင် (သမ္မာကျမ်းစာ) သည် ပထမ အများဆုံး ထုတ်ဝေ ရောင်းချရသော စာအုပ် ဖြစ်ပြီး—

* ဤ ဂရင်းညီနောင်စာအုပ်သည် ဒုတိယအများဆုံး ထုတ်ဝေရောင်းချရသည့်စာအုပ်ဖြစ်သည်။

# ကမ္ဘာကျော် ဂရင်းညီနောင်ပုံပြင် ၁၀၀

မင်းသုဝဏ်/ငွေတာရီ၊ မြန်မာမှုပြုသည်၊

ပုံပြင် (၁၀၀)ကို အရောင်းသရုပ်ဖော် ပုံပေါင်း (၁၀၀)ဖြင့်
ထည့်သွင်းဖော်ပြ ရိုက်နှိပ်ထားပါသည်။

အရွယ်ကြီး၊ ဒိုက်ကြီး၊ ဂျပ်ကတ်နှစ်ထပ်ဖုံး၊
စာမျက်နှာ (၅၀၀)ခန့် ထူထူထဲထဲ ခံ့ခံ့ညားညားဖြင့်

**ထွက်နေပါပြီ။**

တစ်အုပ်-ခုနစ်ဆယ် ငါးကျပ်၊

တစ်ဦးချင်းအလိုရှိသူများ (ငွေကြိုတင်ပေးပို့၍) တိုက်ရိုက် မှာကြားနိုင်ပါသည်။

**စပယ်ဦးစာပေဖြန့်ချိရေး**

အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ရန်ကုန်မြို့၊ (ဖုန်း-၇၆၃၇၀)

စာမူ ခွင့်ပြုချက်အမှတ် (၄၁၆/၈၈) (၇)

★ အလယ်တန်း၊ တက္ကသိုလ်ဝင်တန်းမှ တက္ကသိုလ်နောက်ဆုံးနှစ်အထိ မြန်မာစာအဓိက ကျောင်းသူ ကျောင်းသားများအတွက်..., လက်ကိုင်ပြုရမည့် စာအုပ်။

★ မြန်မာဘာသာ မြန်မာစာကို နှစ်ပေါင်း (၂၀) ကျော် လေ့လာ ပို့ချလျက် ရှိပြီး အမရစာတမ်း၊ စာပေသုတ စာပေရသ၊ စာပေ ဆိုင်ရာ စာအုပ်များ ပြုစုထုတ်ဝေခဲ့သော...

★ ဆရာကြီး ဦးဆန်းထွန်း (မန်းတက္ကသိုလ်)

★ ဆရာ မောင်ခင်မင် (ဓနုဖြူ) တို့၏ အမှာစာများဖြင့်

အလယ်တန်း၊ တက္ကသိုလ်ဝင်တန်းမှ တက္ကသိုလ် နောက်ဆုံးနှစ်အထိ
မြန်မာစာအဓိက ကျောင်းသူ/ကျောင်းသားများအတွက်
လက်ကိုင်ပြုရမည့်

မောင်နေလ ၏ လက်ရာသစ်

# မောင်နေလ
# မြန်မာဘာသာ မြန်မာစာ

အရွယ်ကြီး၊ ဆိုက်ကြီး၊ စာမျက်နှာ (၃၀၀) ခန့်

ဂျပ်ကတ် နှစ်ထပ်ဖုံးဖြင့်

ထွက်ပါပြီ။

တစ်အုပ် - သုံးဆယ်ကျပ်။

တစ်ဦးချင်းအလိုရှိသူများ (ငွေကြိုတင်ပေးပို့၍) တိုက်ရိုက် မှာကြားနိုင်ပါသည်။

စပယ်ဦးစာပေဖြန့်ချိရေး

အမှတ် ၂၃၇/၂၃၇၊ ဟောဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)ရန်ကုန်မြို့။ (ဖုန်း-၇၆၃၇၀)

စာမူ ခွင့်ပြုချက်အမှတ် (၃၅၇)

မြန်မာစာ အဓိက တက္ကသိုလ် ကျောင်းသူ ကျောင်းသားများနှင့်
မြန်မာစာပေ သုတေသီများအတွက်
ဝယ်မရ၊ ရှာမရအောင် ဖြစ်နေသော စာအုပ်ကို
စပယ်ဦးစာပေမှ ပြန်လည် ရိုက်နှိပ် ထုတ်ဝေလိုက်ပါပြီ။
ယခု ပြန်လည် ရိုက်နှိပ်ရာတွင်

ဆရာကြီး ဦးဖေမောင်တင်၏ မျောပန် အခမ်းအနားသို့
တပည့်ရင်းဖြစ်သူ ဦးဝန် (ဆရာမင်းသုဝဏ်)၏
နောက်ဆုံး ချီးကျူး ဂုဏ်ပြုသည့် ကန်တော့စာတမ်းနှင့် အမှာစာသစ်၊
ဒေါ်စမ်းစမ်းမေ (တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်) ၏ အဂ္ဂရာ အညွှန်းတို့
အပြင်....

ပုဂံမင်းဆက် (၅၅) ဆက်၏ သက္ကရာဇ်နှင့် နန်းသက်များပါ ပါရှိသည့်

# HISTORY OF BURMESE LITERATURE

By
PROFESSOR
U PE MAUNG TIN

# မြန်မာစာပေသမိုင်း

ရန်ကုန်တက္ကသိုလ် ပါမောက္ခ
ဦးဖေမောင်တင်

အရွယ်ကြီး၊ ဆိုက်ကြီး၊ စာမျက်နှာ (၃၀၀) ကျော်ဖြင့် ခံ့ခံ့ညားညား

ထွက်နေပါပြီ။

တန်အုပ်-ဒေါ်ဆယ်ကျပ်

စပယ်ဦးစာပေ ဖြန့်ချိရေး
အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (အားလယ်)၊ ရန်ကုန်မြို့
(ဖုန်း-၇၆၃၇၁)

စာမူခွင့်ပြုချက်အမှတ် (၁၉၀)


ဤဝတ္ထုမှာ........

**သင်က သူများကို နိုင်လျှင်**

**သင့်ကိုလည်း အလ္လာအရှင်မြတ်က နိုင်တတ်ပါသည်။**

✱ အလ္လာအရှင်မြတ်....
အရှင်မြတ်၏ မဟာကရုဏာ တံခါးတော်ကို
ကျွန်တော်မျိုးအား ဖွင့်ပေး သနားတော်မူပါ။

✱ ဤစာအုပ်ကို မစ္စတာ ရှိတ်အဗ္ဗဒူရာမန် က
အချို့အဝက် ဘာသာပြန်ခဲ့၏။

✱ ဆရာကြီး သခင်ဘဆွေသောင်း ကလည်း ဘာသာပြန်ခဲ့၏။
သို့သော်....ဆုံးခန်းသို့ မတိုင်ခဲ့....

✱ ပထမညမှသည် တစ်ထောင့်တစ်ညမြောက်အထိ
စီကာ စဉ်ကာ ပြောခဲ့သည့်အတိုင်း....၊

✱ ဆရာကြီး သခင်ဘသောင်း ဘာသာမပြန်ရသေးသော ပုံဝတ္ထုများကို
မြန်မာစာပေတွင် 'တစ်ထောင့် တစ်ည' ဝတ္ထုများ (အစ–အဆုံး)
ရှိစေရန် စပယ်ဦးစာပေမှ ဆက်လက် စီစဉ်ထုတ်ဝေသွားပါမည်။

# ကျော်ကြားသော

မြန်မာပြန်

# တစ်ထောင့်တစ်ည

# ပုံပြင်များ

အတွင်းသရုပ်ဖော် ပုံပေါင်းများစွာဖြင့်
မြိုင်မြိုင်ဆိုင်ဆိုင် ထူးထူးခြားခြားနှင့် ထွက်နေပါပြီ။

စာအုပ်အမှတ် (၁) တစ်အုပ်–ခုနစ်ဆယ့်ငါးကျပ်။
စာအုပ်အမှတ် (၂) တစ်အုပ်–ခုနစ်ဆယ့်ငါးကျပ်။
စာအုပ်အမှတ် (၃) တစ်အုပ်–ခုနစ်ဆယ့်ငါးကျပ်။
စာအုပ်အမှတ် (၄) မကြာမီထွက်မည်။
စာအုပ်အမှတ် (၅) တစ်အုပ်—ငါးဆယ်ကျပ်။

တစ်ဦးချင်း အလိုရှိသူများ (ငွေကြိုတင်ပေးပို့၍) တိုက်ရိုက် မှာကြားနိုင်ပါသည်။

စပယ်ဦးစာပေဖြန့်ချိရေး

မှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ရန်ကုန်မြို့ (ဖုန်း-၇၆၃၇၀)

စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၃၈၆)

- ✱ စာမေးပွဲ မေးခွန်းများနှင့် စံပြ အဖြေများ။
- ✱ စာမေးပွဲ မေးခွန်းများနှင့် လေ့ကျင့်ခန်းများ။
- ✱ လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ။
- ✱ ငွေလွှဲစာချုပ်နှင့် ကတိလက်မှတ် ခြားနားချက်။
- ✱ ဘီလ်ရေးဆွဲခြင်း၊ လက်ခံခြင်း၊ ပေးချေခြင်း။
- ✱ ရငွေ ပေးငွေစာရင်းနှင့် ဝင်ငွေ သုံးငွေစာရင်း ကွာခြားချက်။

ဖက်စပ်လုပ်ငန်း၊ အစုစပ်လုပ်ငန်း၊ ကိုယ်ပိုင်ကုမ္ပဏီ၊
အစုရှယ်ယာအမျိုးမျိုး၊ အစုငွေစာရင်းအမျိုးအစား
စသည်....စသည်ဖြင့်....ပြည့်စုံလှသော....

# အသက်တာနှင့်
# စာရင်းကိုင်ပညာ
## ဦးကိုကိုသိန်း

B.A, B.L, B.Com, R.A, A.C.M.A (Lond) 1V,
B.Sc. (Econ.) (Lond) F. 1

(တတိယအကြိမ် ပြင်ဆင်ဖြည့်စွက် ရိုက်နှိပ်သည်)
လက်ကျန် အနည်းငယ်သာ ရှိ၍ အမြန်ဝယ်မှ ရမည်။

တစ်အုပ် ငါးဆယ်ကျပ်။

ထွက်ပြီ ။

**စာပ်ဦးချင်း အလိုရှိသူများ (ငွေကြိုတင်ပေးပို့၍) တိုက်ရိုက်မှာကြားနိုင်ပါသည်။**

**စပယ်ဦးစာပေဖြန့်ချိရေး**

**အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ရန်ကုန်မြို့၊ (ဖုန်း-၇၆၃၇၀)**

**စပယ်ဦးစာပေဖြန့်ချိရေး**
**မှာယူရရှိနိုင်သေးသော စာအုပ်များ**

| စဉ် | စာရေးဆရာ | စာအုပ်အမည် | တန်ဖိုးကျပ် |
|---|---|---|---|
| ၁။ | ပါမောက္ခ ဦးဖေမောင်တင် | မြန်မာစာပေသမိုင်း | ၄၀ |
| ၂။ | ဒဂုန်ဦးစန်းငွေ | ဗုဒ္ဓကိုယ်တိုင်ဖြေကြားခဲ့ရသော မေးခွန်းနှင့်ပြဿနာများ | ၁၀၀ |
| ၃။ | ဒဂုန်ဦးစန်းငွေ | ဘဏ္ဍာတိယပျို့အဖွင့် | ၄၀ |
| ၄။ | သခင်ဘသောင်း | တစ်ထောင့်တစ်ည ပုံပြင်များ | ၇၅ |
| ၅။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည ပုံပြင်များ (၁) | ၇၅ |
| ၆။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည ပုံပြင်များ (၂) | ၇၅ |
| ၇။ | ကျော်လှိုင်ဦး | တစ်ထောင့်တစ်ည ပုံပြင်များ (၃) | ၅၀ |
| ၈။ | မင်းသုရိန် | ဗုဒ္ဓဂုဏ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ်များ (၄-၅) ပေါင်းချုပ် | ၈၀ |
| ၉။ | မင်းယုဝေ/ငွေတာရီ | ဂရင်းညီနောင် ပုံပြင် ၁၀၀ | ၇၅ |
| ၁၀။ | တက္ကသိုလ်ထင်ကြီး | မြန်မာ့ဝါပြောနှင့် အခြားအင်္ဂလိပ်ဝေါဟာရများ | ၄၀ |
| ၁၁။ | တက္ကသိုလ်သျှင်သီရိ | ရိုးရာလက်ထပ်မင်္ဂလာပွဲဓလေ့များ | ၃၅ |
| ၁၂။ | စိုးမြင့် | လက်တွေ့အင်္ဂလိပ်သဒ္ဒါ | ၁၂၀ |
| ၁၃။ | စိုးမြင့် | အမြဲတေ အင်္ဂလိပ်အီဒီယံများ (L-Z) | ၃၅ |
| ၁၄။ | စိုးမြင့် | အမေရိကန် အီဒီယံမိတ်ဆက် | ၄၀ |
| ၁၅။ | ဖျာပုံ လှမိုးနွယ် | ကေသာရစ်ငွေ ပန်းပါလေ | ၁၀ |
| ၁၆။ | အရှင်အာနန္ဒာ | ခေတ်တစ်လျှောက် မြန်မာကဗျာ လက်ရွေးစင် | ၂၀ |
| ၁၇။ | ဦးကိုကိုသိန်း | အထက်တန်းစာရင်းကိုင်ပညာ | ၅၀ |
| ၁၈။ | မောင်စင်ကြယ် | ထောင်မှာတမ်း | ၂၅ |
| ၁၉။ | ဥပဒေပါမောက္ခ မောင်တင်အုံး | ဥပဒေသိပ္ပံပညာ | ၂၀ |
| ၂၀။ | ။ မောင်တင်အုံး | သုတဥပဒေအထွေထွေ | ၂၅ |
| ၂၁။ | ဓမ္မာစရိယ ဦးခင်မောင်လင်း | ရှင်ဥပဂုတ္တ ရဟန္တာပူဇော်နည်း | ၂၀ |
| ၂၂။ | ကျော်ထင် | ရှစ်ရှင်ပညာသည်များ၏ လိပ်စာများ | ၁၅ |
| ၂၃။ | မင်းဆွေ (သိပ္ပံ-သချာ) | မဟာဘာရတ | ၄၀ |
| ၂၄။ | မကြွယ်ကြွယ် | ပရိတ်တော်နှင့် ကိုယ်တွေ့ဖြစ်ရပ်များ | ၂၅ |
| ၂၅။ | ဦးမိုးကြည် | ဗုဒ္ဓါနုဿတိပေါင်းချုပ် (ခေါ်) ဘုရားရှိခိုးကြီး (၉) မျိုး | ၂၅ |
| ၂၆။ | မောင်နေလ | မြန်မာဘာသာ မြန်မာစာ | ၃၀ |

စာအုပ်ချင်း အလိုရှိသူများ (ငွေကြိုတင်ပေးပို့၍) တိုက်ရိုက် မှာကြားနိုင်ပါသည်။

စပယ်ဦးစာပေဖြန့်ချိရေး

အမှတ် ၂၃၈/၁၇၊ မဟာဗန္ဓုလလမ်းကြီး၊ (ဘား၊ ထပ်)၊ ရန်ကုန်မြို့။ (ဖုန်း-၇၆၃၇၀[illegible])

294.3092, 2-34
A1MMGB021342

စာမူ ကြိုတင်ခွင့်ပြုချက်အမှတ် ၁၀/၉၀ (ဂ)

* ကမ္ဘာပေါ်တွင် (သမ္မာကျမ်းစာ) သည် ပထမ အများဆုံး ထုတ်ဝေ ရောင်းချရသော စာအုပ် ဖြစ်ပြီး—

* ဤ ဂရင်းညီနောင်စာအုပ်သည် ဒုတိယအများဆုံး ထုတ်ဝေရောင်းချရသည့်စာအုပ်ဖြစ်သည်။

# ကမ္ဘာကျော် ဂရင်းညီနောင်ပုံပြင် ၁၀၀

မင်းသုဝဏ်/ငွေတာရီ မြန်မာပြုသည်။

ပုံပြင် (၁၀၀) ကို အတွင်းသရုပ်ဖော် ပုံပေါင်း (၁၀၀) ဖြင့် ထည့်သွင်းဖော်ပြ ရိုက်နှိပ်ထားပါသည်။

အရွယ်ကြီး၊ အုပ်ကြီး၊ ဂျပ်ကတ်နှစ်ထပ်ဖုံး။

စာမျက်နှာ (၅၀၀) ခန့် ထူထူထဲထဲ ခံ့ခံ့ညားညားဖြင့်

ထွက်နေပါပြီ။

တစ်အုပ်-ခုနစ်ဆယ့်ငါးကျပ်။

တစ်ဦးချင်းအလိုရှိသူများ (ငွေကြိုတင်ပေးပို့၍) တိုက်ရိုက် မှာကြားနိုင်ပါသည်။

စပယ်ဦး စာပေ ဖြန့်ချိရေး

အမှတ် ၂၃၅/၂၃၇၊ မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ရန်ကုန်မြို့၊ (ဖုန်း ၇၁-၅၆၃၇၈)



စာရေးဆရာ ဝဏ္ဏသီရိ
ငယ်နာမည်–မောင်ရွှေဖဲ
ယခုအမည်–ဦးအောင်ခန့်

၁၂၉၇–ခုနှစ်၊ နှောင်းတန်ခူးလဆန်း တစ်ရက်၊ တနင်္ဂနွေနေ့တွင် မုံရွာမြို့နယ်၊ကြာပိုင်ရွာ၊ ကျီတွင်းရပ်၌ အဖ–ဦးကြိုင်၊ အမိ–ဒေါ်စိန်ရင် တို့မှ ဖွားမြင်ခဲ့သည်။

ငယ်စဉ်က ကြာပိုင်ရွာရှေ့၊ ရွှေကျောင်းဘုန်းတော်ကြီး ဦးပဏ္ဏဝထံတွင် သာမဏေဝတ်၍ စာလိုက်ခဲ့သည်။ ၁၃၁၄–ခုနှစ်မှစ၍၊ မုံရွာမြို့ မဟာဇောတိကာရာမကျောင်းတိုက်တွင် ရှင်ဣန္ဒောဘာသ ဘွဲ့မည်ဖြင့် စာလိုက်ခဲ့သည်။ ပထမငယ်၊ မထမလတ်၊ ပထမကြီးတန်း စာမေးပွဲများကို ပါဠိဘာသာဖြင့် ဖြေဆို အောင်မြင်ခဲ့သည်။ ရဟန်းသိက္ခာ ငါးဝါအရတွင် ၁၃၆၁–ခုနှစ် စာချတန်း စာမေးပွဲကို ပါဠိဂုဏ်ထူး၊ မြန်မာဂုဏ်ထူး ကျမ်းများနှင့်တကွ အောင်မြင်၍ (သာသနဓဇ သိရီပဝရဓမ္မာစရိယ ဝိနယပါဠိပါရဂူ)ဘွဲ့ကို ရရှိခဲ့သည်။

၁၃၆၄–၆၅ ခုနှစ်များတွင် ကမ္ဘာအေး ဇမ္ဗူဒီပကျောင်းဆောင်သို့ သွားရောက်နေထိုင်၍ တိပိဋကလမ်းညွှန်ကျမ်းပြုစုရေးအဖွဲ့တွင် ပါဝင်ဆောင်ရွက်စဉ်၊ ဦးသီလာနန္ဒာဘိဝံသ၊ ဦးတိလောကသာရ၊ ဦးကောလိနိယ စသော ကလောင်ကျော်ဆရာတော်များနှင့် သိက္ခမ်းခင်မင်ရာမှ စာရေးရန် စိတ်ညွှတ်လာခဲ့သည်။

ရှေးဦးစွာ အဟိစာစောင်၌ ဖုန်းဖုန်း ကလောင်အမည်ဖြင့် ဘုန်းကြီးကျောင်းပတ်ဝန်းကျင်မှ ဟာသဝတ္ထုတိုများ ရေးသားခဲ့သည်။ ၁၃၆၈၊ ၆၉၊ ၇၀–ခုနှစ်များတွင် မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းများ၌ ဖုန်းဖုန်း ကလောင်အမည်ဖြင့်ပင် ဘဝသရုပ်ဖော် ဝတ္ထုများ ရေးသားခဲ့သည်။ ၁၃၇၄–ခုနှစ်တွင် ထုတ်ဝေခဲ့သော ဝိမုတ္တိသာသနာ စာအုပ်မှ စတင်၍ "အရှင် ဝဏ္ဏသီရိ" ကလောင်အမည်ကို ခံယူခဲ့သည်။ ထိုအမည်ဖြင့်ပင် ဗုဒ္ဓ၏ လောကကြေးမုံ၊ ညီတော်အာနန္ဒာ၏ တစ်သက်တာမှတ်တမ်း (ငါးတွဲ)၊ (ယခု–နှစ်တွဲပေါင်းချုပ်)နှင့် မြတ်ဗုဒ္ဓ၏ သားတော်ရာဟုလာ စာအုပ်များ ရေးသားခဲ့သည်။

၁၃၈၁–ခုနှစ်တွင် မိမိစိတ်ဆန္ဒအလျောက် သာသနာ့ဘောင်မှ ထွက်လာပြီးလျှင် ဝဏ္ဏသီရိ ကလောင်အမည်ဖြင့် ညီတော်နန္ဒနှင့် ဇနပဒကလျာဏီ၊ ထေရီ ထေရာ ရဟန္တာပုဂ္ဂိုလ်ကြီးများ၊ လူ့ဘောင်လမ်းပြ ငါးရာ့ငါးဆယ် ဝတ္ထုများ–စသော စာအုပ်တို့ကို ရေးသားခဲ့သည်။

ယခုအခါ မုံရွာမြို့ ထန်းတောအောရ်တနာရပ်၊ ဇောတိကလမ်းတွင် ဇနီးဒေါ်ပြုံးကြည် (အထက်တန်းပြဆရာမ) နှင့် အတူနေထိုင်၍ စာပေများ ရေးသားလျက်ရှိသည်။